


တိပိဋကတ=နိကာယ ဥပဇ္ဈာကသာသနာပြုအဖွဲ့

ဘုရားဆုံးနှစ်ခန်း



ဓမ္မဒိန

မင်းကွန်းတိပိဋကက = နိကာယ သာသနာပြုအဖွဲ့.

စတုတ္ထသုံးနှစ်ခရီး အဖုံးအညွှန်း

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ပဓာန ဦးဆောင်တော်မူသော၊ တိပိဋက = နိကာယ သာသနာပြုအဖွဲ့နှင့် သူတော်စင်အပေါင်းတို့၏ ကုသိုလ် ဒါန အဝဝတို့ကား များလှပါပေ၏။

အဖွဲ့၏ အကျိုး၊ ဘာသာ၊ သာသနာတော်၏အကျိုး ဖြစ်ထွန်းခဲ့သည် များလည်း ကြီးမားလှပါပေ၏။

ထိုထိုသော ကုသိုလ်အပေါင်းတို့နှင့် ကောင်းကျိုးတရားတို့ကား၊ အဓွန့်ရှည်ကြာစွာ ဆင့်မွား၊ ခံထည်၊ တင့်တယ်လျက် ရှိနေကြမည်မှာ မလွဲပါပေ။

၂၀၄၁၁

၂၉၄.၃၀၉၂
ပမ
ဝ၉-၂
ဂ-၃၉
ကန်-၂ဂ



တိပိဋကာသာသနာပြုအဖွဲ့

တိပိဋကသုံးနှစ်ခရိုး

အစဉ်အနာထေဝင်တွဲနှံးကားပြန်ပွားခရုးဦ စီးဌာန

ကြည့်တိုက်

အမှာစာ - ရန်ကုန်။



ဤအဖုံးတွင် အဖွဲ့ကြီး၏ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် (မန္တလေး)နှင့် (ရန်ကုန်) တိပိဋက = နိကာယ ကျောင်းတော်တို့ရှိ ကုသိုလ် ဒါန သာသနိက အဆောက်အအုံများစွာမှ အဖုံးတွင် ပြသ၊ မြင်သာသည့် အစိတ်အပိုင်း အနည်းငယ်မျှကို ရေးသားသည့် အထားအသိုဖြင့် ပေါ်ပြထားပါသည်။

ရဟန်းရှင်လူ များပြားသည်သူ စေတနာရှင်အပါင်းတို့၏ ဒါန ဝါယမ အစဉ်တို့ကို ပွားများမျှော်မှန်း၍ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ကြ ပါစေသတည်း။ ။

မောင်အေးမြင့် (မြန်မာမှုဒီဇိုင်း)

စတုဆဆံးနှစ်ခရိုး

၁၃၄၆ ၁၃၅၀ ၁၃၅၁



တိပိဋကနိကာယ ဥပဒ္ဒါက သာသနာပြုအဖွဲ့

စမ္ဘဒီပ

သာသနာ ကောဇာ စရစ်

၂၅၇၅ ၁၃၅၇ ၁၉၉၁



မင်းကွန်း

တိပိဋကရေဆရာတော်ဖွဲ့၊

နည်းညွှန်းဥပဒေသ

သဒ္ဓါကြည်ညို၊ ရိုသေလွန်စွာ၊ အခါကိုသိ၊ မစွန်းငြိပဲ၊
မထိမဟ်း၊ လွှတ်ငြား၊ ငါးဟ်းသပ္ပုရိသ မြတ်ဒါန ။

• သဒ္ဓါကြည်ချင် လှူဒါန်းလျှင် ဆင်းပြင်ရုပ်ရည်လှ၊
• ရိုသေလှူငြား သူ့စကား အမျှားနာယူရ၊
• အခါသိသဖြင့် လှူတုံလင့် ချိန်သင့်ကောင်းကျိုးရ၊
• မစွန်းငြိတောင်း လှူတုံရှောင်း အကောင်းသုံးဆောင်ရ၊
• မထိမဟ်း လှူတုံငြားမူ ထိုသည့်သူ၏ ပြောထူမျှား ပြား
စည်းစိမ်အား ငါးဟ်းရန်မခ၊

ဒါနပြုသော် ကျိုးတော် ညီလျော်ပြုကုန်ကြ ။ ။

ဦးဗိမိတ္တသာကျော်ဆိပ်ခံ
တိပိဋကာစရိယဆရာတော်


သာသနာတော်နှစ်၊ ၂၅၃၃၊
ကောဇာသဏ္ဌာယီဖြစ်၊ ဒသဂ္ဂဒုခုနှစ်၊ ဘဆုန်လပြည့်ကျော်၊ ဂျူး၊ ရက်
စနေ၊ ဥဋ္ဌဒ်ခုနှစ်၊ မေလ၊ ၂၂၊ ရက်



ပုံပိတ်စေတီတော်ကြီးများကုန်းပြေ



ရန်ကုန်ပြုံ: မိုင်ဝေကံဖန်ယင်္ကျိ သားသနာတက္ကသိုလ် ဝိဇ္ဇာလယ်ကသင်သဖက်
သိတင်းသုံးဂေဟာင်းဆောင်များဖွင့်ပွဲနှင့်
ဒဂုံသီရိမဂ်ာဘောဓိကန်တော်ကြီး၊ ဥသဘသီရိမဂ်ာ ဥယျာဉ်တော်ကြီးဖွင့်ပွဲ။



မင်းကွန်းတောင်ရှိ၊ မိုးမိတ်ကုန်းမြေ တိပိဋကဓနိကာယစာချကျောင်းကြီးနှင့်
မဟာဗုဒ္ဓဝင်ကျမ်း၊ပထမတွဲ (ပထမပိုင်း) အင်္ဂလိပ်ဘာသာပြန်စာအုပ်ကို
ဆက်ကပ်ပူဇော်ခြင်း။




ရန်ကုန်မြင့်တော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းလွှတ်ပွဲတော်အောင်ပွဲ
အထိမ်းအမှတ် ဝမ္မတေး၊ ၂၇၊ပုဒ် သရုပ်ဖော်ပန်းချီပြပွဲနှင့်
မန္တလေးမြို့၊ အနုပညာလက်ရာစုံပြခန်းဖွင့်ပွဲ။



ထိုင်းနိုင်ငံ၊လမ်းပန်မြို့စားကြီးဦးဆောင်လှူဒါန်းသော
ဗုဒ္ဓဝိဟာဓမ္မသာလာအုတ်မြစ်ချပွဲနှင့် ဂျပန်နိုင်ငံ အာရှဗုဒ္ဓဘာသာ အသင်းနှင့်
ညပဌာဂအဖွဲ့က လှူဒါန်းသော တိ-နိ ညပဌာဂညီမူခန်းမ အုတ်မြစ်ချပွဲ။

ဩဝါဒိဓမ္မိယဆရာတော်

တိဝိဇ္ဇက-နိကာယ ဥပဇ္ဈာကပြည်ပသာသနာပြုအဖွဲ့



ရွှေကျင်နိကာယသာသနာပိုင်

ဓမ္မိကိုင်း ဇွဏဟဒယိကဆရာဒေဝါဘုရားကြီး

အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တပဏ္ဍိတသိရီ

ရွှေဟင်္သာတိုက်သစ်၊ စစ်ကိုင်းမြို့.

ဩဝါဒါစိရိယဆရာတော်

တိုဝိဋ္ဌကနိကာယ ဥပဒ္ဒါကပြည်ပသာသနာပြုအဖွဲ့




ကမ္ဘာ့ဗုဒ္ဓသာသနာပြုနေရာဒေသကိုဘုရားကြီး

အဘိဓဇမဟာရဋ္ဌဂုရုဘဒန္တ သေဋ္ဌလောဘိဝံသ

အရှင်သေဋ္ဌလဗိမာန် ၊ ရန်ကုန်မြို့

ဩဝါဒါဒိစရိယဆရာတော်

တိပိဋကဓရနိကာယ ဥပဇ္ဈာကပြည်ပသာသနာပြုအဖွဲ့



နိဒ်ဒေါသဓမ္မနာယကအဖွဲ့ - ဥက္ကဋ္ဌ


ပဓာန ပြိုမ္မဆရာဇဂတိအရှားကြီး

အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တ ဣန္ဒာဘိဝံသ

မြို့မပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့

ဩဝါဒါဒိစ္စရိယဆရာတော်

တိဝိဍ္ဎကနိကာယ ဥပဇ္ဈာကပြည်ပသာသနာပြုအဖွဲ့



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ - ဒုတိယဥက္ကဋ္ဌ


မြင်းခြံ ကိုးဇဆင်ဆရာဇေတိဒါရုံးကြီး

အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တသောဘိတ

မဟာဝိသုတာရာမ ပခုက္ကူတိုက်သစ်

ဩဝါဒါစရိယဆရာတော်

တိုဝိဋ္ဌက=နိကာယ ဥပဒ္ဒါကပြည်ပသာသနာပြုအဖွဲ့




နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်

မင်းကွန်းတိုင်ဂူကမရ ဆရာတော်ကြီး

အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဝိစိတ္တာသာရာဘိဝံသ

ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး



ပဏ္ဍိုကျော်ဆေးအလှူးကုန်ကျစရိတ်ကြိုးပြီးသတ်ပုဂ္ဂိုလ်


ဥက္ကဋ္ဌကြီး

တိပိဋကဓရနိကာယ ဥပဋ္ဌာကပင်မအဖွဲ့နှင့် ရန်ကုန်မြို့-မန္တလေးမြို့၊နိုင်ငံတော်ပရိယတ္တိ
သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့

ဆရာတော်များ သာသနာပြုအောင်မြင်ပါစေ။



ရေဦးဆရာတော်



မင်းကွန်းတိပိဋကဓရဆရာတော်



ရှားပင်တိုက်သစ်ဆရာတော်



ဝေယံဘုံမြင့်ဆရာတော်

အုပ်ချုပ်မှုနာယကအဆင့်ဆင့်ကြီးမှူး



ဓမ္မနာဒတိုက်အုပ်ဆရာတော်



ရတနာဘုံမြင့်ဆရာတော်



အလယ်တောရဆရာတော်



ဓမ္မနာဒတိုက်ကြပ်ဆရာတော်

ထိုဓိဋ္ဌက = နိကာယဥပဒ္ဒုတကသာသနာ့ပြုပြင်မြေးအမွှဲဂဏ



အထူးကုဆရာဝန်ကြီး ဦးသာလှ
(ဥက္ကဋ္ဌ)



ဦးစောလှိုင်
(ဥက္ကဋ္ဌ)
တိ-နိဥပဒ္ဒါဂေဟဒီပနီ၊ ပဉ္စကနိပါတခဏ္ဍီ



ဦးညီ
တိ-နိဥပဒ္ဒါကာအဖွဲ့၊ စစ်ကိုင်းပြာနဒီ



ဦးစိန်း
(ဥက္ကဋ္ဌ)
တိ-နိဥပဒ္ဒါကအဖွဲ့(မန္တလေးသာသနာ့တက္ကသိုလ်)

အကျဉ်းအမူခေါင်အမှဲဥက္ကဋ္ဌများ



မည္ဆုသကဦးသန်းမောင်

(ဥက္ကဋ္ဌ)

တိ=နိဉပဒ္ဒာဂ ပြဉပသာသနာပြုအာဖွဲ့



ဒေါ်ရွှေညွန့်

တိ=နိဉပဒ္ဒာဂအာဖွဲ့၊ မန္တလေးဌာနခွဲ



ဦးအောင်ခန့်

(ဥက္ကဋ္ဌ)

မန္တလေးမြို့ဇီဝိတဒါနသာသနာ့အထူးကူညီဆောင်ရွက်



ဦးအေးကျော်

(ဥက္ကဋ္ဌ)

မန္တလေးတိုင်းဒေသကြီးဆိုင်ရာနှိုးကြိုးသင်တန်းချုပ်




တိပိဋကဓရ = နိကာယ စာအုပ် စာပေ၊ အနုပညာနှင့် မော်ကွန်းအဖွဲ့.

ပဓာနနာယက = မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

နောက်တန်း (ဝဲမှယာ) = ဦးထွန်းရီ (ပန်းသာ)၊ ဗိုလ်ကလေး ဦးတင့်အောင်၊ ဦးအမ်တင်အေး၊ ပါမောက္ခ ဦးတင်လွင်(အငြိမ်းစား)၊ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှ(ဥက္ကဋ္ဌ)၊ ၊သရေစည်သူဗိုလ်မှူးကြီးစောမြင့် (အငြိမ်းစား)၊ ဦးသုခ၊ ဦးမင်းနိုင်၊ ဦးစိုးတင့်၊ ဦးအေးမြင့်(မြန်မာမှုဒီဇိုင်း)

ရှေ့တန်း (ဝဲမှယာ) = ဦးကျော်လှိုင်၊ စန္ဒယားဦးလှထွတ်၊ ဂီတလှင်ဦးကိုကို၊ ဦးကျော်မြင့် (နယူးဇဟို)၊ ဦးမင်းနိုင်၊ ဦးကျော်ခင်မြင့်၊ အကျိုးတော်ဆောင်ဦးမောင်မောင်ကြီး

မတက်ရောက်နိုင်သူများ = ဦးထွန်းလှိုင် (ဝိနယပါရဂူ)၊ ဦးဝင်းဖေ




မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ဦးဆောင် ပဓာန နာယကအဖြစ် ဆောင်ရွက်တော်မူသော တိပိဋက=နိကာယ သာသနာပြုအဖွဲ့သည် ၁၃၄၀-ပြည့် နှစ်ဆန်း (၁) ရက်နေ့တွင် စတင်ဖွဲ့စည်း၍ တိပိဋကဓရ အရှင်မြတ်များ ပေါ်ထွန်းရေး အတွက် ဦးစားပေး ဆောင်ရွက်လာခဲ့ရာ လေးနှစ်မြောက်ကာလသို့ ရောက်ရှိခဲ့ပါသည်။ ထိုသို့ (၄) နှစ်မြောက် ကာလအရောက်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခဲ့) ၏ ကောဒသမ အစည်းအဝေး (၁၉၇၂ အောက်တိုဘာလ ၁၅-ရက်)က–

"ဗရိယတ္တိ ပညာရေး စီမံကိန်းနှင့်အညီ မန္တလေးမြို့၌ ပရိယတ္တိသာသနာ့ တက္ကသိုလ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သော ကျောင်းမြေနေရာနှင့် ကျောင်းအဆောက်အအုံများ ရရှိရေးအတွက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဦးဆောင်သော တိပိဋက=နိကာယ သာသနာပြု အဖွဲ့အား မေတ္တာရပ်ခံ တာဝန်ပေးအပ်ရန် တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်တော်မူကြပါသည်"

ဟူသော ဆုံးဖြတ်ချက် တစ်ရပ်ဖြင့် တာဝန်ပေးကြောင်းကို မင်းကွန်း တိပိဋကရေ ဆရာတော်ကြီးထံ လျှောက်ထားစာ ပေးပို့ခဲ့ပါသည်။

ဤလျှောက်ထားစာအရ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် မိမိဦးဆောင်တော်မူလျက်ရှိသော တိပိဋက=နိကာယ သာသနာပြုအဖွဲ့၏ ဥက္ကဋ္ဌအား "မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကို ဖွဲ့စည်း၍ ဆောင်ရွက်ရန်" တာဝန်ပေးအပ်တော်မူခဲ့ပါသည်။ ဤသို့လျှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တာဝန်ပေးချက်အရ ဆောင်ရွက်ခဲ့ရာ ထို ၁၃၄၄-ခု (၁) နှစ်အတွင်းမှာပင် မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး၏ ဆောက်လုပ်မှု အခြေအနေသည် သုံးပုံတစ်ပုံခန့် ပြီးစီးမှုကို မြင်တော်မူကြသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် စုဒ္ဒသမိအကြိမ် စုံညီအစည်းအဝေး၌ တဖန် ၁၃၂၅-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက် (၁၉၆၃၊ နိုဝင်ဘာ ၂၄၂ နေ့စွဲဖြင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့၊ ဥက္ကဋ္ဌကိုပင်



ဥက္ကဋ္ဌအဖြစ် ခန့်ထား၍ ရန်ကုန်မြို့တွင်လည်း နိုင်ငံတော် ပရိယတ္တိ သာသနာတက္ကသိုလ် ဆောက်လုပ်လျှက်ဒါန်းရေးအတွက် ပင်မအဖဲ့နှင့်အဖွဲ့ငယ် အသီးသီး ဖဲ့စည်းပြီး တာဝန်ပေးအပ်တော်မူခဲ့ကြပြန်ပါသည်။

ဤသို့တာဝန်ပေးအပ်စဉ်အခါ ပဲခူးမြို့မ ဥက္ကဋ္ဌ ဆရာတော်ကြီးက– "သည်းခံခြင်းတရား လက်ကိုင်ထားရန်" ဩဝါဒ ချီးမြှင့်တော်မူပါသည်။

အကျိုးတော်ဆောင်ချုပ် ဆရာတော်ဖြစ်တော်မူသော မင်းကွန်းတိပိဋကဓရ ဆရာတော်ကမူ–

"ယောနိသောမနသိကာရကို လက်ကိုင်ထားရန်" ဩဝါဒ ပေးတော်မူပါသည်။ ဤသို့ သာသနာ့ဦးသျှင် မဟာထေရ်မြတ်ကြီး နှစ်ပါးတို့၏ ဩဝါဒနှစ်ဖြာတို့ကို ဦးထိပ်ရွက်ပြီး ပြုဖွယ်ကိစ္စအဝဝကို ဆောင်ရွက်ခဲ့ပါသည်။

ဆောင်ရွက်ပြီးစီးသမျှကိုလည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ဂေါပကရက္ခကအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန် အခါအားလျော်စွာ လွှဲအပ်ခဲ့ပါသည်။ ဤသို့ လွှဲအပ်သည့်အခါတိုင်း မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးက ဂိုဏ်းကိုလည်းကောင်း၊ ပုဂ္ဂိုလ်ကို လည်းကောင်း၊ အဖွဲ့အစည်းကို လည်းကောင်း မလှူဒါန်းဘဲ၊ ပရိယတ္တိ သာသနာတော်အား ရေစက်ချလှူဒါန်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လွှဲအပ်တော်မူခဲ့ပါသည်၊

ရန်ကုန်မြို့နှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ–

(က) ၁၉၇၆-ခု၊ သြဂုတ်လ ၂၂-ရက်နေ့တွင် မန္တလေးမြို့နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကို လည်းကောင်း၊

(ခ) ၁၉၇၆-ခု၊ ဇွန်လ ၂၃–ရက်နေ့တွင် ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကို လည်းကောင်း စတင် ဖွင့်လှစ်၍ သင်တန်းများ ပို့ချနိုင်ခဲ့ပါသည်၊

ဤသို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး များကို ဖွင့်လှစ်နိုင်ခဲ့ခြင်းလုပ်ငန်းများသည် တိပိဋက=နိကာယ သာသနာပြုအဖွဲ့၏ ဒုတိယ သုံးနှစ်ခရီး ကာလအတွင်းက ဆောင်ရွက်ခဲ့သော လုပ်ငန်းများ ဖြစ်ပါသည်၊

တိပိဋက=နိကာယ သာသနာပြုအဖွဲ့သည် မင်းကွန်း တိပိဋက=နိကာယ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်း သုံးသွယ်ဖြစ်သော–

၁။ တိပိဋက=နိကာယ ကျောင်းတိုက်ကြီးများ ဖွင့်လှစ်၍ တိပိဋကဓရ အရှင်မြတ်များ ပေါ်ထွန်းရေး၊

၂။ ပြည်တွင်း+ပြည်ပ သာသနာပြု အရှင်မြတ်များ ပေါ်ထွန်းရန် အတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ ဟက္ကသိုလ်ကြီးများ ဆောက်လုပ်လျှောဒါန်းရေး၊

၃။ မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံ ဆောက်လုပ်လှူဒါန်းရေး၊

လုပ်ငန်းကြီးသုံးရပ် ဦးတည်ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဆောက်လုပ်နေသည့် မဟာဝိဇယာပုည်မှန်ကျောင်းတိုက်၏ တောင်ဘက်ရှိ စိန် တုံး ကျောင်းတိုက်ဝင်းအတွင်း တံတိုင်းမှနေ၍ ပေ ၁၃၀×အရှေ့ အနောက် အလျားပေ ၇၀၀ ခန့်ရှိ မြေကို စိန်တုံးကျောင်းတိုက် ဆရာတော်များက မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ဦးဆောင် ပဓာန နာယက အဖြစ် ဆောင်ရွက်တော်မူသော တိပိဋက=နိကာယ သာသနာပြုအဖွဲ့သို့ လှူဒါန်းခဲ့ပါသည်။ ထို့ကြောင့် ရဟန်းတော်များ ဝိနည်းတော်နှင့်အညီ ဆေးကုသမှုခံယူနိုင်ရန်နှင့် ရဟန်း သူနာပြု သင်တန်းများ ဖွင့်လှစ်ရန် ရည်ရွယ်၍ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး ဆောက်လုပ်လှူဒါန်းခဲ့ရာ ယခု စတုတ္ထသုံးနှစ်ခရီးကာလ တွင် အတွင်းသူနာအဖြစ် ဂီလာန ရဟန်းများကို ဆွမ်းကွမ်းကိစ္စပါ တာဝန်ယူ၍ ကုသပေးလျက် ရှိနေပါသည်။

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးနှစ်ခုကို ဆောက်လုပ်လှူဒါန်းခဲ့ရာမှ ၁၉၇၈–ခုနှစ်တွင် အရေးအခင်း ပေါ်ပေါက်ပြီးနောက် သာသနာရေးနှင့် နိုင်ငံရေး ရောထွေးယှက်တင် ဖြစ်မှုကို လိုလားတော် မမူသော မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် တိပိဋက=နိကာယ သာသနာပြုအဖွဲ့၏ အဖွဲ့အစည်းအသီးသီးအတွင်းမှ ဆက်လက်၍ တာဝန်ပေးရန် မသင့်လျော်သော အမှုဆောင်များ ပါရှိနေသဖြင့် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အနေဖြင့် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပေးတော်မူပါသည်။

ဤသို့ ပြန်လည်ဖွဲ့စည်းပေးတော်မူရာတွင် ဖွင့်လှစ်ပြီးဖြစ်သော နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ၏ ကျောင်းဒါယကာအဖြစ်သာမက (ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး)= ပစ္စည်းလေးပါး ဒါယကာအဖြစ်ကိုပါ ခံယူနေရသဖြင့် တိပိဋက=နိကာယ သာသနာ့ပြုအဖွဲ့ကို ပြည်နယ်+တိုင်း+ရပ်ကွက်+ကျေးရွာအထိ တိုးခဲ့၍ ဖွဲ့စည်း၍

တိပိဋကနိကာယ ဥပဒ္ဒါကအဖွဲ့ဟု အမည်သစ် သတ်မှတ်တော်မူခဲ့ပါသည်။

ဥပဒ္ဒါက = ဟူသည် ဘုရားရှင်ကို အနီးကပ်ပြုစုသူတို့တွင် အသာဆုံး အမြတ်ဆုံး တေဒဂ်ရတော်မူသော ညီတော်အာနန္ဒာအရှင်မြတ်ကြီး၏ ဂုဏ်ပုဒ်ကို ရယူထားခြင်း ဖြစ်ပါသည်။

တိပိဋက = နိကာယ သာသနာပြုအဖွဲ့သည် ကျောင်းဒါယကာအဖြစ် သာသနာ့တက္ကသိုလ်ကြီးများကို ဆောက်လုပ်လှူဒါန်းပေးပြီး ဆွမ်း + သင်္ကန်း + ကျောင်း + ဆေး ပစ္စည်းလေးပါးဖြင့် အနီးကပ် မပြုစုမထောက်ပံ့လျှင် ဤသာသနာ့တက္ကသိုလ်ကြီးများသည် ရှေကျောင်းပြောင်ပြောင် ဝမ်းဟောင်ဟောင်နှင့်သာ ရှိချေမည်။ ဤသို့ မဖြစ်ရအောင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက အမြဲမမြတ် အနီးကပ် ပြုစုလုပ်ကျွေးလျက် ပရိယတ္တိသာသနာတော်ကို ထောက်ပံ့နိုင်ရန်အတွက် ပြုစုလုပ်ကျွေးခြင်း အဓိပ္ပာယ်ရှိသော ဥပဒ္ဒါကဂုဏ်ပုဒ်ကို ထည့်သွင်း၍ တိပိဋက = နိကာယ ဥပဒ္ဒါကအဖွဲ့ဟု ဖြင့်ဆင်သတ်မှတ်တော်မူခြင်းဖြစ်ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက ကျောင်းတိုက် တစ်ခုတည်ထောင်လျှင် (ကျောင်းထိုင်ဘုန်းကြီး + ကပ္ပိယ + ကျောင်း ဒါယကာ) သုံးဦးသုံးဖလှယ်ညီညွတ်မှု ဖြစ်မည်ဟု သြဝါဒပေးတော်မူထားပါသည်။ ဤသြဝါဒအရပင် ကျောင်းထိုင် ဘုန်းကြီး ဟူသည် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများမှ နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံ ဆရာဓတော်များ ဖြစ်ပါသည်။ ကပ္ပိယ = ဟူသည် တက္ကသိုလ်၏ အထောက်အကူပြု ဥပတ္ထမ္ဘကအဖွဲ့ ဖြစ်ပါသည်။ ကျောင်းဒါယကာအဖွဲ့သည်ကား တိပိဋက = နိကာယဥပဒ္ဒါက အဖွဲ့ပင် ဖြစ်ပါသည်။

တိပိဋက = နိကာယ ဥပဒ္ဒါက အဖွဲ့သည် တက္ကသိုလ်ကြီးများကို ပြီးပြည့်စုံအောင် ဆောက်လုပ်လှူဒါန်းလျက် ရှိရုံမျှမက စာချစာသင် အရှင်မြတ်များအား (ဆွမ်း + သင်္ကန်း + ဆေး) လိုလေသေးမရှိလှူဒါန်းလျက် ရှိနေပါသည်။ ထိုမျှမက နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက် ပြဋ္ဌာန်းထားသည့် ကျမ်းစာများကိုလည်း ဝယ်ယူလှူဒါန်းပေးခြင်း၊ ရိုက်နှိပ်လှူဒါန်းပေးခြင်း ပြုခဲ့ပြီး ပြုနေဆဲ ဖြစ်ပါသည်။ စာကြည့်ပိဋကတ်တိုက်အတွက် လိုအပ်သော (ပါဠိ၊သင်္ကတ၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ မြန်မာ) ရှားပါးစာအုပ် များကိုလည်း ဝယ်ယူ

စုဆောင်း၍ လျှုဒါန်းခဲ့ပြီး လူဒါန်းနေဆဲ ဖြစ်ပါသည်။ ပိဋကတ် စာအုပ်များနှင့် ပတ်သက်၍ ဝယ်ယူလျှုဒါန်းမှုကို တိပိဋက = နိကာယ သာသနာပြုအဖွဲ့ ဒုတိယသုံးနှစ်ခရီးကာလတွင် လည်းကောင်း၊ ပုံနှိပ် လျှုဒါန်းမှုနှင့် ဝယ်ယူလျှုဒါန်းမှုကို တတိယသုံးနှစ်ခရီး ကာလတွင် လည်းကောင်း စတုတ္ထသုံးနှစ်ခရီး ကာလတွင်လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဤစတုတ္ထသုံးနှစ်ခရီး စာစောင်ကြီး ဖြန့်ဝေနိုင်အောင် ဆောင်ရွက်နေဆဲ ကာလမှာပင် အင်္ဂလိပ်–မြန်မာ ပြဋ္ဌာန်း ကျမ်းစာအုပ် ပေါင်း(၂၀)ကျော်ကို ဝယ်ယူ၍ လည်းကောင်း ရိုက်နှိပ်၍ လျှုဒါန်း နိုင်ရန်လည်းကောင်း စီစဉ်ဆောင်ရွက်လျက် ရှိနေပါသည်၊

ဤသို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးမှာမှ စာချစာသင် အရှင်မြတ်များအား ပစ္စည်းလေးပါးနှင့် ပိဋကတ်ကျမ်းစာအုပ်များကိုမငြိုငြင်ရ လေအောင်တိုင်းနှင့်ပြည်နယ်အလိုက်၊မြို့နယ်ကျေးရွာအလိုက်၊ တစ်ဦးချင်းအလိုက် ဆွမ်းပဒေသာပဝိ ဘာသာ ငါး ရပ် ပိဋကတ် ပဒေသာပင်များ ထူထောင်၍ လျှုဒါန်းနေကြသည့် ထာဝရ ကုသိုလ်ရှင် သာသနာပြုပုဂ္ဂိုလ်အပေါင်းတို့နှင့် ဤစတုတ္ထ သုံးနှစ်ခရီး စာစောင်တွင် ပါဝင်၍ ရေးသားချီးမြှင့်ကြသူ၊ သရုပ်ဖော်ပုံများ ရေးဆွဲပေးကြသူ၊ စာစောင်ဖြစ်အောင် ဆောင်ရွက်ပေးကြသူ အပေါင်းတို့ကို ကျေးဇူးတင်စကား ရေးသားရင်း နိဂုံးချုပ်အပ်ပါသည်၊



ဝဏ္ဏကျော်ထင်အထူးကုဆရာဝန်ကြီးဦးသာလှ
ဥက္ကဋ္ဌကြီး၊ တိပိဋက = နိကာယဥပဋ္ဌာကပင်မအဖွဲ့။


တိ=နိစတုက္ကသုံးနှစ်ခရီးစာအုပ်
ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း ပထမအကြိမ်
သာသနာနှစ် - ၂၅၃၁
ကောဇာ - ၁၃၅၃
ခရစ် - ၁၉၈၇၊ မတ်လ။

တန်ဖိုး ဓမ္မဒါန
အုပ်ရေ (၃၀၀၀)
အပုံးပန်းချီ မောင်အေးမြင့်
(မြန်မာမှုဒီဇိုင်း)
စာအုပ်ချုပ် ဇကရီ
ခွင့်ပြုချက် မျက်နှာဖုံး (၇၂/၈၂/၂)
စာမူ (၃၃၈/၈၁/၇)

ထုတ်ဝေသူ ။ ။ ဝဏ္ဏကျော်ထင်အထူးကုဆရာဝန်ကြီး
ဥက္ကဋ္ဌကြီးဦးသာလှ (ကင်း-၈)။
တိ = နိဉပဋ္ဌာက ပင်မသာသနာပြုအဖွဲ့၊
အမှတ် - ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ ဦးအေးမြင့် (မြ - ဝ၃၃၄၂)။
သင်းအော့ဆက် ပုံနှိပ်တိုက်၊
အမှတ်- ၈၀၊ ၄၃လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



ကျိုသို့ကျိုနယ်ပါဝင်

ပုဇွေကြိုသည်။

စာတည်းအဖွဲ့

*** ဦးဆောင် ပဓာန နာယက**

တိပိဋကဓရမဟာဓမ္မဘဏ္ဍာဂါရိက
ဆရာတော်ကြီး
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ

*** ဥက္ကဋ္ဌ**

ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး
ဥက္ကဋ္ဌကြီး ဦးသာလှ

*** အကျိုးတော်ဆောင်**

ဦးမောင်မောင်ကြီး

*** စာတည်းချုပ်**

ဦးထွန်းလှိုင် (ဝိနယ ပါရဂူ)
ဝဋ္ဌသကာ၊ သိရောမဏိ။

*** စာတည်းအဖွဲဝင်များ**

ဦးသုခ
ဦးစောမြင့်
ဦးအမ်တင်အေး
ဦးတင်လွင်
ဦးဝင်းဖေ
ဦးအေးမြင့် (မြန်မာမှု ဒီဇိုင်း)
ဦးကျော်လှိုင်
ဦးကျော်ခင်မြင့်

စာတည်းစာပြင်

ဦးသိန်းလွင်
ဦးဉာဏ်လင်းအောင်
ဦးတင်အောင်



စာပေ

စစ်ကိုင်း၊ ရွှေဟင်္သာ ဆရာတော်ကြီး
ကမ္ဘာ့ဝုဒ္ဓသာသနာပြုဆရာတော်ကြီး
ဝိသုဒ္ဓါရုံ၊ ပိုက်ကျုံးဆရာတော်ကြီး
ဃောသိတာရာမဆရာတော်ကြီး
မြင်းခြံ၊ ကိုးဆောင်ဆရာတော်ကြီး
ထား၀ယ်၊ဧယျ၀တီဆရာတော်ကြီး
သပြေကန်ဆရာတော်ကြီး
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
တောင်ရင်း အရှင် ကောဏ္ဍည
ဦးဥက္ကံသာဘိ၀ံသ
တည်တော ဆရာတော်
ပခုက္ကူ။ အရှင် ကေသရ
ဘဒ္ဒန္တ ဝဏ္ဏသီရိ
သရက်၊ အောင်မင်္ဂလာ ဆရာတော်
ဘဒ္ဒန္တ ကောသလ္လ
၀ိသုဒ္ဓါရုံ ဥူးအဋ္ဌ၀ယ
ဦးတိလောကသာရ

ညောင်ကနဲအေး အရှင်ဥာန္ဓက
ဘဒ္ဒန္တ စန္ဒိမာ
ဦး၀ေပုလ္လာဘာရ
ပခုက္ကူ။ ဦးကေလာသ
အရှင်ပဏ္ဍိတာဘိ၀ံသ
ဌေးလွင် (ဆား၀ယ်းကြီး)
ပြင်ဦးလွင် ရတနာ
ဥူးမာနိတသိရီ
အရှင်သိရိန္ဒာဘိ၀ံသ(ယော)
မာဂဓီ (သာစည်)
နတ်မောက်အရှင်သုစိတ္တသာရ
ဘိုကလေး အရှင်ပဏ္ဍိတ
အရှင်နာရဒါဘိ၀ံသ
ဦးဥတ္တရဉာဏ
ဥူးဩဒါတသိရီဘိ၀ံသ
မောင်သန့်စင်
အရှင်ထေရ၀ံသ (ပုသိမ်)
မြထိပ်တင်
ဦးကောဝိဒ
ဦးယေသိက

ရွှေတိုင်ညွှန့်
နုနုံးတော်ရှေ့ ဆရာတင်
မြို့မကြီးမံ
စစ်ကိုင်း ဆရာကြည်
ဒဂုံ ဆရာတင်
သဟာယ ဆရာတင်
ရွှေလမောင်
အေ၀မ်း ဆရာညှာ
စောင်း ဦးဘသန်း
ရန်နိုင်စိန်
မင်းဘူး နဝဒေး
ဦးကြင်
ဦးကိုလေး(ဧယျာမောင်)
ဓမ္မယောသက ဦးမောင်မောင်
မောင်ထင်
သုခ
ဗိုလ်မှူး သမိန်
ဦးဆန်းထွန်း
ဦးညီ
ရန်အောင်



ပန်းချီ

စိန်အောင်မင်း
လူထု ဒေါ်အမာ
ဒေါ်ရီကြိုန်
ဦးအောင်သိမ်း
ပါရဂူ
ဦးထွန်းလှိုင်
ဦးရဲလွင်
မောင်မဲ
ဟသ်ာ
နုယဉ်
ဦးမောင်မောင်တင်
ဦးမင်းနိုင်
ပါမောက်လွင်
ဆရာဝန် တင်ရွှေ
ဦးအောင်ခိုင်
ဦးရွှေအောင်
ဦးသန်းထွန်း (ရွှေဘို)
ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ)
ဗန္ဓုရဝင်း
ဧမွာစရိယဦးမောင်မောင်လေး
မောင်ရေအေး
ကြည်ဦးမောင်

မောင်အောင်ထွတ်
ကိုထွန်းအောင်သာ
သူရဇော်
ကျော်လှိုင်
ချစ်ဦးညို
မအူပင် ဦးတင်ရွှေ
တက်လူ
တင်ထွန်း (ဗိုလ်)
ဦးနေဝင်း
မင်းသက်ကြီး
ဦးစန်းတင့်
ဦးဝင်းမောင် (တမွဝတီ)
ထွန်းလွင်
မြကေခိုင်
မစန်းဌေး
မင်းဘူး-မျိုးသက်အောင်
မောင်ရင့်ကျူး(မြောင်းမြ)


ဦးဘကြည်
ဦးအမ်တင်အေး
ဦးဘလုံလေး
ဦးလွန်းကြွယ်
ဦးစိန်
ဦးစန်းလှိုင်
ဦးအေးမြင့်
ဦးသောင်းဟန်
ပေါဦးသက်
မောင်ကျော်
အုန်းခင် (သုခုမ)
ကြည်ဝင်း
အက်စ်တင်ရွှေ
တင်လှဝင်းထင်
သန်းအောင်
စံတိုး
မောင်ညီဝင်း
မျိုးညွှန့်
မောင်ကျော်ညွှန့်
တင်မောင်မျင့်
ဝသုန်



ညိုလှ
သန်းလှ
ခင်သိန်း(ရုပ်/သံ)
မောင်မောင်သိုက်
ယဉ်မင်းပိုက်
မျိုးမြင့်
ဇော်မင်း
စိုးဝင်းလွန်း
မောင်မောင်
မြိတ်ဝင်းထိန်
ဝင်းမော်ဟန်
ကျော်ဖြူစံ
သာတင့်ထက်
ကြည်သိန်း
ဇော်တေဇ
မောင်မြင့်ဌေး
ကျော်စွာ
သဲဇာ
ထင်ကျော်
တင်ထွန်းထွန်း
ဆွေမင်းကျော်
ရဲအောင်နိုင်
နှန်း
မိုး
မမွှေး

ရုပ်ဖတ်သိဆိုမှု

ဗိုလ်ကလေး ဦးတင့်အောင်
ဂီတလှိုင်မောင်ကိုကို
ထား
စန္ဒယား လှထွတ်
ကိုမင်းနောင်
တင်တင်မြ
မာမာအေး
ရီရီသန့်
ပန်းချီ မောင်ငွေအုန်း
ခင်စိုးဝင်း
ခင်ခင်
တက္ကသိုလ် လဲ့လဲ့
မောင်မောင်ကြီး
နီနီဝင်းရွှေ
ချိုဝေလွင်
ရတနာဦး
နန်းယုထွေး
မေယုမော်
အေးအေးအောင်
စန္ဒယား ချစ်ဆွေ
ရန်ပိုင်စိုး
တင်ဦးလေး
တက္ကသိုလ် ကိုကိုဇော်
ဇေယျာ
ဆွင်ပြိုး
နှင်းရည်သန့်
ချယ်ရီအောင်သန်း
တက္ကသိုလ် နီလာဟန်



ကာလာခွဲ

ဦးတင်စိုး
ဦးကျော်ဌေး
ဦးထွန်းဆိုင်
ဦးဝင်း
ဦးစိန်လှိုင်
ဦးအုန်းကြိုင်

ပုန်ဖိုး

သင်း အော့ဖ်ဆက် ပုံနှိပ်တိုက်
လှိုင် အော့ဖ်ဆက်
သဇင်အော့ဖ်ဆက်
အောင်သန်းအော့ဖ်ဆက်
ချိုလင်းပြာအော့ဖ်ဆက်
ဝင်းရွှေစင်အော့ဖ်ဆက်
နန်းသဇင်အော့ဖ်ဆက်
သိဒ္ဓိမြို့ပုံနှိပ်တိုက်
ဘားမားယူနီယံ ပုံနှိပ်တိုက်
စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက်
ရွှေမင်းသမီး ကွန်ပျူတာ
ရန်ကုန် ကွန်ပျူတာ
ကမ္ဘာဇ ကွန်ပျူတာ

ဓါတ်ပုံ

ဦးအမ်တင်အေး
ဦးသန်း(ကုန်သွယ်ရေး)
ပန်းသာ ဦးထွန်းရည်
ခတ္တိယ ဦးဘသန်း (မန္တလေး)
ဦးဘိုကြီး (မန္တလေး)
ဦးမြတ်ကျော် (မန္တလေး)
ဦးရွှေ (ဝတ်မှု့)
မောင်မောင်သန်း (မိုးမိတ်)
ရန်အောင် (နယူးဇဟို)
ကျော်မြင့် (နယူးဇဟို)

ဖလက်တွဲ

ကိုသိန်းအောင်
ကိုဉာဏ်
ကိုကျော်ဌေး

အာဘတည်းချပ်ဒေါမှာ

စာရှုသူပညာရှင် သူတော်စင်များခင်ဗျား . . . ကျွန်တော်သည် ဤစတုတ္ထသုံးနှစ်ခရီး မှတ်တမ်းမှ အုပ်ကြီး၏ နိဒါန်းအဖြစ် သာသနာ့သမိုင်းအဆက်ဆက်၌ လက်ခံအတည်ပြုခဲ့သော မှတ်တမ်းကြီးတစ်ဆူ၏ အကြောင်းအရာကို ရေးသား၍ တင်ပြလိုပါသည်။ ယင်းမှတ်တမ်းကြီးဟူသည်မှာ အရှင်အာနန္ဒာထေရ်မြတ်၏ "ဧဝံ မေသုတံ" - အစချီသော မှတ်တမ်းပင်ဖြစ်ပါသည်။

ယင်းမှတ်တမ်းမှာ.. ပိဋကတ်တော်အဆူဆူသော တရားများတွင် ထင်ထင်ရှားရှား ပါရှိနေပြီဖြစ်သောကြောင့် ပညာရှင်သူတော်စင်များ ဖတ်ရှုမှတ်သား၊ခဲ့ကြပြီးဖြစ်လိမ့်မည်ဟူ၍ ကျွန်တော်ယူဆပါသည်။ ဤနိဒါန်း၌ အထူးသဖြင့် အကျယ်တဝင့် ဖော်ပြရေးသားရန်ပင် လိုလိမ့်မည်မထင်ပါ။

အရှင်အာနန္ဒာပုဂ္ဂိုလ် ကျော်သူမြတ်ကြီးသည် ထိုထိုတရားတော်များကို မြတ်ဗုဒ္ဓရှင် တော်ဘုရား ဟောကြားတော်မူသည့်အတိုင်း တိတိကျကျ မှတ်တမ်းတင်ခဲ့ရုံမျှ မကပဲ -

ဟောကြားတော်မူသည့် အချိန်ကာလ။
ဟောကြားတော်မူသည့် အရပ်ဌာန။
ဟောကြားတော်မူသည့် တရားနာခံသူ။
ဟောကြားတော်မူခြင်းအကြောင်း အကျဉ်းချုပ်။
ဟောကြားတော်မူပြီး ဖြစ်ပေါ်လာသည့် အကျိုးထူး။

စသည်များကိုလည်း မကျန်မကြွင်းစေရန် အရှင်မဟာကဿပ အမှူးရှိသော ပထမသံဂါ ယနာတင်ထေရ်အရှင်တို့အား လျှောက်ထားခဲ့ပါသည်။ ထို့ကြောင့် "ဧဝံ မေ သုတံ"- အစချီသော မှတ်တမ်းကို အကောင်းဆုံးမှတ်တမ်းဟူ၍ ယူဆ၍ ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

အကြောင်းမှာ- ယင်းမှတ်တမ်းကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူသည်မှစ၍ ယနေ့ထက်တိုင် နှစ်ပေါင်းနှစ်ထောင်ကျော်သည့်တိုင်အောင်--ယာင်းမှတ်တမ်းဖြင့် တန်ဆာဆင်၍ ဖော်ပြထားသော မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်ဟုဆိုအပ်သော တရားတော်အစုကြီးသည် မပြိုမကွဲ အမြဲတည်တန့်နေသောကြောင့် ဖြစ်ပါသည်။

သာသနာတော်တည်တံ့နေခြင်းအကြောင်းရင်း

စာရှုသူပညာရှင် သူတော်စင်များခင်ဗျား- - -

ကျွန်ုပ်တို့သည် ဤ တိကိဉပတ္တိကာ စတုတ္ထသုံးနှစ်ခရီးစာစောင်နိဒါန်း၌ "ဧဝံ မေ သုတံ" အစချီသော တရားတော်မှတ်တမ်းကို အကောင်းဆုံးမှတ်တမ်းဖြစ်သည်-ဟူ၍ ရေးသားတင်ပြခဲ့ပါသည်။ ယင်းသို့တင်ပြခြင်းမှာ ပညာရှင်သူတော်စင်တို့

အနီးကပ်ဆုံး အလွယ်ကူဆုံးဖြစ်သောကြောင့်သာ တင်ပြခြင်းဖြစ်ပါသည်။ အမှန်တစ်ကယ် လေးလေးနက်နက် အမှန်ကန်ဆုံးတင်ပြရမည် ဆိုပါလျှင် - - -

(က) တရားတော်များပိုင်ရှင် မြတ်စွာဘုရားဂုဏ်ကျေးဇူး ၊

(ခ) **မူရင်းတရားတော်များ**၏ ဂုဏ်ကျေးဇူး ၊

(ဂ) **မှတ်တမ်း**ရှင် **အရှင်အာနန္ဒာ**၏ ဂုဏ်ကျေးဇူး ၊

(ဃ) **မှတ်တမ်း**ကိုအတည်ပြုခဲ့သည့် **အရှင်**မဟာကဿပအမူးရှိသော ပထမသံဂါယနာတင် အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူး ၊

(c) အဆက်ဆက် မပျောက်မပျက်စေရန် သာသနာတော်ကို ဆောင်ရွက်တော်မူခဲ့ကြသည့် သံဃာတော်အရှင်သူမြတ်တို့၏ ဂုဏ်ကျေးဇူး၊

စသည်များကိုလည်း ဖော်ပြရေးသားရမည် ဖြစ်ပါသည်။

(က) **မြတ်ဗုဒ္ဓဘုရား**ရှင်၏ **ဂုဏ်ကျေးဇူး**။

အကျွန်ုပ်တို့၏ အားထားကိုးကွယ်ရာဖြစ်**တော်မူ**သော ဂေါတမ အမည်တော်ရှိ သဗ္ဗညုတဉာဏ်တော်ရှင် သမ္မာသမ္ဗုဒ္ဓဘုရား**သခင်သည်**ကား.. ဆေးတစ်စက် အင်းတစ်ကွက်မျှကို ပေါက်ရုံ သောက်ရုံမျှဖြင့် **ဘုရား**အဖြစ်သို့ ရောက်သည်မဟုတ်ပါ။ ဒီပင်္ကရာအမည်တော်ရှိသော သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ထံတော်၌ "ကောဏ္ဍဉ္ဉ ဂေါတမဘုရားဖြစ်လိမ့်မည်"ဟူ၍ နိယတ ဗျာဒိတ်တော်ပန်းကို ဆင်မြန်းတော်မူပြီးနောက်မှာ ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်း ကာလပတ်လုံး ဘဝပေါင်း အသင်္ချေ အနန္တမျှ ပါရမီဆယ်ပါး အမြတ်တရားတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရပါသည်။

ပါရမီဆယ်ပါး အမြတ်တရားဟူသည်မှာ...

၁။ ဒါနပါရမီ...လှူဒါန်းပေးကမ်း စွန့်ကြဲခြင်းအမြတ်တရား၊

၂။ သီလပါရမီ...မကောင်းသော ကိုယ် နှုတ် စိတ် အမှုတို့မှ စောင့်ထိန်းခြင်း အမြတ်တရား၊

၃။ နေက္ခမ္မပါရမီ... ကိလေသာအာရုံ ကာမဂုဏ်တရားတို့မှ ဝေးရာသို့ ထွက်ခွာခြင်း အမြတ်တရား၊

၄။ ပညာပါရမီ အသိပညာ အတတ်ပညာ အဖြာဖြာတို့ကို လေ့လာဆည်းပူးခြင်း အမြတ်တရား၊

၅။ ဝီရိယပါရမီ... ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အားထုတ်ကြိုးစားမှု အမြတ်

[illegible]

၆။ [illegible]ကောင်းအဆိုးအမျိုးမျိုးသော ချမ်းသာ ဆင်းရဲ ချီးမွမ်းကဲ့ရဲ့ ဂုဏ် မဂုဏ် စသည့် တရားများကို တွေ့ကြုံရာ၌... မတုန်မလှုပ် ချုပ်တည်း အောင့်အည်း သည်းခံနိုင်ခြင်း အမြတ်တရား။

၇။ သစ္စပါရမီ ကိုယ် နှုတ် စိတ်ထား သုံးပါးလုံးမှာ မမှားမယွင်း ဖြောင့်မတ် မှန်ကန်ခြင်း အမြတ်တရား။

၈။ အဓိဋ္ဌာနပါရမီ မှန်ကန်ကောင်းမြတ်သော အမှုကိစ္စတို့၌ ပြုလုပ်ဆောင်ရွက်ရန် ဆုံးဖြတ်သည့်အတိုင်း တည်တံ့စွာ လိုက်နာဆောင်ရွက်ခြင်း အမြတ်တရား။

၉။ မေတ္တာပါရမီ . . . သတ္တဝါများ အစားစားတို့၌ အညီအမျှချစ်နှိုင်ခြင်း အမြတ်တရား။

၁၀။ ဥပေက္ခာပါရမီ . . . . ချမ်းသာ ဆင်းရဲ၊ ဝမ်းနည်း ဝမ်းသာ၊ အာရုံအဖြာဖြာတို့သို့ မလိုက်မူ၍ လျစ်လျူရှုခြင်း အမြတ်တရား

ဟူသော ပါရမီဆယ်ပါးအမြတ်တရားကို ဆည်းပူးကျင့်သုံးရာတွင်လည်း . . .

(က) သာမန်ဖြည့်ရုံမျှ ဖြည့်ကျင့်ခြင်းပါရမီ၊

(ခ) ခြေ၊ လက်၊ နား၊ နှာ ကိုယ်အင်္ဂါကိုစွန့်လွှတ်၍ ဖြည့်ကျင့်ခြင်းဥပပါရမီ၊

(ဂ) ကိုယ့်အသက်ကို မငဲ့ကွက်မူ၍ စွန့်လွှတ်ဖြည့်ကျင့်ခြင်း ပရမတ္ထပါရမီ၊

ဟူ၍ သုံးမျိုးဖြည့်ကျင့်ဆည်းပူးရပါသည်။ ပါရမီဆယ်ပါးရှိရာ၌ တစ်ပါးလျှင် သုံးမျိုး စီဖြည့်ကျင့်ရလေရာ (၁၀x၃=၃၀) အကျဉ်းဆယ်ပါး အကျယ်အားဖြင့် အပြားသုံးဆယ် ဟူ၍ ဆိုရပေသည်။

ယင်းသို့ဖြည့်ကျင့်ရသောကြောင့် ဘုရားရှင်တစ်ဆူတစ်ဆူဖြစ်ရန် စွန့်လွှတ်ရသော အရိုးအသားများ ကမ္ဘာမြေအထုနှင့် မြင့်မိုရ်တောင်ထက်ကြီးမားများပြား နိုင်ပေသည်။

ထွက်ကျခဲ့ရသည့် မျက်ရည်နှင့် သွေးရည်များသည် မြစ်ကြီးငါးဖြာမဟာသမုဒ္ဒရာလေးစင်းထက် များပြားဖွယ်ရာရှိပေသည်။

ထုတ်လှူခဲ့ရသည့်မျက်လုံးများသည် ကောင်းကင်ပြင်ရှိကြိုလ်နက္ခတ်၊ ကြယ်တာရာတို့ထက် များပြားဖွယ်ရာရှိပေသည်။ ဤမျှလောက် ဆင်းရဲခက်ခဲစွာ ပါရမီအမြတ်တရားများကို ဖြည့်ကျင့်ရသည်မှာ သဗ္ဗညုတ သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်၍ သတ္တဝါအများကို အကျွတ်ချွတ်ကာ တရားဟောနိုင်ရန်သာ ဖြစ်ပါသည်။

ဤသည်မှာ မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သူသူငါငါ အနန္တသတ္တဝါတို့၏ အပေါ်၌ ထားရှိသော အနန္တမဟာကရုဏာ အနန္တမဟာကျေးဇူးတော် ဂုဏ်တော်ဖြစ်ပါသည်။

(ခ) **မူရင်းတရားတော်များ၏ ဂုဏ်ကျေးဇူးများ၊**

ဖော်ပြခဲ့သည့်အတိုင်း များပြားကြီးကျယ်လှသော အနန္တဂုဏ်နှင့် မြတ်ဗုဒ္ဓဘုရားရှင်သည် ဟောကြားတော်မူအပ်သော တရားတော်သည်ကား လွန်စွာမှ ယုံ ကြည်လို မွန်မြတ်လှပါပေသည်၊ ခန့်ညားကြီးကျယ် ထည်ဝါလှပါပေသည်။ အတိုင်းအတာပမာဏအားဖြင့်မူ ပိဋကတ်သုံးသွယ်၊ နိကယ်ငါးဖြာ၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်မျှ များပြားကြီးကျယ် တင့်တယ်ထည်ဝါ ခန့်ညားလှပါပေသည်။ ယင်းတရားတော်အစုသည်ကား -

(က) အာဒိကလျာဏ - အစ၏ကောင်းခြင်း၊
(ခ) မဇ္ဈေကလျာဏ - အလယ်၏ကောင်းခြင်း၊
(ဂ) ပရိယောသနကလျာဏ - အဆုံး၏ကောင်းခြင်း၊
(ဃ) သတ္ထ - အနက်နှင့်ပြည့်စုံခြင်း၊
(င) သဗ္ယဉ္ဇန - သဒ္ဒါနှင့်ပြည့်စုံခြင်း၊
(စ) ကေဝလပရိပုဏ္ဏ - ဖြုတ်ဖွယ် ဖြည့်ဖွယ်မရှိ အားလုံးပြည့်စုံခြင်း

ဟူ၍ ကောင်းမှုအမျိုးမျိုးတို့ဖြင့် ပြည့်စုံနေပေသည်။ ထို့ကြောင့်ပင်လျှင် မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဟောကြားတော်မူခဲ့သော မူရင်းတရားတော်များသည် ဂုဏ်တော်ခြောက်ပါးဖြင့် ထင်ရှားကျော်ဇောကာ နေပေတော့သည်။ ယင်းဂုဏ်တော်ခြောက်ပါးဟူသည်မှာ -

(၁) သွာက္ခါတ - (မကောင်းဆိုးဝါး ယုတ်ညံ့စွာ ဟောကြားထားသည်မဟုတ်ပဲ) ကောင်းစွာဟောကြားထားခြင်း၊
(၂) သန္ဒိဋ္ဌိကော - (သူပြောလူပြော ကောလဟလမျိုးမဟုတ်ပဲ) ကိုယ်တိုင်ဒိဋ္ဌ သိမြင်ရခြင်း၊
(၃) အကာလိကော - (ဟိုရက်ဟိုနေ့ ရွေ့ဆိုင်း၍သိရသည်မဟုတ်ပဲ) ချက်ချင်းလက်ငင်းသိနိုင်ခြင်း၊
(၄) ဧဟိပဿိကော - (ဆိုင်းပါ ငုံပါဟု ချိန်ခါမဆွဲပဲ) လာခဲ့ရှုခဲ့ဟူ၍ ခေါ်နိုင်ခြင်း
(၅) ဩပနေယျိကော - (တော်ရာမှာထား သင့်ရာမှာဆောင်ဟူ၍ တစ်ခြားစီမဟုတ်ပဲ) ကိုယ်တိုင်ဆောင်ရခြင်း ၊
(၆) ပစ္စတ္တံဝေဒိတဗ္ဗော ဝိညူဟိ - (မည်သူ့မေး ၊ မည်ဝါမေးဟူ၍ တစ်ဆင့်ညွှန်းရန် မဟုတ်ပဲ) ပညာရှိများကိုယ်တိုင် သိရှိခံစားနိုင်ခြင်း၊

ဟူသော တရားတော်ဂုဏ်တော် ခြောက်ပါးပင်ဖြစ်ပါသည်။

ဖော်ပြခဲ့သည့် ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်အတိုင်းအတာရှိသော ဗုဒ္ဓဒေသနာတော်မြတ်ကြီးသည်ကား ကောင်းခြင်းခြောက်စုံ ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်ဝသောကြောင့် ဝိမုတ္တိရသ မုချအမှန်ကောန်ပင် ပေးစွမ်းနိုင်ပေသည်။

ဤမျှလောက် အရိပ်အမြွက်မျှ ရေးသားတင်ပြလျှင် စာရှုသူပညာရှိသူတော်စင်တို့သည် တရားတော်၏ ဂုဏ်ကျေးဇူးများကို အကျယ်အားဖြင့်ဖွင့်ဆိုသိမြင်နိုင်လောက်ပြီဟူ၍ ကျွန်တော်မှတ်ထင်ယုံကြည်ပါသည်။

(ဂ) မှတ်တမ်းရှင် အရှင်အာနန္ဒာ၏ဂုဏ်ကျေးဇူးများ၊

ဧဝံ မေ သုတံ - အစချီသော မှတ်တမ်းများဖြင့် ဗုဒ္ဓတရားတော်များ၏ မှတ်တမ်းကို လျှောက်ထားသူမှာ အရှင်အာနန္ဒာဖြစ်ပါသည်။ မှတ်တမ်းရှင်၏ ဂုဏ်ကျေးဇူး

ကို သိရလျှင် စာရှုသူပညာရှိ သူတော်စင်တို့သည် မှတ်တမ်း၏အပေါ်၌ပိုမို၍ လေးစားယုံကြည်နိုင်ကြမည်ဖြစ်သောကြောင့် မှတ်တမ်းကို တင်ပြလျှောက်ထားသူအရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးများကို အကျဉ်းချုပ်မျှ ရေးသားဖော်ပြပါဦး၊အံ့ -

စာရှုသူပညာရှင်သူတော်စင်များခင်ဗျား - ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ ဗုဒ္ဓဒေသနာတော်များ၏ "ဧဝံ မေ သုတံ" စသော မှတ်တမ်းကို လျှောက်ထားတင်ပြသူအရှင်အာနန္ဒာသည်ကား -

ယခု ကျွန်တော်တို့နေထိုင်ရာ ဤဘဒ္ဒကမ္ပာမှ နောက်ကမ္ပာများသို့ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာပေါင်းတစ်သိန်းအခါက ဟံသာဝတီပြည်တွင် ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ သုမနမင်းသားအဖြစ်ဖြင့် "နောင်အခါပွင့်တော်မူမည့် ဘုရာရှင်တစ်ဆူဆူ၏ အလုပ်အကျွေး ဥပဋ္ဌာက ရဟန်းဖြစ်ရပါလို၏"ဟူ၍ ဆုတောင်းသည်။

ပဒုမုတ္တရဘုရားရှင်ကလည်း "လာမည့်ကမ္ဘာတစ်သိန်းကာလတွင် ဘဒ္ဒကမ္ဘာမှာ **လေးဆူမြောက်ပွင့်တော်မူမည့် ဂေါတမဘုရားအား**ပြုစုလုပ်ကျွေးသည့် အရှင်အာနန္ဒာအမည်ရှိ ဥပဋ္ဌာက ရဟန်းဖြစ်**လိမ့်မည်"ဟူ၍** ဗျာဒိတ်ပေးတော်မူသည်။ အမှန်ပင်လျှင် ဗျာဒိတ်တော်အတိုင်း ယခုကမ္ဘာ၌ **လေးဆင့်**မြောက်ပွင့်တော်မူသော ကျွန်တော်တို့၏ ကိုးကွယ်ရာ ဂေါတမရှင်တော်မြတ်ဘုရား၏ အလုပ်အကျွေး အရှင်အာနန္ဒာဖြစ်တော်မူ၍ လာခဲ့သည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ဝမ်းကွဲညီတော်စပ်သည် အရှင်အာနန္ဒာသည် ရဟန်းဖြစ်ပြီး မကြာမီမှာပင် အရှင်မန္တာဏိပုတ္တပုဏ္ဏမထေရ်၏ တရားတော်ကို နာကြားရသောကြောင့် သောတာပန် အရိယာအဖြစ်သို့ ရောက်ရှိခဲ့သည်။ (သံ မြန်-၂၊ မျက်နှာ-၈၁) မြတ်ဗုဒ္ဓဘုရားရှင်အား ပြုစုလုပ်ကျွေးမည့် ဥပဋ္ဌာက ရဟန်းလို၍လာသောအခါတွင် ရဟန်းတော်များစွာတို့က အရှင်အာနန္ဒာအား တာဝန်ယူပါရန် တိုက်တွန်းကြသည်။ အရှင်အာနန္ဒာက လွယ်ကူစွာဝန်မခံပဲ"ပယ်ဆုလေးတန်၊ခံဆုလေးပါး"ဟူသော ဆုရှစ်ပါးကိုရမှာသာလျှင်ယင်းဥပဋ္ဌာကတာဝန်ကို ယူပါရစေ" ဟူ၍ ခွင့်တောင်းလျှောက်ထားသည်၊ ပယ်လေးတန်ဟူသည်မှာ -

(က) ကောင်းမြတ်သောသင်္ကန်းကို မပေးရန်၊
(ခ) ကောင်းမြတ်သောဆွမ်းကို မပေးရန်၊
(ဂ) ဂန္ဓကုဋီ၌ အတူနေထိုင်ခွင့် မပေးရန်၊
(ဃ) ဒါယကာတို့၏ ပင့်ဖိတ်ရာသို့ အတူလိုက်ခွင့်မပေးရန်၊

တို့ကို တောင်းဆိုသည်။

ခံလေးပါးဟူသည်မှာ -

(က) အကျွန်ုပ်ပင့်ရာသို့လိုက်ရန်၊
(ခ) တိုင်းတစ်ပါးမှလာသူများအားဖူးခွင့်ပေးရန်၊

(ဂ) တရားနှင့်စပ်၍ ယုံမှားသမျှ မေးခွင့်ပေးရန်၊

(ဃ) မျက်ကွယ်၌ ဟောခဲ့သမျှတရားတော်တို့ကို ပြန်လည်ဟောရန်၊

တို့ကို တောင်းခံသည်။ဤသို့ ပယ်လေးတန်၊ ခံလေးပါးဟူသော ဆုရှစ်ပါးကို ချီးမြှင့်ရန် တောင်းဆိုသည်။ မြတ်စွာဘုရားသခင်ကလည်း ချီးမြှင့်၍ ဥပဒ္ဒာကရာထူးကို ပေးအပ်သည်။

လွန်ခဲ့သော ကမ္ဘာတစ်သိန်းအခါကစ၍ဗျာဒိတ်ခံယူရရှိခဲ့ကာ ပါရမီအမြတ်တရားကို ဆည်းပူးဖြည့်ကျင့်ခဲ့ရသည်။ မြတ်ဗုဒ္ဓရှင်တော်ဘုရားအား ပြုစုလုပ်ကျွေးရသူဗုဒ္ဓုပဋ္ဌာကအဖြစ်ကိုရရှိသောအခါ အရှင်အာနန္ဒာမဟာထေရ်သည် အလွန်အကျူး အထူးဝမ်းမြောက်ဝမ်းသာစွာဖြင့် နောင်တော်မြတ်ဗုဒ္ဓဘုရားရှင်အား ပြုစုလုပ်ကျွေးသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓဘုရားရှင်က သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ အသာဆုံး အမြတ်ဆုံး (၉တဒဂ္ဂ)ဘွဲ့ထူးငါးမျိုး ပေးအပ်ချီးမြှင့်တော်မူသည်။ ယင်း၉တဒဂ္ဂဘွဲ့ထူးငါးမျိုးဟူသည်မှာ - အကျဉ်းအားဖြင့် - (၈၊ သ၊ ဂ၊ ဓ၊ ဥ အထိရရှိ၉တဒဂ်) ဟူ၍ ဆောင်ထားရပေသည်။

အကျယ်မှာ -

၁။ ဗဟုသုတအရာ၌ ၉တဒဂ္ဂ၊

၂။ သတိမန္တအရာ၌ ၉တဒဂ္ဂ၊

၃။ ဂတိမန္တအရာ၌ ၉တဒဂ္ဂ၊

၄။ ဓိတိမန္တအရာ၌ ၉တဒဂ္ဂ၊

၅။ ဥပဒ္ဒာကအရာ၌ ၉တဒဂ္ဂ၊ ဟူ၍ဖြစ်သည်။ အဓိပ္ပါယ်မှာ-

၁။ ဗဟုသုတ အကြားအမြင်များသူတို့တွင် အသာဆုံး အမြတ်ဆုံး၊

၂။ သတိထား၍ တရားတော်များကိုဆောင်ရွက်သူတို့တွင် အသာဆုံး အမြတ်ဆုံး၊

၃။ ဟောသည့်တရားတော်တို့ကို သိနိုင်သူတို့တွင် အသာဆုံး အမြတ်ဆုံး၊

၄။ တရားတို့ကို သင်ဆောင်နိုင်သူတို့တွင် အသာဆုံး အမြတ်ဆုံး၊

၅။ လုံ့လဖြင့်ပြုစုလုပ်ကျွေးသူတို့တွင် အသာဆုံး အမြတ်ဆုံး ဟူ၍ ဖြစ်သည်။

စာရှုသူပညာရှင် သူတော်စင်များခင်ဗျား - ဤမျှလောက် ရေးသားတင်ပြလိုက်ပါလျှင် ဗုဒ္ဓဒေသနာတော် တရားတော်များ၏ မှတ်တမ်းကို "၉ဝံ မေ သုတံ" စသည်ဖြင့် တင်ပြလျှောက်ထားခဲ့သူအရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူး အရည်အသွေးကို အမှန်တစ်ကယ် အကျယ်တစ်ဝင့် ဖွင့်ဆိုသိနိုင်လောက်ပြီဟူ၍ ကျွန်တော်ယုံကြည်ပါသည်။

(ဃ) မှတ်တမ်းကိုအတည်ပြုခဲ့သည့် အရှင်မဟာကဿပအမူးရှိသော ပထမသံဂါယနာတင် အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူး၊

မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ တရားဒေသနာတော်များကို အရှင်အာနန္ဒာက "၉ဝံ မေ သုတံ" အစချီသော နိဒါန်းများဖြင့် လျှောက်ထားသောအခါတွင် အရှင်မဟာ

ကဿပ အမှူးရှိသော ပဋိသမ္ဘိဒါဉာဏ်ရှင် ရဟန္တာသခင်များက စီစစ်ကာကြား၍ လက်ခံအတည်ပြုခဲ့ကြသည်၊ သံဂါယနာ တင်ခဲ့ကြသည်။

သံဂါယနာတင်ခြင်းဟူသည်မှာ – သတ္တိ ဗျတ္တိနှင့်ပြည့်စုံသော သံဃာတော်များ ဗုဒ္ဓတရားတော်များကို စုပေါင်းညှိနှိုင်းရွတ်ဆို၍ အညီအညွတ် အတည်ပြုခြင်းပင်ဖြစ်သည်။ ယင်းပထမသံဃာယနာတင်ပွဲ၌ သက်တော်ရှည်အရှင်မဟာကဿပသည် ဦးစီးခေါင်းဆောင်ဖြစ်တော်မူသည်။ အရှင်မဟာကဿပမထေရ်မြတ်ကြီးသည်ကား – ယခုဂေါတမမြတ်ဗုဒ္ဓသာသနာတော်တွင်း၌ ဓုတင်တစ်ဆယ့်သုံးပါးကို ဆောင်ထားကျင့်သုံးရာတွင် အတုမရှိ၊ အတူမရှိ၊ အသာဆုံး၊ အမြတ်ဆုံး၊ ဇာတဒဂ်ရ ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပေသည်။

ဖော်ပြခဲ့သည့် ဓုတင်ဆောင်ဇာတဒဂ်ဘွဲ့ရခြင်းမှာ ယခုဘဝတွင်မှ "ဥုဖွ"မန်းမှတ်၍ လွယ်ကူစွာရရှိခြင်းမဟုတ်ပါ။ ဤဘဒ္ဒကမ္ပာမှ ပြန်၍ ရေတွက်လိုက်သော် လွန်ခဲ့လေပြီးသော ကမ္ဘာတစ်သိန်းအခါတုန်းက ပွင့်တော်မူခဲ့သော ပဒုမုတ္တရမြတ်စွာဘုရားထံတော်၌ ဆုတောင်းခဲ့သောကြောင့် နောင်လာမည့်ဘဒ္ဒကမ္ပာ၌ ဂေါတမဘုရားဖြစ်လျှင် "ကဿပ" ဟူသော ရဟန်းအဖြစ်ဖြင့် "ဓုတင်္ဂရ ဇာတဒဂ္ဂ" ဘွဲ့ထူးဂုဏ်ထူးကို ဆွတ်ခူး ရရှိလိမ့်မည်ဟူ၍ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းရခဲ့သည်။

နိယတဗျာဒိတ်ခံယူရရှိပြီး နောက်ကာလ၌လည်း ဘဝပေါင်းများစွာ အသရေ်အနန္တကြာအောင် ပါရမီအမြတ်တရား ကုသိုလ်များကို ပြုလုပ်ဆည်းပူးရသည်။ ဤမျှလောက် ခက်ခက်ခဲခဲပင်လျှင် ကြိုးစားရာဖွေ၍ ဓုတင်ဆောင်ဇာတဒဂ်ဘွဲ့ကို ရရှိခြင်းဖြစ်သည်။ အရှင်မြတ်ကြီး၏ ထူးခြားသော ဘုန်းကံကြီးတစ်ပါးမှာကား ရဟန်းဖြစ်ကာစနေ့ချင်းမှာပင် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မိမိ၏ ပုံသုကူနှစ်ထပ်သင်္ကန်းကြီးနှင့် အရှင်မြတ်၏ နှစ်ထပ်သင်္ကန်းကို လဲလှယ်ပြီး ဝတ်ရုံသုံးဆောင်ခွင့်ပေးခြင်းပင်ဖြစ်ချေသည်။

ယင်းထူးခြားသည့် အခွင့်အရေးရရှိချက်ကိုပင် အဓိကထား၍ ဗုဒ္ဓ၏ အဆုံးအမများစွာကို စုပေါင်း၍ သံဂါယနာတင်ရန်ကြိုးစား ဦးဆောင်တော်မူခဲ့ပေသည်။ ထိုစဉ်အခါက အရှင်မြတ်ကြီး၏ အမိန့်တော်စကားမှာ အလွန်ထူးခြားပြောင်မြောက်လှပေသည်။ နောင်လာတပည့်များ အရေးထား၍ မှတ်သားကျင့်သုံးထိုက်လှပေသည်။ ယင်းအမိန့်တော်

သံဂါယနာတင်ရန်နှိုးဆော်ချက်

သက်တော်ရှည် အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ဒေသစာရီကြွချီတော်မူလာစဉ် လမ်းခရီးအကြား၌ သစ်ပင်ရင်း၌ ထိုင်နေသောအခါ တက္ကတွန်းတစ်ယောက်သည် ကုသိနာရုံပြည်မှ ပါဝါပြည်သို့အသွားနှင့် ရင်ဆိုင်တွေ့ရသောအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီဖြစ်ကြောင်း သတင်းစကားကို ကြားသိရသည်။ ထိုအခါ အရှင်မဟာကဿပနှင့် အတူလာကြသော ပုထုဇဉ်သေက္ခရဟန်းတို့သည် ဝမ်းနည်းပူဆွေးစွာ ငိုကြွေးကြသည်။ ယင်းကို တွေ့မြင်ရသည့် သုဘဒ် တောထွက်

ရဟန်းကြီးက ပြောသည်မှာ "မငိုကြနှင့်၊ မပူကြနှင့်၊ ငါတို့တစ်တွေ လုပ်ချင်ရာ လုပ်နိုင်ကြပြီ၊ ရဟန်းဂေါတမ၏ ချုပ်ချယ်ခြင်းမှ ကင်းလွတ်ပြီ" . . . ဟူ၍ ဖြစ်သည်။ ယင်းပြောသံကိုကြားရသော အရှင်မဟာကဿပသည် လွန်စွာမှ ထိတ်လန့်ခြင်း ဓမ္မသံဝေဂရ၍ –

"ငါ့ရှင်တို့ မသူတော်တရား ဝိနည်းမဟုတ်သောတရား မထွန်းကားမီ၊ သူတော်တရား ဝိနည်းတရားမကွယ်မီ၊ အဓမ္မဝါဒီ အဝိနယဝါဒီပုဂ္ဂိုလ်တို့အား မရှိမီ၊ ဓမ္မဝါဒီ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းမီ ဓမ္မနှင့်ဝိနယကို သံဂါယနာတင်ကြပါကုန်စို့" . .

ဟူ၍ နှိုးဆော်သည်။ ဆိုလိုသည်မှာ မြတ်ဗုဒ္ဓသာသနာတော်ကြီးကို မလိုလားသူများက မဖျက်ဆီးကြသေးမီ ကြိုတင်၍ သံဂါယနာတင်ကာ အတည်ပြုထိန်းသိမ်းကြပါစို့ ဟူ၍ ဖြစ်ပေသည်။

ဤသို့သော အရှင်မြတ်ကြီး၏ နှိုးဆော်ချက်ကို အမှီပြုသယောင်ပင်လျှင် ရှေးမြန်မာပညာရှိကြီးများကလည်း "မီးကိုမလောင်ခင် ကြိုတင်တားဆီးပါ" "လာမည့်ဘေးကိုဝေးဝေးကရှောင်ပါ" စသော ဆိုရိုးစကားများကို မှာထားခဲ့ကြသည်ဟူ၍ ယူဆရပေသည်။ ဖော်ပြခဲ့သည့် အရှင်မဟာကဿပ၏ နှိုးဆော်ချက်ကြောင့် ဗုဒ္ဓသာဝကကြီးများက သံဂါယနာတင်ရန် သဘောတူကြသည်။ ထိုအခါ အရှင်မြတ်ကြီးက သံဂါယနာတင်ရန်အတွက် စွမ်းစွမ်းတမံရှိသော ရဟန္တာအရှင်မြတ်ပေါင်း လေးရာကိုးဆယ်ကိုးပါးရွေးချယ်ထားတော်မူသည်။ အခြား များစွာသော အရှင်မြတ်များ၏ တင်ပြချက်အရ သောတာပန်အဆင့်မျှသာဖြစ်သေးသော အရှင်အာနန္ဒာကို ထည့်သွင်းရန်အတွက် တစ်ပါး လျော့ထားခြင်းဖြစ်သည်။ ယင်းအကြောင်းကို ရိပ်မိသိရှိတော်မူပြီးဖြစ်သော အရှင်အာနန္ဒာမထေရ်မြတ်သည် သံဂါယနာတင်ပွဲအမှီအာသဝေါကုန်ခန်း ရဟန္တာဖြစ်နိုင်ရေးအတွက် ကာယဂတာသတိ ကမ္မဋ္ဌာန်းတရားကို မနေမနားပွားများတော်မူလေသည်။

သဒ္ဓါလွန်သော် ဆွံ့သည်၊
ဝီရိယလွန်သော် ပျံ့သည်၊
ပညာလွန်သော် ကွန့်သည်၊
သမာဓိလွန်သော် တွန့်သည်၊

ဟူသော ရှေးစကားအရ ရဟန္တာဖြစ်ရန်ကြိုးစားမှုလွန်ကဲတော်မူသော အရှင်မြတ်မှာ စိတ်ငြိမ်သက်ခြင်းမဖြစ်ပဲပျံ့လွင့်နေကာ တရားထူးကိုမရနိုင်ပဲရှိနေတော် မူလေသည်။ ထိုအခါ အရှင်မြတ်သည် မိမိတရားကိုမရနိုင်ပဲပင်ပန်းလှသောကြောင့် လဲလျောင်း၍ တရားကိုပွားများရန် ဝိရိယကို အနည်းငယ်လျှော့ကျကာ ကိုယ်ကို လှဲချတော်မူသည်။ ဦးခေါင်းတော် ခေါင်းအုံးသို့ မကျသေးပဲ ခြေဖဝါးများမြောက်လိုက်ခိုက်မှာ ယင်းခဏ၌ မူလကလွန်ကဲနေသော ဝိရိယဓါတ်လျော့သွားသောကြောင့် သဒ္ဓါဓါတ် ဝိရိယဓါတ် ပညာဓါတ် သမာဓိဓါတ်ဟူသော ဣန္ဒြေဓါတ်လေးပါးသည် မူလရှိပြီး သတိဓါတ်နှင့် အညီအမျှ ပေါင်းဖက်မူရပြီးလျှင် အလွန်ပင် ပြည့်ဝ

အား:ရှိကြကာ အထက်မင်္ဂသုံး:တန်ကို လျင်မြန်စွာရရှိလျက် ကိလေသာကုန်ခန်း: ရဟန္တာ ဖြစ်သွား:လေသည်။

ထို့ကြောင့် ဂေါတမမြတ်ဗုဒ္ဓသာသနာတော်တွင်း:၌ လျော်း:ထိုင် ရပ် သွား: ဣရိယာပုတ်လေး:ပါ:မှ လွတ်၍ ကိလေသာကုန်ခန်း: ရဟန္တာဖြစ်သူကို ပြပါဟူ၍ မေး: လျှင် အရှင်အာနန္ဒာဖြစ်ပါသည်ဟူ၍ ညွှန်ပြသင့်လှပေသည်။ ယင်း:သို့အရှင်အာနန္ဒာ ရဟန္တာဖြစ်သွား:သောအခါ အရှင်မဟာကဿပသည် ရဟန္တာဂါ:ရာတိတိကို ရွေး:ချယ်ကာ ပထမသံဂါယနာတင်ပွဲကို ဆင်နွှဲကျင်း:ပနိုင်ပေသည်။ ပထမသံဂါယနာတင်ပွဲ အရှင်မြတ်တို့ကို အရှင်မဟာကဿပ ရွေး:ချယ်ထား:သည်မှာ ဗုဒ္ဓမြတ်စွာကို ကိုယ်တိုင် ဖူး:ရ တရား:နာရသူမဟာသာဝကများ:၊ ဇာတဒက်ဘွဲ့ရများ:၊ ပဋိသမ္ဘိဒါဉာဏ်ရှင်များ:၊ အဘိဉာဏ်ရှင်များ: ဖြစ်နိုင်ကြပါပေသည်။

ဤမျှဖော်ပြလျှင် သင်္ဃာရှည် အရှင်မဟာကဿပအမှူး:ရှိသော ပထမသံဂါယနာတင်အရှင်သူမြတ်တို့၏ ဂုဏ်ကျေး:ဇူး:ကို သိနိုင်ကြပါပြီ။

(c) အဆက်ဆက်မပျောက်စေရန် သာသနာတော်ကို ဆောင်ရွက်တော်မူခဲ့ကြသည့် သံဃာတော်အရှင်မြတ်များ:၏ဂုဏ်ကျေး:ဇူး:

ပထမဆုံး:သာသနာတော်နှစ်၌ ပထမသံဂါယနာကို အစာတသတ်ဘုရင်၏ အာဏာစက်အမှီပြု၍ အရှင်မဟာကဿပအမှူး:ပြုသော ရဟန္တာအရှင်ဂါ:ရာတို့က တင်တော်မူခဲ့ကြသည်။ ယင်း:သံဂါယနာတင်ပွဲ၌ ဗုဒ္ဓတရား:တော်များ:ကို မပျောက်မပျက်စေရန် စုစည်း:ပေါင်း:ရုံး:နိုင်ခဲ့ကြသည့်တိုင် နောက်သာသနာနှစ် တစ်ရာကြာသောအခါ အရှင်မဟာယသအမှူး:ရှိသော သံဃာခုနစ်ရာတို့က ဒုတိယသံဂါယနာ တင်တော်မူခဲ့ကြသည်။

ထို့နောက်သာသနာနှစ် သုံး:ရာ့ဂါ:ဆယ်သို့ ရောက်သောအခါ ဗုဒ္ဓဘာသာနှင့် ဘာသာခြား: မိစ္ဆာဒိဋ္ဌိများ:သည် စား:ဝတ်နေရေး:ကို အဓိကထား:ကာ ဗုဒ္ဓသာသနာတော်တွင်း:သို့ ဝင်ရောက်လာကြသည်။ မိမိတို့၏ မူလယူဆလာခဲ့ကြသော မိစ္ဆာအယူဝါဒများ:ကိုပင် ဗုဒ္ဓဝါဒဟူ၍ ပြောဆိုကြသည်။ ငြင်း:ခုံကြသည်။ ထို့ကြောင့်အဓိကရဏ်း:ကြီး:စွာဖြစ်သည်။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မဟာထေရ်သည် ဘုရင်သီရိဓမ္မာသောကမင်း:နှင့်တိုင်ပင်၍ ဗုဒ္ဓဝါဒမဟုတ်သော ရဟန်း:တု ရဟန်း:ယောင်များ:ကိုဖယ်ရှား: ပစ်၍ ရဟန်း:တော်ပေါင်း:တစ်ထောင်နှင့် တတိယသံဂါယနာတင်သည်။ ယင်း:သံဂါယနာတင်ပွဲ၌ ဗုဒ္ဓဝါဒနှင့်ရောထွေး:နေသည့် မိစ္ဆာဝါဒများ:ကိုလည်း:ကောင်း၊ မိစ္ဆာဝါဒရှိသူရဟန်း: တု ရဟန်း:ယောင်များ:ကိုလည်း:ကောင်း သုတ်တင်ရှင်း:လင်း:နိုင်ခဲ့သည်။ ဝါဒအမျိုး:မျိုး: ကိုရှင်း:လင်း:ဟောကြား:သော ကထာဝတ္ထု အဘိဓမ္မာကျမ်း:ကိုလည်း: သံဂါယနာတင်ပွဲ၏ခေါင်း:ဆောင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်က တင်ပြအတည်ပြုတော်မူခဲ့သည်။

ထို့နောက် သာသနာတော်နှစ် လေး:ရာ့ဂါ:ဆယ်သို့ရောက်

သော် လူတို့၏သက်တမ်းဆုတ်ကပ်ကာ ဆုတ်ယုတ်လာသောအခါ ဥတုနှင့်ဘောဇဉ် အဟာရများလည်း ဆုတ်ယုတ်လာပြီဖြစ်သောကြောင့် သဒ္ဓါ၊ ဝီရိယ၊ ပညာဓါတ်များလည်း ဆုတ်ယုတ်ကာ အင်အားနည်းပါးလာ၍ မြတ်ဗုဒ္ဓသာသနာ ပိဋကတ်ဒေသနာများကို လေ့လာဆောင်ရွက်ရန် ခက်ခဲလာလေသည်။ အရှင်မဟာဓမ္မရက္ခိတမထေရ် အမှူးရှိသော ရဟန္တာငါးရာတို့သည် ဝဋ္ဋဂါမဏိမင်းကြီး၏ ကူညီမှုဖြင့် သီဟိုဠ်ကျွန်း မာတုလရွာအနီးရှိ အာလောကလိုဏ်ဂူ၌ ပေရွက်များပေါ်တွင် ပိဋကတ်တတ်ကျွမ်းသော ရဟန်းတော်များ စုပေါင်းညှိနှိုင်းကာရေးသား၍ မှတ်တမ်းတင်ထားတော်မူခဲ့ကြလေသည်။ ယင်းသည် ရှေးရှေးပထမ၊ ဒုတိယ၊ တတိယသံဂါယနာများနှင့် အလားတူသောကြောင့် စတုတ္ထသံဂါယနာဟူ၍ ထင်ရှားသည်။ ပေရွက်များပေါ်တွင် အက္ခရာရေးသားသောကြောင့် ပေါတ္ထကာရုဠှ = ပေစာတင်သံဂါယနာဟူ၍လည်း ခေါ်ဆိုကြသည်။

ထိုနောက် သာသနာတော်နှစ် နှစ်ထောင်လေးရာတစ်ဆယ့်ငါးနှစ်သို့ ရောက်သောအခါ မြန်မာနိုင်ငံ မန္တလေးမြို့တွင် ဘဒ္ဒန္တ ဇာဂရ-ဒကို့ဏာရာမဘုရားကြီးတိုက်ဆရာတော်ဘုရား အမှူးပြုသော ရဟန်းတော်ပေါင်း နှစ်ထောင့်လေးရာတို့သည်မင်းတုန်းဘုရင်မင်းမြတ်၏ အထောက်အပံ့ကို အလှူခံယူတော်မူကြကာ ဗုဒ္ဓသာသနာ ပိဋကနိကာယ်များကို ကျောက်ပြားချပ်ကြီးများပေါ်တွင် ထွင်းထုရေးသားပြီး ညှိနှိုင်းအတည်ပြု၍ သံဂါယနာတင်တော်မူကြသည်။

ယင်းသံဂါယနာသည် ရှေးရှေးသော ပထမ၊ ဒုတိယ၊ တတိယသံဂါယနာများကို ထောက်၍ ပဉ္စမသံဂါယနာဖြစ်သည်။ ကျောက်သားပြားကြီးများပေါ်၌ ထွင်းထုရေးသားထားခြင်းဖြစ်သောကြောင့် သေလက္ခရာရုဠှ သံဂါယနာဟူ၍လည်း ထင်ရှားသည်။ ပဉ္စမသံဂါယနာခေါ် သေလက္ခရာရုဠှသံဂါယနာတင်ပြီးသောအခါ ဤကမ္ဘာ၌ ကမ္ဘာခေတ်ဆန်းချိန်ပေါ်လာသည်။ ထိုအခါ၌ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို လူသားတို့၏ လက်အားဖြင့်သာမဟုတ်ပဲလျှပ်စစ်စွမ်းအားဖြင့်လည်း ဖန်တီးပြုလုပ်လာကြသည်။ ယင်းခေတ်တွင် ဗုဒ္ဓစာပေ ပိဋကတ်ကျမ်းစာများကိုလည်း လျှပ်စစ်ဓါတ်အားသုံး စက်ကြီးများဖြင့် ရိုက်နှိပ်၍ ထောင်ပေါင်းများစွာ ဖြန့်ချိသည်။ မြန်မာပြည်၌ စက်ကြီးပေါင်းများစွာတို့ဖြင့် ဖြန့်ချိ သည့်နည်းတူအခြားတိုင်းပြည်များ၌လည်း ဖြန့်ချိကြလေသည်။ ထိုအခါ ဗုဒ္ဓစာပေသည် မူအမျိုးမျိုးဖြစ်ကာ ပေါ်ထွန်းလာလေသည်။ အဘယ်ပါဠိအနက်အဓိပ္ပါယ်သည် အမှန်ဖြစ်သည်ဟူ၍ သိနိုင်ရန် ခက်ခဲမှုကြီးတစ်ရပ် ဖြစ်လာလေတော့သည်။ ယင်းသို့ အသိ ခက်ခဲသော စကားလုံးများ ရှိနေခြင်းသည်ပင်လျှင် မြန်မာဗုဒ္ဓဘာသာဝင်သူတော်စင်တို့ သည် အဂုံတွာရပါဠိတော်လာ –

ရဟန်းတို့ မကောင်းသဖြင့်ထားအပ်သော ပုဒ်ဗျည်းတို့ကြောင့် အနက်အဓိပ္ပါယ်ကို သိရန်ခက်ခဲသည်။ ယင်းသို့ မကောင်းသဖြင့်ချထားသော ပုဒ်ဗျည်းရှိခြင်းကြောင့်လည်းကောင်း အနက်အဓိပ္ပါယ်ကို သိရန်ခက်ခဲခြင်းကြောင့်လည်းကောင်း၊ သာသနာကွယ်နိုင်သည်၊ ပျောက်နိုင်သည်။

ဟူ၍ သဘောအဓိပ္ပါယ်ကိုဆောင်သည့် ဗုဒ္ဓစကားတော်ကို သတိရမိကြလေသည်။ အထူးသဖြင့် ယင်းအကြောင်းကို ဗုဒ္ဓသာသနာဂဟအဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်နှင့် ယင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ တရားရေးဝန်ကြီး သတိုးသီရိသုဓမ္မဒေါက်တာဦးသိမ်းမောင်တို့ အမှုးပြုသော အသင်းသူအသင်းသား များ သိရှိကြ သတိရမိကြလေသည်။

မြန်မာပြည်အရပ်ရပ်၌ သီတင်းသုံးနေထိုင်တော်မူကြသော စာပေကျမ်းဂန်တတ်ကျွမ်းသည့် ဆရာတော် သံဃာတော်များကို စည်းဝေးပင့်ဖိတ်ကာ သံဂါယနာတင်ရန် လျှောက်ထားကြသည်။ ဆရာတော်ကြီးအားလုံးကလည်း သဘောတူညီတော်မူကြသောကြောင့် ဆဋ္ဌသံဂါယနာတင်ရန် ဆုံးဖြတ်တော်မူကြသည်။ မြန်မာပြည်အစိုးရအဖွဲ့ကလည်း အစစအရာရာပြည့်စုံစေရန် ဒါယကာအဖြစ် အစိုးရအဖွဲ့နှင့် လူထုကြီးက ခံယူပါကြောင်းကိုလည်း လျှောက်ထားကြသည်။ ရှေးရှေးသံဂါယနာငါးတန်ကို ထောက်ဆ၍ ဆဋ္ဌသံဂါယနာတင်ရန် သာသနာနှစ်ပေါင်း နှစ်ထောင့်ငါးရာကိုထောက်၍ ရဟန်းတော်ပေါင်း နှစ်ထောင့်ငါးရာပါဝင်၍ ဆဋ္ဌသံဂါယနာတင်ရန်၊ သာသနာနှစ်နှစ်ထောင့်ငါးရာပြည့်၌ အပြီးသတ်ရန်၊ နှစ်ထောင့်လေးရာကိုးဆယ့်ရှစ်မှာစ၍ နှစ်ထောင့်ငါးရာပြည့်မှာအပြီးသတ်ရန် - မှစ၍ ဆုံးဖြတ်ချက်များကို အညီအညွတ် ချမှတ်ခဲ့ကြသည်။

ထို့နောက် သံဂါယနာမတင်မီကိစ္စများကို လုပ်ဆောင်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာကုန်းမြေ ကမ္ဘာအေးစေတီအနီးတွင် သံဂါယနာတင်သံဃာတော်များစည်းဝေးရန် ပကတိကျောက်သားများကို ထွင်းထုထားသည့်ပုံစံ မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့် သိမ်တော်ကြီး ကျောင်းဆောင်ကြီးများ၊ ပိဋကတ်ပုံနှိပ်တိုက်ကြီး စသည်တို့ကိုလည်း ဆောက်လုပ်သည်။ ယင်းသို့သံဂါယနာတင်ပွဲ၏ ရှေးဦးလုပ်ဆောင်ဖွယ်များကို ပြုလုပ်ပြီးစီးသောအခါ ဆဋ္ဌသံဂါယနာတင်ပွဲကို ပြုလုပ်ကျင်းပသည်။ သာသနာတော်နှစ် နှစ်ထောင့်လေးရာကိုးဆယ့်ရှစ် ခုနှစ် ကဆုန်လပြည့်နေ့မှစတင်ပြုလုပ်ရာ သာသနာနှစ် နှစ်ထောင့်ငါးရာပြည့်နှစ် ကဆုန်လပြည့်နေ့တွင် ပြီးဆုံးဆောင်မြင်နိုင်ပေသည်။

ယင်းဆဋ္ဌသံဂါယနာတင်ပွဲ၌ဗုဒ္ဓဝါဒနိုင်ငံငါးပြည်ထောင်မှ ဗုဒ္ဓစာပေတတ်ကျွမ်းသောဆရာတော်၊ သံဃာတော် နှစ်ထောင့်ငါးရာ ပါဝင်တော်မူကြသည်။ ဗဟိုသံဃဝန်ဆောင်ဥက္ကဋ္ဌဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ရာဇဂုရု အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တော်ရ ဦးဇာဂရမ်းဆရာတော်ကြီးအမှုးပြုသော ဆရာတော်ကြီးများက သဘာပတိအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတအရှင်နာဂဝံသ ဗားကရာဆရာတော်က သံဂါယနာအတွင်းရေးမှူး၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိသုဒ္ဓဆရာတော်က တွဲဖက်အတွင်းရေးမှူးအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် အရှင်

သောဘနက သံဂါယနာပုစ္ဆကအဖြစ်ဆောင်ရွက်၍ အဂ္ဂမဟာပဏ္ဍိတ အာဘိဓမ္မဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူသော ကျွန်တော်တို့ တိပိဋက=နိကာယ ဥပဒ္ဒါကအသင်းကြီး၏ မဟာနာယကဖြစ်တော်မူသော မင်းကွန်းဓမ္မနာဒဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသဆရာတော်က ဝိသဇ္ဇကအဖြစ် ဆောင်ရွက်တော်မူပါသည်။

ယင်းဆဋ္ဌသံဂါယနာတင်ပွဲ၌ ဗုဒ္ဓသာသနာ ပိဋကစာပေများကို အပြစ်ဆိုဖွယ် မရှိ အတိဝိသုဒ္ဓဖြစ်စေရန် ပဋ္ဌမသံဂါယနာတင် ကျောက်စာတော်မူကို စာကိုယ်ပြု၍ မြန်မာမူ၊ သီဟိုမူ၊ ယိုးဒယားမူ၊ ကမ္ဘောဒီးယားမူ များဖြင့် တိုက်ဆိုင်ကာ -

(က) မူလဝိသောဓက - ရှေးဦးပြင်ဆင်ခြင်း၊

(ခ) ပဋိဝိသောဓက - ထပ်မံပြင်ဆင်ခြင်း၊

(ဂ) ဩသာနဝိသောဓက - အပြီးသတ်ပြင်ဆင်ခြင်း၊

ဟူသော ပြင်မူအဖွဲ့ အဆင့်ဆင့်ပြင်ဆင်၍ မူကွဲများပြကာ ပိဋကကျမ်းစာအုပ်ကြီးများ အဖြစ် ဆဋ္ဌသံဂါယနာမူအမည်ထိုးကာ ရိုက်နှိပ်ဖြန့်ချိခဲ့ပါသည်။

ဤသို့လျှင် ဗုဒ္ဓသာသနာတော်ကြီး သန့်ရှင်းတည်တန့်ပြန့်ပွါးရေးအတွက် သံဂါယနာအဆင့်ဆင့်တင်ကာ ပြုစုကြိုးစားတော်မူခဲ့ကြသော ဆရာတော် သံဃာတော်များ၏ ဂုဏ်ကျေးဇူးကား ကြီးမားများပြားလှပေသည်။

စာရှုသူပညာရှင်သူတော်စင်များခင်ဗျား - ဤတွင်ဗုဒ္ဓမြတ်စွာအစရှိသော ဂုဏ်ကျေးဇူးရှင်ကြီးငါးမျိုးအကြောင်းကို စွမ်းနိုင်သမျှ ရေးသားတင်ပြခဲ့ပါပြီ။ အကြောင်းမှာ - ဗုဒ္ဓတရားပိဋကတ်တော်များ၏ မှတ်တမ်းကို အရှင်အာနန္ဒာသည် "ဧဝံ မေ သုတံ" အစချီကာ လျှောက်ထားပြုစုခဲ့ပါသည်။ ယင်းမှတ်တမ်းသည် ဧစုစပ်သေချာခိုင်လုံ၍ နှစ်ပေါင်းနှစ်ထောင်ငါးရာကျော်သော ယခုထက်တိုင်အောင် သာသနာတော်ကို သန့်ရှင်းတည်တံ့ပြန့်ပွားစေလျက် ရှိနေစေရန် စွမ်းဆောင်နိုင်ပါသည်။ ယင်းသို့စွမ်းဆောင်နိုင်သည်မှာ မှတ်တမ်းကောင်းတစ်ဆူဖြစ်သောကြောင့် ဖြစ်သည်။ ယင်းသို့ဖြစ်ရသည်မှာ ၁ မြတ်ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးစသော ဂုဏ်ကျေးဇူးငါးပါးကြောင့်ဟူ၍ အကျယ်ဖွင့်ဆိုရေးသားခဲ့ပါသည်။ ဤမျှလောက် ရှည်ရှည်ဝေးဝေး သိုင်းဝိုင်းဖွဲ့နွဲ့ရေးနေသည်မှာ - "ဧဝံ မေ သုတံ" အစချိသည့် အရှင်အာနန္ဒာ၏ ပိဋကတ်မှတ်တမ်းကြီးများနည်းတူ ဤ တိ-နိ ဥပဒ္ဒါက စတုတ္ထသုံးနှစ်ခရီးမှတ်တမ်းမှာလည်း သာသနာရေးဆိုင်ရာ မှတ်တမ်းဖြစ်သောကြောင့် ဖော်ပြခဲ့သည့် ဂုဏ်ကျေးဇူးငါးပါး၏ အရိုန်အဝါဥပနိဿယပစ္စည်းကိုရ၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်နိုင်ပါစေဟူသော မျှော်လင့်ချက်ဖြင့် ရေးခြင်းဖြစ်ပါသည်။


ဤသို့သော တောင့်တမျှော်လင့်ချက်ဖြင့်တိပိဋကာ=နိကာယဥပဒ္ဒာကအသင်းကြီး၏ စတုတ္ထသုံးနှစ်ခရီးမှတ်တမ်းကြီးကို မှတ်တမ်းစာအုပ်ကြီး တစ်အုပ်အဖြစ်ဖြင့် ထုတ်ဝေ၍ တင်ပြပါသည်။ တင်ပြရာတွင်လည်း စာရှုသူပညာရှင်သူတော်စင်များ ကွဲကွဲပြားပြား၊ ထင်ထင်ရှားရှား ဖတ်ရှုမှတ်သားစေရန်အတွက် ကဏ္ဍကြီး (၈)ခုဖြင့် ဝေခွဲပိုင်းခြား၍ တင်ပြထားပါသည်။ ကဏ္ဍကြီး (၈)ခု ဟူသည်မှာ -

စတုတ္ထသုံးနှစ်ခရီး ကဏ္ဍကြီး (၈)ရပ် -

၁။ သမ္မောဒနိယ ဩဝါဒ ကဏ္ဍ၊
၂။ နိုင်ငံတော် ပရိယတ္တိ သာသနာတက္ကသိုလ် ကဏ္ဍ၊
၃။ မိုးမိတ်ကုန်းမြေ ကဏ္ဍ၊
၄။ အနုပညာနှင့်သာသနာ ကဏ္ဍ၊
၅။ ဓမ္မတေး (၂၇)ပုဒ် ကဏ္ဍ၊
၆။ မင်းကွန်းဆရာတော်ကြီး၏ ပုံတူကြေးသားရုပ်တုတော် ကဏ္ဍ၊
၇။ ရှင်လေးရှင်ပူဇော်ခြင်း ကဏ္ဍ၊
၈။ တိပိဋကဓရ ဆရာတော်ဘုရားကြီး ကဏ္ဍ၊

တို့ဖြစ်ပါသည်။ စာရှုသူပညာရှင်သူတော်စင်များသည် ယေဘုယျစုံငုအာရုံပြု၍ ဤမှတ်တမ်းသည် ထုံးရိုးစံလာ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိုကျေးဇူးပြုမပြု ဖတ်ရှုလေ့လာဝေဘန်နိုင်ကြပါစေသတည်း။

ဦးထွန်းလှိုင်
(ဝိနယပါရဂူ)



တိပိဋကဓရ မဟာဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီး၏
ဥပဒ်ာကသာသနာပြုအာဇ္ဈာယ်

ဓမ္မစေတိယ

စာတည်သူဌေးနှစ်ဦးရိုး

ဒုတိယ
၁၉၉၁

တတိယ
၁၉၉၄


စတုတ္ထ
၂၀၀၃


ကဏ္ဍ(၁) သမ္မာဒိဋ္ဌိနိယကထာ

- ဝမ်းမြောက်စွာဖြင့် သာဓုခေါ်ရသည် ....ရှေဟသ်ာတောရ ၁
- သမ္မာဒိဋ္ဌိနိယဩဝါဒကထာ.... ကမ္မဘဉ္ဇဝနသာသနာပြုဆရာတော်ကြီး ၄
- ဩဝါဒကထာ .... ပိုက်ကျုံးဆရာတော်ကြီး ၈
- ဩဝါဒကထာ ....ယောသိတာရာမဆရာတော်ကြီး ၂၁
- သမ္မာဒိဋ္ဌိနိယဩဝါဒကထာ .... ကိုးဆောင်ဆရာတော်ကြီး ၂၆
- သမ္မာဒိဋ္ဌိနိယဩဝါဒကထာ .... သပြေကန်ဆရာတော်ကြီး ၃၀

ကဏ္ဍ(၂) နိုင်ငံတော်ပရိယတ္တိသာသနာတက္ကသိုလ်များ

- ထာဝရရှင်သန်နေမည့် သာသနာ့တက္ကသိုလ် .... အရှင်နာရဒါဘိဝံသ ၃၃
- နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် .... — .... ဦးရွှေအောင် ၄၃
- သာသနာတော်အတွက်အသက်ပေး၍ .... တည်ဇောဆရာဇော် ၄၇
- အနာဂတ်ပရိယတ္တိသာသနာ့တက္ကသိုလ် .... ..,. .... ဦးရဲလွင် ၅၄
- နိုင်ငံတော်သံဃမဟာနာယက၏မိုင်(၁၀၀၀)ခရီး .... မောင်မဲ ၆၁
- ပြင်ခရိုင်ဂယက် ....မောင်ရေအေး(မြောင်းမြ) ၈၉
- ဖြည့်စွက်စရာကုက်လပ်တစ်ခု .... အရှင်ပဏ္ဍိတာဘိဝံသ ၉၅
- အာဒိကမ္မိကတရ ပုဂ္ဂိုလ်ထူး .... ဦးဝဏ္ဏသိဂ္ဂီ ၉၈





စာတမ်းတွဲ

စာတမ်းသုံးစွဲစဉ်ရည်ရွယ်ချက်

တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်းစဉ်လာများ

စာရင်း

– သာသနာပြုအင်အားစုကြီး(၂)မျိုး..... ....
သရက်၊အောင်မင်္ဂလာဆရာတော် ၁၀၄

– သာသနာပြုခရီး တောင်ကြီးသို့တစ်ခေါက် ....ကြည်ဦးမောင် ၁၀၇

– မန္တလေးတိုင်း၊ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း.... ....
မောင်သန့်စင် ၁၁၃

– ပုဗ္ဗာစရိယ .... မောင်ထင် ၁၁၈

– စစ်ကိုင်းတိုင်း၏ သာသနာ့အောင်ပွဲ .... ဌေးလွင် ၁၂၅

– သာသနာပြုအဖွဲ့ဝါခရီး .... ဟယ်ာ ၁၃၁

– အစဉ်အလာပါဠိသင်နည်းနှင့် .... မောင်အောင်ဆွတ် ၁၄၉

– ရှေ့ဆောင်လမ်းပြသာသနာ့မီးရှူးတိုင် ....ဒေါ်ကြိုင် ၁၅၇

– စစ်တွေပြန်ဝန္ဒနာညှင်းသာချင်း ....ကိုထွန်းအောင်သာ ၁၆၃

– ဆရာတော်ကြီး၏ခညဝတီခရီး.... ....ဗိုလ်မှူးသမိန် ၁၆၄


– မဟာသိမ်တော်ကြီးပြုပြင်မှုမှတ်တမ်း.... ....မော်ကွန်း ၁၈၄

– ရောင့်ရဲခြင်း=သန္တောသတရား.... ....ဘဒ္ဒန္တစန္ဒိမာ ၁၉၈

– ပုသိမ်သာသနာ ....အရှင်ဃေရဝံသ ၁၉၉

– မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်....ဦးဥတ္တရဉာဏ ၂၀၄

– အာဇာနည်တို့၏လမ်းစဉ်.... ....ဥုးဩဒါတသိရိဘိဝံသ ၂၁၇





သမင်ဂီလေးပါးအရဆောင်ရွက်နေသော.... .... ဘဒ္ဒန္တကောသလ ၂၂၀

ဓမ္မဂီဘမဂ်လာရတု.... ....သူရဇော် ၂၂၇

ကဏ္ဍ (၃) မိုးမိတ်ကုန်းမြေ

- နည်းလမ်းလေးသွယ်ပညာကြွယ်.... .... အရှင်သိရိန္ဒာဘိဝံသ(ယော) ၂၂၅
- ဘုရားမျှားစွာသီတင်းသုံးရာမြေ.... .... မြထိပ်တင် ၂၃၀
- တိပိဋကဓရ မဂ္ဂကထာ .... အရှင်ကောဏ္ဍည ၂၄၅
- သူ့အမြင် .... ဦးကောဝိဒ(မိုးမိတ်) ၂၅၀
- မိုးမိတ်ကုန်းမြေပဲ့တော်ကြီး .... ဦးဆန်းထွန်း ၂၅၂
- ပိဋကတ်စေတီတော်နှင့် ....ဦးယောသိတ ၂၅၆
- ရှင်တစ်ဆူ လူတစ်ယောက်.... .... ဦးညီ(စစ်ကိုင်း) ၂၆၀
- တွေ့ခဲ့လှသည့်သာသနာ (၂) .... ဉာဏ်မာနိတသိရီ ၂၆၆
- သုံးပါးသရဏဲ .... နုယဉ် ၂၇၆
- ပဋ္ဌာန်းဒေသနာတရားတော် .... မင်းကွန်းတိပိဋကဓရဆရာတော် ၂၇၈
- နိဗ္ဗာန်ရောက်ကြောင်း .... ရန်အောင် ၂၈၉
- ဝါဆိုဦးဩဝါဒ .... ဦးဥက္ကံသာဘိဝံသ ၂၉၁







- မင်းကွန်းဝိပိဋကဓရဆရာတော်နှင့်ပေစာ.... ....ကျော်လှိုင် ၂၉၄
- ကုသိုလ်ကြီးဘုရား.... .... ဦးခမောင်မောင်တင်(မဟာဝိဇ္ဇာ) ၃၀၀
- သာမဂ္ဂီဂုဏ်တော် .... တင်ထွန်းဖိုလ် ၃၀၆
- တိပိဋက=နိကာယသာသနာ့ဂုဏ်ရောင်.... ....ဦးနေဝင်း ၃၁
- မဟာဗုဒ္ဓဝင်နှင့်ပူဇော်ခြင်း .... ဘိုကလေးအရှင်ပဏ္ဍိတ ၃၁၃
- ခွန်းဆင့်ပြုဆိုရောက်စေလိုသည်.... ....မင်းသက်ကြီး ၃၂၂
- စကားပြေမော်ကွန်း .... ဦးစန်းတင် ၃၂၅
- မိုးမိတ်ကုန်းမြေစာအောင်သံယာစာရဒီး ၃၃၁
- တိပိဋကကျောင်းတော်ဓမ္မဝိလာသိနီသိမ်အောင်ကျောက်စာ ၃၃၅
- မဟာသီရိဇေယျမင်္ဂလာရတုပိုဒ်စုံ .... မင်းဘူးနဝေး ၃၅၇

ကဏ္ဍ (၄) စိန်ရတုဝဏ္ဏတအထိမ်းအမှတ်ကြေးသွန်းရုပ်တုတော်

- မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ပုံတူကြေးသားရုပ်တုတော် သွန်းလုပ်ပူဇော်ခြင်း.... .... ၃၆၇
- မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူကြေးသားရုပ်တုတော် ပင့်ဆောင်ပူဇော်ခြင်း ၃၇၃
- မဟာဒါနကာလဒါနတေးထပ် ....မအူပင်ဦးတင်ရွှေ ၃၈၆





စာရေး
၁၉၉၁

ကောက်
၁၃၅၃

သာသနာ
၂၅၃၅

ဓမ္မပဒဋ္ဌကထာ

စတုတ္ထသုံးနှစ်စရိုး

ကိုဒိဋ္ဌက-နိကာယ
ဥပဒ္ဒါကသာသနာပြုအဋ္ဌ

ကဏ္ဍ(၅)ဗုဒ္ဓဒေသနာ ဓမ္မတေး (၂၇)ပုဒ် သရုပ်ဖော်

– ဓမ္မတေးပဒေသာ နိဒါန်း စကား ၃၀၇

– ဂုဏ်တော်ဖွင့် .... အောဝမ်းဆရာညွှာ ၃၀၉

– သုမေဓာရှင်ရဟန္တာ ....ရွှေဘိုင်ညွှန့် ၃၉၁

– ပါရမီတော်.... ....မြို့မငြိမ်း ၃၉၃

– တေမိယ ....အောဝမ်း-ဆရာညွှာ ၃၉၅

– မဟာဇနက .... — .... အောဝမ်း ဆရာညွှာ ၃၉၇

– သုဝဏ္ဏသာမ.... .... " " ၃၉၈

– ဝေဿန္တရာ ....ဒဂုန် ဆရာတင် ၄၀၀

– စိတ္တဂီဝါ .... ရွှေတိုင်ညွှန့် ၄၀၂

– အလောင်းတော်ကုသ .... ရန်နိုင်စိန် ၄၀၃

– တောထွက်ခန်း ....ရွှေလမောင် ၄၀၅

– နီးအောင်ပင်လှမ်း .... ရွှေတိုင်ညွှန် ၄၀၇

– ဗောဓိပင်နှင့် ရွှေပလ္လင်.... .... " ၄၀၉


– မဂ္ဂင်ရှစ်ပါး .... အောဝမ်း ဆရာညွှာ ၄၁၂


– သတ္တဌာန.... ....ဒဂုန် ဆရာတင် ၄၁၃

– ဓမ္မစကြာ.... ....နန်းတော်ရှေ့ ဆရာတင် ၄၁၆

– ဝိစိတြာ ....ရွှေတိုင်ညွှန့် ၄၁၈

– ရောင်တော်ဖွင့် .... " ၄၂၀







–	အောင်ခြင်းရှစ်ပါး ....သဟာယဆရာတင်	၄၂၂
–	အင်္ကလိမာလ.... ....ရွှေတိုင်ညွန့်	၄၂၆
–	ရှင်သီဝလိ .... စစ်ကိုင်း ဆရာကြည်	၄၂၈
–	ရွှေတိုက်သမိုင်း.... .... ဒဂုန် ဆရာတင်	၄၃၀
–	ကုသိန္နာရုံ.... ....စောင်းဦးဘသန်း	၄၃၂
–	မာတ်တော်ဓဝခန်း.... ....နန်းတော်ရှေ့ ဆရာတင်	၄၃၄
–	မိဘဓမတ္တာ ....ရွှေတိုင်ညွန့်	၄၃၆
–	ပဉ္စင်း အမ	၄၃၉
–	မေတ္တာဂုဏ် ....အောဝမ်း ဆရာညော	၄၄၁
–	ငါးပါးပဉ္စသီ.... ....ရွှေတိုင်ညွန့်	၄၄၃

ကဏ္ဍ(၆)အနုပညာဖြင့် သာသနာစေတ်ကို ပူဇော်ခြင်း

–	အနုပညာနှင့် သာသနာ့ပြတိုက်.... ....မင်းနိုင်	၄၄၅
–	သာခုလွှင်ပြင် ....ချစ်ဦးညို	၄၄၉
–	စတုတ္ထ သုံးနှစ်ခရီး.... ....စိန်အောင်မင်း	၄၅၅
–	ဓမ္မနာဒသို့ ဓမ္မခရီး .... မောင်ရင့်ကျော်(မြောင်းမြ)	၄၅၆
–	ထေရပ္ပတ္တိ သုတေသန နိဒါန်း .... ဦးဝင်းမောင်(တမွဝတီ)	၄၆၂
–	သုံးနှစ်ခရီး အောင်ပွဲအသီးသီး .... အရှင်ကောသရ(ပခုက္ကူ)	၄၆၈
–	တတိယသုံးနှစ်ခရီးမှသည်.... ....ထွန်းလွင်	၄၇၀





တိပိဋကဓရ ဓမ္မကထိက ဦးဥတ္တမ
စာတည်းနှိပ်ကာယ
ဥပဒ္ဒာက သာသနာပြုအဖွဲ့.

ဓမ္မဒူတ

စာတည်းအဖွဲ့ချုပ်


သာသနာ ၂၄၃၉ ခုနှစ် ကောဇာ ၁၃၀၀ ခုနှစ် စက်တင်ဘာလ


ကဏ္ဍ (၇) ရှင်လေးရှင် ပူဇော်ခြင်း

- မြတ်ပူဇော.... ....ပါမောက္ခလွင် ၄၇၃
- အရိယမဂ္ဂင်ဆရာတော်ဘုရားကြီး.... ....လူထုဒေါ်အမာ ၄၇၄
- မင်းကွန်းမထေရ် ဆုံးမစေ့.... ....အရှင်ကဝိန္ဒ ၄၈၁
- အရိယမဂ္ဂင်ဆရာတော်ကြီး၏ဂုဏ်ာနုဿရဏပူဇော်ဂါထာ ....
  ဦးဝေပုလ္လဝစာရ ၄၈၇
- မဟာသရေစည်သူဦးခွန်းသာ.... ....မင်းဘူးမျိုးသက်အောင် ၄၉၁

ကဏ္ဍ (၈) မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး

- စတုတ္ထသုံးနှစ်ခရီး ဓမ္မလင်္ကာဆောင်.... ....ဦးအောင်မိုင် ၅၀၇
- တတညုတ ကတဝေဒီ.... .... ဓမ္မယောသကဦးမောင်မောင် ၅၁၁
- အနာဂတ်သာသနာရေးအမြော်အမြင် .... ဦးသန်းထွန်း ၅၁၇
- ဝိစိတ္တသာရာဘိဝံသဂုဏ်သံပကာသနာ ....ဦးကေလာသ ၅၂၁
- တိပိဋကဓရရွှေးချယ်ပွဲတေးထပ်.... ....ဦးကြူ ၅၂၆
- သမ္မာဒနီသာရဏီယကထာ .... :ပီဒိုး ၅၃၄
- အိပ်မက်လှမ်းဖြင့်ပူဇော်ပါသည်.... .... ၅၄၀





– သက်တော်(၈၀) ဝါတော်(၆၀) ....ဦးတိလောကသာရ ၅၆၁
– ဘွဲ့သူဌေးအား ဘုံပေးခြင်း .... ဦးထွန်းလှိုင် ၅၆၄
– တသက်တာအောက်မေ့မှတ်သားဖွယ်စကား .... မြကေခိုင် ၅၆၈
– မဟာဗုဒ္ဓဝင် အင်္ဂလိပ် ဘာသာပြန် ကိစ္စ .... မောင်ကိုလေး ၅၇၆
– ဇာတိရပ်မြေ သိမ်သမုတ်ပွဲကြီး.... ....ပြင်ဦးလွင်ရတနာ ၅၈၂
– မြစ်ကူးတရား.... ....ဦးအောင်သိမ်း ၅၈၈
– ဦးဝိစိတ္တာနှင့်တွေ့ထိမှုအကျိုးများ.... .... မာဂဓီ (သာစည်) ၅၉၆
– မင်းကွန်းဆရာတော်ကြီးနှင့်ဂုရုကြီး .... ပါရဂူ ၆၀၀
– ချီးကျူးကြည်ညို ရှစ်လုံးဘုံကဗျာ.... ....မစန်းဌေး ၆၀၃
– ကမ္ဘာကသိသော ဆရာတော် ....ဆရာဝန်တင်ရွှေ ၆၀၅
– သက်တော်ရွယ်တော်ကြီးလေလေ.... ....ဥူးအင်္ဂယ ၆၀၉
– ဇွဲစိတ်စွမ်းအင်လုံ့လရှင်.... ....ဗန္ဓုရဝင်း ၆၁၁
– မင်းကွန်းတိပိဋကဆရာတော်ကြီး၏ထေရဂုဏ်ရည်.... ....ဆရာညို ၆၁၄
– ပဲ့တင်သံ .... နတ်မောက်အရှင်သုစိတ္တသာရ ၆၁၅
– ထူးထူးခြားခြားအမိန့်စကားတော်များ(၃) ....
ညောင်ကန်အေးဆရာတော် ၆၁၈
– ဥပဒေ.... ....သုခ ၆၂၄
– မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏တဘဝသာသနာ.... ....မြင့်ဆွေ ၆၃၅
– သာသနာပြုဆရာဓတော်နှစ်ပါး.... ....ဓမ္မာစရိယဦးမောင်မောင်လေး ၆၄၀
– စတုတ္ထသုံးနှစ်ခရီးမော်ကွန်း.... ....မော်ကွန်း ၆၄၃


သဓမ္မောဒနီယသြဝါဒကထာများ

ပဏ်းဇ္ဇီ. အမိ. ဘိက္ခုဇော

အာဒိဓေ့ယပဘာဒ္ဒဂဒ္ဒ စစ်ကိုင်းတောင်ရိုး ဒွေဖာသာ်ဆရာတော်ကြီးများ
— ဝမ်းမြောက်စွာဖြင့် သာဓုခေါ်ရသည် —

သမ္မာသမ္ဗုဒ္ဓ သဗ္ဗညူမြတ်စွာဘုရားသခင်၏ သာသနာတော်သည် ပရိယတ္တိသာသနာ-ပဋိပတ္တိသာသနာအားဖြင့် သာသနာတော် နှစ်ပါး ရှိပေသည်။ ယင်းသို့လျှင် သာသနာတော်နှစ်ပါး ရှိရာတွင် ပရိယတ္တိသာသနာတော်သည် အရေးကြီးသော အရင်းမူလ ပဓာနသာသနာတော်ဖြစ်သည်ကို သာသနာတော်ဆိုင်ရာ၌ ပညာဉာဏ်ရှိသော ပညာရှိပုဂ္ဂိုလ်မှန်လျှင် ပရိယတ္တိသာသနာတော်သည် အရေးကြီးသော ပဓာနသာသနာတော် ဖြစ်ပါသည် ဟူ၍ ဦးခေါင်းညိတ်ကာ ဝန်ခံကြမည်သာ ဖြစ်ပေသည်။

မြန်မာနိုင်ငံတော်၌ ယနေ့တိုင် မြတ်စွာဘုရား၏ သာသနာတော်ထွန်းလင်းတောက်ပ၍ ထင်ရှားစွာ တည်ရှိနေခြင်းသည် ပရိယတ္တိသာသနာတော်ကို ဖော်ဆောင်နေကြသော ရဟန်းသံဃာတော်များ အစဉ်မပြတ် ထင်ရှားရှိနေတော်မူကြခြင်းကြောင့် ဖြစ်ပေသည်။



သင်္ဃာယနာတင်၍ သာသနာပြုကြခြင်း

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးစအချိန်၌ မြတ်စွာဘုရား၏ တရားတော်တည်း ဟူသော ပိဋကတ် သုံးပုံ နိကာယ ငါးရပ်ပရိယတ်တရားတော်တို့ကို မမေ့မျောက်ပျက်စေရန် အရှင်မဟာကဿပ အရှင်အာနန္ဒာတို့ ကြီးမှူးတော်မူကြကာ ပေါင်းဆုံရွတ်ဆို သရဇ္ဈာယ်သော အားဖြင့် ပထမသင်္ဃာယနာတင်၍ ပရိယတ်ကို ဆောင်ရွက်တော်မူခဲ့ကြသည်။

ထိုနောက် အရှင်ယသအမှူးရှိသော မထေရ်မြတ်



(၂) မင်းကွန်းဘောင်ရိုးမြို့မင်္ဂစေတီတော်ကြီး ... ကုန်း မြေတိပိဋကတ = နိဒါန်းကျော်း တိုက် ကြီး အဘွင်း၌ နိဒါနသရအလျာ သံယားတော်မှားကို မင်းကွန်း တိပိဋကမရ ဆရာတော်ဘုရား ကြီး သည် ဓမ္မအမွေ ပေးသောအား ဖြင့်တိပိဋက = နိဒါနယ စာချ ကျော်း ဆောင်ကြီးကိုဆောက်လုပ် ပြီး သက်တော် (၈၀)သို့ စေ့ရောက် ချိန်၌ စာပေပို့ချပေး တော်မူနေပုံ။ ■

တို့က ပေါင်းဆုံ ရွတ်ဖတ်သရဇ္ဈာယ်၍ ဒုတိယသင်္ဂါယနာ တင်ကာ ဆောင်ရွက်ဟော်မူခဲ့ကြသည်။ ထိုနောက် အရှင်မဟာဃောဂလိပုတ္တထေရ် အမှူးရှိသော မထေရ်မြတ်ကြီးတို့က ပေါင်းဆုံရွတ်ဆို သရဇ္ဈာယ်ကာ တတိယသင်္ဂါယနာတင်၍ ဆောင်ရွက်တော်မူခဲ့ကြသည်။ထို့နောက် လင်္ကာဒီပ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)၌ မထေရ်မြတ်ကြီး တို့က စတုတ္ထသင်္ဂါယနာတင်ကာ ဆောင်ရွက်တော်မူခဲ့ကြသည်။

မြန်မာနိုင်ငံတော်၌ မင်းကုန်းမင်းတရားကြီး လက်ထက်၌ ၂၅၀၀ သော မထေရ်မြတ်တို့က ပိဋကတ်တော်ကို ပေါင်းဆုံရွတ်ဆို သရဇ္ဈာယ်ကာ ပဉ္စမသင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ ထို့နောက် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ၂၅၀၀ သော မထေရ်မြတ်ကြီးတို့သည် စုပေါင်းရွတ်ဆို သရဇ္ဈာယ်ကြကာ ဆဋ္ဌသင်္ဂါယနာတင်တော်မူခဲ့ကြသည်။

စာပေပို့ချမှုဖြင့် သာသနာပြုကြပုံ

ထိုမှတစ်ပါးတုံလည်း မန္တလေး ရန်ကုန် အစရှိသော မြို့ကြီးတို့၌ ထိုထိုစာသင်တိုက်တို့တွင် စာချဆရာတော်များက စာပေပို့ချတော်မူခြင်း၊



စာသင်သား သံဃာများက သင်ကြားနာယူရွတ်ဆို သရဇ္ဈာယ်ခြင်းတို့ဖြင့် ပိဋကသုံးသွယ် နိကာယ်ငါးရပ် ပရိယတ် သာသနာတော်ကို အဆက်မပြတ်ဆောင်ရွက်တော်မူကြသည်ဖြစ်၍ ယနေ့တိုင်အောင် မြန်မာနိုင်ငံတော်၌ မြတ်စွာဘုရား၏ သာသနာတော်သည် ထွန်းလင်းတောက်ပကာ ထင်ရှားတည်လျက် ရှိပေသည်။

သို့ကြောင့် ပရိယတ်+ပဋိပတ် သာသနာတော်နှစ်ပါးတွင် ပရိယတ်သာသနာတော်သည် အရေးကြီးသော မူလပမာန သာသနာတော် ဖြစ်သည်ဟု ဝန်ခံကြရပေသည်။

တိပိဋက=နိကာယအဖွဲ့

ယင်းသို့လျှင် သာသနာသက် ရှည်ကြောင်း အဓွန့်ရှည်စွာ သာသနာတည်ကြောင်းဖြစ်သော တိပိဋကဓရ နိကာယဓရပုဂ္ဂိုလ်များ အဆက်မပြတ်ထွက်ပေါ်ကာ သာသနာတော်ကို ဆောင်ရွက်နိုင်ကြစေခြင်းအကျိုးဟူသော ရှေ့သို့လှမ်း၍ ဉာဏ်ဖြင့် ရှုမြင်တော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ မထေရ်မြတ်ကြီး ဦးစီးရှေ့ဆောင်ပြုကာ တိပိဋက=နိကာယသာသနာပြုအဖွဲ့ကို ဖွဲ့စည်းကာ သာသနာတော် အဓွန့်ရှည်စွာ ထွန်းလင်းတောက်ပစေရန် ဆောင်ရွက်ကြခြင်း ဖြစ်သော ကြောင့် မှန်မြတ်လှသော ဆောင်ရွက်ခြင်းဖြစ်၍ ဝမ်းမြောက်စွာဖြင့် သာဓု ခေါ်ရပေသတည်း။

အရှင်ပဏ္ဍိတထေရ်
ရွှေဟင်္သာဆရာတော်



အဘိဓမ္မဟာရဋ္ဌဂုရု ကမ္ဘာဗုဒ္ဓသာသနာပြုဆရာတော်ဘုရားကြီး ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ၏ သမ္မောဒနီယ သြဝါဒကထာ

နိုင်ငံခြား ရောက်တဲ့ အခါ အထူးသဖြင့် ဥရောပ အမေရိက သြစတြေလျ ရောက်တဲ့ အခါ လေယာဉ်ပျံစီးရင်း ရထားစီးရင်း လူတွေက ဘုန်းကြီးကို မေးကြတယ်။ ဘယ်လို မေးသလဲဆိုတော့ အဝတ်ကအစ အထူးအဆန်း ဖြစ်နေတာကိုး။ ဥရောပကျတော့ ရုပ်ချင်းကလဲ မတူဘူး။ ပထမကတော့ ဘာလူမျိုး ပါလိမ့် မတုန်းလို့ မေးကြတယ်။ လူတိုင်းလိုလိုပဲ မေးကြတယ်။ လေယာဉ်ပျံ့ မောင်းတဲ့ ကပ္ပတိန်ကတောင် မေးတယ်။ မြင်တယ်ဆိုတစ်ခါတည်း-

"အရှင်ဘုရား တစ်မျိုးပါလား၊ ဘယ်ကတုန်း"

"ဗမာပြည်က"

"ဗမာ လူမျိုး တွေဟာ ဒီလိုပဲ ဝတ်သလား"

"ဟာ....မဝတ်ပါဖူး"

"အရှင်ဘုရားက ဘာဖြစ်လို့ ဒီလို ဝတ် ရသတုန်း"

"ဘုန်းကြီးမို့လို့ ဝတ်တာ၊ ဘုန်းကြီး ဆိုတာ Priest ဒါမှမဟုတ် Monk ပေါ့"

ဒါက ခရစ်ယန်အသုံး။ ခရစ်ယန်မှာနှစ်ဂိုဏ်း ရှိတယ်။ ပရိုတက်စတင့်(Protistent)နဲ့ ရိုမင် ကက်သလစ်(Roman Cathalic)။ ပရိုတက်စတင့်က အင်္ဂလိပ်တွေရဲ့ ခရစ်ယန် ဘာသာ၊ ရောမက ခရစ်ယန်ကရိုမင်ကသလစ်ခေါ်တယ်။ ခရစ်ယန်ချည်းပဲ။ ဗုဒ္ဓဘာသာ ရဟန်း ဆိုတာ Priestလဲ မဟုတ်ဘူး။ Monkလဲ မဟုတ်ဘူး။ ပါဠိလို ဘိက္ခုခေါ်တယ်။ Priestဆိုတာ ဗမာပြည်က ဘုရားတွေမှာ ဂြိုဟ်တိုင် ရေလှူတဲ့အခါ



လှူသူရဲ့ကိုယ်စား ဆုတောင်းပေးတဲ့ ရေရောင်းသူနဲ့ တူတယ်။ ပရိသတ်ကိုယ်စား ထာဝရဘုရားသခင်ထံ ဆုတောင်းပေးတယ်။ ပရိသတ်နဲ့ ထာဝရဘုရားကို အောင်သွယ်ပေးတဲ့သူ။

Monk ဆိုတာ ဘုန်းကြီးဖြစ်ရင် သစ္စာပြုရတယ်။ ပထမ ကိုရင်ဝတ် novice အစမ်းလေ့ကျင့်လို့ စာမေးပွဲအောင်ရင် Monk လုပ်ရတယ်။ Monk လုပ်လို့ရှိရင် သစ္စာပြုရတယ်။ "ဒီရဟန်း အဖြစ်က ဘယ်တော့မှ မထွက်ပါဘူး" လို့။ ဗုဒ္ဓဘာသာမှာကတော့ သစ္စာပြုတာလဲ မရှိပါဘူး။ အောင်သွယ်လုပ်တာလဲ မရှိဘူး။ ကိုယ်လုပ်နိုင်သမျှ လုပ်တာ။ ပထမကိုရင်၊ နောက် ရဟန်း၊ နေနိုင်ရင်နေ၊ မနေနိုင်ရင်ထွက်။ ရိုမင်ကက်သလစ်များမှာတော့ ဒီလိုမဟုတ်ဘူး။ တစ်ခါတည်း ဘုန်းကြီးဖြစ်ရင် နေနိုင်နေနိုင်၊ မနေနိုင်မနေနိုင် သစ္စာပြုထားတဲ့အတွက် ထွက်ကိုမထွက်ရဘူး။ ထွက်ရင် အင်မတန်ကြီးကျယ်တဲ့ အပြစ်ကြီး။ ဘယ်လို ကြီးကျယ်တုန်း ဆိုတော့ တစ်ခုခုတော့ ဖြစ်ရမယ်။ သစ္စာ ပြုပြီးသား ဖောက်ဖျက်ရမလား ဆိုပြီးတော့ ရူးရင်လဲ ရူးမယ်၊ စီးပွားရင်လဲ ပျက်ရတယ်။ ဗုဒ္ဓဘာသာဘုန်းကြီးအတွက် အင်္ဂလိပ်စကားမရှိလို့ Priest လို့လဲ သုံးတယ်။ Monk လို့လဲ သုံးနေကြရတယ်။ အမှန်ကတော့ ပါဠိလို ဘိက္ခုပဲ။ ဘိက္ခုဆိုတာ ဘာလဲဆိုရင်– လောဘ ဒေါသ မောဟ ကင်းအောင် ကျင့်နေတဲ့ ဘုန်းကြီး။



အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၊ သီရိလင်္ကာ ဘုန်းကြီးကျောင်းဥယျာဉ်အနောက်နိုင်ငံသား များကို အာဘိဓမ္မာစာပေများ သင်ကြား ပို့ချပေးတော်မူပုံ။ (၁၉၈၃-ခုနှစ်)



အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့၌ ကမ္ဘာ့ငြိမ်းချမ်းရေးကို ဗုဒ္ဓဘာသာကသာ ဖြည့်စွမ်းနိုင်ကြောင်း တရားကို အခြားသော ဘာသာရေးပုဂ္ဂိုလ်ကြီးများနှင့်အတူ ကက်စတန်ခန်းမကြီး၌ ဟောကြားတော်မူနေပုံ။ (၁၉၅၀-ပြည့်နှစ်)

တစ်ခါ သင်္ဘန်းအကြောင်းကို မေးလာပြန်တယ်။

"ဘာပြုလို့ ဒီအဝါရောင်ကြီးကို ဝတ်ရတာတုန်း"

"အဝါရောင်ဝတ်တာ၊ အရောင်မျိုးစုံဘာလို့ မဝတ်သလဲဆိုလို့ရှိရင်" – အဲဒါက အဓိပ္ပာယ်ရှိတယ်။

လောကဓမ္မတာမှာ သစ်သီး သစ်ရွက်တွေဟာ နုသေးရင် စိမ်းနေတယ်။ ရင့်လာရင် စိမ်းရာမှ ဝါလာတယ်။ ဘာပြုလို့ ဝါသွားသလဲဆိုတော့ သူက ရင့်လာတာကိုး။ နုသေးလို့ စိမ်းတယ်။ ဒီလိုပဲ လူများမှာ ကိလေသာဆိုကာရှိတယ်။ အညစ်အနွမ်းလောဘ ဒေါသ မောဟတွေပေါ့။ အဲဒါတွေ ထူပြောနေသေးတယ်ဆိုလို့ရှိရင် အစိမ်းကြိုက်တဲ့သူကအစိမ်း၊ အဝါ၊ နီ၊ ပန်းရောင် စသည်ကြိုက်တဲ့သူကလဲ စိတ်ပြောင်းတိုင်း အစတ်က ပြောင်းနေတယ်။ ဘုန်းကြီးကျတော့ ပြောင်းလို့မရဖူး။ ပြောင်းချင်တဲ့စိတ်ကို မရှိဘူး။ ရင့်ကျက်နေတော့အသီးအရွက်များ ရင့်လာရင် ဝါလာသလို အဝါကို ဝတ်တယ်။

တစ်ချို့ လေယာဉ်မောင်း သမားတွေလဲ မေးကြတယ်။

"ဘာလို့မျိုးတုန်း"

"ဗမာ"

"ဘာ ဘာသာတုန်း"


"ဗုဒ္ဓဘာသာ"

"အရှင်ဘုရားက ဗုဒ္ဓဘာသာ ဆိုတော့ ဗုဒ္ဓဘာသာဆိုတာ ဘာလဲ အရှင်ဘုရား၊ ရှည်ရှည်ကြီးတော့ အချိန်မရဖူးဘုရား၊ အကျဉ်းချုပ်, အကျဉ်းချုပ်နိုင်သမျှ ချုံးပြီး ပြောစမ်းပါ"

၁။ မကောင်းတာမှန်သမျှ မလုပ်နဲ့၊

၂။ ကောင်းတာမှန်သမျှလုပ်၊

၃။ စိတ်ကိုစင်ကြယ်အောင်ထား၊



ဩစတြေးလျနိုင်ငံ၊ ဝိတိုရိယဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌ မစ္စတာ လီယိုနဒ်ဟင်ဒါဆင်နှင့် အဖွဲ့ဝင်များကို ဗုဒ္ဓဘာသာအကြောင်း ရှင်းလင်းပြနေတော်မူပုံ။ (၁၉၅၄-ခုနှစ်)

အဲဒါဗုဒ္ဓဘာသာပဲ။

အဲဒီလိုဖြေတဲ့ အခါကျတော့ ကက်လာပြန်တယ်။

"ဘာတွေလဲကိုယ်တော်၊ မကောင်းတာတွေဆိုတာ"

"ကောင်းတာတွေက ဘာတွေတုန်း"

"စိတ်ကို စင်ကြယ်အောင် ထားဖို့ရာကတယ်လွယ်တာမှ မဟုတ်ဘဲ ကိုယ်တော်တဲ့"

မကောင်းတာမှန်သမျှ မလုပ်နဲ့ ဆိုတဲ့ ဥစ္စာက ဗုဒ္ဓဘာသာမှာ အသေးစိတ် ရှိပါတယ်။ မကောင်းတာမှန်သမျှ မလုပ်နဲ့ဆိုတာ ကိုယ်လဲမကြိုက်ဘူး၊ သူများလဲ မကြိုက်ဘူး။ ကိုယ့်မှာလဲ ကျေးဇူးမရှိဘူး၊ သူများမှာလဲ ကျေးဇူး မရှိဘူး။ အဲဒါတွေက မကောင်းတာခေတ္တပေါ့။

ကောင်းတာတွေဆိုတာက ကိုယ် အတွက်လဲ ကျေးဇူးများတယ်၊ သူများအတွက်လဲ ကျေးဇူးများတယ်။ ဒီစကား ကြားရတဲ့ အတွက်ကြောင့် အကြံကောင်း အစည်းကောင်းရပြီးတော့အကျိုးကျေးဇူးများတယ်။

စိတ်ကိုစင်ကြယ်အောင်ထားပါ ဆိုတာ ဘာတွေပြောတာလဲ။ သူများဆီက မတရား မလိုချင်နဲ့၊ သူများဆီက ရဖို့ချည်း စိတ်မကူးနဲ့။ လောဘအရင်းခံပြီး မပြောနဲ့၊ ဒေါသအရင်းခံပြီးမပြောနဲ့၊ အဲဒီနှစ်ခုကို စင်ကြယ်အောင်ထားရင် စိတ်ကို စင်ကြယ်အောင်ထားဘာပဲ။

သဗ္ဗပါပဿ အကရဏံ၊
ကုသလ ဿူပ သမ္ပဒါ။
သစိတ္တပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။ ။

အရှင်သေဋ္ဌိလောဘိဝံသ
ပဌမကျော်၊ အဂ္ဂမဟာပဏ္ဍိတ၊
အဘိဓဇမဟာရဋ္ဌဂုရု။

မဇ္ဈလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် အဘိဓေယမဟာရဋ္ဌဂ္ဂ
ပိုက်ကျုံးဆရာတော်ဘုရားကြီး၏ သြဝါဒစာတမ်း

မင်းကွန်း တိပိဋကာ=နိကာယ သာသနာပြု အသင်းကြီးသည် ဘုရားရှင် သာသနာတော် (၂၀၀၀)အထက် ကျော်လွန်တက်၍ အဆက်ဆက် အရှည်ခန့်လျက် တည်တံ့ခိုင်မြဲရေးကို ရည်မှန်းပြီး စီမံဆောင်ရွက်နေသော အသင်းကြီးဖြစ်သည်။ လူအများတို့၏ နှုတ်ဖျားဌ ပြောကြားလျက်ရှိသော သာသနာ (၂၀၀၀)ကို ဝိနည်းစူဠဝါ အဋ္ဌကထာ(၄၊ ၁၂၇)၌လည်းကောင်း၊ ပါထိကဝဂ္ဂအဋ္ဌကထာ(၃၊ ဂ၃)၌လည်းကောင်း၊ သံယုတ္တ နိဒါနဝဂ္ဂအဋ္ဌကထာ(၁ဂ၇)၌လည်းကောင်း၊ အင်္ဂုတ္တရအဋ္ဌကထာ(၁၊၆၇)၌ လည်းကောင်း- အနည်းနည်းအဖုံဖုံ အစုံအလင် ရေးသားတော်မူကြသည်။ ယင်းကဲ့သို့ အနည်းနည်းအဖုံဖုံ ရေးသားဖော်ပြကြသော်လည်း....

နိစ္စံ အနုဂ္ဂဟေ ဂိဟိ၊
ပစ္စယေန ဟိ သာသနံ၊
ပဗ္ဗဇ္ဇိတောစ ဓမ္မေန၊
ဧဝံ စိရံ ဇလိဿတိ။


ဟူ၊ သာသနာပြုနည်းကို နည်းလမ်းရှိသည့် အတိုင်း ပြလိုက်ပါဦးအုံ့။ ဂိဟိ၊ အိမ်ရာလက်ကိုင် နေထိုင်ကြငြား လူအများသည်။ ပစ္စယေန၊ ဆေးနှင့်ကျောင်း ဆွမ်းသင်္ကန်းမလွတ် ပစ္စည်းဝတ်ဖြင့်။ သာသနံ၊ ရှင်တော်ဘုရား တည်ထားမိန့်ချက် သာသနာစက်ကြီးကို။ နိစ္စံ၊ အမြဲမကွာ မပြတ်သာလျှင်။ အနုဂ္ဂဟေ အနုဂ္ဂဟေယျ၊ စွမ်းအားရှိသလောက် ချီးမြှောက်ထောက်ပံ့ကြရာသတည်း။ ပဗ္ဗဇ္ဇိတောပန၊ အိမ်ရာမထောင် လူ့ဘောင်ပယ်ရှား ရဟန်းတော် အရှင်မြတ်များသည်ကား။ ဓမ္မေန၊ ပရိယတ် ပဋိပတ် ဖြည့်အပ် ဖြည့်ထိုက် အမြိုက်စခန်း တရားလမ်းဖြင့်။ သာသနံ၊ ရှင်တော်ဘုရား တည်ထားမိန့်ချက် သာသနာစက်ကြီးကို။ အနုဂ္ဂဟေ အနုဂ္ဂဟေယျ၊ စွမ်းအားရှိသလောက် ချီးမြှောက် ထောက်ပံ့ကြရာသတည်း။ ဧဝံ၊ ဤသို့ မိမိတာဝန်က အားသွန်ကြိုးပမ်း အမှုထမ်းကြကုန် သည်ရှိသော်။ သာသနံ၊ တွေ့ခဲ့ကြုံခဲ့ လွန်ကဲဖိုးထိုက် အမြိုက်ရောင်ဝါ ဘုရားရှင် သာသနာတော်သည်။ စိရံ၊ အနှစ်များမြောင် ငါးထောင်အထက် ကျော်လွန်တက်အောင်။ ဇလိဿတိ၊ ညှိုးနွမ်းသေးသိမ်၍ မှေးမှိန်ခြင်းသို့ မရောက်ဘဲ ထွန်းတောက်ပင့်လင်းလိမ့်မည် အမှန်သာတည်း။ ။



ပိုက်ကျုံး ဆရာတော်ကြီး

ဟူသည်နှင့်အညီ သာသနာတော် တည်တံ့ခိုင်မြဲ တိုးတက် စည်ကား ကြီးပွား ခြင်း၏ အကြောင်းရင်းမှာ လူဒကာ ဒကာမတို့ဘက်က ဆွမ်း သင်္ကန်း ကျောင်း ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်း ထောက်ပံ့ခြင်း+ ရဟန်းတော်ဘက်က ပရိယတ် ပဋိပတ်လုပ်ငန်းတို့ကို ကြိုးပမ်း အား ထုတ်ခြင်းဟူသော ဤအကြောင်း နှစ်ပါးတို့သည် သာ သာသနာတော် အရှည်ခန့်၍ တည်တံ့ ခိုင်မြဲခြင်း၏ အကြောင်းရင်း ပဓာနအစစ် ဖြစ် သည်။

လူဒကာ ဒကာမတို့ဘက်က ကုဋေပေါင်း သောင်းသိန်းမက ကြွယ်ဝချမ်းသာ၍ ပစ္စည်း လေးပါး ထောက်ပံ့လှူဒါန်းနိုင်စွမ်း ရှိသော် လည်း၊ ပရိယတ် ပဋိပတ် လုပ်ငန်းတို့ကို ကြိုး ပမ်းအားထုတ်၍ သာသနာတော်ကို စောင့် ရှောက် ထိန်းသိမ်းသော ရဟန်းတော်များ မရှိ လျှင်လည်း သာသနာတော်ကြီး မတည်တံ့ မခိုင် မြဲနိုင်ပေ။





ရဟန်းတော်တို့ဘက်က ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်တွေ ရာထောင်ချီ၍ ရှိခြားသော်လည်း ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး ထောက်ပံ့မည့် ဒကာ ဒကာမတို့ မရှိလျှင်လည်း သာသနာတော်ကြီး အရှည်ခန့်၍ မတည်တံ့ မခိုင်မြဲနိုင်ပေ။

ဒကာ ဒကာမတို့ဘက်က ပစ္စည်းလေးပါး တာဝန်ယူ+ရဟန်းတော်များဘက်က ပရိယတ် ပဋိပတ် အမြိုက်စခန်း တရားလမ်းဘက်က တာဝန်ယူလျက်....

သာဂါရာ အနာဂါရာစ၊
အညောညံ နိဿိတာ၊
အာရာဓယန္တိ သဒ္ဓမ္မံ၊
ယောဂက္ခေမ ံ ုဟ္တရံ။

ဟု ဟောတော်မူအပ်သည်နှင့် အညီ ဆရာဒကာ သူ့ဘက် ကိုယ့်ဘက် မလိုရအောင် ညီညီညာညာ စောင့်ရှောက် ထိန်းသိမ်းကြမှ သာလျှင် အရှည်ခန့် တည်တံ့ ခိုင်မြဲနိုင်မည် အမှန်ဖြစ်သည်။ဆရာဘက်ကဖြစ်စေ ဒကာဘက်ကဖြစ်စေ ဆောင်ရွက်မှု တာဝန်ပျက်ခဲ့လျှင် သာသနာတော်ကြီး မတည်တံ့နိုင်ပေ။

ဘုရားရှင်ကိုယ်တော်တိုင် ပဉ္စင်္ထန်းရာ(၄၅) ဝါ ပတ်လုံး နေ့မအား ညဉ့်မအား တရားရအေး အမြိုက်ဆေး တိုက်ကျွေး ဟောကြားရာ အိန္ဒိယပြည်ကြီး၌ ရှေးတစ်ချိန်က ပရိယတ် ပဋိပတ် နှစ်ရပ်စုံလင် ဂုဏ်အင်မြင့်မောက် ကျင့်ခမ်းပေါက်သည့် မုံသောက်မာတင် ထေရ်အရှင်




၁။ ရာဇကြိုဟ်ပြည် ကျောဲင်းတော်ရာ။

၂။ ဝေဘာရတောင်နှင့် ကျောင်းတော်ရာ။

၃။ ဗုဒ္ဓပွင့်တော်မူရာဌာနရှိ မဟာဗောဓိ စေတီတော်ကြီးကို မပြုပြင်မီကရိုက်ကူးထားသောဓာတ်ပုံ။ (၁၈၆၃-ခုနှစ်)

ဘုရားရှင် လက်ထက်တော်မှစ၍ စည်ပင်ထွန်းကားခဲ့လေသော သာသနိကဒါဆောက်အအုံများ သည် ဤသို့ ပျက်စီးခဲ့လေပြီတကား....





ကျော်ဆွေ



အထက်ပုံ။ ။ရာဇဂြိုဟ်မြို့တော်ကြီး
အဝင်ဝန့်မြို့ရိုးတံခါးများ....

အောက်ပုံ။ ။ဇေတဝန် ကျောင်း တော်
ဂန္ဓကုဋီတိုက် နေရာ....


ရပ်ဒေသတော်တွေ အလွန်ပင် များပြား ပွင့်လင်းခဲ့သော်လည်း ယခုအချိန်၌ မူးလို့တောင် နမ်းရှူစရာ မရှိလောက်အောင် သာသနာတော်ကြီး ကွယ်ပျောက်ခဲ့လေသည်။ ဤသို့ ကွယ်ပျောက် ရခြင်းသည် ဒကာ ဒကာမတို့ဘက်က ပစ္စည်းလေးပါး ကုန်ခမ်းမရှိသောကြောင့် ဖြစ်သည်။

သာသနာ ၅၀၀၀-အကြောင်း ကို ဒေဝဒဟကထာ ဆရာတော်များ အနည်းနည်း ဒေါပုံဖုံ ဖွင့်ဆို ရေးသား ကြသော်လည်း အိန္ဒိယ ပြည်ကြီး၏ သာသနာ ကွယ်မှုကို ထောက်ဆလျှင် စောင့်ရှောက် ထိန်းသိမ်း သူရှိလျှင် ၅၀၀၀-အထက် ကျော်လွန်ပြီး တည်တံ့ နိုင်သည်။ စောင့်ရှောက် ထိန်းသိမ်းသူမရှိလျှင် နှစ် ၅၀၀-မျှမတည် နိုင်ဟု အဓိပ္ပာယ်ရသည်။

မြတ်စွာဘုရား၏ သာသနာတော်ကြီး ကွယ်ပျောက်ခြင်းသို့ ရောက်သွားလျှင်—

ဒီယျမာနေ သာသနမ်ဳိ၊
သုခရုက္ခာ ဝိနဿ်ရေ၊
အန္ဓကာရော မဟာလောကေ၊
ဒိဋ္ဌိစ္ဆာလာနိ ဗဇ္ဈရေ။

သာသနမ်ဳိ၊ ရှင်တော်ဘုရား တည်ထား တော်မူသော သာသနာတော် မြတ်ကြီး






အိန္ဒိယ နိုင်ငံမှ
သီရိလင်္ကာကျွန်းသို့
အသောကမင်းကြီး၏
သားတော်
အရှင်မဟိန္ဒသည်
သာသနာပြုရန်
ကြွတော်မူစဉ်က
ပထမဦးဆုံး
ဆောက်ရှိတော်မူသော
တောင်တွင်တိတ်
တောင်မြတ်....

ဤနေရာကို သာသနာ့
အထိမ်းအမှတ်အဖြစ်
မဟိန္ဒလေဟု မထေရ်
မြတ် ဘွဲ့အမည်ကို
အစွဲပြု၍ခေါ်ဝေါ်ကာ
တောင်ထိပ်ဝဲသဘင်ကို
နှစ်စဉ်ကျင်းပခဲ့ကြ၏

သို့ပါသော်
ယခုအခါ
တောချုံအတိ
ပျက်စီးလျက်ရှိခဲ့ပြီ....

သည်။ခိုယျမာနေ၊ မှေးမှိန်ညှိုးခြောက်၍အရောင် မတောက်ခဲ့သည်ရှိသော်။ သုခရက္ခာ၊ ချမ်းသာခေါ်တင် ပဒေသာပင်ကြီးတို့သည်။ ဝိနသေရ၊ ဝိနသေန္ဒီ၊ ပျက်စီးကာ ဆုံးချုပ်၍ စုံးစုံးမြုပ်ကြရတော့မည်သာတည်း။ အန္ဓကာရော၊ အလင်းရောင်မကြုံဂ်တဲ့ အမှောင်တိုက် အမိုက်ဓတာကြီးသည်လည်း။ မဟာ၊ မဆုံးနိုင်အောင် ကျယ်ဝန်းတော့မည် သာ တည်း။ ဒိဋ္ဌစျာလာနီ၊ အဆင့်ဆင့် ထောင်၍ ထားအပ်သော ဒိဋ္ဌိတည်းဟူသော ပိုက်ကွန် ကြီးတို့ သည်လည်း။ ဗဇ္ဈရေ+ဗဇ္ဈန္တီ၊ ကမ္ဘာအနှံ့အပြား ဖြန့်ထားယှက်မှေး၍ ရှုပ်ထွေးပွေလီမ် ကုန်တော့မည်သာတည်း။

မြတ်စွာဘုရား၏ သာသနာတော်ကြီး ပိတ်ဖုံးလျက် (၆၂)ပါးသော မိစ္ဆာ အယူတည်းဟူသော ကွန်ယက်ကြီး ကမ္ဘာအနှံ့ ဖြန့်ထားယှက်မှေး ရှုပ်ထွေးပွေလီမ်ကုန်တော့မည်။(၆၂)ပါးသော ဒိဋ္ဌိပိုက်ကွန်ကြီးနှင့် အဝိဇ္ဇာမှောင်



ကြီးတို့ ကမ္ဘာကြီးတစ်ခုလုံး ပြန့်နှံ့သည်ရှိသော် ဘုရားသံ တရားသံ သံဃာသံ၊ ကံ၊ ကံ၏အကျိုးဆိုသော အသံ၊ ကုသိုလ်သံ ဒါနသံ သီလသံ ရှုပ်သံ နာမ်သံ ဝိပဿနာသံ မဂ်သံဖိုလ်သံ နိဗ္ဗာန်သံ ဆိုသော ချမ်းသာခေါ်တင်ပဒေသာ ပင်ကြီးတွေ ပျက်စီးကာ ဆုံးချုပ်၍ စုံးစုံးမြုပ်ကြရတော့မည်။

ယခု လက်တွေ့အားဖြင့် ပြောရလျှင် သတ္တလောကကြီး တစ်ခုလုံး ဒေမိုက်မှောင်ကြီး ဖုံးလျက် အမိုက်တုံးတွေသာ ဖြစ်နေကြသည့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အနိုင်ကျင့်ပြီးသတ်ဖို့ရန် လက်နက်တွေ အပြိုင်လုပ်နေကြသည်။ အနုမြူဗုံးတစ်လုံး ဖြင့်ပင် တိုင်းပြည်ကြီး တစ်ခုလုံး တခဏချင်း မီးဟုန်းဟုန်းတောက်လျက် ပြာပုံအဖြစ် ရောက်သွားနိုင်သည်။ ဤကဲ့သို့ မီးဟုန်းဟုန်း တောက်သော အနုမြူဗုံး စီမံ ပြုလုပ်နိုင်သော အစွမ်းသတ္တိသည် ပညာ၏ အစွမ်းသတ္တိမဟုတ်၊ လောဘ ဒေါသ မောဟ ဒိဋ္ဌိတို့၏ အစွမ်းဖြစ်သည်။ ပညာသည် သူတစ်ပါးဆင်းရဲမည့်အလုပ်ကို မလုပ်ပေ။ သာသနာတော်၏ အလင်းရောင်ကင်းပ လောဘ ဒေါသ မောဟ ဒိဋ္ဌမှောင်ကြီးတွေ လွှမ်းမုံး အမိုက်တုံး အမိုက်ခဲသာဖြစ်နေကြသော တိုင်းပြည်အများတို့မှာ–

အသာတံ သာတရူပေန၊
ပိယရူပေန၊ အပ္ပဳယံ။
ဒုက္ခံ သုခဿ ရူပေန၊
ပမတ္တံ အတိဝတ္တတိ။


အသာတံ၊ သာယာဖွယ် မဟုတ် သော မသာယာဖွယ်တရားတွေက။ သာတရူပေန၊ သာယာဖွယ်အသွင်ဖြင့်။ ပမတ္တံ၊ မေ့လျော့ပေါ်ဆလူအာ့လူညံ့ကို။ အတိဝတ္တတိ၊ လွှမ်းမိုး ကျော်တက်နှိပ်စက်ဖိစီး၏။ အပ္ပိယံ၊မချစ်နှစ်သက်ဖွယ် အရာဝတ္ထုက။ ပိယရူပေန၊ ချစ်နှစ်သက်ဖွယ်

အသုင်ဖြင့်။ ပမတ္တံ၊ မေ့လျော့ပေါ့ဆ လူအ လူညံ့ကို။ အတိဝတ္တတိ၊ လှမ်းမိုး ကျော်တက် နှိပ်စက်ဖိစီး၏။ ဒုက္ခ၊ ဆင်းရဲဒုက္ခ ဖြစ်သော အရာဝတ္ထုတွေက။ သုခဿဏူပေန၊ ချမ်းသာ တယ်ဆိုသော အသုင်အပြင်ဖြင့်။ ပမတ္တ၊ မေ့ လျော့ပေါ့ဆ လူအ, လူညံ့ကို။ အတိဝတ္တတိ။ လှမ်းမိုးကျော်တက် နှိပ်စက်ဖိစီး၏။

စစ်ပြေငြိမ်းကြောင်းမဟုတ်သော လက်နက် အပြိုင်အဆိုင်လုပ်မှုကို စစ်ပြေငြိမ်းကြောင်းဟု အထင်မှားပြီး နင်လား ငါလားကြိုးစားပြီး အားထုတ်နေကြသည်၊ မိမိတို့က မိစ္ဆာဉာဏ်ဖြင့် စစ်ပြေငြိမ်းလိမ့်မည် ဟူသော မျှော်မှန်းချက်သည် လုပ်ငန်းက မမှန်သောကြောင့် စစ်ပြေငြိမ်းအေးမှုမဖြစ်နိုင်ပေ။ စစ်ဘေး စစ်ဒဏ် ပြင်းထန်လာမည်သာဖြစ်နိုင်သည်။

သာသနာတော်၏ အလင်းရောင်ကင်းသော ဘာသာခြား တိုင်းတစ်ပါးတို့၌ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိတည်းဟူသော မှောင်တိုက်ကြီး အတုင်းကနေပြီး လက်နက်အမျိုးမျိုးတွေ လုပ်လျက် စစ်ပြေငြိမ်းကြောင်း လုပ်ငန်းကို ကြိုးစားအားထုတ်နေကြသည်။ ကိလေသာ မှောင်တိုက်အတုင်းမှ အား ထုတ် ဆောင်ရွက် ခြင်းဖြစ်၍ လုပ်ငန်းကမမှန်သော ဆောင်ရွက်ချက်ဖြစ်၍ ထ,မြောက် အောင်မြင်ခြင်း မဖြစ်ပေ။ လုပ်ငန်းမှန်မှ ထ,မြောက်အောင်မြင်နိုင်မည်။

မိစ္ဆာဉာဏ်ရှေ့သွား ဘာသာခြား တိုင်းတစ်ပါးတို့၌ လက်နက်အား ထုတ်၍ စစ်ပြေငြိမ်းရေး လုပ်ငန်းတို့ကို ကြိုးပမ်းအား ထုတ် နေ သော အချိန်၌ မြန်မာပြည်တွင်းကား ဆရာဒကာ လက်တွဲပြီး ဆရာတော် သံဃာတော်များဘက်မှ ကျောင်းတိုက်တစ်တိုက် လျှင် တပည့်သံဃာ ရာပေါင်းများစွာ လက်ခံထိန်းသိမ်း စောင့်ရှောက် လျက် နေ ဝါ ညဝါ အမြဲချပို့ကာ စာသံ ပေသံ





မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးက ပစ္စည်း လေးပါးတို့ တာဝန်ယူကာ စောင့်ရှောက် လျက် ရှိပေသော ပရိယတ္တိမျိုးစေ့ သာသနာ့တက္ကသိုလ်မှ စာသင် သံဃာတော်များ....

တည်ညံ့ဖြင့် အသံမစဲပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ တည်းဟူသော သာသနာတော်သုံးရပ်တို့ကို စောင့်ရှောက်တော်မူလျက်ရှိသည်။ ကျောင်းတိုက်တိုင်းလိုလို နှုတ်ရအာဂုံ စာမေးပွဲ ရေးဖြေစာမေးပွဲများကို ပြုလုပ်လျက် ပရိယတ္တိသာသနာတော်ကြီး နိမ့်ကျမသွားရလေအောင် အမြဲမပြတ်အထပ်ထပ်ပြုလုပ်လျက် သာသနာတော်ကြီးကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။ ပဋိပတ္တိဘက်မှလည်း နိမ့်ကျမသွားရလေအောင် နေ့တရားပွဲ ညတရားပွဲများကို အမြဲဟောပြောလျက် အသံမစဲ ပဌာန်းတရားပွဲများကိုလည်း ရွတ်ဆိုလျက် ပဋိပတ္တိသာသနာတော်ကြီးကို ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြသည်။ ပဋိဝေဓ သာတနာကိုကား မဂ်ဖိုလ်မျက်မှောက်ပြုနေတဲ့ ပုဂ္ဂိုလ်ကို အခြားသူက မသိနိုင်၊ သူ့ကိုယ်သူသာ သိနိုင်သည်။ ဤကဲ့သို့ သာသနာတော်မြတ်ကြီးကို ဆရာတော်များဘက်က လိုလေသေး မရှိရအောင် စောင့်ရှောက် ထိန်းသိမ်းတော့်မူကြသည်။

ဒကာ ဒကာမတို့ဘက်မှ ထိန်းသိမ်းပုံ

ဆွမ်း

မြန်မာပြည်၌ ရဟန်းရောရှင်ပါဆိုလျှင် တစ်သိန်းကျော်ရှိရာ တစ်သိန်းကျော်ရှိသော ရဟန်းသာမဏေတို့၌ သူတို့မှာ နေ့စဉ်စား သုံးဖို့ရာ ဆွမ်းမရှိဘူး၊ ဆွမ်းမရှိရင် သူတို့ ဆွမ်းမစားရဘူး၊ ဆွမ်းမရရင် စာအံ စာကျက်အစရှိသော ပရိယတ္တိသာသနာတော်ကြီးကို မထိန်းသိမ်း မစောင့်ရှောက်နိုင်ဘူး၊ စာအံ စာကျက် အစရှိသော ပရိယတ္တိ သာသနာတော်ကြီးကို မထိန်းသိမ်း



မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဆောင် ပဓာနပြုရှိ ဆောက်လုပ်လှူဒါန်း လျက် ရှိ နေ သော မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာတက္ကသိုလ် ရှုခင်း....

စောင့်ရှောက်နိုင်ရန် တစ်သိန်းကျော် ရဟန်း သာမဏေများကို တောရောမြို့ပါ ဒကာဒကာမ အပေါင်းတို့က နေ့စဉ်နှင့်အမျှ လိုလေသေးမရှိ ရအောင် ဆွမ်းပစ္စည်းကိုလှူဒါန်းကြသည်။ဒကာ ဒကာမတို့ လှူဒါန်းသော ဆွမ်းပစ္စည်းကို အမှီ ပြုပြီး သံဃာတော်များသည် ပရိယတ္တိလုပ်ငန်း ကို အားထုတ်နိုင်ကြသည်။

သင်္ကန်း

သင်္ကန်းဆိုလျှင် မြန်မာပြည်၌ ဝါကျွတ်ကာ လ ဝါဝင်ကာလ ကထိန်ကာလ ရှင်ပြုရဟန်းခံ ပရိတ်ရွတ်အစရှိသော ကိစ္စအဝဝတို့၌ လှူဒါန်း ကြ၍ လိုလေသေးမရှိ ပြည့်စုံလုံလောက် ရကြ ပါသည်။

ကျောင်း

ကျောင်းဆိုလျှင် ကျောင်းတိုက်ကြီး တွေ အများအပြားတို့တွင် ကျောင်းတိုက်တိုင်း ကျောင်းတိုက်တိုင်းတို့၌ (၁၀)ခန်း (၉)ခန်း အစရှိသော အုတ်တိုက်ကျောင်းကြီးတွေ(၁၅) လုံးအလုံး(၂၀)စသည်ကို ဆောက်လုပ်လှူဒါန်း ကြ၍ ကျောင်းဘက်ကလည်း ပြည့်စုံလုံလောက် လျက်ရှိသည်။

ဘုရားလက်ထက် အနာထပိဏ် ဆောက် လုပ်သော ဇေတဝန်ကျောင်းတော်နှင့် ဝိသာခါ ဆောက်လုပ်သော ပုဗ္ဗာရုံ ကျောင်းတော် ကျိုက်ကျောင်း နှစ်ကျောင်းသာ သာဝတ္ထိပြည်၌ ရှိကြောင်း စာဋ္ဌလာပါသည်။မြန်မာကဲ့သို့ အရှင် သာရိပုတ္တရာ အရှင်မောဂ္ဂလာန် အစရှိသော သာဝကကြီးတွေ ရည်မှန်းပြီး သီးခြားဆောက် လုပ်လှူဒါန်းသော ကျောင်းရှိပုံမပေါ်ဘူး။ မြန်မာပြည်၌ဆိုလျှင် ဆရာတော်အသီးသီးကို ရည်မှန်းပြီး ဆောက်လုပ်လှူဒါန်းကြသည်။

အခြို့ ဆရာတော်ဆိုလျှင် တစ်ပါးတည်း အုတ်တိုက် ၄-၅လုံးရှိသည်။ အိန္ဒိယပြည်၌ ကောဇရာမြို့ပါလေ့ကျင့်ခြည်ညီနှင့် သာသနာတော်

ကြီးကို အားပေးထိန်းသိမ်း စောင့်ရှောက်ကြသည့်ပုံမပေါ်ဘူး။ အတ္တဝါဒက အလွန်သန်သော တိုင်းပြည်ဖြစ်၍ သာသနာတော်ကို ယုံကြည်ပြီး ဆည်းကပ်ကိုးကွယ်သော ပုဂ္ဂိုလ်ထက် သာသနာတော်ကို မကိုးကွယ်သော ပုဂ္ဂိုလ်က များပုံပေါ်ပါသည်။

ပုဏ္ဏားတွေက ဘုရားရှင်ကို မိတ်ဆွေအသုံးအနှုန်းဖြင့် ခေါ်ဝေါ်ပြောဆိုကြပါသည်။ သို့ကြောင့် မြတ်စွာဘုရားက လက်သည်းခဲ့ပေါ်၌ သဲလုံးတွေတင်ပြီး "ချစ်သားတို့၊ ငါဘုရား၏ လက်သည်းခဲ့ပေါ်ရှိသော သဲလုံးနှင့် မဟာပထဝီမြေ၌ရှိသော သဲတို့သည် မည်သူကများသလဲ" ဟု မြတ်စွာဘုရားက မေးတော်မူသည်။ မြတ်စွာဘုရား....မြတ်စွာဘုရား၏ လက်သည်းခဲ့ပေါ်မှာရှိသော သဲလုံးနှင့် မဟာပထဝီမြေကြီးနှင့်ဆိုလျှင် မဟာပထဝီမြေကြီးက ပြောပြလို့ မပြီးနိုင် လောက်အောင် များပြားကြောင်း ရဟန်းများက လျှောက် ထား ကြသည့်အခါ "ချစ်သားတို့၊ ငါဘုရား၏ အဆုံးအမ သြဝါဒကိုလိုက်နာကျင့်သုံးသောပုဂ္ဂိုလ်က ငါဘုရား၏ လက်သည်းခဲ့ပေါ်မှာရှိသော သဲလုံးမျှရှိသည်၊ ငါဘုရား၏ အဆုံးအမ သြဝါဒကို မလိုက်နာ မကျင့်သုံးသော ပုဂ္ဂိုလ်က ဤမဟာပထဝီမြေကြီးကဲ့သို့ များပြားသည်" ဟု မြတ်စွာဘုရားက မိန့်တော်မူသည်။

မြန်မာပြည်၌ တောရောမြို့ပါ သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် ချီးမြှောက်ထောက်ပံ့သူကများကြသည်။သာသနာတော်ကို မယုံကြည်မကိုးကွယ်သူက အနည်းငယ်မျှသာရှိပေမည်။

ဆေးပစ္စည်း

ဆေးပစ္စည်းဆိုလျှင် မြတ်စွာဘုရားက နှာကျင်ငယ်ဖြင့်စိမ်သော ဆီးဖြူသီး ရှစ်ရှားသီး ဖန်ခါးသီး လောက်ရှိလျှင် ရဟန်းတရား အား

မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ဦးဆောင်ပဓာနပြုကာ ဆောက်လုပ်သော မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံသစ်ကြီး။



ထုတ်နိုင်မည်ဖြစ်၍ လုံလောက်ပြီဟု ဤမျှ လောက်ပဲ ခွင့်ပြုတော်မူသည်။ သို့သော်လည်း ဝိနည်းတော်နှင့်ညီ၍ အပ်စပ်သော ပျားသကာ ထောပတ်ဆီအစရှိသော ဆေးများကို ခွင့်ပြု တော်မူသောကြောင့် ပျားသကာ ထောပတ် ဆီ ဝိန္ဓောဆေး ဓာတ်ဆေး အမျိုးမျိုးတို့ကိုလည်း ထောက်ပံ့ လှူဒါန်းကြ၍ ပစ္စည်းလေးပါးဘက် က ပြည့်စုံလုံလောက်လျက်ရှိသည်။ ထိုကဲ့သို့ ပြည့် စုံ လုံ လောက် ခြင်း ကြောင့် ဆရာတော် သံဃာတော်များဘက်က သာသနာတော်သုံး ရပ်ကို ထိန်းသိမ်းစောင့်ရှောက်ရန် အခွင့်ရ၍ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြသည်။

မြန်မာပြည် ဒကာ ဒကာမတို့သည် ပစ္စည်း လေးပါးတို့ဖြင့် ထောက်ပံ့လျက် ပစ္စယာနုဂ္ဂဟ ဖြင့်သာ သာသနာတော်မြတ်ကြီးကို စောင့် ရှောက် ထိန်းသိမ်းသည်မဟုတ်သေးဘူး။ မြို့တိုင်း အရပ်တိုင်း ရွာတိုင်း အသင်းအဖွဲ့တို့ဖြင့်ပဋ္ဌာန်း ပါဠိတော် ပစ္စယနိဒ္ဒေသကို နှုတ်တက် အာဂုံ အရင့်ပြီး ရွတ်အံ သရဇ္ဈာယ်ခြင်း တည်းဟူ သော ကမ္မာအသခ်ေ့လွန်လေသော်မှ တွေ့ခဲ ကြုံခဲ ရခဲလှစွာသော ကုသိုလ်ထူးကြီး များကို ပါဆည်းပူးလျက် မြတ်စွာဘုရားသာသနာတော် ကြီးကိုထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြသည်။

လောကဋ္ဌ လောကီဂုဏ် လောကုတ္တရာဂုဏ် ဟု နှစ်မျိုးရှိသည်။ ရှေ ငွေ စိန် ကျောက် ပတ္တမြား ကျဲ နွား ဆင် မြင်း အစရှိသော လောကီ ဥစ္စာရတနာတို့နှင့် ပြည့်စုံသော ဂုဏ် သည် လောကီဂုဏ်မည်သည်။ ဘုရား တရား သံဃာ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပဟူသော သူတော်ကောင်း ဥစ္စာရတနာ တို့နှင့်ပြည့်စုံသော ဂုဏ်သည် လောကုတ္တရာဂုဏ် မည်သည်။ ကမ္ဘာတစ်ဝှမ်းလုံး လောကီဥစ္စာ လောကီဂုဏ်တို့နှင့် ပြည့်စုံသော နိုင်ငံတော် မရေမတွက်နိုင်အောင် အလွန်ပင် များပြား

မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ နှစ်စဉ် လှူမြဖြစ်သော မွေးနေ့ အလှူတော်တွင် မင်းကွန်းတိုက်နယ်ဆေးရုံအတွက် ဆေးဝါးများကို လှူဒါန်းတော်မူစဉ်။



သော်လည်း လောကုတ္တရာဂုဏ်နှင့် ပြည့်စုံသော နိုင်ငံသည် ယခုအချိန် မြန်မာပြည်၌သာ ဆရာဘက် ဒကာဘက် နှစ်ဘက်လုံး ပြည့်စုံလျက် ရှိသည်ဟု ဆိုနိုင်သည်။

စကြာမင်းအဖြစ် အစရှိသော လောကီဂုဏ်သည် ရနိုင်ခဲသော ဂုဏ်မျိုး မဟုတ်ပေ။ ငါတို့ ဘုရားလောင်းကြီး ကိုယ်တော်တိုင်ပင် ပရိနိဗ္ဗာန်စံရာဖြစ်သော ကုသိနာရုံအင်ကြင်းစုံ၌ (၄) ကြိမ်တိုင်တိုင် စကြာမင်း ဖြစ်ခဲ့ဖူးသည်။ ထို စကြာမင်း ဘဝတုန်းက လောကီဂုဏ်တွေ့ ဘာတစ်ခုမှ နောက်ဘဝသို့မလိုက်ပါပေ။

စက္ကိဘူတာနံ ပုဗ္ဗေပိ၊
ဘိန္နာ သမွတ္တိယော ဗဟု။
ပါရမီပုညာ သမ္ဘာရာ၊
သာရေကောဝ အဘိန္နကော။

ပုဗ္ဗေပိ၊ သံသရာတစ်လျှောက် ဘဝများစွာရှေး အခါ၌လည်း။ စက္ကိဘူတာနံ၊ စကြဝတေးမင်း စသည်ဖြစ်ဖူးကုန်သော ငါတို့၏။ သမွတ္တိယော၊ စကြာရတနာ အစရှိသော လောကရိပ်ငြိမ်စည်းစိမ်ဥစ္စာတို့သည်။ ဘိန္နာ၊ ကုန်စင်ပြုန်းတီးပျက်စီးခြင်းသို့ရောက်ဖူးခဲ့လှကုန်လေပြီ။ကော၊ တစ်ခုသော။ ပါရမီပုညာ သမ္ဘာရော၀၊ ပါရမီကောင်းမှု အဆောက်အဦ တစ်ခုသည်သာလျှင်။ အဘိန္နကော၊နိဗ္ဗာန်မြို့သို့ မရောက်မနေ ပကတ္တုပနည်းဖြင့် မပျက်မစီးတည်ရှိသည်။ ဟောတိ၊မုချပိုင်ပိုင် ဖြစ်နိုင်ပါပေသတည်း။

၁။ စကြာဘုန်းရှိန်၊ မင်းစည်းစိမ်၊
ကြိမ်ကြိမ်ဖြစ်ဖူးပါ။
၂။ နှစ်ရှာမရ၊ အနိစ္စ၊ ဒုက္ခအနတ္တာ၊
၃။ မလိုက်ပါကြ၊ တစ်ဘဝ၊ ခဏ ပိုင်ဆိုင်သာ။
၄။ အရိပ်ပမာ၊ ကုသိုလ်သာ၊
ကိုယ်မှာ ကပ်လျက်ပါ။

စကြာမင်းကြီး၏ လောကီရိပ်ငြိမ် စည်းစိမ်



၏ဟု ကျမ်းဂန်၌ ဆိုသောကြောင့် မြန်မာပြည်သား ဗုဒ္ဓဘာသာပုဂ္ဂိုလ်တို့သည် သောတာပတ္တိဖလ သစ္ဆိကရိယာယ ပဋိပန္နပုဂ္ဂိုလ်တွေဟု ဆိုက ဆိုစရာရှိသည်။ ကျေးဇူးတော်ရှင် တတိယရွှေကျင် သာသနာပိုင် ဒီပဲရင်း ဆရာတော် ဘုရားကြီးက "ဗုဒ္ဓဘာသာလူမျိုးတွေက ပစ္စုပ္ပန်ရေးနှုတ်ပြီး သံသရာရေး ဟုတ်ကြသည်။ ဘာသာခြား လူမျိုးတွေက ပစ္စုပ္ပန်ရေး ဟုတ်ပြီး သံသရာရေး နှုတ်ကြသည်" ဟု မိန့်တော်မူသည်။ ဤကဲ့သို့ မြန်မာပြည်သည် သူတော်ကောင်း တရားဘက်ကနေပြီး ပြောရမည်ဆိုလျှင်–

ကမ္ဘာတစ်ဝှမ်း ဂုဏ်ရောင်လွှမ်း၊
အထက်တန်း မြန်မာပြည်။
သရဏဂုံသုံးရပ်၊ နှလုံးဓာတ်၊
ကိန်းဝပ်အမြဲတည်။
သောတာပတ္တိဖလ၊ သစ္ဆိက၊
ကျင့်ကြကျမ်းဆိုသည်။

မကြာမီကာလ၊ အမတ၊ ရောက်ရမလဲပြီ။ ဟူသော ဂုဏ်တို့နှင့် ပြည့်စုံသော မြန်မာပြည်ကြီး ဖြစ်ပေသည်။

ဖော်ပြခဲ့သော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံသော ရဟန်း ရှင် လူ ပြည်သူပြည်သားအပေါင်း သူတော်ကောင်းတို့သည် မြတ်စွာဘုရား၏ သာသနာကြီး မှေးမှိန်ညှိုးခြောက်ပြီး ကွယ်ပျောက်ခြင်းသို့ မရောက်လေအောင်–

ချမ်းသာတော့သည် ရနိုင်ခဲသော ဂုဏ်မျိုးမဟုတ်ပေ၊ 'သံသရာဘဝမျှားစွာတို့၌ ရခဲ့ဖူးကြလေပြီ။ စကြာမင်းကြီး ဖြစ်ရုံမျှဖြင့် သံသရာမှ မလွတ်မြောက်နိုင် သေးပေ။ ဘုရား တရား သံဃာ ရတနာသုံးတန် ကံ, ကံ၏အကျိုးကို ယုံကြည်လျက် သရဏဂုံကို ဆောက်တည်သော ပုဂ္ဂိုလ် သည်သာလျှင် သံသရာမှ လွတ်မြောက်ကြောင်း လုပ်ငန်းကို ကြိုးပမ်း အားထုတ်သော ပုဂ္ဂိုလ်ဟု ဆိုရပေမည်။

တိသရဏ၊ ဘုရား တရား သံဃာ ရတနာသုံးဖြာ ကိုးကွယ်ရာဟု။ ဂတော၊ ယုံကြည်လေးမြတ် ဆည်းကပ်ကိုးကွယ်ခြင်းသို့ ရောက်သော။ ဥပသကောပိ၊ ကြီး လတ် ငယ်ရွယ် အသွယ်သွယ်သော ဥပသကာသည်လည်း။ သောတာပတ္တိဖလ **သစ္ဆိကရိယာယ** ပဋိပန္နောနာမ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံကြိုးကုတ် အားထုတ်နေသောသူမည်သည်။ ဟောတိ။ မုချပုံသေ ဖြစ်နိုင်ပါပေသတည်း။ ဟု ဒက္ခိဏာဝိဘင်္ဂသုတ်၌ မိန့်တော်အုပ်သည်နှင့်အညီ ဗုဒ္ဓဘာသာသမ္မာအယူရှိသူတို့သည် သရဏဂုံ ဆောက်တည်သည်မှစ၍ သောတာပတ္တိသစ္ဆိကရိယာယ ပဋိပန္နပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရှိနေခြင်းဟာ ကမ္ဘာတစ်ဝှမ်းလုံး ထူးခြားသော လောကုတ္တရာ ဂုဏ်ထူး ဂုဏ်မြတ် ဖြစ်ပါသည်။

မြန်မာပြည်၌ သမ္မာအယူအဆ ရှိသူတို့သည် စကားစပြီးနားလည်ကလေးအရွယ်မှစ၍ ဘုရား တရား သံဃာ ရတနာသုံးဖြာ ကိုးကွယ်ရာကို ယုံကြည်လေးမြတ် လွန်ခဲ့ဖူးတော်ဖြင့် ဆည်းကပ်ကိုးကွယ်ကြပါသည်။

ဘုရား တရား သံဃာ ရတနာ သုံးတန်ကို လေးမြတ်ယုံကြည် သရဏဂုံ၌ တည်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ကြံကြိုးကုတ် အားထုတ်နေသောသူ မည်



ဤသို့လျှင် ဆရာဒကာ ညီညာဖြူဖြူ သာသနာ့တာဝန် ကျေပွန်ကြပုံများသည်ကား အနာဂတ် သာသနာတော်အတွက် အားရဖွယ်များသာ....

နိစ္စံ နှုဂ္ဂဟေ ဂိဟိ၊ပစ္စယေနဟိ သာသနံ။
ပဗ္ဗဇ္ဇိတောစ ဓမ္မေန၊ဝေဒံ စိရံ ဇလိဿတိ။

ဂိဟိ၊ အိမ်ယာလက်ကိုင် နေထိုင်ကြငြား လူ့အများသည်။ ပစ္စယေန၊ ဆေးနှင့် ကျောင်း ဆွမ်း သင်္ကန်း မလွတ် ပစ္စည်းဝတ်ဖြင့်။ နိစ္စံ၊ အမြဲမကွာ မပြတ်သာလျှင်။ အနုဂ္ဂဟေ+အနုဂ္ဂဟေယျ၊စွမ်းအားရှိသလောက် ချီးမြှင့်ထောက်ပံ့ကြရာသတည်း။ ပဗ္ဗဇ္ဇိတောပန၊ အိမ်ယာမရောက် လူ့ဘောင်ပယ်ရှား ရဟန်းတော် အရှင်မြတ်များသည်ကား။ ဓမ္မေန၊ ပရိယတ် ပဋိပတ် ကျင့်အပ် ကျင့်ထိုက် အမြို့က်စဉန်း တရားလမ်းဖြင့်။ နိစ္စံ၊ အမြဲမကွာ မပြတ်သာလျှင်။ အနုဂ္ဂဟေ+အနုဂ္ဂဟေယျ၊ စွမ်းအားရှိသလောက်ချီးမြှောက်ထောက်ပံ့ကြရာသတည်း။ ဇေဒံ၊ ဤသို့ မိမိတာဝန်က အားသွန်ကြိုးပမ်း၍ အမှုထမ်းကြကုန် သည်ရှိသော်။ သာသနံ၊ တွေ့ခဲ့ ကြုံခဲ့ လွန်ကဲဖိုးထိုက် အမြို့က်ရောင်ဝါ ဘုရားရှင်သာသနာတော်သည်။ ဇလိဿတိ၊ ညှိုးနွမ်းမှေးမှိန်၍ သေးသိမ်ခြင်းသို့ မရောက်ဘဲ ထွန်းတောက်ပင့်လင်းလိမ့်မည် အမှန်သာတည်း ဟူသည်နှင့် အညီ ဆရာဒကာ နှစ်ဦးတွဲဖက်၍ ကိုယ့်ဘက် သူ့ဘက် လစ်ဟင်းချက် မရှိရလေအောင် တောက်ပြောင်ခိုင်မာသော သဒ္ဓါပညာ ဝီရိယ စွမ်းပကား အထက်တန်းစား စေတနာတို့ဖြင့် ထိန်းသိမ်း စောင့်ရှောက်ကြဖို့ အရေး သတိပေးနှိုးဆော်အပ်ပါသတည်း။

ပိုက်ကျုံးဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု



အဘိဓေယျဟာရဋ္ဌဂုရု
ဖေါသံတရုပ ဆရာတော်ဘုရားကြီး၏
သဒ္ဒါဒီပနီ

ကိုယ်စိတ်နှလုံးကို ဆုံးမပြီးဖြစ်၍ ရဲရင့်ကုန်သော တရားဓမ္မကိုဆောင်၍ တရားအားလျော်သော အကျင့်ကို ကျင့်ဆောင်ကြသည့်. ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမဟူသော ပုဂ္ဂိုလ်လေးမျိုးတို့သည် သံဃာကို တင့်တယ်စေကုန်၏–ဟု အဂ်ုတ္တရနိကာယ်၊ (ပထမတဲ့) စတုက္ကနိပါတ်၊ ပဌမပဏ္ဏာသ၊ ဘဏ္ဍဂါမဝဂ်၊ သောဘနသုတ် ဒေသနာတော်၌ ဘုရားရှင် အကျယ်ဟောတော်မူ၍–

ဘိက္ခဝေ သီလသမ္ပန္နော၊ ဘိက္ခဝေ ဗဟုဿုတော။
ဥပါသကောစ ယော သဒ္ဓေါ၊ ယာစ သဒ္ဓါ ဥပါသိကာ။
ဧတေ ခေါ သံဃံ သောဘေန္တိ၊ ဧတေ ဟိ သံဃ သောဘနာ။

ဟု ဒေသနာကို အကျဉ်းအားဖြင့် အဆုံးသတ်တော်မူသည်။

အကျဉ်းဒေသနာဂါထာ၌ သီလနှင့်ပြည့်စုံသော ရဟန်းယောကျ်ား, ဗဟုသုတပြည့်ဝသော ရဟန်းမိန်းမ, သဒ္ဓါတရားရှိသော ဥပါသိက, ဥပါသိကာမဟူသော ဤပုဂ္ဂိုလ်တို့သည် သံဃာကို တင့်တယ်စေကြ၏။ ဤပုဂ္ဂိုလ်တို့သည် သံဃာတော် တင့်တယ်ကြောင်း ဖြစ်ကုန်၏–ဟု အဂ်ါတစ်ပါးစီ ဟောကြားထားစေကာမူ ဤအဂ်ါအသီးသီးသည် ပုဂ္ဂိုလ်လေးမျိုးလုံးနှင့် သက်ဆိုင်ကြသည်ဟု အရှင်ဗုဒ္ဓဃောသ မထေရ်မြတ်က အဂ်ုတ္တရအဋ္ဌကထာ၌ ရှင်းပြတော်မူပေသည်။

တိပိဋက=နိကာယအဖွဲ့ကြီး၏ သံဃာ့အဖွဲ့တင့်တယ်ရေး သာသနာတော်တင့်တယ်ရေး ပုညကုသိုလ်စေတနာတို့သည် မျက်မှောက်တမလွန် နိဗ္ဗာန်တိုင်အောင် အကျိုးပေးမည်သာ....



ယခုအခါ သာသနာတော်၌ ဘိက္ခုနီမများ မရှိတော့စေကာမူ အထက်ဖော်ပြပါ အရည်အချင်းနှင့် ပြည့်စုံကြသော ရဟန်းယောကျ်ား၊ ဥပါသကာ၊ ဥပါသိကာမသုံးမျိုးတို့ကပင် သံဃာတော် အဖွဲ့အစည်းကို တင့်တယ်စေနေကြပေသည်။

သံဃာတော်အဖွဲ့အစည်း တင့်တယ်ခြင်းသည်လည်း ဗုဒ္ဓသာသနာတော် တင့်တယ်ခြင်းပင်ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် သံဃာတော် အဖွဲ့အစည်း၌ ပါဝင်ကြသော ရဟန်းတို့ကိုကိုယ်ကျင့်သီလနှင့် ပြည့်စုံ၍ ကိုယ်နှုတ်နှလုံး ယဉ်ကျေးသိမ်မွေ့ပြီး ဗုဒ္ဓဓမ္မကို လေ့ကျက်သင်ယူကာ တရားတော်နှင့် လျော်ညီစွာ ကျင့်ကြံ အားထုတ်နေကြသော ကာလပတ်လုံး ရှင်တော်ဗုဒ္ဓ၏ သာသနာတော်သည် ကြည်ညိုလေးစားဖွယ်ရာ တင့်တယ်နေမည်သာ ဖြစ်သောကြောင့်တည်း။

တိပိဋက=နိကာယ ဥပဒ္ဒာက ပင်မအဖွဲ့နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေး အဖွဲ့သည် ပိဋကရေ အရှင်မြတ်များ ပေါ်ထွန်းရေး၊ ပြည်တွင်းပြည်ပ သာသနာပြု ပုဂ္ဂိုလ်များ ပေါ်ထွန်းရေးစသည်ကို အလေးပေး ရှေးရှုလျက် ကိုယ်ကျင့်သီလနှင့် ပြည့်ဝစုံညီ၍ ပိဋကစာပေ တတ်ကျွမ်း ထွန်းပေါက်သော ရဟန်းတော်များ တိုးပွားပေါ်ထွန်းလာအောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ၏ ဦးဆောင် လမ်းညွှန်တော်မူချက်ဖြင့် ကြိုးပမ်း ဆောင်ရွက်နေကြသဖြင့် သံဃာတော်ကို တင့်တယ်အောင် ဆောင်ရွက်နေသူများ၊ ထိုမှ တစ်ဆင့် သာသနာတော်ကို တင့်တယ်အောင် ဆောင်ရွက်နေသူများ ဖြစ်ကြပေသည်။

တိပိဋက=နိကာယ ဥပဒ္ဒာက ပင်မအဖွဲ့နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်



ပစ္စည်းလေးပါး လှူကြကုန်သော သဒ္ဓါကြည်ရွှင် သူတော်စင်တို့ကိုလည်း လိုက်လဲစွာ ကြိုဆို၍ အလှူခံယူကြကာ သာသနာတော်ကြီး ပြည့်စုံတင့်တယ်ရေးအတွက် တိ - နိ ဥပဒ္ဒာကအဖွဲ့ဝင်များ၏ ထက်သောသဒ္ဓါတရားကား...

လှူဒါန်းရေး အဖွဲ့ကြီးသည် မိမိတို့ ဆောင်ရွက်ကြိုးပမ်းခဲ့ပြီးသော သံဃသောဘန ပုညကုသိုလ်, သာသန သောဘန ပုညကုသိုလ်များကို ပြန်လှန်စဉ်းစားကာ ပရကုသိုလ် စေတနာ တိုးပွား ဖြစ်ထွန်းနေကြမည် ဖြစ်သကဲ့သို့၊ ကြိုးပမ်းနေဆဲ မူဠကုသိုလ်စေတနာ၊ ဆက်လက် ကြိုးပမ်းမည့် ပုဗ္ဗကုသိုလ် စေတနာများလည်း အစဉ် ဖြစ်ထွန်း တိုးပွားနေကြမည်သာ ဖြစ်ပေသည်။

သံဃာတော်အဖွဲ့အစည်း တင့်တယ်ရေးနှင့် သာသနာတော် တင့်တယ်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သော ကုသိုလ်စေတနာ များစွာသည်လည်း "ကလျာဏကာရီ ကလျာဏံ" ဟူသော နိယာမသဘောတရားနှင့်အညီ မျက်မှောက်တမလွန်နှင့် နိဗ္ဗာန်တိုင်အောင်သော သံသရာခရီးတစ် လျှောက် တင့်တယ်ရေးကို အကျိုးပေးမည်သာဟု အဖွဲ့ဝင်အားလုံး သဘောပေါက်ယုံကြည်ပြီး ဖြစ်ကြပေသည်။

သို့ဖြစ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော် ဦးဆောင်သော တိပိဋက=နိကာယ ဥပဒ္ဒာက ပင်မအဖွဲ့သည် မိမိတို့၏ မဟန်မြတ်အဖိုးတန်လှသော သံဃသောဘန သာသနသောဘန ကောင်းမှုလုပ်ငန်းကို အရှိန်အဟုန်မပျက် ဆက်လက် ကြိုးပမ်းနိုင်ကြပါစေဟု တိုက်တွန်း နှိုးဆော်လိုက်ရပေသည်။

ဘဒ္ဒန္တဃောသိတာဘိဝံသ
အဘိဓဇမဟာရဋ္ဌဂုရု၊
ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊
ထား၀ယ်မြို့။



အာဘိဓေယျဟာရဋ္ဌဂုဏ္ဌ
မြင်းခြံကိုးဆောင် ဆရာတော်ဘုရားကြီး၏

သဒ္ဓါဒေယျသုတ်ဒီပနီကထာ

ပုန ဧပရံ ဘိက္ခဝေ ယေ တေ ဘိက္ခူ။ ဗဟုဿုတာ အာဂတာဂမာ ဓမ္မဓရာ ဝိနယဓရာ မာတိကာဓရာ၊ ဧတ နု သက္ကစ္စံ သုတ္တန္တံ ပရံဝါဧစေန္တိ၊ တေသံ အစ္ဆယေန ဆိန္နမူလကော သုတ္တန္တော ဟောတိ အပ္ပဋိဿရဏော။ အယံ ဘိက္ခဝေ တတိယော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ။ ။(အံ၊ ၂၊ ၁၅၇)။

ပုန(ဝါ)အာဂုံပါဠို နှုတ်တက်ရကြ၏။ ဓမ္မဓရာ=သုတ်အဘိဓမ္မာကို ဆောင်ကြကုန်၏။ ဝိနယဓရာ=ဝိနည်းကို ဆောင်ကြကုန်၏။ မာတိကာဓရာ=မာတိကာကို ဆောင်ကြကုန်၏။ တေ(ဘိက္ခူ)=ထိုရဟန်းတို့သည်။ သက္ကစ္စံ=ရိုသေစွာ။ သုတ္တန္တံ=ဘုရားဟောဖော် ပါဠိတော်ကို။ ပရံ=သူတစ်ပါးကို။ နဝါဧစေန္တိ=မပို့ချကုန်။ တေသံ(ဘိက္ခူနံ)=ထိုရဟန်းတို့၏။အစ္ဆယေန=ကွယ်လွန်ရာ အခါဌ်။ သုတ္တန္တော=ဘုရားဟောဖော်ပါဠိတော်သည်။ ဆိန္နမူလကော = ပြတ်သောအမြစ်အရင်းရှိသည်။ ဝါ=အမြစ်အရင်းပြတ်သည်။ အပ္ပဋိဿရဏော=ထောက်တည်ရာမရှိတော့သည်။ ဟောတိ=ဖြစ်၏။ ဘိက္ခဝေ=ရဟန်းတို့။ တတိယော = သုံးခု မြောက်သော။ အယံ ဓမ္မော = ဤသဘော တရား သည်။ သဒ္ဓမ္မဿ = သဒ္ဓမ္မသုံးဖြာ သာသနာတော်၏။

ဘိက္ခဝေ=ရဟန်းတို့။ ပုနစပရံ = တစ်ဖန်နောက်တစ်မျိုးကား။ ယေတေဘိက္ခူ=အကြင်ရဟန်းတို့သည်။ ဗဟုဿုတာ = များ သော အာဂမသုတ အဓိဂမသုတရှိကြကုန်၏။ (ဝါ) များသောအကြားအမြင်ရှိကြကုန်၏။အာဂတာဂမာ=နှုတ်ဌ်လာသော အာဂုံပါဠိရှိကြကုန်၏။

သမ္မောသာယ=ပျော်ပျက်ခြင်းငှာ။ အန္တရာယ=ကွယ်ပခြင်းငှာ။ သံဝတ္တတိ=ဖြစ်၏။


ပုနစပရံ ဘိက္ခဝေ ယေ တေ ဘိက္ခူ။ ဗဟုဿုတာ အာဂတာဂမာ ဓမ္မာဓရာ ဝိနယဓရာ မာတိကာဓရာ၊ တေ သက္ကစ္စံ သုတ္တန္တံ ပရံ ဝါစေန္တိ။ တေသံ အစ္ဆယေန နစ္ဆိန္နမူလကော သုတ္တန္တော ဟောတိ သပ္ပဋိဿရဏော။ အယံ ဘိက္ခဝေ တတိယော ဓမ္မော သဒ္ဓမ္မဿ ဋ္ဌိတိယာ အသမ္မောသာယ အနန္တရာယာ သံဝတ္တတိ။ (အံ၊ ၂-၁၅၈)

ဘိက္ခဝေ=ရဟန်းတို့။ ပုနစပရံ = တစ်ဖန် နောက်တစ်မျိုးကား။ ယေ တေ ဘိက္ခူ = အကြင် ရဟန်းတို့သည်။ ဗဟုဿုတာ = များသော အာဂမသုတ, အဓိဂမသုတ ရှိကြကုန်၏။ (ဝါ) များသောအကြားအမြင်ရှိကြကုန်၏။ အာဂတာဂမာ = နှုတ်ဆိုလာသော အာဂုံပါဠိ ရှိကြကုန်၏။ (ဝါ) အာဂုံပါဠိ နှုတ်တက်ကြကုန်၏။ ဓမ္မဓရာ = သုတ်အဘိဓမ္မာကို ဆောင်ကြကုန်၏။ ဝိနယဓရာ = ဝိနည်းကို ဆောင်ကြကုန်၏။ မာတိကာဓရာ = မာတိကာကို ဆောင်ကြကုန်၏။ တေ (ဘိက္ခူ) = ထိုရဟန်းတို့သည်။ သက္ကစ္စံ = ရိုသေစွာ။ သုတ္တန္တံ = ဘုရားဟောဖော် ပါဠိတော်ကို။ ပရံ = သူတစ်ပါးကို။ ဝါစေန္တိ = ပို့ချကြကုန်၏။ တေသံ (ဘိက္ခူနံ) = ထိုရဟန်းတို့၏။ အစ္ဆယေန = ကွယ်လွန်ရာအခါ၌။ သုန္တန္တော = ဘုရားဟော ဖော် ပါဠိတော်သည်။ နစ္ဆိန္နမူလကော = ပြတ်သောအမြစ်အရင်းမရှိသည်။ (ဝါ) အမြစ်အရင်း မပြတ်သည်။ သပ္ပဋိဿရဏော = ထောက်တည်ရာ ရှိသည်။ ဟောတိ = ဖြစ်၏။ ဘိက္ခဝေ = ရဟန်းတို့။ တတိယော = သုံးခုမြောက်သော။ အယံ ဓမ္မော = ဤ သဘောတရားသည်။ သဒ္ဓမ္မဿ = သဒ္ဓမ္မသုံးဖြာ သာသနာတော်၏။ ဋ္ဌိတိယာ =



ကိုးဆောင် ဆရာတော်ကြီး

တိဝိဒ္ဓက = နိကာယ သာသနာပြုအဖွဲဝင် သုတော်စင်အပေါင်းတို့.... ငါတို့၏ သာသနာပြုလုပ်ငန်းသည် သာသနာတော်မြတ်ကြီး အရှည်ခံ၍တည်တံ့ရန် မပျော်မပျက် မကွယ်ပရန်အကြောင်း အကောင်းဆုံး သာသနာပြု လုပ်ငန်းကြီး ဖြစ်ပေသည်ဟု ဆင်ခြင်စဉ်းစားလျက် အားထုတ်ကြပါ။



ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၏ စာသင်တန်းများ

တည်တံ့ခြင်းငှာ။ အသမ္မောသာယ=မပျောက်ပျက်ခြင်းငှာ။ အနန္တရဓာနာယ=မကွယ်ပခြင်းငှာ။ သံဝတ္တတိ=ဖြစ်၏။

ဤတတိယ သဒ္ဓမ္မသမ္မောသသုတ်လာ ဗုဒ္ဓမိန့်မှာ ဒေသနာတော်အရ အကြားအမြင်များ၍ အာဂုံပါဠိ နှုတ်တက်ရကြသည့် သုတ္တန်ဆောင်, အဘိဓမ္မာဆောင်, ဝိနည်းဆောင်, မာတိကာဆောင်ရဟန်းတို့၏ ဘုရားဟောပါဠိတော်များကို တပည့် အဆက်ဆက် တို့အားကောင်းစွာ မပို့ချကြခြင်းသည် သဒ္ဓမ္မ သုံးဖြာသာသနာတော် ပျောက်ပျက်ကွယ်ပရန် ဖြစ်ပေသည်။

အကြားအမြင်များ၍ အာဂုံပါဠိ နှုတ်တက်ကြသည့် သုတ္တန်ဆောင်, အဘိဓမ္မာဆောင်, ဝိနည်းဆောင်, မာတိကာဆောင် ရဟန်းတော်တို့၏ ဘုရားဟော ပါဠိတော်များကို တပည့် အဆက်ဆက်တို့အား ကောင်းစွာ ပို့ချနေခြင်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော် တည်တံ့ရန် မပျောက်ပျက် မကွယ်ပရန် ဖြစ်ပေသည်။

ဤအချက်ကို ကွက်ကွက်ကွင်းကွင်း လင်းလင်းထင်ထင် သိမြင်တော်မူသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်သည် မိမိကိုယ်တော်တိုင် ဦးဓဇာင်တော်မူ၍ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်း တည်ထောင်တော်မူခဲ့လေသည်။

ယင်း တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကြီးသည်–

က။ တိပိဋက=နိကာယ ရဲ့ အရှင်မြတ်များ ပေါ်ထွန်းရန်, တိပိဋက=

သော သာသနာ့ အာဇာနည် ပုဂ္ဂိုလ်ကျော် (၁၉၅)ပါး ပေါ်ထွန်းခဲ့လေသည်။

ဤအချက်ကို ထောက်ဆရုံဖြင့် ဤအဖွဲ့ကြီး၏ သာသနာပြုလုပ်ငန်းကြီး မည်မျှ အောင်မြင်နေသည်ကို အထူးဖော်ပြရန်ပင် မလိုတော့ချေ။ ဤအဖွဲ့ကြီး၏ သာသနာပြု လုပ်ငန်းကြီးကား ဘုရားဟောပါဠိတော်များ အမြစ်မပြတ် စေရန်, ဗုဒ္ဓမြတ်စွာ သာသနာတော့် မြတ်ကြီး အရှည်ခံ၍ တည်တံ့စေရန်, မပျောက်ပျက် မကွယ်ပစေရန်တတိယသင်္ဂမ္မသမ္မောသသုတ်လာ ဒေသနာတော်နှင့် အညီ ဆောင်ရွက်အပ်သော လုပ်ငန်းကြီးဖြစ်ရကား ကြားသိရသူတိုင်း လွန်စွာ နှစ်သက် ဝမ်းမြောက်ကြရပေသည်။ သာသနာတော် အတွက် အားတက်ကြရပေသည်။

သို့ဖြစ်၍ ဤတိပိဋက=နိကာယသာသနာပြု အဖွဲ့ဝင် သူတော်စင်တို့သည် "ငါတို့၏ သာသနာပြု လုပ်ငန်းကြီးသည်ကား တတိယ သင်္ဂမ္မ သမ္မောသသုတ်လာ ဗုဒ္ဓမြတ်စွာ၏ မိန့်မှာချက် အရ သင်္ဂမ္မသုံးဖြာ သာသနာတော်မြတ်ကြီး အရှည်ခံ၍တည်တံ့ရန်၊ မပျောက်ပျက် မကွယ်ပရန် အကြောင်းအကောင်းဆုံး သာသနာပြုလုပ်ငန်းကြီး ဖြစ်ပေသည်တကား" ဟု ဆင်ခြင်စဉ်းစားပိတိပဉ်းလျက် ဆထက်ထမ်းပိုး တိုး၍ တိုး၍ ကြိုးစားအားထုတ်ကာ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို ချီးမြှောက် ထောက်ပံ့ကြရန် တိုက်တွန်းစကား မိန့်ကြားလိုက်ရပေသတည်း။

ဘဒ္ဒန္တသောဘိတ
အာဘိဓဇမဟာရဋ္ဌဂုရု
ဒုတိယဥက္ကဋ္ဌ၊
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊
မဟာဝိသုတာရာမပခုက္ကူကျောင်းသစ်၊
ကိုးဆောင်တိုက်၊ မြင်းခြံမြို့။

နိကာယ ကျောင်းတိုက် ကြီးများ ဆောက်လုပ် ဖွင့်လှစ်၍ နိကာယ် ငါးရပ် ပိဋကတ်တော်ကို လေ့လာသင်ကြား အားထုတ်စေခြင်း

ခ။ ရန်ကုန်မြို့နှင့် မန္တလေးမြို့၌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်းကာ ပိဋကတ္တမ်းကျင် ပညာရှင် ရဟန်းတော်များ ပေါ်ထွက်စေရန် အားပေးထောက်ပံ့ခြင်း

စသော သာသနာပြုလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်လျက် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ရေး, စည်ပင်ပြန့်ပွား ထွန်းကားရေး တို့ကို အားပေးထောက်ပံ့လျက်ရှိပေသည်။

ဤအဖွဲ့ကြီး၏ အားပေးပြုစု ထောက်ပံ့မှုကြောင့် ၁၃၄၀-ခုနှစ်မှ ၁၃၄၉-ခုနှစ် အထိ (၁၀)နှစ်အတွင်း၌–

၁။	ဝိနယဓရ	၃၀-ပါး
၂။	ဒီဃဘာဏက	၄၃-ပါး
၃။	မဇ္ဈိမဘာဏက	၂-ပါး
၄။	သံယုတ္တဘာဏက	၁-ပါး
၅။	ဥဘတောဝိဘင်္ဂဓရ	၉၇-ပါး
၆။	အဘိဓမ္မာရှေ့ပိုင်း အာဂုံဆောင်	၁-ပါး
	စုစုပေါင်း(အာဂုံပြန်ဆောင်)	၁၇၄-ပါး
၁။	ဝိနယကောဝိဒ	၂-ပါး
၂။	ဒီဃနိကာယကောဝိဒ	၁၁-ပါး
၃။	ဥဘတောဝိဘင်္ဂကောဝိဒ	၆-ပါး
၄။	မဇ္ဈိမနိကာယကောဝိဒ	၂-ပါး
	စုစုပေါင်း (ရေးဖြေအောင်)	၂၁-ပါး



အလွန်ကြီးမားသော သာသနာတော်ကြီး စောင့်ရှောက်ရေးအတွက် အလွန် ကြီးမားသော ပုဂ္ဂိုလ်ကျော်များ လိုလားအပ်ပါသည်။

၁။ အစ္ဆေရ ဇာတံ နော ဗုဒ္ဓ၊ သာသနံ သုခ ဒါယကံ။
ပုညေနာ ပါဒိတံ တတ္ထ၊ ကိမုပေက္ခာ မသေ မယံ။

စွမ်းရည်အပြည့် သတ္တိဖြိုးကြွယ် အံ့ဖွယ်စင်စစ်ဖြစ်သော ချမ်းသာသုခ လိုတိုင်းရအောင် ပေးဆောင်တော်မူတတ်သော မြတ်ဗုဒ္ဓ၏ ထူးလှသော အနှစ်ရတနာ သာသနာတော်မြတ်ကြီးကို မိမိတို့သည် ပုဗ္ဗေစ ကတပုညတာ ပါရမီထက်သန် ကံထူး ဘုန်းထူး အရ ကြုံခဲ့ ဆုံခဲ့ ရခဲ့ရပါပေပြီ။ ဘုန်းကံထူးစွာ ပါရမီအရ ကြုံတောင့်ကြုံခဲ ကြုံလာရသော ထိုဗုဒ္ဓမြတ်စွာ၏ ထူးခြားသော သာသနာတော်မြတ်ကြီးကို အကျွန်ုပ်တို့သည် အဘယ်မှာလေ့လာမပြု လျစ်လျူရှုနိုင်ပါအံ့နည်း။ လျစ်လျူမရှု တိုးအောင်ပြုကာ ကြိုးစားတော့မည်သာတည်း။

၂။ ပရိယတ္တိ ပဋိပတ္တိ၊ စသာဓိဂမ လာဘယာ။
အနုယုဉ္ဇဝ ဗုဒ္ဓဿ၊ သာသန ဝုဒ္ဓိ ကာရကော။

ဗုဒ္ဓသာသနာတော်၌ အဓိဂမ=မဂ်ဖိုလ်နိဗ္ဗာန်ရခြင်းသည် အဓိကဖြစ်၏။ထို့အဓိဂမအကျိုးငှာ သာသနာတော်ကို အမှီပြုရသည်ဖြစ်ရာ စာပေကျမ်းဂန်သင်ယူခြင်း၊ ပရိယတ္တိ သီလ သမာဓိ ပညာ သိက္ခာသုံးပါး ကျင့်ကြံခြင်း၊ ပဋိပတ္တိ ဤလမ်းအတိုင်း ကြိုးစား အားထုတ်သူသည်သာ မြတ်ဗုဒ္ဓ သာသနာတော် တိုးပွားအောင် ကြိုးစားသူစင်စစ် ဖြစ်ပါပေတော့သည်။ ဤသို့ကြိုးစားခြင်းဖြင့် မိမိသန္တာန်မှာ ပရိယတ်တော့ တိုးပွားလာရတော့သည်။ ပဋိပတ္တိတော့ တစ်ဆင့်ထက်တစ်ဆင့် မြင့်ကာ မြင့်ကာ တိုးတက်စည်ကားလာရပေတော့သတည်း။



သပြေကန် ဆရာတော်ကြီး

ပရိယတ် ပဋိပတ်
တရားတော်များ
ရှင်လူအများတို့၏
သန္တာန်မှာ
အနှံ့အပြားပြန့်ပွား
တည်နိုင်မှသာ
သာသနာတော်ကြီး
အယွန်တိုးတက်
ကြီးပွားနိုင်သည်၊
သို့ဖြစ်၍
ပရိယတ်ဝန်ဆောင်တွေ
များပြားလာအောင်
ကြိုးစားကြ....

၃။ သယံ အာရဒ္ဓ မတ္တေန၊ နံ တံ ယာတိ တိ ဝုဒ္ဓိတံ။
အပိစ ဝါစ နာညေသံ၊ ဒေသနာ ယေဝ တံ ဘဝေ။

ဆိုခဲ့ပြီးအတိုင်း ကိုယ်တိုင် ပရိယတ် ပဋိပတ် တရားများကြိုးစားရုံမျှဖြင့် အထိုက်အလျောက် သာသနာ တိုးပွားလာနိုင်ပါသည်။ သို့သော် တကယ်တိုးတက်ကြီးပွားခြင်းဟု မဆိုရသေး။ ရှင်လူအများ သန္တာန်မှာ အနှံ့အပြား ပြန့်ပွားမှသာ သာသနာ အလွန် တိုးတက်ကြီးပွားနိုင်သည်။ သို့ဖြစ်ရာ ပရိယတ္တိဝန်ဆောင်တွေ အများအပြား ပြန့်ပွားစည်ကားအောင် ပို့ချခြင်းဖြင့်လည်းကောင်း၊ ကျင့်ကြံသူတွေ တိုးပွားအောင် ကြိုးစား ဟောပြ သင်ကြားပေးခြင်းအားဖြင့် လည်းကောင်း သာသနာတော် တိုးပွားအောင် ကြိုးစားရမည်ဖြစ်ပါသည်။ ရှင်တော်မြတ်ဘုရား သာသနာတော် တိုးပွားအောင် ကြိုးစားတော်မူစဉ်က ကိုယ်တော်တိုင် ဟောပြောခဲ့သည်။ စရဏဘိက္ခဝေ စာရိကံ စသည်ဖြင့် တိုက်တွန်းနှိုးဆော်ကာ သံဃာတော်များအောင် ဗုဒ္ဓဘာသာဝင်တွေများအောင် ဆောင်ရွက်တော် မူခဲ့ပါသည်။

၄။ ကထံ ဓိဋ္ဌာနံ ကာတဗ္ဗံ၊ သာသန ဝုဒ္ဓိ ကာရိဘိ။
ဝိနယေ ဥပါလိ ထေရော ဝ၊ အဓိဋ္ဌာနံ ဒဠှံ ကရေ။

သာသနာပြုရာ၌ အောင်မြင်အောင် ဘယ်လို အဓိဋ္ဌာန်ချက် ထားရမည်နည်း။ ဤအရာ၌ အရှင်ဥပါလိ မထေရ်မြတ်သည် သာဓကဖြစ်ပါသည်။ ဝိနည်း၌ စွဲမြဲစွာ အဓိဋ္ဌာန်ထား ကြိုးစား

ခဲ့၍ ဝိနည်းသာသနာပြုရာ၌ အအောင်မြင်ဆုံး ဧတဒဂ်ရ ပုဂ္ဂိုလ်ကျော်အဖြစ် ရောက်ခဲ့ရသည်မှာ အထင်အရှားပင် ဖြစ်ခဲ့ပါ၏။ အရှင်ဥပါလိ၏ အဓိဋ္ဌာန်မှာ ဝိနယော အာသယော မယ္ဍ=ဝိနည်းသည် ငါ၏နေရာ ကျောင်းရိပ်သာပါပေ။ ဝိနယော ဌာန စက်ံမံ=ဝိနည်းသည် ငါ၏ရပ်ရာ သွားရာ စင်္ကြံတော်ပါပေ။ ကပ္ပေမိ ဝိနယေ ဝါသံ=ငါသည် ဝိနည်းတရားတော်၌ စွဲမြဲမကွာ နေခြင်းကို ပြုပါ၏။ ဝိနယော မမ ဂေါစရော = ဝိနည်းသည် ငါ၏ အမြဲသုံးရာ စားကျက် ပါပေတည်း။

၅။ သာသနံ အာယယောမယ္ဍံ၊ သာသနံ ဌာန စက်ံမံ။
ကပ္ပေမိ သာသနေ ဝါသံ၊ သာသနံ မမ ဂေါစရော။

သာသနာ တကယ်ပြုလိုသောပုဂ္ဂိုလ်များလည်း ထိုအရှင်မြတ်၏ အဓိဋ္ဌာန် စိတ်အကြံမျိုး ထားသင့်လှပေသည်။ သာသနာတော်သည် ငါ၏နေရာ ကျောင်းရိပ်သာပါပေ။ သာသနာတော်သည် ငါ၏ရပ်ရာ သွားရာ စင်္ကြံတော်ပါပေ။ ငါသည် သာသနာတော်၌ စွဲမြဲမကွာ နေခြင်းကို ပြုပါ၏။ သာသနာသည် ငါ၏အမြဲသုံးရာ စားကျက်ကြီး ဖြစ်ပါပေသတည်း။

၆။ မဟန္တံ့ သာသန ကိစ္စံ၊ အလံ ကာတုံ နကေနစိ။
အလံ'တိ မဟန္တေဟေဝ၊ အာဇာနိယေဟိ ကာတဝေ။

သာသနကိစ္စမှာ တစ်ဦးတစ်ယောက် အရာဆိုလျှင် လွယ်သေး၏။ တိုက်တာတစ်ခုအတွက် ဆိုလျှင် ပြုလုပ်ဆောင်ရွက်ဖို့ အတော်ခက်သွား၏။ တစ်တိုင်းတစ်ပြည်လုံးအတွက် ဆိုလျှင်တော့ ရေပြာစရာမရှိ။ သူသူငါငါ သာမန်ပုဂ္ဂိုလ်တို့အရာ မဟုတ်တော့ပြီ။ တကယ် ကြီးမြတ်လှသော သာသနာ့အာဇာနည် မထေရ်မြတ်ကြီးတို့သာ စွမ်းနိုင်တော့သည်။

၇။ မဟန္တာ ဧဝ မဟတံ၊ အတ္ထံ သာဓယိတုံ ခမာ။
ရိတေ သမုဒ္ဒါ ကောအညော၊ အဘရိဗဉ္ဇဝါ နလံ။


ကြီးကျယ်သူတို့သာ ကြီးကျယ်သူတို့၏ အကျိုးစီးပွားကို ပြီးမြောက်အောင် ဆောင်ရွက်ခြင်းငှာ စွမ်းနိုင်၏။ သမုဒ္ဒရာ ပြင်ကျယ် ပင်လယ်ကြီးကိုထား၍ တစ်ခြားဘယ်အရာကမှ ဗဉ္ဇဝါမုခ (သမုဒ္ဒရာမီးကြီး)ကို ဆောင်ထားခြင်းငှာ မတတ်နိုင်ပါပေ၊ နီတိအဆိုဖြစ်၏။ ကြီးကျယ်သောအရာကို ကြီးကျယ်သူတို့သာ ဆောင်ရွက်နိုင်ကြပါပေသည်။

၈။ မြမွ သာသန ကိစ္စန္တိ၊ မဟန္တံ့ သာဓု သာဓနေ။
သဗ္ဗတ္ထ'တိ မဟန္တေဟေဝ၊ ဘဝိတဗ္ဗံ ဟဝေ ဟဝေတိ။

မြန်မာနိုင်ငံတော်၏ သာသနကိစ္စများကား အလွန်ကြီးမား အလွန်ပင် များပြားလှပါသည်။ ထိုကိစ္စများမြောင်ကို အပြီးရောက်အောင် ဆောင်ရွက်ရာ၌ နေရာခပ်သိမ်းဝယ် သူ့ထက်ထူးခြား တကယ် တကယ် အလွန်ကြီးမားသော ပုဂ္ဂိုလ်ထူးတွေသာ ဖြစ်သင့်ဖြစ်ထိုက် ဖြစ်အောင် ပြုရမည်သာတည်း။

အရှင်ဝါသေဋ္ဌာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
ရွှေကျင်တိုက်သစ်၊ ပုဇွန်တောင်မြို့နယ်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ





ထာဝရရှင်သန်နေမည့်

သာသနာတော်ဆိုင်ရာ

အရှင်နာဂဒါဘိဝံသ(ဒုတိယဆရာတော်ကြီး)

နိဒါန်းတော်ကြီးယူကြောသာသနာတော်ဆိုင်ရာ





ကြည်သိန်း

၁၃၄၁-ခုနှစ် တွင် မြန်မာ နိုင်ငံ တော်၌ မကြုံဘူး သော ဂိုဏ်းပေါင်း စုံ သံ ဃာ တော် များ၏ ညီညွတ်မှု ကြီး ရရှိပါသည်။ ယင်း ညီညွတ်မှု ရ ရှိသဖြင့် ၁၃၄၂-ခု နယုန် လဆန်း (၁၁-၁၂-၁၃) ရက် တို့ ၌ ပြည် ထောင်စု မြန်မာ နိုင်ငံတော် သံ ဃာ တစ် သိန်း ကျော် တို့ ၏ ကိုယ် စား သံ ဃ သမ္မုတိ ရ သံ ဃာ့ ကိုယ် စား လှယ်အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပ နိုင်ခဲ့ပါသည်။ ယင်းအစည်းအဝေး၌ ပရိယတ္တိ မူလေးချက်ကို ချမှတ်အတည်ပြုခဲ့ပါသည်။

ယင်းပရိယတ္တိမူလေးချက်မှာ--

၁။ ကိုယ်ကျင့်တရား ပိုမို ကောင်းမွန်လာ စေရေး၊

၂။ ပိဋကတ်ကျမ်းဂန် ဆန့် စပ်စေရေး၊

၃။ ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင် ရေး၊

၄။ မြန်မာစာပေ တတ်မြောက် ကျွမ်းကျင် ရေးတို့ ဖြစ်ပါသည်။

အထက်ပါ အခြေခံမူလေးချက်နှင့် ပရိယတ္တိ ပညာရေး စီမံကိန်းကို ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် တတိယ အစည်းအဝေး ကြီးက အဖည့်ပြု ပြဋ္ဌာန်းပေးခဲ့ပါသည်။

ယင်းပရိယတ္တိ ပညာရေးစီမံကိန်း၌ ပါရှိသော

(က) တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ စနစ် ပြုပြင်ကျင်းပရန်၊

(ခ) ကျောင်းထိုင် ဘုန်းကြီး သင်တန်း ကျောင်းများ ဖွင့်လှစ်သင်ကြားပေး ရန်၊

(ဂ) ပထမပြန်စာမေးပွဲ ပြုပြင် ကျင်းပ သွားရန်၊

(ဃ) ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတော် ကြီး တစ်ကျောင်းစီ ဖွင့်လှစ်ရန်— ဟု ပါရှိပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် စတုတ္ထမြောက် ဖြစ်သော စီမံကိန်းကို အမြန် အကောင်အထည်ဖော်နိုင်ရန် ပရိယတ္တိပညာရေးတက္ကသိုလ် ကော်မတီကို ဖွဲ့စည်းပေးခဲ့ပါသည်။ ယင်းအဖွဲ့သည် တက္ကသိုလ်၌ ခေတ်နှင့် အညီ သင်ပြနိုင်သော ဆရာလောင်းများ ဖော်ထုတ်ရေး အစီအစဉ်ကို ချမှတ်ပြီး ခြောက်လ သင်တန်း၊ နှစ်လသင်တန်းများ ပေးခဲ့ပါသည်။ တက္ကသိုလ်ဆိုင်ရာ စီမံချက် စည်းမျဉ်း ကိုလည်း ရေးသားပြုစုခဲ့ပါသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် တက္ကသိုလ်အုပ်ချုပ်ရေး ဗဟို အဖွဲ့ကိုလည်း ဖွဲ့စည်းပြီး ပရိယတ္တိ သာသနာ့ တက္ကသိုလ် လုပ်ပိုင်ခွင့်များကိုလည်း အပ်နှင်းခဲ့ ပါသည်။

ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကျောင်းတော် အဆောက်အဦ အမြန် ဖြစ်မြောက်ရန် အတွက် သံဃမဟာ နာယက အကျိုးတော်ဆောင် တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသ မထေရ်မြတ်အား တာဝန်ပေးခဲ့ပါသည်။ တာဝန်ပေးခဲ့သည့်အတိုင်း တိပိဋက ဆရာတော်ကြီးက ကျေနပ်စွာ လက်ခံတော်မူ

ပြီး တီပီဋကာ=နိကာယသာသနာပြုအဖွဲ့ကြီးနှင့်တက်ုပ်လက်ညှိ ဆောင်ရွက်သဖြင့် နတ်ဘုံနတ်နန်း အလား ဖြစ်ပေါ်လာသည်ကို ကမ္ဘာအေးကုန်းမြေမှာ တွေ့မြင်နိုင်ပါသည်။

တက္ကသိုလ် ပညာသင်ုံစနစ်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော် ဗုဒ္ဓ ဂေါတမ မပွင့်ထွန်းမီ ရှေးပဝေသဏီ ကာလမှ စတင်ဖြစ်ပေါ်ခဲ့သည်။ ဗုဒ္ဓဂေါတမ လက်ထက်တော်၌လည်း တက္ကသိုလ်ကျောင်းကြီးများ ထီးထီးမားမား တည်ရှိခဲ့သည်။ အင်္ဂုလိမာလမထေရ်၊ သမားတော် ဇီဝက၊ ဝေလာမ ပုဏ္ဏား၊ သုသိမလုလင်၊ ပဿေနဒိမင်း၊ လိစ္ဆဝီမင်း၊ ဗန္ဓုလ စစ်သူကြီး စသည်တို့သည် ထင်ရှားသော တက္ကသိုလ် ကျောင်း ထွက်များ ဖြစ်ခဲ့ကြသည်။

ပါဠိတော်များ၌ တွေ့ရသော တိုင်းကြီး ဆယ့်ခြောက်တိုင်း စာရင်းတွင် ဂန္ဓာရတိုင်းလည်း အပါအဝင်ဖြစ်သည်။ ဂန္ဓာရ တိုင်း၏ မြို့တော်၌ ဒိသာပါမောက္ခ ဆရာကြီးသည် တစ်ဆယ့် ရှစ်ရပ်သော အတတ်ပညာ (အဋ္ဌာရသသိပ္ပ)တို့ကို အခေါင် အဖျား အထွတ်အထိပ်ရောက် အောင် သင်ကြားပေးခဲ့ပါသည်။

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး များ ဆောက်လုပ် လှူဒါန်း ရေး အတွက် အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင်ဆရာတော်ကြီး၊မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးတို့ အား တိပိဋကာ=နိကာယဥပဒ္ဒာက ပင်မအဖွဲ့ ဥက္ကဋ္ဌ အထူးကု ဆရာဝန်ကြီး ဦးသာလှက လုပ်ငန်း ရပ် များ ဘ ကြောင်း လျှောက်ထား၍။





ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် နာယကချုပ် ကျောင်းဆောင်ပန့်ရိုက် ပွဲ၌ ရေစက်သွန်းချ အခမ်းအနား။


ထိုသို့ သင်ကြား ပေးသဖြင့် အ တိုင်း တိုင်း အပြည်ပြည်တို့မှမင်းညီမင်းသားများနှင့် သူဌေး သူကြွယ်သားများ တပည့် ကျောင်းသားပေါင်း များစွာ လာရောက် ပညာဆည်းပူး သင်ယူကြ သည်။

မြတ်စွာဘုရား လွန်တော်မူပြီး နောက်ကာလ ၌လည်း (ခရစ်နှစ်-၄၅၀)ခန့်တွင် မဂဓတိုင်း၌ နာလန္ဒကျောင်းတော်ကြီးနှင့် ဝိက္ကံမသီလဩဒန္တ ပူရ ကျောင်းတော်၊ အိန္ဒိယတောင်ပိုင်း၌ သီရိ ဓညကဒုက ကျောင်း တော်၊ ဗင်္ဂလား နယ်၌ ဂုဂဒ္ဒလကျောင်းတော်၊ထို့ပြင်သီဟိုဠ်နိုင်ငံ(ယခု သီရိလင်္ကာနိုင်ငံ)၌ ဝိဇ္ဇောဒယ ကျောင်းတော်၊ ယိုးဒယားနိုင်ငံ(ယခုထိုင်း)၌မဟာမောင်းကွတ် ကျောင်းတော်နှင့် မဟာ ချူလာ လောင်ကွန် ကျောင်းတော် စသည်တို့သည် ထင်ရှားကျော် ကြားသော ဗုဒ္ဓဘာသာ တက္ကသိုလ် ကြီး များ ဖြစ်ခဲ့ကြပါသည်။

ပြည်ထောင်စု မြန်မာ နိုင်ငံမှ တက္ကသိုလ် ပညာတတ် ပုဂ္ဂိုလ်များက ခေတ်မီ စနစ်တကျ ဗုဒ္ဓဘာသာတက္ကသိုလ်ကြီး တစ်ခု တည်ထောင် ရေးအတွက် ၁၉၁၂-ခုနှစ် ကတည်းက အကြံ ပြုချက်များ ပေါ်ပေါက်ဖူးခဲ့ပါသည်။ ရန်ကုန် ကောလိပ် ပါဠိ ပါမောက္ခ မဟန်ဇွာစီ-ဒဂ္ဂါဉ် ဆယ်က သီဟိုဠ်နိုင်ငံ ကိုလံဘိုမြို့ရှိ ဝိဇ္ဇောဒယ၊ ဝိဇ္ဇောလင်္ကာရတက္ကသိုလ်များကဲ့သို့ တက္ကသိုလ် ကျောင်းတိုက်ကြီးတစ်တိုက် ရန်ကုန်မြို့မှာ ဖြစ်



ပြည်ထောင်စု မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဆိုင်ရာ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး ဖြစ်ပေါ်သင့်သည်မှာ အချိန်အတန်ကြာခဲ့ပြီ ဖြစ်သော်လည်း အကြောင်းအမျိုးမျိုး ချုတ်ယှင်းခဲ့ခြင်းကြောင့် မပေါ်ပေါက်ဘဲ ရှိခဲ့ရာ ယခုအခါတွင် ရဟန်းသံဃာ တစ်သိန်းကျော်တို့၏ ကိုယ်စားပြုသော နိုင်ငံတော် သံဃမဟာ နာယကကြီးအဖွဲ့ကြီးက ဗုဒ္ဓ သာသနာတော်တွင် အမှန်တကယ် လိုအပ်နေသော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန် ကို ၁၃၄၀-ခု၊ နယုန်လပြည့်ကျော် ၁-ရက်(၂၆-၆-၇၆)တနလ်ာနေ့တွင် အာခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ ပါသည်။



စေ၊ မန္တလေးမြို့မှာ ဖြစ်ခစ တည်ထောင်ရန် အကြံပြုခဲ့ဖူးပါသည်။ ၁၉၃၇-ခုနှစ် ရန်ကုန် တက္ကသိုလ် ကျောင်းအုပ်ကြီး ဦးဖေမောင်တင် (အမ်အေ၊ ဒီ-လစ်)ကလည်း သံဃာတော်များ အုပ်ချုပ်သော ပါဠိ တက္ကသိုလ်ကြီး တစ်ခု မန္တလေးမြို့မှာ တည်ထောင်သင့်ကြောင်း၊ စာပေပို့ချရန်အတွက် ကျမ်းကျင်လိမ္မာသော ဆရာတော်များကိုလည်း ဆရာတော်များထဲမှ ရွေးချယ်ဆောင်ရွက်သင့်ကြောင်း အကြံပြုခဲ့ ဖူးပါသည်။

သို့သော်လည်း ထိုအချိန်အခါက မြန်မာနိုင်ငံကို အုပ်ချုပ်သော အစိုးရသည် အင်္ဂလိပ်လူမျိုး ဘာသာခြား ဖြစ်နေခြင်းနှင့် ကာယကံရှင် ဖြစ်ကြသော ဗုဒ္ဓဘာသာ ရဟန်း သံဃာတော်များဘက်ကလည်း လိုလားသော ဆန္ဒ+ကြိုးစားမှု ဝီရိယမာတ် မရှိသဖြင့် ဗုဒ္ဓဘာသာတက္ကသိုလ်ကြီး အရိပ်အရောင်တောင် မသန်းဘဲ အိပ်မက်များနှင့်အတူ ပျောက်ကွယ်ခဲ့ ပါသည်။

လွတ်လပ်ရေး ရပြီးနောက် ဆဋ္ဌသံဂါယနာ အောင်ပဲ့ နောက်ကာလ၌လည်း ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခု တည်ထောင်ရန် အစပျိုးခဲ့ပါသည်။ သို့သော် တက္ကသိုလ်ကြီး ဖြစ်မြောက်အောင်မြင်ရန် အဓိကဆောင်ရွက်ရမည့် အပိုင်းတို့၌ အစစအရာရာ ချို့တဲ့မှုကြောင့် ပေါ်လူပေါ်ဆဲ အခွင့်အရေးကြီးတစ်ရပ် လက် တစ်ကမ်းအလိုတွင် ဆုံးရှုံးသွားခဲ့ပြန်ပါသည်။

◀ မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် သာသနိကအဆောက်အအုံများ ရေစက်ချ အလှူပွဲ၌ ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးသာလှ လျှောက်ထားစဉ်။

ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္က ▶ -သိုလ် ကျောင်းလွှတ်ပူဇော်ပွဲ၌ မင်းကွန်း တိပိဋကဆရာတော်ကြီး ဖွင့်လှစ်ပေးတော်မူပုံ



ထို့အတူ ပရိယတ္တိ သာသနာ့ တက္ကသိုလ် (မန္တလေး)ကိုလည်း ယင်းနှစ် ဝါခေါင်လပြည့် ကျော် ၁-ရက်(၂၁-၇-၇၆) ကြာသပတေးနေ့တွင် "စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ် ခဲ့ပါသည်။

ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဖွင့်လှစ်တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များကို လည်း လေ့လာ တွေ့ရှိနိုင်ပါသည်။

(က) ဂိုဏ်းပေါင်းစုံ သံဃာ တစ်သိန်း ကျော်တို့၏ ဆန္ဒနှင့်အညီ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က အပတ် တကုတ် ကြိုးစား အားထုတ်လျက် ရှိသော သာသနာတော် သန့်ရှင်း တည် တံ့ ပြန့်ပွားရေး အတွက် အထက်တန်းကျကျ ဆောင်ရွက်နိုင် ရန်၊

(ခ) ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေး ကြီးက ချမှတ်ထားသော ပရိယတ္တိ ပညာရေးမူ လေးချက် ဟူသော အရည် အသွေး များနှင့် သံဃာ တော်များ ပြည့်စုံနိုင်စေရန်၊

(ဂ) ပြည်တွင်း ပြည်ပတို့၌ သာသနာပြု စွမ်းနိုင်သော သူတော်ကောင်း သာသနာချစ် ရဟန်းတော်များ ပေါ်ပေါက်လာစေရန်၊


(ဃ) ဗုဒ္ဓ မြတ်စွာ သာသနာတော်ကို မြန်မာနိုင်ငံတော်၌သာမက ကမ္ဘာ့ နိုင်ငံတို့၌ ပြန့်ပွား ထွန်းကား လာ စေရန်၊

(င) ပိဋကသုံးသွယ် နိကာယ်ငါးရပ်တို့၌ တည်ရှိနေသော ကြီးပွား တိုးတက် ချမ်းသာရေး နည်းလမ်းများ၊ ငြိမ်း ချမ်းရေး နည်းလမ်းများကို ဖော် ထုတ်၍ လူသား လောက တစ်ရပ် လုံးအကျိုး ဖြစ်ထွန်းအောင် ဆောင် ရွက်ရန်၊

(စ) ကမ္ဘာ့လူသားတို့ တွေ့ကြုံ ခံစားနေ ရသော ကိုယ်ဆင်းရဲခြင်း၊ စိတ် ဆင်းရဲခြင်း၊ နှလုံး မသာယာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ကို ဗုဒ္ဓ မြတ်စွာ ဘုရား၏ ကရား ရေစင်ဖြင့် သက် သာပျောက်ကင်း စေနိုင်ရန်၊

(ဆ) လူသားမျိုးဆက်တစ်ခုလုံး ပျက်ပြုန်း သွားစေနိုင်သည့်ကမ္ဘာဖျက်အန္တရာ စစ်ပွဲကြီးများ ဖြစ်ပွားမလာအောင် ကမ္ဘာ့ ခေါင်းဆောင်ကြီး များ၏ စိတ်ဓာတ် (ဦးဏှောက်)အား ဗုဒ္ဓ တရားတော်ဖြင့် အလင်းရောင် ပေး ရန်၊

(ဇ) အဖျက်စွမ်းအားကို ဖန်တီး နေကြ သည့် သိပ္ပံပညာရှင်များ အနေဖြင့် ဆင်ခြင်တုံတရား ရှိလာပြီး အပြုစွမ်း အားကိုသာ လုပ်ဆောင်ကြ စေရန်



ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် စာသင်မဟာဌာန ကျောင်းဆောင်ကြီး

အတွက် ဗုဒ္ဓဓမ္မ အမြင် သစ်များ ရရှိစေရန်၊

(စျ) လူသားတိုင်း မလွဲမရှောင်သာ တွေ့ကြုံနေရသော ပဋိသန္ဓေ နေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ တို့မှ အမှန်တကယ် ထာဝစဉ် ကင်းလွတ်ရေး အတွက် ဗုဒ္ဓမြတ်စွာဘုရား၏ တရားလမ်းစဉ်များကို ကမ္ဘာအနှံ့ ဖြန့်ချိပေးရန် စသည်တို့ဖြစ်ပါသည်။

ပရိယတ္တိသာသနာ့တက္ကသိုလ်၌ ပညာ သင်ကြားရာ ဖော်ပြပါ ပညာဌာနများ ပါရှိပြီး ပဋိပတ္တိသာသနာ့တက္ကသိုလ်၌ ပဋိပတ္တိ ပညာ သင်ကြားရာ ဖော်ပြပါ ပဋိပတ္တိပညာဌာနများ ပါရှိပြီး ပဋိပတ္တိသာသနာ့တက္ကသိုလ်ကို ပဋိပတ္တိ ပရိယတ်ဟုလည်း ခေါ်ဆိုကြပါသည်။ ပဋိပတ္တိ ပညာ သင်ကြားရာ ဖော်ပြပါ ပဋိပတ္တိပညာဌာနများ ပါရှိပြီး ပဋိပတ္တိသာသနာ့တက္ကသိုလ်ကို ပဋိပတ္တိ ပရိယတ်ဟုလည်း ခေါ်ဆိုကြပါသည်။

ပဋိပတ္တိသာသနာ့တက္ကသိုလ်၌ ပညာ သင်ကြားရာ ဖော်ပြပါ ပဋိပတ္တိပညာဌာနများ ပါရှိပြီး ပဋိပတ္တိသာသနာ့တက္ကသိုလ်ကို ပဋိပတ္တိ ပရိယတ်ဟုလည်း ခေါ်ဆိုကြပါသည်။

(က) ဝိနယ ပိဋကမဟာဌာန၊

(ခ) သုတ္တန္တပိဋက မဟာဌာန၊

(ဂ) အာဘိဓမ္မပိဋက မဟာဌာန၊

(ဃ) ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာန၊

(င) ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန၊

(စ) ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန၊

(ဆ) ဗုဒ္ဓဒေသနာပြန့်ပွားရေး ပညာဌာန၊

အထက်ပါဌာန တို့တွင် ဝိနယ မဟာဌာန၊ သုတ္တန္တမဟာဌာန၊ အာဘိဓမ္မမဟာဌာန များသည် ပဓာနဌာနများ ဖြစ်ပါသည်။ ကျန်ဌာနများသည် အထောက်အကူပြု ဘာသာရပ်များဖြစ်ပါသည်။

ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ သင်ကြားကြသော သင်တန်းသားများအား တက္ကသိုလ်များ အုပ်ချုပ်ရေးအဖွဲ့က-

(က) သာသန တက္ကသိလာ ဓမ္မာစရိယ (ဘီအေ)

(ခ) သာသန တက္ကသိလာ မဟာ ဓမ္မာစရိယ(အမ်အေ)

ဘွဲ့များအပ်နှင်းမည်ဖြစ်ပါသည်။ ဘီအေ=ဝိဇ္ဇာဘွဲ့ရရန် သင်တန်းကာလသည် လေးနှစ် ဖြစ်ပါ



သည်။ တစ်နှစ်တစ်တန်း အောင်မြင်လျှင် လေးနှစ်ကြာလျှင် ဘီအေဘွဲ့ ရမည် ဖြစ်ပါသည်။ ယင်း ဘီအေ ဝိဇ္ဇာတန်း၌ တက်ရောက် လိုကြသော ရဟန်း သာမဏေများသည်–

(က) အစိုးရပထမကြီး အောင်မြင်သူဖြစ်ခြင်း၊ သို့မဟုတ် စေတိယင်္ဂဏ စာသင်တန်း၊ သက္ကသီဟ စာသင်တန်း တစ်ခုခု အောင်မြင်သူဖြစ်ခြင်း၊

(ခ) အသက်(၃၀)နှစ်၊သီကျော(၁၀)ဝါ ထက် မကြီးခြင်း၊

(ဂ) ဗဟိုအဖွဲ့က ကျင်းပသော တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ အောင်မြင်ခြင်းတို့ ဖြစ်ပါသည်။

အမ်အေမဟာဝိဇ္ဇာဘွဲ့ရရန် သင်တန်းကာလသည် ရေးဖြေ–နှစ်နှစ်၊ ကျမ်းပြုကာလသည်–တစ်နှစ်မှ အမျှားဆုံး သုံးနှစ် သတ်မှတ်ထားပါသည်။ ယင်းဘွဲ့ရရန် အဆင့်မီ ကျမ်းတစ်စောင် ပြုမှု ရရှိမည်။ ယင်းအတန်း၌ တက်ရောက်လိုသော ရဟန်းတော်များသည်–

(ဃ) သာသနတက္ကသိလာ ဓမ္မာစရိယတန်း၊ အစိုးရဓမ္မာစရိယတန်း၊စေတိယင်္ဂဏ စာချတန်း၊ သက္ကသီဟ စာချတန်းတစ်ခုခု အောင်မြင်ပြီးသူ ဖြစ်ခြင်း၊

(င) သက်တော် (၄၀)နှစ်၊ သီကျော (၂၀)ဝါထက် မကြီးခြင်းတို့ ဖြစ်ပါသည်။

သာသနတက္ကသိလာ ဓမ္မာစရိယ ပထမနှစ်၌ ရှေးဆရာတော်ကြီးများ သင်ရိုး အတိုင်း ပါဠိ, အဋ္ဌကထာ, ဋီကာတို့၏ အခြေခံ သင်ယူနည်းကို ပင်ရင်းဘာသာအဖြစ် သင်ကြားပါသည်။ ဆိုင်ရာအထောက်အကူပြု ဘာသာရပ်များကိုလည်း တွဲဖက်၍ သင်ကြား ပါသည်။

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)၏ စာသင်တန်းများ။




ဆရာကြီး ဦးတင်လွင်၊ ပါဠိ ပါမောက္ခ (အငြိမ်းစား) ၏ သင်တန်း ➡

ယင်းအတန်း ဒုတိယနှစ်၌ ပါရာဇိကဏ် အဋ္ဌကထာ+ဋီကာ၊တတိယနှစ်သီလက္ခန်ဓာဋ္ဌကထာ+ဋီကာ၊ စတုတ္ထနှစ် အဋ္ဌသာလိနီ အဋ္ဌကထာ+ဋီကာများကိုတစ်နှစ်စီပိုင်းခြား၍ ပင်ရင်းဘာသာအဖြစ် သင်ကြား ပေးပါသည်။ အထောက်အကူ ဘာသာရပ်များကိုလည်း တဲ့ဖက်၍ သင်ကြားပေးပါသည်။

သာသနတက္ကသိလာ မဟာဓမ္မာစရိယတန်း၌ ဝိနည်းသုတ္တန် အဘိဓမ္မာပင်ရင်း ဘာသာရပ်သုံးမျိုးတို့တွင် တစ်မျိုးမျိုးကိုသာ အထူးပြု ဘာသာ(စပါယ်ရှယ်)အဖြစ် ရွေးချယ် သင်ယူခွင့်ပြုသည်။ အထောက်အကူပြု ဘာသာရပ်များကိုလည်း အဆင့်အားလျော်ညီစွာ တဲ့ဖက်သင်ကြားပေးပါသည်။ တက္ကသိုလ်ကြီး အသားကျလျှင်တော့ ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ကျမ်းပြုနိုင်သည်အထိ သင်ကြားပေးနိုင်မည်ဟု မျှော်လင့် ပါသည်။ ယင်း မဟာဓမ္မာစရိယတန်း၌ ပြဋ္ဌာန်း ကျမ်းစာများကို ပညာရေးဗဟိုအဖွဲ့က သင့်လျော်သလို သတ်မှတ်ပေးမည် ဖြစ်ပါသည်။

အတန်းတင် စာမေးပွဲများကို ကျောင်းကြီး ပိတ်မီ သီတင်းကျတ်လမှာ အပြီးကျင်းပသွားမှာ ဖြစ်ပါသည်။ သင်တန်းသား အသစ်များကို နှစ်စဉ် တန်ဆောင်မုန်းလမှာ ကျင်းပ ခေါ်ယူမှာ ဖြစ်ပါသည်။ နယုန်လဆန်း ၁-ရက်နေ့ သစ်လွင်ကြိုဆိုပွဲများ ပြုလုပ်ပြီး ယင်းနေ့မှာပင် သင်တန်း စတင်ပို့ချသွားမည်ဟု သိရပါသည်။

ယခုဆိုလျှင် သာသနာ့ တက္ကသိုလ်ကြီးများ ဖွင့်လှစ် သင်ကြားခဲ့သည်မှာ ငါး နှစ် ကျော် ခြောက်နှစ်အတွင်းသို့ပင် သက်ဆင်းလျက် ရှိပါသည်။ နောင် နှစ်အနည်းငယ်အတွင်းမှာ တက္ကသိလာ ဓမ္မာစရိယ (ဘီအေ)ဘွဲ့၊ တက္ကသိလာ ဓမ္မာစရိယ(အမ်အေ) ဘွဲ့ရ အရှင်သူမြတ်များ ပေါ်ထွန်း လာမည်မှာ သေချာ နေပါသည်။ ၁၃၅၂-၁၃၅၃ ခု ပညာသင်နှစ် ရန်ကုန် တက္ကသိုလ်တွင် နာယကချုပ်အမှူးပြုသော သင်ကြားစီမံဆရာတော် ၃၅-ပါး၊ ကျမ်းပြုဆဲသံဃာ ၅၄-ပါး၊ ကျမ်းပြုရန် စာမေးပွဲ အောင်မြင်ပြီး သံဃာ ၂၂-ပါး၊ မဟာဓမ္မာစရိယသင်တန်း သင်ယူဆဲ သံဃာ ၁၂-ပါး၊ သာသနာ တက္ကသိလာ ဓမ္မာစရိယ ဒုတိယနှစ် သင်တန်းသား ၅၀-ပါး၊ ပထမနှစ်သံဃာ ၉၁-ပါး တို့သည် ဥပုသ်နေ့မှအပ တစ်နေ့ သင်တန်းလေးကြိမ်ပို့ချ သင်ယူနေကြပါသည်။



နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၌ သီတင်းသုံးတော်မူသောသံဃာတော်များ
တရားဘာဝနာ ပွားများတော်မူနေစဉ်

နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး၌ စာချ-စာသင် ဆရာတော်များ သင်ယူလေ့လာနေကြသော သောတုဇန စာသင်သားသံဃာအများတို့ သင်ကြားပို့ချနိုင်ခြင်း၊ သင်ယူလေ့လာ နိုင်ခြင်း တို့မှာ ဥပဒ္ဒာက တကာ့တကာမများတို့က ဆွမ်း+သက်န်း+ကျောင်း+ဆေး ပစ္စည်းလေးပါးနှင့် ပြဋ္ဌာန်းကျမ်းစာအုပ်များ အစဉ်ထာဝရလှူဒါန်းနိုင်ခြင်းကြောင့်ဖြစ်သလို ဥပထမ္ဘက တကာ့ တကာမများတို့က လည်း ပညာသင်ကြားရေး အထောက် အကူပစ္စည်းများ လှူဒါန်းနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ဤကဲ့သို့ ပို့ချသင်ယူနေကြသော ရဟန်းသံဃာတော်တို့ကို တွေ့မြင်သူ တကာ့တကာမများ၏ ရင်တွင်းမှာ ဆီထိုက်မိုးစို ပီတိတွေ့ ဝေကာပြိုးရုံမျှမက သင်တန်းပြီးမျှနိ ခေါင်းလောင်းတီးခိုက်နှင့် ဆောင်းအကုန် နွေအကူးလေရူးကဆော်ထရာတွင် လေအဝှေ့ကြွေကြရာ ငုရှော်ပိတောက်များ ရောထွေးလျက် ငုဝါပိတောက်လေလား ရဟန်းသံဃာလေလားဟု အထင်မှားလောက်မည်မှာ ဧကန် ဖြစ်ပါလိမ့်မည်။

ဤသို့သော ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးကို အမျိုးဘာသာ သာသနာ ချစ်ကြည်သူတိုင်း မြတ်နိုးကြသူတိုင်း အသိလိမ္မာတောင့်တကြသူတိုင်း မြန်မာပြည် တည်သရွေ့ တည်တံ့ခိုင်မြဲအောင် မဆောင်ရွက်နိုင်သူ ရှိလိမ့်မည် မဟုတ်ပါပေ။ ထို့ကြောင့် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး မြန်မာ့မြေမှာ ထာဝရရှင်သန်နိုင်မည်အမှန် ဖြစ်ပါတော့သတည်း။

အရှင်နာရဒါဘိဝံသ

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
ကမ္ဘာအေး၊ ရန်ကုန်မြို့။

နိုင်ငံတော်
ပရိယတ္တိသာသနာ့တက္ကသိုလ်
ဒီးရေစောင့်



မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓဘာသာ ရောက်ခဲ့သည်မှာ ပုဂံခေတ်မှစ၍ ရေတွက်လျှင် နှစ်ပေါင်း(၉၀၀)ကျော်ရှိခဲ့ပြီ။ အမှန်အားဖြင့် ထို့ထက်စောလျှင် ရောက်ခဲ့သည်ဟု မြန်မာနိုင်ငံသားများက အခိုင်အမာ ယုံကြည်လျက်ရှိပါ၏။ သို့ရာတွင် မငြင်းနိုင်သော အထောက်အထားများအရ ပုဂံခေတ်မှပင် စ၍ဆိုပါမည်။

နိုင်ငံတစ်နိုင်ငံကို အဆင့်မီ တိုးတက်အောင် ထူထောင်မည်ဆိုလျှင် ခိုင်မာသော လမ်းညွှန်စာပေတစ်ရပ် လိုအပ်သည်ကား အမှန်ဖြစ်၏။ ခိုင်မာသော လမ်းညွှန်စာပေမရှိဘဲ နိုင်ငံတစ်နိုင်ငံကို ထူထောင်မည်ဆိုလျှင်ဖြစ်ကတတ်ဆန်း ထူထောင်ရာသာ ရောက်၏။ ဖြစ်ကတတ်ဆန်း ထူထောင်လျှင် နိုင်ငံသည်လည်း ဖြစ်ကတတ်ဆန်း ဝိုးတက်သည့် နိုင်ငံအဆင့်သာရှိမည်ဖြစ်၏။ အဆင့်မီတိုးတက်သော နိုင်ငံအဆင့်၌ ရှိနိုင်မည် မဟုတ်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံကို အဆင့်မီ တိုးတက်အောင် ထူထောင်မည် ဆိုလျှင် ခိုင်မာသော လမ်းညွှန်စာပေတစ်ရပ် လိုအပ်သည်ဟုဆိုခြင်း ဖြစ်၏။

အနော်ရထာသည် ပုဂံနိုင်ငံကို ထူထောင်ခဲ့၏။ ပုဂံနိုင်ငံသည် သူ့ခေတ် သူ့အခါအရ အဆင့်မီ တိုးတက်သော နိုင်ငံ ဖြစ်ကြောင်း အားလုံးက လက်ခံ၏။ သို့ဖြစ်လျှင် ပုဂံနိုင်ငံကို ထူထောင်ရာ၌ ခိုင်မာသော လမ်းညွှန်စာပေတစ်ရပ် ရှိခဲ့မည်မှာ သေချာလှ၏။ ထိုလမ်းညွှန်စာပေကား မည်သည့်စာပေ ဖြစ်လေမည်နည်း။ ရှင်အရဟံ၏ သွန်သင်ပို့ချချက်အရ ထေရဝါဒ

ဗုဒ္ဓစာပေမှလွဲ၍ အခြားစာပေဖြစ်နိုင်ရန် အခွင့်အလမ်း များစွာ နည်းပါ၏။ ထို့ကြောင့် ထေရဝါဒ ဗုဒ္ဓစာပေကိုသာ လမ်းညွှန်စာပေအဖြစ် ခံယူပြီး ပုဂံနိုင်ငံကို အနော်ရထာ ထူထောင်ခဲ့ခြင်း ဖြစ်သည်ဟုဆိုလျှင် ကန့်ကွက်သူ များများစားစား ရှိနိုင်လိမ့်မည် မဟုတ်ဟု ယုံကြည်ပါ၏။ ဤအတိုင်းပင် မြန်မာနိုင်ငံသား များက ယုံကြည်လျက်ရှိပါ၏။ လမ်းညွှန်စာပေ ခိုင်မာခြင်းနှင့် နိုင်ငံတိုးတက်မှု အဆင့်မီခြင်း သည် အချင်းချင်း တစ်ခုအပေါ် တစ်ခုက အခြေခံလျက်ရှိ၏။

ဤသို့လျှင် ပုဂံခေတ်မှသည် ကုန်းဘောင် ခေတ် ကုန်ဆုံးသည်တိုင်အောင် မြန်မာနိုင်ငံကို အဆင့်မီ တိုးတက်အောင် ထူထောင်ရာ၌ လမ်းညွှန်စာပေအဖြစ် ထေရဝါဒ ဗုဒ္ဓဘာသာ စာပေကိုသာ လက်ခံခဲ့၏။ ဘုန်းတော်ကြီး များက သင်ကြားပို့ချပေးခဲ့ဖူ။ ထို့ကြောင့် ဘုရင်လည်း ဘုန်းကြီးကျောင်းသား၊ စစ်သူကြီး လည်း ဘုန်းကြီးကျောင်းသား၊ မူး မတ်များ လည်း ဘုန်းကြီးကျောင်းသား၊ အားလုံး ဘုန်း ကြီးကျောင်းသားများ ဖြစ်ကြ၏။ ဘုန်းကြီး ကျောင်းသားများ ဖြစ်ကြသည် အလျောက် တွေးခေါ်ရာ၌ ထေရဝါဒ ဗုဒ္ဓစာပေ ဆန်လေ၏။ ကျင့်ကြံရာ၌လည်း ထေရဝါဒ ဗုဒ္ဓစာပေ ဆန်လေ၏။ ဤနည်းအားဖြင့် အသိဝိဇ္ဇာနှင့် အကျင့် စရဏတို့သည် ဗုဒ္ဓစာပေလမ်းကြောင်း အတိုင်း သွားကြလေ၏။

မြန်မာနိုင်ငံသည် ဗြိတိသျှတို့ လက်အောက် သို့ ရောက်ရှိသွားသောအခါ ပညာရေးသည် ဘုန်းတော်ကြီးများလက်မှ လွတ်ထွက်သွားပြီး ဝန်ထမ်းများလက်သို့ ရောက်သွား၏။ ဘုန်း တော်ကြီးများလက်မှ လွတ်ထွက်သွားခြင်းသည် လည်း အုပ်စိုးသူလူတန်းစားက ဘုန်းတော်ကြီး များ၏ သြဇာကို စိုးရွံ့သဖြင့် တမင်တကာ လုယူသွားခြင်းကြောင့် လွတ်ထွက်သွားခြင်းဖြစ် ၏။ ရိုးရိုးလွတ်ထွက်သွားခြင်း မဟုတ်။ ပညာ ရေးသည် ဘုန်းတော်ကြီးများ လက်မှ လွတ် ထွက်သွားသည်နှင့် တစ်ပြိုင်နက် လမ်းညွှန် စာပေသည်လည်း ပြောင်းသွားခဲ့ရ၏။ ယခင် ကိုယ်မင်းကိုယ်ချင်းခေတ်က ထေရဝါဒ ဗုဒ္ဓ စာပေသည် လမ်းညွှန်စာပေ ဖြစ်ခဲ့၏။ ယခု သူ့ကျွန်ခေတ်တွင်မူ အရင်းရှင် စာပေသည် လည်းကောင်း၊ အခြားသော အနောက်တိုင်း စာပေသည်လည်းကောင်း လမ်းညွှန်စာပေဖြစ် လာ၏။ ထို့နောက် ကွန်မြူနစ်စာပေ၊ ဆိုရှယ် လစ်စာပေ စသည်တို့သည် နိုင်ငံကို ထူထောင် ရာ၌ လမ်းညွှန်စာပေများ ဖြစ်သွားကြပြန်၏။ လမ်းညွှန်စာပေကိုလိုက်၍ အသိဝိဇ္ဇာနှင့် အကျင့် စရဏတို့သည်လည်း ပြောင်းသွားကြ လေ၏။

စာပေ၏အဆင့်ကိုလေ့လာလျှင် ထေရဝါဒ ဗုဒ္ဓစာပေကို ပြုစုသူကား သဗ္ဗညုတဉာဏ်တော် အရှင် ဘုရားသခင်ဖြစ်တော်မူ၏။ ကံလေသာ ဟူ၍မြွမ့ျမရှိသဖြင့် ထေရဝါဒဗုဒ္ဓစာပေ၌ဘက် လိုက်သော သွန်သင်ချက်များ လုံးဝမပါရှိချေ။ အခြားစာပေများကို ပြုစုသူများကား ပုထုဇဉ် များသာ ဖြစ်ကြ၏။ ကံလေသာ များလည်း တင်းကျပ်လျက်ရှိကြ၏။ ထို့ကြောင့် သူတို့ ၏ စာပေများ၌ ဆင်းရဲသားဘက်သို့ ဖြစ်စေ၊ အရင်းရှင်ဘက်သို့ ဖြစ်စေ၊ ပဒေသရာဇ် ဘက်သို့ ဖြစ်စေ တစ်ဘက်ဘက်သို့ လိုက် သော သွန်သင်ချက်များချည်းသာ ပါရှိလေ ၏။ ဤသို့လျှင် စာပေပြုစုသူ အဆင့်ချင်း လည်း မတူ၊ စာပေအဆင့်ချင်းလည်း မတူ။ သို့မတူလျှင် လမ်းညွှန်စာပေကို လိုက်၍ ရရှိ သော အသိဝိဇ္ဇာနှင့် အကျင့် စရဏတို့သည်

လည်း မည်သို့လျှင် တူညီနိုင်ပါမည်နည်း။ ထို့အပြင် ထေရဝါဒ ဗုဒ္ဓစာပေနှင့် ပတ်သက်၍ ယင်းစာပေသည် လောကရေးရာ၌ အသုံးချ၍ မရဟုဆိုကြသူများ ရှိကြ၏။ ယင်းအဆိုမျိုးကို နိဂုတ္တိ ကျမ်းဆရာ "ယာသက" က "သော ပုရိသဂရယ္ဟာ၊ နာ သတ္ထဂရယ္ဟာ = အသုံးမကျခြင်းသည် အသုံးမချတတ်သူ၏ အပြစ် သာဖြစ်၏၊ စာပေကျမ်းဂန်၏ အပြစ်မဟုတ်" ဟူ၍ ချေဖျက်ခဲ့ဖူးကြောင်း တွေ့ရ၏။

ထေရဝါဒဗုဒ္ဓစာပေတတ်သူတိုင်း သူတော်စင်များ ဖြစ်နိုင်ပါသလားဟူသော မေးခွန်းနှင့် ပတ်သက်၍ မြတ်စွာဘုရား ကိုယ်တော်တိုင်က မြေကို ခါးလယ်က ဖမ်းသော ယောကျ်ားအား မြေက ပြန်ကိုက်သဖြင့်၊ ကွယ်လွန်ရသကဲ့သို့ ဓမ္မကို မသင့်လျော်သောနည်းဖြင့် သင်ယူသူအား ဓမ္မက ပြန်၍ အန္တရာယ်ပေးတတ်ကြောင်း အလဂဒ္ဒုပမ သုတ်၌ ဟောကြားတော်မူထားသဖြင့် ထေရဝါဒ ဗုဒ္ဓစာပေ တတ်သူတိုင်း သူတော်စင် မဖြစ်သည်မှာ ထင်ရှားပါ၏။ သို့ရာတွင် မြေကို လည်ကုပ်က ကိုင်ဖမ်းလျှင် မြေက အန္တရာယ် မပြုနိုင်သကဲ့သို့ ဓမ္မကိုလည်း သင့်လျော်သောနည်းဖြင့် သင်ယူပါက မိမိ သင်ယူထားသော ဓမ္မက မိမိကို သူတော်စင် အဖြစ်သို့ ရောက်စေနိုင်သည်မှာလည်း ထင်ရှားပါ၏။

တက္ကာ မာန ဒိဋ္ဌိ တို့ကို ပယ်နိုင်သေးသော ပုထုဇဉ်များ အနေဖြင့် အသိဉာဏ်ဖြစ်တိုင်း ယထာဘူတကျသော အသိဉာဏ်များချည်း မဟုတ်ကြ။ အသိဉာဏ် ဟူသမျှသည် ဥပါဒါန ပစ္စယာ ဘဝေါ အရ ကမ္မဘဝအတွင်း ဝင်သည်သာဖြစ်၏၊ ကမ္မဘဝ၌ အတွင်းဝင်ပါက ဥပါဒါန်ကို အကြောင်းပြုရသဖြင့် တစ်ဦးနှင့် တစ်ဦး မိမိတို့ တွေ့ကြုံခဲ့ရသော ဥပါဒါန်ချင်း မတူသျှင် အသိဉာဏ်ချင်းလည်း တူညီနိုင်စရာ အကြောင်း မရှိချေ။

ဥပါဒါန်လေးပါးတွင် အဆင်း, အသံ, အနံ, စသော ပတ်ဝန်းကျင် သဘာဝသည် "ကာမုပါဒါန်" မည်၏။ ထို့ကြောင့် ပတ်ဝန်းကျင်ချင်း မတူလျှင်လည်း အသိဉာဏ်ချင်း မတူကြ။ မိမိတို့ လေ့လာသော စာပေပတ်ဝန်းကျင်ချင်း မတူလျှင် အသိဉာဏ်ချင်း မတူနိုင်သည်မှာ အထူး ပြောစရာမလိုသော အချက်ဖြစ်၏။ ပတ်ဝန်းကျင်၏ အတွေးအမြင်သည် "ဒိဋ္ဌုပါဒါန်" မည်၏။ ထို အတွေးအမြင် ခြားနားမှုကြောင့်လည်း အသိဉာဏ်ချင်း ကဲပြား၏။ ပတ်ဝန်းကျင်၏ ဓလေ့ထုံးတမ်းသည် သီလဗ္ဗတုပါဒါန် မည်၏။ ထိုဓလေ့ထုံးတမ်း ခြားနားမှုကြောင့်လည်း အသိဉာဏ်ချင်း ခြားနားရ၏။ သက်ရှိသတ္တဝါအဖြစ်ဖြင့် ဘဝအဆက်ဆက်က သယ်ဆောင်လာသော မွေးရာပါ "စွမ်းအင်" သည် "သတ္တဝါဒုပါဒါန်" မည်၏။ ထို "စွမ်းအင်" ခြားနားမှုကြောင့်လည်း သတ္တဝါများသည် တစ်ဦးနှင့်တစ်ဦး အသိဉာဏ်ချင်း မတူဘဲ ခြားနားရ၏။ ထို့ကြောင့် အသိဉာဏ် ဟူသမျှသည် အာရုံတစ်ခုကို လွတ်လွတ်လပ်လပ် သိခွင့်မရဘဲ ဥပါဒါန်များ၏ အရှိန်သြဇာအပေါ် အခြေခံ၍ သာသိနိုင်ခြင်း, ဖြစ်၏။

သို့ဖြစ်လေရာ မှန်ကန်သော အသိဉာဏ်ရရှိနိုင်ရေးအတွက် ကောင်းမွန် မှန်ကန်သော ဥပါဒါန်များရှိဖို့ လိုအပ်ပါ၏။ ထိုဥပါဒါန်များတွင် စာပေပတ်ဝန်းကျင်များသည် များစွာ ပခာနကျ၏။ ထို့ကြောင့် ကိုယ်မင်းကိုယ်ချင်း ခေတ်က စာပေပတ်ဝန်းကျင်သည် ထေရဝါဒ ဗုဒ္ဓစာပေ ဖြစ်၏။ ဗြိတိသျှ လက်အောက်ခံဘဝ

က စာပေ ပတ်ဝန်းကျင်သည် ပုထုဇဉ်တို့၏ ဘက်လိုက်သော စာပေပတ်ဝန်းကျင် ဖြစ်၏။ ထိုကဲ့သို့ စာပေပတ်ဝန်းကျင်ချင်း ခြားနားလေသောအခါ ဆိုင်ရာစာပေများမှ ရရှိသော အသိဉာဏ်ချင်းလည်း ခြားနား ပေလိမ့်မည်။ ဆိုင်ရာအသိဉာဏ်များဖြင့် နိုင်ငံကို ထူထောင် ရာ၌ နိုင်ငံ၏ တိုးတက်မှုသည် မိမိ အခြေခံသော စာပေ ပတ်ဝန်းကျင်နှင့် ယေဘုယျအား ဖြင့် လိုက်လျောညီထွေ ရှိပေလိမ့်မည်။ ဤနိယာမအရ ဘက်လိုက်သော လမ်းညွှန် စာပေဖြင့် နိုင်ငံကို ထူထောင်လျှင် နိုင်ငံ၏ တိုးတက်မှုသည်လည်း ဘက်လိုက်သော သဘောရှိသဖြင့် ငြိမ်းချမ်းသာယာမှုရရှိရန် ခက်ခဲမည် ဖြစ်၏။ ဘက်မလိုက်သော လမ်းညွှန်စာပေဖြင့် နိုင်ငံကို ထူထောင်မှသာ နိုင်ငံ၏ တိုးတက်မှုသည်လည်း ဘက်မလိုက်သော သဘောရှိသဖြင့် ငြိမ်းချမ်း သာယာမှုကို မှန်မှန်ကန်ကန်ရရှိရန် လွယ်ကူမည် ဖြစ်၏။

မြန်မာနိုင်ငံကို ထူထောင်ရာ၌ ဘက်မလိုက်သော လမ်းညွှန်စာပေဖြင့် ထူထောင်လိုပါက ထေရဝါဒ ဗုဒ္ဓစာပေကို နိုင်ငံ၏ လမ်းညွှန် စာပေအဖြစ် ခံယူရပေလိမ့်မည်။ ထိုအခါ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၏ အခန်းကဏ္ဍသည် ဦးဆောင်မှုအပိုင်း၌ မလွဲမသွေ နေရာယူလာရမည် ဖြစ်၏။ ထိုကဲ့သို့ နေရာယူလာနိုင်မှလည်း မြန်မာနိုင်ငံသည် ငြိမ်းချမ်း သာယာသော နိုင်ငံတစ်နိုင်ငံ အနေဖြင့် ကမ္ဘာ့မြေပုံတွင် ထင်ရှားစွာ ရေးဆွဲခြင်းခံရပေလိမ့်မည်။

ထိုရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့သည် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကို အိုပ်မက်မက်ခဲ့ပါ၏။ တက္ကသိုလ်၌ ပြဋ္ဌာန်းမည့် ကျမ်းစာများကို စိတ်ကူးယဉ်ခဲ့ပါ၏။ ပညာရေး၏ အရေးကြီးသော ကိုယ်ကျင့် သိက္ခာ ဆိုင်ရာ အပိုင်းကဏ္ဍကို ဘုန်းတော်ကြီးများက မိမိတို့၏ လက်ထဲသို့ မရောက်ရောက်အောင် ဆွဲယူနိုင် စေချင်ပါ၏။ "နိုင်ငံတော်ကို ကိုးတက်အောင် လူပုဂ္ဂိုလ်များက တိုက်ရိုက် အကောင် အထည် ဖော်၊ ရဟန်းတော်များက ထိုလူပုဂ္ဂိုလ်များ၏ သန္တာန်၌ ခိုင်မာသော ကိုယ်ကျင့်သိက္ခာကို တည်ဆောက်ပေး" ဤ နည်းဖြင့် ဆရာနှင့် ဒါယကာနှစ်ဦး ပူးပေါင်းပြီး မြန်မာနိုင်ငံကို ထူထောင်ရန် မျှော်မှန်းခဲ့ပါ၏။ ထိုမျှော်မှန်း ချက်များသည် တစ်နေ့တွင် အကောင်အထည် ပေါ်လာလိမ့်မည်ဟုလည်း ယုံကြည် ပါ၏။ လက်ရှိကမ္ဘာ့အခြေအနေများကလည်း တရား, မာန, ဒိဋ္ဌိတို့ ကင်းဝေးရာသို့ တစ်နေ့ထက်တစ်နေ့ တွန်းပို့နေသည်ကို တွေ့ရပါ၏။ လူများ ကိုယ်တိုင်ကလည်း တစ်နေ့ထက်တစ်နေ့ ဆူပွက်ခြင်း၌ ငြီးငွေ့ပြီး ငြိမ်းချမ်းသာယာခြင်း၌ တောင့်တနေကြပါ၏။ ဤသို့ တောင့်တခြင်းမှာလည်း လူ၏ ဗီဇစိတ်ဓာတ်အရသာ ဖြစ်လေ၏။

နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကို ထူထောင်တော်မူခဲ့သော မင်းကွန်း ဆရာတော်ကြီးသည် မိမိ၏ မွန်မြတ်သော လုပ်ငန်းကြောင့် တစ်ခုသောနေ့တွင် ကာလဘောင်နှင့် ဒေသဘောင်ကို ကျော်လွန်ပြီး အင်္ဂလိပ်က ကြည့်လျှင် အင်္ဂလိပ်လူမျိုး၊ တရုတ်က ကြည့် လျှင် တရုတ်လူမျိုး၊ ကုလားက ကြည့်လျှင် ကုလားလူမျိုး စသည်ဖြင့် လူမျိုးအားလုံး၏ ထာဝစဉ် အသက်ရှင်နေသော လူမျိုးအဖြစ်သို့ ရောက်ရန်ရှိပါ၏။ ။

ရွှေအောင်



ထီးမျိုင်မြို့

တည်တော ဆရာတော်

သာသနာတော် အတွက် အသက် စွန့်လျှ အလုပ်လုပ်နေသူ ပုဂ္ဂိုလ်တစ်ပါးကို ညွှန်ပြမည် ဆိုလျှင် ဓမ္မဘဏ္ဍာဂါရိက တိပိဋကဓရ မဟာကဿပ ကဲ့သို့ ကုန်းဆရာတော်ဘုရားကြီးကို ညွှန်ပြရမည် ဖြစ်ပါသည်။

မင်းကုန်းဆရာတော် ဘုရားကြီးသည် ယခု (၁၃၅၁-ခု)နှစ်တွင် သက်တော် ၇၉-နှစ် ရှိခဲ့ပါပြီ။ ၇၉-နှစ်ဆိုသော အရွယ်သည် အလွန် အိုမင်းသော ဇရာအရွယ် ဖြစ်ပါသည်။ ဇရာ အရွယ်သို့ရောက်၍ မျက်စိမှုန်ခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်း၊တုန်ချိခြင်း၊ အင်အားနည်းခြင်းများ ထင်ရှား ဖြစ်ပေါ်၍ နေပါပြီ။ သို့ရာတွင် ဆရာတော်ဘုရားသည် ဗုဒ္ဓသာသနာတော် အတွက် စိတ်ပျက်ခြင်း၊ နောက်တွန့်ခြင်း လုံးဝ မရှိသေးဘဲ ရှေ့သို့သာ တိုးတက် အားထုတ်ဆဲ ဖြစ်ပါသည်။

တိပိဋကဓရများ

ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ပရိယတ္တိ ဥဿ အခြေခံပါသည်။ ပရိယတ္တိလျှင် မူလ ပဓာန ဖြစ်ပါသည်။ ပရိယတ္တိ တည်နေသမျှ ပဋိပတ္တိ သာသနာ၊ အဓိဂမ သာသနာတော်များ ထွန်နောက်ရေပါ အခွန့်ရှည်ကြာ တည်နေနိုင်သည်။ ဤသို့သော ယုံကြည်တော်မူချက်ဖြင့် မိမိ မျက်စိမှိတ်သွားပြီးသည့်နောက် အနှစ်ပြည့်ဝသော ပရိယတ္တိဓရ ပုဂ္ဂိုလ်မှန်များ ထွန်းကား ကျန်ရစ်နိုင်အောင် မင်းကုန်း–မိုးမိတ်ကုန်းမြေ၌ တိပိဋက

ကျောင်းဆောင်များကိုဖွင့်လှစ်၍ ပိဋကတ်တော် အာဂုံဆောင် ပုဂ္ဂိုလ်များကို မွေးမြူတော် မူခဲ့သည်မှာတိပိဋကဓရ အလောင်းအလျာ ပုဂ္ဂိုလ် ပေါင်း ၁၅၀-ရှိခဲ့လေပြီ။

မိမိသီတင်းသုံးတော်မူရာ ဓမ္မနာဒ ကျောင်း တိုက်၌လည်း စာချဆရာဇတော်နှင့် စာသင်ရွယ်နု သောတုဇနပေါင်း ၁၉၀-ရှိလေပြီ။

ဝိဇ္ဇာလယ

မြန်မာနိုင်ငံတော် စာပေလောကဌ အဆင့်မြင့်မြင့် ကမ္ဘာ့စံချိန်မီ စာသင်သားအများ စာဖေသင်ကြားနိုင်ရန် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ဝိဇ္ဇာလယကျောင်းတော်ကြီးများကိုတည်ဆောက်ဖွင့်လှစ်၍ အဆင့်မြင့် စာသင်သားများကို လက်ခံ သင်ယူစေခဲ့ရာ ရန်ကုန် ဝိဇ္ဇာလယ ဌာနဌ စာချ/စာသင် ရဟန်းတော် ၁၃၀-ပါးနှင့် မန္တလေး ဝိဇ္ဇာလယဌ စာချ/စာသင် ရဟန်းတော် ၂၀၀-ပါး ရှိပါသည်။

ဘုန်းကြီးလောင်းများ

ထိုမှတစ်ပါး ဗုဒ္ဓသာသနာတော်ကို အရှည်တည်တံ့ခိုင်မာအောင် စောင့်ရှောက်ထိန်းသိမ်းတော်မူလာကြသည်ကား သာသနာတော် ဝန်ထမ်း ရဟန်းများ ဖြစ်ကြပါသည်။ ထို ရဟန်းတော်များသည်လည်း မိမိတို့ချည်း သန့်သန့်ဖြင့် သာသနာတော် တိုးတက်ကြီးပွားအောင် ရွက်ဆောင် အားထုတ်တော် မူ နိုင်ကြသည်ကား မဟုတ်ကြပါ။ ဒါယကာ ဒါယကာမတို့၏ အကူအညီအထောက်အပံ့တို့ဖြင့်ရှေ့တန်းမှသာသနာတော် ကြီးပွားတိုးတက်အောင် တိုက်ပွဲဝင်နေကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓ မြတ်စွာ သာသနာတော် ကြီးပွား စည်ပင်ရန် အတွက် ဆရာနှင့်ဒကာတို့ ချစ်ခင်ကြင်နာစွာ လက်တွဲကြရန် လိုပါသည်။ ဤအကြောင်းကို ကျွတိဝုတ် ပါဠိတော်၌ -

"သာဂါရာ အနာဂါရာစ၊ ဥဘောအညော ညနိဿိတာ" စသည်ဖြင့် ဘုရားရှင် ဟော ကြားတော်မူခဲ့ပါသည်။

ဆရာနှင့် ဒကာ နှစ်ဦးတို့သည် တစ်ဦးနှင့် တစ်ဦးအမှီပြုကြကုန်သည်ဖြစ်၍၊ ယောဂီ၏ ကုန်ရာ အတုမရှိ မြင့်မြတ်သော သာသနာတော်ကြီးကို ပြီးစေနိုင်သည်ဟု ဆိုလိုပါသည်။

ဆရာနှင့်ဒကာ၊ လက်တွဲညီညီ ချီတက်ကြရာ၌ ဆရာနှင့် ဒကာတို့ အပေးအယူ ညီညွတ်မှုတရန် အလွန်အရေးကြီးလှပါသည်။ ဆရာနှင့် ဒကာတို့ အပေးအယူ ညီညွတ်မှုတမှု မရှိကြပါက အတုမရှိ လွန်မြတ်သော နိဗ္ဗာန်ကို မပြီးနိုင်ဘဲ အပါယ်လေးဘုံသာ ပြီးကြရဖို့ရှိပါသည်။

ဆရာနှင့်ဒကာ ညီညွတ် မှုတရန် အတွက် မှာလည်း လူဒါယကာတို့ထက် ရဟန်း ဆရာတို့ အပေါ်၌ များစွာ အရေးကြီးလှပါသည်။ လူဒါယကာဆိုသည်မှာ ရာဂ၊ ဒေါသ၊ မောဟတို့ အကြား ကျင်လည်ကျက်စား သွားလာနေထိုင်ရသူဖြစ်၍ ဖုန်ထူသော လမ်းမ၌ ကျက်စား သွားလာရသောသူ ကဲ့သို့ များစွာသော မြူအညစ်အကြေးများဖြင့် ဖုံးလွှမ်းခြင်းကို အမြဲခံယူနေကြရသည်။ ထိုမြူအညစ်အကြေးဖုံးလွှမ်းခြင်းမှ ကင်းရှင်းစင်ကြယ်သော နည်းကိုသိရန် ရဟန်းတော်များကို ဆရာအဖြစ် တင်ထား ကိုးကွယ်ကြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဆရာနှင့် ဒကာ လက်တွဲ အလုပ်လုပ်ကြရာ၌ ဒကာထက် ဆရာက သာလွန်၍ အရေးကြီးပါသည်။

ထိုသို့ သာလွန် အရေးကြီးသော ရဟန်းတော်များအား ဒါယကာ ဒါယကာမ တို့နှင့် လက်တွဲတတ်မှု၊ ဟောတတ်မှု၊ ပြောတတ်မှု၊ ရဟန်းအလုပ် လုပ်တတ်မှု၊ ရဟန်းပီပီ နေတတ်

မှု၊ ကြည်ညိုဖွယ်ကို ဆောင်တတ်မှုတို့ အတွက် ခေတ်မီမီ လက်တွေ့သင်တန်းပေးရန် အမှန်ပင် လိုအပ်ပါသည်။

လိုအပ်နေသောဆိုတာဝန်များအတွက် ပြည် ထောင်စုမြန်မာနိုင်ငံတော်ဝယ် ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း ဟူ၍ သိပ္ပါလယ ကျောင်းတော်များ ဖွင့်လှစ်နိုင်ရန် သံဃမဟာ နာယကအဖွဲ့မှ ဦးစီး၍အကောင်အထည်ဖော်စ ပြုနေပါသည်။

ဘုန်းတော်ကြီးသင်တန်း သိပ္ပါလယကျောင်း များသည် ယခုမှဖွင့်လှစ်ခါစဖြစ်၍ အရာရာပြည့် ဝ လုံလောက်ခြင်း မရှိသေးပါ။ ထိုသိပ္ပာလယ သင်တန်းကျောင်းများမှ သင်တန်းပြဆရာတော် များ၊ သင်တန်းသားသဲသဲတုဇနများ၏ စာဝင်တ် နေရေးပြည့်စုံမှု၊ စာရွက်စာတမ်းများ ပြည့်စုံမှု၊ ကျန်းမာရေး ပြည့်စုံမှုအတွက်လည်း ဆရာတော် ဘုရားက တာဝန်ယူ၍ လှုပ်ရှားတော် မူနေရ ပါသည်။ ထို့ကြောင့် ဆရာတော် ဘုရားသည် မြောက်မှတောင်သို့၊ တောင်မှမြောက်သို့၊ အရှေ့ မှ အနောက်သို့၊ အနောက်မှ အရှေ့သို့မြန်မာ နိုင်ငံတော်တစ်ဝှမ်းလုံး အခေါက်ခေါက်အပြန် ပြန် ကြွရောက်တော်မူနေရပါသည်။

တစ်ပတ်အတွင်းလှုပ်ရှားမှု

၁၃၅၁-ခုနှစ်၊ နတ်တော်လဆန်း ၅-ရက်နေ့ နံနက် မန္တလေးမှ ဗန်းမော်သို့ ဆန်တက်ဆော ပွင့်ဖြူ အမြန်သဘော်ပေါ်တွင် ဆရာတော်ကြီး ကို ဖူးတွေ့ရပါသည်။

ကသာမြို့၊ ရွှေဂူမြို့၊ ဗန်းမော်မြို့ များမှ ဝိဇ္ဇာလယ ကျောင်းများအဲတွက်နှင့် ဆွမ်း ပဒေ သာ အလှူတော်ငွေ ရေစက်ချရန် ဆရာတော် ဘုရား ကြွတော်မူလာခြင်း ဖြစ်ပါသည်။ ဆရာ တော်ကြီးနှင့်အတူ ဦးပဉ္စင်းနှစ်ပါး၊ ဆရာဝန်ကြီး ဦးသာလှ စီးဆောင်သော ဒါယကာ ၁၄-ဦး တို့ လိုက်ပါလာကြပါသည်။

မန္တလေးမြို့မှ ပွင့်ဖြူသဘော်ပေါ် တက်ခါ နီးတွင် နောက်ဆုံးနေ့ထုတ် လုပ်သား သတင်း စာကိုဖတ်ခဲ့ရာ သတင်းစာ၌ ဆရာတော်ဘုရား သည် တန်ဆောင်မုန်းလဆုတ် ၁၂-ရက် နေ့က မော်လမြိုင်မြို့၌ ရေစက်ချနေကြောင်းသတင်းကို ဖတ်ခဲ့ရသည်။ ယခု ပွင့်ဖြူသဘော်ထက်၌ ဖူးတွေ့ ရ၍ အံ့သြမိပါသည်။ မိမိကသာ အံ့သြနေ သည်။ ဆရာတော်ဘုရားကမူကား မော်လမြိုင်မှ မန္တလေးသို့ တိုက်ရိုက် ကြွလာမည် မဟုတ်ပါ။

ဆရာတော်၏နောက်မှ အပြုစု လိုက်ပါလာ သော ဦးပဉ္စင်း ဦးနိမလ၏ မှတ်တမ်းစာအုပ်ကို ကြည့်လိုက်သော အခါမှ အံ့သြနေရသည်ထက် သာလွန်အံ့သြရပါတော့သည်။

ဤနေရာ၌ ဦးနိမလ၏ မှတ်တမ်းကို ကုံက်၍ ဖော်ပြရပါမူ–

ဆရာတော် ဘုရားသည် တန်ဆောင်မုန်း လဆုတ် ၁၁-ရက်နေ့က ရန်ကုန်မှ မော်လမြိုင် သို့ ကြွ၍ ၎င်းည တိပိဋကဓရ ဦးနေမိန္ဒ၏ ကျောင်း၌ ကျိန်းစက်တော်မူပါသည်။

တန်ဆောင်မုန်း လဆုတ် ၁၂–ရက် နေ့ တနင်္ဂါရီတိုင်းမှ ဝိဇ္ဇာလယ ကျောင်းများ အတွက် စခန်းသိမ်းအလှူတော်ငွေများကို ရေ စက်ချပေးပါသည်။ ရေစက်ချပြီးလျှင် ချောင်း ဆုံသို့ကြွ၍ ရေစက်ချပြန်ပါသည်။ ၎င်းနောက် မုဒွန်းသို့ ကြွ၍ သက်တော်ရှည် မုဒွန်းဆရာ စော် ကြီးအား ကန်တော့ပြီး ချောင်းဆုံပြန်၍ ကျိန်းပါသည်။

လဆုတ် ၁၃-ရက်နေ့ နေ့ဆွမ်းဘုဉ်းပေးပြီး မော်လမြိုင်သို့ ပြန်ကြကာ မဟာ ဝိသုတာရာမ ဓမ္မဗိုမံဘန်၌ ကျိန်းပါသည်။



⬆ မွန်ပြည်နယ်၊ မုဒွန်းရှိ အဘိဓမဟာရဋ္ဌဂုရု မုဒွန်းဆရာတော်ကြီးအား ဦးခိုက်စဉ် ⬆

၁၄-ရက်နေ့မော်လမြိုင်မှ ရန်ကုန်သို့ ပြန်ကြွပါသည်။ ၁၅–ရက်(လကွယ်နေ့) ရန်ကုန်မြို့တိပိဋကကျောင်းတော်၌ နံနက်အချိန် ဆွမ်းရေစက်ချပါသည်။

ငုံးရက် နေ့ ၁၂-နာရီအချိန် ဒေါက်တာဒေါ်ခင်သက်ဝေအိမ်၌ ဆွမ်းရေစက်ချပါသည်။ ရေစက်ချအပြီး ဗိုလ်မှူးဝင်းကြည် အိမ်သို့ ကြွ၍ ရေစက်ချရပြန်ပါသည်။

နတ်တော်လဆန်း ၁-ရက်၊ရန်ကုန် တိပိဋကကျောင်းတော်၌ နံနက်အချိန် ဆွမ်းရေစက် ချရပါသည်။၉-နာရီအချိန် ဗိုလ်မှူးကြီး မောင်သန်း-ဒေါ်လှလှအိမ်သို့ ကြွ၍ ဆွမ်းရေစက် ချရပါသည်။

နေ့ ၁-နာရီအချိန် အလုံမြို့နယ်ခန်းမ ကြွ၍ ဆွမ်းပဒေသာ တစ်သိန်းခွဲအတွက်ရေစက်ချပေးပါသည်။

ညနေ ၄-နာရီအချိန် တိပိဋက ကျောင်းတော်သို့ ပြန်ကြွ၍ ဆွမ်းရေစက်ချပေးပါသည်။

နတ်တော်လဆန်း ၂-ရက် နံနက်အချိန် သိမ်ကျောင်းဓမ္မာရုံ၌ ဆွမ်းပဒေသာ တစ်သိန်းခွဲ အတွက် ရေစက်ချပါသည်။


ငင်းနေ့ ၉-နာရီအချိန် ဆူးလေ ဂေါပက အဖွဲ့သို့ ကြွ၍ သြဝါဒချီးမြှင့်ပါသည်။

ငင်းနေ့ ညရထားဖြင့် မန္တလေးသို့ လိုက်ခဲ့ရာ ၃-ရက်နေ့ နံနက် မန္တလေး ရောက်ပါသည်။ မန္တလေး ရောက်လျှင် ကားဖြင့် မြင်းခြံသို့ ကြွတော်မူရာ မြစ်သား၌ နေ့ဆွမ်းဘုဉ်းပေးပါသည်။



ဗန်းမော်မြို့၌ ဆွမ်းပဒေသာပင်အတွက် ရေစက်ချလှူဒါန်းပွဲ

မြင်းခြံမှ ဇာတိ သဲဖြူဝရွာသို့ ကြွတော်မူ၍ မူလတန်း ကျောင်းသူ ကျောင်းသားများအား ကျောင်းဝတ်စုံများ ဝေငှတော် မူပါသည်။ ထို့နောက် ကွမ်းစိုက်ဆရာတော်ကြီး ပြန်လွှန်တော်မူရာဌာနသို့ ကြွ၍ စျာပနအတွက် သက်ဒန်း ၃၅-စုံ လှူဒါန်းခဲ့ပါသည်။ ထို့နောက် မန္တလေးသို့ ပြန်ကြွလာပြီး မင်းကွန်းသို့ ကူးရပါသည်။



နတ်တော်လဆန်း ၄-ရက်နေ့ မန္တလေးမြို့သကျသီဟဘုရားကြီးဝင်း ဗန္ဓုလ ဝေဃယန္တာဓမ္မာရုံ၌ ကျင်းပသော အလှူဒါယကာ ပဲ့စားကြီး ဦးငွေရ၊ (သား)ဦးခင်မောင်လှ၊ (သမီး) ဒေါ်အေးအေးရင်၊ (မြေး) မအေးအေးသင်း၊ မောင်အောင်ကျော်သက် တို့၏ ရှင်ပြု နားသ မင်္ဂလာပဲ့သို့ ကြွချီ၍ တရားဟော ရေစက်ချပေးတော်မူပါသည်။ နတ်တော်လဆန်း ၅-ရက် နံနက်ထွက် ပုဇွန်ဖြူအမြန်သင်္ဘောဖြင့် ကသာ-ရွှေဂူ-ဗန်းမော်မြို့နယ် တို့မှ လှူဒါန်းသော ဝိဇ္ဇာလယ အလှူတော်ငွေများကို ရေစက်ချရန် ကြွချီတော်မူပါသည်။

ထိုပုဇွန်ဖြူသင်္ဘောထက်၌ ဆရာတော် ဘုရားအား အနီးကပ် ကြည်ညိုခွင့် ရခဲ့ပါသည်။

ဆရာတော်ဘုရား ဘာ့ကြောင့်
ဤမျှ ကြိုးစားတော်မူပါသနည်း

ဆရာတော်ဘုရားသည် သက်တော် ရှယ်

တော် ကြီးလှပါပြီ။ ဒါယကာ၊ ဒါယကာမများက သင်္ဃါအား ကြီးကြီးဖြင့် မွန်မွန် မြတ်မြတ် ခဲဖွယ် စားဖွယ်များ လှူကြသော်လည်း အဆီအအိမ်များကို ကျန်းမာရေး အတွက် ရှောင် ကြဉ်ပါသည်။ ကြက်ဟင်းခါးသီးဟင်း၊ ခံတက် ချဉ်၊ ပဲကြမ်းကျော်မျှလောက်ဖြင့် မျှတတော်မူပါသည်။ ဆရာတော် ဘုရားကြီးကို ကြည်ညိုချ အဘယ်မျှ အောတိုက်၍ပင် လှူလှူ ထို အလှူများအား ဆရာတော်ကြီး တစ်ကိုယ်ကောင်း မခံယူပါ၊ သာသနာတော်အတွက်သာ လှူပစ်ပါသည်။

ဆရာတော်ဘုရား ဤမျှကြိုးစားတော်မူခြင်းမှာ မိမိ၏ကိုယ်ကျိုးအတွက် မဟုတ်၊ သာသနာတော် ကြီးပွား တိုးတက်ရန် အတွက် ရည်ရွယ်တော်မူပါသည်။


ဆရာတော်ကြီးကို အလွန် ကြည်ညိုကြသော ဒါယကာ ဒါယကာမများက ဆရာတော်ဘုရား အသက်ကြီးလှပြီ။ အိုမင်းရင့်ရော်ခဲ့ပြီ။ ငြိမ်းချမ်း စွာ အားမွေးပြီး အေးအေးနေစေချင်ကြသည်။ သို့သော် ဆရာတော်ကြီးကား သာသနာတော် အတွက် အသက်ကို စွန့်လှူထားတော် မူသည်။ ဆရာတော်ဘုရားက အမိန့်ရှိသည်မှာ-

"လူဘဝ သက်တမ်းတစ်ရာကို ကျမ်းများက ဆယ်နှစ်စီခွဲပြီး ဒသက ဆယ်ပါးရယ်လို ပြထားတယ်။ ပထမအရွယ်က မန္ဒဒသကတဲ့။ တစ်နှစ်သားကဆယ်နှစ်သားအထိ ဒီအရွယ်ဟာ ကုသိုလ် အကုသိုလ်ရယ်လို့ ဘာမျှ ပိုင်ပိုင်နိုင်နိုင် မသိတတ်သေးဘူး။ အလွန်ဒုံနှေးတဲ့အရွယ်ပေါ့၊ အရာရာမှာ မိဘစတဲ့ လူကြီးများက ပြုပြင် သလို ခံယူနေရတဲ့ ကလေးအရွယ်ပဲ၊ ကိုယ်စွမ်း ကိုယ်စ ဘာမျှ မတတ်နိုင်တဲ့အရွယ် ဖြစ်တယ်။

"ဒီကတစ်ဆင့်တက်လိုက်တော့ ခိုင်္ခဲ့ဒသက အရွယ်တဲ့၊ ဆယ့်တစ်နှစ်သားက အသက် ၂၀-အထိပေါ့။ ဒီအရွယ်မှာ ခန္ဓာကိုယ် တွင်းက အသား အသွေးတွေ အလွန် တိုးလာတယ်၊ အသား အသွေးတွေ အမြဲ လှုပ်ရှားနေရတယ်၊ ကစား ပျော်ပါးနေရတယ်၊ ဒါကြောင့် ခိုင်္ခဲ့ဒသကလို့ ခေါ်ရတယ်။

"ခိုင်္ခဲ့ဒသကမှ တစ်ဆင့် တက်လိုက်တော့ ဝဏ္ဏဒသကတဲ့၊ အရောင်အဆင်း လှပ ပြည့်ဖြိုးတဲ့အရွယ်။ ဒီအရွယ်မှာ မှန်ကြည့်လိုက်၊ သနပ်ခါးလိမ်းလိုက်၊ ပန်းပန်လိုက်. အဝတ်သစ်အစား သစ်တွေလဲလိုက်နှင့် ကိုယ့်ကိုယ်ကို အလှန်အလှကြည့်နေတဲ့ အရွယ်ပေါ့။ ဝဏ္ဏဒသကမှ တဆင့် တက်လိုက်တော့ ဗလဒသက အားကောင်းတဲ့အရွယ်တဲ့၊ အသက် ၃၀-မှ ၄၀ အတွင်းပေါ့။ အဲဒီအရွယ်အတွင်းမှာ ခွန်အားတွေ တိုးလာလို့ ဘယ်သူဘာထင်ရမှာလဲလို့ ကိုယ့်ကိုယ်ကို အထင်ကြီးနေတဲ့အရွယ်။

"ကဲ- မွေးလာတဲ့အချိန်ကစပြီး တွက်စစ်ခဲ့တာ. အခု အသက်လေးဆယ်ကျော် ရောက်ခဲ့ပြီ။ ဒီအသက် လေးဆယ် အတွင်းမှာ သဘာဝကကျကျ ကုသိုလ်အလုပ်ကို မလုပ်နိုင်ဘူး။ မန္ဒအရွယ်က နှုံ့နှေးလို့ မလုပ်နိုင်ဘူး။ ခိုင်္ခဲ့အရွယ်ရောက်တော့ ကစားရတာနှင့် အချိန်ကုန်တယ်။ ဝဏ္ဏအရွယ်ကျတော့ အလှရှာနေရတာနှင့် ကုသိုလ်မလုပ်အားဘူး။ ဗလအရွယ်ကျပြန်တော့လဲ ငါလိုလူစား ရှိသေးရဲ့လားလို့ အတွေ့အားကြီးနေရတာနှင့် တကယ့်ကုသိုလ်အလုပ်ကို မလုပ်အားဘူး။ ဟော အသက် ၄၀-ရှိသွားပြီ၊ ကုသိုလ် အလုပ်လုပ်ဖို့ အချိန်မရသေးဘူး။



ကြည့်ပါ။

လည်း သွားနိုင်တုန်း လာနိုင်တုန်း ဟောပြော နိုင်တုန်းပင် ဖြစ်ပါသည်။

ဆရာတော်ဘုရားသည် သွားနိုင်သေးသမျှ၊ လာနိုင်သေးသမျှ၊ ဟောပြောနိုင်သေး သမျှ သွားလာဟောပြော၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ထွန်းလင်းတောက်ပအောင် ကြိုးစားတော်မူဦးမည်သာ ဖြစ်ပါသည်။

ထို့ကြောင့် သာသနာတော်မြတ် ကြီးပွားတိုးတက်ရန်အတွက် အသက်ပေး၍ အလုပ်လုပ်နေသော ပုဂ္ဂိုလ်တစ်ဦးကို ညွှန်ပြပါ ဆိုလျှင်-

ဓမ္မဘဏ္ဍာဂါရိက တိပိဋကရေ အဂ္ဂ မဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဖြစ်တော်မူသော ဤ မင်းကွန်း ဆရာတော်ဘုရားကြီးအား သာ ညွှန်ပြရမည် ဖြစ်ပါသတည်း။ ။

တည်တော်ဆရာတော်၊ ထီးချိုင့်မြို့။

"တစ်ခါနောက်ဆုံး ဒသံကကို ကြည့်စမ်းဦး၊ သယနဒသကတဲ့။ ဘယ်မျှမသွားမလာနိုင်လို့ အိပ်ရာထဲလဲနေရတဲ့ အသက်ကိုးဆယ်က တစ်ရာအထိ အရွယ်ကြီး။ ဒီအရွယ်ကြီး ကျမှ ဘာကုသိုလ်လုပ်လို့ ဖြစ်ဦးမှာလဲ၊ ဘာ ကုသိုလ်မျှ မပြုလုပ်နိုင်တဲ့ ဆန်ကုန်မြေလေး အရွယ်ကြီး ဖြစ်နေပြီ။

"အဲဒီက ပြန်ဆုတ်လိုက်၊ အသက် ဂဝ-က ၉၀အတွင်း အရွယ်အိုကြီး၊ ခါးကိုစန့်စန့်မထား နိုင်လို့ ကုန်းနေရှာပြီ၊ ဝက်ဒသကတဲ့။ ဒီ ရှစ်ဆယ် ကိုးဆယ်အရွယ်ကြီးကကော ဘာကုသိုလ် အတွက် လှုပ်လှုပ်ရှရှ လုပ်နိုင်ဦးမှာလဲ၊ အဲဒီတော့ တွက်ကြည့်လေ။ အသက်တစ်နှစ်က ၄၀-အထိ ကုသိုလ်အလုပ် မလုပ်နိုင်ဘူး။ အသက် ရှစ်ဆယ်က တစ်ရာအတွင်းလဲ ကုသိုလ် အလုပ် မလုပ်နိုင်ဘူး။ ကုသိုလ်ရေးအတွက် လှုပ်လှုပ်ရှားရှား လုပ်ကိုင်သွားလာနိုင်တာက ပညာဒသကဆိုတဲ့ အသက် ၅၀-အရွယ်က အသက် ဂဝ-အထိမျှသာ ရှိတယ်။ အဲဒီအရွယ်ဟာ သာသနာတော် ကြီးပွားစည်ကားဖို့တကယ့်ကုသိုလ်စိတ်ဖြင့် လှုပ်ရှား သွားလာနိုင်တဲ့ အရွယ် ဖြစ်တယ်။ ဒီသဘောကို စဉ်းစားမိလို့ တို့မျှားဟာ သာသနာရေးအတွက် မနေမနား သွားလာလှုပ်ရှားနေခြင်း ဖြစ်တယ်"


ဟု မိန့်တော်မူပါသည်။

ဆရာတော်ဘုရားသည် ယထာဝါဒီ တထာကာရီဟူသော ကျမ်းစကားနှင့်အညီ ပြောသလို လုပ်၍ လုပ်သလို ပြောဟောတော် မူတတ်ပါသည်။

ယခု ဆရာတော်ဘုရား၏ အသက်တော်သည် ၇၉-နှစ် ရှိခဲ့လေပြီ။ အသက် ၇၉-နှစ် ဆိုသော်

အနာဂတ် ပရိယတ္တိသာသနာ့တက္ကသိုလ်များ

မင်းကွန်း တိပိဋကဓရ
ဆရာတော်ဘုရားကြီးနှင့်
တိပိဋက-နိကာယ
ဥပဇ္ဈာကအဖွဲ့တို့၏
စီမံဆောင်ရွက်မှုများမှာ
အနာဂတ် ပရိယတ္တိ သာသနာ့
တက္ကသိုလ်များအတွက်
အားရကျေနပ်စရာ....




ကြည်သိန်း

၁၉၇၉-ခုနှစ်၊ အောက်တိုဘာလ ၂၂-ရက် နေ့စွဲဖြင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် ကျင်းပမည့် စာပေအနုပညာရှင်များ ဂုဏ်ပြုပွဲသို့ တက်ရောက်ရန် ဖိတ်ကြားစာကို ၂၆-ရက်နေ့က ရောက်ရှိလာသော အခါ မင်္ဂလာရှိသောနေ့ဟု ထင်မိပါသည်။ ပျော်နေသော မှတ်စုစာအုပ်နှင့် သတင်းစာဖြတ်ပိုင်းများ ပြန်တွေ့၍ ဝမ်းသာနေချိန်လည်းဖြစ်ပါ၏။ စေ့းသို့ရောက်သောအခါ စက္ကူအဟောင်းဆိုင်၌ အသုံးကျမည့် စာအုပ်များရှာဖွေရာတွင် လက်ဝယ်မရှိသေးသော လယ်တီပဏ္ဍိတ၏ ဒေသနာမဏ္ဍရိကျမ်း၊ လယ်တီဆရာတော်၏ အာနာပါန ဒီပနီနှင့် ရူပဒီပနီကျမ်း၊ ၁၉၀၆-ခု အောက်တိုဘာလထုတ် ရတနာမုန်မဂ္ဂဇင်းတို့ကို ပိုဆာချိန်စေ့းဖြင့် ဝယ်ယူရာ ငါးကျပ်သာ ပေးရပါသည်။ စာအုပ်ဆိုသည်မှာ နားမလည် တန်ဖိုးမထားသူ စေ့းသည်များအတွက် ကုန်ထုတ်စက္ကူ။ ဖြစ်သော်လည်း နားလည် တန်ဖိုးထားသူများ အတွက် တန်ဖိုးမဖြတ်နိုင် ဖြစ်ရပါသည်။

ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းမှ ဗုဒ္ဓဘာသာ စာစောင်ထုတ်ဝေရေး ဆွေးနွေးရန် ဥက္ကဋ္ဌ အငြိမ်းစား သံမတ်ကြီး ဦးကြင်၊ ဒုတိယ ဥက္ကဋ္ဌ ပါမောက္ခ ဦးခင်မောင်ကြည်နှင့် ကျွန်တော်တို့ အစည်းအဝေး ထိုင်ခဲ့ကြသည်။ ထိုစဉ်က ကျွန်တော်မှာ အသင်းသား မဟုတ်၍ စာစောင်ထုတ်ဝေရေး၌ ပါဝင်ရန် အသင်းဝင်လိုက်ရပါသည်။ထိုအစည်းအဝေး၌ နိုင်ငံတကာတွင် ဘာသာမျိုးစုံဖြင့် ထုတ်ဝေသော ဗုဒ္ဓဘာသာစာစောင် မဂ္ဂဇင်းများကို နမူနာအဖြစ် တင်ပြခဲ့ပါသည်။ စာစောင် ဖြစ်မြောက်ရေးတွင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ကြည်က စိတ်အား ထက်သန်သလောက် ဥက္ကဋ္ဌ

အနာဂတ်ပရိယတ္တိသာသနာ့တက္ကသိုလ်

ကသင်ဘဝါ



Houghton

F.7A

ဦးကြွင်မှာ အင်တင်တင် ဖြစ်နေသည်။ ရန်ကုန် တက္ကသိုလ်ပါဠိဘာသင်း မဂ္ဂဇင်း ထုတ်ဝေဖူးသူ ဖြစ်၍ ကျွန်တော့ကို တာဝန်ခံလုပ်စေလိုသော်လည်း ကျွန်တော် မလုပ်နိုင်ကြောင်း အစည်းအဝေးမှာပင် တင်ပြခဲ့ပါသည်။ ရတနာမုန် အမည်ဖြင့် မဂ္ဂဇင်း ထွက်လာသော်လည်း ဈေးကွက်တွင် ရောင်းမစွဲသော ပစ္စည်းမျိုးဖြစ်ကာ ပြုတ်မဟတ် အခြေအနေသို့ ရောက်ရှိနေသည်။ ထို့နောက် ဉာဏ်လင်းစာပေမှ ပြုပြင်မွမ်းမံ၍ ထုတ်သောအခါ ဖတ်သူတွေ့စိတ်ဝင်စားပြီး စောင်ရေ ဆောင်းကျော်လာသည်။ ကျွန်တော် အခါအားလျော်စွာ ပါဝင်ရေးသော်လည်း အဆက်ပြတ်နေသည်မှာ ကြာပါပြီ။

ယခုလက်ဝယ်ရောက်လာသော အတွဲ ၁၃၊ အမှတ် ၁၀--ရတနာမုန်စာစောင်တွင် လူထုဒေါ်အမာ၏ "ခေတ်ကာလရဲ့တောင်းဆိုချက် ပရိယတ္တိ တက္ကသိုလ်များ" ဆောင်းပါးကို ဖတ်ရသည်မှာ မန္တလေး ပရိယတ္တိသာသနာ့တက္ကသိုလ်ပဲသို့ သွားရောက်ချိန်နှင့် တိုက်ဆိုင်နေရာ ကျွန်တော့်အတွက် အထူး အထောက်အကူ ဖြစ်ပါတော့သည်။ ဉာဏ်လင်း ဓမ္မပဒေသာ စာစောင်ဟူ၏စဉ်က ထေရဝါဒ ဆရာတော်ကြီးများ အကြောင်း ရေးရာတွင် ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသအကြောင်း ရေးရာ၌ မန္တလေး ပရိယတ္တိ သာသနာ့တက္ကသိုလ် ပုံစံဘလောက် ထည့်သွင်းထား၍ မြင်ဖူးခဲ့ပါ၏။ ယခု ကိုယ်တိုင် ရောက်ရပါတော့မည်။ ယခင်နှစ်ကမ္ဘာအေးမဟာဝိဇ္ဇာမဂ္ဂဇင်းတော်ကြီး၌ ကျင်းပသော စာပေအနုပညာရှင်များ ဂုဏ်ပြုပွဲတွင် အကြုံးဝင်းစာဖတ်ရေးပြီး ရန်ကုန် ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယကချုပ်၊ မန္တလေး ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်၊ တိပိဋကဓ နိကာယအဖွဲ့ဥက္ကဋ္ဌ၊ သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ထံ မိတ္တူများ ပေးပို့ခဲ့ပါသည်။ ယင်းဂုဏ်ပြုပွဲ၌ အကြုံဉာဏ်ပေး အစီအစဉ်ပါရှိရာ ဦးကိုလေး (ဇေယျာမောင်)၊ မင်းသုဝဏ်၊ စာရေးဆရာပါရဂူ၊ ပါမောက္ခ ဦးတင်လွင် စသူတို့ တင်ပြအကြုံဉာဏ်ပေးကြပါသည်။ သူတို့ တင်ပြချက်များမှာ အားလုံးကောင်းသော်လည်း ပြောပြီး ပျောက်သွားပါသည်။ ထိုအခြေအနေကိုသိ၍ စာတမ်းရေးပြီး အရေးပါသူများလက်သို့ ပေးပို့ခြင်း ဖြစ်ပါသည်။ နောက်တစ်ခါ စာမူတောင်းသောအခါ လေးချိုးကြိုးရေးပြီး ပေးပို့လိုက်ပါသည်။

သံဃာတော်များ အင်္ဂလိပ်စာပေသင်ကြားရေး သမိုင်းစဉ်မှာ စစ်ကြိုခေတ် ၁၉၄၀-ပြည့်နှစ်များ မတိုင်မီက စခဲ့ပါသည်။ ယခု သက်တော် ၉၀-ကျော် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော် ဦးသေဋ္ဌိလမှာ ထိုစဉ်က ပထမကျော် အောင်ပြီး တက္ကသိုလ် နုပျိုချိန် ဖြစ်၍ အင်္ဂလိပ်စာသင်ရာတွင် နိုင်ငံတွင် ဝိရောဓိပြဿနာ ဖြစ်လာ၍ ဆရာတော်ကြီးများထံ ဆန္ဒခံယူပွဲ ကျင်းပရာကြောင်း ဆရာတော် ဦးသေဋ္ဌိလ ပြောပြ၍ သိရပါသည်။ သံဃာတော်များ အင်္ဂလိပ်စာ သင်သင့်၊ မသင်သင့်ကို ဇယားကွက်တွင် ဖြည့်စွက်ရသည်။ ဆရာတော်ကြီးတစ်ပါး၏ ဆန္ဒပြုချက်မှာ မသင်သင့်၊ အကြောင်းပြချက်မှာ ငါမကြိုက်လို့ဟု ဖော်ပြထားသည်ဟု ဆိုပါသည်။ "ဘုန်းကြီးတို့ ခေတ်က အဲဒီလို အခက်အခဲများ အကြားမှာ ဘာသင်ရတတ်မြောက်အောင် ကြိုးစားခဲ့ရတယ်။ အခုခေတ်မှာတော့ ရဟန်းရှင်လူ ပြည်သူတစ်ရပ်လုံးက အားပေးနေကြပါတယ်" ဟု ဆရာတော်က အားပေးစကား ပြောကြားခဲ့ပါသည်။



မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီး နောက် ၁၉၅၀-ပြည့်နှစ် နောက်ပိုင်းတွင် ရာထူးဝန် အဖွဲ့ ဥက္ကဋ္ဌ သခင် လွန်းဟော်. ဦးဆောင်၍ သံဃာတော်များ အင်္ဂလိပ်စာပေ သင်ကြား ရေးကို ဆောင်ရွက်ခဲ့ပါသည်။ အင်္ဂလိပ်လူမျိုး မစ္စကဗရန်စစ္စတိုရှိ၊ ဩစတြေးလျ လူမျိုး မစ္စက် မောရစ်ဟို့ သင်ကြား ပို့ချခဲ့ပါသည်။ အောင်မြင်မှု မရှိခဲ့ပါ။ အချို့ သံဃာငယ်များက တက္ကသိုလ်ဝင်တန်း ဖြေဆို၍ ရန်ကုန် တက္ကသိုလ် တက်ရောက်ကြရာ ၁၉၅၂--ခုနှစ် ဟု၌ တက္ကသိုလ် အာဏာပိုင်များက သံဃာ များ ကျောင်းသားအဖြစ် ဟရုံးဝင် တက် ရောက်ခွင့်ကို ပိတ်ပင်လိုက်၍ အလွတ်ဖြေဆို ခွင့် ပေးခဲ့ပါသည်။ အချို့ လူဝတ်လဲ၍ တက္ကသိုလ် တက်ကြပြီး အချို့မှာ သက်နှံးဝတ် ဖြင့်ပင် အလွတ်ဝင်ရောက်ဖြေဆို၍ ဘီအေဘွဲ့ကို ယူခဲ့ကြပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဗုဒ္ဓ သာသနာနှင့်ဟ အခွဲ၊ နိုင်ငံတော် ဗုဒ္ဓသာ သနာ့အဖွဲ့များ ခွဲဝေည်းကပ် တိုးပွားရ စာအုပ်များ ကျင်းပခြင်း၊ ဆဋ္ဌသင်္ဂါယနာ တင်ခြင်းများ ဆောင်ရွက်ချက်နှင့်အတူ ဓမ္မဒူတ သင်တန်းကျောင်းကိုပါ ဖွင့်လှစ် ခဲ့ပါသည်။ ဓမ္မဒူတ သင်တန်းကျောင်းတွင် ဦးဓောလာ (မဟာဝိဇ္ဇာ)က ကျောင်းအုပ်၊ ဦးလက္ခဏ (ဓမ္မာစရိယ-ဘီအေ)က လက်ထောက်ဘာဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ပြီး နောက် ဓမ္မဒူတသင်တန်းကျောင်းကို ဆက်လက် ဖွင့်ခဲ့သော်လည်း ၁၉၆၀-ပြည့်နှစ်လောက်တွင် ရပ်ဆိုင်းသွားခဲ့ပါသည်။

ဆဋ္ဌသင်္ဂါယနာတင်ပြီးနောက် ၁၉၅၇-ခုနှစ်လောက်မှစ၍ ကမ္ဘာ့ဗုဒ္ဓဟက္ကသိုလ်ကြီးကို တိုက်နှံ့ ပြုတိုက်ပုဂံကြီး ကမ္ဘာအနှံ့

မြေဟွင် ပေါ်ထွက်လာခဲ့ပါသည်။ ကမ္ဘာ့ ဗုဒ္ဓ တက္ကသိုလ် ညွှန်ကြားရေးမှူး ဦးဖေအောင်ကြီးမှူး၏ ထောက်ခံအားပေးသူများ စုပေါင်းလျက် သံဃာ့တက္ကသိုလ်ကို တည်ထောင်ကြပြန်ပါသည်။ ၁၉၅၇-ခုနှစ်လောက် အထိ သံဃာ့တက္ကသိုလ်ကို ဗဟန်း ရှေကျင်ကျောင်းကြီး၌ ဖွင့်လှစ်၍ နောက်ပိုင်းတွင် ကမ္ဘာအေး သမဝါယမတန်ဆောင်းနှင့် သံဃာ့ဆေးရုံတို့တွင် ဖွင့်လှစ်ခဲ့ပါသည်။ သံဃာ့ တက္ကသိုလ် ဥက္ကဋ္ဌမာ ကမ္ဘာအေး ဆရာတော် ဦးပညာဒီပ ဖြစ်၍၊ ဦးဖေအောင်မှာ ထောက်ပံ့နှင့် စာပေသင်ကြားရေးအဖွဲ့ ဥက္ကဋ္ဌ ဖြစ်ပါသည်။ ကျန်တော်မှာ စာပြဆရာနှင့် အုပ်ချုပ်ရေး အရာရှိဖြစ်ရာ သံဃာတော်များအား ခေတ်ပညာ သင်ကြားရေး၌ အားသာချက်၊ အားနည်းချက်၊ ချွတ်ယွင်းချက်များကို အတွင်းကျကျ သိရှိခဲ့ရပါသည်။

သံဃာတော်များအား ခေတ်ပညာ၊ အင်္ဂလိပ်စာသင်ရာ၌ ခေတ်ပညာတတ်ရင် ဝိနည်းသိက္ခာပုဒ် ပြိုဖွန်းမည်၊ လူထွက်လိမ့်မည် စသည်တို့ဖြင့် စွပ်စွဲပြောဆိုလာကြပါသည်။ ယင်းပြောဆိုချက်များမှာ မယဘုပ္ပါအားဖြင့် မှန်သလိုလိုရှိသော်လည်း အားလုံး မမှန်ပါခြေ။ အင်္ဂလိပ်စာမတတ်ဘဲ လူထွက်ကြသူတွေရှိပြီး အင်္ဂလိပ်စာတတ် ဘွဲ့ရပြီးသော သံဃာတော်များ ယနေ့အထင်အရှား ရှိနေပါသည်။ ခုမ်းမြေ့ရိပ်သာဆရာတော်၊ သပိတ်အိုင် ဆရာတော် စသော ထင်ရှားသည့် ဆရာတော်များမှာ ဓမ္မဒူတကျောင်းထွက် သံဃာ့ တက္ကသိုလ်ထွက်များဖြစ်ကြပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ သံဃာ့တက္ကသိုလ်ဥပဒ္ဒါကအဖွဲ့အမှုဆောင်လူကြီးများ၏ ခံယူချက်မှာ "တက္ကသိုလ်မှထွက်ပြီး မပျော်လို့ လူထွက်သွားရင်လဲ ခေတ်ပညာတတ်တော့ လူဘဝမှာ ဟန်ကျတာပေါ့။ သက်နှံးဝတ်ခဲ့အိမ်ထောင်သားမွေးပြုနေတဲ့ပုဂ္ဂိုလ်တွေနဲ့စာရင် တော်သေးတယ်" ဟူ၍ ဖြစ်ပါသည်။ သမဝါယမတန်ဆောင်းတွင် ဖွင့်စဉ်က ဓမ္မာစရိယ အောင်ပြိုးသား သံဃာရှစ်ဆယ်ကျော် တက်ရောက်ကြပါသည်။ ထို သံဃာ ရှစ်ဆယ်ကျော်တို့အနက် မျှားစွာမှာ ယခုအခါ သာသနာ့ဘောင်၌ ရှိနေဆဲ ဖြစ်ပါသည်။

ထိုစဉ်က ဒုတိယ အိမ်စောင့် အစိုးရ လက်ထက်ဖြစ်ရာ ဒုတိယ ဝန်ကြီးချုပ် ဦးလွန်းဘော်၊ ဗိုလ်မှူးကြီး ကျော်စိုး၊ ဗိုလ်မှူးကြီး ဘသန်းစသော ပုဂ္ဂိုလ်များက ကူညီအားပေးခဲ့ကြပါသည်။ သို့သော် နိုင်ငံရေး မငြိမ်မသက်ရှိခြင်း၊ အာဏာပိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ခံယူချက်အမျိုးမျိုး ဖြစ်နေခြင်း၊ နိုင်ငံတစ်ဝန်းရှိ ထင်ရှားသော ဆရာတော်ကြီးများ ခေတ်ပညာရေးကို သဘောမပေါက်ခြင်း၊ ဘာသာရေးနှင့် နိုင်ငံရေး ရှုပ်ထွေးမှုရှိနေခြင်း စသည်တို့ကြောင့် တော်လှန်ရေးကောင်စီတက်လာသော ၁၉၆၂-ခုနှစ် နောက်ပိုင်းတွင် ကမ္ဘာအေးကုန်းမြေ၌ သံဃာ့တက္ကသိုလ် ပျောက်ကွယ်ပြီး၊ ကမ္ဘာအေး ရေကူးဘူတာအနီး၌ သံဃာ့တက္ကသိုလ်နာမည်ဖြင့် ကိုယ်ပိုင် ဘုန်းကြီးကျောင်း ပေါ်ထွက်ခဲ့သည်ကို ဝမ်းမြောက်ဘွယ်ရာ တွေ့မြင်ရပါသည်။ ထိုတက္ကသိုလ် တည်ထောင်သော သံဃာများမှာ ကမ္ဘာအေး သံဃာ့တက္ကသိုလ်ထွက်များ ဖြစ်ကြပါသည်။


၁၉၆၂-ခုနှစ်မှ ၁၉၈၀-ပြည့်နှစ်ခန့် အထိ နိုင်ငံကော်နှင့် သာသနာတော်မှာ ခပ်စိမ်းစိမ်း ဖြစ်နေခဲ့သည်ကို သတိပြုမိကြပါလိမ့်မည်။

၁၉၇၀-ပြည့်နှစ်တွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး အတွက် ဂိုဏ်းပေါင်းစုံသံဃာ့မဟာနာယကအဖွဲ့ ပေါ်ပေါက်လာပြီး နောက် ဆရာတော်ကြီးများအား အဂ္ဂမဟာပဏ္ဍိတနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခြင်း၊ သာသနာသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ တည်ထောင်ဆောက်လုပ်ခြင်းတို့ကိုပြုလုပ်လာခဲ့ပါသည်။ ကျွန်တော်၏ ယခင် အကြံပေးချက်နှင့် လေးချိုးကြီးတွင် ပြည်ပ သာသနာပြုလုပ်ငန်းကို ဦးတည်ရှေ့ရှုနေသော ပရိယတ္တိသာသနာ့တက္ကသိုလ်ထွက် သံဃာတော်များ၊ ပြည်တွင်း သာသနာပြုလုပ်ငန်းများကို လျစ်လျူမရှုကြရန် ပန်ကြားခဲ့ပါသည်။

နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ အနေဖြင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကို ဖွင့်လှစ်ထားရာ ပြည်တွင်း သာသနာပြု လုပ်ငန်းကို လျစ်လျူရှုကြောင်း ထင်ရှားပါသည်။ ခေတ်ကာလရဲ့တောင်းဆိုချက်ပရိယတ္တိတက္ကသိုလ်များ ဆောင်းယားတွင် လူထု ဒေါအမာက အပြည့်အစုံ တင်ပြထားသည်မှာ အားရကျေနပ်စရာဖြစ်ပါ၏။ လူထု ဒေါအမာ တင်ပြခဲ့သည်မှာ ၁၉၇၆-ခု အောက်တိုဘာလတွင်ဖြစ်၍ သုံးနှစ်ကြာသော ယခုအချိန်တွင် တက္ကသိုလ်များ၏ အရှိန်အဟုန်မှာ ဆက်တိုက် တိုးတက်နေပါသည်။ စေတနာရှင်ပြည်သူများ၏ ထောက်ခံအားပေးမှု၊ တိုပိဋ္ဌက=နိကာယအဖွဲ့၏ ဆောင်ရွက်မှုတို့ကြောင့် ဘက်စုံ တိုးတက်နေပါသည်။ ယခင်နှစ်က ဥက္ကဋ္ဌကြီး ဦးသာလှ ရှင်းပြချက် အရဆိုပါမူ စာသင်သား သံဃာများ အတွက် ပစ္စည်းလေးပါး ရာသက်ပန်အတွက် လုံလောက်အောင် ငွေပဒေသာပင် စိုက်ထူထားသည်ဟု ဆိုပါသည်။ ထာဝရလုပ်ငန်းများ ပျက်စီးသွားသည်မှာ ရန်ပုံငွေ မပြည့်စုံခြင်း၊ စီမံရေးရာအုပ်ချုပ်မှု အားနည်းခြင်း၊ လုပ်ငန်းရည်မှန်းချက် မရေရာခြင်း စသည်တို့ကြောင့် ဖြစ်ရာယခု ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသနှင့် တိပိဋ္ဌက=နိကာယ အဖွဲ့တို့၏ စီမံ ဆောင်ရွက်မှုများမှာ အနာဂတ် ပရိယတ္တိ သာသနာ့တက္ကသိုလ်များအတွက် အားရကျေနပ် စိတ်အေးစရာ ဖြစ်ပါသတည်း။

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့သမိုင်းတွင်တစ်ခါမျှ မပေါ်ပေါက်ဘူး သေးသော ပရိယတ္တိသာသနာ့ တက္ကသိုလ်များ၏ အနာဂတ်ရေးကို တွေးရင်း ၁၉၅၀- နှင့် ၅၁ ခုနှစ်များတွင် အိန္ဒိယနှင့် သီဟိုဠ်ကျွန်းသို့ ဘုရားဖူးသွားရသော ခရီးစဉ်ကို စိတ်ရောက်သွားပါသည်။ ဗုဒ္ဓဂယာ၊ ရာဇဂြိဟ်၊ သာဝတ္ထိ၊ လုမ္ဗနီ၊ ကုသိနာရုံ၊ နာလန္ဒ တက္ကသိုလ်၊ ဘုံဘေမြို့အနီး အာဂျန္ဒာလိုဏ်ဂူများသို့ ရောက်ရှိစဉ် တစ်ချိန်ဦးက ဗုဒ္ဓသာသနာ ထွန်းကား ခဲ့သော်လည်း ခေတ်ကာလ ကြာလာသောအခါ နေရာဟောင်းတွင် ကျောက်တောင် ကျောက်တုံးများသာ တွေ့ရပါတော့သည်။

သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ စစ်ကိုင်း၊ ကုန်းဘောင်ခေတ်များ၌ ထွန်းကားခဲ့သော သာသနိက အဆောက်အအုံများမှာ ယခုအခါ ဟောင်းနွမ်းဆွေးမြေ့နေပါပြီ။ မိုးမိတ်ကုန်းမြေသို့ရောက်စဉ် ဆဋ္ဌသင်္ဂါယနာတင်ရာဌာန မင်းကွန်း ဆရာတော်ဘုရားကြီး၏ ဖြေကြားချက် များအား ကျောက်တက်အက္ခရာတင်၍ သီးသန့် ပူဇော်ထားသည်ကို



၁၃၄၇-ခု၊ တပေါင်း လပြည့်နေ့၊ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် လဲ့အပ် ရေစက်ချအလှူ တော်တင် ပြည်ထဲ ရေး နှင့် သာသနာရေး ဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဦးကြည်ညွန့် (အငြိမ်းစား) လျှောက်ထား စဉ်။

မိုင်-၁၀၀၀ခရီး

သို့ ကြွ တော် မူ ကြ ရာ ၌ မန္တလေးသို့ အသွား တွင် ရိုး မ အ ရှေ့ လမ်း မှ သွား ကြ မည်။ အပြန်၌ ရိုးမအနောက်လမ်းမှ ပြန်ကြမည်။ လမ်းတလျှောက် ၉ခန်းထောက်ချရာ မြို့များတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးမျာ:ဘာ့ကြောင့် တည်ဆောက်ရကြောင်း ပြည်သူ အများ:နာ:လည်သဘောပေါက် အောင် ဟောတော်မူကြမည်။ အသွား:အပြန် ၁၀ရက်ကြာမည် ဟူ၍ဖြစ်ရာ ထိုခရီး:မှာ အညာ တပေါင်း နေအောက်မှ မိုင် ၁၀၀၀, ခရီး:ပင် ဖြစ်တော့သည်။

ကား ၄-စီး

ထိုသတင်း:အရ ကျွန်တော်တို့ ရတနာမွန်အဖွဲ့သည် ဆရာတော် ဘုရား:ကြီး:များ:နှင့်အတူ လိုက်ပါ နိုင်အောင်ကြို:စာ:ကြပါသည်။ သို့ဖြင့် ၂၇-၃-၆၆ ရက်နေ့ နံနက် ၆နာရီအချိန် ကမ္ဘာအေး ကုန်း:မြေ ဇမ္ဗူဒီပ ကျောင်း ဆောင်မှ ဆရာတော်ကြီး:များ ဒေသစာရီခရီး: စတင်ထွက်ခွာ သောအခါ ကျွန်တော်တို့ပါ ပါခဲ့ပါသည်။ ဟီး:နို:းကား:ကြီး သုံ:စီး၊ ကား: က လေး: သုံ: စီး: ပေါင်း ကား: ၆ - စီး:နှင့်အတူ ဖြစ်ပါသည်။

အစီအမံ

ဤနေရာ၌မင်းကွန်းတိပိဋကနိကာယ သာသနာပြု အဖွဲ့၏ ရှေ့တော်ပြေး ကပ္ပိယကာရက အဖွဲ့မှ ကြို:တင် စီမံ ထား:သည့် အစီအစဉ်များ:ကို တင်ပြလိုပါသည်။

(၁) ဆရာတော် ဘုရား:ကြီး:များ: ဒေသစာရီ ကြွချီတော် မူ ကြ မည့် အကြောင်း:ကို တိုင်း:နှင့် မြို့နယ်များ:ရှိ သံဃနာယက ဥက္ကဋ္ဌ၊ အတွင်း:ရေး:မှူး: ဆရာတော်များ:အာ: ကြို: တင်လျှောက်ထား:ခြင်း:။

(၂) လမ်းတလျှောက်ရှိ တိုင်း: ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ၊ အတွင်း:ရေး:မှူး:များ:၊ မြို့နယ်ပြည် သူ့ကောင်စီ ဥက္ကဋ္ဌ၊ အတွင်း:ရေး:မှူး: များ:၊ တိုင်း: သာသနာရေး:

ဦးစီးမှူးများ၊ တိုင်းနှင့် မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့ မှူးများ၊ မင်းကွန်း တိပိဋကနိကာယ အသင်းခွဲ တီးနိ အ ကျိုး တော် ဆောင်အဖွဲ့နှင့် အလှူရှင် များအား ကြိုတင် ဆက် သွယ်ထားခြင်း။

(၃) တိပိဋကရ ဆရာတော် ဘုရားကြီး၏ အထူးမှာ ကြားချက်နှင့်ဆက်သွယ်ရ သော လူ-ရှင်-ရဟန်း ပုဂ္ဂိုလ်များ ကို တွေ့ အောင်ရှာ၍ ဆက်သွယ် ထားခြင်း။

(၄) ဆရာ တော် ဘုရား ကြီး များ ညဥ့်အိပ် သီတင်း သုံးကြရမည့် အဆောက် အအုံ များ လုံခြုံရေးနှင့် အဆင်ပြေမှုရှိ၊ မရှိ စုံစမ်း ခြင်း။

(၅) လမ်း ခရီး တလျှောက် စခန်းတထောက်နှင့် တစ် ထောက် မ ပင် ပန်း ဝဲ ဆရာတော်ကြီးများ သွား လာနိုင်အောင်နှင့် အချိန် မီ နေ့ ဆွမ်း ဘုဉ်း မည့် မြို့ရွာများသို့ ရောက်ရှိ အောင် စီစဉ်ခြင်း။

(၆) ခရီးစဉ်တလျှောက် လမ်း များ ရှင်း လင်း ရေး အ တွက် တိုင်း နှင့် မြို့ နယ် များမှ တာဝန်ရှိသူများ အား ရှေ့ မှ သီး ခြား လမ်းရှင်း ပို့ ဆောင်ပေး ရေး အစီအစဉ် လုပ်ပေး ပါရန် ဆွေးနွေးခြင်းတို့ ဖြစ်ပါသည်။





၂၇-၃-၀၆ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့၊ ပဲခူးမြို့မ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ မြို့မစာသင်တိုက်သို့ ရောက်ရှိပြီး ပဲခူးနိကာယဗိမာန်တွင် တိပိဋကဓရဆရာတော်ကြီးက ၁-နာရီကြာမျှ တရားဟောကြားတော်မူစဉ်။





⬆ ၂၇-၃-၀၆၊ နံနက် ၉နာရီ ၄၀ မိနစ် ပျဉ်ပုံကြီးရွာမှ ကြိုဆို၀ါရ၀ပြုကြစဉ် ⬆

ပဲခူး နိကာယ ဗိမာန်

ထို့ကြောင့်ပင် ပဲခူး သို့ ရောက်ချိန် ၂၇-၃-၀၆ ရက်နေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရဲများက လမ်းရှင်းထား နှင့် ပြီးဖြစ်လျက်၊ ပဲခူး မြို့သူမြို့သား အပေါင်းတို့က နိကာယဗိမာန်ကြီး လှုံ့ထွက်အောင် စောင့်မျှော် ကြိုဆိုနေကြသည်ကို တွေ့ရပေသည်။

နိကာယဗိမာန်ဆိုသည်မှာ ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၏ ကျောင်း၀င်းအတွင်းရှိ....

"သာသနာ ၂၅၁၉-နှစ်၊ ကောဇာ ၁၃၃၇၊ တပေါင်းမာသဆန်းသစ်စတွင်၊ ပဲခူး မြို့နယ်လုံးဆိုင်ရာ သုဓမ္မာနိကာယ ဆရာတော်ကြီးများ ဦးဆောင်၍ နိကာယ စာပွဲသဘင်စတင်ကျင်းပကြောင်းကို၊ နှောင်း ခေတ်လူတို့ စေတနာပွား အကျိုးများစေခြင်းငှာ၊ ဤ ကျောက် စာ ဖြင့် မော်ကွန်းတင်ခဲ့ကြပေသတည်း" တဲ့ မော်ကွန်း ကျောက်စာတိုင် စိုက်ထူထား သော ဓမ္မာရုံကြီးပင် ဖြစ်ပါသည်။

အစီအစဉ် မပါသော်လည်း

မူလ အစီအစဉ်တွင် ပဲခူးဌာနာရီ၀က်မျှ ရပ်နားရန် ဖြစ်သော်လည်း တိ=နိတွဲဖက် အမှုဆောင် ဦးသောင်းမြင့် အမှူးရှိသော မြို့ခံလူကြီးများ၏ အလျှောက် ကောင်းခြင်းကြောင့် တိပိဋကဓရဆရာတော် ၏ တက္ကသိုလ် ကျောင်းကော်ကြီး တရားမှာ ၁-နာရီ ကြာသွားသည်။ ပဲခူးမှ ဆက်ထွက်ရာ၌လည်း အစီအစဉ်တွင်မပါသော ၀မ်းဘဲအင်းရွာ၌ ခေတ္တရပ်၍ အပူဇော်ခံခြင်း၊ ပျဉ်ပုံကြီးရွာတွင်လည်း ဆင်း၍ ရေစက်ချတရား ဟောရခြင်း တို့ကြောင့် ပြန်တန်ဆာမြို့သို့ နေ့ဆွမ်းအမီ ကားကို မောင်းကြရပါသည်။

၀မ်းဘဲအင်းရွာသည် နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ ပဲခူးမြို့မ ဆရာတော်ဘုရားကြီး၏ ဇာတိရွာဖြစ်ပါသည်။ဆရာတော်ကြီး စီးလာသော ကားကို ရွာသားများက ရှေ့မှဆီး၍ တားကြသဖြင့် ရပ်၍ပေးရသည်။ ထိုအခါ 'ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်၍ သာသနာ့အကျိုး ဆောင်ထက်ထမ်း ပိုးရွက်ဆောင်နိုင်ပါစေ' ဟု ကြွေးကြော်ကာ ဆေးဝါးများ လှူကြပါသည်။ အဘယ်မှာ ရပ်မပေး၍ ဖြစ်ပါမည်နည်း။ ပျဉ်ပုံကြီး



ပြန်တန်ဆာမြို့
နင်းကျန်းကျောင်း၌
ခေတ္တနားတော်မူစဉ်

တွင်လည်း ထို့အတူပင် ဖြစ်သည်။ 'သာသနာ့ တက္ကသိုလ်ကြီးအတွက် ကြုံကြိုက်သဖြင့် ဝတ္ထုများ လက်ခံပြီး ရေစက်ချပေးသွားတော် မူပါဘုရား' ဟု ဝိုင်း၍ တောင်းပန်ကြသည်ကို ဆရာတော်များက မလွန်ဆန်နိုင်ပါလေ။

ပြန်တန်ဆာနင်းကျန်းကျောင်း

ထို့ကြောင့် ပဲခူးမှ စောစော ထွက်ခဲ့သော်လည်း ပြန်တန်ဆာမြို့သို့ ၁၀ နာရီ ၃၅ မိနစ်တွင်မှ ရောက်ကြသည်။ ဦးအောင်စိန်အမှူးရှိသော နိုင်ငံတော် သံဃမဟာ နာယကများ ပူဇော်ရေး အဖွဲ့သူ အဖွဲ့သား များ နှင့် ဒေါ်သန်းညွန့်၊ ဒေါ်စိန်အေး၊ ဦးတိုးတို့ ဦးစီးသော ဓမ္မစံကြာ အမျိုးသမီး ဝတ်အင်း သုံးသင်း မှ အသင်းသူများက နင်း ကျန်း ကျောင်း အဝင်တွင် ဆီးကြိုကြသည်။

ဆရာတော် ဘုရားကြီးများ ဆွမ်း ဘုဉ်းပြီး ကြသော အခါ သာသနဝိပုလကာရီတရား မဏ္ဍပ်၌ ပရိသတ် ၅၀၀၀-ကျော်ကို တိပိဋကဓရ ဆရာတော်က တက္ကသိုလ်တရား ဟောတော် မူသည်။ လှူဖွယ်များ လက်ခံ၍ ရေစက်ချသည်။


ထိုအချိန်တွင် တမီလ် အဘိုးအို ၄ ယောက်သည် မဏ္ဍပ်ဝရှိ မြို့ခံ ဥပသကာများ ရှေ့တွင် "ဦးဝိစိတ္တာဘုရားကို ငွေလှူချင်ပါတယ်" ဟု ပြောနေသည်။

ဥပသကာများက "ဒီမှာလှူပါ၊ ဖြတ်ပိုင်းယူသွားပါ" ဟု ပြန်ပြောကြသည်။

တမီလ် အဘိုးအို များက "ဘုန်းကြီး ဘုရားကြီး လက် ထဲ



ညောင်လေးပင်မြို့၊ ဒကွဲကာရာမအာသေကာရုံ
တောင်ကျောင်း၌ တရားပွဲ ခေတ္တကျင်းပစဉ်



⬆ ၂၇-၃-၈၆၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ဖြူးမြို့ မြို့ထောင့်ကျောင်း၌ တရားဟောကြားတော်မူစဉ်။

⬇ ၂၇-၃-၈၆၊ ညနေ ၅ နာရီ ၅၈ မိနစ်တွင် အုတ်တွင်းမြို့ ရွှေဘုံသာကျောင်းတိုက်သို့ ရောက်ရှိတော်မူစဉ်။



ကိုပဲ ထည့်ချင်တယ်''ဟု ပြောပြကာ တရားဟောမဏ္ဍပ်ထောင့်တွင် သွားရောက်ထိုင်၍ ဝတ္ထုလှုရန် အခွင့်အရေးကို စောင့်နေကြသည်။

ညောင်လေးပင်

ပြွန်တန်ဆာမှ နေ့ ၁နာရီ ၃၅ မိနစ်တွင် ထွက်ခွာပြန်ရာ ညောင်လေးပင်မြို့ ဒကွဲ ဏာရာမ အသောကာရုံတိုက်ခေါ် တောင်ကျောင်းသို့ ၃နာရီ မိနစ် ၅၀တွင်ရောက်သည်။ထိုကျောင်းတိုက်တွင် (၁၃)ကြိမ်မြောက် သုမမွာ ဂိဏ်းလုံးဆိုင်ရာ ဝိနယဓမ္မ အာဂုံပြန်ပွဲ ကျင်းပနေသည်ဖြစ်ရကား နယ်သံဃာတော် အများအပြား စုထားသကဲ့သို့ ရှိသည်။တိပိဋကဓရ ဆရာတော်က တက္ကသိုလ်တရား ၁ နာရီ ကျော်ကျော်ဟောသည်။ လူဖွယ်များ လက်ခံ၍ ရေစက်ချသည်။

ဖြူး

ညနေ ၄-နာရီ ၁၀မိနစ်တွင် ဖြူးသို့ရောက်သည်။ မြို့ထောင့်ကျောင်းတွင် လူဖွယ်ပစ္စည်းများ လက်ခံ၍ တက္ကသိုလ်တရားနှင့် ရေစက်ချသည်။ပရိသတ် ၄၀၀၀ ကျော်၏။

အုတ်တွင်း

အုတ်တွင်းသို့ ညနေ ၅နာရီ ၅၈မိနစ်တွင် ရောက်သည်။ မိုးကုတ် ဝိပဿနာကျောင်းခေါ် ရွှေဘုံသာကျောင်းတွင် လူဖွယ်ဝတ္ထုများ လက်ခံ၊ တက္ကသိုလ်တရားဟော၊ ရေစက်ချ။

မူလက ညောင်လေးပင်နှင့် အုတ်တွင်းသည် ဒေ စီ ဒေ စဉ်၌



၂၇-၇-၀၆၊ ည ၀-နာရီတွင် တောင်ငူမြို့ မြတ်စောညီနောင်စေတီတော်သို့....။

မပါပေ။ မြို့နယ်၏ဆန္ဒကို ဖြည့်ခြင်းဖြင့် ထပ်ထည့်ရသော အစီအစဉ်ဖြစ် သည်။ ထို့ ကြောင့် နေ့မဝင်မီ ညနေ ၄နာရီ တောင်ငူသို့ ရောက်ရမည်ကို ညှာနာရီထိုးပြီးမှ တောင်ငူမြို့တွင်းသို့ ဝင် နိုင် ပါ သည်။ အ ချိန် မှာ မှောင်ခဲ့ပြီ။

မြတ်စောညီနောင်

တောင်ငူမြို့ ဝတွင် ကြုံဆို နေကြသော ရပ်မိရပ်ဖ လူကြီး များက ဆရာတော် ဘုရားကြီး များအား တည်းခိုမည့် မြစည်းခုံ ကျောင်း တိုက် သို့ မ ကြွ ခင် ရောက်တုန်း ရောက်ခိုက် မြတ် စောညီနောင် စေ ကီ ဒတော် ကို သွားရောက် ဖူးမြော်ကြဖို့ ပင့် ကြသည်။ ဣရိယာပုတ်တစ်မျိုး တည်းဖြင့် ကားထဲတွင် တစ်နေ့ လုံးလိုက်ပါလာကြရသော ဆရာ တော်ကြီးများမှာ အလွန် နွမ်း နယ်နေကြပြီ ဖြစ်ပါသည်။ သို့ သော် လူကြီးများ ပင့်ဆောင်ရာ မြတ်စောညီနောင် စေတီတော် သို့ကား လိုက်ပါတော်မူကြပါ သည်။

မှောင်ထဲမှလူအုပ်ကြီး

တောင်ငူသို့ ဝင်လာစဉ်ကပင် ၇-နာရီ ထိုးပြီးဖြစ်ရာ မြတ်စော ညီနောင် စေတီတော်သို့ အသွား ခရီးမှာ မှောင်နှင့်မည်းမည်းဖြစ် နေပေပြီ။ သို့ရာတွင် မော်တော် ကားများ၏ မီးရောင်ဖြင့် ကား လမ်းဘေးတလျှောက်မှ တောင် ငူဘက်သို့ သွားနေကြသော လူ အုပ်ကြီးများကိုမူ မကြာခဏ မြင်နေရသည်။

တိပိဋကဓရ ဆရာတော်၏ ကားသည် လူအုပ်ကြီးဘေးသို့ ကပ်၍ ရပ်လိုက်သည်။ လူအုပ် ကြီးကို 'ဘယ်သွားကြမှာတုန်း' ဟုမေးသည်။

"မြတ်စောညီနောင် ကုန်း တော်ပေါ်တွင် တိပိဋကဓရ ဆရာတော်ကြွချီတရားဟောမည် ဆိုသောကြောင့် နေ့လယ်ခုနာရီ ကတည်းက စောင့်နေကြသည်။ ဆရာတော် မလာဖြစ်သဖြင့် မြ စည်းခုံကျောင်း၌ ဆရာတော် ဘုရားကြီး ဟောမည့်တရားကို နာရန် တောင်ငူသို့ သွားနကြ သူများဖြစ်ကြောင်း" ထိုလူစုက ဖြေကြားသည်။

ဟိုမှာလည်းကြိတ်ကြိတ်တိုး

ထိုအခိုက် ဆရာတော်ဘုရား ကြီး နောက်မှ ပါလာ သော တောင်ငူမှ လူကြီး အ ချို့ က "ဆရာတော်ကြီး တောင်ငူသို့ ၄-နာရီရောက်မည်။ မြစည်းခုံ စေတီရင်ပြင်တော်မှာ ၆-နာရီ တရားပွဲစမည်ဟု ကြေငြာထား သဖြင့် ၄-နာရီကတည်းက လူ တွေ ကြိတ်ကြိတ်တိုး ရင်ပြင် ပေါ်တွင် စောင့်နေကြပါသည် ဘုရား" ဟု လျှောက်ထား ကြ ပြန်သည်။



၂၇-၇-၀၆
ည ၉-နာရီ
တောင်ငူမြို့
မြစည်းခုံကျောင်းတိုက်သို့....။

သောင်းကျော်ပရိသတ်

ထိုအခါတွင်မှ တိပိဋကဓရ ဆရာတော်ဘုရားကြီးက "အစီအစဉ်တွေအလွဲလွဲအချော်ချော် မဖြစ်ရအောင် သံဃမဟာ နာယက ဆရာတော်များ ဆက်လက်ပြီး မြတ်စောညီနောင်သို့ ကြွတော်မူကြပါ။ တပည့်တော်နှင့် ဥက္ကဋ္ဌဆရာတော်ကြီးတို့ တောင်ငူကို ပြန်ပြီး အစီအစဉ်သစ်တွေ လုပ်ရပါမယ်" ဟု မိန့်ကြားကာ တောင်ငူသို့ ပြန်လှည့်တော်မူပါသည်။

မမြင်ရသော ရှုခင်းများ

ကျွန်တော်တို့ ရတနာမွန် အဖွဲ့သည် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် အတူ မြတ်စောညီနောင်သို့ လိုက်ခဲ့ပါသည်။ အလွန်သာယာသည်ဟု ဆိုသော မြတ်စောညီနောင် ဒေတီတော်တည်ရာ တောတောင် ရှုခင်းများသည် အမှောင် ထုအတွင်းဝယ် ပျောက်ကွယ်နေပါသည်။ တောင်ခြေရှိ ကိုယ်ပိုင် မီးစက်ဖြင့် ထွန်းညှိပူဇော်ထား သော ဝတ်ကျောင်းများအတွင်း မှ ရုပ်ပွားဆင်းတုတော်များကို သာ လှည့်လည်ကြည့်ရှုကြည်ညို နိုင်ခဲ့ကြပါသည်။

၂၈-၇-၀၆၊ နံနက် ၀း၃၅
ဆွမ်မြို့ စက်ရုံကျော်း
⬇ သို့ အရောက် ⬇







ပျဉ်းမနားမြို့သို့ ၁၁ နာရီ ၁၁ မိနစ်မှ နေ့ဆွမ်းမီရုံ ရောက်ရှိပါ၍....

မြစည်းခုံဧတီ ရင်ပြင်တော်၌ ညဦးယံ တရားပွဲကြီး ကျင်းပနေပြီ ဖြစ်ပါသည်။ စေတီတော်ပတ်လည်မှလက်ရန်းများမကျန်၊ အတက်အဆင်း လှေကားထစ်ဟူသမျှမကျန် ထိုင်လို့ဖြစ်သည့် နေရာတိုင်း၌ ထိုင်၍ တရားနာနေသူများဖြင့် ပြည့်နှက်လျက်ရှိသည်။ ပရိသတ် တစ်သောင်းကျော်မည်ဟု ခန့်မှန်းပါသည်။

ကျွန်တော်တို့သည် မြစည်းခုံစေတီတော် ရင်ပြင် တဝိုက်မှ တရားနာ ပရိသတ်တို့ကို မြင်ပြီးကာမှ ညစာမစား ရသေးကြောင်း သတိရကြပါသည်။ ထိုတွင် မြစည်းခုံကျောင်း ဂေါပကအဖွဲ့က ခွင့်ပြုထား၊သော စိန်မြန်မာထမင်းဆိုင်သို့အပြေးအလွှား သွား ခဲ့ကြပါသည်။ ဆရာတော်ကြီး၏ တောင်ဂူမြို့ ညဦးယံတရားပွဲမှာ သန်းခေါင် ယံ ၁၂-နာရီထိုးမှ ပြီးပါလေသည်။

၂၈-၃-၈၆၊ သောကြာနေ့

တောင်ဂူ မြစည်းခုံကျောင်း၌ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီး များ အရှက်ဆွမ်းကိစ္စ ပြီးသောအခါ တိပိဋကဓရ ဆရာတော်ဘုရားကြီးက ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပါသည်။

နောက် ရေစက်ချပေးတော်မူပြီး ခရီးဆက်ကြရာ နံနက် ၈-နာရီ ၃၅-မိနစ်တွင် ဆွာမြို့စက်ရုံကျောင်းသို့ ရောက်လာကြသည်။ ကျောင်းအဝင်၌ ဓမ္မစကြာအဖွဲ့ အမျိုးသမီးများက ကြိုလင့်၍ နေကြသည်။

ဆွာမြို့ စက်ရုံကျောင်း၌

ဆွာတွင် သံဃမဟာနာယကဆရာတော်ကြီးများအား လာရောက်ဖူးမြော်ကြသူ ၃၀၀၀ခန့် ရှိရာ အားလုံးလောက်ပင် ကျေးလက်တောရွာများမှ ဖြစ်ကြသည်။ ထိုတရားပွဲတွင် တိပိဋကဓရ ဆရာတော်ကြီးက "နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆိုတာ ဘယ်လို တက္ကသိုလ်ကျောင်းမျိုးဖြစ်၍ တို့တက္ကသိုလ်က ဘာတွေ သင်ကြားပေးမည်။ ယခု ဆောက်လုပ်နေသည်မှာ ဘယ်အခြေအနေသို့ ရောက်နေသည်၊ နိုင်ငံခြား၌ ဗုဒ္ဓသာသနာတော်ကြီး ပြုစုပျိုးထောင်နိုင်ရန် ရာဇာန်းတော်များ မွေးထုတ်ပေးမည်။ ယခု ဆောက်နေဆဲ တက္ကသိုလ်ကျောင်းများသည် မြန်မာနိုင်ငံတော်အတွက်အထူးလိုအပ်လျက်ရှိသော တက္ကသိုလ် များ ဖြစ်သည်" စသည်ဖြင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၏ အဓိပ္ပာယ်ကို ဖွင့်ပြနေသည်မှာ

၂နာရီကျော်မျှ ကြာလေသည်။ ထို့ကြောင့် ပျဉ်းမနား သို့ ၁၁-နာရီထိုးပြီးမှရောက်နိုင်တော့၏။

နေဆွမ်းမိုရုံ

ကျွန်တော်တို့ ပျဉ်းမနားသို့ ရောက်သောအခါ တိပိဋကဓရ ဆရာတော် တရားရှည်တော်မူ တတ်သည့် ကိစ္စနှင့် ပတ်သက်၍ ပျဉ်း မ နား မြို့ နေ့ဆွမ်းအမ ဒေါ်ငွေယဉ်က....

"ကိုးနာရီ ခွဲကတည်းက ဆွမ်းပွဲကြီးပြင်ပြီး စောင့်နေ လိုက်ရတာ ဆယ်နာရီထိုးလဲကြွ မလာ၊ ဆယ်နာရီခွဲလဲ မရောက် သေး၊ အချိန်တွေ တစ်မိနစ်ပြီး တစ်မိနစ် နာရီလက်တံနဲ့အတူ ရွေ့ ရွေ့ သွား တာ ကို ပဲ ရင် တထိတ်ထိတ်နဲ့ကြည့်နေရတယ်။

"ဆယ့်တစ်နာရီ ထိုးခါနီး တော့ ရင်မ,နေရပြီ၊ ခုအချိန်မှ သံဃာတော်တွေ မရောက်ရင် ဆွမ်း ငတ် တော် မူ ကြလိမ့်မယ် လို့ ပူလိုက်ရတာ၊ ဆယ့်တစ် နာရီထိုးသံလဲကြားရော ကျုပ် မှာ ခြေတွေလက်တွေ အေးလာ တယ်၊တော်ပါသေးရဲ့....ဆယ့် တစ်နာရီ ဆယ့်တစ်မိနစ်မှာ သံဃာတော်များ ရောက်လာ ကြပါပေတယ်။ ကျုပ်ရင်ထဲလဲ အလုံးကြီး ကျ သွား ရော"ဟု ရတနာမွန်ကို ပြောပြပါသည်။

တပ်ကုန်းမြို့သို့

ပျဉ်းမနားမြို့မှ ဓမ္မာစရိယ ကျောင်းခန်းမဆောင်၌ပရိသတ် ၄၀၀၀-ခန့် တက်ရောက်နာယူ သည့် တရားပွဲတွင် တိပိဋကဓရ ဆရာတော်ဘုရားသည် တက္က သိုလ်တရား၊ လူဖွယ်ဝတ္ထုများ လက်ခံ၊ ရေစက်ချ၍ နေ့၁-နာရီ ခွဲတွင် ရွှေ့ဆက် ခရီးထွက်ပါ သည်။

မူလ အစီအစဉ်တွင် မပါ သော်လည်း လမ်း၌ မရင်းကြီး ရွာ၊ ခင်အေးရွာ၊ ဝင်ပြန်ရွာ၊ သဋ္ဌေးကုန်းရွာတို့မှ ဆီးကြို ပူ ဇော်ကြသည်။ သို့ဖြင့် တပ်ကုန်း မြို့ ဗုဒ္ဓသာသနာပြုဗိမာန်တော် ကြီးသို့ ၃-နာရီခွဲတွင် ဆိုက် ရောက်ပါသည်။

ထိုအချိန်တွင်

ဗုဒ္ဓ သြဝါ သာသ နာ၊ကမ္ဘာမဆန့်၊ပြန့်ပါ စေ။

သာသနာလမင်း၊ဂုဏ် ရောင်လင်း၊ သန့်ရှင်း တည်တံ့ပြန့်ပါစေ။

တို့ရပ်တို့ရွာ သာ သနာ၊ ပမာလမင်း၊ လင်းပါစေ။

တို့အားကိုးရာ တို့ ဆရာ၊ကျန်းမာချမ်းသာ လန်းဖြာစေ။

သာသနာ့ကျိုး၊ ဆ ထက်တိုး၊ သယ်ပိုးရွက် ဆောင် အောင်ပါစေ။

ဟူသော ကြွေးကြော် နှုတ် ဆက် သံ များ သည် ပ ရိ သတ် အဘွင်းမှ လှိုင်းထသလို ပေါ် လာလေသည်။

ပူဇော်ပါသည်ဘုရား

"ပရိယတ္တိ တက္ကသိုလ်ကြီး များအလို့ငှာ ရန်ကုန်မှ မန္တ လေးသို့အကြွ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဆရာတော် ကြီးများအား မန္တလေးတိုင်း၊ တပ်ကုန်းမြို့ရောက် ခရီးတစ် ထောက် ချီးမြှောက်တော်မူကြ ရာ တပ်ကုန်းမြို့မှ လက်အုပ်ချီ ပူဇော်ပါသည် ဘုရား"

ဟူသောခေါင်းစဉ်နှင့်(၈၀) ပေါ်တေးထပ် ရေးစပ်ထား သည့် စာရွက်ကလေးများသည် လည်း ပရိသတ်ကြားတွင် ပလူ ပျံနေပေသည်။

၁-ကျပ်တရား

ထိုနေ့က တပ်ကုန်းမြို့ ဗုဒ္ဓ သာသနာပြု ဗိမာန်တွင် တိပိ ဋကဓရဆရာတော်သည် ၁-ကျပ် တရားကို ဟောတော်မူပါသည်။ ဆရာတော်ဘုရားက....

သာသနာ့ တက္ကသိုလ်ကြီး များနှင့် ဇီဝိတဒါန အထူးကု ဆေးရုံကြီးဆောက်လုပ်လှူဒါန်း ရေးအတွက် ငွေပေါင်း သိန်း ပေါင်း များ စွာ ကုန် ကျ ရန် အကြောင်းရှိပေသည်။ သို့သော် စိုးရိမ်ပူပန်ဖွယ် မရှိပါ။ မြန်မာ နိုင်ငံ လူဦးရေ ၃၅-သန်းတွင် ဂ၅-ရာခိုင်နှုန်းအထက်၌ ဗုဒ္ဓ ဘာသာဝင်များရှိနေသည်။ တစ် ဦးလျှင် တစ်နှစ်၁-ကျပ်ကျ လှူ သွား လျှင် ပင် လုံ လောက် နေ သည်။

ရန်ကုန်-မန္တလေး နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ကြီးများ ဆောက်လုပ် လှူဒါန်း ရေးနှင့် မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး ဆောက်လုပ်ရေးအဖွဲ့က စီစဉ် ထားကြသည့်အတိုင်း ဆိုရလျှင်- (၁) ပညာရေးဌာနမှ အလယ် တန်း၊ အ ထက် တန်း

တွင်လည်း ဆရာဝန်နှင့် သူနာပြု ဆရာမများ အသင့်ထားလျက် နေမကောင်း ထိုင်မသာဖြစ်လာသည့် ဆရာ့တပည့်ကြီးများကို သီးသန့် အခန်းဖွင့်၍ ကုသပေးပါသည်။ ရန်ကုန်မှ လိုက်ပါလာသော ၂သံဃာပရိသတ်ရော လူပရိသတ်ပါ လိုအပ်သည့်အရာတိုင်းမှ မရ-မရှိစကား မကြား ရအောင် ဆောင်ရွက်နိုင်စွမ်း ရှိကြပေသည်။

နှစ်ကိုယ်ကြားတရားပွဲ

တိပိဋကဓရဘုရာတော်သည် ရန်ကုန်မှ ဇောင်ဦးအထိ ပထမတစ်နေ့တာခရီးအတွင်း တရားပွဲ ၇-ပွဲ၊ ဒုတိယနေ့ တစ်နေ့တာခရီးဖြစ်သော တောင်ဦးမှ မိတ္ထီလာအထိ လမ်းတွင် တရားပွဲ ၉-ပွဲ၊ ၂-ရက်ပေါင်း တရားပွဲ ၁၆-ပွဲ ဟောခဲ့ပါသည်။ ပျမ်းမျှခြင်းဖြင့် ၂-ရက်အတွင်း ၃-နာရီခြား တရား ၁-ပွဲကျ၊ တရားတစ်ပွဲလျှင် ၁-နာရီကျ ဟောတော်မူခဲ့ရာ ပင်ပန်းတော် မူနေပြီ ဖြစ်ပါသည်။

ထို အခြေအနေကို သိမြင်နားလည်သော မိတ္ထီလာမှ ဦးခင်မောင်ဝင်း အမှူးရှိသည့် မြို့ခံလူကြီးများ သည် ထိုညတရားပွဲကို မကျင်းပတော့ဘဲ ဖျက်သိမ်း၍ ဆရာတော်ကြီးများအား သက်သက်သာသာနှင့် ချမ်းချမ်းသာသာ သီတင်းသုံးနိုင်အောင်သာ ဝါယမ စိုက်ထုတ်ကြပါသည်။

သို့သည့်တိုင် တိပိဋကဓရဆရာတော်သည် ဒကာရင်းဖြစ် ကျောင်း သူ ကျောင်းသား တစ်ဦးလျှင် တစ်နှစ် ၁-ကျပ်ကျ လှူဒါန်းနိုင်ရေး။

(၂) တက္ကသိုလ် - ကောလိပ် စသည့်သင်တန်းကျောင်း အသီးသီးမှ ကျောင်းသူ ကျောင်း သား တစ် ဦး လျှင် တစ်နှစ် ၃၂-ကျပ်ကျ လှူဒါန်းနိုင်ရေး။

(၃) စျေးကြီးများမှ ဆိုင်တစ်ဆိုင်လျှင် တစ်နေ့ ၃၁-ကျပ်ကျ လှူဒါန်းနိုင်ရေး။

(၄) ပြေး ဆွဲ လှုက် ရှိ သော မော် တော် ယာဉ်၊ ရေယာဉ် အ သီး သီး တို့မှ ယာဉ်တစ်စီးလျှင် တစ် နေ့ ၃၃ ၁-ကျပ်ကျ လှူဒါန်းနိုင်ရေး။

(၅) အစိုးရဌာန အသီးသီးနှင့် ဘုတ် ကော်ပိုရေးရှင်းတို့မှ ဝန်ထမ်းတစ်ဦးလျှင် တစ်နှစ်တွင် ၃၃ ၁-ကျပ်ကျ လှူဒါန်းနိုင်ရေးနှင့်-

(၆) ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်းသဒ္ဓါတတ်အားသ၍ ပါဝင်လှူဒါန်းနိုင်ရေးတို့ကို စည်းစနစ်နဲ့ ဆောင်ရွက် သွားနိုင်ကြလျှင် မုချအောင်မြင်မည်ဟူသော ၁-ကျပ် တရားကို ဟောကြားခြင်း ဖြစ်ပါသည်။

ထို့နောက်လှူဖွယ်ဝတ္ထုများ လက်ခံပြီး ရေစက်ချ၍ ဆက်ထွက်ကြရာ ရမည်းသင်းသို့ ည နေ ၄-နာရီခွဲတွင် ရောက်ပါသည်။

ရန်အောင်မြင်ဓမ္မာရုံ

မိတ္ထီလာသို့လည်း ချိန်းထားသည့် အချိန်အတိုင်း စောစော ရောက်ချင်ကြသည်။ ရမည်းသင်းသို့အလာ ဝါးရင်းတုတ်ရွာနှင့် ကုန်းသာရွာတွင်လည်း အစီအစဉ်မရှိဘဲ ရွာသူရွာသားများအား ငဲ့ညှာ၍ ရပ်နားခဲ့ကြရသေးသည်။ ထို့ကြောင့်ရမည်းသင်းတွင် အချိန်များများ ပေးနိုင်စရာမမြင်ပါ။ သို့သော်တိပိဋကဓရ ဆရာတော်သ ရမည်းသင်းမြို့ ရန်အောင်မြင် ဓမ္မာရုံကြီး၌ ၁-နာရီ ကျော်အောင် တက္ကသိုလ် တရားဟောတော် မူပါသည်။ တရားအဆုံး ရေစက်ချပေး၍အပြီး ထွက်လာကြရာ မိတ္ထီလာသို့ ညနေ ၆-နာရီ နေဝင်တော့မှ ရောက်လေ၏။

မရှိစကားမကြားရ

ရန်ကုန် - မန္တလေး ရိုးမအရှေ့ ကားလမ်းတလျှောက်၌ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားကြီးများအား ကြိုဆိုပူဇော်ကြသည့် မြို့များတွင် မိတ္ထီလာမြို့သည် အကြီးအကျယ်ဆုံးနှင့် အခမ်းနားဆုံး ကြိုဆိုပူဇော်နိုင်သောမြို့ ဖြစ်ပါသည်။ မှောင်နေပြီ ဖြစ်သည့် တိုင်အောင် မြို့ပြင်တွင် ဆောင့်၍ သံဃမဟာနာယက တစ်ပါး လျှင် ကားတစ်စီးကျဖြင့် ပင့်ဆောင်ပြီး ညအိပ်သီတင်းသုံးရန် ရေလယ်တိုက်ကျောင်း မမှာရုံသို့ ပို့ကြပါသည်။ မမှာရုံ

၃၂ ❁ မင်းကွန်း တိ=နိ သာသနာပြုအဖွဲ့



၂၉-၃-၈၆ နံနက် ၁၀-နာရီ

သော ဦး ခင် မောင် ဝင်း အား တက္ကသိုလ်တရား ကို နှစ်ကိုယ် ကြား တော့ ဟော လိုက် သေး သည်ဟုဆိုပါသည်။

၂၉-၃-၈၆၊ စနေနေ့

နံနက် ၄နာရီတွင် ပဲခူးမြို့မ ဆရာတော်ဘုရားကြီး အမှူး ရှိသော သံ ဃ မ ဟာ နာ ယ က ဆရာတော်များသည် မိတ္ထီလာ ရေလယ်ကျောင်းတိုက် ဓမ္မာရုံ တွင် ရုပ် ပွား တော် မြတ် ကို အနေ့ကဇော တင်တော်မူကြပါသည်။ ပ ရိတ် တ ရား တော် ကို လည်း ချီးမြှင့်ကြပါသည်။ တိပိဋကဓရ ဆ ရာ တော် က လည်း အရှင်ဆွမ်း အ နု မော ဒ နာ တရားဟော၍ ရေ စက် ချ ပေး တော်မူ ပါသည်။ နောက်မှ-ရှေ့ သို့ ခရီးဆက်ကြပါသည်။

ကျပန် လွှမ်းစေတီ

ရေ လယ် တိုက် ကျောင်း မှ အထွက်တွင်ဆရာတော်ကြီးများသည် နဂါးရုံ မဟာဗောဓိ စေတီတော်ကိုကြွရောက်ဖူးမြော်ကြသေးသည်။ ထိုစေတီမှာ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း မိတ္ထီလာစခန်းဌ ကျဆုံးကုန်ကြသော ကျပန်စစ်သားများကိုရည်စူးပြီး၊ ထိုစစ်ပွဲတွင် မသေ-ကျန်ရှိနေသည့် ကျပန်စစ်သားအိုကြီးများက ကမကထပြု၍ လွှမ်းစေတီအဖြစ် တည်ထားသော စေတီဖြစ်ပါသည်။

စေတီတော်ကို ဖူးမြော်ပြီး နောက်ဆရာတော်ကြီးများသည် ဝေပုလ္လကျောင်းတိုက်သို့ ခေတ္တဝင်ကာ ကင်းတားဆည်သို့ ခရီးဆက်ကြပါသည်။

ကင်းတားဆည်

ကင်းတားဆည်သို့ ကူမဲလမ်း ခွဲမှ ၂၁-မိုင် ဝင်ကြရသည်။ အသစ်ဖောက်ထားသော လမ်းဖြစ်သည့် အ လျောက် ဖုန် တ ထောင်းထောင်းနှင့်ရှိသည်။ နံနက် ၉-နာရီတွင် ကင်းတားဆည်ထိပ် ရောက်ကြသည်။ မှန်တံခါးများ လုံအောင် ပိတ်ထားပါသည် ဆိုသော်လည်း ဆရာတော်ကြီးများမှာဖုန်အလူးလူးနှင့်ဖြစ်နေသည်။

ကင်းတားဆည်သည် အနော်ရထာဘုရင် လက်ထက်ကတည်း က ပန်းလောင်မြစ်မှရေကို တူးမြောင်း များ ဖြင့် သွယ် ကာ တောင်သူလယ်ဝမားတို့၏ စိုက်မြေ ပျိုးမြေသို့အရောက် ရေ ပေးခဲ့သော ဆည်ဖြစ်သည်။ မြန်မာမင်း အဆက်ဆက်တို့ကလည်း ထိုဆည်ကို ရှေး အ စဉ် အ လာ နည်း အ ရ ပြု ပြင် ခဲ့ ပေ သည်။ ယနေ့ ကင်းတားဆည်သည် မူလ မြန်မာဘုရင်များ တည်ဆောက်ခဲ့သောဆည်ဟောင်း၏ အထက် ၉-မိုင်အကွာမှ ပန်းလောင်မြစ် ပေါ်တွင် အသစ်တည်ဆောက်သော ဆည်သစ်ဖြစ်သည်။ ထိုဆည်သစ်ကြီးမှ မြစ်သား၊ တံတားဦး၊ ကျောက်ဆည်နှင့် ဝမ်းတွင်း မြို့ နယ် များ သို့ နှစ် လုံး ပေါက်ရောပေးနိုင်မည် ဖြစ်ပါသည်။



ကင်းတားရေလှောင်ကန်ကို လှည့်လည်ကြည့်ရှုစဉ်

အတိတ်ဝတ္ထု

ကင်းတားဆည်၏ ထိပ်ပေါ်မှစီး၍ မြင်ရသော ရေပြင်ကျယ်ကြီး၏အလှကို ကျွန်တော်သည် ငေးမောကြည့်နေယင်းက တစ်ခုံတစ်ခုကိုသွား၍သတိရနေသည်။ ၎င်းမှာ....

"မိတ္ထီလာမှ ထွက်ကြတဲ့ အခါကူမဲနဲ့ ကျောက်ဆည်ကြား ဟန်မြင့်မိုရ် ဦးကာစိမ်း ဆန်စက်မှာ သံဃမဟာနာယက ဆရာတော်ကြီးများ နေ့ဆွမ်းဘုဉ်းပေးကြမည်။ ဒကာကြီး ဦးကာစိမ်းကို မတွေ့ရတာလဲ ကြာလှပြီ၊ သူနဲ့ အေးအေးလူလူစကားစမြည် ပြောချင်သေးတယ်၊ ပြီးမှ ကင်းတားဆည်ကို ကြည့်မယ်၊ ပြီးတော့ မန္တလေးကို ခရီးဆက်ကြမယ်" ဟု လမ်းခရီးတွင် ဖြစ်ပေါ်တတ် သည့် အဖု အဆစ်များကို ပြေပြစ်အောင် ကြို တင် ဆောင် ရွက် ထားရန် လွှတ်လိုက်သော ရှေ့ပြေးအဖွဲ့ကို တိပိဋကဓရ ဆရာတော်ကြီးက အမှာအထား ရှိခဲ့ပေသည်။

ထိုအရ ၅-၄-၁၆၊ ရက်နေ့တွင် ရှေ့ပြေးအဖွဲ့ ကားကလေးသည် ဟန်မြင့်မိုရ် ဆန်စက်ရှေ့၌ ထိုးရပ်လိုက်သည်။ အစောင့်နှင့်တူသောလူကို "ဦးကာစိမ်းနဲ့ တွေ့ချင်ပါတယ်" ဟု တွေ့ခွင့်တောင်းကြသည်။

ထိုသူက "လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဉ်းကာစိမ်း စက်ကြီးကိုရောင်းပြီး ကူမဲပြောင်းသွားပြီ၊ ကူမဲဘယ်မှာ နေတယ်ဆိုတာတော့ ကျွန်တော်မသိဘူး" ဟု ပြန်ပြောသည်။ ရှေ့ပြေးကားငယ်သည် ကူမဲသို့ ပြန်လှည့်၍ လူစုစုရှိရာ လက် ဖက် ရည် ဆိုင် ရှေ့၌ရပ်ပြီး "ဦးကာစိမ်းအိမ်ဘယ်အနားမှာ ရှိပါသလဲ" ဟု မေးသည်။

တစ်ယောက်က "ဦးကာစိမ်း မြစ်သားမှာနေပါတယ်" ဟုဖြေသည်။

နောက်တစ်ယောက်က "ကူမဲမှာ ဦးကာစိမ်းရဲ့ညီ ဦးထိန်ကြည် ရှိပါတယ်၊ ရှေ့က ဆန်စက်ကြီးမှာ နေပါတယ်" ဟု လှမ်းမြင်ရသော ဓာန် စက် ကို လက်ညှိုးထိုးပြ၍ ဖြေသည်။

သူ့ညီကိုမေးလျှင် ဦးကာစိမ်းကိုတွေ့ရန် အသေချာဆုံးဖြစ်မည်ဟု သဘောပေါက်ကြ၍

ကားကိုစက်သို့မောင်းကြသည်။

စက်တွင် အဆင်သင့် ဦးတိန်ကြည်နှင့်တွေ့သဖြင့် ''နိုင်ငံတော်သံဃမဟာနာယက တစ်ဖွဲ့လုံး အပါးငါး ဆယ်ငါးလောက် မန္တလေး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် လွှဲပြောင်း လက်ခံယူရေးအတွက်ကြွလာတဲ့အခါ ဟန်မြင့်မိုရ် ဦးကာစိမ်း ဆန်စက်မှာ နေ့ဆွမ်း ဘုဉ်ပေးမယ့် အစီအစဉ်ရှိတယ်လို့ တိပိဋကဓရ ဆရာတော်က မှာလိုက်ပါတယ်၊ ဒါကို သေချာအောင် ကျွန်တော်တို့ ရှေ့ပြေးအဖွဲ့က လာစီစဉ်တာပါ။ ဦးကာစိမ်းနဲ့တွေ့ပါရစေ''ဟု ရှေ့ပြေးအဖွဲ့ခေါင်းဆောင်ဦးမင်းနောင်က ပြောပါသည်။

''မန္တလေးဆေးရုံကြီးမှာ ဦးကာစိမ်းဆုံးလို့ မနေ့ကပဲ သင်္ဂြိုဟ်ပြီးပါတယ်''

ရှေ့ပြေးအဖွဲ့သည် နောက်ထပ် ပြောစရာစကား မရှိတော့သဖြင့် ပါးစပ်အဟောင်းသားနှင့် ငြိမ်နေကြသည်။

အတန်ကြာမှ ဦးတိန်ကြည်က ''ဒီတာဝန်ကို ကျွန်တော် ယူပါတယ်၊ သံဃာတော် အပါး ၁၀၀-ဖြစ်စေ၊ ၂၀၀-ဖြစ်စေ ဆွမ်းတာဝန်ကိုတော့ အစ်ကို ကိုရည်စူးပြီး ကျွန်တော်လျှောက်ပါရစေ၊ လက်ခံကြပါ''ဟု ပြောလာသည်။

ရှေ့ပြေးအဖွဲ့က သဘောတူလေသည်။

တိ=နိ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှထံတင်သွင်းသော ရှေ့ပြေးအဖွဲ့၏ အစီရင်ခံစာဘွင်....

ဆရာတော် အမိန့်ရှိသည့် မြစ်သား ဟန်မြင့်မိုရ်မှ ဦးကာစိမ်းသည် ဖေဖော်ဝါရီလကုန်ပိုင်းတွင် ကွယ်လွန်ခဲ့ပြီး ဖြစ်၍၊ ဆရာတော့် တပည့်ရင်း များဖြစ်သော ဦးကာစိမ်း၏ ညီနှင့် စက်ပိုင်ကြီး ဦးဘိုးစောတို့မှ ဆရာတော်အား ကူမဲတွင် နေ့ဆွမ်းဆက်ကပ်ရန် တာဝန် ယူလိုက်သည့် အလျောက် ခရီးစဉ် ပြန်လည် ပြောင်းသွားသည့်အပြင် ဆွမ်းစားချိန်ပိုရသည့် အတွက် မြစ်သားအစား ကူမဲတွင်ပင် နေ့ဆွမ်း ဆက်ကပ်သင့်ပါသည်'' ဟု ဖော် ပြထား သည် ကို တွေ့ရပါမည်။

ဘယ်မှာလှူရမှာလဲ

ကျွန်တော်သည် ကင်းတား ဆည်ထိပ်ဝမှ ဆည်ရေပြင်ကြီးတို့ ငေးမျှော်ကြည့်ရင်း ထို အကြောင်း များ ကို ထင်မြင် သ တိ ရ နေ ပါ သော် လည်း တကယ် ဖြစ်လာသည်မှာကား ဆရာဘော် ဘုရားကြီးများသည် ယနေ့ နေ့ဆွမ်းကို ကူမဲတွင် လည်း မ ဟုတ်၊ မြစ် သား တွင် လည်းမဟုတ်၊ ကင်းတားဆည်တွင် ဘုဉ်းပေးကြရမည် ဖြစ်ပါသည်။ ဘယ်နည်းဘယ်ပုံပြောင်းလဲကုန်သည်ကိုမူ ကျွန်တော့် တွင် သိနိုင်စွမ်းမရှိပါချေ။

ထို့ကြောင့် အတွေးကိုရပ်၍ ဆရာတော်များ ဆွမ်းဘုဉ်းပေးကြမည့် အောက်ဧည့်ရိပ်သာသို့ ဆင်းခဲ့ရာ ဧည့်ရိပ်သာ အဝင်အဝတွင် အမျိုးသမီးတစ်ဦးကဆီးပြီး ''ကျွန်မတို့ ဦးကာစိမ်းအတွက် ဆွမ်းကျွေးခွင့်မရလို့ လျှာထုံးတဲ့ ဆွမ်းစရိတ် ငွေ-၁၀၀၀-ကျပ်ကို တိပိဋကဓရ ဆရာတော်ကြီးကို လှူချင်ပါတယ်၊ ဘယ်မှာ သွားလှူရမလဲ'' ဟု မေးပါသည်။

ကျွန်တော်သည် သူ့အား ဆရာတော် သီတင်းသုံးနေသည့် အဆောင်ဘက်သို့ လက်ညှိုးထိုး၍ ပြလိုက်ပါသည်။

အောက်ဧည့်ရိပ်သာ၌ ဆရာတော်များ နေ့ဆွမ်းဘုဉ်းပေး၍ ပြီးကြသောအခါ....၁၁-ထပ်ရှိသော ရေအားလျှပ်စစ် ထုတ်လုပ်ရာ စက်ရုံသို့ကြွ၍ ပရိတ်ရွတ်၊ ဆွမ်းအနုမောဒနာတရားဟော၊ ရေစက်ချပေးပြီး ကင်းတားဆည်မှ ထွက်ခဲ့ကြပါသည်။

ကျောက်ဆည်ရေနှုးကျောင်း

နေပူရှိန်ပြင်းနေဆဲနေ့ ၂နာရီ ၃၇ မိနစ်တွင် ကျောက်ဆည်မြို့ ရေနှုး ကျောင်း ဓမ္မာရုံသို့ ရောက်ကြပါသည်။

ပရိသတ် ၄၀၀-ခန့်သာ ရှိသော်လည်း တိပိဋကဓရ ဆရာတော်သည် ပရိသတ် ၅၀၀၀၊ ၁၀၀၀၀ကို ဟောသည့်အတိုင်း တက္ကသိုလ်တရားကို ဟောကြား၍၊ လှုဖွယ်ပစ္စည်းများ လက်ခံ၊ ရေစက်သွန်း ချပြီး ကျောက်ဆည်မှ ထွက်ခဲ့ရာ ၄နာရီ ၄၅



⇧ ၂၉-၃-၀၆၊ ညနေ ၂း၃၇ နာရီ ကျောက်ဆည်မြို့၊ ရေနားကျောင်းဓမ္မာရုံတွင် ⇧


မိနစ်တွင် မန္တလေးမြို့အဝင် ချမ်းမြသာစည် လေဆိပ်ရှေ့ရှိ မုခ်ဦးသို့ ရောက်ကြပါသည်။

မန္တလေးမြို့

ထိုမှစ၍ နိုင်ငံတော် သံဃ မဟာနာယက ဆရာတော်ဘုရား ကြီးများ ဒေသစာရီ ကြွချီ တော်မူလာသည်ကို မန္တလေး မြို့သူ မြို့သားတို့ စတင်ပူဇော် ပူး မြော် ခွင့် ရ ပြီ ဖြစ် ရာ လှည့် လည် အပူဇော်ခံသည့် လမ်း ဘေး တစ်ဘက်တစ်ချက်၌ ပရိ သတ်ကြီးသည် ရှေ့မတိုးသာ နောက်မဆုတ်သာအောင် ထပ် ၍ညှပ်၍နေသည်။ ဘာသာရေး အသင်းအဖွဲ့ အသီးသီး၏ မုခ် ဦး မဏ္ဍပ်များနှင့် 'နိုင်ငံတော် သံဃမဟာနာယက ဆရာတော် များကို ကြို ဆို ပူ ဇော် ပါ ၏' ဘုရား' ဟူသော နဖူးစီး ဆိုင်း ဘုတ်များမှာ ဆရာတော်ကြီး များ ကြွရောက်အပူဇော်ခံရာ လမ်းတိုင်း၌ တွေ့ရသည်။ ဆရာ တော်ကြီးများ စီးနင်းလိုက်ပါ လာသော ကား များသည် ပရိ သတ်ကြား မှ ဘီး လိမ့် ရုံ သာ မောင်းနေရသဖြင့် တည်းခိုမည့် မန္တလေး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်း တိုက်အတွင်းသို့ ဝင်လာချိန်တွင် အဝင်ဝရှိ နာရီစင်ကြီးက သူ၏ လက်တံဖြင့် ၆-နာရီထိုးနေပြီ ဖြစ်ကြောင်း ညွှန်ပြနေပေပြီ။

ထိုအချိန်တွင် မှောင်စပျိုး နေပြီဖြစ်ရာ သီပေါမင်း မိဖုရား ခေါင် ကြီး ကောင်း မှု မှန် ကျောင်းတော်ဟောင်း ပရိဝုဏ် အတွင်း ဆောက်လုပ် ပြီးစီးနေ သော မန္တလေးနိုင်ငံတော် ပရိ ယတ္တိ တက္ကသိုလ် ကျောင်း ဆောင်များ၊ တွင်ရောင်စုံမီးများ၊ ဆလိုက်မီးများ ထွန်းညှိထား သည်ဖြစ်ရကား နတ်ဘုံနတ်နန်း တမျှ တင့်တယ် လှပနေပေသည်။

ကျောင်းတော်ကြီးဝင်း အ တွင်းသို့ ဆရာတော်ကြီးများ ဝင်လာသောအခါ တက္ကသိုလ် ကြီးများ ဆောက်လုပ် လှူဒါန်း ရေးအဖွဲ့ဥက္ကဋ္ဌ အထူးကုဆရာ ဝန်ကြီး ဦးသာလှအမှူးရှိသော ဒါယကာများက ဆရာတော် ကြီးများကို ကြိုဆိုကာ သိမ် တော်ကြီး၊ ပါမောက္ခ များ ကျောင်းဆောင်နှင့် စာသင် သံဃာ သီတင်းသုံး အဆောင် အမှတ် ၁၃/၁ တို့တွင် သီတင်း



၂၉-၃-၈၆၊ ညနေ ၂း၃၀ မန္တလေးမြို့သို့ ရောက်ရှိတော်မူကြပြီ



မန်းမြို့မှ ကြိုဆိုကြပုံ

သုံး ကျိန်းစက်တော်မူရန် ပို့ဆောင်ပေးကြပါသည်။

၃၀-၃-၈၆၊ တနင်္ဂနွေနေ့

ထိုနေ့ အစီအစဉ်တွင် ဆရာတော်ကြီးများသည်ဆောက်လုပ်လျက်ရှိသော ဆည် တော်ကြီး တာတမံ ရေလှောင်ကန်ကြီး သို့ သွားကြမည်။ ထိုတွင် နေ့ဆွမ်းစား၍ မတ္တရာသို့ ကြွမည်။ နောက် မန္တလေးသို့ ပြန်ကြမည်ဟူ၍ ဖြစ်ပါသည်။

ဆည်တော်ကြီး

ထိုအရ နံနက် ၇နာရီတွင် တည်းခိုနေရာအဆောင်မှ ဆည်တော်ကြီးသို့ထွက်ခဲ့ကြပါသည်။ ကင်းတား ဆည်မှာကဲ့သို့ပင် တာဝန်ရှိသူများက ဆည်တော်ကြီး တာတမံ စီမံကိန်းအကြောင်း မြေပုံများ၊ စာရင်းဇယားများဖြင့် ဆရာတော်ကြီးများကို ရှင်းပြကြပါသည်။ တည်ဆောက်နေဆဲ နေရာများသို့လည်း လိုက်လံပြသပါလည်။ ဆည်တော်ကြီး စီမံကိန်းကို တစ်နာရီမျှ လှည့်လည်ကြည့်ရှုကြပြီး နေ့ဆွမ်းကပ်မည့် ဆည်တော်ကြီး စေ့းဟောင်း စခန်း ရုပ်ရှင်ရုံသို့ ကြွကြရပါသည်။ ဆွမ်းကိစ္စ ပြီးသောအခါ ဆွမ်းအနုမောဒနာတရားဟော၍ ရေစက်ချပေးပြီး မတ္တရာသို့ ထွက်ခဲ့ကြပါသည်။

မတ္တရာ

နေ့လယ် ၂နာရီခွဲတွင် မတ္တရာမြို့၊ ဇေယျာသန အုတ်တိုက် ဓမ္မာရုံသို့ရောက်ပြီး ပရိသတ် ၅၀၀-ခန့်ကို တရားချီးမြှင့်ပါ

သည်။ မန္တလေးမြို့သို့ ညနေ ၅နာရီမှ၂ပြန်ရောက်ကြပါသည်။

၃၁-၃-၈၆၊ တနလ်ာနေ့

ထိုနေ့နံနက် အရက် မတက် ခင်ကတည်းကပင် မန္တလေးနိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ကျောင်းဝင်းအတွင်းသို့ ပရိသတ်များ တဖွဖွ ရောက်လာနေသည်။ နံနက် ၆-နာရီတွင် ကျိုက်လပ် ဓမ္မသာလာနှင့် ဆွမ်းစားကျောင်း မဏ္ဍပ်ကြီးတွင် လူများ ပြည့်နှက်နေပြီဖြစ်သည်။

အုတ်မြစ်ချပွဲနှင့် ပန္နက်တင်ပွဲ

ထိုအချိန်တွင်ပဲခူးမြို့မ ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃမဟာနာယက ဆရာတော်များက ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံအတွင်း လူနာဆောင် အုတ်မြစ်ချတော်မူနေကြပါသည်။ တစ်ချိန်တည်းပင် တက္ကသိုလ် ဝင်း အတွင်း၌ ဆောက်လုပ်တော့မည့် သာသနာ့ဝန်က အဆောက်အအုံ များကို အလှူရှင်များက ပန္နက်တင် မင်္ဂလာဆင်ယင်ကျင်းပကြပါသည်။

ဆရာတော်ကြီးများသည် ထိုကိစ္စကြီး ၂-ရပ်ကို ဆောင်ရွက်ပြီးသည်နှင့် ဆောက်လုပ်ပြီးစီးနေသော နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ကျောင်းဆောင်များကို အလှူရှင်များက ပရိယတ္တိ သာသနာတော်အား ရေစက်သွန်းချလှူဒါန်း၍သံဃမဟာနာယကအဖွဲ့သို့ လွှဲအပ်သည်ကို လက်ခံတော်မူကြရန် မင်္ဂလာမဏ္ဍပ်သို့ ကြွတော်မူကြပါသည်။





(၎) မန္တလေးမြို့ မလွန်ဆန်လှူ အဲသင်းကြီးနှင့် တကွ မြို့သူမြို့သားများက နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများအား ဦးကြိုဂါရဝပြုကြပုံ။



(၁) အဂ္ဂါဘိဓဇ ပဲခူးမြို့မဆရာတော်ကြီး အမှူးရှိသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများအား မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီးသို့ ပင့်ဆောင်ကြစဉ်

သဝဏ်လွှာ

ထိုအလှူတော်အခမ်းအနား သို့ ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကြည်ဇွန်က သဝဏ်လွှာပါးလာပါသည်။ ထိုသဝဏ်လွှာတွင်....

"ယနေ့ ၁၃၄၇-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆-ရက်(၃၁-၃-၁၆) တနလ်ာနေ့တွင် မန္တလေး နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် အဆောက်အအုံများကို ပရိယတ္တိ သာသနာတော်အား ရေစက်သွန်းချ လှူဒါန်းကြ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လွှဲအပ်ဆက်ကပ်သည့် မဟာမင်္ဂလာပွဲတော် သို့တပည့်တော် ကိုယ်တိုင် မတက် ရောက် နိုင် သည့် အတွက် ဤ စာလွှာဖြင့် ပင် လျှောက်ထားရခြင်းကို ခွင့် ပြု တော် မူ ပါ ဘုရား" ဟု အစချီကာ နိဂုံးအဖြစ်....

"အထူးကု ဆရာဝန်ကြီး ဒေါက်တာဦးသာလှ အမှူးပြုသော သာသနာ့တက္ကသိုလ် ကြီးများ ဆောက်လုပ် လှူဒါန်းရေး အဖွဲ့ကလည်း အဘိဓဇ မဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော် ၂ဘု ရား ကြီး ၏ ဩဝါဒတော် အတိုင်း ကျောင်းတစ်ခါ မဟုတ်ဘဲ ကျောင်းဒကာအဖြစ် ခံယူလျက် သာသနာ့ တက္ကသိုလ်ကျောင်းတိုက်ကြီး များ ဆက် လက် တည်တံ့ နိုင်ရေးအတွက် ပစ္စည်း လေး ပါး ဖြင့် ဆက် လက် အား ပေး ထောက်ပံ့ လှူ ဒါန်း မှု



အဂ္ဂါဘိဓဇ ပဲခူးမြို့မဆရာတော်ကြီး အမှူးရှိသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ပန်ခက်မင်္ဂလာ ဆင်ယင်တော်မူကြပုံ

များကို စေတနာ အရှိန်အဟုန်မပျက် ဆောင်ရွက်တော် မူ ကြ ပါ ရန် မေတ္တာရပ်ခံရင်း တပည့်တော်၏ လျှောက်ထား ချက်ကို နိဂုံးချုပ်အပ်ပါသည်ဘုရား''ဟု အဆုံးသတ်ထားပေသည်။

သဝဏ်လွှာ ဖတ်ကြားပြီးနောက်

မဏ္ဍလေးမြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေး အဖွဲ့နှင့် ဇီဝိတဒါန သာသနာ့အထူးကု ဆေး ရုံ ကြီး ဆောက် လုပ် လှူဒါန်းရေးအဖွဲ့ဝင်တို့၏ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှက ဆော်ဒါလုပ်ပြီးသော တက္ကသိုလ် သာသနိက အဆောက်အအုံ များကို သံဃမဟာနာယကအဖွဲ့သို့ လွှဲအပ်၍ ရေစက်သွန်းချလှူဒါန်းရန် စီစဉ်ရခြင်းအကြောင်းနှင့် ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကော်မတီတစ်ရပ် ဖွဲ့စည်းခြင်းကိစ္စကို ပရိသတ်အား တင်ပြပါသည်။

ထို့နောက် ပရိသတ်ကြီးက ပဲခူးမြို့မ ဆရာတော်ဘုရားကြီး ထံ သီလခံယူ ဆောက်တည်ကြပါသည်။ ပြီးလျှင် တိပိဋကဓရ ဆရာတော်ဘုရားကြီးထံမှ အနုမောဒနာတရား နာယူကြပြီး ကျောင်းဆောင်များကို ရေစက်သွန်းချအမျှပေးဝေကြပါသည်။

နောက်ဦးကား အလှူတော်မင်္ဂလာပွဲကို 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု'ဟု ပရိသတ်များက သုံးကြိမ်ရွတ်ပြီး ရုပ်သိမ်းပါသည်။ ပရိသတ် ၂၀၀၀-ခန့် တက်ရောက်ကြသည်။

၁-၄-၀၆၊ အင်္ဂါနေ့

နေ့လယ် ၁၂နာရီ မိနစ်၅၀ တွင် ဆရာတော်ကြီးများသည် မဏ္ဍလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာ သ နာ့ တ က္က သိုလ် ကျောင်းတော်ကြီးမှ ရန်ကုန်



နိုင်ငံတော်သံဃမဟာနာယကအဖွဲဝင် ဆရာတော်ကြီးများ ဆည်တော်ကြီး၌ကြည့်ရှုတော်မူစဉ်

ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပ ကျောင်း ဆောင် သို့ ရိုး မ အ နောက် ခ ရီး ဖြင့် ပြန် လည် ကြွ တော်မူကြပါသည်။

မြစ်သား

ညနေ ၃နာရီ ၁၅ မိနစ်တွင် မြစ်သားမြို့ မင်းကျောင်းသို့ ရောက်ကြသည်။စောင့်ကြို့နေကြ သော ပရိသတ် ၂၀၀-ခန့် ကို တိပိဋကဓရဆရာတော်က တက္က သိုလ်တရားဟောပြီး၊ လှူဖွယ် မျဉ်းကို လက်ခံကာ ရေစက်ချ ပေးတော်မူပါသည်။

နွားထိုးကြီး

ထိုမှ ပြန်ထွက်ရာ ညနေ ၄နာရီတွင် နွားထိုးကြီးမြို့မိုးလုံ လေလုံ အားကစားရုံသို့ ရောက် ကြသည်။ ပရိသတ်၃၀၀-ခန့်ကို တိပိဋကဓရဆရာတော်က တက္က သိုလ်တရားဟောပြီး လှူဖွယ် မျဉ်းကို လက်ခံ၍ ရေစက်သွန်းချ ပေးတော်မူပါသည်။

မြင်းခြံ

မြစ်သားနှင့် နွားထိုးကြီး တွင် ရပ်နားရန် မူလက အစီ အစဉ်တွင် မပါသော်လည်း မြို့ မျက်နှာဖုံးလူကြီးများ၏ အစီ အမံဖြင့် ဆရာတော်ကြီး များ ခေတ္တနားခွင့် ရကြပါသည်။ထို့ ကြောင့် မြင်းခြံသို့ အချိန်ကိုက် မဝင်နိုင်ကြတော့ဘဲ ည ၇ နာရီ ထိုးမှ ရောက်ကြပါသည်။ ရောက် ချင်းပင် ပုညသဟာယ နွေစဉ် ဆွမ်းလောင်းအသင်း မဏ္ဍပ်၌ ပရိသတ် ၄၀၀-ခန့်ကို တိပိဋကဓရဆရာတော်ကြီးက တက္က သိုလ်တရား ၁နာရီကျော် ဟောပါသည်။ ထိုည မင်း ကျောင်း၌ ကျိန်းစက်တော်မူကြပါသည်။

၂-၄-၈၆၊ ဗုဒ္ဓဟူးနေ့

ဆရာတော်ကြီး များ သည် မင်းကျောင်း၌အရှေ့ဆွမ်းဘုဉ်း ပြီး၊ ဆွမ်းအနုမောဒနာ တရား အဆုံးတွင် ကိုးဆောင် ကျောင်း တိုက်သို့ ကြွကြပါသည်။ ထိုတွင် ဒါယကာ ဒါယိကာမများ၏ အပူဇော်ခံ၍ တရားချီးမြှင့်ကာ ခရီးဆက်ထွက်ကြရာ ကျောက် ပန်းတောင်းသို့နံနက်၉နာရီတွင် ရောက်ကြပါသည်။

ကျောက်ပန်းတောင်း

ကျောက် ပန်း တောင်း တွင် ဘူတာရုပ်နေ ကျောင်း၌ ကာကြီးဦးသိုက်၊ ဒေါ်ခင်ဆယ် တို့က....

"နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီး ၄၇-ပါး စုံ ညီ တို့ သည် (၂-၄-

ဒေါ်အေးသီတို့၏ အလှူငွေ ၂၀၀၀၀၀-ကျပ်(နှစ်သိန်း)ကို တိပိဋကဓရ ဆရာတော်က ရေစက်ချပေးတော်မူပါသည်။

မကွေး

ထိုမှဆက်ထွက်ရာ မကွေးမြို့သို့ ညနေ ၅ နာရီတွင် ရောက်ကြသည်။ ညဦးတွင် မြသလွန်စေတီတော်သို့ သွားရောက် ဖူးမြော်ကြ၍ ညတရားပွဲကို တည်းခိုရာ မဟာဝိသုတာရာမတိုက်မြက်ခင်းပြင်တွင် ကျင်းပသည်။ ပရိသတ် ၃၀၀-ခန့်ရှိသည်။

၃-၄-၈၆၊ ကြာသပတေးနေ့

ဆရာတော်ကြီးမျာသည် ရွှေစက်တော်သို့ ဖူးမြော်ရန်ကြွကြပါသည်။


ထိုစက်တော်ရာ နှစ်ဆူကို ရှာဖွေတွေ့ရှိသော ပုဂ္ဂိုလ်မှာ သာသပင် ၄၇၅၀-ကျပ် လှူဒါန်းကြပါသည်၊ တိပိဋကဓရ ဆရာတော်က တက္ကသိုလ် တရားဟောချီ လှူဖွယ်များ လက်ခံပြီး ရေစက်ချပေးတော်မူရပါသည်။

ရေနံချောင်း


ဆရာတော်ကြီးများသည် ကျောက်ပန်းတောင်းမှ ရေနံချောင်းသို့ တဆက်တည်းကွကြရန် ဖြစ်သော်လည်း ငွေးချိုရွာမှ ဆီး၍ တားကြသောကြောင့် ရပ်တန့် အပူဇော်ခံကာ တရားချီးမြှင့်ခဲ့ရသေးသည်။ ထို့ကြောင့် ရေနံချောင်းသို့ နေ့ ၁၁နာရီ ၁၀မိနစ်တွင်မှ ရောက်ကြပါသည်။ နေ့ဆွမ်းကို ရွှေတောင်ကျောင်း၌ ဘုဉ်းပေးကြပြီး၊ ရေနံချောင်း မြို့သူ မြို့သားများ၏တက္ကသိုလ်ကျောင်း ဆောက် လုပ် ရေး အလှူငွေ ၄၆၀၀၀-ကျပ်နှင့် ဦးလှတင်-၈၆၊ ကြိုတောင့်ကြိုခဲ့လှသော အချိန်အခါ ထူးကြီးတွင် ကျွန်တော် ကျွန်မတို့ မိသားစုက မန္တလေး တက္ကသိုလ် ဝင်းအတွင်း ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီးအတွက် ဆေးဖိုးငွေ (ပင်မ) ငွေပဒေသာပင် ကျပ် တစ် သိန်း (၁၀၀၀၀၀)ကျပ်တိတိ စိုက်ထူလှူဒါန်းမည်ဖြစ်ပါသဖြင့် တရားတော်နာ ကြပါရန်နှင့် ဆရာတော် ဘုရားကြီး များအား ပူဇော်ဖူးမြော်ကြပါရန် ကျွန်တော်များ၏ မင်္ဂလာ မဏ္ဍပ်သို့ ကြွရောက် ပါ မည့် အကြောင်း လေးစားစွာ ဖိတ်ကြား အပ်ပါသည်ခင်ဗျား''

ဟူသော ဖိတ်စာများ မြို့အနှံ့ ဝေငှ ထား သည် ကြောင့် မဏ္ဍပ်ကြီး လျှံနေအောင် လူများ ရောက်နေကြပြီ ဖြစ်ပါသည်။

ဦးသိုက်—ဒေါ် ခင်ဆယ် တို့၏ မဏ္ဍပ်မှာပင် အခြားအလှူရှင်များက တက္ကသိုလ်ကျောင်း အဆောက်အအုံအတွက် အလှူငွေ ၁၈၀၀၀-ကျပ်၊ ပစ္စည်းလေးပါးငွေပဒေသာပင်အတွက် ၇၄၃-ကျပ်၊ ဆေးဖိုးငွေ ပဒေ



ဒေသခံ ဒကာ ဒကာမ ကြီးငယ်တို့ ဆွမ်းလောင်းကြစဉ်



ဤနေ့နာရီ နှားထိုးကြီးသို့ ရောက်၍ ည ၇ နာမှ မြင်းခြံသို့ ရောက်ကြသည်။

ရွှေစက်တော်သို့

နံနက် ၆နာရီခွဲတွင် မကွေးဆိပ်ကမ်းမှ ကူးတို့ဖြင့် ကူးခဲ့ကြရာ ၇နာရီတွင်မင်းဘူးတဘက်ကမ်း ထောက်ရှာပင်ဆိပ်သို့ ရောက်သည်။ အသင့်စောင့်ကြိုနေသော ကားများနှင့် လိုက်ပါခဲ့ကြရာ လမ်း၌ ကုန်းသာရွာ၊ ဆင်ခေါင်းရွာ၊ ဇီးအိုင်ရွာ၊ လေးပင်ရွာ၊ ပန်းတောင်းရွာ၊ ကိုင်းမန်ကျည်းရွာတို့ကို ဖြတ်သန်းသွားရသည်။ ဆရာစော်ကြီးများ ကွလာမည်ကို ကြိုဆိုထားသောထိုရွာသားများသည် ကားလမ်းတွင် ထွက်စောင့်၍ ဆရာတော်ကြီးများ၏ ကားကို တားပြီး ဖူးမြော်ကြသည်။ တက္ကသိုလ်အတွက် ဝတ္ထု၊ ငွေးများလှူကြသည်။

လမ်းခရီးတလျှောက်၌ ကျွန်တော်တို့ ကားကလေးသည် တချို့နေရာတွင် ဆရာတော်ကြီးများ စီးနင်းလိုက်ပါလာသော ကားများ၏နောက်၌ ပြတ်ကျန်ရစ်နေသည်လည်းရှိသည်။တချို့နေရာတွင် ကျော်လွန်၍ ရှေ့သို့ရောက် နေ သည် လည်း ရှိသည်။ သို့ဖြစ်ရသည်မှာ ဗီဒီယို မှတ်တမ်းတင်သူများ၏ အလိုသို့လိုက်နေရသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ယခုရွှေစက်တော်သွား ခရီး၌ ကျွန်တော်တို့ လက် လှမ်း မမီ လိုက် သော သတင်းကို တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ပစ္ဆာသာမဏဉီးကုသလ မှတ်စုမှ ယူ၍တင်ပြပါမည်။

လွန်မင်းတရားကြီး လက်ထက်တောင်ဖီလာ ဆရာတော်ဖြစ်ပါသည်။ စက်တော်ရာသွား လမ်းခရီး၏ သာယာပုံကို ရှင်မဟာရဋ္ဌသာရက တောလားဖွဲ့၍ သီခဲ့သည်။ ဆရာတော် ဦးဗုဓ်က လည်း ရေလားဖြင့် ဖွဲ့ဆိုခဲ့ဖူး၏။ ယနေ့ နိုင်ငံတော် သံဃမဟာနာယက တစ်ဖွဲ့လုံး ကွရောက်ကြမည် ဖြစ်ပါသည်။

ဦးကုသလမှတ်စု

"ကန်ရေရွာမှ ၂၄၄ ကျပ် ၉၀ပြား။ ကုန်းသာရွာမှ ၅၉၄ ကျပ် ၂၅ပြား။ ဆင်ခေါင်းရွာမှ ၁၀၇၅ကျပ်။ ဇီးအိုင်မှ ၂၆၀ ကျပ်။ လေးပင်ရွာမှ ၂၀၆ကျပ်။ ပန်းတောင်းရွာမှ ၄၀၅ ကျပ်။ ဆင်ခေါင်းရွာ၌ (ဆရာတော်များ၊)ကားပေါ်မှဆင်း၍ လမ်းလျှောက်ပြီး အပူဇော်ခံခဲ့ပါသည်။

"ဆင်ခေါင်းရွာ အိမ်ခြေ ၂၂၀အိမ်၊ဇီးအိုင်ရွာသည် အိမ်ခြေ ၁၅၁ အိမ်၊ ပန်းတောင်းရွာသည် အိမ်ခြေ ၁၆၀ရှိသည်၊ ကိုင်းမန်ကျည်းရွာသည်အိမ်ခြေ ၂၀ခန့်ရှိပြီး တက္ကသိုလ်ကျောင်းအတွက် ၃၆၀-ကျပ် လှူဒါန်းသည်။

"မန်း အထက်စက်တော်ရာ အောက်စက်တော်ရာကို ရောက်ရှိပြီး လှည့် လည် ဖူး မြော် ခဲ့ပါသည်။ မန်းချောင်းအတွင်း၌ ဆရာတော်များပါ ရေဆင်းချိုးကြပါသည်။ပြီးလျှင် ဆွမ်းဘုဉ်းပေးကြပါသည်။ ဆွမ်းစားပြီးသောအခါ ၂နာရီခန့် အနားယူကြသည်။ နေ့ ၂နာရီ၅မိနစ်တွင် တိပိဋကဓရ ဆရာတော်က ဆွမ်းဒါယကာ ဒါယိကာမတို့အား ကထိန်တော်ကို ဟောခဲ့ပါသည်။

"မန်းစက်တော်ရာ ၂-ဆူမှ ၃-နာရီ စတင်ထွက်ခွာလာပြီး ၄ နာရီ တွင် မန်းရေနံမြေ အလုပ်သမား အပန်းဖြေရိပ်သာသို့ ရောက်ပြီး အဖျော်ယမကာ စတုမဓူကပ် လှူကြပါသည်။



⬆ မြင်းခြံမြို့၊ပုည သဟာယဆုနှင်းသဘင်၌သြဝါဒကထာချီးမြှင့်ပြီး ကျောက်ပန်းတောင်းမြို့ ဦးသိုက်မဏ္ဍပ်၌ အလှူငွေ ၁-သိန်း ၀ဝ၀ဝ၀ - ကျပ် ကို လည်း လှူဒါန်းကြသည်။ ညနေ ၅နာရီ ၂၅မိနစ်တွင် မန်းရေနံမြေ အလုပ်သမား အပန်းဖြေစခန်းမှ ထွက်ခဲ့ရာ ည ၆ နာရီခွဲ ဝတ္ထုငွေ ၁၇၀၀၀ - ကျပ် ကို လည်း လှူဒါန်းကြသည်။ ညနေ ၅နာရီ ၂၅မိနစ်တွင် မန်းရေနံမြေ အလုပ်သမား အပန်းဖြေစခန်း မထောက်ရှာပင်ဆိပ်ကမ်းသို့ ပြန် ရောက်ပြီး မလွေးမြို့ မဟာပိသု တာရာမတိုက်သို့ ရောက်ရှိသည်။ ၎င်းည ၈ နာရီအချိန် တရား စ ပြီး ၁၀နာရီခွဲပြီးဆုံးသည်"ဟု

အတွက် အနုမောဒနာ တရားပဲ့



ချောက်မြို့နယ်မှ
ကြိုဆိုကြပုံ



ရေနံချောင်းမြို့၊ ရှေတောင်ကျောင်း
တရားပွဲ ကျင်းပစဉ်

ပစ္စာသာမဏဦးကုသလက မှတ်စုထုတ်ထားပါသည်။

၄-၄-၈၆၊ သောကြာနေ့

ဆရာတော်ကြီး မျှားသည် မကွေးမြို့၊ မဟာဝိသုတာရာမ တိုက်မှ အရှေ့ဆွမ်းဘုဉ်းအပြီး ပြည်မြို့သို့ ထွက်ခွာလာကြရာ ၇ နာရီခွဲတွင် တောင်တွင်းကြီးသို့ရောက်၍ ဖောင်တော်ဦး ဓမ္မာရုံတွင် အပူဇော်ခံကြပါသည်။ ထိုတွင် တရားဟော ရေစက်ချ၍ ဆက်ထွက်ပြန်ရာ မြေထဲမြို့ ဓမ္မာရုံကျောင်းသို့ နေ့ ၁၁-နာရီတွင် ရောက်ကြသည်။ နေ့ဆွမ်းကိစ္စပြီး သော အခါ ဆွမ်းအနုမောဒနာတရား ဟော၍ လှူဒါန်းပူဇော်သည်များကို ရေစက်ချပေးတော်မူပါသည်။

မကွေးသို့....။



ဆရာတော် သုံးပါးတို့နှင့် ဝိမာန် ဆောက်လုပ်ရေးအဖွဲ့တို့အား ဝိမာန်မပျက်စီးစေရန် စောင့်ရှောက်သူအဖြစ် မြွက်ဆို၍ရေးဖက်ချပေးတော်မူပါသည်။

ထို့နောက် ပြည်မြို့မှ ဆက်လက်ထွက်ခဲ့ကြရာ ပေါင်းတည်ဆရာတော်ကြီးဇောတိက(သဆုံ)နေမကောင်းသည်ကို ဒေါက်တာ ဒေါမာလာက ကုသပေး၍ ရှေ့ခရီးစဉ် အတိုင်း ဆက်လိုက်နိုင်သည်။ မြေထဲ၌ ပရိသတ် ၃၀၀-ခန့်က ကြိုဆို ပူဇော်ကြသည်။

ပြည်မြို့

ညနေ ၅-နာရီတွင် ပြည်မြို့သို့ ရောက်၍ ရွှေဆံတော်စေတီ ခြေတော်ရင်းရှိ ပရိယတ္တိနှဂုဟာ ဓမ္မဝိမာန်၌ သီတင်းသုံးသည်။ ထိုညတရားပွဲသို့ ပရိသတ် ၆၀၀-ခန့် တက်ရောက် ကြည်ညိုသည်။

၅-၄-၈၆၊ စနေနေ့

နံနက် အရုဏ်ဆွမ်းအပြီးတွင် တိပိဋကဓရဆရာတော်ကြ ဦးထွန်း-ဒေါခင်နုတို့ ကောင်းမှု၊ ၁၈-သိန်းတန် ဓမ္မဝိမာန်ကြီးကို ရက္ခာက ဂေါပက အဖြစ်....

(၁၁) ဇောတိကာရုံ ဆရာတော် ဦးဂျုတ္တလ။



မကွေးတစ်ဘက်ကမ်း ထောက်ရှာပင်ဆိပ်သို့



◀ မြေထဲမြို့၌ ဒေါက်ဝါ ဒေါ်မာလာက ပြုစု စောင့်ရှောက်ပုံ။

မြို့ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်သို့ ဂ-နာရီတွင် ရောက်ကြသည်။ ဒါယကာဒါယိကာမများ၏ အပူဇော်ခံ၊ တရားချီးမြှင့်ပြီး ကျောင်းတိုက်ဝင်းအတွင်းရှိ စွယ်တော်တိုက်သို့ ကြွရောက် ဖူးမြော်ကြပါသည်။

ထိုမှ ဆက်၍ ထွက်ခဲ့ရာ ၁၁-နာရီခွဲတွင် လက်ပံတန်းဘုရားကြီးတိုက်သို့ ရောက်၍ နေ့ဆွမ်းဘုဉ်းပေးပါသည်။ ထိုနေ့မှာ စနေနေ့ဖြစ်သည့် အလျောက် အစိုးရရုံးများ ပိတ်ထားရာ ရုံးသူရုံးသား ၁၀၀ ခန့်လောက်လာ၍ ပူဇော်ကြပါသည်။ ဆရာတော်ကြီးသည် တက္ကသိုလ် တရားနှင့်ဆွမ်းအနုမောဒနာတရား ဟောပြီး ရေစက်ချပေးတော်မူပါသည်။

ပြီးဆက်လက်၍ထွက်ခဲ့ကြရာ ဥက္ကံမြို့ ဘုရားကြီးတိုက်သို့ည နေ ၃-နာရီတွင် ရောက်ကြပါသည်။ တိပိဋကမရ ဆရာတော်ကြီးသည် ဥက္ကံဘုရားကြီး ဆရာတော်ကြီးကို ဖူးမြော်ရန် ဝင်ရောက်ခြင်းဖြစ်ပါသည်။

ပြည်မြို့၊ ရွှေဆံတော်စေတီ ခြေတော်ရင်း ပရိယတ္တိနှဂ္ဂဟ ဓမ္မဗိမာန်သို့ ရောက်ရှိစဉ်။





၅-၄-၁၆၊ ညနေ ၃ နာရီ ဥက္ကံမြို့ ဘုရားကြီးကျောင်းတိုက်၌ ခရီးတထောက်

ဥက္ကံမြို့ ဘုရားကြီးတိုက်၏ သမိုင်းအကြောင်းကို ကျောင်းဝင်းအတွင်း ၁၃၂၁-ခုနှစ်တွင် စိုက်ထူထားသော ကျောက်စာတိုင်၌....

"သာသနာသက္ကရာဇ် ၂၄၆၀-ခု၊ ကောဇာသက္ကရာဇ် ၁၂၀၆-ခု၊ တန် ဆောင် မုန်း လဆုတ် ၁၄-ရက်နေ့၌ အရှင် ဝိဇယမထေရ်သည် ဈာသင်တိုက်ကို စတင်တည်ထောင်ဖွင့်လှစ်၍ သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည်။

၁၂၉၀-ပြည့်၊ ဓာ ပေါင်း လပြည့် နေ့မှစ၍ အရှင်ဝိဇယမထေရ်သည် ဒုတိယ အကြိမ်မြောက် ပထမနာယက အဖြစ် ဆက်ခံ အုပ်ချုပ်တော်မူ၍ သာသနာတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသည်။

၁၂၉၅-ခုနှစ်၊ ဝါဆိုလဆန်း ၁၂-ရက်နေ့မှစ၍ အရှင်အာဒိစ္စရံသီမထေရ်သည် ကူညီ ဆောင်ရွက်တော်မူသည်''ဟု ဖတ်ရပါသည်။

ဆရာတော် ကြီးများ သည် ဥက္ကံမြို့ ဘုရားကြီးတိုက်မှထွက်လာခဲ့ရာ ညနေ ၅-နာရီတွင် တိုက်ကြီးမြို့သန္ဓမဇောတိကာရုံ (ပြည်ကျောင်းခွဲ)သို့ ရောက်ရှိကြပါသည်။ ကြိုဆိုနေကြသော ပရိသတ် ၂၀၀-ခန့်ကို တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် တက္ကသိုလ်တရားဟောပြီးလျှင်ဖွယ်များ လက်ခံ၍ ရေစက်ချပေးတော်မူပါသည်။

တိုက်ကြီး တွင် ဆရာတော်ကြီးများသည် အေးအေးလူလူ အမောပြေအောင် နေကြပြီးမှ ရန်ကုန်သို့ ပြန်ထွက်ကြပြီး ည ၈-နာရီတွင် ကမ္ဘာအေး ကုန်းမြေ့ဇမ္ဗူဒီပကျောင်းဆောင်သို့ ပြန်လည် ရောက်ရှိကြပါသည်။

ထိုခရီးတွင် သာသနာရောင်ဝါထွန်းလင်းတောက်ပပါသည်



ဆိုသော မြန်မာနိုင်ငံ၏ အချို့ မြို့များ၌ 'သံဃမဟာနာယက' ဆိုသော ဝေဟာရနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်၏ အဓိပ္ပာယ်ကိုပင် လူတော်တော် များများက မသိကြသေးကြောင်း ဆရာတော်ကြီးများ ကိုယ်တော်တိုင် တွေ့လာကြရသည်။

ဆရာတော်ကြီးများ ကွယ်လာဟော ပြောမှုပင် သာသနာ့ တက္ကသိုလ် ပညာရေး ဆိုသည်မှာ-


(မိမိတို့က ဆရာတင်ကာ ရွာဦးရွာထိပ်တွင် ထား၍ ကိုးကွယ်ရမည့်) ရဟန်း သာမဏေများအား ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်လာအောင်၊

ဘုရားဟော ပိဋကတ် ကျမ်းဂန်များ နှံ့စပ်အောင်၊ ပါဠိဘာသာကို (ကြက်တူရွေး စကားကတ် မဟုတ်ပဲ) တကယ်တန်း တတ်မြောက်အောင်၊

မြန်မာ စာပေကိုလည်း နိုင်နင်းအောင် သင်ကြားပေးမည့် ကျောင်းကြီးဟု နားလည် ကြရသည်။ သို့နားလည်ကြရအောင်လည်း တိပိဋကဓရ ဆရာတော်ကြီးသည် ရောက်လေရာမြို့တိုင်း၌ တက္ကသိုလ် တရားကို ထပ်တလဲလဲ ဟောတော် မူခဲ့ရပေသည်။ ဤသို့ ဟောပြသဖြင့်လည်း သာသနာတော် အား သဒ္ဓါတရား တိုးပွားကာ တက္ကသိုလ်ကြီးများ ဆောက်လုပ်ရေး၌ ကုသိုလ်အဖို့ သိန်းနှင့်ချီ၍ ပါဝင်လာကြသူများနှင့် ဆုံခဲ့ရပေသည်။

ယင်းကား ဆရာတော်ဘုရားကြီးများ၏ မိုင် ၁၀၀၀-ခရီး၏ ရလာဒ်ပင် ဖြစ်ပါသတည်း။

မောင်မဲ



မောင်ရေစာခေါ်
ပြည်ကြီးမြို့

ပန်းချီ တင်မောင်မျိုင့်

ကျွေးဇူးတော်ရှင်မင်းကွန်းဆရာတော်ဘုရားကြီး ပြင်ခရိုင်သို့ ကြွရောက် တရားဟောပြော ရေစက်ချမည်ဆိုသော ဂယက်သည် ပြင်ခရိုင်အနှံ့ ပျံ့လွှမ်းရှိ၏။ ထို့အတူ ပြင်ခရိုင်၏ စေတနာသဒ္ဓါ အလျှံဂယက်သည်လည်း ဆရာတော်ကြီးထံသို့ ပျံ့လွှမ်းရှိပါ၏။

ဆရာတော်ဘုရားကြီးက "အားလုံး အရပ်တွေ့ အတော်ရောက်ခဲ့ပြီ၊ လျှံကြွတဲ့ အလျှံတွေထဲမှာဖြင့် ပြင်ခရိုင်ဟာ အများဆုံး၊ ပြင်ခရိုင်က အစောကြီးကတည်းက ဘုန်းကြီးတို့ဆီ ဂယက်ရိုက်တယ်။ လူပေါင်း (၁၀၀) ကျော် လှူကြလိမ့်မယ်လို့ ဂယက်ရိုက်ခဲ့တယ်" ဟု ဟော

ပြင်ခရိုင်က ဝင်းခင်း၍ မင်းခမ်းမင်းနားဖြင့် ကြိုဆိုပူဇော်ကြပုံ

ပြောခဲ့သည်။ ဒေသယဉ်ကြောင့်ပြင်ခရိုင်ဂယက်ထရပါသနည်း၊ ရောဝတီတိုင်း၊ ငပုတောမြို့နယ်ရှိ ပြင်ခရိုင်သည် အိမ်ခြေပေါင်း ၁၇၀၀-ကျော်၊ လူဦးရေ ၇၀၀၀-ကျော်ရှိပြီး၊ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ပြည်သူ့ရဲတပ်ဖွဲ့စခန်းများရှိသကဲ့သို့ တိုင်များကို ရွှေပိန်းချထားသည့် နာမည်ကျော် 'ရွှေကျောင်း' ခေါ် ဘုန်းတော်ကြီးကျောင်း အပါအဝင် ဘုန်းတော်ကြီးကျောင်း ၅-ကျောင်းလည်း ရှိသည်။ ငပုတောမြို့နယ် ဒေသနောက်ဘက်ကမ်းခြေရွာများ၊ အရှေ့ဘက်ရွာများနှင့် အသွားအလာ လှုပ်ကူသည့် အပြင်၊ ပြင်ခရိုင်-ရန်ကုန်၊ ပြင်ခရိုင်-ငပုတော-ပုသိမ်-မြောင်းမြ-လပွတ္တာစသဖြင့် သွားလာရေးလှုပ်ကူပြန်သည်။ ရွာတွင် လျှပ်စစ်မီးရှိပြီး လမ်းများမှာ သဲလမ်းများဖြစ်ပြီး သန့်ရှင်းသပ်ရပ်သည်။ ဆိုက်ကားအစီးပေါင်း ၅၀-ကျော် ရှိ၏။ ထို့ကြောင့် ပြင်ခရိုင်သည် ရွာကြီးအဆင့်ထက် သာနေသည်။ မြို့အဆင့်သို့ ရောက်ပြီ။ ဤသို့ ရွာတွင် ရုပ်အလှများ ရှိသည်ထက် စေတနာအလှက ပိုလှပါသည်။

ငပုတောမြို့နယ် သံဃနာယက ဖြစ်တော်မူသော ပြင်ခရိုင် မြောက်ကျောင်းဆရာတော်၏ အစီအမံကောင်းမှုကြောင့် ပြင်ခရိုင်သို့ ဝင်သော ချောင်းကြီးကို ပြည်သူ့အင်အားဖြင့် ဖောက်လုပ်ပြီးဖြစ်၏။ ချောင်းကူး တံတားကြီးကိုလည်း ဆရာတော်က ဝတ္ထုငွေစိုက်ထုတ်ပြီး ဆောက်လုပ်လျှက်ဒါန်းခဲ့၏။ ပြင်ခရိုင် မြို့နယ်


ဆရာတော် ဘုရားကြီး မကြွရောက်လာမီ တစ်လအလိုကပင် အလှူမဏ္ဍပ်များ ထိုးပြီး အလှူခံနေကြသည်။ စေတနာရှင်များကလည်း ဆွမ်းပဒေသာပင် တစ်ပင်လျှင် ၂၅၀-ကျပ်စီ ကို တဖွဲဖွဲ လာရောက်လှူဒါန်းကြသည်။

"ကြိုဆိုကြပုံအစုံစုံ"

သို့ဖြင့် ၁၃၅၀-ပြည့်နှစ်၊ တပေါင်းလပြည့် ကျော် ၁၄-ရက်နေ့၊ (၄-၄-၇၉)သို့ ရောက် လာပေပြီ။ ယင်းနေ့ ညနေ ၄-နာရီတွင် မင်း ကွန်းဆရာတော် ဘုရားကြီးကို သဘော်ပေါ်မှ တစ်ဆင့် အသင့်စောင့်ကြိုနေသော ကရဝိက် ဖောင်တော်ပေါ်သို့ ပင့်ဆောင်လာကြသည်။ ဖောင်တော်ပေါ်တွင် တက်ခုတ်ယိမ်းများ၊ ဆိုင်းဝိုင်းများ အသင့်လိုက်ပါပြီး တီးမှုတ်

သံဃနာယက အတွင်းရေးမှူး-ပြင်ခရိုင် ရှေ့ ကျောင်း ဆရာတော်၏ အစီအမံဖြင့် ဗုဒ္ဓဘာ သာ ယဉ်ကျေးမှု စာမေးပွဲများ ကျင်းပလေ့ ရှိ၏။ ပရဟိတဂေဟာကိုလည်း ဖွင့်လှစ်ထား သည်။ ကွင်းကျောင်းဆရာတော်ဘုရားကြီး ဦးသု ဇာတာလင်္ကာရသည်အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် တော် ရခဲ့သည်။ ပြင်ခရိုင်တွင် ဝါတွင်းအဖိတ် နေ့တိုင်း ဥပသကာခံ ထွက်ကြသည်။ အခြား ရွာများနှင့်မတူ ဝင်းအဖွဲ့များနှင့် ထွက်ကြ၏။ ဥပုသ်နေ့တွင်မူ တရားဓမ္မရွတ်ဆိုကြသော အသံ ခွဲစက်အသံများ၊ တစ်ရွာလုံး ညံနေပါ၏။ ဤ ရွာ၏ အလှူအတန်းရက်ရောမှု၊ စေတနာသဒ္ဓါ ထက်သန်မှုသည် မင်းကွန်း ဆရာတော်ဘုရား ကြီး ကြွရောက်လာမည် ဆိုသောအခါ အထွတ် အထိပ်သို့ ရောက်လေတော့၏။

ရွှေကျောင်းကြီးအတွင်း မဏ္ဍပ်ကြီး၌ ရေစက်ချတရား ချီးမြှင့်တော်မူစဉ်



ကခုန် ကြိုဆိုကြသည်။ မင်းကွန်း ဆရာတော် ဘုရားကြီးသည် ပြင်ခရိုင် ရွာထိပ် မြောက် ကျောင်းသို့ရောက်သော် ကင်ဆာ ရောဂါဖြင့် အိပ်ယာထက်တွင် မထနိုင်ဖြစ်သော ခမြောက် ကျောင်း ဆရာကော်ဘုရားထံသို့ ကြွရောက် နှုတ်ဆက်သည်။ မြောက်ကျောင်း ဆရာတော် ဘုရားကြီး၏ တဖွဖွလျှောက်ထား တောင်းပန် ချက်အရ ဆရာတော်ဘုရားကြီး ပြင်ခရိုင်သို့ ကြွရောက်တော်မူလာခြင်း ဖြစ်၏။ မြောက် ကျောင်းဆရာခတော်နှင့် ၅-မိနစ်ခန့် စကား ပြောဆို ဆွေးနွေး အားပေးစကား ပြောပြီး နောက်၊ တစ်ဘက်ရွာထိပ်တွင်ရှိသော အလှူ မဏ္ဍပ်ကြီးများ ဇည်ခံပွဲများ အစီအစဉ်ရှိနေ သည့် ပြင်ခရိုင် ရွှေကျောင်းသို့ အသင့်စောင့် ကြိုနေသော အမိုးဖွင့် ယာဉ်ဖြင့် ကြွရောက် တော်မူသည်။ ကြွရောက်တော်မူရာ၌ အစီအစဉ် ကို အသင်စာဖတ်သူ ကြည်ညိုကြည့်စမ်းပါ။

မင်းကွန်း ဆရာတော် ဘုရားကြီးအား ပင့်ဆောင်ကြိုဆိုပွဲအစီအစဉ်

နိဗ္ဗာန်ဆော် လမ်းရှင်းအဖွဲ့က အစီအစဉ် မစမီ လမ်းတလျှောက် ရှင်းလင်းရန်-

(၁) မင်္ဂလာစည်းဟော်အဖွဲ့
(၂) သာသနာ့အလံကိုင် ဂေါပကအဖွဲ့ (၁)
(၃) ရတနာဝင်းအဖွဲ့
(၄) သာသနာ့အလံကိုင် အဖွဲ့(၂)
(၅) ပုဂံဝင်းအဖွဲ့
(၆) မင်းကွန်းဆရာတော်ဘုရားကြီး၏ ပုံတော်ကိုင်အဖွဲ့
(၇) ပန်းပေါက်ပေါက်နှင့် ပန်းဖလားကိုင်အဖွဲ့
(၈) မင်းကွန်း ဆရာတော် ဘုရားကြီးကို ပင့် ဆောင်လာမည့် ယာဉ်အမိုးဖွင့် ယာဉ် (ဘေး၂-ဘက်တွင် ထီးဖြူများမိုးလျက် ကြွရောက်လာသည်။)
(၉) ပင့်ဆောင် ကြိုဆိုလာကြသည့် မြို့နယ် တွင်းရှိ ထေရ်ကြီး ဝါကြီး သံဃာတော် ၅-ပါး (ရွှေထီးမိုးခံလျက် ကြွလာကြ သည်။)
(၁၀) အဆင့်ဆင့် ဥပဋ္ဌာကအဖွဲ့များ (ပင်မ၊ တိုင်း၊ မြို့နယ်၊ ကျေးရွာ)
(၁၁) ကွင်းကျောင်းတိုက် (ခရိုင်ညွှန့်)မင်္ဂလာဆိုင်းအဖွဲ့
(၁၂) ကွင်းကျောင်းတိုက် ပရိတ်အဖွဲ့
(၁၃) သာသနာ့အလံကိုင် ၄-ဦး
(၁၄) ထန်းပင်ချောင် ပရိတ်အဖွဲ့
(၁၅) သာသနာ့အလံကိုင် ၄-ဦး
(၁၆) ဝတ္ထုသိဒ္ဓိ ပရိတ်အဖွဲ့
(၁၇) သာသနာ့အလံကိုင် ၄-ဦး
(၁၈) ချောင်ဖျား ပရိတ်အဖွဲ့
(၁၉) သာသနာ့အလံကိုင် ၄-ဦး
(၂၀) တက်ခုတ်ယိမ်းပျိုဖြူများအဖွဲ့
(၂၁) လစန်းရောင် မင်္ဂလာဆိုင်းအဖွဲ့ (မြောက်ကျောင်းတိုက်)

ရှိသေသဒ္ဓါ ထုံးစံလာဖြင့်

ဆရာတော် ဘုရားကြီး ကရဝိက်ဖောင် တော်မပါမှ ကုန်းတော်သို့ ကြွရောက်လာချိန် မှစ၍ မြောက်ကျောင်းသို့ ရောက်ချိန်၊ မြောက် ကျောင်းမှ တစ်ဆင့် ရွှေကျောင်းသို့ ရောက်ချိန် အထိ လမ်းတလျှောက် ရာဇမှတ်ကာပြီး ငှက် ပျောပင်များ စိုက်ထူကြသည်။ သဲဖြူမှာ ခင်း စရာ မလိုတော့ပါ။ ဆရာတော် ဘုရားကြီး ပုံတော်များကို စားပွဲများပေါ်တွင် တင်ပြီး ဆီမီး၊ ပန်းတို့ဖြင့် ပူဇော်ထားကြ၏။ မည်သူ တစ်ဦးစာစ်ယောက်မျှ အိမ်မပေါ်တွင် မနေကြ။

(၄) ဒေသထွက်ကုန်များ ဖြစ်သော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ အုန်းသီး၊

(၃) သင်္ကန်း(ဒွိစုံ) ၂၀-စုံ၊ ဘိန်ပဲ၇၀-ရုံး၊ ထီး ၃၄-လက်၊ မျက်နှာသုတ်ပုဝါ၊

(၅) ဘာသာငါးမျိုးအာဘုတ် ပိဋကတ်အလှူရင် ၀-ဦး။ တစ်ဦးလျှင် တစ်ထောင်စီ၊

(၆) အခြားနေရာထိုင်ခင်း၊ ခေတ်ဘူး၊ ပလာစာအုပ်၊ ဘောပင် စသည့်ဘို့ဖြစ်ကြ၏။

ဆရာတော်ဘုရားကြီးသည် မော်တော်ယာဉ်ပေါ်သို့လည်း ၁၀-နာရီ အရောက်ကြွမည်။ ထီး၊ ဘိန်ပဲ၊ သင်္ကန်းစသည် တို့ကိုလည်း ကိုယ်တိုင် အလှူခံရသည်။ တရားပွဲပြီးသောအခါ ဆွမ်းဆန်စိမ်းကလည်း လောင်းလှူဦးမည် ဖြစ်သဖြင့် သံဃာတော်များနှင့်ဦးဇာတ ပရိတ်မရွတ်နိုင်တော့။ မေတ္တာတရားပွားပြီးသာလျှင် သင်္ကန်းစွပ်အလှူဖြစ်စေရန် သပ္ပါရိသဒါနသုတ်ကို ဟောပြောပါသည်။အလှူလှူရာ၌ ထားရမည့်မူ ၅-ချက်နှင့် အလှူပြုရန် ဟောပြော ပြသ ညွှန်ပြတော်မူပါသည်။

အလှူလှူရာ၌ ထားရှိရမည့်မူ(၅)ချက်ကို-

(၁) သဒ္ဓါကြည်ညို၊
(၂) ရိုသေလှုစေ့
(၃) အခါကိုသိ
(၄) မစ္ဆရိယဲ
(၅) မတိမပါး လှူတုံ့ပြုငြား၊
ငါးပါးသပ္ပါရိသမြတ်ဒါန-
ဟု ဟောပြခဲ့သည်။

ဆရာတော်ဘုရားကြီးသည် သပ္ပါရိသဒါနသုတ်ကို ၁-နာရီခန့် ရွတ်ဆိုလှူးပွဲ ဟောဆိုပြောတော်မူခဲ့၏။ ယင်းဟောပြော ညွှန်ကြားမှုပြီးပြီ

ရှိသမျှ တစ်ဦးမကျန် အိမ်ဒေါက်သို့ ဆင်းပြီး လက်အုပ်ချီမိုး ပျပ်ဝပ်ရိုကျိုး ရှိခိုးနေကြ၏။ ဆရာတော်ကို ဖူးမြော်ရာ လမ်းတလျှောက် မတ်တတ်ရပ်ပြီး ကြည့်နေခြင်း မရှိ။ ပျပ်ဝပ်ရိုကျိုးလျက်သာ ရှိပါ၏။ ဤအလှအပကို မြင်ရလေသော် လူတိုင်း ဝမ်းမြောက်ကြပါ၏။ ရွှေကျောင်းဝင်း အတွင်းသို့ ရောက်လေသော် အသင့်စောင့်ကြိုနေသော ရွှေကျောင်း မင်္ဂလာဆိုင်းအဖွဲက ကြိုဆိုညည့်ခံတီးမှုတ်သည်။ကျွဲးကြမွေးကြ ညည့်ခံကြသည်။ ညနေ ၅-နာရီ ကျော်တွင် ဆရာတော်ဘုရားကြီး အဖူးမြော်ခံလေရာ ညနေ ၆-နာရီကျော်တွင် ပြီးစီးသည်။

ဆရာတော်ဘုရားကြီးအား လာရောက်ပူဇော်ဖူးမြော်ကြသော ပရိသတ်များ စိတ်မငြိုငြင်ရလေအောင် နေ့ရောညပါကျွဲးမွေးကြ၏။ကျွဲးမွေးကြသည့် အဖွဲများ မှာလည်း မမောနိုင်။ ညဘက်တွင် ဆရာတော်ကြီးနှင့်အတူ ကြွရောက်လာသော ပိဋက တစ်ပုံဆောင် ဆရာတော်က တရားဓမ္မဟောပြသည်။

၁၃၅၀-ပြည့်၊ တပေါင်း လပြည့်ကျော် ၁၅ရက် (၅-၃-၁၉၈၉)နေ့ နံနက် ၇-နာရီခွဲတွင် ဆရာတော် ဘုရားကြီးထံမှ ဗြဟ္မစရိယပဉ္စမကသိုလ်ကို ခံယူကြသည်။ ဆရာတော်ဘုရားကြီး၏ လှူဒါန်းခြင်း ဆိုင်ရာ သက္ကစ္စသပ္ပါရိသဒါနသုတ်ကို နာယူကြရသည်။ ဆရာတော်ဘုရားကြီးက တရားဟောပြ ချီးမြှင့်ရာ၌ အောက်ပါ အလှူ စာရင်းကိုပါ ကြေညာလိုက်၏-

(၁) ဆွမ်းပဒေသာပင် ၂-ရက်စာ အတွက် အလှူတော်ငွေ ၂-သိန်း ၅-သောင်း၊

(၂) ဆန် ၁၀၅-တင်း၊

ကျောတွင်းစိမ့် ကြည်နူးဖွာ နာယူခဲ့မိ၏။ အလှူလှူရာ၌ ပြိုင်၍ မလှူအပ်ကြောင်း၊ လောကီရေးမှာ အပြိုင်အဆိုင်များကြောင့် "ငါနှင့် စီးပွားပြိုင်ဘက်ငြူ ငါလိုလှူနိုင်သေးသလား" ဟု စိတ်ထားမှားသွားလျှင် မိမိအလှူမှာ မသန့်ရှင်းနိုင်ကြောင်း၊ အကျိုးတရား ရရှိသော်လည်း မခိုင်မာနိုင်ကြောင်း။ ဇောတိက၏ လက်စွပ်ကို တောင် အဇာတသတ်သည် တအားခွတ်သော်လည်း ဇောတိက က မပေးသဖြင့် ခွတ်မရကြောင်း၊ ဇောတိက က ပေးမှ အလွယ်တကူ ရကြောင်း။ ယင်းသို့ဖြစ်ရခြင်းမှာ ဇောတိကသည် ကဿပဘုရားလက်ထက် ကျောင်းဆောက်ပြီး မထိမပါး လှူခဲ့၍ဖြစ်ကြောင်း။ ထို့ခကြောင့် အလှူလှူရာ၌ ပြိုင်၍မလှူသင့်ဟု ဆရာတော်ဘုရားကြီး၏ ဆုံးမချက်ကို အထူး နှစ်သက်မိပါသည်။

ဆရာတော်ဘုရားကြီး တရားဟော်ညွှန်ပြသပြီးနောက် ရေစက်ချ အမျှပေးဝေကြ၏။ ထို့နောက် ဘုရားအမှူးရှိသောဆရာတော်ဘုရားကြီးနှင့် သံဃာများအား ဆွမ်းဆန်စိမ်းလောင်းလှူကြပါသည်။ ထို့နောက် ဆရာတော်ဘုရားကြီးသည် နံနက်၉-နာရီကျော်တွင် သီတာလမ်းမှ တစ်ဆင့် မြောက်ကျောင်းဘက်သို့ ပြန်လည်ကြွမြန်းလေရာ ကြွချီလာစဉ်က အစီ အစဉ်အတိုင်းပင် ကြိုဆိုပူဇော်ပြီး လိုက်ပါပို့ဆောင်ကြပါသည်။ မြောက်ကျောင်း ဆရာတော်အား ဝင်ရောက်နှုတ်ဆက်ပြီးနောက် ကရဝိက်ဖောင်တော်ဖြင့် ချောင်းဝတွင် ရပ်နားထားသော သင်္ဘောပေါ်သို့ တက်ခုံက်ယိမ်းများ၊ မင်္ဂလာဆိုင်းများနှင့် အတူ ကြွရောက်တော် မူသည်။ ကမ်းနဖူးများတွင် လယ်သမား မိသားစုများ၊ ရေလုပ်သား မိသားစုများသည် ဖျာများပေါ်တွင် ဆရာတော်ဘုရားကြီးအား တုပ်ဝပ်ရိုကျိုးရှိခိုးကြိုဆိုမှု၊ ကမ်းနဖူးများမှ လယ်သမား၊ ရေလုပ်သားများ၏ တုပ်ဝပ်ရိုကျိုး ရှိခိုးကြိုဆိုမှုက ပိုမို ဂယက်ထသင့်ပါ၏။

စည်ကား လှသော ပြင်ခရိုင်၏ စေတနာသဒ္ဓါဂယက်သည် တလက်လက် ဒီတောက်ပနေပါစေဟု ဆုတောင်းပို့သ အမျှဝေလိုက်ပါသည်။

မောင်ရေအေး(မြောင်းမြ)

ရှိခိုးပူဇော်လျက် ရှိနေကြသည်ကို မြင်ရ၏။ ဆရာတော် ဘုရားကြီးက လက်ပြ နှုတ်ဆက်မေတ္တာ ပို့နေတော့၏။ လမ်းတလျှောက်လည်း ဆရာတော်ဘုရားကြီးအား ဂုဏ်ပြု ကြိုဆိုသော "လှေတော်သံ" သီချင်းသံနှင့် တက်ခုပ်ယိမ်းပျိုဖြူကလေးများ၏ တက်ခုတ်ယိမ်း အကသည် ကရဝိက်ဖောင်တော်နှင့် အပြိုင် လှုပလျက်ရှိ၏။

အသင်စာရှုသူ။ အသင်စာရှုသူက ပြင်ခရိုင် ဂယက်သည် အဘယ့်ကြောင့် ကြီးသနည်းဟု မေးအံ့။ ငါးပိအထုပ်ကလေးပေါင်း များစွာကို စုလိုက်၍ ဖြစ်လာသော ငါးပိအချိန် တစ်ရာကျော် ငံပြာရည်ပုံကြီး ၂၃-ပုံး ၊ ဆန်အတင်း ပေါင်း ၁၀၀-ကျော်၊ အုန်းသီး အလုံးပေါင်း တစ်ထောင်နီးပါး၊ သက်္ကန်းဒွိစုံ ၂၀-စုံ၊ ဘာသာငါးမျိုး ပိဋကတ်အလှူငွေ ၈၀၀၀-ကျပ်၊ ဆွမ်းပဒေသာပင်အတုက် ငပုတောမြို့နယ် ကိုယ်စားပြုလှူငွေ နှစ်သိန်းငါးသောင်းကျော်၊ ယင်းတို့ပါဝင်သော ဆွမ်းပဒေသာပင် လှူသူပေါင်း ၄၂၃-ဦး၏ အလှူတော်ငွေ(၁၀၅၇၅၀-ကျပ်)(တစ်သိန်းကျော်)ကြောင့် ပြင်ခရိုင် ဂယက်သည် ကြီးသည်ဟု ဖြေလိုက ဖြေနိုင်ပါ၏။

ထို့ထက် ပြင်ခရိုင်က ဆရာတော်အား သက္ကစ္စဒါနနှင့် ရိုသေကျိုးနွံစွာ အိမ်တိုင်းအိမ်တိုင်းက မြေပြင်သို့ဆင်းပြီး တုပ်ဝပ်ရိုကျိုး ရှိခိုးကြိုဆိုမှု၊ ကမ်းနဖူးများမှ လယ်သမား၊ ရေလုပ်သားများ၏ တုပ်ဝပ်ရိုကျိုး ရှိခိုး ကြိုဆိုမှုက ပိုမို ဂယက်ထသင့်ပါ၏။



သာသနာတည်းဟူသော ဥယျာဉ်ကြီး အမြဲတစေ ရှင်သန်ကြီးထွား စိမ်းလန်းစိုပြေစေရေး အတွက် သာသနာတော်အကျိုးစီးပွားကို လေးလေး နက်နက် တွေးဆမိသူတိုင်း ဥယျာဉ်မှူးကောင်းတစ်ယောက်အနေဖြင့် ပါဝင်ကာအဖိုးတန် မျိုးကောင်းမျိုးသန့် သစ်ပင်များ စိုက်ပျိုးပြုစုပေးဖို့ လိုအပ်နေပါသည်။ သာသနာ့ဥယျာဉ်ကြီးဝယ် ဥယျာဉ်မှူးကြီး တို့သည် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ တိပိဋကာနိကာယ စသည်မှ စာသင်သားများကဲ့သို့သော သစ်ပင်ကြီးများကို သိန်းပေါင်းများစွာသော ဥဒ္ဓကြေးတို့ကိုအကုန်ကျခံကာစိုက်ပျိုးပေးနေကြပါသည်။ သရက်ပင် စသည်ကဲ့သို့သော သစ်ပင်ကြီးတစ်ပင် ကြီးထွားစည်ပင်ကာ ဖူး, ပွင့်, သီးလာလျှင် လူအများ စားသုံးနိုင်ကြ ပေလိမ့်မည်ဟူသောအမြော်အမြင်မျိုးဖြင့်စိုက်ပျိုးပေးနေကြခြင်း ဖြစ်ပါလိမ့်မည်။ စပါးပင်, ဂျုံပင်စသည်ကဲ့သို့သော လူတို့အတွက် လွန်စွာအကျိုးများ, အရေးပါလှသော အပင်ဝယ်လေးများကိုလည်း သိန်းပေါင်း များစွာသော ဥဒ္ဓကြေးတို့ကို ကုန်ကျခံကာ စိုက်ပျိုးပြုစုပေးကြဖို့ အရေးတကြီး လိုအပ်နေ ပါသည်။ ထိုအပင်ဝယ် များကား အခြား မဟုတ်ပါ။ ယနေ့ မြန်မာနိုင်ငံမှ ကလေးသူငယ်များပင် ဖြစ်ပါသည်။

စိုက်ပျိုးထားသော သစ်ပင်များ ရှင်သန်ကြီးထွား စိမ်းလန်းစိုပြေခွင့် ရလာစေရန် ပကတိစိုက်ပျိုးရေး ဥယျာဉ်မှူးသည် (၁) စည်းရိုးကာပေးရမည်။ (၂) ရေလောင်း ပေးရမည်။ (၃) ပင်ဖျက် ပိုးများကို ဖယ်ရှားပေးရမည်။ (၄) မြေတောင်ခြွေကပေးရမည်။ (၅) ပင့်ကူမျှင် စသော အနှောင့်အယှက် လေးများကို ဖယ်ရှားပေးရမည်။

ထို့အတူ သစ်ပင်ဝယ်နှင့်တူသော ကလေးငယ်များကို ဗုဒ္ဓဃည်ကျေးမှု ရှင်သန် ကြီးထွား စိမ်းလန်း စိုပြေခွင့် ရလာစေရန် သာသနာ့ဥယျာဉ်မှူးသည်လည်း (၁) ကလေးငယ်များအား ဗုဒ္ဓဃည်ကျေးမှု အလေ့အထကောင်းများ ပေးရမည်။ (၂) စာတွေ့နှင့် လက်တွေ့ပေါင်း စပ်သင်ကြားပေးရမည်။ (၃) ဆွေးနွေးပေးမှုမည်။ (၄) အကြမ်းစား အနုပညာများကို

ဖယ်ရှားပေးရမည်။ (၅) အနုစားအန္တရာယ်များကို ဖယ်ရှားပေးရမည်။

ထိုဥပမာနှင့် ဥပမေယျစကားကို အကျယ်ခွဲပြပါဦးမည်။

(၁) စိုက်ပျိုးရေး ဥယျာဉ်မှူးသည် စိုက်ပျိုးထားသော ကြက်, ဝက် စသည်တို့ ဝင်ရောက်ဖျက်စီးခွင့် မရရှိစေရန် စည်းရိုးကာပေးရမည်။

ထို့အတူ သာသနာ့ဥယျာဉ်မှူးသည်လည်းကလေးငယ်များရတနာသုံးပါးအပေါ် အခြေခံကျသော အယူအမြင် ဖြောင့်မှန် စေရန်နှင့် ကိုယ်နှုတ်အမူအရာ သန့်ရှင်း ယဉ်ကျေးစေရန် ဗုဒ္ဓယဉ်ကျေးမှုအလေ့အထကောင်းများ ပေးရပေမည်။

(၂) သစ်ပင် များသည် နှုံငယ်စဉ် ရေသောက်မြစ် မခိုင်မာသေးပေ။ ရေလို၍လည်း သေတတ်၏။ ရေပို၍လည်း သေတတ်၏။ ရေလိုလဲမလို့ ပိုလည်း မပိုစေပဲ ညီမျှစွာ (အလောတော်) လောင်းပေးလျှင် အစဉ် စိမ်းလန်းစိုပြေလာ၏။ တိုးတက်ကြီးထွားလာ၏။ ထို့အတူ ကလေးငယ်များသည် (ခွင်ကျ) ယုံကြည်ချက်မခိုင်မာသေးပေ။ ဗုဒ္ဓယဉ်ကျေးမှုကို စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်ပေးရန်လိုအပ်နေ၏။ ဗုဒ္ဓယဉ်ကျေးမှုရေစင်ကောင်းများ ခြောက်ခန်း မနေစေရ။ သို့မှသာ ခုရော နောင်ပါ ရှင်သန် ကြီးထွားပေမည်။

(၃) ဥယျာဉ်မှူးသည် သစ်ပင်ခြေဥ မြေဖို့ပေးတန် ဖို့ပေးရ၏။ ဆွပေးတန် ဆွပေးရ၏။

ထို့အတူ သာသနာ့ဥယျာဉ်မှူးသည် ဗုဒ္ဓယဉ်ကျေးမှုကို စာတွေ့လက်တွေ့ သင်ကြားပေးနေစဉ် အကြောင်းအာဂေလျော်စွာ ကလေးတို့မှာ အခက်ကြုံလာလျှင် ရှေ့တိုးသာအောင် ဆွေးနွေး ဖြေရှင်းပေးရမည်။ကလေးတွေကို တကယ့်လူကြီးတွေလို ဆက်ဆံ ဆွေးနွေးခွင့် ပေးခြင်းဖြင့် ကလေးများ၏ ဗုဒ္ဓ ယဉ်ကျေးမှုကို မြှင့်တင်ပေးရမည်။

(၄) ဖြစ်ထွန်းစ သစ်ပင်ငယ်များ၌ ပင်ဖျက်ပိုးဟူသမျှ မကျရောက် စေရန် နည်းမှန် လမ်းမှန် ကာကွယ်ပေးရမည်။ ကျရောက်ခဲ့သော် သင့်သော နည်းဖြင့် ဖယ်ရှားပေးရမည်။

ထို့အတူ ကလေးများ အတွက် ဗုဒ္ဓ ယဉ်ကျေးမှု အသိ စိတ်ဝေတ်စွမ်းအား ဆုတ်ယုတ်စေနိုင် ဖျက်စီးပစ်နိုင်သည့် အဟန့်အတား မှန်သမျှ မကျရောက်စေရန် ကြိုတင် ကာကွယ်ပေးရမည်။ ကျရောက်ရှုပ်ထွေးလာသော အဟန့်အတား တို့ကို လက်မနှေးဘဲ အမြန် ဖယ်ရှားပေးရမည်။

(၅) တစ်နည်းအားဖြင့် ပြောရလျှင်–

ကျွန်းပင် ပျိုငယ်များ ကြီးထွားဖုံဖြိုးရန် အတွက် မြေ, ရေ, လေ, အလင်းရောင်တို့လိုအပ်၏။ အုပ်, မိုး, ကာ, ဆိုင်းထားသော ပေါင်းပင်, နှယ်ပင်(ပေါင်းပင်မျိုးစုံ)ကို ခုတ်လှဲပေးရ၏။ (ပေါင်းသင် ပေးရ၏)။ (အုပ်, မိုး, ကာ, ဆိုင်း, ခုတ်လှဲခြင်းဟူသော သစ်တော သိပ္ပံ ပညာရပ်

ထို့အတူ ကလေးမျာ၌လက်တွေ့ ပုဒ္ဓယဉ်ကျေးမှု အဆင့်ဆင့်ကြောင့် ဖြစ်ထွန်း လာသည့် ယဉ်ကျေးမှု ရလဒ်ကို "နေရာ ကျပြီ၊ ပြည့်စုံလုံလောက်ပြီ"ဟု အထင်ကြီးစွဲငြိမှု လေးတွေကို တစ်ဆင့် ဖယ်ရှား ပေးရဦးမည်။ တစ်ဆင့်တိုး၍ဖွံ့ဖြိုးအောင် ကြိုးစား ဆောင်ရွက် ပေးရဦးမည်။

ပုဒ္ဓယဉ်ကျေးမှု အပြည့်အဝ ရရှိထားသော ကလေးမျာသည် အရွယ်ရောက်၍ အိမ်ထောင်ကျကာ သားလေး သမီးလေးတွေ ရလာပြန်လျှင် မိဘဖြစ်လာသော သူတို့က သူတို့၏ သားလေး သမီးလေးတို့အား၊ ပုဒ္ဓယဉ်ကျေးမှု အငွေ့ခတ် အလေ့ခတ်တွေကို လက်ဆင့် ကမ်း ပေးကြ မေလိမ့်မည်။ ဤနည်းဖြင့် မျိုးဆက် ကောင်းလေးတွေ အဆက်မပြတ်အောင် ဆင့်ပွား-ဆင့်ပွားထားခဲ့လျှင် မြန်မာပြည်အနာဂတ် သာသနာအတွက် အားရစရာ ကောင်းသော အခြေအနေ ရှိနေပါလိမ့်မည်။ ထိုသို့ မဟုတ်ပါလျှင် မြန်မာနှင့်သာသနာ, သာသနာနှင့်မြန်မာ မကြာခင် လမ်းခွဲကြရပါလိမ့်မည်။

မြန်မာနိုင်ငံ တစ်ဝှမ်းလုံး တောရော မြို့ပါ မကျန် နေရာမလပ် ကလေး သူငယ် ပျိုးပင်ငယ် လေးမျာကိုလည်း သိန်းပေါင်းများစွာအကုန် အကျခံကာ စိုက်ပျိုးပြုစုပေးမည့် စီမံကိန်းကို အကောင်အထည်ဖော်ပေးရန် လှုန်စွာပင်အရေး တကြီး လိုအပ်နေပါသည်။ စွမ်းအား ကြီးမား သည့် သာသနာ့ဥယျာဉ်မှူးကြီးများက ထိုကွက် လပ်လေးကို ဖြည့်တင်းပေးနိုင်လိမ့်မည်ဟု မျှော် လင့်မိပါသည်။ ဖြည့်တင်း ပေးနိုင်ပါစေဟုလည်း ဆန္ဒပြုပါသတည်း။ ။

အရှင်ပဏ္ဍိတာဘိဓံသ(ပဏ္ဍိတာရာမ)

နည်းလမ်းအတိုင်းဖြစ်၏။) ကြီးလှသား ရင့်သန်လာလျှင် သဘာဝ ဒဏ်တွေကို ခံနိုင်လာ၏။ ထို့အခါ အဖိုးတန် လူသုံးကုန် ပစ္စည်း ဖြစ်လာ၏။ လူ့အသုံး တင်ကျယ် လာ၏။ အရေးပါလာ၏။ ထို့အတူ ကလေးများ၏ ပုဒ္ဓယဉ်ကျေးမှု အခြေခံ စိတ်ဓာတ် ရင့်သန်ကြီးထွား ခိုင်မာစေရန် သမရိုးကျ ရုတနာသုံးပါး ယုံကြည်မှုမှ ပေါက်ပွားလာသော လွဲမှားသည့် အယူ အစွဲ ကလေးများက အစ ကြောက်ဖွယ်ကောင်းသည့် တစိမ်း ပြင်ပအယူဝါဒ မျိုးစုံ၏ အန္တရာယ် ကို လက်တွေ့ကျသော ပုဒ္ဓယဉ်ကျေးမှု အဆင့်ဆင့် အုပ်, မိုး, ကာ, ဆိုင်းမှ လက်နက်ဖြင့် ခုတ်ပိုင်း သုတ်သင် ရမည်။ အချိန်မီ, အချိန်ကိုက် စီမံ ကိန်းချရမည်။ အံဝင်ခွင်ကျ တက် ကြွစွာ စုစည်း ညီညာရမည်။ ယင်း အန္တရာယ်တို့၏ ဆိုးဝါးပုံကို လေး လေးနက်နက် နားလည်ရမည်။ ထို ထိရောက်ရောက် ဆောင်ရွက်ရမည်။

(၅) သစ်ပင်ငယ်များ ကြီးထွားလာပြီး ဖူး ခြိုန်ဖူး, ပွင့်ခြိုန်ပွင့်, သီးခြိုန်သီး၍ ရင့် မှည့်လာသော သစ်သီးချို များကို မြိန်ယှက်စွာ စားသုံးနိုင်ရန်နှင့် ရင့် မှည့်အသီး၏ အောင်မြင်သော မျိုး စေ့မှတစ်ဆင့် မျိုးကောင်း သစ်ပင် ဆက်ပွားစေရန် အတွက် သစ်ပင် များတွင် ငြိတွယ်နေသည့် ပင့်ကူမျင် လေးတွေမှအစ အနုစား အနှောင့် အယှက်များကိုလည်း သုတ်သင်ဖယ် ရှားပေးရမည်။

အာဒိကမ္မိကပုဂ္ဂိုလ်များ အာဒိကမ္မိကတရား အာဒိကမ္မိကသိက္ခာ အာဒိကမ္မိကိယ အာဒိကမ္မိကိုင်္ဂ ဗုဒ္ဓိဝင်ဝတ္ထုးထွက်ပေါ်လာပုံ

အဂ္ဂမဟာပဏ္ဍိတ အရှင်ဝဏ္ဏသိရီ

(အဂ္ဂမဟာအဓိကျော်)



ပန်းချီတင်ထွန်းထွန်း ၁၃၅၃

အာဒိကမ္မိကပုဂ္ဂိုလ်များ

* အာဒိကမ္မိကဖြစ်သောပုဂ္ဂိုလ်
* အဦးအစပထမဖြစ်သော အမှုလုပ်ငန်းဌာ ယှဉ်သောပုဂ္ဂိုလ်သည် အာဒိကမ္မိကပုဂ္ဂိုလ်ဖြစ်သည်။

(က) ကောင်းသောအမှု လုပ်ငန်းကို အခြားသူတို့ထက် ရှေးဦးစွာပြုလုပ်သော ပုဂ္ဂိုလ်နှင့်

(ခ) မကောင်းသောအမှု လုပ်ငန်းကို အခြားသူတို့ထက် ရှေးဦးစွာ လွန်ကျူးပြုလုပ်သော ပုဂ္ဂိုလ်–ဟု နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။

* ကောင်းကောင်းဆိုးဆိုး လုပ်ငန်းတစ်ခုကို အခြားမည်သူမျှ မပြုလုပ်သေးမီ ဦးဦးဖျားဖျား ဇွဲဆော်ဦးအစ ပထမဆုံးပြုလုပ်သူသည် အာဒိကမ္မိကပုဂ္ဂိုလ်ဖြစ်သည်။

ယင်း အာဒိကမ္မိကပုဂ္ဂိုလ်သည် လောကီရေးရာဘက်၌လည်းကောင်း၊ လောကုတ္တရာရေးရာဘက်၌လည်းကောင်း၊ ပြုလုပ်သည့် အကြောင်းအရာကိုလိုက်၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါသည်။ ယင်းနှစ်မျိုးတို့တွင် လောကီရေးရာဘက်က အာဒိကမ္မိကပုဂ္ဂိုလ်များ အာကာသ ပထမဆုံးခရီးသည် ဂါဂါရင်၊ ပထမဆုံး အမျိုးသမီး အာကာသယာဉ်မှူး ဗလင်တီနာ စသည် ပထမဆောင်ရွက်သူများ၊ တီထွင်မှုကို ရှေးဦးအစပြုလုပ်ဆောင်ရွက်ခဲ့သူများ၊ပထမဆုံးနိုင်ငံတည်ထောင် ရှင်ဘုရင်၊ သမ္မတ၊ဝန်ကြီးချုပ် စသည် လက်မှုနုန်ရှေးဦးစတင်ဆောင်ရွက်ခဲ့သူများရှိသကဲ့သို့ လောကုတ္တရာဘက်ကလည်း ဂဏသမုဋ္ဌာပက ဂိုဏ်းတည်ထောင်မထေရ်မြတ်ကြီးများ၊ ပထမဆုံးပထမကျော်၊ ပထမဆုံး အဂ္ဂမဟာပဏ္ဍိတရရှိတော်မူသော မထေရ်မြတ်များမှစ၍ အာဒိကမ္မိက ပုဂ္ဂိုလ်များကား စာရင်းရေးချမပြနိုင်လောက်အောင် များစွာရှိခဲ့ရာတွင်

ဖြေဆိုပြန်ရာ ခရေပွင့်အမှတ်အသား ပြု၍ အောင်မြင်ဝေဿမူပြန်ပါသည်။

(ဃ) ၁၂၉၆-ခုနှစ်၌ အစိုးရ ပထမကြိုးတန်းကို တတိယအကြိမ် ဝင်ရောက်ဖြေဆိုပြန်ရာ မြန်မာတစ်ပြည်လုံးဖြေဆိုအောင်မြင်သူအားလုံးအနက် ပထမကြိုးတန်း၌ အမှတ်အများဆုံးရသဖြင့် "**ပထမကျော်**" ဘွဲ့ထူးကို "**ဝဋ္ဌသကာ**" ဘွဲ့ထူး ဆွတ်ခူးသည့် နှစ်မှာပင် ဆွတ်ခူးပန်ဆင်တော်မူပါသည်။ အများနှင့် လုံးဝမတူ တစ်မူထူးခြားသည့် အာဒိကမ္မိကပုဂ္ဂိုလ် ဖြစ်လေသည်။

မြန်မာပြည်တွင် ပထမဦးဆုံး (အာဒိကမ္မိက) ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီး

(က) ဗုဒ္ဓသာသနာတော်အတွင်း၌ ဘုန်းတော်ပါရမီထူး၊ ဉာဏ်ပညာထူးနှင့် ပြည့်စုံသောပုဂ္ဂိုလ်ဟိုကို ဖော်ထုတ်ရေး။

(ခ) ပရိယတ္တိသာသနာတော်ကြီးကိုအားပေးခြီးမြှောက်ရာတွင် အသက်တန်းကျကျ ချီးမြှောက်ပူဇော်ရေး။

(ဂ) သာသနာတော်အတွင်း၌ ဓမ္မစေတီထိုက်သော ပိဋကတ်အာဂုံဆောင်ပုဂ္ဂိုလ်ထူး ဖော်ထုတ်ရေး ဟူသော မြင့်မြတ်သော ရည်ရွယ်ချက် (၃) ချက်ကို ထမြောက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို ၁၃၀၉-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့မှာ စတင်ပြီး ပထမဦးဆုံး (အာဒိ ကမ္မိက) ဝဋ္ဌသကာ ဟုခေါ်ဝေါ်လေသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး သည်လည်း အောက်ဖော်ပြပါအတိုင်း အာဒိကမ္မိက ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူပါသည်။

သက္ကသီဟစာမေးပွဲတွင် ပထမဦးဆုံး (အာဒိကမ္မိက) ဝဋ္ဌသကာပုဂ္ဂိုလ်

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းက ကျင်းပအုပ်သော ၁၂၉၅-ခုနှစ် သက္ကသီဟစာသင်တန်း စာမေးပွဲကို အရှင်ဝိစိတ္တာသည် အောင်မြင်တော်မူပြီးနောက်၊ နှစ်မခြား ဘဲ ၁၂၉၆-ခုနှစ်တွင် ကျင်းပသော သက္ကသီဟစာချတန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုပြန်ရာ အဋ္ဌကထာကြီး (၃) ကျမ်းလုံးကို အပြည့်အစုံအပြီးတိုင် ထူးထူးခြန်ခြန်စံမရှိ၊ ထုံးမရှိ၊ အစွဲရှိယဝတအံ့တသြ ပြောမကုန်၊ ချီးမကုန် အောင်မြင်ပုံ စံချိန်သစ်ထွင်လိုက်သဖြင့် "**ဦးဆောက်ပန်း**" ဟူသော အနက်အဓိပ္ပာယ်ရှိသော....

"**ဘဒ္ဒန္တ-ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋ္ဌံသကာ**" ဟူသော ဘွဲ့ထူးကို သက္ကသီဟအသင်းကြီးတွင် ပထမဦးဆုံး (အာဒိကမ္မိက) ဆွတ်ခူးပန်ဆင်တော် မူခဲ့လေသည်။

ထူးခြားချက်

(က) ၁၂၉၃-ခုနှစ်၌ အစိုးရ ပထမကြိုးတန်းကို ဖြေဆိုရာ နှစ်ချင်းစွဲအောင်မြင်တော်မူပါသည်။

(ခ) ၁၂၉၄-ခုနှစ်၌ အမျိုးသား ပထမကြိုးတန်းကိုလည်း နှစ်ချင်းစွဲအောင်မြင်တော်မူပါသည်။

(ဂ) ၁၂၉၅-ခုနှစ်၌ အစိုးရ ပထမကြိုးတန်းကို ဒုတိယအကြိမ် ဝင်ရောက်

ဗုဒ္ဓသာသနာ နှုဂ္ဂဟအဖွဲ့ကြီး၏ ရည်ရွယ်ချက်(၃)ချက်ကို အကောင်အထည် ဖော်နိုင်ရန် အလို့ငှာ တိပိဋကဓရ ရွှေးချယ်ရေးအဖွဲ့က....

(က) ၁၃၁၀-ပြည့်နှစ်၊ တပို့တွဲလဆန်း (၆)ရက်၊ ကြာသပတေးနေ့မှစ၍၊ တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲကို ပထမအကြိမ် စတင်ကျင်းပပြုလုပ်ကြပါသည်။ အာဂုံ + ရေးဖြေ စာမေးပွဲ နှစ်ရပ်လုံး၌ အောင်မြင်သူ တစ်ပါးမျှ မပေါ်ထွက်ခဲ့ပါ။

(ခ) ၁၃၁၁-ခုနှစ်၊ပြာသိုလဆန်း ၇ရက်၊ တနင်္ဂနွေနေ့ ဒုတိယ အကြိမ် တိပိဋကဓရ ရွှေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပပါသည်။ ယင်း အာဂုံ+ရေးဖြေ စာမေးပွဲ (၂)ရပ်လုံး၌လည်း အောင်မြင်သူတစ်ပါးမျှ မပေါ်ထွက်ခဲ့ပါ။

တိပိဋကဓရစာမေးပွဲကြီး၌ ပထမဦးဆုံး (အာဒိကမ္မိက)ထွက်ပေါ်လာသည့် "ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ"

၁၃၁၂-ခုနှစ် ပြာသိုလပြည့်ကျော် ၇-ရက်၊ တနလ်ာနေ့မှစ၍ ကျင်းပသည့် သုံးကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီးတွင် အရှင်ဝိစိတ္တ သာရာဘိဝံသသည် စာမျက်နှာ (၂၂၆၀)ရှိသည့် ဝိနည်းငါးကျမ်း၊ ပါဠိတော်(၅)အုပ်တို့ကို

(က) အာဂုံပြန်ဆိုပွဲတွင် အထောက်အမ လွတ်ကင်း သန့်ရှင်း သာယာ ပီသ ပြတ်သား ကြည်ဂျိုဖွယ်ရာ ပြန်ဆို ကောင်းမြင်တော်မူသည်ဖြစ်၍ ‘ဝိနယဓရ’ဟူသော ဘွဲ့တွင် ‘ဝိသိဋ္ဌ’ ဟူသော ဂုဏ်ထူးဖြင့်လည်းကောင်း။

(ခ) သဒ္ဒာရေးဖြေပွဲတွင်လည်း ပါရာဇိကဏ်ပါဠိတော်၌(၈၉)မှတ်၊ ပါစိတ္တိယပါဠိတော်၌ (၉၉)မှတ်၊ မဟာဝဂ်ပါဠိတော်၌ (၉၂) မှတ်၊ စူဠဝဂ်ပါဠိတော်၌ (၉၈) မှတ်၊ ပရိဝါပါဠိတော်၌ (၁၀၀) မှတ် ရရှိအောင်မြင်တော်မူသောကြောင့် “ဝိနယကောဝိဒ”ဟူသော ဘွဲ့တွင် “မဟာ”ဟူသော ဂုဏ်ထူးဖြင့်လည်း ကောင်းအောင်မြင်တော်မူပါသည်။ ထိုဂုဏ်ထူး(၂)ရပ်ပေါင်းစပ်၍....

“ဗုဒ္ဓသာသနာနုဂ္ဂဟ (ဝိသိဋ္ဌ) ဝိနယဓရ (မဟာ) ဝိနယကောဝိဒ” ဟူသော ဂုဏ်ထူးနှစ်ထပ်ပါရှိသည့် ဘွဲ့ပုံတော်လက်မှတ်ကို အလှူခံရရှိတော်မူ၏။

ဆရာတော်ဘုရားသည် ပထမအကြိမ် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုရာ ဝင်သည့်နှစ်မှာပင် နှစ်ချင်းစဲ့မြန်မာပြည်မှာ ပထမဦးဆုံး **“ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ”** ဘွဲ့တံဆိပ်တော်ကို ဦးဦးဖျားဖျား အံ့မခန်း ဆွတ်ခူးပန်ဆင်တော်မူနိုင်ခဲ့ပါပြီ။

တိပိဋကဓရ စာမေးပွဲကြီး၌ ပထမဦးဆုံး (အာဒိကမ္မိက) ထွက်ပေါ်လာသည့် “ဝိသိဋ္ဌအာဘိဓမ္မိက အဘိဓမ္မ မဟာကောဝိဒ”

၁၃၁၃ ခုနှစ်၊ နတ်တော် လပြည့်ကျော် (၁၀)ရက်၊ ဓာနင်္ဂနေ့နေ့မှစ၍ ကျင်းပသည့်

(လေးကြိမ်မြောက်)တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီး၌ အရှင် ဝိစိတ္တသာရာဘိဝံသသည် စာမျက်နှာ(၁၃၉၀)ရှိသည့် အဘိဓမ္မာပိဋက ပထမပိုင်း(ရှေ့ငါးကျမ်း)ကို

(က) အာဂုံပြန်ဆိုပဲ့၌ ရွေးဝိနည်း ပိဋကတ်နည်းတူ ပြန်ဆိုတော်မူနိုင်သည်ဖြစ်၍ "အာဘိဓမ္မိက" ဟူသောဘွဲ့တွင် "ဝိသိဋ္ဌ"ဟူသော ဂုဏ်ထူးဖြင့် လည်းကောင်း။

(ခ) သဘောရေးဖြစာမေးပွဲတွင်လည်း ကျမ်းတိုင်းမှာပင် အောင်မှတ်ရာခိုင်နှုန်း (၉၀)မှတ် ရရှိသောကြောင့် "**အာဘိဓမ္မိကကောဝိဒ**" ဟူသောဘွဲ့တွင် "**မဟာ**" ဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်တော် မူပါသည်။

ထိုဂုဏ်ထူးနှစ်ရပ် ပေါင်းစပ်၍-

"**ပဋိဿသာသနာနုဂ္ဂဟ(ဝိသိဋ္ဌ) အာဘိဓမ္မိက (မဟာ)အာဘိဓမ္မိကကောဝိဒ**" ဂုဏ်ထူးနှစ်ထပ် ၂ခါရှိသည့် ဘွဲ့ပုံဘော်လက်မှတ်ကို **အဘိဓမ္မာ ရှေ့ပိုင်း ၅-ကျမ်း** အတွက် အလှူခံရရှိတော်မူပါသည်။

ထူးခြားချက်

ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ-ဘွဲ့တံဆိပ်တော်ရရှိပြီးနောက် နှစ်မခြားဘဲ 'အဘိဓမ္မာ ရှေ့ပိုင်း ၅ ကျမ်းကိုလည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူပြန်ပါသည်။

၁၃၁၄-ခုနှစ်၊ ပြာသိုလဆန်း (၁) ရက်၊ တနလ်္ဂနွေမှစ၍ ကျင်းပသည့် (ငါးကြိမ်မြောက်)တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီး၌ ဆရာတော်သည် စာမျက်နှာ(၃၅၆) ရှိသည့် အဘိဓမ္မာပိဋက ဒုတိယပိုင်း၊ ကျမ်းရေ ၂-ကျမ်း၊ စာအုပ်ရေ(၈)အုပ်ကို-

(က) အာဂုံပြန်ဆိုပဲ့၌ ရွေးနှစ်မျှားနည်းတူ အထောက်အမ လုတ်ကင်းစွာ ပြန်ဆိုတော်မူနိုင်သည်ဖြစ်၍ "အာဘိဓမ္မိက" ဟူသောဘွဲ့တွင် "ဝိသိဋ္ဌ" ဟူသော ဂုဏ်ထူးဖြင့် လည်းကောင်း။

(ခ) သဘောရေးဖြေ စာမေးပွဲတွင်လည်း ကျမ်းတိုင်းမှာပင် အောင်မှတ်ရာခိုင်နှုန်း (၉၄) ရ ရှိ သော ကြောင့် "အာဘိဓမ္မိကကောဝိဒ" ဟူသော ဘွဲ့တွင် "မဟာ" ဟူသော ဂုဏ်ထူးဖြင့်လည်းကောင်း အောင်မြင်တော်မူပါသည်။

ထိုဂုဏ်ထူး(၂)ရပ်ပေါင်းစပ်၍ အဘိဓမ္မာ (၇)ကျမ်း၊ စာအုပ်ရေ(၁၂)အုပ်၊ စာမျက်နှာ (၄၉၀၈)ရှိ အဘိဓမ္မာပိဋကတ်ကို အထောက်အမ လုတ်ကင်းစွာပြန်ဆို၍ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူပါသည်။

သဘောရေးဖြေစာမေးပွဲတွင်လည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူသောကြောင့်-

"**ပဋိဿသာသန(ဝိသိဋ္ဌ) အာဘိဓမ္မိက(မဟာ) အဘိဓမ္မကောဝိဒ**" ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

ဝိနယပိဋကကို ဂုဏ်ထူးဖြင့် အောင်မြင်ပြီးနောက် နှစ်မခြားဘဲ အဘိဓမ္မာပိဋကတ် ရှေ့ပိုင်း၊ ဒုတိယပိုင်းတို့ကို အာဂုံ+ရေးဖြေ (၂)ရပ်ဖြင့် ဝင်ရောက်ပြန်ရာ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူပြန်၍-

"**ဝိသိဋ္ဌအာဘိဓမ္မိက မဟာအဘိဓမ္မ ကောဝိဒ**" ဟူသော ဘွဲ့ထူးကြီးကို ဦးဦးဖျားဖျား

ပထမဦးဆုံး (အာဒိကမ္မိက) ဆွတ်ခူးပန်ဆင်တော်မူပြန်ပါသည်။

တိပိဋကဓရ စာမေးပွဲကြီးဌာ
ပထမဦးဆုံး (အာဒိကမ္မိက)ထွက်ပေါ်လာသည့်
"ဝိသိဋ္ဌဒီဃဘာဏက မဟာဒီဃ
နိကာယ ကောဝိဒ"

၁၃၁၅ ခုနှစ်၊ နတ်တော်လဆန်း (၁၄) ရုက်၊ ဝါနှင်းနွေနေ့တွင် စတင် ကျင်းပသည့် (ခြောက်ကြိမ်မြောက်) တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးဌာ ဆရာကော်သည် စာမျက်နှာ(၇၇၉)ရှိ သုတ္တန္တပိဋကတ် (ဒီဃနိကာယ်) သုတ် သုံးကျမ်းကို-

(က) အာဂုံပြန်ဆိုပဲ့ဌာ ရွေးနှစ်များနည်းတူ အထောက် အမ လှတ်ကင်းစွာပြန်ဆိုတော်မူနိုင်သည်ဖြစ်၍ (**ဒီဃဘာဏက**)ဟူသော ဘွဲ့တွင် "ဝိသိဋ္ဌ" ဟူသော ဂုဏ်ထူးဖြင့်လည်းကောင်း၊

(ခ) သဘောရေးဖြစ ာမေးပွဲတွင်လည်း သီလက္ခန္ဓဝဂ္ဂ ပါဠိတော်ဌာ (၉၃) မှတ်၊ မဟာဝဂ္ဂပါဠိတော်ဌာ(၉၇)-မှတ်၊ ပါထိကဝဂ္ဂ ပါဠိတော်ဌာ (၉၇)မှတ်ရရှိသောကြောင့် "ဒီဃ နိကာယကောဝိဒ" ဟူသော ဘွဲ့တွင် "**မဟာ**" ဟူသော ဂုဏ် ထူး ဖြင့် လည်းကောင်း အောင်မြင်တော်မူပြန်ပါသည်။

ဝိသိဋ္ဌအာဘိဓမ္မိက မဟာအာဘိဓမ္မကောဝိဒ-ဘွဲ့ကံဆိပ်ဝေါ် ရရှိပြီးနောက် နှစ်မခြားဘဲ "သုတ္တန္တပိဋက သုတ်သုံးကျမ်း) ကို အာဂုံ+ရေးဖြေ ၂-ရပ်ဖြင့် ၁၄ရောက်ဖြေဆိုပြန်ရာ ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူပြန်၍-

"ဝိသိဋ္ဌ ဒီဃဘာဏက မဟာဒီဃနိကာယ ကောဝိဒ" ဟူသော ဘွဲ့ထူးကြီးကို ဦးဦးဖျား ဖျား ပထမဦးဆုံး (အာဒိကမ္မိက) ဆွတ် ခူး ပန်ဆင်တော်မူပြန်ပါသည်။

ပထမဦးဆုံး (အာဒိကမ္မိက)
ထွက်ပေါ်လာသည့် တိပိဋကဓရ

ဤသို့အားဖြင့် (၄) နှစ်၊ (၄) ကြိမ်မျှ အာဂုံပြန်ဆို၍လည်းကောင်း၊ သဘောရေးဖြေဌာ လည်းကောင်း၊ သင်ရိုး ပိဋကတ်သုံးပုံအာဂုံ+ ရေးဖြေနှစ်ထွေလုံးကို နှစ်မခြားဘဲ နှစ်ချင်းစွဲ ချည်းဖြင့် အောင်မြင်တော်မူသောကြောင့် ဆရာတော်အား နိုင်ငံတော် ဗုဒ္ဓသာသနာ့နုဂဟ အဖွဲ့ကြီးက-

"ဗုဒ္ဓသာသန(ဝိသိဋ္ဌ)တိပိဋကဓရ(မဟာ) တိပိဋက ကောဝိဒ" ဟူသော ဂုဏ်ထူးနှစ်ထပ် ဘွဲ့ပုံတော်လက်မှတ်+တံဆိပ်တုံးတို့ကို မြန်မာပြည်တွင် ပထမဦးဆုံး (အာဒိကမ္မိက) ဆက်ကပ် လှူဒါန်းသည်ကို ခံယူရရှိတော်မူပါသည်။

ပထမဦးဆုံး (အာဒိကမ္မိက) ထွက်ပေါ်
လာသည့် "ဓမ္မဘဏ္ဍာဂါရိက"

နိုင်ငံတော်အစိုးရကလည်း ၁၃၁၅ ခုနှစ်၊ တပို့တွဲလဆန်း(၁၀)ရက်နေ့တွင် နိုင်ငံတော် သမ္မတအိမ်တော်၌ ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကြီး ကျင်းပလျက် ဆဋ္ဌသံဂါယနာဝယ် ညီတော် အာနန္ဒာ မထေရ်ကဲ့သို့ အဖြေ ဝိဿဇ္ဇကတာဝန်ကို ထမ်းဆောင်ရန် ရည်သန်လျက်-

"ဘဒ္ဒန္တ ဝိစိတ္တသာရဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဟူသော ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော် သမ္မတကြီး ဦးဘဦးကိုယ်တိုင် ဆက်

ကပ်လျှဒါန်းခြင်း ခံတော်မူရသည်ဖြစ်၍ မြန်မာပြည်တွင် ပထမဦးဆုံး(အာဒိကမ္မိက)**ဘုရားတိုပဋိဉ္ဉက ဓရဓမ္မဘက္ကာဂါရိက**"ဟူသော ဘွဲ့တံဆိပ်တော်ကို ဦးဦးဖျားဖျား အလျှုခံရရှိတော်မူပါသည်။


ကြည်သိန်း

ရေးသားဖော်ပြခဲ့ပြီးသော အကြောင်းအရာတို့အရ ဘုရားလက်ထက်တော်၌လည်းကောင်း၊ ကမ္ဘာပေါ်၌လည်းကောင်း၊ မြန်မာပြည် ရှေးမင်းများလက်ထက်၌ လည်းကောင်း၊ အင်္ဂလိပ်အစိုးရခေတ်၌ လည်းကောင်း၊ လွတ်လပ်ရေးခေတ်နှင့် လွတ်လပ်ရေးခေတ် နောက်ပိုင်း၌ လည်းကောင်း၊ လောကီရေးရာ လောကုတ္တရာရေးရာဘက်တို့၌ အခြားမည်သူမျှ မပြုလုပ်ရသေးမီ ဦးဦးဖျားဖျား ဗုဒ္ဓဆောင်ဦး အစဆုံးကိုပြုလုပ်သူ အာဒိကမ္မိက ပုဂ္ဂိုလ်များသည် သမိုင်းမှတ်တမ်းတွင် ရှိခဲ့ကြပါသည်။

ဘဒ္ဒကမ္ပာမှာ **အာစဆုံး** ပွင့်တော်မူသည့် အာဒိကမ္မိက အကြောင်းအရာမျိုးမှ တစ်ပါးကျန်သည့် အာဒိကမ္မိကပုဂ္ဂိုလ် အသီးသီးတို့သည် မိမိတို့ဆိုင်ရာ အကြောင်းအရာ တစ်ခုခု၌သာ အာဒိကမ္မိကပုဂ္ဂိုလ်ဖြစ်မည် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး ကဲ့သို့ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိ ဟူသော အဓိပတိ လေးပါး စွမ်းအားစုံကိုက်လျက် ဆောင်ရွက်မှုမျိုး၌ မိနိုင်ကြမည် မဟုတ်ပါ။

ဆရာတော်ဘုရားကြီးကား အဓိပတိ လေးပါး စွမ်းအား စုံကိုက်လျက် နိကာယ် ငါးရပ် ပိဋကတ်သုံးသွယ် အပြောကျယ်သည့် ပင်လယ်ပြင်ကြီးကို နှစ်ချင်းပေါက်၊ အုံ့ဖွယ်သရဲ ထူးကဲလွန်မြတ် ကူးခတ်တော် မူနိုင်သော ကြောင့် အာဒိကမ္မိက ပုဂ္ဂိုလ်အဖြစ် မည်သို့မျှ ဖြစ်ပေါ်လာနိုင်စရာ မရှိနိုင်ဟု ထင်မှတ်နေရာမှ ဤခေတ်ကြီးမှာသာ ထုတ်ပေါ်လာသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်ကြီး ဖြစ်သောကြောင့် အာဒိကမ္မိက ပုဂ္ဂိုလ်အဖြစ်ပေါင်းတို့တွင်—

"အာဒိကမ္မိကတရ၊ အာဒိကမ္မိကတမ၊ အာဒိကမ္မိကသိက၊ အာဒိကမ္မိကိယ၊ အာဒိကမ္မိကိဋ္ဌ" ပုဂ္ဂိုလ်ထူး အာဒိကမ္မိက ပုဂ္ဂိုလ်ကြီးသာ ဖြစ်ပါကြောင်း ရေးသားလျက် ပူဇော်အပ်ပါသည်။

အရှင်စက္ကဝီရိ (အဂ္ဂမဟာအက္ခေါ်)
အဂ္ဂမဟာပဏ္ဍိတ
ဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်ပရိယတ္တိ
သာသနာ့တက္ကသိုလ်ကြီးများ
အုပ်ချုပ်ရေးဗဟိုအဖွဲ့။



နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးပဟိုအဖွဲ့

(ဒုတိယဥက္ကဋ္ဌ)

သရက်အောင်မင်္ဂလာဆရာတော်ဇော်

သာသနာပြုဘုရားကြီးနှစ်မျိုး

သာဂါရာ အနာဂါရာစ
ဥဘော အညောညနိဿိတာ၊
အာရာဓယန္တိ သဒ္ဓမ္မံ၊
ယောဂက္ခေမံ အနုတ္တရံ။ ။

ဣတိဝုတ်ပါဠိတော်

သာဂါရာစ=အိမ်ရာတည်ထောင် လူ့ဘောင်နေသူ လူဒကာ ဒကာမတို့သည် လည်းကောင်း။ အနာဂါရာစ=အိမ်ရာမထောင် ရဟန်းဘောင်နေသူ ဆရာတော်ဟူသမျှတို့သည် လည်းကောင်း။ ဥဘော=ဆရာ ဒကာ ညီညွတ်စိတ်ထား နှစ်ဦးနှစ်ဖက်သော ပုဂ္ဂိုလ်များသည်။ အညောညနိဿိတာ=ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ ပမိမယှင်း အချင်းချင်း အပြန်အလှန် အမှီရကြကုန်လျက်၊ ဝါ=အချင်းချင်း အပြန်အလှန် အမှီရကြ၊ကုန်သည်ရှိသော်။ ယောဂက္ခေမံ=ယောလေးတန် ကုန်ကြောင်းမှန်သော။ အနုတ္တရံ=မိမိထက်လွန်မြတ်သော တရားမရှိသော၊ ဝါ=အမြတ်ဆုံးဘရားဖြစ်သော။ သဒ္ဓမ္မံ=သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး သုံးရပ်ကို။ ဝါ=ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိ သဒ္ဓမ္မ, ပဋိဝေဓ သဒ္ဓမ္မဆိုတဲ့ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး သုံးရပ်ကို။ အာရာဓယန္တိ=အရဟတ္တဖိုလ်တိုင်ပေါက် ပြီးမြောက်တစေ ချီးမြှောက်ပြုစု နိုင်ကြလေကုန်၏။ ။

သာသနာပြုနေကြတဲ့ ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့....။

အထက်ဖော်ပြခဲ့ပြီးတဲ့ ဒေသနာတော်ဟာ သုံးလူ့ထုတ်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဣတိဝုတ်ပါဠိတော်လာ ဒေသနာတော် ဖြစ်ပါတယ်။

အဲဒီ ဒေသနာတော်ရဲ့ အဓိပ္ပာယ်ဆိုလိုရင်း အကျဉ်းချုပ်ကတော့ သုံးလောကထွတ်ထား မြတ်စွာဘုရားရဲ့ သာသနာတော်မြတ်ကြီးကို ပြီး စီး အောင် မြင် အောင် ဆောင်ရွက်ကြရာ, ပြုစုကြရာမှာ–

(က) ၁။ **အိမ်ရာတည်ထောင် လူတို့ဘောင်မှာ နေကြရတဲ့ လူဒကာ ဒကာမ များက အင်အားစု တစ်မျိုး၊**

၂။ **အိမ်ရာမထောင် ရဟန်းဘောင် (သာသနာ့ဘောင်) မှာ နေကြရတဲ့ ဆရာ တော်များက အင်အားစုတစ်မျိုး**

ရယ်လို့ သာသနာပြု အင်အားစုကြီး နှစ်မျိုးနှစ်စား ရှိ နေ ကြောင်း၊

(ခ) ယင်း သာသနာပြု အင်အားစုကြီး နှစ်ခုတို့ဟာ အချင်းချင်း အပြန်အလှန် အမှီ ရနေကြမယ်ဆိုရင် ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ စသော်တဲ့ လေးတန် ကုန်ခန်းကြောင်းမှန်တဲ့ အမြင့်မြတ်ဆုံးသော သာသနာတော်မြတ်ကြီး သုံးရပ်ကို အရဟတ္တဖိုလ်တိုင်အောင် ပြီးစီးအောင်မြင်စွာ ပြုစုနိုင်ကြကြောင်း မိန့်ကြားလိုရင်းဖြစ်ပါတယ်။

မှန်ပါတယ်။

၁။ အိမ်ရာတည်ထောင် လူတို့ဘောင်မှာ နေကြတဲ့ လူဒကာ ဒကာမများဘက်မှ–

၁။ စားသောက်စရာ ခဲဘွယ် ဘောဇဉ်, အဖျော်ယမကာ

၂။ ဝတ်ရုံစရာ အဝတ် သင်္ကန်း

၃။ နေထိုင်စရာ ကျောင်း သခ်ိမ်းနှင့်

၄။ ကျန်းမာရေးအတွက် သုံးစွဲစရာ ဆေးဝါးပစ္စည်း ဆိုတဲ့ အမှီတွေကိုရော၊

၂။ အိမ်ရာမထောင် ရဟန်းဘောင် (သာသနာဘောင်)မှာ နေကြတဲ့ ဆရာ တော်များဘက်မှ–

၁။ တရားဟောပေးမှု၊

၂။ တရား သင်ပေးမှုနှင့်

၃။ တရားပြပေးမှု ဆိုတဲ့ အမှီတွေကိုပါ အပြန်အလှန် အမှီရနေကြမယ် ဆိုရင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အဆုံးအမဖြစ်တဲ့ သာသနာတော်မြတ်ကြီးသုံးရပ်ဟာ ပြီးစီးအောင်မြင်နိုင်မယ် ဖြစ်ပါတယ်။

အောင်မြင်နိုင်ပုံ ပိုပြီးထင်ရှားအောင် ပြောပြရလျှင် ဆရာ ဒကာ အပြန်အလှန် အမှီရ နေကြပါက(ဆရာသမားဘက်မှ တရားတော်အမှီနှင့် ဒကာ ဒကာမများဘက်မှ ပစ္စည်းလေးပါး အမှီကို အပြန်အလှန် ရနေကြပါက)–

၁။ ပရိယတ္တိ သဒ္ဓမ္မ ဆိုတဲ့ **ဘုရားဟော်ကြားထားတဲ့ စာပေတွေ သင်ယူလေ့လာမှု ပရိယတ္တိသာသနာ့ကိစ္စလဲ** အောင်မြင်ပါမယ်။

၂။ ပဋိပတ္တိ သဒ္ဓမ္မ ဆိုတဲ့ **ဘုရားဟောကြားထားတဲ့ စာပေတွေက ညွှန်ပြသည့်အတိုင်း ကျင့်ကြံပွားများ ကြိုးစား အားထုတ်မှု ပဋိပတ္တိသာသနာ့ကိစ္စလဲ** အောင်မြင်ပါမယ်။

၃။ ပဋိဝေဓ သဒ္ဓမ္မ ဆိုတဲ့ (**ဝိပဿနာဉာဏ်**) **မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ထိုးထွင်း သိမြင်မှု ပဋိဝေဓသာသနာ့ကိစ္စလဲ** အောင်မြင်မှာ ဖြစ်ပါ့တယ်။

လိုရင်းမှာပါရစေ

သာသနာတော်မြတ်ကြီးအတွက် ကျေးဇူးတရား ကြီးမားလှတဲ့

ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့....။

သင်တို့အတွက် ပြဆိုပြီးခဲ့တဲ့ သဒ္ဓမ္မ သုံးဖြာ သာသနာတော်မြတ်ကြီး သုံးရပ်ကို မိမိ သန္တာန်မှာ တည်ရှိနေအောင်ပြုစုပြီး ရယူထားကြရမှာ ဖြစ်ပါတယ်။

ပြီးတော့ သူတစ်ပါး သန္တာန်မှာ တဲ့ည်ရှိနေအောင်လဲ ပြုစုနိုင်သလောက် ပြုစုပေးကြရမှာ ဖြစ်ပါတယ်။

မေးမြန်းပါရစေ

အို....ဒကာ ဒကာမ အပေါင်း သူတော်ကောင်းတို့....။

သင်တို့ဟာ သင်တို့ရဲ့ သန္တာန်မှာ သာသနာတော် ဘယ်နှစ်ပါး တည်ရှိအောင် ပြုစုပြီးပြီလဲ၊ သူတစ်ပါးရဲ့ သန္တာန်မှာကော သာသနာတော် ဘယ်နှစ်ပါး တည်ရှိနေအောင် ပြုစုပေးပြီးပြီလဲ။

ဆောင်ပုဒ်များ – **ဆရာဒကာ၊ ချင်းချင်းသာ၊ ပြန်ကာလှန်ကာမို့**။

– **ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ သုံးဖြာပြီးစီးသည်**။


– **သင်ယူကျင့်ကြံ၊ သိမြင်ပြန်၊ သုံးတန် သာသနာ ခေါ်ပေသည်**။


– **မိမိ သန္တာန်၊ သူ့ သန္တာန်၊ တည်ရန်ပြုစုမည်**။

သာသနာပြု ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ဖြစ်နိုင်ကြပါစေ။

ဘဒ္ဒန္တ ကေသရထေရ်

(သရက်–အောင်မင်္ဂလာ)





တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီး ဦးဆောင်သော သာသနာပြု ခရီးစဉ်မျာ်းတွင် ဥပဒ္ဒာကအဖွဲ့နှင့်အတူ ဌာနတာဝန်အရ ကျွန်တော်လည်း ပါဝင်လိုက်ပါမြဲ ဖြစ်သည်။ လွန်ခဲ့တော သုံးလေးရက်ခန့်ကပင် မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနားမြို့မျာ်းတွင် ရန်ကုန်တိုင်း ဝိဇ္ဇာလယ်ကျောင်းဆောင်မျာ်း ဆောက် လုပ်လျှဒါန်းရာ၌ ကုသိုလ်ပါဝင်ကြသူမျာ်းအတွက် ရေစက်ချ အနုမောဒနာပြုပွဲမျာ်းကို ဆက်တိုက် ပြုလုပ်ခဲ့ပြီး၊ ယခု မန္တလေးသို့ ခေတ္တပြန်ရောက် ခရီးတစ်ထောက်နားကြရသည်။ ကျွန်တော်သည် ပရိယတ္တိ သာဒါနဥတက္ကသိုလ် အနီးရှိ သုဒတ္တ ဆောင်ရှေ့တွင် ထိုင်နေရင်း မိုးညှင်း၊မိုးကောင်း၊ မြစ်ကြီးနား သာသနာပြုခရီးစဉ် အတွေ့အကြုံ မျာ်းကို ပြန်လည် စဉ်းစား ကြည့်နူးနေမိသည်။

(၁၀-၃-၈၈) နေ့က မြစ်ကြီးနား ဘို ရောက်ခဲ့ကြသည်။ မြစ်ကြီးနား အံတော် စေတီ ကျောင်းတွင် ရေစက်ချတရားပွဲ ပြုလုပ်ခဲ့ရာ ပရိသတ်မျာ်း တိုးမပေါက်အောင် စည်ကား လျက်ရှိပြီး၊ အံတော်ကို ဤအကြိမ်ပါဆိုလျှင် အနီးကပ် ဖူးမြော်ခဲ့ရသည်မှာ နှစ်ကြိမ်ရှိပြီဟု တွေးရင်း ကျေနပ်အားရနေမိသည်။

မိုးကောင်းမြို့ ရေစက်ချ တရားပွဲကို မူ (၁၁-၃-၈၈)နေ့တွင် ပြုလုပ်ခဲ့ရာ၌ ကိုးမနက်

အောင်၊ ခင်သိန်းဝင်းထွန်းတို့၏ သဒ္ဓါတရား ကို သတိရမိပြန်သည်။ ကချင်ပြည်နယ် ဝိဇ္ဇာ လယကျောင်းဆောင်အတွက် ငွေ ၂၀၀၀င- (နှစ်သောင်းကျပ်) လှူဒါန်းသည့်ပြင် နှစ်စဉ် မွေးနေ့ရက်တိုင်း နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်တွင် ဆွမ်းအလှူရှင်အဖြစ် ရာသက် ပန် လှူဒါန်းမည် ဖြစ်ကြောင်း သိရှိရသဖြင့် အထူးပင် ဝမ်းမြောက် သာခဲ့ ခေါ်မိသည်။ မိုးကောင်းရှိ ရွှေသာလျောင်း ဘုရားကြီးကို လည်း စိတ်အာရုံတွင် မြင်ယောင်မိပြန်သည်။ ဘုရားကိုယ်တော်ကြီးကို ရွှေချထားပြီး ပတ်လည် နံရံတွင် ထုလုပ်ထားသော ရုပ်လုံး ရုပ်တုများ မှာ တရားသံဝဂရဖွယ် ဖြစ်သည်။ သူသေတို့၏ ဝမ်းဗိုက်ကို လင်းတများ အူဖောက်ထုတ်ပုံ၊ ကျီးများက မျက်စိတို့ကို ဖောက်နေပုံ စသည် ဖြင့် အနတ္တလက္ခဏာနှင့်တကွ ဇီဝဓာတ်ချုပ် ငြိမ်း၍ ဘဝဇာတ်သိမ်းသည့်အခါ ရုပ်ခန္ဓာ သည် ရှဲ့ရှာဖွယ်အတိ နှစ်သက်ဖွယ်မရှိပုံများ ကို တွေးတောမိပြန်သည်။

ထိုမှတဆင့် (၁၂-၃-၈၈) နေ့တွင် မိုးညှင်း အရှေ့ကျောင်းကြီး အနောက်ဘက်တွင်ရှိသော ရွှေသာလျောင်းဘုရားကြီးအား ဖူးတွေ့ခဲ့ရသည် ကို စဉ်းစားမိပြန်သည်။ မိုးညှင်း ရွှေသာလျောင်း ဘုရားကြီးသည် ကိုယ်လုံးတော်အလျား ၇၅-ပေ ရှိသည်။ ဘုရားကိုယ်တော်မြတ်ကြီး၏ သင်္ကန်း တော်ကို အညိုရောင် ဆေးသုတ်ထားသည်။ ရွှေသာလျောင်း ဘုရားကြီးကို တည်ထားပူဇော် စဉ်က ဘုရားတည်ရန် တူးထားသော မြေနေရာ မှာ ရေကန်ကြီးဖြစ်၍ နေသည်။ မိုးညှင်းမြို့ကို တောင်ခြေများဖြင့် ပတ်စိုင်းလျက်ရှိပြီး ပတ်ဝန်း ကျင်တစ်ခုလုံး မှိုင်းမှိုင်းပြပြ မြူခြွေဆိုင်းလျက် ရှိသည်။ ကျွန်တော်သည် မိုးညှင်းမြို့၏ ရာသီ ဥတု သဘာဝအလှကို ကြည့်ရင်း အရိပ် ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်လိုက်သည်။ ထိုအချိန်တွင် အမျှေကျောင်း ကြီးဌ် တိပိဋကဓရ ဆရာတော် ဘုရားကြီး၏ ရေစက်ချ အနုမောဒနာ တရားသံများသည် ဖြည်းဖြည်းသာသာ တိုက်ခတ်လာသော လေ သွင်းနှင့်အတူ ကျွန်တော့် ထံသို့ ရောက်လာ သည်။ အေးချမ်းသာယာသောနေရာ၊ အေးချမ်း သာယာသော အချိန်တွင် အေးချမ်းတည်ငြိမ် သော ဆရာတော်ဘုရားကြီး၏ ကြည်ညိုဖွယ် တရားသံကို အာရုံစိုက်၍ နာယူနေမိခဲ့သည်။ ဆရာတော် ဘုရားကြီးသည် "မလျင် မစော၊ တရားဟော" ခြင်း၏ အကျိုးကျေးဇူးများပုံကို ဟောကြားလျက်ရှိသည်။ ဤသို့သော တရား ဟောနည်းဖြင့် ဟောလျှင် ကိုယ်စိတ်ပင်ပန်းမှု မရှိခြင်း၊ အသံမပျက်ခြင်း၊ လည်ချောင်းမနာ ခြင်း၊ ကြားရသူများ သိနားလည်လွယ်ခြင်း စသော အကျိုးတရားများ ရရှိစေကြောင်း နည်းပေးလျက် ရှိသည်။ "ဒါကြောင့်လည်း ဆရာတော် ဘုရားကြီးဟာ ဒီတရားဟောနည်း ကိုသုံးပြီး ဟောကြားလို့ ဘယ်အခါမဆို ဆရာ တော်ဘုရားကြီး၏ တရားသံတွေဟာ ကြည်လင် ပြတ်သား နာယူမှတ်သားလွယ်တယ်၊ ဆရာ တော်ဘုရားကြီး ကိုယ်တိုင်လည်း သက်တောင့် သက်သာ မပင်မပန်း ဟောကြားနိုင်ပေတာပဲ" ဟု စဉ်းစားကြည်ညိုနေမိသည်။

"အင်း....သဘာဝပတ်ဝန်းကျင်နဲ့ ဒီသစ်ရိပ် ဟာ အင်မတန် အေးချမ်းပါတယ်။ သစ်ပင်ရဲ့ အရိပ်ထက် မိဘရဲ့အရိပ်ဟာ ပိုအေးချမ်းတယ်။ ဒါပေမယ့် ငြိမ်းချမ်းတာ၊ ငြိမ်းချမ်းဆုံးကတော့ တရားတော်ရဲ့ အရိပ်အာဝါသပါပဲလား"

တိပိဋကဓရ ဆရာတော်ဘုရားကြီး ဟော ကြားတော်မူခဲ့သော ဗုဒ္ဓဘုရား၌၏ နှုတ် ခမ၊ ဋ္ဌတရားတော်များကို အကြိမ်ကြိမ်နာကြား

ခဲ့ရပြီဖြစ်သော်လည်း ရောင့်ရဲတင်းတိမ်မှုးရှိနိုင်နာကြားရသမျှ ချမ်းမြေ့မှု အပြည့်အဝ ရှိလှပါပေသည်။

"ဦးတင်ဦး၊ အရင်တစ်ခေါက် လားရှိုး၊ တောင်ကြီး၊ လှိုင်ကော် ခရီးသွားတုန်းက ခင်ဗျား ဗုဒ္ဓဂယာ ဘုရားဖူးသွားနေလို့ မလိုက်ခဲ့ရဘူး မဟုတ်လား၊ ဒီတစ်ပတ်တော့ ခင်ဗျား ပါလာပြီ၊ နက်ဖန်ဆိုရင် တောင်ကြီး ရောက်ပြီပေါ့ဗျာ"

ကျွန်တော် ဖြတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှကို တွေ့လိုက်ရသည်။ သူ ကျွန်တော့် အနားသို့ လာထိုင်ရင်း အထက်ပါအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။ ကျွန်တော်၏ စိတ်သည် မိုးညှင်းမြို့ ရွှေသာလျောင်း ဘုရားကြီး အနီးရှိ သစ်ပင်အောက်တွင် ထိုင်နေသော်လည်း အမှန်တကယ် ကျွန်တော် ခုန္ဒာကိုယ်မှာ သုဒတ္ထဆောင်ရွှေ့ ထိုင်ခုံတွင် ရောက်ရှိနေသည်ကို ပြန်လည်သဘောပေါက်မိသည်။

မှန်ပေသည်။ ယခင်အပတ် တောင်ကြီးဘက် သို့ ထွက်ခဲ့ကြသော သာသနာပြု ခရီးစဉ်တွင် ကျွန်တော် လိုက်ပါခြင်း မရှိခဲ့ပေ။ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့နှင့်အတူ အဖွဲ့ခေါင်းဆောင်အဖြစ် ဗုဒ္ဓဂယာသို့ သွားရောက်နေဆဲအချိန်နှင့် တိုက်ဆိုင်နေခဲ့သဖြင့် ထို သာသနာပြု ခရီးစဉ်ကို လက်လွှတ်ခဲ့ရသည်။ ယခုတစ်ကြိမ်တွင်မူ ကိုယ်တိုင်ကိုယ်ကျ လိုက်ပါခွင့်ရခဲ့ပြီ။

နောက်တစ်နေ့တွင် မန္တလေးမှ သာစည်သို့ ထွက်ခဲ့ကြကာ တောင်ကြီးသို့ဆက်ရန် ခရီးကို ကားနှင့်ထွက်ခဲ့ကြသည်။ ခရီးလမ်းသည် မြေပြင်မှ တဖြည်းဖြည်း မြင့်တက်လာကာ အကွေ့အကောက်လည်း များပြားလာသည်။ တောင်ပြာတန်းမှ ထင်းရှူးပင်ပျိုတို့၏ အလှကိုကြည့်ကာ အေးမြသန့်ရှင်းသော လေကိုရှူရှိုက်ရင်း ကလောသို့ နေ့လည် ၂း၁၅-နာရီတွင် ရောက်ရှိခဲ့သည်။

ကလောမြို့တွင် နိုင်ငံကော် ဩဝါဒါစရိယ ဆရာတော်ကြီး ၊ ဖြစ်တော်မူသော သက်တော် (၉၄) နှစ်ရှိ မဟာဓမ္မိကာရာမ သိမ်တောင် ဆရာတော်ဘုရားကြီး အရှင်အာဒိစ္စအား တိပိဋကဓရ ဆရာတော်ဘုရားကြီးက စင်ရောက်ပူဇော် ဂါရဝပြုသည်။ သက်တော်ရှည် ဆရာတော်ဘုရားကြီးမှာ ကျန်းမာရေး ကောင်းမွန်လျက် ပရိယတ္တိစာသင်တိုက်ကြီးများဖြင့် သာသနာ့အကျိုးကို သည်ပိုးဆောင်ရွက်လျက် ရှိပါသည်။

"ဒီလို ကိုယ်တော်၊ တစ်နိုင်ငံလုံးမှာ ဒီတစ်ပါးပဲရှိတယ်၊ ဒီနေ့လောက် ကောင်းတာ တစ်သက်လုံး မရှိဘူး။ ဆင်းရဲ ခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်လည်း ရောက်နိုင်တယ်၊ ဝမ်းသာကြ။ ဒီနေ့ကို ဘယ်တော့မှ မမေ့ကြနဲ့။ တစ်သက်လုံး မမေ့ကြနဲ့။ မင်းတို့ကိုသာ တိုက်တွန်းတာ မဟုတ်ဘူး၊ ငါလဲ တစ်သက်လုံး မမေ့ဘူး၊ သိန်းထီပေါက်တာထက် ဝမ်းသာစရာ ကောင်းတယ်"

သိမ်တောင် ဆရာတော် ဘုရားကြီးသည် ကြည်လင်ပြတ်သား အောင်မြင်သော အသံတော်ဖြင့် တိပိဋကဓရ ဆရာတော်ဘုရားကြီးအား ခချီးကျူး ဂုဏ်ပြုကာ တပည့်မျှားအား မိန့်ကြားတော်မူသည်။ တိပိဋကဓရဆရာတော် ဘုရားကြီးကလည်း သိမ်တောင် ဆရာတော် ဘုရားကြီးအား နွေရာသီဘုင် အေးအေးပဲပဲ နိုင်ရန် ယိုးဒယားသက်နှံးတစ်စုံ ဆက်ကပ်တော်မူသည်။

"တိပိဋကဓရ ဆရာတော်ကို အားလုံး သာမုခေါ်ကြ၊ အရှင်ဘုရား အသိုရှိတဲ့ဆု အားလုံး မြန်မြန်ပြည့်စုံပါစေ"

ထိုသို့မိန့်ကြားတော်မူပြီးနောက်သိမ်တောင် ဆရာတော်ဘုရားကြီးက-

ဘံဝတု သဗ္ဗ မင်္ဂလံ၊
ရက္ခန္တု၊ သဗ္ဗဒေဝတာ။
သဗ္ဗ ဗုဒ္ဓါနုဘာဝေန၊
သဒါ သုခီ ဘဝန္တု၊တေ....။

စသော ဆုတောင်း မေတ္တာပို ဂါထာတော် သုံးပိဋကို ရွတ်ဆိုတော်မူပြီးနောက်....

"ကောင်းခြင်း မင်္ဂလာမှန်သမျှ ဖြစ်ပါစေ၊ ခပ်သိမ်းသော နတ်အများက စောင့်ရှောက်ကြပါစေ၊ အလုံးစုံသော ဘုရားရှင်၊ တရားတော်နှင့် သံဃာတော်တို့၏ တန်ခိုး အာနုဘော်ကြောင့် သတ္တဝါတို့ အခါခပ်သိမ်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ"

ဟူ၍ အနက်အဓိပ္ပာယ်ပြန်ဆိုကာ မေတ္တာပို ဆုတောင်းခြင်း ပြုတော်မူသည်။ ပရိသတ် အားလုံးကလည်း ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုကြသည်။

ကလောမြို့ သိမ်တောင် ဆရာတော်ဘုရားကြီး၏ ကျောင်းမှ ခရီးဆက်ခဲ့ကြရာတွင် လမ်းဘေးဝဲယာရှိ တောတောင် သဘာဝ အလှကို ကြည့်ကာ ကြည်နူးငေးမော၍ လာခဲ့ကြသည်။

"ဒီနေရာပေါ့ ဘဝသံသရာတံတားဆိုတာ"

အဖွဲ့အတွင်းရေးမှူးဖြစ်သူ ဦးမောင်မောင်ကြီးက ပြောလိုက်သဖြင့် တံတားရှိရာသို့ အားလုံး လှမ်း-မျှော်ကြည့်ကြသဲ့သည်။ တောင်ကြားတွင် ဖောက်ထားသော ရထားလမ်းတံတားကို တွေ့ရပြီး ရထားလမ်းသည် တံတားမှဆက်၍ တောင်ကြား တွင် ကွေ့ပတ်ကာ တံတားအောက်မှ တစ်ဖန်ပတ်၍သွားနိုင်အောင်ဖောက်လုပ်ထားသည်။ အကွေ့အပတ် အတက်အဆင်း များနှင့်တကွ တောင်ကြားတွင် ရှည်လျားစွာ ခုတ်မောင်းသွားမည့် ရထားကြိုးကို မြင်ယောင်မိရင်း ဒါရိုက်တာ ဦးသုခ၏ "ဘဝသံသရာ" ရုပ်ရှင်ကားကို ပြန်လည်သတိရနေမိသည်။

ရွှေညောင်မြို့ကို ဖြတ်ကျော် သွားသဖြင့် တောင်ကြီးမြို့သို့အဝင် ကရင်မ ရောင်စုက် နေရာ အရောက်တွင် နေဝင် ဆည်းဆာချိန် ဖြစ်၍ ကျီးဖြူ ရောက်နှင့် ဟဲဟိုးတောင်တန်းကြီးကို ညို့ဆိုင်းနေသော မြူတွေကြားမှာ လှုပစ္စာ တွေ့မြင်နေရသည်။ တောင်ကြီးမြို့တွင်းသို့ ဝင်ရောက်လာသည်နှင့်အမျှ ဆရာတော်ဘုရားကြီး အား လာရောက်ကြိုဆိုသော ကားတန်းရှည်ကြီးမှ စ၍ကြားနေရသော ရှမ်းအိုးစည်သံ၊ ဓမ္မဘေးသံတို့မှာ တိုးရာမှနီးကပ်လာလေလေ၊ ပို၍ပို၍ ကျယ်ကျယ် ကြားရ မြင်ရလေ ဖြစ်ကာ တက်ကြွရှင်လန်း ဝမ်းမြောက်ဖွယ် ကောင်းလှသည်။ လမ်းဘေးတစ်ဘက်တစ်ချက်မှ ပရိသတ်အများက ရိုသေ ကြည်ညို၊ ပူဇော်နေစဉ် ပြည်နယ် ပါတီ ကောင်စီ၊ သာသနာရေးမှူးများ၏ ဦးဆောင်မှုဖြင့် တောင်ကြီးမြို့၏ သန့်ရှင်းကျယ်ပြန့်သော မြို့လယ်လမ်းမကြီးမှ တောင်ကျောင်းကြီးရှိရာသို့ ဆရာတော် ဘုရားကြီးအား ပင့်ဆောင်သွားကြသည်။

ထိုည၌ပင် အတုလမာရုံနှင့် မြို့လယ် ဓမ္မာရုံကြီးတွင် မြို့လုံးကျတ် ဗုဒ္ဓပူဇနိယ အနေကဇာတင် ပဲ့တော်ကြီး ကျင်းပလျက် ရှိသည်နှင့် ကြုံကြိုက်ကြသည်။ ဤအနေကဇာတင်ပဲ့ကြီးကို ယခုနှစ်မှ စတင်ကျင်းပခြင်း ဖြစ်သည်။ ရန်ကုန်မြို့နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ရှမ်းပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင်တွင် ပူဇော်ရန်အတွက် တောင်ကြီးမြို့ ရွာငံမှ ဉာဏ်တော်အမြင့် ခြောက်ပေခွဲရှိ ရွှေးဟောင်း မံဘုရား

ကြီးကို ဓမ္မာရုံကြီးသို့ ပင့်ဆောင်ကာ ဆွမ်းတော်ကြီး ဆက်ကပ်ပွဲ၊ အနေကဇာတင်ပွဲ ပြုလုပ်ခြင်းဖြစ်သည်။ အချိန်အခါ ကြုံကြိုက်နေသဖြင့် တောင်ကြီးမြို့ရှိ အိမ်တိုင်းမှ ရုပ်ပွားဆင်းတုတော်များကို ဓမ္မာရုံကြီးသို့ ပင့်ဆောင်ကာ မြို့လုံးကျွတ် စုပေါင်း၍ ဗုဒ္ဓပူဇနိယ အနေကဇာတင်ပွဲကြီး ပြုလုပ်ခြင်းဖြစ်၍ ဗုဒ္ဓရုပ်ပွားတော် အဆူပေါင်း (၃၇၀၀) ရှိကြောင်း သိရှိရပြီး အလွန်ကြည်ညို သပ္ပာယ်ဖွယ်ရာ ကောင်းလှသည်။ ဤပွဲကြီးကို နောင်အခါလည်း နှစ်စဉ် နှစ်တိုင်း တစ်နှစ်တစ်ကြိမ် ဆက်လက် ကျင်းပသွားမည်ဟု သိရှိရပေသည်။

ဘုရားတွင် ကပ်လှူထားသော ဆွမ်းတော်ပဲများ၊ ပန်းများ၊ သစ်သီးဆွမ်းများမှာ အမျိုးစုံလင်သလောက် ခမ်းနားလှပအောင် ပြုပြင်စီရင်ထားကြသည်။ နာနတ်သီး၊ ဖရဲသီး၊ သင်္ဘောသီး၊ ကွဲကောသီး၊ လိမ္မော်သီး၊ သစ်တော်သီး စသည်တို့ကို ရိုးရိုး သစ်သီး သက်ဟာန်အတိုင်း မဟုတ်ဘဲ၊ ကျားရုပ်၊ ဆင်ရုပ်၊ ခြင်္သေ့ရုပ်၊ပန်းပွင့်ပုံဖော်ခြင်း၊အခြားလှပသည့်သက်ဟာန်များ ပေါ်လွင်အောင် ပြုပြင်ထားခြင်း မှာ အလွန်ချီးကျူးဖွယ် ကောင်းမွန်လှပသော အနုပညာလက်ရာများ ဖြစ်သည်။ ဤမြို့လုံးကျွတ် ဗုဒ္ဓပူဇနိယ အနေကဇာတင် ပွဲတော်ကို ရှမ်းပြည်နယ် သံဃဝန်ဆောင် အစည်းအဝေးနှင့်လည်း တိုက်ဆိုင် ညီညွတ်အောင် ကျင်းပထားခြင်း ဖြစ်သည်ဟု သိရသဖြင့် တစ်မျိုးထူးခြားလျက် ရှိနေပြန်သည်။

တိပိဋကဓရ ဆရာတော် ဘုရားကြီးသည် အတုလမာရင်္ဂန် မြို့လယ် ဓမ္မာရုံကြီး၌ပင် ရက်စက်ချ အနုမောဒနာ တရားပွဲကို ကျင်းပတော်မူရာ တရားနာပရိသတ် တစ်သောင်းကျော်မျှ ရှိမည်ဟု ခန့်မှန်းရသည်။ ထိုညတရားပွဲ၌ ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော သံတုံးတရားမှာ မှတ်သား လိုက်နာဖွယ် ကောင်းလှသည်။

ဆရာတော်က ဘဝခန္ဓာကို သံတုံး သုံးတုံးနှင့် ဥပမာပြု၍ ထားပေသည်။

ပထမသံတုံးကို နွေညအခြမ် မီးပူထဲထားလျှင် အချိန်ကြာလာသည်နှင့်အမျှ အပူဒဏ်ကြောင့် အရည်ပျော်၍ လူ့အသုံးအဆောင် အဖြစ် အသုံးမပြုနိုင်တော့ဘဲ ပျက်စီးသွားမည် ဖြစ်သည်။

ဒုတိယသံတုံးကို နွေညအခြမ် ရေအေးထဲ၌ ထားလျှင် အချိန်ကြာလာသည်နှင့်အမျှ အအေးဒဏ်ကြောင့် သုံးမရတဲ့ ပျက်စီးသွားပေမည်။

တတိယ သံတုံးကို မီးပူထဲဟား၊ အေးရေလျှင် ညှပ်နှင့်ထုတ်ယူ၊ ပေပေါ်တင်၊ တူရွင်း၊ ပုဆိန် စသည်ဖြင့် မိမိအလိုရှိသည့် ပုံစံမျိုးအောင် ထုနှက်၊ ရေထဲစိမ်၊ ဤသို့အားဖြင့် မီးတစ်လှည့် တူတစ်လှည့်၊ ရေတစ်လှည့် လိုသလိုပြုပြင်ပေးလျှင် လူ့အသုံးအဆောင်အဖြစ် အကျိုးရှိစွာ အသုံးပြုနိုင်မည် ဖြစ်သည်၊

ဘဝခန္ဓာသည်လည်း သံတုံးများနှင့် ဥပမာတူသည်။

အပါယ်ဘုံသားသည့် ခန္ဓာသည် မီးထဲဖမြဲထည့်ထားသော သံတုံးလိုပင် ဖြစ်သည်။ ငရဲမီးသည် ယူဇနာ ၁၀၀ (မိုင်-၁၂၀၀) ကြည့်လျှင် မျက်စိပေါက်ထက်သားလောက်အောင် ပူသည်။ အကုသိုလ်ကံ မကုန်သေးလျှင် မီးအပူမှာလည်း မကုန်ဖြစ်သည်။

နတ်ပြည်သို့ ရောက်သည့် နတ်ခန္ဓာသည် ရေထဲတွင် ဖမြဲစိမ်ထားသည့် ဒုတိယသံတုံးနှင့် ဥပမာတူသည်။ ဘုံသိုလ်ဘဝမှ ပဋိသန္ဓေစိတ် ဖြစ်လှုံ့ကာသက်နှင့် နတ်ဝတ်တန်ဆာ၊ နတ်သူ၊ နတ်ဘို နတ်နန်းခုံ ပရိဘောဂ နတ်ပြည်မှ ဘုံးခန်

ဖြစ်သည်။ နတ်စည်း စိမ် စံစားပျော်မွေ့ကြသည်။ တစ်နေ့တခြား တောက်ပြောင်ထွန်းလင်းသည့် နတ် ဝတ် တန် ဆာ အဆောင်အယောင်များသည် ကံကုန်သည့်အခါ ဖြုန်းခန်ပျောက်ကွယ်ပျက်စီးသွားရသည်။

လူ့ခန္ဓာမှာမူ တတိယသံတုံးလိုပင် ဘဝခရီးသွားသည့်အချိန်၌ အပူနှင့်လည်း တွေ့မည်။ အအေးနှင့်လည်း တွေ့မည်။ ဤကဲ့သို့ပင် လောကဓံတရားတွေ့နှင့် ကြုံတွေ့ရသည့်အခါ သံတုံးကို တူနှင့်ရိုက်နှက်သလို "ယောနိသော မနသိကာရ စိတ်နှင့် သင့်တင့်အောင် နှလုံးသွင်းကြရမည်။ ယောနိသော မနသိကာရ စိတ်နှင့် ထိန်းကျောင်းပေးနိုင်မှ မိမိ အလိုဆန္ဒ ရှိသည့် မဂ်ဖိုလ်နိဗ္ဗာန် အကျိုးကို ခံစားရရှိနိုင်မည်ဟု စွဲစွဲမြဲမြဲ ယုံကြည်ပြီး အားထုတ်နိုင်ပါစေ"

ဤသို့ စသည်ဖြင့် ဆရာတော် ဟောကြားသော သံတုံး ဥပမာ ဘဝခန္ဓာ တရားကို နာယူမှတ်သားလျက် နေမိပါသည်။

သက်တော်ထင်ရှား မြတ်ဘုရားအား ရည်မှန်း၍ အားရကျေနပ်ဖွယ် ဆွမ်းတော်ပွဲကြီးများ ကပ်လှူပူဇော်ထားသည့် (၃၇၀၀) မျှသော ဗုဒ္ဓရုပ်ပွားတော်များကို ကြည်ညိုဖူးတွေ့ရခြင်း၊ ထူးမြတ်သော တရားဒေသနာတော်မြတ်ကို နာကြားရခြင်း၊ တိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့်တကွ မြတ်ဘုရား၏ တပည့်သား သံဃာရဟန်းတော်များ ကြည်ညိုရခြင်းတို့သည် သာသနာပြုခရီးတွင်ကို ဘုရားရတနာ၊ တရား ရတနာ၊ သံဃာ ရတနာတို့ကို ပူဇော်ရခြင်းဖြစ်၍ အလွန် ထူးမြတ်သော ကောင်းကျိုးသုခ အနှစ်သာရများ ဖြစ်သည်ဟု တွေးတောကျေနပ်ကာ တစိမ့်စိမ့် ဝမ်းမြောက် ပီတိဖြစ်နေမိပါတော့သည်။

ကြည်ဦးမောင်



မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်းတိုက်

(၁)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ပရိယတ္တိပညာရေးစီမံကိန်း

(က) တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ စနစ် ပြုပြင်ကျင်းပရန်၊

(ခ) တိုင်းနှင့်ပြည်နယ်တစ်ခုစီ၌ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖွင့်လှစ်ရန်၊

(ဂ) ပထမပြန် စာမေးပွဲများ ပြုပြင် ကျင်းပသွားရန်၊

(ဃ) ရန်ကုန် မန္တလေးမြို့တို့၌ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ရန် တို့ဖြစ်ပါသည်။

ယင်းစီမံကိန်း ၄-ရပ်တွင် တိုင်းနှင့်ပြည်နယ်တစ်ခုစီ၌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖွင့်လှစ်ရန်ဟု ပါရှိပါသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ရှေးက

ဒုစရိုက်ကံ ကျေးဇူးကြောင့် ဘဝကံကောင်း

KYAW ZWA

ယောင်္ကျားမင်း

ဒု-ပ-သ တ ဌ ဆို လ ၊ မ ၌ ၁

မရှိဘူးသေးသောလက်ရှိအခြေအနေအရလိုအပ်နေသော ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများကို နိုင်ငံတော်အတွင်းတည်ထောင်ဖွင့်လှစ်ရန် စီမံကိန်းတစ်ရပ် ချမှတ်ပြီး ဗုဒ္ဓသာသနာ့ ဥယျာဉ်ကြီး စည်ပင်ရှင်သန်ရေးအတွက် အရေးပါလှသော ဗုဒ္ဓသာသနာ့ ဥယျာဉ်မှူး သင်တန်းသဖွယ် ဖြစ်သော ယင်းသင်တန်းကျောင်းများကို နိုင်ငံတော်၏ တိုင်းနှင့်ပြည်နယ်(၁၄)ခုတို့တွင် တစ်ခုတစ်ခု၌ တစ်ကျောင်းစီ တည်ထောင် ဖွင့်လှစ်မည် ဖြစ်ပါသည်။ ယခုလက်ရှိ ဖွင့်ပြီးသော ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများမှာ-

(၁) ရန်ကုန်တိုင်း ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း၊ ရန်ကုန်မြို့။

(၂) စစ်ကိုင်းတိုင်း ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း၊ ရွှေဘိုမြို့။

(၃) မန္တလေးတိုင်း ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်း၊ မန္တလေးမြို့။

တို့ ဖြစ်ပါသည်။

(၂)

ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ရခြင်း၏ အဓိက ရည်ရွယ်ချက် များမှာ

(က) မြန်မာနိုင်ငံတော်တစ်ဝှန်းလုံးတွင် အကျင့်သိက္ခာ ကောင်းမွန်၍ ဒါယကာ ဒါယိကာမများတို့ မှီခို အားထား ကိုးစားလောက်သော သီလ သမာဓိ ပညာ ပြည့်ဝသည့်ကျောင်းထိုင်ဘုန်းကြီးများ ပေါ်ထွန်းလာစေရေး၊

(ခ) သာသနာ့ ဝန်ထမ်း ရဟန်း သာမဏေများ စည်ဆက်မပြတ် တိုးပွားလာစေရေး၊

(ဂ) နိုင်ငံခြားတွင် သံဃမဟာနာယက အဖွဲ့က ဆောင်ရွက်လျက်ရှိသော သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး လုပ်ငန်းကြီးများအတွက်အခြေခံကစ၍ များစွာ အကူအညီ အထောက်အပံ့ ဖြစ်စေရေး၊

(ဃ) ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးက ချမှတ်ထားသော ပရိယတ္တိပညာရေးဆိုင်ရာ မူ(၄)ရပ်ဖြစ်သော-

၁။ အကျင့်သိက္ခာ မြင့်မားစေခြင်း၊
၂။ ပိဋကတ်ကျမ်းဂန်နှံ့စပ်စေခြင်း၊
၃။ ပါဠိဘာသာကျမ်းကျင်စေခြင်း၊
၄။ မြန်မာစာပေ အရေးအသားဝေဖန်စေခြင်း ဟူသည်တို့ကို အခြေခံအားဖြင့် အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရေး၊

(င) ဗုဒ္ဓဘာသာဝင်များအနေဖြင့် တာဝန်သိ၍ စည်းကမ်းရှိသော လူတော်လူကောင်းများ ဖြစ်မြောက်လာစေရန် အတွက် ပြုစုပျိုးထောင်ပေးရေးနှင့်

(စ) ကျေးလက်ရှိ ကလေးသူငယ်များအား ဘာသာရေး အခြေခံသည့် အဆင့်မီစာပေများ သင်ကြားပို့ချပေးရေး၊

ဤသည်တို့မှာ အဓိကကျသော ရည်ရွယ်ချက်များ ဖြစ်ပါသည်။

(၃)

ကျောင်းထိုင်ဘုန်းကြီးဖြစ်ရန် ပြည့်စုံရမည့်အင်္ဂါ (အရည်အချင်း) ၅-မျိုး

(၁) ဆယ်ဝါပြည့်တင်း (ရဟန်းဝါ ၁၀-ဝါ ပြည့်ပြီး ဖြစ်ရမည်။) တစ်ခြား ပညာ

ကျောင်းထုပ်စာနှိုးကြွေးသင်တန်းကျောင်း (၁၅ ရက်ကျောင်း)

အမှတ်စဉ် (၁) သင်တန်းဆင်း-လက်မှတ်အကိုက်ခံပွဲတော်

အမှတ်စဉ် (၂) သင်တန်း မွှဲပွဲအခမ်းအနား

အရည်အချင်း ရာထူးဂုဏ်သိန် မည်မျှပင် ရှိနေပါစေ၊ သိက္ခာ (၀၊) ငယ်နေသေး လျှင် ကျောင်းထိုင်ဘုန်းကြီး မဖြစ်နိုင်သေး၊ ရဟန်း၀၊ ဆယ်၀ါတင်းတင်း ပြည့်ပြီးမှသာ ကျောင်းယိုင်အင်္ဂါရပ်နှင့် ပြည့်စုံပါသည်။

(၂) ဝိဘင်း နှစ်ဖြာ.... ဘိက္ခုဝိဘင်း+ဘိက္ခု နီဝိဘင်းကို ပိုင်ပိုင်နိုင်နိုင် သင်ယူလေ့လာ မှတ်သားထားပြီး ဖြစ်ရမည်။

(၃) ကမ္မာကမ္မ....ဥပသမ္ပဒကံ သီမာသမ္ဘုဟန နကံ စသော ကံကြီး ကံငယ် အသွယ်သွယ်ကို ဦးဆောင်ဦးရွက် ဆောင်ရွက်နိုင်စွမ်းရှိရမည်။

(၄) ခန္ဓကပုဒ်....စူဠဝါခန္ဓကမဟာဝါခန္ဓက မှာ ပါရှိသော ကျင့်ဝတ်သိက္ခာတွေကို လေ့လာ သိရှိ ဆည်းပူးပြီး ဖြစ်ရမည်။

(၅) နာမ်ရုပ်ပိုင်ပိုင်.... ခန္ဓာငါးပါးကို နာမ်ရုပ် နှစ်ပါးဖြင့် လက္ခဏာရေး သုံးပါးတင်ပြီး ပိုင်ပိုင်နိုင်နိုင် ဟောစွမ်းနိုင်ရမည်။

(၄)

မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကို ယခင်က ၁၃၄၈-ခုနှစ်၊ နယုန်လဆုတ် ၆- ရက်နေ့တွင် မန္တလေးမြို့ ၄-နယ်မြေ အရှေ့မြောက်မြို့နယ် မာရ်အောင်ကျောင်းတိုက်အတွင်း ယာယီသင်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်၍ ၁၃၅၀ခု၊ တပေါင်းလတွင် ၂-နှစ်တာကာလ သင်တန်း အမှတ်စဉ် (၁)ကို သင်ကြားပို့ချပြီးစီး အောင်မြင်ခဲ့ပါသည်။

သင်တန်း အမှတ်စဉ်(၂)ကို တိုပို့ကရရ အဘိဓေယျာရဋ္ဌဂုရု မင်းကွန်း ဆရာတော် ဘုရားကြီး ဦးစီးဝင်ရောက်ပြု၍ မန္တလေးအနောက်မြောက်မြို့နယ်၊ မန္တလေးတောင်ခြေ ကုသိုလ်တောင်ဘုရား တောင်ဘက်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်အနီး သီးခြား မြေနေရာတွင် တီ=နီဥပဇ္ဈာကအဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် အစိုးရအာဏာပိုင်များ စေတနာရှင် ဒါယကာ ဒါယိကာမများ ပါဝင်၍ ထာဝရသင်တန်းကျောင်းများကို ဆောက်လုပ်လှူဒါန်းပြီး ၁၃၅၁-ခုနှစ်၊ ဝါဆိုလဆန်း ၁၄-ရက်နေ့တွင် သင်တန်းအမှတ်စဉ်(၂)ကို စတင်ဖွင့်လှစ်ခဲ့သည်။ ကျောင်းအုပ် ဆရာတော် ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ ဘီအေ)က စီမံအုပ်ချုပ်ရေးနှင့် သင်ကြားရေးတို့ကို တာဝန်ခံပြီး သင်တန်းကျောင်းကို စီမံအုပ်ချုပ်လျက် ရှိပါသည်။ သင်တန်း ကထိက၊ နည်းပြ ၁၁-ပါး၊ သင်တန်းသား သံဃာဦးရေ ၄၉-ပါးရှိပါသည်။ ယခု တည်ထောင် ဖွင့်လှစ်သည့် သင်တန်းကျောင်းနေရာသည် ရှေးယခင် မင်းတုန်းမင်းလက်ထက် မန္တလေး ရတနာပုံ မင်းနေပြည်ဆက် သာသနာပိုင် ဆရာတော်များ သီတင်းသုံးနေထိုင်တော်မူသော ထင်ရှားသောကျောင်းတိုက်ကြီးများ စေတီပုထိုးများအနီး ဆိတ်ငြိမ်အေးချမ်းသော နေရာတွင် ဆောက်လုပ်ဖွင့်လှစ်ထားသည့်အတွက် ဘူမိနက်သန် မှန်သော မြေနေရာဖြစ်ပါသည်။

မှတ်ချက်။ ။မာရ်အောင် ကျောင်းတိုက်တွင် သင်ကြားပို့ချသော သင်တန်းအမှတ်စဉ် (၁)၊ ၂-နှစ်တာကာလတွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ခဲ့ရသည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး အထောက်အပံ့ မရရှိခဲ့ပါ။ သင်တန်းသား သင်တန်းဆရာများကိုယ်ဝိုင် ဆွမ်းခံစား၊ ကိုယ့်ကျောင်းတိုက်မှ ကိုယ်လာပြီး သင်တန်းပို့ချသင်ယူကြရပါသည်။ အမြဲနေ ကျောင်း

ဆောင်များ မရှိသေးပါ။ ယခု သင်တန်းအမှတ် စဉ်(၂)၊ ၂-နှစ်တာ ကာလတွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးစီးပဓာန ပြု၍ တိ=နိဉပဋ္ဌာကအဖွဲ့၏ စီစဉ်ဆောင်ရွက်မှု ဖြင့် သင်တန်းဖွင့်ခါနီးမှစ၍ ယနေ့တိုင် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေး ပါး အထောက်အပံ့ရရှိ၍ လှုယ်ကူခြမ်းသာစွာဖြင့် သင်တန်းဆိုင်ရာ စာပေကျမ်းဂန်များ သင်ကြား ပို့ချနိုင်ခြင်း စည်းမျဉ်းနှင့်အညီ ဖွဲ့ဖြိုးမှုများကို ဆောင်ရွက်နိုင်ခြင်းစသော အောင်မြင်မှုများ ရရှိနေပါပြီ။

(၅)

ယခု မျက်မှောက် သာသနာတော် အခြေအနေအရ လို အပ်နေသော ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ တဖြည်းဖြည်း ပေါ်ထွန်းလာပြီ ဖြစ်ပါသည်။ နိုင်ငံတော်တစ်ဝန်းလုံး မြို့နယ် ရပ်ကွက်/ကျေးရွာ အသီးသီးတွင် အရည်အချင်းပြည့် ကျောင်းထိုင်ဘုန်းကြီးများ ပြည့်ပြည့်စုံစုံ ရရှိရန် အခြေအနေကတောင်းဆိုလျက် ရှိပါသည်။ ယခုအခါတွင် များသောအားဖြင့် ကျေးလက် ကျောင်းထိုင်ဘုန်းကြီးများစွာတို့၌ ခေတ်အလျောက် လိုအပ်သော အရည်အချင်းများ နည်းပါးနေသည့် အတွက် မိမိတို့ ရပ်ရွာ၌ ဩဇာအရှိန်အဝါ ကျဆင်းကာ ရှင်သာမဏေနှင့်ဘုန်းကြီးကျောင်း သားများပါ ရှားပါးလာသည်ကို တွေ့ရပါသည်။ ဘုန်းကြီးကျောင်းသား ရှင်သာမဏေများသည် ဗုဒ္ဓသာသနာ့အမွေကို ဆက်ခံမည့် အမွေခံများ ဖြစ်သည့်အပြင် သာသနာ့မျိုးစေ့ သာသနာ့ပျိုးပင်ငယ်များလည်း ဖြစ်ပါသည်။ ဘုန်းကြီးကျောင်းသား ရှင်သာမဏေများ ကဲ့သို့သော သာသနာ့မျိုးစေ့ သာသနာ့ပျိုးပင်များ မရှိခဲ့လျှင် မရှင်သန်ခဲ့လျှင် သာသနာတော်၏ တာဝန်အရပ်ရပ်ကို ထမ်းဆောင်မည့် ရဟန်းသံဃာများဖြစ်လာဖို့အခွင့်အရေး အလွန် နည်းပါးသွားမည် ဖြစ်ပါသည်။


ယခုကဲ့သို့ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများမှ သာသနာပြုပုံ နည်းမျိုးစုံတို့ကို သင်ကြားတတ်မြောက်ပြီးသော အရည်အချင်းပြည့် ကျောင်းထိုင်ဘုန်းကြီး များသည် မိမိတို့နေထိုင် သီတင်းသုံးပြီး သာသနာပြုနေသည့် မြို့နယ်/ကျေးရွာတို့မှာ နေထိုင်ကြသည့် သာသနာ့ အည့်နှံ့အညောက် ဖြစ်သော ကလေးသူငယ်များကို ဟောပြော စည်းရုံး သိမ်းသွင်းနိုင်ရုံမျှမက မြို့နယ် ကျေးရွာ လူထု ဒါယကာ ဒါယိကာမ အပေါင်းအားလည်း လောကီအကျိုး လောကုတ္တရာအကျိုး ပစ္စုပ္ပန်သံသရာနှစ်ဖြာအကျိုးရှိနိုင်သည့် တရားဓမ္မများကို ဟောပြော သွန်သင် ညွှန်ပြနိုင်ကြမည် ဖြစ်ပါသည်။

သို့အတွက်ကြောင့် ကျောင်းထိုင်ဘုန်းကြီးများသည် နောင်တစ်ချိန် သာသနာပြုပုဂ္ဂိုလ်များ ဖြစ်လာမည့် ဘုန်းကြီးကျောင်းသား ရှင်သာမဏေများကို သွန်သင်ဆုံးမ နည်းလမ်းပြသည့် ဗုဒ္ဓသာသနာ့ ဥယျာဉ်မှူးများ ဖြစ်ပါသည်။ ကခုကဲ့သို့ အရည်အချင်း ပြည့်ဝသည့် ကျောင်းထိုင် ဘုန်းကြီး များကို မွေးထုတ်သင်ကြားပေးသည့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကြီးများ ထွက်ပေါ် လာနေပြီ ဖြစ်ကြောင်း ဒါယကာ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့ သိရှိရန် ရေးသား တင်ပြသတင်းကောင်းပါးအပ်ပါသည်။

တိ=နိသာသနာပြုအဖွဲ့ကြီး၏ ပဉ္စမ သုံးနှစ် ခရီးကို ကြိုဆိုလျက်....

မောင်သန့်စင်(နပသတက္ကသိုလ်/မန်း)

ပုဗ္ဗာစရိယ ပေါဓိသိဒ္ဓိ



ပုဗ္ဗာစရိယ

မောင်ထင်

ကျောင်းထားရမည့်အရွယ်သို့ ရောက်သော အခါ မိဘများက ကျွန်တော့်ကို ဘုန်းကြီး လူထွက် ဆရာဦးခန္တီ၏ အစိုးရအထောက်အပံ့ခံ မြန်မာစာသင်ကျောင်းသို့ ပို့ပါသည်။ဆရာသည် မြောင်းမြ ဒိစတြိတ်ကောင်စီက ယင်း၏ လက် အောက်ခံ ဆာကယ်ဘုတ်မှတစ်ဆင့် ထောက် ပံ့သော ဘဏ္ဍာငွေကြေးဖြင့် ကျောင်းထောင်ပါ သည်။ ဆာကယ်ဘုတ် ဆိုသည်မှာ ကျေးရွာ ကောင်စီနှင့် တူပါသည်။ နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေး ခေတ်တွင် ကျေးရွာ ကောင်စီများသည် ဆိုင်ရာ ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များဖြစ်လာပါသည်။ ကျွန်တော် ကျောင်းမနေမီ ခေတ်က အုပ်ချုပ် သော ဗြိတိသျှအစိုးရသည် အခွန်တော်ထောက် ပံ့ရေးကိုသာ ဂရုစိုက်သည်။ ကျေးရွာပညာရေး ကို လျစ်လျူရှုထားပါသည်။ ကျွန်တော့် မိခင် ကပြော၍သိရသည်မှာ ထိုခေတ်က ယောကျ်ား ကလေးရော မိန်းကလေးများပါ ကျေးရွာဘုန်း ကြီးကျောင်းတွင် အရေး၊ အဖတ်၊ အတွက် ဟူသော မူလပညာများကို သင်ယူကြသည်။ မိန်းကလေးများသည် အပျိုဖော် ဝင်ခါစတွင် ကျောင်းထွက်ကြသည်။ ယောကျ်ားကလေးများ ကား အသက် ၁၆-နှစ်အရွယ်ခန့် ရောက်သည့် တိုင်အောင် ရွာရှိဘုန်းကြီးကျောင်း လေး ငါး ခြောက်ကျောင်းတွင် ဗေဒင်လက်ရိုးနှင့် သင်္ဂြိဟ် ကိုးပိုင်းကို အထက်တန်း ပညာရပ်များ အဖြစ် ဖြင့် ဆက်လက် သင်ယူကြသည်။ ဘုန်းကြီး ကျောင်းထွက်များသည် လောကလူ့ဘောင်ထဲ ရောက်လာသောအခါ အင်္ဂလိပ်စာကို မတတ် သော်လည်း ကောင်းစွာ လုပ်ကိုင်စားသောက် နိုင်ကြပါသည်။ ကျွန်တော်ငယ်စဉ်က ''အစိုးရ အလုပ်''ကို ဝင်လုပ်သောအခါ အင်္ဂလိပ်စာ အေ ဘီ စီ ကို တစ်လုံးမျှ မတတ်သော်လည်း မြန်မာလို ပြန်ထားသော အိန္ဒိယ ရာဇသတ် ဥပဒေကြီးကို ဒိုးလိုမ္မရေလိုနောက်၍ ဒီစတြိတ် (ခရိုင်)' တရားသူကြီး အဖြစ်ဖြင့် အမှုထမ်းခဲ့ သော မြန်မာစာကိုသာ တတ်သည်ဟု အပြောခံ ရသူ ပုဂ္ဂိုလ်ကြီး၏ လက်အောက်တွင် တရား စီရင်ရေး နည်းနိသျတို့ကို အလုပ်သင် အရာရှိ အနေဖြင့် ခံယူခဲ့ရဖူးပါသည်။ ဤအခွင့်အရေး မျိုးကို ရှေးခေတ် ကျွန်တော်တို့ အလွန်ရခဲပါ သည်။

ဆရာဦးခန္တီသည် ဘုန်းကြီးကျောင်း ပညာ သင်ကြားရေးစနစ်ကို တိုကျစွာ လိုက်နာ ကျင့် သုံးပါသည်။ သို့ရာတွင် သူ့ကို အထောက်အပံ့ ပေးသူ အာဏာပိုင်တို့၏ အလိုကိုလိုက်၍ သမိုင်း နှင့် ပထဝီ ဆိုင်ရာ ဗဟုသုတ အနည်းငယ်တို့ကို သင်ရိုးညွှန်းတန်းထဲ ထည့်၍ သင်ပေးပါသည်။ မိန်းကလေးများအတွက် အချုပ်အလုပ် ဇာထိုး ပန်းထိုး အတတ်တို့ကိုလည်း ဆရာကတော်၏ အကူအညီကိုယူ၍ သင်ပေးပါသေးသည်။

သို့သော် အဓိကအားဖြင့်မူ ဗုဒ္ဓဘာသာရေး ဆိုင်ရာ တို့ကိုလည်း သင်ပေးပါသည်။ ဆရာ ဦးခန္တီသည် သူ၏ရှေ့မှောက်တွင် မင်္ဂလသုတ် ကို ဒေါက်ဒေါက် ဒေါက်ဒေါက် မြည်အောင် မရွတ်ဆိုတတ်သည့် တပည့်ကို အတန်းတင်ပေး လေ့ မရှိပါ။

ဤရွာ ကျောင်းပညာသင်ကြားရေး စနစ်ကို ကြည့်၍ ကျွန်တော်တို့ လူငယ်များသည် ရွာ ကျောင်းဆရာတို့ကြောင့် ဗုဒ္ဓယဉ်ကျေးမှုကိုလက် ခံသော ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည် ဟု တွေးတောကြံဆ ပြောမည်ဆိုလျှင် ပြော

ထိုက်ပါသည်။ ကကြီးခေခွေး သင်ကြားပေးသော ဆရာတို့က ကျန်တော်တို့ကို ဗုဒ္ဓဘာသာ ထဲသို့ သွတ်သွင်းပေးသည်ဟုလည်း ဆိုနိုင်ပါသည်။

မြန်မာတို့မှာ "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဖ" ဟူသော ဆိုရိုးစကားရှိသည်။ မိဘများသည် သြကာသ အစချီသော ဘုရားရှိခိုးကို ကျန်တော်တို့ အိမ်မှာပင် သင်ပေးကြသည်။ ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ပါ၏ဟု ဆိုတစ်ဒေါင် ပါဠိ+အနက် နှစ်ထွေစလုံးကိုလည်း သင်ပေးကြသည်။ ဗုဒ္ဓ ဓမ္မ၏ အလိုကျ ကုသိုလ် အကုသိုလ်တို့ကို ပိုင်းခြား ဝေဖန်တတ်အောင်၊ ကောင်းမှု မကောင်းမှု တို့ကိုလည်း မည်သို့ မည်ပုံဟု လမ်းညွှန်ပြသ ဆုံးမကြသည်။ ယခု နောက်ကြောင်းပြန်စဉ်းစားလိုက်သောအခါ ရတနာသုံးပါးကို ဆည်းကပ်ပါ၏ဟု ဘုရားရှိခိုးကိုရွတ်ဆိုတတ်အောင် ပထမ ကျန်တော်တို့အား သင်ကြားပေးသော အခါသမယသည် ကျန်တော် ဗုဒ္ဓဘာသာဝင်ဖြစ်လာသော အခါသမယပေတကားဟု စိတ်တွင်ဆင်ခြင်မိပါသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ငြဟ္မဏပုဏ္ဏားကြီးများသည် ဝါဒပြိုင်ရန် အလို့ငှာ မြတ်စွာဘုရားထံ ချဉ်းကပ်ကြသည်။ ယင်းတို့သည် 'သူတို့ အယူသည်သာလျှင် အမှန်ဟု စွဲလမ်းကာ အငြင်းအခုံ ပြုကြသည်။ မြတ်စွာဘုရားက သူတို့ကို အပြန်အလှန် မေးမြန်း၍ တရားပြလိုက်သော် ထိုထိုသော ငြဟ္မဏပုဏ္ဏား ကြီးများသည် မြတ်စွာဘုရားက ချီးမြှင့်သော သစ္စာအလင်းရောင်ကို မြင်ကြလေသည်။ ယင်းတို့သည်ကနဦးက မြတ်စွာဘုရားထံ ဒွိဟသံသယ ဖြင့် လာရောက်ကြသည်။ ပြန်ကြသောအခါ၌မူ ဗုဒ္ဓဓမ္မ အပေါ်၌ သဒ္ဓါယုံကြည်စိတ်ဖြင့် ပြန်သွားကြသည်။ မြတ်စွာဘုရားထံမှ ဖဖော်ခွာမည် ပြု၍ နှုတ်ဆက်သော အခါ ယင်းတို့က "အရှင် ဂေါတမ၊ ကျွန်ုပ်တို့ကို ယနေ့မှစ၍ ဥပါသကာဟု ယူမှတ် ပြီးလျှင် သာသနာတွင်းသို့ ဝင်ခွင့်ပြုတော်မူပါ၊ အကျွန်ုပ်တို့သည် ဘုရားကို ကိုးကွယ်ပါ၏။ တရားကို ကိုးကွယ်ပါ၏။ သံဃာကို ကိုးကွယ်ပါ၏" ဟူ၍ လျှောက်ထားကြသည်။

ထို့ကြောင့် ကျန်တော်သည် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဟူ၍ သရဏဂုံသာယ်ပြီးသည်နှင့် အခြားမဲ့၌ "ငါသည် ဗုဒ္ဓဘာသာဝင်ဖြစ်ပြီ" ဟု အောက်မေ့လိုက်ပါသည်။ တရွေ့ရွေ့နှင့် အသက်ကြီးရင့်လာသည်နှင့်အမျှ ရတနာသုံးပါးကို သဒ္ဓါယုံကြည်သော စိတ်တို့သည် ကျန်တော်၌အမြစ်တွယ်လာပါသည်။

ကျန်တော် အမိ၏ မိခင်ဖြစ်သူ ကျန်စော်အမေသည်လည်း ကျန်စော်ကို သာသနာ့အဆုံးအမ၌ဓာည်ရန် ပြုစုပျိုးထောင်ပေးသူ တစ်ဦးဖြစ်သည်။ (ကျန်တော်တို့က ဘုံးအေကို 'အမေ' ဟု ခေါ်ကြပါသည်။) အမေသည် ကျန်တော်အာဘ(ဘိုးအေ) ကွယ်လွန်သည်ကို ရည်စူး၍ လေးထပ်ကျောင်း ပရဝဏ်အတွင်း ဇရပ် တစ်ဆောင် ဆောက်လုပ် လှူဒါန်း ထားပါသည်။ ဥပုသ်နေ့တိုင်း ဥပုသ်နေ့တိုင်း အလှည့်သင့်လျှင် အမေသည် ကျန်တော်ကို လက်ဆွဲ၍ ဇရပ်သို့ ခေါ်ဆောင်လေ ရှိသည်။ အမေက ကျန်တော်ကို ဥပုသ် စောင့်တတ်အောင် သွန်သင်ပေးပါသည်။ ကျန်တော်သည် အိမ်မှာနေစဉ် အမေ သင်ပေးသည့်အတိုင်း ငါးပါးသီလကို ကောင်းစွာရပါသည်။ ယင်း ငါးပါးသီလထဲမှာ ကာမေသုဟု ပါလာသောအခါ ကျန်တော်ကို မိဘနှစ်ပါးသာမက ဘထွေး၊ ဘကြီး၊ ဒွေးတော်မိကြီးတို့က ယင်းပါဋိဓကားကိုသူတို့ အသီးသီး၏ အဆိုအတိုင်း အနက်ဖွင့်ဆိုပေးကြ


သည်။ သို့သော် ကျွန်တော်၏ သေးငယ်သော ဦးနှောက်ထဲတွင် အမြဲတေ တည်၍ ကျန်ရစ်နေသော အနက် အဓိပ္ပာယ်မှာကား "လင်ဖြစ်စေ မယားဖြစ်စေ အသီးသီး သူတစ်ပါး၏ မယား၊ သူတစ်ပါး၏လင် စသည်တို့နှင့် ခိုးရာလိုက်ပြေးသည် ရှိသော် အိမ်ရာ ပျက်ပြား၍ သားများ သမီးများ တစ်ကဲ့တပြား ဖြစ်တတ်သည်။ ထို့ကြောင့် ယင်းကို အပြစ်ဟု သတ်မှတ်ရသည်" ဟူလေသတည်း။

ကျွန်တော် ယခု ငါးပါးသီလကို ရပြီဖြစ်၍ ဝန်လေးသည်၊ အပန်ကြီးသည်ဟု မထင်တော့ပါ။ သို့ရာတွင် ရှစ်ပါးသီလသို့ ရောက်လာသော အခါ ကျွန်တော် ကြောက်လာပါသည်။ ကျွန်တော် နေ့လွဲညစာ မစားရမှာကို စိုးရိမ်ပါသည်။ ကျွန်တော် အမေသည် ကျွန်တော် ဖခင်နှင့်မတူ၊ ကျွန်တော်ကို အလို လိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်က ထမင်းအဆာမခံနိုင်ဘူးဟု ပြောပါသည်။ ထိုအခါ အမေက "နေ့တစ်ဝက် ဥပုသ်စောင့်တာပေါ့ ငါ့မြေးရယ်" ဟု ပြောပါသည်။ ကျွန်တော် အလွန်သဘောကျသွားသည်။ ဥပုသ်ဇရပ်မှာ လူကြီး သူမများက ထမင်းမစားဘဲ နေကြသည့်အခါ ကျွန်တော်က ထမင်းကို အားရပါးရ စားသည်။

နောက်တစ်နေ့ မိုးသောက်သို့ ရောက်သော် အမေသည် ပေါက်ပေါက်နှင့် ပဲကို ဆန်နှင့်ရောပြီး ထမင်းချက်သည်။ ထိုထမင်းကို ကျွန်တော် စားရသောအခါ ပဲတော်ကြီးကို စားရသကဲ့သို့ ထင်မှတ်မိပါသည်။ ဤကဲ့သို့သာဆိုလျှင် အမေက ကျွန်တော့်ကို ဥပုသ် ဇရပ်သို့ ခေါ်တိုင်း ကျွန်တော် ဥပုသ်စောင့်နိုင်ပါလိမ့်မည်။

ဆရာကြီး ဦးခန္တီ၏ထံပါးတွင် တစ်နှစ် နှစ်နှစ်ခန့် စာသင်ခဲ့ပြီးသော် ကျွန်တော် အတွက်တွက်တတ်လာသဖြင့် မိမိကိုယ်ကိုမိမိ အထင်ကြီးပါသည်။ စပါးတစ်ရာလျှင် မည်၍ မည်မျှ စျေးပေါက်၍ စပါးတင်းဂရ မည်၍မည်မျှကို ရောင်းချလျှင် ငွေမည်မျှရနိုင်ကြောင်း ကျွန်တော် ဇာတ်တတ်လာပါပြီ။ ထို့အပြင် ကျွန်တော်သည် မင်္ဂလသုတ်နှင့် တကွ ပရိတ်တော်အနည်းငယ်တို့ကို ရွတ်ဆိုတတ် ပါပြီ။ ထို့မျှလောက် စာတတ်လျှင် ဖခင်သည် ကျွန်တော်ကို သာမဏေဘောင်သို့ သွတ်သွင်းရန် အချိန်တန်ပြီဟု သဘောရပါသည်။ သို့သော် ဖခင်က "နောင်တစ်နှစ်လောက်တော့ စောင့်ပါ" ဟု ပြောသည်။ ကိုရင်ဝတ်ခြင်း၏ အကျိုးတရားကို ကောင်းစွာသိတတ်သော အရွယ်သို့ မရောက်မီ ဖခင်က ကျွန်တော့်ကို ရှင်ပြုပေးရန်ဆန္ဒမရှိပါ။

ဖခင်သည် သူကြံရွယ် ထားသည်ကို ကျွန်တော့်အား ပြောပြပြီးသည့်နောက်တွင် လေးဆယ်ကျော်းသို့သွား၍ ဥပုသ်စောင့်သောအခါတိုင်း ကျွန်တော့်ကို မှန်မှန်ခေါ်ပါသည်။ ကျွန်တော်သည် ကောင်းမှုကို ဆည်းပူး၍ မကောင်းမှုကို ရှောင်ကြဉ်ရန်ဟူသော အချက်မှာ မခက်ပါ။ ဘုန်းကြီးကျောင်းသို့ သွားရောက်၍ သင်ယူမှသာ သိရမည့် အချက်မဟုတ်ဟု ထင်မိသည်။ ထို့ကြောင့် တစ်နေ့သောအခါ ဘုန်းတော်ကြီး၏ ရှေ့မှောက်တွင် သာမဏေတို့ စောင့်ထိန်းရမြဲ ဖြစ်သော ဆယ်ပါးသီလကို ခံယူပြီးနောက် မိမိထင်မြင်ချက်ကို မိမိ သဘောအလျှန် တွေ့ပြီးလျှင် အိမ်သို့ပြန်လာပါသည်။ ညချမ်း အချိန်သို့ ရောက်သောအခါ ကျွန်တော် ဝမ်းဗိုက်သည် အလွန်ပူဆာလာပါသည်။ ကျွန်တော် အိပ်ရာဝင်မည်ပြုသောအခါ မီးဖိုဆောင်ထဲမှာ ကန်စွန်းဥမျှား ထည့်ထားသောဗန်းကို ကျွန်တော် သတိ ပြုမိသည်။ ထို့ကြောင့် ကန်စွန်းဥ အကောင်းဆုံး တစ်လုံးကို ကျွန်တော် နှိုက်ယူ၍ အိပ်ရာထဲမှာ ကိုက်စားပါသည်။ ကန်



စွန်းဉက အလွန်ချို အလွန် စားလို့ကောင်း၊ ကျွန်တော် တကျတ်ကျတ် ဝါးသည်။ ဖခင်က အသံကြားရ၍ "ဘာလုပ်တာလဲ" ဟု မေးသည်။ ကျွန်တော်က အမှန်အတိုင်း ပြန်ပြောသည်။ "ဥပုသ်စောင့်လျှင် မွန်းလွဲညစာ ထမင်းမစားရဆိုသည်ကို မသိဘူးလား" ဟုဖခင်က မေးသည်။ ကျွန်တော်က ထမင်းမစား၊ ကန်စွန်းဉကို စားပါသည်ဟု ဆင်ခြေကန်သည်။ ထိုအခါ ဖခင်က "စားသည်" ဟူသော အနက် အဓိပ္ပာယ်ကို အကျယ်ဝိတ္ထာရ ဖွင့်ဆိုပြသည်။ "စားလို့ရတာ မှန်သမျှကို စားတာဟာ စားတာပဲ" ဟု ဖခင်က ဆိုသည်။ သက််န်းဆီးမည်ဆိုလျှင် စည်းကမ်းဝိနည်းကို လိုက်နာရမည်။ လိုက်နာခြင်းသည် ကောင်းမှုဖြစ်သည်။ မလိုက်နာလျှင် အပြစ် ဖြစ်မည်။ ဖခင်က ဤသို့ ဆုံးမသော စကားသည် ကိုရင်ဝတ်ရန် ရည်ရွယ်သော ကျွန်တော့် အဖို့ သင်ခန်းစာ ဖြစ်ပါသည်။ "အင်း၊ ကောင်းမှုနှင့် မကောင်းမှုကို ခွဲခြား သိဖို့ဆိုတာ မလွယ်ပါကလား" ဟု ကျွန်တော် အောက်မေ့ လိုက်ပါသည်။

ကျွန်တော် အသက် ၁၁-နှစ်ခန့်တွင် မိဘများက ကျွန်တော့်ကို လေးထပ်ကျောင်းသို့ ပို့ပါသည်။ ကျွန်တော်၏ ဥပဇ္ဈာယ် ဆရာမှာ ဦးပဉ္စင်းကြီး ဦးကွန်ဒြိယ ဖြစ်သည်။ ဦးပဉ္စင်းကြီးသည် ကျွန်တော်တို့ ကဲ့သို့သော ဗုဒ္ဓဘာသာ ကလေးများ သိသင့် သိထိုက်သော အခြေခံ တရားဓမ္မတို့ကို ဟောကြား ပို့ချသည်။ ကိုရင်ဝတ်သောအခါ လိုက်နာရမည့် စည်းကမ်းများနှင့်တကွ ကိုရင်ဘဝဥစ္စာစောင့်ထိန်းရမည့် သေခိယစသော ကျင့်ဝတ်များကိုလည်း သင်ပေးသည်။ ကျွန်တော်သည် အခြား အခြားသော ဘုန်းကြီးကျောင်းသားများနှင့် တစ်လ ကိုးသီတင်းဆိုသလို အတူတူစာသင်ရပါသည်။ ထိုစဉ်က ကျွန်တော် စိတ်ထဲ စွဲခဲ့သော အချက်မှာ ကုဋီတက်လျှင် မည်သို့တက်ရမည်ဟု ဦးပဉ္စင်းကြီးက ဆိုဆုံးမသော အချက်ဖြစ်သည်။ ကျွန်တော်တို့ ကလေးဘဝ နောက်ဖေးနောက်ဖီ သွားရာဌာန ဘာစည်းကမ်းမျှ မရှိခဲ့ပါ။ ယခုမှ စနစ်တကျ ပြုမူနေထိုင်ဖို့ သင်ပေးသည့်အတွက် ကျွန်တော့် အဖို့ တစ်ကိုယ်ရေ သန့်ရှင်းရေး သဘောတရား

ကို နားလည်ရပါသည်။ ထို့နောက် ကျွန်တော်ကို မိဘတို့က ရှင်ပြုပေးသောကြောင့် ကိုရင် ဖြစ်ခဲ့ရလေသည်။

ဤကား ကျွန်တော် ဗုဒ္ဓဘာသာဝင်တစ်ဦး အဖြစ်ဖြင့် ကြီးပြင်းလာပုံကို အကျဉ်းချုံးဖော် ပြခြင်းပင် ဖြစ်သည်။ ယခု ကျွန်တော်သည် သားသမီး အခြေအရံများနှင့်တကွ အိမ်ထောင်ဦးစီး ဖြစ်လာ၍ မိမိ၏ အတိတ်ကို ပြန်လည်သုံးသပ်ကြည့်သောအခါ ကျွန်တော့် ဖခင်က ကျွန်တော်တို့ သားသမီးများ ဗုဒ္ဓဘာသာ ဖြစ်အောင် ကျေးမွေးသုတ်သင်ခဲ့သော နည်းနိသျ အတိုင်း ဆက်လက်၍ မလုပ်နိုင်ခဲ့သည်ကို တွေးမိပြီးလျှင် စိတ်မကောင်း ဖြစ်ပါသည်။ ကျွန်တော်သည် ကျွန်တော့် ဖခင်က သားသမီးများကို ဒါယကာ၊ ဒါယကာမတို့အား တရားဓမ္မ ဟောကြားသော ဆရာတော်၊ သံဃာတော်များနှင့် နီးစပ်အောင် ဘုန်းကြီးကျောင်းသို့ လက်တွဲ၍ ခေါ်ဆောင်ခဲ့သလို ကျွန်တော် ခေါ်ဆောင်နိုင်ခြင်း မရှိ၊ အိမ်၌လည်း သားသမီးများကို ဗုဒ္ဓဘာသာ သင်ခန်းစာများကို ပို့ချမပေးနိုင်။ ကျွန်တော် အတတ်နိုင်ဆုံး လုပ်ကိုင်ခဲ့ သည်ကား ဘုရားစာ တရားစာ အမျိုးမျိုးကို စာအုပ်ဆိုင်မှာဝယ်၍ "မင်းတို့ ဒီစာအုပ်တွေ ဖတ်ကြ၊ စာအုပ်ထဲမှာပါသော ဗုဒ္ဓဘာသာ အဆိုအနှစ်များကို ကိုယ့်ဘာသာကိုယ် လေ့လာကြ" ဟူ၍ ပြောဆိုခြင်းမျှသာ ဖြစ်သည်။ ကျွန်တော်ကား ကျွန်တော် ဆရာ ဘုန်းတော်ကြီး ဆုံးမခဲ့သလို တစ်နေ့ တစ်နေ့ "ပရိယေသန" ဝမ်းစာ ရှာသောအလုပ်၌ချည်း အချိန်ကုန်ခဲ့သည်။ ကျွန်တော်၏ သား သမီး မြေး မြစ်တို့ကား မြတ်စွာဘုရား ဟော်ကြားတော်မူသော စရဏတရားတို့ကို မိဘ၏ လမ်းညွှန်မှုမရဘဲ သူတို့ ဘာသာ သူတို့ တရားသိအောင် လုပ်ကြရသည်။ ဤ၌ ကျွန်တော်သည် သူတို့ကို ပစ်ထားခဲ့ သကဲ့သို့ ရှိသည်။


သို့သော် ကျွန်တော့်ကိုယ်ကို ကျွန်တော် နှစ်သိမ့်နိုင်သော အချက်လည်း ရှိပါသေးသည်။ ကျွန်တော်သည် ကျွန်ုပ်ဘ၀၏ မြေးဦးကိုသက်နှံ့ မဝတ်မီ ဘုန်းကြီးကျောင်းသားအဖြစ်ဖြင့် တစ်ပတ် နှစ်ပတ်ပင်ဖြစ်စေ ဘုန်းကြီးကျောင်းမှာ နေပါဟု တိုက်ဘွန်းခဲ့ရာ အောင်မြင်ပါသည်။ ကျွန်တော့် သားများသည် သူတို့၏ တစ်သက် တာတွင် ဒုလ္လဘ ရဟန်း အဖြစ်ဖြင့် နှစ်ကြိမ် တိုင်အောင် ပဋ္ဌင်းတက်ခဲ့ကြသည်။ သားတစ်ဦးမှာ အဘိဓမ္မာသင်တန်းတက်၍ အောင်လက်မှတ် ချီးမြှင့်ခြင်း ခံရသည်။ သူသည် မကြာခဏ ဆိုသလို မဟာစည်ရိပ်သာ စသည်တို့၌ တရားထိုင်ပါသည်။ သို့သော် ကျွန်တော့် စိတ်ထဲ၌မူကား ကျွန်တော်သည် မိမိအလုပ်ကို လုပ်ရာ၌ တစ်စုံတစ်ခု လိုနေသေးသည်ဟု အောက်မေ့မိပါသည်။

မိဘအနေဖြင့် လိုနေသောကိစ္စ၌ ကျွန်တော်သည် ကျွန်တော်သာလျှင် တစ်ဦးတည်း ဟုတ်မည်မထင်ပါ။ ကျွန်တော့်နှင့် ရွယ်တူ အပေါင်း အသင်းရောင်းရဲများစွာတို့မှာ ယခုဝါသော ဗဟုကိစ္စောဟူသော စကားအတိုင်း အိမ်မှုကိစ္စများမြောင် လှသောကြောင့် သား သမီးများ အပေါ် ပြုဖွယ်ရှိသောဝတ္တရား၌ စိတ်တိုင်းကျ မဆောပွန်နိုင် ရှိနေကြပါလိမ့်မည်။ ယခု ကျွန်တော်ဘ၀ အကြောင်း တစ်စေ တစ်စောင်း အကျဉ်းမျှ ရေးပြလိုက်သောအခါ မိတ်ဆွေတို့သည် ဤအကြောင်းကို နှစ်နှစ်ကာကာ စဉ်းစားလာကြလိမ့်မည်ဟု မျှော်လင့်တောင့်တ မိပါသည်။

မောင်ထင်

စစ်ကိုင်းတိုင်း
သဝိုင်းဝင်သာသနာ့ဒေသာင်ပွဲ

ဗြဲလွင်(ဆားလင်းကြီး)



စစ်ကိုင်းတိုင်း၏ သမိုင်း၀င် သာသနာ့အောင်ပွဲ

ပြေးလွှင်(ဆားလင်းကြီး)

တိပိဋကတ=နိကာယ သာသနာပြု အဖွဲကြီးကို မြန်မာသက္ကရာဇ် ၁၃၄၀-ပြည့်နှစ်၊တန်ခူးလဆန်း ၁၀-ရက် (မြန်မာ နှစ်ဆန်း ၁-ရက်) နေ့တွင် စတင်ဖွဲ့စည်းခဲ့ရာ ၁၀-စုနှစ် သမိုင်းခရီး တစ်ထောက်ကို လှန်မြောက်ခဲ့ပေပြီ။ တိပိဋကတ=နိကာယအဖွဲ၏ ၁၀-စုနှစ်ခရီးကာနှစ်စေ့ ရုံမျှဖြင့်လှန်မြောက်ခြင်းမဟုတ်ပေ၊ အောင်မြင်သော သမိုင်းခရီးကို လျှောက်၍ လှန်မြောက်ခဲ့ခြင်းဖြစ်သည်။ အမှန်အားဖြင့် ၁၀-နှစ်တိုင်တိုင် သယ်ဆောင်ခဲ့ရသော တာ၀န်ကား သာမည တာ၀န်မဟုတ်ပေ။

ကြီးမားနက်နဲသော တာ၀န် ဖြစ်သည်။ တိပိဋကတ=နိကာယ၏ မူလရည်ရွယ်ချက်မှာ တိပိဋကဓရနှင့် နိကာယဓရ သာသနာ့ အာဇာနည် ရဟန်းတော်များ ပေါ်ထွန်းရေးပင် ဖြစ်သည်။ မင်းကွန်းမိုးမိတ်ကုန်းမြေ၌ တိပိဋက=နိကာယ ကျောင်းဆောင်များ ဆောက်လုပ်ပြီး တိပိဋက ပြန်ဆိုမည့် ရဟန်းတော်များကို လက်ခံခဲ့သည်။ ထိုအရှင်မြတ်များ၏ ပစ္စည်းလေးပါး ပြည့်စုံရေးကို လိုလေသေးမရှိအောင် ရွက်ဆောင်ခဲ့သည်။ သာသနာ့သမိုင်းတွင် မပေါ်ဖူးသေးသော တိပိဋက ပြန်ဆိုမည့် စာသင်သားများကိုသာ သီးခြား လက်ခံသည့် ကျောင်းတော်ဖြစ်သည်။

မူလတည်ထောင်စ အချိန်က တိပိဋက ပြန်ဆိုမည့် စာသင်သားများ ရမှ ရနိုင်ပါမည်လားဟု အချို့က သံသယဖြစ်ခဲ့ကြသည်။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘုရားကြီး၏ ကြိုးမားသော စေတနာ့မေတ္တာ့ တိပိဋက=နိကာယ အနွှဲ့၏ ထက်သန်သော သဒ္ဓါတရားတို့ပြင့် ပြုစုစောင့်ရှောက် အားပေးမှုကြောင့် တိပိဋက ပြန်ဆိုမည့် သာသနာ့အာဇာနည်များ ကွန်းခိုရောက်ရှိလာကြသည်။ တိပိဋကနှင့် နိကာယ်စာမေးပွဲကြီးများကို ဝင်ရောက်၍ အာဂုံပြန်ခြင်း ရေးဖြေခြင်းကို ဇွဲသန်သန်ဖြင့် ကြိုးပမ်း အားထုတ်တော်မူကြသည်။

တိပိဋကဓရ စာမေးပွဲနှင့် နိကာယ်စာမေးပွဲတွင် ဤကျောင်းတိုက်မှ အောင်မြင်မှုများ နှစ်စဉ်တိုးတက်လာသည်။

ဤအောင်မြင်မှု အပင့်အသီးတို့ကို အံ့ချီးဖွယ် တွေ့မြင်ရသောအခါ တိပိဋက=နိကာယသည် ကြီးမားနက်နဲသော တာ၀န် ဖြစ်သော်လည်း မပင် မပန်း ရွှင်လန်း အားတက်ခဲ့သည်။ အောင်မြင်မှုကိုကြည့်ပြီး ပိတိ၏အရသာကို အပြည့်အ၀ ခံစားခဲ့ကြရသည်။ ရန်ကုန်မြို့-ဒဂုံမြို့နယ် နယူးလင်းလမ်း၌ တိပိဋက=နိကာယ သာသနာ့ပြုကျောင်းတိုက်ခဲ့ကိုပင် ဖွင့်လှစ်နိုင်ခဲ့သည်။

တိပိဋကဓရ ဆရာတော် ဘုရားကြီး၏ ကြိုးမားသော ဘုန်းကံတော်နှင့် တိပိဋက=နိကာယအဖွဲ့၏ လုပ်ဆောင်ချက် စေတနာစွမ်းအားကို တွေ့မြင်ရသောအခါ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် မျက်စိကျ၍ ယုံကြည်အား ကိုး လာသည်။ ၁၃၄၄-ခုနှစ် တွင် မန္တလေးမြို့၌ နိုင်ငံဓဇာ ပရိယတ္တိ သာသနာ့

တက္ကသိုလ်ကြီးအတွက်လိုအပ်သောအဆောက်အအုံများကို ဆောက်လုပ်ပေးရန် တာဝန်ပေးခဲ့သည်။ ပထမ တာဝန်လုပ်ငန်းပင် အပြီးမသတ်သေးမီ ထပ်ဆင့် တာဝန်တစ်ခု တိုးလာပြန်သည်။ ၁၃၄၅-ခုနှစ်တွင် ရန်ကုန်မြို့ဦးနှင်ံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး ဆောက်လုပ်လျှက်ဒါန်းရေးအတွက် တာဝန်ပေးပြန်သည်။ တိပိဋကဓရ ဆရာတော်ဘုရားသည် ကြီးလေးလှသော ဤတာဝန်တို့ကို မငြို့မငြင် လက်ခံတော်မူခဲ့သည်။

ဗုဒ္ဓသာသနာတော် စည်ပင် ထွန်းကားတိုးတက်ရေးအတွက်ဖြစ်ရာ မိမိ၏ ပင်ပန်းမှုကို လျစ်လျူရှုတော်မူခဲ့သည်။ မိမိ အရေးထက် သာသနာတော် အရေးကို ရှေ့တန်းတင်ထားသော စေတနာကြောင့်ဖြစ်သည်။ ဤတက္ကသိုလ်ကြီးများ အောင်မြင်သွားပါက ဗုဒ္ဓသာသနာတော်သည် ကမ္ဘာကို ခရီးဆန့်နိုင်မည်ဟု ယုံကြည်တော်မူသည်။

ဆရာတော်၏ ဘုန်းကံတော်နှင့် ဆောင်ရွက်ချက်ကား အံ့မခန်း အောင်မြင်မှုကို ရခဲ့ပါသည်။ ဆရာတော်၏ စေတနာ မေတ္တာကို ပြည်သူများက ယုံကြည်သည်။ လေးစားသည်။ သံဃာ့တက္ကသိုလ်ကြီးများတွင် တက္ကသိုလ်ဂုဏ်ဒြပ်နှင့်လိုက်လျောသော ဝိဇ္ဇာလယ ကျောင်းဆောင်ကြီးမှုးကို ဆောက်လုပ် လျှဒါန်းနိုင် ခဲ့သည်။ ဝိဇ္ဇာလယ ကျောင်းဆောင်ကြီးများမှာ ပြည်ထောင်စု၏ သွေး စည်းသော စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ကို ပေါ်လွင်စေပါသည်။ ပြည်နယ်နှင့်တိုင်းအရေအတွက်အတိုင်း ကျောင်းဆောင်များကို ဆောက်လုပ် ထားသောကြောင့် ဖြစ်သည်။ လောကအမြင်ဖြင့် ကြည့်လျှင် "ဒါ-ပြည်ထောင့်စု သွေးစည်းညီညွတ်ရေး သရုပ်ပြ မြို့တော်လေးတစ်ခု" ဟုပင် မှတ်ထင်လောက်ပါသည်။

တိုင်းနှင့်ပြည်နယ် အလိုက် ဝိဇ္ဇာလယ ကျောင်းဆောင်များကိုဆောက်လုပ်လှူဒါန်းရာတွင် စစ်ကိုင်းတိုင်းကလည်း ပါဝင်ခဲ့ပါသည်။ စစ်ကိုင်းတိုင်း အနေဖြင့် ရန်ကုန်-မန္တလေး ပရိယတ္တိ သာသနာ့ စာကျက်သိုလ်ကြီး နှစ်ခုအတွင်း ဆောက်လုပ်ရမည့် လျာထားချက် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့လေပြီ၊ စစ်ကိုင်းတိုင်း၏ အားရကျေနပ်ဖွယ်, ဝမ်းမြောက်ဖွယ်ကောင်းလှသော 'သာသနာ့အောင်ပွဲ'ကို မှတ်တမ်းတင်လိုပါသည်။

မြန်မာသက္ကရာဇ် ၁၃၅၁-ခုနှစ်၊ နတ်တော်လပြည့်ကျော် ဂ-ရက်၊

၁၉၈၉-ခု ဒီဇင်ဘာလ ၂၀-ရက် ဗုဒ္ဓဟူးနေ့၊

အချိန်အားဖြင့် မွန်းတည့်(၁၂)နာရီ အချိန်။

ထိုနှစ် ထိုရက် ထိုအချိန်သည်ကား စစ်ကိုင်းတိုင်းအနေဖြင့် ထူးခြားလှသော 'သာသနာ့အောင်ပွဲ'ကို ဆင်နွှဲလိုက်သောနေ့ ဖြစ်သည်။ သမိုင်းဝင် သာသနာ့မှတ်တိုင်ကြီးကို အောင်မြင်စွာ စိုက်ထူလိုက်သောနေ့ဟုလည်း ဆိုထိုက်လှပါသည်။ တစ်နည်းအားဖြင့် သာသနာ့သမိုင်းတွင် အမှတ်ရန်းတင်လိုက်သောနေ့ဟုလည်း ဆိုရပါမည်။ ထိုနေ့တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး နှစ်ခုအတွက် စစ်ကိုင်းတိုင်းက လှူဒါန်းသော အလှူငွေများ ပြည့်စုံပြီဖြစ်၍ "စခန်းသိမ်း ရေစက်ချပွဲ" ကို ကျင်းပသောနေ့ ဖြစ်သည်။ တိပိဋကဓရ ဆရာတော်ဘုရားကြီး မိန့်ကြားသော ဝေဟာရအတိုင်း ရေးရ

လျှင် "သိန်းသန်းပြည့် ပြီးပြည့်စုံသော ရေစက်ချပဲ့" ဖြစ်ပါသည်။

မုံရွာမြို့ သုဓမ္မစာရီ ဓမ္မာရုံကြီးဌ ကျင်းပရာ တိပိဋကဓရ မင်းကွန်း ဆရာကော် ဘုရားကြီး ဟိုယ်တော်တိုင် ကြွရောက်၍ ရေစက်ချအနုမောဒနာတရားကို ဟော ကြားတော်မူသည်၊ ပရိသတ် များကလည်း စိုလင်လှပါသည်။ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထွန်းကြည်၊ စစ်ကိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းတင်၊ မြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုဗိုလ်မှူးကြီး စိုးမြင့်၊ မုံရွာ ဘုတလင် အရာတော် ဆားလင်းကြီး စသော မြို့နယ်များမှ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ စေတနာရှင် ကျောင်းဒါယကာ ကျောင်းအမများ တက်ရောက် ကြည်ညိုကြသည်။ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် များလည်း ကြွရောက်တော်မူကြသည်။

အခမ်းအနားဖွင့်လှစ်ပြီးသောအခါ စောင်းဆရာ ဦးဌေးမောင် ဦးစီးသော မုံရွာမြို့ 'မိုးပုလဲ' မြန်မာမှု ကေးဂီတအဖွဲ့က တိပိဋကဓရ ဆရာတော် ဘုရားကြီးအား" ထုတိမဂ်လာ မြတ်ပူဇော" ရတုဖြင့် သံကျူး ပူဇော်သည်၊ တေးပြုဆရာ ဘုတလင် ချစ်လေးက ရေးသားပြီး အဆိုတော် ဦးမိုးကျော်က ရွတ်ဆို ပူဇော်သည်၊ စောင်းသံနှင့် ရတုသံမှာ အတွဲအဖက် လိုက်လျော၍ ညှက်ညောပီသ၍ 'ဂီတ၏ရသ' ကို ပေါ်လွင်အောင် ဖော်ကျူးနိုင်ပါသည်။

စစ်ကိုင်းတိုင်းငြိမ်ဝပ်ပိပြားမှုကညီဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း ဥပဒ္ဒာကအဖွဲ့၏ နာယကကြီးဖြစ်သော ဗိုလ်မှူးကြီးသန်းတင်က သာသနာရေးနှင့် စပ်လျဉ်း၍ လျှောက် ထားသည်။ ဗိုလ်မှူးကြီး သန်းတင်၏ လျှောက်ထားချက်မှာ သာသနာတော်၏ အရှိန်အဟုန် တိုးတက်မှု ကျဆင်းမှုတို့ကို အထောက်အထားများဖြင့် လျှောက်ထားသွားသည်။ ထိုလျှောက်ထားချက်ကိုလည်း ကောက်နုတ်ချက်မျှ တင်ပြလိုပါသည်။

"သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော တိပိဋကဓရ မင်းကွန်းဆရာတော်ဘုရားကြီးကိုယ်တော်တိုင်ကြွရောက်ချီးမြှင့်တော်မူသဖြင့် တပည့်တော်များ အတိုင်းမသိ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားလိုပါသည်။

"ဆရာတော်ဘုရားကြီးအနေဖြင့်သက်တော်ကြီးရင့်တော်မူ၍ ပင်ပန်းနွမ်းနယ်မှု ရှိသော်လည်း သာသနာတော်ကြီး အရှည်ခန့်ဘည်တံ့စေရန် ချီးမြှောက်သော ဆန္ဒ လုံလ ဝီရိယများဖြင့် မနားမနေ ကြိုးစား အားဆုတ်နေတာကိုလဲ အထူးအားရ ကြည်ညိုလှပါသည် ဘုရား"

ဗိုလ်မှူးကြီး သန်းတင် လျှောက်ထားသကဲ့သို့ပင် တိပိဋကဓရ ဆရာတော်ကြီးကား ခန္ဓာကိုယ်ခန့်ကျန်းမှု အားနည်းနေသော်လည်း သာသနာတော်အတွက် ပင်ပန်းမှုကို မငဲ့ကွက်ဘဲ နေ့ရက်မနား ကြွသွားတော်မူပါသည်၊ သာသနာရေးကိစ္စကို "ရေသာမခိုသော" ဆရာတော်၏ စိတ်ဇဉ်များကား ရှားလှပါဘိသည်။

"မြတ်စွာဘုရား ထားတော်မူခဲ့သော သာသနာတော်ကြီးမှာ နှစ်ပေါင်း ၂၅၀၀ အတွင်း နိမ့်ချည်ဟစ်ခါ မြင့်ချည်တစ်လှည့် ပုံ့ချည် တစ်ခါ မှေးမှိန်သည် တစ်လှည့်ဖြင့် လောကဓံတရားအတိုင်း အမျိုးမျိုး ဖောက်ခဲ့ရပါသည်ဘုရား။

"သာသနာတော်ကိုချစ်မြတ်နိုး၍သာသနာ့တာဝန်ကို စွမ်းစွမ်းတမံ ဆောင်စွမ်းနိုင်သော သာသနာ့အာဇာနည် ရဟန်းတော်များ ပေါထွန်းသည့်အခါ သာသနာတော်ကို ယုံကြည်သော မင်းကောင်း မင်းမြတ်များ လက်ထက်တွင် တိုင်းသူပြည်သားများလည်း သဒ္ဓါတရားတိုးပွားလာသဖြင့် သာသနာတော် ကြီးဟာပွင့်လင်းလာပါသည်ဘုရား"

ဗိုလ်မှူးကြီးသန်းတင်သည် သာသနာတော်မြတ်ကြီး လောကဓာတ်အတိုင်း မြင့်ချည် တစ်ခါနိမ့်ချည်တစ်လှည့် ဖြစ်တတ်ပုံနှင့် သာသနာတော်ပွင့်လာရာ ခေတ်ကာလကို လျှောက်ထားသည်။ ဆက်လက်၍ သာသနာတော်၏ အခြေခံပဓာနကျသော အကြောင်းများကို ဆက်လက်လျှောက်ထားပြန်သည်။

"သာသနာတော်ကြီး စည်ပင်ပြန့်ပွားသောနေရာများမှာ ပရိယတ္တိ သာသနာတော်ကို အထူးလိုက်စားသော ရဟန်းသံဃာတော်များ သီတင်းသုံးရာ ဌာနများသည် ပရိယတ္တိ သာသနာအခိုင်အခံ အပြည့်အစုံရှိသော နေရာများ ဖြစ်ပါသည်ဘုရား။

"ယခု မျက်မှောက်ခေတ် ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားသည့် နေရာများတွင် မြန်မာနိုင်ငံဟာ အထွန်းကားဆုံးနှင့် အခိုင်ခံဆုံးဌာန ဖြစ်ပါသည်ဘုရား။ မဟာယာနဂိုဏ်းသံဃာများ ထွန်းကားသည့် နေရာများတွင် ဗုဒ္ဓဘာသာ အဆက်အနွယ်လောက်မျှသာရှိပြီး ပိဋကတ်တော်များ ပြည့်စုံစွာ မရှိမှု၊ ရဟန်းသံဃာတော်များ ဝိနည်းနှင့်အညီ ကျင့်ကြံခြင်း မရှိမှု စသည်ဖြင့် အားနည်း ချွတ်ယွင်းမှုတွေ အလွန်များပြားလှပါသည် ဘုရား။

"ဤကဲ့သို့သာသနာ့ရေသောက်မြစ်ဖြစ်သည့် ပရိယတ္တိသာသနာ အားနည်းရာဌာနများတွင် သာသနာတော်ကို ပြုစုပျိုးထောင်၍ မရနိုင်ကြောင်းပါဘုရား။ သင်ကြားသူမရှိ၍ ပိဋကတ်တော်များ ပျောက်ကွယ်ခြင်း၊ ပိဋကတ်တော်များကို ယတာဘူတကျကျ သိမြင်နိုင်သူ မရှိခြင်း စသည်ဖြင့် အဘက်ဘက်က ချွတ်ယွင်းအားနည်းသည့်အခါ သာသနာတော်ကို မည်မျှပင် ချစ်မြတ်နိုးသော်လည်း တွင်ကျယ်အောင် မပြုစုနိုင်တော့ပါဘုရား"

ဗိုလ်မှူးကြီးသန်းတင်သည် သာသနာတော်စည်ပင်ထွန်းလင်းရာ ဌာနများကို သုံးသပ်လျှောက်ထားပြီး ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်လိုက်ပုံကို ဤသို့ ဆက်လက်လျှောက်ထားပြန်သည်။

"ယခုအချိန်မှာတော့ပတည့်တော်တို့ မြန်မာနိုင်ငံမှာ ပရိယတ္တိကျမ်းကျင်သည့် ရဟန်းတော်များ ပေါများနေပြီး ပိဋကတ်တော် များလဲ အပြည့်အစုံ ရှိနေသာဖြင့် သာသနာတော်ကို အားရှိသလောက် ပြုစုနိုင်ကြပါသည် ဘုရား။

"အချို့ကောင်းတုန်း သာသနာတော်ကို ပြုစုစောင့်ရှောက်ခွင့်၊ အားပေးချီးမြှောက်ခွင့်ရသဖြင့် တပည့်တော်များ အတိုင်းမသိ ဝမ်းမြောက်လှပါသည် ဘုရား။ သာသနာတော်၏ အရှိန်အဟုန်များ လျော့ပါး မသွားရအောင် ယခုလို ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ခြင်းဟာ အင်မတန် အံဝင်ခွင်ကျ ဖြစ်လှပါသည်ဘုရား။ ဤ ပရိယတ္တိတက္ကသိုလ်ကြီးများ၏ ရည်ရွယ်ချက် အတိုင်း ပြည့်စုံသည့်အခါ အပြည့်ပြည့်ဆိုင်ရာက လာရောက် သင်ကြားနိုင်မည့် ဗုဒ္ဓတက္ကသိုလ်ကြီးများ ဖြစ်လာလိမ့်မည်ဟု မျှော်မှန်း၍ အထူးပဲ ဝမ်းသာအားရ ရှိလှပါသည်ဘုရား" စသည်ဖြင့် လျှောက်ထားသည်။

စစ်ကိုင်းတိုင်း ဥပဒ္ဒာကအဖွဲ့ နာယကကြီး ဗိုလ်မှူးကြီးသန်းတင် လျှောက်ထား ပြီးသော အခါ နှိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် အုပ်ချုပ်မှုဗဟိုအဖွဲ့အဖွဲ့ဝင် တိပိဋကဓရ ဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင်အထူး ကု ,ဆရာဝန်ကြီး ဦးသာလှက နှိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီးများ ဆောက်လုပ် ပြီးစီး မှု အခြေအနေကို ရှင်းလင်း ပြောကြားသည်။ ဥက္ကဋ္ဌကြီး၏ လျှောက်ထား ချက်မှာလည်း မှတ်သားဖွယ် ကောင်းလှပါသည်။ သို့သော် ရှည်လျားနေမည် ဖြစ်သောကြောင့် အပြည့် အစုံမဖော်ပြနိုင်တော့ပါ။ ကောက်နုတ်ချက်မျှ ဖော်ပြလိုပါသည်။ ကြီးလေးကြီး စီမံကိန်း အကြောင်း လျှောက်ထားရာ စိတ်ဝင်စားဖွယ် ပင်ဖြစ်ပါသည်။

ကျွန်တော်တို့ သာသနာ့ တက္ကသိုလ်ကြီး နှစ်ခုအတွက် ဆောက်လုပ်ဖို့ စီမံကြပါတယ်။ စီမံတဲ့အထဲမှာ သာသနာ့တက္ကသိုလ်ကြီး နှစ်ခုရဲ့ စီမံချက်ဟာ ကြီးလေးကြီးစီမံချက်ဖြစ်ပါတယ်။

နံပါတ် ၁-ကြီးက သိမ်တော်ကြီး ဖြစ်ပါ တယ်။

နံပါတ် ၂-ကြီးက တက္ကသိုလ်ကြီး ဖြစ်ပါ တယ်။

နံပါတ် ၃-ကြီးက မဟာဘေးမဲ့ ကန်တော် ကြီးဖြစ်ပါတယ်။

နံပါတ် ၄-ကြီးက မဟာဥယျာဉ်တော်ကြီး ဆိုပြီး ကြီး ၄-ကြီးစီမံကိန်းကို တက္ကသိုလ်ကြီး ၂-ခုမှာ ချမှတ်ပြီးတော့ ထားတာ ရှိခဲ့ပါ တယ်"

ကြီး ၄-ကြီး စီမံကိန်းတွင် စစ်ကိုင်းတိုင်း သည် နံပါတ် ၃-ကြီး ဖြစ်သော မဟာဘေးမဲ့ ကန်တော်ကြီးကို တာဝန် ယူခဲ့သည်။ မဟာ ဘေးမဲ့ ကန်တော်ကြီးမှာ ရန်ကုန်-မန္တလေး သာသနာ့တက္ကသိုလ်ကြီး နှစ်ခုလုံးတွင်ရှိရာ စစ် ကိုင်းတိုင်းက မန္တလေးမြို့ ပရိယတ္တိ သာသနာ့ တက္ကသိုလ် နယ်မြေရှိ ကန်တော်ကြီးကို ရရှိခဲ့ သည်။ စစ်ကိုင်းတိုင်းက တာဝန်ယူခြင်း ဖြစ်၍ တိပိဋကဓရဆရာတော် ဘုရားကြီးက "ဇေယျာ သီရိ မဟာဘေးမဲ့ ကန်တော်ကြီး" ဟု အမည် ပေးတော်မူခဲ့သည်။ ထိုကန်တော်ကြီး အတွက် စစ်ကိုင်းတိုင်းအလှူတော်ငွေမှာ ၁၁၄၇၂၃၅ (တစ်သန်းတစ်သိန်း လေးသောင်း ခုနစ်ထောင် နှစ်ရာသုံးဆယ့်ငါး) ကျပ် ဖြစ်သည်။

စစ်ကိုင်းတိုင်းသည် မန္တလေးမြို့ နှိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်အတွင်း 'ဇေယျာ ရွှေမြေမဟာထေရ်ကျောင်း' နှစ်ဆောင်အတွက် ကျပ်ငွေ ၁၂–သိန်းကိုလည်း လှူဒါန်းခဲ့သည်။ ဇေယျာရွှေမြေ မဟာထေရ် နှစ်ကျောင်းတွင် တစ်ကျောင်းမှာ နှိုင်ငံခြားမှ သာသနာ့ တက္ကသိုလ်သို့ လာရောက် ပို့ချကြမည့် (ပါ မောက္ခ)နာယက ဆရာတော်များ သီတင်း သုံးရန်ဖြစ်ပြီး၊ တစ်ဆောင်မှာ မြန်မာနိုင်ငံမှ နာယကဆရာတော်များ သီတင်းသုံးမည် ဖြစ် ကြောင်း ဥက္ကဋ္ဌကြီး ဦးသာလှ၏ လျှောက်ထား ရှင်းလင်းချက်အရ သိရပါသည်။ မန္တလေးမြို့ ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆွမ်းပဒေသာ ပင်မအလှူအတွက် ကျပ်ငွေ ၁၄၇၄၉၈(တစ် သိန်းလေးသောင်း ခုနစ်ထောင် လေးရာ ကိုး ဆယ့်ရှစ်ကျပ်) လှူဒါန်းခဲ့သည်။ ဤကား စစ် ကိုင်းတိုင်းမှ မန္တလေး ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက် လှူဒါန်းငွေဖြစ်သည်။

မန္တလေး ပရိယတ္တိ သာသနာ့ တက္ကသိုလ် အတွက် လှူဒါန်းငွေကို ဤဒေါ်ဦး စုဘေဖော်ပြ သော်လည်း အမှန်အားဖြင့် စစ်ကိုင်းကိုင်းသည် ရန်ကုန်မြို့ ပရိယတ္တိ သာသနာ့ တက္ကသိုလ် အတွက် ဦးစားပေး၍ လှူဒါန်း ခဲ့ကြောင်း

ဥက္ကဋ္ဌကြီး ဦးသာလှ၏ ရှင်းလင်းလျှောက်ထား ချက်အရ သိရှိရ ပါသည်။ စစ်ကိုင်းတိုင်းမှ ရန်ကုန် ပရိယတ္တိ သာသနာ့တက္ကသိုလ်အတွက် လှူဒါန်းငွေမှာလည်း သုံးသန်းကျော်ပါသည်။ ရန်ကုန်အတွက် လှူဒါန်းငွေကို တိပိဋကဓရ ဆရာတော်ဘုရားကြီး ရေစက်ချ ပေးတော်မူ သော စာရင်းအတိုင်း ဖော်ပြလိုပါသည်။

၁။ ဝိဇ္ဇာလယ လေးထပ်ကျောင်းအတွက် ငွေ၂၄၀၀၀၀၀(နှစ်သန်းလေးသိန်း)။

၂။ ကယားနှင့် ကချင်ပြည်နယ် ဝိဇ္ဇာလယ ကျောင်းဆောင်များ အတွက် ပံ့ပိုးထောက်ပံ့ ငွေ ၄၀၀၀၀၀၀ (လေးသိန်း)။

၃။ တိုင်း ဆွမ်းပဒေသာ ဒေတွက် ကျပ် ၁၅၀၀၀၀၀ (တစ်သိန်းငါးသောင်း)။

၄။ လျှပ်စစ်မီးဆက်သွယ်ရန်အတွက် ကျပ် ၅၀၀၀၀၀၀(ငါးသိန်း)။

၅။ အဆောက်အအုံများ မွမ်းမံပြင်ဆင်ရန် အတွက် ငွေပဒေသာကျပ် ၃၀၀၀၀၀၀ (သုံးသိန်း)ဖြစ်သည်။

ဆရာတော်ကြီးသည် ဤသို့ အသေးစိတ် ရေစက်ချရုံမျှမက စာရင်းခပါင်းကိုလည်း-

"ငါးရပ်ပေါင်း ၃၅၅၀၀၀၀ (သုံးသန်း ခုနစ်သိန်း ငါးသောင်း) လှူဒါန်း ပူဇော်ပြီး ဖြစ်ပါသည်"ဟု တိတိကျကျ ရေစက်ချ၍ ပေး တော်မူပါသည်။ ထိုငွေများကို စစ်ကိုင်းတိုင်း အနေဖြင့် ထိုနေ့က အားလုံး လှူဒါန်းသည် မဟုတ်ပေ။ ဆရာတော်ကြီး ရေစက် ချပေးရာ တွင် လှူဒါန်းပြီးစာရင်းများကို ခွဲခြား၍ ရေ စက်ချတော်မူသည်။ စစ်ကိုင်းတိုင်း ဖြစ်နေဖြင့် လျာထားချက်အတိုင်း လိုအပ်သော ငွေများကို ထိုနေ့တွင် လှူဒါန်းခွဲခြင်းဖြစ်သည်။ မြို့နယ်များမှ လှူဒါန်းသော ငွေများကို မုံရွာ မြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဗိုလ်မှူးကြီး စိုးမြင့်က လက်ခံသည်။

ထိုနေ့ အလှူတော်ပွဲတွင် ထူးခြားသော ပဉ္စလိကအလှူရှင်လည်း ပါဝင်ခဲ့ပါသည်။ ထို အလှူရှင်မှာ မုံရွာမြို့နယ်စု ကျန်းမာရေး ဦးစီး ဌာနမှူး ဆရာဝန်မကြီး ဒေါ်ခင်လေးငယ် ဖြစ် သည်။ ဆရာဝန်မကြီးဒေါ်ခင်လေးငယ်က ဝိဇ္ဇာ လယ ကျောင်းဆောင်နှင့် ဆွမ်း ပဒေသာပင် အတွက် အလှူတော်ငွေ ကျပ်-၃၀၀၀၀ (သုံး သောင်း လှူဒါန်းသည်။ စစ်ကိုင်းမြို့နယ်စုမျှားမှ အလှူတော်ငွေများကို စစ်ကိုင်းတိုင်း ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူး ကြီး သန်းတင်က တိပိဋက=နိကာယဥပဋ္ဌာက အဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင်အထူးကုဆရာ ဝန်ကြီး ဦးသာလှသက်သို့ လွှဲအပ် လှူဒါန်း လိုက်သည်။ လှူဒါန်းပွဲ အဆင့်ဆင့်ပြီးသော အခါ တိပိဋကဆရာတော်ဘုရားကြီးသည် ငါး ပါးသီလနှင့် ပရိတ်တော်များ ချီးမြှောက်တော် မူသည်။ ဆရာတော်သည် ရေစက်မချမီ သုမန သုတ္တန်ကို အကျယ်တဝင့် ဟောပြတော် မူပါ သည်။ သုမနသုတ္တန်ကို နာကြား လိုက်ရသော အခါ လှူဒါန်းသူများ သဒ္ဓါရှင်လန်း အပြုံး ပန်းဝေကာ ပီတိဖြာခွဲကြရသည်။ ဆရာတော် ဘုရားကြီးသည် အလှူတော်ငွေများကို စာရင်း များ ခွဲခြားလျက် ရေစက်ချပေးတော်မူသည်။ ရေစက်ချပြီးသော အခါ အမျှဝေသံ သာဓု ခေါ်သံများက ဝင်းသာလိုက်လဲ တခဲနက်ပေါ် ထွက်လာပါ တော့သည်။ ထိုနေ့ ထိုရက် ထို အချိန်သည်ကား "စစ်ကိုင်းတိုင်း၏ သမိုင်းဝင် သာသနာ့အောင်ပွဲ"ကိုဆင်နွဲလိုက်သောနေ့ပင် ဖြစ်ပါသတည်း။ ။

ဌေးလွင်(ဆားလင်းကြီး)

တိပိဋကရေ
မင်းကွန်းဆရာတော်ဘုရားကြီး၏
သာသနာပြုအဂ္ဂဗျာဒါရိုး

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ သာသနာပြု အကျဉ်းဝါဒရိုး



ဓမ္မစေတီတော် တစ်ဆူ

တနင်္သာရီတိုင်းသို့ ဒေသစာရီကြွချီနေခြင်း ဖြစ်သည်၊ ဓမ္မစေတီတော်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝန်ကို ထမ်းဆောင်နေသော "အင်းလျား" အမည်ရှိတပ်မတော်ရေယာဉ်ဖြင့် ပင့်ဆောင်သွားခြင်း ဖြစ်သည်။

"အင်းလျား" သည် နိုင်ငံတော်ပိုင် ပင်လယ်ပြင်ကို ဦးဖြင့် တိုက်ခဲ့ကာ တောင်ဘက်စူးစူးသို့ ဦးတည်ခုတ်မောင်းလျက် ရှိသည်၊ သင်္ဘောဦး၏ တိုက်ခဲ့ခြင်းကို ခံရသော ရေပြင်မှာ ထက်ခြမ်းကွဲကာ မိမိ ပင့်ဆောင်လာသော ဓမ္မစေတီတော်အား ဖြာထွက်လာသော ရေပန်းများဖြင့် ပူဇော်လျက်ရှိသည်။ ပယောဂ တစ်စုံတစ်ရာကြောင့် တဒင်္ဂမျှ ကွဲထွက်သွားသော ရေသည် ထိုပယောဂ၏ ဒဏ်မှ လွတ်ကင်းသည်နှင့်တစ်ပြိုင်နက် ပြန်လည် စုစည်းသွားသည်သာ ဖြစ်သည်။ ရေကို ခွဲ၍မရသကဲ့သို့ သွေးကိုလည်း ခွဲ၍မရနိုင်ပေ။

"အင်းလျား" သည် ပိုင်နက်ပင်လယ်ပြင်ကို ကာကွယ်နေသော တပ်မတော်ရေယာဉ်များ အနက်မှတစ်စင်း၊ ယင်းအား တပ်မတော်ရေယာဉ်မှူး ဗိုလ်မှူးအောင်ခင်ကျော်နှင့် အရာရှိ၊ အရာခံ၊အကြပ်၊ တပ်သား‌တို့က မောင်းနှင်လာကြခြင်း ဖြစ်သည်။ နိုင်ငံတော်၏ မိုင်(၁၂၀၀) ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ရေပြင်ကို အကြိမ်ပေါင်းများစွာ ကူးဖြတ်ကာနိုင်ငံတော်၏ရန်သတ္တုရှုမှုန်သမျှကို ခြေမှုန်းခဲ့ဖူးပြီ ဖြစ်သော်လည်း၊ ဤခရီးမူကား နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က သာသနာတော်ကို ပစ္စယာနုဂ္ဂဟ ယာဉ်ဒါန လှူဒါန်းခြင်း ကုသိုလ်တာဝန်ကို ထမ်းဆောင်ရန်အတွက် ခုတ်မောင်းနေခြင်း ပင်ဖြစ်သောကြောင့် မဂ္ဂင်ယာဉ်ဟုပင် တင်စား‌ရမည် ဖြစ်ပါသည်။

ရေယာဉ်ပေါ်တွင် ဓမ္မစေတီတော်ဘစ်ဆူအား ပင့်ဆောင်သွားခြင်းဆိုရာ၌ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာဆိုသော ပိဋကတ်တော်သုံးပုံကို တင်ဆောင်လာခြင်းကို ဆိုလိုရင်း ဖြစ်ပါသည်။ ပိဋကတ်သုံးပုံ ဆိုရာ၌ ပေထက်အက္ခရာတင်သော ပေစာ၊ ကျောက်ထက်အက္ခရာတင်သော ကျောက်စာ၊ စက္ကူထက်ပုံနှိပ်စက်ဖြင့် အက္ခရာတင်သော စာအုပ်များကား မဟုတ်ပေ။ ယင်းပိဋကတ်သုံးပုံကို နှလုံးအိမ်တွင် ကိန်းဝပ်နေသော ပရိယတ္တိဆောင်ပုဂ္ဂိုလ်တစ်ပါးကိုသာလျှင် ဆိုလိုခြင်း ဖြစ်ပေသည်။ ယင်းပုဂ္ဂိုလ်သည်ကား မြန်မာနိုင်ငံတော်အတွင်း ဦးစွာပထမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ထူးကို ဆွတ်ခူးတော်မူခဲ့သော အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်းကို ခံယူရသော မင်းကွန်းဆရာတော်ကြီးပင် ဖြစ်ပေသည်။

စေတီဟူသည်နှင့်စပ်လျဉ်း၍ ကျွှန်တော်တို့ ဖွင့်ဆိုရေးသားထားသည်ကို ဖတ်ရှုမှတ်သားရဖူးပါသည်။ စေတီဟူသည် အလေးအမြတ်ထား၍ ကိုးကွယ်ရာဟု အဓိပ္ပာယ်ရသည်။ ထိုစေတီ

သည် လူမျိုးနှင့် ဘာသာအလိုက် အမျိုးမျိုး ရှိသော်လည်း ဗုဒ္ဓသာသနာတော်၌ကား-

ဓာတု ဓမ္မ ဥဒ္ဒိသ ပရိဘောဂ စေတီလေး-ဟူသည်နှင့်အညီ 'လေးမျိုးခွဲခြား၍ ပြတော်မူကြသည်။ ထိုပရိယတ္တိဓမ္မများ၏ တည် ရှိရာ ပိဋကတ်စာအုပ်များ၊ ပေစာ ကျောက်စာများ စသည်တို့သည်လည်း ဓမ္မစေတီများပင် ဖြစ်ပေသည်။ စာအုပ်၊ ပေစာ၊ ကျောက်စာများ၊ ဓမ္မစေတီဖြစ်သကဲ့သို့ ယင်းဓမ္မစေတီပိဋကတ်များကိန်းဝပ်ရာ ဗီရိုကျောင်းတော်၊ အုတ်တိုက်၊ အုတ်အင်္ဂတေစေတီ စသည်တို့သည်လည်း ဓမ္မစေတီပင် မည်ပါသည်။ ပရိယတ္တိဓမ္မများကိန်းဝပ်ရာ ဗီရို၊ စေတီ စသော သက်မဲ့ပစ္စည်းများကို ဓမ္မစေတီဟု ခေါ်နိုင်လျှင် ပရိယတ္တိ ဓမ္မများနှလုံးအိမ်ထဲတွင်ကိန်းဝပ်နေသောပရိယတ္တိဆောင် ပုဂ္ဂိုလ်များကိုလည်း ဓမ္မစေတီဟု အဘယ်မှာ မဆိုနိုင်ဘဲ ရှိပါအံ့နည်း။ ကောန်မုခ္ဍ ဆိုရမည်သာ ဖြစ်ပေသည်။ မင်းကွန်းတိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးကား မိမိကိုယ်တိုင် ဓမ္မစေတီဖြစ်ရုံမက ဓမ္မစေတီအသစ် မြောက်များစွာကိုလည်း အသစ်အသစ် မပြတ်မလပ် တည်ထားလျက် ရှိပေသည် စသည်ဖြင့် အဘိဓမ္မာဂရုဠဂုရု မြင်းခြံကိုးဆောင် ဆရာတော်ကြီးက မင်းကွန်းတိပိဋက=နိကာယ သာသနာပြုအဖွဲ့ ဒုတိယသုံးနှစ်ခရီး စ၍စောင်တွင် ဓမ္မစေတီများတည်ထားခြင်း ဆောင်းပါးတွင် ရေးသားထားတော်မူသည်ကို ဖတ်ရှုမှတ်သားရပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည့်ဒီဇင်ဘာဝန်အရေးသုံးပါးကိုဦးထိပ်ထား၍ ဆောင်ရွက်နေသည့်အပြင်၊ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးသာသနာပြုလုပ်ငန်းကိုပါ ပစ္စယာနုဂ္ဂဟပြုလျက် ရှိရာတွင် သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်ရေး သာသနာပြု လုပ်ငန်းကိုလည်း တစ်ဘက်တစ်လမ်းက အထောက်အပံ့ ပေးလျက်ရှိရာ မင်းကွန်း ဆရာတော်ကြီး၏ သာသနာပြု အဏ္ဏဝါခရီးကိုလည်း ပစ္စယာနုဂ္ဂဟ ပြုလျက်ရှိသည်။ ဤယာဉ်ဒါနကောင်းမှုတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ကိုယ်စား တပ်မတော် ရေယာဉ်မှူးဖြစ်သူ ဗိုလ်မှူးအောင်ခင်ကျော်က "ဤရေယာဉ်ကို ယာယီစံကျောင်းတော်အဖြစ် ချမ်းသာစွာ သီတင်းသုံးတော်မူပါဘုရား"ဟု လျှောက်ထားကာ ယာယီ စံကျောင်းတော်ကို လှူဒါန်းလိုက်ပါသည်။ ကျောင်းလှူဒါန်းသည့်ဒါနကို မြင်တွေ့ရသောအခါ၌ မင်းကွန်းဆရာတော်ကြီးကိုယ်တော်တိုင် တိဏကုနိဒါယက ထေရာပဒါန်နှင့်အညီ ဖွဲ့သီအပ်သော-

၁။ နတ်နှင့်လူနှယ်၊ သန္ဓေတွယ်၍၊
၂။ စိတ်ဝယ်မ,တ၊ ဆောက်အုံရ၏၊
၃။ မထကြွက်သီး၊ ကိုယ်လည်းမလှုပ်၊
ခြောက်ရုပ်မထင်၊ ထိတ်လန့်စင်၏။
၄။ ခြင်္သေ့ သစ်ကျား၊ သားရဲ များ နှင့်၊
ဖမ်းစားကလူ၊ခိုပ်စက်မူသား၊တောသူ
ဘုတ် ပြိုက်၊ အဆိပ်ထန်ပြင်း၊ မြွေနှင့်
ကင်းက၊ အဆင်းဖောက်ပြန်၊ ကုမ္ဘဏ်
ရက္ခိုဿ်၊ နဘ်မိုက်ရန်ပေါင်း၊ ဘေး
လွတ်ရှောင်း၏။
၅။ မကောင်းအိပ်မက်၊ မမြင်မက်ဘူး။
၆။ ထင်လျက်သတိ၊ ခိုင်မြဲဘိ၍၊ ဝိပရိဏာ၊
ဖောက်ပြန်စိတ်ရင်း၊ နှုး သွပ်ခြင်းမှ၊
ရှင်းရှင်းလွတ်ရှောင်း၊ ကျိုးဆက်
ဆောင်း၏။

၇။ နောက်နှောင်းဘဝ၊ ပစ္ဆိမဝယ်၊ ဂုဏ
ကဲပို၊ အရဟတ္တဖိုလ်ဟု၊ ထိုထိုကျေးဇူး၊
လွန်ပြန့်ပြား၊သည်၊ ဆောက်ဦးလျှုဒါန်း
ကျိုးခုနစ်တည်း–ဟူသော ကျောင်းလှူ
အကျိုး(၇)ပါး စာရားလက်ံကို သတိရမိ
သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏
တာဝန် ထမ်းဆောင်အပ်သော တပ်မတော်
ရေယာဉ် "အင်းလျား" သည် တနင်္သာရီတိုင်း
အတွင်း သာသနာပြုရန် ကြွရောက်တော်မူမည့်
ဓမ္မစေတီဖြစ်တော်မူသော မင်းကွန်းဆရာတော်
ကြီးအား တင်ဆောင်ကာ နိုင်ငံတော်ပိုင်နက်
ပင်လယ်ပြင်ကို၊ ဖြတ်ကျော် ခုတ်မောင်းလျက်
ရှိသည်။ သိုကိုတွာရ ကုန်းတော်ပေါ်တွင် ရှေ
တောင်ကြီးပမာ ကိန်းဝပ် နေတော်မူသော
မြတ်စွာဘုရား လေးဆူတို့၏ ဓာတ်တော် မွေ
တော်များ ကိန်းဝပ်ရာ ရှေတိုကုံစေတီတော်မြတ်
အား ဝဲဘက်မှ ဖူးတွေ့နေရသည်။ ရောင်ခြည်
တစ်ထောင်အလင်းဆောင်သော သူရိယနေမင်း
သည် အနောက်ကောင်းကင်ယာကျန်းသို့ ယွန်းသွား
ပြီးနောက် တပို့တဲ့လပြည့်ကျော် (၃) ရက်၊
(၁-၂-၉၁) သောကြာ နေ့ ညဦး၌တွင်
ဓမ္မစေတီအား အထက်ကောင်းကင်မှ ကြယ်
တာရာအပေါင်းတို့က ခညောင်းပူဇော်နေကြ
သည့်နှယ် ပင်လယ်ပြင်ကို အလင်းရောင်ပေး
လျက်ရှိသည်။ ကြမ်းတမ်းသော သဘာဝ
ဆောင်သော ပြာလဲ့သည့် ပင်လယ်ပြင်တွင်း
လှိုင်းများ ကင်းရှင်းကာ ညီညာစွာခင်းထား
အပ်သော မြကမ္မလာပမာ ပြန့်ပြူးလျက်ရှိ
သောကြောင့် "အင်းလျား" စံကျောင်းတော်
သည် ပင်လယ်ပြင်တွင် တငြိမ့်ငြိမ့် ရွေ့လျား
လျက်ရှိသည်။

သာသနာပြုခရီးကိုထွက်တော်မူလာခဲ့သော
မင်းကွန်း ဆရာတော်ကြီးသည် ;သက် တော်
၈၀-နှစ်ပြည့်ရန် လပိုင်းမျှသာ လိုတော့သော
သမယ၌ ဇရာ ဒုဗ္ဗလ အရှယ်တော်သို့ ရောက်ရှိ
နေပြီဖြစ်သော်လည်း မိမိ၏ ကိုယ်ကာယ ပင်
ပန်းနှမ်းနယ်မှုကို ပဓာနမထား၊ဘဲ သာသနာပြု
ခရီးများကို အနားအနေမရှိ ထွက်တော်မူဆဲ
အချိန်အခါ ဖြစ်သည်။

ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်
ငန်းကြီးများအနက်မှ နိုင်ငံတော် သံဃ မဟာ
နာယက အဖွဲ့ကြီးက ပရိယတ္တိပညာရေးကို
မူလေးချက် ချမှတ်ရာ၌ ပိဋကတ် သုံးပုံကို
အင်္ဂလိပ်၊ မြန်မာ၊ ပါဠိ၊ဟိန္ဒူနှင့် သင်္ကရိတ်
ဘာသာ(၅)မျိုးဖြင့် ပို့ချပြီး ပြည်တွင်းပြည်ပ
သာသနာပြုနိုင်သော ရဟန်းတော်များ ပေါ်
ထွန်းရေး အတွက် သာသနာ့ တက္ကသိုလ်ကြီး
များ ဆောက်လုပ်ရန် လိုအပ်လာပြီ ဖြစ်၍
ရန်ကုန်မြို့နှင့် မန္တလေးမြို့ တို့တွင် တက္ကသိုလ်
ကြီး တစ်ခုစီ တည်ဆောက်ရန် နိုင်ငံတော်
သံဃမဟာ နာယက အဖွဲ့က အဖွဲ့၏ အကျိုး
တော် ဆောင် ဖြစ်တော်မူသော တိပိဋကဓရ
မင်းကွန်း ဆရာတော်ကြီးအား တာဝန် ပေး
အပ်ခဲ့သည်။ ကြီးမား လှ'သော သာသနိက
အဆောက် အအုံ ကြီးများ ဆောက်လုပ်ရေး
တွင် လေးလံသည့် တာဝန်ကို ဦးစီး နာယက
ပဓာန အဖြစ် ဆောင်ရွက်တော်မူကာ တိပိ
ဋကာ=နိကာယ သာသနာပြု အဖွဲ့အား ထပ်
ဆင့် တာဝန်လွှဲအပ်တော် မူသည့်အလျောက်
အဖွဲ့ဥက္ကဋ္ဌကြီး အထူးကု ဆရာဝန်ကြီး ဝဏ္ဏ
ကျော်ထင် ဦးသာလှ ဦးဆောင်သော သာ
သနာ့ တက္ကသိုလ်ကြီးများ တည်ဆောက်ရေး
အဖွဲ့က တာဝန်ယူကာ ဆောက်လုပ်ခဲ့ရာ လုပ်
ငန်းများ ရာခိုင်နှုန်း(၉၀)ခန့်မျှပြီးစီးခဲ့ပြီ ဖြစ်
ပါသည်။

(၂) မပင်မပန်းသော အလှူဒါနဖြင့် လှူဒါန်းနိုင်ရေး၊

(၃) သာစည်မြေးဆက် သာသနာ့အမွေကို လက်ဆင့်ကမ်း ပေးအပ်နိုင်စေရေး–

တည်းဟူသော မူ(၃)ရပ်နှင့် အညီဆောက်လုပ်ခဲ့ရာ တက္ကသိုလ်ကစ်ဆောင်စီလျှင် ကျပ် ငွေသိန်း(၆၀၀)ခန့်မျှအကုန်အကျခံ၍ဆောက်လုပ်ခဲ့ပြီး ဖြစ်သည်။ ယခုတစ်ဖန် နိုင်ငံတော်အဆင့်မီ မှတ်မ်းမဲ့ဆောက်လုပ်ရမည် ဖြစ်သဖြင့် ဘဏ္ဍာတော်ငွေများ ထပ်မံ လိုအပ်လာသည့် အလျောက် ဆရာတော်ကြီး ချမှတ် ပေးခဲ့သော မူကြီး(၃)ရပ်ကို ဦးထိပ်ထား၍ ပြည်နယ်နှင့်တိုင်း (၁၄)ခုမှ ပြည်သူတို့တံမှ မပင်မပန်းသော အလှူဒါနဖြင့် အလှူတော်ငွေများကို အလှူခံလှုက်ရှိပါသည်။ လူတစ်ယောက် (၁)နှစ်လျှင် ပြား(၅၀)နှုန်း၊ (၂)နှစ်အတွက် အသပြာ တစ်ကျပ်စီ လှူဒါန်းကြပါလျှင် မြန်မာ နိုင်ငံတော်၏ လူဦးရေ သန်းပေါင်း(၄၀) ကျော်အတွက် အလှူတော်ငွေ ကျပ်သန်းပေါင်း (၄၀)ကျော် ရရှိမည်ဖြစ်ရာ ယင်းအလှူငွေဖြင့် တက္ကသိုလ် ကြီးအား နိုင်ငံတော် အဆင့်မီ အဆောက်အအုံဖြစ်အောင် ဆောက်လုပ် မှတ်မ်းမဲ့သွားမည် ဖြစ်ပါသည်။

တက္ကသိုလ်ကြီးများ ဆောက်လုပ်ရန်အတွက် လိုအပ်သော အလှူတော်ငွေများကို လူတစ်ယောက် လျှင် တစ်နှစ် (၅၀) ပြား နှုန်း ဖြင့် ၁၉၈၇–၁၉၈၈နှင့် ၁၉၈၉-ခုနှစ်များအတွက် ပထမအရစ်အဖြစ် ပြည်သူများက လှူဒါန်းခဲ့ပြီး ဖြစ်၍ ဆရာတော်ကြီးကိုယ်တော်တိုင် ပြည်နယ်နှင့် တိုင်းအနှံ့သို့လည်းကောင်း၊ မြို့နယ်များသို့ လည်းကောင်း ကြွရောက်တော် မူကာ ယင်း

မင်္ဂလာရှိသော နေ့တစ်နေ့တွင် နိုင်ငံတော်ဦးမြို့ဝပ်ပိုင်းမှ တည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးသန်းရွှေသည် ကမ္ဘာအေးကုန်းမြေရှိ သာသနာ့တက္ကသိုလ်ကြီး၏ သာသနိက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုကြည်ညိုပြီးနောက် တက္ကသိုလ်ကြီးအား နိုင်ငံတော် အဆင့်မီ တည်ဆောက်ပါမည့်အကြောင်း မေတ္တာရပ်ခံ လမ်းညွှန်မှု ပြုသွားခဲ့ပါသည်။

မှန်ပေသည်။ ပြည်ထောင်စုံ မြန်မာ နိုင်ငံတော်သို့ ရောက်ရှိလာကြသော ကမ္ဘာ့နိုင်ငံအရပ်ရပ်မှ နိုင်ငံ ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အခြားသော အဓိကရပ်ဝန်းလိမ်များနှင့် စာမွှာလှည့် ခရီးသည်တို့ အနေဖြင့် ဦးစွာ လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်အား သွားရောက် ကြည်ညိုကြပေမည်။ ထို့နောက်ပြည်သူ ရင်ပြင်သို့ သွားရောက် လေ့လာကြပေမည်။ ထို့နောက် မြန်မာနိုင်ငံတော်သို့ ရောက်ရှိလျှင် မရောက်လျှင် မဖြစ်သော ကမ္ဘာကေး ကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ တင်တော်မူရာ လိုဏ်ဂူကြီး၊ ကမ္ဘာအေး စေတီတော်နှင့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးအား သွားရောက် လေ့လာကြည်ညိုကြပေမည်။ မဟာပါသာဏလိုဏ်ဂူကြီးနှင့် ကမ္ဘာအေး စေတီတော်အား နိုင်ငံတော် အဆင့်မီ ဘက်စုံမှမ်းမံမှု ပြုလုပ်လျက်ရှိရာ သာသနာ့တက္ကသိုလ်ကြီး ကိုလည်း ကမ္ဘာ့ အဆင့်မီ နိုင်ငံတော် တက္ကသိုလ်အသွင်ကို ဆောင်နေရန် မှတ်မ်းမဲ့ရန် လိုအပ်ပေမည်။

တက္ကသိုလ်များကို ဆောက်လုပ် ခဲ့စဉ်က ဆရာတော်ကြီး၏ သြဝါဒ ဖြစ်သော–

(၁) လူတိုင်း လူတိုင်း ကျောင်း ဒကာ အဖြစ် ခံယူရေး၊

ကုသိုလ် ကောင်းမှုများ အတွက် ဓမ္မဒေသနာ ချီးမြှင့်ကာ အမျှပေးဝေတော် မူခဲ့ပြီး ဖြစ်ပါသည်။

နိုင်ငံတော် သာသနာ့ တက္ကသိုလ်ကြီးအား နိုင်ငံတော် အဆင့်မီ ဆောက်လုပ် မှမ်းမံ ရန် အတွက် လိုအပ်သော အလှူတော်ငွေ များကို ၁၉၉၀ပြည့်နှစ်နှင့် ၁၉၉၁-ခုနှစ်များအတွက် ဒုတိယအရစ်အနေဖြင့် ဆက်ကပ် လှူဒါန်းကြပါရန် ပြည်နယ်နှင့်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများ ဖြစ်ကြသော တိုင်းမှူးများက နိဗ္ဗာန်ဆော်ပြုလုပ်ကြပြီး မြို့နယ်စု၊ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌများက အနီးကပ် ကြီးကြပ်ဆော်သြကြကာ ပြည်နယ်နှင့်တိုင်း ဥပဒ္ဒာက အဖွဲ့များ၊ မြို့နယ်ဥပဒ္ဒာကအဖွဲ့များ၊ ရပ်ကွက်နှင့်ကျေးရွာ ဥပဒ္ဒာကအဖွဲ့များက ပြည်သူတို့ထံမှ လူတိုင်း ကျောင်းဒကာအဖြစ်ကို ခံယူနိုင်ရေး အတွက် မပင်မပန်းသော အလှူတော်ငွေများကို အလှူ ခံခဲ့ကြပါသည်။ ပြည်သူတို့လှူဒါန်းသောအလှူ တော်ငွေများကို စုဆောင်းစုပေါင်းကာ သက် ဆိုင်ရာ ပြည်နယ်နှင့် တိုင်းမှ ပြည်သူများက သက္ကစ္စဒါနမြောက် တိပိဋကဆရာတော်ကြီး၏ ရှေ့တော်မှောက်တွင် လှူဒါန်းကာ တရား ဒေသနာကြားနာရင်း ရေစက်သွန်းချ အမျှပေး ဝေသည်ကို ခံယူရန် ဆန္ဒ ပြင်းပြကြသည့် အလျောက် ဆရာတော်ကြီး ကိုယ်တော်တိုင်က လည်း သဒ္ဓါကြည်လင် စေတနာရှင်ပြည်သူတို့ ၏ မွန်မြတ်သောဆန္ဒကို ဖြည့်ဆည်းတော်မူလို သည့်အလျောက် မြန်မာနိုင်ငံတော်အနှံ့ သာ သနာပြုခရီး ဆန့်တော်မူခဲ့သည်။

ယခုတစ်ဖန် တနင်္သာရီတိုင်းသူတိုင်းသားတို့ က မိမိတို့ စုဆောင်းစုပေါင်း အလှူတော်ငွေ များကို သာသနာ့ တက္ကသိုလ်ကြီးများ တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှထံ ဆရာတော် ကြီး၏ရှေ့ တော်မှောက်တွင်သဟတ္ထိကလှူဒါန်း ပြီး ဆရာတော်ကြီး ချီးမြှင့်တော်မူသော တရား ဒေသနာကို ကြားနာကြကာ ဆရာတော်ကြီး ကိုယ်တော်တိုင် ရေစက်သွန်းချ အမျှပေးဝေ သည်ကို ခံယူလိုကြသည် ဖြစ် သော ကြောင့် တနင်္သာရီတိုင်းသို့ ကြွရောက်တော် မူပါမည့် အကြောင်း ခြေတော်စုံကိုဦးခိုက်လျက်လျှောက် ထားပင့်ဖိတ်ကြသောကြောင့် ဆရာတော်ကြီး က ကြွရောက်လာခြင်း ဖြစ်သည်။

ဆရာတော်ကြီးသည် သာသနာပြုခရီးများ ကို မြေပြင် ရေပြင်မသာ လိုအပ်ရာယာဉ်များ ဖြင့် ကြွရောက်တော်မူလေ ရှိရာ ဤ တနင်္သာရီ တိုင်း သာသနာပြု ခရီးစဉ်ကို ဆရာတော်ကြီး ကိုယ်ချမ်းသာ စိတ်ချမ်းသာ ကြွရောက်တော် မူနိုင်ရန် အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ပစ္စယာနုဂ္ဂဟဒါနပြု ခဲ့သည်။ ယင်းဒါနကို လက်တွေ့ သဟတ္ထိက ဆောင်ရွက်ပေးရသူမှာ တပ်မတော်(ရေ) ဖြစ် သည်။ ကမ္ဘီယကာရကအဖြစ် အနီးကပ်ဝေယျာ ဝစ္စဆောင်ရွက်သူးရမည့် ပုဂ္ဂိုလ်များနှင့် ဆွမ်း ဒါယကာတို့မှာ တပ်မတော်ရေယာဉ်မှူး ဗိုလ်မှူး အောင်ခင်ကျော် အမှူးပြုသော အရာရှိ အရာခံ အကြပ် တပ်သားများ ဖြစ်ကြသည်။

ရန်ကုန်မြို့တော်မှ တပို့တဲ့ လပြည့်ကျော် ၃-ရက် (၁-၂-၉၁)နေ့ မွန်းလွဲ ၂-နာရီ မိနစ်-၃၀ အချိန် ထွက်ခွာလာသော ယာယီ စံကျောင်းဟော် "အင်းလျား" သည် တနင်္သာရီ တိုင်း၏မြို့တော် ထား၀ယ်မြို့၏ ပင့်လယ်ဝသို့ လပြည့်ကျော် ၄-ရက် နံနက်တွင် ရောက်ရှိခဲ့ သည်။ ထိုမှ နံနက် ၁၀-နာရီ ၄၅-မိနစ်အချိန် တွင် ရေယာဉ်အမှတ်(၈၁၃)ဖြင့် ထွက်ခွာခဲ့ရာ

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ မြတ်မြို့ သာသနာပြုခရီး မှတ်တမ်းဓာတ်ပုံများ

မြို့တော်မြို့မှ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးအား ကြိုဆိုကြပုံ









မြတ်မြိုမှ
နိုင်ငံတော်ပရိယတ္တိ
သာသနာ့တက္ကသိုလ်ကြီး
များအတွက်
ဆွမ်းပဒေသာနှင့်
ဒေသထွက်ပစ္စည်းအလှူ
ရေစက်ချပွဲ
(၄-၂-၉၁)

မန္နန်းလဲ ၁၂-နာရီ ၁၅-မိနစ်အချိန်တွင် ဆင်ဖြူပြောင်ရွာသို့ ရောက်ရှိရာ ဆရာတော်ကြီးအား သောင်းမသောင်းဖြဖြ ကြိုဆိုပူဇော်နေကြသည်ကို တွေ့ရှိရသည်။

ဆင်ဖြူပြောင်မှခရီးနှစ်မိုင်မျှသာဝေးကွာသော သရက်ချောင်းမြို့သို့ မန္နန်းလဲ ၁၂-နာရီမိနစ်-၅၀ အချိန်တွင် ရောက်ရှိကာ အလှူတော်ငွေ ပေးအပ်၍ ရေစက်သွန်းချ အမျှပေးဝေရန်အတွက် ပြုပြင် မွမ်းမံထားသော တပ်ရာကုန်းကျောင်း ဓမ္မာရုံတွင် မွန်းလဲ ၁-နာရီ ၁၅-မိနစ်အချိန်၌ အလှူဒါန အခမ်းအနားကို စဘင်ကျင်းပကြသည်။

တိပိဋကဓရ ဆရာတော်ထံမှ ငါးပါးသီလ ခံယူကြပြီးနောက် သရက်ချောင်းမြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးမြင့်သန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးနောက် အလှူတော်ငွေ စုစုပေါင်း (၂၉၆၃၆၄)ကျပ်ကို အထူးကုဆရာဝန်ကြီး ဝဏ္ဏကျော်ထင် ဦးသာလှ လက်ဝယ်သို့ ပေးအပ် လှူဒါန်းရာ သာဓုသံကြိမ်ခေါင်သံများ ပဲ့တင်ထပ် သွားတော့သည်။ လှူဒါန်း သည့် ဝတ္ထုများမှာ သာသနာ့ တက္ကသိုလ်ကြီးအား နိုင်ငံတော် အဆင့်မီ မွမ်းမံရန်အတွက် အလှူတော် ငွေကျပ်(၉၆၃၆၄)။ ဘာသာငါးရပ် ပိဋကတ်တော်အတွက် ငွေကျပ်(၈၀၀၀၀)နှင့် တစ်နှစ်လျှင် တစ်ရက်အတွက် ဆွမ်းကပ်လှူရန် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေကျပ် (၁၅၀၀၀၀) ၁-သိန်း၅-သောင်း ဖြစ်သည်။

နိုင်ငံတော် သာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ် လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ တိ=နိ ဥပဋ္ဌာက(ပင်မ)ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ က ဆရာတော်ကြီး၏ ကြွရောက်ခြင်းသည် သရက်ချောင်းမြို့နယ်မှ ပင့်ဖိတ်ချက်အရ ဖြစ်ကြောင်း ဆရာတော်ကြီး၏ သာသနာပြု



မြိတ် မြို့.ဈူမြို့.သား များကိုယ်စား တနင်္သာရီ တိုင်း ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်၍ ရေစက်ချစဉ်

လုပ်ငန်းကြီးများ အကြောင်းကို ရှင်းလင်း ပြောကြားသည်။ ဆရာတော်ကြီးက အနှစ် (၄)ပါး တရားဒေသနာကို ဟောကြားပြီး အလှူဒါနကို ရေစက်သွန်းချ အမျှပေးဝေ တော်မူသည်။ အမျှပေးဝေ သာဓုခေါ်ကြသည် မှာ အရပ်လေးမျက်နှာ ပဲ့တင် ထပ်သွား ဘော့်၏။


သာသနာပြု ခရီးကို ရှေ့ဆက်ရန်ရှိသော ကြောင့် သရက်ချောင်းမြို့မှ မွန်းလွဲ ၂-နာရီ ၃၀ မိနစ် အချိန်တွင် မော်ဘော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မကြာမီအတွင်း သရက် နှစ်ခွရွာသို့ ရောက်ရှိလာကြသည်။ ရွာသူရွာ သား‌တို့၏ပင့် ဖိတ်လျှောက်ထား‌ချက် အရ ဆရာ တော်ကြီးသည် ပြုပြင်စီမံ ထား‌သော မဏ္ဍပ် တွင် ခေတ္တမျှ သီတင်းသုံးကာ ငါးပါးသီလ ချီးမြှင့်တော်မူသည်။ စေတနာကြည်လင် သဒ္ဓါ ရှင်များက စုပေါင်းလှူဒါန်းကြသော ဝတ္ထု ဥစ္စာများကို ဆရာတော်ကြီး၏ နဝကမ္မ အတွက် ဆရာဝန်ကြီးထံ ပေးလှူကြသည်။

အသံကုန်ဖွင့်ထား‌သော အသံခွက် အော် လံမှ–

"ယခု လှူလိုက်တာ ရှင်းရှင်းပြောရရင် ဆရာတော်ကြီးအလိုရှိရာသုံးစွဲရန်လှူဒါန်း‌သော နဝကမ္မဝတ္ထုငွေများ ဖြစ်ပါတယ်" ဟု ပြော သော‌အသံကို ကြား‌လိုက်ရသော ကျွန်တော်တို့ တစ်တွေမှာ ဒေသအလျောက် မိမိတို့ သဘော ပေါက် သလို ပြောကြား‌ချက်ပါတကား‌ဟု နှစ်သက် ဝမ်း‌မြောက်ခြင်း ဖြစ်ခဲ့ကြပါသည်။

ထို့နောက် သရက်ချောင်းမြို့နယ်နှင့် ထား ဝယ်မြို့နယ်တို့၏ နယ်စပ်သို့ ဆိုက်ရောက်လာ ကြရာ လမ်းအနီး‌ရှိ စေတီတော်အား လှုမ်း၍ ဖူး‌မြော်လိုက်ရသည်တွင် မာရဇိနစေတီတော်၊ ရှင်မုတ်ဆိတ်ဟူသော ကမ္ဘည်းကို တွေ့မြင်လိုက်ရ သဖြင့် စေတီကော်နှင့် အရပ်ကို သိလိုက်ရ

မင်းကွန်း တိပိဋကဓရဆရာတော်ကြီး
မြိတ်မြို့မှ ပြန်လည်ကြွချီတော်မူ၍
အင်းလျား တပ်မတော်ရေယာဉ်သို့
ပင့်ဆောင်တော်မူကြပုံ ⬇



နှင့် ပတ်သက်၍ ရှင်းလင်း ပြောပြသည်။

တိုင်းမှ စုဆောင်း စုပေါင်း လှူဒါန်းသော အလှူတော်ငွေ ကျပ် ၃၂၂၄၀၀- ကျော် ကို ဒု-ဗျူဟာမှူး ဒု-ဗိုလ်မှူးကြီး အုန်းမောင်က ပေးအပ်လှူဒါန်းရာ ပင်မဥပဒ္ဒါက ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှက လက်ခံရယူသည်။

မင်းကွန်းဆရာတော်ကြီးက တရားဒေသနာ ဟောကြားတော်မူပြီး ရေစက်သွန်းချ အမျှ ပေးဝေရာ သာဓုသုံးကြိမ်ခေါ်သံမှာ အရပ် လေးမျက်နှာ ပြန့်လွင့်နေတော့သည်။ထို နောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့ကာ အခမ်းအနားကို ရှုပ်သိမ်းလိုက် ကြသည်။ ထို့နေ့ည ထားဝယ်မြို့တွင် ဆရာ တော်ကြီးသည် ယေ၊သိတာရုံ ကျောင်းတိုက် သစ်၌ ကျိန်းစက် သီတင်းသုံးတော်မူသည်။

တပို့တဲ့လပြည့်ကျော် ၅-ရက် (၃-၂-၉၁) နေ့ နံနက် ၈-နာရီ ၁၅-မိနစ် အချိန်တွင် ထားဝယ်မြို့မှ သရက်ချောင်းမြို့၊ ထိုမှ ဆင်ပြေ ပြင်သို့ ရောက်ရှိကြကာ အထူး ရေယာဉ်ဖြင့် ထွက်ခွာကြရာ ယာယီစံကျောင်းတော် "အင်း လျား" သို့ မွန်းလွဲ ၁၂-နာရီ မိနစ် ၃၀ အချိန်၌ ရောက်ရှိကြသည်။ "အင်းလျား"စစ် ရေယာဉ်သည် ဓမ္မစေတီတော်အား သယ်ဆောင် ကာ ပင်လယ်ပြင်ကို ဖြတ်ကျော်လွှက် ခုတ် မောင်းလာရာ ညနေ ၆-နာရီ၃၀-မိနစ်အချိန် တွင် မြိတ်မြို့ ပင်လယ်ပြင်သို့ ရောက်ရှိသည်။ ရေတက်ချိန်ကို စောင့်ဆိုင်းကာ ည ၉-နာရီ ၄၅-မိနစ်အချိန်ခန့်တွင် ဆက်လက်ခုတ်မောင်း သွားရာ မြိတ်မြို့ ဆိပ်ကမ်းသို့ ည ၁၁-နာရီ ၁၅-မိနစ်အချိန်တွင် ဆိုက်ကပ်ကာ တစ်ညတာ ညအိပ် ရပ်နားသည်။

တပို့တဲ့လပြည့်ကျော် ၆-ရက် (၄-၂-၉၁)

သည်။ ထိုမှစ၍ ထားဝယ်မြို့နယ်မှ ဓမ္မမိတ်ဆွေ အပေါင်းတို့က ဆရာတော်အား ကြိုဆိုသွား ကြရာ မကြာမီ ကနိုင်းဒါရွာသို့ ရောက်ကြ သည်။ ရွာသူရွာသားတို့၏ တောင်းပန်လျှောက် ထားချက်ဖြင့် ဆရာတော်က ခေတ္တ သီတင်း သုံးတော်မူကာ ငါးပါးသီလ ချီးမြှင့်တော်မူခဲ့ သည်။ ဆရာတော်ကြီး ကြွလာတော်မူရာ လမ်း တစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူတို့က လမ်း၏ ဝဲယာ နှစ်ဘက်မှ ဆရာတော်ကြီး အား ဝပ်တွားရိုကျိုး ရှိခိုး ပူဇော်လျက် ရှိကြသည်။ တိုင်း၏ မြို့တော်ဖြစ်သော ထား ဝယ်မြို့သို့ ညနေ ၄-နာရီ မိနစ် ၄၀ အချိန် ရောက်ရှိပြီး တနင်္သာရီတိုင်းမှ အထူးတလည် စီမံထားသော မော်တော်ယာဉ်ဖြင့် မြို့ကိုလှည့် လည်ကာ အပူဇော်ခံတော်မူသည်။


တနင်္သာရီတိုင်း ငြိမ်ဝပ်ပိပြားမှု တည် ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗျူဟာမှူး ဗိုလ်မှူး ကြီး သာဝင်း ဦးဆောင်၍ အလှူတော်ငွေ ပေးအပ်သည့် အခမ်းအနားကို ထို နေ့ည ၇-နာရီအချိန်၌ ထားဝယ်မြို့ ဘုရားကြီး တန် ဆောင်းအတွင်း ကျင်းပရာ အလှူရှင်များ၊ ဓမ္မမိတ်ဆွေများဖြင့် ပြည့်နှက်လျက် ရှိသည်။ တနင်္သာရီတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ ဥက္ကဋ္ဌက သာသနာရေးရာ ကိစ္စများ ကို လျှောက်ထားပြီး ဥက္ကဋ္ဌ အထူးက ဆရာဝန် ကြီးကဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်း ကြီးသုံးသွယ်ဖြစ်သော-


၁။ တိပိဋကဓရ အရှင်မြတ်များ ပေါ် ထွန်းရေး၊

၂။ ပြည်တွင်းပြည်ပ သာသနာပြု အရှင် မြတ်များ ပေါ်ထွန်းရေး၊


၃။ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး တည်ဆောက်ရေး

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး
ကောသောင်းမြို့ နှစ်ကျိပရှစ်ဆုဓမ္မာရုံတွင် ဘာသာ(၅)မျိုးပိဋကတ်ကျမ်းစာ နှင့်
ဆွမ်းပဒေသာပင်တို့အတွက် ရေစက်ချအလှူခေတ်ပုံမှတ်တမ်း





ပုံ ၁၀ ။ ဖြစ်ရပ်ပုံအား ထိုင်ပြ



မင်းကွန်း တိပိဋကဓရဆရာတော်ကြီး ကော့သေခင်းမြို့မှ ပြန်လည်ကြွချီတော်မူပုံ

နေ့ နံနက် ၅-နာရီ မထိုးမီ မြိတ်မြို့ဆိပ်ကမ်း တွင် များစွာသော လူထုပရိသတ်တို့က ကမ်း လုံးညှက်မျှ ဆရာတော်ကြီးအား ပင့်ဆောင်ရန် ကြိုဆို နေကြသည်ကို တွေ့ရသည်မှာ အမျိုး ဘာသာ သာသနာကို မြန်မာနိုင်ငံသားတို့သည် နေရာမရွေး ဒေသမရွေး ညီတူညီမျှ အလေး ထား ကိုင်းရှိုင်းကြသည်မှာ တူညီကြောင်းကို ပြသလိုက်သည့် အထောက်အထားပင် ဖြစ်ပါ သည်။ ဆရာတော်ကြီးအား မြိတ်မြို့စံကျောင်း တိုက်တော်၌ အရုဏ်ဆွမ်း ကပ်လှူကြသည်။

မြို့သူ မြို့သားတို့က ပင့်ဆောင် သွားကြရာ မြိတ်မြို့၏ ကျက်သရေဆောင် လေးကျန်းဆီမီး စေတီတော်ကြီး၏ အာရုံခံမှာရုံကြီးသို့ နံနက် ဂ-နာရီ ၁၅-မိနစ် အချိန်တွင် ရောက်ရှိကြပါ သည်။ အလှူတော်ဌေးများ ပေးအပ်ရေစက်ချ သည့် အခမ်းအနားကို စတင်ကျင်းပရာ ဆရာ တော်ကြီးက သီလချီးမြှင့်တော်မူသည်။ မြိတ် မြို့နယ်စုဉာဏ်ဌာန ဒု-ဗိုလ်မှူးကြီးတင်အေးက သာ သနာရေးကိစ္စများကို လျှောက်ထားပြီး ပင်မ ဥပဒ္ဒာက ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှက ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းကြီး(၃)ရပ်ကို ရှင်းလင်း ပြောပြသည်။ မြိတ်မြို့နယ်မှ သာသနာ့ တက္ကသိုလ်ကြီးအတွက် ဒုတိယအရစ်အနေဖြင့် လှူ ဒါန်းရန် ဖြစ်သော အလှူတော်ဌေပေါင်း ကျပ် "သုံးသိန်းကိုးသောင်းရှစ်ရာတစ်ဆယ့်တစ်" ကို ဆရာတော်ကြီး၏ ရှေ့မှောက်တော်၌ ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးသာလှလက်သို့ မြို့နယ်စုဉာဏ်ဌာက ပေးအပ်လှူဒါန်းပါသည်။

လှူဒါန်းသော အလှူတော်ဆွဲ အသေးစိပ် မှာ-

က။ သာသနာ့ဟက္ကသိုလ်ကြီး နိုင်ငံတော်

အဆင့်မီ တည်ဆောက်ရေး အတွက် ငွေကျပ်-၁၆၀၀၁၁၊

ခ။ ဘာသာ ငါးရပ် ပိဋ္ဌ ကတ် တော် အတွက် ငွေကျပ်-၁၀၀၀၀၀၊

ဂ။ တန္ဒစ်လျှင် တစ်ရက် ဆွမ်းပဒေသာ အလှူ ငွေကျပ်-၁၅၀၀၀၀ ဖြစ်ပါသည်။ ဆွမ်းကပ်ရမည့် နေ့ရက်ကိုကား သာသနာ့ တက္ကသိုလ် (ပင်မ) ဥပဒ္ဒာက အဖွဲ့က သတ်မှတ်ပေးပြီးဖြစ်ပါသည်။

မင်းကွန်း ဆရာတော်ကြီးက မြိတ်မြို့နယ်မှ အလှူရှင် အပေါင်းတို့အား တရားဒေသနာ ချီးမြှင့်တော်မူပြီးနောက် မြိတ်မြို့နယ် သြဝါဒိ စရိယဆရာတော်ကြီးများနှင့်အတူ ပရိတ်တရား တော်များ ချီးမြှင့်ခဲ့ပါသည်။ ထို့နောက် ဆရာ တော်ကြီးက ယနေ့ လှူဒါန်းရသော ကုသိုလ် ကောင်းမှုအစုစုံ၏ ကောင်းမှုဘာဂကို သတ္တဝါ အပေါင်းတို့နှင့် တကွ အညီအမျှ ရကြပါစေ ကြောင်း ရေစက်သွန်းချ အမျှပေးဝေတော်မူ ရာ ကြွရောက်လာကြသော ရဟန်းရှင်လူတို့၏ အမျှပေးဝေ၍ သာဓုခေါ်သောအသံများသည် ဘဝဂ်လျှံသွားတော့၏။

မင်းကွန်းဆရာတော်ကြီး၏ သာသနာပြုခရီး စဉ်သည် များပြားလှသည် ဖြစ်ရာ အဏ္ဏဝါ သာသနာပြု ခရီးစဉ်အတွက် ခွင့်ပြုနိုင်သည့် အချိန်မှာ အကန့်အသတ်ရှိသောကြောင့် ဆွမ်း ကိစ္စ ပြီးသည်နှင့် ထို့နေ့ မွန်းလွဲ အချိန်တွင် ရေယာဉ်ဖြင့် ကော့သောင်းမြို့သို့ ထွက်ခွာလာခဲ့ ကြပါသည်။ ပိဋ္ဌကတ်သုံးပုံ (၀၁) ဓမ္မစေတီ တော်အား ပင့်ဆောင်လာသော အင်းလျား ရေယာဉ်သည် ပိုင်နက်ပင်လယ်ပြင်ကို အရှိန် အဟုန်ဖြင့် ကျော်ဖြတ်ကာ မရပ်မနား ခုတ် မောင်းသွားခဲ့ရာ တပို့တဲ့လပြည့်ကျော် ၇-ရက် အင်္ဂါနေ့ နံနက် ၉-နာရီ မိနစ်-၃၀ အချိန်၌ ကော့သောင်းမြို့အနီး ပတ်ချန်မြစ်ဝသို့ရောက်ရှိ ကာ ကျောက်ချခဲ့ရသည်။

ရေယာဉ်မှ ဆိပ်ကမ်းသို့ စက်လှေတစ်စင်း ဖြင့် ထွက်ခွာလာကြရာ နံနက် ၁၀-နာရီ ၄၅-မိနစ်အချိန်တွင် ဆိပ်ကမ်းတံတားသို့ ရောက်ရှိ သောအခါ ကော့သောင်းမြို့သူမြို့သားများက ကမ်းလုံးညွှတ်မျှ စည်ကားသိုက်မြိုက်စွာ ဆရာ တော်ကြီးအား ဖူးမြော်ကန်တော့ရန် စောင့် ကြိုနေကြသည်ကို တွေ့ရသောအခါ မြန်မာ နိုင်ငံတော်၏ အစွန်ဆုံးဒေသမှမြန်မာပြည်သူတို့ အနေဖြင့် ဆရာတော်ကြီးအား ဒုတိယအကြိမ် ဖူးမြော် ပူဇော်ခွင့် ရကြပြန်ပြီတကား ဟူ၍ ဝမ်းသာပီတိ ဖြစ်မိသည်။ ၁၉၈၈-ခုနှစ်က လည်း တစ်ကြိမ် ဤဒေသသို့ ဆရာတော်ကြီး သည် သာသနာပြု ရောက်ရှိတော်မူခဲ့ပြီးဖြစ်ပါ သည်။ ဆရာတော်ကြီးသည် တောင်ကုန်းပေါ် တွင် စံပယ်နေတော်မူသော နှစ်ကျိပ်ရှစ်ဆူ ဘုရား ဓမ္မာရုံတွင် ယာယီစံကျောင်းတော်အဖြစ် သီတင်းသုံးတော်မူသည်။ ထို့နေ့ ည ၇-နာရီ အချိန် တွင် ကော့သောင်းမြို့မှ သံပုံရိုင်း နယ်ဝင် သူတော်စင်အပေါင်းတို့အား နိဗ္ဗာန် ရောက်ကြောင်း တရားတော်ကို ဟောကြား တော်မူခဲ့သည်။

တပို့တဲ့လပြည့်ကျော် ဂ-ရက် ဗုဒ္ဓဟူးနေ့ နံနက် ဂ-နာရီအချိန်တွင် နှစ်ကျိပ်ရှစ်ဆူဘုရား ဓမ္မာရုံတွင် ဆရာတော်ထံမှ သီလခံယူ ဆောက် တည်ကြပြီးနောက် မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက သာသနာရေး ဆိုင်ရာ ကိစ္စများကို လျှောက်ထားပြီး ပင်မ ဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌ ဆရာဝန်ကြီးဦးသာလှက ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းကြီး သုံးရပ်ကို ရှင်းလင်းပြောပြပါသည်။ ထို့နောက် ကော့သောင်းမြို့နယ်မှပြည်သူများက စုဆောင်း

ပင်လယ်ပြင်မှအလှူ



အင်းလျားတပ်မတော်ရေယာဉ်မှူး မိုလ်မှူးအောင်ခင်ကျော် နှင့် စုပေါင်း လှူဒါန်းသော အလှူတော်ငွေကျပ် ၉၅၃၃၂၆ ကို မြို့နယ် ငြိမ်ဝပ်ပိပြားမှ တည် ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးလှအေးက ပင်မ ဥပဋ္ဌာက ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပါသည်။ ဆရာတော်ကြီးက တရားဓမ္မဟောကြားချီးမြှင့် တော်မူပြီးနောက် လှူဖွယ်ဝတ္ထု အစုစု၏ ကောင်းမှုအဖို့ဘာဂကို သတ္တဝါ အပေါင်းတို့ အား အညီအမျှ ရကြစေကြောင်း ရေစက် သွန်းချ အမျှပေးဝေရာပရိသတ်တို့၏ တခဲနက် သာဓု ခေါ်သံသည် ပင်လယ်ပြင်ကို ဖြတ်၍ တစ်ဘက်နိုင်ငံသို့တိုင် ပဲ့တင် ထပ်သွားတော့ သည်။


တနင်္သာရီတိုင်း အလှူ၏ ထူးခြား ချက် တစ်ရပ်မှာ ဒေသထွက် ပစ္စည်းများဖြစ်သော ငါးပိ ငါးခြောက် ငံပြာရည်များကို အမြောက် အမြား လှူဒါန်းသည်သာမက တနင်္သာရီတိုင်း အတွင်းရှိ ထားဝယ်၊ လောင်းလုံ၊ ရေဖြူ၊သရက် ချောင်း၊ မြိတ်၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ပုလောနှင့် ကော့သောင်းတည်းဟူ သော (၁၀) မြို့နယ်တို့မှ ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ်-တစ်သိန်းငါးသောင်းစီကို အပြည့်အဝ လှူဒါန်းခဲ့ကြပြီး ဖြစ်သဖြင့် တစ်နှစ်လျှင် တစ်ရက် ဆွမ်းကပ်ရမည့် နေ့ရက် များကို ဖေဖော်ဝါရီ(၂၄)ရက်နေ့မှစ၍(၁၀) ရက်တိတိ တနင်္သာရီတိုင်း၏ ဆွမ်းဆက်ကပ် လှူဒါန်းရမည့် နေ့များအဖြစ် ပင်မဥပဋ္ဌာက အဖွဲ့က သတ်မှတ်ပေးနိုင်ခဲ့သည်။

ပြည်တွင်းပြည်ပ သာသနာပြု ရဟန်းတော် များ ပေါ်ထွန်းရေးအတွက် ဖွင့်လှစ်ထားသည့် သာသနာ့တက္ကသိုလ်ကြီးများတွင် လိုအပ်လျက် ရှိသော ဘာသာငါးရပ် ပိဋကတ်တော်စာအုပ် များကို အလှူခံလျက်ရှိပါသည်။ စာအုပ်များ မှာ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့ သော ပိဋကတ်တော်သုံးပုံတွင်-

၁။ ပါဠိတော်-ဘုရားဟော ဒေသနာ

၂။ အဋ္ဌကထာ

ပင်လယ်ပြင်မှရေစက်ချပွဲ



ဇနီး ဒေါ်သိန်းသိန်းညွန့်နှင့်စစ်ရေယာဉ်ဝန်ထမ်း တပ်မတော်သားများ၏ အလှူတော်

၃။ ဦးကာ
၄။ နီဃယ

ဟူ၍ ရှိရာ၊ တစ်မျိုးလျှင် ကျမ်းစာအုပ် (၄၀)ပါရှိသဖြင့် စုစုပေါင်း စာအုပ်(၁၆၀) ဖြစ်ပါသည်။ ယင်းစာအုပ်ပေါင်း (၁၆၀) ကို ငါးဘာသာဖြင့် ရိုက်နှိပ်ပါလျှင်-

၁။	အင်္ဂလိပ်ဘာသာဖြင့်	၁၆၀-အုပ်
၂။	မြန်မာဘာသာဖြင့်	၁၆၀-အုပ်
၃။	ပါဠိဘာသာဖြင့်	၁၆၀-အုပ်
၄။	သင်္ကတဘာသာဖြင့်	၁၆၀-အုပ်
၅။	နာဂရီဘာသာဖြင့်	၁၆၀-အုပ်

ဖြစ်သဖြင့် စုစုပေါင်း (၈၀၀) အုပ် ဖြစ်ပါသည်။ တစ်အုပ်လျှင် ကျပ် ၁၀၀-နှုန်းဖြင့် လှူဒါန်းရန်ဖြစ်သောကြောင့် အုပ်ရေ(၈၀၀) အတွက် ငွေကျပ် ၈၀၀၀၀-ခန့် မှန်းထား ရာ တနင်္သာရီတိုင်း(၁၀)မြို့နယ်မှ တစ်မြို့နယ်လျှင် အုပ်ရေ (၈၀၀) လှူဒါန်းခဲ့သဖြင့် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်မှာ ထူးမြတ်သော ပိဋကတ် အလှူတော်တစ်ရပ် ဖြစ်ပါသည်။

ကော့သောင်းမြို့တွင် အလှူဒါနပေးအပ် ရေစက်သွန်းချသည့် အခမ်းအနားကြီး ပြီးစီးပြီဖြစ်သဖြင့် ဆရာတော်ကြီးသည် ကော့သောင်းမြို့မှ တပို့တဲ့လပြည့်ကျော်(၈)ရက်နေ့ ညနေ (၃) နာရီ အချိန်တွင် ကပ္ပလီပင်လယ်ပြင်ကို ဖြတ်၍ မြို့တော်ရန်ကုန်သို့ ဦးတည်ပြန်ကြွတော်မူပါသည်။ ထိုနေ့ည ရေယာဉ် စံကျောင်းတော်တွင် သီတင်းသုံးလျက်ရှိရာ နောက်တစ်နေ့တွင် ကပ္ပလီပင်လယ်ပြင်ကို ဖြတ်၍ ခုတ်မောင်းနေသော အင်းလျား ရေယာဉ်သည် ပြာလဲ့သော ပင်လယ်ပြင်ကို ဦးဖြင့်တိုက်ခဲ့ကာ မြောက်စူးစူးသို့ ခုတ်မောင်းလျက် ရှိသည်။ သဘော်ဦးမှ ကွဲ၍ဖြာထွက်လာသော ရေပန်းတို့သည် လည်းကောင်း၊ ပင်လယ်ပြင်အနှံ့ ဖြူဖွေးသော ရေပန်းများကို ပွင့်ဖူးစေသည့် လှိုင်းကြက်ခွပ်တို့သည်လည်းကောင်း ဓမ္မစေတီတော်အား ပူဇော်လျက်ရှိသည်။

ယာယီစံကျောင်းတော်တွင် သီတင်းသုံးနေတော်မူစဉ်ကာလ မင်းကွန်းဆရာတော်ကြီးနှင့် ပစ္စာဿမဏ ရဟန်းတော် နှစ်ပါးတို့၏ ဆုမ်းဒါယကာအဖြစ် တပ်မတော်(ရေ)အရာရှိ အရာခံအကြပ် တပ်သားတို့က ခံယူထားကြရာနေ့စဉ် ဝတ်မပျက် ဆရာတော်ကြီးနှင့် ပစ္စာဿမဏ နှစ်ပါးတို့အား မွန်မြတ်သော ခဲဘွယ်ဘောဇဉ်ကို ကပ်လှူသွားကြသည့်ပြင်၊ ဆရာတော်နှင့် ပါလာကြသော ဥပဿကာ၊ ဥပသိကာတို့အား ရသာမျိုးစုံ စားသောက်ဖွယ်ရာတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည့် အတွက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းတည်းဟူသော ဆုမ်းလှူရသော အကျိုး(၅)ပါးကို မုချကောန် ရနေကြမည်မှာ အမှန်ပင်ဖြစ်သည်။

နိုင်ငံတော် သာသနာ့ တက္ကသိုလ်ကြီးတွင် သီတင်းသုံးနေတော်မူကြသည့် သံဃာတော် အရှင်မြတ် များအား တစ်နေ့တာ အတွက် အရုဏ်ဆုမ်း၊ နေ့ဆုမ်း၊ ညနေ ဖျော်ရော၊ ည စတုမဓူ တစ်နေ့လေးကြိမ် ဆက်ကပ် လှူဒါန်း လျက်ရှိရာ သံဃာတော် တစ်ပါးလျှင် တစ်နေ့တာအတွက် ကျပ်ငွေ (၃၀) ကုန်ကျခံလျက် ရှိသဖြင့် ငွေကျပ် (၃၀၀) ကို ပဒေသာပင် အဖြစ် စိုက်ပျိုး ထူထောင်ထားပါလျှင် ရရှိသော အတိုး အညွှန့်ဖြင့် တစ်နှစ်လျှင် တစ်ရက် သံဃာတော် တစ်ပါးအား ရာသက်ပန်ဆုမ်း လှူဒါန်းနိုင်သောဆုမ်းဒါယကာအဖြစ်ကို ခံယူနိုင်မည် ဖြစ်ပါသည်။ ထိုနည်းဖြင့် သံဃာတော် တစ်ပါးအတွက် တစ်နှစ်လျှင် တစ်ရက် ဆုမ်းဒါယကာအဖြစ် ရာသက်ပန် ခံယူနိုင်ရန် ဆုမ်းပဒေသာပင် လှူဒါန်းထားသော အလှူရှင်များလည်း အများအပြား ရှိပါသည်။

တပ်မတော် ရေယာဉ်မှူး ဗိုလ်မှူး အောင်ခင်ကျော်နှင့် ဇနီး ဒေါ်သိန်းသိန်းညွန့် တို့အား အမှူးထားကာ ရေယာဉ်တွင်၊ တာဝန်ထမ်းဆောင်နေကြသော အရာရှိ အရာခံ အကြပ်တပ်သား အပေါင်းတို့ကလည်း မိမိတို့ ခွေးနည်းစာဖြင့် ရှာဖွေရရှိသော ဓမ္မိယလဒ္ဓဥစ္စာဖြင့် "ဆုမ်းပဒေသာပင် အလှူ" ကို အင်းလျားယာယီစံကျောင်းတော်ပေါ်၌ပင်လျှင် ဓမ္မစေတီဖြစ်တော်မူသော တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတအဘိဓဇမဟာရဋ္ဌဂုရုမင်းကွန်းဆရာတော်ကြီး၏ရှေ့တော်မှောက်တွင်လှူဒါန်းကြရာ ဆရာတော်ကြီးက ဆုမ်းဒါယကာအပေါင်းတို့အား တရားဒေသနာ ချီးမြှင့်ကာ အလှူဒါန၏ အကျိုး အဖိုဘာဂကို ရေစက်သွန်းချ အမျှပေးဝေတော်မူခဲ့ရာ သာဓုအနုမောဒနာခေါ်သံသည် ပိုင်နက်ပင်လယ်ပြင်ကို ကျော်လွှားလျက် ဘဝဂ်သို့တိုင် ပြန့်နှံ့သွားပေသည်။

ဆရာတော်ကြီး၏သာသနာပြုခရီးစဉ်အောင်မြင် ချောမွေ့စေရေးအတွက် ပိုင်နက်ရေပြင်ကို ကာကွယ်နေသည့် တပ်မတော်ရေယာဉ် အသုံးပြုခွင့်ကို လှူဒါန်းရသည့် အကျိုးအားကြောင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥက္ကဋ္ဌကြီးနှင့်တကွ ဒုဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဤကုသိုလ်ကောင်းမှုအစုစု၏ အဖိုဘာဂကို ညီတူညီမျှရကြပါစေ။ နိုင်ငံတော်၏ ယာဉ်ဒါနကို ကာယ ဉာဏ ဝတ္ထု အလှူ များဖြင့် ကာယကံမြောက် ဆောင်ရွက် ပေးကြသော ဆုမ်းဒါယကာ ဖြစ်ကြသော တပ်မတော်ရေယာဉ်မှူးနှင့် တကွ အရာရှိ အရာခံ အကြပ်သား တို့သည်လည်း ဤကုသိုလ်ကောင်းမှု အစုစုတို့၏ အဖိုဘာဂကို နှုံး အညီအမျှ ရရှိကြပါစေသတည်း။ "သာဓု၊ သာဓု၊ သာဓု"

ဟသ်ာ



အာစည်အာလာပါဠိသင်နည်နှင့်
တက္ကသိုလ်ပါဠိသင်နည်း

မောင်အောင်ထွဋ်(ရန်ကုန်တက္ကသိုလ်)

(ဝန်ခံချက်။ စပ်မိစပ်ရာ ဆရာသမား အပေါင်းအသင်းများက "အစဉ်အလာ ပါဠိသင်နည်း (၏) ဘုန်းတော်ကြီးကျောင်း ပါဠိသင်နည်းနှင့် တက္ကသိုလ်ပါဠိသင်နည်း ဘယ်လို ကွာခြားသလဲ"ဟု မကြာခဏ မေးမြန်းကြပါသည်။ စာရေးသူသည် သာမဏေဘဝအသက်, ၁၈-နှစ်အရွယ်က ဓမ္မာစရိယ စာချတန်း (၁၃၁၅-ခု) အောင်သည်အထိ ဘုန်းကြီးကျောင်း ပါဠိသင်နည်းကို သင်ယူခဲ့ပါသည်။ အသက် ၂၁-နှစ် အရွယ်၌ ဆရာဦးစောထွန်း မှတ်ဝင်း (ထိုစဉ်က ညွှန်ကြားရေးမှူး၊ ကမ္ဘာ့ဗဟုတက္ကသိုလ်)ထံ၌ တက္ကသိုလ် ပါဠိသင်နည်း

ကို စတင်သင်ယူခဲ့ပါသည်။ ထို့နောက် ရန်ကုန် တက္ကသိုလ်၌ ဝိဇ္ဇာ၊ မဟာဝိဇ္ဇာတန်း များကို ပါဠိဖြင့် အောင်မြင်ခဲ့ပါ၏။ ၁၉၆၄-ခုနှစ်မှ စ၍ ပါဠိဘာသာကို သင်ကြားပို့ချပေးရသည့် တာဝန်ကို ထမ်းဆောင်ခဲ့ရာ ယနေ့တိုင်ဖြစ်ပါသည်။ ထိုကာလများအတွင်း ရရှိအပ်သော အတွေ့အကြုံများသည် အထက်ပါ မေးခွန်းကို ဖြေကြားရာ၌ တစ်စိတ်တစ်ဒေသ အထောက်အကူဖြစ်လိမ့်မည်ဟု ယူဆပါသည်။ ဤဆောင်းပါးသည်လည်း ပါဠိဘာသာကို သင်ယူကြရာ၌ မီးရှူးတန်ဆောင် မဖြစ်သော်လည်း လင်းလက်သော ဖောင်ခြည်ဦးကို ထွန်းပြနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။)

* * *

အစဉ်အလာ ပါဠိသင်နည်းနှင့် တက္ကသိုလ် ပါဠိသင်နည်း ဘယ်လိုကွာခြားသလဲ? ဟူသော မေးခွန်းကို အတိုဆုံး ဖြေရလျှင် "မတူပါ" ဟု ဖြေရပါလိမ့်မည်။

"ဘာမတူတာလဲ" ဟု ဆက်မေးလျှင် "သဒ္ဒါသင်ပုံကစ၍ မတူပါ" ဟု ဆက်ဖြေရပါမည်။

အစဉ်အလာ သဒ္ဒါသင်နည်း

ဤအဖြေကို အတန်အသင့် ရှင်းရပါမည်။ အစဉ်အလာ သဒ္ဒါသင်နည်းတွင် သုတ်၊ ဝုတ္တိ၊ ဥဒ ဟရဏ် ဟူသော အခြေခံစနစ် သုံးရပ်ပေါ် မူတည်သည်။ သုတ်သည် သဒ္ဒါစည်းမျဉ်း ဖြစ်သည်။ သဒ္ဒါစည်းမျဉ်းများကို အတိုဆုံး အရှင်းဆုံး သတ်မှတ်ဖော်ပြသည်။ တစ်နည်းအားဖြင့် သုတ်သည်ဥပဒေပင်ဖြစ်၏။ ထိုသုတ်၏အဓိပ္ပာယ် အကျယ်(ဝါ)ရှင်းလင်းချက်ကို ဝုတ္တိက ဖော်ပြသည်။ ဥဒါဟရဏ်သည် သုတ်နှင့် ဝုတ္တိတို့၏ လုပ်ဆောင်ချက်ကို အထောက်အကူးအဖြစ် ဖော်ပြချက်ဖြစ်သည်။ ဤအချက်ကို ပါဠိဃဋ္ဌာ ကျမ်းတို့၏ဘိုးအေဖြစ်သော ကစ္စိညီးတွင် တွေ့ရသည်။

သုတ်တို့၏ အဓိက လုပ်ဆောင်ချက်မှာ ရုပ်ပြီးပုံကို ဖော်ပြခြင်း ဖြစ်သည်။ ထို့ကြောင့် ပုဒ်တစ်ပုဒ်၏ 'ရုပ်ပြီးပုံ' သည် သုတ်တို့တွင် အခြေခံရသည်။ ဥပမာ ထုတ်ပြပါမည်။ စာရေးသူတို့ ငယ်စဉ်က ကျက်မှတ်ခဲ့ရသည့် ပုရိသော-ရုပ်ပြီးပုံကို ကြည့်ပါ။

"**ပုရိသော** ကား ဥဒါဟရဏ် မည်၏။ ဥဒါဟရဏ်ကို ပရသမညာ **ပ**ယောဂေ-ဟူသော သုတ်ဖြင့် လိင်အမည်မှည့်။ ဇိနဝစန ယုတ္တံဟိ ဟူသော သုတ်ကို လိုက်စေ၍ လိင်္ဂ နိပ္ပဒ္ဒတေ ဟူသော သုတ်ဖြင့် မြတ်စွာဘုရား ပါဠိတော်အား လျောက်ပတ်စွာ **ပုရိသ**-လိင်တည်၊ သည်-ဟူ၍ အနက်ပေးသောကြောင့် လိင်အနက်ကို အလိုရှိရကား လိင်္ဂထွေ ပထမာ-ဟူသော သုတ်ဖြင့် လိင်အနက်၌ ပထမဝိဘတ် ဧကဝုစ်သိ-သက်။ ပုဗ္ဗံမဓောဌိတမသရံသရေနဝိယောဇယေ-ဟူသော သုတ်ဖြင့် အ-သရမှ သ-ဗျည်းကိုခွင်း၊ သ-၏ အစိတ် အ-ကြွင်းစေ၊ ခွင်းအပ်ပြီးသော သ-ဗျည်းကို ရှေ့ဟု ဆိုအပ်သော အောက်၌ အစဉ်ထား။ သော-ဟူသောသုတ်ဖြင့် ပုလ္လိင် အ-ကာရန္တ နောင်မှ နှောင်းသော သိဝိဘတ်ကို သြ-ပြု။ "သရလောပေါ မာဒေသ ပစ္ဆယာဒိမ္ဟိ သရလောပေ တု ပကတိ" ဟူသော သုတ်ဖြင့် နောက် သြ အာဒေသ နှောင်းသောကြောင့် ရှေ့သရ၏ အစိတ်ဖြစ်သော အ-ကိုချ။ နောက် သြကိုလည်း ပကတိပြု။ နယေပရံယုတ္တော ဟူသောသုတ်ဖြင့် သရ-ကင်းသော သဗျည်းကို နောက်သြ-သို့ကပ်။ ပုရိသော-ကား မြတ်စွာဘုရား၏ပါဠိတော်အား လျောက်ပတ်စွာပြီး၏။"

ဤကား ရှေးခေတ်က ရုပ်တွက်ပုံတည်း။ ယခု ခေတ်၌ ဤမျှလောက် မရှည်တော့ဟု

ကျွန်တော် မကျွက်မှတ်စေမိ ကာရက တို့၏ အဓိပ္ပာယ်နှင့် အနက်ကို ဦးစွာ မှတ်သားစေ ပါသည်။ သည်၏ အား၊ ကို၊ ဖြင့်၊ မှ၊ ၌၊ အို" ဟု မှတ်စေပါသည်။ ထိုနောက် ကတ္တာ=သည်၊ က၊ သာမီ=၏၊ ရဲ့-စသည့် အဓိပ္ပာယ်များကို အပြန် အလှန် မေးဖြေလုပ်ပါသည်။ ကေဝုစ်၊ ဗဟုဝုစ် ဖြစ်သော **ကိန်း**၊ ပုလ္လိင် စသည့် **လိင်** တို့ကို လည်း မြန်မာသဒ္ဒါ အာဂ်လိပ်သဒ္ဒါတို့နှင့် ယှဉ် ကာ ရှင်းပြပါသည်။

ထို မတိုင်မီ အခြေခံ ဖြစ်သည့် ဗျည်း၊ သရ၊ ဝဂ်၊ အ-ဝဂ် တို့ကို ဇယားဖြင့် ဖော်ပြပြီး ရှင်းပြ ပါသည်။ ဤသို့ အက္ခရာ၊ ဗျည်း၊ သရ၊ ရဿ၊ ဒီဃ-တို့၏ သဘောကို ပထမနေ့ မိနစ် ၅၀-အတွင်း ရှင်းပေးလိုက်ပါသည်။ ဒုတိယနေ့တွင်မှ အထက်ပါ အ-သရဆုံး ပုလ္လိင်နာမ် ဂိဘတ် သွယ်ပုံကို ကျက်မှတ်စေခြင်းဖြစ်သည်။ ပုရိသ-ဂိဘတ်သွယ်ပုံကို လေး၊ ငါး ခေါက် ဆိုခိုင်းပြီး ဗုဒ္ဓေါ၊ ဗုဒ္ဓါ၊ ဓမ္မော-ဓမ္မာ၊ သံဃော-သံဃာ စသည်ဖြင့် နှုတ်တက် နှုတ်သွက်လာသည် အထိ အတန်းထဲတွင် တစ်ယောက်ချင်းဖြစ်စေ၊ အတွဲ လိုက်ဖြစ်စေ ဆိုခိုင်းပါသည်။

နှုတ်သွက်လာသော အခါ တစ်ပုဒ်ချင်း၏ အနက်ကို မေးပါသည်။ ဥပမာ-ဗုဒ္ဓါ ဆိုလျှင် ဘုရားတို့သည်၊ ဘုရား၌၊ အိုဘုရားတို့ ဟူ၍ ကာရကသုံးမျိုးလုံးနှင့်ဆိုင်သည့် အနက်သုံးမျိုး အထိ သိအောင် လေ့ကျင့်ပေးပါသည်။ ထို့နောက် ဘာသာပြန်စာပိုဒ်များ ရေးပြသည်။

ဥပမာ-

၁။ ဗုဒ္ဓေါ ဓမ္မံ

၂။ အာစရိယဿ သိဿာ ဂါမံ


၃။ ဂါမဿ မဂ္ဂေ ဒါရကာ မိတ္တောဟိ....

စသည်တို့ဖြစ်၏။ ဤသို့ ပါဠိစာပိုဒ် မြန်မာ သိရပါသည်။ မည်သို့ပင်ဖြစ်စေ "ပုရိသော=ယောကျ်ားသည်" ဟူသော ပုဒ်တစ်ပုဒ်ဖြစ်စေ ရန် အထက်က ဖော်ပြခဲ့သည့် သုတ်ပေါင်း (၈)သုတ်ကို အသုံးပြုခဲ့သည်။ ယခုခေတ်တွင် လည်း အနည်းဆုံး "သော" ဟူသော သုတ် တစ်သုတ်ကို အသုံးပြုပေလိမ့်မည်။ ဤသည် မှာ သုတ်များကို မှီ၍ ရုပ်ပြီးစေပုံ ဖြစ်သည်။ ဤသည်မှာ ဘုန်းကြီးကျောင်း ပါဠိသင်နည်း၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။

တက္ကသိုလ်သဒ္ဒါသင်နည်း

တက္ကသိုလ်နည်းတွင် **သုတ်** ဟူ၍ မရှိပါ။ သုတ်မရှိ၍ ဝုတ္တိလည်း မရှိပါ။ ဥဒါဟရဏ်ကား ရှိပါသည်။ယင်းတို့မှာ ပုရိသော၊ ပုရိသာ စသည့် နာမ်ပုဒ်များ၊ ဗုဇ္ဈတိ, ဇာနာတိ စသော ကြိယာ များ ဖြစ်သည်။ တက္ကသိုလ်နည်းတွင် သုတ်မရှိ၍ ရုပ်ပြီးပုံ ကျဉ်းသည်။ ဥပမာ ပုရိသ+ဇော= ပုရိသော။ ပုရိသ=ယောကျ်ား, ဇော သည်။ ထို့ကြောင့် ပုရိသော=ယောကျ်ားသည် ဟူ၍ ဖြစ်၏။ ဤစနစ်အရ ပုရိသ-ဟူသော အ-သရ ဆုံး ပုလ္လိင်နာမ်ပုဒ်များ၏ ရုပ်များကို အောက် ပါ ဇယားဖြင့် ကျက်ခိုင်းလိုက်ပါသည်။

ကာရက	ကေဝုစ်	ဗဟုဝုစ်
ကတ္တာ	ပုရိသော	ပုရိသာ
သာမီ	ပုရိသဿ	ပုရိသာနံ
သမ္မဒါန	〃	〃
ကမ္မ	ပုရိသံ	ပုရိသေ
ကရဏ	ပုရိသေန	ပုရိသေဟိ၊ပုရိသေဘိ
အပါဒါန	ပုရိသာ	ပုရိသေဟိ၊ပုရိသေဘိ ပုရိသဿိ၊ပုရိသမှာ
သြကာသ	ပုရိသေ၊ ပုရိသဿိ	ပုရိသေသု
အာလပန	ပုရိသ	ပုရိသာ



နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၏ ကြည်ညိုစဖွယ် စာသင်တန်း မြင်ကွင်းများ

စာပိုဒ်များ လေ့ကျင့်ရင်း ဒုတိယနေ့မိနစ်-၅၀ ပြည့်သွားပြီ။

ဤသို့ ၂-ရက်အတွင်း သင်ချိန် တစ်နာရီခွဲ ကျော်ကျော်တွင် ပါဠိစာပိုဒ်များ ရေးနိုင်သည့် အဆင့် ရောက်သွားသည်။

အ-သရဆုံး ပုလ္လင်နာမ်များ သင်ပြီးလျှင် ကြိယာများကို သင်ကြားပေးသည်။ ဝါကျများ ရေးဖွဲ့နိုင်အောင် နာမ်တစ်ဂိုဏ်းပြီးတိုင်း ကြိယာတစ်ဂိုဏ်း သင်ခြင်းဖြစ်၏။ ကြိယာများကို သင်ကြားရာ၌ ကြိယာနှင့်စပ်၍ သိမှတ်ဖွယ်ရာများကို ကြိုတင်ရှင်းပြထား၏။ ထို့နောက် ပထမကြိယာဂိုဏ်း(ဘူဝါဒိ)ကို စတင်သင်ကြားပေး၏။ ပြီးလျှင် ပစ္စုပ္ပန် ဝိဘတ်များနှင့် တွဲကာ အောက်ပါဇယားကို ကျက်စေသည်။

ယောဂ	ကဝုစ်	ဗဟုဝုစ်
နာမယောဂ	ပစတိ	ပစန္တိ
တုမှယောဂ	ပစသိ	ပစထ
အမှယောဂ	ပစာမိ	ပစာမ

ဟူ၍ ဖြစ်၏။

ကြိယာများ ကျေညက်လာ ပျှင် ၎င်းတို့ကို ၎င်းစာများနှင့်တွဲ၍ ကျက်စေသည်။ အဟံ– ပစာမိ၊ မယံ ပစာမ။ တံ ပစသိ၊ တုမ္ဟေ ပစထ။ သော, သာ, တံ – ပစတိ၊ တေ, တာ, တာနိ ပစန္တိ ဟူ၍ ဖြစ်၏။ ဤသို့ ယောဂအယ့ဉ်ကို သဘောပေါက်လျှင် ဝါကျများ ရေး၍ဘာသာပြန်နိုင်းသည်။ ဥပမာ–ဒါရကော မဂ္ဂေ ကီဠတိ– အဟံ သြဒနံ ပစာမိ စသည် ဖြစ်သည်။ ဤသို့ ပါဠိဝါကျရေးလိုက် မြန်မာဝါကျရေးလိုက်ဖြင့် အတန်းထဲတွင် ဆရာနှင့် တပည့်တို့ ပါဠိလေ့ကျင့်ကြသည်မှာ ပျော်စရာကြီး ဖြစ်နေသည်။ "သဒ္ဒါ ဟူသည်မှာ ပျင်းစရာ"ဟူသော အချက်ကို ဤနည်းဖြင့် ကျော်လွှားသည်။

ဤနည်းအတိုင်း နာမ်များ၊ ကြိယာများ၊ တဒ္ဓာ–ဆက်နည်း၊ တုံ–ဆက်နည်း၊ တ–ဆက်နည်းများကို ခန့်မှန်းချေ သုံးလအတွင်း ပြီးအောင် သင်ပေးပါသည်။ ဤသည်မှာ တက္ကသိုလ်၌ အဓိကဘာသာ သာမန်ဘာသာ မခဲခြားဘဲ ယေဘုယျ ပါဠိသဒ္ဒါသင်နည်း ဖြစ်ပါသည်။ အနောက်တိုင်းသားတို့သည် ဤနည်းဖြင့်ပင် ပါဠိကို တတ်ကျွမ်းခဲ့ကြ၏။ ပါဠိဆော်များကို အင်္ဂလိပ်ဘာသာ ဂျာမန်ဘာသာ စသည်တို့သို့ ပြန်ဆို နိုင်ခဲ့ကြ၏။ သူတို့သည် သူတို့နည်း သူတို့ဟန်ဖြင့် ပါဠိကို တတ်အောင်သင်ခဲ့ကြသည်။ တက္ကသိုလ်နည်းသည် ဤပါဠိသင်နည်းကို အခြေခံသည်။

တက္ကသိုလ်တွင်ကစ္စည်း၊ ရူပသိဒ္ဓိ စသည်တို့ကို ကိုင်၍ စာချသလို သင်ပေးရန် အခြေအနေက မပေးပါချေ။ ကျောင်းသူ ကျောင်းသားတို့ ပါဠိကို စိတ်ဝင်စားစေရန် သွေးဆောင်၍ သင်ကြားရခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် စာသင်သားတို့အား မငြီးငွေ့စေဘဲ စာတတ်စေသောနည်းဖြစ်သည်။

သင်ကြားခြင်း ၂–ခု၏ ခြားနားချက်

အထက်ပါသင်ကြားနည်း ၂–ရပ်ကို နှိုင်းယှဉ် လေ့လာသောအခါ အစဉ်အလာ သင်ကြားနည်းသည် အတတ်နှေးသည်။ အချိန်ကြာသည်။ ထုသားတေသားရအောင် ကျက်မှတ်ရသဖြင့် ရလာသောအခါ စွဲမြဲသည်။ ရုပ်ပြီးဖို့ အတွက် အနည်းဆုံး သုတ်စဉ်များကို ကျက်ရသည်။ သန္ဓိနှင့် နာမ်ပိုင်း ၂--ပိုင်းကျေမှ ရုပ်တွက်နိုင်သည်။ အာချာတ်ပိုင်း ကုန်မှ ဝါကျရေးနိုင်သည်။ ဤအဆင့်သို့ ရောက်အောင် ကြိုးစားရသည်မှာ မလွယ်ပါ။ ဤတွင် ဆရာဖြစ်သူက ရှေးဆန်နေပါက တပည့် စာသင်သားမှာ စိတ်ပျက်အားငယ်စရာတွေ အနန္တ။

စာရေးသူ၏ အတွေ့အကြုံကို တင်ပြပါမည်။ ၁၂–နှစ် သားတွင် ဝိသုဒ္ဓါရုံ သုတ်နက်ကို လက်ာများနှင့် တက္ခ ကိုဝ်ပိုင်းအထိ ရသည်။ ပထမငယ်တန်း ဝင်တော့မည့် အချိန်တွင်



ကစ္စည်းသဒ္ဒါကြီးကို ကျက်ပြန်ရာ (၇)ပိုင်းပင် အလွတ်ရသည်။ သို့သော် ဝိသုဒ္ဓါရုံ သုတ်နက်မှ ပြယုဂ်များနှင့် ကစ္စည်းပြယုဂ်များ ရောထွေးကုန်သဖြင့် သုတ်နက်ကို မေ့ပစ် လိုက်ရသည်။ ဆရာသမား၏ ဩဇာကို မလွန်ဆန်နိုင်သဖြင့် ကျက်ရသည်မှာ အသက်နှင့်မမျှသဖြင့် ပင်ပန်းလှသည်။ ဤအတွင်းသင်္ဂြိဟ်နှင့် ဝိနည်းပါကျက်ရသေးသည်။ မဆန့်မပြဲဖြစ်လာသည်၊ အထိုက် အလျောက် ဉာဏ်မီ သဖြင့် အကြီးတန်းကို ၁၆-နှစ်သားတွင် အောင်ခဲ့ပါသည်။ သို့သော် ဘဝတူ အပေါင်းအသင်းရောင်းရင်းများကား ပထမငယ်တန်းမှစ၍ တဖြုတ်ဖြုတ် ကြွေကုန်ပါထော့သည်။ အကြီးတန်းသို့ ရောက်သော အခါ ဘုန်းမောင်တစ်ကိုယ်တည်း။

သဒ္ဒါဆူးခြုံ ကိုကား တိုးထွက် နိုင်ပါ၏။ ဆရာဖြစ်သူက ပထမငယ်တန်း မဝင်မီကပင် ပါဠိ စာစီစာကုံး လေ့ကျင့်ပေးခဲ့သဖြင့် ပါဠိ အတော်တတ်ခဲ့ပါသည်။ သို့သော် ပေးလိုက်ရသည့် အရင်းအနှီးတွေ၊ အချိန်တွေ၊ လုပ်အားတွေ့ မနည်းလှပါတကား။

ဤသို့အရင်းအနှီးကြီးသဖြင့်ပင် အစဉ်အလာ သင်နည်းက စွဲမြဲခြင်းဖြစ်သည်။ တက္ကသိုလ်သင်နည်းတွင်လည်း ဤမျှလောက်အချိန် အားထုတ်မှု မြင့်မားလျှင် ပါဠိတတ်နိုင်ပါသည်၊ တတ်ပါသည်ဟု ဝန်ခံလိုပါသည်။

တက္ကသိုလ်သင်နည်းကား အာထက်ကဖော်ပြခဲ့သည့်အတိုင်း လွယ်ကူပါသည်။ နားမလည်စရာ မရှိပါ။ ကြိုးစားသူများအတွက် အံ့သြဖွယ်ကောင်းလောက်အောင် အတတ်မြန်ပါသည်။ စာရေးသူ၏ သင်ကြာ.ရေး တစ်သက်တာတွင် ထူးခြားသူနှစ်ဦး တွေ့ခဲ့ပါသည်။

တစ်ဦးမှာ မိန်းကလေး ဖြစ်၏၊ မြန်မာစာ အဓိကကျောင်းသူ၊ ပါဠိကို သာမန်ဘာသာရပ် အဖြစ် သုံးနှစ် သင်ကြားရသည့် တပည့် ဖြစ်သည်။ သုံးနှစ်အတွက် သူ၏ လေ့ကျင့်ခန်းစာအုပ်တွင် အမှားမတွေ့ရပါ။ နောက်တစ်ဦးမှာ ထိုစဉ်က နိုင်ငံတော်ဝန်ကို ထိပ်တန်းက ထမ်းရွက်နေရသူတစ်ဦး။ သူက လုပ်သားကောလိပ် ကျောင်းသား အဖြစ် ပါဠိယူရသည်။ သူ၏ လေ့ကျင့်ခန်း စာများသည်လည်း အလွန်ကောင်းမွန်လှသည်။ သူသည် များပြားလှသော တာဝန်များအကြား ပါဠိကို မြတ်နိုးစွာထူးထူးခြွန်ခြွန် သင်သွားသူဖြစ်သည်။

ခြုံ၍ကြည့်လျှင် တက္ကသိုလ် သင်နည်းသည် အတတ်မြန်သည်။ အမေ့မြန်သည်။ သူ့တွင် သုတ်မရှိ၊ ဝုတ္တိမရှိ။ အာဂုံကျက်စရာအထောက် အထားမရှိ။ သို့သော် တက္ကသိုလ်သင်နည်းသည် ဘာသာဗေဒစနစ်ကို အခြေခံသည်။ ဘယ်ပုဒ်က ဘယ်လိုဖြစ်သည်။ ဘာကြောင့် ဖြစ်သည် ဟူသော အဖြေရှိသည်။

ဤသို့ဆိုသဖြင့် ကစ္စည်းနည်း၊ မောဂ္ဂလာန်နည်းများတွင် ဘာသာဗေဒစနစ်မပါဟု မဆိုလိုပါ။ ဘာသာဗေဒ သဘောကို သုတ်တွေက လွှမ်းမိုးနေသည်။ သုတ်တွေကြောင့် ရုပ်တွေ ရှိနေသည်ဟု ထင်စရာ ဖြစ်နေသည်။ အမှန်မှာ ရုပ်တွေကြောင့် သုတ်တွေ ရှိနေခြင်းသာ ဖြစ်သည်။ ဘာသာစာပေနောက်သို့ သဒ္ဒါကသာ လိုက်ရသည်။ ဆိုလိုသည်မှာ စာပေက အလျင်၊ သဒ္ဒါက နောက်မှ ဖြစ်သည်။

သုတ်တွေ ဘယ်လောက်ပင်တည်တည် ဘာသာစကားကို အပြည့်အစုံ မဖြေရှင်းနိုင်။ ထို့ကြောင့် "ရုပ်မပြီးသုတ်ကြီးနှင့်တယ်"ဟု ဆိုကြရသည်။

တစ်ဖန် သဒ္ဒါနည်း၊ ဗျာကရိဏ်းနည်းများဖြင့် မလုံလောက်သဖြင့် နိရုတ္တိ နည်းများကိုအားကိုးရ ပြန်သည်။ စင်စစ် သဒ္ဒါနည်းဖြင့် နိရုတ္တိနည်းပါဘာသာဗေဒ (Linguistics) တွင် အကျုံးဝင်သည်။ တက္ကသိုလ်နည်းက ဘာသာဗေဒစနစ်သို့ ကိုက်ရိုက်သွားသည်။

စာပေလေ့လာမှုအပေါ်ခြားနားချက်

ဒုတိယအချက်မှာ စာပေလေ့လာမှုအပေါ်ခြားနားချက်ဖြစ်သည်။ အစဉ်အလာနည်းတွင် သဒ္ဒါထက် အခြားကျမ်းများက ပိုနေသည်။ သဒ္ဒါကို ဦးစားပေး သင်ကြားသံင့်သည့် အချိန်တွင် သဒ္ဒါ၊ ဝိုဟ်၊ ဝိနည်း၊ ဥပဒါတွေ ပါနေသည်။ သဒ္ဒါက တစ်ဘာသာ၊ ကျန်ဘဒသာရပ်တွေက အများအပြား။ သို့သော် သဒ္ဒါမတတ်သေးခင် သဒ္ဒါနည်းဖြင့် ထိုဘာသာရပ်များကို ချဉ်းကပ်နေရသည်။ စာသင်သားမှာ ရေဆန် လှော်နေရသည်။

တက္ကသိုလ်သင်နည်းတွင် အခြေခံ သဒ္ဒါစုံမှ ဖတ်စာကို ဖတ်စေသည်။ ဖတ်စာ အပိုင်းတွင် စကားခပြန့်ငှ ဂါထာ(၂)မျိုး ခဲ့ခြား ထားသည်၊ စကားပြေကို ငါးရာ့ငါးဆယ် ဇာတ်တော်များမှ ထုတ်နုတ်ထားပြီး လွယ်ကူအောင် ပြင်ဆင် ရေးသားထားသည်ကို သင်ကြားစေသည်။ ဂါထာတွင်လည်း လောကနီတိ၊ မင်္ဂလသုတ်တို့မှ အလွယ်ဆုံး ရွေးသင်သည်။ ဤနည်းအားဖြင့် ပါဠိဘာသာ နယ်ထဲသို့ တစ်ဖြည်းဖြည်း ဆဲ့ခေါ်သွားခြင်းဖြစ်သည်။

အတန်းရင့်လာသောအခါ ပါဠိတော် အဋ္ဌကထာများကို ကောက်နုတ် သင်ကြားပေးသည်။ ဤနည်းဖြင့် ဗုဒ္ဓတရားတော်၏ အရသာကို ကိုက်ရိုက် ခံစားစေသည်။ တစ်ပြိုင်တည်းမှာ ပင် ဗုဒ္ဓဘာသာနှင့် ခေတ်ပြိုင် အယူဝါဒများ၊ ဒဿနများ၊ သမိုင်းများ သင်ပေးလိုက်သည်။ သက္ကတဘာသာ၊ ပါကတဘာသာတို့ကိုလည်း အတော် အသင့် သင်ပေးသည်။ အသောက ကျောက်စာများနှင့်တကွ ဘာသာဗေဒကိုပါ သင်ရသည်။

ထို့ကြောင့် ဂုဏ်းထူးတန်းနှင့် မဟာဝိဇ္ဇာတန်းသို့ တက်ဖူးသူသည် အထက်ပါ ဘာသာရပ်များကို အခြေခံအုတ်မြစ်အဖြစ် သင်ယူပြီးသား ဖြစ်သည်။

သို့သော် သူ့တွင် ချို့ယွင်းချက် ရှိသည်။ ယင်းမှာ ကျမ်းပေါက်အောင် မသင်နိုင်ခြင်း ဖြစ်သည်။ ဥပမာ–သီလက္ခန္ဓဝဂ္ဂမှ ဗြဟ္မဇာလသုတ်၊ သာမညဖလသုတ်၊ မဟာဝဂ္ဂမှ မဟာပရိနိဗ္ဗာနသုတ် ဤသို့ ကောက်နုတ်ချက်များသာ သင်ချိန်ရသည်။

စာသင်သောအခါ ပါဠိမြင် အနက်ထင်စနစ် ဖြစ်သည်။ ဓမ္မာစရိယတန်းမှာ ကဲ့သို့ အတွက်၊ အတက်၊ စုဒ်စောဒနာတွေ မရှိပါ။ သို့သော် သဒ္ဒါပြီးပုံကိုကား အတော် ဂရုထားသည်။

ထိုအခက်အခဲကို ဖြေရှင်းနိုင်ရန် အဘိဓာန်ကြည့်တတ်အောင် တတိယနှစ်မှ စ၍ အလေ့အထ လုပ်ပေးသည်။ စာသင်သားသည် အဘိဓာန် အကူအညီဖြင့် ပုဒ်ခဲ့၊ ဓာတ်ခဲ့ အလေ့အထ ကောင်းကောင်းရသည်။

မဟာဝိဇ္ဇာတန်းတွင် ရေးဖြေ တစ်နှစ်ပြီးနောက် ကျမ်းတင်သွင်းရပါသည်။ မိမိ ကြိုက်နှစ်သက်သော ကျမ်းခေါင်းစဉ်ကို သင်ကြားရေးအဖွဲ့သို့ တင်ပြရသည်။ အတည်ပြုချက်ရလျှင် ကျမ်းကြီးကြပ်သူ ခန္ဓအပ်ပေးကာ ရေးရ

သည်။ ကြီးကြပ်သူနှင့် ပါမောက္ခပါဝင်သော အဖွဲ့ ငယ်က လူတွေ့ စစ်ဆေး ပြီး နောက် အအောင် အရှုံးကို ဆုံးဖြတ်သည်။ ယင်းမှာ တက္ကသိုလ်သင်နည်း ဖြစ်ပါသည်။

အကြံပေးပါရစေ

မြန်မာနိုင်ငံ ပါဠိ သင်ကြားရေး စနစ်သည် တက္ကသိုလ်များအပေါ် ၌ မတည်ပါ။ ဘုန်းကြီး ကျောင်းများ၌သာ တည်ပါသည်။ ဤအချက်သည် တယ်ခေတ် ဘယ်အခါကာလမှ ပြောင်း လဲလိမ့်မည် မဟုတ်ပါ။ တက္ကသိုလ်က ပါဠိ သင်ကြားပေးခြင်းသည် လူနည်းစု အတွင်းမှာသာ ဖြစ်သည်။ ၎င်းပြင် ဘာသာရေး နယ်ပယ်မှထွက်ကာ ပညာရေးအမြင် (**Academic Approach**)ဖြင့် သင်ကြားပေးရပေရာ ပါဠိအပြင် အခြား အခြားသော ဘာသာရပ်များ ကိုပါ သင်ကြားပေးနေရသည်။

ဘုန်းကြီးကျောင်း ပညာရေး၏ အဓိက အခွင့်အရေးမှာ အချိန်များစွာရခြင်းဖြစ်သည်။ ဤအချက်ကို အခြေခံ၍ ပါဠိကို တက္ကသိုလ်နည်းဖြင့် စတင်သင်ကြားပါသည်။ ထိုသို့မသင်မီ အရေးတကြီး လိုအပ်ချက်မှာ **မြန်မာစာ တတ်ရေး**ပင် ဖြစ်သည်။ မြန်မာစာမတတ်လျှင် ပါဠိတတ်ရန် အခက်အခဲတွေ့နိုင်ကြောင်း စာရေးသူ၏ အတွေ့အကြုံအရ သိရပါသည်။

ဤအချက်ကို သတိမပြုမိသော ဆရာများက ကျောင်းသို့ရောက်လာလျှင်လာချင်း "အတ္ထောအက္ခရသညာတော" ကို ကျက်ခိုင်း တတ်ပါသည်။ ထိုအခါ တပည့်မှာ ဝေ့လည်ဝေ့လည် ဖြင့်တရွတ်တိုက်ပါလာပါသည်၊ ဤတွင်လူထွက် လျှင်လည်းထွက်၊ မထွက်၍စာမေးပွဲများအောင် မြင်လာပါကလည်း မြန်မာစာ မတတ်သဖြင့် အဲပြောမရှင်း အရေးမရှင်း ဖြစ်လာ တတ်ပါသည်။ **မိခင်ဘာသာစကား** တတ်ကျွမ်းမှသာ အတွေးကောင်း အရေးကောင်း ပါဠိပညာရှင်ရှင်ကောင်း ရဟန်းကောင်းများ ပို၍ပေါထွက်လာကာ သာသနာတော် အတွက် ထောက်တည်ရာ ဖြစ်ပါလိမ့်မည်။


ထို့ကြောင့်-

၁။ မြန်မာဘာသာကို အခြေခံ ရအောင် သင်ပါ။

၂။ တက္ကသိုလ်စနစ်ဖြင့် ပါဠိအမြန် တတ်အောင် သင်ပါ။

၃။ ကံ, ကတ္တား, ကြိယာ မှန်အောင် ရေးတတ်ပြီး ပါဠိဝါကျ သဘော သိပြီးမှသာ သဒ္ဒါကျမ်းများကို သင်ပါဟူ၍ ရှိသေစွာ အကြံပေးပါသည်။

မောင်အောင်ထွတ်



ဒေါ်စိုးစိုး

ရေးသားပြုစုသူ ဒဂုန်တာရာ

ရှေ့ဆောင်လမ်းပြ သာသနာ့မီးရှူးတိုင်ကြီး

သီတင်းဝါလကျွတ်ပြီးသည့်နောက် ညစဉ် ရုပ်မြင်သံကြား အစီအစဉ်များဟင့် ကျေးဇူး ရှင် တိပိဋကဓရမဟာဇ္ဈာဂါရိက၊ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိစိတ္တ သာရာဘိဝံသ ဆရာတော်ကြီးအား တပည့် အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးသာလှ ဦးဆောင်သော ဒါယကာများ ခြံရံလျက် မြန်မာပြည်အနှံ့ ကုန်းလမ်း ရေလမ်းဖြင့် ခရီး ဆန့်တော်မူကာ ပရိယတ္တိ သာသနာ့ဘက္ကသိုလ် များအတွက် အလှူတော်ငွေများ၊ ဆွမ်းစရိတ် ငွေပဒေသာပင်များ အတွက် အလှူဘော်ငွေ များကို ရေစက်ချပေးတော်မူခြင်း၊ တရား ဒေသနာများ ဟောကြားတော် မူခြင်းများ နေ့စဉ်ရက်ခြား ဖူးတွေ့ ပူဇော်ခွဲကြရပါသည်။

ဆရာတော်ကြီး၏ လုံးတော် ရုပ်တော် သေးသွယ် ပါးလျားသော ရူပကာယတော်ကို ဖူးမြော်ပြီး ဆရာတော်ကြီး ဤမျှ ခရီးသွား တော်မူရှာရသည်မှာ ဆရာတော်၏ ကျန်းမာ ရေးအတွက် စိုးရိမ်မိပါသည်။ သက်တော်က လည်း (၈၁)တွင်းသို့ ချဉ်းနင်းဝင်ရောက်နေ ပြီဖြစ်ရကား ဆရာတော်ကြီးနှင့် အလွန်နီးစပ် သော ဒါယကာကြီး တစ်ဦးအား "ဆရာတော် ကြီး ဤမျှ ခရီးများ သွားလာတော်မူနေရ သည်မှာ ပမ်းလှပါပြီ။ ဆရာတော်ကြီး ကျန်း မာရေး ငဲ့ကွက်ပြီး ခရီးလျှော့ထွက်ရအောင် စီမံ မပေးသင့်ပါလား" ဟု စာရေးသူက မေးစမ်း မိပါသည်။

"ဆရာတော်ကြီး ကိုယ်တော်တိုင်က သူ့ကို ပင့်ဖိတ်သမျှ ဒေသကို ကိုယ်တော်တိုင် ကြွရောက် ချီးမြှင့်တော်မူလိုတဲ့ သဒ္ဓါတရားက ထက်သန် လှပါတယ်၊ သူကိုယ်တိုင်ကြွရမှ ကျေနပ်တော် မူတယ် ခင်ဗျ။ ကျန်းမာရေးလဲ ကောင်းပါ တယ်၊ ခရီးမထွက်ရတဲ့ အချိန်မှာလဲ လက်နှိပ် စက်တစ်လုံးနှင့် စာပေ ကျမ်းဂန်တွေ မရပ် မနား ပြုစုနေတာပဲ ခင်ဗျ" ဟု ပြန်ကြားပါ သည်။ ကျွန်မစိတ်က "သိကြား၊ဒေဝါ နတ် ဗြဟ္မာတို့က ဆရာတော်ကြီးအား မြတ်စွာဘုရား ကိုယ်စား သာသနာတော်ကြီး ပြုစုပျိုးထောင် နိုင်ရန် စောင့်ကြပ်ပြုစုနေရော့သလား" ဟုပင် တွေးထင်မိလိုက်ပါသည်။

ဆရာတော်ကြီးလို သာသနာ့မီးရှူးတန်ဆောင် ကြီး ထီးထီးမားမား သက်ရှင်ထင်ရှားရှိနေ၍ မြန်မာပြည်သူပြည်သားအပေါင်းမှာ ကျောင်း ဒါယကာ၊ကျောင်းဒါယိကာမ၊ဆွမ်းဒါယကာ၊ ဆွမ်းဒါယိကာမများ အဖြစ် ခံယူကြရ၍ သာ သနာတော်ကြီး တည်တံ့ခိုင်မြဲ၊ သန့်စင်တိုး ပွားရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့သူများဟု ပီတိသောမနဿ ဖြစ်နိုင်ကြလေပြီ။ သာသနာ့ တက္ကသိုလ် ကျောင်းဆောင် အသီးသီးကို လှူဒါန်းကြရသော အကျိုး၊ ဇီဝဘဒါန သာ သနာ့ ဆေးရုံကြီးအတွက် လှူဒါန်းရသော အကျိုးတို့ကြောင့်လည်းမှန်မြတ်သောကောင်းမှု ကုသိုလ်ကို ပြုနိုင်ကြလေပြီ။

ကျောင်းအလှူဒါန၊ ဆွမ်းအလှူဒါန ပြုကြ ရသော အကျိုးနှင့် ပတ်သက်၍ စာရေးသူ သည် ရှင်ဥပါလိထေရ်၏ ရှေးဘဝက ပြုခဲ့ဖူး သော ကောင်းမှု ကုသိုလ်တို့နှင့် စပ်လျဉ်း၍ မြတ်စွာဘုရား ဟောကြားတော်မူသော တရား တော်တို့ကို သတိရမိပါသည်။

ဥပါလိထေရ် အလောင်းတော် သုနန္ဒာ ရသေ့သည် မိမိ လူဖြစ်သော ကာလက ပိုင် ဆိုင်သော စည်းစိမ်ဥစ္စာဖြင့် မြတ်စွာဘုရား



နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) သီတင်းသုံးဆဲဃာတော်များ ညနေ ဘုရား ဝတ်ပြုရန် မဟာသိမ်တော်ကြီးသို့....

အတွက် ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်း ခဲ့လေသည်။ ထို ကျောင်းတော်မှာ စုလစ်မှမ်းချန် ပြဿဒ်မုခ်ထုတ် တိုဖြင့် လည်း ကောင်း၊ သံဃာတို့ စည်းဝေးရာ မဏ္ဍပ် ပြဿဒ် ရပ်ထိုင်သွားလာရန် စင်္ကြံကြီးငယ် တို့ဖြင့်လည်းကောင်း ပြည့်စုံတင့်တယ်စွာ ခြံရံထားပေ၏။ အသုံးအဆောင်ဖြစ်သော ညောင်စောင်း၊ အင်းပျဉ်၊ ခုတင်၊ အိပ်ရာခင်း စသည်တို့လည်း လိုလေသေး မရှိ။ တံတိုင်း မီးတာ ဉယျာဉ်ပန်းခြံပါမကျန် အလှန် တင့်တယ်စွာ ဆောက်လုပ် ပြီးစီးသောအခါ မြတ်စွာဘုရား အမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား ဆွမ်းဘောဇဉ်တို့ဖြင့် ပူဇော်လှူဒါန်းကာ "မိမိ ဤကျောင်း အာရာမ်လှူရသော ကောင်းမှုဒါန ကြောင့် ဖြစ်လေရာဘဝ၌ မိမိလိုလားတောင့်တ အပ်သောဆုကို ရပါလို၏" ဟု ဆုတောင်း ပတ္ထနာပြုကာ မြတ်စွာဘုရားကို လှူလေသည်။

ပဒုမုတ္တရဘုရားရှင်ကလည်း သုနန္ဒာရဿေ့သည် ဤကမ္ဘာမှနောက် တစ်သိန်းမြောက် ကျသော ဘဒ္ဒကမ္ပာ၌ ဂေါတမမြတ်စွာဘုရား ပွင့်တော် မူသောအခါ ဥပါလိအမည်ရသော မွေဒါ ပဟာဒဝိနယဓရ သာသနာနုဂ္ဂဟ ပဉ္စမသာဝက ကြီး ဖြစ်လတ္တံ့ဟု ဗျာဒိတ်ကြားပြီး ဖြစ်ပါသည်။

သုနန္ဒရဿေ့က ထိုသို့လှူဒါန်းသောအခါ မြတ်စွာဘုရားသည် ဖြစ်လတ္တံ့သော ဘဝ၊ ရလတ္တံ့သောအကျိုးဆက်ကို ပြုက်ပြုက်ကုန်စင် အနာဂတ်သဉ္ဉာဏ်ဖြင့် သိမြင်ပြီး ဖြစ်သော် လည်း ထက်ဝန်းကျင်သော ပရိသတ်တို့အား သဒ္ဓါပသန္နဖွယ် ပွားများ၍ ထင်ရှား သိစေခြင်းငှာ ကျောင်းလှူခြင်း၏ အကျိုးကို တစ်ဆယ့်သုံး ဂါထာဖြင့် ဟောတော်မူခဲ့ပါသည်။

ထိုအကျိုးတစ်ဆယ့်သုံးပါးကား-

၁။ ကျောင်းအာရာမ်လှူသော ဒကာသည်

လူ့ပြည်၌ပဋိသန္ဓေနေရာဘိသော်အဂ်ါလေးပါးရှိသော ဆင်မြင်း ရထား ခြေသည် ဟူသော ဗိုလ်ပါ အပေါင်း အသောင်း အသိန်း အမြဲ ခြံရံကုန်လတ္တံ့။

၂။ ငါးပါးတူရိယာ သခ်္ဂါ ရေရွှောင်း ခြောက်သောင်းမျှလောက်တို့သည် ဤလူဒါန်းသူကို နိစ္စအမြဲ တီးမှုတ်ကခုန် ခြံရံကုန်လတ္တံ့။

၃။ မကြီးမငယ် သက်ရှယ်အလတ်သာဖြစ်ကုန်ထသော လှပသော အဆင်းတန်ဆာ ဆင်အပ်သော အလှူရဲရဲ ပုလဲမြသား ချယ်စီထားသည့် ပတ္တမြားနားဆွဲဆင်းလည်း ဝတ်ကုန်ထ၍ သာယာချို့မြသော စကားကို ပြုံးရယ်စွာ ဆိုတတ်သည့်ရှစ်သောင်း လေးထောင်ကုန်သောအမျိုးသမီး တို့သည် အလှူရှင်အား ခြံရံကုန်လတ္တံ့။

၄။ ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့။

၅။ နတ်တကာတို့ကိုအစုံးရသောသိကြားမင်းအကြိမ်တစ်ထောင် ဖြစ်ရလတ္တံ့။

၆။ ထိုကဲ့သို့ နတ်အဖြစ်ကို ရသော အခါ အလုံးစုံသော စည်းစိမ်ဥစ္စာဘုန်းအာနုဘော်တို့ ရလတ္တံ့။

၇။ စည်းစိမ် ဥစ္စာတို့ မည်သည့် အခါမှ မလျော့ပါးသော နတ်မင်းဖြစ်လတ္တံ့၊

၈။ စကြဝတေးမင်း အကြိမ် တစ်ထောင် ဖြစ်လတ္တံ့။

၉။ မရေမတွက်နိုင်သော ဘဝတို့တွင် ပဒေသရာဇ် ဧကရာဇ်မင်း အဖြစ်ကိုလည်း ရလတ္တံ့။

၁၀။ ကမ္ဘာတစ်သိန်း ကြာသောအခါမြတ် သောမင်းမျိုး၌ ဖြစ်သော ဂေါတမမြတ်စွာဘုရား ပွင့်တော်မူလတ္တံ့၊

၁၁။ ထိုဘုရားရှင်၏ တရားဒေသနာတော်ကိုကြားနာရ၍ဘုရားရှင်၏သားတော် အစစ်အဖြစ် ရရှိကာ ဥပါလိဟူသော ဘုရား တပည့်သားတော် ဖြစ်လတ္တံ့။

၁၂။ ထိုဥပါလိထေရ်သည် ဝိနည်းပိဋကတ်၌ အထွတ်အထိပ်သို့ ရောက်သည်ဖြစ်၍ မြတ်စွာဘုရား သာသနာတော်ကို မုနစ်ဆယ့်ရှစ်ခါ ဆောင်ရွက်ရာလျှက် အာသဝေါကင်းလတ် ရဟန္တာမြတ်အဖြစ်ကို ရောက်ရှိပေလတ္တံ့။

၁၃။ အာသဝေါကင်းလတ် ရဟန္တာမြတ်အဖြစ်ကို ဂေါတမမြတ်စွာဘုရားသည် သဗ္ဗညုတ ရှောင်ကြောင့် မြတ်စွာဘုရားသည် ရဟန်းတို့အလယ်၌ နေတော်မူ၍ဥပါလိထေရ်အား ဝိနယဓရတေဒဂ် အရာ၌ ထားတော်မူလတ္တံ့။

မြတ်စွာဘုရားသည် အထက်ပါ တစ်ဆယ့်သုံးဂါထာဖြင့် သုနန္ဒရသေ့အား မြွက်ကြားတော်မူလေရာ သုနန္ဒသည် အတိုင်းမသိ ဝမ်းမြောက်လှစွာ မြတ်စွာဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်း၍ တစ်သက်ပတ်လုံး ကုသိုလ် ဘာဝနာပွားများကာ နေခဲ့၍ သေလွန်သောအခါ ဘုရားဗျာဒိတ်တော်အတိုင်း လူ့ရွာနတ်ရွာတို့၌ ခံစား စံစားကာ ကျင်လည် သွားခဲ့လေသည်။

ဤမျှ ပါရမီရင့်သန် အကျင့် မှန်ခဲ့သော သုနန္ဒရသေ့သည် ထိုဘဝမှစ်တေ၍ ဘဝများစွာ ကျင်လည်ခဲ့ပြီး ဤဘဒ္ဒကမ္ပာမပေါ်မီ တစ်ဘဝတွင် အလွန်သမည်သော ဧကရာဇ်မင်း၏ သားကြီး ရတနာ ဖြစ်လာခဲ့လေသည်။ စည်းစိမ်ချမ်းသာ အာဏာတန်ခိုး အမျိုးမျိုးပြည့်စုံ

သော မင်း၏ရင်နှစ်ဖြစ်ရသဖြင့် မင်းသားသည် ဇာတိမာန်တံခွန်လွှင့်ကာ ခက်ထန်ကြမ်းကြုတ်သူတစ်ဦး ဖြစ်ခဲ့လေသည်။

ထိုမင်းသားသည် တစ်နေ့သောအခါ အလှေ့အရံများစွာ ခြံရံလျက် သီရိကမည်သောဆင်တော်ကိုစီးကာ ဥယျာဉ်ကစား ထွက်ခဲ့ လေသည်။ ထိုအခါနှင်တွင် မြို့အပဒ္ဓိ စရဏတစ်ဆယ့်တစ်ပါး၊ သံဝရလေးပါး တရား အပေါင်းနှင့် ပြည့်စုံတော်မူသော ဒေဝိလအမည်ရှိ အရှင်ပစ္စေကဗုဒ္ဓါသည် မင်းသားနှင့် မျက်နှာချင်းဆိုင်ကြွလာတော်မူရာ မင်းသားသည် ငါကဲ့သို့သော ပုဂ္ဂိုလ်နှင့် မျက်နှာချင်းဆိုင် ကြွလာရပါမည်လောဟု ဒေါသအမျက်ဖခြာင်းခြောင်း ထွက်လေတော့၏။ ရဟန္တာအား အန္တရာယ်ပြုလိုသော စေတနာနှင့် ဆင်ကို ချုန်းမှင့်၍ ပစ္စေကဗုဒ္ဓါအား တိုးဝှေ့ညှင်းပန်းခဲ့ပြီးမှ နှန်းတော်သို့ ပြန်လာခဲ့လေသည်။

ထိုသို့ မပြုအပ် မပြုသင့်သော အကုသိုလ်အမှု ပြုပြီးနောက် မင်းသားမှာ မခံမရပ်နိုင်အောင် ပြင်းစွာသော ဇဝဒနာရရှိပြီး မအိပ်နိုင် မစားနိုင် မီးကျီးတွင်း ဆင်းရဘိ သကဲ့သို့ အလူးအလဲ ခံစားရ လေတော့သည်။ သားတော်၏ အဖြစ်ကို ခမည်းတော် အဇ္ဇသ မင်းကြီးအား လျှောက်ထားရာ မင်းကြီးက သားတော်သည် မပြုကောင်း မပြစ်မှားထိုက်သော ပုဂ္ဂိုလ်ကို ပြစ်မှားမိချေသည်။ ဤသို့သော အမှုပြုခြင်းသည် ပြစ်မှားရင်းရှိသူ၊ သာလျှင် ပျက်စီးစေတတ်သည်မဟုတ်၊ နှီအခြံအရံ တိုင်းနိုင်ငံသားနှင့်တကွ ပျက်စီးရအံ့သော အကြောင်း ဖြစ်သည်။ ရှေးအထက်ကျော်ကာလက သုမေဓလမင်း၊ သိဂ္ဂဝမင်း၊ သတ္တကမင်းတို့လက်ထက်က ဤကဲ့သို့ ရဟန်းကောင်းအား ပြစ်မှားမိ၍ မိမိတို့ တိုင်းနိုင်ငံနှင့်တကွ ပျက်စီးဘူးကြလေသည်။

ထိုအရှင်ပစ္စေက ကိုယ်တော်မြတ်တို့အကယ်၍ အမျက်ထွက်ကုန်ငြားအံ့၊ ခြောက်ပါးသော နတ်ဘုံဒသင်္လည်းကောင်း၊ ယူဇနာရှစ်သောင်းလေးထောင်မျှ ရှိသော မဟာသမုဒ္ဒရာသင်္လည်းကောင်း ခန်းခြောက်ဘိရာ၏။ ဤသို့သော အရာကို ပြေပျောက် စေခြင်းငှာ သူတစ်ပါး ပြုနိုင်သည်မဟုတ်။ ဤအရှင်သူမြတ်ကိုသာ လျှင် စွာသွား၍ ပူဇော်ကန်တော့လျှောဟု မင်းကြီးက သားတော်အား အရှင်ပစ္စေကဗုဒ္ဓါအား ပူဇော်ကန်ဘော့ရန် စေခိုင်းလေသည်။

မင်းသားသည် အလွန် ထိတ်လန့်ဒြက်ရွံ့လျက် မင်းချင်းတို့ကို စည်းဝေးစေ၍ ပူဇော်ရန် ပန်းနံ့သာတို့ဖြင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ သွားပြီးသော် ခြေတော်ကို ဦးခိုက်၍ မိမိကျူးလွန်မိသော အပြစ်ကို သည်းခံတော်မူရန်နှင့် ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောဘဝ၌ ဒုက္ခကင်းကွာအောင် မေတ္တာတရားကို ပွားပေးတော်မူပါဟု ရှိခိုး လျှောက်ထားလေတော့၏။

ပစ္စေကဗုဒ္ဓါကလည်း သူ့အား တစ်စုံတစ်ယောက်သည် ဦးခေါင်းထက်၌ သံလျက်လှံတံနှင့်တံ သံတူနှင့်နှက်၍ အသက်ကိုပင် ဆုံးစေကာမူ ထိုသူအား မာန်မူခြင်း အမျက် ထွက်ခြင်းမပြု၊ ပစ္စေကဗုဒ္ဓါတို့ သန္တာန်၌ စောင်းမာန်ဒေါသ မတည်ချေဟု ပြောကြားပြီးကန်တော့သောသူအား ဥပါဒ် (၁၆)ပါး၊ ဒဘး (၂၅)ရပ် ကင်းငေး လွှင့်စင်သဖြင့် ကျန်းမာချမ်းသာစွာ ရှိစေသတည်းဟု ဆုပေးကာ ဟိမဝန္တာသို့ ကြွသွားတော်မူလေသည်။

နန္ဒမင်းသားလည်း ရောဂါ ပျောက်ကင်းသွားသောအခါ သတိသံဝေဂရ၍ ဒါန သီလကို အားထုတ်ကာ နေထိုင်ခဲ့ လေသည်။ သို့သော် ထိုထိုသောဘဝမှ စုဝေးခဲ့၍ ဂေါတမဘုရား လက်ထက်တွင်မူ ပစ္စေကဗုဒ္ဓါကို ပြစ်

မှားမှု ပြုမိသောကံကြောင့် အမျိုးမသန့်သော ဆတ္တာသည်ဝမ်းဌ မွေးဖွားလာရလေသည်။

ကျွန်မတို့ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင် အပေါင်းမှာ အလွန်ကံကောင်းလှသဖြင့် သာသနာ့ မီးရှူးတန်ဆောင်ကဲ့သို့ သီလ သမာဓိ ပညာ အရောင်ထွန်းပြောင်လှသော ဆရာတော်ကြီး ဦးဆောင်သဖြင့် စုပေါင်း၍ ကျောင်း ဒါယကာ ဆွမ်းဒါယကာ ဒါယိကာမများ အဖြစ် အကြိမ်ကြိမ်ခံယူရရှိသည်မှာ ဝမ်းသာ ပီတိဖြစ်ဖွယ် ရှိလှပါသည်။ သုနန္ဒ ရသေ့ကို မြတ်စွာဘုရား ဟောကြားတော် မူသကဲ့သို့ ကျောင်းများ ဆောက်တည် လှူဒါန်း ရသော အကျိုးသည် ဘဝသံသရာရေးအတွက် များစွာ စိတ်အေးဖွယ်ရာ ဖြစ်လှပေသည်။

ကျေးဇူးရှင် ဆရာတော်ကြီးကား ယခုဘဝတွင် ဤမျှထုထည်ကြီးမား အကျိုးများသော ကုသိုလ်ဒါနအစုစု ပြုနိုင်သည်မှာ မည်ကဲ့သို့သော ဘုရားရှင်လက်ထက်တွင် မည်သို့သော ဆုကို တောင်းကာ အဘယ်မျှလောက်သော ကမ္ဘာက ပါရမီဖြည့်ဆည်းခဲ့သော ပုဂ္ဂိုလ်ဖြစ်နိုင်မည်ကို စာရေးသူတို့ ဉာဏ်ဘစ်မိုက်တစ်ထွာမျှနှင့် ကြံဆ၍ မရနိုင်ပါ။

သို့သော် ဆရာတော်ကြီး၏ ဆုံးမသြဝါဒနည်းပေးလမ်းပြ၍ တတ်အားသမျှ ကျောင်းအလှူ၊ ဆွမ်းအလှူများ လှူဒါန်းမှုပြုကြရာ၌ ယခု ဘဝတွင် စေတနာ ဖြူစင်စွာနှင့် ဆုမွန်ကောင်းတောင်း၍ လှူဒါန်းရုံမျှနှင့် မပြီးသေးပါခြေ။ ဖြစ်လေရာဘဝတွင် နန္ဒမင်းသားကဲ့သို့၊ ဘုရားရဟန္တာ ကဲ့သို့သော သူတော်စင် သူတော်မြတ်တို့အား ကာယကံအားဖြင့် အပထားဘိ၊ စိတ်ကပင် မပြစ်မှားမိသောသူ ဖြစ်ရပါလို၏ဟု ဆုတောင်းဖို့ လိုပါမည်။ နန္ဒ မင်းသား၏ ဖခမည်းတော် ဖော်ပြခဲ့သည့်အတိုင်း ပြစ်မှားသူသာမက အခြွေအရံများနှင့် တိုင်းနိုင်ငံပါ ပျက်စီးစေ တတ်ကြောင်း သတိချပ် အပ်ပါသည်။

ကျေးဇူးရှင် ဘုရာတော်ကြီးသည် ဗုဒ္ဓ သာသနာကြီး သန့်ရှင်းတည်တံ့ခိုင်မြဲရေး အတွက် လမ်းညွှန်ပြမည့် သာသနာ့ မီးရှူး တိုင်များ အဆက်မပြတ် ပေါ်ထွန်းလေအောင် ပရိယတ္တိတကွသိုလ်ကြီးများ ပေါ်ထွန်းရေး၊ သီလ သမာဓိ ပညာနှင့် ပြည့်စုံသော မြတ်စွာဘုရား၏ အလိုတော်ကျ ဝေနေယျသတ္တဝါတို့အား ဟောကြား ညွှန်ပြနိုင်သော ရဟန်း ပုဂ္ဂိုလ်များ ပေါ်ထွန်းရေးအတွက် အဖက်ဖက်က မလစ်ဟင်းရအောင် မနားမနေ မင်းကွန်း တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီးနှင့် ဆောင်ရွက်နေတော်မူသည်မှာ အလွန်ကြည်ညို သဒ္ဓါပွားများစရာ ကောင်းလှပါသည်။

မင်းကွန်း တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး၏ တတိယသုံးနှစ်ခရီး၊ စတုတ္ထသုံးနှစ်ခရီး စသည်မှစ၍ ဒသမ၊ ဧကာဒသမ၊ ဒွါဒသမ စသည်ဖြင့် သုံးနှစ်ခရီးပေါင်း များစွာ သာသနာ့မှတ်တမ်းများ ပေါ်ထွက်နေသမျှ ဗုဒ္ဓသာသနာရောင်သည် ထွန်းပြောင် နေပေလိမ့်မည်။ ထိုသို့ သာသနာထွန်းပြောင်၍ သာသနာကို လေးစားသမှု ပြုကြမှသာ လူများစုံသည် ဒါန သီလ ဘာဝနာ၏ တန်ခိုးကို သိကာ ခန္တီ မေတ္တာ တရားများ ထွန်းကားလာပေတော့မည်တည်း။ ထိုသို့ ထွန်းကားလာသော်ကား ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးလည်း မခဝေးတော့ပြီတကားဟု ကြုံဝါးနိုင်တော့မည်တည်း။

ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး ရာသက်တိုင် တိုးပွား စည်ပင်ပါစေ သတည်း။

ဒေါ်ရီကြိုန်

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး

ရခိုင်ပြည်နယ် စစ်တွေမြို့မှ ပြန်ကြွတော်မူရာဝယ်

သီဆိုပူဇော်ကြသည့်

ဝန္ဒနာညွှင်းသာချင်း




ဆို-ကိုကျော်သာ ရေး-ကိုထွန်းအောင်သာ

မြတ်စောမယေဗုဒ္ဓ
ဓမ္မံရာလေ သံဃ
အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ရှင်
ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
နာမထင်ကာ
ဂုဏ်ငါးဖြာလေ
အလှလီတင်ချီသလို့
ဝပ်တွား ကော်ရော်
အကျွန်ရို့ ရခိုင်သူ
ပူဇော်ပြီးလော
ပြည်ထောင်စုရာလေ သား:ချင်း
သမီးရင်း မျိုးတူ ဟူဟူသမျှ
ပို့သဖန်ခါခါ
မေတ္တာ မွှန်ချုန် အထွဋ်ကြောင့်
အဝေရာလေရန်မဟိ
နှိုက် ကျန်းမာ
ချမ်းသာ ဂတ်စီ
ရိုဇလာမှာ ရှဲကြာပန်းယောင်
လန်းပြောင်ပြိုင်းကရိုင်း
ကြံတိုင်းအောင်ပါစီသား-အရှင်ဘုရား။ ။


* * *

ဆရာတော်ကြီး၏
ညဉ့်တိခရီး
မိုးမင်းဘဒ်ိန်



⬆ မြစ်ကြီးနား၊သဘော်ဦးစီးမှူးက မိမိအခန်းကို ကျောင်းအမှတ်သိတင်းသုံးရန် လှူဒါန်းနေစဉ် ⬆

⬇ မြစ်ကြီးနား၊သဘော်ဖြင့် ဆရာတော်ကြီး ⬇
ဓညဝတီခရီး စခဲ့သည်



မြစ်ကြီးနား ပင်လယ်ကူး သဘော်သည် ရန်ကုန်မြို့ကျန်းမာရေးဆိပ်ကမ်း ဘောတံတား ၌ ခရီးထွက်ရန် အသင့်ဖြစ်နေ၏။

တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးသည် နောက်ပါဦးပဉ္စင်းလေးဟစ်ပါး လိုက်ပါလျက် နံနက်၆နာရီ၄၅မိနစ်ဘုင် ဘောတံတားဆိပ်ခံသို့ ကျောင်းကပို့ ပေးသောကားနှင့်ဆိုက်ရောက်လာသည်။ ယူနီဖောင်းအဖြူဝတ်စုံကို သေသေသပ်သပ် ဝတ်ဆင်ထားသော မြစ်ကြီးနား သဘော်မှ ကပ္ပတိန်ဦးသိန်းကျော်နှင့်ဦးအောင်သိန်းမြင့်၊ ဦးခင်ကျော်အစရှိသော အရာရှိများသည် ဆရာတော်ကြီးအား လက်အုပ်ချီလျက် ဆီးကြိုကာ သဘော်အပေါ်ထပ်ဦးခန်းသို့ ပင့်ဆောင်သွား၏။ ကပ္ပတိန်က သူ၏ အသင့်ပြင်ဆင်ထားသော အခန်းကို ဆရာတော်အား ဤဓညဝတီခရီးစဉ်၌ ကျောင်းသင်ခန်း အဖြစ် လက်ခံ သိတင်းသုံးတော်မူပါရန် ရိုသေစွာ လျှောက်ထားလေသည်။

ဆရာတော်ကြီး၏ အဖွဲ့တွင် တိ=နိ ပင်မ ဥက္ကဋ္ဌကြီး ဆရာဝန်ကြီး ဦးသာလှ အမှူးပြုသော အမျိုးသားဥပသကာ(၁၂)ဦး၊ ဆရာကတော် ဒေါ်ခင်ညွန့်ဦးဆောင်သော သုဘဒ္ဒါ အမျိုးသမီးအဖွဲ့ဝင်(၁၀)ဦး စုစုပေါင်းဆရာတော်ကြီးနှင့်ပါ(၂၄)ဦးပါဝင်သည်။ သင်္ဘောပေါ်တွင် စနစ်တကျ နေရာချထားပေးသည်။ သံတွဲ-စစ်တွေသွားမည့် ခရီးသည် (၁၃၇)ဦး လည်း စုံလင်ပြီ။ ပင်လယ်ဝအထိ ရေကြောင်းပြလိုက်ပို့ပေးမည့် ပိုင်းလော့လည်း ရောက်ရှိလာပြီ။ ထို့ကြောင့် နံနက်(၈)နာရီတွင် မြစ်ကြီးနားသင်္ဘောသည် ဆိပ်ကမ်းမှ ဓညဝတီ ရခိုင်ပြည်သို့ ဦးတည်၍ ထွက်ခွာလေပြီ။

ထိုနေ့ကား ၁၉၉၀-ပြည့်နှစ် ဇန်နဝါရီလ (၈)ရက် တနလ်္ဂာနေ့။ ဟေမန္တဆောင်းလဖြစ်၍ တိမ်များကင်စင်နေ၏။ ဥတုရာသီသာယာသည်။ ပြီးတော့ နေလို့ထိုင်လို့ကောင်းရုံ အေးမြနေသည်။ သင်္ဘောကြီးတစ်စင်းလုံး သေသေ ချာချာ သန့်ရှင်းရေးပြုလုပ်ထားပြီးအိမ်ရှင်သင်္ဘော အဖွဲ့ကလည်း ဖော်ရွေကြသည်။ ဥည့်ဝတ်လည်း ကျေပွန်ကြသဖြင့် ခရီးသွားရသည်မှာ စိတ်ချမ်းမြေ့နှစ်လိုဖွယ်ရှိသည်။

စင်စစ်ဆရာတော်ကြီးနှင့် ဤမြစ်ကြီးနား သင်္ဘောသည် လည်းကောင်း၊ တာဝန် ထမ်းဆောင်လျက် ရှိကြသော ဤဝန်ထမ်းများသည် လည်းကောင်း မျက်နှာစိမ်းပုဂ္ဂိုလ်များ မဟုတ်တော့ပြီ။ ဆရာတော်ကြီး မြိတ်သို့ သာသနာပြု ခရီးကြုံခဲ့စဉ်ကလည်း ဤမြစ်ကြီးနားသင်္ဘော၊ ဤသင်္ဘော အဖွဲ့သား များနှင့် အတူတက္ခ အသွားအပြန် စီးနင်းခဲ့သည်။ တိုက်တိုက်ဆိုင် ဆိုင်ပင့်ဆိုရမည်လားမသိ။ နိုင်ငံခြားမှဝယ်ယူခဲ့သော ကျပ်၄၀၆၇၁၈၀၀ တန်ဖိုးရှိသည့် အနှီ မြစ်ကြီးနား အမည်ရှိ သင်္ဘောသည် မြန်မာပိုင်ပင်လယ်ကူးသင်္ဘော်အဖြစ်(၂၁-၁၁-၁၉၇၉) နေ့မှစတင်ကာ နိုင်ငံတော်အတွက် အမှုထမ်းခဲ့သည်။ ဆရာတော်ကြီး မြိတ်မှ အပြန် (၂၁-၁၁-၈၉)နေ့သည် သင်္ဘောကြီး၏ဝဝနှစ်တင်းတင်းပြည့်နေ့အဖြစ် ကြုံတောင့်ကြုံခဲ ကြုံကြိုက်နေသောကြောင့် ထိုနေ့တွင် သင်္ဘောကပ္ပတိန်နှင့် အမှုထမ်းများက မိမိတို့ ချေးနည်းစာဖြင့် စုပေါင်း စုဆောင်းကာ ဆရာတော်ကြီးအား ဆွမ်းလုပ်ကျွေးခြင်း၊လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်းစသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်။ ဆရာတော်ကြီးကလည်း ပရိတ် တရားတော်နှင့် အနုမောဒနာတရားများ ချီးမြှင့်၍ ရေစက်ချ အမျှပေးဝေခဲ့သည်။ တစ်နည်းအားဖြင့်(၁၀)နှစ်သား မြစ်ကြီးနားသင်္ဘော်၏ မွေးနေ့ဝိဇာတမင်္ဂလာကို အဓိပ္ပာယ်ရှိရှိကျင်းပနိုင်ခဲ့သည်ဟု ဆိုရချိမ့်ပေမည်။

သင်္ဘော်၏ လင်းယုဉ်တိုင်ထိပ်ဝယ် သာသနာ့အလံတလူလူ လွှင့်နေသည်။ ကောင်းကင်ကပြာပြာ ပင်လယ်ရေက စိမ်းပြာပြာနှင့် သင်္ဘောကြီးလူးလွန့်ခုတ်မောင်းနေပုံမှာ လှုန်စဉ်မှ ပဏ္ဏာရလှပနေသည်။ ညနေ(၄)နာရီအချိန်လောက်တွင် ပင်လယ်ကမ်းရိုးတန်းသည် ကွယ်ပျောက် ကျန်ရစ်ခဲ့လေပြီ။ သေးငယ်သော ငါးဖမ်း လှေကလေးများကတော့ ကြက်လျှာအလံငယ်များ တဖျပ်ဖျပ် လှုင့်ကာ ခရီး ဝေးတွင် လှုပ်ရှားသွားလာနေကြဆဲ။ စင်ရော်ဌက် ဖြူဖြူများကတော့ အုပ်စုလိုက်မြစ်ကြီးနား၏ပတ်လည်ဝဲပျံလိုက်လာကြသည်။ သူတို့ မျက်စိတွေက တစ်ချိန်လုံး အောက်ကို ငုံ့လျက် သင်္ဘော်၏ ပန်ကာ ယက်မှုကြောင့် နောက်ဆုယ်တွင် အတွန့်လိုက် ဂယက်ရိုက်ကျန်ရစ်သည့် လှိုင်းခွက်ကလေးပေါ်တွင် ခုံပျံပေါ်လာသည့် ငါးကလေးတွေကို လျင်မြန်စွာ သူ့ထက် ငါ

ဦးအောင်သုတ်ချီကြသည်။ တစ်ကောင်နှင့်တစ်ကောင် တိုက်မိ ထိမိ လုယက်မိသည်လည်း ရှိ၏၊ ကြည့်၍ပင် ကောင်းသေးတော့သည်။

ညနေ(၆)နာရီခွဲ နေလုံးနီနီကြီးသည် ပင်လယ်ပြင် မိုးကုတ်စက်ဝိုင်း အစွန်းပေါ်ဝယ် မေးတင်နေချေပြီ။ နေဝင်ဆည်းဆာ ပင်လယ်ပြာ၏ အလှကို ကြည်နူးဖွယ်ရာ တွေ့ထိခံစားကြရလေသည်။

နောက်တစ်နေ့(၁၄း၃၀)နာရီမြစ်ကြီးနားသည် လမ်းခရီးအကြား သံတွဲမေးယိုးဘေးတွင် ခေတ္တဝင်ရောက် ဆိုက်ကပ်သည်။ကုန်တင်ကုန်ချရှိနေသည်။ သံတွဲမြို့နယ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ဥက္ကဋ္ဌ ကြီးမှူးသော သံတွဲမြို့ပေါ်မှ အရာရှိများနှင့် အနီးအနား ကျေးရွာများမှ ရွာသူရွာသားများသည် ဆရာတော်ကြီး မြစ်ကြီးနားနှင့် ပါလာကြောင်း သတင်း ကြားသဖြင့် တကူးတကလာရောက်ဖူးမြော်ကြသည်။ လူ(၃၀၀)ကျော်လောက်ရှိမည်။ ရေလုပ်သားများလည်း အများအပြားပါကြသည်။တစ်ဦးစီတန်းစီ၍ ဆရာတော်ကြီး သီတင်းသုံးသော သင်္ဘော် အပေါ်ထပ် အခန်းသို့ ဝင်ရောက်ကန်တော့ကြသည်။


သံတွဲမှ ညနေထွက်ခွာ၍ တစ်ညလုံး မြစ်ကြီးနားသည် မမောမပမ်း ခုတ်မောင်းပြန်သည်။ နောက်တစ်နေ့ ဇန်နဝါရီ(၁၀)ရက်နံနက်ခင်းဝယ် အဆောက်အဦးများ စီတန်းလျက်ရှိသည့် မူဝင်းညိုညို စစ်တွေ ဆိပ်ကမ်းကို လှမ်းမြင်ရလေသည်။ ဆိပ်ကမ်းရေကြောင်းပြ အရာရှိနှင့် ခရီးဦးကြိုဆိုရေး အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ မော်ဘော်ဘုတ်ငယ်ဖြင့် သင်္ဘောကြီး ရှိရာသို့ ဆိုက်ကပ်ရောက်ရှိလာသည်။ ဆရာတော်ကြီးအား ဝင်ကန်တော့ပြီး အစီ အစဉ်များ လျှောက်ထား ကြ လေ သည်။

နံနက်(၈)နာရီတိတိမြစ်ကြီးနားသည်စစ်တွေဆိပ်ကမ်းဘောတံတားသို့ညောင်သာစွာဆိုက်ကပ်ပေးသည်။ ရခိုင်ပြည်နယ် ဂိုဏ်းပေါင်းစုံမှ ပြည်နယ် သံဃနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ စစ်ဖက်နယ်ဖက်မှ ဘာဝန်ရှိ ပုဂ္ဂိုလ်ကြီးများ၊နယ်သူနယ်သားများ၊ စစ်တွေ မြို့သူ မြို့သားများက ရာဇမတ်ကာ ကောင်းစွာနီ ခင်းလျှက် သိုက်သိုက်မြိုက်မြိုက် ခမ်းခမ်းနားနား ကြိုဆိုကြသည်။ ထီးဖြူမိုးပင့်ဆောင်လာသော ဆရာတော် ကြီး သည် ရိုးရာ ဝတ်စုံဝတ် ရခိုင်မင်္ဂလာစည်တော် အဖွဲ့များ၊ တံခွန် ကုက္ကား ပန်းတိုဖြင့် ကန်တော့နေကြသော မြို့သူမြို့သားများ၊ အမျိုးသမီးဝတ်အသင်းအဖွဲ့များ ရှေ့မှ ယပ်ထောင်ကာ မျက်လှာချပြီး တဖြည်းဖြည်း ချင်း ခြေကျင်လျှောက်လာကာ အသင့် စောင့်နေသောယာဉ်ပေါ် သို့တက်သွား၏။ မြို့တွင်းသို့ ကြိုဆို လှည့်လည်လာသော ဆရာတော်ကြီးကို ရပ်ကွက်အလိုက် ရပ်ကွက်သူ ရပ်ကွက်သားများက လမ်းဘေးဝဲယာမှ ရှိသေစွာစောင့်ဆိုင်းဖူးမြော် ကန်တော့ကြလေသည်။

ဇန်နဝါရီလ(၁၁)ရက် ကြာသပတေးနေ့

"သံဃာ့ရာဇာ" ကျောင်းတိုက်၌ ခေတ္တသီတင်းသုံးနေတော်မူသော ဆရာတော်ကြီးနှင့် သံဃာတော်များအား မြို့၏ ဥပဋ္ဌာကအဖွဲ့မှ ဆွမ်းကပ်ကြသည်။


"မြ"တည်းခိုရိပ်သာ၌တည်းခိုသော တိ=နိ ပင်မ ဥက္ကဋ္ဌကြီးနှင့်မိမိတို့အဖွဲ့၊ စစ်တွေ ဒီဂရီကောလိပ် စာပြည့်ညီ့အဆောင်စာင့် တည်းခိုနေသော သုဘဒ္ဒါအမျိုးသမီးအဖွဲ့များကိုညှဉ်ခံကြိုဆိုရေးကော်မတီဥက္ကဋ္ဌ ကောလိပ် ကျောင်းအုပ်ကြီးဒေါက်တာကျော်သိန်း အမှူးပြုသော ဆရာ ဆရာမများက ရခိုင်စားဖွယ်သောက်ဖွယ်



⇧ ၁၉၉၀-ပြည့်နှစ်၊ ဇန်နဝါရီလ(၁၃)ရက်နေ့ ရခိုင်ပြည်နယ် (ဝ၊ဝ၊တ)မှ ကြိုးမှုးပြုလုပ် သည့် ရခိုင်ပြည်နယ် ဝိဇ္ဇာလယ်ကျောင်းဆောင် ဆွမ်းပဒေသာပင်၊ ပြင်ဆင်ထိန်းသိမ်း ပဒေသာပင် သိန်းသန်းပြည့်ရေစက်ချပွဲ၌ တိုင်းမှူးကြီးကိုယ်စား စစ်ဦးစီး(ပ) မိုလ်မှူးကြီး အုန်းဟန်က လျှောက်ထားစဉ်။ ⇧

⇩ ဧည၀တီတေးသံရှင် မသန်းသန်းမြင့်က ''ပထမ တိပိဋကာ အဘိဓမ္မာဘုန်းမေဉ်''ကို တေးထပ်ဖြင့် ပူဇော်စဉ်။ ⇩





‘ခရိုင်’ ၂-ထပ်သဘော်ဒ့ဖြင့် ကစ္ဆပနဒီ အတိုင်း အညာသို့ ဆန်ခဲ့ပြီ....

များဖြင့် နံနက်စာ ဖွယ်ဖွယ်ရာရာ တည် ခင်း ဧည့်ခံကျွေးမွေးကြသည်။

ထို့နောက် ကျောက်တော်မြို့သို့ ခရီး ဆက်ရမည် ဖြစ်သဖြင့် စစ်တွေပြည်တွင်းရေကြောင်း အမှတ်(၂)သဘော်ဒါဆိပ်သို့ ပို့ဆောင် ပေး သည်။


သဘော်ဒါဆိပ်တွင် အတူလိုက်ပါလာကြမည့် ရခိုင်ပြည်နယ် ဂိုဏ်းပေါင်းစုံ ပြည်နယ် သံဃ

နာယကအဖွဲ့မှ ပြည်နယ် ဥက္ကဋ္ဌ ဆရာတော်၊ အတွင်းရေးမှူးဆရာတော်၊ သံဃရာဇာကျောင်း တိုက်ဆရာတော် အစရှိသော ရခိုင်ဆရာတော် ကြီးများ၊ ပြည်နယ်ဥပဒ္ဒာကအဖွဲ့ဥက္ကဋ္ဌဦးကျော် နှင့် အဖွဲဝင်များ၊ ဆရာဝန်ကြီးများ၊ ဆရာ တော်ကြီး၏ရေလမ်းခရီးစဉ်ကိုအစဖအဆင်ပြေ ချောမောစေရန်အတွက် သွားလာရေး တာဝန် ယူ ထားကြသော ပြည်နယ် ပို့ဆက် ဦးစီးမှူး ဗိုလ်ကြီးလှိုင်ဇင်အောင်၊ ပြည်နယ် မန်နေဂျာ ဦးသန်းလှိုင်(ခ)ဆောင်သည့် နှစ်ထပ်မီးသင်္ဘော “ခရိုင်” နှင့် သဘော်ဒါသား များသည် စုံစုံညီညီ အဆင်သင့် စောင့်ကြိုနေကြလေပြီ။

ကစ္ဆပနဒီ အတိုင်း ခရိုင် သဘော်ဒါ သည် အညာသို့ဆန်သည်။

သဘော်ဒါ၏ဦးပိုင်းသီးသန့်ခန်းဋ္ဌ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးတစ်ပါးတည်း သီတင်း သုံးသည်၊ပစ္ဆာသမဏ ဦးဇွင်းလေးကတော့ ဝင် လိုက်ထွက်လိုက်နှင့်။ အခန်းနှင့်ကပ်လျက် ကုန်း ပတ်ပေါ်တွင် ကော်ဇောများ ခင်းကာ ရခိုင် ဆရာတော်ကြီးများ သက်သောင့် သက်သာ သီတင်းသုံးလိုက်ပါလာကြ၏၊ ရှန်ကုန်မှ မင်း ကွန်း ဆရာတော်ကြီးနှင့် ပါလာသော မိမိတို့ အဖွဲဝင်များနှင့် အလာပသလ္လာပစကား ပြော ဖြစ်ကြသည်။

ကျောက်တော်တစ်ဘက်ကမ်း မဟာမုနိဘုရား ကူးမည့် ဆိပ်မှ စုဝေး ကြိုဆို နေကြပုံ ➡





ခညဝတီသမိုင်းတွင် ထင်ရှားကျော်ကြားလှသော တန်ခိုးကြီး မဟာမြတ်မုနိ ရွှေဆင်းတုတော်ကြီးကို သပ္ပါယ်လှစွာ ဖူးမြော်ရသည်။

"နေပါအုံး၊ ဒကာကြီးတို့က အနယ်နယ် အရပ်ရပ်တစ်လျှောက်လုံးမင်းကွန်းတိုင်ပင်ကခရ ဆရာတော်နှင့်အတူ သွားလာနေတော့ တစ်ခုမေးရဦးမယ်။ ခုလို ဒကာကြီးတို့ ဆောင်ရွက်နေတဲ့ ဆရာတော်ကြီးရဲ့ သာသနာပြု လုပ်ငန်းမှာ အမျှားဆုံးလျှုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ၊ ဘယ်လောက်လျှုဖူးသလဲ၊ ပြီးတော့ အနည်းဆုံးလျှုသူကော ပြောနိုင်သလား" ဟူ၍ တိ=နိပင်မ ဥက္ကဋ္ဌကြီး ဆရာဝန်ကြီး ဦးသာလှကို စစ်စစ်ပေါက်ပေါက် လှမ်းမေးပါသည်။


ရုတ်တရက်မှတ်မိဖို့၊ ပြန်လည်လျှောက်ထားဖို့ လွယ်တော့ မလွယ်ပါချေ။ သို့သော် ဆရာဦးသာလှက မှတ်ဉာဏ်ကောင်းသူ ဖြစ်သဖြင့်–

"တပည့်တော်မှတ်မိပါတယ်။ သိသလောက် လျှောက်ထားရရင် အမျှားဆုံး လျှုတာက ရန်ကုန်တက္ကသိုလ်က ကွယ်လွန်သွားတဲ့ အငြိမ်းစား မြန်မာစာ ပါမောက္ခ ဆရာကြီး ဦးအေးမောင်ပါ။ မိမိနေတဲ့ တိုက်အိမ်နှင့် ပစ္စည်းတွေ အကုန်ရောင်းပြီး သိန်း(၆၀)ကျော် လျှုသွားပါတယ်။ အနည်းဆုံးကတော့ ဆရာတော်ကြီး မြိတ်ကြွတုန်းက ကြုံဖူးတယ်ဘုရဲ့၊ ဆရာတော်ကြီး မြိတ်ကြလာမည်ကြားလို့ ကြားကြားခြင်း မြိတ်မြို့နှင့် အလှမ်းဝေးတဲ့ ရွာတစ်ရွာက နံနက်စောစော ထွက်လာခဲ့တဲ့ အသက်ကြီးကြီးဒကာကြီး တစ်ဦးပါ။ တစ်နေ့လုံး လမ်းလျှောက်လာခဲ့ရတာ မြိတ်ကို ဆရာတော်ကြီး တရားပွဲသိမ်းခါနီး ည ၇-နာရီလောက်မှ ရောက်ရှာတယ်။ ဆရာတော်ကြီး သိသွားလို့ အဲဒီဒကာကြီးကို ဆရာတော်ကြီးထံ ဝင်ဖူးဘို့ သတ်သတ်စီစဉ်ပေးတော့ အဘိုးကြီးက အားရပါးရ ကန်တော့ပြီး သူ့အိတ်ထဲမှာ ကျစ်ကျစ်ပါအောင် သတင်းစာ စက္ကူအဟောင်းနှင့် ထုပ်ယူလာတဲ့ ပြား(၅၀)သော အသပြာစေ့ကို ရိုရိုသေသေ လျှုပါတယ်။ ပြီးတော့ ဆရာတော်ကြီး နောက်နှစ်ကြွလာဦးမယ်ဆိုရင် သိပါရစေ။ ခုလိုပဲ ပြား(၅၀)လျှုခြင်လို့ပါဘုရား လို့ဆောင် အဘိုးကြီးက လျှောက်သွားသေးတယ်။

"နောက်တစ်ဦး ထူးခြားတာက ဆရာတော်ကြီးရဲ့(၂၅)နှစ်မြောက် ငွေရတုသာဘင် ကျင်းပပြီး အလှူအတန်းတွေ ခြိမ့်ခြိမ့်သဲသဲ လုပ်နေတုန်းက မဟာစည် သာသနာ့ရိပ်သာ ဖလ်ယာဉ်ဓမ္မာရုံမှာပါ။ ပရိသတ်ကလည်း ကြိတ်ကြိတ်တိုးနေတာပဲ။ အဲဒီတုန်းက အဘွားကြီး တစ်ဦးဟာ ဇရာထောင်းနေလို့ တုန်တုန်ချည့်ချည့်နှင့် ဆရာတော်ကြီးကိုလည်း ဖူးချင်၊ ပရိတ်သတ်ကိုလည်း မတိုးနိုင်၊ တဝဲလည်လည် ဖြစ်နေတာ၊ တပည့်တော်တွေ့လို့ ကိုယ်တိုင်ဖေးမ ခေါ်သွားပြီး ဆရာတော်ကြီးထံအရောက် ပို့ပေးလိုက်ပါတယ်။ အဲဒီ အဘွားကြီးဟာ ခါးကြားထဲက သေသေခြာခြာ လိပ်သိမ်းထားတဲ့ အထုပ်ကို ထုတ်ပြီး ဝတ္ထုငွေ(၁၅)ပြား လျှုသွားတာ တွေ့ဖူးပါတယ်ဘုရား"

စကား ကောင်းနေစဉ် စစ်တွေမှ ပါလာသော ဗိုလ်မှူးထွန်းအောင်ကျော်(အငြိမ်းစား) ဦးဆောင်သည့် အစားအသောက် စီစဉ်ရေး ဒေဖွဲ့က ဆရာတော်ကြီးများအား ဆွမ်းကပ်ရန် အချိန်ကျသဖြင့် စားပွဲနှင့်အပြည့် ဆွမ်းဟင်းများ လာချသောကြောင့် ဆွေးနွေးပွဲ တစ်ခန်းရပ်လိုက်ရပါသည်။

ကျွန်တော်တို့ကိုလည်း တစ်ချိန်တည်းမှာပင် နံနက်စာ တည်ခင်း ကျွေးမွေးသည်။ သင်္ဘောကုန်းပတ်ပေါ် ဂုံနီ ကော်ဇော ရှည်ကြီးခင်း၊ ထမင်းဟင်းတွေအလယ်မှာချ၊ မျက်နှာချင်းဆိုင် ဦးညွှတ်သည်တွေ့ လာထိုင်ကြရပြီး၊ တာင်ပလ္လင် ချိတ်ကာ အားရပါးရ စားကြသည်။ ဆာလောင်နေ၍လား၊ သို့မဟုတ် ရခိုင်ထမင်းဟင်း ရခိုင်



၁ မင်းကွန်း တိဝိဥကဓရဆရာတော်ကြီးသည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား အချိန်ကြာမြင့်စွာ လက်စုံမိုး၍ ရှိခိုးနေတော်မူစဉ်....

ချက်ကပင်ံ့ကောင်းချီလား၊ ဒါမှမဟုတ် ချမ်းနှင့် သဘော်သားပါ မကျန် အသုတ်လိုက် ချမ်းအေးအေး ကစ္ဆပနဒီကို ကျော်ဖြတ် တိုက် အသုတ်လိုက် စားကြရာ လူတစ်ရာကျော်ပင် ခတ်လာသော လေပြေလေညင်းနှင့် ပူပူ နွေး ရှိမည်။ တကယ့်အလှူကြီးအတန်းကြီးပင်။

နွေး ထမင်းဟင်းက လိုက်ဖက်ညီသွားချီလား ထမင်း စားသောက်ပြီး ဗိုက်လေးသဖြင့် မသိ၊ အားလုံး ခေါင်းပင်မဖော်နိုင် မြိန်ရှက် ခရီးသည်အများစု ထမင်းလုံးစီနေဆဲ ရုတ် စွာ စားသောက်ကြသည်၊ ည့ဝတ်ကျေသော တရက် ဆူဆူညံညံ အသံများ ကြားရသော အိမ်ရှင်ဦးကျော်တို့၊ ဗိုလ်မှူးထွန်းအောင်ကျော် ကြောင့် လန့်နိုးလာသည်။ လားလား ကစ္ဆပနဒီ တို့၊ ခရိုင်သဘော်မှ အဖွဲ့သားများ၏ စေတနာ အတွင်း ခရိုင်သဘော်အား ကြိုဆိုနေသည့် ကိုလည်း ကျေးဇူးတင်မိကြလေသည်။ သဘော် မော်တော်ဘုတ်များ လှေသမ္ဗာန်များမှ အသံ ပေါင်း ပါလာသူအားလုံး အစောင့်အရှောက် ခွဲစက်ဖြင့် အော်ဟစ်လှုပ်လာသော ပရိတ်ရွတ်



သရက်တစ်ဝင် ကျေးရွာသူ ရွာသားများက ရိုးရာ အကဖြင့် ဂုဏ်ပြုပူဇော် နေကြပုံ

သံ၊ ဓမ္မဘေးသံများတည်း။ ဆိပ်ကမ်း နှစ်ဖက် တွင်လည်း ရွာဦးဌ္ဌ ထွက်၍ တန်းစီ ကြိုလင့်နေ သောရွာသူရွာသားများ ကိုလည်း လှမ်းမြင်ရ သည်။

"ကျောက်တော်နယ် ဝင်လာပြီ ခင်ဗျ၊ ကျောက်တော်ရှေ့ပြေး လာစောင့်ကြို နေတာ ပါ"

ဦးကျော်က လှမ်းပြောသည်၊

"ဒါဖြင့် ကျောက်တော် ရောက်ပြီပေါ့"

"လိုပါသေးတယ်....အခု ပေါင်ဝကျေးရွာ ရောက်တာပါ၊ နောက်ထပ် အနည်းဆုံး တစ် နာရီလောက် ခုတ်မောင်းရပါဦးမယ်"

ကျွယ်ပြန့်လှသော ကစ္ဆပနဒီခေါ် ကုလား တန်မြစ်သည် အထက်ဆန်လာသည်နှင့်အမျှ တဖြည်းဖြည်း ကျဉ်းလာသည်၊ ကမ်းတစ်ဘက် တစ်ချက်တွင်မူ ရခိုင်ကျေးရွာများကို မကြာ ခဏ ဖြတ်သန်းလာရသည်။ ပကတိ အေးချမ်း သော ရွာများပင်။ မြစိမ်းရောင် လယ်ကွင်းပြင် များ၊ ရွာအနီးရှိ ဓနိတောများ၊ တောင်ပေါ်မှ ထုံးဖြူဖြူနှင့် စေတီပုထိုးများ၊ ကစ္ဆပနဒီ၏ အရှေ့ဘက်တွင်မူ ခပ်ဝေးဝေး မိုးကုတ်စက် ဝိုင်း တွေ့ထိရာဝယ် မှိုင်းညို့ညို့ ရခိုင် ရိုးမ တောင်တန်း စသည်ဖြင့် ဓညဝတီ၏ လှပစ္စာ ချယ်သထားသော ရွှေခင်းပန်းချီကားကို မြင်တွေ့ ကြရလေသည်။

မကြာပါခြေ။

ဓညဝတီ ရခိုင်ပြည် ကျောက်တော်တစ် ဘက်ကမ်း သေလာဂိရိတောင်ခြေ ဆိပ်ကမ်း သို့ နှစ်ထပ်သင်္ဘော "ခရိုင်"က ဇန်နဝါရီလ (၁၁)ရက်၊ နေ့လယ်(၁၂)နာရီသာသာတွင် ဆိုက်ကပ်ပေးသည်။ သင်္ဘောပေါ်၌ တိုင်ကဝရ မင်းကွန်းဆရာတော်ကြီး ပါလာသဖြင့် ကျောက် တော်မြို့နှင့် ပတ်ဝန်းကျင် ကျေးရွာရှိ ဗုဒ္ဓ ဘာသာဝင် ကလေး လူကြီး အပေါင်းက ကမ်းလုံးညွှတ်မျှ သောင်းသောင်းဖြဖြ ကြိုဆို ကြသည်။ သာသနာ့ အလံ များဖြင့် လည်း ကောင်း၊ ပန်း ရေချမ်းများဖြင့် လည်းကောင်း၊ မုခ်ဦး မဏ္ဍပ် သဲဖြူခင်း ရာဇမတ်ကာတို့ဖြင့် လည်းကောင်း အထူးထူး ပူဇော်ကြလေသည်။

ဆရာတော်ကြီး၏ နောက်မှ အထူးကု ဆရာဝန်ကြီး ဦးသာလှ ဦးဆောင်သော ပင်မ ဥပဒ္ဒာက အဖွဲ့တွင် ကျွန်တော်သည် အဖွဲ့ဝင် အဖြစ် လိုက်ပါခဲ့၏။ ဆရာတော်ကြီးအဖို့ ကြုံတောင့်ကြုံခဲ ခရီးစဉ်ဖြစ်ခြင်း၊ ဒေသခံ

တိုင်းရင်းသား ဓမ္မမိတ်ဆွေများအတွက် တိပိဋကဓရအကျော် ဆရာတော်ကြီးအား ဖူးမြော်ခွင့်ရရှိခြင်း၊ တရားဒေသနာ နာကြားရ၍ နှိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတော်ကြီးအတွက် လူတိုင်း ကျောင်းဒါယကာအဖြစ် လှူဒါန်းပါဝင်နိုင်ခွင့်ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိကြလေသည်။

ဆိပ်ကမ်းမှ ငါးမိုင်ကျော်ဝေးသော သမိုင်းဝင် တန်ခိုးကြီး မဟာမြတ်မုနိ ရှင်တော်မြတ်ဘုရား တည်ထားရာသို့ ခရီးကြမ်းဆက်ကြပြန်သည်။ ဆရာတော်ကြီးအတွက် သီးသန့်ကြိုတင်ပို့ထားနှင့်သော ထီးဖြူမိုး မာဇဒါဂျစ်တစ်စီး၊ အိမ်ရှင်ကျောက်တော်မှ မမွှစကြာဝတ်အသင်းနှင့် မြို့နယ် ဥပဒ္ဒာက အုပ်ဖွဲ့ လူကြီးများ၊ စစ်တွေမှ ကြိုဆို လိုက်ပါ ပို့ဆောင်ကြသည့် ရခိုင်ပြည်နယ် သံဃနာယက ဆရာတော်ကြီးများ၊ ပြည်နယ် ဥပဒ္ဒာက ဥက္ကဋ္ဌ ဦးကျော်နှင့် အဖွဲ့ဝင် လူကြီးများ၊ ရန်ကုန်မှ ပါလာသော အဖွဲ့ဝင်များ စသည်တို့သည် ဒေါ်ဌ ရရှိနိုင်သည့် ကုန်တင်ကားကြီး ရှစ်စီး အပြည့်နှင့် လိုက်ကြလေသည်၊ လမ်းခရီးတစ်လျှောက် အိမ်ခြေ(၉၀၀)ခန့်၊ လူဦးရေ(၄၀၀၀) ကျော်ရှိ သရက်တစ်ပင်ကျေးရွာအုပ်စုဝင် ကျေးရွာများဖြစ်ကြသော လမ်းမတော်၊ ညောင်ပင်လှ၊ ပိန္နဲချောင်း၊ တပ်မှိုင်း၊ စကားတောင်၊ ဒေါင်းတောင်ယိုး၊ သရက်တစ်ပင်ရွာမ တို့မှ ရွာသူရွာသား အားလုံးနီးပါးမျှ လမ်းဘေးဝဲယာ စီတန်းကာ ဆရာတော်ကြီးအား ဖူးမြော်ကြသည်။ မဟာမြတ်မုနိဘုရား ခြေတော်ရင်း သရက်တစ်ပင်ရွာမှ အဝင် မုခ်ဦး မလှူပ်တွင်မူ "သီရိမာနဒီ တေးသံသာအဖွဲ့"မှ ရခိုင် အမျိုးသမီးများက ရှေးထုံးစဉ်လာအတိုင်း ရိုးရာဝတ်စုံများ ဆင်တူဝတ်ကာ ဗုဒ္ဓပူဇနိယဖြင့် ပူဇော်သမှုပြုကြလေသည်။

ကျောက်တော်မြို့တွင်း ဆရာတော်ကြီး လှည့်လည် အပူဇော်ခံစဉ်




ရုပ်ရှင်တော် မဟာမုနိဘုရား ကိုယ်တော် မြတ်ကြီး ရှေ့တည့်တည့်၌ ဆရာတော်ကြီးသည် ရိုသေစွာ အချိန်ယူပြီး ဝတ်ပြုသည်။ ဘုရား စာတွေ့ ရွတ်သည်။ ဆီမီး၊ အမွှေးတိုင်၊ ပန်းမျာ ကပ်သည်၊ပြီးတော့ဒကာဒကာမမျာ်းကတောင်း ပန်လျှောက်ထားသဖြင့် ဂန္ဓကုဋိတိုက်၌ တရား ဒေသနာ ချီးမြှင့်ကာ ပြုပြုသမျှ ဒါန ကုသိုလ် အဝဝအတုက် ရေစက်ချ အမျှပေးဝေသည်။ အချိန်ရသဖြင့် ဒေသခံ ကျေးရွာ လူကြီးသူမ မျာ်းနှင့်ကျွန်တော်တို့အဖွဲ့ စိုင်းဖွဲ့ဆွေးနွေးကြရာ ဘုရားကြီးနှင့်ပတ်သက်၍ ထူးဆန်းအံ့သြဖွယ်ရာ ပုံပြင်မျာ်းကို ကြားနာ မှတ်သား‌ခဲ့ရလေသည်။

ဒုတိယကမ္ဘာစစ်ကြီး အတွင်းက ဖြစ်သည်။ ကျောက်တော်နှင့်မဟာမြတ်မုနိဘုရား‌ဝန်းကျင် ဒေသသည် စစ်တလင်း ဖြစ်ခဲ့၏။ အင်္ဂလိပ်တပ် မျာ်း အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာရာ လမ်းကြောင်း နှင့် ဂျပန်တပ်မျာ်း ချီတက်ရာ တပ်စွဲရာ စခန်းဟောင်းမျာ် ဖြစ်ခဲ့လေသည်။ သို့သော် စစ်ဘေး စစ်ဒဏ်ကြောင့် ဘုရားကြီးအား လုံးဝ ထိခိုက်မှုမရှိခဲ့ချေ။ ထို့အပြင် မဟာမိတ်တပ် မျာ် မြန်မာပြည် ပြန်သိမ်းရန် ထိုးစစ်ဆင်နှဲ သောအခါ ဂျပန်တပ် အမျာ်းအပြာ်းရှိသော မဟာမုနိ ဘုရားကြီးပတ်လည်ကို လေတပ်ဖြင့် အကြိမ်းအကျယ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဂျပန် စစ်သည်တော်မျာ်းသည် ဘုရား‌ဝင်း အတွင်း ဝင်ရောက်ခိုအောင်းခဲ့ရာ တစ်ဦးတစ်ယောက်မျှ အသေအပျောက် မရှိခဲ့။ မဟာမိတ်တို့၏ ဗုံး တစ်လုံး ကျည်တစ်တောင့်မျှပင် ဘုရား‌ဝင်း အတွင်း မကျရောက်ခဲ့ဟု ဆိုပါသည်။

တစ်နေ့ ဗုံးကြဲလာသော အမေရိကန် လေယာဉ်တစ်စင်း ဘုရားပေါ်သို့ ဦးစိုက်ဗုံးကြဲ ရာ ဗုံးတော့မကျ၊ လေယာဉ်သာ ပျက်ကျ ကြောင်း၊ မြေပြင် လေထီးနှင့်ဆင်းသော လေ သူရဲကို ရွာသူရွာသားမျာ်းက ဖမ်း၍ ဂျပန်

ကျောက်တော်မြို့နယ်အတွင်းရှိ "မြို" တိုင်းရင်းသားမျာ်းကလည်း မိမိတို့ ရိုးရာအကဖြင့်
ပူဇော် ကြိုဆိုကြစဉ်





ဆရာတော်ကြီး ကျောက်တော်မြို့မှ ပြန်လည် ကြွချီတော်မူရာ....

စစ်တပ်သို့ပို့၍ အပ်နှံကြသည်။ ၎င်းအား အဘယ် ကြောင့် အောက်က တစ်စုံတစ်ရာ ပစ်ခတ် ခြင်းမပြုဘဲ လေယာဉ် ပျက်ကျရပါသနည်းဟု မေးသောအခါ ဘုရားပေါ်ရောက်တော့ ဘာမှ မမြင်ရတော့၊ လေယာဉ်လည်း ထိန်းမရ၊ဘယ်လို ဖြစ်မှန်း မသိတော့ကြောင်း။ မြေပြင်ရောက်၍ အဖမ်းခံရတော့မှ ပြန်ပြီးသတိရပါတယ်" ဟု ထွက်ဆိုကြောင်း သိရှိရလေသည်။

ထို့အပြင် လွတ်လပ်ရေးအတွက် ရခိုင် ပြည်မှ ဖက်ဆစ်တော်လှန်ရေးသည် ဤဒေသ တွင် ဆင်နွှဲခဲ့သည်။ ထို့နောက် လွတ်လပ် ရေးမရခင်နှင့် ရပြီးခေတ် သောင်းကျန်း သူ ရောင်စုံထသောအခါ ရခိုင်ပြောက်ကျားများ၊ ရဲဘော်ဖြူများ၊ ဗကပများနှင့် အစိုးရတပ်များ တိုက်ပွဲ အကြိမ်ကြိမ် ဖြစ်သော်လည်း ဘုရားကို မထိ၊ယုတ်စွအဆုံးဘုရားဝင်းအတွင်း ချော်ချ လာသော မော်တာဗုံးဆန်ပင် မပေါက်ကွဲ ကြောင်း၊ ထူးဆန်းလှကြောင်း သရက်တစ်ပင် ရှာမှ ရေးမီ ပုဂ္ဂိုလ်များက ကိုယ်တွေ့ ပြောပြ လိုက်ကြလေသည်။

ဖြစ်နိုင်ပါသည်၊ ကျန်တော်ကိုယ်တိုင်လည်း မဟာမြတ်မုနိဒေသ၌ ကြုံရသော ကိုယ်တွေ့

ဖြစ်ရပ်တစ်ခု ကြုံခဲ့ဖူးပါသည်။ အခုနှစ်ကတော့ ကြာပြီ။ ၁၉၄၇-ခုနှစ် လွတ်လပ်ရေးမရခင်က ဆိုတော့ ဘာလိုလိုနှင့် နှစ်ပေါင်း ၄၄-နှစ်ပင် ရှိခဲ့ပေပြီ။ ကျွန်တော်က ရခိုင်တွင် လုံခြုံရေး တာဝန်ယူရသော သေနတ်ကိုင် တပ်ရင်း(၅)မှ တပ်ခွဲမှူးဖြစ်ပြီး မြို့ဟောင်း (ယခုမြောက်ဦး) ဘုံ တပ်စွဲထားသည်။

တစ်နေ့ မဟာမြတ်မုနိ ဘုရားကြီးဌာ ရခိုင်တစ်တိုင်းလုံးရှိ သောင်းကျန်းသူအား လုံးညီလာခံကျင်းပမည်။ အစိုးရကို ဆန့်ကျင် တိုက်ခိုက်နေသော ဆရာတော်ဦးစိန္ဒာ၊ ဇုံပေါက် သာကျော်တို့ ခေါင်းဆောင်သော ရခိုင် ပြောက်ကျားမျာသဘ့မက နောင်တွင် ဗကပ ဖြစ်လာမည့် မောင်မြ၊ ကျော်ဇံရှိုးတို့ ခေါင်းဆောင်သော သောင်းကျန်းသူမျာပါ တက်ရောက်ကြမည်။ အင်အား (၅၀၀)ကျော်မည်ဟု ဆိုပါသည်။ ထိုသတင်းအရ ကျွန်တော်တို့အား သွားရောက် တိုက်ခိုက်ရန် စစ်တွေရှိ တပ်ရင်းရုံးမှ အမိန့်ပေးပါသည်။ ကျွန်တော် စစ်ကြောင်းက မဟာမြတ်မုနိ ဘုရားကြီးအနီး ရောက်သွားပါ၏။ သို့သော် တောင်ပေါ်ဌ အသင့် ဇနရာယူထားနှင့်သော ရန်သူက လက်နက်ကြီး သုံး၍ ခုခံပစ်ခတ် တိုက်ခိုက်တော့သည်။ ကျွန်တော်လည်း ပါလာသော သုံးလက်မ စိန်ပြောင်း၊ စက်သေနတ်တို့ဖြင့် ပြန်ပစ်သည်။ ဘုရားတောင်ကုန်းပေါ် ထိမှန်သည်ဟု ထင်သည်။ သို့သော် ကျွန်တော်တို့ပစ်သော တောင်ကုန်းသည် မဟာမြတ်မုနိဘုရား ကုန်းတော်မဟုတ်ပါခေ။ ဘုရားကြီးသည် တောင်ကွယ်နေ၏။မမြင်နိုင်မတွေ့နိုင်ပေ။အားသွန်ပစ်လိုက်သောမော်တာကျည်ဆန်တွေ့ စက်သေနတ်ကျည်ဆန်တွေ့ လုံးဝ မဟာမြတ်မုနိဘုရားကြီးကိုမထိ၊ ဝင်းအတွင်းပင်မကျကြောင်း နောက်မှသိရခြင်း ဖြစ်သည်။ တိုက် ဆိုင်သည်ပဲ ဆိုဆို၊ အံ့သြစရာတော့ ဖြစ်ခဲ့လေသည်။

မင်းကွန်းဆရာတော်ကြီးသည် ထိုနေ့ ညက ကျောက်တော်သို့ ကူပြီး မြို့မ ရွှေကျောင်း၌ သီတင်းသုံး၏။ ကျွန်တော်တို့ကိုမူ ကုလားတန်မြစ်ကမ်းနဖူး ချမ်းမြေ့နဒီပန်းခြံအနီးရှိဆောက်လုပ်ပြီးစ ဧည့်ရိပ်သာသစ်တွင် နေရာချထားပေးသည်။ ဆရာတော်ဘုရားသည် ထိုနေ့ညက ကျောက်တော်မြို့သူ မြို့သားများအား နိဗ္ဗာန်ရောက်ကြောင်း တရားကို ချီးမြှင့်သည်။ တရားနာ ပရိသတ်သည် မြို့မရွှေကျောင်းနှင့် မဆန့်သဖြင့် အအေးဒဏ်ကိုမမှု၊ ကျောင်းအပြင်ဘက် လေဟာပြင်ကပင် နာယူကြလေသည်။

ကျောက်တော်မြို့မှ ဖွဲ့စည်း ပေးထားသော အမျိုးသား အမျိုးသမီး လူငယ် လူရွယ်များ ပါဝင်သော ဧည့်ခံကော်မတီသည် ကျွန်တော်တို့အား ကောင်းမွန်စွာ ဖွယ်ဖွယ်ရာရာ ကျွေးမွေးပြီး လိုအပ်သမျှ ဧည့်ဝတ်ပြုနိုင်ကြပါပေ၏။ ထမင်းစားသောက်ပြီးနောက်လည်း ကစ္စပနဒီတွင် မေးတင် သွားသော လ သာဆောင်၌ အချိုပွဲဖြင့် တည်ခင်းဧည့်ခံရင်း အိမ်ရှင်အမျိုးသမီးများနှင့် စကားဝိုင်းဖွဲ့ ပြောဖြစ်ကြလေသည်။ ကျွန်တော်တို့က တန်ခိုးကြီးမားသော မဟာမြတ်မုနိ ဘုရားသမိုင်းကို သိလိုကြသည်။

အသားဖြူဖြူ နှာတန်ပေါ်ပေါ် အရွယ်အားဖြင့် (၂၀)ကျော် ရှိဦးမည့် ရခိုင်ချောချောသော အမျိုးသမီး တစ်ဦးက စတင်ပြီး ပြောသည်။

"အန်ကယ်တို့ အန်တီတို့ရဲ့ ရှေ့တည့်တည့် မြစ်တစ်ဘက်ကမ်းက တောင်ကို အသအချာကြည့်ကြပါ၊ ဆင်ကြီးတစ်ကောင် ဝပ်ပုံးနေ

တာ၊ နှာမောင်းကြီး ရှေ့ချထားတာကိုတွေ့ရ ပါလိမ့်မယ်”

ဟုတ်ပါသည်။ သူငယ်မလေး ပြောလိုက် တော့ကျွန်တော်တို့ရှေ့ အမှတ်မထင်ရှိနေသော စိမ်းပြာပြာ တောင်တန်းကြီးက တကယ့်ဆင် ကြီး တစ်ကောင် လဲခွလျောင်းနေသလို ပေါ်လာ သည်။ နှာမောင်း နားရွက် ပုံသဏ္ဌာန်သာမက ဒူးတုပ်ပြီး ဝပ်တွားနေသလို ထင်ရကြောင်း သတိပြုမိကြ လေသည်။

“အဲဒီတောင်ကို သမီးတို့ကတော့ ဆင် တောင်လို့ ခေါ်ပါတယ်။ ရခိုင် ရာဇဝင်အရ ရွေးကခေါ်တာကဘော့ ‘သေလာဂီရိတဲ့’။ ဗုဒ္ဓ မြတ်စွာဟာ နောက်ပါ အခြေအရံ ရဟန်း ငါးရာနှင့် တစ်နေ့သောအခါမှာ အဲဒီသေလာ ဂီရိဆင်တောင်ပေါ်ကို ဒေသစာရိကြွချီရောက် ရှိတော် မူပါတယ်။ အဲဒီတုန်းက မြဒါလိဝုံ့ မည၀တီ ရခိုင်ပြည်ကို တတိယ မည၀တီခေတ် တည်ထောင်တဲ့ ရာဇဝင်မှာ အလွန် ထင်ရှား ကျော်ကြားခဲ့တဲ့ စန္ဒသူရိယမင်းဟာ မြို့တော် မြောက်ဦးကို အုပ်စိုးချိန်ပါ။ ဘုရင်ကြီးဟာ ဘုရားသခင် ကြွလာပြီဆိုတာသိသိချင်း ဖူးမြော် ရအောင် ခရီးပြင်း ချီလာခဲ့ပါတယ်။ လမ်းမှာ အိပ်လည်းမအိပ်ဖူး၊ ရပ်နားပြီး ထမင်းတောင် မစားပါဘူးတဲ့”

“ဩော်....သူငယ်မ နှာမည်က မြဒါလီတဲ့ လား၊ နှာမည်လေးကလဲယဉ်၊ လူကလဲလှတယ်၊ ကဲ...ကဲ ဆက်ပြောပါဦး”

“ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သေလာ ဂီရိတောင်ပေါ်ကနေ ရှစ်ရားရင်း နောင်အခါ မြဒါလီကို ရခိုင်ပြည်မှာ ဗုဒ္ဓသာသနာတော် ကြီး ထွန်းကားမည့် အကြောင်း၊ ဓာတ်တော် မွေတော် ဘုရားဝတ္ထု ကိန်း၀ပ်မည့်အကြောင်း ဗျာဒိတ်ပေးခဲ့ပါတယ်။ အန်ကယ်တို့ ကြားဖူး လား မသိဘူး၊ ရခိုင်ပြည်မှာ အံ့တော်၊ နံတော်၊ ဆံတော် စေတီတွေ အထင်အရှား ရှိနေပါတယ် လေ”

မြဒါလီက ကျောက်တော်သူ၊ ဆယ်တန်း အောင်၍ စစ်တွေဒီဂရီ ကောလိပ်ဘွဲ့ ဓာတု ၎ဗဒ အဓိက ဒုတိယနှစ်တက်နေသည်။ရန်ကုန် ကို မဟာစည် သာသနာ့ရိပ်သာ တရားသွား ထိုင်ရင်း တစ်ခေါက်ရောက်ဖူးသည်။ ချက်ချက် ချာချာ သွက်သွက်လက်လက် ရခိုင်ရာဇဝင်ကို ခင်းနေသည်။ သူ့ဘေးက သူ့သူငယ်ချင်း ဆယ်တန်းအောင်ပြီးနောက် ကောလိပ် တက် ရန် စောင့်နေသော အရပ်မြင့်မြင့် ကြည်လင် တောက်ပသော မျက်လုံးအစုံ ရယ်လိုက်လျှင် ပါးကလေး ချိုင့်သွားသဖြင့် ချစ်စရာ ကောင်း သော မခင်ခင်စောကာသည်း ငြိမ်မနေ ဝင် ထောက်ပြန်သည်။

“အန်တီတို့! အန်ကယ်တို့ မေးနေတဲ့ မဟာ မြတ်မုနိရုပ်ပွားတော်မြတ်ဟာ စန္ဒသူရိယဘုရင် ကြီးနှင့် မိဖုရားမောင်းမမိသံတော့က ဘုရားရှင် ကို ဖူးမြော် ကြည်ညိုရတာ အားမရလောက် အောင်ဖြစ်လို့ အကယ်၍ ပြန်ကြွသွားရင် ကိုယ် စား ကိုးကွယ်ပူဇော်ဖို့ ရုပ်တုသွန်းပါရစေ ခွင့် တောင်းတော့ ဘုရားရှင်က ခွင့်ပြုလိုက်လို့ ကျန် ရစ်တဲ့ ရုပ်ပွားတော်ပါ”

မြဒါလီက-

“ဘုရင်မင်းမြတ်ဟာ ခွင့်ပြုချက် ရရခြင်း ခုမဟာမြတ်မုနိတည်ထားရာ အရပ်မှာ ချက် ချင်း ပညာရှင်တွေနှင့် သွန်းလုပ်တော့ တာပါ ပဲ။ ပဉ္စလောဟာနှင့် သွန်းလို့ ပြီးမြောက်သွား တဲ့ ရုပ်တုတော်ဟာ ဘုရားရှင်နှင့် အလွန်ကို တူပါတယ်။ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်က လည်းညီကျော်ရုပ်ပွားတော်အားကိုယ်ငွေ့တော်

ခုနစ်လက် ခွေထည့်ပေးခဲ့တာကြောင့် တန်ခိုးကြီး ဘုရားတစ်ဆူ ဖြစ်နေတာပါ"

"သက္ကရာဇ် ဘယ်နှစ်လောက် ဖြစ်မလဲ"

ရခိုင်သမိုင်းကို လေ့လာထားပုံရဒသာကျောက်တော်မှ အထက်တန်းပြဆရာမ ဘစ်ဦးဖြစ်သူ မမိုးသာက သူတပည့်များ ပြောပြနေသည်ကို ဘေးမှ ငြိမ်နားထောင်နေရာမှ မခေနသာတော့ဘဲ....

"ကျွန်မတို့ ရခိုင်ရာဇဝင် မြောက်ဦးခေတ်မှာ ထင်ရှားတဲ့ နန်းတွင်းစာဆိုတော် အမတ်ကြီး ဖဒူမင်းညိုက စောရွှေကြာ မင်းသမီးချင်းမှာ "မဟာမုနိ၊ ဟိသည် သခု၊ ဆင်းရုပ်တုကို၊ ဝိသုကမ္မ၊ သိကြားမ၍၊ ပစ္ဆဲသောဟာ၊ ရတဲ့နာဖြင့်၊ သွန်းကာ မဖြစ်၊ ခုနစ်လက်ခွေ၊ ရင်ငွေ့တော်ယူ၊ ထည့်တော်မူမှ၊ ဘုန်းတူ ဘုန်းရှည့်၊ ညီနှယ်ဘုရား၊ ကိုယ်တော်စားဟု၊ ထားခဲ့ခဲသာအား၊ သုံးပါးနတ်လူ၊ ကိုးရာမူသည်၊ အယူရှိ ညွှတ်နူးတည့်လေး" လို့ ဖွဲ့ဆိုထားခဲ့တာ အထင်အရှား ရှိပါတယ်။ ဘုရားတည်တဲ့ သက္ကရာဇ်ကျတော့ ကျွန်မတို့ ရခိုင်သမိုင်းမှာ အနည်းငယ် ကွဲလွဲနေပြန်တယ်။ ကျွန်မတို့ ကျောက်တော်က အငြိမ်းစား နိုင်ငံတော်ကောင်စီဝင် ဆရာကြီး ဦးလှထွန်းဖြူ ရေးတဲ့ (၁၉၈၄)-ခုနှစ်ထုတ် "ဗုဒ္ဓဂေါတမနှင့် စန္ဒသူရိယဘုရင်" စာအုပ်မှာ (၁၂၃)ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညနေမှာ သွန်းလုပ်ရာ လပြည့်ကျော်(၁)ရက် ကြာသပတေးနေ့နံနက်မှာ ပြီးတယ်လို့ ဖော်ပြထားတယ်။ နောက်ပြီးတော့ ကျွန်မတို့ ရခိုင်ပြည်နယ် အနုပညာသည်တွေ သုတေသီတွေ ပညာရှင်တွေ စုပေါင်းပြီးပြုစုတဲ့ ပြည်နယ် ဖြစ်စဉ်သမိုင်းကြတော့ သက္ကရာဇ်(၁၄၇)ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညအချိန်မှစ၍ သွန်းလုပ်ကြရာ ကြာသပတေးနေ့ နံနက် မိုးသောက်ချိန်တွင် ပြီးစီးတော်မူသည်လို့ ရေးသားထားတော့ နှစ်တစ်ခုတည်းပဲမတူ ဖြစ်ပါတယ်။ ဘာပဲပြောပြော စွန့်သူရိယမင်းဟာ အိန္ဒိယပြည်က ဘုရားသင်း သက်တော်ထင်ရှားမျိုးစဉ် အုပ်စိုးတဲ့အာဏာတည်တ်မင်းနှင့် ခေတ်ပြိုင် ဖြစ်တာတော့ သေချာပါတယ်ရှင်"

မဟာမြတ်မုနိ ဘုရား၏ သမိုင်းကြောင်းပြောဆိုပြီးသော အခါ ဘုရားခြေတော်ရင်းရှိ သရက်တစ်ပင်ရွာတွင်ကျပန်တပ်တွေအကြာကြီး တပ်စွဲခဲ့သည့် အကြောင်း၊ ဗုံးကြဲခဲ့သော်လည်း ဘုရားလည်းမထိ၊ ရွာလည်း မပျက်ခဲ့၊ ဖက်ဆစ်တော်လှန်ရေးအတွင်းက ရွာမနာ၊ သို့သော် သောင်းကျန်းသူတွေ ထုတောမှ ရွာတစ်ရွာလုံးမီးရှို့ ခံရကြောင်း ရောက်သွားပြီးနောက် ဆရာတော်ကြီး ဟောကြားမည့် တရားပွဲ တက်ရောက်ရန် ရှိနေသေးသဖြင့် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ရလေသည်။

ညမှောင်ရီပျိုးပြီ။

သေလောကီရိတောင်ဒေါမှ စေတီ ပုထိုးဖြူဖြူတွင် ထွန်းညှိထားသော လျှပ်စစ်မီးပဒေသာနှင့် စောင်းတန်း အတိုင်းသွယ်တန်းထားသော မီးတန်းပင် ထိန်လင်းတောက်ပ လာသည်။ သည်မျှတင် မကသေး ညိုမှောင်သော သေလောကီရိတောင်ကွယ်မှ ပြာသိုလပြည့်ကျော် တစ်ရက်နေ့လမင်းဝိုင်းဝိုင်းကြီးကလည်း ပြူထွက်လာခဲ့ပြီ။

ကုလားတန်မြစ်အတိုင်း ဥဒဟိုသွားလာနေကြသော ရေယာဉ်များလည်း တဖြည်းဖြည်းပါလာ၏။ တစ်ခါတစ်ရံမှသာ ငါးဓနိတင်ကားအိမ်ပြန်နောက်ကျ ဆိုက်ကပ်လာသော လှေဖောင်များ၊ မီးတိုင်လေး မှိတ်တုတ်မှိတ်တုတ် ထွန်းပြီး ငါးသလောက်ပိုက်မျှော ချနေသော တံငါလှေများသာ လှရောင်အောက်တွင် တွေ့

ရတော့သည်။ ရေပြင်နှင့်လရောင်၊ တောင်ရိပ်နှင့် လျှပ်စစ်မီးတို့၏ ရှုခင်းက သာယာကြည်နူးဖွယ် ထိတွေ့ခံစားရသောကြောင့် ဆူညံခဲ့သော စကားဝိုင်းသည် လုံးဝ ဆိတ်ငြိမ်သွားပြီတည်း။

ဇန်နဝါရီ(၁၂)ရက် သောကြာနေ့

ကျောက်တော်သည် ရခိုင်ပြည်နယ်မြောက်ဘက်စွန်း၊ ချင်းပြည်နယ် ပလက်ဝတောင်တန်းနှင့် နီးကပ်၍လား မသိ။ ဟေမန္တဆောင်းက အခြားနေရာတွေထက် ပိုချမ်းသည်။ ဂွမ်းကပ်ခြုံ၍ ကွေးရသည်။ ခိုက် ခိုက် တုန် နေသော ဆောင်းနံနက် နေမထွက်ခင်ကပင် အိပ်မောကျနေသော ကျောက်တော်မြို့ကလည်း လှုပ်ရှုပ်ဖြစ်နေလေပြီ။ အသံခွဲစက်ဖြင့် နိဗ္ဗာန်ဆော်များကလည်း မြို့တွင်းအနှံ့ လှည့်လည် ကြွေးကြော်နေ၏။ သာယာသော ရေခင်းသံကို ပည်းကြားရသည်။ ကျွန်တော်တို့လည်း အစောကြီးထကြ၏။ တိပိဋကဓရဆရာတော် ကျောက်ဒတော်မှ စစ်ကဲ့သို့ ပြန်လည် ကြွခြီတော့မည်ဖြစ်သဖြင့် လိုက်ပို့ရန် သသောဆိပ်ဦး မြူနှင်းမှုန်ကဲ့မီကပင် ပရိသတ် စည်ကားနေလေပြီ။

အကျွန်းဝင် ခင် မင် သွား ပြီ ဖြစ် သော ကျောက်တော်မြို့ ညှို့ခံကော်မတီမှ ပုဂ္ဂိုလ်ကြီးများ၊ လူငယ်များ၊ လုံမပျိုများသည် ရန်ကုန်မှ လိုက်ပါလာသည့် ဥပဋ္ဌာက အဖွဲ့ဝင်များ၊ သုဘဒ္ဒါ အမျိုးအမီးများနှင့်ဖက်လဲတကင်းနွှတ် ဆက်စကား ပြောဆိုနေကြ၏။ ခေတ္တခဏ တွေ့ရကြုံရ ဆုံကြရသော်လည်း တကယ့်ဆွေမျိုးတွေလို ခဲ့ခဲ့ခဲ့

ဥ်ကြီးကြီးကျယ် ကျယ် ခမ်းခမ်းနားနား ကျင်းပ ပြုလုပ်သည်။ ဆရာတော်ကြီး၏ ဓညဝတီ ခရီး၏ အရေးပါလှသော အကြောင်းတရားလည်း ဖြစ်ခဲ့ချေသည်။ အခမ်းအနားမှာ နေ့ခင်း တစ် နာရီတွင် စတင်မည်ဖြစ်သော်လည်း ပရိသတ်က ၁၂နာရီလောက်ကပင်ရောက်ရှိပြည့်လျှံနေပြီ။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် အသီးသီးမှ တက္ကူးတက ရောက်ရှိ လာကြသော စဝတ၊ မဝတဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥပဋ္ဌာက အဖွဲ့များ၊ ဖယာဂီဝတ်စုံ ဆင်မြန်းထားသော ခလရ(၂၀)နှင့် စစ်တွေမြို့ ပြည်တော်သာဝတ် အသင်းအဖွဲ့များ၊ ကြိုဆိုပင့်ဆောင်ရေး ဆပ် ကော်မတီဝင်များ၊ ပြည်နယ် မြို့နယ် ဌာနဆိုင် ရာ အကြီးအကဲများ၊ တရားပွဲကျင်းပရာ ဘုရား ကြီးမှ ဂေါပက အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ၊ တရားနာပရိသတ် များလည်း စုံစုံညီညီ ရောက်ရှိ နေကြပြီ။ မကြာပါခဏ။ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မည့် ပြည် နယ်သာသနာရေးဦးစီးဌာနမှူး ဦးမောင်မောင် က အခမ်းအနား စတင်တော့မည့်အကြောင်း ကြေငြာသည်။ အိမ်ရှင် ရခိုင်ပြည်နယ်မှ ဆရာ တော် သံဃာတော်ကြီးများ ကွလာ၍ သံဃာ စင်၌ နေရာယူသည်။ ဆက်လက်၍ တိပိဋကရေ မင်းကွန်း ဆရာတော်ကြီးအား စဝတ ဥက္ကဋ္ဌနှင့် စစ်ဦးစီး (ပ) ဗိုလ်မှူးကြီး အုန်းဟန် အမှူးပြု သော ပြည်နယ်ခေါင်းဆောင်များကပင့်ဆောင် လာသည်။ အခမ်းအနားကို နမောတဿ သုံး ကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီးနောက် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် အမျိုးသမီး ဝတ်အဖွဲ့မှ ဆရာတော်ကြီးအား မေတ္တာတရား ပွားများပူဇော်ကြရာ—

"ဓမ္မနာဒ၊ တိပိဋကအကျော်၊
ထေရ်မဟော်၊
သက်တော်ရာကျော်ရှည်ပါစေ။
ဥပါဒ်နေဘေး၊ ကင်းစင်ဝေး၊
ချမ်းအေးမြပါစေ။
ကျန်းမာချမ်းသာ၊ ရွှင်လန်းစွာ၊
သာသနာပြုနိုင်ပါစေ။
တရားရေအေး၊ အမြိုက်ဆေး၊
တိုက်ကျေးနိုင်ပါစေ။
စစ်ဝံတွေရှေ့မြို့၊ ဇာပည့်တို့၊
သွန်းပို့မေတ္တာရေ။
ထေရ်မြတ်ခြေစုံ၊ ထိပ်ဝယ်ပုံ၊
ကြည်ယုံရှိပန်ခဲ့။

အစရှိသော ရခိုင်သံဝဲဝဲနှင့် သံပြိုင် ဓမ္မတေး ပူဇော်သံက မဏ္ဍပ်အတွင်း ပဲ့နဲ့လွှမ်းလာလေသည်။

ထို့နောက် ဆက်လက်၍ တေးသံရှင် မသန်း သန်း(စဝတ အတွင်းရေးမှူး ဗိုလ်ကြီး စော အောင်၏ဇနီး)က မဏ္ဍလာဦးဘဆွေ အထူး ရေးသားဖွဲ့ဆိုသည့် "ပထမတိပိဋက၊ အဘိဓဇ ဘုန်းမော်၊ ရှိသမျှကျုံးဖော်လျှင်၊ မဆုံးတော် နိုင်ဘူး"... အစချီသော ဘွဲ့တော်စုံ ဂုဏ်ပြု တေး ထပ်ဖြင့် ပူဇော်ပြန်ပါသည်။

ရန်ကုန်မှ ဆရာတော်ကြီးနှင့် ပါလာသူ များကို ပရိသတ်နှင့် မိတ်ဆက်ပေးပြီးနောက် ရခိုင်ပြည်နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာန ချုပ် တိုင်းမှူးကိုယ်စား ဗိုလ်မှူးကြီးအုန်းဟန်က သာသနာရေးကိစ္စနှင့် ဆရာဝန်ကြီးဦးသာလှက ဆောက်လုပ် နေဆဲ ဖြစ်သည့် သာသနာ့ တက္ကသိုလ်အကြောင်း လျှောက်ထား ရှင်းလင်း ခြင်း၊ ဆက်လက်၍ ရခိုင်ပြည်နယ် အတွင်းရှိ စစ်တွေ၊ မောင်းတော၊ ဘူးသီးတောင်၊ ရသေ့ တောင်၊ ကျောက်ဝေါ်၊ မြောက်ဦး၊ ပုဏ္ဏား ကျွန်း၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊ အမ်း၊ ကျောက်ဖြူ၊ ရမ်းပြဲ၊ မာန်အောင်၊ သံတွဲ၊

တောင်ကုတ်၊ ဂွစသော မြို့နယ်ပေါင်း (၁၇) မြို့နယ်မှ တာဝန်ရှိသူများက ပဝတ ဥက္ကဋ္ဌသို့ အလှူငွေများ အသီးသီး ပေးအပ်ကြ၍ ပြည်နယ်တာဝန်ခံမှ အားလုံးစုပေါင်းကာ ဥပဋ္ဌာက ပင်မ အဖွဲ့ ဥက္ကဋ္ဌသို့ ငွေးအပ် လှူဒါန်းခြင်း၊ ပုဂ္ဂလိက အလှူရှင်များက ထပ်လောင်း၍ တစ်ဦးစီလှူဒါန်းခြင်း စသည်ဖြင့် အစီအစဉ်အတိုင်း ဆက်လက်ပြုလုပ်သွားသည်။

နောက်ဆုံး ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များက ပရိတ်တရားတော် ရွတ်ဆို ချီးမြှင့်ခြင်း၊ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးက ပရိသတ်များ တောင့်တနေသောသာဓု အနုမောဒနာ ဒေသနာတော် ဟောကြားခြင်း၊ ကောင်းစွာ နာကြားခြင်း၊ ရေစက် သွန်းချ အမျှဝေခြင်း၊ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုခြင်းဖြင့် အခမ်းအနား ပြီးဆုံးသွားလေသည်။

ဇန်နဝါရီလ (၁၄)ရက် တနင်္ဂနွေနေ့

ဆရာတော်ကြီး၏ ဓညဝတီခရီး အောင်မြင်စွာ ပြီးဆုံးသွားပြီဖြစ်၍ ရန်ကုန်သို့ ပြန်ကြွတော့မည်။ နေသာသော ထိုနေ့ နံနက်ခင်းဝယ် ဆရာတော်ကြီးအား သီတင်း သုံးတော်မူသော သံဃာ့ရာဇာ ကျောင်းတိုက်မှ ဖြစ်ကြီးနားသင်္ဘော ဆိုက်ကပ်ထားရာ ဆိပ်ကမ်းသို့ ပြည်နယ်ခေါင်းဆောင်များ၊ ဥပဋ္ဌာက လူကြီးများက ပင့်ဆောင်လာသည်။ လမ်းခရီး ဖြတ်သန်းရာဖြစ်သော စာရေးကြီးရပ်ကွက်၊ ကုန်းတန်း၊ ဓညဝတီ၊ ကသဲ၊ မင်းဂရပ်၊ ရွာကြီးတောင်၊ ရွာကြီးမြောက်၊ ဘောင်းဒွတ်သား၊ ဦးဥတ္တမ လမ်းမကြီး၊ ကျောင်းတက်လမ်း၊ ဘောက်သီးစု၊ မင်းတာကြီးလမ်း၊ အောင်မင်္ဂလာရပ်၊ မကျည်းမြို့၊ ရဲနွယ်စု၊ ပြည်တော်သာအနောက်စံပြနှင့် အရှေ့စံပြ၊ ရေတပ်မိသားစု၊ ကျေးပင်ကြီး၊ မောလိပ်၊ အိုးတန်းရပ်ကွက် စသည်တို့မှ ရပ်ကွက်ပြည်သူလူထုက လမ်းဘေး ဝဲယာမှနေ၍ ကန်တော့ကြသည်မှာ လွှမ်းမော ကြည်နူးစရာပင်။

မြစ်ကြီးနားသည်တိပိဋကဓရမင်းကွန်းဆရာတော်ကြီးအား အလာတုန်းက အတိုင်း ပင့်ဆောင်ကာ ညဝတီ ရခိုင်ပြည် မြို့တော်စစ်တွေမှ နံနက်ဒီရေတက်ချိန်တွင် ရန်ကုန်သို့ ဦးဂညဉ္ဇာလေပြီ။

ဆိပ်ခံဘောတံတား၌ ဆရာတော်ကြီးအား ကန်တော့၍လည်းကောင်း၊ ပါလာသော အဖွဲ့ဝင်များအားဝှေ့ယမ်းလက်ပြ၍လည်းကောင်း၊ သင်္ဘောပေါ်မှလည်း လှိုက်လှိုက်လဲလဲ တုန့်ပြန်၍လည်းကောင်း ခဲ့ခဲ့ခဲ့ခါနီး ဖက်လဲတကင်း နွှတ်ဆက်ကြသည့်မြင်ကွင်းမှာ စိတ်ထိခိုက်စရာဖြစ်တော့သည်၊ ရခိုင်ပြည်နယ် အဝန်းမှ စိစစ်ရွေးချယ် ခေါ်ယူထားသည့် ယဉ်ကျေးမှု အဖွဲ့ဝင် အမျိုးသမီး လှုပ်ရှိုးဖြူ။ ကလေးများကလည်း စည်တော်သံ ဗျောသံအတိုင်း အချက်ကျကျ သိမ်မွေ့လှသော ဗုဒ္ဓပူဇနိယ ပူဇော်မှု ဂီတဖြင့် ပူဇော်ရင်း တရိပ်ရိပ် ကျန်ရစ်ခဲ့ကြ လေသည်။

သတိရမိပါသေးသည်။

ပူပူနွေးနွေး ယမန်နေ့ညကပင် ဖြစ်သည်။

ဆရာတော်ကြီးနောက်မှ ပါလာသော ကျွန်တော်တို့ အဖွဲ့ဝင်များအား ရခိုင်ပြည်နယ်မှ ရိုးရာ ယဉ်ကျေးမှု ပဒေသာ အကများဖြင့် သီးသန့်ညှို့ခံ နွှတ်ဆက်ပွဲ ပြုလုပ်ခဲ့ ပေသေးသည်။ အစဉ်အလာကြီးခဲ့သော ရှေးမင်းလက်ထက်ကတည်းက ထားရစ်သည့် နက်ရှိုင်းသော ရခိုင်ရိုးရာယဉ်ကျေးမှုကို ကိုယ်တိုင်မြင်တွေ့ခဲ့ရခြင်းပင်ဖြစ်သည်။

ရခိုင်ပြည်သူပြည်သား အများစုသည် ကျွန်တော်တို့ကဲ့သို့ ဗုဒ္ဓဘာသာ သက်ဝင် ယုံကြည်ကိုးကွယ်သူများ ဖြစ်ကြသည်။ ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ် မြောက်ဦးခေတ် ခေတ်အဆက်ဆက် အုပ်စိုးခဲ့ ကြကုန်သော ရခိုင်ဘုရင်များသည် ဗုဒ္ဓသာသနာကို အထူးအားပေးခဲ့ကြ၍ ရခိုင်ယဉ်ကျေးမှု အမွေအနှစ် ကောင်းများကိုလည်း ချန်ထားရစ်ကြပေသည်။ အထူးသဖြင့် တတိယ ဓညဝတီခေတ်ကို တည်ထောင်ခဲ့သော ဘုန်းကြီးသည့် စန္ဒသူရိယမင်း တည်ထားခဲ့သော မဟာမြတ်မုနိဘုရားသည် အထင်ရှားဆုံး သာဓက မဟုတ်ပါလော။

ဗုဒ္ဓ သာသနာတော်သည် မြတ်စွာ ဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် ရခိုင်ပြည်သို့ ရောက်ရှိလာသည်။ ခေတ်အဆက်ဆက် ညီးမှိန်ပျောက်ကွယ်ခြင်း မရှိဘဲ သမိုင်းတစ်လျှောက် သာသနာရောင်ဝါ ထွန်းလင်း ပြောင်ခဲ့ပေသည်။ ယနေ့ တိပိဋကဓရ ဆရာတော်ကြီး ဓညဝတီကြွချီသည်အထိ သာသနာတော်ကြီး ဆက်လက်ရှင်သန် ထွန်းကားနေသည်ကို မြင်တွေ့ရသည်မှာ ဂုဏ်ယူစရာ ဝမ်းသာစရာ အားရစရာပင် ဖြစ်ချေသည်။

သဇင်ပန်းခက်များ ဝေဝေဆာဆာပန်ဆင်ထားကြသော ရခိုင်အမျိုးသမီးများ၏ ရိုးရာယဉ်ကျေးမှု ဖော်ထုတ်အပ်သော အကများကို ပင်ကြည့်ပါ။

မြတ်စွာဘုရားအား ဆီမီးခွက်ဖြင့် ပူဇော်ခြင်း၊ တန်ခိုးကြီး မဟာမြတ်မုနိဘုရားတွင် ရှေးကတည်းက အစဉ်အလာအားဖြင့် ဆီမီးပူဇော်ရာဌာ သီဆိုလေ့ရှိသော ကဗျာဖြင့် ချယ်သထား သည့် ဗုဒ္ဓပူဇနိယ အက၊

မြတ်စွာဘုရားအား မိမိတို့ စိုက်ပျိုးထွက်ရှိလာသည့် အဦးဆုံးပေါ်သောစပါးဖြင့် ဆွမ်းချက်ကပ်လှူခြင်းကို ဖော်ပြသော ကောက်ဦးဆွမ်းတင်ယိမ်း၊

သစ္စာလေးပါးကို ဖော်ကျူးသည့် ကျောက်ရိုးယိမ်း၊

ဗုဒ္ဓ ဘုရားရှင်အား ရှိခိုး ကန်တော့သည့် ဇီသျှင်ယိမ်း၊

သီတင်းကျွတ် ပဲ့တော်၊ တန့်ဆောင်တိုင် ပဲ့တော်တွင် ဘုရားရှင်အား ရည်စူးပူဇော်သော ဆီမီးတစ်ထောင် ပန်းတစ်ထောင်ယိမ်း....

စသည်တို့အပြင် သင်္ကြန်သဲရုပ်ဖော် အခါတော်ယိမ်း၊ ရထားပန်းယှင်ယိမ်း၊ သျှင်ဒိုင်အက၊ အဇိမ်ဇိတ်ကေယိမ်း၊ ရှေပန်းတူင့်ပန်းပြောက် အကတို့မှာလည်း လှပ ချစ်စရာ ကောင်းသည့် ရခိုင်ရိုးရာဓလေ့ထုံးတမ်းကိုအနုပညာဖြင့် ဖော်ပြနေခြင်းဖြစ်ပြီး ဘာသာတရားကိုင်းရှိုင်းမှုကိုပင် စိုးမိုးနေကြောင်း တွေ့ရှိရလေသည်။

မြစ်ကြီးနားသည် စစ်တွေကမ်းခြေနှင့် တစ်ဖြည်းဖြည်း ဝေးကွာ ဝေးကွာ လာခဲ့ပေ၏။ ရခိုင် ရိုးမ ရခိုင် ကမ်းရိုးဘန်း ကစ္ဆပနဒီနှင့် ရိုးသားပျူငှာကြကုန်သော ဓညဝတီ ပြည်သူပြည်သားတို့သည်လည်း ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေပြီ။

ကျွန်တော်သည် ဤသို့ သုံးသပ် ကောက်ချက်ချမိ၏။

အမှန်တော့တိပိဋကဓရမင်းကွန်းဆရာတော်ကြီး၏ ဓဇ္ဇဝတီခရီးသည် သာသနာရေးသက်သက် ဖြစ်သော်ငြားလည်း အနေဝေးနေကြတစ်အူတုံဆင်း ညီရင်းအစ်ကို တိုင်းရင်းသားခြင်း ချစ်ကြည်ရေး၊ စည်းလုံး ညီညွတ်ရေး အတွက်လည်း အထောက်အကူ ပြုနေကြောင်း ပေါ်လွင်နေပါသတည်း။

ဗိုလ်မှူးသမိန်



ကြည်သိန်း

ကမ္ဘာအေး မဟာသိမ်ကျောက်ကြီး ပြုပြင်မှု မှတ်တမ်း

ကျောင်းတိုက် တည်ဆောက်သည့် ကိစ္စနှင့် ပတ်သက်၍ မင်းကွန်း တိုပိုင်ဘုရင် ဆရာတော်ကြီး၏ သြဝါဒပေးတော်မူချက်ရှိပါသည်။

ကျောင်းတိုက်မြေသည် သာသနာ့မြေ ဖြစ်ပါစေ။

ကျောင်းတိုက် တည်ဆောက်ရာတွင် သာသနာ့ အုတ်မြစ်ဖြစ်သော သိမ်ကို ဦးစွာ ပထမ ဆောက်လုပ်ပါ-ဟူ၍ ဖြစ်ပါသည်။

ထို့ကြောင့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် မဆောက်လုပ်မီ သာသနာ့အုတ်မြစ်ဖြစ်သော သိမ်ကို ဦးစွာ လုပ်ဆောင်ပါသည်။

ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် တည်ဆောက်ရေး အတွက် သာသနာ့အုတ်မြစ်ဖြစ်သော၊ "သိမ်" ကို ဦးစွာ ဆောက်လုပ်ရန်ဖြစ်သော်လည်း ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဆောက်လုပ်ရေး လုပ်ငန်းများ ပြီးဆုံးသွားသောအခါ ကမ္ဘာအေး သိမ်တော်ကြီးမှာ အတွင်းအပြင် နေရာများစွာ၌ ပျက်စီးယိုယွင်းနေပြီး သိမ်တော်နှင့်မတူ ဘုရားကျောင်းပျက်ကြီးနှင့်သာတူနေပါတော့သည်။ သိမ်တော်ကြီး အတွင်း၌ ဂိုဏ်းဆရာ အသီးသီးတို့ စီရင်ပစ်ထားအုပ်သော သပိတ်ကဲ့အင်းများစွာကိုလည်း တွေ့ရပါသည်။ ထို့ပြင် မူလသိမ်တော်ကြီး၏ပုံမှာ အိန္ဒိယ အမျိုးသား ဇိသုကာ ပညာရှင်၏ ပုံစံဖြစ်၍ ပီန္ဒု။ နတ်ကွန်း (မန္ဒ ရ) နှင့် သဏ္ဌာန်တူနေပါသည်။ သီဝနတ်ကွန်း ပုံစံအတိုင်း ဖြစ်နေပါသည်။ သိမ်တော်ကြီး တစ်ခုလုံးမှာ ပါသာဒိက ဂုဏ်တော်ကင်းမဲ့နေခြင်း၊ ဗုဒ္ဓဘာသာ အနုပညာလက်ရာ မဆန်ခြင်း၊ မြန်မာ့ မျက်စိအမြင်တွင် သန္တရသ ဝိရရသ မပါခြင်း တို့ကြောင့် သိမ်တော်ကြီးကို ပြုပြင်ရန် အားထုတ်ကြပါသည်။

ထို့ကြောင့် တိပိဋက=နိကာယသာသနာပြု အဖွဲ့၊ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ် လျှောက်ထားရေး အဖွဲ့သည် ကမ္ဘာအေးသိမ်တော်ကြီးအား ပြုပြင်မွမ်းမံမှုပြုလုပ်နိုင်ရန် ၁၉၈၄-ခု၊ ဖေဖော်ဝါရီလ ၈-ရက်တွင် စာဖြင့် စည်းဝေးခဲ့ကြပါသည်။

ကမ္ဘာ့အရေးပါဘုရားဖူးစေတီကြီး
ပဲခူးမဟာစေတီတော်

ကမ္ဘာအေး သိမ်တော်ကြီး ဆောက်လုပ် လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ နှင့်အဖွဲ့က မြန်မာမှုဒီဇိုင်းပညာရှင် ဦးအေး မြင့် (မောင်အေးမြင့်- မြန်မာမှုဒီဇိုင်း)ကို ခေါ်၍ မည်သို့ မည်ပုံ မြန်မာမှု အမွမ်းအပြောက်များ ထည့်သင့်ကြောင်း အကြံပြုတင်ပြရန် တာဝန် ပေးပါသည်။

မူလအခြေခံပုံစံကို လေ့လာရာတွင် ဆန်ချီ၊ သီဟိုဠ်၊ ပျူရှိ စေတီပုံဟန်များ၏ အရိပ်အရောင် ပါရှိနေခြင်းကြောင့် ပျူပုံစံ ကနုတ်-ဟန်များကို အလေးထား၍ ပုံထုတ်ပါသည်။

ထိုသို့ ရေးဆွဲနိုင်အောင် ၁၉၈၄-ခု၊ ဖြိုလ (၁၆၊ ၁၇၊ ၂၀) ရက်နေ့ များတွင် နယူးဇဟို ဓာတ်ပုံတိုက်မှ ကိုရန်အောင်ကိုခေါ်၍ ပြုပြင် သင့်သည့် နေရာအစိတ်အပိုင်းများကို ဓာတ်ပုံ ရိုက်စေပါသည်။ထိုဓာတ်ပုံများပေါ် အခြေခံ၍ အစိတ်အပိုင်းအလိုက် ပုံကြမ်းများ ရေးဆွဲပါ သည်။ ရေးဆွဲပြီး ပုံကြမ်းများကို ဥက္ကဋ္ဌ ဆရာ ဝန်ကြီး ဦးသာလှနှင့် အကျိုးတော်ဆောင် ဦး မောင်မောင်ကြီးတို့ထံ တင်ပြပါသည်။

၁၉၈၄-ခု၊ ဖြိုလ (၂၁)ရက်နေ့ တွင် ဥက္ကဋ္ဌကြီး ဦးသာလှနှင့် တကွ ဦးအောင်ဇင် (ဗိုလ်မှူးကြီး-အငြိမ်းစား) နှင့် အင်ဂျင်နီယာ ချုပ် ဦးဝင်းထိန်တို့ ပါဝင်သော ဆောက်လုပ် ရေးအဖွဲ့ထံသာ ဓာတ်ပုံများ နမူနာပုံကြမ်းများ နှင့်တကွ ဆရာ ဦးအေးမြင့်က ရှင်းလင်းတင်ပြ ပါသည်။

၁၉၈၄-ခု၊ ဖြိုလ(၂၉)ရက်နေ့တွင် ပုံစံ (၂)စောင် ရေးဆွဲ၍ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးနှင့် အဖွဲ့အား တင်ပြလျှောက် ထားခဲ့ပါသည်။ ထိုနေ့တွင်ပင် ဦးအေးမြင့် အား တင်ပြခဲ့သည့် ပုံစံဒီဇိုင်းများအတိုင်းကို မြန်မာမှု အစိတ်အပိုင်းများ အကောင်အထည် ဖော်ရာတွင် ကြိုးကြပ်၍ အကောင် အထည် ဖော်ပေးပါရန် တာဝန်ပေးပါသည်။

အတည်ပြုပြီး ပုံစံများအရ တည်ဆောက် ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် အကောင် အထည်ဖော်နိုင်မည့် ဆိုင်ရာအနုပညာရှင်များ ကို ဖိတ်ခေါ်၍ ရှင်းလင်း အပ်နှံသည့် ကိစ္စ ကို ၁၉၄၈-ခု၊ သြဂုတ်လ(၁၉)ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

ဖိတ်ခေါ်ရှင်းလင်းပွဲကို ကမ္ဘာအေး မဟာ သိမ်တော်ကြီးပေါ်တွင် ပြုလုပ်ခဲ့ပါသည်။


တက်ရောက်ကြသည့် ပညာရှင်များမှာ- မန္တလေးမှ ကိုဝင်းမောင်၊ ကိုမော် မော် (မြန်မာမှု-ပန်းပု-ပန်းတဉ်း-ပန်းတမော့)

ရန်ကုန်မှ ဦးကျော်စ (ပန်းပု)၊ ကိုဝင်း မြင့်(ခေတ်ပန်းပု)၊ ကိုတင်အောင် (မှန်စီရွေချ) တို့ဖြစ်ကြသည်။

သိမ်တော်ကြီး ဆောက်လုပ် လှူဒါန်းရေး အဖွဲ့ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှနှင့် အဖွဲ့၊ အလှူရှင် သုခိတာ ဒေါ်ဒေါ်ဖုံ၏ သား ဦးမြင့် အပါအဝင် လူကြီးများက လုပ်ငန်းမျစး ရှင်း လင်းပြောပြပြီး လုပ်ငန်းအပ်နှံပါသည်။

၁၉၈၄-ခု၊ စက်တင်ဘာ(၄)ရက်နေ့တွင် မန္တလေးမှ ပန်းရန် ပန်းတော့ ပညာရှင် ဦး ထွန်းသင် ရောက်လာ၍ ဥက္ကဋ္ဌနှင့် တွေ့ဆုံနိုင် အောင်ဦးအေးမြင့်က ဆောင်ရွက်ပြီး လုပ်ငန်း ကို ချိန်ဆစေခဲ့ပါသည်။

၁၉၈၄-ခု၊ အောက်တိုဘာလ(၁၅)ရက် နေ့တွင် မန္တလေးမှ ဦးထွန်းသင်နှင့် အဖွဲ့ကို စရံငွေ၅၀၀၀-ပေး၍ ခေါ်ယူပါသည်။အောက် တိုဘာလ(၂၅)ရက်နေ့တွင်ဦးထွန်းသင်နှင့်အဖွဲ့ သည် ပန်းရန်ပန်းတော့ လုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့ပါသည်။



ကမ္ဘာအေး မဟာသိမ်တော်ကြီး ပြင်ဆင်မှု လုပ်ငန်းအတွက် ရန်ကုန်မြို့၊ ဂွတ်လစ် လမ်းမကြီး၊ အမှတ် ၄၉-နေ ကျောင်းအမကြီး (သုခိဘာ) ဒေါ်ဒေါ်ဖုံ မိသားစုက ပင်မဒါယကာအဖြစ် ခံယူပါသည်။

မဟာသိမ်တော်ကြီး ပြင်ဆင်ရေးတွင် ဘာဝန်ရှိသည့် ပညာရှင်အဖွဲ့က မဟာသိမ်တော်ကြီးကို ထီးတော်မှအစ သိမ်ကော် အတွင်းအပြင် လိုအပ်ရာရာ ဌာနတိုင်း၌ ပြုပြင်မှုကို စတင်အကောင်အထည် ဖော်ကြပါသည်။

သုံးဆင့်ထီးတော်နှင့်
လေးထောင့်စပ်စပ် ဟမ္မ°ကာ။


မဟာသိမ်တော်ကြီး ပြင်ဆင်မှု သမိုင်းကို ထီးတော်မှစ၍ ဖော်ပြပါမည်။

၁။ သုံးဆင့်ထီးတော်

သိမ်တော်ကြီး၏ မူလထီးမှာ ကျောက်ထီး ဖြစ်ပါသည်။ ၎က်ပျော်ဖူးသဏ္ဌာန်သို့ အပြေအပြစ်ပြု၍ ထီးသဖွယ် အထွတ်တင်ထားခြင်း ဖြစ်ပါသည်။ ဤ၎က်ပျော်ဖူးသဏ္ဌာန်ထီးထက်တွင် မြန်မာ့ရိုးရာ ထီးတော်သစ်တင်ရန် အားထုတ်ကြပါသည်။

၁၉၇၄-ခု၊ အောက်တိုဘာ ၁၂၂၃သုံးရက်ဆက်တိုက် သိမ်တော်ကြီးကို ငြိမ်းဆင်၍ ကိုမော်မော်တို့အဖွဲ့က တိုင်းထွာပါသည်။ ဗိသုကာဦးခင်အောင်နှင့်အဖွဲ့ကလည်း ပင်လယ်ပြင်မှ အမြင့်ပုံစံ ထုတ်ပါသည်။ အောက်တိုဘာ ၄-ရက်နေ့တွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား ထီးတော်ပုံစံကို တင်လျှောက်ထားပါသည်။ မြန်မာ့ရိုးရာ ထီးတော်များ၌ ၎က်ပျော်ဖူးထိပ်တွင် ပိန္နဲတိုင် ထည့်၍ ထီးတော်တင်ရိုး ဖြစ်ပါသည်။ ထီးတော်သစ် ထပ်ဆင့်တင်ရာတွင် ပိန္နဲတိုင် မရဘဲ တင်ရတော့မည် ဖြစ်ပါသည်။ ထို့ကြောင့် မန္တလေးမှ လူငယ်ပညာရှင် တမွေဝတီ ကိုဝင်းမောင်သည် ပိန္နဲတိုင် မပါဘဲ ထီးတော်တင်နိုင်ရေးအကွက် ပုံစံချပေးပါသည်။ ဤချပေးသည့် ပုံစံအတိုင်း ကိုမော်မော်က ပုံဖော်လုပ်ဆောင်ပါသည်။ ထို့ကြောင့် ကျောက်ထီးအထွတ်လက်တွင် ထီးခွေများစုပ်၍ ဒုတိယ ထီးဆင့်ကို အောင်မြင်စွာ တင်နိုင်ခဲ့ပါသည်။

ဤဒုတိယ ထီးတော် တင်ပြီးမှ ပိန္နဲတိုင် စိုက်ကာ တတိယ ထီးတော် တင်နိုင်ခဲ့ပါသည်။




၁။ မူလဆင်ဝင်နဂူးစည်းနှင့် မွမ်းမံပြင်ဆင်ပြီး ပုံစံသစ်

ထို့ကြောင့် သိမ်တော်ကြီးသည် ယခုအခါ သုံးဆင့်ထီးနှင့် သပ္ပာယ်သော သိမ်တော်ကြီး ဖြစ်နေပါသည်။ ယနေ့တိုင် ခိုင်ခန့် ထင့်တယ် ဆန်းပြားမှုရှိသော ထီးတော်အဖြစ် ဖူးတွေ့နိုင် လျက်ရှိပါသည်။

၂။ ဟမိုကာ

မူလဟမိုကာပုံမှာ လေးထောင့်အံစာပေါ် တွင် ဖားစည်ရှိနေပုံ ဖြစ်ပါသည်။ ထို့ကြောင့် ဟမိုကာကို ထုထည်ကြီးအောင် အားဖြည့်ကာ ဖောင်းပန်းဆဲ့ထည့်၍ ပြေပြစ်အောင် ဖန်တီး ထားပါသည်။ အလယ်တွင် (၂၄) ပစ္စည်း သရုပ် ဖော် စကြာပန်းဖြင့် ဟာကွက်ကို ဖြည့်ထား ပါသည်။



၃။ သပိတ်မှောက်

သပိတ်မှောက်ပုံ အဟောင်းမှာ တင်း တောင်းကို မှောက်ထားသည့်ပုံ ဖြစ်ပါသည်။ ထို့ကြောင့် အပေါ်ကဖြင်ဆင်ထားသည့် ဟမိုကာ စသည်နှင့်လည်း လိုက်လျော အောင်

အောက်၌ရှိသော ပြဿဒ်နှင့်လည်း အဆင်ပြေအောင် သပိတ်မှောက်ကို စစ်ကိုင်းကောင်းမှုတော်စေဘိကဲ့သို့ အခုံးအဝန်း ဖြစ်အောင် ပြင်ဆင်ခဲ့ရပါသည်။ ဤသပိတ်မှောက်ကို ပြင်ဆင်ရသည့်ကိစ္စမှာ ခေတ်သစ် အင်ဂျင်နီယာတို့ ခက်ခက်ခဲခဲ စဉ်းစားချိန်ဆရသည် အထိ ဖြစ်ခဲ့ရပါသည်။ သို့သော် မန္တလေးမှ ပန်းတော့ ပညာရှင် ဦးထွန်းသင်းကမူ မူလ သပိတ်မှောက်ပတ်သည်ဟု နှိုးဖြင့် ဝန်းပတ်မံသကဲ့သို့ သံချည် သံကွေး သံဆန်ကာဖြင့်မံ၍ အင်္ဂတေသားထည့်ယူ မှမ်းမံရာ ယနေ့ ဖူးတွေ့နေရသည့် ပြည့်ဖြိုး ဝန်းဝိုင်းသော သပိတ်မှောက်ပုံဖြစ်လာခဲ့ပါသည်။

၄။ စဉ့်ပန်းဆဲများ

ဤသပိတ်မှောက်တွင် ရင်ဆဲခါးစည်းပန်းအပြင် စဉ့်ပန်းဆဲများ ထည့်ထားပါသည်။ ဤစဉ့်ပန်းဆဲများကို ကမ္ဘဝတီ ကိုဝင်းမောင်က ပုံစံထုတ်၍ ရွှေဘို၊ ကျောက်မြောင်းမြို့နယ် နှယ်ငြိမ်းရွာမှ စဉ့်ညာရှင် များက စဉ့်ပန်းများကို ပြုလုပ်ကြပါသည်။ ဤသို့ စဉ့်ပန်းဆဲများ ကပ်ဆင်ထားခြင်းအားဖြင့် မြန်မာ့ရိုးရာ စေတီတော်တွင် ခေါင်းလောင်း အောက်၌ ကြာမှောက်ကြာလှန် ပါသည်နှင့် တူပါသည်။ စဉ့်လက်ရာများ ခေတ်စားခဲ့သော ရှေးပုံကို ခေတ်ကို ပြန်လည် ဆက်နွယ် အောက်မေ့စေပါသည်။

၅။ ဆင်ဝင်နဖူးစည်း

သိမ်တော်တို့၏ အပေါ်ပိုင်း မစက် အောက်ခံအုတ်တိုက်မှာ ဦးပြည်ကဟုံး ဖြစ်ပါသည်။ အဆင်တန်ဆာ ဘာမျှမပါဘဲ ပြောင်ချောကြီးသာ ဖြစ်ပါသည်။ ထို့ကြောင့် လှပ တင့်တယ်မပြုပြစ်စေခြင်းငှာ ဆင်ဝင် နဖူးစည်းကို ပျဉ်ခတ်ဟန် ပန်းတော့များ တပ်ဆင်ပေးထားပါသည်။ ထို့ကြောင့် ထို စဉ့်ပန်းများသည် အထက်သပိတ်မှောက်ရှိ ခါးစည်းပန်းနှင့်လည်းကောင်း၊ အောက်ဘက်ရှိ ဆင်ဝင်မုခ် ပန်းဆဲများနှင့်လည်းကောင်း လိုက်ဖက်၍ တင့်တယ်မှုရှိစေပါသည်။

၆။ ပြတင်းပေါက်များ

သိမ်တော်တို့က်၏ ပြတင်းပေါက်များသည် နံရံကို လေးထောင့်ကွက် ဖောက်ထားရုံသာ ဖြစ်ပါသည်။ထို့ကြောင့် ဗုဒ္ဓဘာသာအဆောက်အဦအဖြစ် ပီသစေရန် ပြတင်းပေါက်ထိပ်စည်းတွင် ပန်းတော့ပန်းများထည့်၍ မုခ်ဦး သဏ္ဌာန် ပုံဖော်ထားပါသည်။ ဆင်းတု တံကဲပုံ အသွင် ပေါ်လွင်၍ ဘာသာရေး အဆောက်အဦသဘော ပို၍ ပီပြင်သွားပါတော့သည်။

၇။ ဆင်ဝင်မုခ်

မူလက သိမ်တော်ကြီး၏ ဆင်ဝင်မုခ်မှာ ပြဿဒ်ဦးပြည်း ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင် ဆရာဦးအေးမြင့်က ပျဉ်ခတ်ဟန်နှင့် မဟာဗောဓိ စေတီပုံကို ပဟိုပြု၍တစ်ဘက်တစ်ချက်မှ မကာရ်းရုပ်ဥကင်တံကဲဖြင့် နဖူးစည်းပုံ ရေးဆဲ့ ပေးပါသည်။ သိမ်ဟော် ပြုပြင်မှု လုပ်ငန်းတွင်ကျ ဆင်ဝင်မုခ်စတင် အကောင်အထည် ဖော်ခြင်း ဖြစ်ပါသည်။


၈။ တိုင်ဖုံး

ဆင်ဝင်မုခ်ကိုင် ၂-လုံးတွင် နဂိုက တိုင်ဖုံးပန်း မပါပါ။ တိုင်ဖုံးပန်း ရေးပေးသည့် အတိုင်း တိုင်ဖုံးပန်း တပ်ဆင်ထားပါသည်။

၉။ လှေကားအထက်သိမ်တိုင်အညွှန့်

လှေကားအထက်သိမ်ကိုင်ကိုလည်း အညွှန့် ကပ်ပေးထားပါသည်။

ဤသည်တို့ကား သိမ်တော်ကြီး၏ ဒီဇိုင်းပုံစံများကို အပြင်ပိုင်းမှ ပြုပြင်မှုများ ဖြစ်ပါသည်။



ယခုတဖန် အတွင်းပိုင်း ကိုယ်ထည် ပြင်ဆင်မှု လုပ်ငန်းကို ဆက်လက်ဖော်ပြပါမည်။

၁၀။ ပလ္လင်တော်

သိမ်တော်အတွင်းရှိ ဆင်းတုတော်ကြီးသည် ပလ္လင်မပါဘဲ ထုထည်ကြီးသည့် အုတ်တိုင်ထိပ် ပေါ်တွင် ကြာမှောက် ကြာလှန် ပလ္လင်မျှဖြင့် စံပယ်တော်မူခဲ့ပါသည်။ ထို့ကြောင့် တိပိဋကဓိကာယ သာသနာပြုအဖွဲ့က မှန်စီရွှေချပလ္လင် ပြုလုပ် လှူဒါန်း ထားပါသည်။ ဒီဇိုင်းပုံစံကို ဦးအေးမြင့်က ပုံထုတ်၍ ဤပလ္လင်၏ ပန်းပုနှင့် မှန်စီရွှေချလုပ်ငန်းကို ရွှေတိဂုံဘုရား ပိုက်လိုင်းနေ ဦးဘဖေနှင့်သား မောင်တင်အောင်တို့က လုပ်ကိုင်ပေးပါသည်။ ဘုရားပလ္လင်တွင် မှန်စီသော ဓမ္မစကြာဝန်းနှင့်အလွန့်အလွန် သပ္ပာယ်လှပါတော့သည်။

၁၁။ ဥကင်တံကဲ

ပလ္လင်သာပါပြီး တံကဲမ ပါသည့် အတွက် ပျူခေတ်ဟန် သီရိဝစ္ဆပုံဖြင့် ဗဟိုပြု၍ ရောင်ခြည်တော်စက်ဝန်းပုံ ဥကင်တံကဲမှန်စီ၍ ပုံဖော်ထားပါသေးသည်။ ထို့ကြောင့် ယနေ့ ဖူးမြော်ရသူတို့အဖို့ ကြည်ညိုသဒ္ဓါပဒုံးဖွယ်ရာ ဖြစ်ပါသည်။

၁၂။ မျက်နှာကြက်


ဘုရားဆင်းတုတော်အထက်ရှိမျက်နှာကြက် ပန်းဆိုင်းကို ပန်းတဉ်းပညာဖြင့် ပြုလုပ်ပူဇော်ထားပါသည်။ ဤပန်းတဉ်းပန်းများကို ကိုဝင်းမောင်(တမွဝတီ)၏ အသေးစိတ် ဒီဇိုင်းအတိုင်း မောင်မော်မော်က ပြုလုပ်ပေးပါသည်။

၁၃။ ရဟန္တာရုပ်တု

ဘုရားဆင်းတုတော်ကြီး၏ ပလ္လင်ပတ်လည်၌ မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးနေပုံ ရဟန္တာနှစ်ပါး ပုံတော်ရှိပါသည်။ ထိုပုံတော်(၂)ဆူတွင်မြတ်စွာဘုရားဆင်းတုတော်မျက်နှာမူရာဘက်မှ လက်ယာဘက်ရှိ ပုံတော်မှာ ရှင်မဟာကဿပ၏ပုံတော် ဖြစ်ပါသည်။ လက်ဝဲဘက်ရှိပုံတော်မှာ ရှင်မဟာကပ္ပိန၏ ပုံတော် ဖြစ်ပါသည်။ မူလပုံတော် (၂)ဆူမှာ ကိုဝင်းမောင်(တမွဝတီ)က "မံ" စနစ်ဖြင့် ပုဂံမူဟန် ပြုလုပ်ပေးခဲ့ပါသည်။ ဤရဟန္တာ နှစ်ပါး၏ ပုံတော်ကို ရန်ကုန်မြို့ သုဝဏ္ဏမြို့မှ လူငယ်ပညာရှင် မောင်ဝင်းတင်က ထုလုပ်ပါသည်။ မသိသူများက ဘုရားရှင်၏လက်ယာရံ ရှင်သာရိပုတ္တရာနှင့် လက်ဝဲရံ ရှင်မောဂ္ဂလာန်ဟု ထင်ကြမည်ဖြစ်ပါသည်။ ရှင်မဟာကဿပနှင့် ရှင်မဟာကပ္ပိန မထေရ်မြတ်နှစ်ပါးသည် ဤသိမ်တော်ကြီးနှင့် မည်သို့ သက်ဆိုင်ပါသနည်း။

ရှင်မဟာကဿပနှင့်သိမ်ဆက်စပ်ပုံ

တစ်ရံရောအခါရှင်မဟာကဿပသည်အန္ဓကဝိန္ဒအရပ်မှရာဇဂြိုဟ်ပြည်သို့ ဥပုသ်ပြုရန်ကြွလာသည်။ လမ်းခရီးအကြား မြစ်ကိုကူးစဉ် ရေစီးထဲမျောပါသွားသဖြင့် သင်္ကန်းများ ရေစိုကုန်၏။




မွမ်းမံပြင်ဆင်မှုကင်းမဲ့ကာ ပျက်စီးယိုယွင်းနေသော မဟာသိမ်တော်ကြီးအတွင်းပိုင်းမြင်ကွင်း

ရဟန်းတို့လည်း ရှင်မဟာကဿပအား သက်ဒုံး ရေစိုရသည့်အကြောင်းကို မေးခဲ့လျှောက်ကုန်၏။ ရှင်မဟာကဿပက ဖြစ်ကြောင်းကုန်စင် ပြန် ပြော၏။ ဆိုကိစ္စကို ရဟန်းအပေါင်းက မြတ်စွာဘုရားအား လျှောက်ထားကြသည်။ ထိုအခါ မြတ်စွာဘုရားက 'ရဟန်းတို့၊ သံဃာသည် အတူ ဥပုသ်ပြုရာဖြစ်သော 'သက်ဒုံး သုံးထည်နှင့် ကင်း၍ နေနိုင်သော အဝိပ္ပဝါသ သိမ်ကိုသမုတ်လော့' ဟု ခွင့်ပြုတော်မူပါသည်။ ဤသို့ သျှင် သမာနသံဝါသ အဝိပ္ပဝါသသိမ် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်၊ ဤအတ္ထုပ္ပတ္တိကိုရည်၍ ရှင်မဟာကဿပ၏ပုံတူကို ထုလုပ်ပူဇော်ထားခြင်း ဖြစ်ပါသည်၊

ရှင်မဟာကပ္ပိနနှင့်သိမ်ဆက်စပ်ပုံ

တစ်ရံရောအခါ ရှင်မဟာကပ္ပိနသည် ရာဇဂြိုဟ်ပြည် မန္ဒကုစ္ဆိသမင်တောဌာန သီတင်းသုံးနေတော်မူစဉ် "ငါသည် ဥပုသ်ပြုရာသို့ သွားရအံ့လော၊ မသွားဘဲနေရအုံ့လော၊ သံဃာ့ကံပြုရာသို့ သွားရအံ့လော၊ မသွားဘဲနေရအုံ့လော၊ စင်စစ် ငါသည် လွန်ကဲသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်သူတည်း" ဟု အကြံဖြစ်၏။ ထိုအကြောင်းကို မြတ်စွာဘုရား သိတော်မူ၍ ရှင်မဟာကပ္ပိနထံသို့ ကြွတော်မူပြီးလျှင်-

"မဓောင်းမှုမှ အပပြုပြီးသော သင်တို့သည် အကယ်၍ ဥပုသ်ကို အရှိအသေ မပြုကုန်အုံ့၊ အလေးအမြတ် မပြုကုန်အုံ့၊ မမြတ်နိုး



ကုန်အံ့၊ အဘယ်သူသည် ဥပုသ်ကို အရှိအသေ ပြုလတ္တံ့နည်း၊ အလေးအမြတ် ပြုလတ္တံ့နည်း။ မကောင်းမှုမှ အပပြီးသော ရဟန်း၊ သင်သည် ဥပုသ်ပြုရာသို့ သွားလော့၊ သံဃာ့ကံပြုရာသို့ သွားလော့၊ မသွားဘဲ မနေလင့်"ဟု တိုက်တွန်းတော်မူ၏။

ဤသို့မိမိသီလစင်ကြယ်သည်ကိုအကြောင်းပြု၍ ဥပုသ်ပြုရာမကြွလိုသော ရှင်မဟာကပ္ပိန ကိုမြတ်စွာဘုရားက ဥပုသ်ကံကို လေးစားရန် တိုက်တွန်းတော်မူသည့် ဝတ္ထုကို ရည်ရွယ်၍ ရှင်မဟာကပ္ပိန ပုံတော်ကို ထုလုပ်ပူဇော်ထားခြင်း ဖြစ်ပါသည်။

၁၆။ ရဟန္တာဒန္ဒစ်ပါးပလ္လင်

မြတ်စွာဘုရား ရုပ်ပွားတော်တွင် ဝဲယာရှိ ရဟန္တာဒန္ဒစ်ပါး လက်အုပ်ချီမိုး ရှိခိုးနေဟန် ပုံတော်များအတွက် ပလ္လင်တော်များကိုလည်း ဖြည့်စွက် ထုလုပ်ထားပါသည်။ ထိုပလ္လင်၏ လက်ရာရှင်မှာ ဦးဘဖေနှင့်သား ကိုတင်အောင် ဖြစ်ပါသည်။

၁၇။ မီးတိုင်များ

မြတ်စွာဘုရားကိုဆီမီးဖြင့် ပူဇော်ဟန်သရုပ် ဖော်သောအားဖြင့် ဆင်းတုတော်၏ ဝဲယာ၌ သစ်သားပန်းပု မီးတိုင်ကို ထွင်းထု ထားပါသည်။ မီးတိုင်၏ ပန်းများကို ပန်းတဉ်းပညာ



⇦ မဟာသိမ်တော်ကြီးကို
ပွဲပြင်မွမ်းမံပြီး
ကြည်ညိုဖွယ် တွေ့ရပုံ

ဖြင့် ပြုလုပ်ထားပါသည်။ မီးတိုင် ပုတ်လုံးများကို ဦးဝင်းမောင် (တမွဝတီ)က ထုတ်လုပ်ပါသည်။ ပန်းတဉ်း ပန်းဆိုင်းများကို တမွဝတီမှ ကိုမော်မော်က ပြုလုပ်ပါသည်။

၁၆။ ဆွမ်းတင်ခုံ၊ ပန်းတင်ခုံများ

မူလက စားပွဲဘစ်ခုခင်း၍ ဆွမ်းပန်းပူဇော်ခဲ့သည့်ဘဝမှ ယခုအခါ ဆွမ်းတင်ခုံ ပန်းတင်ခုံများကို သပ်သပ်ယပ်ယပ် ပြုလုပ် ပူဇော်ထားပါသည်။

(ဒီဇိုင်းအတိုင်း ပြုလုပ်ပေးခဲသော လက်ရာများသည် အောင်စကြာ ပရိဘောဂ ဦးမောင်မောင်သန်း ဖြစ်ပါသည်)။


၁၇။ တိုင်ကြီး ၆-တိုင်ပြင်ဆင်မှု

ဆဋ္ဌသံဂါယနာတင် အထိမ်းအမှတ်ဖြစ်သော တိုင်ကြီး(၆)တိုင်မှာ နဂိုကပြောင်ချောဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာ ဒီဇိုင်းပညာရှင် ဆရာဦးအေးမြင့်က အညွှန့်ပိုင်းနှင့် ခါးစည်းပိုင်းတွင် ပန်းများထည့်နေပုံစံရေးဆွဲပေးပါသည်။ ထို့ကြောင့် တိုင်ထိပ် အညွှန့်ပိုင်းတွင် ပန်းတော့ဖြင့် ပန်းခဖော်၍၊ ခါးစည်းပိုင်းတွင် မှန်စီ၍ ပန်းဖော်ထားပါသည်။

၁၈။ မျက်နှာကြက်

သိမ်တော်၏အမိုး မျက်နှာကြက်တွင် ယခင်က ဘာမျှအဆင်တန်ဆာ မပါပါ။ ထို့ကြောင့်





ကြာထပ်ပန်းဝိုင်းကြီး (၆)ဝိုင်းကို ဦးဒေးမြင့်၏ ဒီဇိုင်းပုံစံအတိုင်း ပန်းပုဆရာ ဦးကျော်ဇံက ထုလုပ်ထားပါသည်။

၁၉။ တံခါးရွက်

သိမ်တော်ကြီး၏ တံခါးပေါက်ရှိ တံခါးရွက်များတွင် သစ်သားပန်းပု ပန်းကြကြာပန်းများ တပ်၍ တန်ဆာဆင်ထားပါသည်။ ပုံစံအတိုင်း ဦးကျော်ဇံက ထုလုပ်ပါသည်။

၂၀။ မှန်လည်ပေါက်များ

သိမ်တော်အတွင်း မှန်လည်ပေါက်များတွင် နဂိုက ဘာမျှအဆင်တန်ဆာမရှိပါ။ ပုံစံအတိုင်း မှန်လည်ပေါက်အထဲတွင် ပန်းတော့တံကဲပန်းများ ပြုလုပ်၍ တန်ဆာဆင်ထားပါသည်။

၂၁။ အတွင်းနံရံ

သိမ်တော် အတွင်းနံရံတွင် မူလက အဆင်ယခင်က ရဟန္တာရုပ်လုံးများ ထားရှိပုံနှင့် ပြုပြင်မွမ်းမံပြီးပုံတို့တို့ ဤသို့ ဖူးတွေ့နိုင်ပါသည်။


တန်ဆာမပါ။ နံရံပြောင်မျှသာ ဖြစ်ပါသည်။ ထိုကြောင့် ကိုင်လုံးကြီးများ မှန်လည်ပေါက်များနှင့် လိုက်လျောညီထွေဖြစ်စေရန် နံရံ၏ခါးစည်းတွင် မှန်စီရွေချ ပန်းများဖြင့် တန်ဆာဆင်ထားပါသည်။

၂၂။ ရဟန္တာရုပ်လုံးများ


သိမ်တော်ကြီးရှိရာ ဘုရားဆင်းတုတော်၏ ဝဲယာ၌ ရှစ်ကျိပ်သော မဟာသာဝက ရုပ်တုတော်များကို လက်ဝဲရံ လက်ယာရံ ခွဲခြား၍ ဘွဲ့အမည်အသီးသီးနှင့်တကွ တည်ထားပြီးသား ရှိပါသည်။ ထိုရဟန္တာ ရုပ်တုတော်များကိုပို၍ တင့်တယ်စေရန် ပျ။ခေတ်ဟန် အုတ်ခွက်ပုံစံဖြင့် မုခ်တံကဲ ရေးဆွဲပေးပါသည်။ ထီးတော်လည်း ပါဝင်ပါသည်။ ထို့ကြောင့် ရဟန္တာအသီးသီးသည် မုခ်တံကဲ အသီးသီးအတွင်း၌ စံပယ်တော်မူဟန် ဖူးတွေ့ရပါသည်။

၂၃။ မီးတိုင်များ

ရဟန္တာအရှင်မြတ်များကို ဆီမီးဖြင့် ပူဇော်နိုင်ရန် သစ်သားပန်းပု ပျ။ခေတ်ဟန် မီးတိုင်များလည်း ထုလုပ်ပါသည်။ မှန်ပြောင်းလည်း







ပါဝင်ပါသည်။ လျှပ်စစ်မီးသီးထည့်၍ ထွန်းနိုင်အောင်လည်း စီမံထားပါသည်။

၂၄။ ရဟန္တာဝင်တန်း

ရဟန္တာဝင်တန်းကိုလည်း မုခ်တံကဲ့နှင့်လိုက်လျောညီထွေရှိအောင် ပန်းတမော့လက်ရာဖြင့် ပန်းမျာ: တပ်ဆင် ထားပါသည်။

၂၅။ ကြမ်းခင်း

သိမ်တော် အပေါ်ထပ်ရောအောက်ထပ်မှာပါ မူလက ပါကေးကြမ်းခင်းမျာ: မပါပါ။ ထို့ကြောင့် ပါကေး ကြမ်းခင်းမျာ: ခင်း၍ အရောင် တင်ထားသည်မှာ နှင်းရက်စရာ မရှိအောင်ပင် ဖြစ်ပါသည်။

၂၆။ တံခါးမျာ:

သိမ်တော် အပေါ်ထပ်ရော အောက်ထပ်မှာပါ ပင်မအဝင်တံခါးကို သစ်သား တံခါးမျာ:ကိုသာမက သံဘာဂျာတံခါးကိုပါတပ်ဆင်ထားပါသည်။

အပေါ် ပြတင်းပေါက် တံခါးရွက်မျာ: တွင် ပန်းပုကြာပွင့်ကြီးမျာ: တပ်ဆင် ထားပါသည်။ အပေါ်ထပ်ရှိ အခြားတံခါးမျာ:ကိုကား သံဆန်ကာ တံခါးရွက်မျာ:တပ်ဆင်ထားသည်။

၂၇။ အမိုးပြုပြင်မှု

မိုးယိုနေသော အမိုးကိုလည်း မိုးလုံအောင် ပြုပြင်ထားပါသည်။



၂၀။ **မဟာရာမ်တံတိုင်း**

သိမ်တော်ကြီး၏ လုံခြုံရေးအတွက်မဟာရာမ် တံတိုင်းကိုလည်း ပြန်လည်မွမ်းမံထားပါသည်။

ပါတိမောက်ကျောက်စာ

ဘုရားရှင်တိုင်း၏ အဆုံးအမ ဖြစ်သော–

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

မကောင်းမှုကို မပြုခြင်း၊
ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေခြင်း၊
စိတ်ကိုဖြူစင်အောင်ထားခြင်း။

ဤကား ဘုရားရှင်တိုင်း၏ အဆုံးအမ တည်း ဟူသော ပါတိမောက် ဒေသနာကို ဘာသာငါးမျိုးနှင့် ရေးထိုး၍ သိမ်တော်၏ နံရံပတ်လည်၌ သွင်းနှံ ဖော်ပြထားပါသည်။ ဤပါတိမောက် ကျောက်စာကို မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယကချုပ်အရှင် ဇောတိကာဘိဝံသက စီစဉ်ပါသည်။ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ် အတွင်းရှိ သာသနသောဘိဏိသိမ်တော် အတွင်း၌ လည်းကောင်း၊ အများသူငါ လေ့လာနိုင်အောင်ကုသိုလ်တရားပွားနိုင်အောင် ပြသ ထားပါသည်။ ဤ ကျောက်စာများ၏ ကုသိုလ်ရှင်မှာ ရန်ကုန်မြို့ အင်းလျားလမ်းမှ ဦးကျော်သောင်း-ဒေါ်မျိုးသိမ့်မိသားစု ဖြစ်ပါသည်။ ကမ္ဘာအေး သိမ်တော်ကြီး အတွင်း၌ ဤပါတိမောက် ကျောက်စာနှင့် တစ်ဆက်တည်း အလှူရှင်ကမ္ပည်းကျောက်စာကိုပါ ဖော်ပြထားပါသည်။ ကျောက်စာ သွင်းနှံသည့်

၂၁။ လှေကား

သိမ်တော်ကြီးသို့ တက်ဆင်း လှေကားကို တာရာဇိုသွင်း၍ အလှအပ အပြေအပြစ်ပြုရုံမျှ မက အလယ်၌ လက်ရမ်းကိုလည်း လှပ ခမျာ မှတ်အောင် ပြုလုပ်ထားပါသည်။

၂၉။ လျှပ်စစ်မီး

သိမ်တော်ကြီး တစ်ခုလုံးတွင် လျှပ်စစ်မီးများ ထိန်ညီးအောင် ထွန်းနိုင်ရန် ထီးတော်များ၊ ဆင်းတုတော်ရှေ့ မီးပန်းဆိုင်းများ ရဟန္တာရှစ်ကျိပ် မီးတိုင်များမှအစ အလုံးစုံ လိုအပ်ရာနေရာတိုင်း၌ လျှပ်စစ်မီးများ တပ်ဆင်ထားပါသည်။

2 SABBAPAPASSA AKARANAM
KUSALASSA UPASAMPADA
SACITTAPARIYODAPANAM
ETAM BUDDHANA SASANAM
NOT TO DO EVIL, TO CULTIVATE MERIT,
TO PURIFY ONE'S MIND—THIS IS
THE TEACHING OF THE BUDDHAS

२- सब्बपापस्य अकरणं ,
कुसलस्स उपसम्पदा ।
सचित्तपरियोदपनं ,
एतं बुद्धान सासनं ॥

३- अनूपवादो अनूपघातो ,
पातिमोक्खे च संवरो ।
मत्तञ्ञुता च भत्तस्मिं ,
पन्तञ्च सयनासनं ।
अधिचित्ते च आयोगो
एतं बुद्धान सासनं ॥

(၂) သဗ္ဗပါပဿ အကရဏံ ၊
ကုသလဿ ဥပသမ္ပဒါ ။
သစိတ္တပရိယောဒပနံ ၊
ဧတံ ဗုဒ္ဓါန သာသနံ ။

(၃) အနူပဝါဒေါ အနုပ္ပဃာတော ၊
ပါတိမောက္ခေ စ သံဝရော ။
မတ္တညုတာ စ ဘတ္တသ္မိံ ၊
ပန္တဉ္စ သယနာသနံ ။
အဓိစိတ္တေ စ အာယောဂေါ ၊
ဧတံ ဗုဒ္ဓါန သာသနံ ။

၂ (က) ခပ်သိမ်းသောအကုသိုလ် အမှုကို မပြုလုပ်ခြင်း ၊
(ခ) စေတ်ဘုံမြောက်ကုသိုလ်တရားကို ပြည့်စုံစေခြင်း ၊
(ဂ) နိဝရဏတရားငါးပါးညစ်ညူးကြောင်းတရားတို့ကို ပယ်ရှား
သုတ်သင်၍ ပိဒိစိတ်ကို ဖြူစင်စေခြင်း ၊
ဤ တရားသုံးပါး သည် ခပ်သိမ်းသောဘုရား၌ရှင်တို့၏
အဆုံးအမ ဩဝါဒပေတည်း ။

ပါဠို၊ မြန်မာ၊ သင်္ကတ၊ အင်္ဂလိပ်၊ ဟိန္ဒူ လေးဘာသာဖြင့် ပါတိမောက်
ကျောက်စာကို ရေးထိုးသည်။

နေရာ ဌာနတို့ အကွင်းနှင့် ဒီဇိုင်းကို ဆရာဦးအေးမြင့်က ရွေးချယ်စီမံပါသည်။

ဝိသက်ကြုံနတ်ရုပ်နှင့် ကျောက်စာတိုင်

ကျောင်းကန်ဘုရား တည်ထားကိုးကွယ်ရာဌာန အစောင့်အရှောက်အဖြစ် နတ်ရုပ်တစ်ခုခုကို ထုလုပ်ထားမြဲဖြစ်သည်၊ပျူခေတ်ကတည်းကပင် အလေ့အထ ရှိခဲ့သည်။ ထို့ကြောင့် ဤကမ္ဘာ့ဆေးမဟာသိမ်တော်ကြီးအတွက်လည်း ဝိသက်ကြုံနတ်ရုပ်အား အစောင့်အဖြစ် အရုပ် ထုလုပ်ရန် ပေါ်လာပါသည်၊ ထို့ကြောင့် အစောင့်ထားသည့်စနစ်ကို လေ့လာရာ ရတနာပုံ ပုရပိုက်မူဌာ ဝိသုကမ္မနတ်မင်း တွေ့သည်နှင့် ပျူခေတ်ဟန် ဒီဇိုင်း ရေးဆွဲပေးပါသည်၊ ထိုပုံစံအတိုင်း ဆားလင်းကြီးမြို့နယ် ဖိုးဝင်းတောင်မှ ရသော သဲကျောက်ကို တမွဝတိကိုဝင်းမောင်ကထုလုပ်ပေးထားခြင်း ဖြစ်ပါသည်။ ဤနည်းဖြင့် သိမ်တော်၏ ရှေ့မျက်နှာစာ ဝဲယာတွင်ပါသော လေးမျက်နှာကျောက်စာစက်ကွင်း တိုင်နှစ်တိုင် ပါဝင်နေခြင်းဖြစ်ပါသည်၊

မဟာသိမ်တော်ကြီး၏ ဝဲယာရှိ ဝိသုကမ္မနတ်မင်း သဲကျောက် ပန်းတမော့ ရုပ်လုံးမျာကို ၁၃၄၇-ခု၊ ပထမ ဝါဆိုလပြည့်ကျော် ၃-ရက် (၁၉၈၅၊ ဇူလိုင် ၅) သောကြာနေ့တွင် ပလ္လင်ပေါ်တင်ပြီး ဖြစ်ပါသည်၊ ကိုဝင်းမောင်နှင့် ကိုမော်မော်တို့ ဆောင်ရွက်ပါသည်၊

သိမ်တော်ကြီးထီးတော်တင်

၁၃၄၆-ခုနှစ်၊ တပေါင်း လပြည့်နေ့ (၁၉၈၅-ခု၊ မတ်လ ၅-ရက်) အင်္ဂါနေ့တွင် ကမ္ဘာအေး သိမ်တော်ကြီး ထီးတော် တင်ပွဲကျင်းပပါသည်၊

မော်ကွန်း

အဘိဓမ္မာပဒီပကို
ပထမကျော်ဘုန်းစေတီဖွင့်
ရောင်ရဲခြင်းသဒ္ဒါသင်တန်းများ

တိပိဋကာနိကာယ သာသနာပြုအဖွဲ့ဝင် သူတော်စင်အပေါင်း-

"ရောင်ရဲခြင်း = သန္တောသသုံးမျိုး"

၁။ ယထာလာဘသန္တောသ= ရရသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်း။

၂။ ယထာဗလသန္တောသ= မိမိ စွမ်းနိုင်သမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်း။

၃။ ယထာသာရုပ္ပသန္တောသ= မိမိနှင့်သင့်လျော်သမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်း။

ဆောင်ပုဒ်

၁၊ ရသမျှနှင့်တင်းတိမ်၊

၂။ ရှိသမျှနှင့် ရောင့်ရဲ၊

၃။ လျောက်ပတ်သည်ကို သုံးစွဲ၊ ဘယ်တော့မှမဆင်းရဲ။ ။

ရှိသည်/ရှားသည်


၁။ လောကဓံအဆိုးနှင့် တွေ့ကြုံလျှင် ကြုံ.ကြုံ.ခံနိုင်သူ ရှိသည်။

၂။ လောကဓံအကောင်းနှင့် တွေ့ကြုံလျှင် ကြုံ.ကြုံ.ခံနိုင်သူ ရှားသည်။

(က) ဆင်းရဲဒဏ်ကို ခံနိုင်သူပေါသည်။ (ခ) ချမ်းသာဒဏ်ကို ခံနိုင်သူရှားသည်၊

(ဆောင်ပုဒ်) ၁။ ဆင်းရဲလေလေ၊ သံဝေရရ။ ၂။ ချမ်းသာလေလေ၊ မာန်တွေကြွကြွ။

ဘဒ္ဒန္တစန္ဒိမာ



ဆရာကြီးတိပိဋကဓရဘဒ္ဒန္တဝိစာရဒေဝကာရာဘိဝံသ အား

ပဒုမိတ္ထေရသစ္စာ

အရှင်ဥတ္တရဂဝသ

ပဒုမိ

"တိပိဋကမရ ဖြစ်ရတဲ့အာနိသင်၊ ဓီကိုယ်တော် ဖတ်ဖတ်မောပေါ့(ကွယ်)၊
ပြောမပြချင်။
ကိုယ့်ကျောင်းနှင့် ကိုယ့်ရပ်ခွင်၊ နေချင်လျက်မနေရ။
ပူအခေး ယှက်ထွေးဒဏ်ခံလို၊ စုံအဆန်မြန်းရတဲ့ ခရီးမှာ(ကွယ်) ကြုံးတဲ့ဒုက္ခ။
မငြင်းတဲ့ မဆန့်သာ၊ နိုင်ငံတော်သာသနာရေးပေမို့၊ ပြေးမလွတ်ပါ။
သူတစ္ဆာချမ်းသာလို့ထင်မြင်ကြ၊ သို့ကတဲ့စိတ်ထဲမှာ သံဝေယူလို့၊
ကံမွေဟူ ဤအဖြစ်ကို(ကွယ်) နှစ်လို့ခံရ။ ။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ညည်းချင်း သံဝေဂကဗျာလေးကို စိတ်ဝင်စား စွာ ဖတ်ကြည့်မိသည်။ မှန်ပေ၏။ ဆရာတော်ကြီးသည် သာသနာတော်အတွက် မိမိ၏ ပင်ပန်း ဆင်းရဲမှုကို အလေးမမူ လစ်လျူရှုကာ အပင်ပန်း ခံတော်မူခဲ့သည်။ သက်တော် (၇၀) ကျော်လာပြီဖြစ်၍ ခန္ဓာကိုယ် ခန့်ကျန်းမှု အားနည်းလာသော်လည်း ညည်းညူတော် မမူခဲ့ချေ။

ရေစက်ချ အခမ်းအနားများတွင် အချိန်ပြည့် သီတင်းသုံးတော် မူသည်။ တရားဟောသြဝါဒပေးရာ၌လည်း အတိုချုံး၍ ပေးလေ့မရှိ၊ တစ်ချို့ အရပ်ဒေသများ၌ ညတရားပဲ့များကိုပင် ချီးမြှောက်တော်မူခဲ့ပါသည်၊

ယခုလည်းကြည့်ပါဦး

တည်ဆောက်ပြီးစီးသွားပြီ ဖြစ်သော ပုသိမ်မြို့၊ ရောဝတီတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းနှင့် သာသနာ့ ဗိမာန်တော် ရေစက်ချ အလှူမဂ်လာပွဲသို့ ဆရာတော်ကြီးကိုယ်တော်တိုင် ကြွရောက်၍ ရေစက်ချမည်ဆိုသော သတင်းသည် ပုသိမ်မြို့ တစ်မြို့လုံးတွင် ပျံ့နှံ့လျက်ရှိသည်။ မှတ်မှတ်ရရ ထိုနေ့သည်ကား ၁၃၅၁-ခုနှစ် ပြာသိုလဆန်း (၈)ရက် (၁၉၉၀-ပြည့်နှစ်၊ ဇန်နဝါရီလ (၃)ရက်) ဗုဒ္ဓဟူးနေ့ ညနေ (၃)နာရီ။ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးနှင့် အတူ တိပိဋက=နိကာယ သာသနာပြုအဖွဲဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင်အထူးကု ဆရာဝန်ကြီး ဦးသာလှတို့အဖွဲသည် ပုသိမ်မြို့သို့ အထူးရေယာဉ်ဖြင့် ကြွရောက်လာကြသည်။

ဆရာတော်ကြီးအား လာရောက် ဖူးမြော်ကြသောပုသိမ်မြို့သူမြို့သား၊တို့သည်သဘော်ဆိပ်ပတ်ဝန်းကျင်သာမက ပုသိမ် မုံရွာ လမ်းမကြီးတစ်လျှောက်တွင် တိုး၍မပေါက်အောင် ပြည့်နှက် နေသည်။


မြတ်ဗုဒ္ဓသာသနာတော်၏ရောင်ဝါ


မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ တန်ခိုးတော် ဘုန်းတော်တို့ကား အံ့မခန်းဖွယ်ရာပင်။

ဆရာတော်ကြီးအား သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ သာသနာရေး အသင်းအဖွဲများနှင့် မြို့ပေါ်ရှိ ဒကာ၊ ဒကာမများ၊ ကျောင်းသားကျောင်းသူများက ဓမ္မတေးများဖြင့် ပူဇော်ကြပြီး ဆရာတော်ကြီးသည် မြောင်းမြ ပရိယတ္တိ စာသင်တိုက်တွင် သီတင်းသုံးတော် မူခဲ့သည်၊

ဆရာတော်ကြီးမကြွရောက်ခင်ကပင် မောင်းထောင်ကျောင်းတိုက်၊ ညောင်ပင်သာကျောင်းတိုက်၊ ပစ္စိမာရုံကျောင်းတိုက်နှင့် သစ်ညိုကုန်းကျောင်းတိုက်၊ စန္ဒာရုံစာသင်တိုက်တို့မှ စာချစာသင် သံဃာတော်တို့သည် ဆရာတော်ကြီး၏ အဆုံးအမ သြဝါဒကို ခံယူဖို့ရန် မြောင်းမြ ပရိယတ္တိ စာသင်တိုက်တွင်းဝယ် ရောက်နှင့်နေကြပြီး ဖြစ်ပေသည်။ ဆရာတော်ကြီးသည် ခေတ္တမျှ အပန်းဖြေတော် မူပြီးနှင့် တစ်ပြိုင်နက် သံဃာတော်များစုဝေးရာ ဓမ္မာရုံသို့ ကြွတော်မူလာသည်။ ထိုနေ့သည်ကား ထူးခြားသောနေ့၊ အမှတ်တရနေ့ ဖြစ်ပါသည်။ ဆရာတော်ကြီးအား အနီးကပ်၍ ဖူးခွင့် ရလိုက်ပါသည်။ ရတောင့်ရခဲ အခွင့်အရေး ပါပေတည်း။

ဤအချိန်တွင် ဖူးမြော်လိုကြသော ဒကာ၊ ဒကာမများလည်း တဖွဲဖွဲ ရောက်လာကြသည်။





ဦးဇင်းတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် (ရန်ကုန်)၏ ဒုတိယနာယကချုပ် အရှင် ပဏ္ဍိတာဘိဝံသ စာပေပို့ချတော်မူစဉ်

ဆရာတော်ကြီးက မိမိ ငယ်စဉ် ကျောင်း သား ဘဝ၊ ကိုရင်ဘဝနှင့် ရဟန်း ဘဝ များ တွင် ပင်ပန်းဆင်းရဲစွာ ပရိယတ္တိ ဟူသောကို အပတ်တကုတ် ဇလ လာ လိုက်နာခဲ့ပုံ တို့ကို မျက်စိထဲတွင် မြင်လာမိသည်အထိ ဟောကြား သွားသည်။ ထို့ပြင် မိမိ ငယ်စဉ်ဘဝ အင်္ဂလိပ် ခေတ် ဗုဒ္ဓသာသနာနှင့် ယခုနေ့ကဲ့ပိုင်း ဗုဒ္ဓ သာသနာ ထွန်းကားလာပုံတို့ကိုလည်း အကျယ် တဝင့် ဟောကြားသည်။ နိဂုံးချုပ် အနေဖြင့် သာသနာတော်ကြီးကို သီလစင်ကြယ်၍ ဝိနည်း တော်ကို လေးစားသော ရဟန်းသံဃာများနှင့် ဒကာ ဒကာမများ စုပေါင်းကာ စည်ပင် ပြန့်ပွားအောင် ဆောင်ရွက်သင့်ကြောင်း ဟော ကြားသွားသည်။

အံ့ချီးဖွယ် ဆရာတော်ကြီးပင်....။

မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ (အငြိမ်းစား) ဆရာကြီးဦးကိုလေး စာပေပို့ချပေးစဉ်

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးနှင့် မကြုံတွေ့မိက ကျွှမ္မ ဂုဏ်ဟော်ကြီးမား လှသော ဆရာတော်ကြီးကား အများနှင့် ရောနှောခြင်း မပြုဘဲ ကိုယ့်ဂုဏ်နှင့်ကိုယ် တစ် ကိုယ် တည်း နေမှာပဲဟု ယူဆမိသည်။ ယခုကား အထင်နှင့် အမြင် ဇာလွဲစီဖြစ်ခဲ့တော့သည်။ ဆရာတော် ကြီးသည် ကိုရင်ငယ်ကလေးများကိုပင်လက်အုပ် ချီကာ—

"ကိုရင် ဘယ် စာတွေ လိုက်နေသလဲ ဘုရား.... အဆင်ပြေရဲ့လား.... အခု ကတည်းက ကြိုးစားထားနော်"

စသည်ဖြင့် သာသနာအတွက် အားတက်ဖွယ် စကားများကို ပြောကြားခဲ့သေးသည်။ ထို့ နောက် ဇန်နဝါရီ ၄-ရက် လုတ်လပ်ရေးနေ့၊ နေ့လယ် ၁ နာရီခွဲခန့်တွင် ရောဝတီတိုင်း

ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းနှင့် သာသနာ့ ပိမာန်တော်ကြီး ရေစက်ချ အလှူ မင်္ဂလာပွဲ၌ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးက....

"ဆယ်ဝါပြည့်တင်း၊ ဝိဘင်း နှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောစွမ်းနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ" ကို အကျယ်ခွဲ၍ လည်းကောင်း၊ ယခုခေတ်နှင့် တပည့်တော်တို့ခေတ်၏ သာသနာတော် တိုးတက်ပုံ အဆင့်ဆင့်ကို လည်းကောင်း၊ တပည့်တော်တို့ ငယ်စဉ်က တွေ့ခဲ့ရသော ဗြိတိသျှခေတ် နောက်ပိုင်း မြန်မာပြည် သာသနာ ဓမ္မစက်အင်အား မည်မျှပင် ကြီးမားစေကာမူ အာဏာစက် အကူအညီ မရရှိခဲ့သဖြင့် စည်းကမ်းမဲ့ကာ ဖြစ်ချင်သလိုဖြစ်ခဲ့ရာ ကျောင်းထိုင်ဘုန်းကြီး အရည်အချင်း မပြည့်ဝဘဲ လျက် ကျောင်းထိုင် ပြုလုပ်ကြသော ပုဂ္ဂိုလ်များ တစ်နေ့တခြား ထွန်းကားပေါ်ပေါက်ခဲ့ပြီး မည်သည့် ဆရာတော်၏ သြဝါဒ ဓမ္မစက်ကိုမျှ အလေးမထား ဘုရားအဆုံးမကို မသိမြင်၊ "ငါ့ကျောင်း ငါထိုင် မခိုင်ကျိုးကျိုး၊ ငါ့လေ ငါထိုး ပဲခူးရောက်ရောက်၊ ငါ့မြင်း ငါစိုင်း စစ်ကိုင်း ရောက်ရောက်" ဟူသော စကားများ တစ်နေ့ထက်တစ်နေ့ ခေတ်စားလျက် ကျောင်းထိုင် ဘုန်းကြီး အရည်အချင်းများ ပျက်ယွင်းလာခဲ့ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံ သာသနာတော်ခေတ်သို့ ရောက်သောအခါ၌ကား သာသနာတော်၏ အားတက်ဖွယ် ယနေ့ ဂိုဏ်းပေါင်းစုံသံဃနာယကခေတ်သို့ ရောက်ရှိ လာသော အခါတိုး၍ တိုး၍ အာဏာစက် အကူအညီ ရရှိလာသဖြင့် သာသနာတော်စောင့် သံဃာ့မဟာထေရ်များ တစ်သားတည်း ညီညွတ်တော်မူကြက၊ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးတို့ အတွက် စည်းကမ်း နည်းလမ်း အဖုံဖုံတို့ကို တိုင်ပင်ဆွေးနွေး အကြိမ်ကြိမ် စည်းဝေးလျက် စဉ်းစားတော်မူကြ၍ နိုင်ငံတော်အတွင်း ပြည်နယ် ခုနစ်ပြည်နယ်နှင့် တိုင်းခုနစ်တိုင်းရှိခဲ့ရာ ပြည်နယ်တစ်ခုခု တိုင်းတစ်ခုခုလျှင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း တစ်ကျောင်းစီ ဖွင့်လှစ်ရန် ဆုံးဖြတ်ခဲ့ရာ ရာဝတီတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ပေါ်ထွက်လာသည်မှာ မျှားစွာ အားရဝမ်းမြောက်မိကြောင်း၊

အစဉ်အလာကောင်းများနှင့် တကွ ဘူမိနက်သန်မှန်သော ဤအောင်မြေ၊ ဤပဉာန၊ ဤကျောင်းမှ သာသနာ့အာဇာနည် ထေရ်အရှင်မြတ်များ ထွန်းပေါက်လိမ့်မည်ဟု အမျှားက ယုံကြည်အားထားကြကြောင်း" များကို ထည့်သွင်းဟောကြားသွားခဲ့သည်။


ဆရာတော်ကြီးသည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ကို မြန်မာနိုင်ငံ၌ အာဒိကမ္မိက ပထမ အောင်မြင် ရယူတော်မူခဲ့သည်။ မိမိ တစ်ပါးတည်း ပရိယတ္တိတာဝန်ကျေပွန်ရုံမျှဖြင့် သာသနာတော် အစဉ်မပျက် ဆက်လက်တည်ရှိနေမည်ဟု မယူဆပေ။ သာသနာတော်၏ မူလဘူတဖြစ်သော ပရိယတ္တိ တာဝန်ကို လက်ဆင့်ကမ်းကာ ထမ်းဆောင်နိုင်သော သာ


သနှဲ့ အာဇာနည် အရှင်မြတ်များ အဆက် မပြတ် ထွက်ပေါ်လာမှသာ သာသနာ့အလင်း ရောင်သည် ထွန်းလင်းစည်ပင်ပေလိမ့်မည်ဟူ သော ရည်ရွယ်ချက်ဖြင့် မျိုးစေ့ချပေးခဲ့သည်။

ဆရာတော်ကြီး၏ ရည်ရွယ်ချက်နှင့်လုင်ငန်း ကား မွန်မြတ်ကြီးကျယ်သလောက် အကောင် အထည်ပေါ်လာသည်။ ရောဝတီတိုင်း ကျောင်း ထိုင်ဘုန်းကြီး သင်တန်းကျောင်းသည် ဆရာ တော်ကြီး၏ မေတ္တာ စေတနာ ကရုဏာတို့ဖြင့် ရစ်သိုင်းလှုံမ်းခြုံနေသည်ဟုဆိုလျှင် မှားတော့ မည် မထင်၊ ဆရာတော်ကြီးသည် လောဘ အားနည်းတော်မူသည်။ မာနအားနည်းတော် မူသည်၊ သူတစ်ပါးအပေါ် ကိုယ်ချင်းစာနာ တတ်သည်၊ မပြတ်မေတ္တာပွားတော်မူသည်၊ သူ တစ်ပါးကို ချစ်ခင်တတ်သည်။ ထို့ကြောင့် ဆရာတော်ကြီးကို မြင်လျှင် မြဇီသူတိုင်းက ချစ်ခင်လေးစား၍ မြင်သူတိုင်း လှုံချင် တန့်ခြင်ကြသည်။ ဤအကျိုးဂုဏ် အာနိသင်များကား ဆရာတော်ကြီး၏ လောဘ၊ ဒေါသ၊ မာနနည်းခြင်း၊ ကိုယ်ချင်းစာတတ်ခြင်း၏ ပစ္စံကွာ အကျိုးများပင် ဖြစ်ပါသည်။ ပစ္စကွာဒ်ပင် လျှင် ဆရာတော်ကြီး၌ ဤမျှ အကျိုး တရား များခံစားတော်မူနေရပါမူ၊ သံသရာအကျိုးကိုမူ ကား အထူး ပြောစရာမရှိပင် ဖြစ်ပါသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ရေစက်ချပဲ့သည် ညနေ ၃ နာရီခန့်တွင် အောင် မြင်စွာ ပြီးစီး၍ ရန်ကုန်မြို့သို့ ညနေ ၅-နာရီ တွင် အထူးရေယာဉ်ဖြင့် ပြန်လည် ကြွမြန်း တော်မူခဲ့သည်....။ ဆရာတော်ကြီး ပြန်လည် ကြွမြန်းတော်မူခဲ့သော်လည်း ဆရာတော်ကြီး၏ စေတနာ မေတ္တာတို့ကား ပုံသိမ်မြို့သူ ပုသိမ်မြို့ သားတို့ အပေါ်၌ နွေးထွေးစွာ လွှမ်းခြုံ ထားခဲ့သလိုပင်....။ ဆရာတော်ကြီး၏ ဩဝါဒ အဆုံးအမတော်များကို ဦးထိပ် ပန်ဆင်နေဆဲ ပင်....။ အမျှား သိကြသည့် အတိုင်း ဆရာတော် ကြီးနှင့် ပတ်သက်၍ ရေးသား ဂုဏ်ပြုရမည်ဆို လျှင် သမုဒ္ဒရာပင်လယ်ပြင်မျှမက ကျယ်ဝန်း နေသောကြောင့် စီစဉ် ချယ်မှုန်း ရေးမဆုံး အောင်ရှိနေသဖြင့် ဂုဏ်တော်အပေါင်းကျေးဇူး တော်အပေါင်းများဖြင့် ပြည့်စုံသော ကျေးဇူး တော်ရှင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂ မဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသအာဒိကျော်ဆွင်း ပါးဖြင့် တုင်ကွရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော် ကန်တော့အပ်ပါသတည်း။

အရှင် ဆေရဝံသ (ပုသိမ်)






မြန်မာ့ဓာတ်။ ။ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဖြစ်လာခဲ့ရရှိကြတဲ့ အခါန် အခါမှာဖြင့် တိုင်းပြည်အတွက် လူမျိုးအတွက် ဘာသာအတွက် သာသနာအတွက် မိမိတို့ စွမ်းဆောင်နိုင်သလောက် စွမ်းဆောင်ကြရမယ့် တာဝန်ရှိတယ်လို့ ခံယူမိပါတယ်။ သာသနာတော်နဲ့ ပတ်သက်လို့ ဗုဒ္ဓရှင်တော်ဘုရား သာသနာတော်မှာ ပရိယတ္တိ သာသနာတော်သည် သာ အရင်းကျတယ်လို့ မှတ်သားရဖူးပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ သာသနာပြုလုပ်ငန်းကြီးသုံးသွယ်အနက် တစ်သွယ်ဖြစ်တဲ့ ပြည့်တွင်းပြည်ပ သာသနာပြု အရှင်မြတ်များပေါ

မန္တလေးမြို့
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်အဆောက်အဦး
သိကောင်းစရာ

အရှင်ဥတ္တရဇ္ဈာဏ(မော်ကွန်းထိန်း)



ထုံးစံအတိုင်း ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတို့ ဆောက်လုပ် လှူဒါန်းရေးဟာ ဖြင့် တစ်ခုအပါအဝင် ဖြစ်ပါတယ်။ဒါ့ကြောင့် ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်သုံးပုပ် ကမ္ဘာ ချဉ်းအောင် တည်စိမ့်သောငှာ ရန်ကုန် နှင့် မန္တလေးမှာ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး နှစ်ခု ပေါ်ထွက်လာတာနဲ့ မန္တလေး နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးနဲ့ ပတ်သက်ပြီးတော့ သောတရှင်များ သဒ္ဓါပွားနိုင်စေဖို့ ကျွန်တော်တို့ဟာ မန္တလေးမြို့ မန္တလေးဟောင်ခြေအနီး အတုမရဲ့ ကျောင်းတော်ကြီးရဲ့ အရှေ့ဘက် (နောက်တစ်ခါ ရွှေနန်းတော်ကျောင်းကြီးရဲ့ အရှေ့ဘက်) ဒေါနဘုံးရပ်က ၆၂-လမ်းမှာ တည်ရှိတဲ့ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးကို ရောက်ရှိသွားပြီးတော့



မန္တလေးမြို့၊ နိုင်ငံတော်
ပရိယတ္တိသာသနာ့တက္ကသိုလ်အကြောင်း
သိကောင်းစရာတို့ကို မော်ကွန်းထိန်း
ဆရာတော် ဦးဥတ္တရာဏက
မိန့်ကြားတော်မူချက်များ....

မော်ကွန်းထိန်း ဆရာတော် ဘဒ္ဒန္တ ဥတ္တရ ဉာဏနဲ့ အခုလို တွေ့ဆုံမေးမြန်း လျှောက်ထား ခဲ့ပါတယ်။

မေး။ ။ဆရာတော်ဘုရား၊ တပည့်တော်တို့ဟာ မြန်မာ့အသံ ဝန်ထမ်းများ ဖြစ်ကြပါတယ်။ ဆရာတော်တို့ရဲ့ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးရဲ့ အကြောင်းနဲ့ပတ်သက်ပြီးတော့ တပည့်တော်တို့ သိလိုသမျှ မေးမြန်းလိုတဲ့အတွက် ရောက်ရှိလာရတာ ဖြစ်ပါတယ်။ဆရာတော်တို့ရဲ့ တက္ကသိုလ်ကြီးနဲ့ ပတ်သက်ပြီးတော့ တပည့်တော်တို့ ပထမဦးဆုံး သိလိုတာက ဒီနိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးကို ဘယ်လိုရည်ရွယ်ချက်နဲ့ မန္တလေးမြို့မှာ ဖွင့်လှစ်ခဲ့တယ်ဆိုတာ ပထမဦးဆုံး သိလိုပါတယ် ဘုရား။

ဖြေ။ ။ဦးပဉ္စင်းတို့ ရည်ရွယ်ချက်များကတော့ သာသနာဘော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အထက်တန်းကျကျ ဆောင်ရွက်နိုင်ရန်–

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက ချမှတ်ထားတဲ့ ပရိယတ္တိပညာရေး ဆိုင်ရာ မူလေးရပ်ဖြစ်တဲ့–

– အကျင့်သိက္ခာမြင့်မားစေခြင်း၊
– ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း၊
– ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင်စေခြင်းနဲ့
– မြန်မာစာပေ အရေးအသား တော်စေခြင်းဆိုတဲ့ အရည်အသွေးများနဲ့ ပြည့်စုံတဲ့ ရဟန်းတော်များ ပေါ်ပေါက်လာစေရန်–

ပြည်တွင်း-ပြည်ပတို့မှာ သာသနာ ပြုစွမ်းနိုင်တဲ့ သူတော်ကောင်းဖြစ်တဲ့ သာသနာ့ ချစ်ရဟန်းတော်များ ပေါ်ပေါက်လာစေရန်–

ဗုဒ္ဓမြတ်စွာ သာသနာတော်ကို မြန်မာနိုင်ငံဌာသာမက နိုင်ငံတကာတို့ဌာပါ ပြန့်ပွားထွန်းကားလာစေရန်–

ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တို့မှာ တည်ရှိနေတဲ့ ကြီးပွား တိုးတက်၊ ချမ်းသာရေးနည်းလမ်းတွေ၊ ငြိမ်းချမ်းသာယာရေး နည်းလမ်းတွေကို ဖော် ထုတ်ပြီး တော့ လူသားလောကတစ်ရပ်လုံးအကျိုးဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးရန်–

ကမ္ဘာ့လူသားတို့ တွေ့ကြုံ ခံစားနေကြတဲ့ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ကို ဗုဒ္ဓမြတ်စွာရဲ့ တရားရေအေးဖြင့် သက်သာ ပျောက်ကင်းစေရန်–

ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားတော် များဖြင့် လူတို့ရဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေကို နည်းပါးစေပြီး၊ အချင်းချင်း သင့်မြတ်ချစ်ကြည်စွာ အတူတကွ ချမ်းချမ်းမြေ့မြေ့ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးရန်–

ဒါ့အပြင် နောက်ဆုံးအနေနဲ့ လူသားတိုင်း မလွဲမရှောင်သာ တွေ့ကြုံနေကြရတဲ့ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ဆင်းရဲခြင်းတို့မှ အမှန်တကယ် ထာဝစဉ် ကင်းလွတ်ရေးအတွက် ဗုဒ္ဓမြတ်စွာရဲ့ တရားလမ်းစဉ်များကို ကမ္ဘာအနှံ့ ဖြန့်ချိရန်ဆိုတဲ့ ရည်ရွယ်ချက်များနှင့် ဒီ-နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးကို တည်ထောင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါတယ်။

မေး။ ။အလှန်ကောင်းမွန် မွန်မြတ်လှတဲ့ ရည်ရွယ်ချက် ဖြစ်ပါတယ် ဘုရား။ ဆရာတော်တို့ရဲ့ ဒီ တက္ကသိုလ်ကြီးကို ဘယ်ခုနှစ်လောက်က စတင်ပြီးတော့ ဖွင့်လှစ်ခဲ့တယ် ဆိုတာကိုလဲ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ဦးပဉ္စင်းတို့မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကို ၁၃၄၈-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁-ရက်၊ (၁၉၈၆-ခုနှစ်၊ သြဂုတ်လ ၂၁-ရက်) ကြာသပတေးနေ့မှာ စတင်ပြီးတော့ ဖွင့်လှစ်ခဲ့ပါတယ်။

မေး။ ။မှန်ပါ ဘုရား၊ ဒီတက္ကသိုလ်မှာပေါ့လေ၊ ဘယ်လို အတန်းတွေ၊ သင်တန်းတွေပေါ့ဘုရား၊ ဖွင့်လှစ်ဆားတယ် ဆိုတာလဲပဲ ဆက်လက်ပြီးတော့ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ဦးပဉ္စင်းတို့ သာသနာ့ တက္ကသိုလ်ကြီး စတင် ဖွင့်လှစ်တဲ့ ၁၉၈၆-ခုနှစ် မှာတော့ မဟာဓမ္မာစရိယတန်းကို စတင်ပြီးတော့ သင်ကြားပို့ချပေးခဲ့ပါတယ်။


မဟာဓမ္မာစရိယတန်းမှာဆိုရင် စာသင် ၂-နှစ်၊ ကျမ်းပြု ၁-နှစ်၊ ပေါင်း ၃-နှစ် သတ်မှတ်ထားပါတယ်။ အဲဒီ မဟာဓမ္မာစရိယ သင်တန်းမှာ ဆိုလိုရှိရင် ပညာသင် ဌာနကြီးများအဖြစ် ဝိနယမဟာဌာန၊ သုတ္တန္တမဟာဌာန၊ အဘိဓမ္မမဟာဌာန ဆိုပြီးတော့ ၃-ဌာနကို ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။

အဲဒီသင်တန်းသား သံဃာတော်များဟာ ဆိုလိုရှိရင် အခုအခါမှာ စာသင် ၂-နှစ်၊ စာမေးပွဲများ ဖြဆို အောင်မြင်ပြီးလို့ ကျမ်းပြုအဆင့်မှာ ကျမ်းဂန်စာပေများ ရေးသားပြုစုလျက်ရှိပါတယ်။

ပညာရေးစနစ်သစ်အဖြစ် ဓမ္မာစရိယတန်းကိုတော့ ၁၉၈၉-ခုနှစ်က စတင် ဖွင့်လှစ်ခဲ့ပါတယ်။ ဓမ္မာစရိယတန်းရဲ့ သင်တန်းကာလဟာ ၄-နှစ်ကြာပြီး ယခုအခါ ပထမနှစ်နဲ့ ဒုတိယနှစ်သင်တန်းသား သံဃာ ၁၄၉-ပါးကြွရောက် သင်ယူနေကြပါတယ်။

မေး။ ။မှန်ပါ့ဘုရား၊ ယခုလက်ရှိ ဖွင့်လှစ်တဲ့ သင်တန်းကို ဘယ်လို အရည်အချင်းပြည့်မီတဲ့ စာသင်သံဃာတော်တွေကိုသာ လက်ခံသင်ကြား ပို့ချပေးတယ်ဆိုတာ သိရှိပါရစေဘုရား။

ဖြေ။ ။ဦးပဉ္စင်းတို့ ဒီကိစ္စကတော့ ၂-ပိုင်းခွဲခြားပြီးတော့ ဖြေဆိုရမှာ ဖြစ်ပါတယ်။ စတင်တည်ထောင်တဲ့ ၁၉၈၆-ခုနှစ်တုန်းက မဟာဓမ္မာစရိယတန်းမှာဆိုရင် စတင်လက်ခံ သင်ကြားတော့ အစိုးရ ဓမ္မာစရိယ အောင်မြင်ပြီးသား အသက် ၃၅-နှစ်၊ သိက္ခာဝါ ၁၅-ဝါရှိတဲ့ သံဃာတော်များကို ရွေးချယ်ပြီးတော့ ဦးပဉ္စင်းတို့ ဝင်ခွင့်စာမေးပွဲများ ကျင်းပပေးပါတယ်။ အဲဒီလို ဝင်ခွင့်စာမေးပွဲ အောင်မြင်ပြီးသား သံဃာတော်များကို ဦးပဉ္စင်းတို့ သုတ်၊



ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ မဟာဌာနကြီး ၃-ရပ်မှာ လက်ခံသင်ကြားပေးခဲ့ပါတယ်။

ဦးပဉ္စင်းတို့ ၁၉၇၆-ခုနှစ် ကျတော့ ပညာရေး စနစ်သစ် အဖြစ်နဲ့ ဓမ္မာစရိယတန်းကိုပါ လက်ခံ သင်ကြားပေးပါတယ်။ အဲဒီဓမ္မာစရိယတန်းကတော့ သင်တန်းကာလ ၄-နှစ်ဖြစ်ပါတယ်။ အဲဒီ အတန်းကို ဝင်ရောက် နိုင်ရေး အတွက် ဦးပဉ္စင်းတို့ ဝင်ခွင့်စာမေးပွဲ ကျင်းပပေးပါတယ်။ ဝင်ခွင့်စာမေးပွဲ ကျင်းပပေးတဲ့ အခါမှာတော့ ဦးပဉ္စင်းတို့ ရေးဖြေနဲ့ နူတ်ဖြေ ဆိုပြီးတော့ ၂-မျိုး ခွဲခြားထားပါတယ်။ ရေးဖြေမှာတော့ ကျမ်းစာနဲ့ ဗဟုသုတလို ၂-မျိုး ခွဲခြားထားပါတယ်။ ကျမ်းစာ ဆိုတာကတော့ အစိုးရ ပထမကြိုးတန်းနဲ့ သကျသီဟ၊ စေတီယဂ်ဏ စာသင်သားတွေမှာ ပြဋ္ဌာန်း ထားတဲ့ ကျမ်းဂန်တွေကို အခြေခံတဲ့ မေးခွန်းတစ်လှာနဲ့ ဗဟုသုတအဖြစ် ပရိယတ္တိ ပညာရေးနှင့်အခြား သာသနာရေးဆိုင်ရာ အထွေထွေဗဟုသုတဆိုင်ရာ မေးခွန်းတစ်လှာ ဒီလိုခွဲခြားထားပြီး ၂-လှာ မေးပါတယ်။

လူတွေ့အဖြစ်ကတော့ဦးပဉ္စင်းတို့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ စာသင်သားကျက်ဉာဏ် မှတ်ဉာဏ်ဆိုတဲ့ဉာဏ်ရည် ဉာဏ်သွေးအပြင် သူတို့ရဲ့ဥပမိရုပ်၊ စိတ်နေသဘောထား၊ သူတို့ရဲ့ ကိုယ်အမူအရာ၊အထွေထွေဗဟုသုတအစရှိတဲ့ အချက်အလက်များကို အကဲဖြတ် အမှတ်ပေးပြီးတော့ လက်ခံတဲ့အခါမှာလဲ ရေးဖြေနဲ့ နူတ်ဖြေအောင်မြင်တဲ့ ဒီပုဂ္ဂိုလ်များတွေကို ပထမကြိုးတန်းမှာ ၇-ဘာသာ ပြဋ္ဌာန်းထားတဲ့အထဲက စုစုပေါင်း ရမှတ် ၄၀၀-ကျော်နဲ့ အောင်မြင်တဲ့ ပုဂ္ဂိုလ်များကိုသာ သာသနာ့တက္ကသိုလ်များမှာ သင်တန်းသားအဖြစ် ရွေးချယ်ပြီးတော့ လက်ခံလေ့ရှိပါတယ်။

မေး။ ။သာသန တက္ကသိုလ ဓမ္မာစရိယဘွဲ့ အတွက်ပေါ့လေ၊ သင်တန်းတက်ကြတဲ့ သင်တန်းသား သံဃာတော်များ အတွက် သင်တန်းကာလကို ဘယ်လိုပိုင်းခြား သတ်မှတ်ထားတယ် ဆိုတာကိုလဲ သိပါရစေဘုရား။


ဖြေ။ ။သင်တန်းကာလ အဖြစ်တော့ ဦးပဉ္စင်းတို့ ၄-နှစ် သတ်မှတ် ထားပါတယ်။ ၄-နှစ် နှစ်စဉ်အတန်းတင်စာမေးပွဲ အောင်မြင်သွားမယ်ဆိုလို့ရှိရင်တော့ ဒီစာသင်သားသံဃာတော်ကို သာသနတက္ကသိုလ မဟာဓမ္မာစရိယဘွဲ့ ချီးမြှင့်အပ်နှင်းမှာ ဖြစ်ပါတယ်။

ယခင် စတင်ဖွင့်လှစ်ခဲ့တဲ့ မဟာ ဓမ္မာစရိယတန်းအတွက်ကတော့ သူတို့ရဲ့ ကျမ်းစာအရည်အသွေးပြည့်မီတဲ့ အခါ ဒီပုဂ္ဂိုလ်ကို သာသနတက္ကသိုလ မဟာဓမ္မာစရိယဘွဲ့ ချီးမြှင့် အပ်နှင်းမှာဖြစ်ပါတယ်။

မေး။ ။သင်တန်း ကာလမှာပေါ့ဘုရား၊ သင်ကြားရေးနဲ့ ပတ်သက်ပြီးတော့ ပညာဌာန ဘယ်နှစ်ဌာနနဲ့ သင်ကြားပို့ချပေးနေတယ် ဆိုတာလဲ အမိန့်ရှိပါဦးဘုရား။

ဖြေ။ ။အခုလက်ရှိမှာတော့ ဦးပဉ္စင်းတို့ ဝိနယ မဟာဌာန၊ သုတ္တန္တမဟာဌာန၊ အဘိဓမ္မမဟာဌာနဆိုတဲ့ အဓိကမဟာဌာနကြီး သုံးခုနဲ့အထောက်အကူအဖြစ် ပိဋကတ်ဆိုင်ရာပါဠိစာပေ၊ပိဋကတ်ဆိုင်ရာ မြန်မာစာပေ၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေနဲ့ နောက်ဆုံး ဗုဒ္ဓဒေသနာပြန့်ပွားရေး ပညာဌာန ဆိုပြီးတော့ မဟာဌာန ၇-ခု ဦးပဉ္စင်းတို့ သတ်မှတ်ပြီးတော့ ဖွင့်လှစ်သင်ကြားလျက် ရှိပါတယ်။

အဲဒီမှာ ဦးပဉ္စင်းတို့ သင်ကြားတဲ့ ဘာသာစကားပေါ့လေ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပိဋကတ်သုံးဖြာကိုတော့ အစဉ်အလာအတိုင်း



⇧ မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ရှိ ကျိုက်လတ်ဓမ္မသာလာ ⇧


ပါဠိ-မြန်မာနှစ်ဘာသာနဲ့သင်ကြားပို့ချပေးပြီးတော့ ပိဋကတ်ဆိုင်ရာ ပါဠိစာပေမှာ ဆိုလို့ရှိရင် ပါဠိစာပေ အထောက်အကူပြု သက္ကတစာပေများကိုလည်း သဒ္ဒါပိုင်းရော ဖတ်စာပိုင်းရော ဦးပဏ္ဍိတတို့ သင်ကြားပေးလျက် ရှိပါတယ်။

ပိဋကတ်ဆိုင်ရာ မြန်မာစာပေမှာ ဆိုလို့ရှိရင်လဲ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးရဲ့ မဟာဗုဒ္ဓဝင်တို့ လယ်တီဆရာတော်ကြီးရဲ့ ဒီပနီကျမ်းစာတွေ့၊ တက္ကသိုလ် ဘီအော ပထမနှစ်အစရှိတဲ့ နှစ်တွေ့မှာ ပြဋ္ဌာန်းထားတဲ့ မြန်မာစာတွေ့ ဒီလိုသင်ကြားပို့ချပေးပါတယ်။

အင်္ဂလိပ် စာပေပိုင်းမှာတော့ ဦးပဏ္ဍိတတို့ ကျောင်းတွေ့မှာ သင်ကြားပေးနေတဲ့ (Primer Reader one, Reader Two) ဒါတွေ့က နေစပြီးတော့ ခုဒုတိယနှစ်မှာဆိုလို့ရှိရင် ဓမ္မပဒ (Dhammapada) အပါအဝင် ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေများကို အထူး အလေးဂရုပြုပြီးတော့ သင်ကြားပို့ချပေးပါတယ်။

ဗုဒ္ဓသာသနာ ပြန့်ပွားရေး ဌာနမှာတော့ ဦးပဏ္ဍိတတို့ ပါဠိ-မြန်မာ နှစ်ဘာသာ အပြင် လိုအပ်လာတဲ့ အထောက်အကူ ပညာရပ်များ အတွက် အင်္ဂလိပ်၊ သက္ကတ ဒီလိုဘာသာစကားတွေနဲ့ ပို့ချပေးလို့ အကျဉ်းချုံးလိုက်လို့ ရှိရင် ဒီပညာဌာန ၇-ဌာန အတွက် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ သက္ကတဆိုတဲ့ ဘာသာ လေးမျိုးနဲ့ လက်ရှိ သင်ကြားပို့ချပေးနေခြင်း ဖြစ်ပါတယ်။

မေး။ ။မှန်ပါဘုရား၊ ဒါ့အပြင်ပေါ့လေ သင်ကြားနည်းစနစ်နဲ့ ပတ်သက်ပြီးတော့



လဲ ဘယ်လိုနည်းစနစ်တွေနဲ့ သင်ကြားပို့ချပေး နေတယ် ဆိုတာလဲပဲ သိပါရစေဘုရား၊

ဖြေ။ ။သင်ကြားနည်းနဲ့ ပတ်သက်လို့ ပြောရ လို့ရှိရင်တော့ ဦးပဉ္စင်းတို့ သာသနာ အစဉ်အလာပေါ့လေ။ သင်ကြားပို့ချနည်းစနစ် နဲ့ နိုင်ငံတကာ တက္ကသိုလ်များ သင်ကြား ပို့ချ နည်းရယ်လို့ ဒွစ်မျိုးလုံးကို လက်ခံတဲ့ သင်ကြား ပို့ချပေးလျက်ရှိပါတယ်။

သမရိုးကျ နည်းစနစ်ဆိုတာက ဦးပဉ္စင်းတို့ ပါဠိတော်တစ်ပုဒ်ကို အနက်ပေးခြင်း၊ ပြီးတော့ ဝါကျသဒ္ဒါ ရေးခြင်းအားဖြင့် ခဲ့ခြမ်းစိတ်ဖြာ ဝေဖန်ခြင်း၊ အဓိပ္ပာယ် အဆုံးအဖြတ် တွေကို သင်ကြားပို့ချပေးခြင်း ဒါမျိုးတွေ ဖြစ်ပါတယ်။

ခေတ် နည်း စနစ်တွေ ဆိုတာကတော့ ဥပမာ–ပြဟ္မဇာလသုတ် ဆိုပါတော့၊ ဒီသုတ် တော်ကို လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှု ဆိုတဲ့ ရှုထောင့်စုံက လေ့လာ သုံးသပ်တယ်။ ပြီးလို့ရှိရင် ပြဟ္မဇာလ သုတ် တော်ကိုပဲ အကျဉ်းချုံးတယ်၊ အကျယ်ခဲ့ချတယ်၊ ဥပဒေသထုတ်တယ်၊ နိဿိတထုတ်တယ်၊ ဒီလိုနည်း လမ်းတွေနဲ့လဲ သင်ပါတယ်။ ပြီးတော့ ဒီမိစ္ဆာ ဒိဋ္ဌိ ၆၂-ပါး ဒါတွေကိုလည်း သုတေသန ပြုနည်းတွေနဲ့ပေါ့လေ ဒီလို လေ့လာသင်ကြား ခြင်းဆိုတဲ့ ခေတ်လေ့လာ သင်ကြားနည်းကိုပါ သမရိုးကျနည်းနဲ့ ပေါင်းစပ် သင်ကြားပေးနေ တာ ဖြစ်ပါတယ်။

တစ်ခါဦးပဉ္စင်းတို့ဒီ(Teaching method)

လို့ ခေါ်တဲ့ နည်းစနစ်ပိုင်း ဆိုလို့ရှိရင်တော့ ဦးပဉ္စင်းတို့ ဒီနေရာမှာ ဟောပြော ပို့ချနည်းတို့ (Lecturing method)လို့ဆိုတဲ့ဟာမျိုးတွေ (Problem method)လို့ခေါ်တဲ့ ဦးပဉ္စင်းတို့ ပြဿနာပေး သင်ကြား ပို့ချနည်းတို့ ကျမ်းညွှန်းပေးခြင်းတို့၊ လက်တွေ့ လေ့ကျင့်စေခြင်း စတဲ့ တက္ကသိုလ်မှာ ပို့ချနည်း မျိုးစုံနဲ့ လိုအပ်သလို ဦးပဉ္စင်းတို့ လက်တွေ့သင်ကြား ပို့ချပေးလျက် ရှိပါတယ်။

မေး။ ။ဆက်လက် မေးမြန်း လျှောက်ထားလို တာကတော့ စာသင် သံဃာများရဲ့ တစ်နေ့တာ ဆောင်ရွက်ရတဲ့ အစီအစဉ်များကို လဲပဲ သိလိုပါတယ် ဘုရား။

ဖြေ။ ။စာသင် သံဃာတော်များဟာ မနက် အရုဏ်တက်ချိန် ၅-နာရီ လောက်ပေါ့ လေ။ အာရုံဆုမ်း ဘုဉ်းပေး၊ မနက် ၇-နာရီက နေ စတင်ပြီးတော့ ၉-နာရီထိ တစ်ချိန် သင်တန်းတက်ရပါတယ်။ ဦးပဉ္စင်းတို့ ၁၀-နာရီခွဲ အချိန်မှာတော့ နေ့ဆုမ်းဘုဉ်းပေးကြရပါတယ်။ ကြားကာလ အချိန် ခေတ္တနားနေပြီးတော့ နေ့ ၁-နာရီကနေ ညနေ ၄-နာရီထိတစ်ချိန်၊ အဲဒီလို သင်တန်းများကို နေ့စဉ် သင်ကြား ကြရပါတယ်။

အဲဒီ သင်တန်းထဲမှာလည်း မနက်ပိုင်းအချိန်ထဲမှာ စာသင်ချိန်ငယ်များအဖြစ် မိနစ် ၅၀-စီ ၅၀-စီကြာပြီး ကြားမှာ ၁၀-မိနစ် နားပြီးတော့ ပို့ချပေးပါတယ်။

ညနေ ၅-နာရီခွဲ အချိန်မှာတော့ သံဃာအားလုံးစုပေါင်းပြီး သိမ် ကျောင်းတော် ကြီးမှာ ဘုရားဝတ်ပြု တရားထိုင်ကြပြီး ၆-နာရီခွဲ အချိန်လောက်မှာတော့ ဆုမ်းစာကျောင်းမှာ သံဃာတော်များကို ထန်းလျက်ကြော်နှင့် စတုမဓုများဆက်ကပ်လှူဒါန်းပါတယ်။

ည ၇-နာရီလောက် အချိန်က စပြီးတော့ သံဃာတော်များဟာ စာပေစုံပေါင်းဆွေးနွေးခြင်း၊ စုပေါင်း စာပြန်ဆိုခြင်း၊ မိမိတို့ကိုယ်ပိုင် စာများကို ကြည့်ရှုလေ့ လာခြင်းအားဖြင့် ကိုယ်ပိုင်အချိန်အဖြစ် ဦးပဉ္စင်းတို့ သတ်မှတ် ပေးပါတယ်။

မေး။ ။သင်တန်းပိတ်ရက်များနဲ့ ပတ်သက်ပြီး တော့လဲ ရက်တို/ရက်ရှည် ဘယ်လို သတ်မှတ်တယ်ဆိုတာလဲပဲ အမိန့်ရှိပါဦးဘုရား။

ဖြေ။ ။ဦးပဉ္စင်းတို့ ရက်တို အနေနဲ့ကတော့ အပတ်စဉ် လဆန်း-လဆုတ် ဂ-ရက်နေ့တွေမှာဆိုလို့ရှိရင် အဖိတ် ဥပုသ် ပိတ်ပေးပြီးတော့၊ လပြည့်-လကွယ်နေ့များမှာတော့ ဥပုသ်နေ့တစ်ရက်ပဲ ပိတ်လေ့ရှိပါတယ်။

ကျောင်းပိတ်ရက်ရှည်များအဖြစ်တော့ နွေရာသီ ကျောင်းပိတ်ရက်အဖြစ် တန်ခူးလပြည့် ကျော် (၁) ရက်နေ့က နေပြီးတော့ ကဆုန် လကွယ်နေ့အထိ တစ်လခွဲ။ သီတင်းကျွတ် ကျောင်းပိတ်ရက်အဖြစ် သီတင်းကျွတ် လပြည့် ကျော် (၁)ရက်နေ့မှ တန်ဆောင်မုန်းလကွယ် ထိ တစ်လခွဲ၊ ပေါင်း ၃-လ ဦးပဉ္စင်းတို့ ကျောင်းပိတ်ရက်အဖြစ် သတ်မှတ်ထားပါတယ်။

မေး။ ။စာမေးပွဲ ဖြေဆိုမှု စစ်ဆေးမှု အဲဒိုင်းနဲ့ ပတ်သက်ပြီးတော့လဲပဲ သိရှိလိုပါသေးတယ် ဘုရား။

ဖြေ။ ။ဦးပဉ္စင်းတို့စာမေးပွဲများကိုတော့ အပတ်စဉ် အဓိက ဘာသာသုံးခုကို အလှည့်ကျ စစ်ဆေးပေးလေ့ရှိပါတယ်။အဲဒေါက်အကူပြုလေးဘာသာကိုတော့ (Home Work) သဘောမျိုးဦးပဉ္စင်းတို့ လေ့ကျင့်သင်ကြားပေးပါတယ်။ နှစ်ဝက်စာမေးပွဲကိုတော့ ၇-ရက်တိုင်တိုင် ဦးပဉ္စင်းတို့ ကျင်းပပေးပါတယ်။ အဲဒီလို

နေရာမှာ မေးခွန်းထုတ်ခြင်း၊ စာမေးပွဲစစ်ဆေးခြင်း၊ အောင် ဂေဇက်ထုတ်ခြင်းဆိုတာတွေကို ရန်ကုန်-မန္တလေး ဘက္ကသိုလ် နှစ်ခု ပေါင်းပြီးတော့ ဗဟိုအဖွဲ့ရဲ့ အစီအစဉ်နဲ့ပဲ ဘုတ် အဖွဲ့ဖွဲ့ပြီးတော့ အားလုံး စုပေါင်း ဆောင်ရွက်ကြပါတယ်။

ဒီလို စာမေးပွဲဖြေဆိုရာမှာ အောင်မှတ် အဖြစ် သုတ်၊ ဝိနည်း၊ အဘိဓံမှာ သုံးဘာသာကိုတော့ ခြောက်ဆယ့်ငါး ရာခိုင်နှုန်း သတ်မှတ်ပြီးတော့ သာမန် လေးဘာသာကိုတော့ ဦးပဏ္ဍိုင်းတို့ ငါးဆယ် ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်။ ဂုဏ်ထူး အမှတ် အဖြစ်တော့ အဓိက သုံးဘာသာမှာ ရှစ်ဆယ် ရာခိုင်နှုန်း၊ သာမန် လေးဘာသာမှာ ခုနှစ်ဆယ့်ငါး ရာခိုင်နှုန်း သတ်မှတ်ထားပါတယ်။

မေး။ ။အခုလိုပေါ့ ဘုရား၊ စာသင် သံဃာတော်တွေကို ဒီပရိယတ္တိ စာပေများ သင်ကြားပို့ချနေရုံသာမက တခြား လောကီ နယ်ပယ်က သိအပ်တဲ့ ဗဟုသုတ၊ တခြား ဒီစာသင်မှုကို အထောက်အကူပြုစေတဲ့ ဟောပြောမှု ပို့ချမှုများ ရှိလို့ရှိရင်လဲပဲ သိပါရစေ ဘုရား။

ဖြေ။ ။မန္တလေး တက္ကသိုလ်က ပါမောက္ခ၊ ကထိက ဆရာကြီးများဟာ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တိုင်း ဦးပဏ္ဍိုင်းတို့ သာသနာ့ တက္ကသိုလ်ကိုလာပြီး ဌာန ၇-ခုလုံးမှာ တဲ့ဖက် ပညာရှင်များ အဖြစ် တာဝန်ယူ စာပေပို့ချ ပညာဒါနပြုနေကြပါတယ်။

ပြီးတော့ ဦးပဏ္ဍိုင်းတို့ သာသနာ့တက္ကသိုလ်မှာ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၊ မန္တလေး တက္ကသိုလ်က အငြိမ်းစား ကျောင်းအုပ် ဆရာကြီးဇေယျာမောင်(ဦးကိုလေး)၊ အိန္ဒိယနိုင်ငံက ဒေါက်တာကိုအင်ကာတို့လို ရဟန်းရှင်လူ ပညာရှင်ကြီးများ ကြွရောက်လာတဲ့အခါ ဩဝါဒ ကထာ နာယူခြင်း၊ ဟောပြောပွဲများ ကျင်းပခြင်းများကိုလည်း အလှည့်ကျသလို သံဃာတော်များရဲ့ ပညာရေးအတွက် သာသနာရေးအတွက် အထောက်အကူပြုစေရန် စီမံကျင်းပပေးလေ့ ရှိတယ်။


မေး။ ။ဒီတက္ကသိုလ်မှာ သင်ကြား နေကြတဲ့ သံဃာတော်များ အနေနဲ့ ဘယ်လို စည်းမျဉ်း စည်းကမ်းတွေကို လိုက်နာနေကြရတယ်ဆိုတာလဲပဲ သိပါရစေဘုရား။

ဖြေ။ ။ဦးပဏ္ဍိုင်းတို့ သာသနာ့ တက္ကသိုလ်မှာတော့ မြတ်စွာဘုရားရှင်ရဲ့ ဝိနည်း၊ ဥပဒေတော်အပြင် ဦးပဏ္ဍိုင်းတို့ သာသနာ့ တက္ကသိုလ် လက်စွဲစည်းမျဉ်းဆိုတဲ့ စာအုပ်ကလေး ကိုလဲ လက်ကိုင်ထားရပါတယ်။ ဒီစည်းမျဉ်း စာအုပ်မှာဆိုလို့ရှိရင် စာသင်တန်းစည်းကမ်း၊ ကျောင်းဆောင်စည်းကမ်း၊ ဆွမ်းစားမှုဆိုင်ရာ စည်းကမ်း၊ ဘုရားဝတ်ပြုမှုဆိုင်ရာ စည်းကမ်း ဆိုတဲ့ စည်းကမ်းချက်များကိုလည်း သမဏသာရုပ္ပနဲ့အညီ တက္ကသိုလ်အင်္ဂါနဲ့အညီ သာသနာ့ အရောင် ပိုမိုတောက်ပြောင်ရေး အတွက် ရေးသားစီစဉ်ထားပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ အဲဒီဝိနည်းတော်နဲ့ သာသနာ့တက္ကသိုလ် လက်စွဲစည်းမျဉ်း စည်းကမ်း များကို တက္ကသိုလ်မှာ နေထိုင်ကြတဲ့ သင်ကြားစီမံ ဆရာတော်များ အပါအဝင် သံဃာတော် အားလုံးက အမြဲတစေ လေးစားလိုက်နာ နေကြရပါတယ်။

မေး။ ။မှန်ပါ့ဘုရား၊ ဒီတက္ကသိုလ်မှာ သင်ကြား ပို့ချနေကြတဲ့ ဆရာတော်များ အနေနဲ့ ဘယ်လို အရည်အချင်း ပြည့်မီတဲ့ ဆရာတော်များကိုမှ ရွေးချယ်ပြီးတော့ တာဝန်




မန္တလေးတောင်တော်မှ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို မြင်တွေ့ရပုံ
(ကုသိုလ်တော်ဘုရားဝင်းကိုလည်း ဖူးရသည်။)



ပေးအပ်ထားတယ် ဆိုတာလဲ အမိန့်ရှိပါဦး ဘုရား။

ဖြေ။ ။ဦးပဉ္စင်းတို့ သာသနာ့ တက္ကသိုလ်မှာ တော့ အစိုးရ ဓမ္မာစရိယအပြင် သီရိ ပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ အစရှိတဲ့ဂုဏ်ထူး ဆောင် ဓမ္မာစရိယဘွဲ့တွေ၊ ပိဋကတ္တယပါရဂူ၊ ဒီဃနိကာယကောဝိဒ၊ ဝိနယကောဝိဒ အစရှိတဲ့ ပိဋက တစ်ပုံဆောင်, နှစ်ပုံဆောင်ဘွဲ့ထူး ဂုဏ်ထူးတွေ၊ စေတိယင်္ဂဏ ဓမ္မာစရိယ, သက္ကသီဟ ဓမ္မာစရိယ အစရှိတဲ့ဘွဲ့ထူး ဂုဏ်ထူးတွေ အနည်းဆုံး နှစ်မျိုး သုံးမျိုး ရရှိတဲ့ ပုဂ္ဂိုလ်များကိုသာ ဦးပဉ္စင်းတို့ နာယကများ အဖြစ် ဂဏဝါစက များအဖြစ် နည်းပြများအဖြစ် ခန့်အပ်ထားလေ့ ရှိပါတယ်။



⬆ မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး၏အနီး ပြင်ပသူနာဌာနရှိ ⬆
နာလန်ထဆောင်သစ်

ဦးပဉ္စင်းတို့ တက္ကသိုလ်မှာ သင်ကြားရေးအပိုင်းနှင့် စီမံခန့်ခွဲရေးအပိုင်း ဆိုပြီးတော့ နှစ်မျိုး ရှိပါတယ်။ အဲဒီ သင်ကြားရေး အပိုင်းမှာတော့ သာသနာရေးဆိုင်ရာ ဘွဲ့ထူး ဂုဏ်ထူးတွေ ထူးခြားပြောင်မြောက်တဲ့ အရည်အချင်းပြည့် ပုဂ္ဂိုလ်တွေကို တာဝန်ပေးပြီး စီမံခန့်ခွဲရေးအပိုင်းမှာ တော့လောကီ လောကုတ္တရာ ဘွဲ့နှစ်မျိုးပြည့်စုံတဲ့ ပုဂ္ဂိုလ်များကို ဦးပဉ္စင်းတို့ တာဝန်ပေးပြီး ဆောင်ရွက်စေလျက် ရှိပါတယ်။

မေး။ ။မှန်ပါ့ဘုရား၊ တပည့်တော်တို့ ဒီသာသနာ့တက္ကသိုလ်ကြီးမှာ သီတင်းသုံးနေထိုင်ကြတဲ့ ဆရာတော် သံဃာတော်များအနေနဲ့သီတင်းသုံးကြတာသပွာယမျှပါရဲ့လား ဘုရား။



ဖြေ။ ။ဦးပဉ္စင်းတို့ သာသနာ့ တက္ကသိုလ်မှာ တော့ အများပြည်သူ ဗုဒ္ဓဘာသာဝင် ဒကာ-ဒကာမ များရဲ့ ဝိုင်းဝန်း ထောက်ပံ့မှု ကြောင့် သက်နှံး-ဆွမ်း-ကျောင်း-ဆေး-ပစ္စည်း လေးပါးအပြင် သင်ကြားမှု အထောက်အကူ ဖြစ်တဲ့ စာအုပ်စာတမ်းများ၊ ကျမ်းဂန်စာပေ များ အင်မတန် ပြည့်စုံပါတယ်။


နေရေးပိုင်းနဲ့ကြည့်မယ်ဆိုရင်လဲ ဦးပဉ္စင်းတို့ နာယက ကထိကဆိုင်ရာ ဆရာတော်ကြီးများ အတွက် သီးသန့် သီတင်းသုံးရာအဆောင်၊ စာ သင်သား သံဃာတော်များ အတွက် ဆိုလိုရှိ ရင် နှစ်ဆယ့်နှစ်ပါးစီ ဆန့်တဲ့ အဆောင်ပေါင်း ယခုပြီးတာ ဆိုလိုရှိရင် ခြောက်ဆောင် ရှိပါ တယ်။ အဲဒီစာသင်သား တစ်ပါးတိုင်းတစ်ပါး တိုင်းဟာဆိုလိုရှိရင်လဲ တစ်ဆယ့်နှစ်ပေကျယ်တဲ့ အခန်းကိုယ်စီ ရှိပြီးတော့ ခုတင် စားပွဲ ကုလားထိုင် စာကြည့်မီး ဗီရို စာအုပ်စင် စသောအားဖြင့် နေရေးပိုင်းမှာပါ အပြည့်အစုံ ဆောင်းလို့ ဦးပဉ္စင်းတို့ စာဝတ်နေရေး ပညာရေး အားလုံး သပ္ပာယမျှတပါတယ်။

မေး၊ ။နောက်ဆုံး အနေနဲ့ တပည့်တော် လျှောက်ထားလိုတာကတော့မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်နဲ့ ပတ်သက်ပြီးတော့ ဆရာတော်အနေနဲ့ အခြား အမိန့်ရှိလိုတာ ရှိသေးရင် အမိန့်ရှိနိုင်ပါတယ် ဘုရား။

ဖြေ။ ။ဦးပဉ္စင်းတို့ သာသနာ့ တက္ကသိုလ်မှာ တော့ သင်ကြားရေး တာဝန်ယူထားတဲ့ ဆရာတော် သံဃာတော်များကလဲ မိမိတို့ စွမ်းအားရှိသလောက် စေတနာ ရှေ့ထားပြီး ကြိုးစားပို့ချနေတာ တွေ့ရသလို့ စာသင်သား သံဃာတော်ပိုင်းကလဲ သင်ကြားပို့ချပေးနေတဲ့ ပညာရပ်များကို လိုလိုချင်ချင် တက်တက်ကြွကြွ နဲ့ သင်ယူနေတာ တွေ့ရပါတယ်။ အဲဒီလို ဆရာ တပည့် ညီညွတ် ပြည့်စုံစွာ ဆောင်ရွက်နိုင် အောင် အများပြည်သူ ဒကာ ဒကာမများ ကလဲ ပစ္စည်းလေးပါးတွေ ထောက်ပံ့လှူဒါန်း နေကြတာကို အံ့မခန်း တွေ့မြင်ရ ပါတယ်။ အဲဒီလိုပဲ ဦးပဉ္စင်းတို့ဆရာတပည့် တစ်နည်းအား ဖြင့် ဆရာ, ဒကာ သုံးချောင်း ထောက် ညီညီ ညွတ်ညွတ်နဲ့ လက်တဲ့ညီညီ ဆောင်ရွက်သွား မယ်ဆိုလို့ရှိရင် ဦးပဉ္စင်း အစပိုင်းက ပြောခဲ့တဲ့ သာသနာ့ တက္ကသိုလ်ရဲ့ ရည်ရွယ်ချက် ကြီးများ အောင်မြင်ပြီးတော့ ပြည်တွင်းပြည်ပ သာသနာ ပြု စွမ်းရည်ရှိသော သာသနာချစ် အာဇာနည် ရဟန်းတော်များဟာ မကြာခင် ပေါ်ထွက်လာ ပြီးတော့ နိုင်ငံတော်ရဲ့ ဂုဏ်ရောင် သာသနာ တော်ရဲ့ ဂုဏ်ရောင်ကို ထွန်းပြောင် အောင် ဆောင်ရွက်နိုင်ပါ လိမ့်မယ်လို့ ဦးပဉ္စင်း အပြည့် အဝ ယုံကြည်ပါတယ်။

မြန်မာ့အသံ။ ။မှန်လှပါဘုရား၊ ယခုလို ရည် ရွယ်ချက်ကြီးမား မှန်မြတ်လှ တဲ့ ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး ဒီကမ္ဘာ မှာဖြင့် ဗုဒ္ဓသာသနာ ထွန်းပရေး အတွက် ကြီးမားတဲ့ အထောက်အကူပြု ယန္တရားကြီး ဖြစ်ပါစေလို့ တပည့်တော်များ ဆန္ဒပြုရင်း မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများဒေကြောင်း သိကောင်းစရာ များကို ဤမျှနဲ့ ရပ်နားလိုက်ပါတယ် ခင်ဗျား။

(၁၉၉၀-ပြည့်နှစ်၊ ဒီဇင်ဘာလ(၂၅)ရက် (ခရစ်စမတ်နေ့) ည (၇း၁၀)နာရီ အချိန် မြန်မာ့အသံမှ ထုတ်လွှင့်သည်။ ။)



အများအကျိုးဆောင်လုပ်ငန်း ၊သို့မဟုတ်၊ အာဇာနည်တို့၏လမ်းစဉ်

ဦးသြဒါတသီရိဘိဝံသ

မန္တလေး ဝိသုဒ္ဓါရုံ

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဖြစ်သည်။

တစ်နေ့တွင် သင်္ဂါရဝ ပုဏ္ဏားကြီးသည် ဘုရားရှင်ထံ ရောက်လာပြီး ရှိမခိုး ဝင်မချဘဲ ဝမ်းမြောက် ဝမ်းသာ စကားများ ပြောဆို လျှောက်ထားကာ ဘုရားရှင်ဖား အောက်ပါ အတိုင်း လျှောက်ထား၏။

"အရှင် ဂေါတမ၊ တပည့်တော်ဗြာဟ္မဏတို့သည် ကိုယ်တိုင်လည်း ယဇ်ပူဇော်ကြပါကုန်၏၊ သူတစ်ပါးတို့ကိုလည်း ယဇ်ပူဇော်စေကြပါကုန်၏။ ဤသို့ ပူဇော်ကြသော ဗြာဟ္မဏတို့သည် အချားကောင်းကျိုးဆောင်သည့် အကျင့်ကို ကျင့်သုံးကြသူတို့ မည်ပါကုန်၏။ ယဇ်ပူဇော်ခြင်းအမှုသည် အများကောင်းကျိုးကိုဆောင်သည့် ကောင်းမှုအကျင့် (အနေက သာရီရိကပုညပွင့်ပဒါ) မည်ပါသည်ဘုရား။"

သင်္ဂါရဝပုဏ္ဏားကြီးက သူတို့၏ ကျင့်ဝတ်တစ်ခုဖြစ်သော သတ္တဝါတို့ကို သတ်၍ ယဇ်ပူဇော်ခြင်းသည် အများကောင်းကျိုးဆောင်သည့် အကျင့်ဖြစ်ပါကြောင်း ယဇ်ပူဇော်ခြင်းအမှုကို ဂုဏ်တင်၍ လျှောက်ထားလိုက်ခြင်းဖြစ်သည်။

ထိုမျှသာမကသေး၊ ရဟန်းပြုခြင်းသည် တစ်ကိုယ်ကောင်းဆန်သည့် အကျင့်ဖြစ်၍ ရဟန်းပြုကြသူတို့သည်လည်း တစ်ကိုယ်ကောင်းအကျင့်ကျင့်ကြသူတို့သာ ဖြစ်သည်ဟု ရဟန်းပြုခြင်းအမှုကို ကဲ့ရဲ့ရှုတ်ချသောသဘော ဖြင့် အောက်ပါအတိုင်း ဆက်လက် လျှောက်ထားလိုက်ပြန်၏။

"အရှင် ဂေါတမ၊ အကြင် ပုဂ္ဂိုလ် တစ်ယောက်သည် အိမ်ရာတည်ထောင် လူ့ဘောင်မှ ခွာရှောင်၍ ရဟန်းပြုပြီးလျှင် မိမိတစ်ဦးတည်း ကိလေသာငြိမ်းအောင် ဆုံးမ၏။ ကိလေသာငြိမ်းအောင် ကျင့်၏။ (ထို့ကြောင့်)ထိုရဟန်းပြုခြင်းသည် အများကောင်းကျိုးဆောင်သည့် အမှုမျိုး မဟုတ်ဘဲ တစ်ကိုယ်ကောင်းဆန်သည့် အကျင့် (ကေသာရီရိကပုညပွင့်ပဒါ) သာ ဖြစ်ပါသည်။"

ဤသို့ သူတို့၏ လုပ်ငန်းစဉ်ကို အများကောင်းကျိုးဆောင်သည့် လုပ်ငန်းစဉ်အဖြစ် သတ်မှတ်၍ ရှင်ရဟန်းပြုခြင်းကိုမူ တစ်ကိုယ်ကောင်းဆန်သည့် အကျင့်သာဖြစ်သည်ဟု စွပ်စွဲလိုက်သည်ကို ဘုရားရှင်က ဖော်ပြပါအတိုင်း အချက်ကျကျ ပြေပျင်းတော်မူလိုက်သည်။

"ပုဏ္ဏားကြီး သည်လိုဆိုလျှင် သင့်ကိုပင် ပြန်၍ မေးမည်၊ သင်ကြိုက်သလို ဖြေပါ။ ပုဏ္ဏားကြီး ဤလောက၌ အရဟံစသော ဂုဏ်တော်တို့နှင့်ပြည့်စုံသော မြတ်စွာဘုရားသည် ပွင့်ပေါ်လာ၏။ ထိုမြတ်စွာဘုရားက "ချစ်သားတို့ လာကြကုန်လော့၊ မှန်ကန်သောနည်းလမ်းဖြင့် ကျင့်သည့်အတွက် ငါဘုရားသည် အတုမရှိ မြတ်သော အမြိုက်ခေတ်(မသေခေတ်)ကို ကိုယ်တိုင် တွေ့မြင်ခဲ့ရပြီ၊ ရရှိခဲ့ပြီ။ သင် ချစ်သားတို့သည်လည်း ငါဘုရားကျင့်သည့် လမ်းစဉ်အတိုင်း ကျင့်ကြလျှင်အတုမရှိမြတ်သော(အမြိုက်ခေတ်)ကို သင်တို့ ကိုယ်တိုင် တွေ့ထိသိမြင်ကြရကုန်လတ္တံ့။" ဟု ပြောဆိုပြီး ငါဘုရားက အမြိုက်ခေတ်ရကြောင်း တရားကို ဟောခဲ့၏။ ကြားနာရသူ နတ်လူပြဟ္မာတို့သည်လည်း ငါဘုရားဟောကြားသည့်အတိုင်း ထိုအမြိုက်ခေတ်အလို၌ ကြိုးစားအားထုတ်ကြ၏။ ထိုကျင့်ကြံကြသူတို့သည် သိန်း-သောင်းမက များပြားကြကုန်ဘိကဲ့သို့ အမြိုက်ခေတ်ကို ရကြသူတို့လည်းလည်း သိန်း-သောင်းမက များပြားလှပေကုန်၏။

"ပုဏ္ဏားကြီး သင်မည်သို့ မှတ်ထင်သနည်း၊ ဤသို့ အမြိုက်ခေတ်ရအောင် ဟောကြားပြသခြင်း၊ အမြိုက်ခေတ်တွေ့ရှိအောင် ကြိုးစားအားထုတ်ခြင်း သည် တစ်ကိုယ်ကောင်းဆန်သည့်အကျင့်ဟု ဆိုရမည်လော၊ အများအကျိုးဆောင်သည့်အကျင့်ဟု ဆိုရမည်လော" ဟု ဘုရားရှင်၏ အချက်ကျကျ မေးမြန်းချက်ကို သင်္ဂါရဝပုဏ္ဏားကြီးက ဖော်ပြပါအတိုင်း လျှောက်ထားလိုက်၏။

"အရှင်ဂေါတမ ဒီအတိုင်းဆိုလျှင် ရဟန်းပြုခြင်းသည် အများကောင်းကျိုးဆောင်သည့် အနေကသာရီရိကပုညပွဒ္ဓိပဒါ ဖြစ်ပါပေသည်။

လောက၌ အချို့သူတို့သည် သင်္ဂါရဝပုဏ္ဏားကြီး ယူဆသကဲ့သို့ ရဟန်း-သာမဏေ ပြုနေကြသူတို့သည် တစ်ကိုယ်ကောင်းဆန်သည့် ပုဂ္ဂိုလ်များသာဖြစ်သည်ဟု ယူဆနေကြသူများ ရှိကြပေသည်။ အများအကျိုးကို မျက်ကွယ်ပြုနေကြသူများဟု စွပ်စွဲသူကလည်း စွပ်စွဲလျက်ရှိကြပေသည်။

မြတ်ဗုဒ္ဓပွင့်ပေါ်လာခြင်း (ဝါ) မြတ်ဗုဒ္ဓဖြစ်အောင် ကြိုးစား အားထုတ် ခဲ့ခြင်း၏ နောက်ခံသမိုင်းကြောင်းကို ပြန်ကြည့်လျှင် မြတ်ဗုဒ္ဓ၏ လမ်းစဉ်သည် တစ်ကိုယ်ကောင်းဆန်သည့် လမ်းစဉ်မဟုတ်ကြောင်း သိနိုင်ပေသည်။

ရဲရဲတောက် ကြွေးကြော်သံ

ကိ မေ ကေန တိဏ္ဍေန၊
ပုရိသေန ဆာမဒသိနာ။
သဗ္ဗညုတံ ပါပုဏိတ္ထာ၊
သန္တာရေသဲ သဒေဝကံ။

"မိမိ၏ စွမ်းရည်သတ္တိကို ကောင်းမွန်စွာ သိမြင်သော ယောကျ်ားအာဇာနည်အဖို့ တစ်ယောက်တည်း သံသရာမှ ကူးမြောက်ခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ သိထိုက်သည့်အရာမှန်သမျှ သိနိုင် သည့် သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိအောင်ကြိုးစားပြီး လူနတ်ဗြဟ္မာသတ္တဝါအများကို သံသရာမှကူးမြောက်အောင် ကယ်တင်ပေအံ့။"

ဤသည်ကား သုမေဓာ ရှင်ရသေ့ဘဝက ကြွေးကြော် ခဲ့သော အလောင်းတော်မြတ်၏ ရဲရဲတောက် ကြွေးကြော်သံ ဖြစ်၏။ ယင်းကြွေးကြော်သံကား မြတ်ဗုဒ္ဓ၏ ရည်မှန်းချက်နှင့် မြတ်ဗုဒ္ဓ၏လမ်းစဉ်ကို ဖော်ပြနေသော ကြွေးကြော်သံပင် ဖြစ်ပေသည်။

လောကဠ် တစ်ကိုယ်ကောင်းဆန်သော အလုပ်သည် စွမ်းရည်သတ္တိသည့် သူတို့၏ အလုပ်ဖြစ်၏။ မိမိ၏ စွမ်းရည်သတ္တိ အပေါ်ယုံကြည်မှုမရှိ၍ အများအကျိုးဆောင်ရန် မဝံ့ခြင်း ဖြစ်ပေသည်။ အများအကျိုးဆောင်လိုသည့် စိတ်ဓာတ်သည် စွမ်းရည်သတ္တိ ထက်မြက်သူများ (၀၁)မိမိစွမ်းရည်သတ္တိကို ယုံကြည်သည့် အာဇာနည်ပုဂ္ဂိုလ်များ၏ သန္တာန်၌သာ တည်ရှိပေသည်။ အာဇာနည်ပုဂ္ဂိုလ်တို့သည် မိမိကိုယ်တိုင်လည်း စွမ်းရည်သတ္တိ ထက်မြက်လာအောင် ရှေးဦးစွာ ကြိုးစား၍ စွမ်းရည်သတ္တိပြည့်လာသည့်အခါ ကိုယ်ကျိုးကိုသာ မကြည့်တော့ဘဲ အများအကျိုးဘက်သို့ ဦးလှည့်တော့သည်။ ထိုပုဂ္ဂိုလ်၏ စွမ်းရည်သတ္တိသည် အများချမ်းသာအောင် စွမ်းဆောင်နိုင်ပေတော့သည်။

မြတ်ဗုဒ္ဓသည် အလောင်းတော် ဘဝကပင် ကိုယ်ကျိုးစွန့်ကာအများအကျိုးအတွက်ဆင်းရဲဒုက္ခ အမျိုးမျိုးခံပြီး အများကောင်းစားရေး လုပ်ငန်းများကို ဆောင်ရွက် ခဲ့ပေသည်။ လူသာမန်တို့ ဖြည့်ကျင့် နိုင်ခဲသော စွန့်လွှတ်မှုမျိုးစုံကို စွန့်လွှတ်ကာ မတွန့်မဆုတ် အားထုတ်ကြိုးပမ်းတော်မူခဲ့၏။

၁။ လောကတ္ထစရိယာ= တစ်လောကလုံး ချမ်းသာရေးအတွက်ကျင့်ကြံအားထုတ်ခြင်း၊

၂။ ညတတ္ထစရိယာ=ဆွေတော်မျိုးတော်တို့၏ ချမ်းသာရေး အတွက် ကျင့်ကြံအားထုတ်ခြင်း၊

၃။ ဗုဒ္ဓတ္ထစရိယာ=သဗ္ဗညုတ ဉာဏ်တော်မြတ်ရရှိရန် ကျင့်ကြံ အားထုတ်ခြင်း ဟူသော အလောင်းတော်မြတ် ဖြည့်ကျင့်ခဲ့ရသည့် အကျင့်တော်တို့ကို လေ့လာကြည့်လျှင်ကိုယ်ကျိုးထက်အများအကျိုးကို ဦးတည်ခဲ့ကြောင်း သိနိုင်ပေသည်။

လောကဠ် အများအကျိုးဆောင်လိုသူသည် (၀၁)အများအကျိုးကို ပေါက်ပေါက်မြောက်မြောက် ဆောင်လိုသူသည် မိမိဘက်က ပြည့်စုံလုံလောက်မှုရှိစေဖို့လိုအပ်ပေသည်။မိမိဘက်က ပြည့်စုံလုံလောက်မှု မရှိဘဲ သူတစ်ပါး တို့၏ အကျိုးကို ပေါက်မြောက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။

အလောင်းတော်မြတ်သည် တစ်လောကလုံး၏ အကျိုးကို လိုလားတော်မူသော မေတ္တာတော်ရှိရာ ယင်းသို့အကျိုးဆောင်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်ကြီးဖြစ်သော သိစရာရှိသမျှကို သိမြင်နိုင်သည့် ဉာဏ်တော်မြတ်ကို ရရှိရန် ကြိုးစားခြင်း ဗုဒ္ဓတ္ထစရိယာကို မလွဲမသွေ ဖြည့်ကျင့်တော်မူရပေသည်။

ထို့ကြောင့် ဗုဒ္ဓတ္ထစရိယာသည် လောကတ္ထစရိယာ, ညတတ္ထစရိယာ ဟူသော အများကောင်းစားရေးကို ဆောင်ရွက်နိုင်ရန် အတွက် အခြေခံအချက်ကြီးဖြစ်ကြောင်းသဘောပေါက်နိုင်ကြမည်ဖြစ်ရာ မြတ်ဗုဒ္ဓ၏ ကျင့်စဉ်များသည် အများ ကောင်း စား ရေး ကျင့်စဉ်များ သာ (အနေကသာရီရိကပုညပွဋိပဒါ) ဖြစ်ကြောင်း သိနိုင်ပေသည်။

သာသနာ့အဇာနည် တိပိဋကဓရဆရာတော်

မင်းကွန်း တိပိဋကဓရဆရာတော်ကြီးသည် ဗုဒ္ဓ၏ လမ်းစဉ်ကို နှစ်နှစ်ကာကာ လက်ခံယုံကြည်သော ဗုဒ္ဓသာဝကတော်ကြီးဖြစ်ရာ သက်တော်ရွယ်တော်ကြီးရင့်သည်ကိုဂရုမပြုဘဲ အခြေအနေပေးသမျှ အဖဘုရားရှင်၏ ကိုယ်ကျိုးစွန့် လမ်းစဉ်(၀၁)အများကောင်းစားရေးလမ်းစဉ်ကို ဖော်ဆောင်ကာ လူသာမန်တို့ ကြုံစည်ရုံပဓိ

မကြုံစည်နိုင်လောက်အောင် ကြီးမားကျယ်ပြန့်လှသော သာသနာပြုလုပ်ငန်းကြီးများကို ဦးစီးလမ်းညွှန်မှုပေးကာဆောင်ရွက်လျက်ရှိပေသည်။

ဆရာတော်၏ အများကောင်းစားရေးလုပ်ငန်းစဉ်များ ကြီးကျယ်များပြား ထင်ရှားလှသည်ဖြစ်ရာ ဤ၌ အထူးဖော်ထုတ် ရေးသားတင်ပြဖွယ် မလိုတော့ပေ။

ထိုနည်းတူစွာ ဆရာတော်၏ ပါရမီလုပ်ငန်းစဉ်ကြီးကိုဝိုင်းဝန်းအကဲ့ဉ်အထည်ဖော်လျက်ရှိသောတိပိဋကာ=နိကာယသာသနာပြုအဖွဲ့ကြီးသည်လည်း တစ်ကိုယ်ကောင်းဆန်သည့်(၀၊)ကိုယ်ရေးကိုယ်တာကိုသာငဲ့သည့်မူဝါဒလမ်းစဉ်များကို ဖယ်ရှားလျက် အဖဘုရားသခင်၏ အများကောင်းစားရေး ဝါဒလမ်းစဉ်အတိုင်း မှန်မှန်ကြီးလေ့ကျက်သွားလျှင် ရည်မှန်းချက်များ ပေါက်ရောက်ကာ နိုင်ငံတော် အတွက် သာသနာတော် အတွက် မရေမတွက်နိုင်သော ကောင်းကျိုးတရားများကို ဖြစ်ထွန်းစေနိုင်မည် ဖြစ်ပါသည်။


သို့ဖြစ်၍ ဦးစီးဦးဆောင် ဆရာတော်ကြီးဖြစ်သော မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးနှင့် တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီးသည် မြတ်ဗုဒ္ဓ၏ အများကောင်းစားရေးလမ်းစဉ်ကြီးကို ပီပီပြင်ပြင် ဖော်ဆောင်နိုင်ကြလျက် ရေရှည်အကျိုးများမည့် အများကောင်းစားရေး လုပ်ငန်းကြီးများကို ဆထက်ထမ်းပိုးအောင်မြင်အောင် ဆောင်ရွက် နိုင်ပါစေလို မေတ္တာအာသီသ ပြုအပ်ပါသတည်း။

ဥုးဩဒါတသိရီဘိဝံသ
ဇေယ္ယမေဒနီအတုလဂုဏ်ရည်ကျော်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။

ဘုရားဟောညွှန်ပြ သမဂ်ီဒလေးပါးအရ ဆောင်ရွက်တော်မူနေသောဆရာတော်ကြီး....

၁။ ဆရာတော်ကြီးဟု ရေးသား ခေါ်ဆိုလိုက်တာနှင့်အဆုံးမှာ တိပိဋကဓရဆရာတော်ကြီး(အတိုချုပ်)။ (အရှည်အားဖြင့်) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသဟု နားလည်သိမြင်သွားမည်ဟု ယူဆသည်။ ဆရာတော်ကြီးသည် ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးမှ ဆုံးဖြတ်ခဲ့သော ပညာရေးမူ(၄)ချက်အရ ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးမန္တလေး၊ ရန်ကုန်တို့၌ တစ်ခုစီ တည်ထောင်ရန် ရည်မှန်းချက် အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အလို့ငှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ စည်းဝေးညီညာဆုံးဖြတ်ချက်အရ တာဝန်ပေးသည်ကို ဝမ်းမြောက် ဝမ်းသာ စေတနာအပြည့်အဝဖြင့် လက်ခံတော်မူခဲ့သည့်အတိုင်း တက္ကသိုလ်ကြီးများ မန္တလေးမြို့ ရန်ကုန်မြို့တို့၌ ငှားငှားစွင့်စွင့် ပေါ်ထွက်လာနေသည်မှာ အဓိကကျကျဖော်ဆောင်ရလျှင် ဆရာတော်ကြီး၏ ထက်သန်လှစွာသော ဉာဏသမ္ပယုတ်ကုသိုလ်စေတနာနှင့် အညီဆောင်ရွက်ခြင်းဖြစ်သည်။ စေတနာနှင့်ပြည့်စုံ၍ စေတနာသမဂ်ီနှင့် ပြည့်စုံသော ဆရာတော်ကြီးဟု ရေးသားထုတ်ပြန်လိုက်ရပေသည်။

၂။ တစ်ဆက်တည်းမှာပင် ဆရာတော်ကြီးဆောင်ရွက်နိုင်ခြင်းမှာလည်း အခြေခံအုတ်မြစ်ကတော့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ချုပ်ကြီးပင် ဖြစ်ပါသည်။ မန္တလေး-ရန်ကုန် တက္ကသိုလ်ကြီး(၂)ခုကို ဖော်ပြပါအတိုင်းဆရာတော်ကြီးဦးဆောင်သောဆရာဝန်ကြီးဦးသာလှ



ဘုရားဟောတ္တုနိပ္ပါ သမဂ္ဂီလေးပါးအရှေ့ ဆောင်ရွက်တော်မူနေသော ဆရာတော်ကြီး

ဘဒ္ဒန္တကောသလ္လ

ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ. ဆောင်ရွက်သော ဆောက်လုပ်ရေး အဖွဲ့က ဆောက်လုပ် ပြီးစီး သောအခါ နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ချုပ်ကြီးအား လွှဲပြောင်း ပေးရပါသည်။ သို့ဖြစ်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ချုပ်သည် ထိန်းသိမ်းစောင့်ရှောက်မှု၊ စီမံကွပ်ကဲမှု၊ တက္ကသိုလ်၌ ဆရာများခန့်ထားမှု၊ ကျမ်းဂန်များ ပြဋ္ဌာန်းမှု စသည်ကို ဦးဆောင်မှု အုပ်ချုပ်မှု တာဝန်တို့ကိုယူ၍ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ချုပ်ကြီး တည် ရှိနေသမျှ ကာလ ပတ်လုံး တက္ကသိုလ်ကြီး သည်လည်း အသက်ဝင်လှုပ်ရှားနေပြီး ကမ္ဘာပေါ်ရှိ ပါဠိ ဘာသာ ပါဝင်ပြဋ္ဌာန်းသော တက္ကသိုလ်ကြီး များနှင့်လည်း အပြန်အလှန် ဆက်သွယ်မှုလမ်း ကြောင်း ပွင့်နေမြဲသာ ဖြစ်ပါသည်။

၃။ ဆရာတော်ကြီး၏ မနောကံ့စေတနာ၊ ဝစီကံစေတနာ၊ ကာယကံစေတနာ များသည် ဆောင်ရွက် အောင်မြင်ပြီး သည်နှင့် တစ်ပြိုင်နက် ကမ္မသမ်ဂီအဖြစ်သို့ ရောက်သွားပါသည်။ ဆရာတော်ကြီးသည် စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ် အသက်ရှင်နေ သမျှ ကာလပတ်လုံး ချမ်းသာ စီးပွားများသည် ဆရာတော် ကြီး နောက်သို့ အရိပ်သဖွယ် အစဉ် လိုက်နေပြီး တမလွန် နောင်ဘဝအထိ ချမ်းသာသုခသုံးပါး (လူနတ်နိဗ္ဗာန်) ရရှိခံစားရမည် ဖြစ်ပါသည်။ ထို့ကြောင့် "မနသာစေ ပသန္နေန ဘာသတိုဝါ ကရောတိဝါ တထာဂတော နံ သုခမန္ဒေတိ၊ ဆာယာဝ အနုပါယိနီ" ဟူ၍ဗုဒ္ဓမြတ်စွာကမိန့်ကြားဆုံးဖြတ် ဆုံးမတော်မူခဲ့သည်။

၄။ အထက်ဖော်ပြသည့်အတိုင်း ကမ္မသမ်ဂီ ကုသိုလ်ကံ(၃)ပါးနှင့် ပြည့်စုံနေသော ဆရာ တော်ကြီးမှာ သွားရာ၊ လာရာ၊ နေထိုင်ရာ၊ ကျိန်းစက်ရာ၊ နိုးကြားရာ အချိန်ရှိသမျှ၌ သူ၏ ပြောခဲ့, ဆိုခဲ့, လုပ်ဆောင်ခဲ့သော ကုသိုလ်ကံ များသည် အရိပ်သဖွယ် လိုက်နေ၍ အချိန်ပြည့် ရှေ့ရှု ထင်ထင်ရှားရှား ထင်မြင် ပေါ်ပေါက် ထင်ရှားနေပြီဖြစ်၍ ဥပဋ္ဌာနသမ်ဂီ ဖြစ်ပါတော့ သည်။ သူပြုခဲ့သော ကံအားလုံးသည် သူ့ သဏ္ဌာန်၌ အမြဲပေါ်လွင် ထင်ရှားနေသည်ဟု ဆိုပါသည်။ အကုသိုလ်စိတ်များ ငြိခွင့်မရဘဲ ကုသိုလ်စိတ်များသာ အမြဲဆုံနေ၍ အာသေဝန ပစ္စည်း အခြားမရှိပေါ်လာ၍ အနန္တရပစ္စည်း

သမနန္တပစ္စည်းများလည်း ကပ်နေသည် ဖြစ်ပါသည်။ တမလွန် အတွက် အကျိုး ပေးမည့် ကြီးမားသောအကြောင်းရင်း ဥပနိဿယပစ္စည်းလည်း ကပ်နေမည်! ဖြစ်ပါသည်။

သို့ဖြစ်၍ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။သမနန္တရ ပစ္စယေန ပစ္စယော။ ဥပနိဿယ ပစ္စယေန ပစ္စယော ဟု ပဋ္ဌာန်းဒေသနာတော်က ဆိုးဖြတ် သတ်မှတ် ပေးလျက်ရှိပါသည်။


သို့ဖြစ်ပါ၍ ဆရာတော်ကြီး၏ လှုပ်ရှား သွားလာ နေထိုင်သော အချိန်များနှင့်သာမက ကျိန်းစက်တော် မူနေသော အချိန်များ၌ပင် ကြုံစည်တွေးတောခဲ့သော ဟောခဲ့ ပြောခဲ့သော ဆောင်ရွက်ခဲ့သော အားလုံးသော ကုသိုလ်ကံ စေတနာများတို့သည် အရိပ်သဲ့ဖယ် လိုက်ပါ ပေါ်ထင်နေကြသည်ဖြစ်၍ ပစ္စက္ခအတ္တဘောဌ် ဘေးရန်ကင်းကွာ ကောင်းမြတ်ခဲသော မဂ်သာ ကျက်သရေ ကောင်းကျိုးများကိုသာ တွေ့ကြုံ ရရှိ ခံစုံးနေရသည်မှာ လွန်ကဲစွာ သိမြင်နိုင် ပါသည်။

၅။ ဤပစ္စက္ခကောင်းကျိုးမဂ်လာကိုတွေ့ကြုံ ခံစားနေရသည်မှာ ဝိပါကသမဂ်ီဟု ဆိုရမည် သာ ဖြစ်ပါသည်။

တမလွန် ဘဝဌ်လည်း ဆရာတော်ကြီး၏ အာသာဆန္ဒနှင့်အညီ ဓမ္မဓရရှုရပုတ္တ အဖြစ်ဖြင့် နတ်ပြဟ္မာအပေါင်းတို့အား တရားဓမ္မဟောပြ နေမည်သာ ဖြစ်ပါသည်။

နောက်ဆုံးဌ်မူ ဗောဓိဉာဏသာ ပမ္ဖယော ဟောတု ဟူသော ဆုတောင်းတိုင်း မလွဲမသွေ ဗောဓိဉာဏ်ကို ရရှိမျက်မှောက်ပြုမည်သာဖြစ်၍ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်းတို့၏ မရှိရာ ချုပ်ရာ ငြိမ်းရာ အသခ်္ခတဓာတ် သန္တိသုခ ပရမတ္ထချမ်းသာကို မုချမသွေ ရရှိခံစားရမည်။ ဆရာတော်ကြီးဟု သမဂ်ီတရား(၄)ပါး အနက် နောက်ဆုံး ဝိပါက သမဂ်ီအကျိုးပေးမှု ပြည့်စုံ မည့် ဆရာတော်ကြီး ဖြစ်ပါကြောင်းဟု ရဲဝန့် ယုံကြည်စွာ ရေးသား ဆုံးဖြတ် လိုက်ရ ပေသတည်း။

ဘဒ္ဒန္တကောသလ္လ
အဂ္ဂမဟာပဏ္ဍိတ
ဥက္ကဋ္ဌ ဆရာတော်၊
ရန်ကုန်တိုင်း သံဃမဟာနာယကအဖွဲ့။



ကြည်သိန်း

ဓမ္မဒိန်းတော

သက်စေ့နှက် သုံးချက်ညီ
ပိုဒ်စုံစကြာ မင်္ဂလာရတု

သူရဇော်

(ဦးစိန်လှိုင်-မဟာဝိဇ္ဇာ)ရေးသားပူဇော်သည်

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သက်တော် (၇၈) နှစ်ပြည့်၍ (၇၉) နှစ်သို့ အရောက် မွေးနေ့ပူဇော်ပွဲနှင့် တိပိဋက=နိကာယဥပဒ္ဒဝကအဖွဲ့၏ တတိယသုံးနှစ်ခရီး စာဆောင်ကြီးတွင် ပါဝင်ရေးသား၍ လည်းကောဖိုး၊ ဓာတ်ပုံ ပန်းချီစသည်တို့ဖြင့် လည်းကောင်း၊ မင်းကွန်း တိပိဋကဓရ ဆရာဒတော်ကြီး၏ ကြေးသားရုပ်တုတော်နှစ်ဆူ ပင့်ဆောင်ရာတွင် ဓမ္မဂီဘီဂါထာ မျှားဖြင့် ကျူးရင့် ရွတ်ဖတ် ပူဇော်ခြင်းဖြင့် လည်းကောင်း၊ ပါဝင်ပူဇော်ကြသည့် အနုပညာရှင် အဝပါင်းအား ဂုဏ်ပြုပွဲ အခမ်း အနားကို ဖွဲ့ဆိုသည့် သတ်စေ့နှက်သုံးချက်ညီ ပိုဒ်စုံစကြာ မင်္ဂလာရတု။

ဝေဆာတိုးအောင်သံ။ ။သောသောညံမျှ၊ လျှံကာဘဝဂ်၊ တိုင်အောင်တက်ခဲ့၊ ထက်အောက်ညာကျေ၊ သိမ်သိမ်မွေလျက်၊ ရေမြေတောတောင်၊ ပျံနှံ့အောင်လျှင်၊ ဆောင်ကာသတင်း၊ ပြည်ကိုခွင်း၏၊ သနင်းမြတ်စွာ၊ စောဗုဒ္ဓ၏၊ သာသနာတော်၊ နှစ်ထောင်ကျော်၍၊ စွန်းသော်ငါးရာ၊ သုံးသုံးဖြာသား၊ ကောဇာမည်နှစ်၊ သက္ကရာဇ်မူ၊ တစ်ထောင်သုံးရာ၊ ငါးဆယ်သာ၍၊ စွန်းကာတစ်ခု၊ ဆောင်းနှင်းပြုရာ၊ ရတုမာသ၊တန်ဆောင်လ၏၊ ဆန်းစတစ်ဆယ်၊ နှစ်နောက်ဆုယ်တည့်၊ နေ့ဝယ်ကြွက်မင်း၊ ပြည့်စုံခြင်းဖြင့်၊ နေခင်းထိုင်သာ၊ မင်္ဂလာဝယ်၊ သာသနာပွဲ၊ ခြိမ့်ခြိမ့်သဲမို့၊ အားခဲကာပင်၊ ခရီးနှင်ခဲ့၊ ယာဉ်ရထားမှာ၊ တူလိုက်ပါ၍၊ စာပေ

၂၂၇ ❁ မင်းကွန်း တိ=နိ သာသနာပြုအဖွဲ့

ဂီတ၊ ပန်းချီသ,လျက်၊ အလှခေတ်ပုံ၊ ပညာစုံတို့၊ မကြုံမတော်ဧ်း၊ ဆုံကာပေါင်း၍၊ ကောင်းနိမိတ်တိုး၊ ကောင်းဟိတ်မျိုးနှင့်၊ ကောင်းကျိုးဝေဖြာ၊ သာသနာသည်၊ **တေဇာဖြိုးရောင်လျှံ**ဆင့်မြှုးဝင့်စေပါသော်။ ။

တေဇာဖြိုးရောင်လျှံ။ ။ရွှေရည်စံသို့၊ သဏ္ဌာန်ထုတ်ဖော်၊ ဆရာတော်၏၊ ပုံတော်ကိုယ်စား၊ ထပ်တူပုံဝေးလျက်၊ ကြေးသားရုပ်တု၊ သွန်းကာပြု၍၊ ညွှန်းဆုပူဇော၊ ကျူးရင့်ကာဖြင့်၊ ညီညာဆိုကြ၊ ဇတ်းခမ္မလည်း၊ သန္တာရသာ၊ ပြည့်ဝပါ၏၊ စာပေသမား၊ ကလောင်အားဖြင့်၊ ရေးသားဖွဲ့စီ၊ စာပန်းသီလျက်၊ ပန်းချီလက်ရာ၊ သူ့ပညာလည်း၊ လှပါပေ၏၊ တင့်တယ်ဘိရှင့်။ ထင်သည့်ရုပ်လှာ၊ ခာတ်ပုံမှာလည်း၊ ပညာစွမ်းပြ၊ ရောင်စုံလှ၏။ ဥပဋ္ဌာက၊ နိကာယ၏၊ တတိယဖြစ်၊ မှတ်တမ်းလှစ်သည့်၊ သုံးနှစ်ခရီး၊ စာစောင်ကြီးတွင်၊ သီးသီးပါဝင်၊ ပညာရှင်တို့၊ သူလျှင်တော်သား၊ ငါတကားဟု၊ ထောင်လှားဟန်သွင်၊ မာန်မဝင်ဘဲ၊ ငါလျှင်သူလို၊ သူငါလိုဟု၊ နှစ်လိုဖွယ်ကြောင်း၊ စုံကာပေါင်း၍၊ ကောင်းနိမိတ်တိုး၊ ကောင်းဟိတ်မျိုးနှင့်၊ ကောင်းကျိုးဝေဖြာ၊ သာသနာသည်၊ ကြည်ဩ မိုးခေါင်စံမြင့်၊ ထူးတင့်ဝေဆာသော်။ ။

ကြည်ဩမိုးခေါင်စံ။ ။မှေးပျံ့မှန်သား၊ နာမံအမည်၊ ဘွဲ့ဂုဏ်ရည်နှင့်၊ ကျော်ညီပေစွ၊ ပိဋကကို၊ ဓရဆောင်ယူ၊ သုံးပုံဟူရှင့်။ ထိုမူတစ်ဝ၊ ပဏ္ဍိတနှင့်၊ အဂ္ဂမဟာ၊ ထပ်ပေါင်းကာလျှင်၊ မဟာရဋ္ဌ၊ ဘိဓဇနှင့်၊ နောက်မှာဂုံရု၊ သညာပြု၍၊ ဇမ္မူထိပ်စွန်း၊ ဉာဏ်ရောင်ထွန်းသည့်၊ မင်းကွန်းအကျော်၊ မြတ်ဘုန်းမော်၏၊ သက်တော်ခွန်ရှစ်၊ ပြည့်ပြီးဖြစ်၍၊ နှစ်ပေါင်းခွန်ကိုး၊ ကမွည်းထိုးသည့်၊ ရိုကျိုးကြည်မေ့၊ ဤမေးနေ့ဝယ်၊ ချမ်းမြေ့ကြည်သာ၊ ထေရ်မဟာသည်၊ ပညာရှင်ဟု၊ လူတစ်စုကို၊ ထူးပြုဟောကြား၊ အကျိုးများ၍၊ တိုးပွားစေရာ၊ ခဲ့စိတ်ဖြာလျက်၊ စာပေကဗျာ၊ ပျို့လင်္ကာနှင့်၊ တစ်ဖြာဂီတ၊ လမ်းညွှန်ပြကာ၊ ဆုံးမသွန်သင်၊ နှားပန်ဆင်၍၊ သံစဉ်ငြိမ့်ညောင်း၊ လူအပေါင်းလျှင်၊ ကောင်းနိမိတ်ဘိုး၊ ကောင်းဟိတ်မျိုးနှင့်၊ ကောင်းကျိုးဝေဖြာ၊ သာဃနာသည်၊ ဝေဆာတိုးအောင်သံဆင့်၊ ကျူးရင့်ရွှေစာသော်။ ။

(ငါးလုံးချီ၊ ကိုယ်တွင်း ၄၅ ပဒသီ၊ အာသာဝတီဝတ်ဆံ ၁၁-လုံးချ)

သူရဇော် အမှည့်ခံ ဦးစိန်လှိုင် (မဟာဝိဇ္ဇာ)
ရေးသား ဖွဲ့ဆို ပူဇော်သည်။

မင်းကွန်းမိုးမိတ်ကုန်းဂေြ





ပညာကြွယ်ရေး-နည်းလမ်းလေး

* ပြဋ္ဌာန်းချက်စုံ၊ စွမ်းအားထုံ၊ အကုန်ကြိုးစားရ။
* အကြားမရှိ၊ စွမ်းအားပြည့်ရန်၊ စိတ်အားသန်၊ မှန်မှန် ကြိုးစားရ။
* ကာလရှည်ကြာ၊ ကြိုးစားကာ၊ လွန်စွာ ဇွဲရှိရ။
* အလုပ်လေးစား၊ ရိုသေငြား၊ စွမ်းအား လွန်တက်ကြွ။
* နည်းလမ်းလေးသွယ်၊ ပညာကြွယ်၊ ခံ့ထည် စွမ်းပြည့်ဝ။

ဗုဒ္ဓ ဟူသော ဘွဲ့တံဆိပ် အောင်လက်မှတ်ကို ရရှိနိုင်ရန် အတွက် ဗုဒ္ဓအလောင်း သူတော် ကောင်းသည် နည်းလမ်းလေးသွယ်ကို အတိအကျအပြည့်အဝ အသုံးပြုခဲ့ရသည်။ နည်းလမ်းလေးသွယ်ဖြင့် တရားအားလုံး သိမြင်နိုင်လောက်အောင် ပညာကြွယ်ခဲ့သည်။ နည်းလမ်း လေးသွယ်ကြောင့် ပညာကြွယ်ကာ အံ့ဖွယ် (၈)ဖြာ သာသနာကို တည်ထောင် ဖော်ထုတ်ဘဝတ် မှုနိုင်ခဲ့သည်။ သတ္တဝါများအတွက် တိုက္ကရ် ကြည့်ဝသော လမ်းညွှန်ချက်ကို ပေးဘဝတ် မှုနိုင်ခဲ့သည်။ မဟောင်းနိုင် မကျူးနိုင်သော ကျင့်စဉ်များကို ညွှန်ပြတော် မှုနိုင်ခဲ့သည်။ ပဝိုက်ပါတော် တိုင် အထွတ်အထိပ် ရောက်သောင် ၊ အခြင့်အားဆုံး တက်တော် မှုနိုင်ရှိ လမ်းကို ကျော် အခြင့်မသာဆုံး နည်းပေး လမ်းပြ တော်ရှုခဲ့သည်ကိုစ်လောက လုံး၏ ထော်ကာ်တည်အားကိုးရာဘုရားပ် ဖြစ်တော် မှုခဲ့သည်။

ထို့အတူ မင်းကွန်း တိပိဋကဓရ (အဂ္ဂါ-ဘိဓဇ) ဆရာတော်ဘုရားကြီးသည်လည်း နည်းလမ်း လေးသွယ်ဖြင့်ပင် ပိဋကသုံးပုံကို တစ်ဖက်ကမ်းခတ် ပေါက်ရောက်တော်မူခဲ့သည်။ လက်ဖျောက်ရိုက်တီး အံ့ဩီးရလောက်အောင် ကမ္ဘာ့အလယ်တွင် ပညာကြွယ်ခဲ့သည်။ နည်းလမ်းလေး သွယ် ကြောင့် ပညာကြွယ်ကာ မြန်မာ့ကျက်သရေ ကမ္ဘာ့ကျက်သရေ သာသနာ့ကျက်သရေကို ခံ့ညားထည်ဝါစွာ ဆောင်တော်မူနိုင်ခဲ့သည်။ တစ်နိုင်ငံလုံး တစ်သာသနာလုံး၏ ထောက်တည်အားကိုးရာ ဖြစ်တော်မူခဲ့သည်။ မိမိကိုယ်တော်တိုင် နည်းလမ်းလေးသွယ်ဖြင့် မြင့်မားတက်ကြွသော တိပိဋကမရပန်းတိုင်သို့ တက်တော်မူနိုင်၍ မိမိကဲ့သို့ ပညာကြွယ်သော တိပိဋကဓရပုဂ္ဂိုလ်ထူးမျှား အဆက်မပြတ် ပေါ်ထွက်နိုင်အောင် နည်းပေး လမ်းပြတော်မူခဲ့သည်။ အားပေးခြီးမြှောက်တော်မူခဲ့သည်။

မှန်လှပေသည်။ မိမိတို့သည်ပင် လျှင် ဆရာတော် ဘုရားကြီး ကြောင့် တိပိဋကဓရလမ်းကြောင်းပေါ်သို့ ရောက်လာခဲ့ရပေသည်။ အကယ်၍ ဆရာတော်ဘုရားကြီးသာ ရှေးဦးစွာ တိပိဋကဓရဖြစ်အောင် ကြိုးစားတော် မမူခဲ့ပါလျှင် မိမိတို့အနေဖြင့် တိပိဋကဓရ ဖြစ်ရေးအတွက် လုံးဝ စိတ်ကူးဖြစ်ကြမည် မဟုတ်ပါဇခြေ။ ဆရာတော်ဘုရားကြီးသာ တိပိဋကဓရလမ်းကို မထွင်ခဲ့ပါလျှင် မြန်မာနိုင်ငံ၌ တိပိဋကဓရ အရှင်မြတ်များ ပေါ်ထွန်းလာနိုင်ဖွယ် မရှိပါခြေ။ နည်းလမ်းလေးသွယ်ကြောင့် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ပညာကြွယ်ခဲ့ပြီတကား....။ မင်းကွန်းဆရာတော် ဘုရားကြီးကြောင့် ပညာကြွယ်သော တိပိဋကဓရ အရှင်မြတ်များ ပေါ်ထွက်ပြီး ပေါ်ထွက်ဆဲ ပေါ်ထွက်လတ္တံ့ဖြစ်၍ ကမ္ဘာ့ကျက်သရေ သာသနာ့ကျက်သရေ မြန်မာ့ကျက်သရေ ခံ့ညားထည်ဝါခဲ့လေပြီတကား....။ နည်းလမ်း (၄)သွယ် ဟူသည်–

(၁) ဆိုင်ရာပြဋ္ဌာန်းချက်အားလုံး ကုန်ဆုံးအောင် ကြိုးစားအားထုတ်ရခြင်း။

(၂) ရွေ့ပညာနှင့် နောက်ပညာ ဆက်စပ်မိအောင် ရွေ့ပညာက နောက်ပညာအား ကျေးဇူးပြုနိုင် လောက်အောင် အဆက်မပြတ် မှန်မှန် ကြိုးစားအားထုတ်ရခြင်း။

(၃) ကန့်သတ်ထားသော အချိန် မပြည့်သမျှ နောက်မဆုတ်ဘဲ ကာလရှည်ကြာစွာ ဇွဲရှိရှိစုံစုံမြဲမြဲ ကြိုးစား အားထုတ်ရခြင်း။

(၄) မိမိ၏လုပ်ငန်းကို စိတ်ပါလက်ပါ ရိုးရိုးသေသေ လေး လေးစား စား တက်တက်ကြွကြွ ကြိုးစား အားထုတ်ရခြင်း (အရေအတွက် ပြည့် ရုံ၊ အချိန်စေ့ရုံမျှ လုပ်ခြင်းမဟုတ်ဘဲ တကယ်စိတ်ပါဝင်စားရခြင်း) အားဖြင့် (၄)ပါး တို့တည်း။ ဗုဒ္ဓဖြစ်အောင် ဤနည်းလမ်း (၄) သွယ် အတိုင်း ကြိုးစားခဲ့ရသကဲ့သို့ တိပိဋကဓရဖြစ်ခြင်းအောင်လည်း ဤနည်းလမ်းကိုပင် အသုံးပြု၍ ကြိုးစားရပေမည်။

ပညာစုံမှ နည်းလေးခု

* မိတ်ကောင်းကိုရှာ၊ တရားနာ၊ ကောင်းစွာ စိတ်ကိုထား။
* အသိအကျင့်၊ ဘက်စုံမြင့်၊ ဆင့်ဆင့် ပညာပွား။
* နည်းလမ်း ၄-သွယ်၊ ပညာကြွယ်၊ ခံ့ထည် လူ့စွမ်းအား။

နည်းလမ်းလေးသွယ် ပညာကြွယ် နောက် တစ်နည်းမှာ–

(၁) တော်လည်း တော်, ကောင်းလည်း ကောင်းသော ပညာရှိ မိတ်ဆွေကောင်းများကို ရှာဖွေဆည်းကပ် ပေါင်းသင်းရခြင်း။

(၂) ထိုပညာရှိ သူတော်ကောင်း များ၏ လမ်းညွှန်ဟောကြား မြတ်တရားကို ရိုသေလေးစားစွာ နာယူ မှတ်သားရခြင်း။

(၃) စိတ်ကို တရား လမ်းကြောင်းပေါ် တင်၍ နှလုံးသွင်းမှန်ကန်ရခြင်း။

(၄) အသိတရားကို အာ ကျင့် တ ရား နှင့် ပေါင်းစပ်၍ လက်တွေ့ လုပ်ငန်းခွင် ဝင်ရခြင်း အားဖြင့် (၄) ပါးတို့တည်း။

ပညာကြွယ်ရန် နည်းလေးကန်

* ယုံကြည်နာကြား၊ မမေ့ငြား၊
စဉ်းစား ဝေဖန်ပါ။

* အသိတရား၊ ပညာများ၊
တိုးပွား ပေါ်ထွက်လာ။

* နည်းလမ်းလေးသွယ်၊ ပညာကြွယ်၊
ခံ့ထည် တိုးပွားလာ။

ပညာကြွယ်ရန် နည်း (၄) တန် နောက် တစ်မျိုးကား—

(၁) လမ်းမှန်အတိုင်း တကယ်ကြိုးစားမှု ကြောင့် ထူးချွန်ခဲ့ကြသော ရှေးရှေးပညာရှိ တို့၏ လုပ်ငန်းစဉ်နှင့် စွမ်းရည်ကိုလည်းကောင်း၊ မိမိတကယ်ကြိုးစားလျှင် ကြိုးစားနိုင်သလောက် ရောက်ရှိလာမည့် ရလဒ် စွမ်း ရည် ကို လည်း ကောင်း တကယ်လေးလေးနက်နက် ယုံကြည် ရခြင်း။

(၂) ပညာရှိ သူတော်ကောင်းတို့၏ လမ်း ညွှန် ဟော ကြား မြတ်တရားကို ရိုသေ လေးစားစွာ နာယူ မှတ်သားပါခြင်း။

(၃) သင်ယူနာကြားထားသမျှ အသိပညာ များကို မမေ့မပျောက်ရအောင် ထိန်းသိမ်း ထားနိုင်ရခြင်း။

(၄) မမေ့ မပျောက်အောင် ဆောင်ယူ ထိန်းသိမ်းထားသည့် အသိပညာများကို တိုးပွား မြင့်မားလာအောင် ကြံစည်စဉ်းစား ဝေဖန်ရ ခြင်း၊ စဉ်းစား၍ နားမလည်လျှင် ပညာရှိထံ မေးမြန်းရခြင်း၊ ဤ (၄) ပါးတို့ဘည်း။

ပညာတိုးစေ နည်းလေးထွေ

* တရားကိုနာ၊ ဆွေးနွေးကာ၊
ကောင်းစွာ ကျင့်သုံးမူ။

* ရှေနောက်ဆက်စပ်၊ သတိကပ်၊
ရှုမှတ် ပွားများသူ။

* ဆင်းရဲဒုက္ခ၊ အနုတ်ပြု၊
မုချ ချမ်းသာဟူ။

* နည်းလမ်းလေးသွယ်၊ ပမာကြွယ်၊
ခံ့ထည် စွမ်းတဲ့လူ။

စာတွေ့ပညာမှ လက်တွေ့ပညာသို့ အဆင့် ဆင့် တိုးရေးအတွက် နည်းလမ်း (၄)ခုကား-

(၁) ပညာရှိများ၏ လမ်း ညွှန် ချက် ကို ရိုသေသေးစားစွာ နာကြား လေ့လာရခြင်း။

(၂) အချင်းချင်း ဆွေးနွေး မေးမြန်း ခြင်း။

(၃) စာတွေ့အသိပညာကို လက်တွေ့ကျကျ နှလုံးသွင်းဆင်ခြင် သုံးသပ်ရခြင်း။

(၄) နှလုံးသွင်းဆင်ခြင်ရုံမျှသာမက ရှေ နောက်ဆက်စပ်မိအောင် တကယ်ပွားများ အား ထုတ်ရခြင်းအားဖြင့် (၄)ပါး ပေတည်း။

ပညာကြီးရာ နည်းလေးဖြာ

* ဟောပြပေးကာ၊ကောင်းတာသင်ပြား၊ တရားပူဇော်၊ သန့်ရှင်းသော်၊ ကြီးသော် မြတ်ပညာ။
* နည်းလမ်းလေးသွယ်၊ ပညာကြွယ်၊ ခုံထည် စွမ်းပြည့်လာ။

ပညာကြီးရန် နည်းမှန်လေးစုမြတ်ကောင်းမှုကား-

(၁) မိမိ တတ်သိ နားလည်ထားသော တရားစာပေ အသိပညာများကို နာမည်ကျော်ကြားမှု လာဘ်ပေါများမှုကို လုံဝမမျော်လင့်ဘဲ မေတ္တာစေတနာ အပြည့်အဝထား၍ ဟောပြော ပြဆ သင်ကြားပေးခြင်း။

(၂) လက်မှုအတတ် စသော အပြစ်မရှိသော အတတ်ပညာများကို မေတ္တာစေတနာ ကောင်းစွာထား၍ သင်ပြပေးခြင်း။

(၃) တရားကို ပူဇော် သော အား ဖြင့် ဓမ္မကထိကကို ချီးမြှောက် ပူဇော်ကာ တရား ဟောစေခြင်း၊ စာချဘုန်းကြီးကို ချီးမြှောက် ပူဇော်ကာ စာချစေခြင်း၊ ပညာထူးချွန်သူကို ချီးမြှောက်ပူဇော်ခြင်း။

(၄) ကိုယ်တွင်းကိုယ်ပ သန့်ရှင်း စင်ကြယ် အောင် သုတ်သင်ရှင်းလင်း၍ နေထိုင်တတ်ခြင်း အား ဖြင့် (၄)ပါးတို့ပေကည်း။

လောကဌ် ပညာကြွယ်သူ အားလုံးတို့သည် ဆိုအပ်ခဲ့ပြီးသော နည်းလမ်း (၄)သွယ်တို့ဖြင့် ကြိုးစားကာ ထည်ဝါခုံညား မြင့်မားခဲ့ကြလေသည်။

ပညာဂုဏ်ရည် အာဇာနည်

* အဆင်းလည်း လှ၊ ဗလလည်း သန်၊ လျင်မြန် ဖြတ်လတ်၊ လိမ္မာတတ်၊ လုံးရပ်ကိုယ်ထည် ပြည့်စုံသည်။
* မင်းအသုံးချ၊ မြင်းခကောင်းလှ၊ တက်ကြွ အာဇာနည်။
* ကိုယ်ကျင့်သီလ၊ လုံလ အားသန်၊ ဉာဏ်လျင်မြန်၊ သုံးရန်ရရှိ လိမ္မာသည်။
* သတ္တလောက၊ အားကိုးရ၊ ထူးလှ အာဇာနည်။

မင်းအသုံးချခံရသည့် မြင်းအာဇာနည်တွင်-

(၁) အဆင်းလှခြင်း၊

(၂) ခွန်အားသန်မာပြည့်ဝခြင်း၊

(၃) လျင်မြန်ဖြတ်လတ်၍လိမ္မာခြင်း၊

(၄) လုံးရပ်ကိုယ်ထည် ကောင်းမွန် ပြည့်စုံခြင်းဟူသော အာဇာနည်ဂုဏ်ရည် (၄) မျိုး ရှိရသကဲ့သို့ လောက ရဟန်းရှင် လူ အများတို့၏ အားကိုးခံရ အသုံးချခံရမည့် ရဟန်းရှင်လူ အာဇာနည်တွင်လည်း-

(၁) ကိုယ်ကျင့်သီလ ဟူသော အလှဂုဏ်ရည်နှင့် ပြည့်စုံရခြင်း၊

(၂) သက်ဆိုင်ရာ လုပ်ငန်း ကို ပြီးစီးထမြောက်အောင် ကြိုးစားအားထုတ် နိုင်သော လုံလ ဝီရိယ ဟူသော ခွန်အားရှိရခြင်း၊

(၃) လျင်မြန် ဖြတ်လတ်သော ဉာဏ် ရှိရခြင်း၊

(၄) တပည့်ပရိသတ်အား ချီးမြှောက်ရန် ပညာအရည်အချင်းနှင့်တကွ လာဘ်လာဘ ပြည့်စုံကာ လိမ္မာရခြင်းဟူသော အာဇာနည်ဂုဏ်ရည် (၄) မျိုး ရှိရပေသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ကိုယ်တော်တိုင် အာဇာနည်ဂုဏ်ရည် (၄) ချက်နှင့်ပြည့်စုံတော်မူ၍ မိမိနည်းတူ အာဇာနည်

ပုဂ္ဂိုလ်ထူးများ အဆက်မပြတ် ပေါ်ထွန်းလာအောင် ဦးဆောင်လမ်းပြ ချီးမြှောက်အားပေးတော်မူတတ်သော တကယ့်အာဇာနည် ပုဂ္ဂိုလ်ထူးအစစ် ဖြစ်တော်မူပေသည်။

နွားချိုအလား ဆွန်သူရှား

* နွားမွေးပမာ၊ မျှားလှစ်ဝှာ၊
  ပညာသင်ကြသည်။
* ထူးခွန်သူကား၊ ဦးချိုလား၊
  ရှားပါးလှချေသည်။
* ပညာရှာတောင်း၊ လူအပေါင်း၊
  အကြောင်းညီခဲသည်။
* ကံဉာဏ်ဆန္ဒ၊ လုံ့လကျွန်းမာ၊
  ဆရာအားပေး၊ ကြောင်းညီရေး၊
  မနှေး လိုအပ်သည်။

ပညာရေး လောကဌ် "စာသင် နွားမွေး၊ စာတတ် နွားဦးချို" ဟူသော ဆိုရိုးစကား တစ်ခုရှိသည်။ နွား တစ် ကောင် ဌ် အမွေး အမြောက်အမြားရှိသော်လည်း ဦးချိုကား ရှားပါးပါး နှစ်ချောင်းမျှသာ ရှိသကဲ့သို့ ထို့အတူ လောကဌ် စာပေပညာ သင်ကြားသူတွေ နွားမွေးမက မျှားပြားလှလော်လည်း တကယ် ထူးခွန်ပြောင်မြောက် တတ်ကျွမ်းပေါက်ရောက်သူကား နွားချိုမက ရှားပါး လှချေသည်။ အဘယ့်ကြောင့်ဆိုသော် အကြောင်း ညီညွတ်ရန် မလွယ်ကူသောကြောင့်ပေတည်း။

(၁) အတိတ်ကုသိုလ်ကံ ကောင်းခြင်း၊
(၂) ဉာဏ် အထိုက်အလျောက်ရှိခြင်း၊
(၃) တတ်မြောက် ထူးခွန်လိုသော ဆန္ဒ ပြင်းထန်စွာရှိရခြင်း၊
(၄) အဆင့်အတန်း အလျောက် ပေါက်ရောက်အောင် ကြိုးစား အားထုတ်နိုင်သော လုံ့လ ဝီရိယရှိရခြင်း၊

(၅) ကျန်းမာရေး ကောင်းမွန် ပြည့်စုံရခြင်း၊
(၆) ထိန်းကျောင်း အုပ်ချုပ်ပေးသော ဆရာသမား ကောင်း၊ လမ်းမှန်ကျအောင် သင်ပြပေးတတ်သော ဆရာသမားကောင်းနှင့် တွေ့ကြုံခွင့်ရခြင်း၊
(၇) ဆုံးမညွှန်ကြား အားပေး စကား အားဖြင့်လည်းကောင်း၊ ပစ္စည်းအားဖြင့်လည်း ကောင်း၊ အားပေး ချီးမြှောက် စောင့်ရှောက် ထောက်ပံ့တတ်သော သဒ္ဓါ မေတ္တာ အားကောင်းသူတို့နှင့် တွေ့ကြုံခွင့်ရခြင်း စသော အကြောင်းကောင်းများ ပြည့်စုံ လုံလောက်အောင် ရရှိမှသာ နွားချိုပမာ ထူးခွန်စွာ ရှားရှား ပါးပါး ပေါ်ထွက်နိုင်ကြပေသည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ဤအကြောင်းများ ညီ၍ ရှားရှားပါးပါး ထူးခြားစွာ အောင်မြင်တော်မူခဲ့ကာ အကြောင်းညီသော သာသနာ့အာဇာနည်များ ဖြစ်ခွင့်ရနိုင်စေရန် နိကာယ်တကွသိုလ်ဟု ခေါ်ဆိုရလောက်သော တိပိဋက=နိကာယကျောင်းတိုက်ကြီးကို တည်ထောင်ဖွင့်လှစ်တော်မူလျက် ပစ္စယဓမ္မ နှစ်ဌာနတို့ဖြင့် ချီးမြှောက်အားပေးတော်မူခဲ့သည်မှာ စတုတ္ထ (၄)နှစ်ခရီးသို့ပင် အောင်မြင်ချောမောစွာ ရောက်ရှိခဲ့ပါပြီတကား။


နည်းလမ်း (၄) သွယ် စုံမ်းအားခြယ်လျက် ထူးခြား အံ့ဖွယ် ပညာကြွယ်သည့် သာသနာ့အာဇာနည်အရှင်မြတ်များ အဆက်မပြတ် ပေါ်ထွန်းတော် မူနိုင်ကြပါစေ....။

ဝိသုဒ္ဓါရုံ တိပိဋကဓရ
အရှင်သီရိန္ဒာဘိဝံသ (ယော)

မြဝတီပတ်

ပမိုးတာရော်

ဘုရားများစွာတို့သံတင်းသုံးရာဇမြို




မင်းကွန်း၊ မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေ၌ သီတင်းသုံးတော်မူလျက်ရှိသော နိကာယ်ဆောင် သံဃာတော်အရှင်မြတ်များသည် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ဘုန်းကံရိပ်ကို ခိုလှုံကြလျက်....

စာရေးသူတို့သည် မန္တလေးသို့ ရောက်နေကြသည်မှာ တစ်ပတ်ခန့် ရှိပေပြီ။ တစ်နေ့တွင် နံနက်စောစော အိပ်ရာမှထပြီး မင်းကွန်း၊ မိုးမိတ်သို့ ခရီးထွက်ခဲ့ကြပါသည်။ မော်တော်ဆိပ်တွင် လက်ဖက်ရည်သောက်သူက သောက်၊ မုန့်တီ စားသူက စားနှင့် မိမိတို့၏ သမုဒ္ဒရာဝမ်းတစ်ထွာကို ဖြည့်တင်းနေကြပါသည်။ စားသောက် ပြီးသောအခါ စာရေးသူတို့သည် မော်တော်ထဲသို့ သွားရောက် ထိုင်နေလိုက်ကြပါသည်။ မော်တော်လည်း မကြာမီပင် ဆိပ်ကမ်းမှ စတင် ထွက်ခွာပါတော့သည်။

မော်တော်ပေါ်၌ လူပေါင်း (၂၀) ဦးပါလာကြပါသည်။ ဥပုသ်နေ့ဖြစ်ခြင်းကြောင့် မန္တလေးမှ မင်းကွန်း မိုးမိတ်သို့ သွားရောက်၍ ဥပုသ်စောင့်ကြမည့် ပုဂ္ဂိုလ်များလည်း ပါလာကြပါသည်။ မော်တော်ကလေးသည် ရောဝတီမြစ်ရေကို ဆန်တက်နေသဖြင့် (၃) နာရီခန့် ကြာသွားသည်။

မိုးမိတ် ကုန်းမြေသည် မန္တလေးမြို့၏ အနောက်ဖက် ရောဝတီမြစ်ကမ်းနံဘေးတွင် တည်ရှိပါသည်။ ယင်း ကုန်းမြေ၌ တည်ထားကိုးကွယ်လျက်ရှိသော မိုးမိတ်စေတီတော်ကြီး၊ စက်တော်ရာစေတီတော်၊ ရွှေဘုန်းပင့် စေတီတော်များနှင့် ကျောင်းဆောင်များကို ရောတီမြစ်အတွင်းကပင် လှမ်းမျှော်၍ ဖူးမြော်နိုင်တော့မြင်နိုင်ပါသည်။



စာရေးသူတို့ လိုက် ပါ ၍ လာ ခဲ့ ကြ သော မော်တော်ကလေးသည် မိုးမိတ်ဖက် နီးသော ဆိပ်ကမ်းတံတားသို့ ပထမဦးစွာ ဆိုက်ကပ်ပါ တော့သည်။ စာရေးသူတို့ အဖွဲ့သည် ယင်း တံတားဦးပင် ဆင်းကြပြီး မိုးမိတ်ကုန်းမြေသို့ ခြေကျင်လျှောက်ကြပါသည်။ မိနစ် (၄၀)ခန့် လျှောက် မိ ကြ သော အခါ တိပိဋကာ=နိကာယ ကျောင်းတိုက်ကြီးသို့ ရောက်ခဲ့ကြပါသည်။

စာရေးသူတို့သည် ဘိုးတော်ဘုရား (ပဒုံ မင်းတရား)၏ သားတော် မိုးမိတ်မင်းသား တည်ထားကိုးကွယ်ခဲ့သော မိုးမိတ်ဧစတီတော်၊ ၎င်း၏ ကြင်ယာတော် တည် ထား ကိုး ကွယ် ခဲ့သော စက်တော်ရာစေတီတော်၊ ရွှေဘုန်းပင့် စေတီတော်၊ မင်းတေ့ စေတီတော်များ၊ တေဒင်္ဂတွဲတော်ရ ရဟန္တာမင်္ဂလာရုပ်များ၊ ရဟန္တာ ထေရီမများ၊ ဥပါသကာ၊ ဥပါသိကာများ၏ ရုပ်တုပုံတော်များ၊ မုဒြာဘုရား ပုံတော်များ စသည်တို့ကို ဖူးမြော်ခဲ့ကြရပါသည်။

မဟာဗုဒ္ဓဝင် ကျောက်စာတိုက်များ၊ ကျောက်စာတိုင်များ၊ မူခင်ဦးအာရုံခံ တန်ဆောင်းကြီးနှင့် တကွ ဥဒ္ဒိဿရုပ်ပွားတော်များကိုလည်း ကြည်ညိုဖွယ်ရာ ဖူးမြော် နိုင်တော့မြင်နိုင်ပါသည်။ နာရီစင်ကြီး၊ ကျောက်ရေကန်ကြီး၊ မိုးဖွင့်တံတားကြီး စသည်တို့ကိုလည်း တွေ့မြင်နိုင်ပါသည်။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်ဘုရားကြီး (အရှင်ဝိစိတ္တသာရာဘိဝံသ)၏ တိပိဋက = နိကာယ ကျောင်းတိုက်ကြီးသည် စေတီဘုရားများ၊ တန်ဆောင်းပြာသာဒ်များ၊ ကျောင်းကန်များ စသည်တို့ဖြင့် ကြွားကြွားဝင့်ဝင့် ဖြစ်ကာ ရောဝတီမြစ်ပြင်နှင့် အထူးပင် ပန်းတင့်လျက် ရှိနေပါသည်။

မိုးမိတ်ကုန်းမြေရှိ တိပိဋက = နိကာယ ကျောင်းတိုက်ကြီးသည် နိကာယ်ဆောင် သံဃာတော်များ နှစ်စဉ်နှစ်စဉ် (၂၀၀) နီးပါး သီတင်းသုံးတော်မူရာ စံပြ ကျောင်း တိုက်ကြီး လည်း ဖြစ်ပါသည်။

စာရေးသူတို့ ရောက်သွားခဲ့ကုန်တင် ယင်း သံဃာတော်များ ဆွမ်းစားကျောင်းဌာန တစ်ပြိုင်နက်တည်း ဆွမ်းဘုဉ်းပေးနေကြ ပါသည်။ စာရေးသူတို့သည် ယင်း သံဃာတော်များအား တစ်စုတဝေးတည်း ဖူးမြော်ခဲ့ကြရပါသည်။

ထို့ကြောင့် စာရေးသူတို့သည် "ငါသည် ဘုရားများစွာတို့အား ဖူးမြော်ရခြင်းသည် ကံကောင်းလေစွဘိုတကား၊ ငါသည် ကံကောင်းသဖြင့် ဘုရားများစွာတို့အား ဖူးမြော်ရခြင်း ဖြစ်၏" ဟူ၍ စိတ်ထဲစွဘင် အလွန်အလွန် ပီတိတွေ့ ဖြစ်လျက် ကြည်နူးနေမိပါသည်။

ဘုရားကို ပါဠိဘာသာဖြင့် ဗုဒ္ဓဟု ခေါ်ပါသည်။ ယင်း ဗုဒ္ဓသည်လည်း-

(၁) သုတဗုဒ္ဓ - အကြားအမြင် များ၍ ကျမ်းဂန် လိမ္မာသော ရဟန်း။

(၂) စတုသစ္စဗုဒ္ဓ - သစ္စာလေးပါးကို သိပြီး သော ရဟန္တာ ပုဂ္ဂိုလ်။


(၃) ပစ္စေကဗုဒ္ဓ - သူများကိုမသိစေနိုင်၊ မိမိတစ်ယောက်တည်း သာ ဆရာမရှိ၊ သစ္စာလေး ပါး ကို သိစေ တော်မူသော သီးခြား သိ ပုဂ္ဂိုလ် ဘုရား ငယ်။

(၄) သမ္မာသမ္ဗုဒ္ဓ- တရားအလုံးစုံကို သိ တော်မူပြီးသည့် အတူ မရှိသော ဘုရားသခင်မြတ် ဟူ၍ လေးမျိုး လေးဆူ ရှိပါသည်။

(အံဋ္ဌကထာ ၁၉)

ယင်း လေးမျိုး လေးဆူ တို့ တွင် မိုးမိတ် ကုန်းမြေ တိပိဋကဓရ - နိကာယ ကျောင်းတိုက် ဆွမ်းစားကျောင်းဌာ စာရေးသူတို့ ဖူးမြော်ခဲ့ကြရသော ဘုရားများကား အကြားအမြင် များ၍ ကျမ်းဂန်တို့ဌာ လိမ္မာသော ရဟန်း သုတဗုဒ္ဓဘုရားများ ဖြစ်ပါသည်။

ယင်းစကားနှင့် ပတ်သက်၍ မြတ်စွာဘုရား သည် တစ်ခါက အရှင်စုန္ဒ မထေရ်အား ဤသို့ မိန့်ကြားတော်မူခဲ့ဖူးပါသည်။





မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် နိကာယ်ဆောင် စာသင်သံဃာတော်များကို အာမိသအမွေသာမက ဓမ္မအမွေ ပေးသောအနေဖြင့် တိပိဋက-နိကာယ စာချကျောင်းတော်ကြီးတွင် စာပို့ချပေးတော်မူစဉ်...

"ချစ်သား စုန္ဒ၊ ပရိယတ်ဌ် များသော အကြားအမြင်ရှိသော ဤရဟန်းသည် သင်တို့၏ တပည့်မမည်။ ချစ်သား စုန္ဒ၊ ပရိယတ်ဌ် များသော အကြားအမြင်ရှိသော ရဟန်းသည် ဘုရားမည်၏။ ဤသို့ ဘုရား မြတ်စွာ သည် များသော အကြားအမြင်ရှိသော ရဟန်းတို့ကို ကိုယ်တော်၏အရာဌ် ထားတော်မူ၏။"

(ဒီ၊၃၊၁၊၉၆)

မှန်ပါသည်။ "ပရိယတ္တိ တရားတော်သည် ဘုရားကိစ္စကို ပြီးတတ်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဘုရား၏အရာဌ် တည်သော ကြောင့်လည်းကောင်း ပရိယတ်ဌ် များသော ဗဟုသုတရှိသော ထိုရဟန်းကို ဘုရားမည်၏" ဟူ၍လည်း မိန့်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

(ဒီ၊၃၊၁၊၉၁)

ဤသို့ ဘုရားမြတ်စွာ မိန့်ကြားတော်မူခဲ့သော စကားတော်အရ စာရေးသူတို့ မိုးမိတ် ကုန်းမြေ တိပိဋက - နိကာယ ကျောင်းတိုက် ဆွမ်းစားကျောင်းဌ် နိကာယ်ဆောင် ရဟန်းတော်များအား ဖူးမြော်ခဲ့ကြရခြင်းကို ဘုရားများစွာတို့အား ဖူးမြော်ခဲ့ရခြင်း ဖြစ်၏ဟူ၍ လည်းကောင်း၊ ယင်း နိကာယ်ဆောင် ရဟန်းတော်များ သိတင်းသုံးရာမြေကိုလည်း "ဘုရားများစွာတို့ သိတင်းသုံးရာမြေ" ဟူ၍ လည်းကောင်း ဆိုလိုက်ရခြင်းပင် ဖြစ်ပါသတည်း။

မြထိပ်တင် (ပန်းတနော်)



ကျေးဇူးတော်ရင် အာဒိကမ္မိက-တိပိဋကရ
မဟာထေရ်မြတ် ၏
တိပိဋကရ - မဂ္ဂကထာ

ဦးကောဏ္ဍည – တောင်ရင်း ဆရာတော်
ရေးသား ပူဇော်သည်။

ဇိနသာသနံ စိရံ တိဋ္ဌတု

၁။ တိပိဋကရ၊လမ်းမဂ္ဂ၊ထွင်ရမြတ်ဆရာ။
၂။ တောကြီးရွှမ်ရွှမ်၊ အတင်းခုတ်၊
ထွင်လုပ်တော့သည်သာ။
၃။ ပုဒ်ဓနပုဒ်ထား၊ ဝါကျများ၊
ရှင်းထား မြတ်ဆရာ။
၄။ ပိဋကတ်မူ၊ အဆူဆူ၊ မတူကွဲကြပါ။
၅။ စုဏ္ဏိယ ဂါထာ၊ ရောယှက်ထာ၊
ရှင်းကာ မြတ်ဆရာ။

လောကမှာ တောလမ်းခရီးဖြစ်စေ၊ တောင်လမ်းခရီးဖြစ်စေ ပထမဦးစွာ လမ်းထွင်သော ပုဂ္ဂိုလ်သည် အလွန်အလွန်ပင် ပင်ပန်းလှပါ၏။ ခြေလမ်းခရီး ဆိုလျှင်လည်း ခြေဖဝါးချသာ နှင်းသာအောင် တောအရွှမ်ကို ခုတ်ထွင်ရပေ၏။ လှည်းလမ်းခရီးဆိုလျှင်လည်း လှည်းသွား နိုင်အောင် တောမင်တွေ့ ခုတ်ရ ထွင်ရ ကျောက်ခက် ကျောက်တက်တွေ့ ရှင်းရ လင်းရ ပြုလုပ်နိုင်မှသာလျှင် လှည်းလမ်း လူလမ်း သွားနိုင်လာနိုင် ဖြစ်ပေမည်။

ထိုနည်းတူစွာပင် ကျေးဇူးတော်ရင် အာဒိကမ္မိက တိပိဋကရဆရာတော်ဘုရားလည်း ပေမူတော်အဆင့်ဆင့်၊ ကျောက်စာမူ အဆင့်ဆင့်မှ သက်ဆင်းရှင်လာသော စာအုပ် ဘုတ်အုပ် အဖြစ်သို့ တခေတ် ကူးလာသောအခါ ဂါထာနှင့် စုဏ္ဏိယ၊ စုဏ္ဏိယဂါထာ ရောယှက်ကာ ရှိက်ကူးသော ပိဋကစာမူတွေ့ စ-ဝါ-ပန-ပိ-အပိ-ပါလိုက် မပါလိုက် စာမူတွေ့၊ အဒ္ဓသခေါ-နှင့် အထခေါ လွဲမှားသော စာမူတွေ့၊ ဤကဲ့သို့ တောရွှပ် မျက်မည်းကြီးနှင့်တူသော စာမူ တွကို

ရှင်းလင်းခုတ်ထွင် သုတ်သင် ရှင်းလင်းကာ ကျွက်မှတ်ရသော ကျေးငှားတော်ရင် ဆရာတော် ဘုရားကား ဟိုမှ ကြည့်ရှု၊ သည်မှ ကြည့်ရှု၊ အဋ္ဌကထာ ကြည့်ရှု၊ ဋီကာ ကြည့်ရှုနှင့် ပင်ပန်း နွမ်းနယ်တော်မူခဲ့ရ၏။

ကောဇာသင်္ကန်းရုပ် ၁၃၁၁-ခုနှစ်၊ တိပိဋကဓရ စာပြန်ပဲ့တော်ကြီး လက်မှတ် ထိုး ထားပါသော်လည်း အကြောင်း အမျိုးမျိုး ကြောင့် မဝင်ဖြစ်တော့ဘဲ ၁၃၁၂ ခုနှစ်မှပင် ဝင်နိုင်ပါတော့သည်။

ဤစာရေးသူသည် တတိယ သုံး နှစ် ခ ရီး စာစောင်မှာ တိပိဋကဓရ မဂ္ဂကထာ၏ လမ်းစ ဖြစ်သော "တိပိဋကဓရ ကောလာဟလ" ကို တင်ပြခဲ့သည်မှာ ငါး ထပ် ကြီး ဘု ရား လ မ်း အောင်မြေသုခ ကျောင်းမှာပင် ကျေး ဇူး တော်ရင် တိပိဋကဓရဆရာတော်၏ တိပိဋကဓရ စာပြန်ပဲ့ ပဲ့ကြွည့်ပရိသတ်မှ မဟာသောတုဇန အဖြစ်သို့ရောက်အောင် တင်ပြခဲ့ပြီးပေပြီ။ သို့ပင် တင်ပြခဲ့ပြီးငြားသော်လည်း ဘုန်းထူး ကံထူး ဉာဏ်ထူး ပါရမီထူးပါသော ပုဂ္ဂိုလ်တို့သည် သတိကို ရှေးသွားပြုကာ ဆင်ခြင်စဉ်းစား သတိ ထားပုံကို ဗုဒ္ဓဝင် ပ-တွဲ၊ ဒု နှာ ၁၁၀-မှ အလောင်းတော် သုမေဓာ စဉ်းစား ဆင်ခြင် ပုံကို အနည်းငယ် တင်ပြပါရစေ။

မြတ်စွာဘုရား အလောင်းတော် သုမေဓာ ရသေ့မြတ် ဗျာဒိတ်ရတော်မူပြီးစအခါ ရှေးဦး စွာ ဒါနပါရမီကို ဆောက်တည်သည်။ နှစ်ခု မြောက်၌ သီလပါရမီကို ဆောက်တည်သည်။ ဤသို့ အစရှိသည်ဖြင့် ပါရမီတို့ကို (ဖြည့်ကျင့် တော်မူမည်ဟူ၍) ရှေးဦးအစ ဆောက်တည်စဉ် ကာလပင် ဤအစဉ်တိုင်း ဆောက်တည်တော် မူခြင်းကြောင့် ဤအစဉ်အတိုင်း ဟောတော်မူ သည်။

အဘယ့်ကြောင့် ဤအစဉ်အတိုင်း ဆောက် တည်ရသနည်းဟုဆိုလျှင် ပါရမီပဝိစယ=(ပါရ မီတို့ကို ဆင်ခြင်သော) ဉာဏ်ဖြင့် ဆင်ခြင်တော် မူသောအခါ ဤအစဉ်အတိုင်း ဉာဏ်တော်ဝမှာ ထင်လာသောကြောင့် ဤအစဉ်အတိုင်း ဆောက် တည်တော်မူသည်။

ဤ၌ ဆိုလိုရင်းမှာ–

အလောင်းတော် သုမေဓာရှင်ရသေ့ဗျာဒိတ် ရပြီးစ ပါရမီတို့ကို ဆင်ခြင်သောအခါ ဤ အစဉ်အတိုင်း ဉာဏ်တော်ဝ၌ ထင်လာသည်။ ဤ အစဉ်အတိုင်း ထင်လာသောကြောင့် ဤအစဉ် အတိုင်း ဆော က် တည် တော် မူ သည်။ ဤ အစဉ်အတိုင်း ဆောက် တည် တော် မူ သော ကြောင့် ယခု ဘုရားဖြစ်သောအခါလည်း ဤ အစဉ်အတိုင်းပင် ဟောတော်မူသည်။

ဤ၌ "ပါရမီ ပဝိစယ" ဟူသော စကားမှာ အလွန်ပင် သိနိုင်ခဲသော စကားလုံးတစ်ခု ဖြစ် သဖြင့် ကြားညှပ်၍ အမေးအဖြေ တစ်ခုကို ထည့်လိုက်ပါရစေ။ ဆဋ္ဌသင်္ဂါယနာ မတင်မီ ၃-နှစ်ခန့် လောက်က မင်းကွန်းတောင်ရိုး ဆရာတော်ကြီးတစ်ပါးက ယခု ကိပိဋကဓရ ဆရာတော်အား "ငါ့ရှင်– အလောင်းတော် တမိမင်းသားဟာ ဓမ္မဗွားစကပင် စကား မပြော တုံ့ဘော အ,အ, ကြီး လုပ်နေပြီး သုသာန်သို့ ပို့ဆောင်သောအခါ သုနန္ဒာရထား မှူးအား ခင်ပွန်းကြီး ၁၀-ပါးစတဲ့ တရားတွေ ဟောနိုင်တာ ဘယ်သဘောလဲ ငါ့ရှင်" ဟု အမေးတော် ရှိဖူးသည်။ ကျေးဇူးတော်ရင် တိပိဋကဓရ ဆရာတော်လည်း မဆိုင်းမတွပင် "ဆရာတော်ဘုရား၊ အလောင်းတော်မျာ၏ ပါရမီ ပဝိစယ ဆိုတာ အဲဒါမျိုးပေါ့ဘုရား"

ဟု လျှောက်ထားသောအခါ ဆရာတော်ကြီးလည်း ဝမ်းမြောက်ဝမ်းသာနှင့် သာဓုအကြိမ်ကြိမ် ခေါ်တော်မူလေ၏။

ဤသည့် ပုံပန်း ဤနည်းလမ်းနှယ် ကျေးဇူးတော်ရင် အာဒီကမ္မိက တိပိဋကဓရ လောင်းလျာ ဆရာဘော်ဘုရားလည်း တိပိဋကဓရလမ်းစဉ်ကို ဖွဲ့ရှာတော်မူစဉ်မှာလည်း အဓလောင်းတော် သုမေဓာရသွေ့သူမြတ်ကဲ့သို့ တိပိဋကဓရပါရမီ ပဝိစယအနေအားဖြင့် ဆင်ခြင်တော်မူမှိသည်မှာ—

ငါ၏ ကိုယ်ကာယကား သေးငယ်လှဘိ၏၊ ဒီ တိပိဋကဓရလမ်းစဉ်ထွင်ရင်း မတ်တတ် မင်းအသက်အားပြတ်ပြီး သေနိုင်၏၊ လေပြတ်ပြီးလည်း သေနိုင်၏၊ အမောဆို့ပြီးလည်း သေနိုင်၏။ မင်းရဲ့ အသက်ခန္ဓာ (တစ်နည်း) မင်းရဲ့ ရုပ်နာမ်နှစ်ဖြာ သာသနာတော်အား လှူနိုင်ပါရဲ့လား၊ လှူနိုင်ပါတယ်၊ လှူနိုင်ယင် မင်း တိပိဋကဓရ လမ်းစဉ်ထွင်ပေါ့၊ မင်းရဲ့ ခန္ဓာကိုယ် သေးငယ်တယ်ဆိုတာလည်း ကာယဗလပဲ၊ ကာယဗလဆိုတာ ဝန်ထုပ်ဝန်ပိုးထမ်းမှသာလျှင် လိုအပ်ပါတယ်၊ ယခု အလုပ်ကား ကာယဗလမပြတ်ဌာန်း၊ ဉာဏဗလပြဋ္ဌာန်း၏။

ဤပြင် မင်းမှာ "သဒ္ဓါ-ဝီရိယ-သတိ-သမာဓိ-ပညာ ဆိုတဲ့ အားကြီး ၅-ပါး မမွေးနိုင်ဘူးလား၊ မွေးနိုင်ပါဘယ်။ မွေးနိုင်ယင် မင်း ရှေ့တန်းကနေပြီး တိပိဋကဓရ လမ်းစဉ်ထွင်ပေတော့" ဟု အမိန့်မှတ်၍ ဆုံးဖြတ်တော်မူလိုက်၏။

ကျေးဇူးတော်ရင် ဆရာတော်ဘုရားကား ဆုံးဖြတ်ပင် ဆုံး ဖြတ် ငြား ဒေသ်လည်း ထိုစဉ် အခါက နိုင်ငံတော်မှာ ရန်ကုန်အစိုးရ ဖြစ်နေ ချိန်မှာ အောင်မြေသုခဆရာတော်၏ ဉာတိများကလည်း အင်းစိန်ပတ်လည်မှ ပြေးလာကြရသဖြင့် ကျောင်းဝင်းနှင့် အပြည့် ဖြစ်နေ၍ အာဝါသ သပ္ပာယလည်း မဖြစ်နိုင်ပါ၊ ဘောဇန သပ္ပာယကလည်း ရန်ကုန်က ဟင်း တွေ့မှာ များသောအားဖြင့် ချဉ်ရည်ဟင်းက စပြီး ငရုတ်သီး ထည့်၍ ချက်ကြသဖြင့် ငရုတ်သီးကြောက်လှသော ဆရာတော်အဖို့မှာ ဘောဇနသပ္ပာယလည်း မဖြစ်နိုင်ပါ။ ဒါ့ကြောင့် ဆရာတော် အတွက် တာမွေဘက်ထွက်ပြီး ပဲနီလှော်ကလေးများ ဖန်တီးထားရသည်။ တိပိဋကဓရ ဖွင့်ပွဲကြည်ညိုရန် လာခဲ့ကြသော တစ်ဖွဲ့လုံးမှာ ၁၃၁၀-ခု၊ ၁၃၁၁-ခု နှစ်သစ် အကူးမှာ ရန်ကုန်မှာပင် သင်္ကြန်ကျလိုက်ရတော့သည်။

ထိုစဉ်က သင်္ကြန်သံချပ်များမှာ (ပိုက်စုတ်ကြီးနှင့် ပက်တဲ့ရေ၊ တို့တတွေ ရိတာပေါ့၊ ရိတာပေါ့)ဟု ယခုထိပင် ကြားယောင်လျက်ရှိသေးသည်။ မန္တလေးမြို့မှာလည်း ကေ-အင်-ဒီ-အို များကြီးစိုးချိန်ဖြစ်နေ၍ ရထားလမ်း၊ ကားလမ်း၊ လေယာဉ်လမ်းတွေ့ ပိတ်ထားချိန်ဖြစ်၍ ငါးလကျော် ခြောက်လခန့် သောင်တင်နေကြရသည်။ ၎င်း ၅ လ ၆-လ အတွင်း ရန်ကုန် မဟာဗန္ဓုလ သာသနာ့ရိပ်သာ သိမ်တော်ကြီးနှင့် ဝဲပုံကျောင်းတိုက် သိမ်တို့ကို ဆရာတော်ကိုယ်ဘိုင် ပါဇင်၍ သမုတ်တော်မူခဲ့ရသေးသည်။ ကဆုန်လပြည့် ဗုဒ္ဓနေ့သည်ပင် ရွှေတိဂုံကုန်းတော်ပေါ်မှ မဟာဗောဓိပင်မှာ ညောင်ရေတော်သွန်းပဲ့ ဆင်နှဲခဲ့ရသည်။ ကဆုန်လ မကုန်မီမှာ မန္တလေးမြို့ အေးချမ်းသာယာလျက် ရှိသော အခါ ဒုဂိုတာ လေယာဉ်ဖြင့် မေမြို့ အနီး စခန်းလေဆိပ်၊ ၎င်းမှ မန္တလေး၊ မင်းကွန်းသို့ ကျန်းမာရှင်လန်းစွာဖြင့် ပြန်ရောက်ကြပါသည်။

၁၃၁၁-ခုနှစ်၊ မင်းကွန်း ဓမ္မနာဒတိုက်၌ စာသင်သားဦးရေ အပါး ၅၀ လောက် ရှိ၏။ ကိုရင်လေးများ နည်းပါးပြီး ရဟန်းတော်များနှင့် သာမဏေကြီးများသာ ရှိသည်။ စာမေးပွဲ အတန်းမှာလည်း အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ စာချတန်း၊ အတန်းတော့စုံနေသဖြင့် ဆရာတော်ကိုယ်တိုင် တစ်နေ့လျှင် စာဝါ ၃-ဝါ ချနေရသဖြင့် စာချပြီးချိန်မှာ ဝိနည်း ပါဠိတော်များ ကျက်တော်မူခြင်း၊ ဝိနည်း အဋ္ဌကထာနှင့် ဋီကာကြီးများ ကြည့်ရှုလေ့လာ တော်မူခြင်း အလုပ်များဖြင့် အချိန်ကုန်ကာ သီတင်းဝါလ ကျတ်ခဲ့လေပြီ။

ထိုစဉ်က ဆရာတော်ဘုရားသည် နှစ်စဉ်လိုလို ပင် တန်ဆောင်မုန်းလ ဆောင်းဇင်လာလျှင် အဖျားဝင်တတ်သည်။ ယခုနှစ်လည်း အဖျားဝင်လာပြန်ပြီ။ ပရိဝါ ပါဠိတော် ကလည်း ကျက်ဖို့ရန် ၁၅ ရက်စာမျှ ကျန်နေသေးသဖြင့် လက်မှတ်ထိုးထားသော တိပိဋကဓရ စာပြန်ပွဲ လက်မှတ်ကို ပြန်ရုပ်သိမ်းကြောင်း အကြောင်း ကြားလိုက်ရသည်။ မင်းကွန်း ပတ်ဝန်းကျင်မှ ဆရာတော်များအား ဆွမ်းစား၊ ပရိတ်ရွတ်၊ ဒုမင်္ဂလ သုမင်္ဂလ ကိစ္စများ မလိုက်ဘဲနေရန် ခွင့်ပြုကြရန်ကိုလည်း ခွင့်ဆောင်းထားလေသည်။

ဆရာတော်ဘုရားသည် ဝိနည်း ငါး ကျမ်း ပါဠိတော်ကြီးများကို လေ့လာစဉ်ကပင်လျှင် စာအုပ်ကြည့်ပေးဖို့ရန် စာထောက်စာမ ပုဂ္ဂိုလ်များကို (တိပိဋကဓရ စာပြန်ပွဲတော်ကဲ့သို့) အောက်ပါ ပုဂ္ဂိုလ်များကို ခန့်ထောက်မူလိုက်သည်။ ဤ စာရေးသူမှတ်မိသလောက် တင်ပြရလျှင်–

၁။ သီရိဓဇဘုန်းကြီး ဦးဥက္ကံသ၊
၂။ ကျောက်မြောင်းဘုန်းကြီး ဦးဣန္ဒေဝံသ၊
၃။ ဟသ်ာတမြို့ကွင်း ဦးဣန္ဒာစာရ၊
၄။ တောင်ရင်း ရွှေဘုံသာဘုန်းကြီး ဦးကောဏ္ဍည၊
၅။ ဖွားဖွားလေးခေါ် ဒေါ်ဣန္ဒစာဂီ၊
၆။ ဒေါ်ကြီးခေါ် ဒေါ်ဣန္ဒာသီရိတို့ ဖြစ်ကြသည်။

တိုက်အုပ် ဘုန်းကြီး အရှင်ဥက္ကံသာဘိဝံသကား စာချနေသဖြင့် စာကြည့်ခန့်တော်မမူ။ ဤစာရေးသူကား ဆရာတော်နှင့် တစ်ကျောင်းတည်း နေသဖြင့် ညတာဝန်ကို ယူတော်မူရသည်။ လျှပ်စစ်မီး မရှိသေးသောကာလ ဖြစ်သဖြင့် ဖရောင်းတိုင်ထွန်း မှန်အိမ်မီးခွက်ဖြင့် စာကြည့်ဓပနရသည်။ မီးရောင်ကို မျက်ခွက်မစူးရန် ဂျပ်စက္ကူကိုက်ပြီး အကော့လေးပြုလုပ်ကာ ကြေးနန်းကြိုးဖြင့် မှန်အိမ်လည်ပင်းကိုဆွဲပြီး စာကြည့်ရသည်။ အခြားပုဂ္ဂိုလ်များ အလှည့်ဖြင့် ၁-နာရီစီ အချိန်ပိုင်းသော်လည်း ဤ စာရေးသူမှာတော့ အချိန်မပိုင်းပေ။ ဆရာတော်ကလည်း ခန္ဓာမပင်ပန်း မနှမ်းနယ်သမျှ ပြန်ဆိုတော်မူ၏။ တခါတရံ နာရီပြန် ၁-ချက် ၁-နာရီခွဲတိုင်အောင်ပင် ရောက်ရှိ၏။ ဆရာတော် ခန္ဓာတော်ပန်း၍ နှမ်းနယ်လျှင် ၁၀-နာရီ ၁၁-နာရီမျှသာ ပြန်ဆိုတော်မူ၏။

ဆရာတော်ဘုရားသည် ဝိနည်း ငါး ကျမ်း ပါဠိတော်ကြီးများကို လေ့လာစဉ်ကပင်လျှင် စာအုပ်ကြည့်ပေးဖို့ရန် စာထောက်စာမ ပုဂ္ဂိုလ်များကို (တိပိဋကဓရ စာပြန်ပွဲတော်ကဲ့သို့) အောက်ပါ ပုဂ္ဂိုလ်များကို ခန့်ထောက်မူလိုက်သည်။ ဤ စာရေးသူမှတ်မိသလောက် တင်ပြရလျှင်–

၁။ ကျေးဇူးတော်ရင် ဆရာတော် ဘုရားသည် သင်္ဂါယနာတင် မထေရ်များ ချမှတ်တော်မူသည့်နည်း ပါရာဇိကဏ် ပါဠိတော်မူအတိုင်း နောက်နောက် ပါဠိတော် များကိုလည်း ဝိနိတဝတ္ထု

ဂါထာများကို နောက်ကပင်ထားသော်လည်း ရှေးဦးစွာ ကျက်တော်မူသည်။ ပရိဝါ ပါဠိတော်မှ လာသော ဂါထာဆင်္ကာ-သေဒမောစန ဂါထာများကို ဓတ္တဒ သံချောင်း ကြက်ကိုက်သလို ရွှေကိုပင် မရောက်နိုင်ဘူးဟု ညည်းညူတော်မူသည်ကို ကြားရ၏။

၂။ ဝတ္ထုတစ်မျိုးပြောင်းလျှင် "တေန ခေါ ပန သမယေန" ဟု ဝါကျစကားဦး ချီတတ်သည်။

၃။ "တေဒဓဝါစ" နှင့် "ဝေမာဟ" ဟာပုံတို့မှာ နားထောင်သူ သဏ္ဌာန်ကံဝိသေသ ထင်ရှားရာ၌ "တေဒဝေါစ" ဟု ဟောတတ်သည်။ နားထောင်သူ သဏ္ဌာန်ကံဝိသေသ မထင်ရှားရာ၌ကား "ဝေမာဟ" ဟု ဟောတတ်သည်။

၄။ သံကွာပုဒ် ပညတ်ရန် ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားသော နေရာမျိုး၌ကား "ဘဂဝတော ဇေတမတ္ထံ အာရောစေသုံ" ဟု ဟောတတ်သည်။

၅။ စကျက်စကပင် သရုပ်ကို ဟောသော နေရာမျိုး၌ သရုပ်ပုဒ်ပေါင်း မည်မျှ၊ ဝိဓေသနများစွာ လာသော နေရာ၌ ဝိဓေသနပုဒ်ပေါင်း မည်မျှ ပါရှိသည်ကို အလေ့ရ၍ အသားကျအောင် ရေတွက်ရန် အလေ့အထပြုပါ။

၆။ ရပြီးသောစာကို ရွတ်ဆိုပြန်အံသော အခါ ငါ့ဟာ ဟုတ်လှပြီဟု ထင်ပြီး တစ်ယောက်တည်း မပြန်လေနှင့်၊ ဘေးမှ စာထောက်တစ်ပါး ထားပြီး စာပြန်လေ့ကျင့်ပါ။ မိမိတစ်ဦးတည်း ပြန်ကစာတစ်ရွက် နှစ်ရွက် ကျော်သွားသော်လည်း ခုန်ကျော်သွားမှန်းမသိ၊ အမှန်ချည်း ထင်တတ်သည်။ ထိုသို့သော အမှန်ကား ပဲ့ဝင်သောအမှန် မဟုတ်၊ စာအုပ်ထဲကအတိုင်း မှန်မှ အမှန်ဖြစ်သည်။

၇။ ရှေးဦးပထမ ဝတ္ထုကြောင်းကို "နှုတ်ရွတ်၍ မကျက်သေးဘဲ စိတ်ဖြင့်သာ စာကိုကြည့်၍ဖတ်ပါ။ ပြီးလျှင် စာအုပ်ကို ပိတ်၍ မိမိဉာဏ်၌ ဝတ္ထုကြောင်းကို ဝါကျအစုံပေါ် အောင် မြန်မာလို စဉ်းစားပါ။ မြန်မာလို ဝတ္ထုကြောင်းကို မှန်ကန်အောင် စဉ်းစားပြီးမှ ပါဠိတော်ကြီးကို ခက်လျှင် ခက်သလို လှယ်လျှင် လှယ်သလို ဝါကျတစ်စုကန့်သတ်၍ ကျက်ပါ။

၈။ ငါးခေါက်လောက် ကျက်မိလျှင် စာအုပ်ကို မပိတ်ဘဲ မျက်စိကိုမှိတ်၍ အလွတ်ပြန်ကြည့်ပါ။ မရတတ်သေးလျှင် နောက်ထပ် ငါးခေါက်လောက် ထပ်၍ကျက်ပါ။ နှုတ်လွတ်ရလျှင် စာအုပ်ကိုပိတ်၍ အနည်းဆုံး ထိုစာပိုဒ်ဝါကျကို (၁၀) ခေါက် အံပါ။ ထိုနည်းကို အကျင့်ပြုလုပ်ပါ။

၉။ နေ့စဉ် စာပြန်သောအခါ၌လည်း မိမိရပြီးသော စာအုပ်တိုင်း နှံ့စပ်အောင် ပိုင်း၍ ပိုင်း၍ ပြန်ဆိုပါ။ (ဥပမာ)

၈။ သီဟိုဠ်ကျွန်း၌ သဲအိတ်ကိုပင် ရင်ဘတ်ပေါ်တင်၍ ပိဋကတ်တော်ကို မပျောက်မပျက်ရအောင် စောင့်ရှောက်တော် မူခဲ့ကြသော အသင့် နောင်ဓတ်ကြီးများ၏ ထုံးကို နှလုံးပိုက်ပါဟု မိမိကိုယ်ကို ဇဲ့လုံ့လ ဝီရိယ တိုးတက်အောင် အားပေးပါ။

ဤ နည်းလမ်းဥပဒေ အရင်းတည် လိုက်နာ အားထုတ်ပါက မုချပင် "ဝိနယဓရ" ဖြစ်ရ မည်ဟု ယုံကြည်စဉ်းစားမိလေသည်။ ထိုသို့ ယုံကြည် စဉ်းစားမိသော လမ်းစဉ် (၁၀)ချက် ကို အရင်းတည်၍ ကျေးဇူးတော်ရင် ဆရာတော် ဘုရားသည် (၁၃၁၁-ခု၊ ကဆုန်လပြည့်ကျော် ၁-ရက်၊ ကြာသပတေးနေ့မှ စ၍ "ဝိနယပိဋက" ကို လေ့လာ ကျက်မှတ်သည်ဟု မဟာထေရုပ္ပတ္တိ-ကထာ ၈၇-နှာ၌ ဆိုသည်။

ဓမ္မနာဒတိုက်မှ တာဝန်ပေးထားသော ပုဂ္ဂိုလ်များသည် မိမိအလှည့်ကျအတိုင်း အချိန် ရောက်လျှင် ဆရာတော်၏ ပါရမီကို ကူညီဆည်း ပူးသော အနေအားဖြင့် အချိန်ပြည့်ဆောင်ရွက် တော်မူကြသည်။

ကျေးဇူးတော်ရင် ဆရာတော်ဘုရားလည်း ပါဠိတော်တော့ ကျက်ရင်း ပြန်ရင်းဖြင့် ပုဒ်နေ ပုဒ်ထား၊ ဝါကျသွား ဝါကျလာများကို မှတ်သားပြီး စာပြန်ဘော်မူလေ့ ရှိသည်။ ဥပမာ-ဧဝမာဟ တေဒဝေါစ 'အဒ္ဒသခေါ' ချီသော ဝါကျ၊ ဒိဿာ-ချီသော ဝါကျ၊ စ-ပိ-ဝါ-ပန-ခေါ ပန စသောအားဖြင့် ထားပုံသိုပုံ၊ ပါဠိတော်၏အသွားအလာ စိတ်စိတ်စေးစေး သိုသို

ဝိနယပိဋက သုံးအုပ်ကို ရပြီးပြီဆိုပါစို့။ စာပြန်ချိန် သုံးချိန်ထား၍ တစ်ချိန်တွင် တစ်အုပ်မှ၊ နောက်တစ်ချိန်တွင် နောက် တစ်အုပ်မှ၊ တစ်ဖန် နောက်တစ်ချိန်တွင် နောက်တစ်အုပ်မှ ပြီးသမျှ ပြန်ဆိုပါ။ သုံးအုပ်လုံး တစ်ပြိုင်နက် ပြီးဆုံးပါစေ။ ဤနည်းဖြင့် မိမိဉာဏ်ကို နေ့စဉ် ပင် စာအုပ် အနှံ့အပြား ကျက်စား မိရန် ကြိုးစားပါ။

၀။ အကယ်၍ စာကျက်နေစဉ်မှာပင် စာခက်၍ဖြစ်စေ၊ ပင်ပန်း၍ဖြစ်စေ၊ ငြီးငွေ့ပျင်းရိ ဇဲ့လျှော့လိုသောစိတ်များ ပေါ်ပေါက်ဖြစ်ပွား၍ လာပါက မိမိကိုယ်ကို အားပေးစကား ပြောကြားရမည်မှာ-

က။ အသင့်အဖို့ မြတ်စွာဘုရားက ဤတရားများကို ဟောထားခဲ့ခြင်းဖြစ်သည်။ အသင်မသိရမည့် တရားကို အသင့်ဆရာ မြတ်စွာဘုရား ဟောကြားခဲ့မည် မဟုတ်။

ခ။ အသင်ကဲ့သို့သော ဘုရား သားတော် တစ်ပါးကမှ ခမည်းတော် ဘုရား၏ စကား တော် အစဉ်ကို နှုတ်ရမဆောင်လျှင် အဘယ် သူ တစိမ်းပြင်ပက ဆောင်လိမ့်မည် နည်း။ အသင့်တာဝန်ကား ဝိမုတ္တိ-ရသ ပုဒ်တိုင်းမှာရှိသည်။ ချို့မြိန်လှစွာသော မြတ်စွာဘုရား၏ စကားတော်ကို စောင့်ထိန်းရန် ဖြစ်သည်။

သိပ်သိပ်ရှိပုံ ဗုဒ္ဓ၏ ပါဝစန, စကားတော်များကို အဝါးဝအောင် လေ့လာတော်မူ၏။

ဓမ္မနာဒဆရာတော်လေး ပါဠိစောင်တွေကျက်နေသည်ဟု ကြားသိကြသော အခါ မန္တလေးမြို့မှ အချို့ ဆရာတော်များက စိုးရိမ်၍ တားမြစ်သောအနေဖြင့် လျှောက်ကြားကြသည်။ ဆရာတော်က ဘာပြန်ပြီး လျှောက်သလဲ ဆိုယင် ဗုဒ္ဓ၏ ပါဝစနတွေ့ အရအမိရှိမှ ပါဠိတော် အချိုးကျကျ သဘာဝကျကျ ပြောတတ်ဆိုတတ်သည်။ ဥပမာ "အံကြိတ် တောက်ခေါက်၍" ကို ပါဠိစီချင်ယင် "ဒန္တေဟိ ဒန္တမာဒါယ တာလုံ အာဟစ္စ" ဟု စီမှ ပါဠိတော် အချိုးကျ ပါသည်ဟု ပြန်၍ပင် လျှောက်ထားပါသည်။

ကျေးဇူးတော်ရှင် ဆရာတော် ဘုရားသည် ၁၃၁၁-ခု နောက်ပိုင်းနှင့် ၁၃၁၂-ခုနှစ် ရွှေပိုင်း တိပိဋကဓရ စာတော်ပြန်ပဲ့ မစမီအတွင်း ကျောင်းမှာပင် ဝိနည်းပါဠိတော် အခေါက်ပေါင်း ၂၅-ခေါက်ထက် မနည်း ပြန်ဆိုနိုင်ခဲ့သည်။ ရွှေပိုင်း၌ ဆိုအပ်ခဲ့ပြီးသော "ဥပဒေသ" အတိုင်း တစ်နေ့ဘစ်နေ့မှာ ဝိနည်း ပါဠိတော် ငါးကျမ်း နှစ်ပတ်အောင် ပြန်ဆိုတော်မူခဲ့သည်။ ဤနည်းဖြင့် လေ့လာတော်မူသောအခါ ၁၅-ရက်ဆိုလျှင် "ဝိနည်းငါးကျမ်း" တစ်ခေါက် ပေါက်တော်မူ၏။ ဤကဲ့သို့ အခေါက်ပေါင်းများစွာ လေ့လာမိသောအခါ မှား၍နေသော "ဝါကျ"များသည် အမှန်ဘာသို့ ဆောက်ကာ ဆရာတော်၏ လျှာတည်း ဟူသော ပလ္လင်တော်ပေါ်၌ ကိန်းစံ သပ္ပာယ် အကြည်ညိုခံတော်မူကြ၏။

တစ်နေ့သောအခါ ဝိနည်းမဟာဝါ ပါဠိတော်မှ "အစဝါကျ"မှာ အထခေါဆိုလျက် နောက်ဝါကျက ဒီသွာချီပြီး ရှိနေသော ဝါကျကို ဆရာတော်က ရှေးတုန်းကလို "အထခေါ" မပြန်ဘဲနှင့် အဒ္ဒသခေါက္ခ စပြန်နေသဖြင့် ဤစာရေးသူက စာထောက်လှည့်ကြိမ် သဖြင့် "အထခေါ" ထောက်လိုက်ရင်း ဆရာတော်က "အဒ္ဒသ ခေါ" ဆိုလိုက်ရင်း ဖြစ်နေသဖြင့် ဆရာတော်က ခေတ္တရပ်တန့်ကာ ပါစိတ် ပါဠိတော်၊ စူဠဝါ ပါဠိတော်များ၌ ဤဝါကျ အသွားအလာများကို ရှာပုံတော် ထုတ်တော်မူရ၏။

ပါဠိတော်ကြီးတွေ၏ အသွားအလာမှာ ရှေဝါကျက အဒ္ဒသခေါချီလျှင် နောက်ဝါကျက ဒိသွပါစမြဲ။ ယခု တွေ့နေရသော မဟာဝါပါဠိတော်ကား အထခေါ အစချီပြီး နောက်ဝါကျက ဒိသွာဖြစ်နေသည်။ ကွန်တွ စာချုပ်နေဟန်တူ၏။ သိဟိုဠ်မူကတော့ "အဒ္ဒသ" ကို အလယ်လောက်မှာပါသည်ဟု ဆရာတော်အမိန့်ရှိ၏။ ပေမူမှတစ်ဆင့် ကူးရတော့ ပထမစာကူးတဲ့ပုဂ္ဂိုလ်က "ဒဒ္ဒဲး" နှလုံးကျပြီး "အသခေါ" ဖြစ်ဟန်တူသည်။ နောက်တစ်ဆင့် ကူးသူက "အသခေါ" တော့ မဟုတ်တန်ရာ၊ "အထခေါ" ဖြစ်တန်ရာ၏ဟု စာမူပြင်ဟန်တူ၏ဟု ဆရာတော် အမိန့်ရှိခဲ့သည်။

ဤ အထခေါချီသော ဝါကျကား ဤမျှသာ မရပ်နား သေးဘဲ "ပဋိဝိသောဓက" "ဩသာနသောဓေယျ" တိုင်အောင် လှိုင်းဂယက် ပုတ်ခတ်လျက် ဖြစ်သွားတော့၏။ ၁၃၁၃-ခုနှစ်၊ ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ သိမ်ကျောင်းကြီး ပေါ်၌ "ပဋိဝိသောဓက" အဖွဲ့၏ တည်ရာဌာနဖြစ်၏။ အဖွဲ့ဝင်

ဆရာတော်အားလုံးမှာ မန္တလေး၊ တောင်မြို့၊ မင်းကွန်းမှပင် ဖြစ်၏။ ဆရာတော်များမှာ—

၁။ နန္ဒိသေနာရာမ ဆရာတော်၊
၂။ ဆရာတော် ဦးကေသဝ (တောင်သမန်)၊
၃။ ဆရာတော် ဦးအရိယ (ဘုရားကြီး)၊
၄။ ဆရာတော် ဦးဥက္ကံသ (ဘုရားကြီး)၊
၅။ ဆရာတော် ဦးဇနက (ဂန္ဓာရုံ-မလိုက်)၊
၆။ မင်းကွန်း ဓမ္မနာဒဆရာဓတော်၊
၇။ ဦးကောဏ္ဍည ဓမ္မနာဒ (ဥပဋ္ဌာက)။

ဤအဖွဲ့ဝင်ဆရာတော်များက ဝိနည်း မဟာဝါပါဠိတော်နှင့် ပရိဝါပါဠိတော် ၂-ကျမ်းကို သုတ်သင်ဟော်မူရသည်။ အဆိုပါ "အဒ္ဓသခေါ်" ဝါကျနိုးလာသောအခါ ကျေးဇူးရင် တိပိဋကဓရဆရာတော်က ရှေးဦးစွာ ဆွေးနွေးသောအနေအားဖြင့် နားနှူးထားနှင့်၏။ မည်သို့ပင် နားနှူးထားစေကာမူ တကယ် အလုပ်ခွင် ဝင်ကြသောအခါ ဆရာတော်များမှာ သဘောမတွေ့၊ ဘဝင်မခွေ့ဘဲ ဖြစ်နေကြသဖြင့် "ဆရာတော်ဘုရားများ၊ 'အထခေါဝါကျ' ကို 'အဒ္ဓသခေါ' ပြင်လိုက်သည့်အတွက် အကျိုးခံစားခွင့်ရလျှင် အတူတူခံစားပါမည်၊ ဒီစာပိုဒ် ပြင်သည့်အတွက် ငရဲခံရမည် ဆိုလျှင် တပည့်တော်တစ်ဦးတည်း ခံပါမည်"ဟု 'ဝန်ခံချက်' အတင်းအကြပ် လျှောက်ထားမှ ပြင်ဆင်တော်မူကြ၏။

ဤ "အဒ္ဓသခေါ" ဝါကျကား "ဩသာန-သောဓေယျ" အဖွဲ့သို့ ရောက်ခဲ့ပြန်လေပြီ။ ဤ "ဩသာန" အဖွဲ့သို့ ရောက်သောအခါ ဆရာတော်များမှာ—

၁။ သီဟိုဠ်ဆရာတော် ဗုဒ္ဓဒတ္တမထေရ်၊
၂။ ယိုးဒယား ဓမ္မဓိရမဟာမုနိထေရ်၊
၃။ ဘုရားကြီးဆရာတော်များ၊
၄။ ဝိဇ္ဇာလင်္ကာရဆရာတော်၊
၅။ အရှင်တန္တိဿရ (ဥပဋ္ဌာက)၊
၆။ အရှင်ကောဏ္ဍည (ဥပဋ္ဌာက)

ဤဆရာတော်များ ဖြစ်ကြသည်။

တည်ရာဌာနကား- မန္တလေးမြို့ စိန်ပန်းရပ်၊ ဝိဇ္ဇာလင်္ကာရတိုက် ဖြစ်သည်။ အချိန်ကား ဝါတွင်းကာလဖြစ်သည်။ ကျေးဇူးရင် ဆရာတော်ကား ကျောင်းမှမထွက်ခင်ကပင် ဒီတခါတော့ သီဟိုဠ်၊ ယိုးဒယားဆရာတော်များနှင့် တိုက်ရတော့မည်ဟု အတိတ်ပေးထားသော်လဲ အလုပ်ခွင်ဝင်ကြသောအခါ ဒီဝါကျကို ဘာ့ကြောင့် ဒီလိုပြင်ရသလဲဟုအကြောင်းကို မေးသောအခါ ဒီဝါကျမျိုး ပါစိတ်နှင့် စုဥဝါပါဠိတော်ကြီးများမှ တစ်ဝါကျ နှစ်ဝါကျ ထုတ်ပြခြင်းအားဖြင့် သီဟိုဠ်၊ ယိုးဒယား ဆရာတော်များ ဖြုန်းခနဲ သဘောပေါက်တော် မူကြ၏။ မြန်မာဆရာတော်များကား အဝေဘန်နှင့် 'ဘဝင်' ကျတော်မမူကြချေ။

၁၉၁၂-ခု၊ တိပိဋကဓရပဲ့တော်ကြီး မကျင်းပမီ နှတ်တော်လပြည့်ကျော် ၁-ရက်လောက်မှာ ကျေးဇူးရင် ဆရာတော်ဘုရားနှင့် ဥပဋ္ဌာကအဖွဲ့ မဂ္ဂင်ဆရာတော်နှင့် ဦးကောဏ္ဍညတို့ လိုက်ပါခဲ့ကြသည်။ မဂ္ဂင်ဆရာတော်ကြီးအား ဒကာ-

ဒကာမ ပေါများလှသဖြင့် ဆရာတော် ရန်ကုန် ကြွမည်ဟု သိကတည်းက ကြေးနန်းဖြင့်ရိုက်ကာ ဆွမ်းစားပင့်ကြလေသည်။ ရန်ကုန်ဘူတာကြီးမှ သေဋ္ဌေးကြီး ဆာဦးသွင်နှင့် အဖဲ့တို့က ကြိုဆို လျက်ရှိကြသည်။ မဟာစည် သာသနာ့ရိပ်သာသို့ ရောက်သောအခါ မဂ္ဂင်ဆရာတော်ကြီးက-

"ဒကာကြီး၊ ဆရာတော်တို့ 'ပင်လုံဒေါ်နုယဉ်'က ဆွမ်းစားပင့်ထားတယ်၊ ဆွမ်းစားသွားကြမယ်"ဟု အာမိန့်လည်း ရှိလိုက်ကရော သေဋ္ဌေးကြီး ဆာဦးသွင်က နှုတ်ခမ်းမွေးထောင်ကာ-

"တပည့်တော် ဦးပဉ္စင်းတော့မထည့်နိုင်ဘူး၊ မတော်တဲ့အစာ စားမိယင် ဖျားပြုပြီး စာမပြန်ယင် ဘယ်နှယ်လုပ်မလဲ"ဟု ပြန်ကြားလျှောက်ထားသောအခါ မဂ္ဂင်ဆရာတော်က-

"ဒကာကြီး၊ ဒီတစ်ခါတော့ ခွင့်ပြုပါဦး၊ နောက်တော့ လက်သင့်မခံပါဘူး"ဟု အာမိန့်ရှိမှ ခွင့်ပြုချက် ရရှိလေ၏။

ကျေးဇူးရင် ဆရာတော်သည် ထိုစဉ်အခါ တုန်းက ဆန်စေးဖြစ်သော စပါးနက်ဆန်မျှားမစားဝံ့ခဲ့ချေ။ အစေးနည်းသော ရွှေဘိုခွန်နီနှင့် ကပိုင်တောင်ထိပ်ပန်း ဆန်မျှားကိုသာ ဘဉ်းပေးရ၏။ အစာမကျေရောဂါ အဖြစ်များ၏။ ရုန်ကုန်သို့ သွားသောအခါ အညာဆန်ကလေးများ ဆောင်သွားကြရ၏။

တိပိဋကဓရ (ဥပဋ္ဌာက) နှစ်ပါးရှိသည့် အနက် မဂ္ဂင်ဆရာတော်ဘုရားကြီးကား ငါးထပ် ကြီးလမ်း အောင်မြေသုခ ကျောင်းတိုက်မှာ တည်းခို၏။ ဦးပဉ္စင်းတို့ ဆရာတပည့်ကား မဟာစည် သာသနာ့ရိပ်သာတွင် ၁-နံပါတ် ကမ္မဋ္ဌာန်းကျောင်းလေးမှာ ကြပ်ကြပ် တည်း တည်းပင် တည်းရ ခိုရ၏။

ဆရာတော်၏ ဝိရိယ လွန်ကဲစွ

ကျေးဇူးရင် ဆရာတော်ဘုရားသည် သင့်လျော် လျောက်ပတ်သော နေရာမျှား ရပြီ ဆိုက တည်းက နေ့ တဝေါဝေါ ည တဝေါဝေါနှင့် လွန်မင်းစ္စာ အားထုတ်တော်မူ၏။ စာမေးပွဲကျမည်ကို အလွန်ပင် စိုးရိမ်ကြီးတော်မူ၏။ ညမှာ ဆိုလျှင် ဆရာတပည့် နှစ်ယောက် ၁၂-နာရီ၊ ၁-ချက်ရောက်အောင် ပြန်ဆိုတော်မူ၏။ နံနက် လင်းသောအခါ ဆရာတပည့် အိပ်ပျော်နေတာကို မျှားသဖြင့် မဂ္ဂင်ဆရာတော်က အောင်မြေသုခမှ ဖြတ်လမ်းက ကြွလာပြီး သိမ်အရှေဘက်ကုန်းတော်မှ "ဟေ့-မောင်မောင်တို့" ဆိုတဲ့ အသံကြားမှ တစ်ခါတစ်ရံ ထကြရ၏။ နေ့ခင်းမှာဆိုလျှင် သေဋ္ဌေးကြီး ဆာဦးသွင်က ရှင်ရှင်လူလူ ကျောင်းပေါ်မတက်ရန် အထူးတားမြစ်၏။ မဂ္ဂင်ဆရာတော်နှင့် ဦးပဉ္စင်းတို့ကား ၄-နှစ်ပတ်လုံး ဤကဲ့သို့ အမြဲမပြတ် စောင့်ရှောက်တော်မူ၏။ မင်းလည်း စာမေးပွဲ နားထားဦး၊ ငါလည်း တိပိဋကဓရမဖြစ်မချင်း လိုက် စောင့်ရှောက်မယ်ဟု အာမိန့်ရှိ၏။ သို့သော် ဦးပဉ္စင်းကား အလကားမနေတတ်သဖြင့် မိမိကျက်သည့် စာအုပ်နှင့် ဆရာတော်အဋ္ဌကထာ၊ ဋီကာ ကြည့်ချိန်မှာ ကိုယ့်စာနှင့်ကိုယ် ပျော်ပါးစွာနေခဲ့၏။

တတိယအကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲတော်ကြီး ဖွင့်လှစ်ပွဲ အခမ်းအနား

၁၃၁၂-ခုနှစ်၊ နတ် တော် လ ပြည့် ကျော် ၄-ရက် (၁၃-၁၂-၅၀) တနင်္ဂနွေနေ့သည်ကား ဗုဒ္ဓသာသနာနုဂ္ဂဟ အသင်းကြီးမှ ဦးစီးကျင်းပသည့် တတိယ အကြိမ်မြောက် တိပိဋကဓရ ရွှေးချယ်ရေး စာမေးပွဲကြီး ကို ရန်ကုန်မြို့၊ သာသနာရေးအဖွဲ့ ပေါင်းစုံတို့ဖြင့် သာသနာ့ ရိပ်သာ ယာယီ မဏ္ဍပ်တော်ကြီး၌ သာသနာ့ ကျက်သရေတော်ဆောင် ကြီး ကျယ် ခမ်း နား သိုက်မြိုက်စည်ကားလှစွာ ယ ခင် နှစ် က ထက် သာ၍နား တင့်တယ်စွာ ဆင်ယင်ကျင်းပကြ ပါသည်။

ယခင်နှစ်များက အစဉ်အလာအရ ကြို့ဆို ဧည့်ခံရေးအဖွဲ့များသည် ကြို့တင်ရောက်ရှိကြပြီး လျှင် သာသနာရေး၊ ဘာသာရေး အသင်း အဖွဲ့များ၊ အစိုးရအရာရှိ အကြီးအဲငယ်များနှင့် မြို့သူမြို့သား ပရိသတ်များတို့သည် နံနက် ၇-နာရီ အချိန်မှစ၍ စုံလင်စွာ ရောက်ရှိကြလေပြီ။ ၇-နာရီ မိနစ် ၄၀-တွင် သက်ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ်ကြီးများ ရောက်ရှိလာ၍ ဧည့်ခံအဖွဲ့က ဧည့်ခံ ကြို့ဆိုကြပါသည်။

အခမ်းအနား အစုံအလင် ဂုဏ်ဆောင်ပြည့်စုံ ဖွင့်လှစ်ပုံ

နံနက် ၇-နာရီ ၄၅-မိနစ် အချိန်တွင် နာယကဆရာတော်ကြီးများနှင့် စာဖြေဝင် ရဟန်းတော်များကို စံကျောင်းတော်မှ မင်္ဂလာ မဏ္ဍပ်တော်ကြီးသို့ ပင့်ဆောင်ကြပါသည်။

အခမ်းအနား အစီအစဉ်အရ — နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ နိုင်ငံ တော် သမ္မတက အခမ်းအနားဖွင့်လှစ်ပေးခြင်း၊ တိပိဋကဓရ ရွှေးချယ်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌ ဆရာတော်ဘုရားက ဩဝါဒကထာ မိန့်ကြား ခြင်းမြွင့်တော်မူခြင်း၊ ဓမ္မာသန ပလ္လင်တော် များနှင့် ကနက်ကဒဏ် ထီးဖြူတော်များကို နံ့သာ ရေစင်တို့ဖြင့် အာဘိသိက် သွန်း လောင်း ခြင်း၊ တိပိဋကဓရ စာဖြေဝင် ရဟန်းတော် အရှင်မြတ်တို့အား ဓမ္မာသနပလ္လင်တော်ပေါ်သို့ ကြွရောက် သိတင်းသုံး၍ အကြည်ညိုခံကြပါရန် အာဘိယာ-စန ဂါထာဖြင့် ပင့်လျှောက်ခြင်းနှင့် မင်္ဂလာ ရတုပိုဒ်စုံ ဖတ်ကြားခြင်း၊ နိဂုံးချုပ်အနေအား ဖြင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကြီး၏ ဥက္ကဋ္ဌ သေဋ္ဌီးကြီး ဆာဦးသွင်က ကျေးဇူးတင်စကား ပြောကြားပြီးလျှင် အခမ်းအနားကို ရုပ်သိမ်းကြ ပါသည်။

ဂုဏ်ဆောင်ပြည့်စုံ ဖွင့်လှစ်ပုံ

နံနက် ၇-နာရီ ၄၅-မိနစ် အချိန်တွင် နာယကဆရာတော်ကြီးများနှင့် စာဖြေဝင် ရဟန်းတော်များကို စံကျောင်းတော်မှ မင်္ဂလာ မဏ္ဍပ်တော်ကြီးသို့ ပင့်ဆောင်ကြပါသည်။

ဂုဏ်ဆောင်ပြည့်စုံ ဖွင့်လှစ်ပုံ

နံနက် ၇-နာရီ ၄၅-မိနစ် အချိန်တွင် နာယကဆရာတော်ကြီးများနှင့် စာဖြေဝင် ရဟန်းတော်များကို စံကျောင်းတော်မှ မင်္ဂလာ မဏ္ဍပ်တော်ကြီးသို့ ပင့်ဆောင်ကြပါသည်။

အခမ်းအနား အစီအစဉ်အရ — နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ နိုင်ငံ တော် သမ္မတက အခမ်းအနားဖွင့်လှစ်ပေးခြင်း၊ တိပိဋကဓရ ရွှေးချယ်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌ ဆရာတော်ဘုရားက ဩဝါဒကထာ မိန့်ကြား ခြင်းမြွင့်တော်မူခြင်း၊ ဓမ္မာသန ပလ္လင်တော် များနှင့် ကနက်ကဒဏ် ထီးဖြူတော်များကို နံ့သာ ရေစင်တို့ဖြင့် အာဘိသိက် သွန်း လောင်း ခြင်း၊ တိပိဋကဓရ စာဖြေဝင် ရဟန်းတော် အရှင်မြတ်တို့အား ဓမ္မာသနပလ္လင်တော်ပေါ်သို့ ကြွရောက် သိတင်းသုံး၍ အကြည်ညိုခံကြပါရန် အာဘိယာ-စန ဂါထာဖြင့် ပင့်လျှောက်ခြင်းနှင့် မင်္ဂလာ ရတုပိုဒ်စုံ ဖတ်ကြားခြင်း၊ နိဂုံးချုပ်အနေအား ဖြင့် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကြီး၏ ဥက္ကဋ္ဌ သေဋ္ဌီးကြီး ဆာဦးသွင်က ကျေးဇူးတင်စကား ပြောကြားပြီးလျှင် အခမ်းအနားကို ရုပ်သိမ်းကြ ပါသည်။

ဂုဏ်ဆောင်ပြည့်စုံ ဖွင့်လှစ်ပုံ

နံနက် ၇-နာရီ ၄၅-မိနစ် အချိန်တွင် နာယကဆရာတော်ကြီးများနှင့် စာဖြေဝင်

တော်များကိုယ်စား ပရိသတ် အစုံအလင်တွင် စာတော်ပြန် စည်း ကမ်း ကောက် နုတ် ချက် ကို ဖတ်ကြား ရှင်းလင်းပြီး ဤ စည်းကမ်းအတိုင်း လိုက်နာပြန်ဆိုတော်မူကြပါရန် သတိပေးစကား မိန့်ကြားတော်မူပါသည်။

၁-နာရီ ထိုးသောအခါ ဝိနယစာတော်ပြန် အရှင်မြတ် ၅-ပါးတို့သည် မိမိတို့ နံပါတ်စဉ် ကျရောက်ရာ ဓမ္မာသနပလ္လင်တော်မှာ သီတင်း သုံးတော်မူကြလျက် ပါရာဇိကဏ်ပါဠိတော်ကြီး ကို စတင် ပြန်ဆိုတော်မူကြရပါသည်။

နုတ်တော်လပြည့်ကျော် ၇-ရက်နေ့မှ စတင် ပြန်ဆိုတော်မူကြရာ ဂ-ရက်၊ ၉-ရက်တွင် ပါရာ-ဇိကဏ် ပါဠိတော် ပြီးဆုံးခြင်းသို့ ရောက်ရှိပါသည်။ ၁၀-ရက်နေ့များဌ် စာတော်ပြန်ပွဲ ရပ်နားခြင်း ၁၂-၁၃-၁၄-ရက်နေ့များတွင် ဆက်လက် ပြန်ဆိုတော်မူရာ "ပါစိတ်ပါဠိတော်" ပြီးဆုံး ပါသည်။ ပြာသိုလဆန်း ၁-ရက် ရပ်နားခြင်း ၂-ရက်နေ့မှ စ၍ ပြန်ဆိုတော်မူရာ ၃-ရက်၊ ၄-ရက်တွင် "မဟာဝဂ္ဂပါဠိတော်ကြီး" ပြီးဆုံးပြန် ပါသည်။ ပြာသိုလဆန်း ၅-ရက်နေ့ ရပ်နားခြင်း ၆-ရက်နေ့ ဆက်လက် ပြန်ဆိုတော်မူကြရာ ၇-ရက်နေ့တွင် "စူဠဝဂ်ပါဠိတော်" ပြီးဆုံးပြန်ပါသည်။ ပြာသိုလဆန်း ၉-ရက်နေ့ ရပ်နားခြင်း ၁၀-ရက်မှ စ၍ ပြန်ဆိုတော်မူကြရာ ၁၁-ရက်၊ ၁၂-ရက် နေ့များတွင် "ပရိဝါပါဠိတော်"ကိုပြန်ဆို ပြီးဆုံးခြင်းသို့ ဓရောက်ရှိတော် မူကြပါသည်။ တိပိဋကရေ ဆရာတော်လောင်းလျာ ဓမ္မနာဒ ကျေးဇူးတော်ရင် ဆရာတော် ဘုရားသည် ဝိနယပိဋကပါဠိတော် စာမျက်နှာ ၂၂၆၀ ကို ၉-လခန့်ဖြင့် နှုတ်တက်အလွတ်ရ ကျက်တော်မူ ပြီးလျှင် ၁၃၁၁-ခုနှစ်က စာတော်ပြန်ပွဲ မဝင် နဲ့လိုက်ရသည့်အတွက် စာထောက်စာမ အဖြစ် တပည့်များကို အခြိန် ပေးကာ ၁၅-ရက် တစ်ခေါက်၊ ၁၅-ရက် တစ်ခေါက် ပေါက်တော် မူလျက် ၁၃၁၂-ခုနှစ်၊ နုတ်တော်လ စာတော် ပြန်ပွဲဦ ဗိနည်းငါးကျမ်းကို ၂၅-ခေါက် အစ အဆုံး ပြန်ဆိုလေ့လာတော်မူနိုင်သောကြောင့် ဆရာတော်၏ နှုတ်တော်မှထွက်သော ဝိနည်း ပိဋကတ် အသံသည် မြင်းကောင်းစိုင်းသကဲ့သို့ လည်းကောင်း၊ လေယာဉ်ပျံလား ဓားသံလား ဟူ၍လည်းကောင်း ပါဠိမှား ပါဠိမှန်များကို ပြင်ဆင်၍ ပြန်သွားသည့်အတွက် စာထောက် စာမ လူ ပါဠိဆရာကြီးများ ကားပေါ်တွင် ပြန်သွားကြစဉ် ခင်ဗျားတို့ ဆရာတော် စာရရဲ့ လားဟု တစ်ယောက်က မေးမြန်းသောအခါ ဖြေတဲ့ပုဂ္ဂိုလ်က ကျွန်တော်တို့ ဆရာတော်က ကျွန်တော်တို့က မထောက်ရဘဲ ပါဠိမှားများ၊ မူကဲ့များ တွေ့တတ်တဲ့ နေရာများမှာ ဆရာ တော်က ပြင်ဆင်၍ ထောက်ပါသေးသည်ဟူ၍ လည်းကောင်း၊

ကျေးဇူးတော်ရင် ဆရာတော်အရှင်မြတ်သည် သာသနာ့ရိပ်သာ၊ မင်္ဂလာ စာတော်ပြန်မဏ္ဍပ် တော်ကြီးအတွင်းဝယ် ထိုခေတ် ထိုစဉ်က စာ တော်ပြန် ပုဂ္ဂိုလ် တစ်ပါး တစ်ပါးအတွက် စာပြန်ပလ္လင်တော်ဦးမှ ဘုံကိုးဆင့်ရှိသော ထီးဖြူ တော်ကြီး အုပ်မိုးလျက် တစ်ထောင်တန် ပြင်ဆင် ခင်းကျင်းကာ ၎င်းပလ္လင်တော်ထက်ဝယ် စာ ထောက် စာမ ဆရာတော်ဘုရားများအား အရိုအသေ ပေးပြီး ဒူးတုပ်လျက် ကြောက်ရွံ့ခြင်း ကင်း ခြင်္သေ့မင်းအလား စွမ်းပကား ဖြင့် အတိပသန္နပါသာဒိက သာသနာ့ဂုဏ်အင် စုံလင် ခဲ့ညား ထူးခြားလှစွာ အာဂုံပြန်ဆိုတော်မူပုံ မှာ ဗဟိဒ္ဓအာရုံ တစ်စုံတစ်ခု ဖြေးဝင်မှုကို

သတိမတ်မိး မယိမ်းစေမူ၍ ထိန်းသိမ်းတော်မူကာ မျက်စိကို မျက်တောင်ခြင်းယှက်၍ မှိတ်တော်မူလျက် "အရဏဝိဘင်္ဂ သုတ်တော်လာ ဒေသနာကို လိုက်နာတော်မူကာ" မကျယ်လွန်းမတိုးလွန်း၊ အလွန်လျင် မမြန်မနှေး"ကြည်အေး သာယာ သန့်ရှင်းပီသ တည်ငြိမ်စွာ ပြန်ဆိုတော်မူသည်ဖြစ်၍ နာကြားရသူ ဓမ္မသုဏန္တပုဂ္ဂိုလ် ဟူဟူသမျှတို့သည် အနက်အဓိပ္ပာယ်ကို မသိပါသော်လည်း သာယာတည်ငြိမ် ခံ့ညားသော အသံတော်ကြောင့် ရင် သပ် ရှု မော အံ့သြကြည်ညိုဖွယ်ကိုဆောင်သည်ဟူ၍လည်းကောင်း၊

ကျေးဇူးတော်ရင် ဆရာတော် အရှင်မြတ်သည် ရပ်ဆိုင်းခြင်း၊ ထစ်ငေါ့ခြင်း၊ လုံးထွေးခြင်း၊ လုံးဝကင်းစင်ကာ အသံတော်ကို မြင့်သင့်ရာမှာ မြင့်၊ နိမ့်သင့်ရာမှာ နိမ့်၊ ခံ့ညားသင့်ရာမှာ ခံ့ညားစွာ ပြန် ဆို ၍ သ ရုပ် ရေ တွက် ရာ များသောပုဒ်များကို လက်ကလေးချိုးချိုးပြီး ရေတွက်ကာ ရပ်နီးရပ်ဝေး အမြို့မြို့အရွာရွာမှ ကြွလာတော်မူကြသော–

တံဆိပ်တော်ရ မရ၊ ဂိုဏ်းအသီးသီးမှ ကြွလာကြခြင်း တရံဘုရားတို့သည် စာရေကြောင်းထောက်ခံစာ အမျိုးမျိုးတို့ဖြင့် မှတ်ချက် တင်လျက် "ယောကျ်ားမြတ်ဇာနည် သာကီမျိုးဇာတ် ပိဋကတ်ဉာဏ်ရောင် ပစ်တိုင်းပင် ထောင်ပါပေသည် ဟူ၍လည်းကောင်း၊ နိုင်ငံခြားမှ သင်္ဃိယနာ ပဋိဝေသောဓကအလို့ငှာ ကြွလာကြခြင်း ထေရ်ဘုရားတို့ကလည်း "ဇမ္မူဒီပေပိ နတ္ထိ သီဟဠဒီပေပိ နတ္ထိ" ဟူ၍ လည်း ကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရ ဘုရားဒကာကြီး ဦးဘိုးစိန်နှင့် ဇနီးဒေါ်ကြင်ရုံ တို့လည်း အမျာနည်းတူ ကြည်ညိုရန် ရောက်လာသော တစ်နေ့သောအခါဝယ် ဆရာတော် စာပြန်နာယူသော အချိန်မှာ အနီးသို့ ချဉ်းကပ်ကာ "ဆရာတော် စည်းဝါးကိုနားလည်ပါသလားဘုရား"ဟု လျှောက်ထားရာ "ဘာပြုလို့တုံးဒကာကြီး" ဟု မေးမြန်းသောအခါ "ဆရာတော်စာပြန်ပုံက စည်းဝါးကို မိနေတာပဲဘုရား"ဟူ၍လည်းကောင်း၊ ၎င်းပြင် စာထောက်စာမ ဆရာတော်တစ်ပါးဖြစ်သော ဆန်းဆန်းပြားပြား မေးတတ် မြန်းတတ် ပြောဆို တတ်သော ရန်ကုန် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ဘုံပျံ ဆ ရာ တော် ဘဒ္ဒန္တပညာသာမိ မထေရ်မြတ်သည် ဆရာတော်၏ စာပြန်ခုံသို့ အလှည့်ကျ ရောက်ရှိလာသောအခါ စာပြန်သော ဆရာတော်လေး၏ ဉာဏ်ရည်ဉာဏ်သွေးသိလို၍ သိက္ခာပုဒ်အစဉ်ကို အနုလုံမှ တစ်ဖန် ပဋိလုံ အပြန်ခိုင်းခြင်း၊ သိက္ခာပုဒ် တစ်ခုကျော်၊ ၂-ခုကျော် အပြန်ခိုင်းခြင်း၊ ရှေနောက်ခုန်သည့် (သီဟဂတိကနည်း) ပြန်ဆိုတော် မူစေခြင်းကို မဆိုင်းမတွ ပြန်ဆိုတော်မူခြင်း၊ ဤသို့ခိုင်းဆို ပြန်ဆိုနေစဉ် ဥက္ကဋ္ဌဖြစ်ကော်မူသော ခြောက်ထပ်ကြီး ဘုရားကြီးဆရာတော်က ကြွလာပြီး "ဤမျှဆို တော်ကြ၊ အဆန်းတွေထွင်ကာ ထင်သလို မခိုင်းကြနှင့်"ဟု မိန့်တော်မူရသည်ဟူ၍လည်းကောင်း အသီးအသီး ချီးကျူးတော်မူကြောင်းကို ဤ၌ ရှည်လျားမည်စိုး၍ အကျဉ်းမျှသာ တင်ပြလိုက်ရပါသည်။ အကျယ်လိုသော ပုဂ္ဂိုလ်များ အတွက် သာသနာ့အလင်းရောင် ဦးဖေမြင့် (ဦးပညာဒီပ) ပြုစုသော ဆရာတော်၏ ထေရုပ္ပတ္တိအကျယ်ကို ရှုတော်မူကြပါကုန်။

ဆရာတော် ဘုရားသည် ဆွမ်းစား ကွမ်းစား နည်းပါးတော့ စာတော်ပြန်ရက်တိုင်း ညနေ ၃-နာရီနားချိန်တွင် ဤစာရေးသူကိုယ်တိုင် နေ့စဉ် "စတုမဓူ" ဟင်းသောက်ဇွန်း တစ်စွန်းခန့်

ကပ်ရသည်။ "ပရိဝါပါဠိတော်" ပြန်ပြီး နောက် ဆုံးနေ့တွင် ဟင်္သာတ ဦးကျော်သာက အမှတ် တရဖြစ်စေရန် စာတော်ပြန်ကျေးဇူးရင် ဆရာ တော်နှင့်တကွ စာတော်ပြန်ချိန် "ဥပဋ္ဌာက အဖွဲ့ဝင်" မဂ္ဂင်ဆရာတော် ဘုရားနှင့်တကွ ကျွှ် စာရေးသူပါ ၄-ပါးတွဲ၍ မှတ်တမ်းတင်ခဲတော်ပုံ စာတော်ပြန် ကျေးဇူးရှင် ဆရာတော်ဘုရား သက်သက် ၁-ပုံ မှတ်တမ်းတင်ခဲတော်ပုံ ရိုက်ကြ ပါသည်။

ကျေးဇူးတော်ရင် ဆရာတော်ဘုရားလည်း ဝိနယ ပိဋကတ ဝိနံညီး ၅-ကျမ်း စာမျက်နှာ ၂၅၀-ကို (က) အထောက်အမ လွှတ်ကင်း၍ သန့်ရှင်းသာယာစွာ အာဂုံ ပြန်ဆိုတော်မူပြီး သည့်နောက် (ခ) သဒ္ဒာရေးဖြေရာတွင် ဂုဏ်ထူး ၈၅-မှတ်က ကျော်လွန်၍-

၁။	ပါရာဇိကဏ်	၉၈ မှတ်
၂။	ပါစိတ်	၉၉ မှတ်
၃။	မဟာဝါ	၉၂ မှတ်
၄။	စူဠဝါ	၉၈ မှတ်
၅။	ပရိဝါ	၁၀၀ မှတ်

ပေါင်းရရှိခဲ့သည်။

ကျမ်းတိုင်းတွင် ရာ ခိုင် နှုန်း ၉၅-မှတ်က ကျော်လွန်၍-

(က) အာဂုံပြန်ဆိုရာတွင် "ဝိသိဋ္ဌ" ဂုဏ်ထူးဖြင့် လည်းကောင်း၊

(ခ) သဒ္ဒာ ရေးဖြေရာတွင် "မဟာ" ဟူသော ဂုဏ်ထူးဖြင့်လည်းကောင်း၊ ဂုဏ်ထူး နှစ်ရပ် ပေါင်းစပ်၍ "ဗုဒ္ဓ သာသနာနုဂ္ဂဟ ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ" ဟူသော သာသနာ့ဂုဏ်ထောင် ထွန်းပြောင် ယှက်သန်း အောင် ဘွဲ့တော်တံဆိပ်ပန်းကို ထိပ်တန်းက ပထမဆုံး ဆွတ်ခူးတော်မူခဲ့လေသည်။

နိဒါန်းတော်အစိုးရနှင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးမှာ အားရဝမ်းသာ ပီတိဖြာလျက် "ငါတို့ တောင်တမျော်လင့်သော တိပိဋကဓရ" သာသနာ့အာဇာနည် ပုဂ္ဂိုလ်ထူး ကြည်နူး သာယာ ပေါ်ထွက်၍ လာတော့မည်မှာ အမှန် ပင် မလွဲတော့ပြီဟု ဝမ်းမြောက်ရွှင်ကြည် အလီလီ မျော်မှန်းကာ မိမိတို့ရည်ရွယ်သည့် "ဆဋ္ဌ သင်္ဂါယနာတင်" ပွဲတော်ကြီးကို "အောင်ခန်း တိုင်ရောက် တံခွန်ဆောက်၍ ပြီးမြောက် အောင် မြင်စွာ ဆောင်ရွက်ရပေတော့မည်" ဟု လှိုက်လှဲ ခါခါ ဝမ်းမြောက်လျက် ရှိနေကြလေသည်။ သေဋ္ဌေးကြီး ဆာဦးသင်္ဘကလည်း ဆရာတော် ဦးပဉ္ဇင်း "တိပိဋကဓရ" ဖြစ်လျှင် သူကိုယ်တိုင် ဆရာတော်ကို ပခုံးနှင့်ထမ်းကာ ဓာတ်ပုံ ရိုက်ထားမည်ဟု ပါးစပ်မှ ကြေညာ လိုက်သည်ကို လည်း ယခုထိ ကြားယောင်လျက်ရှိပေသည်။

ပုဂံခေတ်ပွဲများ ကျင်းပခြင်း

၁၃၁၂-ခု၊ တပို့တွဲလပြည့်ကျော် ၃-ရက် နိဒါန်းတော် သမ္မတအိမ်တော်၊ တပို့တွဲလပြည့် ကျော် ၄-ရက် သာသနာ့ရိပ်သာ သံမဏ္ဍပ် တော်ကြီး၌ မင်းခမ်းမင်းနားဖြင့် အားပါးတရ ချီးကျူးပူဇော်ကြခြင်း၊ သာသနာရေးဆိုင်ရာ ရုံးအသင်းဆိုင်ရာတို့မှလည်း ပူဇော်ဖွယ် အထူး ထူး၊ ချီးကျူးလွှာ အဖြာဖြာတို့ဖြင့် ဝမ်း မြောက်ဝမ်းသာ ပူဇော်ကြပါသတည်း။

သက္ကသီဟစာမေးပဲ့ ဓမ္မာစရိယတန်းဌ
ဝဋ္ဌံသကာ ဦးဆောက်ပန်းဖြင့် အနုံ
တကြိုင်ကြိုင် သင်းပျံ၍ လှိုင်တော်မူခဲ့
သော ဆရာတော်ဘုရားပါတကား။

၂။ ရှေးလွန်လေခါ သာသနာ၌ သင်္ဃနာ
ငါးကြိမ် ထင်ရှား ခွန်ကို ဉာဏ်ခွန်
တေးဆ ကြည်ညိုရပြီး ဒိဋ္ဌယခု သင်္ဂါ-
ယနာတင်မှု၌ ဝိစိတ္တာထေရ် အားဂုံ
ပြတ်သား လွန်ထင်ရှားသော ဆရာတော်
မြတ် တစ်ပါးပါတကား။

၃။ ဘယ်ရှေးပုည ကံထောက်မ၍ နှုတ်ရ
အာဂုံပြန်ဆိုပုံကို ကြည်ယုံသဒ္ဓါ ရှုတ်နိုင်
ပါဟု ခါခါနှုတ်ဘ ချီးမွမ်းမိသော
ဆရာတော်မြတ်ပါတကား။

၄။ ပဥ္စသီခ ;စောင်းသံကြွသကဲ့သို့ နှုတ်ဟ
တုတ်တုတ် အလှတ်ဆောင်ပြီး ဝိနည်း
ပိဋကတ် ကျမ်းဂန်မြတ်ကို တတ်အပ်
သေချာ ရွတ်နိုင်ပါသော ဆရာတော်
ဘုရားပါတကား။

၅။ အာကာသဂင်္ဂါ မြစ်သမုဒ္ဒရာသို့ ပဲယာ
စီးဝင် ရေအာ လျှဉ်မခြား အာကျယ်
အားဖြင့် နှုတ်ဖျားရွရွ ရွတ်ဆိုပြနိုင်သော
ထေရ်ဆရာတော်မြတ်ဘုရားပါတကား။

နမော မဟာထေရဿ

အာဂုံပြန် ပရိဝါနောက်ဆုံးနေ့ အလှည့်ကျ
ပါဠိပညာရှိဆရာကြီး 'ဦးအောင်မိုး' ကလည်း
ပရိဝါ ပါဠိတော် သတ်မှတ် ထား သော
စာမျက်နှာ အခွိုန်စော၍ ပြီး ဆုံး သ ဖြင့်
အောက်ပါ ရစနာ ၅-ဂါထာဖြင့် ချီးကျူး
ရေးသား ပူဇော်ထားသည်ကို နိဂုံးချုပ်အနေ
အားဖြင့် တင်ပြလိုက်ပါသတည်း။

၁။ လဒ္ဓါ ဝဋ္ဌံသကာယတ္ထ၊
ရတနာပုဉ္ဇနာမကေ။
သာသနမဏ္ဍပေ သင်္ဃ၊
သုစ္ဆ သုဒ္ဓံ ပဝါယတိ။ ။

၂။ သာသနေ ပါကဋာပဉ္ဉ၊
ပုဗ္ဗေ "သိဂိတိယော" သုတာ။
တာယင်္ဃ မေ ပဒီဿန္တိ၊
အဟောဝိစိတ္တ ဂါယနာ။ ။

၃။ ကဒါ တေ ပစိတံ ပုညံ၊
ယော တုံ သက္ကောတို့ ဂါယိတုံ။
သိဒံ သောဒိတံ ကတ္တာ၊
သီဃံ သ သဒ္ဓ သာဓိကံ။ ။

၄။ ယထာ ပဥ္စသီခေါ ဝိဏံ၊
ဂီတဿရေန ဂါယတို့။
ဧဝံ ဝိစိတ္တ သာရာဘိ၊
ဝံသော ဝိနယပိဋကံ။ ။

၅။ ယထာ ဝိဇလ မာကာသ၊
ဂင်္ဂါယ ပရိသန္ဒတိ။
ဧဝံ ဝိတ္ထာရတော တန္တိ၊
မုခတော ကဝိနန္ဒနံ။ ။

၁။ မန္တလေး ရတနာပုံ နေ ပြည် တော်
တလှဲး၌ ကြည်ညာထင်ရှား ပရိယတ္တိ



သူ၏အမြင်

ဝါဆိုမည့် နေ့တိုင်း အထူးကုဉ္ဇာဏ ဆရာဝန်ကြီး ဦးသာလှသည် ကျွန်ုပ်တို့ တိပိဋကကျောင်းတော်တွင် ဝါဆိုမည့် သံဃာတော်များမှာ အောက်ပါ အချက် သုံးချက်ကို သိဖို့လိုပါသည်တဲ့။ အချက်သုံးချက်ကတော့-

၁။ ကာလ

၂။ ဒေသ

၃။ ပယောဂ ဟူ၍ ဖြစ်ပါသည်။

၁။ ကာလဟူသည် သူ့အချိန်အခါ ကာလနှင့်အညီ စားသင့် စားထိုက်သည့်အခါ၊ သွားသင့် သွားထိုက်သည့်အခါ၊ ပြောဆိုသင့် ပြောဆိုထိုက်သည့်အခါ စတဲ့ အခါအားလုံးကို သိရမည်ဟု ဆိုလိုပါသည်။ အထူးကတော့ ဘုရားဟောတော်မူသည့် "ကာလညူ" ဖြစ်ဖို့ လိုပါသည်။

၂။ ဒေသဟူသည် မိမိတို့ ရောက်ရှိသတင်းသုံးသည့်နေရာဒေသဟု ဆိုလိုပါသည်။ ကျွန်ုပ်သည် ရွေးယခင်ကကဲ့သို့ တောအရပ် ဒေသမဟုတ်တော့ပေ။ မြို့အရပ် ဒေသ ဖြစ်နေ၍ ရွေးက နေထိုင်သည့်အတိုင်း နေနည်း၊ထိုင်နည်းမှ စပြီး မနေထိုင်တော့ပဲ ပြုပြင်ပြောင်းလဲ၍ လူညူပါသကာ ဥပါသိကာမတို့ ကြည်ညိုနိုင်လောက်အောင် အပြောအဆို အနေအထိုင် အချင်းချင်းအပေါ် ကူညီ ရိုင်းပင်းမှုမှု စပြီး

စာနာထောက်ထားကာ တစ်ဦး၏စာပေကျက်မှု၌ မိမိအတွက်နှင့် သူတစ်ပါးသမာဓိကို ပျက်စေတတ်သည့် ဆူညံသောအသံများ မပြုမိအောင် ရှောင်ကြဉ်ကာ ပါသာဒိကဂုဏ်ရှိဖို့ လိုပါသည်။


၃။ ပယောဂဟူသည် မိမိဟူသော လုံ့လပယောဂကြောင့် သူတစ်ပါးကို အနှောင့်အယှက် မဖြစ်စေမှု၍ ဆရာတော်ဘုရားကြီး မျှော်မှန်းတော်မူသည့် ပိဋကတ် တစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင် ပုဂ္ဂိုလ်များ ဖြစ်မြောက်အောင်သာ ကျွန်ုပ် တိပိဋကကျောင်းတော်မှာ သီတင်းသုံးနေခိုက် လုံ့လကြိုးကုတ် အားထုတ်ဖို့ လိုပါသည်တဲ့။ အထူးလျှောက်လိုသည်မှာ– ဘုန်းကြီးက လူကိစ္စများကို ဝင်မစွက်ဖက်ဖို့၊ လူကလည်း ဘုန်းကြီးကိစ္စကို ဝင်မစွက်ဖက်ဖို့ လိုကြောင်းကို ဝါဆိုဦး ဆောက်လေတိုင်း ကျွန်အချက်သုံးချက်ကို လျှောက်ထားလေ့ရှိသည်။

ထို့ကြောင့် ကျွန်သို့ ဖြစ်ရခြင်းသည်–

၁။ လူဥပါသကာသည် လူဥပါသကာ၏ တာဝန်ဖြစ်သော သာသနာရေး ဆောင်ရွက်ပုံကိစ္စများကိုသာ ဆောင်ရွက် နေပါလျှင် မည်သည့်အကြောင်းအရာ ပြဿနာမျှ ရှိမည် မထင်ပါ။

၂။ နိကာယစာသင်သား ရဟန်းတော်သည် သူ၏လာရင်းဖြစ်သော နိကာယ်ငါးရပ် ပိဋကစာပေကိုသာ ကြည့်အံ ကြံ ကျက်နေမည် ဆိုပါက မည်သည့်အကြောင်းအရာကိစ္စမျှ ရှိမည် ဟု မထင်ရှိပါ။ ထို့ကြောင့် "သကိစ္စ မနုယုဉ္ဇ-ဝေါ်" ဟုပင် တိုက်တွန်းရပါသတည်း။

ဦးကောဝိဒ၊ တိပိဋကကျောင်းဘော်
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ တင်ပြသည်။



ကြည့်ပါ။

မိုးမိတ်ကုန်းဖြစ်ပေါ်တော်ကြွင်း

ဦးဆန်းထွန်း

ရောဝတီမြစ်ကို စုန်ဆင်းလာသော အခါ စစ်ကိုင်း၊ အင်းဝသို့ ရောက်ခါနီး လက်ယာဘက် ကမ်းယံ၌ မင်းဝံ၊ မင်းရွာ၊ မင်းကွန်း၊ မင်း (၃) မင်း အမည်နာမဖြင့် ကာလနောင်ခါ တင့်တယ်ကျော်ကြားလာခဲ့သော ဘူမိနက်သန် မြေကြွန်မင်္ဂလာသည် ကမ္ဘာဘဉ်ဦး ပကတိုး ကပင် ရှိခဲ့လေ၏။

(၁) ဤ မင်းကွန်းဒေသသည် ဖောစိုး တောင်စိုး ဘိုးတော်နတ်၊ ဘေးတော် နတ်တို့ လှည့်ပတ်မွေ့လျော် ပျော်ပိုက် ရာလည်း ဖြစ်ခဲ့လိမ့်မည်။

(၂) ရသေ့ ဇော်ဂျီ တပသိတို့ ခိုမှီ ကိန်း အောင်းရာလည်း ဖြစ်ခဲ့လိမ့်မည်။

(၃) အရိယာနွယ်ဝင် သူတော်စင် ရဟန်း သံဃာတို့ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်း ရာလည်း ဖြစ်ခဲ့လိမ့်မည်။

ဤသည်တို့ကား ပရိကမ္မ-တွက်ဆကြုံပေး၊ သဒ္ဒေယျသိန္ဓိ ရှိနိုင်သည်၊ ဖြစ်နိုင်သည်ဟူသော ယုံကြည်မှု အခြေခံအရ အဓိပ္ပာယ်ဖွင့်ဆိုသော စကားများသာ ဖြစ်ပါသည်။


သမိုင်းရာဇဝင်အရ ရှင်လူစာများ သံပြိုး သား ဖြစ်သည်မှာကား ဤသို့ပါတည်း။

အမရပူရ ပထမ မြို့တည်နန်းတည် ဘိုးတော် မင်းတရားလက်ထက် မင်းရွာကို 'မင်းကွန်း' သမုတ်၍ ခြံသေ့ကြီးစသော ကြီးလေးကြီးကို ဘိုးတော်မင်းတရား တည်ထားခဲ့သည်။

ထိုမှတပါး ပါဒနက်သန် (စက်တော်ရာ) စေတီတော် စသည်များကိုလည်း အသီးသီး သော မင်းညီမင်းသား မိဖုရားများ မင်းတစ် စသော ဗိုလ်မှူးက တည်ထားခဲ့ကြသည်။

ထိုတွင် ခြသေ့ကြီးစသော ကြီးလေးကြီးကို မတိမ်မမြုပ် မငုပ်မလျှိုး မိုးမိုးမားမား တွေ့မြင် နိုင်ကြသော်လည်း မိုးမိတ်စေတီတော်၊ ပါဒ စေတီတော် စသည် တို့မှာကား 'ချုံနွယ် ပိတ်ပေါင်း၊ ကျားသစ် အောင်းမျှ' ဖြစ်နေ ခဲ့ရာ မယ်ဇောင်ကြီး ဒေါ်မမစာရီ၊ သားတော် မြတ် တိုပြဋ္ဌာန်းခဲ့ရာ ဂိစိတ္တသာရာဘိဝံသ၊ ဝဏ္ဏ ကျော်ထင် ဆရာဝန်ကြီး ဦးသာလှ (ရှင်တစ်ဆူ လူတစ်ယောက်) မန္တလေး၊ စစ်ကိုင်း၊ မင်းဝံ တောင်ရိုး၊ မုန်ကုန် စသော ဒေသများရှိ ဆရာ တော် ဘုရားကြီးများ၊ ရဟန်းတော်များ၊ ဒါယကာ ဒါယိကာမအများ အံ့အားသင့် လောက်အောင် ငွေအသွပြာ သိန်းသန်းချီ၍ လှူကြသော ဒါနယူရာ-အလှူရဲ့ မင်းဝေဿန် အဆက်အနွယ်များကြောင့် ယခုအခါ မိုးမိတ် ကုန်းမြေသည် အံ့အားသင့်လောက်အောင်ပင် ကြီးကျယ်စည်ကားခမ်းနားထည်ဝါလှပါ ပေသည်။

၁၉၄၇ ခု၊ တော်သလင်းလဆန်း ၁၁-ရက် နေ့မှစ၍ တော်သလင်းယုံညှာနေ့အထိ ၅-ရက် တိုင်တိုင် ကျင်းပသော မိုးမိတ်ကုန်းမြေ သာသနာ-က ပဲတော်ကြီးကို ကိုယ်တိုင် မတွေ့မမြင်ရလျှင် ယုံနိုင်မည် မဟုတ်သော်လည်း မျက်မြင်တွေ့ကြုံ ရသော သူပျားကမူ "ဤ ပဲတော်ကြီ မျိုး ဘယ် နေရာ ဘယ်ဒေသ၊ ဘယ်အခါ ဘယ်ကာလမှ



ရှိခဲ့မည်မဟုတ်''ဟု အုတ်ဂေသော်ဆောင်းသောင်း ကောင်းချီးမင်္ဂလာစကား အားပါးတရ ဝမြောကြပါသည်။

ပဲ့ခေတ်ကြီးကို အဆင့်ဆင့် အဆက်ဆက် ၅-ရက် ကျင်းပပါသည်။

(၁) မိုးမိတ်စေတီတော်ကြီးများ၏ ၂၅-နှစ်မြောက် ပုဒ္ဓပူဇော ဧရထီးတော်များ တင်လှူပဲ့နှင့် ဆွမ်းတော်ကြီးကပ်လှူပဲ့။

(၂) မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီး၏ တိပိဋကဓရ ခမ္မဘဏ္ဍာဂါရိက တံဆိပ်တော် ရ ၂၅-နှစ်မြောက် ဇေရတုပူဇောပဲ့၏ လပေါင်း ၂၅-လမြောက် ဇေရတု၏ စိန်ရတုပူဇော အထိမ်းအမှတ် ပိဋကတ်စေတီတော်နှင့် ကမ္မဝါ ကျောက်စာတိုက် စေတီတော်များ ရွှေထီးတော် တင်လှူပဲ့။

(၃) တိပိဋကဓရ၊ ဒွိပိဋကဓရ၊ ကေပိဋကဓရ အရှင်မြတ် ၁၁-ပါး တို့အား ဂုဏ်ပြုပူဇော်ပဲ့နှင့် တိပိဋက - နိကာယ စာအောင် ကျမ်းစဲ့ အရှင်မြတ်များဒါန ဂုဏ်ပြုပူဇော်ပဲ့။

(၄) စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံ ဝေဘာင်ရှိ မှ ရဟန်းတော်အပါး ၅၅၁၊ သီလရှင် အပါး ၂၃၆၀၊ သာမဏေအပါး ၄၅၄ ပါးတို့အား ဆွမ်းကပ်လှူပြီး သင်္ကန်း၊ ဝတ်စုံနှင့် စာရေးကိရိယာလှူပဲ့။

(၅) မင်းကွန်း ဓမ္မနာဒတိုက် တိုက်အုပ် ဆရာတော် ဦးဥက္ကဋ္ဌသာဘိဝံသ၏ ဂုဏ်တော် ပဋိဆောင်ပူဇော်ပဲ့။

အဝုံစု အရပ်ရပ် သတ္တဝါတော်များကို ဝရဖက် ချအမျှဝေသော တော်သာင်းလပြည့်နေ့ခင်း မပေါက်အောင် စည်ကားသော ပရိသတ်ကြီး အလယ်တွင် စာဆိုတော်ကြီးများ၊ (ရဟန်းတော်များလည်း ပါသည်။) အဆိုကျော်များက ဆိုင်ရာဆိုင်ရာ ဂုတ္တ၊ ကဗျာ၊ လင်္ကာ၊ တေးထပ်၊ ထောမနာစာတမ်း၊ ဂါထာပါဠိနက် များဖြင့် ဆိုင်ရာဆိုင်ရာ ချီးကျူးပူဇော်ကြသည်မှာ မကြုံစဖူး ထူးကဲစွာ အောင်မြင်လှပါသည်။

မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်း စသော နယ်အသီးသီးမှ တိပိဋက-နိကာယနှင့် ဆက်သွယ်သော ဒါယကာ ဒါယိကာမအများ ပါဝင်ခဲ့ပေသည်။

၁၉၇၅-ခု၊ စက်တင်ဘာလ ၂၅-ရက် (၁၃၄၇-ခု၊ တော်သလင်းလဆန်း ၁၁-ရက်) နေ့ နံနက်တွင် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ဆယ်တာရွာ ရွှေမန်းကျောင်း သာသနာ့အကျိုးဆောင် ဘဒ္ဒန္တသုမန (သာသနဟိတဓရ) ဆယ်တာဆရာတော်က စီစဉ်လိုက်သော-

(၁) ဆယ်တာ ကျွန်းရွာအဖွဲ့။

(၂) သစ်လုပ်ငန်း စီမံကိန်း ဒါရိုက်တာ ဦးအုန်းနှင့် အဖွဲ့။

(၃) ဂေါဝန်ဆိပ်ကမ်း လုပ်သားများနှင့် ဓမ္မသဘင် ဆွမ်းလောင်း အသင်း ဥက္ကဋ္ဌ ဦးတေနှင့် အဖွဲ့။

(၄) ရေကြောင်းအင်ဂျင်နီယာဌာန။

(၅) ရေလမ်းထိန်းသိမ်းရေးဌာန။

(၆) မန္တလေး အနောက်တောင် တိပိဋက-နိကာယ အကျိုးတော်ဆောင်အဖွဲ့များက ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ မိုးမိတ်စေတီ ရွှေထီးတော်၊ ရွှေဘုန်းပွင့်စေတီ ရွှေထီးတော်၊ စက်တော်ဆုဗေတီ ရွှေထီးတော်၊ စက်တော်ဆု အရန်စေတီ ထီးတော်များ၊ ပိဋကတ်ဗေတီ ရွှေထီးဟော်၊ ကမ္မဝါ၊ ကျောက်

စာတိုက် ဓမ္မစေတီ ရွှေထီးတော် စုစု ပေါင်း ရွှေထီးတော် ၉ စင်း (ဗုဒ္ဓ ပုံဇော)၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ပိဋကတ်တော် ကျမ်း စာ အုပ် ပေါင်း ၃၀ (ဓမ္မပူဇော)။

မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ တိပိဋကရ ဘွဲ့တံဆိပ်တော် အလံတော်၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလံတော်များ၊ အဆောင် အယောင်များ (သံဃပူဇော)ကို ဂေါဝိန်ဆိပ်ကမ်း မှ မိုးမိတ်ကုန်းမြေသို့ ကရဝိက် ဖောင် တော်၊ မင်းခမ်းမင်းနား ဝင်းတော်ကြီးများ၊ ဆင်ဖြူ တော်များ၊ ဖျာခြေဖြေရေးအဖွဲ့များ၊ စုစုပေါင်း အဖွဲ့သား ၁၀၀၀ ခန့်ဖြင့် စည်ကားသိုက်မြိုက် စွာ ပို့ဆောင်ကြပါသည်။

ဂေါဝိန်ဆိပ်ကမ်းမှ ၃၅-အေလမ်း အတိုင်း အရှေ့သို့လည်းကောင်း၊ ၃၅-အေလမ်းမှ ၈၄ လမ်းအတိုင်း မြောက်သို့လည်းကောင်း၊ ၈၄-လမ်းမှ ၂၆-လမ်း အတိုင်း အနောက်သို့ လည်းကောင်း၊ အဆိုပါ အခင်းအကျင်းများ အတိုင်း မန္တလေးမြို့ပေါ်တွင်လည်း ခြိမ့်ခြိမ့် သဲသဲမျှ ပဲ့ကြိုးလမ်းကြီး ခမ်းနားကြီးကျယ်စွာ ခင်းကျင်း လှည့်ပတ် ပို့ဆောင်ခဲ့ကြပါသည်။


ရောဝတ်မြစ်အတွင်း အခင်းအကျင်းများမှာ လည်း အံ့မခန်းမျှ ဆန်းကြယ်လှပါသည်။

၁။ ပိုင်းလော့မော်တော်
၂။ နရည်းအဖွဲ့မော်တော်
၃။ လောင်းလှေ (၈)စီး
၄။ ကရဝိက်ဖောင်တော်ကြီး
၅။ ရွှေထီးတော်တင် မော်တော်များ
၆။ ပိဋကတ်တော်တင် မော်တော်များ
၇။ ဘွဲ့တံဆိပ်တော်တင် မော်တော်များ
၈။ ပုံတော်တင် မော်တော်


(၉) ညှို့ပရိသတ် လူဒီးမော်တော်များ အစီအစဉ်အရ လိုက်ပါကြရပါသည်။

ငင်းခင်းစီမံချက်ကို ရေးဆွဲသူနှစ်ဦးမှာ ဆယ်တာ ဆရာတော်နှင့် ဦးစန်းလွင် မန္တလေး အနောက်တောင် အကျိုးတော်ဆောင် ဖြစ်ပါကြောင်း။ ။

ဆန်းထွန်း (မန်းတက္ကသိုလ်)



ကြည့်သိန်း



ဝိဉ္ဉာဏ်စေတီတော်နှင့် ဓမ္မစေတီတော် ကျောက်စာတိုက်တို့ကို ရောင်တော်ဖွင့်ခြင်း

— ဦးဃောသိတ —

၁၃၅၁-ခုနှစ်၊ တော်သလင်းလဆန်း ၇-ရက်နေ့ မိုးမိတ်စေတီတော်ကြီးများ ဘုရားပွဲတော်နှင့် တိ-နိ စာအောင် ဆုနှင်းသဘင် ပွဲရက်အတွင်း တိပိုဋ္ဌက - နိကာယ သာသနာပြုအပွဲ ဥက္ကဋ္ဌဆရာဝန်ကြီး ဦးသာလှနှင့် မော်ကွန်းထိန်းဦးကျော်လှိုင်တို့ မေမဉ့်ယာဉ်ပို့ မော်ကွန်းကျောင်းပေါ်သို့ ရောက်ရှိလာကြပါသည်။ ခရီးရောက်မဆိုက်ပင် ဆရာဝန်ကြီး ဦးသာလှက-

"အရှင်ဘုရား၊ တပည့်တော်တို့ကို ကူညီပါဦးဘုရား"

"ဘာကူညီရမှာလဲ ဒကာကြီး"

"ကျောက်စာတွေပေါ် ရေးထားတဲ့ ဆေးတွေ ပျက်နေပြီ ဦးပဉ္စင်း၊ အဲဒါ ဦးပဉ္စင်းပဲ တာဝန်ယူ လုပ်ပေးပါဦး"

"အကုန်ပြန်ရေးရမှာလား ဒကာကြီး"

"မဟုတ်ပါဘူး ဘုရား၊ မော်ကွန်းထိန်းဦးကျော်လှိုင်က ပြန်ရေးရမယ့် ကျောက်စာတွေရှေးချယ်ပေးပါလိမ့်မယ် ဘုရား"

မော်ကွန်းထိန်း ဦးကျော်လှိုင်က-

"မှန်ပါ၊ တပည့်တော် ရှေးချယ်ပေးမှာပါဘုရား၊ ဆေးပြန်ရေးတဲ့အခါမှာလည်း အရင်လိုမင်နဲ့မရေးဘဲ ရာသီဥတုဒဏ် ပိုခံအောင် သဘော်ဆေးနဲ့ ရေးဖို့ စီစဉ်ထားပါတယ်ဘုရား၊ ခုရန်ကုန်က ပန်းချီဆရာ အောင်ကျော်ဦး ပါလာပါတယ်၊ သူ ရေးနေပါပြီ ဘုရား"

"ဒီလိုဆို ဦးပဉ္စင်းက ပန်းချီဆရာ ရှာပေးရုံပေါ့"

"တင်ပါ့ဘုရား"

"တစ်ချပ်ကို ရေးခ ဘယ်လောက်သက်မှတ်မလဲ ဒကာကြီး"

"ရှစ်ဆယ်ပါ ဦးပဉ္စင်း"

"ရှစ်ဆယ်နဲ့ မရေးနိုင်ရင် ဘယ့်နှယ်လုပ်မလဲ ဒကာကြီး"

"ဒါကတော့ အရှင်ဘုရားဘဲ ကောင်းသလိုကြည့်စီစဉ်ပါ"

ဤသို့ ပြောဆိုပြီး ၎င်တို့ရွေ့ ၅၀၀ဝ အပ်နှံကာ ပြန်သွားကြပါသည်။

ဤ အလုပ်သည် မိမိအတွက် တာဝန်ကြီးမှန်းသိ၏။ သိသော်လည်း မိမိအနေဖြင့် ဆရာတော်



ကြီးနှင့် ပတ်သက်သည့် အလုပ်ကို လုပ်ရမည် ဆိုလျှင် ပျော်လည်း ပျော်၏၊ လုပ်လည်း လုပ် ချင်၏၊ ဆင်းရဲလည်း ဆင်းရဲမှန်းမသိ၊ ဘာပဲ လုပ်ရ လုပ်ရ မိမိကံကောင်းရှိသော ဆရာတော် ကြီးနှင့် ပက်သက်သည့်အလုပ်ကို လုပ်ရသည်ဟု ဒေါက်မေ့ မှတ်ထင်မိ၏။ သို့အတွက်ကြောင့် မငြင်းမိ။

တော်သလင်းလဆန်း ၁၀ ရက်နေ့ မန္တလေး သွား၊ ယခင် ကျောက်စာပြုလုပ်သူများနှင့် တွေ့၊ အကျိုးအကြောင်း ပြောကြည့်၊ တစ်ချပ် ၄၀၀ ရမှ ရေးနိုင်မည်ပြောသဖြင့် သူတို့နှင့် စေး မဂည့်၊ မန္တလေး အခေါက် ခေါက် သွား၊ နောက်ဆုံး ပန်းချီဆရာ ကိုတိုင်းကျော်၏ ကြိုးကြိုးစားစား ဦးဆောင် ဆော်သြမှုဖြင့် မန္တလေး ပန်းချီ ဦးကျော်မောင်၊ ဖန်းချီ ဦးရွှေဒေါင်း၊ ကိုညွှန့်ဝင်း၊ ကိုမြင့်ဆန်း စသည့် ပန်းချီဆရာ ၂၀ ကျော် မိုးမိတ်ကုန်းမြေသို့ ရောက်ရှိလာကြကာ ထမင်းကျွေး တစ်ချပ် ၁၀၀ နှုန်းဖြင့်–

မဟာပုဒ္ဓဇင် ကျောက်စာတိုက်

အမှတ်	၁	မှ	၃၄ မျက်နှာ၊
အမှတ်	၂	မှ	၅ မျက်နှာ၊
အမှတ်	၃	မှ	၂၉ မျက်နှာ၊
အမှတ်	၄	မှ	၂၅ မျက်နှာ၊
အမှတ်	၅	မှ	၂၄ မျက်နှာ၊
အမှတ်	၆	မှ	၁၁ မျက်နှာ၊
အမှတ်	၇	မှ	၃၀ မျက်နှာ၊
အမှတ်	၈	မှ	၂၂ မျက်နှာ၊
အမှတ်	၉	မှ	၁၈ မျက်နှာ၊
အမှတ်	၁၀	မှ	၁၆ မျက်နှာ။

သင်္ဃာယနာ အမေးအဖြေ ကျောက်စာတိုက်

အမှတ်	၁	မှ	၈ မျက်နှာ၊
အမှတ်	၂	မှ	၂၆ မျက်နှာ၊
အမှတ်	၃	မှ	၂၉ မျက်နှာ၊
အမှတ်	၄	မှ	၂၇ မျက်နှာ၊

ပိဋကတ် စေတီတော်မှ

မော်ကွန်းကျောက်စာ	၁၀	မျက်နှာ၊
မုစလိန္ဒာကျောက်စာ	၁	ချပ်၊
ဗောဓိပင်ကျောက်စာ	၃	ချပ်၊

စုစုပေါင်း ကျောက်စာ ၃၁၇ မျက်နှာ တို့ကို ရေးသားကြပါသည်။

ပန်းချီဆရာများစားရုန် ထမင်းကို မောင်မျိုးဝင်းက ချက်၍ ကျောက်စာအနားကပ် ဆေးရေးခြင်းနှင့် ကျောက်စာဘုံများ ဆေးသုတ်ခြင်း စသည့်အလုပ်တို့ကို ထန်းပြင့်ရွာမှ မောင်



သန်းဝင်း၊ မောင်ကြည်ခိုင်၊ မစု၊ မပေါက်ပေါက်တို့က ပြုလုပ်ကြပါသည်။

ကျောက်စာများမှာ ယခင် စာလုံးများဆေးပျက်၍ မှုန်ဝါးနေခြင်းကြောင့် ပြန်လည်ရေးသားရာ၌ အမှားအယွင်း များပါသည်။

ထို အမှားအယွင်းများကို တစ် လုံး ချင်း၊ တစ်ကြောင်းချင်း၊ မျက်နှာလိုက်၊ အချပ်လိုက်-

ဦးဩဘာသာဘိဝံသ
ဦးသဇ္ဇန (နတ်မောက်)
ဦးကုဏ္ဍလ (မင်္ကွန်း)
ဦးပညာတေဇ (ရေနံချောင်း) တို့က-

စေတနာ သဒ္ဓါတရားရှိရှိ မိမိတို့ အလုပ် အပျက်ခံ၍ ဖက်ရွက် ပြင်ဆင်ပေးကြပါသည်။

ဦးစန္ဒိမာ (ဆိပ်ဖြူ)
ဦးဉာဏောဘာသာလင်္ကာရ (တန့်ဆည်)
ဦးသုဇာတ (မြင်းခြံ)
ဦးစိန္ဒာစာရ (ဘားအံ)
ဦးဝိလာသ (မုံရွာ)
ဦးတိက္ခ (ချောက်)

မိမိအနေဖြင့် ၎င်း ပုဂ္ဂိုလ် တို့ ကို အထူး ကျေးဇူးတင်မိ၏။ အထူး ချီးကျူးမိ၏။

ပိဋကတ် စေတီ ဘော် သည် ရင်ပြင်တော် အဆင့်ဆင့်တို၌ ကနုတ်ပန်းများ မြို့ဝင်မြို့ဝင်ဆိုင်ဆိုင် တပ်ဆင်ထားသဖြင့် လည်းကောင်း၊

ပိဋကတ်သုံးပုံ ပါဠိတော်အဋ္ဌကထာဋီကာ စာအုပ်ပုံစံမျှားကို ရုပ်ကြွ ထွင်းထုထားသဖြင့် လည်းကောင်း၊

စေတီပတ်လည်၌ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ သိကြွားမင်း စသော ရုပ်လုံးမျှား ထွင်းထုထားသဖြင့် လည်းကောင်း အလှန်ကြည်ညိုဖွယ် ကောင်းလှ၏။

ပိဋကတ်စေတီဟော်ကို တည်ဆောက်ပြီးစကပင် ကနုတ်ပန်းမျှားအား ဆေးရောင်စုံခြယ်ချင်စိတ်တွေ တဖွားဖွား ဖြစ်မိခဲ့၏။ ဆေးရောင်စုံခြယ်ရစေကြောင်း အဖန်ဖန် ဆုတောင်းမိ၏။ အဖန်ဖန် စိတ်ကူးမိ၏။

ယခု ဆေးရောင်စုံခြယ်လိုကြောင်း ဆရာဝန်ကြီး ဦးသာလှအား ပြောပြတော့-

ဦးပဉ္စင်းစိတ်ကြိုက် လုပ်ပါဟု ပြောဆိုကာ အလှယ်တကူပင် လိုက်လျောလှ၏။

တစ်ခု တင်ပြချင်ပါ၏။

ဆရာဝန်ကြီး ဦးသာလှနှင့် ကျောင်းအမကြီး ဒေါ်ရွှေညွန့်တို့၌ အလှန် ချီးကျူးထိုက်သော တူညီသည့်တစ်ချက် ရှိ၏။

မိုးမိတ်ကုန်းမြို့ကောင်းသည့်လုပ်ငန်းသာ အကြံပေးလိုက်၊ ငွေရေးကြေးရေး အကူအညီ အကုန်ပေး၏။ ဘာမှ စောဒကမတက်။

ပိဋကတ်စေတီတော် ဆေးခြယ်ခွင့်ရသဖြင့် အနှစ်နှစ်အလလက ဘာင့်တခဲ့သော မိမိ အကြံအစည် အကောင်အထည် ဖော်ခွင့်ရတော့မည် ဖြစ်၍ အလှန်အလှန် ဝမ်းမြောက်ခြင်း ဖြစ်မိ၏။ သို့နှင့် ပန်းချီ ဦးရွှေဒေါင်း၊ ပန်းချီ ဦးကျော်မောင်၊ ကိုညွှန့်ဝင်း၊ ကိုမြင့်ဆန်းတို့နှင့် တိုင်ပင်၍ ပိဋကတ် စေတီတော်အား ဆေးရောင်စုံ ခြယ်သကြပါသည်။

ယခုမူ ပိဋကတ်စေတီတော်မှာ ဖူးမြင်ရသူတိုင်း ဖူးမဝ ဖြစ်ကြရလေပြီ။ အလှန်ကြည်နူးဖွယ် ဖြစ်၍နေလေပြီ။

ကျေပ် ခုနစ်သောင်းတိတိ အကုန်အကျခံ၍ သီတင်းကျတ်၊ တန်ဆောင်မုန်း၊ နတ်တဟော်၊ ပြာသို လေးလတိတိ ပြုလုပ်ရသည့် ပိဋကတ်စေတီတော်နှင့် ဓမ္မစေတီတော် ကျောက်စာတိုက်တို့ကို ရောင်တော်ဖွင့်ခြင်းလုပ်ငန်း ပြာသို လကုယ်နေ့တွင် အောင်မြင် ပြီးမြောက်ခြင်းသို့ ရောက်ရှိခဲ့ပါသတည်း။ ။

အဂ္ဂဉ်ယောသိတ (ရေနံ့သာ)





ရှင်တစ်ဆူနှင့် လူတစ်ယောက်

ဦးညီ (စစ်ကိုင်း)

''ရှင်တစ်ဆူနှင့် လူတစ်ယောက်'' သက္ကရာဇ် ၉၇၀- ခုနှစ်တွင် အင်းဝမင်း သရေခေတ္တရာ ပြည်မြို့ကို တိုက်ခိုက်သိမ်းယူရာ ပြည်မြို့ ပျက်သော်လည်း ၁၃-နှစ်သား အရွယ် ငထင်ငယ်ဆိုသူသည် မိမိ၏အရှင်သခင် ပြည်စား မင်းရန်ခိုင်စားအန်းတွင် ဓားလက်နက်ဖြင့် ခုခံ ကာကွယ်နေလေသည်။

ယင်း၏ ဦးရီးတော် အဘယရဟိမစ်သူကြီး က ငထင်ငယ် လူပျိုလူငယ်ပီလှသည်၊ သစ္စာရှိလှ သည်၊ သို့သော် ယခုအခါ မြို့ပျက်လေပြီ၊ လက်နက်ချ အညံ့ခံလော့ဟုဆိုမှ (သူ့ဆန်စား၍ ရဲရသည်)ဟု ဆိုပြီး လက်နက်ချ အညံ့ခံလေ၏။

အဓနောက် ဘက် လွန် မင်း က ပြည်မြို့ကို ငါတိုက်ခိုက်ယူရသည်။ (ရှင်တစ်ဆူနှင့် လူတစ် ယောက်)သာ ရခဲ့သည်ဆိုသည်။ ရှင်တစ်ဆူ ဆို သည်တိပိဋကဓရ အရှင်မုနိန္ဒဃောသကို ဆိုသည်၊ လူတစ်ယောက်ဆိုသည် ကျေးဇူးသစ္စာကို သိ တတ်သော ငထင်ငယ်ကို ဆိုသည်။

ယခု ကျန်တော်ရေးလိုသော (ရှင်တစ်ဆူ နှင့် လူတစ်ယောက်)မှာ အာဘိဓမ္မာဂရုဠ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးကို ဆိုပါသည်။ လူတစ်ယောက် ဆိုသည်မှာ ဝဏ္ဏ ကျော်ထင် အထူးကု ဆရာဝန်ကြီး ဥက္ကဋ္ဌကြီး ဦးသာလှ ဖြစ်ပါသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ အာတ္ထုပ္ပတ္တိမှာ မြန်မာပြည်အနှံ့ ဖတ်ရှုသိရှိကြပြီး ဖြစ်ပါ၍ ဆီလျော်ရာကိုသာ ထည့်သွင်း ရေးသားပါမည်။

ဆရာတော်ဘုရားကြီးသည် ၁၃၁၂-ခုနှစ်တွင် တိပိဋကစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ စာမျက်နှာ ၁၉၀၀-မျက်နှာ ရှိသော ဝိနယ ပိဋကကို အထောက်အမ လွတ်ကင်းလျက် သန့်ရှင်း ပြတ်သားစွာ ပြန်ဆိုတော် မူနိုင်ခဲ့သည်။ သဘောရေးဖြေ စာမေးပွဲ၌လည်း ဝိနည်း ၎း ကျမ်း အစဉ်အတိုင်း ၈၉-၉၉-၉၂-၉၀-၁၀၀ အမှတ်တို့ကို အသီးသီး ရရှိတော်မူခဲ့ပါသည်။

၁၃၁၃-ခုနှစ်တွင် စာမျက်နှာ ၁၁၁၀-မျက်နှာရှိသော အာဘိဓမ္မာပိဋက ပထမပိုင်း ၎းကျမ်းကိုလည်းကောင်း၊ ၁၃၁၄-ခုနှစ်တွင် စာမျက်နှာ ၂၅၀၀ ရှိသော အာဘိဓမ္မာပိဋက ဒုတိယပိုင်း နှစ်ကျမ်းကိုလည်းကောင်း အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်သည့် ပြင် ဂုဏ်ထူးမှတ်တို့ဖြင့်ပင် အောင်မြင်တော်မူခဲ့ပါသည်။

၁၃၁၅-ခုနှစ်တွင် စာမျက်နှာ ၆၆၄-မျက်နှာရှိသော သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်းကို အထောက်အမ လွတ်ကင်းစွာ၊ ၉၃-၉၂-၉၂ မှတ် ဂုဏ်ထူးမှတ်တို့ဖြင့်ပင် ယခင်အခါက မပေါ်ပေါက်ဖူးခဲသည့် တိပိဋကစာမေးပွဲကြီးကို အောင်မြင်တော်မူခဲ့ပါသည်။

သူတော်ချင်းချင်း သတင်းလွှဲလွှဲပေါင်းဖက်တွေ့

တိပိဋကစာမေးပွဲကြီး အောင်မြင်တော်မူပြီးနောက် ထိုအချိန် အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ဆရာဝန်ကြီး ဦးသာလှအား တိပိဋကဓရ ဆရာတော်ကြီး၏ ကျန်းမာရေးကို စောင့်ရှောက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။

ဆရာဝန်ကြီး ဦးသာလှသည် မန္တလေးမြို့ပြည်သူ့ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်ချိန် ဖြစ်ပါသည်။ အကုအသ ကောင်းမွန်လှသည်ဟု အလွန်ကျော်စောပါသည်။ထို့ပြင် သံဃာတော် အရှင်မြတ်များကို ကုသိုလ်ဖြစ် ကုသပါသဖြင့် ကြည်ညိုမှုပါ တိုးလာပြန်ပါသည်။

ဆရာဝန်ကြီး သည် တနင်္ဂနွေနေ့ တိုင်း မင်းကွန်းသို့ သွားရောက်ပြီး ဆရာတော်၏ ကျန်းမာရေးကို ကြည့်ရှု ကုသသည့်ပြင် မင်းကွန်းတောင်ရိုးရှိ လူအိုရုံဆရာတော် သံဃာတော်များနှင့် သီလရှင် ဂိလာနများကိုလည်း ကုသိုလ်ဖြစ် ကုသပါသည်။

ထိုအကြောင်း များကြောင့် မင်းကွန်း တိပိဋကဓရ ဆရာတော်နှင့် ဆရာဝန်ကြီး ဦးသာလှဟိုမှာ သူတော်ချင်းချင်း သတင်းလွှဲလွှဲပေါင်းဖက်တွေ့ကြပြီး ဆရာရင်း ဒကာရင်း ဖြစ်လာခဲ့ပါသည်။

ဆရာတော် ဘုရားကြီး သည် ဒုတိပိဋကကို အောင်မြင်ပြီး ကတည်းကပင် ဆဋ္ဌသင်္ဂါယနာ ကိစ္စတွင် အရေးကြီးသည့် ပါဠိဝိသောဓက လုပ်ငန်းကို တာဝန်ယူဆောင်ရွက်တော်မူခဲ့ပေသည်။

၁၃၁၅-ခု၊ နယုန်လဆုတ် ၁၀-ရက်နေ့ကစ၍ ဝိနည်းမဟာဝဂ် ပါဠိတော်ကြီးကို တစ်ဖန် ထပ်၍ ပဋိဝိသောဓက အလုပ်ကို လုပ်ဆောင် တော်မူခဲ့ပါသည်။

ထို့ပြင် ပရိဝါပါဠိတော် မဟာဝါအဋ္ဌကထာ၊ ဝင်္ဂီရဗုဒ္ဓဋီကာ၊ သာရတ္ထဒီပနီဋီကာ၊ ဝိမတိဝိနောဒနီဋီကာတို့ကိုလည်း တစ်လအတွင်း ပြီးအောင် ပြင်းထန်သော ဝီရိယဖြင့် ပြင်ဆင် သုတ်သင်တော်မူခဲ့ပါသည်။

စာမူများကို သုတ်သင်တော် မူပြီးနောက် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှ စ၍ ၁၃၁၇-ခုနှစ် ကဆုန်လဆန်း ၁၀-ရက်နေ့အထိ ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် ပဲ့တော်ကြီး၌ ဝိသုဒ္ဓက အဖြေတာဝန်ကိုယူကာ ဆောင်ရွက်တော်မူခဲ့ပေသည်။

ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် ဆင်ယင်ကျင်းပပြီးသောအခါ၌လည်း ဆရာတော်သည် ရှေးအခါက မပေါ်ပေါက်စဖူး ထူးကဲစွာ ပြည့်စုံသည့် အတွဲအား ဖြင့် ၆-တွဲ၊ အုပ်ရေအား ဖြင့် ၈-အုပ်ရှိသည့် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားစီရင်တော်မူခဲ့ပါသည်။

ဤသို့အား ဖြင့် ရှင်တစ်ဆူတည်း ပြုခဲ့သည့် ရှေ့ပိုင်းသာသနာပြုများ ဖြစ်ပါသည်။

ဆရာတော်ကြီး၏ မိခင် ဒေါ်မမွစာရီ၊ ဆရာတော်ဘုရားနှင့် ဆရာဝန်ကြီး ဦးသာလှ အစရှိသော တပည့်ဒကာများ စုပေါင်း၍ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေတွင် မိုးမိတ်စေတီတော်ကြီးနှင့်တကွ အရန်စေတီဒတ်များသည် ချုံနွယ်သစ်ပင်များဖြင့် ဖုံးလွှမ်းပြီး စေတီတော်ကြီးနှင့် အရန်စေတီတော်များပါ မမြင်ရလောက်အောင် ပိတ်ဆို့ ယိုယွင်းနေသည်များကို ပြန်လည်မွမ်းမံရန် ပြင်ဆင်နေပါသည်။

၁၁၄၃-ခု၊ တပို့တွဲလပြည့်ကျော် ၁၄ ရက် ကုန်းဘောင်မင်းများတွင် ပဉ္စမမြောက် နန်းတက်သော ဗဒုံမင်းခေါ် ဘိုးတော်ဘုရား (အင်း၀) နန်းတက်တော်မူလေသည်။ အင်း၀နေပြည်တော်သည် ကိန်းခန်း သိုက်တဘောင် များအရ ထီးသက်နန်းသက် ကုန်ချိန်တန်ပြီ ယုံကြည်ပြီး ၁၁၄၅-ခုနှစ်တွင် မြို့ဆစ်တည်တော်မူသည်။ ထိုမြို့ကို အမရပူရမြို့တော်ဟု ကမ္ဘည်းထိုးတော်မူသည်။ ၁၁၄၆-ခုနှစ်တွင် အမရပူရမြို့သစ်သို့ ပြောင်းရွှေ့ စံနေတော်မူသည်။

ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၁၅၂-ခု၊ တပို့တွဲလဆန်း ၅-ရက်၊ တနင်္ဂနွေနေ့တွင် မင်းကွန်းပုထိုးတော်ကြီးကို ဖိနပ်တော်ရွှေအုပ်စ၍ အုတ်မြစ်ချတော်မူသည်။ မင်းရှာကိုလည်း မင်းကွန်းဟု သမုတ်တော်မူသည်။

မင်းကွန်း စေတီတော်ကြီး တည်ရာတွင် ဘိုးတော်ဘုရားသည် နန်းတော် ကျွန်းတွင် ယာယီစံနန်းနှင့် နေတော်မူပြီး ကိုယ်တိုင် စောင့်ကြပ် တည်တော်မူပါသည်။ ထိုသို့ တည်ရာတွင် သားတော်များကို အစောင့်အနေ ချထားရာ ယခု မိုးမိတ်ကုန်းမြေတွင် မိုးမိတ်မိဖုရားကြီး၏ သားတော် မိုးမိတ်မင်းသားကို အစောင့်အနေ ချထားတော်မူပါသည်။

ဘုရားလည်း ပြီး၊ ပြည်လည်း ပျက်လတ္တံ့ ဟူသော တဘောင်အရ ရှည်ကြာစွာ တည်တော်မူပြီး ၁၁၇၄-ခုနှစ်မှာ ဘုရားမပြီးသေးဘဲ ရပ်ဆိုင်းခဲ့ပါသည်။

နှစ်ကြာရှည်စွာ တည်ရသဖြင့် သားတော် မိုးမိတ်မင်းသားသည် မိမိ အစောင့်အနေ နေရသည့် ကုန်းမြေတွင် ဘုရားတည်ရန် ဘိုးတော်ဘုရားထံ ခွင့်ပန် တည်ထားတော်မူရာ မိုးမိတ်မင်းသား တည်ထား တော်မူသဖြင့် မိုးမိတ်ကုန်းမြေ မိုးမိတ်စေတီတော်ဟု တွင်ပါသည်။

မိုးမိတ်ကုန်းမြေကို ခုတ်ထွင် ရှင်းလင်းချိန်မှာ သစ်ပင်ချုံများ ပိတ်ဖုံးနေပြီး နွားများ မတိုးနိုင်အောင် သစ်ပင်ချုံနွယ်များ ထူထပ်လျက် ရှိပါသည်။ စေတီတော်များ မြင်တွေ့ ရှင်းလင်းသည့်အခါတွင် ဓပါးကြီးမြို့ သုံး

ကောင် တွေ့ရှိပါသည်။ အတိတ်ကောင်း နိမိတ် ကောင်းပေတည်း။

သက္ကရာဇ် ၇၂၆-ခုတွင် သတိုးမင်းဖျား သည် အင်းငကိုတည်ရန် သဘင်တဲတော်နှင့် နေသည့်အခိုက်တွင် ဖျာလိပ်ခန့် အတိုင်းအရှည် ရှိသော စပါးကြီးမြွေတကောင်သည် တဲတော် တိုင် မြေထဲကပတ်၍ နေလေ၏။ ထိုစပါးကြီး လွန်သောအခါ တဲတော်အလုံး သိမ့်သိမ့်နှဲနဲရှိ၍ မြေကို တူး၍ကြည့်လေသော် စပါးကြီးမြွေ တွေ့ လေ၏။ သတိုးမင်းဖျားလည်း ထိုအကြောင်း ကို ပဋ္ဌကတ် ပေဒင်တတ်တော်မူသော ပန်းထူး ကြီး သဃ်ရာဇာကို မေးတော်မူသော် မြို့တည် မည်ဟူ၍ အရပ်အနေပြုတော်မူသော တဲတော် ကို စပါးကြီးမြွေ မြေဆဲက အသာအသာ တိုး သည့် အလိုတော်ကား ဤမြစ်ဝဆုံ၌ ပြည်ကြီး ဖြစ်၍ သာသနာတော်၏ ထွန်းပရာ ဖြစ်လတ္တံ့။ ဤပြည်ကြီးကို မှီ၍ အသက်မွေးသောသူတို့သည် လည်း ချမ်းသာစွာ ဖြစ်လတ္တံ့ဟု နိမိတ်ကို ဖတ်လေ၏။

သစ်ပင်ချုံနွယ်များ ရှင်းလင်းပြီး မိုးမိတ် စေတီတော်ကြီးနှင့် အရန်စေတီတော် များကို ဆရာတော်ကြီးနှင့် တကွ မယ်တော်ကြီး ဒေါ်မမူစာရီ၊ ဆရာဝန်ကြီး ဦးသာလှ အမှူးပြု သော တပည့် ဒကာများသည် ပြန်လည်မွမ်းမံ ပြင်ဆင်တော်မူလေသည်။

ဆရာတော်ဘုရားကြီးသည် မိမိ တိုင်ဋ္ဌက ဘွဲ့တံဆိပ်တော် ရရှိခဲ့သည်မှာ ၂၄-နှစ်ပြည့်၍ ၂၅ နှစ်အတွင်း ဝင်ရောက်လာပြီဖြစ်၍ မိမိ တိုင်ဋ္ဌကဓရ ဆွမ်းဆန်တော်လစာဒေး (၃၁၀/-) ကို သာသနာပြုအဖွဲ့တစ်ခုဖွဲ့၍ အပ်ပြီး ထိုလစာ ငွေများကို လစဉ်ထုတ်ယူ မတည်ပြီး တိုင်ဋ္ဌက အရှင်သူမြတ်များ မိမိကဲ့သို့ ပေါ်တွန်းလာစေ ရန် ဆောင်ရွက် စီမံတော်မူပါသည်။

၁၃၄၀-ပြည့် မြန်မာနှစ်ဆန်း တစ်ရက်နေ့ တွင် တိုင်ဋ္ဌက=နိကာယသာသနာပြု အဖွဲ့ကြီးကို ဆရာဝန်ကြီး ဦးသာလှအား ဥက္ကဋ္ဌ အဖြစ် တာဝန်ရှိဖွဲ့စည်း၍ မန္တလေးဌာနခဲ့၊ စစ်ကိုင်းဌာန ခဲ့၊ ရန်ကုန်ဌာနခဲ့၊ ဌာနခဲ့သုံးခု သက်မှတ်ပြီး ပင်မအဖွဲ့ကို မိုးမိတ်ကုန်းမြေတွင် ဌာနထားပါ သည်။ ဝိဇ္ဇောကအရပ်ဖြစ်သော မိုးမိတ်ကုန်းမြေ တွင် တိုင်ဋ္ဌက=နိကာယ ကျောင်းတိုက်ကြီးကို စ တင် ဖွင့် လှစ် ပြီး ဆောင်ရွက်ခဲ့ရာ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှမှာ မြန်မာပြည်တွင်သာ မက ကမ္ဘာ့တိုင်းပြည်များမှာ ပညာသင်ကြား ဘွဲ့အသီးသီး ရရှိခဲ့ပြီး ကမ္ဘာ့ဗဟုသုတ ရရှိလာခဲ့ သည့် ပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

ဘိလ သမာဓိ ပညာ သိက္ခာသုံးရပ်နှင့် မြည့် စုံပြီး "နိုးကြား ထကြွ၊ သနား သည်းခံ၊ ဝေဖန် ထောက်ရှု၊ ဤခြောက်ခု၊ ကြီးသူ့ တာဝန်တာ" ဆိုသည့် နာယကဂုဏ် ခြောက်ပါးနှင့်လည်း ပြည့်စုံသည့် ပုဂ္ဂိုလ်ကြီး ဖြစ် သည့် အတွက် (ရှင်တစ်ဆူနှင့် လူတစ်ယောက်) ပေါင်းဖက်မိ ကြတာဖြစ်တော့ စာဖတ်သူပရိသတ်များ မျက် မြင်ကိုယ်တွေ့ ဖြစ်သည့်အတိုင်း ကစ်ဒနေ့တခြား တိုးတက်ကြွယ်ညီဖွယ်ရာဖြစ်လာပါတော့သည်။

သတိုးမင်းဖျား အင်းဝတည်စဉ်က သဃ်-ရာဇာ ဆရာတော် နိမိတ်ဖတ်သည့် အတိုင်း သာသနာတော်၏ ထွန်းပရာ ဌာနတစ်ခုလည်း ဖြစ်လာပါပြီ။ ဤ မိုးမိတ်ကုန်းမြေတွင် နေထိုင် တော်မူကြသော စာသင်သံဃာ ဆရာတော် များလည်း ချမ်းသာစွာ နေကြရပါပြီ။

၁၉၄၂-ခု၊ နိုဝင်ဘာလဆန်း ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ၄-ရက်တိုင်တိုင် ကျင်းပသည့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးမှ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ

စသော စည်းမျဉ်း ဥပဒေများကို အတည်ပြု ပြဋ္ဌာန်း ပေး ခဲ့ ရာ တွင် ပ ရိ ယတ္တိ သာ သ နာ့ တက္ကသိုလ်ကြီး ပေါ်ထွက်လာနိုင်မည့် ပညာ ရေးမူ လေးချက်ကို ဆုံးဖြတ် အတည်ပြုပါသည်။

ထိုမူလေးချက်မှာ—

၁။ အကျင့်သိက္ခာ မြင့်မားစေရန်၊
၂။ ပိဋကတ်ကျမ်းစာ နှံ့စပ်စေရန်၊
၃။ ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင် စေရန်၊
၄။ မြန်မာစာ အရေးအသား တော်စေရန် တို့ ဖြစ်ပါသည်။

ထိုဆုံးဖြတ်ချက်အရ ရန်ကုန်နှင့် မန္တလေး တို့၌ ပရိယတ္တိတက္ကသိုလ် တစ်ခုစီ တည်ထောင် ရန် ဆုံးဖြတ်ကြပါသည်။

ရှေးဦးစွာ မန္တလေး ပရိယတ္တိတက္ကသိုလ် အတွက် အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ ဆရာ တော်ကြီးအား မေတ္တာရပ်ခံ တာဝန်ပေးရန် ဆုံးဖြတ်တော်မူပြီး မေတ္တာရပ်ခံစာကို ပေးအပ် တော်မူပါသည်။

ဤကဲ့သို့ တာဝန် ပေးအပ်ခြင်းမှာလည်း ဆရာတော်ဘုရားကြီးသည် မင်းကွန်းတောင်ရိုး မိုး မိတ် ကုန်း မြေ တွင် တိပိဋက – နိကာယ ကျောင်းကို တည်ထောင်ပြီး တိပိဋက အရှင် သူမြတ်များ ပေါ်ထွန်းရေး ဆောင်ရွက်ချက် အောင်မြင်နေသည်ကို နိုင်ငံတော် သံဃမဟာ နာယက ဆရာတော်ကြီးများ မျက်မြင်ကိုယ်တွေ့ ဖြစ်နေသဖြင့် တာဝန်ပေးအပ်ခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် တာဝန်ယူခဲ့ပြီး နောက် ဥက္ကဋ္ဌ ဆရာစန်ကြီး ဦးသာလု ဦးဆောင် သည့် တိပိဋက-နိကာယ သာသနာပြုအဖွဲ့အား အစည်းအဝေးခေါ်ပြီးလျှင် ဘုန်းကြီးအနေနှင့် နိုင်ငံတော် သံဃမဟာနာယကမှ ပေးအပ်သည့် ရေချမ်းအိုကြီးတစ်လုံးကို ရွက်ခဲ့ပြီလို့ မိန့်ကြား တော်မူပြီး မန္တလေးမြို့ပြ ပရိယတ္တိတက္ကသိုလ် ဆောက်လုပ် လှူဒါန်းရေးအဖွဲ့ကို ဆရာဝန်ကြီး ဦးသာလှအား ဥက္ကဋ္ဌအဖြစ် ထားရှိ ပြီး ဆောင်ရွက်စေပါသည်။

ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှကလည်း ဆရာတော်ကြီးပါရမီကို ကူညီ ဖြည့်ပါမည်ဟု ဝမ်းမြောက်ဝမ်းသာ ရဲရဲတောက် တာဝန်ယူပါသည်။ တာဝန်ယူပြီးနောက် ဆရာတော်ဘုရား ကြီးနှင့် ဥက္ကဋ္ဌ ဆရာဝန်ကြီးတို့သည် ကျောင်း မြေနေရာအတွက် မနေမနား ရှာဖွေကြရာ ယခု တည်ဆောက် ထားသည့် သီပေါမင်း၏ မယ် တော် လောင်းရှည်မိဖုရားကြီး ဆောက်လုပ်ပြီး ဆက်လက်၍ အပြီးသတ် ဆောက်လုပ် လှူဒါန်း သည့် စုံဖုံရားလတ်၏ ကောင်းမှုတော် မဟာ ဝိဇယာပုညမှန်ကျောင်းတိုက်မြေနေရာကို ရရှိပါ သည်။ မြေနေရာရရှိပြီးသည့်အချိန်မှာဆရာတော် ဘုရားကြီး၏မျက်နှာသည် အလွန်ရွှင်ပြုံးနေပြီး ရောက်သမျှနေရာ တွေ့သမျှ ဒါယကာ-ဒါယိကာ မမျှားကို ကျောင်းမြေနေရာ ရရှိတာကိုသာ ဝမ်းမြောက်ဝမ်းသာ မိန့်ကြားတော်မူပါသည်။ ဆရာတော်ဘုရားကြီး၏မျက်နှာ ရွှင်ပြုံးနေသည် ကို ထိုအချိန်လောက် တစ်ခါမှ မတွေ့မမြင်ရဖူး ပါ။ မြေနေရာ ရရှိပြီးနောက် တက္ကသိုလ်ကြီး ဆောက်လုပ်မည့် အကြောင်း ကြေညာလိုက်ရာ အထက်အောက် မြန်မာပြည်တဝန်း ကျောင်း ဒကာ ကျောင်းအုပ်များ ပေါ်ထွက်လာပြီး မန္တလေးမြို့မှာဆိုလျှင် ဆရာတော် ဘုရားကြီး ရေစက်ချရသည်မှာ တစ်နေ့လျှင် သုံးပွဲ လေးပွဲ ရေစက်ချရပါသည်။ ဆရာတော် ဘုရားကြီး သည်လည်း ရွှင်လန်းစွာဖြင့် မမောမပန်း ရေ စက်ချပေးတော်မူပါသည်။

တစ်နှစ်အတွင်း၌ပင်လိုအပ်သော သာသနိက အဆောက်အအုံများ၏ သုံးပုံတစ်ပုံခန့် အလှူရှင်

ဝပါထုက်လာ၍ ဆောက်လုပ်ရာတွင် အောင်မြင်မှုရှိပါသည်။

ထို အောင်မြင်မှုကို တွေ့မြင်တော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအား ဦးဆောင်ထား၍ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရေးအဖွဲ့ကို ဆရာဝန်ကြီး ဦးသာလှကိုပင် ဥက္ကဋ္ဌအဖြစ် ထားရှိပြီး ဆောင်ရွက်ရန် စီစဉ်ပေးတော်မူပါသည်။

ဆရာဝန်ကြီး ဦးသာလှကား ဘက်ပေါင်းစုံကျွမ်းကျင်သည့် ပုဂ္ဂိုလ်ကြီးဖြစ်ပါသည်။ စီမံရေးရာပိုင်းတွင် အစိုးရဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ ပင်စင်ယူသူများကို သူ့နေရာနှင့်သူ စည်းရုံးနေရာချထား တာဝန် ပေးပါသည်။စီမံချက်စည်းမျဉ်းများနှင့်အညီ အင်ဂျင်နီယာဌာနမှ ပင်စင်ယူလာခဲ့သူများကို ပုံစံထုတ်လုပ်ခြင်း၊ ဆောက်လုပ်ရေး တာဝန်ပေးခြင်း၊ ပင်စင်ဘဏ်မန်နေဂျာကို ဝင်ငွေရေးကြေးရေးနှင့် ဘဏ်ဆက်သွယ်ရာတွင် တာဝန်ပေးခြင်း၊လိုအပ်သော ပစ္စည်းများ ဝယ်ယူရရှိနိုင်ရေး သူ့ကျွမ်းကျင်ရာ ဆိုင်ရာပုဂ္ဂိုလ်များကို တာဝန်ခံ ကော်မတီများ အသီးသီး ဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်စေလျက်ရှိပါသည်။ ဂီတနှင့် ရုပ်ရှင်အနုပညာရှင်များကိုလည်း ပွဲတော်များ ကျင်းပသည့်အခါတွင် ပါဝင် ကူညီလှုရန် စည်းရုံးနိုင်ခြင်း၊ ဆရာတော်ဘုရားကြီး၏ ကြေးသွန်းရုပ်တုတော်များ ရန်ကုန်မှ မန္တလေးသို့ ပင့်ဆောင်ရာတွင် ကားနှင့် လိုက်ပါ ကူညီလှုကြပြီး လမ်းမှာ (၂)ည အိပ်လာရသည့် ခရီးကိုပင် လိုက်ပါ ကူညီလှုကြသည်မှာ ချီးကျူးလို့မကုန်နိုင်စအောင် ကျေးဇူးတင်လို့ မကုန်နိုင်ပင်။ ဂီတလုလင် ဦးကိုကို ကို ကျန်တော်က လမ်းမှာ နှစ် ည အိပ် အဆင်းရဲခံပြီး လိုက်လာကြတာ ကျန်တော်တို့အပွဲအနေနှင့် ကျေးဇူးတင် မဆုံးနိုင်ပါဘူးလို့ ပြောပြရာ ဦးကိုကိုက ကုသိုလ်ရေးဆိုတော့ ဆင်းရဲတာကို မကြည့်နိုင်ဘူးလို့ ပြောပြရာ ကြည်ညိုစရာပင် ဖြစ်ပါသည်။

ဆရာဝန်ကြီး ဦးသာလှကလည်း သူကိုဟာတချို့မှာ စရန်ယူလက်ခံထားတဲ့ပွဲများကိုတောင် ဖျက်ပြီး လိုက်လာကြတာပါလို့ ပြောတော့ ပို၍ပင် ချီးကျူး ကြည်ညို သာမုဒေါမိပါသည်။ ရန်ကုန်မှာ နာမည်ကြီးအဆိုတော်များ ကုန်သလောက်ပင် ဖြစ်ပါသည်။

ဆရာဝန်ကြီး ဦးသာလှသည် ခေါင်းဆောင်ပီပီ နေ့မအား ညမအား ဆွေးနွေးတိုင်ပင်စီစဉ်ဦးဆောင်မှုပေးလျက် မန္တလေးနှင့် ရန်ကုန်မြို့သို့ ခေါက်တုံ့ခေါက်ပြန် မင်းကွန်းသို့လည်း ရောက်အောင်သွား၍ အခြေအနေ အရပ်ရပ် လုပ်ငန်းတိုးတက်မှုများ ကြည့်ရှုစိစစ်၍ ဆရာတော်ဘုရားကြီး၏ လမ်းညွှန်မှုများလည်း နာခံပြီး ဆောင်ရွက်လျက် ရှိပါသည်။

ဆရာတော်ဘုရားကြီး နိုင်ငံအနှံ့ မြို့ကြီးများ မြို့ငယ်များသို့ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးအတွက် လှူဒါန်းမည့် တရားပွဲများသို့ ကြွတော်မူရာတွင်လည်း ဖဝါးမခြေထပ်ထက်ကြပ်မကွာ ဆိုသလို မချန်မလှပ် လိုက်ပါဆောင်ရွက် နေသည်ကို ရုပ်မြင်၊ ရေဒီယို၊ သတင်းစာမှ ရဟန်းရှင်လူအားလုံး သိရှိကြပြီး ဖြစ်သည့်အတွက် အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့် ဝဏ္ဏကျော်ထင် အတူးကု ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှဟိုအား (ရှင်တစ်ဆူနှင့်လူဘစ်ယောက်)လို့ အမှတ်းတင်သည့် ဆောင်းပါးကို ရေးသားခြင်း ဖြစ်ပါကြောင်း။

စစ်ကိုင်း ဦးညီ

တွေ့ခဲ့ရသည့် သာသနာ

ဥပေါဓိတသိရီ

ရည်ညွှန်းချက် -

[သာသနာနှင့်မတွေ့ရဘဲ သာသနာနှင့်တွေ့သည်ဟု အထင်းရောက်နေသူ အားလုံးသို့]။

စာရေးသူ၏အထံသို့ စစ်ကိုင်းတိုင်း၊စစ်ကိုင်းမြို့နယ်၊ အုန်းတောရွာမှ ကျောင်းဆရာ ဆရာကြီးမောင်နှင့် ဇနီးဖြစ်သူ မအေးအေးမြင့်တို့ ရောက်လာကြသည်။

စာရေးသူ။ ။မောင်ကြီးမောင်နဲ့ အေးအေးမြင့်တို့ ဘာကိစ္စနဲ့ လာခဲ့ကြတာလဲ။

အေးအေးမြင့်။ ။တပည့်တော်မ သားကိုရင်နဲ့ လာတုန်းမှာ ဆရာတော်က သာသနာနဲ့တွေ့ခဲ့တယ်လို့ အမိန့်ရှိတာ သဘောမပေါက်လို့ပါဘုရား။

စာရေးသူ။ ။ဘယ်လိုထင်လို့လဲ။

အေးအေးမြင့်။ ။တပည့်တော်တို့မြန်မာနိုင်ငံမှာ ဘယ်အရပ်သွားသွား စေတီဘုရားနဲ့ ကျောင်းကန်များကို ဖူးတွေ့နိုင်ပါတယ်။ ရဟန်းသံဃာတော်များကိုလည်း ဖူးတွေ့နိုင်ပါတယ်။ နိုင်ငံခြားသားများတောင် မြန်မာနိုင်ငံကိုလာယင် စေတီဘုရားကျောင်းကန်များနဲ့ သံဃာတော်များကို တွေ့နိုင်ကြပါတယ်။ ဒါကြောင့် သာသနာတွေ့ခဲ့တယ်ဆိုတာ ဟုတ်ရဲ့လားလို့ သံသယဖြစ်မိပါတယ် ဘုရား။

စာရေးသူ။ ။အေးအေးမြင့်တို့က စေတီဘုရား ကျောင်းကန်များနဲ့ ရဟန်းသံဃာတွေကို သာသနာလို့ ထင်နေကြတာကိုး။ ဒီတော့ သာသနာဆိုတာ ဘာ၊ ဘယ်လို တွေ့ခဲ့တယ်ဆိုတာ ရှင်းပြောရမှာပေါ့။

အေးအေးမြင့်။ ။အမိန့်ရှိပါဘုရား။

စာရေးသူ။ ။သာသနာဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမစကားတော်ကို ခေါ်တာ။ "ဒိဋ္ဌ ဓမ္မိက သမ္ပရာယိက ပရမတ္ထတို့ ယထာရဟံ သတ္တော သာသတိ ဝိနေတိ ဇေတနာတိ သာသနံ"လို့ နေတို့အဋ္ဌကထာဖွင့်တဲ့အတိုင်း မျက်မှောက် အကျိုးစီးပွား၊ တမလွန်အကျိုးစီးပွားနှင့် လောကုတ္တရာအကျိုးစီးပွားတို့ဖြင့် ထိုက်သည်အားလျော်စွာ သတ္တဝါတို့ကို ဆုံးမကြောင်း စကားတော် သြဝါဒတော်များကို သာသနာလို့ ခေါ်တယ်။

အေးအေးမြင့်။ ။အဲဒီ အဆုံးအမတွေက ဘာတွေပါလဲ ဘုရား။

စာရေးသူ။ ။အကျဉ်းချုပ်အားဖြင့်တော့ သီလ, သမာဓိ, ပညာပါဘဲ။ သိက္ခာသုံးပါးလို့လည်း ခေါ်တယ်။ ဒီသိက္ခာသုံးပါးကို အကျယ်ခွဲလျှင် ဝိသုဒ္ဓိ ၇-ပါးဖြစ်လာတယ်။ ဒီ ဝိသုဒ္ဓိ ၇ ပါးကို အကျယ်ခွဲပါလျှင် ဗောဓိပက္ခိယတရား ၃၇-ပါးဖြစ်လာတယ်။ အဲဒါကို အကျယ်ခွဲလိုက်ပြန်တော့ ပိဋကတ်သုံးပုံ နိကာယ် ငါးရပ် ဖြစ်လာတယ်။

အေးအေးမြင့်။ ။ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ကို ဘာကြောင့် သာသနာလို့ ဆိုရပါသလဲ ဘုရား။

စာရေးသူ။ ။ပိဋကတ်သုံးပုံ နိကာယ်ငါးရပ်ဟာ သတ္တဝါတို့ရဲ့ မျက်မှောက်ခံစားရတဲ့ အကျိုးစီးပွား၊ တမလွန်ဘဝ ခံစားရတဲ့အကျိုးစီးပွားများအပြင် လောကုတ္တရာ အကျိုးစီးပွားတို့ကိုပါ ဖော်ပြထားတဲ့၊ ပေးစွမ်းနိုင်တဲ့ ဆုံးမစကားတော်များ ဖြစ်လို့ သာသနာလို့ ခေါ်ရတာပေါ့။

အေးအေးမြင့်။ ။အကျဉ်းချုံးပုံ အမိန့်ရှိပါဦးဘုရား။

စာရေးသူ။ ။ဘုရားကိုယ်တော်မြတ် ၄၅-ဝါကာလကြာအောင် ဟောကြားဆုံးမထားတဲ့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာကို အဆီညှစ် အနှစ်ကို ထုတ်ယူရင် ဗောဓိပက္ခိယတရား ၃၇-ပါးရတယ်။ တဖန် ထိုဗောဓိပက္ခိယတရား ၃၇-ပါးကို အဆီညှစ် အနှစ်ကိုယူလိုက်တော့ ဝိသုဒ္ဓိ ၇-ပါးရတယ်။ ထိုဝိသုဒ္ဓိ ၇-ပါးကိုအညီညှစ် အနှစ်ကို ထုတ်ပြန်လိုက်တော့ သီလ, သမာဓိ, ပညာဆိုတဲ့ သိက္ခာသုံးပါးရတယ်။

ဆရာကြီးမောင်။ ။လိုရင်းတော့ သာသနာဆိုတာ သီလ, သမာဓိ, ပညာကို ဆိုလိုတယ်ပေါ့ဘုရား။

စာရေးသူ။ ။ဟုတ်တယ်။ ဒါပေမယ့် အဓိသီလခေါ်တဲ့ သီလမျိုး၊ အဓိစိတ္တခေါ်တဲ့ သမာဓိမျိုး၊ အဓိပညာခေါ်တဲ့ ပညာမျိုးမှ သာသနာလို့ ဆိုနိုင်တယ်။

အေးအေးမြင့်။ ။ရှင်းပါဦး ဘုရား။

စာရေးသူ။ ။အစဆုံး သီလမှာ သီလ၊ အဓိသီလလို့ ၂-မျိုးရှိတယ်။ ထို ၂-မျိုးထဲမှာ အဓိသီလဆိုတာ (၁) မဂ်ဖိုလ်နှင့်ယှဉ်တဲ့သီလရယ်၊ (၂) ရဟန်းတော်များသာကျင့်သုံးရတဲ့ ပါတိမောက္ခသံဝရသီလရယ်၊ (၃) နိဗ္ဗာန်တောင့်တပြီး ဆောက်တည်အပ်တဲ့ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသီလရယ်၊ဒီသုံးမျိုးကို သာသနာတွင်းမှသာ ဆောက်တည် ကျင့်သုံးနိုင်လို့ မျက်မှောက်အကျိုးစီးပွား၊ တမလွန်အကျိုးစီးပွားများကိုသာမက လောကုတ္တရာအကျိုးစီးပွားများကိုပါ ပေးစွမ်းနိုင်လို့ အခြားသောလောကီသီလတို့ထက် သာလွန်တယ်ဆိုတဲ့ အနက်သဘော အရ အဓိသီလလို့ ခေါ်ရတယ်။ သီလသာသနာလို့လည်း ခေါ်တယ်။

ဆရာကြီးမောင်။ ။ဒီလိုဆိုယင် လူ့ချမ်းသာ နတ်ချမ်းသာကို ရည်ရွယ်တောင့်တပြီး ဆောက်တည်တဲ့ သီလ၊ အမှတ်မဲ့ ဆောက်တည်တဲ့သီလတွေဟာ ဘုရားအဆုံးအမခေါ်တဲ့ သာသနာထဲမှာ မပါဘူးပေါ့။

စာရေးသူ။ ။ဟုတ်တယ်၊ မပါနိုင်ဘူး။ သာသနာပအခါတွေမှာလည်း ဆောက်တည်နိုင်ကြတဲ့ သီလမျိုးတွေကိုး။

အေးအေးမြင့်။ ။သမာဓိတရော ဘုရား။

စာရေးသူ။ ။သမာဓိမှာလည်း စိတ္တ၊ အဓိစိတ္တလို့ ၂-မျိုးလာတယ်။ စိတ်ဆိုပေမယ့် သမာဓိကို ဆိုတာပါပဲ။ အဲဒီမှာ (၁) မဂ်စိတ် ဖိုလ်စိတ်၊ မဂ်သမာဓိ၊ ဖိုလ်သမာဓိ၊ (၂)ဝိပဿနာဉာဏ်ရဲ့ အခြေခံအကြောင်းဖြစ်တဲ့ သမာပတ် ရှစ်ပါး။ တစ်နည်းပြောယင် နိဗ္ဗာန်ကို တောင့်တပြီး ဝင်စားတဲ့ ဈာန်သမာဓိပဲ။ ဒီနှစ်မျိုးကို သာသနာတွင်းမှသာ ဖြစ်နိုင်တဲ့ သမာဓိများဖြစ်လို့ မျက်မှောက် အကျိုး

စီးပွား၊ တမလွန် အကျိုးစီးပွားမျှားကိုသာမက လောကုတ္တရာ တကျိုးငီးပွား မျှားကိုပါ ပေးစွမ်းနိုင်လို့၊ အခြားသော သမာဓိတို့ထက် သာလွန်မြင့်မြတ်တယ် ဆိုတဲ့ အနက်သဘောအရ အဓိစိတ္တာလို့ ခေါ်ရတယ်။ သမာဓိသာသနာလည်း ခေါ်တယ်။

ဆရာကြီးမောင်။ ။ယခု အားထုတ်နေကြတဲ့ အာနာပါန စတဲ့ သမာဓိအလုပ်တွေကရော ဘုရား။

စာရေးသူ။ ။သမာဓိရယင် ဝိပဿနာကူးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဆိုယင်တော့ သမာဓိ သာသနာပါပဲ။

အေးအေးမြင့်။ ။ဆက်ပြီး အဓိန့်ရှိပါဘုရား။

စာရေးသူ။ ။ပညာမှာလည်း ပညာ၊ အဓိပညာလို့ ၂-မျိုးရှိတယ်။ ထို ၂-မျိုးထဲမှာ (၁) မဂ်ပညာ ဖိုလ်ပညာ၊ (၂) ဝိပဿနာဉာဏ်လို့ခေါ်တဲ့ ပညာ။ ဒီ ၂-မျိုးကို သာသနာတွင်းမှာသာ ရနိုင်လို့၊ မျက်မှောက်အကျိုးစီးပွား၊ တမလွန် အကျိုးစီးပွားကိုသာမက လောကုတ္တရာ အကျိုးစီးပွားမျှားကိုပါ ဖြစ်စေ နိုင် လို့ အခြားသော ပညာတို့ထက် သာလွန်မြင့်မြတ်တယ်ဆိုတဲ့ အနက်သဘောအရ အဓိပညာလို့ ခေါ်ကြရတယ်။ ပညာသာသနာလို့လည်း ခေါ်တယ်။

ဆရာကြီးမောင်။ ။လှူတာ အကျိုးရှိတယ်၊ ဘုရားရှိခိုးယင် ကုသိုလ်ရတယ်လို့သိတဲ့ ပညာကရော ဘုရား။

စာရေးသူ။ ။ဒါက ကမ္မဿကတဉာဏ်ပညာလို့ ခေါ်တယ်။ ဒီဉာဏ်ပညာမျိုးဟာက ဘုရားပွင့်တဲ့အခါမှာရော၊ ဘုရားမပွင့်တဲ့အခါမှာရော ဖြစ်နိုင်လို့ ပညာသာသနာလို့ မဆိုသာဘူး။

ဆရာကြီးမောင်။ ။ခုခေတ် မြန်မာနိုင်ငံမှာရော နိုင်ငံခြားသားမျှားပါ သင်ယူနေကြရတဲ့ သိပ္ပံပညာ ဝိဇ္ဇာပညာတွေကိုရော ဘယ်လိုဆိုမလဲ ဘုရား။

စာရေးသူ။ ။အဲဒီပညာတွေက လောကီပညာတွေပဲ၊ သာသနာပမှာလည်း သင်နိုင်တယ်၊ သာသနာပသားတွေရဲ့ ပညာတွေလည်း ဖြစ်တယ်။

အေးအေးမြင့်။ ။ဆရာတော်က တပည့်တော်တို့ ပညာကို သိပ်နှိမ်တာပဲ။

စာရေးသူ။ ။မနှိမ်ပါဘူး၊ မှန်တာပြောတာပါ။

အေးအေးမြင့်။ ။တွေ့ရခဲပုံ အဓိန့်ရှိပါ ဘုရား။

စာရေးသူ။ ။တို့ဘုရားအလောင်း ဘယ်လောက်ကြာအောင် ပါရမီဖြည့်ရတယ်လို့ ကြားဖူးသလ။

အေးအေးမြင့်။ ။လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလို့ ကြားဖူးပါတယ်ဘုရား။

စာရေးသူ။ ။ကမ္ဘာတစ်သိန်း ဆိုတာကတော့ ရှင်းပါတယ်၊ လေးသင်္ချေဆိုတဲ့ စကားမှာ အသင်္ချေဆိုတာ ရေတွက်လို့မရဘူးလို့ အဓိပ္ပာယ်ရှိတယ်။ အဲဒီ ရေတွက်မရတာ ၄-ခါဆိုတဲ့နေရာမှာ ဘာတွေ ရေတွက်မရတာလဲ၊ လ တွေလား၊ နှစ် တွေလား၊ ဘဝတွေလား၊ ဘယ်လိုထင်ကြသလဲ။

ဆရာကြီးမောင်။ ။လ တွေ့ နှစ် တွေ့တော့ မဟုတ်နိုင်ပါဘူး၊ ဘဝတွေ့မျှား ဖြစ်မလားဘုရား။

စာရေးသူ။ ။ဘဝတွေ့လည်း မဟုတ်ဘူး။ ဘဝအသစ်ချိုတာ ကြာလှတယ် မဆိုသာဘူး။ တကယ်တော့ ကမ္ဘာတွေ့ပဲ၊ ကမ္ဘာပေါင်းဘယ်လောက်လို့ ရေတွက်မရတာ ၄-ခါလို့ ဆိုလိုတယ်။ ဒီမှာ ကမ္ဘာတစ်ခုရဲ့ သက်တမ်းကိုကြည့်ရမယ်။ ကမ္ဘာတစ်ခု တစ်ခုမှာ သံဝဋ္ဋအသစ်ချိုယူကပ်၊ သံဝဋ္ဋဌာယီအသစ်ချိုယူကပ်၊ ဝိဝဋ္ဋအသစ်ချိုယူကပ်၊ ဝိဝဋ္ဋဌာယီအသစ်ချိုယူကပ်လို့ နှစ်အားဖြင့် ရေတွက်မရတဲ့ကပ် ၄-ကပ် ပါဝင်တယ်။ အသစ်ချိုယူကပ် တစ်ခု တစ်ခုဟာ ကမ္ဘာရဲ့ ၄ ပုံ တစ်ပုံ သက်တမ်းကြာတယ်။

အေးအေးမြင့်။ ။ကမ္ဘာကြီးရဲ့ သက်တမ်းကို အမိန့်ရှိပါဘုရား။

စာရေးသူ။ ။ပြောခဲ့ပြီးတဲ့ အသစ်ချိုယူ ၄-ကပ် သက်တမ်းရှိတဲ့ ကမ္ဘာကြီးရဲ့ သက်တမ်းနဲ့စပ်လို့ ရဟန်းတော် တစ်ပါးက "ကမ္ဘာကြီးရဲ့ သက်တမ်း ဘက်လောက် ရှည်ပါသလဲ"လို့ လျှောက်တော့ မြတ်စွာဘုရားက သခ်ျာနဲ့ပြောလို့ မဖြစ်ဘူး၊ ဥပမာနဲ့ပဲ ပြောနိုင်မယ်ဆိုပြီး ဥပမာပေးတယ်။ အလျား "တစ်ယူဇနာ၊ အကျယ် တစ်ယူဇနာ၊ အစောက် တစ်ယူဇနာရှိတဲ့ အပေါက် အခေါင်း အနာအဆာကင်းတဲ့ ကျောက်သားအတိဖြစ်တဲ့ ကျောက်တောင်ကြီးကို အနှစ်တစ်ရာကြာ တစ်ခါ ကာသိတိုင်းဖြစ် အလွန်နူးညံ့တဲ့အဝတ်နဲ့ ပွတ်ပစ်လို့ ကျောက်တောင်ကြီး ကုန်ယင်သာ ကုန်ရမယ်၊ ကမ္ဘာသက်တမ်း မကုန်သေးဘူး"လို့ မိန့်တယ်။ ဘယ်လောက်ကြာမယ်ဆိုတာ မှန်းကြည့်ပေါ့။

ဆရာကြီးမောင်။ ။တစ်ယူဇနာဆိုတာ ခုခေတ်မိုင်နဲ့ပြောယင် ဘယ်လိုနေပါသလဲ ဘုရား။

စာရေးသူ။ ။ယူဇနာယူနည်း ၄-နည်း ရှိတယ်။ ဒီ ၄-နည်းထဲမှာ ပမာဏကို တိုင်းတာတဲ့ ၄-ဂါဝုတ် တစ်ယူဇနာနဲ့ တွက်တော့ တစ်ယူဇနာ ၁၂-မိုင်ခွဲ ကျော်တယ်။ ဒါကြောင့် ကျောက်တောင်ကြီးဟာ အလျား ၁၂-မိုင်ခွဲကျော်၊ အကျယ် ၁၂-မိုင်ခွဲကျော်၊ အစောက်လည်း ၁၂-မိုင်ခွဲ ကျော်တယ်လို့ သိနိုင်တာပေါ့။

အေးအေးမြင့်။ ။တပည့်တော်တို့ဘုရား ပါရမီဖြည့်ရတဲ့ ၄-သခ်ျာဆိုတာ ဒီလောက်သက်တမ်းရှည်တဲ့ ကမ္ဘာကြီးပေါင်း မရေမတွက်နိုင်အောင်များတာ ၄-ခါလို့ ဆိုလိုတာပေါ့ ဘုရား။

စာရေးသူ။ ။ဟုတ်တယ်။

ဆရာကြီးမောင်။ ။ဆရာတော် မရေမတွက်နိုင်တာ ၄-ကြိမ် ဆိုမယ့်အစား "မရေမတွက်နိုင်ဘူး"လို့ တစ်ခါတည်းဆိုလိုက်ယင် မပြီးဘူးလား ဘုရား၊ ဘာကြောင့် ၄-အသစ်ချိုလို့ ဆိုပါသလဲ။

စာရေးသူ။ ။ဧအး.... နောက်တော့ ရှင်းလိမ့်မယ်၊ ခုပြောခဲ့တဲ့ မရေမတွက်နိုင်တဲ့ ကမ္ဘာတွေလေးခါလို့ ဆိုရာမှာ ဘုရားပွင့်တဲ့ ကမ္ဘာတွေလား၊ ဘုရားမပွင့်တဲ့ သုညကမ္ဘာတွေလား ဘယ်လိုထင်ကြသလဲ။

အေးအေးမြင့်။ ။အမိန့်ရှိပါဘုရား။

စာရေးသူ။ ။ဘုရားမပွင့်တဲ့ သုညကမ္ဘာကြီးတွေပဲ။ တို့အလောင်းတော် ဗျာဒိတ်ရပြီး ပါရမီစတင်ဖြည့်ကျင့်တဲ့ ကမ္ဘာမှာ တဏှာက်ရာ၊ မေခက်ရာ၊ သရဏက်ရာ၊ ဒီပင်္ကရာလို့ ဘုရား ၄-ဆူပွင့်တယ်။ နောက်ဆုံးဖြစ်တဲ့ ဒီပင်္ကရာဘုရားထံမှာ ဗျာဒိတ်ရပြီး ပါရမီ စဖြည့်တယ်။

အဲဒီကမ္ဘာကုန်တော့ ကမ္ဘာကြီးတစ်ခု စလာတယ်။ ဒီကမ္ဘာဟာ သုညကမ္ဘာကြီးပဲ။ ဘုရားမရှိ၊ တရားမသိ၊ သံဃာမရှိတဲ့ တကယ့်အဝီဇ္ဇာ မှောင်အတိကျနေတဲ့ ကမ္ဘာကြီးပဲ့။ နောက်ကမ္ဘာ၊ နောက်ကမ္ဘာ၊ ဒီလိုနဲ့ သုညကမ္ဘာကြီးတွေ မရေမတွက်နိုင်အောင် ဖြစ်လာတယ်။ နောက်ကမ္ဘာတစ်ခု စလာတယ်။ ဒီကမ္ဘာမှာ ဘုရားတစ်ဆူပွင့်တယ်၊ ကောဏ္ဍညမြတ်စွာဘုရား။ ဘုရားတစ်ဆူတည်း ပွင့်ပြီး ပြီးရော၊ နောက်ထပ် သာသနာပွင့်လင်းခွင့် မရတော့ဘူး။ ကြည့်စမ်း၊ သာသနာရှိတဲ့ ကာလဟာ ကြာချင်တိုင်းကြာနေတဲ့ အမှောင်ကာလကြီးထဲမှာ ပိုးစုန်းကြူး တစ်ခါလက်သလောက်တောင်မရှိဘူး။ နောက် ဒီကမ္ဘာပြီးတော့ သုညကမ္ဘာကြီးတွေ ဆက်တိုက်လာပြန်ရော။ မရေမတွက်နိုင်အောင်။ အမှောင်ခေတ်ကြီးပဲနော်။ နောက် ကမ္ဘာတစ်ခု လာတယ်၊ ဒီကမ္ဘာမှာ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတလို့ ဘုရား ၄-ဆူပွင့်တယ်။ ကြာချင်တိုင်းကြာနေတဲ့ အမှောင်ကာလကြီးမှာ ပိုးစုန်းကြူး ၄-ခါလက်သလောက်ပဲ သာသနာ တည်ခွင့်ရတယ်။ ဒီကမ္ဘာပြီးတော့ သုညကမ္ဘာတွေ မရေမတွက်နိုင်အောင် လာပြန်တယ်။ နောက်ကမ္ဘာတစ်ခုလာတယ်။ ဒီကမ္ဘာမှာ အနောမဒဿီ၊ ပဒုမ္မ၊ နာရဒလို့ ဘုရားသုံးဆူပွင့်တယ်။ ပိုးစုန်းကြူး သုံးခါလက်တဲ့ပမာ သာသနာသုံးခါ ပွင့်လင်းတယ်။ နောက် သုညကမ္ဘာတွေ မရေမတွက်နိုင်အောင်လာတယ်။ နောက်ကမ္ဘာ တစ်ခုလာတယ်။ ဒီကမ္ဘာမှာ ပဒုမုတ္တရမြတ်စွာဘုရား တစ်ဆူပွင့်တယ်။ ဒါဟာ ၄-သင်္ချေပဲ။

ဆရာကြီးမောင်။ ။ဘယ်လိုပါလဲဘုရား။

စာရေးသူ။ ။ကြည့်လေ၊ ဒီပင်္ကရာဘုရားပွင့်တဲ့ ကမ္ဘာနဲ့ ကောဏ္ဍညဘုရားပွင့်တဲ့ ကမ္ဘာ ဆက်ကြားမှာ ကမ္ဘာပေါင်း အသင်္ချေတစ်ခု။ ကောဏ္ဍညဘုရားပွင့်တဲ့ ကမ္ဘာနဲ့ မင်္ဂလဘုရားပွင့်တဲ့ ကမ္ဘာအကြားမှာ ကမ္ဘာပေါင်း အသင်္ချေတစ်ခု၊ သောဘိတဘုရားနဲ့ အနောမဒဿီဘုရားပွင့်တဲ့အကြားမှာ ကမ္ဘာအသင်္ချေတစ်ခု၊ နာရဒဘုရားနဲ့ ပဒုမုတ္တရဘုရားပွင့်တဲ့ ကမ္ဘာအကြားမှာ ကမ္ဘာအသင်္ချေတစ်ခု၊ ဒါဟာ အသင်္ချေ ၄-ခု ပေါ့။

* ဒီပင်္ကရာ၊ ကောဏ္ဍညာ၊ ကြားမှာ တစ်သင်္ချေ။
ကောဏ္ဍညနှင့်၊ မင်္ဂလမြတ်စွာ၊ အကြားမှာ၊ မှတ်ပါ တစ်သင်္ချေ။

သောဘိတနှင့်၊ အနောမဒဿီ၊ အကြားဆီ၊ လွန်ပြီ တစ်သခ်ျ။
နာရဒနှင့်၊ ပဒုမုတ္တရ၊ ကြားဏာလ၊ လွန်ထ တစ်သခ်ျ။ ။
ဒီဆောင်ပုဒ် ကျက်ထားကြ။ ၊

ဆရာကြီးမောင်။ ။ကျက်ပါမယ်ဘုရား၊ အမိန့်ရှိပါ။

စာရေးသူ။ ။ဘုရားမပွင့်တဲ့ လေးသခ်ျိအတွင်းမှာ ဘုရားပွင့်တဲ့ကမ္ဘာက ၃-ကမ္ဘာပဲရှိတယ်၊ ဘုရားက ရှစ်ဆူပဲပွင့်တယ်။ ကဲ– ဘုရားသာသနာနဲ့ တွေ့ဖို့ ခဲယဉ်းသလား လွယ်ကူသလား။

နှစ်ယောက်လုံး။ ။ခဲယဉ်းပါတယ်ဘုရား။

စာရေးသူ။ ။ဒီဘက်ကမ္ဘာတစ်သိန်းမှာတော့ ဘုရားပွင့်တဲ့ကမ္ဘာ ဂ-ကမ္ဘာရှိတယ်။ပဒုမုတ္တရ ဘုရားမှ ဂေါတမဘုရားအထိ ၁၆-ဆူ ပွင့်တယ်ဆိုတော့ တော်သေးတာပေါ့။

ဆရာကြီးမောင်။ ။လေးသခ်ျနဲ့စာလို့ တော်ရတာပါဘုရား၊ ဂ-ကမ္ဘာ ၁၆-ဆူ ဆိုတော့ နည်းတာပါပဲ။

စာရေးသူ။ ။ဒီဆောင်ပုဒ်ကို လိုက်ဆိုကြ။

* လေးသခ်ျိတွင်းမှာ၊ သုံးကမ္ဘာ၊ ပွင့်ပါ မြတ်ဗုဒ္ဓ။
တစ်ဆူလေးဆူ၊ နောက်ဆုံးသူ၊ ပေါင်းမူ ရှစ်ဆူရ။
တစ်သိန်းတွင်မူ၊ ဆယ့်ခြောက်ဆူ၊ ကြည်ဖြူ ပွင့်ထန်းကြ။ ။

အေးအေးမြင့်။ ။သာသနာတွေ့ခဲတယ်ဆိုတာ သဘောပေါက်ပါပြီ ဘုရား။

စာရေးသူ။ ။နေအုံး၊ ပြောစရာကျန်သေးတယ်။ စောစောက တစ်ကမ္ဘာမှာ အသခ်ျိယျကပ် လေးကပ် ပါဝင်တယ်လို့ ပြောခဲ့တယ်။ အဲဒီမှာ ကမ္ဘာဖျက်မိုး ရွာတဲ့အခါနှမ့် စပြီး စကြဝဠာ ကုဋေတစ်သိန်းရှိ လူ.ပြည်နတ်ပြည် ခြောက်ထပ်၊ မီးဖျက်တဲ့အကြိမ်၌ ပထမစျာန် ပြဟ္မာ့ဘုံများ တိုင်အောင် ပျက်စီးပြီးခါနှ် အထိ၊ ရေဖျက်တဲ့အကြိမ်၌ ဒုတိယစျာန် ပြဟ္မာ့ဘုံများတိုင်အောင် ပျက်စီးပြီးခါနှ်အထိ၊ လေဖျက်တဲ့အကြိမ်၌ တတိယစျာန် ပြဟ္မာ့ဘုံများတိုင်အောင် ပျက်စီးပြီးခါနှ်အထိ ကာလကြီးကို သံဝဋ္ဋအသခ်ျိယျ ကပ်လို့ ခေါ်တယ်။ နှစ်ပေါင်းဘယ်လောက်ကြာတယ်လို့ ရေတွက်မရဘူး၊ကမ္ဘာ့သက်တမ်းရဲ့ လေးပုံတစ်ပုံကာလကြာတယ်။ အဲဒီ သံဝဋ္ဋအသခ်ျိယျကပ်မှာ လူတွေ၊ နတ်တွေ၊ အချို့ပြဟ္မာတွေ မရှိနိုင်ဘူး။ ဒါကြောင့် ဘုရားမပွင့်ဘူး။ သာသနာမရှိဘူး။ နောက် ဒီလို အာဏုန်ပျက်ပြီးတဲ့အခါနှမ့်စပြီး ကမ္ဘာပြုမိုးရွာတဲ့ ဆခါနှ်အထိ ပျက်တဲ့အတိုင်း တည်နေတဲ့ ကာလကြီးကို သံဝဋ္ဋဌာယီ အသခ်ျိယျကပ်လို့

ခေါ်တယ်။ လူတွေ၊ နတ်တွေ၊ အချို့ပြဟ္မာတွေ မရှိဘူး။ ဘုရားမပွင့်လို့ သာသနာမရှိဘူး။နေးက် ကမ္ဘာပြုမိုးကြီး ရွာပြီးတဲ့အချိန်မှစပြီး ကမ္ဘာ့တန်ဆာ၊ ကမ္ဘာ့ အဆောက်အအုံကြီးများဖြစ်တဲ့ လူ့ဘုံနတ်ဘုံ ၆-ထပ်၊ ပျက်တဲ့ ပြဟ္မာ့ဘုံများ ပြန်လည်ဖြစ်ပေါ်ပြီး နေ၊လ၊နက္ခတ်တို့ ပုံမှန်အတိုင်း လှည့်လည်တဲ့အချိန်အထိ ကာလကြီးကို ဝိဝဋ္ဋအသခ္ခေယျကပ်လို့ ခေါ်တယ်။ ကမ္ဘာမှာ ကမ္ဘာဦး လူတွေ နတ်တွေနှင့် ပျက်ခဲ့တဲ့ ပြဟ္မာ့ဘုံတွေမှာ ပြဟ္မာတွေ ရောက်လာကြပြီ။ သို့ဆသော် ဘုရားမပွင့်နိုင်ဘူး။ သာသနာမရှိဘူး။ နောက် နေ၊ လ၊ နက္ခတ်တွေ ပုံမှန်လှည့်လည်တဲ့ အချိန်မှစပြီး နောက်တစ်ကြိမ် ကမ္ဘာဖျက်မိုးကြီးရွာတဲ့ အချိန်အထိ ကာလကြီးကို ဝိဝဋ္ဋဌာယီ အသခ္ခေယျကပ်လို့ ခေါ်တယ်။ ခု တို့နေကြရတာ ဒီ ဝိဝဋ္ဋဌာယီအသခ္ခေယျကပ်မှာပဲ။ ဘုရားပွင့်တဲ့ ကမ္ဘာဖြစ်လျှင် ဒီ ဝိဝဋ္ဋဌာယီ အသခ္ခေယျကပ်မှာပဲပွင့်တယ်၊ သာသနာရှိနိုင်တဲ့ကပ်ပဲ။

ဇအေးအေးမြင့်။ ။ဘုရားပွင့်တဲ့ ကမ္ဘာမှာတောင် အသခ္ခေယျ ၄-ကပ်ရှိဆုမှာ တစ်ကပ်သာ ပွင့်နိုင်တယ်ဆိုတော့ သိပ်နည်းတာပေါ့ ဘုရား။

စာရေးသူ။ ။ဒါတွင် ဘယ်ကမလဲ၊ ဒီဝိဝဋ္ဋဌာယီအသခ္ခေယျကပ်မှာ အစပိုင်း ကမ္ဘာဦးသားတွေဟာ အသက်အသခ္ခေတမ်းမှာ ရှိကြတယ်။ နောက် ရသတဏှာနဲ့ မာနတရားတို့ကြောင့် သက်တမ်းတွေ တဖြည်းဖြည်းဆုတ်လာတယ်။ ဒီလိုနဲ့ သက်တမ်းတစ်သိန်း ရောက်တယ်ဆိုပါတော့။ အဲဒီတစ်သိန်းတမ်းနဲ့ တစ်ရာတမ်းအတွင်းမှာပဲ ဘုရားပွင့်နိုင်တယ်။ သာသနာကတော့ တစ်ရာတမ်းပဲ၊ အောက်လည်း တည်နိုင်ပါတယ်။ ခု ၇၅-နှစ်တမ်းထိ ရှိနေတာပဲ။

ဆရာကြီးမောင်။ ။တစ်သိန်းတမ်းနှင့် တစ်ရာတမ်းအတွင်းမှာပဲ ဘုရားပွင့်တယ်ဆိုတော့ အလွန်နည်းတာပဲ။

စာဓရေးသူ။ ။အဲ-တစ်သိန်းတမ်းမှာ ဘုရားပွင့်တယ်ဆိုပေမယ့် အနှစ်တစ်သိန်းလုံး သာသနာရှိနိုင်တာမဟုတ်ဘူး။ ဘုရားအလောင်းများ လူအဖြစ်နဲ့ နန်းစံတာက တစ်သောင်း၊ သက်တော်ရှစ်သောင်းမှာ ပရိနိဗ္ဗာန်စံရတာဆိုတော့ အနှစ် ၇-သောင်းပဲ မြတ်စွာဘုရား သာသနာပြုခွင့်ရှိမယ်။ သာသနာတည်တာလည်း ဒီထက်ပိုလျှင် နည်းနည်းပိုမှာပဲ။ ခု ဘုရား, သာသနာထားခဲ့တယ်ဆိုတာတောင် ငါးထောင်ပဲ။ ဘာမှ များတာမဟုတ်ဘူး။ ၉-သောင်းတမ်း၊ ၆-သောင်းတမ်း၊ ၂-သောင်းတမ်း စသည် အချိုးကျ တွက်ကြည့်ပေါ့။ တစ်ဆူပွင့်ယင် ဒီ ၇-သောင်းနဲ့ ဒီကမ္ဘာပြီးရတာပဲ။ ငါးဆူပွင့်တာ ဒီကမ္ဘာပဲ တွေ့ရသေးတယ်။

အေးအေးမြင့်။ ။ဝိဝဋ္ဋဌာယီ အသင်္ခ်ေယျကပ်ရဲ့ သက်တမ်းကို အမိန့်ရှိပါဘုရား။

စာရေးသူ။ ။အသက် အသင်္ခ်ေတမ်းကနေ တဖြည်းဖြည်းဆုတ်လို့ ၁၀-နှစ်တမ်းမှောက်၊ ၁၀-နှစ်တမ်းကနေ တက်သွား၊ အသင်္ခ်ေတမ်းရောက်၊ ဒီ ဆုတ်ကပ် တက်ကပ် တစ်စုံကို အန္တရကပ် တစ်ကပ်ခေါ်တယ်။ ဒီအန္တရကပ်မျိုး ၆၄-ကပ် ကြာတယ်။

ဆရာကြီးမောင်။ ။ခု-ဘုရားလက်ထက် သာသနာတည်ခွင့်ကရော ဘုရား။

စာရေးသူ။ ။သာသနာ အနှစ်ငါးထောင်ဆိုတယ်မဟုတ်လား။ ခု ၁၃၅၂-ခုနှစ်ဆိုတော့ သာသနာသက်. ၂၅၃၄-နှစ် ရှိနေပြီ၊ နောက် ၂၄၆၆-နှစ်ပဲ ကျန်တယ်။ ဒီသက်တမ်းကုန်ယင် သာသနာကွယ်ပြီ၊ ဒီမှ နောက် သက်တမ်းဆုတ်လို့ ၁၀-နှစ်ကန်းအထိ သာသနာမရှိဘူး။ ဗုဒ္ဓဘာသာမရှိနိုင်ဘူး။ အဲဒီက ပြန်တက်၊ အသင်္ခ်ေတမ်းအထိ တက်ကပ်တစ်ကပ်လုံး သာသနာမရှိဘူး၊ ဗုဒ္ဓဘာသာမရှိနိုင်ဘူး။ အဲဒီက ပြန်ဆုတ်လို့ ၍စ်သောင်းတမ်းရောက်မှ အရိမေတ္တေယျဘုရား ပွင့်မယ်။ အရိမေတ္တေယျဘုရား ပွင့်ပြီးလို့ သာသနာကွယ်လျှင်တော့ ဒီကမ္ဘာ နောက်ထပ် သာသနာပွင့်ထွန်းခွင့်မရှိတော့ဘူး။ သက်တမ်းစေ့လျှင် ကမ္ဘာပျက်ဖို့ပဲ ရှိတော့တယ်။

အေးအေးမြင့်။ ။သာသနာတော်ခဲတယ်ဆိုတာ သဘောပေါက်ပါပြီဘုရား။

စာရေးသူ။ ။ဒါက သာသနာ ပွင့်ထွန်းခွင့်ရတဲ့ကာလ၊ သာသနာတည်ခွင့်ရတဲ့ ကာလကို တွက်ပြတာ။ ဒီလို သာသနာပွင့်ထွန်းတဲ့ကာလ၊ တည်နေတဲ့ ကာလမှာပေမယ့် လူတိုင်း သာသနာနဲ့ တွေ့ကြရတာမဟုတ်ဘူး။ ဒီခေတ်မှာတော့တယ်ဆိုတာ မျက်စိနဲ့မြင်တာကို ပြောတာမဟုတ်ဘူး၊ ကိုယ့်သန္တာန်မှာ သီလသာသနာ၊ သမာဓိသာသနာ၊ ပညာသာသနာရှိနေတာ ရှိနေအောင် ယုံယုံကြည်ကြည်နဲ့ လက်ခံကျင့်သုံး ကြိုးစား ပွားများနေတာကို ပြောတာ။

အေးအေးမြင့်။ ။အင်နှံ့ရှိပါဘုရား။

စာရေးသူ။ ။ကဲ- မင်းတို့နှစ်ယောက် ခု သာသနာနဲ့တွေ့သလား မတွေ့လား စစ်ကြည့်ရအောင်၊ မင်းတို့မှာ မဂ်ဖိုလ်နှင့်ယှဉ်တဲ့ သီလ ရှိပြီလား။

နှစ်ယောက်လုံး။ ။မရှိဘးပါဘုရား။

စာရေးသူ။ ။ရှာန်တော်များကျင့်ရတဲ့ ပါတိမောက္ခသံဝရသီလရော ဖြည့်ကျင့်နေကြသလား။

နှစ်ယောက်လုံး။ ။မဖြည့်ကျင့်ကြပါဘုရား။

စာရေးသူ။ ။ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ ဒုက္ခကင်းတဲ့ အငြိမ်းဓာတ်ကို တကယ်လိုချင်ပြီး သီလ ဆောက်တည်ကြရဲ့လား။

ဆရာကြီးဓမ္မာစိုး။ ။သီလတော့ ဖြည့်ကျင့်ကြပါတယ်ဘုရား၊ ဒါပေမယ့် နိဗ္ဗာန်ကိုတော့ တောင့်တမိတယ် မထင်ပါဘုရား။

စာရေးသူ။ ။ဒီလိုဆိုတော့ မင်းတို့ဟာ သီလသာသနာနဲ့ မတွေ့ကြဆေးဘူးပေါ့၊ သမာဓိသာသနာမှာလည်း မဂ်သမာဓိ ဖိုလ်သမာဓိဆိုတာ မင်းတို့မှာ မရှိကြဘူး။ သမာဓိရလျှင် ဝိပဿနာရှုမယ်ဆိုတဲ့ သဘောနဲ့ရော သမာဓိ ထူထောင်ကြရဲ့လား။

ဝိအားဝိအားမြင့်။ ။မလုပ်ဖြစ်ကြပါဘုရား။ စားရေးဝတ်ရေးနဲ့။

စာရေးသူ။ ။စားရေးဝတ်ရေးတွေ့ လုပ်မနေပါနဲ့။ မင်းတို့မှာ မဂ်ပညာ ဖိုလ်ပညာ မရှိတာလည်းဝဆချပြီ၊ဒါပေမယ့် ကိုယ့်သန္ဓာန်မှာ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတွေကို ပိုင်းခြားသိတဲ့ ဝိပဿနာဉာဏ်တွေ့မျှား ပေါ်ပြီလား။

ဆရာကြီးဓမ္မာစိုး။ ။အမှန်ပြောရလျှင် မပေါ်သေးပါဘုရား။

စာရေးသူ။ ။ဒီလိုဆို မင်းတို့ ဘယ်မှာ သာသနာနဲ့ တွေ့ကြဆေးလို့လဲ။ တစ်ခုတော့ ရှိပါတယ်။ ခုအခါမှာ ပိဋကတ်တော်တွေရှိနေတဲ့အတွက် သီလ, သမာဓိ, ပညာ ထူထောင်နည်းတွေ ရှိနေပါတယ်။ ဒါကြောင့် သာသနာနဲ့တွေ့ချင်တဲ့ အချို့နဲ့တော့ တွေ့နိုင်ခွင့်ရှိကြပါတယ်။ နောက်ဆုံး ပြောချင်တာက သာသနာတော်ပျောက်ကွယ်မသွားအောင် ပိဋကတ်သုံးပုံနဲ့ နိကာယ်တွေ ရှိနေဖို့လိုတယ်။ ဒီပိဋကတ်နဲ့ နိကာယ်ကြီးတွေ မပျောက်တဲ့အပြင် ကျယ်ပြန့် ထွန်းကားပြီး လက်တွေ့ကျင့်သုံးသူတွေပေါများလာအောင် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးနဲ့ တိပိဋက - နိကာယသာသနာပို့အဖွဲ့ကြီးက ကြိုးစားနေပါတယ်။ ဒီလုပ်ငန်းကြီးကို အားပေးသင့်ကြပါတယ်။ ။

နယ်ဦး

သုံးပါးဝေရဿံ

ပန်းချီသဲလွန်

သုံး ပါး သရဏံ

* မြတ်ဘုရားဂုဏ်တော်
ကိုးပါးဖော်ကျူး၊ လက်ယှက်ကူးကာ
ကြည်နူးလှစွာ၊ ကန်တော့ပါ၏။

* မြတ်တရားဂုဏ်တော်
ခြောက်ပါးဖော်ကျူး၊ လက်ယှက်ပူးကာ
ကြည်နူးလှစွာ၊ ကန်တော့ပါ၏။

* ရှင်မြတ်သံဃာ၊ အရိယာ, သမ္မုတိ
အရှိဂုဏ်တော်၊ ကိုးပါးဖော်ကျူး
လက်ယှက်ပူးကာ၊ ကြည်နူးလှစွာ
ကန်တော့ပါ၏။

* ရတနာအမြတ်ဆုံး၊ သုံးပါးထပ်၍
လက်မြတ်ယှက်တင်၊ ပူဇော်စဉ်ဝယ်
ငြိုငြင်မရှိ၊ စိတ်အသိဖြင့်
သန္ဓိသုခ၊ အေးငြိမ်းစွဲသော
အမတနိဗ္ဗာန်၊ ရောက်ရှိရန်သာ
စစ်မှန်ဆန္ဒ၊ ပေါ်ထွန်းရသည်
ဘဝသံသရာ ပြတ်ကြောင်းသာတည့်။ ■

နုယဉ်
(၁၀-၄-၉၁)



မင်းကွန်းတိုက်ရှိဥကဆရာတော်ကြီး၏ ပဋ္ဌာန်းဒေသနာတော်

ကောဇာသက္ကရာဇ် ၁၃၅၀-ပြည့်နှစ်၊ သာသနာ ၂၅၃၁-ခုနှစ်၊ ကဆုန်လဆန်း ၁၀-ရက်နေ့၊ မိုးကုတ်မြို့နယ် ဘောပတန်းကျေးရွာ၌ ဆရာတော် အမှူးပြုသော ဒကာဒကာမများ ဝိုဝပါင်းကျင်းပပြုလုပ်အပ်ကြသော ဓုနစ်ကြိမ်ခမြောက် အဘိဓမ္မာဒေသနာ ပဋ္ဌာန်းရွတ်ဆိုပွဲခမ္မပူဇာ ကောင်းမှုနှင့် မိုးကုတ်မြို့နယ် ဘောပတန်းကျေးရွာ တိပိဋကနိကာယ သာသနာပြုအကျိုးတော်ဆောင် ရာသက်ပန်အဖွဲ့ဝင် ဖွဲ့စည်းဘဲ့ ကောင်းမှု ကုသိုလ်ပွဲမှာ ဘုန်းကြီးများ ပဋ္ဌာန်းဒေသနာတော်ရဲ့ တန်ခိုး ရှိန်စေ့ကို နည်းနည်း ပြောလိုပါတယ်။

ပဋ္ဌာန်းဒေသနာတော်သည် သဘာဝ ဘေး ဒဏ် အန္တရာယ်ကို ကာကွယ်နိုင်တာ လက်တွေ့ အနေနဲ့ တော်တော် များခဲ့ပြီ။ တစ်ဆင့် စကား တစ်ဆင့်ကြား အနေနဲ့ ကြားဖူးတာ ပြောရယင် တစ်ချိန်က သက်ပန်းဆရာတော်ဘုရားအမှူးပြုတဲ့ ဘုရားဖူးအဖွဲ့ သီဟိုဠ်ကို သွားကြတယ်။ ဒီအချိန်တုန်းက လေယာဉ်ပျံ မရှိသေးဘူး။ မရှိတော့ ဘိလပ်သွားတဲ့သဘော်ကြီးတွေနဲ့သွားကြတယ်။ အဲဒီလို သွား တဲ့ အခါကျတော့ ပင်လယ်တွင်းရောက်တော့ သဘော်ဟာ အမှူထမ်း များက ခရီးသည်တွေကို လိုက်ပြီးတော့ အသက်ကယ်ဘာတွေ ပေးတယ်။

အသက်ကယ်ဘောတွေပေးတော့ သက်ပန်းဆရာတော်ကြီးက ဘာပြုလို့လဲကွယ်လို့ မေးတော့ "ဒီသဘော်ကို ဦးတည်ပြီးတော့ လေမုန်တိုင်း လာနေတယ်။ ဒါကြောင့် အသက်အန္တရာယ်ကိုရောက်မှာမြင်လို့ အသက်အန္တရာယ် အကာအကွယ်ဖြစ်တဲ့ အသက်ကယ် ဘောကို

လိုက်ပေးတယ်”ဆိုတော့ ဆရာတော်ကြီးက ယူထားပြီးတော့–

အေး.... အကယ်၍ လေမုန်တိုင်းဘေး သင့်လို့ ရှိယင် သင်္ဘောပျက်သွားလို့ ဒီဘေးနဲ့ ရောထဲဆင်းသွားယင်လည်းပဲ တော်တော်ကြာ ရောထဲကျတော့ ငါးဘေးအန္တရာယ်တွေနိုင်သေးတယ်။ အင်း-မဖြစ်ဘူးဆိုပြီးတော့ သင်္ဘောဦးမှာသွားပြီး ဆရာဘော်ကြီးက အသက်အယ်ဘောကို ဘေးနားချထားပြီး ပဋ္ဌာန်းဒေသနာတော် ရွတ်တယ်။

ဟေတုပစ္စယော.... အစရှိတဲ့ ပစ္စယုဒ္ဒေသကပြီးတော့ ပစ္စယနိဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ ပြီးတဲ့အခါကျတော့မှ ပုစ္ဆာဝါရလို့ ဒီလို အာဘိဓမ္မာပဋ္ဌာန်းကိုရွတ်ဆိုတဲ့အခါ တနာရီလောက် ရွတ်မိတော့ ဘောကိုလာသိမ်းတယ်။ ဘာပြုလို့ သိမ်းသလဲ ကွယ် လို့ ဆိုတော့ ဒီလေမုန်တိုင်းဟာ ခေါင်းကဲသွားပြီ၊ အန္တရာယ်ကင်းလို့ သိမ်းတာဖြစ်ပါတယ်လို့ ဒီလိုပြောတယ်။ ဒီမှာ သက်သေတစ်ခုပေါ့နော်။ ဒါ ဘုန်းကြီးတို့ တစ်ဆင့်စကား တစ်ဆင့်နား ကြားရဖူးတဲ့ သတာဝအန္တရာယ်ကို ပဋ္ဌာန်းဒေသနာသည် ကာကွယ်တတ်တယ်ဆိုတာ တစ်ဆင့်ကြားဖူးတဲ့ သက်သေတစ်ခု ပြောပါတယ်။

ကိုယ်တိုင် တွေ့သကဲ့သို့ဖြစ်ရတဲ့ သက်သေတစ်ခု ပြောရအောင်။ ဘုန်းကြီးများ တိပိဋကပြန်တုန်းက ၁၃၁၁-ခု၊ ၁၂-ခု၊ ၁၃၊ ၁၅-ဒီလို နှစ်စဉ်မှာ ၁၃၁၂-ခုနှစ်မှာ ဘုန်းကြီးများ ဝန်းညီးပိဋကပြန် ပါတယ်။ ၁၃၁၃-ခုနှစ်၊ ၁၃၁၄-ခုနှစ်၊ အဲဒီနှစ်ကျတော့ အာဘိဓမ္မာပိဋကရွှေပုံးနဲ့ နောက်ပိုင်း ပြန်ပါတယ်။ ၁၃၁၃-ခုနှစ်မှာ အာဘိဓမ္မာပိဋကရွှေပိုင်း ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထုလို့ ရွှေအာဘိဓမ္မာကျမ်းများ ပြန်ပါတယ်။ နောက် ၁၃၁၄-ခုနှစ်ကျတော့ အာဘိဓမ္မာပိဋကရွှေပုံးနောက်ပိုင်း ပြန်ရပါတယ်။

အဲဒီလို ယမိုးက်ပဋ္ဌာန်းပြန်တဲ့နှစ်မှာ ပဋ္ဌာန်းဒေသနာတော်ပြန်ပြီးတော့နေတဲ့ အချိန်ဖြစ်လို့ ဘုန်းကြီးများ အနေနဲ့တော့ ဘာမှ မကြားဖူးမသိရပါဘူး။ စာပြန်တဲ့အချိန်။ ဒီအချိန်မှာ သာဖြစ်သလဲဆိုတော့ တစ်နာရီမိုင် (၁၀၀) နှုန်းနဲ့ လေသင်တုန်းတစ်ခု ရန်ကုန်မြို့ကိုဦးတည်ပြီးတော့ တိုက်လာတယ်။ မိုးလေဝသဌာနက အရေးပေါ် ကြေညာတယ်။ မိုးလေဝသဌာနက တစ်နာရီ မိုင်တစ်ရာနှုန်းနဲ့ လေသင်ဆုန်း တိုက်လာတဲ့အတွက် မိမိအိမ်သို့ နာရီဝက် အတွင်း ရောက်အောင် ပြန်နိုင်လျှင် ပြန်ပါ၊ မပြန်နိုင်ယင် အနီးကပ်ဆုံး မိတ်ဆွေအိမ်မှာ ဝင်ပြီးတော့ ခိုလှုံပါ၊ တစ်ယောက်နဲ့ တစ်ယောက်ကိုလည်းပဲ အကြောင်းအကျိုးကြားတဲ့ ပုဂ္ဂိုလ်များက ဒီသွားလာနေတဲ့ ပုဂ္ဂိုလ်များကို ပြောပေးပါဆိုလို့ အရေးပေါ်ကြေညာချက်အရ ဘုန်းကြီးတို့ ရန်ကုန်မြို့ပေါ်မှာဆိုယင် နာရီဝက် အတွင်းမှာ အရပ်သားတွေ အသွားအလာ ဘာမှမရှိဘူး။ တော်တော်ပဲ ရန်ကုန်မြို့ကြီးဟာ အသွားအလာရပ်သွားတယ်။ ဒီအချိန်မှာ ဘာသာရှိတုံးဆိုမတာ့ ကိုးသုံးလုံး ရဲကားတွေ၊ ရဲကားတွေ တာဝန်အသီးအသီး ချထားတယ်။ အန္တရာယ်ရောက်ယင် ကယ်ဆယ်ရအောင် ဆိုပြီးတော့ တာဝန်အသီးအသီးချထားလို့ ရဲကားများသာ မိမိတို့တာဝန်ကျတဲ့ လမ်းမှာ အစုန်အဆန်၊ စုန်တဲ့ကားက တစ်မျိုး၊ ဆန်တဲ့ကားက တစ်မျိုး၊ ဒီလို လှုပ်ရှား အသင့်စောင့်နေကြတာပဲရှိတယ်။

နောက် တစ်နာရီ ပြည့်သွားတဲ့ အခါကျတော့ မိုးလေဝသဌာနက ဟာတစ်ခါ ထပ်ကြေညာသလဲဆိုတော့ အဲဒီ တစ်နာရီမိုင် (၁၀၀)

တစ်ထာန္နန်း လေသင် တုန်း ဟာ ရန်ကုန်မြို့ကို ခေါင်းလွှဲသွားပြီ၊ ဖိလစ်ပိုင်ဘက်ကို ခေါင်းလှည့်သွားပြီ၊ ဘေးအန္တရာယ် ကင်းပြီလို့ ကြေညာတယ်။ အဲဒီလို ကြေညာတဲ့အခါကျတော့ မော်တော်ကားတွေ ပြန်ပြီးတော့ လူပ်ရှားအသက်ဝင်လာတယ်။ ဆိုကြပါစို့။ အဲဒီအချိန်ဟာ ရန်ကုန်တက္ကသိုလ်မှာ မြန်မာစာပြတဲ့ ဓမ္မပါလ ကိုခင်မောင်ကြီး - ပဌမကျော် ကိုခင်မောင်ကြီးက တက္ကသိုလ်က ကျောင်းသားတွေကို အားရှိအောင် အားပေးစကားပြောတယ်။ အားလုံး ကြောက်ရွံ့နေတဲ့အချိန်မှာ-

"တပည့်တို့၊ မကြောက်နဲ့၊ ဆရာတို့ ငယ်စဉ်က သက်ပန်းဆရာတော်ဘုရားကြီးနဲ့ သီဟိုဠ်ကို လိုက်ပါခဲ့ဖူးတယ်။ အဲဒီသွားရောက်တဲ့ အခါမှာ လေယာဉ်ပျံမရှိသေးတဲ့ မပေါ်သေးတဲ့ အခါဖြစ်လို့ Hempshire ဟင်ပရှိုင်းယား ဆိုတဲ့ ပင်လယ်ကူး သင်္ဘောကြီးနဲ့ သွားတဲ့အခါ လေမုန်တိုင်းဘေးရောက်တဲ့အကြောင်း စောစောက ပြောသလို အဲဒီ လေမုန်တိုင်း ဘေးကို သက်ပန်းဆရာတော်ဘုရားကြီးက ပဋ္ဌာန်းဒေသနာတော်ရွတ်ဆိုလို့ သဘာဝအန္တရာယ် လေမုန်တိုင်းဘေး ကင်းဝေးသလို မနှစ်တုန်းက ဆရာကိုယ်တိုင် နေ့စဉ်နေ့စဉ် သာသနာ့ရိပ်သာမှာ ပဌမကျော် ဦးဖိစိတ္တ ပဋ္ဌာန်းဒေသနာ ပြန်တာကို ဆရာနေ့တိုင်း နေ့တိုင်း နာခဲ့ရတယ်၊ မနက်ကလည်း နာခဲ့ရတယ်။

ဒါကြောင့် တို့မြန်မာပြည်မှာ ပဋ္ဌာန်းရွတ်နေတာဖြစ်လို့ ယခု ပြောတဲ့ လေမုန်တိုင်းဘေး လေသင်တုန်းဘေး ကင်းဝေး လိမ့်မယ်လို့ အဲဒီလို တပည့်တွေကို အားပေးစကားပြောပြီး နေတယ်ဆိုတဲ့ အကြောင်းကို နောက်တစ်နေ့ ဓမ္မပါလ ကိုခင်မောင်ကြီး ဘုန်းကြီးများ အထံ ရောက်လာပြီး ပြောလို့ ကြားသိရပါတယ်။

ထိုနေ့ည လေသင်တုန်း ဘယ်လောက်ပြင်းသလဲဆိုတာ BBC က အသံလွှင့်တယ်။ နေ့လယ် တုန်းက ဖိလစ်ပိုင်ဘက်မှာ လေသင်တုန်း မိုင် (၁၀၀) တစ်ထာန္နန်းနဲ့ ရောက်သွားတဲ့ လေသင်တုန်းအသွားကျတဲ့၊ လမ်းကျတဲ့ တိုက်တွေဆိုယင် လှနဲ့ တိုက်ဖြတ်ထားသလိုပဲတဲ့။ တစ်ခါတည်း တိတိနဲ့ ပြတ်ပါသွားတယ်-တဲ့။ ကြောက်ခမန်း လိလိနော်။

အဲဒီလို သဘာဝဒဏ်ဖြစ်တဲ့ သဘာဝဥတု၊ သဘာဝဓလေ့၊ အန္တရာယ်များကို ပဋ္ဌာန်းဒေသနာတော်များဟာ ကာကွယ်တတ်တယ် ဆိုတာ ဒါလည်းပဲ တစ်ဆင့် တစ်မျိုးကြားရတယ်။

တစ်ခါ တတိယ-ဘုန်းကြီးများ လွန်ခဲ့တဲ့ သုံးနှစ် လေးနှစ်လောက်က မိုးမိတ်က ပြန်ခဲ့တယ်။ မိုးမိတ်ကပြန်တော့ လမ်းမှာပဲ သတင်းကြားတယ်။ ဘယ်လိုလဲဆိုတော့ လေမုန်တိုင်းဘေးကြီးစွာ လာနေတယ်၊ အန္တရာယ်ရောက်နိုင်တယ်ဆိုတာကို ပြောတယ်။ အဲ ...ဒီ-မိုးလေဝသဌာနက အရေးတကြီးကြေညာတဲ့အကြောင်း။ မော်တော်ကားနဲ့လာရင်းပဲ လူတွေဟာ လှုပ်လှုပ်လှုပ်လှုပ်နဲ့ တစ်လေ့က ပြောသံကြားတယ်။ ကြားတော့ ဘုန်းကြီးများ ဒီနှုန်းထိပ်ရောက်တဲ့ အခါကျတော့ မိုးကုတ်ကလူတွေက နှလုံးသွင်းသူတို့ အင်မတန် အဖြေကောင်းပါတယ်။ ဘာပြောသလဲဆိုတော့ မိုးကုတ်မြို့ဟာတဲ့ တောင်တွေဝိုင်းနေလို့ လာတဲ့ သဘာဝအန္တရာယ်ဟာ တောင်နဲ့ တွေ့တဲ့အခါကျတော့ အခြေအနေပျက်ပြီးတော့ သဘာဝအန္တရာယ်ကို ဖျက်တယ်တဲ့။

ဆိုကြပါစို့၊ လေမုန်တိုင်း တိုက်ချင်တိုင်း တိုက်ခဲ့တဲ့၊ လေမုန်တိုင်းသည် ဒီကျယင် တောင်ဓတ္ထ ဝင်တိုက်တော့ လေမုန်တိုင်း အရှိန်အဟုန်

ပျက်သွားတယ်။ ပျက်သွားပြီးဘော့ ဒီမိုးကုတ်မြို့ကို ဒီလေမုန်တိုင်းဘေး မနှိပ်စက်နိုင်ဘူးလို့ အဲဒီလို နှလုံးသွင်း အဲဒီလို ဖြေဆိုကြပါတယ်။ အဲဒီလို ဖြေကြတာကိုလည်းပဲ တစ်ဆင့်စကား သွားရင်း ကြားခဲ့တယ်။ ဒါ ဘုန်းကြီးများ ထောက်ခံပါတယ်။ ဘာပြုလို့ ထောက်ခံတုန်းဆိုတော့ ဘုန်းကြီးတို့ မင်းကွန်းဆိုတဲ့အရပ်ဟာ စစ်ကိုင်းဘောင်ရိုးရဲ့ မြောက်ဖျားမှာ ရှိတယ်။ စစ်ကိုင်းတောင်ရိုးရဲ့ မြောက်ဖျားမှာ ရှိတော့ ဒီ သင်္ကြန်ပြီးယင် လေကြီး မိုးကြီး သုံးကြိမ် လောက် ကျဘတ်တယ်။

သင်္ကြန်ပြီးယင် လေကြီးမိုးကြီး သုံးကြိမ် လောက် ကျပြီးမှ မိုးရွာတတ်တယ်နော်။ ဒါ ဘုန်းကြီးတို့ အမှတ်အသားတစ်ခု။ အဲဒီမှာ ဒီ သင်္ကြန်ပြီးယင် ကျတတ်တဲ့ လေကြီး မိုးကြီး ဘေးအန္တရာယ် မင်းကွန်းမှာ ဘယ်တော့မှ မနှိပ်စက်ဘူး။ ဘာပြုလို့တုံးဆိုတော့ မင်းကွန်းဆိုတဲ့ အရပ်မှာ အနောက်ဖက်က ရွှေမြင်တင် တောင်ကြီးက ကာကွယ်နေတယ်။ အဲဒီလို ကာကွယ်နေတဲ့အတွက် ရာဟုလေ တိုက်လာယင် ပထမ ရွှေမြင်တင်တောင်ကိုပဲ တိုက်ရတယ်။ ရွှေမြင်တင်တောင်ကိုတိုက်တော့ လေအဟုန်ဟာ ညံ့သွားတယ်။ အဲဒီတောင်ပေါ်မှာ လှုံ့ပြီးတော့ ကျလာတဲ့လေ တစ်ခါတလေ အဲဒီတောင်ပေါ်က လှုံ့ပြီးကျတဲ့လေကြောင်းတောင်မှ အတော်ပြင်းတယ်နော်။ သစ်ပင်တွေ ဘာတွေ လဲသွားတာ တွေ့ရတယ်။

ဒီဒေတော့ မင်းကွန်းဆိုတဲ့ အရပ်ဟာ ရာဟုလေမုန်တိုင်းဘေး ကင်းဝေးတာ ဘာ့ကြောင့်လဲဆိုတော့ အခုပြောတဲ့ ရွှေမြင်တင်တောင်ကြီးရဲ့ အကာအကွယ်ပေးမှုကြောင့် ကင်းဝေးတယ်လို့ ဒီလိုပဲ သဘာဝက ဖော်ပြပါတယ်။

ထို့အတူပဲ မိုးကုတ်က ဒကာ ဒကာမတွေ နှလုံးသွင်းမှာက တို့မိုးကုတ်မြို့ တို့နေတဲ့ အရပ်တွေဟာ တောင်တွေဝိုင်းနေတယ်။ ဒါကြောင့် တို့မှာ အန္တရာယ်မရှိဘူးလို့ ခုနင်က ပြောတဲ့ မိုးလေဝသရဲ့ အရေးပေါ်ကြေညာချက်ကို မိုးကုတ် မြို့သူမြို့သားများ ဤအတိုင်း နှလုံးသွင်းတယ်ဆိုတာ ဘုန်းကြီးများ သွားရင်းကြားရတယ်။ကြားရတော့ ဘုန်းကြီး မိုးကုတ်မှာလည်း မနားဘူး၊ မိုးမိတ်ဇာနေပြီး မိုးကုတ်၊ မိုးကုတ်ကနေပြီး ဟိုအောက်ကို တစ်ခါတည်း တောက်လျှောက်သွား။ ဆိုကြပါစို့။ ရွှေဘိုအရှေ့ကျောက်မြောင်းကိုစီးတယ်။ ကျောက်မြောင်းကို ရောက်တဲ့အခါကျတော့ ကျောက်မြောင်းမှာ ဓမ္မပါလ ကျောင်းတော်ဆိုတဲ့ ကျောင်း ဘုန်းကြီး ဦးဇဋ္ဌေါက ဘုန်းကြီးရဲ့တပည့်ပဲ။ ဘုန်းကြီးများ ဒီဓမ္မပါလ ကျောင်းတော်ရောက်တော့ ကျောင်းဘုန်းကြီးက ဝတ္တရား အရ အဖျော်ယမကာတို့ ဘာတို့ ဒီလိုလုပ်မလို့ စိမ်တော့ ဘုန်းကြီးကပြောတယ်။

"ဦးပဉ္ဇင်း၊ တပည့်တော်ဖို့ အဖျော်ယမကာ မလုပ်နဲ့၊ ကြေညာထားတယ် မဟုတ်လား၊ သဘာဝလေ လာလိမ့်မယ်၊ အားလုံး တုန်လှုပ်နေတဲ့အချိန်၊ ဒီတော့ ဦးပဉ္ဇင်း ဘာမှ မလုပ်နဲ့တော့၊ ပဌာန်းပါဠိတော် ပထမအုပ် အရင်ရွာစမ်းပါ၊ ရွာပြီးတော့ ဦးပဉ္ဇင်းကျောင်းမှာရှိတဲ့ သံဃာငါးပါး ချက်ချင်း ပဌာန်းဒေသနာကို ရွတ်ဆိုပါ" ဆိုပြီးတော့ ပဌာန်းရွတ်ဖို့။

ပြီးတော့ လာပြီးတော့ကြိုတဲ့ ဒကာကြီးတွေကို ဓနာဂါမ်မှ ကျုပ်ဖို့တော့ ဘာမှမလုပ်ကြနဲ့၊ ဒီဘုန်းကြီးတွေကို နောက်တစ်နာရီ၊ နှစ်နာရီလောက်ကျယင် အဖျော်ဟာမကာများ ကပ်နိုင်အောင် စီမံကြ။ အဲဒီလိုပြောပြီးတော့ ဦးပဉ္ဇင်း ရွတ်ဆိုပြီးတော့ ဦးပဉ္ဇင်းငါးပါးကို ချက်ချင်း

ပဋ္ဌာန်းအရွက်ခိုင်းတယ်။ အရွက်ခိုင်းပြီးတော့ ဘုန်းကြီး ကျောက်မြောင်းကနေပြီး ရွှေဘို၊ မော်တော်ကားနဲ့သွားတယ်။

ရွှေဘိုကျတော့ သဲတောဦးပဏ္ဍိ၊ ရန်အောင် မဂ်လာ ကျောင်းတိုက် ဦးပဏ္ဍိ တွေ့၊ ထို့အတူပဲ ဝတ္တရားအရ အဖျော်ယမကာ လုပ်မလို့ ဒီလို စီမံတဲ့အခါ "ဦးပဉ္ဇင်း ... တပည့်တော်ဖို့ ဘာမှ မလုပ်နဲ့၊ တပည့်တော် သောက်လည်းမသောက် နိုင်ဘူး၊ သောက်လည်း မသောက်ဘူး။ ဒါထက် အရေးကြီးတာ ပဋ္ဌာန်းရွတ်ဖို့ အရေးကြီးတယ်၊ ဦးပဉ္ဇင်းကျောင်းက ပဋ္ဌာန်းပါဠိတော် ရှိသမျှ ထုတ်စမ်း" ဆိုပြီးတော့ သူ့ကျောင်းကလည်း စာသင်တိုက်ဆိုတော့ စာသင်သား ငါးပါး လောက် ချက်ချင်းရွေး၊ ပဋ္ဌာန်းရွတ်ပြီး သူတို့ ပဋ္ဌာန်းရွတ်တဲ့အခါ "ဟေတုပစ္စယော" ကို စတောမှ ဘုန်းကြီး တစ်ခါ မော်တော်ကားနဲ့ မိသလောက် ငါပြောမယ်ဆိုပြီး စစ်ကိုင်းပြန်၊ စစ်ကိုင်းရောက်တော့လည်းပဲ ထို့အတူပဲ အုတ်ကျောင်းဘုန်းကြီး ဦးသာဂရနဲ့တွေ့။

"ဘုန်းကြီး၊ တပည့်တော် ဝတ္တရား ဘာမှ မလိုဘူး၊ ဘာမှမလုပ်ပါနဲ့" ဆိုပြီးတော့ ပဋ္ဌာန်း ရွတ်ဖို့ပဲ ငင်းလည်းပဲ ပြောခဲ့တယ်။ အဲဒီလို ပြောဟေ့ ဘုန်းကြီး နောက်ပိုင်းမှာ ပြန်ပြီး တော့ သတင်းနားထောင်ကြည့်တော့၊ အေး.... ဆိုကြပါစို့၊ ရွှေဘိုတို့၊ ကျောက်မြောင်းတို့၊ ခါတိုင်း ခါတိုင်းဆိုလို့ ရှိယင် ဒီ လေမုန်တိုင်း ဘေးကို တွေ့ရကြုံရတယ်။ အခု အဲဒီတုန်းက မတွေ့ရ မကြုံရဘူး။ မိုးလေဝသဌာနက တိုင်း ထားပေမယ်လို့လည်းပဲ သဘာဝအန္တရာယ်ကို ပဋ္ဌာန်းဒေသနာသည် ကာကွယ်တယ် ဆိုတာ ပေါ့လေ၊ သက်သေ တော်တော်တွေ့ရတယ်။

တစ်နည်းအားဖြင့် ဘုန်းကြီး ကနေ့ အများ ပြောနေကြ၊ အပြောများတဲ့ စကားတစ်ခု ဘုန်းကြီး ပြောလိုတယ်။ ဘုန်းကြီးတို့ မြန်မာ နိုင်ငံသည် ဒါန, သီလ, ဘာဝနာ၊ ဒါနဲ့ နေ တယ်။ ကမ္ဘာ့နိုင်ငံများသည် ကနေ့ လောဘ, ဒေါသ, မောဟ ဒီ အကုသိုလ်မူကြီး သုံးပါး ကို ဦးစားပေးပြီးတော့ နေကြတယ်။ ဆိုကြပါ စို့ရဲ့။ ကမ္ဘာ့နိုင်ငံတွေကိုကြည့်ယင် တချို့နိုင်ငံ တွေ့ လောဘ အင်မတန်ကြီးတဲ့နိုင်ငံ ရှိတယ်။ ဒေါသအင်မတန်ကြီးတဲ့နိုင်ငံ ရှိတယ်။ လောဘ ဒေါသကြီးယင် မောဟကြီးပြီးသား ဖြစ်တယ်။ ဒီတော့ ဓမ္မာဓိဋ္ဌာန် ပြောလို့ရှိယင် လောဘ ကြောင့် ဒုဿီကန္ဆန္ဒရဘေး = အစာရေစာ ခေါင်း ပါးခြင်းဘေး ပေါ်တာ ဖြစ်ပါတယ်။ ဒေါသ ကြောင့် သတ္တန္ဆရဘေး=တုတ်ခွား လက်နက်တို့ ဖြင့် ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ပြီးတော့ သတ္တဝါတွေ သေကြပျက်စီးခြင်း သတ္တန္ဆရ ဘေး = သဘ္ဘန္ဆရကပ်၊ မောဟကြောင့် ကပ် ဘေး ရောဂါဘေး နှိပ်စက်ပြီးတော့ သတ္တဝါ တွေ့ သေကြပျက်စီးတာ ရောဂန္ဆရကပ် ဆိုက် ရောက်တယ်။

အဲဒါ ကမ္ဘာကြီးမှာ ကြည့်လိုက်ယင် တချို့ နိုင်ငံတွေ့ ဒုဗ္ဘိက္ခန္ဆရကပ် ဆိုက်ရောက်တယ်၊ လောဘကြောင့် နော်။ တချို့နိုင်ငံတွေ့၊ အေး.... အထူးအားဖြင့် ယနေ့ အီရပ်၊ အီရန် ဆိုပါစို့။ အဲဒီ နိုင်ငံတွေဆိုယင် ဒေါသ အကြောင်းပြုပြီး တော့ ကမ္ဘာကြီးက တောင်းပန်တာကိုပဲ သူတို့ မရဘူး၊ ဒေါသအားကြီးတော့ တကတဲရာလိုက် ထောင်လိုက် နေ့စဉ် နေ့စဉ် သတင်းစာထဲမှာ ပါနေတယ်။ တွေ့လား၊ အဲဒီ သတ္တန္ဆရကပ် ဆိုက်ရောက်နေတာ နော်။

ပြီးတော့ တချို့ တချို့နိုင်ငံတွေမှာ ဟာ ရယ်လို့ အနာရောဂါ အမည်မတပ် တတ်ဘဲနဲ့

သိပ်ပံဆရာတွေတောင် မျက်စိလည် လောက်အောင် ရောင်နှံ့ရကျပ်တွေဟာ၊ မောဟ အားကြီးလို့ ဆိုက်ရောက်တာကို တွေ့ရတယ်။ ဒါကမ္ဘာ့အခြေအနေကို ပြောနေတယ်။ဗုဒ္ဓဘာသာဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ မိမိတို့အမိနိုင်ငံ အနေနဲ့ ကြည့်မယ်ဆိုယင် ဘုန်းကြီးများ အထက်အောက် ထိုထိုမြို့ ဒိုထိုရွာ ထိုထို အရပ်ဒေသတွေကို တော်လှန်ရေးနဲ့ ပြားပြား သွားလျက် လာလျက် ရှိပါတယ်။ ရောက်တိုင်း ရောက်တိုင်းသော ရွာအားလုံးမှာ အသံခွဲစက်တွေ တပ်ဆင်ပြီးတော့-

(၁) ဒါနပြုတဲ့ ပုံတွေ၊

(၂) သီလဆောက်တည်တဲ့ပုံတွေ၊

(၃) ထိုထို ကမ္မဋ္ဌာန်းဌာနတွေ၌ သမထ ဝိပဿနာ ဘာဝနာပုံတွေ ဆင်မြန်းနေတာကိုပဲ တွေ့ရတယ်။ တွေ့ရတော့ မိမိရဲ့ အမိနိုင်ငံအတွက် အင်မတန် အားရှိမိပါတယ်။

ဘယ်လိုလဲ?၊ တို့နိုင်ငံမှာ ဒါန ကောင်း မှုမြို့တိုင်း ရွာတိုင်း ပြုပြီးတော့နေတယ်။ ဒါန ကောင်း မှုဖြင့် လောဘတွေ ပယ်နေဘယ်။ လောဘမီးကို ပယ်သတ်နေတယ်။အဲဒီလို လောဘမီး ပယ်သတ်တဲ့ အတွက် လောဘကြောင့် ရောက်တတ်တဲ့ ဒုဿကွန္ဒရကပ်ဘေး တို့မြန်မာပြည် မရောက်ဘူး။ ဒီလိုဘဲ ဘုန်းကြီးမျာ အားရှိမိပါတယ်။

ပြောမှာပေါ့၊ ကိုယ်တော်မသိလို့၊ ပစ္စည်းတွေ အင်မတန် စေးတက်နေတယ်ဆိုတာ ဒါန တစ်ပါးနဲ့ချီပြီးတော့ ပစ္စည်း စေးတက်တာပေါ့။ ဘာပြုလို့တုံး၊ ဥပမာ ဆန်သမားနဲ့ ဆီသမား။ ဆန်သမားကလည်း စေးမတက်ချင်ဘူး။ ဆီသမားကလည်း မတက်ချင်ဘူး။ ဒါပေမယ့် သူဝယ်စားရတာက များတော့ သူလည်း ပဲ ဘဝရပ်တည်ရေး၊ ဆန်ကလည်းပဲ ဆန်အလျော်က်၊ ဆီကလည်း ဆီနဲ့ အလျော်က် သူဘဝရပ်တည်ရေးမျှတရုံပဲ မိသားစုဘဝ မျှတရုံပဲ။ ဝိသမလောဘ မရှိဘူး နော်။

အေး... ဆိုပါစို့ရဲ့၊ လောဘမရှိ မဟုတ်ပါဘူး၊ သို့သော် ဝိသမလောဘတွေမရှိဘူး။ အဲဒါကြောင့် ဗမာပြည်ဟာ ဒုဿကွဘေး အင်မတန် ကင်းဝေးတဲ့တိုင်းပြည်လို့ ဆိုရမယ်။ဒါအကျိုး။

ဒါဘာပြုလို့တုံးဆိုတော့ ဒါနဖြင့် လောဘကို ပယ်သတ်နေလို့ လောဘကြောင့် ပေါ်တတ်တဲ့ ဒုဿကွဘေး တို့မြန်မာပြည်မှာ ကင်းဝေးတယ်။ စိတ်ထဲမှာ အဲဒီလို အောက်မေ့ပြီး ဝမ်းမြောက်ကြ။

တစ်ခါ တို့မြန်မာပြည်မှာ သီလ အမြဲတမ်းဆောက်တည်တယ်။ ငါးပါးသီလ။ ငါးပါးသီလဆိုတော့ ငါးပါးသီလပေါက်ကြားတဲ့ လူတွေရှိပါတယ်။ မရှိမဟုတ်ပါဘူး။ ဘုန်းကြီးတို့ မရှိဘူးလို့ မပြောဘူး၊ ရှိ၏။ သို့သော် ဆောက်တည်ပုံက အင်မတန်ကောင်းတဲ့နည်း။ ဒီငါးပါးသီလ ဆောက်တည်တဲ့နေရာမှာ သိက္ခာပုဒ်ငါးခုကို တစ်ခုန်းတည်းနဲ့ "ပဉ္စသီလံ သမာဒိယာမိ" အဲဒီလိုဆိုယင်လည်းပဲ ပြီးတယ်။

ပဉ္စသီလံ= ငါးပါးသီလကို၊ သမာဒိယာမိ= ဆောက်တည်ပါ၏–လို့ အဲဒီလိုဆိုယင်လည်းပဲ ဒီပုဂ္ဂိုလ်ဟာ ငါးပါးသီလရှိတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ ဒါဘုန်းကြီးတို့ တရားသဘော ပြောနေတာ။

အဲဒီလို မဟုတ်ဘဲနဲ့ အခုမိမိတို့ ဆောက်တည်တဲ့အတိုင်း–

ပါဏာတိပါတာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

ကာမေသု မိစ္ဆာစာရာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

မုသာဝါဒါ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ၊

သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ– ဆိုတော့ ငါးခေါက် ဆိုပြီးတော့ ဆောက်တည်တယ်။ ခုနင်က ပြောတဲ့ ဒီ ငါးခေါက်မဆိုဘဲနဲ့၊ ပဥ္စသီလံ သမာဒိယာမိ– ဆိုယင်လည်းပဲ ဒီပုဂ္ဂိုလ်ဟာ ငါးပါး သီလရှိတဲ့ ပုဂ္ဂိုလ်ပဲ။ အခုလို သိက္ခာပုဒ်ငါးပုဒ်-တစ်ခုစီ တစ်ခုစီဆိုပြီးတော့ ဆောက်တည်ယင်လည်းပဲ ငါးပါးသီလရှိတဲ့ သီလဝန္တပုဂ္ဂိုလ်ပဲ။ ဒီအတူတူတော့ ကိုယ်တော် ဘာပြုလို့ တို့မိဘဘိုးဘွား အထက် ဆရာသမားများက ငါးခုတောင် ကျယ်ကျယ်ကြီး အဆိုခိုင်းရတုံး၊ မေးစရာရှိတယ် နော်။ အကြောင်းရှိတယ်။

ပဥ္စသီလံ သမာဒိယာမိလို့ ဆိုပြီး ဆောက်တည်ယင် သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးခြင်း၊ ကာမတရားတို့၌ ဖောက်ဖောက် ပြားပြား ပြစ်မှားခြင်း၊ မုသားပြောခြင်း၊ သေရည် အရက်သောက်ခြင်းဆိုတဲ့ အကုသိုလ် ဒုစရိုက် ငါးမျိုးမှာ တစ်မျိုးပြစ်မှားယင် ခုနင်က သိက္ခာပုဒ် ပေါင်းပြီးဆောက်တည်တဲ့ ပုဂ္ဂိုလ်ဟာ သီလပျက်သွားတယ်။ ဒုဿီလဖြစ်တယ်။

အခုလို မိမိတို့ သိက္ခာပုဒ် ငါးခုကို တစ်ခုစီ တစ်ခုစီ တစ်ခုစီ အသီးအသီး ဆောက်တည်တော့ ဒီပုဂ္ဂိုလ်ဟာ သိက္ခာပုဒ် ငါးခုထဲမှာ တစ်ခုပျက်ယင် ကျန်တဲ့လေးခုနဲ့ သီလရှိတယ်။ သီလဝန္တပုဂ္ဂိုလ်လို့ပဲ ဆိုရတယ်။ တခါ သိက္ခာပုဒ် နှစ်ခုပျက်ယင် ကျန်သုံးခုဖြင့် သီလဝန္တပုဂ္ဂိုလ်၊ သိက္ခာပုဒ် သုံးခုပျက်ယင် ကျန်နှစ်ခုနဲ့ သီလဝန္တပုဂ္ဂိုလ်၊ သိက္ခာပုဒ် လေးခုပျက်ယင် ကျန်တစ်ခုနဲ့ သီလဝန္တပုဂ္ဂိုလ်။

အဲဒီလို ဒီ ငါးပါးကို တစ်ခုစီ တစ်ခုစီ ဆောက်တည်ခြင်းရဲ့ အကျိုးဟာ အဲဒီလို တွေ့တယ်။ ဒီတော့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးက သိက္ခာပုဒ်ငါးခုကို တစ်ခါထဲပေါင်းပြီး ဆောက်တည်တဲ့နည်းကို အသုံးမပြုဘူး။ တစ်ခုစီ တစ်ခုစီ မိဘဘိုးဘွား အထက် ဆရာသမားများက ဆောက်တည်ဖို့ မူချပေးတဲ့အတိုင်း ကျင့်သုံးတော့ အမြဲတမ်း သီလရှိတဲ့ပုဂ္ဂိုလ် – သီလဝန္တပုဂ္ဂိုလ်ပဲ ဖြစ်နေတယ်။

အဲဒါကြောင့် သီလဝန္တပုဂ္ဂိုလ် ဖြစ်တော့ သီလဖြင့် ဒေါသကို ပယ်နေတယ်။ ဒေါသကို ပယ်တဲ့အတွက် ဒေါသကြောင့် သင့်ရောက်တဲ့ သတ္တန္တရကပ် – တုတ်၊ ဓား၊ လက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ် သတ်ဖြတ် သေကြေ ပျက်စီးတဲ့ဘေး တို့မြန်မာပြည်ဟာ ဒါကြောင့် ကင်းဝေးတာ ဖြစ်တယ်။

မောဟကြောင့် ရောဂန္တရကပ်၊ ကပ်ရောဂါများ ဆိုက်ရောက်တယ်။ မြန်မာပြည်မှာဝင်တော့ ဒါန သီလ ဘာဝနာ သုံးမျိုးမှာ ဘာဝနာကောင်းမှုကုသိုလ်တရားတွေ အမြဲတမ်း ပွားနေတော့ မောဟကို အမြဲတမ်း ပယ်နေတယ်။ အဲဒီလို မောဟကို အမြဲတမ်းပယ်တဲ့ အတွက် ရောဂန္တရကပ် ကင်းဝေးတယ်။ နောက်ဆုံး ကုန်ကုန်ပြောရမယ်ဆိုယင် ဘုန်းကြီးများ မမှိတ်မသုန် အခုလောလောဆယ် ယုံနေပုံကို ပြောရယင် ကမ္ဘာကြီးသည် မကြာတော့ဘူး၊ အနုမြူစစ် ဖြစ်လိမ့်မယ်။ ဘာပြုလို့တုံးဆိုတော့ အကုမြူလက်နက်ပိုင်ရှင်။ အင်း- ခေါင်းဆောင်ကြီးနှစ်ဦးဟာ မကြာခင်လတုန်းက ဟုတ်လား.... ဘေးချင်းတိုက်ကြတယ်။ သဘော်ချင်း၊ သဘော်ချင်း ဟုတ်လား၊ သဘော်ချင်း ဘေးတိုက်တယ် ဆိုတာ အားလုံး ရေဒီယိုကလည်း ကြားမယ်၊ သတင်းစာမှာလဲ တွေ့တယ်။

နောက်တစ်ခါ သူတို့ချင်း တိုက်လို့ရှိယင် အဲဒါ ခေါင်းချင်း တိုက်တော့မယ်။ ခေါင်းချင်းတိုက်လို့ရှိယင် မုချ အကုမြူစစ်ကြီး ဖြစ်တော့မယ်။ အကုမြူစစ်ကြီး ဖြစ်လို့ရှိယင်၊ အင်း– ကမ္ဘာကြီးအန္တရာယ်တွေ့ အကုမြူခိုးဟာ နှိပ်စက်မယ်ဆိုတာ ဘုန်းကြီးတို့ သူတို့ရဲ့ သိပ္ပံပညာကို မယုံမဟုတ်ပါဘူး၊ ယုံပါတယ်။ အင်မတန် အုံဩစရာကောင်းတဲ့ ပုဂ္ဂိုလ်တွေပါဘဲ။ သူတို့ရဲ့သိပ္ပံပညာတွေဟာ တစ်နေ့တခြား ထူးဆန်း ထူးဆန်းပြီးတော့ လာပါတယ်။

ဗုဒ္ဓရဲ့ တရားတော်အရ မြန်မာတို့ရဲ့ ကျင့်သုံးနေတဲ့ ဒါန, သီလ, ဘာဝနာ, ဒီဟာကိုလည်း အာထင်ဆေး လို့ မဖြစ်ဘူး။ ဒီ ဒါန သီလ ဘာဝနာက ဓမ္မ၊ လောဘ ဒေါသ မောဟက အဓမ္မ။ ဓမ္မနဲ့ အဓမ္မ။ ဘယ်တော့မှ အဓမ္မက ဓမ္မကို နိုင်ခဲ့းမရှိဘူး။ ဒီ အဓမ္မက ဒီဓမ္မနဲ့ ရင်ဆိုင်မိယင် သူက နောက် ငြိမ်းငြိမ်းသွားရတယ်။

အဲဒါလိုပဲ ဒီဗုဒ္ဓဘာသာတွေ့ ကျင့်သုံးတဲ့ ဒါနကောင်းမှုကုသိုလ်၊ သီလကောင်းမှုကုသိုလ်၊ ဘာဝနာကောင်းမှုကုသိုလ်၊ အခုလို အသံမစဲ ပဋ္ဌာန်းဒေသနာ ရွတ်ဖတ်ပူဇော်ပဲ့ ကျင်းပတယ် ဆိုတာ ဘာဝနာကုသိုလ် နော်။ အဲဒီလို ဘာဝနာကောင်းမှုကုသိုလ် အမြဲတမ်း မိမိတို့ကပြုတော့ ဒီကမ္ဘာမှာပေါ်မယ့် ညှကလီးယား အခိုးတွေဟာ သူတို့ချင်း သူတို့ချင်း ပစ်ကြခတ်ကြလို့ လက်ဖက်ရည်သောက်ရင်းပဲ သူတို့အသက်တွေ ပျောက်ကုန်မှာ သေချာတယ်။ အဲဒီ သူတို့တရားခံနှစ်ဦး အန္တရာယ်လည်းဖြစ်ပြီးရော၊ အဲဒီ အခိုးတွေကို ဗုဒ္ဓဘာသာ သူတော်စင်တို့ရဲ့ ဒါန၊ သီလ၊ ဘာဝနာ ကောင်းမှုကုသိုလ် အဟုန်ကြောင့် သဘာဝ အန္တရာယ်ကို ကာကွယ်ခဲသာ အနေနဲ့ အဲဒီအခိုးတွေကို ငြိမ်းစေတတ်တဲ့ ကမ္ဘာပြု မိုးလို့၊ ဒီ အခိုးတွေငြိမ်းစေတတ်တဲ့ မိုးကြီး အုံဩလောက်အောင် ရွာချပေးမယ်။ အကုမြူအခိုးတွေ ငြိမ်းမယ်လို့ ဘုန်းကြီးများ မမှိတ်မသုန် ယုံကြည်လျက် ရှိပါတယ်။

အဲ– တိုတိုပြောကြစို့၊ မိမိတို့ရဲ့အဖိုးရာ ဤကဲ့သို့ လက်နက်ဆန်း၊ လက်နက်ရိုး၊ တို့မှာ ဘာမှ မရှိဘူး။ တို့မှာရှိတာ ဒါန၊ သီလ၊ ဘာဝနာ၊ ဓမ္မလက်နက် ကောင်းကောင်းကြီး ကိုင်ထားတယ်။ မိမိတို့ကိုင်ထားတဲ့ ဒါနလက်နက်, သီလလက်နက်, ဘာဝနာလက်နက်ဆိုတဲ့ ဓမ္မလက်နက်တွေကို ပြောင်သည်ထက်ပြောင်၊ လက်သည်ထက် လက်အောင် ကျင့်သုံးကြပါလို့ ဘုန်းကြီးများ တိုက်တွန်းရမည် ဖြစ်ပါတယ်။

ယခုကဲ့သို့ အသံမစဲ ပဋ္ဌာန်းရွတ်ဆိုပဲ့ ကျင်းပခြင်းသည် ကမ္ဘာ့အန္တရာယ်ကို ရွေတန်းက ကာကွယ်တဲ့အလုပ်ကို ငါတို့ လုပ်ဆောင်ရတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော် အန္တရာယ်ကင်းအောင် ငါတို့ရွေတန်းက ဆောင်ရွက်ရတယ်လို့ အောက်မေ့ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကြပါ။ ဆရာဒကာ၊ ဆရာက ဓမ္မာနုဂ္ဂဟ၊ ဒကာက ပစ္စယာနုဂ္ဂဟဖြင့် ဘုန်းကြီးများ ဆွမ်းကျွေး တာ ကို မေးကြည့်ယင် ဆွမ်းကျွေးတာက တကတည်း ဘုန်းကြီး များ အ နေ နဲ့ က သိပ်ပြီးတော့ ... တစ် နည်း ပြော ရ လို့ ရှိယင် ဘုန်းကြီးများ စား‌တဲ့အစာနဲ့ ကြည့်လိုက်တော့ ကနေ့ ဆွမ်းကျွေးတဲ့ ဆွမ်းကျွေးပဲ့မှာ အသုံးအစဲ့တွေ့ အင်မတန် များနေတာ ဓတ္တရတယ်။ ဒါကို မတရား သုံးတယ်လို့ မပြောလိုပါဘူး။ ဒီတန်ဖိုးရှိတာကို ပြောလိုပါတယ်။

အဲဒီတော့ဒါလောက်ကြီးစွေးကြီးနေတဲ့.... ဆိုကြပါစို့၊ အသားတစ်ပိဿာ နှစ်ရာ၊ ဝက်သား တစ်ပိဿာ ငါးဆယ်၊ ကြက်သား တစ်ပိဿာ တစ်ရာနဲ့ မနေ့ညတုန်းက ဘုန်းကြီးများ ကြားလိုက်ရတယ်၊ ကြက်သီးကို ထ-ထ သွား

တာပဲ၊ တန်ဖိုးပြောလိုက်ယင်။ ဘုန်းကြီးများ စားတာက ဒီ ပဲကလေးတင်စားတော့၊ ကိုယ်က ဘာမှ သိပ်များများစားတာ မဟုတ်တော့၊ ဒီ တန်ဖိုးကြီးတာကို ကြည့်လိုက်ယင် ကြားလိုက်ရ ကြက်သီးကို ထ-ထသွားတယ်။

တစ်နည်းအားဖြင့် ဘုန်းကြီးများ ပြောရ ယင် ဘုန်းကြီးတို့အဖို့က ဆွမ်းပဲ့ပေါ်မှာ ဝက် သား ဟင်းပါယင် အလိုလို ဆွမ်းစားပျက်တယ်။ အဲဒီ ကြက်သားတို့ ဘာတို့ တစ်ခါတလေ ဒီ ဒါဟာ ကြက်စုပ်ပြုတ်ပါ ဘုရား၊ ဘုဉ်းပေးပါ ဘုရား ဆိုပေမယ့် အဲဒီ ကြက်ဆိုတဲ့ အသံကြား တာနဲ့ မသောက်ဝံ့ဘဲ ဖြစ်ပါတယ်၊ မစားဝံ့ဘဲ။

ဆိုကြပါစို့၊ ဘယ်လောက်ကြီးပဲ ဈေးကြီး ကြီး ဆွမ်းကျွေးမဟဲ့ ဆိုတဲ့ အကြံနဲ့ ကနေ့ ကျွေးတာ ဘယ်လောက်ကုန်တုံး ဒကာကြီး၊ ဘယ်လောက်သုံးတုံးဆို တစ်သောင်းလောက် ကျော်ကျော်လောက် ဒီလိုပြောတာ ဒကာတို့။ ဘုန်းကြီးစိတ်ထဲ ကြောက်သွားတယ်။ ဒါက ဘုန်းကြီးများက ဒီအလိုလို နဂိုက အလိုနည်း ပြီးတော့ နေတဲ့ ပုဂ္ဂိုလ်အနေနဲ့ ကြောက်တာ ပဲ။ ဒါမိမိတို့ဘက်ကတော့ ဆွမ်းခဲဖွယ် ဘော ဇဉ် ဘယ်လောက်ပဲ ဈေးကြီးကြီး လှူနေတယ်။

လှူနေတယ်၊ ဆွမ်းအလှူကြောင့်—

(၁) အာယုဒါန = အသက်အလှူကို၊
(၂) ဝဏ္ဏဒါန = အဆင်းအလှူကို၊
(၃) သုခဒါန = ချမ်းသာသုခအလှူကို၊
(၄) ဗလဒါန = ခွန်အားဗလ အလှူကို၊
(၅) ပဋိဘာန-ပညာဒါန = အသိဉာဏ် ပညာအလှူကို လူတာဖြစ်တယ်။ ဘာပြုလို့လဲ။

ဒီ ဆွမ်းခဲဖွယ်ဘောဇဉ်သည် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပညာ ရဲတဲ့ ငါးမျိုးကို လမဆိုင်း နှစ်မဆိုင်း ဘဝမဆိုင်းဘဲ ကနေ့စား ကနေ့ ဒီအကျိုးငါးပါးကို ချက်ချင်းဖြစ်စေတယ်။ အဲ ဒါကြောင့် အကြောင်းဖြစ်တဲ့ ဆွမ်းခဲဖွယ် ဘောဇဉ်သည်ပင်လျှင် အကျိုးဖြစ်ကဲ့ အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပညာ- ငါးမျိုးလှူတာ ဖြစ် တယ်လို့ မြတ်စွာဘုရား ဟောကြားခြင်း ဖြစ် ပါတယ်။ ဘောဇနသုတ်လို့ ရှိတယ်။

အဲဒီ ဘောဇနသုတ္တန်မှာပဲ အကျိုးတရား ဆက်ပြီးတော့—

အာယုံ ခေါ ပန ဘိက္ခဝေ ဒတ္တာ အာ-ယုဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ၊ ဝဏ္ဏံ ဒတ္တာ ဝဏ္ဏဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ- စသည်ဖြင့် ငါး ချက်။ (ပဋိဂ်ုတ္တရ၊ ၃၅။)

ရဟန်းတို့၊ ဒါနကြောင့် နတ်ပြည်၊ လူ့ပြည် မှာ သွားဖြစ်တယ်။ ဖြစ်ပြီးတော့ ဒီ အာယု ဒါန်ကြောင့် အသက်ရှည်ခြင်း အကျိုး၊ ဝဏ္ဏ ဒါနကြောင့် အဆင်းလှခြင်းအကျိုး၊ သုခဒါန ကြောင့် ချမ်းသာသုခ အကျိုး၊ ဗလဒါန ကြောင့် ခွန်အား ဗလ အကျိုး၊ ပညာဒါန ကြောင့် အသိဉာဏ်ပညာအကျိုး ရတယ်လို့ မြတ်စွာဘုရား အကျိုးငါးပါးကိုလည်း အစဉ် အတိုင်း ဟောပေးတယ်။ မိမိတို့အနေနဲ့ အဲဒီ အကျိုးငါးပါး မုချကေန် မြေ လက်ခတ်မလဲ ရလိမ့်မယ် မှန်တယ်။ အဲဒီ ရမယ့်အကျိုးကို ပြည့်စုံအောင် မိမိတို့ ဝောင်းကတ်ရမယ်။

(၁) အာယုဒါနကြောင့် နတ်ပြည် လူ့ ပြည်မှာ သုဂတိဘဝ သံသရာလည်ရခြင်းဟာ ဒါ အခြေခံအကြောင်းရင်း။ နတ်ပြည် လူ့ ပြည်၌ ဖြစ်ပြီးတော့ အသက်ရှည်ခြင်း ဆိုတဲ့ အကျိုး။ အဲဒီအသက်သည် နှစ်မျိုးရှိတယ်။ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတလို့ ခေါ်တဲ့ လောက အသက်။ ဓမ္မအသက်က ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊

(၅) ပညာဒါနကြောင့် လောကီဝိပဿနာ ပညာ၊ လောကုတ္တရာမဂ်ဖိုလ်ပညာ နှစ်ရပ်တို့နှင့် အရဟတ္တဖိုလ်မပါက်၊ ဝါ- အရဟတ္တဖိုလ် ပညာရောက်အောင် ပြီးမြောက်တဲ့ကိုယ် ဖြစ်ရပါလို၏ လို့ --

နှစ်မျိုး- နှစ်မျိုး- နှစ်မျိုး- ဆုတောင်းရမည် ဖြစ်ပါတယ်။ အချိန်တန်ယင်-

ယခု မိဒံတို့သည် ဘုန်းကြီးတို့ ဒီဖွဲ့ထားတဲ့အဖွဲ့ တိပိဋကတ = နိကာယ သာသနာပြုအကျိုးဆောင် အဖွဲ့လို့ အဲဒီလိုဖွဲ့တာ တိုးခဲ့ တိုးခဲ့ပြီးတော့ ဘုန်းကြီးတို့ဖွဲ့တာ အဓိပ္ပာယ်ရှိမှာတယ်။ ဘာပြုလို့ တိုးဆိုတော့ နိုင်ငံတော်သာသနာမှာ-

(၁) ရန်ကုန်မြို့က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊

(၂) မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊

(၃) ဘုန်းကြီးတို့ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ တိပိဋက-နိကာယ သာသနာပြု ကျောင်းတိုက်၊

(၄) ဘုန်းကြီးများနေတဲ့ ဓမ္မနာဒ ကျောင်းတိုက်-

ကျောင်းတိုက် တစ်တိုက် တစ်တိုက် လျှင် ဓမ္မနာဒတိုက်ဆိုယင် သံဃာတစ်ရာကျော် ရှိပါတယ်။ ပြီး တိပိဋက-နိကာယ ကျောင်းတိုက်ကလည်း သံဃာတစ်ရာ့ငါးဆယ်လောက် ရှိတယ်။ ဒါသူ အမြဲတမ်းရှိတယ်။

တစ်ခါ တက္ကသိုလ်ဆိုတဲ့ နှစ်ခုက သံဃာစုံလာယင် တက္ကသိုလ်မှာ စာသင်သားက ငါးရာ၊ ဒီ အုပ်ချုပ်တဲ့ ဆရာတော်က တစ်ရာ၊ အားလုံး အမြဲတမ်း သံဃာ ခြောက်ရာ (၆၀၀) ရှိရမယ်။ တက္ကသိုလ်တစ်ခုလျှင် ခြောက်ရာ၊ တက္ကသိုလ် နှစ်ခုဆိုလျှင် တစ်ထောင့်နှစ်ရာ (၁၂၀၀) ဖြစ် ပညာ၊ ဣဒါပါဒ်လေးပါး တရားလေးမျိုးကို ဓမ္မအသက်လို့ ခေါ်တယ်။

အာယုဒါနကြောင့် တပည့်တော်တို့သည် နတ်ပြည် လူ့ပြည်၌ ဖြစ်ပြီးသကာလ လောကအသက်ဖြစ်သော ရုပ်ဇီဝိတ နာမ်ဇီဝိတ သန္တာန်သက်ရှည် တည်နေရခြင်း၊ ဓမ္မအသက်ဖြစ်တဲ့ ဣဒ္ဓိပါဒ်လေးပါး တရားမြတ်တို့နှင့် အရဟတ္တဖိုလ်ပေါက်၊ ဝါ-အရဟတ္တဖိုလ် ဣဒ္ဓိပါဒ် လေးပါးရောက် ပြီးမြောက်တဲ့ကိုယ် ဖြစ်ရပါလို၏ လို့ ဆုမွန်ကောင်း တောင်းရမယ်။

(၂) ဝဏ္ဏဒါနကြောင့် လောကအဆင်း ဖြစ်တဲ့ ရုပ် နှစ်ဆယ့်ရှစ်ပါး (၂၈) အဝင်အပါ ဝဏ္ဏာယတနခေါ်တဲ့ အဆင်းရုပ် ကြည်လင် သန့်ရှင်းခြင်း ဓမ္မအဆင်းဖြစ်တဲ့ သီလ အကျင့်မြတ် ပဋိပတ်၊ သီလကို ဓမ္မနယ်ပယ်မှာ အဆင်းလို့ ခေါ်တယ်။ အဲဒီလို လောကအဆင်း၊ ဓမ္မအဆင်းနှစ်ရပ်တို့နှင့် အရဟတ္တ ဖိုလ်ပေါက်၊ ဝါ- အရဟတ္တဖိုလ်သီလ ရောက်အောင် ပြီးမြောက်တဲ့ကိုယ် ဖြစ်ရပါလို၏လို့ ဆုတောင်းရပါမယ်။

(၃) သုခဒါနကြောင့် လောကီသုခ ဝေဒနာ လောကုတ္တရာမဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ နှစ်ရပ်တို့နှင့် အရဟတ္တဖိုလ်ပေါက်၊ ဝါ- အရဟတ္တဖိုလ် ချမ်းသာရောက် ပြီးမြောက်တဲ့ကိုယ် ဖြစ်ရပါလို၏လို့ --

(၄) ဗလဒါနကြောင့် လောကီခွန်အား ဗလဖြစ်တဲ့ ဝါယောဓာတ် အင်အား တောင့်တင်းခိုင်မာခြင်း၊ ဓမ္မခွန်အားဖြစ်တဲ့ သဒ္ဓါဗိုလ် ဝီရိယဗိုလ် သတိဗိုလ် သမာဓိဗိုလ် ပညာဗိုလ် ဗိုလ်ငါးပါး အားငါးရပ်တို့နှင့် အရဟတ္တဖိုလ်ပေါက်၊ ဝါ- အရဟတ္တဖိုလ် ဗိုလ်ကြီးငါးပါး ရောက် ပြီးမြောက်တဲ့ကိုယ် ဖြစ်ရပါလို၏။

မယ် နော်။ ဒီ အဲဒီလို အရှည်ကိုမျော်ပြီးတော့ ကြည့်ရပါမယ်။ အခုဟာက တက္ကသိုလ် စဖွင့်စ မိုလို့ ပထမနှစ်နှစ်မှာ ခြောက်ဆယ်၊ သံဃာ အပါး ခြောက်ဆယ်ပဲ ရှိသေးတယ်။ ယခု မကြာခင် နယုန်လပြည့်ကျော်ဆိုယင် သင်တန်း အသစ်လည်းပဲ ဖွင့်မယ်၊ ပြီးတော့ စာသင်သား အသစ်ကိုလည်း ခေါ်လိုက်လို့ ရှိယင် ဘာပဲ ပြောပြော ယခုနှစ် တက္ကသိုလ်တစ်ခုမှာ သံဃာ တစ်ထု- တစ်ထု ဒီလိုဖြစ်မယ်။

အဲဒီ အခုပြောတဲ့ လေးဌာနမှာ ဘုန်းကြီးတို့ တိပိဋကနိကာယ သာသနာပြုအဖွဲ့ဟာ အဲဒီ သံဃာတွေရဲ့ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး, ပစ္စည်းလေးပါးကို အမြဲပြုနိုင်အောင် စီမံဘာ ဖြစ်လို့ တိပိဋကနိကာယ သာသနာပြု အကျိုး ဆောင်အဖွဲ့လို့ အကျယ်အကျယ် ခွဲပြီးတော့ ဘုန်းကြီးတို့ ဖွဲ့နေခြင်း ဖြစ်ပါတယ်။

တိပိဋက - နိကာယ သာသနာပြု ဆိုတာက နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ တည်းဟူသော ပရိယတ္တိသာသနာ တိုးတက် စည်ကားအောင် ပြုတဲ့ သာသနာပြုအဖွဲ့လို့ မိမိတို့အဖွဲ့ရဲ့ အဓိပ္ပာယ်ကိုလည်း သိပြီးတော့ အဖွဲ့ဝင် ဒကာကြီး-ဒကာမကြီးတွေ ဘုန်းကြီးများကတော့ ဒီ ဩဝါဒတွေ ခေါ်တဲ့ လုပ်ငန်းလည်းပဲ သင့်လျော်အောင် မဂ်လာလည်း ရှိအောင် ဆိုပြီး ဒီတိပိဋက-နိကာယအဖွဲ့ဝင်လာတဲ့ ဒကာကြီးတွေ ကျောင်းဆောက်လှူတဲ့ ဒကာကြီးတွေ ကျောင်းဒကာကြီးတွေကို "သာသနပါလ သုဒတ္တာအဖွဲ့"လို့ သုဒတ္တာ ဒကာကြီးတွေ၊ သာသနာတော်ကို စောင့်ရှောက်ထိန်းသိမ်းတဲ့ သုဒတ္တာဆိုတာ အနာထပိဏ်သေဋ္ဌီးရဲ့ မိဘမှည့်တဲ့ နာမည်နဲ့ သုဒတ္တာအဖွဲ့ သုဒတ္တာကျောင်းဆောင် ဒီလို နာမည်တပ်တယ်။

တစ်ခါ ဒကာမကြီးတွေကျတော့ သာသနာ့ပါလ သုဘဒ္ဒါအဖွဲ့၊ သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက်တဲ့ "သုဘဒ္ဒါ အမျိုးသမီးအဖွဲ့"။ ဒါ ကျောင်းဒကာ ကျောင်းအမအဖွဲ့။ အဲဒီ ကျောင်းအမ အဖွဲ့ကျတော့ "သုဘဒ္ဒါ" ဆိုတာ အနာထပိဏ်သေဋ္ဌီးရဲ့ သမီးအထွေး သောတာပန်သမီးလေး နာမည်နော်။ အဲဒီ နာမည်နဲ့ ဘုန်းကြီးတို့ သာသနာနဲ့ ကျောင်းဒကာ ကျောင်းအမတွေကို ရင်းနှီးစေခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီ တိပိဋက-နိကာယ သာသနာပြု အကျိုးဆောင်အဖွဲ့ဆိုတာ ဒီလို နော်ကို အကျယ်တဝင့် သံဃာ ၁၂၀၀။ ၁၄၀၀-လောက် သင်္ကန်း, ကျောင်း, ဆွမ်း, ဆေး, ပစ္စည်းလေးပါး လှူဒါန်းနိုင်အောင် မျက်မြည်မပြတ် သားစဉ်မြေးဆက် ပြုစုနိုင်အောင် ဘုန်းကြီးတို့ ဖွဲ့စည်းခြင်းဖြစ်ပါတယ်။ အဲဒါကို သိပြီးတော့ ဒီအဖွဲ့ဝင်ကြတဲ့ ဘုန်းကြီးတို့ ဘောပတန်းရှာ ဆိုတော့ ဦးမြင့်မောင် ဒကာကြီးနာယကပြုပြီးတော့ အားလုံး လေးဆယ့်ငါးဦး၊ လေးဆယ့်ကိုးဦးလို့ ဒီလို သတ်မှတ်ပါတယ်။ ဒီတော့ လေးဆယ့်ကိုးဦး (၄၉)လည်း မကြာခင် သူ့ဟာပြည့်လျှင် ပြန်သွားမယ့်ဆဘော ရှိပါတယ်။ ဒီ အခု အားလုံး ဘယ်လောက် ရောက်သွားပြီလဲ ဆိုတော့ ဒါ မနေ့က တစ်ရက်တစ် (၃၇) သုံးဆယ်နဲ့ ခုနစ်ဦး အားလုံးရောက်သွားပြီ။ /မကြာခင် (၄၅) လေးဆယ့်ငါးဦး ပြည့်စုံသွားမယ့် သဘော ရှိနေပါတယ်။

အားလုံးသဘောကျဖို့ ဘုန်းကြီးများ ပြောပြီးပြီ၊ ယခု မိမိတို့ရဲ့ ကောင်းမှုကုသိုလ်ကို ရေစက်ချပြီးတော့ ဆုမွန်ကောင်း တောင်း/ အမျှအတန်း ဝေကြရအောင်၊ နာယကပြုလုပ်တဲ့ ဒကာကြီးများ ရေစက်ခွက်ကိုင်၊ အားလုံး လိုက်ပြီးတော့ဆိုကြ။ (အားလုံး လိုက်ဆိုကြသည်။ ရေစက်ချ အမျှဝေကြသည်။)

သာဓု၊ သာဓု၊ သာဓု။ ။



နီဗွာန်ရောက်ကြောင်း
နည်းလမ်းကောင်း
ရန်အောင်
ပန်းချီဆရာ

နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်း

* စတုဂိရိ၊ မည်ရှိနာမံ
ဆရာတော်ကြီး၊ နည်းပေးဟောပြန်
နိဗ္ဗာန်ရောက်ကြောင်း၊ နည်းကောင်းအမှန်
ပေါင်းခြောက်ခု၊ သတိပြု လိုက်နာရန်။

* အချိန်ကာလ၊ ရှိသမျှတွေ့မှာ
အကုသိုလ်ကင်း၊ သန့်ရှင်းစေရ
ကုသိုလ်ကောင်းမှု၊ ပြုကြအမြဲသာ
နိဗ္ဗာန်လမ်း၊ ဖြောင့်တန်းစေရက်မည်သာ။

* စာပေကျမ်းဂန်၊ ဖတ် အံ သင်ပါ
ထိုဖြင့်မရပ်၊ နောက်ထပ် ကျင့်စဏ
တရားသိဖို့၊ ဘဝ်ကဝန်တာ
အားထုတ်မှု၊ ဆောက်ရ ပြည်ခေမာ။

* မရှည်စေရ၊ ဒုက္ခသံသရာ
တိုအောင်ကျင့်ကြ၊ ဆိုးစ့်သံသရာ
သံသရာဘေး၊ မြော်တွေးရှကာ
နိဗ္ဗာန်လမ်း၊ ဖြောင့်တန်းစေဖို့ရာ။

* မမေ့သတိ၊ အမြဲရှိစေရန်
မေ့၍နေက၊ သေရ အဖန်ဖန်
မမေ့ပါမှ၊ မသေရတစ်ဖန်
သေခြင်းဏ်း၊ ဖြောင့်စင်းပြည်နိဗ္ဗာန်။

* အဝိဇ္ဇာ, တဏှာ၊ ဆတ်ပါသေအောင်
နိဗ္ဗာနဓာတ်၊ ချဉ်းကပ်အမြဲဆောင်
အဝိဇ္ဇာကင်းက၊ ရောက်ခြင်းရှေသောင်
ဒုက္ခအပေါင်း၊လွတ်ကြောင်း ရည်ရွယ်ဆောင်။

* ဥပါဒါန်အရပ်ရပ်၊ ဖြတ်ရပါမည်
ဥပါဒါန်ကင်းမှ၊ ရောက်ခြင်းရှေပြည်
ဥပါဒါန်က၊ ဘဝဖြစ်သည်
ပြတ်ဘဝ၊ ရောက်ရ နိဗ္ဗာန်ဆီ။

* သံသရာဘေး၊ မြော်တွေးရှကာ
အိုခြင်း, နာခြင်း၊ သေခြင်းကင်းရာ
ဒုက္ခခပ်သိမ်း၊ ကင်းငြိမ်းချမ်းသာ
နိဗ္ဗာန်သို့၊ ရောက်ဖို့ အားထုတ်ပါ။

ရန်အောင်





အမှတ်တရ ဂါစိုးပြည်သူ့ဒါန

ဦးညက်ံသာဘိဝံသ

ဝါမဆို ဝါမကပ်မီ နိကာယ်ဆောင် အရှင် မြတ်တို့အား 'အကျိုးလိုလားတဲ့ ပုဂ္ဂိုလ်တစ်ပါး အနေနဲ့ သတိပေးစကား အနည်းငယ်မျှလျှောက် ထားပါရစေ။

"ပညာရှိ သတိဖြစ်ခဲ့" ဆိုတဲ့ စကားရှိတယ်။ တပည့်တော်တို့ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ သတိ မေ့လျော့မှု၊ သတိကင်းလွတ်မှုမှ မကင်းကြသေး ပါဘူး။ ဒါကြောင့်မို့လို့ အကျိုးလိုလားတဲ့ ပုဂ္ဂိုလ်တစ်ပါးအနေနဲ့ အရှင်မြတ်တို့အား သတိ ပေးစကား လျှောက်ထားချင်ပါတယ်။

တပည့်တော်တို့ သိကွာပုဒ်တော်ရှိတဲ့-

"မာယသ္မာ အတ္တာနံ အဝစနိယံ အကာသိ"

"အရှင်၊ အရှင်သည် မိမိကိုယ်ကို သီတင်း သုံးဖော်တို့က အာဏာနာအား လျော်စွာ အကြိုး အကြောင်းသင့် အကျိုးသင့် မပြောနိုင် မဆို နိုင် သတိမပေးနိုင်တဲ့ ပုဂ္ဂိုလ် မဖြူမလုပ်ပါနဲ့"

"ဝစနိယ မေ ဝါယသ္မာ အတ္တာနံ ကရောတု"


"အရှင်သည့်မိမိကိုယ်ကို သီတင်းသုံးဖော် သမဂ္ဂတို့က အာဏာနာအားလျော်စွာ အကျိုး သင့် အကြောင်းသင့် ပြောနိုင် ဆိုနိုင် သတိပေး နိုင်တဲ့ပုဂ္ဂိုလ် ဖြူလုပ်တော်မူကြပါ"

"အာယသ္မာပိ ဘိက္ခူ ဝဒတု သဟဓမ္မေန"

"အရှင်ကလည်းပဲ သီတင်းသုံးဖော် သမဂ္ဂ တို့ကို အာဏာနာ အားလျော်စွာ အကျိုးသင့် အကြောင်းသင့် ပြောပါ၊ ဆိုပါ၊ သတိပေး တော်မူပါ"

"ဘိက္ခူပိ အာယသ္မန္တံ ဝက္ခန္တိ သဟဓမ္မေန"

"သီတင်းသုံးဖော် သမဂ္ဂတို့ကလည်းပဲ အာဏာနာအားလျော်စွာ အကျိုးသင့်အကြောင်းသင့် ပြောကြ၊ ဆိုကြ၊ သတိပေးကြပါလိမ့်မယ်"



"ဧဝံ သံဝဒ္ဓါဟိ တဿ ဘဂဝတော ပရိသာ ယဒိဒံ အညမညဝစနေန· အညမည-ဝုဋ္ဌာပနေန"

"ဒီလို သီတင်းသုံးဖော် သမဂ္ဂတစ်ပါးနှင့် တစ်ပါး အချင်းချင်းအထုဋ္ဌာန အားလျော်စွာ မြွောကြ၊ဆိုကြ၊ သတိပေးကြခြင်း၊ တစ်ပါးနှင့် တစ်ပါး အာပတ်မှ ထမြောက် စေခြင်း ဖြင့် မြတ်စွာဘုရား၏ ပရိသတ်သည် ဤမျှလောက် တိုးတက်လာပါသည်၊ကြီးပွားလာပါသည်ဆိုတဲ့ သိက္ခာပုဒ်စကား ရှိပါတယ်"

တပည့်တော်တို့ အရှင်မြတ်တို့သည် ပုထုဇဉ် ပုဂ္ဂိုလ်ဖြစ်ကြတဲ့အတွက် သတိမေ့လျော့မှု၊သတိကင်းလွတ်မှုမှ မကင်းနိုင်ကြသေးဘူး။ဒီလို သတိမေ့လျော့မှု၊ သတိကင်းလွတ်တဲ့ အချိန်အခါ မျိုးမှာ အပြောမှား၊ အဆိုမှား၊ အသွားအလာ မှား၊ အပြုအမူမှား အစရှိတဲ့ ချွတ်ယွင်းချက်တွေ ပေါ်ပေါ်ပြီးတော့ လာတတ်ပါတယ်။ မည်သူမျှ မကင်းနိုင်ကြသေးပါဘူး။ ဒီလို ချွတ်ယွင်းချက် တစ်ပါးပါးမှာ ပေါ်ပေါက်ပြီးတော့ လာတဲ့အခါမှာ ငါနဲ့မဆိုင်ပါဘူး၊ သူ့ထိုက်နဲ့သူ့ကံ ဒီလိုအနေနဲ့ ပစ်ပြီးတော့ကာ မထားကြပါနဲ့၊ လျစ်လျူမရှုကြပါနဲ့၊ လျစ်လျူမရှုဘဲနဲ့ အထူဋ္ဌာနအားလျော်စွာ တစ်ပါးနှင့် တစ်ပါး ချွတ်ယွင်းမှုပေါ်လာလို့ရှိယင် အကျိုးသင့် အကြောင်းသင့် သတိပေးတော်မူကြပါ၊ ပြောကြ ဆိုကြပါ။

ဒီလို အထူဋ္ဌာနအားလျော်စွာ အကျိုးသင့် အကြောင်းသင့် ပြောဆို သတိပေးတော်မူကြလို့ရှိယင် အရှင်သူမြတ်တို့၏ ပါသာဒိကဂုဏ်သည် တစ်နေ့ထက်တစ်နေ့ တိုးတက် တိုးတက်ပြီးတော့ အရှင်မြတ်တို့ရဲ့ နိကာယ်ဆောင် ပရိသတ်ကြီး ဟာလည်းပဲ တနှစ်ထက် တစ်နှစ်၊ တစ်ခေတ်ထက်တစ်ခေတ် တိုးတက်လာပါလိမ့်မယ်၊ ကြီးပွားပြီးတော့ လာပါလိမ့်မယ်။ ဒါကြောင့် မို့လို့ တစ်ပါးနှင့်တစ်ပါး အကြောင်းအားလျော်စွာ ချွတ်ယွင်းမှုတစ်ခုခု ပေါ်ပေါက်ပြီး လာလို့ရှိယင် ပြောတော်မူကြ၊ သတိပေးတော်မူကြပါ၊ အပြောခံရ၊ သတိပေးခံရတဲ့ ပုဂ္ဂိုလ်များကလည်းပဲ–

"သြော်.... ငါ့ရဲ့ အကျိုးကိုလိုလားလို့ ငါ့ရဲ့ သမဂ္ဂတွေ့ ဝိုင်းဝန်းပြီးတော့ကာ စောင့်ရှောက်တော်မူကြတယ်" ဒီလို သဘောပိုက်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ခံယူတော်မူကြပါ။ ချွတ်ယွင်းချက်ကို ပြုပြင်တော်မူကြပါ အရှင်တို့ဘုရား....။

ဒီတော့ ဆက်လက်ပြီးတော့ကာ တပည့် တော် တစ်ခု လျှောက်ထားပါရစေ။

"ဝတ္တံ အပရိပူရေန္တော၊ သီလံ နပရိပူရတိ"

"မိမိတို့ ပြုကျင့်ရမည့် ဝတ်ကြီးဝတ်ငယ်တွေ ရှိတယ်။ အဲဒီ ဝတ်ကြီးငတ်ငယ်တွေ မပြည့်စုံလို့ ရှိယင်လည်းပဲ ရဟန်းတော်တို့ရဲ့ သီလမပြည့်စုံသေးဘူးလို့ ဆိုပါတယ်။ မိမိတို့ရဲ့ သီလ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက်ဖြစ်အောင် ဆိုင်ရာဆိုင်ရာ ဝတ်ကြီးဝတ်ငယ်တို့ကိုလည်းပဲ အခါအလိုက် ထိုက်သလို ဆောင်ရွက်တော်မူကြပါ။

တစ်ချိန်က မြတ်စွာဘုရား အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို မြည်တွန်တော်မူတာရှိတယ်။

"ကုဟိ• ဂတော သာရိပုတ္တ"

"ချစ်သား သာရိပုတ္တရာ၊ ထင်ချစ်သားသည် ဘယ်သွားနေသလဲ"

"န ပတိရူပံ ဒါနိ တေ မယံ အနန္တရေ ဌာနေ ဌတွာ ဝိစရန္တဿ အသမ္မုဇ္ဇိတွာ နိသီဒိတုံ" သင် ချစ်သားသည် ငါဘုရား၏ အခြားမဲ့ လက်ယာဌာနမှာ နေရတဲ့၊ လက်ယာအရပ်နှာနေရတဲ့ လက်ယာရံ အဂ္ဂသာဝကကြီး တစ်ပါးပါ၊ လက်ယာရံ အဂ္ဂသာဝကကြီး တစ်ပါးဖြစ်ပါလျက်နဲ့ ဟိုသွားဒီသွား သူ့ကျောင်းဝင်းထဲမှာ တံမြက်စည်းမလှဲမခတ်ဘဲနဲ့၊ သန့်သန့်ရှင်းရှင်း မပြုပြင်ဘဲနဲ့ နေထိုင်လို့ ဓတ်ပါ့မလား ချစ်သား" လို့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာ မထေရ်မြတ်ကို မြည်တွန်တော်မူခဲ့ပါတယ်။

အဲဒီစကားတော်အရ မြတ်စွာဘုရားသခင်သည် မိမိတို့ကျောင်းဝင်းထဲမှာ သန့်သန့် ရှင်းရှင်းဖြစ်စေတော်မူလိုတဲ့ဆန္ဒ ရှိတော်မူပါတယ်။ မြတ်စွာဘုရား၏ ဆန္ဒတော်အတိုင်း မိမိကျောင်းဝင်းထဲမှာ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် ဖြစ်အောင်လည်းပဲ မြတ်စွာဘုရား အလိုဆန္ဒတော်ကို လိုက်လျော ပြုကျင့်ကြဖို့ရန် တပည့်တော် လျှောက်ထားပါတယ်ဘုရား။

အဲဒီတော့ မြတ်စွာဘုရား အလိုဆန္ဒတော်အတိုင်း ပြုကျင့်ကျလို့ရှိယင် အရှင်ဘုရားတို့ရဲ့ ကျောင်းတိုက်ထဲမှာရောက်ရှိလာတဲ့ ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း စိတ်ကြည်နူးမှု၊ သာယာမှုလည်းပဲ ဖြစ်ကြပါလိမ့်မယ်၊ အရှင်ဘုရားတို့မှာလည်းပဲ ပတ်ဝန်းကျင် သန့်ရှင်းမှုတွေ၊ ကျန်းမာရေး အထောက်အပံ့တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ရောက်ရှိလာတဲ့ ရဟန်းရှင်လူ ခပ်သိမ်းသောသူတို့ရဲ့ စိတ်ကြည်လင်ချမ်းသာရေး၊ မိမိတို့ရဲ့ ကျန်းမာရေး တိုးတက်ရန်အတွက် စေတိ-ယင်္ဂဏဝတ်တွေ၊ သေနာသနဝတ်တွေ ဆိုင်ရာဆိုင်ရာဌာနမှာလည်းပဲ အခါအလိုက် ပြုပြင်ဖို့ရန် တပည့်တော် သတိပေး လျှောက်ထားပါတယ် အရှင်တို့ဘုရား....။

ဦးဥက္ကံသာဘိဝံသ
(ဓမ္မနာဒ၊ ပထမ တိုက်အုပ်ဆရာတော်)


ယနေ့မျက်မှောက်ခေတ်တွင် ပေစာအသုံးပြုသော ကျောင်းဟူ၍ မရှိတော့ပြီ။ ထို့ကြောင့်လည်း နှောင်းလူတို့သည် ပေစာကို မည်သို့ရေးရသည်၊ မည်သို့ ကိုင်တွယ်ရသည်၊ မည်သို့ထုပ်ရသည်ကို မသိကြတော့ပြီ။ ပေစာကို မြင်လျှင်ပင် စိတ်ဝင်စားရကောင်းမှန်း မသိတော့ချေ။ သုတေသနပြုကြသူအချို့သာလျှင် မိမိတို့ဆိုင်ရာ ဘာသာရပ်အရ မလွဲသာ၍ ပေစာကို ဖတ်ရှုရခြင်းမျိုးသာ ရှိပါတော့သည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးကား ပေစာကိုမြင်လျှင် အလွန်ချစ်ခင် စုံမက်ပါသည်။ ပေစာထုပ်များ ထားပုံ၊ သိုပုံ နေရာမကျသည်ကို တွေ့လျှင်လည်း မနေတတ် မထိုင်တတ် ဖြစ်တော်မူပါသည်။ ၁၉၇၈-ခု၊ မတ်လ ၁၀ ရက်နေ့က အင်းတော်မြို့သို့ ကြွရောက်ရစဉ် မန်လည်မှ အပြန်တွင် ဆွမ်းဘုဉ်းပေးပြီးချိန်မှ စ၍ အင်းတော်ကျောင်း ဆရာတော်နှင့် သာသနာရေးကိစ္စ ပြောဆိုတော်မူသည်မှာ ညနေ ၆-နာရီကျော်ထိပင် ဖြစ်ပါသည်။ ည ၇-နာရီ ညတရားပွဲအတွက် အထောက်လာသဖြင့် တရားဟောကြွရန် သင်္ဃန်းရုံတော်မူစဉ် ပေစာထုပ်များကို စာအုပ်ထပ်သကဲ့သို့ ထပ်ထားသည်ကို မြင်တော်မူသဖြင့်-

"ပေစာဆိုတာ ဒီလိုထားရတာမဟုတ်ဘူး၊ နောက်မှ လုပ်ဖေးရဦးမယ်" ဟူ၍ လည်းကောင်း၊

"ပေစာထားတဲ့ ဘီရိုကို ဒီလို မလုပ်ရဘူး၊ ပေစာကျတဲ့ ဘီရိုမျိုးလုပ်ရတယ်။ ပေစာတွေကို

မင်းကွန်းဆရာတော်ကြီး ပေစာချပ်များ အင်္ဂါစုံ မစုံ စစ်ဆေးတော်မူစဉ်





လည်း ဒီလို ထပ်မထားရဘူး၊ ထုတ်ချင်ယင် လွယ် အောင် ထား ရ တယ်" ယူ၍ လည်း ကောင်း၊

ပေစာကိစ္စနှင့် ပက်သက်၍ ပြောပြနေတော် မူသည်မှာ တရားပွဲကိုပင် ပြောင့်ပြောင့်မကြွနိုင် အောင် ဖြစ်ပါသည်။

ဤသို့ ပေကိုမြင်လျှင် မနေတတ်မထိုင်တတ် ဖြစ်ရခြင်းဌ အကြောင်း ရှိပါသည်။ မင်းကွန်း တိပိဋကမရဆရာတော်ကြီးသည် ၁၃-နှစ်သား သာမဏေငယ်ဘဝကပင် ပေစာနှင့် ရင်းနှီးခဲ့ပါ သည်။ ဥပဇ္ဈာယ်ဆရာကလည်း အမြော်အမြင် ကြီးစွာဖြင့်-

"ကိုရင် ဝိစိတ္တ ဘုန်းကံရှိလျှင် ပေစာလှူသူ ပေါ်လိမ့်မည်"ဟု ၁၄-နှစ်သား ကိုရင်လေး အတွက် ပေစာထည့်ရန် ဘီရိုလုပ်ပေးပါသည်။ စာထုပ်ကျသည့် ဘီရိုခေါ်ပါသည်။ ပေစာကို အစည်းလိုက်ထားနိုင်ရန် ရွှေမှုန့်နှောက်သို့ ပေ ခန့် ဗျက်မှိုရှိ အဆင့် ၁-ဆင့်လျှင် အမြင့် ၁-ခန့် ရှိရပါသည်။ သို့မှသာ ပေစာကားများ၌ အချိုးကျပါသည်။ ပေစာကို ကန့်လန့် မ ား ရပါ။

ဥပဇ္ဈာယ် ဆရာတော်က ၁၃-နှစ် သား ကိုရင်လေး ရှင်ဝိစိတ္တာကို ပေစာကိုင်တတ်အောင် သင်ပေးတော်မူခဲ့ပါသည်။ ပေစာထုပ်ကို ဖြေဖြိုး သည်နှင့် ပေချပ်များကို ကျောကစ၍ ထုတ်ရ ပါသည်။ ပေစာတွင် ဝမ်းနှင့်ကျောဟူ၍ ရှိ ၂ သည်။ ဝမ်းဖက်က ခွက်၍ ကျောဖက်က ခုန်း ပါသည်။ ကျောဖက်တွင် ပေချပ် အမှတ်စဉ်

အက္ခရာနှင့် ကျမ်းအမည် ဓဂုံးလေ့ရှိပါသည်။ ထိုသို့ ရေးရာတွင်လည်း ပေချပ်၏ ကျောဖက် ဝဲဖက် ထောင့်နားတွင် က၊ကာ၊ကိ၊ကီ- စသည် ဖြင့် ပေချပ်အမှတ်စဉ် အက္ခရာရေး၍ ကျောဖက်၊ ယာဖက် ပထမစာကြောင်း အဆုံးရှိရာ ထောင့်တွင် ကျမ်းအမည်ကို ရေးလေ့ရှိပါသည်။

ထို့ကြောင့် ပေစာထုတ်သူပုဂ္ဂိုလ်ကို ပေစာထုတ်ကိုပြ၍ ကျောဖက်မှစ၍ တစ်ချပ်ချင်း ထုတ်ပြီးလျှင် မြှောက်၍ ချပြရပါသည်။ မြှောက်ချသည့် ရည်ရွယ်ချက်မှာ ပေစာ မကျိုး မပဲ့ကြောင်း သက်သေထူရန် ဖြစ်ပါသည်။ ဤသို့ က၊ကာ၊ကိ၊ကီ စသည်ဖြင့် အမှတ်စဉ်နှင့်တကွ ပေစာချပ် ကျိုး မကျိုးကို စိစိစစ်စစ် ပြုလုပ်၍ ထုတ်ပေးလိုက်သော ပေကိုလည်း ပြန်၍ လက်ခံသောအခါ တစ်ချပ်ချင်းထုတ်၍ မြှောက်ချ ပြပြီးမှ စိစိစစ်စစ် လက်ခံပါသည်။ အကျိုးအပဲ ပါခဲ့သော် ကျိုးကြောင်း ပဲ့ကြောင်း အသိပေးရပါသည်။ ဤသို့ ထုတ်ပြီးသောပေကို ပြန်ထည့်သည့်အခါ ဝမ်းမှနေ၍ ထည့်ရပါသည်။ ပေစာထုပ်ကို တစ်ဖက် တစ်ချက်ကနေ၍ ညှပ်ထားသော သစ်သားကို ကျမ်းဟုခေါ်ပါသည်။ ထိုကျမ်း၌ အပေါက်ငယ် ၂-ခု ပါပါသည်။ ထိုအပေါက်ကို ပလ္လင်ပေါက်ဟု ခေါ်ပါသည်။ထို အပေါက် ၂-ခု၌ ၁-ပဲလုံးသာသာ ဝါးတုတ် ချောင်းလေး ၂ ခု စိုက်ရပါသည်။ ယင်းကို ပလ္လင်တိုင် ခေါ်ပါသည်။ ဤပလ္လင်တိုင်တွင် ပေစာချပ်များကို က၊ကာ၊ကိ၊ကီ အမှတ်စဉ် အတိုင်း ဝမ်းဖက်မှစ၍ ထည့်ရပါသည်။

ပေစာသည် အမျိုးမျိုးရှိပါသည်။ပေစာချပ် ၏ဗျက်ကိုလိုက်၍ ၉-ကြောင်းရေး၊ ၁၀-ကြောင်းရေး၊ ၁၁-ကြောင်းရေး၊ ၁၂-ကြောင်းရေး ဟူ၍ ရှိပါသည်။ ပေစာထုပ်တိုင်း၌ ပေချပ် အပိုများ ထည့်လေ့ရှိပါသည်။ဤသို့ ထည့်ခြင်း၏ ရည်ရွယ်ချက်မှာ ပေထုပ်ထဲမှ ပေရွက် ကျိုးခဲ့၊ပျောက်ခဲ့သော် အစားထိုးရန် ဖြစ်ပါသည်။

ပေစာနှင့် ပတ်သက်၍ "ပေတဲ (တည်း) သည်" ဟူသော ဝေါဟာရရှိပါသည်။ မူလ ရေးရင်းစာကို ပေမှသော်လည်းကောင်း၊ ပုရိပ်မှသော်လည်းကောင်း၊ (ပေ)စာရေး သို့မဟုတ် ကျောင်းစာရေးက ရေးကူးသမျှကို ပြန်၍ တိုက်ဆိုင်သည်ကို ပေတဲ (တည်း)သည်ဟု ခေါ်ခြင်းဖြစ်ပါသည်။ တပည့်က ပင်ရင်းစာကို ဖတ်၍ ဆရာက စာရေးရေးသည့်ပေစာကို ဖတ်ရပါသည်။ အမှားအယွင်း၊ အကျ အပေါက် ရှိသမျှကို တေးမှတ်၍ ပြင်ဆင်ရပါသည်။



ပေစာချက် အကျိုးအပဲ့ မည်ညွတ်မှုများကို သုတ်သင် ရှင်းလင်းတော်မူစဉ်

ပေစာထုပ်သည့်ပဝါကို ပေထုပ်ပဝါခေါ်ပါသည်။ ထို ပေထုပ်ပဝါ၌ ကျမ်းအမည် ရေးထိုးထားလေ့ရှိပါသည်။ ထိုပေထုပ်ပဝါကို သေချာစွာခေါက်၍ ပေထုပ်နှင့်တွဲလျက် ထားရပါသည်။ ပဝါဖြင့် ပေစာများကို ထုပ်ထားပါက ပေမှ ရေနှင့်ကြောင့် ပဝါညစ်တတ်ပါသည်။

ပေစာ ရေနံသုတ်ရာ၌လည်း စနစ်ကျရပါသည်။ ပေစာ၏ ခါးလယ်ကို လက်ဖြင့် အသာဖိ၍ လက်ယာဖက်ခြမ်းဖြစ်ပါက ရေနံဝတ်ဖြင့် အဆုံးထိအောင် မ,မ၊ မကြွပဲ သုတ်ရပါသည်။ မ,မီ၊ ကြွမိပါက ရေနံဝတ်နောက် ပေစာချပ်ပါသွားပြီး ကျိုးစာတ်ပါသည်။ ဤနည်းတူ လက်ဝဲဖက်ကိုလည်း သုတ်ရပါသည်။ ဤသို့ သုတ်ပြီး နေသုံးရက် လှမ်းပြီးမှ ရေနံထုတ်ရပါသည်။ ရေနံထုတ်သည် ဟူသည်ကား ရေနံသုတ်ထားသော ပေချပ်များကို အဝတ်ခြောက်ဖြင့် သုတ်ပေးရခြင်း ဖြစ်ပါသည်။ စာလုံးများ အတွင်း ရေနံစိမ့်ဝင်နေပြီဖြစ်၍ မလိုအပ်သော နေရာတွင် ရှိနေသော ရေနံများ စင်ကြယ်အောင် သုတ်ပေးရခြင်းဖြစ်ပါသည်။ သို့မှသာ ပေစာကိုပြန်၍ ထုတ်သောအခါ ပေတစ်ချပ်နှင့် တစ်ချပ် ကပ်၍မနေဘဲ ရှိပါမည်။ ကပ်၍နေပါက ထုတ်သွင်းရာ၌ ပေစာ ကျိုးတတ်ပါသည်။

ပေစာကို မှတ်တမ်းတင်ရာ၌လည်း စနစ်ကျဖို့ လိုပါသည်။


ကျမ်းအမည်
ပေစာအမျိုးအစား
အင်္ဂါအရေအတွက်
ရေးသည့်နှစ်နှင့် ကူးသည့်နှစ်
အင်္ဂါစုံ မစုံ–

ဤအလုံးစုံကို အလွှား ၄-လက်မ၊ အနံ ၂-လက်မခန့်ရှိ စက္ကူ၌ လည်းကောင်း၊ ကစ် ပြား၌လည်းကောင်း ရေး၍ ပေစာထိပ်၌ ထည့်သင်း ညှပ်ထားရပါသည်။ သို့မှသာ ပေစာထုပ်ကို ကြည့်သူသည် ဤပေစာထုပ်ကား မည်သည့် အကြောင်းအရာကို ရေးထားသည်၊ မည်သည့် ပေအမျိုးအစား ဖြစ်သည်၊ မည်သူရေးသည်၊ မည်သည့် အခါ ရေးကူးသည် စသည်ဖြင့် လုယ်လင့်တကူ သိနိုင်မည် ဖြစ်ပါသည်။ ထို ကြောင့် ပေထုပ်ကဲ့သော ဘီရိုတွင် ထည့်သွင်း ရခြင်း ဖြစ်ပါသည်။

ဤသို့ ပေစာသဘောကို နောက်အောင် သိပြီးသော မင်းကွန်းတိပိဋကဓရ ဆရာတော် ကြီးသည် ဟိုမှ သည်မှ လှူဒါန်းသော ပေစာ အရပ်ရပ်ကို အားလပ်သည့်အချိန် တစ်ဝါတွင်း လုံး သန့်စင်တော် မူပါသည်။ လက်ထောက် ဦးပဉ္စင်းများကို ရေနံသုတ်စေ၍ ကိုယ်တော် တိုင် ပေစာများကို အင်္ဂါစုံ မစုံ စစ်ဆေးတော် မူပါသည်။ အားလုံး စစ်ဆေးသန့်စင်ပြီးသော အခါ စာရင်းတင်တော်မူပါသည်။ ပေစာထုပ်

ပေစာချပ်များကို ပလွင်တိုင်၊ ကျမ်း စသည်တို့ ပြုပြင်စဉ်





ပေစာထုပ်ကို ပေစည်းကြိုးဖြင့် ကျစ်လျစ်စွာ တည်းနှောင်စဉ်

ထိုသို့ ပေးပို့လှူဒါန်းရာတွင် မြို့လူထု မြင်ဖူးရန်၊ ကြည်ညိုနိုင်ရန် ရည်ရွယ်၍ ယုံပေစာထုပ်များကိုလည်းကောင်း၊ ပေစာထုပ်ကျ ဘီရိုများကိုလည်းကောင်း၊ မန္တလေးမြို့အနှံ့ လှည့်လည်ပြသ၍ ဓမ္မပူဇောအဖြစ် အပူဇော်ခံစေပါသည်။

ဤသို့ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး အပင်ပန်းခံ၍ သန့်စင်ထားသော ပေစာထုပ်များကို မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပိဋကတ်တိုက်၌ လေ့လာကြည်ညိုနိုင်ပါသည်။

ကျော်လှိုင်

အသီးသီးတွင် ကမ္ဘည်း တင်ရန် အတွက်လည်း သီးသန့်စာရင်းပြုလုပ်ပါသေးသည်။ ထိုစာရင်းများကို ဆိုင်ရာဆိုင်ရာ ပေစာထုပ်၌ ထည့်သွင်းတော်မူပါသည်။

ဤသို့ ပေစာများကို သန့်စင် နေချိန်မှာပင် ပေစာထုပ်ကျသော ဘီရိုများကို မြင်းခြံသို့ မှာ၍ လုပ်ခိုင်းတော်မူပါသည်။ ပေစာထုပ် ကျသော ဘီရိုပေါင်း ၅-လုံး ဖြစ်ပါသည်။ ထို ဘီရိုကြီးများတွင် အပြည့်ထည့်သွင်း၍ ၁၉၉၀ ခု ဒီဇင်ဘာ ၂၃ ရက်နေ့က မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်သို့ ပေးပို့လှူဒါန်းခဲ့ပါသည်။

ကုန်းဘောင်ခေတ်
ကုသိုလ်ကြီးဘုရားများနှင့်
ဇောင်းကလော
လောကမကျိုးစွဲဘေတိ

ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)

ရှေးခေတ်မြန်မာမင်းများသည် စေတီပုထိုး ဒါယကာများ ဖြစ်ကြ၍ ထူး ထူး ခြား ခြား ကုသိုလ်တော်များတည်ထားပြီးလျှင် ထိုထိုသော ကုသိုလ်တော်၏ ဒါယကာအဖြစ် ခံယူကြသည်။

ကုန်းဘောင်ခေတ်တွင် ကုန်းဘောင်ပြည်ကြီး ရတနာသိဿ်[ပထမမြို့တည်နန်းတည် အလောင်း မင်းတရားသည် ရွှေချက်သိုစေတီတော်ဒါယကာ အဖြစ် ခံယူသည်။ သားတော် စစ်ကိုင်းမြို့တည့် မင်းတရားကြီးခေါ်"သီရိပဝရမဟာဓမ္မရာဇာ" တံဆိပ်နာမံရှိသော နောင်တော်မင်းကြီးသည် စစ်ကိုင်းမြို့ဟောင်း၏ အနောက်ဇောင် ယွန်းတွင် မြို့သစ်တည်၍ မဟာဇေယျာပူရ သမုတ်ပြီး ရတနာသိဿ်သို့ ပြန်ကြွတော်မူသည်။ မဟာနန္ဒာကန်တွင်း စေတီဒါယကာဟူ၍ ကုသိုလ်တော် ဒါယကာခံယူတော်မူသည်။

ထို့နောက် "သီရိပဝရ သုဓမ္မ မဟာရာဇိန္ဒာဓိပတိရာဇာ" တံဆိပ်နာမံရှိသော ကုန်းဘောင် ဆက်ဖွဲ့ရှင်မင်းတရားသည် ရတနာပူရ တတိယမြို့တည် ကောင်းမှုကုသိုလ်တော်မှာ ရတနာသိဿ်မြို့၊ နီဗွာန်ဆိပ်ဦး စေတီတော်ဒါယကာအဖြစ် ခံယူသည်။

စဉ့်ကူးမင်းနှင့် ဖောင်းကားစားမင်းတို့၏ ကုသိုလ်တော်များကား ထင်ရှားစွာမရှိပါချေ။ ဗဒုံမင်းတရားကြီးသည် အမရပူရ ပထမမြို့တည် ဆဒ္ဒန်ဆင်မင်းသခင် သီရိပဝရ ဝိဇယာနန္ဒယသတြိဘဝနာဒိတျာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ မင်းတရားကြီးဘွဲ့ ခံယူသည်။ စစ်ကိုင်းမြို့၊ အောင်မြေလောက (ကျောက်စေတီ)စေတီဒါယကာဟူ၍ ခေါ်ဆိုကြသည်။ မင်းကွန်းပုထိုးတော်ကြီးကား ထူးခြားမှု ရှိသည်။]

[ရတနာပူရ စတုတ္ထမြို့တည် မှင်းတရားကြီး "သီရိ တြိဘဝနာ ဒိတျာဓိပတိ ပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ" တံဆိပ်နာမံရှိသော (ဘကြီးတော်)သည် အမရပူရမြို့၊ မဟာဝဇိယရံသီ စေတီတော်ဒါယကာဟူ၍ ထင်းရှားသည်။]

အမရပူရမြို့၊ ဒုတိယ မြို့တည်နန်းတည် မင်းတရားကြီး သီရိပဝရဒိတျာလောကာဓိပတိဝိဇယမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံရှိသော သာယာဝတီမင်း (ရွှေဘိုမင်း)၏ ကောင်းမှုတော်ကုသိုလ်ကြီးကား ဇောင်းကလောကန်ဦး လောကမကျိုးစွဲဘေတိတော်ဖြစ်သည်။

အမရပူရ၊ စတုတ္ထ နန်းစံ "သီရိသုဓမ္မာတိလောကပဝရ မဟာရာဇာဓိရာဇာ" တံဆိပ်နာမံခံသော ပုဂံမင်းတရားကြီး၏ ကုသိုလ်တော်ကြီးသည်ကား (မန္တလေးမြို့)မဟာလောကရံသီအိမ်တော်ရာစေတီ ဖြစ်သည်။ ခမည်းတော်၏ ဇောင်းကလောကုသိုလ်တော်ကြီးကဲ့သို့ တံတိုင်းနှစ်ထပ် မလုပ်ဆောင်နိုင်သော်လည်း တံတိုင်းအရံ လေးထောင့်တွင် စေတီတော်များ တည်ထားသည်။ ရှိရှိသမျှ ကုသိုလ်တော်စေတီများအနက် ဤအိမ်တော်ရာစေတီသည် မြို့တွင်းမှာတည်ရှိသဖြင့် ဌာပနာဖောက်ထွင်းခံရခြင်းမရှိဟုဆိုရမည်။


ဘုရားမျှားနှင့်ဖောင်းကလေးမကိုရှည်ဝေ

ညီးမောင်မောင်တင်


(မဟာဝိစ္ဆာ)



သုခုမ-အုန်းခင်
ရွှေတံဆိပ်-၈-ဆူရှင်



ကုသိုလ်ကြီးဘုရားနှင့် ဧောင်းကလော လောကဓာတုမဏ္ဍိ
စေတီတော်ကြီး ပရဝုဏ်နှင့်တကွ
ဖူးတွေ့ရစဉ်



ယခုအခါ မန္တလေးအပိုင်၊ ပုသိမ်ကြီး မြို့နယ်အတွင်း ဇောင်းကလောကန်ဦးဌ သာယာဝတီမင်း တည်ထားကိုးကွယ်ခဲ့သော လောကမဏိစူဋ္ဌာ စေတီတော်ကြီးသည် နိုင်ငံတော်အစိုးရ၏ ကူညီ အားပေးမှု အပြည့်အဝနှင့် တိုင်း၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲများသည် ပုသိမ်ကြီး မြို့နယ်၊ ငွေတော်ကျိုက်နှံးရွာ၊ ရွာဦးကျောင်း၊ ကျောင်းထိုင်ဆရာတော် အရှင်ဦးဇင်္ဂီတဗုဒ္ဓိ ဦးဆောင်လျက် ပြည်သူလူထုက ဇောင်းကလော ကုသိုလ်တော် စေတီကြီး၊ မဟာရံတံတိုင်း နှစ်ထပ်၊ မဟာရံတံတိုင်းအတွင်းရှိ အရံစေတီတော်လေးဆူ၊ ဘုရားမုခ်ကြီးများနှင့် ဇရပ်များကို ပြုပြင်မွမ်းမံလျက် ရှိပေသည်။

ဤ စေတီတော်ကြီးသို့ ကျန်တော်ငယ်စဉ် ကျောင်းသားဘဝကပင် မကြာ မကြာ ရောက် ပေါက်ခဲ့ပြီးနောက် မန္တလေးတက္ကသိုလ် မြန်မာစာ ဌာနတွင် အမှုထမ်းစဉ်က မိမိကိုယ်ပိုင်ကား ဖြင့် မကြာ မကြာ ဇောင်းကလော ကုသိုလ်တော် လောကမဏိစူဋ္ဌာ စေတီတော်သို့ ရောက်ခဲ့ရပါသည်။

ထိုအခါ်ိန်က ရေ၊ ပုက်၊ ရှုံ့ခဲ့များ အတန်တန်ကို ခက်ခဲစွာ ကျော်လွှားသွားရပြီး စေတီတော် ပတ်ဝန်းကျင်တွင် ခရောင်းဆူးတောများကို ဖြတ်၍ ဘုရားကို ပူဇော်ကန်တော့ရပါသည်။

မန္တလေးရတနာပုံ ပထမ မြို့တည် နန်းတည် "သီရိပဝရဝိဇယာနန္တယသ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ" တံဆိပ်နာမံရှိသော ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီး၏ ကောင်းမှုကုသိုလ်တော်သည်ကား မန္တလေးမြို့တည်စဉ်က ခုနစ်ဌာနအပါအဝင် မဟာလောကမာရဇိန် ကုသိုလ်စေတီကြီး ဘုရားဖြစ်သည်။

ကုန်းဘောင်ခေတ် နောက်ဆုံး "သီရိပဝရာဒိတျာ လောကာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ" တံဆိပ်နာမံခံသော သီပေါဘုရင်၏ ကုသိုလ်တော်သည်ကား မန္တလေးမြို့၊ ဝါကင်းကုန်းရှိ မာရ်အောင်ရတနာ စေတီတော် ဖြစ်သည်။

ဤသို့ ကုန်းဘောင်ခေတ်မှ ကုသိုလ်တော် စေတီများကို ရှာဖွေမှတ်သား လေ့လာပါလျှင် နိုင်ငံသမိုင်း၏ ရှေးခေတ်အုပ်ချုပ်ပုံ၊ စီးပွားရေး အခြေအနေ၊ ယဉ်ကျေးမှုနှင့် သာသနာရေး သဘောတရားများကို တွေ့ရှိနိုင်ပါသည်။

ရှေးမြန်မာမင်းများသည် သာသနာရေး၊ ကုသိုလ်ရေးကို အထူး အလေးထား လှူဒါန်းပူဇော်ကြသည်။ အသစ် အသစ်သော ကုသိုလ်ကောင်းမှု စေတီများကို တည်ထားကြသည်။ ရှေးက ဟောင်းနွမ်းပြိုပျက်သော စေတီပုထိုးဆင်းတုတော်များ၊ ကျောင်း၊ ကန်၊ ရေတွင်းများကိုလည်း ပြုပြင်မွမ်းမံလျက် ရှိပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့မှလည်း "အလှူဒါန ပြုကြသူငါ" တစ်ကယ်လှုံ့ဆော်လျက် နိုင်ငံတော်အဝန်းတွင်ရှိသော ဘုရား၊ ပုထိုး၊ စေတီ၊ ဆင်းတုတော်များ၊ ကျောင်း၊ ကန်၊ ရေတွင်းများ အသစ် အသစ် ဆောက်လုပ်ကြ၍ အဟောင်းကိုလည်း ပြုပြင် မွမ်းမံလျက် ရှိကြပါသည်။

တော်ကြီးအကြောင်း ဆောင်းပါး ရေးခဲ့ပါသည်။

ကိုယ်တော့် မှတ်တမ်းများ၊ ရွှေပြည်ဆရာကြီး ဦးဘတင် ပြောပြချက်များ ကိုးကားရေးခဲ့ပါသည်။ ဆောင်းပါးကို လှယ်ကူစွာ ပြန်မတွေ့သေးသော်လည်း အရေးကြီးသော အချက်များကို မှတ်မိပါသည်။

လောကမဏိစူဋ္ဌာ စေတီတော် ကြီး သည် တည်ထားရာ ဘူမိနက်သံမှန်သဖြင့် အဝေးမှ ဖူးမြော်ရာတွင် အလွန်ကြည်ညိုဖွယ် ရှိပါသည်။ ပတ်ဝန်းကျင်ရှခင်းများသည်လည်း သာယာပါသည်။ ဇောင်းကလောကန်ဦးမှာ တည်ထား၍ ရေမြေသာယာလှပ် ရှစဖွယ် ကောင်းပါသည်။

ယခုအခါ မန္တလေးမြို့ လေယာဉ်ပျံကွင်းသို့ ရောက်လျှင်ပင် ဘုရားကို လှမ်း၍ ဖူးတွေ့ရပေသည်။ လေယာဉ်နှင့်သွားလာ၍ လေယာဉ်ပေါ်မှ ဖူးရသည့်အခါ ဇောင်းကလောကုသိုလ်တော် ကြီးကို ကြည်ညိုအားမရနိုင်အောင် ရှိတော့သည်။

ယခင်အခါကမူ ဤဒေသ၌ မြန်မာ့ရှခင်း စေတီဂူဒေဝဟာင်းများ ခြံရံလျက်ရှိပါသည်။ ယခုမူ ရှေးမြင်ကွင်းများ လုံးဝမပျောက်သေးစေကာမူ ရှေးက ရှုခင်းရသလို မခံစားနိုင်တော့ပါ။ စေတီတော်ကြီး၏ မဟာရံ တံတိုင်း နှစ်ထပ်ထောင့်ပြာသာဒ်ငယ် များသည် အမရပူရမြို့တော်၏ ဟန်ကို တွေ့နိုင်ပါသည်။

တောင်သမန် အောင်ခြင်း ရှစ် ပါး စေတီတံတိုင်းမှာ ဤသို့ ထောင့်အုတ် ပြာသာဒ်ငယ်များကို လေ့လာနိုင်ပါသည်။ ပုဂံရွှေစည်းခုံ (ညောင်ဦး) မဟာရံတံတိုင်း ထောင့်ပြာသာဒ်များတွင်မူ ပုဂံခေတ်အစောင့်နတ်ရုပ်ကိုပါ တွေ့နိုင်ပါသည်။ ယင်းသို့ နတ်ရုပ်မျိုးကို မုံရွာတစ်ဖက်ကမ်း ဖိုးဝန်းတောင်အနီး ရွှေစောလူး ဘုရားအတွင်း၌လည်း တွေ့နိုင်ပါသည်။ ထို့ကြောင့် ရှေးခေတ်အဆက်ဆက် တည်ဆောက်ပုံများကို ဆက်စပ် ဆည်းပူးနိုင်ကြပါသည်။

ဘုရားတံတိုင်း မုခ်ကြီးများ ဆောက်လုပ်ရာ ထုထည်ကြီးမားသည့် ကျန်းသစ် များလည်း သုံး ထား သည်။ အင်္ဂတေလက်ရာများတွင် ပြိတိသျှတို့ နှိုင်ငံတော်သုံး ခွေးခြေသွေ့များကို အထုတ်၌တင်၍ သုံးထားသည်ကို တွေ့ရသည်။ မြန်မာ့အစဉ်အလာတွင် ခြသော့်၊ သိကြား၊ နတ်၊ ပန်း စသော အဆောင်စသည့် အစဉ်အလာကို ဖျက်၍ နိုင်ငံခြား အနုပညာလက်ရာများကို ထိုးသွင်းလာပါသည်။ ထို့ကဲ့သို့ပင် အင်းဝ ဗားကရာ ကျောင်း၌ ပန်းပုလက်ရာများတွင် လူပုံ့ (အိန်ဂျယ်လ်) ရုပ်ကြိုးများ ထုလုပ်ထားသည်ကို တွေ့ရသည်။

မင်းတုန်းမင်းတရား နတ်ရွာစံသည့် ရွှေနန်းတော် အဆောင်ကို ရွှေ့ပြောင်းပြီး "ရွှေနန်းတော်ကျောင်း"ဟူ၍ သီပေါမင်း လက်ထက်၌ ဆောက်လုပ်စဉ်ကလည်း လူပုံ့ ရုပ်ငယ်များကို ပန်းပုထုလုပ်ပြီး ကပ်ထားသည်ကို ယနေ့တိုင် တွေ့နိုင်သည်။ ထို့ကြောင့် ထိုခေတ်က နိုင်ငံခြား ဘာသာ၊စာပေသာမက အနုပညာလက်ရာများကိုပါ ထိုးသွင်းနေကြောင်း သိရသည်။ ယခုအခါ မုခ်များကို ပြင်ဆင်ပါက ရှေးမူမပျက်သာ ပြင်ဆင်ရန် သင့်ပါသည်။

တစ်ဖန် စေတီတော်အတွင်း တံတိုင်း တစ်လျှောက်၌ ဘုရားဖူးများ နားနေပြီး ဘုရားပူဇော်နိုင်ရန် ဇရပ်များကို တံတိုင်းများကပ်ပြီး ဆောက်ထားသည်။ စစ်ကိုင်း ကောင်းမှုတော်၊ ရာဇမဏိစူဋ္ဌာ မဟာရံတံတိုင်းကို ကပ်ဆောက်ထားသော ဇရပ်များနှင့် သဘောတူပါသည်။ ထို့ပြင် ဘုရားဝင်းအတွင်း ဟိုနေရာ ဤနေရာ

အန္ဆံတွင် ဇရပ်များ မဆောက်သင့်ပါ။ ရှေးမင်းများသည် ဆောက်နိုင်စွမ်းရှိပါ၏။ ဘုရားရှခင်းသာယာမှုကို ထောက်ထားပြီး စီမံခဲ့ခြင်း ဖြစ်ပါမည်။

ထို့ကြောင့် နောင်အခါ စေတနာရှင်များက ဤသို့ တိုးခဲ့ဆောက်လုပ်ကြပါလျှင် အထူးသတိထားကြရပါမည်။

လောကမဏိစူဠာ စေတီတော်ကြီး၏ ထူးခြားချက်တစ်ရပ်သည် ရှေးက နံရံပန်းချီကားများ ဇရပ်ရံနံ၌ ရေးဆဲ့ကပ်ထားခြင်းဖြစ်သည်။ ကုသိုလ်တော် လောကမဏိစူဠာ စေတီတော် အတွင်း တံတိုင်းပတ်လည် အုတ်တိုက်အတွင်းမှာလည်း နိုင်ငံတော်ပတ်လည် အဝေးအနီးမှ လာရောက်သည့် ရဟန်းရှင်လူတို့ ဖူးမြော်ကြည့်ရှုစေရန် မြတ်စွာဘုရားအလောင်းဒီပင်္ကရာမြတ်စွာဘုရားခြေတော်ရင်းတွင် သုမေဓာရသေ့ အဖြစ်ဖြင့် နိယတဗျာဒိတ်ခံသည်မှစ၍ ဘုရားအဖြစ်သို့ရောက်တော်မူသည့်တိုင် ပါရမီဖြည့်တော်မူသည့် အတ္ထုပ္ပတ္တိဖြစ်တော်ပုံ၊ သီဟိုဠ်တွင်ရှိသည့် ဘုရားစေတီစဉ်တော် ထားသော တန်ဆောင်းပုံ၊ ဗောဓိပင်ပုံ၊ ကျောင်းပုံ၊ ဇန္ဓာလရာဇ်တိုင်း၊ တရုတ်ပြည်နယ်ပုံ၊ ၎င်းလူမျိုးတို့ ကိုးကွယ်သည့် တရုတ်နတ်ရုပ်ပုံများနှင့် ငက်ရာဇ်တိုင်း ခုနစ်စော်ဘွား ကုလားရုပ်ပုံ၊ မောက်သူဇာ၊ ကတ်ဇံရုပ်ပုံ၊ အိန္ဒိယတိုင်း၊ အင်္ဂလိပ်မင်းနှင့် ပြင်သစ်တိုင်းပြည်၊ ဘူနပုတ်မင်းတို့ စစ်တိုက်ခန်းရုပ်ပုံ၊ မောက်သူဇာ စော် ဘွား ဆက်သော စက်ပုံ၊ အရုပ်ပုံ၊ ဒဏ္ဍာရီဝတ္ထု၊ ပါဘိန္ဒာဝန တောပုံများကိုလည်း ရေးသားကပ်ထားတော်မူ၏ဟူ၍ ဤသို့မှတ်သားရသည်။

ယခုအခါ နံရံဆေးရေးပုံများအကြောင်းကို ကြားရုံသာကြားဖူးတော့သည်။ နံရံကပ် ဆေးရေး ပန်းချီကားများသည် ရှေးပုဂံခေတ်အခါကပင် ရှိခဲ့သည်။ အထူးအကြောင်း တစ်ခုမှာ သာယာဝတီ ရွှေဘုံမင်းလက်ထက် နံရံကပ်ပန်းချီဟု ယူဆရသော ပန်းချီကား အလိပ်နှစ်လိပ် တွေ့ထားခြင်းဖြစ်သည်။

မုံရွာ၊ သန္ဓတ်တနယ် ဘုရားကြီးအတွင်း နံရံဆေးရေးပုံမှ ဆေးရောင်၊ ရေးဟန်အချက်များနှင့် တူညီသော နံရံကပ် ပန်းချီကား များ ကို ကြုံကြိုက်၍ တွေ့ရှိရခြင်းဖြစ်သည်။ နံရံကပ် ပန်းချီကားများ ဤဇောင်းကဲ့သော ကုသိုလ်တော်၌ ပြန်လည်ထားနိုင်ရန်ကိုလည်း စီစဉ်လျက် ရှိပါသည်။ လောကမဏိစူဠာ စေတီတော်ကြီး၏ သမိုင်းကျောက်စာကြီးသည်လည်း ဘုရားမဟာရံအုတ်တိုင်အတွင်း၌ရှိသည်။ ဤ ဘုရားသမိုင်းကို ပြည်သူလူထု လေ့လာပူဇော်နိုင်ရန် သမိုင်းပြုစုသူများက အထောက်အထား အချက်အလက် စုံစုံလင်လင်ဖြင့် ရေး သား လျက် ရှိ ပေ သည်။ ခေတ်အကြိုက် ပန်းချီကားများဖြင့်လည်း သရုပ်ဖော် ထား သည်။ စေတီတော်ကြီးကို ဘက် ပေါင်းစုံမှ အချိန်ယူရိုက်ကူးထားသော ဓာတ်ပုံ အမြောက်အမြားကိုလည်း တွေ့မြင် ကရပေမည်။ စေတီတော်ကြီး တည်နေရာမြေပုံနှင့် အမရပူရခေတ်၊ ပုဂံပိုက်မှ မြေပုံများကိုလည်း ရှာဖွေ တင်ပြထားသည်။ စေတီတော်ကြီး၏ သမိုင်းကို ဘက်စုံ ပြုစုရေးသား တင်ပြထားရာ အကျိုးများဖွယ်သာ ရှိပါသည်။

ဤသို့ သမိုင်း ဖြစ် မြောက် ရေး အ တွက် ငွေတော်ကျိုက်နှုန်း သံဃာ့နာယက ဆရာတော် အရှင်ဥဒိတဇုဒ္ဓိက ဦးဆောင်လျက် မန္တလေးမြို့သဂင်းစာဆရာ ဦးရွှေ ကြီးကြပ်ပြီး ကြုံးစားလုပ်ဆောင်သည့် အတွက် ဘုရားသမိုင်းကျမ်းတစ်စောင် ပေါ်လာတော့မည်။ ။

ဦးမောင်မောင်တင်
(မဟာဝိဇ္ဇာ)

မင်းကွန်း တိပိဋကရ ဆရာတော်ဘုရားကြီး၏
သာမဉ်ဂိုဏ်တော်

၁၃၅၁ - ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက် (၉ ၁၁-၈၉) ကြာသပတေးနေ့။

သည်နေ့ မွန်းတည့် ၁၂-နာရီ အခါိန်မှာ **မင်းကွန်း**တိပိဋကရဆရာတော်ကြီး သက်တော် ၇၈-နှစ်ပြည့်၍ ၇၉-နှစ်ထဲသို့ရောက်သည့် သက်ကျော်ပူဇော်ပဲ့ကို **မန္တလေး**မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်အတွင်း မဟာမင်္ဂလာပ်ကြီး၌ ကျင်းပပြုလုပ်ပါသည်။ ကျင်းပ ပြုလုပ်ပြီးသည်နှင့် မင်းကွန်းဘက်သို့ ကူးခဲ့ကြပါသည်။

မင်းကွန်းဘက်ကမ်းသို့ **မော်**တော်ဆိုက်သည်ဆိုလျှင်ပင် ကျွန်ုပ်တို့အဖွဲ့အား ပေါင်းမိုးပါသည့် နွားလှည်းများနှင့် အားတက်သရော ကြိုဆိုနေကြသည်ကို တွေ့ရပါသည်။ ညနေချမ်းအခါ သဲလမ်းကို ဖြတ်ပြီး နွားလှည်းများအပြိုင်မောင်း၍ ဆရာတော်ဘုရားကြီး၏ ဓမ္မနာဒကျောင်းတိုက်ဆီသို့ ဦးတိုက်၍ သွားရောက်ခဲ့ကြသည်မှာ အညာဓလေ့နှင့် မမျှစရာရှုခင်းတစ်ရပ်ပါပင်။ ညဖက်တွင် ကျောက်ဆည်ဆင်အကအဖွဲ့က ဖျော်ဖြေကြပါ၏။ နောက်တစ်နေ့နံနက်၌ ဗန္ဓုလ ဓမ္မာရုံကြီး အတွင်း မဟာဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပဲ့ကို ကျင်းပကြပြီးနောက် မိုးမိတ်ကုန်းမြေသို့ ကူးခဲ့ကြပါသည်။

မိုးမိတ်ကုန်းမြေမှ တိပိဋက - နိကာယ ကျောင်းတိုက်အတွင်း အသိ ဦးပဉ္စင်းတစ်ပါး သီတင်းသုံးရာ နှစ်ထပ်ကျောင်းလေးသို့ သွားရောက်ခဲ့ပါသည်။ ဦးပဉ္စင်းနှင့် မာကြောင်း သာကြောင်း မေးမြန်း လျှောက်ထားနေရင်း နံရံမှာ မှန်ဘောင်သွင်း၍ ထောင်ထားသော စာတမ်းတစ်ခုကို သတိပြုမိပါသည်။ ခေါင်းစဉ်ကပင် စိတ်ဝင်စားစရာထူးခြားမှု အပြည့်ဖြစ်နေ၍ အာဆုံးအထိ ဖတ်ကြည့်မိပါသည်။ စာတမ်းမှာ ဤသို့ ဖြစ်ပါ၏။

မင်းကွန်းတောင်ရိုး
တိပိဋက-နိကာယကျောင်းတိုက်
သံဃာတော်တို့
တညီတညွတ်သတ်မှတ်ကြသော
ကတိကဝတ် (၇) ပါး

(၁) နေ့ချင်းပြန်ကိစ္စဖြင့် ဖြစ်စေ၊ တစ်ရက်နှစ်ရက်ကြာမည့် ကိစ္စဖြင့်ဖြစ်စေ ခရီးထွက်ရန်ရှိလျှင် နာယက ဆရာတော် (သို့မဟုတ်) အလှည့်ကျ နာယကဆရာတော်ထံ လျှောက်ထား၍ ခွင့်ပြုလွှာရမှသွားကြမည်။

(၂) ရက်ရှည်ခရီးထွက်ရန်ကိစ္စ ပေါ်လာလျှင် အုပ်ချုပ်ရေး နာယကအဖွဲ့ ဆရာတော်များထံ (သို့မဟုတ်) ဓမ္မနာဒ တိုက်အုပ်ဆရာတော်ထံ ပန်ကြား၍ ခွင့်ပြုလွှာရမှသွားကြမည်။

(၃) အာဂန္တု သံဃာတော်များနှင့် ဆွေမျိုးဉာတိဒါယကာ ဒါယိကာမများ ရောက်ရှိလာလျှင် ထိုည့်သည်တို့ ချမ်းသာရေးအတွက် စီစဉ်ဆောင်ရွက်နိုင်ရန် ဝေယန်



မင်းကွန်းဆရာတော်ဘုရားကြီး၏
သာမဏေကုန်းတော်



ဘုံမြင့်ဆရာတော်နှင့် ဂေါပက အဖွဲ့ ဒကာကြီးများထံ အချိန်မီ အကြောင်းကြားမည်။

(၄) ညှိသည် အာဂန္တုများရှိနေလျှင် မိမိတို့ စာပေကိစ္စကို ထိခိုက်မည်ဖြစ်ပါ၍ ရပ်ဝေးညှိသည်ဖြစ်ခဲ့မူ ဂေါပက အဖွဲ့၏ စီစဉ်မှုဖြင့် အများဆုံး (၅)ရက်ထက် မကျော်လွန်စေဘဲ ဂေါပကအဖွဲ့မှ သတ်မှတ်ထားသော နေရာ၌ ထားရှိရန် သဘောတူညီကြသည်။

(၅) ဒါယကာ၊ ဒါယိကာမ တို့၏ သဒ္ဓါတရားတိုးပွားသည်ထက် တိုးပွားစေရန် ဆွမ်းဘုဉ်းပေးခြင်းစသော ထိုထိုကိစ္စတို့၌ ထေရ်စဉ်ဝါလိုက် သီတင်းသုံးတော်မူကြမည်။

(၆) တိပိဋကဓရ - နိကာယ ကျောင်းတိုက် အမည်ပါသော ယပ်တောင်များအား နာယက ဆရာတော်များ၏ အသုံးပြုရန် ညွှန်ကြားတော်မူသော အခါများတွင် သာ ယူဆောင်သွားကြမည်။

(၇) ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင် ခွင့်ပြုရန် ခွင့်ပန်စဉ်က အချင်းချင်းထား ရှိအပ်သော ကတိကဝတ်ကို တိကျစွာ လိုက်နာ ဆောင်ရွက်ကြမည်။

* ဤ တိပိဋကဓရ - နိကာယကျောင်းတိုက်နေ သံဃာတော်အရှင်မြတ်တို့သည် ချမ်းသာသုခဖြစ်ပွားရေးကို ရှေးရှု၍ အထက်ပါ တာဝန်တို့ကို လေးလေးစားစား လိုက်နာကြမည်။

စာသင်တိုက်များသို့ ကျွန်ုပ် ရောက်ခဲ့ဖူးလှပါပြီ။ ဤသို့သော ခေါင်းစဉ်မျိုးကို မတွေ့ရ။ "ကျောင်းတိုက်နေ စာသင်သား သံဃာတော်များ လိုက်နာရန် စည်းကမ်းချက်များ" ဟူသော ခေါင်းစဉ်မျိုးသာ တွေ့ရသည်။ ယခု ခေါင်းစဉ်ကို ကြည့်ပါ။ "ကျောင်းတိုက်နေသံဃာတော်တို့ တညီတညွတ် သတ်မှတ်ကြသော ကတိကဝတ်" ဟု ဆိုထား၍ အထက် ဆရာတော်ကြီးများက တားမြစ် သတ်မှတ်ပေး၍သာ မကျေမနပ် လိုက်နာကြရသည့် သဘောမျိုး မဟုတ်ဘဲ ကျောင်းတိုက်နေ သံဃာတော်များ အားလုံး ညီညီညွတ်ညွတ် တိုင်ပင်ညှိနှိုင်းပြီးမှ လိုက်နာဖို့ ကျေကျေနပ်နပ် ကတိခံထားကြသည့်သဘော ဖြစ်သည်။ သို့ဖြစ်၍ အမှတ်စဉ် တစ်ခုစီ၏ နောက်ဆုံး၌ တားမြစ်သည့်သဘော မဟုတ်ဘဲ ကိုယ်တိုင်ဆောင်ရွက်လိုသည့် သဘောဖြင့် သွားကြမည်၊ အကြောင်းကြားမည်၊ သဘောတူညီကြသည်၊ ဆောင်ရွက်ကြမည် စသည်ဖြင့် စာကြောင်းများ အဆုံးသတ်ထားသည်ကို တွေ့ရပါမည်။ ဤအစီစဉ်များကား တိပိဋကဓရ နိကာယကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော်ကြီး ဖြစ်တော်မူသော မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ညွှန်ပြမှုများပါပေ။ သံဃာတော်များ စိတ်ကျေနပ်စွာဖြင့် ညီညီညွတ်ညွတ် ရှိရေးအတွက် အထူး လိုလားစွာ နည်းဒေးညွှန်ပြတတ်မြောက်သော ဆရာတော်ဘုရားကြီး၏ စိတ်ထားမြတ်ကို ကျွန်ုပ်သည် အထပ်ထပ်ချီးမွမ်း၍ ဦးခိုက်မိခဲ့ရပါ၏။

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ဒုလ္လဘရဟန်းဝတ်လိုသည့်ဆန္ဒ ဖြစ်ပေါ်လျက်ရှိသည်နှင့် အစီအစဉ်များ ညှိနှိုင်းရန် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ သွားရောက်ခဲ့ပါသည်။ အစီအစဉ်များ ညှိနှိုင်းပြီးနောက် ဟိတေသီအဖွဲ့ ဥက္ကဋ္ဌကြီးက ကျွန်ုပ်အတွက်ဟု ဆိုကာ စာအုပ်တစ်အုပ် ပေးပါသည်။ စာအုပ်မှာ "မြန်မာနိုင်ငံလုံးဆိုင်ရာ မဟာစည်ရိပ်သာများ နာယကအဖွဲ့ အထူးအစည်းအဝေးမှတ်တမ်း" ဟူ၍ ဖြစ်၏။ သည်အစည်းအဝေးကို ၁၃၅၁-ခု၊ သီတင်းကျွတ်လဆုတ် ၉-ရက်နေ့နှင့် ၁၀-ရက်နေ့များတွင် ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ၊ သာသနာ့မလဝိသောဓနီ သိမ်တော်ကြီး၌ ကျင်းပခဲ့ကြောင်း သိရပါသည်။ စာအုပ်ကို ဖွင့်၍ ဖတ်လိုက်သည်နှင့် "မဟာစည်သာသနာ့ရိပ်သာများ နာယကအဖွဲ့၊ လမ်းညွှန်ဦးသျှောင် သြဝါဒါစရိယ ဆရာတော်ကြီးတစ်ပါး ဖြစ်သော အဘိဓဇ မဟာရဋ္ဌဂုရု တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တ-သာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ သဘာပတိ မိန့်ခွန်း" ဟူသည်ကို ဦးစွာ တွေ့လိုက်ရပါသည်။

မိန့်ခွန်းကို ဆက်၍ ဖတ်ကြည့်သည့်အခါ ဆရာတော်ဘုရားကြီး သည် ညီညွတ်ခြင်း၏ အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းပြနေသည်ကို တွေ့ရ၏။ ဆရာတော်ဘုရားကြီး၏ ညီညွတ်မှုကို လိုလားသော စိတ်ထားမြတ်ကို ကျွန်ုပ် ထပ်မံ၍ သတိပြုမိရပြန်ပါပြီ။ အံ့သြချီးမွမ်းမိရပြန်ပါပြီ။ ဆရာတော်ဘုရားကြီးသည် သုခ ၄-ပါး တရားကို ဦးစွာ ပါဠိနှင့် အနက်ပေးပြီးနောက် တစ်ပါးချင်းကို အကျယ်တဝင့် ရှင်းပြရာ၌ ညီညွတ်ခြင်းနှင့် သက်ဆိုင်သော သုခ ၂-ပါးကိုလည်း ရှင်းပြခဲ့ပါသည်။

ဂိုဏ်းပေါင်းစုံ သံဃာတော်များ တညီတညွတ် စုစည်းမိကြ၍ နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ကြီး ပေါ်ပေါက်လာခဲ့သည်မှာ ၁၃၄၂-ခုနှစ်က ဖြစ်၏။ ယခုဆိုလျှင် ၁၀-နှစ်ပင် ပြည့်ခဲ့ပါပေပြီတည်း။ ဆရာတော်



ဘုရားကြီးသည် ဤအဖွဲ့ကြီး၏ အကျိုးတော် ဆောင်ချုပ် ဖြစ်၏။ ဂိုဏ်းပေါင်းစုံ သံဃာတော်များ ညီညွတ်စွာဖြင့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး အတွက် အဓိကနေရာမှ ဆရာတော် ဘုရားကြီး ဆောင်ရွက်ခဲ့သည်မှာ ၁၀-နှစ်ပင် ပြည့်ခဲ့ပေပြီတကား။ ဟု ကျွန်ုပ်၏ ဆင်ခြင်မှု ဉာဏ်ကွန်ယက် အတွင်း၌ တွေးမြင်၍ လာခဲ့ပါသည်။ ထို့အပြင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ဝန်ကြီးဌာန သံဃာတော်များ ပြည်နယ်နှင့် တိုင်းအလိုက် အသီးသီး ညီညွတ်စွာ သီတင်းသုံးနိုင်စေရေး အတွက် လည်းကောင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်းများ၌ သံဃာတော်များ ညီညွတ်စွာ သီတင်းသုံးနိုင်စေရေးအတွက် လည်းကောင်း၊ ရန်ကုန် တိုင်ရိုးကန် ကျောင်းတော်၊ မင်းကွန်း ဓမ္မနာဒတိုက်မှ သံဃာတော်များ ညီညွတ်မှု အတွက် လည်းကောင်း ကြိုးပမ်း ဆောင်ရွက်ခဲ့ပုံများလို တစ်ခုပြီး တစ်ခု ဉာဏ်ကွန်ယက်အတွင်း တရိပ်ရိပ် ပြန်လည် တွေးမြင်လာခဲ့မိသည်။

သံဃာကို သင်းခွဲခြင်းသည် သံဃာ့ ဘေဒကဟူသည့် မဂ်ဖိုလ်ကို တားမြစ်သော ပဋ္ဌာန်တရိယ ကံကြီး ၅-ပါး၌ တစ်ပါး အပါအဝင် ကံကြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ မြတ်စွာဘုရား၌ ကိုယ်တော်တိုင်သည်လည်း သံဃာတော်များ သင်းကွဲခြင်းကို မလိုလားဘဲ ညီညွတ်ခြင်းကိုသာ လိုလားပါသည်။ သံဃာတော်များ ညီညွတ်မှုအတွက် ဘုရား၌ ကိုယ်တော်တိုင် ကြိုးပမ်းခဲ့သည့် သာဓကတို့လည်း များစွာ ရှိခဲ့ပါပေသည်။ အကယ်၍ ယခုအခါ၌ မြတ်စွာဘုရား၌ သက်တော် ထင်ရှားရှိသည် ဖြစ်အုံ၊ သာမဂ္ဂီ ဟူသည့် ညီညွတ်ခြင်းကို လိုလားကျင့်ဆောင်ကြကုန်သော ဘုရား၏ တပည့်သား သာဝကတို့တွင် အသာဆုံး၊ အမြတ်ဆုံးသူကို သာမဂ္ဂီ ဇောဒက်ဟူသော ဂုဏ်ထူးကိုလည်း ပေးသည် ဖြစ်အုံ၊ ထိုဂုဏ်ထူးကို မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး သာလျှင် မချွတ်ကေန် ရမည်ဟု ကျွန်ုပ် ထင်မြင်မိပါတော့သတည်း။

(တင်ထွန်းဗိုလ်)



မိုးမိတ်စေတီ ကုန်းမြေအလှ
သုံးထွတ်ဘုရား သာသနာ။
နွှန်းနေမက အဆောင်ပြာသည်
မြေကမ္ဘာ ဝေဖြာ တေဇာလင်း။
စွဲငြာမဏီ တန်ခိုးဟိတ်ဝေသည်
မိုးမိတ်စေတီ ပုံနွှန်းသာပမယှဉ်း။
ဗေဒါဆန်းသမျှ ရွှေကြာပန်းအလှ
ဒေဝါနန်းက နန္ဒာကန်လို
စံပမာဟန် ထောမင်း။
ရေဇလာ ထွက်ကာ ဝေဖြာဆင်း
ပြေရွာအတွင်း သီးပွင့်စုံ။
စိတ္တဇယျာဉ် တုန်ိုင်းစရာပ
ရှုတိုင်းသာစွ ထူးတင့်သာမောရကုံ။
တိ=နိကာယ မထေရ်မော်တွေ
စံပျော် ဉာဏ်တော် ရှင်ပျော်ကြောင်းပ
ခြောက်ဆယ့်ခြောက်ကျောင်း ဝိဟာမော်
မိုးမိတ်ကုန်းမြေပေါ်....။

တက်မမျှ မဟာတိပိဋကာ ထက်သပ သဒ္ဓါဝိရိယ
အဂ္ဂမဟာအဘိဓာ စိစဉ်ညွှန်သည်
မဟာဗုဒ္ဓဝင် ထင်ရှားစေဖို့လေး။ ။

ခွန်သမျှအမော်တွင် အထူးသာရ(တဲ့)
ဝဏ္ဏကျော်ထင်ဦးသာလှ(က) ကူညီဆောင်သည်
ဤလူ့ဘောင်တွင် ထင်ရှားပေလိမ့်လေး။ ။
တူအမတမြန်းဖို့ လူပထမတန်းတို့
လှုကြဆန်းဖို့ နှိုးဆော်ပါသည်
အကျိုးမျော်ကာ ရည်ညွှန်းပါဂုလေး။ ။

အစဉ်မကွာ အထူးသရေလင်း(တဲ့)
မင်္ဂလာ ဦးနေဝင်း(က)
တေးထပ်ကဗျာကို ရေးစပ်ကာသာ
ပူဇော်ကြောင်းပါဘုရား့လေး... ။ ။

မင်္ဂလာ ဦးနေဝင်း (မင်္ဂလာဒုံ)

စူဠဉာမဏိ = ဘုရားအလောင်း တောထွက်စဉ်က ဆံတော်ပယ်ရာ သိကြားမင်း မင့်ဆောင်၍ တာဝတိံသာတွင် တည်ထား ကိုးကွယ်သော စေတီ။

နန္ဒာကန် = နန္ဒာနတ်သမီး လူ့ဘဝတွင် ရောကန်လှူခဲ့ဖူး၍ ဖြစ်ပေါ်လာသော် တာဝတိံသာမှ နတ်မြေကန် (ယူဇနာ ၅၀၀ ကျယ်ဝန်းသည်) မယဝတ္ထု။

စိတ္တဉယျာဉ် = စိတ္တာနတ်သမီး လူ့ပြည်မှဉယျာဉ်စိုက်ပျိုး လှူခဲ့ဖူးသောကံကြောင့် ဖြစ်ပေါ်လာသော တာဝတိံသာမှ စိတ္တလတ္တာဉယျာဉ် (ယူဇနာ ၅၀၀ ကျယ်ဝန်း) မယဝတ္ထု။

ထူးတင့်သာမောရဂုံ (မိုးမိတ်ကုန်းမြေ)

(ခြောက် ဆယ့် ခြောက် ကျောင်း) ဝဏ္ဏကျော်ထင် ဆရာဝန်ကြီး ဦးသာလှ၏ မိန့်ကြား ချက်မှာ (၆၅) ကျောင်း ဆောက်ပါသည်။ နောက်မှ (၁) ကျောင်း ထပ်တိုးလာပါသည်ဟု ဆိုပါသည်။

ထို့ကြောင့် (တိ-နိကာယ စာဖြေသံဃာတော်များ သိတင်းသုံးရန်သာ ဖြစ်ပါသည်၊ အခြားသော ကျောင်းများ မပါပါ။

(ဘက်မမျှ မဟာတိပိဋကဓရ) မူလဂုဏ်ထူးမှာ မဟာတိပိဋက ဖြစ်သည့်ပြင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရသိဝံသ ဆရာတော် ဘုရားကြီးလို အဘက်ဘက်မှ ပြည့်စုံပြီး စွမ်းဆောင်နိုင်သူ ပုဂ္ဂိုလ်မျိုးသည် ဤဒေတ်တွင် ဤဆရာတော် တစ်ပါးသာ ရှိသည်ဟု ဆိုလိုပါသည်။

(ထက်သပ သဒ္ဓါဝိရိယ) သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ်၊ သတိဗိုလ်၊ သမာဓိဗိုလ်၊ ပညာဗိုလ်တည်းဟူသော ဗိုလ်ငါးပါး ပြည့်စုံထက်မြက်သူ။

(အဂ္ဂမဟာအဘိဓဇ) အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ်မဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရဘိဝံသ ဆရာတော်။

(ခွန်သမျှအမော်တွင် အထူးအသာရ) လောကတွင် လူခွန်များ၊ လူမော်များ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး (၀၇) လောကီ လောကုတ် ပြည့်စုံသူများ ရှိကြသည်။ ထိုပုဂ္ဂိုလ်များတွင် ဆရာကြီးသည် (ပရဟိတ) သာသနာပြုလုပ်ငန်းတွင် သူမတူအောင် စွမ်းဆောင်နိုင်သည့် အတွက် အသာရသူဟု ဆိုလိုပါသည်။

(လူပထမတန်း) သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ တည်းဟူသော သူတော်ကောင်းဥစ္စာ ဂုနစ်ဖြာနှင့် ပြည့်စုံသူ။

ဤတေးထပ်ဖြင့် ဆရာတော်ဘုရားကြီးအား အကြိမ်ကြိမ်ရှိခိုးလျက် တိ-နိသာသနာပြု အဖွဲ့ကြီးကို ဂုဏ်ပြု ပူဇော်အပ်ပါသည်။

မင်္ဂလာ ဦးနေဝင်း (မင်္ဂလာဒုံ)


YIN MINGPIKE 91

ဘိုကလေး အရှင် ပဏ္ဍိတ

မဟာဗုဒ္ဓဝင် နှင့် ပူဇော်ခြင်း

ဆရာတော်ဘုရားကြီးသည် နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ဆဋ္ဌသင်္ဂါယနာ၏ ဖွားဖက်တော်အဖြစ် ရည်မှန်း၍ ၆-တဲ့၊ မဂ္ဂင် ၈-ဖော် တရားတည်းဟူသော လှေဖောင်ဟော်ကို ရည်စူး၍ အုပ်ရေအားဖြင့် ၈-အုပ်၊ ဗုဒ္ဓမြတ်စွာ၏ ဝါတော် ၄၅-ဝါကို သဒ္ဒါမျှော်မှန်း၍ အခန်းအားဖြင့် ၄၅-ခန်းတို့ဖြင့် မပစ်မမှန်း ချမ်းသာစွာ ရေးသားပြုစုတော်မူခဲ့ပါသည်။ ကျမ်းကြီး၏ နိဂုံး၌ "မဟာဗုဒ္ဓဝင်ကျမ်းဖြင့် ဘုရားရှင် ကိုယ်တော်မြတ်ကို ကိုယ်မကြွေကြမ်း နှုတ်မသုမ်းဘဲ စိတ်ဝမ်းနှံကျိုး မာန်ကိုချိုး၍ မြတ်နိုးကော်ရော် ရှိခိုးပူဇော်ပါ၏ ဘုရား" ဟု ရေးသားထားပါသည်။

ဆရာတော်ဘုရား နည်းတူ ဤအရှင်လည်း မဟာဗုဒ္ဓဝင်ကျမ်းကြီးထဲမှ ထုတ်နုတ်၍ ဆရာတော် ဘုရားကြီးအား "မဟာဗုဒ္ဓဝင်ဖြင့် ပူဇော်" လိုလှ၍ စုံမ်းအားရှိသမျှ ရေးသားတင်ပြလိုက်ရပါသည်။

ပထမတွဲ၊ ပထမအုပ်

မဟာဗုဒ္ဓဝင် ပထမတွဲ၊ ပထမအုပ် "ထမ်မံဖွင့်ပြချက်=အနုဒီပနီ" စာမျက်နှာ ၉-တွင် 'ဒါန ကို မပြုသင့်' ဟူ၍ပင် အချို့ယူဆပြောဆိုကြ၏။

ဝယာမင်းကြီး ဦးလှိုင်က မူ 'ဒါန ဟူသည် သိင်္ဂါလ သေဋ္ဌေးသားများကဲ့သို့သော လူပြိန်းများ အလို့ငှာသာ မြတ်စွာဘုရား ဟောတော်မူသည်' ဟု ရေးသားခဲ့၏။

ဤသို့ ပြောဆို ရေးသားချက်တို့အတွက် ဘုရားအလိုတော်ကျ မှန်ကန်သော အနက်အဓိပ္ပာယ်ကို ဤဆိုလတ္တံ့သောအတိုင်း သိမြင်ရန် အရေးကြီးလှပေ၏။

(ဒါနအကြောင်း အရိပ်အမြွက်မျှ မပါဆဲဖြစ် ဂါထာပါရှိသော) ရှေးဖော်ပြရာပါ သံယုတ်ပါဠိတော်ကြီးမှာ—

နောက်တစ်ဖန် ဘဝအသစ် မဖြစ်တော့ဘဲ ယခု တစ်ဘဝအတွင်းမှာပင် ကိလေသာကုန်ခန်း ရဟန္တာဖြစ်ခဲ့အောင် အားထုတ်နိုင်စွမ်း ရှိသော အာဇာနည် ပုဂ္ဂိုလ်ကြီးများအတွက် မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်သည် "ဒါန ကို မပြုသင့်၍ မြတ်စွာဘုရား မဟောကြားခြင်း အလျှင်းမဟုတ်ချေ။

"ယခုဘဝ အတွင်းမှာ ကိလေသာကုန်ခန်း ရဟန္တာဖြစ်မည့်သူ မဟုတ်ပါက သံသရာကို အနည်းအများ ကူးသွားရမည်သာ ဖြစ်၏။ ဒါနမပါဘဲ သံသရာခရီး သွားရလျှင် ဒါနကင်းသည့်အတွက် သုဂတိဘဝကောင်းကိုရရန် ခက်၏။ ရပြန်လျှင်လည်း အသုံးအဆောင် ပြည့်စုံဖို့ရန် ခက်ပြန်၏။ ထိုအခါ ကုသိုလ်တရား ကို ရှာဖွေချင်သော်လည်း ရှာဖွေနိုင်တော့မည် မဟုတ်ချေ။ ထို့ကြောင့် သံသရာခရီးသွား မရပ်စဲသေးသော သူများမှာ ဒါနတရားကို အားထုတ်ဖို့ အရေးကြီးလှပေ၏"

ဟု ဆရာတော်ဘုရားကြီးက ဆုံးဖြတ်ပြတော်မူထားသဖြင့် သံသယပွားများ တွေဝေနေသော ပုဂ္ဂိုလ်များအား အကျိုးများစေလှပါသည်။

(မဟာဗုဒ္ဓဝင်၊ ၁၊ ၁၊ စူ။)



ထို့နောက် ဆရာတော်ဘုရားကြီးက–

တထေဝ ယာစကေ ဒိသ္ဝာ၊
ဟိနမုက္ကဋ္ဌမတ္ထိမေ၊
ဧဒါဟိ ဒါနံ နိဿေသံ။

စသော "ဤ ဒါနပါရမီခန်း ဗုဒ္ဓဝင် ပါဠိတော်မှာ– အာလူခံပုဂ္ဂိုလ် ထို့ကို အယုတ်, အလတ်, အမြတ် မရွေး ပေးလှူရမည်"ဟု ထင်ရှားစွာ ဟောကြားထား၏။

အကုံရပေတဝတ္ထု ပါဠိတော်၌လည်း–

'ဝိဓေယျ ဒါနံ ဒါတဗ္ဗံ'

စသည်ဖြင့် အလှူကို လှူလိုလျှင် အကျိုးကြီးမားမည့် အလှူခံကို ရွေးချယ်၍ လှူဒါန်း ရမည်'ဟု ကျမ်းဂန်တို့၌ လာရှိပြန်သည်။

ဤသို့ ဗုဒ္ဓဝင်ပါဠိတော်နှင့် (ဒက္ခိဏာဝိဘင်္ဂသုတ်) အကုံရပေတဝတ္ထု ပါဠိတော်စသည်တို့ (အလှူခံရွေးချယ်သင့်၊ မရွေးချယ်သင့်) မည်မည်ဟတ် ဆန့်ကျင်သကဲ့သို့ ရှိနေရာ ညီညွတ်အောင် သိရှိနားလည်ရန်ကား–

ဒက္ခိဏာဝိဘင်္ဂသုတ်၊ အကုံရပေတဝတ္ထု ပါဠိတော် စသည်တို့မှာ ဟောအပ်သော နည်းလမ်းသည် သာမညဖြစ်သူ နတ်လူတို့အတွက် ရည်ရွယ်၍ ဟောတော်မူခြင်း ဖြစ်၏၊ ဘုရားအလောင်းတော်ကြီးမှာမူ ဤ ဗုဒ္ဓဝင် ပါဠိတော်လာသည့်အတိုင်း ရည်ရွယ်ရင်းကပင် မြတ်စွာဘုရားဉာဏ် (သဗ္ဗညုတဉာဏ်)တော်ကို ရဖို့ရန် လိုလားရည်ရွယ်ရင်း ဖြစ်သည်။ ဘုရား

ဥာဏ် (သဗ္ဗညုတဥာဏ်) တော်မှာ အယုတ်အလတ် အမြတ်ဟူ၍ မရှိ၊ တစ်မျိုးတစ်စား တည်းသာ ဖြစ်၍ မိမိမှာရှိသော လှူဖွယ်ပစ္စည်းကို ရောက်လာသမျှသော အလှူခံတို့ အားအယုတ် အလတ် အမြတ်မရွေး လှူဒါန်းရန်သာ ရှိ၏။ သို့ဖြစ်၍ အလှူခံကို မရွေးချယ်ဘဲ လှူဒါန်းခြင်းသည် သဗ္ဗညုတဉာဏ်ကို လိုလားသော ဘုရားအလောင်းတော်တို့၏ဓလေ့ဖြစ်၏။ သာမည နတ်လူတို့၏ ရည်ရွယ်ချက်မှာကား လောကီစည်းစိမ် အမျိုးမျိုးတို့ကို အလိုရှိရာ ရည်ရွယ် လှူဒါန်းကြသည်ဖြစ်၍ အကောင်းဆုံးသော အလှူခံကို ရွေးချယ်ရမည် ဖြစ်၏။

ဤသို့ ဗုဒ္ဓဝင်ပါဠိတော်က အလောင်းတော်ကြီးများအတွက် ဒုက္ခဏာဝိဘင်္သုတ်၊ အကုံရပေတဉတ္တု စသည်တို့မှာ သာမည နတ်လူတို့အတွက် ရည်ရွယ် ဟောတော်မူခြင်း ဖြစ်သော်ကြောင့် မညီညွတ်မှု ဆန့်ကျင်မှု မရှိဟူ၍ မှတ်ယူရာ၏ဟု ဤသို့ ဆုံးဖြတ်ပြတော်မူထားသဖြင့် နွိုက်နွိုက်ချွတ်ချွတ် တိကျစွာ လိုလားသူတို့အတွက် အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားလှပါသည်။ (၁၊ ၁၊ စော။)

ထို့နောက် ဆရာတော်ဘုရားကြီးက သီလပါရမီခန်း စာမျက်နှာ ၈၁-၌ "အာဇီဝဋ္ဌမက သီလ" နှင့် ပတ်သက်၍ ဤသို့ ဆုံးဖြတ်ပြတော်မူထား၏။

"အကောက်အယူ အမှတ်အသား အပြောမှားတတ်ပုံမှာ အာဇီဝဋ္ဌမကသီလ သာလျှင် အရိယမဂ်ကို ရဖို့ရန် စတင်ကျင့်သုံးအပ်သော သီလဖြစ်သည်။ ထိုသို့ ယူဆပြောကြားသော ဂိုဏ်းဂဏပင် ပေါ်ပေါက်ခဲ့ဖူး၏"

"အချို့ကလည်း အာဇီဝဋ္ဌမကသီလ ဟူ၍ ငါတို့ မကြားစဖူး၊ ဘုရားဟောမဟုတ်၊ နောက်ပေါ် အသုံးမဝင်သော သီလဖြစ်သည်" ဟူ၍ ဆိုကြပြန်၏။ အမှန်မှာ အာဇီဝဋ္ဌမကသည် သီလသည် မြတ်စွာဘုရား ဟောကြားအပ်သော သီလပင် ဖြစ်၏။ (ဏာ)။

မြတ်စွာဘုရား ပဋ္ဌမတော်မူပြီးစ သီလ အမျိုးမျိုးထဲမှ အကြမ်းစား ဒုစရိုက်သမားများနှင့် သင့်လျော်ရာ အာဇီဝဋ္ဌမကသီလဖြင့် အစပိုင်း၌ ဆုံးမတော်မူရ၏။ ဤသို့ မြတ်စွာဘုရားသခင် ပဋ္ဌမတော်မူခါစ ဒုစရိုက်တုံးကြီးတွေကို ဟောပြော ဆုံးမရစဉ်အခါမှာ အာဇီဝဋ္ဌမကသီလ တွင်ကျယ်ခဲ့သော်လည်း သတ္တဝါများ ယဉ်ကျေးလာသောအခါ အာဇီဝဋ္ဌမကသီလကို အသုံးမပြုဘဲထားသဖြင့် ယခုကာလအထိ အာဇီဝဋ္ဌမက သီလကို ဆရာ ရဟန်းသံဃာများကလည်း သုံးစွဲရန် ထူး၍ မဟောကြားတော့ပြီ၊ လူများကလည်း အထူးဆောက်တည်သုံးစွဲခြင်း မပြုကြတော့ပြီ။ (အာဇီဝဋ္ဌမက သီလမှာ ဒုစရိုက်မှုကြမ်းတွေ့ အလွန် ထူပြောသူတို့အတွက် ဖြစ်သောကြောင့်တည်း။) (ဏိ)။

တစ်နည်းအားဖြင့် ပြဆိုရသော် အာဇီဝဋ္ဌမက သီလဟူသည် သီလဟူ၍ အဓိဋ္ဌာန်မျှ မရှိဖူးသေးသည့် ဒုစရိုက်တုံးကြီး ဖြစ်နေသူများကိုသာ ထို ဒုစရိုက်ကြမ်းကြီးများမှ ရှောင်ကြဉ်ရန် ဆုံးမအပ်သော သီလဖြစ်သည်။ ငယ်စဉ်က မိဖအဆုံးအမကို ရရှိသော ဖော်ပြရာပါ ကလေးများမှာ ဒုစရိုက်ကြီးများ မဟုတ်တော့သည့်အတွက် အာဇီဝဋ္ဌမကသီလကို အထူးဖြည့်ကျင့်ရန် မလိုကြောင်း ကောင်းကောင်းကြီး ထင်ရှားလှပေသည်။ (ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို အစဉ်အတိုင်း တိုးတက်ဖြည့်ကျင့်သင့်တော့သည်။) (ဏီ)။

ငါးပါးသီလသည်ပင် အာဇီဝဋ္ဌမက သီလထက် လွန်မြတ်သောအကျင့် ဖြစ်၏။ (ဏူ။)

ကြီးမားကြောင်း ထင်ရှားပေသည်”ဟု ဆုံးဖြတ်ပြတော်မူထား ပါသည်။ (မဟာဗုဒ္ဓဝင်၊ ၁၊ ၂၊ ၂၇၇-၂၈၁။)

ဒုတိယတွဲ

စာမျက်နှာ (ဃ)၌ ဆရာတော်ဘုရားကြီးက သာသနာနှစ် တွက်ပုံကို သုတလိုလား ရှင်လူများအတွက် အောက်ပါအတိုင်း “လင်္ကာ”နှင့်တကွ ဖော်ပြထားပါသည်။


“ယခုရောက်ဆဲ သာသနာနှစ်နှင့် ယခုရောက်ဆဲ ကလိယုတ်နှစ်တို့ကို သိလိုသော်–

“သင်္ကရာဇ်ဒီဃ၊ တည်ပြီးမှလျှင်၊ ဒွဲးအင်္ဂနှင့်၊ ကေကော၊ နှောတို့ပါက၊ သာသနာနှစ်၊ အတိတ်ဖြစ်၏”

ဟူသော လင်္ကာအတိုင်း ရောက်ဆဲသင်္ကရာဇ်နှစ်ကိုတည်၊ ၁၁၀၂-ကို ရောလျှင် အတိတ်သာသနာနှစ်ဖြစ်၏။ (မဟာဗုဒ္ဓဝင်၊ ၂၊ ၈၆။)

တတိယတွဲ

စာမျက်နှာ ၄၇၉-၌ တိသရဏဂုံကြီးက ကာဠဗုဒ္ဓရက္ခိတ မထေရ်မြတ်အား ကြည်ညိုမိမိ၏ မင်းစည်းစိမ်ကို လှူဒါန်းလေ၏။ ထိုအခါ မထေရ်မြတ်က “သင်မင်းကြီး လှူဒါန်းအပ်သည့် မင်းအဖြစ် မင်းစည်းစိမ်ကို သင် မင်းကြီးတို့အား သာလျှင် တစ်ဖန် ပြန်၍ပေးပါကုန်၏”ဟု တိသရဏမင်းကြီးအား သာ ပြန်၍ ပေးအပ်တော်မူလေ၏။ အထက်ပါအခန်း ပြဆိုရာ၌ ဆရာတော်ဘုရားကြီးက “ဓမ္မပဒဋ္ဌ။ ။၌ ကာဠဗုဒ္ဓရက္ခိတ ရဟန္တာမထေရ်မြတ်၏ ကျင့်ထုံးကို နှလုံးမူသောအားဖြင့် ရဟန်းတော် အရှင်မြတ်များအား ဟိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသော



သူဘို့က တထုံးနှင့်စပ်၍ ဆဒ္ဒါတထုံးကြီးမားလှသဖြင့် ရဟန်းတော်များနှင့် မသင့်လျော်သော လူ့အသုံးအဆောင် မင်းအသုံးအဆောင် မင်းစည်းစိမ်များကို လှူဒါန်းခဲ့သော် ထိုအလှူဝတ္ထုများကို အလှူရှင် ဒါယကာ မင်းများအားသာလျင် တစ်ဖန်ပြန်၍ ပေးအပ်ဆောင်နှင်းရာ၏" ဟု "ဘဏ္ဍာညွှန်ပြချက်" တစ်ခု ဖော်ပြထားပါသည်။ (မဟာဗုဒ္ဓဝင်၊ ၃၊ ၄၈၀။)

မိမိကိုယ်တိုင်လည်း ထိုရဟန္တာ မထေရ်မြတ်ကြီးနည်းတူ "ယထာဝါဒီ တထာကာရီ- ပြောသလိုလုပ်"၍ ကျင့်သုံးပြခဲ့ပါသည်။

သာသနာ ၂၅၀၀- ပြည့် ကျင်းပ် ခါနီးတွင် နိုင်ငံခြားတော်အစိုးရက မှန်လုံရွှေရှားကားကြီး တစ်စီး ဆရာတော်အား အပြီးအပိုင် လှူဒါန်းပါသည်။ သို့သော် "ဘုန်းကြီးဟာ ဓတာဘုန်းကြီးဖြစ်၍ ဒီလို ကားမျိုးစီးလို့ မလျော်ပါ"ဟု ၅-ရက်မျှ အသုံးပြု၍ နိုင်ငံတော်အား ပြန်စွန့်လှူလိုက်ပါသည်။ အထူးကြည်ညိုဖွယ် ဂုဏ်တစ်ရပ်ဖြစ်ပါတော့သည်။

စကုဆိုတဲ့

အာဠဝကဘီလူးကို ဆုံးမ ချေချုပ်တော်မူခန်းတွင် ရဟန္တာသုံးပါး၏ဂုဏ်ကို လက်ဝဲဖြင့် နှုတ်ရအာဂုံ ဆောင်လိုသူတို့အတွက် ဆရာတော် ဘုရားကြီးက အောက်ပါအတိုင်း ရေးစပ် ပေးပြထားပါသည်။

"သုံးလူ့ရှင်ပင်၊ တို့ထိပ်တင်သည်၊ သမ္မာသူတ၊ ဉာဏဦးကိုင်၊ စိုးမိုးပိုင်သည့်၊ ဘုန်းလှိုင်ဘုရား၊


မှန်လှပြား၏။ မြတ်ဖျားဇီဝနှာ်၊ စိန္တေယျော်သည်၊ ဆယ်ဖော်ဓမ္မ၊ မြတ်ထုတ်လှကို၊ စ,လယ်, အဆုံး၊ သုံးပါးအစုံ၊ ကောင်းခြင်းဂုဏ်နှင့်၊ ပြည့်စုံထင်ရှား၊ ဓမ္မာညွှန်ကြားခဲ့၊ ရှစ်ပါး အရိယာ၊ မြတ်သံဃာလည်း၊ သိက္ခာသုံးရပ်၊ ချီးမွမ်းအပ်သည့်၊ စေ့စပ်လုံးစုံ၊ ကျင့်ဖုံဖုံကို၊ အာရုံနှစ်လို့၊ အားသစ်မြို့၏။ (မဟာဗုဒ္ဓဝင်၊ ၄၊ ၂၉၉။)


ပဉ္စမတွဲ

သမ္မာသမ္မဒ္ဓဂုဏ်တော်အဖွင့်၌ ဆရာတော်ဘုရားကြီးက "ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့၏ သမ္မဒ္ဓသာ မည်ပုံ၊ အရိယာသာဝကတို့၏ သမ္မာဗုဒ္ဓသာမည်ပုံ" တို့ကို အောက်ပါအတိုင်း ထူးခြားစွာ မှတ်သားဖွယ်ရာအဖြစ် ဖော်ပြထားပါသည်။ "ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မှာ မိမိတို့အလိုလို သစ္စာတရားတို့ကိုထိုးထွင်း၍ သိမြင်တော်မူကြသည့်အတွက် သမ္မဒ္ဓဟူသော ဂုဏ်ထူးကို ရရှိတော်မူကြသော်လည်း သူတစ်ပါးတို့အား မဟာ ပြ နိ ုင် သော ကြောင့် သမ္မာသမ္မဒ္ဓ ဟူသော ဂုဏ်ထူးကိုကား ရတော်မမူကြချေ။

အ ရိ ယာ သာ ဝ က တို့မှာလည်း ဆရာအထောက်အကူရမှ သစ္စာတရားတို့ကို ထိုးထွင်း သိမြင်တော်မူကြကာ သူတစ်ပါးတို့အား လည်း ဟောပြနိုင်ကြသည့်အတွက် သမ္မာဗုဒ္ဓ ဟူသော ဂုဏ်ထူးကို ရရှိကြ၍ သယမ္ဘူဉာဏ်ဖြင့် သိကြသည်မဟုတ်သောကြောင့် သမ္မဒ္ဓဟူသော ဂုဏ်ထူးကိုကား ရရှိတော်မမူကြချေ။" မြတ်စွာဘုရားရှင်တို့သာ သမ္မဒ္ဓဟူသောဂုဏ်ထူး၊ သမ္မာဗုဒ္ဓဟူသော ဂုဏ်ထူးနှစ်ရပ်ပေါင်းစပ်ကာ "သမ္မာသမ္မဒ္ဓ" ဟူသော ဂုဏ်တော်ထူးကို ရရှိတော်မူ၏။ (မဟာဗုဒ္ဓဝင်၊ ၅၊ ၅၆၉။)

မဟာဗုဒ္ဓဝင်ကျမ်းကြီးကို အငြိမ်းစား ဒုတိယအဓိပတိ ဆရာကြီး ဦးကိုလေးနှင့် အငြိမ်းစား ပါဠိဓမ္မာကွဲ ဦးတင်လွင်တို့ အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုနေကြစဉ်။





ဆဋ္ဌမတွဲ၊ ပထမပိုင်း

အရှင်သုဘူတိမ္မထေရ်အကြောင်း ဖော်ပြရာ၌ "အရဏဝိဟာရကိလေသာ ကင်းကွာချမ်းသာစွာ နေနိုင်ကြောင်း" တရားကို အောက်ပါအတိုင်း နှုတ်ရဲ အာဂုံဆောင်နိုင်ကြရန် ဖော်ပြထားပါသည်။

(က) အယုတ်နှစ်ပါး၊ မလိုက်စား၊ လမ်းသွား မဇ္ဈိမ။

(ခ) မမြောက်မစား၊ မနှိမ်ငြား၊ တရားဟောဖော်ပြ။

(ဂ) သုခနှစ်ပါး၊ ဉာဏ်ပိုင်းခြား၊ ပွားများအစ္ဆိတ္တ။

(ဃ) မျက်မှောက်, မျက်ကွယ်၊ ဤနှစ်သွယ်၊ ဆိုဖွယ် သိတတ်လှ။

(င) မလျင်မဆော၊ စကားပြော၊ ပြေချောမှ.သိမ်စွဉ်။

(စ) အရပ်စကား၊ မလွန်ငြား၊ ခြောက်ပါး အရဏ။ (မဟာဗုဒ္ဓဝင်၊ ၆၊ ၁၊ ၂၅၁)။

ဆဋ္ဌမတွဲ၊ ဒုတိယပိုင်း

ကိသာဂေါတမီထေရီအကြောင်း ဖော်ပြခန်း၌ ဘုရားရှင်က ထေရီမအား ဟောကြားသော တရားဂါထာတော်ကို အမြဲမပြတ် ရွတ်ဆို အား ထား သံဝေဂပွားလိုသူတို့အတွက် လက်ဝဲစီကုံး ဖော်ပြထားသည်မှာ ပညာရှိများလက်ဖျစ်တီး၍ အံ့ချီးကြည်ညိုကြရပါသည်။

"ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ဖြစ်လာတိုင်းပင်၊ကွယ်ချုပ်ဝင်သည့်၊ ဤသစ်္စာရ၊ သဘာဝကား၊ ဌာနနယ်ချုံး၊ တနိုဂုံးနှင့်၊ ခေါထုံးဝေါဟာ၊ တမြို့ရွာငယ်၊ မျက်နှာမဲ့လျှင်း၊ တအိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တကန့်သား၍၊ ဖြစ်ပွားလေ့လာ၊မဟုတ်ပါဘူး။ ဇြပ်မာ, လူ, နတ်၊ ထုတ်ချင်းခတ်အောင်၊ဥပါဒ်စလျှင်၊ ဌီသို့ဝင်၍၊ ဘင်္ဂကွာ၊ မရဏဖြင့်၊ ရွရွလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်း ညှိုးသည်....

အရိုး အနီစွဲညှိုးသာတည်း။

အရိုး ဒုက္ခချည်းသာတည်း။


အရိုး အနတ္တချည်းသာတည်း။ ။မဟာဗုဒ္ဓဝင်၊ ၆၊ ၂၊ ၂၄၀။)

အထက်ပါတို့အပြင် ဆရာတော်ဘုရားကြီးသည် မိမိကိုယ်တိုင် ရသစုံရေးစပ်နိုင်စွမ်းရှိသော်လည်း ရှေးဆရာတော်ဘုရားကြီးများ၏ စာပေများကို မိမိ၏ မဟာဗုဒ္ဓ ဝင် ကျမ်း ကြီး ၌ အောက်ပါအတိုင်းဖော်ပြပူဇော်ထားပါသည်။ လယ်တီဆရာတော် ဘုရားကြီး၏ "သတ္တဌာန ဘုရားရှိခိုးလက်ာ" (မဟာဗုဒ္ဓဝင်၊ ၂၊၃၉၇။) "ခုနစ်နေ့ ဘုရားရှိခိုးလက်ာ" (၅၊၅၅၀။) "ပဋ္ဌိစ္စသမုပ္ပါဒ်လက်ာ" (၅၊၆၉၂။) "အာဝေဏိကဂုဏ်တော် ပါဠိအနှက်" (၅၊၃၅၁။) မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ "မဟာပုရိသ လက္ခဏာ ဒီပနီ ကဗျာ" (၂၊ဆော။) "ရောင်ခြည် တော် ခြောက် ပါး ဘုရားရှိခိုး" (၂၊၃၆၆။) မုံရွေးဇေတဝန် ဆရာတော်ဘုရားကြီး၏ "ဝါဆိုစဉ် လက်ာ" (၃၊၁၆၃။) ဆီးဘန်နီ ဆရာတော်ဘုရားကြီး၏ "ပဉ္စသိခ စောင်းငြင်းဂါထာများအနက်" (၅၊၆၇။) မြင်းခြံ ကိုးဆောင် ဆရာတော်ဘုရားကြီး၏ "ဂုဏ်တော်အနက်" (၅၊၆၇။) "ရတနသုတ်အနက်" (၅၊၇၆၇။) စသည်တို့ဖြစ်ကြပါသည်။


ဤကောက်နုတ်ဖော်ပြခဲ့ပြီးသော တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် စာပေတို့ကား စာရှုသူတို့အတွက် "မဟာသမုဒ္ဒရာရေ၏ ဆားငန်အရသာကို သိရှိရန် ရေအထု များစွာမှ ရေကြည်တစ်ပေါက် နှစ်ပေါက်ခန့်ကို ထုတ်ယူပြသ သုံးစွဲစေသော ယောကျ်ားကဲ့သို့" သိရှိရှုမျှ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ ကောက်နုတ် ဖော်ပြခြင်းဖြင့် (မင်းကွန်း) တိပိဋကဓရ ဆရာတော်ဘုရားကြီးအား "မဟာဗုဒ္ဓဝင်ဖြင့် ပူဇော်" အပ်ပါသတည်း။

ဦးပဏ္ဍိတ



ကြည့်သိ



ခွန်းဆင့်ပြုဆို ရောက်စေလိုသည်

(မိုးမိတ်ကိုင်ဦးချီ ၅၀)

၁။ **ခွန်းဆင့်ပြုဆို၊ ရောက်စေလိုသည်၊** စိမ့်ညို့မြို့ငှက်တန်း၊ မြရည်သန်းနှင့်၊ တောတန်း တောင်ထိပ်၊ တိမ်လိပ်လိပ်တွင်၊ တောင်ရိပ်မင်းကွန်း၊ ဆည်းဆာသွန်းလျှင်၊ စခန်း တောင်ခြေ၊ မိုးမိတ်မြေကို၊ မြစ်ရေခင်းကျင်း၊ ရောတွင်းမှ၊ လှမ်းချဉ်းဦးစွ၊ ဖူးမြော် **ရသော်၊ ရေပေါတစ်ဝက်၊** ကုန်းအထက်၌၊ ချန်တက်စွင့်ငှား၊ **ဆေးကားပန်းချီ၊** နတ်မမီသား၊ အလှထား**သို့၊** စွင့်**မား**ဝန်းလည်၊ ဗဟိုရှည်နှင့်၊ ရပ်တည်ကြွားကြွား၊ **စေတီများကို၊** ဖူးငြားသူ**ငါ၊** သဒ္ဓါပို**ရေး၊** ထုံးဖွေးဖွေးနှင့်၊ ညစ်ကြေးကင်းပ၊ ပူဇော် ရသည်၊ **အလှခင်းခြယ်၊** မြင်ကွင်း**ကျယ်ကား၊** မျိုးနွယ်ကြီးမား၊ ဘိုးတော်**သား**ဟု၊ **မင်းသားမိုးမိတ်၊** ဂုဏ်ဟိတ်ဖော်မြွက်၊ လွှတ်တက်မဟာ၊ ဓမ္မရာဇာ၊ **မည်သည်**ဘဲ၊

မင်းရဲရွှေတောင်၊ ကောင်းမှုဆောင်သည့်၊ အောင်ရာနိမိတ်၊ မိုးမိတ်ဘုရား၊ မိတ်မင်းသားနှင့်၊ သက်ထားကြင်ရာ၊ သုမလွာဟု၊ နန္ဒာဒေဝီ၊ မဒီမင်းကင်း၊ လှဆင်းသီဂီ၊ စေတီမြတ်စွာ၊ စက်တော်ရာထူး၊ ဝင်းတော်မှူးလည်း၊ ကြည်နူးတစ်ရပ်၊ အုတ်ပြာသာဒ်ပြု၊ မြတ်ကောင်းမှုဖြင့်၊ ဆင်းတုရုပ်ပွား၊ တည်ထားပျော်စံ၊ ရံရွှေခံသား၊ ကိုယ်ရံတပ်မှူး၊ ကျေးဇူးသိကြ၊ မင်းတေဇနှင့်၊ မင်းဗလတို့၊ တစ်ဝဂူခေါ်၊ စေတီတော်ညီ၊ တစ်ဆူစီကို၊ အမှီကုန်းထက်၊ ကျုံးတစ်ဖက်မှာ၊ တည်ဆောက်ပါသည်.... သေချာမှတ်လို့ လှည့်စေသော်။ ။

၂။ မွန်းတင့်ကုသိုလ်၊ ပြုကြောင်းဆိုသော်၊ ထိုထိုဘုရား၊ စေတီများတို့၊ တည်ထားရင့်ကြာ၊ နှစ်-နှစ်ထုဝယ်၊ ဒကာမူလ၊ ဒကာမနှင့်၊ ကြောင့်ကြမည့်သူ၊ မှူးမတ်ဟူပေ၊ မရှိလေကြ၊ သက်ကြွေခန္ဓာ၊ ရှည်ကြာမမြဲ၊ ပေါက်လဲနှင့်ကျေး၊ ပြည်အရေးလည်း၊ ကံမှေးဆိတ်သုဉ်း၊ ထီးညွှန့်တုံး၍၊ နန်းဆုံးဇမ္ဗူ၊ ပါတော်မူပြီ၊ ဆူဆူလက်ရာ၊ မင်းသွေးပါသည့်၊ ရာဇာတည်ထား၊ မြတ်ဘုရားတို့၊ ဆွေသားမျိုးကင်း၊ စောင့်ရှောက်ခြင်းနှင့်၊ မင်းချင်းမရှိ၊ မသိမမြင်၊ မပြုပြင်ကြ၊ ဆွမ်းလျှင်ပြတ်တောက်၊ ထာ မထောက်သို့၊ မထောက်မကူ၊ ရှိတော်မူလျှင်၊ လူရှင်ရိပ်ငွေ့၊ အတွေ့မခံ၊ လောကဓံနှင့်၊ ဆက်ဆံဝှေ့တိုး၊ မြေအောက်လျှိုး၍၊ ရေမိုးသည်းထန်၊ လျှင်ဒဏ်ချက်၊ ကြိမ်ကြိမ်နှက်သော်၊ မြေအက်ပြိုကွဲ၊ ထီးလဲမြေခ၊ ခြေမလှပေါ်၊ ခေါင်းမှမဖော်၊ မြင်မတော်လှ၊ ချုံပေါ်နွယ်ပိတ်၊ ဆူးရစ်ချိတ်လျက်၊ နွားစားကျက်သို့၊ ဖို့တက်ရစ်ထွေး၊ လင်းနို့ချေးနှင့်၊ မင်းသွေးမဟာ၊ တည်ခဲ့ပါလည်း၊ "ထုဇာ" ဘုရား၊ "ဇထု" လား၍၊ သက်ကြားအိုမင်း၊ ပျက်ယိုယွင်းရ၊ ပြိုဆင်းဂုံတို့၊ လည်မျိုထိမျှ၊ ဖြစ်တော်ပြုပြီ၊ တူးဆွဖော်ထုတ်၊ ချုံဖုတ်နွယ်ရှင်း၊ မြေကိုထွင်း၍၊ ကွက်ကွင်းမြင်သော်၊ နှလုံးတော်ပန်း၊ စိတ်တော်နှမ်းလျ၊ ချမ်းမြမကြည်၊ ပြုပြင်မည်ဟု၊ ကြောင်းရည်ဆက်ပါ၊ သဒ္ဓါယိုကြွ၊ ဓမ္မနာဒ၊ မည်ရပေါ်ထွန်း၊ မင်းကွန်းဆရာတော်၊ အကျော်ဒေယျ၊ တိပိဋကာ၊ ဓမ္မဘဏ္ဍာဂါရိကာဟု၊ မဟာအဂ္ဂ၊ ပဏ္ဍိတပြင်၊ နောင်တွင် ဘိဓာ။ ရဋ္ဌမဟာ၊ ပြည်သူ့ဆရာတော်၊ ဖွဲ့ထုံးဖော်သား၊ စေတီများနှင့်၊ ဘုရားပြာသာဒ်၊ ဇရပ်သိမ်ကျောင်း၊ စောင်းတန်းပေါင်းကို၊ ရှိဟောင်းပြုပြင်၊ စီရင်မှုမ်းမံ၊ အာရုံခံနှင့်၊ ထပ်မံဖြည့်ထ၊ တိပိဋက၊ နိကာယကျောင်း၊ ဇာနည်လောင်းတို့၊ အပေါင်းသံဃာ၊ ရာကျော်ပါသည်...၊ ဒေဝါနတ်တို့ ကြည့်စေသော်။ ။

၃။ ညွှန်းလင့်ခုလို့၊ ဖွဲ့ထုံးဆိုအံ့၊ နဂိုပင်ရင်း၊ အမင်းမင်း၏၊ တည်ခင်းလက်ကျ၊ ပြီးပြည့်ဝသော်၊ မိုးမိတ်တော်မြတ်၊ စေတီပတ်လျက်၊ ဆောင်မှတ်သည်ဘ၊ မုဒြာဟန်မူ၊ ဆူဆူဘွဲ့နှိပ်၊ နှစ်ကျိပ်ရှစ်ဟူ၊ ဆူဆူပတ်ရံ၊ ပစ္စယံဝယ်၊ လွန်ဆပ်ပွာယ်သား၊ သွယ်သွယ်စောင်းတန်း၊ ပင်နန်းဓဇာမိ၊ သိမ်ကျောင်းဝိဟာ၊ ခန်းသာဥယျာဉ်၊ နာရီစင်နှင့်၊ ချိန်ခွင်လေ လက်၊ ရွှေလက်ထက်က၊ တေဒဂိကျော်၊ မည်ဖော်ပေါင်းစု၊ ဂန္ဓကုတ်ဝင်၊ ရွှပ်တုလုံးလှ၊ ကြည့်ညို

ရသည်၊ မူလဒါယကာ၊ ဒါယိကာမ၊ ပူဇော်ကြရှိ၊ သောဘိဏီခေါ်၊ သိမ်တော်တွင်းမှာ၊ မုဒြာခုနစ်ပါး၊ ဘုရားခုနစ်ဆူ၊ ရပ်တော်မူနှင့်၊ တောင်ငူကုန်းမြင့်၊ ဗဒ္ဓဘုန်းပင့်ပေါ်၊ ရွှေရှင်တော်ထူး၊ ဝင်းတော်မှူးလှ၊ ဆင်းတုမူကား၊ ခေါင်းပြူထွက်လာ၊ ချုံရိပ်သာတွင်၊ ရှည်ကြာနှစ်ဆုံး၊ သီတင်းသုံးခဲ့၊ ပတ်ကုံးစကြာ၊ ခြေတော်ရာလည်း၊ ရောင်ဝါကွန့်မြူး၊ ကူးလူးထွက်ပေါ်၊ ဓာတ်တော်ရွှေဆင်း၊ ပယင်းရုပ်တု၊ အပေါင်းစုပြီ၊ ကောင်းမှုဆင့်ဆင့်၊ မြောက်သို့ချင့်၍၊ လှမ်းလင့်ကြွေ့ကြွေ့၊ တောင်မော့မော့၌၊ ကော့ကော့ထူစိုက်၊ ကျောက်စာတိုက်မှာ၊ ရာထောင်သာပဲ၊ မရေရဲခဲ့၊ နက်နဲဆဋ္ဌ၊ မေးဖြေမှလျှင်၊ ဗုဒ္ဓဝင်ခန်း၊ ကြက်သီးဖြန်းမျှ၊ တိပိဋကာ၊ ဘွဲ့ရထိမ်းမှတ်၊ ပိဋကတ်စေတီ၊ ခေတ်လေးလီပြု၊ လေးဝလေးမူ၊ ပျူ-ပုဂံမှ၊ အင်းဝ-ကုန်းဘောင်၊ နောင်တော်လေးပါး၊ ဘုရားလေးဆူ၊ ပင့်တော်မူရှင့်၊ ဆင့်ဆင့်ထိုမှ၊ မုစလိန္ဒာ၊ အိုဝ်သာနဂါး၊ ခွေရစ်ထားလျက်၊ တရားပြသွင်၊ အာသက်ဝင်၏။ ကြည်လင်ဇောကြွ၊ သောမနဖြင့်၊ တောင်ထိပ်မြင့်သို့၊ ထပ်ဆင့်ရောက်ပြန်၊ ရေလှောင်ကန်မှာ၊ မတန်အံ့ချင့်၊ ကြီးကျယ်လင့်သား၊ ထောက်ဆင့်လှမ်းလို့၊ နန်းတည်မြို့တည်၊ မင်းနေပြည်ကို၊ ရော်ရည်စိတ်သွား၊ ရောခြား၍၊ ထင်ရှားမြင်ယောင်၊ ရွှေမန်းတောင်နှင့်၊ ဆောင်ယောင်တင့်တယ်၊ သာမောဖွယ်ရှင့်၊ ရပ်နယ်မိုးမိတ်၊ ညဉ့်တိတ်ဆိတ်ကား၊ မတိတ်သာယာ၊ စေတီမှာဆဲ့၊ ငွေ့ဆည်း(လဲ)လည်းတို့၊ ရစ်ဝဲလေမှာ၊ မြည်သံသာသည်၊ အာကာထက်မှ၊ လပြည့်ညမို့၊ ရွှန်းပြဝန်းဝန်း၊ အပြည့်ထွန်းသည်၊ မော်ကွန်းတင်အံ့၊ စုံမှန့်နိုင်၊ လူ့အပိုင်တွင်၊ ဖက်ပြိုင်မရှိ၊ တိပိဋကာ၊ ဓမ္မဘဏ္ဍာ၊ ဂါရိကာ၏၊ ပြုရာကုသိုလ်၊ စိန်ထက်ပိုပြီ၊ ထိုထို ရတု၊ ဆက်အံ့ဟုသာ၊ တောင်းဆုဖြာသည်....၊ ဖွေရှာထပ်လို့ ဖြည့်စေသော်။ ။

စာဆို-မင်းသက်ကြီး



မင်းကွန်း မိုးမိတ်စေတီတော်ကြီးများ ပြုပြင်စေဝင့်ရွက်ခြင်း
(၂၅) နှစ်မြောက် ငွေရတု၏ စိန်ရတုပူဇော်တွင်
မော်ကွန်းစေတီနှင့် ကမ္မဝါစေတီ ထီးတော်တင်လှူပွဲ၌
လျှောက်ထားအပ်သော စာတမ်း

(စကားပြော-မော်ကွန်း)

သီကုံးဖတ်လျှောက်သူ ဦးစန်းတင့် (ဘောဂမလ) စစ်ကိုင်း။

ပဏာမ ဆိုင်းဆင့်။

မြေပထဝီဩဇာအညီ စခန်းကလဲ မဝေးပြီဘူး့၊ ရေငလာနဒီ စမ်းကျတဲ့ အရေးပေမို့၊ လေနံ့သာချည် ပန်းကံလဲမွေ့းပါဘိ၊ ဧရာဝတီကမ်းအစ နံဘေးမှာ၊ တမှန်းတဆဆနှင့် မေးသူတွေကို၊ အရိပ်အရောင်ဖော်လိုက်မယ် ကရဝိက်ဖောင်တော်နှင့် ရွှေထီးတော်တွေပင့်တဲ့ပဲ့မို့၊ ရေမီးအပင့် အပင့်တွေ အခိုးအလှိုထပြီး၊ တန်ခိုးဩဇာကြွသလို အဇ္ဈာဘုံလှိုတော့၊ အာဂုံပြန် ကိုယ်တော်တွေ နောက်တော်ကအပြည့်ပေပေါ့၊ စောင့်မျှော်လို့ကြည့်လိုက်တဲ့အခါ၊ တပါးနှင့်တပါး အကြားမလပ်အောင်၊ ဘုရားသားတော်မထေရ်မြတ်ကြီးတွေ လက်ဝဲလက်ယာရံပြီး၊ မရမ်းခြံဆိပ်ကထွက်ကတည်းက ပဋ္ဌာန်းအသံမဆိတ် ဝတ်တက် ဝတ်ကပ်ပြုသူတွေ့၊ အထွတ်ထက်အမြတ်ယူ မျှော်ကြံပြီး၊ ရွှတ်ဖတ်ပူဇော်တဲ့အသံတွေဟာ၊ ဘဝဂ်ထိအောင် တုန်တုန်ပြီး ခိုက်တာပေါ့၊ အထက်ဘုံတဝိုက်က သိကြားဗြဟ္မာနတ်တွေကလည်း၊ တဖဝါးမကွာမလပ်ရအောင် အဥ္ဇလိသပြီး၊ ပဋ္ဌသိခမောင်ဒေဝနှင့်၊ ဂန္ဓဗ္ဗအဆိုအကတွေက၊ သဒ္ဒအသံ မနောဓာတ်၌ ဇောပြတ်ကာလှုံပြီးလျှင်၊ တျာဘွဲ့မျိုး၊ ကြိုးစုံနှိုးလျက် တန်ခိုးသိုက်မြိုက် နောက်တော်ကလိုက်လို၊ ဆိုက်ရာကာလ လိုလျှင်ရအောင်၊ ဒေဝဒူတ ဇံဝနဝိသကြုံ၊ ကျွန်ယုံအများ မောင်နတ်သားတို့ကလည်း၊ မြသားကွန်ယက်ရွှစ်ချက်ထီးဖြူ၊ ဇမ္မူလှိုမောင်း ရွှေပန်းတောင်းကြီးတွေ့၊ ကိုယ်စီကိုယ်ငကိုင်ကာမပြီး၊ အာလမ္ဗရစည်ဒုံမင်း ဝပ်စင်းကာ လက်ယာကျော့လို၊ ထွက်ပါတော့ ထွက်ပါတော့၊ ထွက်တော်မူပါရန် အချိန်တန်ပါပြီ ဘုရားလို့ လျှောက်ထားတောင်းပန်သည့်အခါမှာ.... ဝေယျာဝစ္စကုသိုလ်ကောင်းမှုကို၊ နွေစဉ်မပြတ် ပြုလုပ် ဆောင်ရွက်နေကြတဲ့၊ ဒါယကာ ဒါယိကာမတွေ သဒ္ဓါတဖန်မကွက် ရအောင်၊ စာကြည့် စာကြံ၊ စာအံ စာကျက် အားထုတ်တော်မူနေကြတဲ့ တိုပိဋကလောင်းလျာ အရှင်သူမြတ်များ၏ အသံကိုနာခံရင်း ခေတ္တ ဆိုင်းပါရစေ....။ ။

မော်ကွန်းစေတီနှင့် ကမ္မဝါစေတီ တည်ထားခြင်း

ကောင်းကင်နိမိတ်တင်ကာ ကျက်သရေပုံစံတင့်လိုက်ပုံက၊ ဒေါင်းတံဆိပ်မင်္ဂလာ တက်နေယုန်စံတပွင့်ကဲ့သို့၊ ကနက်ရဝေဘုံပျံအမြင့်ပတ္တမြားအရောင်ကြည်သလို၊ တရားအောင်စည် ညစဉ်

ပဲ့တွေ့နှင့်၊ ဓမ္မာသနပလ္လင်တကဲ့ ထိန်ဂါအသရေပြောင်သည့်ပြင်၊ သိင်္ဂါရွှေရောင်. နဝရတ် ရတနာခပေဓသာ၊ ဣန္ဒာဗ့ဲဆောင် နတ်ရွာတမျှဟာမို့၊ မုတ်စရာအဝဝ တန်ခိုးမဟိဒ် အခြေတည် အောင်၊ မိုးမိတ်ဗ့ေမဟီ ရေနဒီခချိန်မို့၊ ဓေတီဓမ္မ သုံးပုံပိဋကတ်တို့ကို၊ ဆလုံးစုံသိမှတ်ကာ သဘောရေးဖြေ မကျန်ရအောင်၊ သင့်ဂါယနာလိုဏ်ဂူအတွင်းမှာ၊ ပြိုင်သူကင်းကာ ဟောပြတဲ့ တထူးဓမ္မစက်ကြောင့်၊ ဓာဂါတမဘုရားလက်ထက် အရှင်အာနန္ဒာ၊ အရှင်ဥပါလိ မထေရ်မော် နှစ်ပါးကဲ့သို့၊ ပြည်ကျော်ကြားအောင် မဟ့ပွလအခြေမျှော်ပြီးလျှင်၊ ဆဋ္ဌအဖြေကျော် အရှင် သူမြတ်တစ်ပါး ပေါ်ပေါက်တော်မူတာကတော့၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါဓိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိစိတ္တသာရဘိဝံသ ဆရာတော်ဘုရားပါမဲ့....။

ကမ္ဘာကျော်ကြားအောင် ကျက်မှတ်အားထုတ်ခဲ့တဲ့ စာအုပ်များမှာ၊ ၅၂၀ သွယ်မေတ္တာ တစ်အုပ်သာပိုတယ်လို့၊ အရေအတွက်ပြတာမို့ ဃေလက္ခရ စေတီပုံပြုပြီး၊ မြေမဟီတုန်လှုပ်အောင် လူနတ်ဗြဟ္မာအများကို နမူနာမှတ်စရာထားကာ တုဘက်ကွာအောင်၊ သူ့ထက်ငါဦးချ၍ ဖူးကြစေ အဓိဋ္ဌာန်ပြုလျက်၊ နိဗ္ဗာန်ဆုကြီး ပေးအပ်နှင်းစေဖို့ ဓလေးမြတ်ခြင်း ပြုနိုင်ကြပါစေသော်....။


ထိုမှတပါး၊ ပဉ္စင်းခံ သိမ်ရှေကမ္မဝါတို့ကို၊ အစိန္တေယျာမုကွပါဋိ မခြားဘဲ၊ ပုဒ်ပါဒ် မမှားအောင် အကွရာစဉ်နှင့်၊ တသက်တွင်မက တကမ္ဘာရှည်စေဖို့၊ ကမ္မဝါစေတီ တည်ကာထားတာကဓတော့၊ မြန်မာရွှေပြည်မှာ ရန်အသွယ်သွယ်မချဉ်းရအောင်၊ အန္တရာယ်ကင်း ဖူးမြော်နိုင်ကြစေကုန်သော်....။ ။

ကမ္မဝါစေတီ၏ ရွှေထီးတော်အလှူရှင်

မန္တလေး ဦးသန်းအောင်+ဒေါ်ဝင်းမေ မိသားစုတို့၏

တောင်းဆုပန်ထွာ ဝန္ဒနာ


ရွှေစေတီကြီး၊ ထီးစမုတ်ပြန်၊ ဝေယန်ပန်းကုံး၊ မုခ်လုံး မုခ်တွဲတို့၌၊ ကဏိဝက်ကြူးဟန်၊ နတ်စောင်းသံကဲ့သို့၊ ညံတသဲသဲ၊ လွဲကာလွဲကာ၊ ရတနာဆည်းလည်း၊ အလုံးကြီး အလုံးငယ် တို့ဖြင့်၊ တင့်တယ်လှပ၊ မြကြိုးလိမ်ခတ်က အခက်ခက်၊ ပတ္တမြားဘယက်ကြီးတွေက တတဲ့ လျားလျား၊ စိန်ခရေသီးတွေက တလှုပ်လှုပ်၊ မြုပ်တချည်၊ ပေါ်တချက်၊ ရွက်ချင်းတူညီ၊ အခက်ချင်းထိသောအခါ၊ အပလီအနေ့ လေအိတိုင်း ဆော့လျက်၊ တကျော့သံလွင်၊ နတ်ပဉ္စင်သံစုံခလို့၊ စက္ခု သောတ၊ နှစ်ဝတူစုံ၊ မှာတ်ခိုက်ကြုံသဖြင့်၊ နေရဟတ်အနီး၊ ရွှေပြာသာဒ်ကြီး ဝင့်တဲ့ပုံ၊ အာရုံမှာတဖြတ်ဖြတ်၊ နှစ်လုံးမှာတ်မှာတအိအိ၊ ဂွမ်းဆီထိုတစိုစို၊ သောမနဿ မဟာကုသိုလ်စိတ်၊ ဖိတ်လျှံကာကြွးပါသောကြောင့်၊ နိဗ္ဗာန်တံခါးကြီး ဖွင့်နိုင်တဲ့ကိုယ် ဖြစ်ကြပါစေသော်....။ ။



ငှက်မြတ်နား၊တော်ကြီး၏ အလှူရှင်
ဥက္ကဋ္ဌကြီး ဦးသာလှ + ဒေါ်ခင်ညွန့် မိသားစု၏
တောင်းဆုပန်ထွာ ဝန္ဒနာ

ပန်းလှုပန်းရေး၊ ပန်းသေးပန်းကြွ၊ ဇမ္မော်ဒနာနှင့် နိဂ္ဂရောဓလှံ၊ မျက်ပုံဝိုးဝါး၊ ကိုးပါးနဝရတ်၊ ခြယ်စီကပ်သဖြင့်၊ လျှပ်လျှပ်ရောင်လက်၊ ခြူးပန်းခြူးခက်၊ ဆောက်ချက်နန်းသွး၊ ရွှမ်ပြားရွှမ်လုံး၊ အခုံးအကော့၊ အဝပျဉ်ဝေးမြင့်၊ ဆယ်လျှော်ဦးသစ်၊ ဇမ္မူရောင်ကို၊ နန်းကျစ်ကာငင်ပြီးလျှင်၊ ရောင်ရှင်ဖြာဖြာ၊ နီလာမြသား၊ ပြရိုးယားနှင့်၊ ပတ္တမြားစိန်ရုံ၊ ကျောက်မျက်ပုံတို့သည်၊ နန္ဒမူလိုဏ်ဦးဝယ်၊ ခိုင်အဖူးမဉ္ဇူ မာလာဖူးကို၊ လေဖြူးကာတဖြတ်ဖြတ် ဝဲယာလှည့်ခေါက်ပြန်လို–

ညာတံကိုခတ်သောအခါ၊ မြပန်းချပ်ရွှေဝတ်ဆံတို့သည်၊ ကြွေညတ်ဟန် ထက်ရပ်ဖျားဆီက၊ ငှက်မြတ်နား၊တော်ကြီး အရောင်တလက်လက်ထွက်သလို၊ အရဟတ္တမဂ် အရဟတ္တဖိုလ်တည်းဟူသော၊ အောင်လံတော်ကြီး၊ အပြီးတိုင်စိုက်ထူနိုင်တဲ့ကိုယ် ဖြစ်ကြပါစေသော်။ ။



စိန်ဖူးတော်ကြီး၏ အလှူရှင်

မိုးကုတ် ဦးချစ်ရွှေ + ဒေါ်ခင်ဝင်း မိသားစု၏

တောင်းဆုပန်ထုံး ဝန္ဒနာ


ဝေဘူလတောင်ယုံခ့ာ၊ နတ်ဂုမ္ဘန်ထောင်ရန်ခတဲ့၊ မဏိဇောတရသ်၊ မနောမြတ်မျက်မှန်၊ ဝဿဝန်ကျောက်မြတ်ကြီး၊ ဆောက်ဖြတ်လှီးသလို၊ အဖုအမြက်၊ အလုအယက်၊ အကွက်တွေ့ဖန်လို့၊ အဆောင်ပြန်ကဟပ်၊ ကျောက်မျက်တောင်ခပ်သဖြင့်၊ စို့သက်တန့်ပမာ၊ ဝါတော့မည့်နှယ်၊ နီတော့မယောင်၊ မှောင်တော့မှာလို၊ အညိုလုလု၊ စိန်နုဖျော့ဖျော့၊ ပြာတော့မည့်အချက်၊ ခိုဆောင်ယှက်သန်း၊ မရမ်းကွက်အပြည့်၊ သူ့အလှည့်နှင့်သူ၊ အမှောင်ခတ်ခွင်းပြီး၊ အဆောင်လျှပ်ခြင်း ရှိပါသောကြောင့်၊ ဥတ္တရဘဂဝါအရဟံ၊ သတိပဋ္ဌာန်စိတ်တခုနှင့် မပြတ်စောစောပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ အကုန်အစင်မကျန်ရအောင်၊ ဘုံစဉ်စံဘဝနှင့် ကျတ်တမ်းဝင်နိုင်တဲ့ကိုယ် ဖြစ်ကြပါစေသော်.... ။ ။

ဝိဋ္ဌကတ်စေတီ ထီးတော်အလှူရှင်များ

မဟာသရေစည်သူ ဦးချမ်းသာ + ဒေါ်တင်မေတို့၏

တောင်းဆုပန်ထုံး ဝန္ဒနာ

ရွှေထီးတော်၏အနေ၊ အခွေကိုဆင့်၊ ဆောင်လျှံဝင့်လျက်၊ နှိမ့်မြင့်စီစဉ်၊ ရွှချင့်ဖွယ်ရာ၊ ပြင်မျက်နှာ၌၊ ကွန်ဒဿကွေ့၊ ဝါသဝ၏၊ ဒါသကျန်ယုံ၊ ဝိသကြုံမြတ်၊ ပန်းပုနတ်သည်၊ စိတ်ဓာတ်



နိမိတ်၊ ပုညဇိတ်ဖြင့်၊ ဖိတ်ဖိတ်လျှံမောင်း၊ ဖြစ်တော်ပေါင်းစုံစေ့၊ ဌေးခြသေ့်မရှင်း၊ ကျားမင်းဆင်ပျံ၊ မြင်းဟန်ပုံသွင်း၊ နဂါးမင်း ဌေဟသ်၁၊ ကိန္နရာ ကိန္နရီ၊ ဇီဝဇိုးငှက်၊ စက္ကဝတ်-ကရဝိက်၊ ပုဏ္ဏရိက်တဖြာ၊ အာဝဋ္ဋဌေကြာငှံ၊ နေအာရုံငှံလင့်၊ ပဉ္စင်္တောမည်ပုံ၊ အငှံရှုရှု၊ သူရိယနှင့်၊ စန္ဒဗိမာန်၊ ယုန်ပျံရထားစက်၊ ခုံလွှားထွက်မလို၊ ပုံထားချက်အခန်းခန်း၊ ခြူးပန်းအခက်အခက်၊ ကူးသန်းကာယှက်တဲ့ပြီး၊ ဖူးဆန်းချက်ပမာပြလို့၊ ဝလာဟကတန်၊ ဂဇာသန ပုလဲက၊ အလုံးချင်းရန်၊ ဘုန်းသနင်းဓမ္မခန် လှူရတဲ့အကျိုးကြောင့်၊ စိတ်အစဉ်မှာ အရှိန်မနှေးကြပြီး၊ အရိမ္မတေးယျ ဗုဒ္ဓအရှင် ပဉ္စင်္တော်မူစဉ်အခါမှာ၊ ကာဠဒေဝိယိ မဟာထေရ်နှင့်၊ အရှင်ဝဂီသ၊ ကဗျာဝိဒူ၊ နှစ်ဆူညီသျှောင်၊ အခေါင်ထွတ်ဖူး၊ ပဂိုလ်ထူးကြီးမျှားကဲ့သို့၊ ဇဝနတိက္ခ၊ ဂမ္ဘီရညာဏ်၊ ရင့်သန်တိုးပွား၊ တရားကိစ္စဟူသမျှတွင်၊ ရတုကဗျာ၊ ဂါထာအလှည့်၊ ဘုန်းတော်ဖွဲ့တွေ့နှင့် လျှောက်ထားလျှက်၊ ဌေကနက်ဓမ္မာသနမှာ၊ ပရမေဓမ္မစက်ကွာရအောင်၊ ဒေသနာဏ်ကမာဆပြီး တေဒဂ်အရာရတဲ့ ရဟန္တာဘဝနှင့် ကျွတ်တမ်းဝင်နိုင်တဲ့ကိုယ် ဖြစ်ရပါစေသောဝိ__။ ။

ငှက်မြတ်နား၊တော်၏ အလှူရှင်

ပင်လုံ ဒေါ်ကြည်ကြည်နှင့် သားသမီး မြေးတစ်စုတို့၏

တောင်းဆုပန်ထုံ ဝန္ဒနာ

နဝရတ်ကိုးပါး ပတ္တမြားအထုတ်၊ ငှက်မြတ်နားတော်ကြီးမှာ၊ မြကျောက်တွေ နှုတ်ခမ်းကွပ်လျက်၊ ပန်းညွှန့်ပန်းလင်မ်၊ နန်းတလိမ်ဝင်းလျပ်၊ ဥဒေါင်းမင်း ၁တောင်ပံဖြန့်သလို၊ စိန်းပန့်ဖန့် အဆောင်ဖြာ၊ ဌေဟသ်ရုပ်ကြွ၊ အတောင်ပံ မ လျက်၊ ပြန်တော့မည် မနှေး၊ အဝေးသို့ ထွက်မည့်ဟန်၊ ကောင်းကင်ယံ တိမ်တိုက်ထဲ၊ ဝဲတော့မည် ပုံသဏ္ဌာန်၊ ဟန်တကြွကြွ၊ နှုတ်သီးကရဲလုံး၊ ပြူတိကျမည့်ပုံလိုလို၊ မိုးသက်လေ တိမ်ညိုခတ်တော့၊ တဖြတ်ဖြတ်လှုပ်ခါ၊ မြတ်လေးမှာ

စပယ်ဆင့်၊ ကံ့ကော်ပွင့်ပုံသဏ္ဌာန်၊ ပုလဲလုံး စိန်ရုံ၊ ဝတ်ဆံက ပရင်း၊ သာလင်းကျောက်တထွေ၊ နာရနီမဏ္ဍ၊ ခရေပွင့်တွေက၊ အကုံးလိုက်တဲ့ရဏ္ဍ၊ ပတ္တမြားခဲ အပျော်ပျော်၊ ရွှေဇာပေါက်၊ ငွေဇာပေါက် ရွှေနန်းခြည်၊ ငွေနန်းခြည်၊ တစ်ခုစီ လိမ်ကျစ်၊ ပဆစ်အိမ်တုပ်ကုပ်မျိုး၊ ခိုနန်းချိုးထောင့်ချပ်၊ မြုပ်တချည် ပေါ်တခါ၊ အစိမ်းမှာ အဖြူကွက်လျက်၊ နီတဝက် ရွှေတဖြာ၊ အဝါမှာ အညိုဖက်၊ ခြောက်ရောင်ခြည် ပေါ်ကာထွက်သလို၊ တလက်လက် မြူးကွန့်ယှက်ပြီး၊ လူးလွန့်လျက် တိမ်နဘံတလွှားကျော်လို့၊ ဝတိ်ယံအဖျားပေါ် ထိအောင်၊ တလှည့် တခါ ပြောင်းကာ ကြွတာကြောင့်၊ (ဤကုသိုလ်အဖို့) တပည့် ဒါယကာ ဒါယိကာမ အပေါင်း သဟာယတို့မှာ၊ ဝိသာခါကျောင်းအမ ဒါနအရာ တေဒဂ်ရသလို၊ စာဂတဖြာ မသွေမကွက် ရအောင် စိတ်အကြံမှန်းပြီး နိဗ္ဗာန်လမ်းကြီး ပွင့်နိုင်တဲ့ကိုယ် ဖြစ်ရပါစေသော်....။ ။

စိန်ဖူးတော် အလှူရှင် ဒေါ်ပုံပုံနှင့် သားသမီး မြေးမြစ်များ၏

တောင်းဆုပန်ထွာ ဝန္ဒနာ

ဝေဘူဝေဘာ၊ သေလာတမ္ဘတ်၊ တောင်အထွတ်ဝယ်၊ စက္ကပတ် ဘုန်းစောင့်တို့၊ သုံးဆောင် တော်မူဟန်၊ သူရကန်ကျောက်မြတ်၊ နေထောင်ဟပ်က၊ တဖြတ်ဖြတ် တောက်ပ၊ စန္ဒရကန္တ လရောင်မှာ အရေထွက်၊ တစက်စက်ကျဟန်၊ ရာပြည်တန် ဖိုးမဲ့၊ နဂါးသွဲ့ ဣန္ဒနီ၊ စိန်ဝဇ္ဇီ ဂေါ်မုတ်၊ ဥဿဖဇောတိမျိုး၊ တန်ခိုးရှိကျောက်မျက်ပျံတို့သည်၊ အောက်ထက်ယံ ကူးလျှောက် သန်းပြီး၊ ဦးဆောက်ပန်းခိုင် အလှတို့က၊ ငွေဖေ့ ခွေပျော့၊ ဖြေလျော့၊ လေအဆော့၊ ကြွတော့မည်ပမာ၊ သူ့ထက်ငါ အပြိုင်ပြု၊ အနိုင်လုတဲ့ သဏ္ဌာန်၊ ပုလဲပျံတွေက အပွင့်ပွင့်၊ ရွှဲအလှျံတွေက အဆင့်ဆင့်၊ ရင်ပြင်တော်တစ်ခုလုံး၊ လင်းရောင်ခြည်ဖုံးလို့၊ စိန်ကုံးကြီးဝင့်သလို၊ ကောင်းကင်အလပ်၊ တိမ်ညွှန့်ကိုဟပ်လျက်၊ တဖြတ်ဖြတ် အရောင်ထွက်၊ တစက်စက် အရည်ကျ၊ မီးကဟုံ၊ ရေကတန္ဒုန်း၊ တန်ခိုးတော် ပြာဋိဟာ သုံးသလို၊ စိန်ကုံးကြီး အဖူးလိုက် ကြွသကဲ့သို့၊ တဦးခိုက်ခိုက်နှင့် ဖူးလိုက်ရသော တပည့်တော် တပည့်တော်မတို့သည်၊ ဤကောင်းမှုကြောင့်၊ စိတ်အာရုံညှတ်နူး၊ အထူးတက်ကြွ၊ ပီတိဟုန်အချက်နိမိ်ပြသလို၊ မဂ္ဂစိတ္တက္ခဏဇောသဒ္ဒါလှုံ့ကြွပြီး သောတာပန်ဘဝနှင့် ကျွတ်တမဲ့ငင်နိုင်ကြတဲ့ကိုယ် ဖြစ်ရပါစေသော်....။ ။

ဤကဲ့သို့ ပြုအပ်သော ကောင်းမှုကံ အဖြာဖြာတို့ကို အပေါင်းအစုနှင့်တကွ တောင်းဆုပန်ကြသည်မှာ အထင်ကရဟာမို့၊ ပဥ္စင်္တူရိယာတို့ကို၊ မှူညီကာ အသံတွေ ပြောင်းပြီး၊ ရန်ပြေကြောင်း ဇေယကုနှင့်၊ ငွေခရုကြီး မှုတ်သံသာပါဘိ၊ အနာဂတ်အခါမှာ ဆုဝင်ပျော်မည်လဲ စိုးတာကြောင့်၊ ထာဝစဉ် နောက်အမည် မည်းရအောင်၊ ပေါက္ခရဏီမိုးကြီး ရွာချိန်ကျပြီမို့၊ မာဃိန္ဒ နတ်နန်းပျော်သခင်ရယ်၊ မှတ်ဘမ်းတင်တော်မူပါ နောင်အရှည် ကောင်းစေဖို့၊ အောင်စည် အောင်မောင်း တီးသည့်အသံ နာခံရင်း နိဂုံးချုပ်ပါရစေပါ ကျေးဇူးတော် သခင် အရှင်သူမြတ်ကြီး ဘုရား....။ ။

ဦးစန်းတင့် (ဘောဂဗလ)

စစ်ကိုင်းတိုင်း၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ

တိပိဋကနိကာယကျောင်းတိုက်

ဝါဆိုသံဃာ၊ ဘွဲ့ရသံဃာ၊ ကျမ်းစွဲသံဃာ၊ အောင်မြင်ကျမ်းပေါင်း

အရေခြုပ် ဇယားပေါင်းချုပ်

[၁၃၄၀-ခု (၁၉၇၉) တည်ထောင်သည်။]

စဉ်	ခုနှစ်	ဝါဆို သံဃာ	တိပိဋက ဘွဲ့	နိကာယ် ဘွဲ့	ဘွဲ့ပေါင်း	ကျမ်းစွဲ သံဃာ	စာအောင် သံဃာ ပေါင်း	အောင်မြင် ကျမ်း ပေါင်း
၁။	၁၃၄၀	၄၀	၃	×	၃	×	၃	၂၃
၂။	၁၃၄၁	၀၂	၁၄	၂၃	၃၃	၃၃	၅၀	
၃။	၁၃၄၂	၁၁၃	၂၁	၂၀	၄၆	၅၃	၆၀	၂၃၆
၄။	၁၃၄၃	၁၄၆	၂၃	၁၀	၄၁	၄၃	၀၀	၁၀၂
၅။	၁၃၄၄	၁၃၁	၂၁	၁၁	၅၆	၆၃	၆၆	၂၂၀
၆။	၁၃၄၅	၁၃၀	၂၀	၁၆	၄၃	၄၆	၆၆	၁၆၆
၇။	၁၃၄၆	၁၄၅	၂၀	၂၀	၄၀	၄၅	၀၅	၁၆၂
၈။	၁၃၄၇	၁၀၀	၁၂	၁၄	၂၆	၁၀	၁၀	၀၀၂
၉။	၁၃၄၈	၁၀၀	၁၄	၁၄	၂၈	၁၀	၁၀	၀၀၂
၁၀။	၁၃၄၉	၁၀၀	၁၄	၁၄	၂၈	၁၀	၁၀	၀၀၂
၁၁။	၁၃၅၀	၁၀၀	၁၄	၁၄	၂၈	၁၀	၁၀	၀၀၂
၁၂။	၁၃၅၁	၁၀၀	၁၄	၁၄	၂၈	၁၀	၁၀	၀၀၂
၁၃။	၁၃၅၂	၁၀၀	၁၄	၁၄	၂၈	၁၀	၁၀	၀၀၂
၁၄။	၁၃၅၃	၁၀၀	၁၄	၁၄	၂၈	၁၀	၁၀	၀၀၂
၁၅။	၁၃၅၄	၁၀၀	၁၄	၁၄	၂၈	၁၀	၁၀	၀၀၂

အနုနာယကအဖွဲ့

အနုနာယကရုံး

တိပိဋကနိကာယကျောင်းတိုက်

မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး။

၁၃၅၃-ခု၊ ဝါဆုန်လပြည့်ကျော် (၁၃)ရက်။

(၁၀-၅-၉၁) သောကြာနေ့။

F 42.

စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊
တိပိဋကတ်နိကာယကျောင်းတိုက်မှ (၁၃) နှစ်တာ ခရီးအတွင်း
တိပိဋကဓရရွှေးချယ်ရေး စာမေးပွဲ၌ အောင်မြင်တော်မူကြသော

သံဃာတော်များ စာရင်းပေါင်းချုပ်

စဉ်	ခုနှစ်	အာဂုံအောင်	သံဃာ	သဘော ရေးဖြေအောင်	သံဃာ	စုစုပေါင်း	မှတ်ချက်
၁။	၁၃၄၀	ဝိနယဓရ	၁	+	+	+	
	။	ဒီဃဘာဏကက	၆	+	+	၇	
၂။	၁၃၄၁	ဒီဃဘာဏကက	၁၄	+	+	၁၄	
၃။	၁၃၄၂	ဒီဃဘာဏကက	၁၆	ဝိနယကောဝိဒ	၁		
	။	မဇ္ဈိမဘာဏကက	၁	ဒီဃနိကာယကောဝိဒ	၂		
	။	သယုတ္တဘာဏကက	၁		+	၂၁	
၄။	၁၃၄၃	ဒီဃဘာဏကက	၇	ဥဘတောဝိဘင်္ဂကောဝိဒ	၁		
	။	မဇ္ဈိမဘာဏကက	၁	+	+		
	။	ဥဘတောဝိဘင်္ဂဓရ	၁၄	+	+	၂၃	
၅။	၁၃၄၄	ဝိနယဓရ	၂	+	+		
	။	ဥဘတောဝိဘင်္ဂဓရ	၂၃	+	+	၂၅	
၆။	၁၃၄၅	ဒီနယဓရ	၃	မဇ္ဈိမနိကာယကောဝိဒ	၁	+	
	။	ဥဘတောဝိဘင်္ဂဓရ	၂၄	+	+	၂၀	
၇။	၁၃၄၆	ဝိနယဓရ	၉	ဝိနယကောဝိဒ	၁		
	။	ဥဘတောဝိဘင်္ဂဓရ	၁၄	ဒီဃနိကာယကောဝိဒ	၄	၂၀	
၈။	၁၃၄၇	ပိနယဓရ	၆	ဒီဃနိကာယကောဝိဒ	၂		
	။	ဥဘတောဝိဘင်္ဂဓရ	၁၃	ဥဘတောဝိဘင်္ဂကောဝိဒ	၁	၂၂	
၉။	၁၃၄၈	ဝိနယဓရ	၆	ဒီဃနိကာယကောဝိဒ	၁		
	။	ဥဘတောဝိဘင်္ဂဓရ	၄	မဇ္ဈိမနိကာယကောဝိဒ	၁		
	။	အာဘိဓမ္မာဝေဿပိုင်း	၁			၁၃	
၁၀။	၁၃၄၉	ဝိနယဓရ	၄	ဒီဃနိကာယကောဝိဒ	၂		
	။	ဥဘတောဝိဘင်္ဂဓရ	၅	ဥဘတောဝိဘင်္ဂကောဝိဒ	၄	၁၄	

၁၁။	၁၃၅၀	ဝိနယဓရ	၇	ဝိနယကောဝိဒ	၂		
	။	ဉာဓတောဝိဘင်္ဂဓရ	၉	ဉာဏတောဝိဘင်္ဂကောဝိဒ	၃		
	။။			ဒီဃနိကာယကောဝိဒ	၂	၂၃	ဥဝိသိဋ္ဌ ၁
၁၂။	၁၃၅၁	ဝိနယဓရ	၉	ဝိနယကောဝိဒ	၂		ဝ်ဝိသိဋ္ဌ ၁
	။	ဉာဓတောဝိဘင်္ဂဓရ	၁၀	ဉာဏတောဝိဘင်္ဂကောဝိဒ	၁		ဒီဝိသိဋ္ဌ ၁
	။။	ဒီဃဘာဏက	၁	ဒီဃနိကာယကောဝိဒ	၁		
	။။			အဘိဓမ္မာဝတ်ရေပိုင်းကောဝိဒ	၁	၂၅	
၁၃။	၁၃၅၂	ဝိနယဓရ	၄	ဝိနယကောဝိဒ	၁		
	။	ဉာဓတောဝိဘင်္ဂဓရ	၁၉	ဉာဏတောဝိဘင်္ဂကောဝိဒ	၁		
	။။	ဒီဃဘာဏကာ	၁	ဒီဃနိကာယကောဝိဒ	၂	၂၀	ဒီဝိသိဋ္ဌ၁

၁၃-နှစ်တာခရီးအတွင်း အာဂုံ ရေးဖြေအောင်မြင်သော

သံဃာစာရင်းပေါင်းချုပ်

စဉ်	အာဂုံပြန်အောင်	သံ၏	သဘောရေးဖြေအောင်	သံ၏	မှတ်ချက်
၁။	ဝိနယဓရ	၅၀	ဝိနယကောဝိဒ	၇	ဝိသိဋ္ဌ၊ ၁
၂။	ဥဘတောဝိဘင်္ဂဓရ	၁၃၅	ဥဘတောဝိဘင်္ဂကောဝိဒ	၁၁	ဥ၊ဝိသိဋ္ဌ၊၁
၃။	ဒီဃဘာဏက	၄၅	ဒီဃနိကာယကောဝိဒ	၁၆	ဝိသိဋ္ဌ၊၂
၄။	မဇ္ဈိမဘာဏက	၂	မဇ္ဈိမကောဝိဒ	၂	
၅။	သံယုတ္တဘာဏက	၁	+	+	
၆။	အင်္ဂုတ္တရဘာဏက	၁	အင်္ဂုတ္တရကောဝိဒ	၁	
	စုံစုံပေါင်း	၂၃၄	စုံစုံပေါင်း	၃၇	ဝိသိဋ္ဌ၊၄

အထူးမှတ်ချက်။ ။၁၃၅၀ ခု။ ဥိးကဝိသေဋ္ဌ (ဝိသိဋ္ဌ-ဥဘတောဝိဘင်္ဂဓရ)
၁၃၅၁ ခု။ ဥိးသီလဝံသာဘိဝံသ (ဝိသိဋ္ဌ-ဒီဃဘာဏက)
။ ဥိးနာဂိန္ဒာလင်္ကာရ (ဝိသိဋ္ဌ-ဝိနယဓရ)
၁၃၅၂ ခု။ ဥိးဝံသပါလာလင်္ကာရ (ဝိသိဋ္ဌ-ဒီဃဘာဏက)

အနုနာယကဓုရ၊
အနုနာယကအဖွဲ့
တိပိဋကာ နိကာယကျောင်းတိုက်
မိုးမိတ်ကုန်းမြေ၊
မင်းကုန်းတောင်ရိုး၊
စစ်ကိုင်းမြို့နယ်။

သာသနာနှစ် ..... ၂၅၃၄ နှစ်

ကောဇာသက္ကရာဇ် ၁၀-၄-၅၂

ခရစ်နှစ် ..... ၁-၇-၉၀ တနင်္လာနေ့

ရန်ကုန်မြို့

အမှတ်(၁၂) စကားဝါလမ်း

တိပိဋကကျောင်းတော်

ဓမ္မဝိလာသိနီသိမ်တော်

သိမ်အောင်ကျောက်စာ

နှင့်

မဟာသရေစည်သူစာဆိုတော်

မင်းဘူး နဝဒေး

ရေးသားဆက်ကပ်သော

သိမ်ကျောင်းဓမ္မာရုံကျောက်စာ

၁၃၅၁ - ခု၊ နယုန်လပြည့်ကျော် ၁ - ရက်၊ တနင်းလာနေ့.
ရန်ကုန်တိုင်း၊ ဒဂုန်မြို့နယ် စကားဝါလမ်း
အမှတ် - ၁၂ တိပိဋကကျောင်း

တိပိဋက ဓမ္မဝိလာသိနီ သိမ်အောင်စာ

* * *

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

"သိဒ္ဓမ်"

တိပေဋက နိကာယေဟိ၊
ဓမ္မနာဒေဟိ သမ္မတာ။
သိမာ အနာကုလာ ဌာတု၊
စိရံ ဓမ္မဝိလာသိနီ။ ။

တိပေဋက နိကာယေဟိ = ပိဋကသုံးသွယ် နိကာယ်၎င်းရပ်တရားမြတ်ကို မပြတ်ဖန်ဖန် သင် + အံ့ + ပို့ချ လေ့လာတော် မူကြကုန်သော။ ဓမ္မနာဒေဟိ = ပိဋက နက်စံ တရားသံကို ဖန်ဖန် ရဲတင့် ဉာဏ်ဟုန်ဖွင့်၍ ကျူးရင့်တော်မူကြသည့် သံဃပုဂ်ဝေါ်မထေရ်ကျော်တို့သည်။ သမ္မတာ = ပါဠို, အဋ္ဌကထာ, ဋီကာ, နိဿရည်း, အစုံမှီး၍ ဆရာနည်းမလွှတ် သမုတ်အပ်သော။ သိမာ = 'တိ

ပိဋ္ဌက ဓမ္မဝိလာသိနီ'ဘွဲ့.မည်ထိန်လျှပ် သိမ်တော်မြတ်သည်။ ဓမ္မ ဝိလာသိနီ = ဘုရားမြတ်စွာ သာသနာဝယ် ရောင်ဝါထွန်းပွင့် လျှမ်းလျှမ်းတင့်လျက်။ အနာကုလာ = နှောင့်ယှက်ပိတ်ပင် ရန် မထင်ဘဲ။ စိရံ = သာသနာခေတ် အနှစ်ငါးထောင်ရှည်မြင့်ကြာ အောင်။ ဌာတု = တက်သစ်နေဝန်းထွန်းသစ်သောလ ပွင့်စပဒုံ ပုံတန္ဆန်းနှန်း ဂုဏ်ရည်လျှမ်းလျက် တည်ထွန်းတောက်ပပါစေသ တည်း။ (ဝါ) စိရံ ဌာတု = သာသနာခေတ် အနှစ်ငါးထောင် မြား မြောင်ရှည်ကြာ အခါပတ်လုံး မပျက်ပြုန်းဘဲ အဆုံးခိုင်ကျည် တည် ပါစေသတည်း။ ။

အောင်သူတကာတို့၏ မဟာ မဟန္တာဓိပတိ သီရိမကုဋ အ တုလ-တုလာ အ-ဒုတိယာဒိစ္စ အ-တုလိယမုနိကင်း သုံးလောက တိုက်အတွင်းဝယ် မင်းဆုံးဓမ္မရာဇ၏ ဘုန်းလျှံသစ်သော ရှင်ချစ်ဦး သျှောင် မြတ်ဘုရား = ငါးမာရ်အောင်သည် ....ရွှေဖောင်ဌင်္ဂမာ ယာဉ် နာဝါဖြင့် သသိရာကြော မြစ်အပြောဝယ် နစ်မျောကုန်သူ ဝေနေလူတို့ကို ဆယ်ယူကယ်မ မြို့က်ဆုဌလျက် ရာဇဂြိုဟ်ပြည်မွန် ဂိဇ္ဈကူဋ် တောင်ယံဝယ် လေးတန်ယာပထ ညီမျှရွှင်ပြုံး သီတင်းသုံး နေတော်မူသောအခါ . . . . 'ဧတ္တာဝတာ သာမဂ္ဂီ ယာဝတာ ဧကာဝါသော' (ဝိ-၃၊၁၄၄) ရှင်စောမိန့်ဖော် တရားတော်၌ အာ ဘော်ခဲ့ ကြိတ်ဉာဏ်မစိပ်နိုင်ကြသဖြင့် 'ကိတ္တာဝတာ နုခေါ ဧကာဝါသော ဟောတိ (ဝိ-၃၊ ၁၄၅) = အဘယ်မျှအပိုင်းအခြားရှိ မှ သာမဂ္ဂီအရာ ကောဝါသ အမည်ရသနည်း'ဟု တည်းလည်းပုစ္ဆာ ဤအရာဝယ် ပြဿနာစကားရဟန်းများတို့ လျှောက်ထားသမှု

ကြောင်းဝတ္ထုဋ္ဌ် 'အနုဇာနာမိ ဘိက္ခဝေ သီမံ သမ္မန္နိတုံ' (ဝိ-၃၊ ၁၄၄) ရွှေခွန်းငုံ၍ လေးပုံသော သံဃကံကို စီမံပြုစု ရဟန်းတို့ လွယ်ကူမှုအတွက် ကရဏာဆောသွေး သိမ်သမုတ်ရန်အရေးကို ခွင့်ပေးပညတ်တော် မူခဲ့ပါသတည်း။ ။

မဟာကာရုဏိက မြတ်ဗုဒ္ဓသည် သီမသမ္မုတိကံရွက်ဆောင်ရန်အရေး အခွင့်တော်ပေးလတ်သော်.... ရှေးရှေးသာသနာဝင် သူတော်စင်မြောက်မြား ဗုဒ္ဓဝါဒီ အမျိုးသမီး + အမျိုးသား တို့သည်-

'ဘုရားမြတ်စွာ သာသနာကား သံဃာတော်အရှင်မြတ်တို့လျှင် မရွှေ့တ်မူလ အရင်းခံ + ပဘဝ ဖြစ်ချေ၏။ သံဃာကိုကား ဝင် ထေရ်အရှင်တို့သည်လည်း ရှင်ပင်ဆုံးမ ဟောညွှန်ပြသည့် သံဃကံလေးပါးတို့လျှင် ထင်ရှားမူလ ပဘဝ = အရင်းခံရှိကုန်၏။ သံဃကံ လေးပါးတို့သည်လည်း ပိုင်းခြားညွှန်ပြ ခဏ္ဍ + မဟာ = သိမ်နှစ်ဖြာလျှင် ပဌမာဒိက မူလအမွန် ရှိကုန်၏။ ထို့ကြောင့်ပင်လျှင် မြတ်ရှင်ဩဝါသာသနာသည် မဟာ + ခဏ္ဍ = သိမ်နှစ်ဝလျှင် မူလပဒဋ္ဌာန် အခြေခံ ပဘဝ အကြောင်းရင်း ရှိကုန်ရကား သိမသမ္မုတိကံ ဒါယကာခံရမူဘုန်းလျှံမြတ်စွာသာသနာကို ပဌမာဒိက အရင်းမူလမှ အနုဂ္ဂဟပြုရာရောက်ချီမ့်မည့်'ဟု -

အေးကြည်ရွှင်မော ကုသိုလ်ဇောတိ ဖြောဖြောထက်သန် သိမ့်ဒါယကာ ခံကုန်ကြရကား နိုင်ငံတော်အရပ်ရပ်ဝယ် ပြာသဒ်ရောင်မောင်း သိမ်တန်ဆောင်းတို့ဖြင့် မညောင်းရွှဖွယ် ကောင်းမှုခေတ်နယ်ကျယ်၍ ဘုန်းကြွယ်မြတ်စွာ သာသနာလည်း အခါ

မျက်မှောက် ယနေ့ရောက်အောင် ထွန်းတောက်ထိန်လင်း ခဲ့ပါသတည်း။ ။

မဟာမုနိ တုမရှိ၏ တြိဝိဓ သာသနာလျှင် ရောင်ဝါရှိန်ငွေ့ ထွန်းထိန်လေ့ဖြင့် ယနေ့မျက်မှောက် အချိန်ရောက်၍ မြားမြောက်လွန်စွာ မဟာကုသလ မြိုက်ဗီဇကို ပျိုးချနိုင်ရန် အခွင့်ကောင်းဖန်သဖြင့် .....

'ပဉ္စန္နံ ဝေရာနံ သာဓာရဏာဘာဝေန ဟိအသာရဏသဓနသဿ ဒါနံ သာရော (ဇာ–ဋ္ဌ၊ ၄၊ ၇) = လောကီဥစ္စာ ရတနာကားငါးဖြာရန်စု ဆက်ဆံမှုကြောင့် သူ့သဘာဝ အကာမျှတည့်၊ ဒါနဆယ်ဖြာ ကောင်းမှုသာလျှင် သပြာဓန အဝဝ၏ သာရ = အနှစ်ကေန်ဖြစ်၏'ဟု –

ရှင်ချစ်အလျာ မဟာကဏ္ဍ သေဋ္ဌေး၏ လေးနက်သော ဆင်ခြင်ပုံကို အာရုံယူထင်ထင် ကုသိုလ်ဇော အစဉ်ဖြင့်ဆင်ခြင်စဉ်းစား နှလုံးထား၍ ဘုရားသာသနာ ရောင်ဝါထွန်းတောက် ထက်အောက်မြန်ပြည့်စုံညီမချို့ မြို့ + ရွာ အဖုံဖုံ နယ်ပေါင်းစုံတို့မှ သုံးပုံရတနာ သဒ္ဓါဇော ထက်သန်စွာဖြင့် ပါဏုပေတ သက်ဆုံးတိုင် ဆည်းကပ်ကြသည့် = အတ္တာသန္နိယျာတန ဥပါသက + ဥပါသိကာ သိမ်ဒါယကာတို့ကိုယ်စား ရန်ကုန်မြို့ တိ = နိ–ဥပဋ္ဌာက အမှုဆောင် လူကြီးများက ဘုရားရှင့်အာဏာ ဝိနယာ နုလောမ ဝိသုဂါမ ဘောဇက = သီးခြား ရွာစားအဖြစ်ရရှိစေရေး တိုင်ပင်ဆွေးနွေး၍ ရေးခွင့်အစုံမှုကုံလုံသည့် ရန်ကုန်မြို့ စကားဝါလမ်းအမှတ် ၁၂၊ တိပိဋကဓ = နိကာယ ဥပဋ္ဌာကအဖွဲ့ ရန်ကုန်ဌာနခွဲ ဥက္ကဋ္ဌ ဦးစောလှိုင်ကို ဂါမ

ဘောဇကအဖြစ် ပြုလုပ်လျှောက်ထားရန် တိုက်တွန်းတောင်းပန်
အမိန့်ခံစေပြီးလျှင် . . . ဒေသနာမမှစက် မိန့်မှာတော်မူချက်နှင့် အ
ဘက်ဘက်ကိုက်ညီ ပညဝန်မဟာထေရ်တို့ ရွှင်ကြည်နှစ်သိမ့် 'ကောင်း
၏ + ကောင်း၏' ဟူဉီးခေါင်း ညိတ်ရသည့် သိမ်အမိန့်မျိုး ရရှိ
ဖို့ရန်ထက်သန်သောဆန္ဒ လွန်ကဲသော ဝီရိယနှင့် ကာယ + ဉာဏ
ဗလနှစ်ပုံ စွမ်းအဟုန်ဖြင့် ဘက်စုံကြိုးစား အလေးထားဆောင်ရွက်
ကြသဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်အရေး အားပေးထောက်ခံ
ကြည်ညိုစိတ် ထက်သန်သည့် နိုင်ငံတော်အစိုးရ၏ ပြည်ထဲရေးနှင့်
သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဘုန်းမြင့်၏ မဖင့်မနှေး
ဝိသုဂါမဖြစ်ရန်အရေး ညွှန်ကြား အမိန့်ပေးချက်အရ 'သာသနာ့ကိစ္စ
-တို့ကိစ္စ'ဟု ကုသလအခြေခံ ကြည်ညိုဧော ထက်သန်သည့် နိုင်ငံ
တော်အစိုးရ အိုးအိမ်ဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန
တာဝန်ကျ အထူးညွှန်ကြားရေးမှူးချုပ် ဒကာတော်ကလည်း . . . .

(က) မိတ္တာမှုန်
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန

အမိန့်ကြော်ငြာစာ
၁၃၅၁ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်
(၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့)
အမှတ်။ ။ရန်ကုန်တိုင်း ဒဂုန်မြို့နယ် အမှတ် ၁၂၊ စကား

ဝါလမ်း မြေတိုင်းရပ်ကွက် အမှတ် ၄၆–ဘီ၊ မြေကွက် အမှတ် ၁၅၃ ဘီ–၂ မြေဧရိယာ ၀.၂၃၅ ကေရှိသော သာသနာ့မြေအနက်မှ ဧရိယာ ၅၄ x၄၄ ပေရှိမြေကို ဗဒ္ဓသိမ်အဖြစ် အသုံးပြုရန် အောက်မြန်မာပြည်မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၅၂–အရ သိမ်ဒါယကာ ဦးစောလှိုင်အား အခွန်လွတ် မြေဂရန်ထုတ်ပေးခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ဘုန်းမြင့်
ဝန်ကြီး

စာအမှတ် ၅/၆/ အ–ခ(၂)
ရက်စွဲ၊ ၁၉၈၉–ခုနှစ်၊ ဇွန်လ ၁၅ ရက်
မိတ္တူကို –

(၁) တိုင်းငြိမ်ဝပ်ပိပြားမှူ တည်ဆောက်ရေးအဖွဲ့. ရန်ကုန်တိုင်း
(၂) မြို့နယ်စု ငြိမ်ဝပ်ပိပြားမှူ တည်ဆောက်ရေးအဖွဲ့၊ ရန်ကုန်မြို့
(၃) မြို့နယ် ငြိမ်ဝပ်ပိပြားမှူ တည်ဆောက်ရေးအဖွဲ့၊ ဒဂုန်မြို့နယ်
(၄) အိုးအိမ်ဦးစီးဌာန၊ ပူးတွဲပါ

မြေခွန်– ၂ ပုံစံ
အပိုင်ပတ္တာ ၁–၁

ဖြင့် ထုတ်ပြန်ရမည်ဖြစ်သည့် ဗဒ္ဓသိမ်သမုတ်ရန် ခွင့်ပြုမိန့်ကို အိုးအိမ်ဦးစီးဌာနက လက်မှတ်ရေးထိုးပြီး သိမ်

ဒါယကာ ဦးစောလှိုင်အား ထုတ်ပေးရန် မေတ္တာရပ်ခံ ချက်ဖြင့် ပေးပို့ပါသည်။

(၅) ဦးစောလှိုင်၊ အမှတ်-၁၂၊ စကားဝါလမ်း၊ ရန်ကုန်မြို့. ထံသိဘရန် ပေးပို့ပါသည်။

(၆) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်း (ပြန်တမ်း တွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံချက် ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

(ပုံ) မြသွင်

ဒုတိယညွှန်ကြားရေးမှူး

ရုံးတံဆိပ်

(ခ) မိတ္တူ။

မြွေခွန် ၂ ၁၉၈၉/၁၉၉၀-ခုနှစ် အခွန်တော်မှူ

အပိုင်ပတ္တာ ၁-ခ နံပါတ် အလ - ၅/၈၉။

ဝိသုဂါမသိမ်အဖြစ် အသုံးပြုရန် အသီးအခြား မြေပေးအမိန့. -

မြန်မာနိုင်ငံတော် အထက်ပိုင်း မြွေခွန်တော်

နည်းဥပဒေ ၅၃ - က။

မြန်မာနိုင်ငံတော် အောက်ပိုင်းမြွေခွန်

နည်းဥပဒေ ၁၄။

မြန်မာနိုင်ငံတော် အောက်ပိုင်း မြို့.ရွာရှိ မြေရာ

နည်းဥပဒေ ၅၂။

ရုန်ကုန်တိုင်း ဒဂုန်မြို့.နယ် အမှတ်၁၂၊ စကားဝါလမ်းနေ

လျှောက်ထားသူ ဦးစောလှိုင် သိသာရန်မှာ.... ရန်ကုန်တိုင်း ဒဂုန် မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၄ဖဘီ၊ မြေကွက် အမှတ် ၁၅၃-ဘီ-၂၊ ၏ မြောက်ဘက်မြေဧရိယာ ၅၂ x ၄၂ ပေတွင် တည်ရှိ၍ ပူးတွဲပါ မြေပုံအရ အောက်ပါ နယ်နိမိတ်အတွင်း ပိုင်းခြားသတ်မှတ်ထားသော ဧက ၀.၀၅၂ ရှိမြေကို ပကတိဂါမ မူလရွာမှ ဝိသုဂါမ အသီးအခြား ရွာတစ်ခုဖြစ်စေရန် သတ်မှတ်ပေး လိုက်သည်။

ဤပိုင်းခြားသတ်မှတ်ပြီးသော အသီးအခြား အရပ်ကိုလျှောက်ထားသူ ဦးစေလှိုင်အား ဗဒ္ဓသိမ်အဖြစ် အသုံးပြုရန် ဝိသုဂါမ ဘော ဧက အသီးအခြားရွာစား အဖြစ်ဖြင့် ခန့်ထားပေးအပ်သည်။

နယ်နိမိတ်များ

မြောက် အလား	။	မြေပုံတွင် သိမ်မြေအပိုင်းအခြား
အရှေ့ အလား	။	အတွင်း ပါသည့်နယ်နိမိတ်
တောင် အလား	။	သတ်မှတ်ထားသည့် အလား
အနောက် အလား	။	အလာအတိုင်း။

မြေကိုဗဒ္ဓသိမ် သမုတ်ရန် အသုံးမပြုလျှင် အမိန့်မှာ ပျက်ပြယ်စေရမည်။

ပုံ/ တင်အောင်စိန်

၁၅/၆/၈၉

ရုံးတံဆိပ်ပုံစံ

ဒုတိယညွှန်ကြားရေးမှူး
မြေအရေးပိုင် ဌာနစု
အိုးအိမ်ဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

ရက်စွဲ၊ ၁၉၈၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်။

ဤမိတ္တူလွှာ စာပါအတိုင်း မဆိုင်းပြည့်စုံ အချိန်ကို မကုန်စေဘဲ ဝိသုဂါမ ဘောဇက = သီးခြားရွာစား စင်စစ်ဖြစ်ပစေတည့် သဒ္ဓါစိတ်ရင်းရှိ၍ 'အယမ္မိ ဝိသုဂါမော ဟောတူတိ ရာဇာ ကဿစိ ဒေတိ' (ဝိ-ဋ္ဌ-၃၊ ၃၃၃-ပါဠိ၊ ဝိ-သင်္ဂဟ၊ ၁၉၄) ပကိဏ္ဏက ဒေသနာ အဋ္ဌကထာပါဠိ ကျမ်းဂန်နှင့် ညီလတ်အောင် ပေးအပ်ခန့်ထားပါသတည်း။ ။

မဟာအသခ်ံတ နိဗ္ဗာန၏ ဥပနိဿရည်းပစ္စည်းကုသိုလ်ကြိုရန် အရေး ဝိသုဂါမ အမိန့်တော်ပေးလတ်သော်...ရှေးမဆွကပင် 'သီမာယ သီမံ သမ္မိန္နန' 'သီမာယ သီမံ အဇ္ဈောတ္ထရဏ' ဒေါသမထင် အပြစ်ကင်းစင်အောင် ကျေးဇူးရှင် တိဝိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်း ဓမ္မနာဒ ဆရာတော်ဘုရား၏ ညွှန်ကြားချက် ဥပဒေသ နည်းလမ်းကို ခံယူကြကာ...

(၁) မင်းကွန်း ဝေယန်ဘုံမြင့်ချောင် ဆရာတော် အရှင်ဇော တိက

(၂) မင်းကွန်းဓမ္မနာဒ တိုက်အုပ် ဆရာတော် အရှင်သုစိတ္တ

(၃) မန္တလေးဗန်းမော်တိုက် ဆရာတော် အရှင်ကုမာရာဘိဝံသ

(၄) မေမြို့ ရတနာမာရ်အောင် ဆရာတော် အရှင်ပညာသီဟ ဤဆရာတော် အရှင်မြတ်တို့ ပုဗ္ဗင်္ဂမ ရှေ့ဆောင်ဦးစီးကြ၍-

(၁) ကဲကြီးကုန်း ကန္တာရာ ရာမတောကျောင်း ဘုန်းတော်ကြီး ဦးကဝိန္ဒာစာရ

(၂) မင်းကွန်း ဓမ္မနာဒတိုက် ဓမ္မာစရိယ ဦးဝေပုလ္လာစာရ

(၃) ၎င်း ဦးစန္ဒိမာ

(၄) မင်းကွန်း တိ = နိ = ကျောင်းတိုက် ဓမ္မာစရိယ ဦးဉာဏိန္ဒ

(၅) ၎င်း ဓမ္မာစရိယ + ဥဘတော ဝိဘင်္ဂရ ဦးသုန္ဒရ

(၆) ၎င်း ဦးအဂ္ဂါစာရ

(၇) ၎င်း ဓမ္မာစရိယ + ဒီဃ ဘာဏက ဦးဝါယာမသာရ

(၈) ၎င်း ဓမ္မာစရိယ + ဝိနယဓရ ဦးညေယျာနန္ဒ

(၉) ၎င်း ဓမ္မာစရိယ + ဥဘတောဝိဘင်္ဂရ ဦးဝိနယ

(၁၀) ၎င်း ဒီဃဘာဏက + ဒီဃနိကာယ ကောဝိဒ ဦးကောဝိဒ

(၁၁) ၎င်း ဓမ္မာစရိယ ဦးအာစိဏ္ဏာလင်္ကာရ

(၁၂) ၎င်း ဓမ္မာစရိယ + ဒီဃဘာဏက ဦးပညာဇောတ

(၁၃) ၎င်း ဒီဃဘာဏက ဦးသောဘဏ

(၁၄) ၎င်း ဓမ္မာစရိယ+ ဥဘတောဝိဘင်္ဂရ ဦးတိလောက

(၁၅) ၎င်း ဝိနယဓရ + ဝိနယကောဝိဒ ဦးဝံသပါလ

(၁၆) ၎င်း ဓမ္မာစရိယ + ဥဘတော ဝိဘင်္ဂရ ဦးနန္ဒောဘာသ

(၁၇) ၎င်း ဓမ္မာစရိယ + ဥဘတော ဝိဘင်္ဂရ ဦးယုဇန

(၁၈) ၎င်း ဒီဃဘာဏက + ဒီဃနိကာယ ကောဝိဒ + ဓမ္မာ

စရိယ ဥိးသောမ

(၁၉) ၎င်း ဒီဃဘာဏက + ဒီဃနိကာယ ကောဝိဒ + ဝိန ယဓရ + ဓမ္မာစရိယ ဥိးခေမာစာရ

(၂၀) ၎င်း ဝိနယဓရ + ဓမ္မာစရိယ ဥိးကုဏ္ဍာလ

(၂၁) ၎င်း ဝိနယဓရ + ဝိနယကောဝိဒ + ဓမ္မာစရိယ ပါဠို ပါရဂူ ဥိးသီလက္ခန္ဓာဘိဝံသ

(၂၂) ၎င်း ဒီဃဘာဏက + ဒီဃနိကာယ ကောဝိဒ + ဓမ္မာ စရိယ ဥိးဇာနေယျ

(၂၃) ၎င်း ဥာဘောဝိဘင်္ဂဓရ + ဓမ္မာစရိယ ဥိးဉာဏသာမိ

(၂၄) ရန်ကုန်မြို့. တိပိဋကကျောင်းတော်မှ ဒီဃဘာဏက + ဓမ္မာစရိယ ဥိးခေမာနန္ဒ

(၂၅) ၎င်း ဒီဃဘာဏက + ဒီဃနိကာယကောဝိဒ + ဝိနယ ဓရ + ဓမ္မာစရိယ ဥိးကောဝိဒ

(၂၆) ၎င်း ဒီဃဘာဏက + ဓမ္မစရိယ ဥိးကေသဝ

(၂၇) ၎င်း ဒီဃဘာဏက + ဒီဃနိကာယ ကောဝိဒ + ဓမ္မာ စရိယ ဥိးပညာသာမိ

(၂၈) ၎င်း ဒီဃဘာဏက + ဒီဃနိကာယ ကောဝိဒ + ဓမ္မာ စရိယ ဥိးပဏ္ဍိတ

(၂၉) ၎င်း ဒီဃဘာဏက + ဓမ္မာစရိယ ဥိးကောဏ္ဍည

(၃၀) ၎င်း ဓမ္မာစရိယ ဥိးစန္ဒာသီရိ

(၃၁) ၎င်း ဒွိပိဋကဓရ + ဒွိပိဋကကောဝိဒ + ဓမ္မာစရိယ ဥိးဝါယာမိန္ဒ .

အစရှိသော မင်းကွန်းနှင့် ရန်ကုန်တိုပြုက = နိကာယ နှင့် ဓမ္မနာဒ ကျောင်းတိုက်နှစ်တိုက်တို့မှ သိုက်မြိုက်ဝေဆာ ညီညွတ်စွာ လျှင် သန်းချီတွက်ဖော် သုံးကျိပ်ကျော်သော နိကာယ်ဆောင် သံဃာတော်အရှင်မြတ်တို့သည် ပိဋကတ်ဝိနယ ကျမ်းစာအပြန့် ရွေးကထေရ်မွန် ပညဝန်တို့ပြည့်စွန်တော်မူအပ် သိမ်နုတ်နည်းအရပ်ရပ်ဖြစ်သည့် 'ခရုပတ် + ကိုးဌာန၊ တစ်ဝကြက်ခြေ + တစ်ထွေထောင့်တန်း + ရင်ပေါင်တန်းနှင့် + ပတ်ဝန်းလူးလာ + လက်ျာရစ် + ပုဆစ်အိမ် + တစ်ကြိမ်ရက်ကန်းခတ် + ထောင့်ပတ်နှင့် လေးပွင့်ဆိုင် + လေးပင်တိုင် + ပျားကြိုးစွဲ' ဤအနဲနဲသော သီမာသမူဟာနနမူကိစ္စဖြင့် ကျနမယုတ် နုတ်၍ပြီးပြေ အသင့်ရှိနေသော ရန်ကုန်တိုင်းဒဂုန်မြို့နယ် စကားဝါလမ်း၊ အမှတ် ၁၂ တိပိဋကကျောင်းတော် အာရာမ်အတွင်းရှိ ဝိသုဂါမမြေအရပ်ဝယ် ထပ်၍ဆင့်ကာ ဝိနယာလင်္ကာရဋီကာအတွက် ညောင်စောင်းကွက်တို့ဖြင့် လက်ျာခွေပတ်သုံးကြိမ်စပ်အောင် ရွတ်ဖတ်ညီညာ ကမ္မဝါစာဖြင့် သီမာသမူဟာနနပုဗ္ဗဘာဂပရိကံ စီမံ ပြီးမြောက်လတ်သည်ရှိသော်....

(၁) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ စာသင်တိုက် ဆရာတော်ဘုရားကြီး

(၂) နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရု မင်းကွန်းဓမ္မနာဒ ဆရာတော်ဘုရား-

အစရှိသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သုံးဖွဲ့စုံညီ မဟာနာယက မထေရ်ကြီးများ၊ ရန်ကုန်မြို့ တိုင်းသံဃနာယကအဖွဲ့နှင့်

မြို့နယ်စု + မြို့နယ် သံဃနာယကအဖွဲဝင်ဆရာတော်များ၊ မင်းကွန်း ဓမ္မနာဒနှင့် မင်းကွန်း ရန်ကုန် တိပိဋက = နိကာယကျောင်းတိုက်များမှ နိကာယ်ဆောင် သံဃာတော်များ ဤဖေါ်ပြရာပါ ဆရာတော် သံဃာတော် အရှင်မြတ်များကို ဝပ်တွားချေ၊ လျှောက်ထားတောင်းပန်၍ သီမင်္ဂလင် မြေအပြင်ဝယ် စုံလင်တပြေး စည်းဝေးညီမူတော်မူမိကြသောအခါ ပါသာဏနိမိတ္တရက္ခကအဖြစ်-

၁။ အရှေ့အရပ်မှ - ဦးကောဏ္ဍည (ဒီဃဘာဏက)

၂။ အရှေ့တောင်ထောင့် အရပ်မှ - ဦးဥေ ယျာနန္ဒ (ဓမ္မာစရိယ + ဝိနယဓရ)

၃။ တောင်အရပ်မှ - ဦးဝံသပါလ (ဓမ္မာစရိယ + ဝိနယဓရ ဝိနယကောဝိဒ)

၄။ အနောက် တောင်ထောင့် အရပ်မှ - ဦးနန္ဒောဘာသ (ဉာဘတောဝိဘင်္ဂဓရ)

၅။ အနောက် အရပ်မှ - ဦးပညာသာမိ (ဓမ္မာစရိယ + ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ)

၆။ အနောက် မြောက်ထောင့် အရပ်မှ - ဦးဝိနယ (ဓမ္မာစရိယ + ဉာဘတောဝိဘင်္ဂဓရ)

၇။ မြောက် အရပ်မှ - ဦးသောမ (ဓမ္မာစရိယ + ဒီဃဘာဏက ဒီဃနိကာယ ကောဝိဒ)

၈။ အရှေ့ မြောက်ထောင့် အရပ်မှ - ဦးအဂ္ဂါစာရ (ဓမ္မာစရိယ + ဉာဘတောဝိဘင်္ဂဓရ)

ဤအရှင်မြတ်တို့ကို လျှောက်ပတ်နံသင့်စွာ နိမိတ်စောင့်

ထား‌ပြီး‌သော‌အခါဝယ် ဦး‌စွာ‌မ‌ဆွ ပထ‌မ၌ သံ‌ဃ‌ပုဂ်ိုဝေါ် ကျေး‌ဇူး ကျော်‌သော.....

၁။ ပဲခူး‌မြို့. ရွှေ‌တောင်‌ကျောင်း‌တိုက် ဦး‌စီး‌နာ‌ယက ဘဒ္ဒန္တ စန္ဒောဘာသ ဆရာ‌တော်‌ဘု‌ရား‌ကြီး‌က အရှေ့‌အ‌ရပ်‌မှ လက်‌မွန်‌စ၍ ပါ‌သာဏ‌နိ‌မိတ္တ ပုဗ္ဗ‌ကိ‌တ္တိ‌တ ဌာ‌နတိုင် လတ် လက်‌ယာ‌ပတ်၍ ရှစ်‌ရပ်‌နယ်‌ဘောင် စပ်‌မိ‌အောင် နိ‌မိတ်‌ကြား‌ခြင်း၊ ထို့‌အ‌တူ....

၂။ သန်လျင်‌မြို့. မင်း‌ကျောင်း ပရိ‌ယတ္တိ‌စာ‌သင်‌တိုက် ဘဒ္ဒန္တ ဝဏ္ဏ‌သီ‌ရီ (အဂ္ဂ‌မ‌ဟာ‌ပဏ္ဍိ‌တ) ဆရာ‌တော်‌ဘု‌ရား‌က တောင်‌အ‌ရပ်‌မှ လက်‌မွန်‌စ၍.....

၃။ မကွေး‌မြို့. မ‌ဟာ‌ဝိ‌သုတ‌ာ‌ရာ‌မ‌တိုက် ဘဒ္ဒန္တ ကု‌မာ‌ရ (အဂ္ဂ‌မ‌ဟာ‌ပဏ္ဍိ‌တ) ဆရာ‌တော်‌ဘု‌ရား‌က အ‌နောက်‌အ‌ရပ်‌မှ လက်‌မွန်‌စ၍....

၄။ မန္တ‌လေး‌မြို့. မ‌စို‌း‌ရိမ်‌တိုက်‌သစ် ဘဒ္ဒန္တ သီ‌ရိ‌ဇ္ဇ‌ာ‌ဘိ‌ဝံ‌သ (အဂ္ဂ‌မ‌ဟာ‌ပဏ္ဍိ‌တ) ဆရာ‌တော်‌ဘု‌ရား‌က မြောက်‌အ‌ရပ်‌မှ လက်‌မွန်‌စ၍....

ဤ ဆရာ‌တော်‌မ‌ထေ‌ရ်‌မြတ်‌တို့‌က နိ‌မိတ်‌စောင့် အ‌ရှင်‌မြတ်‌များ ရှိ‌ရာ‌အ‌ရပ်‌သို့ အ‌နီး‌ကပ် ကြွ‌ရောက်‌တော်‌မူ‌ကြ‌ကာ ပါ‌သာဏ‌နိ‌မိတ္တ ကျောက်‌နိ‌မိတ် စပ်‌အောင် ကြား‌တော်‌မူ‌ကြ‌ခြင်း.....

၅။ ထို‌မှ‌နောက်‌ဝယ် သံ‌ဃာ‌တော်‌တို့ အ‌လယ်၌ စံ‌ပယ်‌ရွင် ပျော် သီ‌တင်း‌သုံး‌နေ‌တော်‌မူ‌လျက် သန်လျင်‌မြို့. စကြ် ကျောင်း မ‌ဟာ‌နာ‌ယက ဘဒ္ဒန္တ နာ‌ဂ‌မ‌ထေ‌ရ် ဆရာ‌တော်

က အရှေ့အရပ်မှ အစပြုကာ ပါသာဏနိမိတ္တ ဒုရကိတ္တန သဘောဖြင့် 'ဧသော ပါသာဏော နိမိတ္တံ' အောင်သံ ထပ်ထပ် ရွှစ်နယ်လုံးစပ်အောင် ပြတ်ပြတ်သားသား အဝေးမှ နိမိတ်ကြားခြင်း .....

၆။ ယင်းမှနောက်ဝယ် သံဃာ့အလယ်၌ပင် စံပယ်ရွှင်ပျော် သီတင်းသုံးနေတော်မူလျက် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု မြင်းခြံမြို့. ကိုးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တ သောဘိတမဟာထေရ်က ညီမူရာအနီးရှိ မန္တလေးမြို့. ဗန်းမော်ကျောင်းတိုက်ဆရာတော် ဦးကုမာရဘိဝံသမထေရ်အားမေးမြန်း အရှေ့အရပ်မှ အစပြုကာ ပါသာဏနိမိတ္တ 'သံဃမဇ္ဈကိတ္တန' နည်းဖြင့် ကျောက်နိမိတ်ကို စပ်အောင်ကြားခြင်းတို့ဖြင့် သနင်းဘုန်းလျှံ ဟောမိန့်ညွှန်သော 'ပဌမံနိမိတ္တာကိတ္တေတဗ္ဗာ' (ဝိ၊ ၃၊ ၁၀၄) ဒေသနာတော်အရ နိမိတ္တကိတ္တန ပထမအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေတော်မူကြပါသတည်း။ ။

နိမိတ္တကိတ္တန ပထမအမှုကို ပြုလုပ်ပြီးပြေ အောင်မြင်စေပြီးနောက် 'နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော' (ဝိ၊ ၃၊ ၁၄၄) မိန့်ဟောဒေသနာ မဟာဝဂ္ဂဥပေါသထက္ခန္ဓက ဒေသနာတော်မြတ်နှင့် သမသတ်ညီလျော်အောင် .....

၁။ မြင်းခြံမြို့. ကိုးဆောင်တိုက် ဘဒ္ဒန္တ သောဘိတ (အဘိ

၀၉ မဟာရဋ္ဌဂုရ) ဆရာတော်ဘုရားကြီးကလည်းကောင်း

၂။ မန္တလေးမြို့. မိုးကောင်းတိုက် ဒေးဝန်းအုတ်ကျောင်း ဘဒ္ဒန္တ ဇောတိက (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဘုရားကြီးကလည်းကောင်း

ဤ မထေရ်မြတ်နှစ်ပါးတို့က 'ဝိနယဓရ ပဉ္စမေနာတိ အနုသာဝနအာစရိယ ပဉ္စမေန' (ဝိ၊ ဋ္ဌ၊ ၃။ ၃၇၁) ဟူသော ဝိနည်းမဟာဝါအဋ္ဌကထာနှင့်အညီ တစ်ပါးစီတစ်ပါးစီ မြင်းမိုရ်တောင်ကို မြှောက်ချီသော အာဇာနည်ယောကျ်ား ကဲ့အလား လျှင် ဆယ်ပါးသော ဗျဉ္ဇနဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက် သမာနသံဝါသသိမ်ကို နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ သမုတ်တော်မူကြပါသတည်း။

ထို့နောက် 'ပေါရာဏဝိနယဓရထေရာ ကမ္မဝိပတ္တိသင်္ကာပရိဟာရတ္ထံ ဒ္ဝီဟိ ဝါ တီဟိ ဝါ ဧကတော ကမ္မဝါစံ သာဝယန္တိ' ဟူသော ဝိနယဝိနိစ္ဆယဋီကာ (၂၊ ၃၅၀-နှာ) မိန့်မှာတော်မူချက်နှင့် လိုက်ဖက်သင့်ထွေ သမသတ်ညီစေလျက်-

(၂) မြင်းခြံမြို့. မင်းကျောင်းတိုက် ဓမ္မပါလ အုတ်ကျောင်း နိုင်ငံတော်ဩဝါဒစရိယ ဘဒ္ဒန္တ သူရိယဆရာတော်

(၂) စလင်းမြို့. မဟာဝိသုတာရာမတိုက် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိသာရ ဆရာတော်တို့ကလည်းကောင်း

(၁) ညောင်ရှေမြို့. ကန်ကြီး ပရိယတ္တိစာသင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိမလာဘိဝံသ ဆရာတော်

(၁) မန္တလေးမြို့. မိုးကောင်းတိုက် ဝါးတန်းစာချကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏာဘိဝံသ ဆရာတော်

တို့ကလည်းကောင်း

ဤ မထေရ်မြတ်တို့က ယထာက္ကမ နည်းနာကျအောင် ဗျဥ္ဇန ဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက် နှစ်ပါးတစ်တွဲ နှစ်ပါးတစ်တွဲ = နှစ် တွဲနှစ်ကြိမ် သမာနသံဝါသသိမ်ကို သမုတ်တော်မူကြပါသတည်း။

ထို့နောက် ဖော်ပြရာပါ ဝိနိစ္ဆယဋီကာ 'တီဟိ ဝါ ဧကတော ကမ္မဝါစံ သာဝယန္တိ' (ဝိနိစ္ဆယဋီ၊ ၂၊ ၁၅၀) ပါဠိအထွက်နှင့် လိုက် ဖက်သင့်ထွေ သမသတ် ညီစေလျက်

(၃) ရန်ကုန်မြို့. ပုဇွန်တောင် ရွှေကျင်ကျောင်းတိုက် (အဂ္ဂ မဟာ ပဏ္ဍိတ) ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ ဆရာတော် မထေရ်

(၃) ရန်ကုန်မြို့. ဗဟန်း မဟာဝိသုဒ္ဓါရုံတိုက် (တိပိဋကဓရ) ဘဒ္ဒန္တ သိရိနန္ဒာဘိဝံသ ဆရာတော်မထေရ်

(၃) ရန်ကုန်မြို့. ပါရမီရိပ်သာ မဟာဂန္ဓာရုံကျောင်းတိုက် (တိပိဋကဓရ) ဘဒ္ဒန္တ သုမင်္ဂလာ လင်္ကာရ ဆရာတော် မထေရ်တို့က လည်းကောင်း

(၈) သန်လျင်မြို့. မင်းကျောင်း ပရိယတ္တိစာသင်တိုက် (အဂ္ဂ မဟာ ပဏ္ဍိတ) ဘဒ္ဒန္တ ဝဏ္ဏသိရိဆရာတော် မထေရ် တို့ကလည်းကောင်း

(၈) မကွေးမြို့. မဟာဝိသုတာရာမတိုက် (အဂ္ဂမဟာ ပဏ္ဍိတ) ဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော်မထေရ်

(၈) မန္တလေးမြို့. မစိုးရိမ်တိုက်သစ်(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ သိရိနန္ဒာဘိဝံသ ဆရာတော်မထေရ်တို့ကလည်းကောင်း

ဤ ဆရာတော်မထေရ်တို့က ယထာက္ကမ နည်းနာကျအောင် ဗျဥ္ဇနဗုဒ္ဓိ အက္ခရာတိုင်းမိစေလျက် သုံးပါးတစ်တွဲ သုံးပါးတစ်တွဲ = နှစ်တွဲနှစ်ကြိမ် သမာန သံဝါသသိမ်ကို သမုတ်တော်မူကြပါသည်။

ဤသို့လျှင် စာရင်းဖော်ပြရာပါ နိုင်ငံတော်သြဝါဒါစရိယနှင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်မထေရ်မြတ်တို့က တစ်ပါး စီနှစ်ကြိမ် နှစ်ပါးစီနှစ်ကြိမ် သုံးပါးစီနှစ်ကြိမ် = ဤသို့အားဖြင့် ၆-ကြိမ်တိုင်တိုင် အခိုင်အမာ သမာနသံဝါသသိမ်ကို သမုတ်တော်မူကြရာ သာသနာတော်နှစ် ၂၅၃၃-ခုနှစ်, ကောဇာသင္ကရာဇ် ၁၃၅၁-ခု ဥတုဂိမှာန ဂိမှရတု နယုန်လပြည့်ကျော် ၁-ရက်၊ (ခရစ်နှစ် ၁၉၈၉-ခု၊ ဇွန်လ ၁၉-ရက်) တနင်းလာနေ့ နံနက် ၉နာရီ၁၀-မိနစ် အချိန်တွင် အောင်မြင်ထမြောက် အပြီးရောက်ပါသတည်း။

ဤသို့လျှင် ၆-ကြိမ်တိုင်တိုင် အခိုင်အမာ သမာနသံဝါသသိမ်ကို သမုတ်တော်မူကြပြီးနောက် 'ပစ္ဆာတိစီဝရေန အဝိပ္ပဝါသော သမ္မန္နိတဗ္ဗော' (ဝိ၊ ၃၊ ၁၄၉) ဟူသော ပါဠိတော်၊ 'သမာနသံဝါသသိမ် သမ္မန္နိတ္တာ တသာ ဒဠ္ဠီကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိကာတဗ္ဗာ (ဝိ၊ ဋ္ဌ၊ ၃၊ ၃၂၃။ ဝိ-သင်္ဃ ၁၈၇) ဟူသော အဋ္ဌကထာတို့နှင့်အညီ ထိုသမာနသံဝါသသိမ်ကို ခိုင်မြဲစေခြင်းငှာ အဝိပ္ပဝါသသိမ်ကို သမုတ်တော်မူကြရာ၌-

(ပ) ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ အာဒိစ္စရံသီ ဆရာတော်မထေရ်

(ပ) ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ် (အဂ္ဂမဟာ ပဏ္ဍိတ) ဘဒ္ဒန္တ ဥတ္တရာဘိဓဇ ဆရာတော်မထေရ်

(ပ) ရုန်ကုန်မြို့. ဗဟန်း ကျိုက်သိမ်မွန် ကျောင်းတိုက် (အဂ္ဂမဟာ ပဏ္ဍိတ) ဘဒ္ဒန္တ တိသဆရာတော်မထေရ်တို့ကလည်းကောင်း

ဒုတိယအကြိမ်

(ဒု) ရန်ကုန်မြို့. ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက် (အဂ္ဂမဟာ ပဏ္ဍိတ) ဘဒ္ဒန္တ ပဏ္ဍိစ္စ ဆရာတော်မထေရ်

(ဒု) မင်းကွန်းဓမ္မနာဒတိုက် တိုက်အုပ် ဓမ္မာစရိယ ဘဒ္ဒန္တ သုစိတ္တာဆရာတော် မထေရ်

(ဒု) ညောင်ရွှေမြို့. ရွှေဂူပရိယတ္တိစာသင်တိုက် (အဂ္ဂမဟာ ပဏ္ဍိတ) ဘဒ္ဒန္တ ဝိလာသာဘိဝံသ ဆရာတော်မထေရ် တို့ကလည်းကောင်း

တတိယအကြိမ်

(တ) ရန်ကုန်မြို့. အောင်မြေဘုံစံကျောင်းတိုက် (အဂ္ဂမဟာ ပဏ္ဍိတ) ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ ဆရာတော်မထေရ်

(တ) မင်းကွန်းတောင်ရိုး ဝေယန်ဘုံမြင့်တိုက် (ဓမ္မာစရိယ) ဘဒ္ဒန္တ ဇောတိက ဆရာတော်မထေရ်

(တ) မန္တလေးမြို့. ဗန်းမော်တိုက် (ဓမ္မာစရိယ ဝဋ်သကာ) ဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော်မထေရ် တို့ကလည်းကောင်း

ဤ ဆရာတော်မထေရ်မြတ်များက သုံးပါး + သုံးပါးစီဌာန် ကရိဏ်းပီပီဖြင့် အင်ညီမယုတ် 'အဝိပ္ပဝါသသိမ်'ကို သမုတ်တော်မူကြသဖြင့် 'သမာနသံဝါသသိမ်' ၆-ကြိမ် + 'အဝိပ္ပဝါသသိမ်'၃-

ကြိမ် = ပေါင်းသော ၉-ကြိမ်ပိုင်းဖြတ် အထပ်ထပ်လျှင် သမုတ်တော်မူအပ်ကြသောကြောင့် **'တိပိဋက ဓမ္မဝိသာသိနီ'** ဘွဲ့မည်ထိန်လျှပ် ဤသိမ်မြတ်သည် သာသနာတော်နှစ် ၂၅၃၃ ခု၊ကောဇာသက္ကရာဇ် ၁၃၅၁-ခု၊ ဂိမှာနဉတု ဂိမှရတုဆုံးစ နယုန်လပြည့်ကျော် ၁-ရက်၊ (ခရစ်နှစ် ၁၉၈၉-ခုနှစ် ဇွန်လ ၁၉-ရက်) တနင်းလာနေ့ နံနက် စက်နာရီ၉-နာရီ၁၀မိနစ်အချိန် ဒေဝိန္ဒရာဇ် ကောင်းချီးဟစ်လျက် နှစ်သိန်းလေးသောင်း ယူဇနာပေါင်းများစွာ သီလာ + ပံသုနှစ်ခုညီညာ မဟာပထဝီဤမြေကို ထွင်းဖောက် အောက်ရေအပြင်သို့ သက်ရောက်တည်ဝင် ပြီးအောင်မြင်လတ်ပါသတည်း။ ။

ဤသီလျှင် 'တိပိဋက ဓမ္မဝိလာသိနီ' ဘွဲ့မည်ထိန်လျှပ် သိမ်တော်မြတ်လျှင် လူနတ်နဂါး ကောင်းချီးခေါ်၍ ဇေယျာသဘင်အောင်ပွဲ ယင်လတ်သောအခါ သာသနာပြုအဖွဲ့ဝင် သူတော်စင် ဒါယကာ + ဒါယိကာမ တို့ကလည်း သီမသမ္မုတိကံ စီမံဆောင်ရွက်တော်မူကြသည့် နိုင်ငံတော် ဩဝါဒစရိယနှင့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ဘုရားကြီးများ အမှူးထား၍ များပြားစုံညီတစ်ရာ့ရှစ် (၁၀၈) ပါးသော သံဃာတော်မထေရ်တို့အား လေးလီယာပထ မျှတတော်မူကြရန်အလို့ငှာ လေးဖြာသော ပစ္စည်းတို့ကို အနည်းငယ်မျှ လိုလေသေးမရှိရအောင် အစစ လှူဒါန်းကြခြင်းဖြင့် လင်းလင်းသမွေ့၌ ကိုယ်စီယှဉ်ကြ၍ ခေမင်ကြွနန်း နိဂ္ဂောနန်းကို စောင်းတန်းလှကား သွယ်ကြပါသတည်း။

ဆုတောင်းနှင့် အမျှဝေ မော်ကွန်းတင်လက်စ

အောင်ကြောင်းမင်္ဂလာ၊ မော်ကွန်းသာပိမ့် ..... မဟာတိပိဋက၊

အာစေရ၏၊ ဌာနသမိုက်၊ ကျောင်းတော်တိုက်ဝယ်၊ အမြိုက်ဗီ၉၊ မြတ်ပုညကို၊ ပြုကြလေ့လာ၊ ဝါသနာကြောင့်၊ သမ္မာဆန္ဒ၊ လွန်ပြင်းပြသည့်၊ ဥပ ဘက၊ သမဂ္ဂတို့၊ လမ်းပြရှေ့ဆောင် သိမ်တော်အောင်ဖို့၊ မရောင်နေ့+ည၊ ကြိုးလုံ့လ၏–။ နရသနင်း၊ ပြည်ထောင်မင်းလည်း၊ ထွန်းလင်းသာသနာ၊ စည်ပင်ဖြာဖို့၊ သဒ္ဓါဖြူဖွေး၊ ကူညီပေး၏ .... ။ လေးမြတ်သိက္ခာ၊ များသံဃာလည်း၊ စဉ်လာရှေးရှု၊ သိမ်အောင်မှုကို၊ ဂရုကတ ကြိုးလုံ့လ၏။ သံဃ+ရာဇာ၊ ဒါယကာတို့၊ ညီညာပြုကြ၊ ကျိုးဖ၎ ကား၊ 'တိပိဋက–ဓမ္မဝိလာသိနီ'၊ ဘွဲ့သညီဖြင့်၊ စံမှီရှေ့ဆောင်၊ သိမ်တော်အောင်ခဲ့၊ ဘုန်းခေါင်မြတ်စွာ၊ သာသနာ၏၊ လွန်စွ တိုးကြည်၊ ပွင့်လည်းစည်ဖို့၊ ဦးတည်ပြုရ၊ မြတ်ပုညကြောင့်၊ဆန္ဒရှိရှိ၊ အားသစ်ဘိလျက်၊ ဗောဓိဉာဏ်ကြီး၊ ရွယ်တိုင်းပြီးသား၊ ရှစ်ထီးမင်္ဂ,ဖိုလ်၊ ဖွင့်ရလို၏ .....။ ထိုထိုကုသလ၊ ဖို့ဘာဂကို၊ မိ, ဖ, ဆရာ၊ ဥာတကာက၊ပဌမာဒီက၊ လက်မွန်စ၍၊ နရ,မရ၊ ဗိုလ်+ဗိုလ်လူအား၊ ကိုယ်တူရရေး၊ အမျှပေး၏။ လေးမြတ် ကြည်ဖြူ၊ နောက်နှောင်းလူတို့၊ တုယူကုသိုလ်၊ ပွားစေလို၍၊ သိပ်သို ရှင်းလင်း၊ သမိုင်းကွင်းသည်၊ သလင်းရွှေစာ သံပိုင်းတည်း။ ။

(ပြီး၏။)

ပုံ/ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ

အာဒိ တိပိဋကဓရ

၁၃၅၁–ခု၊ သီတင်းကျွတ်လဆန်း ၁၂–ရက်

၁၉၈၉–ခုနှစ် အောက်တိုဘာလ ၁၁–ရက်

ရန်ကုန်မြို့ တိပိဋကကျောင်းတော်

'တိပိဋက ဓမ္မဝိလာသိနီ' သိမ်အောင်ကျောက်စာ အတွက်

အထူး မော်ကွန်းတင် ဂုဏ်ပြု

မဟာသီရိ ဇေယျမင်္ဂလာ ရတုပိဒ်စုံကြီး

* * *

ရတု ပဒေသာအမှတ်-၇၁

၁။ **ဧမာသောင်ပြည်၊** ကူးအံ့ရည်လျက်၊ ဖွန့်ရှည်သာသနာ၊ငါး ထောင်ကြာသား၊ အာကာပြိုဖွယ်၊ နှစ်ဆယ်ဗုဟ္မာ၊ ခြောက် နတ်ရွာနှင့်၊ စကြာကုဋေ၊ တစ်သိန်းရေကို၊ လျှံဝေဘဝင်၊ အာဏာစက်ဖြင့်၊ ကွန်ယက်မဆုံး၊ ဉာဏ်တော်ကျုံး၍၊ကျွတ် လုံးအသင်္ချေ၊ နိဗ္ဗုမြေသို့၊ ကယ်ပေပို့တင်၊ မြတ်ထွတ်ရှင်ဟု၊ သုံးခွင်လောက၊ သုံးခေတ်ဝထက်၊ သုံးပါးလူနတ်၊ မြတ် ထက်မြတ်ဖျား၊ မြတ်ငါးပါးတို့၊ အောင်ငြားမှန်ရာ၊ ဘဒ်ကမ္ဘာ ဝယ်၊ လက်ျာမြင့်မိုရ်၊ သပြေညိုဟု၊ ရန်ပြိုအောင်ဘုံ၊ မြို့ရွေဂုံ၏၊ သာပုံတမွတ်၊ သိဂုံတ်ထွတ်မှ၊ မြတ်စွာမြတ်ခေါင်၊ မြတ်လေး နောင်၏၊ နောက် တောင်ခပ်ယွန်း၊ ရွှေဘိုကွန်းနှင့်၊ ရန်ကျွန်း အောင်ချာ၊ ဇကရာ၏၊ ဇေယျာကြင့်နန်း၊ ဘုန်းရောင်တန်းသည့်၊ နှစ်နန်းမြို့ရိပ်၊ ဘူမိန် ဒိပ်တွင်၊ သုံးကျိပ်နတ်သား၊ ဘိုးသိကြားတို့၊ ညွှန်ကြား ဆောက်ရာ၊ မြတ်ဝိဟာတွင်၊ သုံးဖြာတိရုဏ်၊ ဗောဓိဝင်ဟု၊ သာဝင်လောက၊ စံပေါက်ပြသား၊ တိပိဋကဓရ-ဓမ္မဘဏ္ဍာ- ဂါရိကာလျှင်၊ ခန္ဓာဓမ္မ-စေတိယဟု၊ ဂဏရှစ်

သောင်း၊ လေးထောင်ပေါင်းကို၊ ကိန်းအောင်းကိုယ်တွင်း၊ ပူ
ဇော်လျှင်းသား၊ ဘုန်းမင်းခြောက်ဖြာ၊ ဘဂဝါ၏၊ သာသနာ
ဓွန့်ရှည်၊ ငါးထောင် တည်ဟု၊ ရွှေရည်ကြာတိုက်၊ သန္ဓေဆိုက်ဟု၊
အမြိုက်မြွတေ၊ သာသနာ့မွေကို၊ ဆက်ဝေမျိုးချ၊ ဓမ္မဝိလသိ
နီ၊ သိမ်=သီဂိကို၊ ချိန်မီ ဖန်ဆင်း၊ လူနတ်ကျင်းတည့်။ ထွန်း
လင်းတောက်ပ၊ ကြယ်ဧဋ္ဌနှင့်၊ လစန်းသီရိန်၊ ပုဏ္ဏမိန်မှ၊
ကျော်ထိန်တစ်ရက်၊ နေရောင်ထွက်သော်၊ စက်တော်ခြေဖွား၊
ဦးထိပ်ထားလျက်၊ ရှစ်ပါးရာကျော်၊ ထေရ်မဟော်တို့၊ နှုတ်တော်
ကြည်နူး၊ သံပြိုင် ကျူးလျက်၊ အထူးစံထုတ်၊ သိမ်သမုတ်က၊
ထုတ်ခြောက်မြေလွှာ၊ တည်ကမ္ဘာဟု၊ ဗြဟ္မာဗြဟ္မဟု၊ ခြောက်နက်
တွေက၊ အောင်စေ ကောင်းကြီး၊ အောင်စည်တီးလျက်၊ ဝဲချီး
ဆော်ကာ၊ သောင်းလုံးငြာသည် .....။

ဧမာသောင်ယံမြင့် ကူးသချင့်ချင့် ဦးဆင့်ဆင့်၊
နေဝါထောင်လျှံတင့် မြူးသနှင့်နှင့် ဖူးပွင့်ပွင့်၊
ဇေယျာအောင်သံလွင့် ကျူးသရှင့်ရှင့် မြူးခွင့်ခွင့်။

၂။ **ဇေယျာအောင်စည်၊** သောင်းလုံးမြည်သား၊ ရွှေပြည်နန်းမ၊
အမတသို့၊ ကူးကြမှန်ရာ၊ ဆိပ်ကမ်းသာဟု၊ သာစွဖိမာန်၊ ဝိ
သုဖန်သည့်၊ သုံးတန်ပိဋကဓ၊ နိကာယ၏၊ ဓမ္မဝိလာသိနီ၊
သိမ်သီဂိ၏၊ ဘူမိနက်သာ၊ ထွန်း ရောင်ဝါတည့်၊ သာသနာ
တော်စက်၊ ငါးထောင်ဝက်တွင်၊ နှတ်သက်ဆက်လာ၊ ဝိသုံး
ဖြာက၊ ဦးစွာတံခွန်၊ သုံးဆင့်ချွန်လျက်၊ မြတ်လွန်ဂုဏ်ဖြာ၊
အာနန္ဒာနှင့်၊ ဥပါလိမွေ၊ ဆက်ခံလေသို့၊ တစ်ထွေသံဂါယနာ၊

ဖွားဘက်ပမာသို့၊ မဟာ ဗုဒ္ဓဃောသ၊ တန်ဆောင်ပြလျက်၊ မ
ဟာဗုဒ္ဓဝင်၊ ကျမ်းထိပ် တင်ဖြင့်၊ သာဝင်တစ်လျှောက်၊ တံ
ခွန်ဆောက်သား၊ ထက်အောက်နှံ့သိ၊ ကျော်ကိတ္တိနှင့်၊ တိပိ
ဋကဓရ-ဓမ္မဘဏ္ဍာ-ဂါရိ ကာဟု၊ ဝိစိတ္တာသာရ-အဘိဝံ
သတည့်၊ သုတဗုဒ္ဓိ၊ ဂုဏ်ထူး ရှိသည့်၊ ဗောဓိဂိုဏ်းဝင်၊ တိ-
သုံးရှင်လျှင်၊ သာဝင်မြုတေ၊ မွေးရာမြေဟု၊ စေတနာသုံးတန်၊
သဒ္ဓါသန်ဖြင့်၊ ဆန်, ဝိ, စိတ်,ပဉ်-ဓိလေးယှဉ်လျက်၊ မြတ်
အင်မြတ်လှ၊ ဝိသေသဖြင့်၊ သီလ+သမာဓိ+ပညာဟု၊ သိက္ခာ
သုံးထွေ၊ ပြည့်ဂုဏ်ဝေနှင့်၊ ငါးထွေဗလ၊ ခြံရံခလျက်၊ သာသ
နာ့တန်ဆောင်၊ ဝင်းထိန်ပြောင်တည့်၊ ထွတ်ခေါင်တိ်သာ၊
ဝေယ္ယာဂ္ဃာမှ၊ မာဃနတ်မင်း၊ တာဆောင်နှင်းတွင်၊ ဖန်ဆင်း
ဂုဏ်ဖြာ၊ ဝိသုကာသို့၊ ဝီရိယာဝိသေသ၊ ဝိသုံးရသည့်၊ 'ပဌမ
ဉာက္ကဋ္ဌ၊ ဦးသာလ'တည့်၊ သာသနာ့မှန်ကူ၊ မြတ်ဆုယူက၊ ရှေး
မူမပျက်၊ ရွှေသံလက်ဖြင့်၊ နတ်ဆက်ပုံသွင်း၊ ကိုးရောင်ဝင်းသား၊
အုတ်မင်းအမြတ်၊ နဝရတ်အုတ်၊ နတ်တို့ဖုတ်သည့်၊ ရွှေအုတ်+
ငွေအုတ်၊ ပတ္တမြားအုတ်ဖြင့်၊ အုတ်မြစ်ချပွဲ၊ လူနတ်နွဲက၊
ခြိမ့်သဲဓမ္မ။၊ မြတ်ဆုယူတည့်၊ နိဗ္ဗာန်ရွေပြည်၊ တက်အံ့ရည်၍၊
ဖွန့်ရှည်သာသနာ၊ သုံးဆင့်ဖြာသည် .... ၊

ဓေယျာဏောင်သံလွှင့် ကျူးသရှင့်ရှင့် မြူးခွင့်ခွင့်၊
တေဇာ ခေါင်စံမြင့် ထူးသဖြင့်ဖြင့် ကျူးရင့်ရင့်၊
နေဝါထောင်လျှံတင့် မြူးသနှင့်နှင့် ဖူးပွင့်ပွင့်။

၃။ **နေဝါရောင်ခြည်**၊ တောက်ပြောင်လည်သား၊ သုံးမည်သာသနာ၊

ဖွန့်ရှည်ကြာဟု၊ သုံးဖြာပိဋကဓရန့်၊ ဓမ္မဘဏ္ဍာ
ဂါရိကာ-ဟု၊ ဝိစိတ္တာသာရ၊ အဘိဝံသနှင့်၊ အဘိဓ-မဟာ
ရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ ထေရ်မဟာဟု၊ သာသနာဦးသျှောင်၊
မြတ်ဘုန်းခေါင်လျှင်၊ သုံးရောင်သာသနာ၊ ကမ္ဘာမှာဌိ၊ *နေဝါ
တက်ထွန်း၊ အမှောင်ကျွန်းဟု၊ တောင်စွန်းရိပ်ညို၊ မန်းရိပ်ခိုနှင့်၊
ရန်ပြုမှန်ရာ၊ ရန်ကုန်ဌာကွင်၊ မင်္ဂလာသီရိ၊ ဘုန်းတန်းရှိသည့်၊
ဘူမိဘူမိန်၊ ဘူရာဇိန်ဌ၊ သီရိန်ထွတ်မြတ်၊ ပရိယတ်ဂုဏ်ဖြာ၊
သာသနာ၏၊ ဖြန့်ရာဌာန၊ 'တက္ကသီလာ'၊ တည်ထောင်ကာဖြင့်၊
*ခေမာမင်္ကျန်း၊ အောင်စည်ညွန်းသား၊ အောင်ထွန်းထိန်ဝါ၊
သိမ်မဟာဟု၊ တောဏထွန်းညို၊ 'တိပိဋက ဓမ္မဝိလာသိနီ'၊ ဘွဲ့
သတ်ချီကို၊ ရာသီဝသန္တ၊ မိုးဦးစတွင်၊ ကောဇာသက္ကရာဇ်၊
တစ်-ထောင်ကိုတည်၊ သုံး-ရာရှည်သား၊ ငါးမည်ဆယ်ခါ၊
တစ်-စွန်းသာတွင်၊ *ခြေကာမြွက်ခွန်း၊ ဘွဲ့သတ်ညွန်းတည့်၊
ရာစွန်းထေရာ၊ ရှစ်ပါးသာကို၊ မဟာထေရ၊ တိပိဋကဓရ-
ဓမ္မဘဏ္ဍာ-ဂါရိကာက၊ ဦးစွာ ရှေ့ဆောင်၊ မဂဓိခေါင်တွင်၊
ဖယ်ရှောင်မြေဘုတ်၊ အဝေးထုတ်လျက်၊ သိမ်နှုတ်ပြီးက၊
သမုတ်ကြတည့် ...။ ဂုဏ်ပုဒ်အထူး၊ ဖော်ဖွင့်ကျူးသော်၊
ရှေးဦးကညာ၊ နှိုင်းဆိုရာတွင်၊ *ယာမာယိုမယ်၊ လှထွတ်
ကြွယ်တို့၊ နာဖွယ်သာလှ၊ မမွှိတာ၊ ပူဇော်ကြလျက်၊ စံပြညီညာ၊
တေးဂီတကို၊ *သာယာဆိုဖွယ်၊ ပွဲလုံးကယ်က၊ ထက်ဝယ်
နတ်ရွာ၊ သက်ဆင်းလာ၍၊ *အာကာပြိုဖွယ်၊ ဆန်းကြယ်
တစ်ခန်း၊ *နန်းညွှန့်နေနွယ်၊ နတ်မိမယ်တို့၊ နတ်နွယ်ကော်ရော်၊

ပူဇော်အထူး၊ သာရင့်ကျူးတည့် ...။နတ် မှူးသိရိန်၊ ပဉ္စသိင်က၊ လက်ချိန်သာညောင်း၊ ဗေဠုစောင်းဖြင့်၊ အပေါင်းနတ်တို့၊ ပူဇာစို့–ဟု၊ အောင်မှုံ့တိ်သာ၊ သုံးကျိပ်သာ က၊ ညီညာအောင် ပန်း၊ ကန်တော့ခန်းတည့် ... ။ *ပန်း ၇နှံ့ဟေလယ်၊ ထုံနံ့ ကြွယ်သည့်၊ စံပယ် + မြဘ်လေး၊ ဘော် ငွေသွေးကို၊ မနေး ညွှန့်သီ၊ သုဒေဝီတို့၊ ကိုယ်စီကိုယ်ငါ၊ တင်ဆက်သတည့် ... ။ ထိုမှတစ်ခန်း၊ တင်မှတ်တန်းတွင်၊ *စန်း ပွင့်ငွေကြယ်၊ အာကာလယ်မှ၊ ထွန်းကြွယ်ရောင်၇န်း၊ မြရောင် ထွန်းသော်၊ မြတ်ကွန်းမဟာ၊ သိမ်သိဂ်ါလည်း၊ ရောင်ဝါပြိုးပြက်၊ လမင်း ထွက်သို့၊ အောင်မဂ်ခေမာ၊ ဆောင်ပို့ရာသည်။

နေဝါထောင်လျှံတင့် မြူးသနှင့်နှင့် ဖူးပွင့်ပွင့်၊
ဒေဝါအောင်သံလွှင့် မြူးသထင့်ထင့် ကျူးရင့်ရင့်၊
ခေမာသောင်ယံမြင့် ကူးသချင့်ချင့် ဦးဆင့်ဆင့်။

စပယ်ချီချ၊မြင်းဆက်ခွ၊ အဖျားကောက်၊ ယမက–လုံးဆင့်ချ နည်း၊ စက်ဝန်းမိုးစွေ၊ ၁၂–လုံးသုံးဆင့်၊ သုံးပိဒ် ၁၀၈–လုံး၊ ဇမ္မူအောင်လံ သုံးဆင့်ပျံချနည်း။ တတိယပိုဒ်တွင် ပိုဒ်တွင်းအ ချီ ၃–စုံ ပါရှိသည်၊ သတိပြုရန် ၎င်းတို့ကို ခရေပွင့်အမှတ် ဖြင့် ဖော်ပြထားသည်။ ။

စာဆိုတော် မင်းဘူးနဝေး

မဟာသရေစည်သူဦးချမ်းသာ (လက်ဝဲမင်းညို)

အငြိမ်းစား အိုင် + စီ+ အက်စ်၊ တီ = နိသာသနာပြုအဖွဲ့၏ ဂုဏ်ထူးဆောင်နာယကာ၊ ရန်ကုန်၊ (၂၅ / ၇ / ၈၉)

✷

တိပိဋကမဓမ္မဝိလာသိနီသိမ်တော်

☆☆☆

မော်ကွန်း သံပိုင်းလက်ံာ

(ရတုပဒေသာ အမှတ်စဉ်-၇၁)

ဦးတင့်တင့်ချီ၊ ကျူးရင့်သီလျက်၊ ဖူးစီပွင့်ပေါင်း၊ ညွှန့်ညွန့်လောင်းကို၊ ငြိမ်ငြောင်းသာယာ၊ နတ်စည်သာသို့၊ ဂုဏ်ဝါထူးဘိ၊ တိပိဋကတ၊ ဓမ္မဝိလာသိနီ၊ သိမ်သီဂီဟု၊ စိန်စီမော်ကွန်း၊ ကိုးရပ်ထွန်းလျက်၊ သောင်းဂုန်းကမ္ဘာ၊ တည်စိမ့်ငှာဟု၊ မဟာသံပိုင်း၊ စံမနှိုင်းကို၊ ဖတ်တိုင်းနာပျော်၊ စာဆိုတော်ဟု၊ ဂုဏ်မော်အထူး၊ မင်းဘူးနဝဒေး၊ ပြစ်ကင်းဝေးက၊ ရင့်ကြွေးသီသီ၊ ဦးတင့်ချီလျက်၊ ခြောက်လီဘုန်းဖြာ၊ ဘဂ္ဂဝါ၏၊ ဂုဏ်ဝါကိုးမျိုး၊ လက်စုံမိုးသား၊ ဝပ်လျိုးကော်ရော်၊ ရာ့ရှစ်ဖော်ဟု၊ ခြေတော်ရွှေစက်၊ ဦးထိပ်ရွက်လျက်၊ ဖွင့်ကျက်ခိုကိုး၊ ဗိဘာန်မိုး၍၊ လွှဲဖြိုးဘဝဂ်၊ ဘုန်းရောင်တက်သည့်၊ သကျမုနိ၊ သမ္မောဓိဟု၊ တိခေတ်ဥသျှောင်၊ မေတ္တေးနောင်ဟု၊ ဘုန်းခေါင်ပရမေ၊ အစိန္တေကို၊ ညွှန့်ဝေဆံဖျား၊ ဦးထိပ်ထားပြီး၍-

သုံးပါးညွှန့်ဖြာ၊ သာသနာလျှင်၊ ရှည်ကြာမွှန့်ဟည်၊ သုံးရောင်စည်ဟု၊ သုံးမည်တိဖြာ၊ တိတိကွာနှင့်၊ ဦးစွာထူးဘိ၊ တိပိဋက=ဓမ္မဘဏ္ဍာ-ဂါရိကာဟု၊ ရင့်မာတိ၊ဟိတ်၊ဂုဏ်ဝိသိသ်နှင့်၊ ဝိစိတ္တာသာရ၊ ဝိသေဋ္ဌဟု၊ သုံးပါးဝိသေ၊ ဂုဏ်ထူးဝေ၏၊ ခြေတော်ဦးတင်၊ ရိုပန်ဆင်လျက်၊ ဘုန်းရှင်မဟာ၊ တိပိဋကာလျှင်၊ ရာကျော်သက်ဖြိုး၊ ရှစ်နှစ်တိုးလျက်၊ သယ်ပိုးသာသနာ၊ တက်နေဖြာဟု၊ ဆ ဒ်ကြာညွှန့်

ရွှင်၊ ကျွန်ဦးတင်ပြီး၍-

ကျွဲးရင့်ရင့်သီ၊ ဖူးပွင့်စီသို့၊ ဦးချီးတင်ကာ၊ တောင်းဆုဖြာသား၊ မဟာဂုဏ်ဖြာ၊ ဦးချမ်းသာဟု၊ မှန်စွာနာမ်ရပ်၊ အကျွန်ုပ်ကား၊ ရေမြုပ်ပမာ၊ ကျွန်ုခန္ဓာကို၊ တာမတွယ်ဘဲ၊ သြဃဝဲမှာ၊ အမြဲကျွတ်လို၊ ကျွန်ုပ်ဆို၏၊ မဂ်ဖိုလ်နိဗ္ဗာန်၊ တောင်းဆုသန်လျက်၊ အမြန်ရမှု၊ ဓိဋ္ဌာန်ပြု၍၊ ဖြစ်မူချုပ်ပျက်၊ ဝဋ်သုံးစက်မှ၊ သုံးချက်တဏှာ၊ ပါးအောင်ဆွာ၍၊ သခ်ါရုနက်ကျယ်၊ ဝဋ်ပင်လယ်မှ၊ အပါယ်ဆင်းနက်၊ ကိလေစက်ကို၊ မဂ်ဖြင့်ပယ်ခွာ၊ အမတာသို့၊ လျင်စွာရလို၊ တောင်းဆုဆို၍၊ မဂ်ဖိုလ်ညွှန်ပြု၊ မြတ်မွန်ဆုကို၊ ရမှုကောန်၊ အမြင်မှန်ဖြင့်၊ ဉာဏ်လွှာသစ္စာ၊ ကိစ္စ + ကတာ၊ သုံးပါးဉာဏ်ဖြာ၊ လေးသစ္စာဖြင့်၊ အမတာတာဘီ၊ ဒိဋ္ဌိဝိစိကိစ္ဆာ၊ ချုပ်အောင် ရှာလျက်၊ ခေမာအောင်နန်း၊ ကျွန်ဆင်မြန်းဟု၊ ဥဒါန်းဖွင့်ချီ၊ ကျွဲး ရင့်သီပြီး၍ -

ဖူးပွင့်ပွင့်စီ၊ ဦးတင့်ချီလျက်၊ ကျွဲးသီရင့်ငြောင်း၊ နိဒါန်းလောင်းအံ့၊ ဂုဏ်ပေါင်းစုစွာ၊ ဦးချမ်းသာဟု၊ မဟာသရေ၊ စည်သူဝေနှင့်၊ တစ်ထွေအိုင်စီအက်(စ်)၊ ဉာဏ်ထက်မြက်၏၊ ချက်မြုပ်ဇာတိ၊ ဂုဏ်ထူးရှိသား၊ သီရိကျက်သရေ၊ မင်းဘူးမြေကို၊ ခြေခံပြုသော်၊ စာဆိုတော်ဟု၊ ကျွဲးဖော်နတ်ကြွေး၊ နဝဒေးဖြင့်၊ မြတ်လေးထူးဘိ တိပိဋကဓရ-ဓမ္မဘဏ္ဍာ-ဂါရိကာဟု၊ မဟာတိပိဋက၊ ဝိသေသနှင့်၊ မြွက်ဟမိန့်ကျွဲး၊ မြို့ပဲခူးမှ၊ မြင့်မူးဂုဏ်ဝါ၊ မဟာသံဃ၊ နာယကအဖွဲ့၏၊ ဦးစွာဉက္ကဋ္ဌ၊ မြင့်မြတ်လှသား၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပြည်သူ့ဆရာ၊ ထေရ်ထွက်ချာတို့၊ ဇေယျာအောင်ညွှန့်၊ မင်းကွန်းအောင်ဟိတ်၊ အောင်နိမိတ်ဖြင့်၊ မိုးမိတ်မဟာ၊ မင်္ဂလာမော်ကွန်း၊


မ-ငါးညွှန်းနှင့်၊ ရောင်ထွန်းခြောက်ဖြာ၊ ဘဂဝါ၏၊ မဟာစေတီ၊ မိုး
မြင့်ချီသည့်၊ သိရီမဟာ၊ မင်္ဂလာဟု၊ မဟာမော်ကွန်း၊ မ-ငါးထွန်း
ကို၊ ရည်ညွှန်းဂုဏ်ဖော်၊ စာဆိုတော်ဟု၊ နတ်ဆော်ရင့်ကြွေး၊ ပြစ်
ကင်းဝေးသား၊ နဝဒေးမင်းဘူး၊ ဘွဲ့သတ်ထူးတည့်၊ လက်ဦးဆိုပွဲ၊
ယဉ်နုတွဲလျက်၊ လက်ဝဲ မင်းညို၊ လှစာဆို၏၊ နုပျိုဂုဏ်ဝေ၊ ပဒေသာ
ရတု၊ ကဗျာဆုနှင့်၊ ဂုဏ်ပြုသာသနာ၊ မှတ်တင်ကာသို့၊ ထယ်ဝါခန့်
နှ၊ ရတုပဒေသာ၊ နက်နဲကဗျာဟု၊ လက်ာနှစ်ခု၊ စာဆိုမှူတွင်၊
အနုပညာ၊ ဂုဏ်စုံစွာဖြင့်၊ ရွှေစာမော်ကွန်း၊ လကြည်ထွန်းသို့၊ တည့်
မွန်းရောင်လင်း၊ ရောင်နေဝင်းလျက်၊ မကြွင်းမကျန်၊ နည်းစုံဖန်သား၊
နည်းမှန်လမ်းပြ၊ ကွက်စစ်ရသော်၊ အက္ခရာတစ်သိန်း၊ ငါးသောင်း
ကိန်းကို၊ ထိန်းပြသတ်မှန်၊ ကာရန်မှန်နှင့်၊ စပ်မှန်နည်းစုံ၊ အဖုံဖုံကို၊
ကုံလုံပြည့်ဝ၊ စံတင်ပြတွင်၊ ချီချစုံစွာ၊ ဉာဏ်ကွန့်ဖြာလျက်၊ ကျူး
ကာရင့်သီ၊ ဖူးပွင့်စီပြီး၍-

မဟီအောင်ချာ၊ သိမ် + သိဂ်ါဟု၊ ချိန်ခါမိမီ၊ စိန်စိန်စီသား၊
ထိန်ညီရောင်ထွက်၊ ပြိုးပြိုးပြက်နှင့်၊ ကနက်ဖွင့်ဘိ ထွန်းသီရိဟု၊
တိပိဋကာ၊ ဓမ္မဝိလာသိနီ၊ နာရဏီတွင်၊ ညွှန့်သီဂုဏ်ပေါင်း၊ များလှ
တောင်းကို၊ စုပေါင်းဂုဏ်ဆောင်၊ သိဒ္ဓိတင်ပြီး၍-

သောင်းခွင်စက္ကဝါ၊ ထွန်းလင်းဖြာဟု၊ ဝိလာသိနီ၊ မော်ကွန်းချီ
ကို၊ သီဂီကိုးမျက်၊ သံပိုင်းဆက်သော်၊ လျှံတက်ဂုဏ်ထူး၊ သာရင့်
ကြွေးသား၊ မင်းဘူးနဝဒေး၊ နတ်တို့ပေး၍၊ နတ်သွေးပတ္တမြား၊ ငါ
မောက်ကြွားနှင့်၊ ကိုးပါးနဝရတ်၊ ကိုးမျက်သတ်သည့်၊ ဦးမြတ်ရောင်
လှိုင်း၊ ဤသမိုင်းကား၊ တုန်ိုင်းမြင်၊ ကိုးရောင်ရွှင်ပေ့။ ။

ရွှေစင်ပြည့်ဖြိုး၊ နဝရတ်အိုး၊
ဒေဝါဆော်နှိုး၊ မော်ကွန်းပျိုး၊
နဝရတ်မြတ်ကိုး၊ သံပိုင်းတိုး။

စာဆိုတော် မင်းဘူးနဝေး
(လက်ဝဲမင်းညို)





ဝပ္ပဒိလာသိနီ သိမ်တော်

ဤသည့်ပုည ကုသလကြောင့်
လောဘ + ဒေါသ + မောဟကင်းကွာ
သံသရာဝယ် ကျင်ပါရာဘိ
ပညာရှိနှင့် ယှဉ်မိပေါင်းသင်း
ဉာဏ်မဲ့ကွင်း၍
ပြည့်လင်းလှုမျှယ်
လှုစဉ်ဝယ်လည်း
သုံးသွယ်စေတနာ ဖြောင့်ညီညာသည်
ခေမာအထွတ် တိုင်လိုသော်။ ။

စိန်ရတုဝိဇ္ဇာတမင်္ဂလာအထိမ်းအမှတ်ဂြေကြးသွန်းရုပ်တုတော်





မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ အာထူးကူဆေးရုံ၌ တည်ထားပူဇော်မည့်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ကြေးသွန်းရုပ်တုတော်



မင်းကွန်းတိပိဋကဓရဆရာတော်ကြီးအရှင်

ပုဉ္ဇာဘိဝံသာဘိရဓဇဂုဏ်တော်

သွန်းလှူပူဇော်ခြင်း

ပန်းချီရဲအောင်နိုင်

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူ ကြေးသားရုပ် သွန်းလုပ်ပူဇော်ခြင်း

မင်းကွန်းတိပိဋက = နိကာယသာသနာပြု ကျောက်စာတိုက်(၁၄)တိုက်၊ ဆရာတော်ကြီး၏ အဖွဲ့သည် ဗုဒ္ဓပူဇော+ ဓမ္မပူဇော+ သံဃပူဇောဟု ဆိုအပ်သော ပူဇော်ပွဲကြီး တစ်ပွဲတစ်ပွဲ ကျင်းပတိုင်း ကျင်းပတိုင်း အထိမ်းအမှတ်တစ်ခုတစ်ခုကို လုပ်ဆောင်လေ့ရှိပါသည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ တိပိဋကဓရ(ပိဋကသုံးပုံဆောင်) အဖြစ် ရောက်တော်မူသည့် (၂၅)နှစ်မြောက်၁၃၄၀- ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၅-ရက်(၁၉၈၇-ခုနှစ်၊ ဇွန် ၂၅)နေ့တွင် ငွေရတုသဘင်ပွဲ ဆင်နွှဲခဲ့ပါသည်။ ထိုငွေရတုသဘင်ပွဲ ဆင်နွှဲပြီးသည့်နောက် (၂၅)လ အကြာတွင် တိပိဋကဓရ ငွေရတု၏ ငွေရတုပူဇော အခါအဖြစ် ၁၃၄၂-ခု၊ တော်သလင်းလပြည့်ကျော် ၄-ရက်တွင် မင်းကွန်းမိုးမိတ်ကုန်းမြေ တိပိဋက=နိကာယကျောင်းတိုက်၌ ပိဋကတ်တိုက်တည်ထောင်၍ ပိဋကကျမ်းစာများလှူဒါန်းခဲ့ပါသည်။ နိကာယ ငါးရပ်(၅)၊ ပိဋကတ်သုံးပုံ(၃)ကို စုပေါင်းကာ ရှစ်ဂဏန်းအထိမ်းအမှတ်အဖြစ် ပိဋကတ်တိုက်နှင့် ပိဋကတ်ကျမ်းအရပ်ရပ် စုစုပေါင်းတန်ဘိုးရှစ်သိန်းကျော်ဘိုးမျှကို လှူဒါန်းခဲ့ပါသည်။

ငွေရတု၏ ငွေရတုပူဇောအခါမှ (၂၅)လ မြောက်သောအခါ ရွှေရတုပူဇောသဘင်ကို ၁၃၄၄-ခု၊ တန်ဆောင်မုန်းလတွင် ကျင်းပခဲ့ပါသည်။ ဤငွေရတု၏ ရွှေရတုပူဇောအထိမ်းအမှတ်အဖြစ် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဦးစီးရေးသားတော်မူသော-

မဟာဗုဒ္ဓဝင် (၆)တွဲ (၈)အုပ် ။
ဆဋ္ဌသံဂါယနာ အမေးအဖြေများ ။
ဆရာတော်ကြီး၏ ထေရပွတ္တိ နှင့်
ငွေရတုဩဝါဒကထာ- တို့ကို ကျောက်စာရေးထိုး၍ ပြည်နယ်နှင့်တိုင်း (၁၄)ခုကိုရည်ရွယ်၍ သက်တော်(၇၀) ကျော်မှုကို ရည်စူး၍ ကျောက်စာတစ်တိုက်လျှင် ကျောက်စာချပ်(၇၀)ကျော် စိုက်ထူခဲ့ပါသည်။

ငွေရတုပူဇောအခါမှ (၇၅)လမြောက် ရောက်သောအခါ ငွေရတု၏ စိန်ရတုပူဇောပွဲကို ရန်ကုန်တိပိဋကကျောင်းတော်၌ ကျင်းပခဲ့ကြပြန်ပါသည်။ ထိုငွေရတု၏ စိန်ရတုပူဇောအထိမ်းအမှတ်အဖြစ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားတိတ်ခွေများကို စုပေါင်းကာ တိတ်ဘဏ္ဍာတိုက်ကို တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ထို့ပြင် မင်းကွန်းတိပိဋက ဆရာတော်ကြီး တိပိဋကဓရဖြစ်အောင် လေ့ကျက်ပြန်ဆိုခဲ့ရသည့် ပိဋကသုံးပုံပါဠိအဋ္ဌကထာ ဋီကာဂဏ္ဌိ ရှိရှိသမျှကျမ်းစာပေါင်း (၅၂၉)အုပ်ကို သရုပ်ဖော်လျှက် ပိဋကငွေစေတီသွန်းလုပ်ပူဇော်ခဲ့ပါသည်။ တိပိဋကဓရ ငွေရတုအခါကို အထိမ်းအမှတ်ယူ၍ စေတီအထည်ကိုယ်ကို ငွေသားကိုအချိန်(၂၄၈၅)ဖြင့် တည်ထားပါသည်။ ငွေရတု၏ ရွှေရတုပူဇောကို မဂ်လာယူ၍ ထီးတော်ကို ရွှေသားဖြင့် ထုလုပ်ပူဇော်ခဲ့ပါသည်။ ငွေရတု၏ စိန်ရတုပူဇောကို မဂ်လာယူ၍ စိန်ဖူးအဖြစ် စိန်ကိုအထွတ်တင် ပူဇော်ခဲ့ပါသည်။ ဤပိဋကတ်ငွေစေတီ၏ အသီးအပွင့်အဖြစ် မင်းကွန်းမိုးမိတ်ကုန်းမြေ မင်းတေဇကုန်းတွင်၊ ပိဋကတ်စေတီတော်ကို ပဋ္ဌာန်း(၂၄)ပစ္စည်းကို မူတည်၍ (၂၄)တောင် (=၃၆ ပေ) ကိုးနဝင်းချေ စေတီတည်ထား ပူဇော်ခဲ့ပါသည်။ ဤပိဋကစေတီတွင် ဘွဲ့တော်နှင့်လိုက်လျောညီထွေစွာပင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ပိဋကတ်သုံးပုံဆောင်ဖြစ်အောင် လေ့လာကျက်မှတ်ဖြေဆိုခဲ့ရသည့် ပါဠိတော်အဋ္ဌကထာဋီကာဂဏ္ဌိစာအုပ်ပေါင်း(၅၂၉)အုပ်

ကို သရုပ်ဖော်သောအားဖြင့် ကျမ်းအမည်ကို စကျင်ကျောက်ဖြင့် စာအုပ်သဏ္ဌာန်ထုလုပ်၍ ကျမ်းအမည်ကိုဖော်ပြလျှက် စေတီ၏ပတ်ပတ်လည်တွင် ဖော်ပြထားပါသည်။

၁၃၄၈-ခု၊တန်ဆောင်မုန်းလဆန်း (၁၁)ရက်၊ ဗုဒ္ဓဟူးနေ့သည် မင်းကွန်းတိုင်ဒုကဆရာတော်ကြီး၏ မွေးလ၊ မွေးရက်၊ မွေးနေ့ သုံးပါးလုံး စုံကြိုက်ကြုံဆုံသောနေ့ဖြစ်ပါသည်။ ဆရာတော်ကြီး၏ သက်တော်(၇၅) နှစ်ပြည့် ဝိဇာတမင်္ဂလာအခါနေ့လည်းဖြစ်ပါသည်။ လူတစ်ဦး၏ဘဝတွင် မွေးနေ့ မွေးရက် ဆုံတတ်မြဲဖြစ်သော်လည်း ယခုကဲ့သို့ ရတုပွဲအခါမျိုးနှင့်ကား ကြုံဆုံခဲပါသည်။ ထို့ကြောင့် မင်းကွန်းတိုင်ဒုကနိကာယသာသနာပြုအဖွဲ့သည် စိန်ရတုဝိဇာတ မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲကျင်းပခဲ့ကြပါသည်။

ဤစိန်ရတုဝိဇာတ မင်္ဂလာပွဲကို ဆရာတော်ဘုရားကြီး သိတင်းသုံးတော်မူရာ မင်းကွန်းဓမ္မနာဒတိုက်၌ ဆင်္ခသံဂါယနာကို သရုပ်ဖော်သည့်လှိုဏ်ဂူတော်ဖန်ဆင်း၍ တိုင်ဒုက=နိကာယ စာသင်သားများက ပိဋကသုံးပုံ မေးဖြေသရုပ်ဖော်ခဲ့ကြပါသည်။

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်းအတွင်းရှိ မဟာသိမ်တော်ကြီးတွင်ကျင်းပရာတွင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ပူဇာဖြစ်စေရန် ဆရာတော်ကြီးမွေးနေ့မတိုင်မီကပင် ကြိုတင်၍ (၅)ရက်တိုင် ကျင်းပခဲ့ပါသည်။ ဤစိန်ရတုဝိဇာတ မင်္ဂလာအခါမှာပင် ဆရာတော်ကြီး၏ ပုံတူပုံစံငယ်များကို အများပြည်သူတို့ ကြည်ညိုပူဇော်ခံနိုင်ရန် အပူဇော်ခံခဲ့ပါသည်။

ဤပုံစံငယ်များကို ပန်းချီပန်းပုကျောင်းမှ ကျောင်းအုပ်ကြီးဦးစိုးတင့် ထုလုပ်ပါသည်။ ဤပုံစံငယ်သုံးဆူကို ဖူးမြင်ရသော တိုင်ဒုက=နိကာယသာသနာပြုအဖွဲဝင်လူကြီးများ လွန်စွာအားရသဘောကျကြပါသည်။ ဆရာတော်ဘုရားကြီး၏ အမူအရာစရိုက်လက္ခဏာကို ပီပြင်စွာ ဖော်ပြနိုင်သည့်အတွက် ကြေးသားရုပ်သွန်းလုပ်ရန် စိတ်အားထက်သန်လာကြပါသည်။ ထို့ကြောင့် တိုင်ဒုက=နိကာယသာသနာပြုအဖွဲ့ ပင်မအဖွဲဥက္ကဋ္ဌကြီး ဆရာဝန်ကြီးဦးသာလှအမှူးရှိသော ကြေးသားရုပ် သွန်းလုပ်ပူဇော်ရေးကော်မတီဝင်များဖြစ်ကြသည်- အငြိမ်းစားဗိုလ်မှူးကြီး အောင်ဇင်၊ အတွင်းရေးမှူးဦးအောင်ကြည်၊ ဆရာကြီးဒဂုံဦးစန်းငွေ၊ ဆရာကြီးဦးဆန်းထွန်း၊ ဆရာကြီးပန်းချီဦးဘကြည်၊ မဟာရန်ကုန်မြို့တော်အင်ဂျင်နီယာဦးဝင်းထိန်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာချစ်ဆွေ တို့ပါဝင်သော (၁၅)ဦး ကော်မတီက ကြေးသားရုပ်သွန်းလုပ်မည့်ပုံစံကို အတည်ပြုရွေးချယ်ပေးကြပါသည်။

ကြေးသားရုပ်သွန်းလုပ်ပူဇော်မည့် ပုံတူသုံးဆူမှာ တစ်ဆူနှင့်တစ်ဆူ မတူပါ။ ယခု စိန်ရတုဝိဇာတ မင်္ဂလာအခါတွင် သွန်းလုပ်ပူဇော်မည့်ပုံတူမှာ ဆရာတော်ကြီး မေတ္တာပို့တော်မူနေသည့်ပုံ ဖြစ်ပါသည်။ ထိုပုံတူကို မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံတွင် တည်ထားပူဇော်မည် ဖြစ်ပါသည်။ ဤပုံတူကို ရွှေးချယ်ရခြင်းမှာ ဆရာတော်ကြီး မေတ္တာဘာဝနာ ပွားလေ့ရှိတော်မူသောကြောင့် ဖြစ်ပါသည်။

ဒုတိယပုံတူမှာ ဆရာတော်ကြီး ယပ်တောင်ကိုင်၍ တရားဟောရေစက်ချနေပုံ ဖြစ်ပါသည်။ ဤပုံတူကို မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် တည်ထားပူဇော်မည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မန္တလေး သာသနာ့ တက္ကသိုလ်၏ ကျောင်းဆောင်အသီးသီးကို ပုဂ္ဂလိကအလှူရှင်အသီးသီး လှူဒါန်းသည်ဖြစ်ရကား ပုဂ္ဂလိကရေစက်ချပေးတော်မူရ၍ ဖြစ်ပါသည်။

တတိယပုံတူမှာ ဆရာတော်ကြီး စာရွက်ကိုကိုင်၍ ရေစက်ချတရား ချီးမြှင့်တော်မူနေပုံ ဖြစ်ပါသည်။ ဤပုံတူကို ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် တည်ထားပူဇော်မည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ရန်ကုန်သာသနာ့တက္ကသိုလ်ရှိ ကျောင်းဆောင်အသီးသီးကို ပြည်နယ်နှင့်တိုင်းအသီးသီးမှ အလှူရှင်အသီးသီးက စုဆောင်း

စုပေါင်းရှိလျှင်ဒါန်းသည့် အလှူတော်ငွေဖြင့် ဆောက်လုပ်သည်ဖြစ်ရာ မည်သည့်တိုင်း မည်သည့်ပြည်နယ် မည်သည့်မြို့.ရွာက အလှူတော်ငွေပေါင်း မည်ရွေ့. မည်မျှဟု ဂဏန်းချ၍လျှင်ဒါန်းသည့် အလှူတော်ငွေစာရင်းကိုဖေါ်ပြ၍ ရေစက်ချပေးတော်မူရသောကြောင့် ဖြစ်ပါသည်။

ကြေးသားရုပ် သွန်းလုပ်ပူဇော်ရာတွင် တာဝန်ယူသွန်းလုပ်မည့် ပညာရှင်မှာလည်း ရန်ကုန်မြို့.ပန်းချီပန်းပုကျောင်းအုပ်ကြီးဦးစိုးတင့် ပင်ဖြစ်ပါသည်။ ဦးစိုးတင့်သည် လူငယ်ပညာရှင်တစ်ဦးမျှသာ ဖြစ်ပါသည်။ သို့သော် ပညာအခြေခံကြီးပါသည်။ ဦးစိုးတင့်သည် တောင်တွင်းကြီးဇာတိ ပန်းပုဆရာကြီးဦးမြစ် ထံတွင် မြန်မာ့ရိုးရာ သစ်သားပန်းပုပညာကို (၁)နှစ်ကျော် လေ့လာဆည်းပူးခဲ့ဖူးပါသည်။ ပန်းချီပညာဘက်တွင်လည်း ရွေတံဆိပ်ရ ပညာရှင်တစ်ဦးဖြစ်ပါသည်။ ပန်းချီပန်းပု နှစ်မျိုးရပညာရှင်သည် ဂျာမနီနိုင်ငံ အနုပညာတက္ကသိုလ်တွင် ပန်းချီပန်းပုနှင့်ကြေးသွန်းပညာရပ်များကို (၁၀)နှစ်ကြာဆည်းပူးခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သူဖြစ်ပါသည်။ ဤသို့ စွယ်စုံပညာရှင်ဘွဲ့ရပုဂ္ဂိုလ်ဆို၍ မြန်မာပြည်တွင် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ပုံတူသွန်းလုပ်မှု ပီပြင်လှသဖြင့် ဆရာတော်ကြီး၏ ပုံတူပုံစံငယ်သုံးဆူထဲမှ ယပ်တောင်ကိုင်ပုံကို ပလာစတာပုံတူများစွာ ထုလုပ်ပေးခဲ့ရပါသည်။ ပူဇော်သည့်ပုဂ္ဂိုလ်များ လွန်စွာများပြားသည့်အတွက် လက်မလည်နိုင်အောင်ပင် ထုလုပ်ပေးခဲ့ရပါသည်။

ဆရာဦးစိုးတင့်သည် ပုံစံငယ်မျှကိုသာ သွန်းလုပ်နိုင်သူ မဟုတ်ပါ။ ထုနှင့် ထည်နှင့် ကြိုးကျယ်သော ပကတိလူထက် အဆများစွာကြီးသော ပုံတူများကိုလည်း အချိုးကျ ပီပြင်စွာ သွန်းလုပ်နိုင်သူ ဖြစ်ပါသည်။ မကွေးမြို့.မှ ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးနေပုံ ကြေးသားရုပ်မှာ ထင်ရှားသော သာဓကပင်ဖြစ်ပါသည်။ ယခုအခါ ဤသို့ကြီးမားသောရုပ်တုများကို တာဝန်ယူ သွန်းလောင်းထုလုပ်ပေးနေရသူ ဖြစ်ပါသည်။

ဆရာဦးစိုးတင့်သည် ပုံကိုသာ သွန်းလောင်းတတ်သည်မဟုတ်၊ ဝတ္ထုပစ္စည်းကိုလည်း ကောင်းစွာရွေးချယ်တတ်ပါသည်။ မည်သည့်ပစ္စည်းဖြင့် ထုလုပ်လျှင် မည်မျှကာရှည်ခံမည်၊ အပွတ်အတိုက်ခံမည်စသည်ကိုလည်း တွက်ချက်တတ်သူ ဖြစ်ပါသည်။ ထို့ကြောင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူသွန်းလုပ်ရေးအတွက် ကြေးဝါကို ရွေးချယ်ပါသည်။ ကြေးဝါသည် ကြေးနီနှင့်သုပ် အချိုးကျရောစပ်ထားသော သတ္တုစပ်ဖြစ်ပါသည်။ မာပြီးတာရှည်ခံပါသည်။ ကြေးဝါသည် အလွယ်တကူကြိုပြီးပုသွင်းနိုင်သည့်သတ္တို ရှိပါသည်။ ရေထဲမိုးထဲ မည်မျှပင် ပစ်ထားစေကာမူ ချေးမတက်ပါ။ အရောင်တင်ခံနိုင်သည့် သတ္တိလည်း ရှိပါသည်။

စိန်ရတုဝိဇ္ဇာတ မင်္ဂလာအခါတွင် မန္တလေးမြို့.ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံတွင် တည်ထားပူဇော်မည့် မေတ္တာပို့ပုံတော်ကို သွန်းလောင်းခဲ့ပါသည်။ ကြေးသွန်းမည့်နေရာကို သဲဖြူခင်း ရာဇမတ်ကာပါသည်။ မင်္ဂလာအချိန်ကြာသည်နှင့် ကြေးသားရုပ်တုကို စတင်သွန်းလောင်းခဲ့ပါသည်။ ဤသို့ကြေးသွန်းနေစဉ်အတွင်း သာသနာရေးဦးစီးဌာန၏အဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်ဝတ်အဖွဲ့တို့က ပရိတ်တော်များကို ပါဠိမြန်မာနှစ်ဘာသာဖြင့်လည်းကောင်း၊ တရုတ်မြန်မာ ဗုဒ္ဓဘာသာအဖွဲ့က တရုတ်ဘာသာဖြင့်လည်းကောင်း၊ သင်္ကန်းကျွန်းဦးစံမြင့်ဦးဆောင်သော ဟိန္ဒူဝတ်အဖွဲ့က ဟိန္ဒီဘာသာဖြင့်လည်းကောင်း၊ ဓမ္မဃောသကဦးမောင်မောင်စိစဉ်သောအဖွဲ့က ကရင်ဘာသာဖြင့်လည်းကောင်း အသီးသီးရွတ်ဆို ပူဇော်ကြပါသည်။ မြန်မာနိုင်ငံဂီတကောင်စဉက္ကဋ္ဌ ဗိုလ်ကလေးဦးတင့်အောင်နှင့် ဂီတလှလင်ဦးကိုကိုတို့ဦးဆောင်သော အဖွဲ့က နဲကြိုးဆရာတော် ဦးသီလကွန္ဒရေးသားသော

ဘုရားပင့်နှင့် အောင်ခြင်းရှစ်ပါးဂါထာကို သာယာနာပျော်ဖွယ် ရွတ်ဆိုပူဇော်ကြပါသည်။

ဤသို့ ပထမအကြိမ် ကြေးသားရုပ် သွန်းလောင်းပူဇော်ပြီးနောက် ၁၃၄၉ ခု၊ တန်ဆောင်မုန်းလဆန်း ၄-ရက်(၁၉၈၇-ခု၊ အောက်တိုဘာ ၂၅-ရက်) နေ့တွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ သက်တော်(၇၆)နှစ်ပြည့် အကြိုပူဇော်ပွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာသိမ်တော်ကြီးတွင် ကျင်းပခဲ့ပါသည်။ ထိုပွဲတွင် မန္တလေးမြို့ ဓိဝိတဒါန သာသနာ့အထူးကုဆေးရုံ၌ တည်ထားပူဇော်မည့် မေတ္တာပို့ပုံတော်အဖြစ် ဆရာတော်ကြီး၏ ပုံတူ ကြေးသားရုပ် သွန်းလုပ်ပူဇော်ခဲ့ကြပြန်ပါသည်။


တစ်ဖန် ၁၃၅၀-ခု၊ တပို့တွဲလပြည့် (၁၉၈၈-ဖေဖော်ဝါရီလ ၂-ရက်)နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များသို့ မြန်မာစာပါမောက္ခဦးဧမောင် လွှဒါန်းခဲ့သော ကျမ်းစာအုပ်များ၊ ယစ်မျိုးအမှုထမ်းများအဖွဲ့က လွှဒါန်းသည့် ပိဋကပါဠိအင်္ဂကထာစာအုပ်များ၊ ပဲခူးတိုင်း အိုးသည်ကုန်းမြို့က လွှဒါန်းသော ပေစာ(၅၅)ထုပ်၊ ရန်ကုန်သာသနာ့တက္ကသိုလ် တိနဲဥပဇ္ဈာကအဖွဲဥက္ကဋ္ဌ ဂဠုန်မင်းဦးတင်မောင် ဒေါ်မြင့် သားမြေးတစ်စု လွှဒါန်းသော ကျမ်းစာအုပ်(၁၃၈)အုပ်၊ ရန်ကုန်မြို့ ကမာရွတ်စံရိပ်ငြိမ် အမှတ်(၆)နေ ဦးမောင်သန်း ဒေါ်ဖွားသစ်မြေးမြစ်တစ်စုတို့ လွှဒါန်းသော ပိဋကသုံးပုံ သင်ရိုးအုပ်ရေ (၂၁)နှင့် စာတိုက်ဘီဒိုနှင့် ငပုတောမြို့နယ်က ထမနဲ(ယာဂု) အလှူပွဲနှင့် ဒေသထွက်ကုန်လွှဒါန်းပွဲ၊ ဤလွှဒါန်းသမျှ အစုစုကို ရေစက်ချသည့် ပွဲ၌ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်တွင် တည်ထားပူဇော်မည့် အလှူရှင်စာရင်းဖတ်၍ ရေစက်ချနေပုံ ကြေးသားရုပ်ကို သွန်းလုပ်ပူဇော်ကြပြန်ပါသည်။ ထိုစဉ်က ညပိုင်းတွင် ဂီတအနုပညာရှင်များက ဓမ္မတေးများ သီဆိုဖျော်ဖြေခဲ့ကြပါသည်။

ဤသို့လျှင် ရတနာသုံးပါးကို ဦးထိပ်ထား၍ ကြေးသားရုပ် (၃)ဆူကို သုံးကြိမ်တိုင်တိုင် ပူဇော်ခဲ့ကြပါသည်။

ဤသို့ သွန်းလုပ်ပြီးသော ကြေးသားရုပ်သုံးဆူ အချောကိုင်မူလုပ်ငန်းကို ၁၉၈၈-ခု၊ ဇွန်လအတွင်း တွင် ရန်ကုန်မြို့ ပန်းချီပန်းပုကျောင်း၌ ပြုလုပ်ပါသည်။ ဤအချောကိုင်မူလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း တိပိဋက=နိကာယဥပဇ္ဈာက ပင်မအဖွဲ့ဥက္ကဋ္ဌကြီး ဆရာဝန်ကြီးဦးသာလှနှင့် တကွ ဆရာဦးမင်းနိုင်အပါအဝင် ပန်းချီပန်းပုပညာရှင်များ သွားရောက်ကြည့်ရှု၍ လိုအပ်ရာရာကို ဆွေးနွေးကြပါသည်။ တိ-နိဥပဇ္ဈာကဥက္ကဋ္ဌကလည်း မော်ကွန်းထိန်းကိုတာဝန်ပေးအပ်၍ နေ့စဉ် ကြည့်ရှုစေပါသည်။ နေ့စဉ် လုပ်ငန်းတိုးတက်မှုကိုလည်း အစီရင်ခံစေခဲ့ပါသည်။ ဤသို့ ဆောင်ရွက်ခဲ့ရာ ၁၉၈၈-ဩဂုတ်လအတွင်းမှာပင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ပုံတော် အချောကိုင်ပြီးသည့် အခြေအနေသို့ ရောက်ခဲ့ရပါတော့သည်။

အချောကိုင်ပြီး ကြေးသားရုပ်သုံးဆူ အနက်

*ယပ်တောင်ကိုင်ပုံတော်
ပယောင်းချိန် ပိသာ(၂၀)၊
ကြေးချိန် ပိသာ (၁၀၀) နှင့် (၅၀)ကျပ်သား။
*အလှူစာရင်း ဖတ်တော်မူဟန် ပုံတော်
ဖယောင်းချိန် (၁၈)ပိသာ၊
ကြေးချိန် ပိသာ(၁၀၀)။
*မေတ္တာပို့တော်မူဟန် ပုံတော်
ဖယောင်းချိန် (၁၅)ပိသာ၊
ကြေးချိန် (၇၅)ပိသာ အသီးသီးရှိပါသည်။



ပင်းကွန်းတိပိဋကဓရဆရာတော်ကြီးမြတ်

ပုံတူရေးသားရပ်တည်တော်

ပင့်ဆောင်ပူဇော်ခြင်း


ပန်းချီရဲဒေဝင်္ဂနိုင်

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူ ကြေးသွန်းရုပ်တုတော်ပင့်ဆောင်ပွဲ


မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူကြေးသွန်းရုပ်တုတော်များ သွန်းလုပ်ပြီးနောက်၊ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်နှင့် မန္တလေးမြို့ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံတွင် တည်ထားပူဇော်မည့် ကြေးသားရုပ်တုတော်နှစ်ဆူ ပင့်ဆောင်ရေးအတွက် စီမံကြပါသည်။

ဤသို့ပင့်ဆောင်ရာတွင်ဂိတအနုပညာရှင်များလည်း ဓမ္မဓရများသီဆိုပူဇော်၍ လိုက်ပါပို့ဆောင်လိုသည့် ဆန္ဒရှိကြပါသည်။ ထို့ကြောင့် ရန်ကုန်မှ မန္တလေးသို့ပင့်ဆောင်ရာတွင် လမ်းတစ်လျှောက်ရောက်လေရာရာ မြို့နေလူထုကိုလည်း ပူဇော်ကြစေချင်သည့် ဆန္ဒရှိပါသည်။ ပိဋကသုံးပုံဆောင် ဗဟုသုတအရသုတဗုဒ္ဓဖြစ်တော်မူသည့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကိုယ်တော်တိုင်ကို မဟုတ်လင့်ကစား ဆရာတော်ကြီး၏ ပကတိအရွယ်ရှိ ပုံတူကြေးသားရုပ်ကို အများပြည်သူကို ပူဇော်ခွင့်ရစေချင်သည့် ဆန္ဒရှိပါသည်။

ထို့ကြောင့် ရန်ကုန်မှ မန္တလေးသို့မည်သည့်နေ့ရက်တွင် မည်သို့ပင့်ဆောင်ပူဇော်မည်ကို တိပိဋကနိကာယဥပဒ္ဒာကအဖွဲ့မှဥက္ကဋ္ဌကြီး ဆရာဝန်ကြီး ဦးသာလှနှင့်တကွ ဆိုင်ရာပုဂ္ဂိုလ်တို့ စည်းဝေးတိုင်ပင်ခဲ့ကြပါသည်။ မီးရထားဖြင့် ပင့်ဆောင်ရေးကိစ္စဖြစ်နိုင်မဖြစ်နိုင်ကို မြန်မာ့မီးရထားမှ ပို့ဆောင်ရေးအရာရှိချုပ် ဦးတင်ရွှေ၊ တိုင်းမန်နေဂျာ ဦးသန်း



မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူကြေးသွန်းရုပ်တုတော်ပင့်ဆောင်ရေးအကြိုဆွေးနွေးပွဲ
တိုးနိုဥပဒ္ဒာကပင်မအဖွဲ့ဥက္ကဋ္ဌကြီး ဦးသာလှနှင့် အနုပညာရှင်များ ဆွေးနွေးနေစဉ်



မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ ပုံတူကြေးသွန်းရုပ်တုတော် ပဲခူးမြို့သို့ရောက်ရှိစဉ်

မောင်တို့ကို ဖိတ်၍ ရန်ကုန်မြို့ အမှတ် (၁၂) စကား၀ါလမ်းရှိတိပိဋက=နိကာယ ဥပဒ္ဒာကအဖွဲ့. ရန်ကုန်ဌာနခွဲရှိ ဥက္ကဋ္ဌကြီး၏ရုံးခန်းတွင်ပင်မဥက္ကဋ္ဌကြီး ဦးသာလှနှင့် စည်းဝေးတိုင်ပင်ခဲ့ကြရသည်။ ထိုစဉ်ကကြေးသားရုပ်တုသွန်းလုပ် ပူဇော်ရေးအဖွဲ့. အကျိုးတော်ဆောင် ရန်ကုန်မြို့.နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် တိ = နိဉပဒ္ဒာက အကျိုးတော်ဆောင် ဦးစန်းထွန်း၊ ဂီတအနုပညာရှင်များ ဝတ်အဖွဲ့.၏ ဆေါင်းဆောင်ဗိုလ်ကလေး ဦးတင့်အောင်နှင့် ဂီတလှလင် ဦးကိုကိုတို့ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

နောက်ပိုင်းတွင် မီးရထားနှင့်ပင့်ဆောင်သည်ထက် မော်တော်ယာဉ်ဖြင့် ပင့်ဆောင်သည်က ရောက်လေရာရာမြို့.မှ မြို့.နေလူထုပူဇော်ရန် အခွင့်သာနိုင်သည်ဟုတွက်ဆ၍ မော်တော်ယာဉ်ဖြင့် ပင့်ဆောင်ရန် အတည်ပြုဆုံးဖြတ်ခဲ့ကြပါသည်။

၁၉၈၉ ခု၊ နိုဝင်ဘာ (၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် မန္တလေးတိုင်း ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း(၉) ဌာနအုတ်မြစ်ချ ပွဲ၊ မန္တလေးမြို့.နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (၅) ဌာနအုတ်မြစ်ချပွဲ၊ အဆောက်အဦး(၈)ခု ရေစက်ချ လှူဒါန်းပွဲ၊ တတိယသုံးနှစ်ခရီးစာစောင်တွင် ပါဝင်ရေးသား ရေးဆွဲကြသည့် အနုပညာရှင် များအား ဂုဏ်ပြုပူဇော်ပွဲနှင့် အနုပညာလက်ရာစုံပြခန်း ဖွင့်လှစ်ပွဲ၊ မန္တလေးမြို့. ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံ ဖွင့်လှစ်ပွဲ ကို စည်းဝေးတိုင်ပင်ကြသည်။ ၁၉၈၉-ခု၊ အောက်ဇုံဘာ ၁၂ရက်နေ့၊ နံနက်စာရီက မန္တလေးမြို့. နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ထမင်းစားဆောင်၌ ကျင်းပသည့်အစည်းအဝေးတွင် ကြေးသားရုပ် ပင့်ဆောင်ပူဇော်မည့် ကိစ္စကို အကျိုးတော်ဆောင် ဦးစန်းထွန်းက သရုပ်ဖော်ပုံစံနှင့် တကွ ရှင်းလင်းတင်ပြခဲ့ပါသည်။



တိ=နိ ဥပဋ္ဌာကအဖွဲ့ အကျိုးတော်ဆောင် ဦးမောင်မောင်ကြီး ရှင်းလင်းနေစဉ်

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ကြေးသွန်းရုပ် မပင့်ဆောင်မီ ကြေးသားရုပ်ရုပ်နား အပူဇော်ခံမည့်မြို့များသို့ တိ = နိအကျိုးတော်ဆောင် ဦးမောင်မောင်ကြီး၊ သာသနာ့တက္ကသိုလ်များ ဆောက်လုပ်ရေးအဖွဲ့ ဦးအောင်ကြည်၊တိ=နိ ဥပဋ္ဌာက အကျိုးတော်ဆောင် ဦးစန်းထွန်းတို့ သွားရောက်၍ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိုးကုတ်လာ ကျောက်ဆည်၊ မန္တလေးမြို့တို့မှ ဆိုင်ရာဆိုင်ရာ မြို့နယ်တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ ကြေးသွန်းရုပ် ဆိုက်ရောက်လာသည့်အခါ မည်သို့ပူဇော်မည်၊ မကျွပ်မုခ်ဦးကို မည်သို့ဖြုလုပ်ရမည်၊ မည်သို့နေရာချထားရမည်က အစ ဆွေးနွေးတိုင်ပင်ခဲ့ ကြပါသည်။

အမျိုးသမီးအနုပညာရှင်များ ဝမ္မတေးဂီတများ သီဆိုပူဇော်စဉ်



အမျိုးသား အနုပညာရှင်များ ဓမ္မဂီတများ သီဆိုပူဇော်စဉ်


ဤသို့ ပဏာမဆောင်ရွက်ချက်များ ပြီးစီးသည့်နောက် ကြေးသွန်းရုပ်ပင့်ဆောင်ရေး အဖွဲ့သည် ကြေးသွန်းရုပ်ပင့်ဆောင်ရာတွင် အသုံးပြုမည့်မော်တော်ယာဉ်စီစဉ်ခြင်း၊ မော်တော်ယာဉ် ရသည့်အခါ မော်တော်ယာဉ်ကိုတန်ဆာဆင်ခြင်း၊ ဆုံလည်ပြုလုပ်ခြင်း၊ မီးဆင်ခြင်း၊ ဘုရားကိုးဆူစံကျောင်းပြုလုပ်ခြင်း စသည့် လုပ်ဆောင်ဖွယ်အဝဝကို ပြုလုပ်ကြပါသည်။

မော်တော်ယာဉ် အလှဆင်သည့်လုပ်ငန်းကို သိန်းဆေးသုတ်အဖွဲ့မှ ဦးလှသိန်း၊ မီးဆရာကိုလှငွေတို့က ပြုလုပ်ပေးကြပါသည်။ ထိုအဖွဲ့သည် ကြေးသွန်းရုပ်ပင့်ဆောင်ရာ လမ်းတစ်လျှောက် မော်တော်ယာဉ်တွင် ပြင်ဆင်ထားသည့် အလှအပများမပျက်ရေး၊ မီးအဆင်ပြေရေးအတွက် လိုက်ပါဆောင်ရွက်ကြပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူကြေးသွန်းရုပ် ပင့်ဆောင်ရာတွင် ဗိုလ်ကလေးဦးတင့်အောင် ဂီတလုလင်ဦးကိုကို အမှူးရှိသော ဂီတအနုပညာရှင်များအဖွဲ့က ဓမ္မတေးများ သီကျူးပူဇော်ရင်း လိုက်ပါကြပါသည်။

ပန်းသာဦးထွန်းရည်နှင့် သားများကလည်းကောင်း၊ မြန်မာ့အသံရှိ ရုပ်မြင်သံကြားရိုက်ကူးသူကလည်းကောင်း၊ ကြေးသွန်းရုပ်ပင့်ဆောင်ရာ လမ်းတစ်လျှောက် အဝိုဇော်ခံသည့်နေရာတိုင်းကို ဗွီဒီယိုနှင့် ရုပ်ရှင်ရိုက်ကူး၍ မှတ်တမ်းတင်ကြရသည်။ နယူးဇဟိုမှ ဓါတ်ပုံဆရာ ကိုကျော်မြင့်ကလည်း မော်ကွန်းမှတ်တမ်း ဓါတ်ပုံများ ရိုက်ကူးရသည်။

ဤကြေးသွန်းရုပ် ပင့်ဆောင်ရာတွင် ကဏ္ဍအသီးသီးမှ လိုက်ပါဆောင်ရွက်ကြသည့် စေတနာရှင်များအား ဒေါက်တာထွန်းမြတ်၊ ဒေါက်တာသင်း





ဖြူးမြို့သူမြို့သားများ ပူဇော်ကြစဉ် ဖြူးမြို့ တိုးနှုန် ဥပဇ္ဈာဘုန်းထွန်း၊ ပျဉ်းလင်းတင်ပြစဉ်


သင်းကျူ၊ ဒေါက်တာခင်ခင်ဝင်းတို့က ကျန်းမာရေးအတွက် တာဝန်ယူကြပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူကြေးသွန်းရုပ်နှစ်ဆူ ပင့်ဆောင်သည့်အခမ်းအနားကို ၁၉၈၉-ခု၊ နိုဝင်ဘာလ (၆)ရက်နေ့၊ နံနက်(၅)နာရီအချိန်တွင် ရန်ကုန်မြို့ နယူးလင့်လမ်းရှိ တိပိဋကကျောင်းတော်မှ စတင်ပါသည်။ ကြေးသားရုပ်ပင့်ဆောင်သူ ခေါင်းဆောင်မှာ ရန်ကုန်မြို့နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တိ = နိဉပဇ္ဈာကအဖွဲ့အကျိုးတော်ဆောင် ဦးစန်းထွန်း ဖြစ်ပါသည်။

ကြေးသွန်းရုပ်တုတော် နှစ်ဆူသည် နိုဝင်ဘာ(၇)ရက်နေ့ နံနက်(၈)နာရီတွင် ပဲခူးမြို့ ရွှေမော်ဓောဘုရား ဝတ္တကမြေအတွင်းရှိ အပူဇော်ခံမဏ္ဍပ်သို့ ရောက်ရှိပြီး နံနက်(၉)နာရီခွဲအထိ အပူဇော်ခံပါသည်။ ထိုပူဇော်ပွဲသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်မှူးနှင့် ပဲခူးတိုင်း ဥပဇ္ဈာနအဖွဲ့ဥက္ကဋ္ဌ ဦးဖေအောင် အစရှိသော တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ပူဇော် ကြပါသည်။ ဤသို့ ပရိသတ်စုံညီ လာရောက်ပူဇော်စဉ်တွင် ကြေးသွန်းရုပ် ပင့်ဆောင်ရေးအဖွဲ့ခေါင်းဆောင် ဦးစန်းထွန်း က ကြေးသွန်းရုပ် သွန်းလုပ်ပူဇော်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပါသည်။ အချို့ နေရာများတွင် ဗိုလ်ကလေးဦးတင့်အောင် က ရှင်းလင်းတင်ပြပါသည်။ ထို့နောက် ကြေးသွန်းရုပ်တုတော် နှစ်ဆူကို ဆက်လက်ပင့်ဆောင်ရာ ညနေ(၃)နာရီခွဲတွင် ဖြူးမြို့သို့ဆိုက်ရောက်၍ အပူဇော်ခံပါသည်။ ဖြူးမြို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ ပရိသတ် ၂၀၀၀ကျော် တက်ရောက်ကြည်ညိုပူဇော်ကြရသည်။



(၁) တောင်ငူမြို့သို့ ညဘက်ရောက်ရှိကြစဉ် အနုပညာရှင်များက ဓမ္မစေတီများဖြင့် (၁) သံဆိုပူဇော်ကြစဉ်။



⬆ တပ်ကုန်းမြို့မှ ပုံတူကြေးသွန်းရုပ်တုတော်ကို ပူဇော်ကြစဉ် ⬆

ညနေ(၄)နာရီတွင် ဖြူးမြို့မှအုတ်တွင်းမြို့သို့ ဆက်လက်ပင့်ဆောင်ပါသည်။ အုတ်တွင်းမြို့တွင် ညနေ(၅)နာရီခွဲ အချိန်မှာ အပူဇော်ခံပါသည်။

အုတ်တွင်းမှဆက်၍ပင့်ဆောင်ရာ ညနေ(၆)နာရီတွင် တောင်ငူမြို့သို့ ဆိုက်ရောက်ပါသည်။ ည(၇)နာရီတွင် ဆရာတော်ကြီး၏ ကြေးသားရုပ်တုတော်နှစ်ဆူကို တောင်ငူမြို့သူမြို့သား ၅၀၀၀ ကျော်လာရောက်ပူဇော်ကြပါသည်။ ဤပူဇော်ပွဲ အခမ်းအနား သည် ည(၈)နာရီတွင်မှ ပြီးစီးပါသည်။

၁၉၈၉-ခု၊ နိုဝင်ဘာ (၇)ရက်နေ့၊ မနက်လင်းလျှင်လင်းချင်း ကြေးသွန်းရုပ်တုတော် ပင့်ဆောင်ရေးအဖွဲ့သည် ပျဉ်းမနားဘက်ဆီသို့ ခရီးဆက်ခဲ့ပြန်ပါသည်။ ပျဉ်းမနားမြို့တွင် ယာယီစံကျောင်းတော်၌ ခေတ္တကပူဇော်ခံပါသည်။


ထိုမှတစ်ဖန် ခရီးဆက်ပြန်ရာ တပ်ကုန်းမြို့သို့ နေ့လည်စားချိန်တွင် ရောက်ပါသည်။ ထို တပ်ကုန်းမြို့တွင် မြို့သူမြို့သား တို့၏ အပူဇော်ကို ခံယူခဲ့ပါသည်။

တပ်ကုန်းမြို့မှ ခရီးဆက်ပြန်ရာ ရမည်းသင်းသို့ ရောက်သောအခါ မြို့သူမြို့သား တို့၏ အပူဇော်ခံပြီး မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူကြေးသွန်းရုပ်သည့် ပူဇော်ခံရန် ပျော်ဘွယ်မြို့ဆိုသို့ ကြွချီတော်မူပါသည်။ ပျော်ဘွယ်မှတစ်ဖန် ခရီးဆက်ပြန်ရာ မိတ္ထီလာမြို့သို့ ည(၈)နာရီခန့်တွင် ရောက်ရှိ အပူဇော်ခံပါသည်။


၁၉၈၉-ခု၊ နိုဝင်ဘာ (၈)ရက်နေ့၊ နံ[illegible] က်တွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ပုံတူကြေးသွန်း




မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းသို့ ရောက်ရှိစဉ်....



ဝိုလ်ကလေးဦးကင့်အောင်



စန္ဒရားလှထွတ်၊ စန္ဒရားချစ်ဆွေနှင့် ဂီတလူလင်ဦးကိုကိုတို့၏ သဂျာနေစေတနာဒေနေများ



အဆိုတော်မောင်မောင်ကြီး



မင်းကွန်းတိပိဋကဝရဆရာတော်ကြီးအား အနုပညာရှင်များ လက်အုပ်ချီမိုး ပူဇော်မှု အမှတ်တရ....


သွန်းရုပ်တုတော်သည် မန္တလေးဘက်ဆီသို့ ကြွချီခဲ့ရာ နံနက်(၈)နာရီတွင် ဝမ်းတွင်းမြို့သို့ ရောက်တော်မူပါသည်။ ဝမ်းတွင်းမြို့တွင် အပူဇော်ခံပြီး ခရီးဆက်ပြန်ရာ ကျောက်ဆည်မြို့သို့ နေ့(၁)နာရီတွင် ရောက်ပါသည်။


ကျောက်ဆည်မြို့၏ မြို့သူမြို့သား‌တို့၏ အပူဇော်ကိုခံယူကာ မန္တလေးသို့ကြွချီရာ ညနေ(၃)နာရီခွဲတွင် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်သို့ ရောက်ရှိပါသည်။


ထိုညတွင် ရုပ်ရှင်နှင့်ဂီတ အနုပညာရှင်များသည် မင်းကွန်းတိပိဋကဝရ ဆရာတော်ကြီး၏ ပုံတူ ကြွေးသွန်းရုပ်ကို လာရောက်ဖူးမျှော် ပူဇော်ကြည်ညိုကြသော မြို့သူမြို့သား‌တို့အား ည(၉)နာရီအထိ ဓမ္မတေးများဖြင့် အားပါးတရ သီဆိုကျူးရင့်ဖြေဖျော်ခဲ့ကြပါသတည်း။

ဤသို့လျှင် ၁၉၈၉-ခု နိုဝင်ဘာ (၆)ရက် နံနက် (၅)နာရီမှ စတင် ပင့်ခဲ့သော ကြွေးသွန်းရုပ်တုတော် ပင့်ဆောင်ရေးခရီးစဉ်သည် ၁၉၈၉-ခု၊ နိုဝင်ဘာ (၈)ရက်၊ ညနေ(၃)နာရီခွဲ အချိန်တွင် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် ခရီးဆုံးပါသည်။

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် တည်ထားပူဇော်မည့်ကြွေးသွန်းရုပ်တုတော်နှင့် မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံတွင် တည်ထားပူဇော်မည့် ကြွေးသွန်းရုပ်တုတော်သည် ယခုအခါ ယာယီအားဖြင့် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် အနုပညာလက်ရာစုံပြခန်း ပန်းချီပန်းပုပြခန်းအတွင်း လာရောက်လေ့လာသူ ရှင်လူအပေါင်း အပူဇော်ခံလျက်ရှိပါသည်။ ။







မဟာဒါန ကာလဒါန
သမိုင်းဝင်တေးထပ်

မအူပင်ဦးတင်မွေ့၊ဓမ္မောဇိယ၊ပူဇော်သည်

* ဝေးတာမြေ ရပ်ခြား
မြတ်ဘုရား သံဃာ။

* လှူပုံးဖို့ တို့ကံသာသည်
မြို့ မြန်မာ တလှား။

* စီဝရ မြတ်ဒါနံကို
ကပ်လှူရန် ပြုကြချိန်မျှ။

* သက်နှံးဖြင့် နှမ်းရာ
မချမ်းသာ လေအား။

* စခန်းမှာ တမြေခြား ပေမယ့်
တပြည်သားလိုပင်

* "လော"နှင့်"ကမ်"နှစ်ပြည်တိုင်းမှာလ
ထေရ်၊ သမိုင်း များလှစုံလင်။

* ပူဇော်ဖို့ တမူ ဆင်ပြီ
လူ လူ ရှင် သီစေကြောင်း ငယ်နဲ့၊

* ဆုခြွေတောင်း အေးမြို့ရွှေဘုံ
ပြေးလို့ ခိုလှုံ။

* ခု တခေတ် တခါကြုံသည်
ရတနာဘုံ လက်ငင်းပလေး။

ဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ပထမဆုံးသော ဝါတော်ကို ဗာရာဏသီပြည်၊ ဣသိပတနာရုံတော၌ ဖြေတော်မူခဲ့ပြီး ဒုတိယဝါတော်ကို ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်တော်ကြီး၌ ဖြေတော်မူခဲ့ပါသည်။





ဓမ္မနှင့်ဂီတသည် ဗုဒ္ဓလက်ထက်တော်ကပင် ထင်ရှားခဲ့ပါသည် ပဏ္ဍသီ၏ စောင်းချင်းဂါထာတို့တွင်

ဗုဒ္ဓ။ပသံဟိတာ = ဘုရားကိုချီးမွမ်းခြင်း
ဓမ္မ။ပသံဟိတာ = တရားတော်ကိုချီးမွမ်းခြင်း
သံဃ။ပသံဟိတာ = သံဃာတော်ကိုချီးမွမ်းခြင်း
အရဟန္တ။ပသံဟိတာ = ရဟန္တာကိုချီးမွမိုးခြင်း
ကာမ။ပသံဟိတာ = ကာမဂုဏ်ကိုချီးမွမ်းခြင်း

ဟူ၍ အကြောင်းအရာငါးမျိုး ပါဝင်ပါသည်။

ရှေးခေတ်မှစ၍ ယနေ့တိုင်အောင်ပင် မြန်မာဂီတ ပညာရှင်တို့ စပ်ဆို သီကုံးသော တေးသီချင်းတို့တွင်လည်း ဤသဘောမျိုး ပါဝင်သည်ချည်း ဖြစ်ပါသည်။ ယခုခေတ်တွင်မူကား ပဏ္ဍသီ၏ စောင်းချင်း ဂါထာ အစုကဲ့သို့ အကြောင်းအရာ ငါးမျိုးစလုံးမပါဝင်ဘဲ ဓမ္မကြောင်း ဆိုင်ရာနှင့် လောကီကိစ္စတို့ကို တသီးတသန့်ခွဲခြားကာ ဖွဲ့ဆိုသီကုံးခဲ့ကြပါသည်။

ယနေ့ မျက်မှောက်ခေတ်တွင် ဗုဒ္ဓဒေသနာ ဓမ္မတေးများတွင် ''ထူးမခြားနား'' ရောင်ခြည်တော်ဖွဲ့ သီချင်းခန့်ကြီးကိုသာ ဓမ္မတေး အဖြစ် ရှိသည်ဟု မှတ်ယူသူများ ရှိနေကြပါသည်။ ခေတ်ကာလအလိုက် ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃာ့ဂုဏ်တော်တို့ကို ဖွဲ့သီထားသော ဓမ္မတေးများကို တစ်စုတစ်စည်း ပူဇော်ကြ ကြည်ညိုသဒ္ဓါပွားများနိုင်ကြ စေရန် တိပိဋကာနိကာယ ဥပဇ္ဈာကပင်မအဖွဲ့ဥက္ကဋ္ဌကြီး ဝဏ်ကကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှသည် ဂီတပညာရှင်များ ဖြစ်ကြသော ဗိုလ်ကလေး ဦးတင့်အောင်၊ ဂီတလုလင် ဦးကိုကိုတို့နှင့် တိုင်ပင်ကာ



ဓမ္မတေးချင်း (၂၇) ပုဒ်ကို ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့ရွေးချယ်ပြီးသော တေးများကို ပန်းချီသရုပ်ဖော်လက်ရာများဖြင့် ယှဉ်တွဲပူဇော်နိုင်ရန်အတွက် ဆရာကြီး ဦးအေးမြင့် (မောင်အေးမြင့်-မြန်မာမှုဒီဇိုင်း) နှင့် ဂီတပညာရှင်များ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ပန်းချီအနုပညာရှင်များကလည်း ဓမ္မတေးများနှင့် လိုက်လျောအောင် ရေးကွက်များဖန်တီးပေးကြပါသည်။ ဂီတပညာရှင်များက ဓမ္မတေးများကို သီဆိုကြ၍ ပန်းချီပညာရှင်များက သရုပ်ဖော်ပန်းချီများဖြင့် မွမ်းမံပြင်ဆင်ကာ မြန်မာ့အသံ ရုပ်မြင်သံကြား အစီအစဉ်မှနေ၍ ထုတ်လွှင့်ပေးခဲ့ပါသည်။

ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းအတွင်းရှိ စိန်ဘရားသား ဆွမ်းစားကျောင်း၌ ၁၃၅၂-ခု၊ ဝါဆိုလဆန်း ၁၀-ရက်မှ သီတင်းကျွတ်လပြည့် အထိတစ်ဝါတွင်းလုံး ဗုဒ္ဓဒေသနာ ဓမ္မတေး ၂၇-ပုဒ် သရုပ်ဖော်ပန်းချီပြပွဲကို ပြသခဲ့ပါသည်။

တိပိဋကဓရ=နိကာယ ဥပဋ္ဌာက ပင်မအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် သာသနာ့အကျိုးဆောင် ဂီတပညာရှင်ကြီးများ၏ ဇွန်းဆောင်မှုနှင့် ပေါ်ထွက်လာခဲ့သော ဓမ္မတေး (၂၇) ပုဒ်၏ တေးစာသားများနှင့် သရုပ်ဖော် ကားတို့ကို ထပ်မံကမ္ဘည်းထိုး မော်ကွန်းတင်အပ်ပါသည်။

ဤဓမ္မတေးချင်းများ သရုပ်ဖော်ပူဇော်ပွဲအတွက် ပါဝင်ပူဇော်ကြသူများမှာ ဤသို့ဖြစ်ပါသည်။

ဗီဇဥ်သူ တိ=နိ အကျိုးဆောင်များ

ဆရာကြီး ဦးအမ်တင်အေး၊ ဒေါ်အေးမြင့် (မြန်မာမှုဒီဇိုင်း)၊ ပိုင်ကလေး ကဲ့အောင်၊ ဂီတလှိုင် မောင်ကိုကို၊ မောင်မောင်ကြီးနှင့် ကိုမင်းနောင်။



ဂုဏ်တော်ဖွင့်

တေးပြုစာဆို –အောဝမ်းဆရာညွှာ **ယခင်အဆိုတော်**–ပြည်လှဖေ
သရုပ်ဖော်ပန်းချီ-တင်လှဝင်းထင် **ယခုအဆိုတော်**–ကိုမင်းနောင်၊ ရီရီသန့်နှင့်အဖွဲ့

အမျိုးသားမြန်မာတို့ရယ်၊ ကြိုးစားပါစို့တကယ်၊ သမ္မာသမာဓိရှိမှ တည်ကြည်တယ်၊ (စိတ်ပုတီးကို စိပ်ကြအပေါင်းတွေ့ ဒီဌကောင်းပေ အောဝမ်းကန့်းဆော်ပြန်ပေကယ်)*၂။ (သတိရဖို့ နေ့ညတကယ်၊ အချိန်ကုန်သွား အလကားဖြစ်မယ်)*၂။ အိုတဒင်္ဂပဟာန်ထင်ရပြန်၊ အဖိုးအလွန်တန်ပါတယ်။ အိပ်ရာဝင်ရင်လဲ ပုတီးကိုမြဲမှတော်ကြမယ်။

သံပြိုင်။ ။(စိတ်အလိုဆန္ဒမှာ အားလုံးပြည့်ကြဖွယ်၊ ကိုယ့်ကိုယ်ကိုယ် ကိုယ်ကျိုးရှာ အမျိုးသားကိုရယ်)*၂။ ဘုရားဂုဏ်တော်လဲ စွဲမြဲစေဖွယ်၊ မေ့မေ့ရော့ရော့ ပေါ့ဆတာတွေ့ဖယ်။

(သူတော်ကောင်း သူမြက်လောင်းတို့ အာရုံတည်ဖွယ်၊ အဓိဋ္ဌာန်ပြုမှုထူးတယ်၊ အရဟံဂုဏ်တော်မြတ်ကြတကယ်)* ၂။ (သစ်တစ်ပင်အောက်မှာ ဝါးတစ်ပင်အောက်မှာ မရောက်နိုင်သော်လဲပဲ၊ ဆိတ်ငြိမ်ရာကို မဆိုလို၊ လုပ်မှုရကြမယ်)* ၂။ ဘာဝနာရေးကို၊ နှေးမကြာညွှန်းပါတယ်၊ ထိုင်နေရင်းလဲ၊ ကုန်ရင်းလဲ၊ လမ်းလျှောက်ရင်းလဲ၊ အရဟံဂုဏ်တည်နိုင်တယ်။

သံပြိုင်။ ။စိတ်အလို- - - -ပေါ့ဆတာတွေဖယ်။

× × ×





သူမေခၚရင်ရသေ့

တေးပြုစာဆို –ရွှေတိုင်ညွှန့် **ယခင်အဆိုတော်**–ဒေါ်ကြည်အောင်
သရုပ်ဖော်ပန်းချီ–စန်းလှိုင် **ယခုအဆိုတော်** –ရတနာဦး၊ မေယုမော်

ရမ္မာဝတီ ပြည်ခွင်မှာ၊ ကြည်လင်သဒ္ဓါ၊ တရားလမ်း အမှန်ရစေဌာ၊ ဒီပင်္ကာ အများရဟန်း ဈာန်ရတ္ဓပါ။ ထေရ်သဃ်ာ ဘုရား ဆွမ်းခံကြွတော်မူလာ၊ သဲဖြူနဲ့ ရာဇမတ်၊ ကြာယပ်နဲ့ဌက်ပျောပင်၊ မနောစင်၍ ဇောကကောင်း၊ ဂေါတမအလောင်း တော် နုစဉ်အခါ။ (ဆုစေတနာပလွင်တော့ဈစရာ၊ လူ့ပြည်မှာ မရှင်အလေ့ခွဲ၊ သုမေခၚရင်ရသေ့ပါ)*၂။ (ယနေ့ဖြင့် အသက်ကိုစွန့်မဟဲ့လို့၊ ဗုဒ်ရှိခွဲ့ရအိုင်ခြား၊ အားကုန်ကြံဆောင်တာ၊ အလျားမှောက်ကာ၊ တံတားလျှောက်ပါ)*၂။ (အားမြောက်စရာ ဘုရားလျှောက်တင်ရာ)*၂။

(ရဟန်းရှင် နင်းရန်ပ။ စခန်းစဉ် သလင်းကျဲကြ၊ တရားသဘာဝနဲ့ပြုသကို၊ စေတနာများစွာရမယ့် ကုသိုလ်တွေပါ)*၂။ (သတ္တဝါမြတ်ဓမ္မာ အမြိုက်ဆေး တိုက်ကျေးခဲ့တာ၊ လူ့ဘုံ နတ်ဘုံ ပြဟ္မာနှစ်ဆယ် မလစ်ခဲ့ပါ)*၂။ (နန်းနီဗ္ဗ။ဆောင်ယူမှာ)*၂။ နောင်တစ်ဆူဘုရားကိုလ ဖူးကြဖို့ အကျိုးမျှော်ကာ၊ နှိုးဆော်သူရှေတိုင်ညွှန့်က စာရေးကာပေး ရွေးကုသိုလ်အဆက်ပါ။



(ဒီပင်္ကရာ စောမြတ်စွာ၊ ထေရ်သဃ်ာ ဇောမှတ်စရာ၊ ကြည်လင်စွာသဘောနဲ့ ဟောခဲ့ပေတာ)*၂။ စတုသခ္ခေါ ဟစ်သိန်းကမ္ဘာထက်မှာ၊ ပုထုဇဉ်တွေငြိမ်းစွာကျတ်မှာ၊ သုံးလူရှင်စော လောကတစ်ခွင်မှာ၊ ဂေါတမအရှင်ပါ၊ အမတာ၊ နိဗ္ဗာန်တရားဖွေရှာ၊ ဩဇာ ဗျာဒိတ်သံကြား လေတာ။

× × ×

ပါရမီတော်

တေးပြုစာဆို –မြို့မငြိမ်း
သရုပ်ဖော်ပန်းချီ–တင်မောင်မျှင့်

ယခင်အဆိုတော်–မေရှင်
ယခုအဆိုတော် –တင်တင်မြ

ရင်၌ဖြစ်သောသားလို့ မဟာကရုဏာပွား သနားတော်မူသည်၊ သြဃဝဲသံသရာ ကျင်လည်ရရှာ ဝေနေယျဘဝကြ၊ရှည်။

အမြို့က်ရေအေးတို့က်ကာ လူနတ်ဗြဟ္မာအား တရားပြကယ်မည်။ ဇောခိ သလျောင်းလျာပါရမီ၊ သခ်ေါများစွာ ကမ္ဘာက ကျင့်ရှာသည်။ အလွန်အမင်းစွန့်ခြင်း ငါးလီ၊ ပဉ္စမဟာပရိစ္စာဂီ၊ လောကတ္ထဉာတတ္ထဗုဒ္ဓတ္ထစရိယာ ကျင့်ရှာခဲ့သည်။ လောက သုံးပါးတို့၏၊ စီးပွားကို များအောင်ဆောင်သည်။ မျိုးတော်ဆွေတော်၊ ရွှေကော် အပေါင်း၏၊ ကောင်းကျိုးသာမျှော်ကိုးရည်။ သဗ္ဗညုဉာဏ်ကို ရှေ့.ရှု သမ္ဘောဓိဆုပန် သည်။ ဆည်းပူးခဲ့ရရှာသည်၊ သုံးဆယ်အပြား ဘုရားပါရမီ။

သဒ္ဓါသန်သည်၊ ဘုံနန်းဗိမာန်အိုးအိမ်၊ စည်းစိမ်မယား၊ ရင်ဝယ်သားလဲမခင်ပြီ။ မဟာပထဝီ၊ နှစ်သိန်းလေးသောင်းထုလို့၊ အသားတော်စု၊ ဘယ်သူပြုပြုလူမည်။အသွေး ထုတ်ဝေ၊ သမုဒ်ရေအမျှညီ၊ ဘိသိက်တော်ခံ၊ မကိုင်ဆောင်းခေါင်းဖြတ်၊ ဒါနအလှူ





ဘယ်သူမမှီ။ စာမရီသားမျိုး ကျင့်ရိုးမှန်သည်၊ မြီးဆံတစ်မျှင်အတွက် အသက်သေပစီ၊ ဆိုထုံးနှလုံးပြုကာ ကျင့်ရာသည်၊ ဒါနပါရမီ။

စွန့်ခွာလေသည်၊ စကြဝတေးစည်းစိမ် မခံလိုပြီ။ ဆိတ်ငြိမ်ရာရပ်ခိုမှီ တောမြိုင် ရပ်ဆီ၊ ညွှန်ပြာပေစီ။ တကမ္ဘာလုံး လင်းအောင်ကြွဆောင်သည်၊ ထွန်းဝင်းဆီမီး ရောင်ခြည်လင်း-လင်းပေတော့သည်။ ယောကျ်ားပီပီ လက်ရုံးရည်၊ ဘယ်ဆီသောင် ကမ်း လှမ်းမမြင်နိုင်သည်၊ သမုဒ္ဒရာ ခုနစ်ရက်တောင်ကူးလျက် အောင်နိုင်သည်။ ဝီရိယာစွမ်းထုတ် ကြိုးကုတ်ပါရမီ၊ လောင်းမြတ်အာဇာနည်။

အလျှံပြောင်ပြောင်၊ လှံဝေးထက်စွာများနဲ့၊ လက်ခြေအသားယူ၊ ဖြတ်ငြားလဲ မဖြုံသည်။ ရန်သူသည်၊ ကိုယ့်ထီးနန်းကိုလုတောင်၊ မေတ္တာပွား၊ ကိုယ်ကျင့်တရား မြတ်ခန္တီ။ တောသုဉ်းမအောင် မီးလောင်ပတ်လည်၊ မိန့်တော်မူသည်၊ မှန်သောစကားဖြင့်၊ ထိုမီးကိုရှောင်စေပြီ။ ကိုယ်တော်ကို အမှုန့်ကြိတ် ရှေ့စိတ်မတုန်သည်၊ သိက္ခာတော်မပျက် တစ်သက်တည်ကြည်၊ ချစ်မုန်းခြင်းကင်းတဲ့ ဥပေက္ခာတရားပါရမီ။

× × ×

တေမိယ

တေးပြုစာဆို –အောဝမ်းဆရာညွှာ　　**ယခင်အဆိုတော်**–မေရှင်
သရုပ်ဖော်ပန်းချီ–မောင်မောင်သိုက်　　**ယခုအဆိုတော်** –ရီရီသန့်

လူနတ်ပြဟ္မာ သတ္တဝါ ဝေနေယျကို၊ ကယ်တင်လိုသော ဆန္ဒရှိတာအမှန်ပါ။ ထီးစည်းစိမ် နန်းစည်းစိမ် (မခံစားလို)*၂။ သဗ္ဗညုတ ရှေးဉာဏ်တော်ကို အလိုရှိ၍ တေမိယ ဆုပန်ရှာ။

(တေမိယ မင်းရာဇာ၊ ထီးမွေနန်းမွေ အလိုမရှိပါ၊ အို ငရဲကြောက်၍၊ အသည်းပေါက်မတတ်၊ ပူပန်ရှာ)*၂။ (ထီးဖြူစောင့်နတ်မယ်သူဇာ၊ သတိပေးရောက်လို့လာ၊ ဆွံအချင်ယောင်ဆောင်ကာ၊ နားထိုင်း၍ အေးအေးညင်သာသာ)*၂။ စိတ်နှမ်းပါလို့၊ နောင်တော့သာ၊ ကိုယ်စွမ်းတာလဲမပြပါ။ အလောင်းတော်မှာ၊ အတန်တန် အဓိဋ္ဌာန်ကိုပြုနေရှာ။





(မယ်တော်မှာ မချမ်းမြေ့၊ မြင်၍မသက်သာ၊ မျက်ရည်မစဲရှာ)*။
အတန်တန်ချွေ့မော့ သားတော်ပျော့ကာ၊ စကားဆိုရင် တစ်ခွန်းလောက် ကြားချင်ပေတာ၊ မယ့်သည်းချာ။
(မြတ်သက်န်း နဲ့ ပျော်ရွှင် စွာ၊ အလို ပြည့် အောင် ကျင့် ဆောင် ခဲ့တာ)*၂။ ငြီးငွေ့ရှာ ထီးရဝေပါ၊ တေမိယအလောင်းမြတ် တောထွက်လာ။

× × ×

(ဖခမည်းအာဏာ၊ မှူးမတ်တွေက အလိုတော်စမ်းတာ၊ ငိုရယ်ဖို့ရာ)*၂။
(တေမိယ သနားစရာ၊ အစာငတ်ထား ကာ၊ လသားအရွယ်က ဖြည့်ဆည်းဖူးခဲ့ရှာ)*၂။နန်းတွင်းလှတဲ့သူတွေ ဘယ်လို မြူသော်လဲ၊ အလောင်းတော် မတုန်လှုပ်ပါ။ ဆယ့်ခုနစ်အရွယ်မှာ၊ ပယ်ရှားကာ။
(အချိုပဲ့ အချဉ်ပဲ့နဲ့ ပဲ့တော်အုပ် အနားမှာ၊ အလောင်းတော်ကြီး ရှေ့တော်၌ပင် ထားတာ၊ တပ်မက်အောင်လို့သာ)*၂။

မဟာဇနက်

တေးပြုစာဆို –အေဝမ်းဆရာညွှာ **ယခင်အဆိုတော်**–ရင်ရင်
သရုပ်ဖော်ပန်းချီ–မြိတ်ဝင်းထိန် **ယခုအဆိုတော်** –တက္ကသိုလ် လဲ့လဲ့

(လုံ့လနဲ့ ဝီရိယဟာ၊ လျှော့ကြရင် မှားခြင်းသာ၊ လိုသာလိုမည် ပိုဘူးဘယ်ခါ၊ ငုပ်မိတော့သဲတိုင် စွဲကိုင်တက်နိုင်ရင် ထိပ်ဖျားရောက်နိုင်တာ)* ၂။ (အလောင်းတော် မဟာဇနက်ကရွှေပင်လယ်၊ ရေပြင်ကျယ်၊ ကူးတော်မူရှာ)* ၂။ ခုနစ်ရက်ကိုင်တိုင် သဲသဲမဲမဲ ဇွဲလဲ့မလျှော့ပါ။ လုံ့လကိုထုတ်ပါ။ ယောကျ်ားပီပီရှိစရာ၊ စာဆက်ကာ ဗမာစကြာ၊ မဟာဇနက်ကဲ့ မင်းကိုစံယူပါ။

(သီလျက်နဲ့သာ၊ မဏိမေခလာ မေးခွန်းထုတ်ပြန်တာ၊ အလောင်းတော်ကိုဖြင့် ကန်တော့လာ မာန်လျှော့ပါ ပြန်ပြောတာ)* ၂။ ဝီရိယထူးနဲ့ ဇွတ်ကူးနေရှာ၊ အသက် ကိုဆုံးတော့ ငါ့လုံ့လတည်မှာ)* ၂။ မေခလာပြန်ကာ ဟောကာ၊ မောလျက်နဲ့ဇောသက် ရေလယ်မှာ၊ အမှန်ပါ လုံ့လကိုထုတ်ပါ၊ ယောကျ်ားပီပီ ရှိစေရာ၊ စာဆက်ကာ ဗမာစကြာ မဟာဇနက်ကဲ့ မင်းကိုစံယူပါ။

(ကျောက်ဖျာထက်ပေါ် စက်ရာ၊ အလောင်းတော်ကြီးရဲ့ ဘုန်းသမ္ဘာ၊ ဝီရိယ ကြောင့် မှန်ပေတာ၊ ဖုတ်သင်းရထားဆိုက်ရောက်လာ)* ၂။ (အမတ်တွေညီညာ၊ နားတော် လျှောက်ကြရှာ၊ ရှေ့နန်းတော် စံမြန်းလို့သာ)* ၂၊ ကေန် ဘုရင်ဖြစ်လို့သာ၊ ဝီရိယကိုသာ ဥဒါန်းကျူးပေတာ၊ မှတ်စရာ လုံ့လကိုထုတ်ပါ၊ ယောကျ်ားပီပီ ရှိစေရာ စာဆက်ကာ ဗမာစကြာ၊ မဟာဇနက်ကမင်းကိုစံယူပါ။

သီလျက်နဲ့သာ.... ....စံယူပါ။

× × ×



သုဝဏ္ဏသို့

တေးပြုစာဆို –အောဝမ်း ဆရာညွှာ **ယခင်အဆိုတော်**–ပြည်လှဖေ
သရုပ်ဖော်ပန်းချီ–ဘလုံလေး **ယခုအဆိုတော်** –စန္ဒရားချစ်ဆွေ
အေးအေးအောင်

ဒုက္ခလန္ဒင့်ပါရိကတို့ တူစုံနှစ်လီ၊ မွေ့လျော်ခြင်းနှင့် တောသို့မှီ၊ ကျင့်ဝတ်တရား ကို အားထုတ်သည်)*၂။ (ကာမဂုဏ်နှစ်ဦးစလုံးညီညီ၊ မုန်းလှပါပြီ၊ ဆုံးမကြသည်)*၂။ မေထုန်မမှီဝဲဘဲနဲ့ ချက်ပေါ်လက်တော်ရစ်လို့၊ သန္ဓေတည်၊ ထုန်းကားမယ့်သားရသည်၊ ရှေအဆင်းလိုစင်းပ,ညီ၊ သုဝဏ္ဏသာမအမည်၊ ဂါရဝချီမိဘလုပ်ကျွေးသည်။

[(ပိဋ္ဌိယက္ခမင်းက မြွားနဲ့ခွင်းပြီ၊ သုဝဏ္ဏသျှ ရှေစင်အိုကို ထိမှန်တော့သည်)*၂။ သို့ပေမယ့် သေနိုင်ရိုးလား မိဘတွေလုပ်ကျွေးတဲ့ဂုဏ်ရည်]၂။

(မိဂသမင်တွေ အပါးနားက ခြံရံသည်၊ ဘုရားအလောင်းနေရာပြီ၊ နှစ်ပါးမိဘ လိုရာဖြည့်စွက်ဖို့အတည်)*၂။ မြစ်ဆိပ်ကမ်းဆီ၊ အပန်းဖြေတော့သည်။ ရှေသမင်အလယ်





မှာ စိုးမိုးအုပ်ချုပ်နေတော့သည်။ သနားစရာပဲအတည်၊ မှားရှာတော့သည်။ အထင်တော် လွဲပြီ၊ ပစ်ခတ်ခြင်းမှာ အလျှင်းမတော်ပါအတည်။

(ပီဠိယကွမင်းက.... ....မိဘကိုလုပ်ကျွေးတဲ့ဂုဏ်ရည်။)

(ဒုက္ကုလ ပါရိုက မြွေယုတ်မာအတည်၊ မှုတ်ပြန်တော့သည်၊ စက္ခုတော် ထိုနှစ်ကုင်းမှာ အို မလင်းပါပြီ၊ ဝိပါက အမည်)*၂။ (စီးထွေထွေ ရွှေမျက်ရည် အလောင်းတော်နှင့် မိဘနှစ်လို)*၂။ သုံးဦးသား နှလုံးကမကြည်၊ ဗဟုသုန္ဒရီ နတ်သမီး ဆင်းလို့ကယ်ဆယ်ပြီ။

(ပီဠိယကွမင်းက .... မိဘကိုလုပ်ကျွေးတဲ့ဂုဏ်ရည်။)

× × ×

ဝေဿန္တရာ

တေးပြုစာဆို –ဒဂုဏ်ဆရာတင် **ယခင်အဆိုတော်**–ခင်မောင်ရင်

သရုပ်ဖော်ပန်းချီ–သန်းလှ **ယခုအဆိုတော်** –နန်းယုထွေး


သဗ္ဗညုတရှေ့ဉာဏ် ကေန်ရဖို့ စိတ်မှာထား၊ မြတ်စွာဘုရားအဖြစ် တရားစစ်ရည်မျော်ကာ၊ လေးသခွေါ်နဲ့ကမ္ဘာတစ်သိန်း၊ စောင့်ထိန်းခဲ့ပါတဲ့ ပါရမီကံ၊ စေတနာအလှန်ကောင်းပါတဲ့၊ ဘုရားအလောင်းတော် ဝေဿန္တရာ။

ဇမ္ဗူမှာ အုံ့မခန်း၊ လှူဒါန်းပေတာ။ ရှင်လူပျော်မှီး၊ တမင်သူခေါ်ပြီး၊ ဆင်ဖြူတော်ကြီး လှူပြီးသည့်အခါ။ ပြည်ရပ်ရွာတို့မှာ၊ မကျေနပ်ပါလို့သာ၊ ဘုရားလောင်းမြတ် ဝေဿန္တရာ၊ တိုင်းပြည်ကနက္ကာ ထွက်ရတော်မူရှာ။

(ဝက်ဘာ ဇောင်တန်း၊ မှန်းမျော်ကာသာ၊ရထားစီးပြီး ခရီးပြင်းလာခဲ့ရာ)*၂။ မယ်မဒ္ဒီကြင်သက်လျာ၊ မယ့်ငင်းပါသည်၊ အကျင့်စာဂီ၊ လင့်ပါရမီ ဖြည့်မဲ့သူလဲပါ။ ဂဏှာ, ဇာလီတို့မှာ၊ သနားစရာ၊ တစ်ဖဝါးမကွာ၊ သွားရာကို လိုက်ခါသာပ၊ လူမမယ်တွေ့မှာ။ အပူတကယ်မဖြေစရာ၊ ဇနီးသားနဲ့ မယားပါတူမကွာ၊ ခရီးသွားရင်း ရထားပါလှူရှာ၊ မြေပြင်ခြေတင်လှမ်း ပင်ပန်းစွာတောတန်းကိုလာ။

သနားစရာ ဖန်လာ၊ လောင်းဝေဿန္တရာ၊ ရင်သွေးနှစ်ဖြာ၊ တောင်းလေပြန်တာ၊ အစဉ်ပေးတာ၊ (ထိတ်စရာပုံသွင် ဆိုပုံစကား၊ မိစ္ဆာပုံသွင် ထိုပုဏ္ဏား၊ ရိုင်းပြစွာမိုက်လှတာ၊ ရိုင်းပြစွာ)*၂။

တရားနည်းမျော်ကာ၊ ဂူဝနာတွေ့မှာ၊ သားသမီးနှစ်ဖော်ပါ လှူရှာပေတာ၊ လက်ပြန်ကြိုးတည်းကာသာ၊ သွေးယိုဆင်း ပြင်းထန်စွာ၊ သြော်....အထူးမမြင်ရက်စရာ၊ ဆူးခက်နဲ့သာ၊ ရိုက်နှက်လို့ခေါ်ပြန်တာ။



(တောဝနာတော့မှာ၊ မယ်မဒ္ဒီ သစ်သီးခူးကာပြီး၊ ခရီးကပြန်လာ)*၂။ ရင်သွေးနှစ်ဖြာကို အစဉ်တွေးပါလို့သာ၊ မယ်မဒ္ဒီမှာ တောတန်းက မောပန်း၍လာ။

မှန်းမျှော်ကာ ခေါ်သံပေး၊ ကလေးများ သူတို့မလာ။ အဲဒီခါမှာ ဘဝင်ထဲအသည်းရော အူတုန်ကာ၊ မယ်မဒ္ဒီမှာ ရင်သွေးများကို မမြင်တွေ့လေကာ၊ မြေမှာသူလဲရှာ၊ ဝေဿန္တရာ ဘုရားလောင်းကသာ၊ တရားကြောင်းပြ၍ ဆုံးမတော်မူရှာ။

× × ×

စိတြဂီဝါ

တေးပြုစာဆို –ရွှေတိုင်ညွှန့် **ယခင်အဆိုတော်**–ဒေါ်ကြည်အောင်
သရုပ်ဖော်ပန်းချီ–ဝသုန် **ယခုအဆိုတော်** –ကိုမင်းနောင်

ဘုရားအလောင်း စိတြဂီဝါ၊ ဟေမဝါသေလာ ငှက်အပေါင်း ထောင်သောင်း ခညောင်းကြပေတာ။

ဂနိုင်ဆီးတဲ့ မြိုင်တောကြီးထဲမှာ (အလောင်းတော်ခိုမင်း သင်းဖွဲကာ)* ၂။ (ထင်ရှားစွာ)* ၂။ လမ်းမမှားဖို့ နေ့စဉ်ဟောကြားကာ၊ ငှက်ပေါင်း တောင်းဆုခွဲကာ (သနားကရုဏာ၊ တရားရှုကာ၊ သနားကရုဏာ၊ တရားရှုကာ)* ၂။ စိတြဂီဝါခိုမင်း ထင်လင်းစွာ။

(ရှေးသရောအခါ၊ ပြည်ဗာရာတွင်း ဆင်းသက်လာ၊ သင်းဖွဲကာ၊ အစာရှာရန် မြန်းခဲ့တာ)* ၂။ (သတ္တဝါငှက်ပေါင်း ထောင်သောင်းပါ)* ၂။ အလောင်းတော်မှာ ပိုက်ကွန်တွင်းက ကင်းလွတ်စေရန် နေ့စဉ်ကြံဆကာ။

ရန်ဘယာ မသန်းကာ၊ စိတ်အေးချမ်းစွာ၊ လောင်းမြတ်ဉာဏ်မျှော်တာ၊သြော်.... ဆုံးမ,တော်မူရှာ၊ (ပိုက်ကွန်တွင်းက လွတ်ကင်းရာ)* ၂။ (ရန်သူဘေး ဝေးကွာအောင်သာ)* ၂။ ညီညီညာညာ လွတ်မြောက်ဖူးခဲ့တာ၊ အလောင်းတော်မြတ် ခိုမင်းမှာ။

တစ်ရံရောအခါ၊ ဟေမာအိုင်အကူး (မြူးကာမြူးကာ)* ၂။ သီးပင့်စုံစွာ စားသောက်ဖွယ်ရာ၊ သုံးဆောင်ကာအပြီး ခရီးကလာ၊ (စိတြ)* ၂ ဂီဝါ၊ သီးနှံ့ ငုံကင်း၊ ဆောင်ကြဉ်းခဲ့တာ။ သြော်....မိဘများပါစုံစွာ၊ သားမယားကိုကျေး၊ အလှူပေးဖို့ရာ။ သြော်....လောင်းမြတ်ရာဇာ၊ သာဓကပုံတင်ကာသာ၊ လောကလူများ ရှာဖွေမှု၊ ပစ္စည်းစုပါ၊ လောကလူများသာဓက၊ ပုံတင်ကာသာ၊ ရှာမှီးဥစ္စာ နောင်ရေးလည်းပါ၊ သုံးဖို့ တစ်ဖို့ပါ၊ ဝေဖန်၍ပင်ထားသင့်တာ။

(ရန်ဘယာသန်းကာ .... ခိုမင်းမှာ။)

× × ×





အလောင်းတော်ကုသ

တေးပြုစာဆို –ရန်နိုင်စိန် **ယခင်အဆိုတော်**–ဥသြဘသောင်
သရုပ်ဖော်ပန်းချီ–သာတင့်ထက် **ယခုအဆိုတော်** –ရန်ပိုင်စိုး

လူတိုင်းစိတ်ဇော ကျန်တော်ပြောပြမယ်။ ယောကျ်ားဟူသမျှ ဤလောကဝယ်၊ ချောချောလှလှ သဘောကျစရာကိုမှ လိုချင်ပေလိမ့်မယ်။ 'အရုပ်ဆိုးတဲ့သူများမှာ၊ လှတဲ့မိန်းမကိုမှ ရတတ်တယ်။ ယုံကြည်စရာ ပမာပြလို့ သာဓကတင်ဖွယ်၊ ဘုရားအလောင်းတော်မြတ် မင်းကုသ,ပုံနှယ်။

သာဂလခေါ် တိုင်းပြည်ကြီးက ပဝဝတီရယ်၊ ချောလှတဲ့ဘုံကြိုးပြတ်တယ် မိုးနတ်နွယ်ပုံနှယ်၊ ခုနစ်ဆောင် တိုက်ခန်းအလယ်၊ **မီးမထွန်းပဲ** လင်းရပြန်ပေတယ်။ အလောင်းတော်ရာဇာကုသမင်း၊ အဆင်းမလှပြန်တယ်၊ မင်းပပကြံရွယ်၊ ညီတော်ခေါ်၍ ဘန်းပြကာ၊ လှည့်စားလို့သာ ယူပြန်ပါတယ်။ အရုပ်ဆိုးတဲ့ကုသဟာ လှတာကိုမှသူက လိုချင်ပြန်ပါတယ်။

တစ်နေ့သော် ကန်တော်တွင်းဝယ်၊ ယမင်းပပ ဆင်းကာစံပယ်၊ **ရေကစား**ကာ ခေါင်းလျှော်ရင်း များပျိုတစ်သင်းရယ် မပျင်းဖွယ် ဝန်းရံခဲ့ကြတယ်။ ကုသဘုရင်

ကြာပင်အောက်ကကွယ်၊ ဝမ်းမြောက်ဝမ်းသာ ခုမှမြင်ရတယ် အတင်းပါကွယ်၊ ရေကန်တော်ထဲ လက်ဆဲ့ခန်းပေါ်တယ်။

(ချစ်လွန်းလို့ကြံမိသူရယ်၊ သောကတေ့အသွယ်သွယ်၊ စောင်းပိုက်ကာရယ်၊လိုက်ခဲ့ရပြန်တယ်၊ အချစ်နယ်ထဲမှာတဝဲလယ်)* ၂။ သြော်....သာလာယံ အပြင်ကဘုရင်မင်းကုသ (စောင်းတော်ကိုတီးတယ်)* ၂။ သန်းခေါင်ယံဦး လေရူးပြန်ချီ ပပရွှေနားကြားလို့ရယ်၊ ပင်တိုင်တော်ဆောင်တော်တွင်းက၊ ခုချက်ချင်းမကြားချင်ဘူးတဲ့၊ နားခတော်ကိုလဲဖယ်၊ အမိန့်တော်မှတ်မယ်၊ တိုင်းရပ်ကန့်လိုက်ကြပြန်တယ်။

ခင်မင်နှစ်သက်တဲ့၊ ချစ်စိတ်ကန်းဆော်လာရင်ကွယ်၊ ရွှေနန်းတော် ရာဇပလ္လင်ရေမြေ့ရှင်ကုသမှာ၊ အိုးတော်ခေါင်းနဲ့သူပေါင်းတယ်။ ဖျာတော်ခေါင်းနဲ့သူပေါင်းတယ်။ ဇာတ်စုံဇော်ခင်းပါလို့ ပပလက်တွင်းဆက်သွင်းလိုက်ပြန်တယ်။ အချစ်ဇောဟုန်ကတိုးလို့ဖြင့် ခုန်မင်တယ်၊ခင်တွယ်လုံ့လလည်းပဲ မလျှော့ဘူးကွယ်။ ဝီရိယလည်းပဲမလျှော့ဘူးကွယ်။ ပပ့ကိုမရရင်ဖြင့် အဟုတ်မနေနိုင်ပါတယ်။ တစ်နည်းတစ်ဖုံ ကြံပြန်တယ်၊ စားတော်ကဲ့နဲ့ တဲ့လို့သာဝင်နိုင်ပါလိမ့်မယ်။ ပုံတော်အုပ်ကိုထမ်းကာ အပင်တပန်းနဲ့ချစ်စမ်းပါခင်ရယ်၊ တစ်ပါးကညာရယ် သနားမညာတယ်၊ ကုသမောင်မျက်နှာမဲ့ မျောက်လျက်လဲအောင် သူပြုရက်လေတယ်။

(အရှယ်လှသကို မယ်ပပျို့ရဲ့ယ်၊ မင်းကိုယ်တိုင်ထူမှ ထမယ့်ထမယ်ကွယ်)။

× × ×






တောထွက်ခန်း

တေးပြုစာဆို –ရွှေလမောင် **ယခင်အဆိုတော်**–ဒေါသိန်းဟံ
သရုပ်ဖော်ပန်းချီ–ဇော်မင်း **ယခုအဆိုတော်** –ရီရီသန့်

ယသော်ဓရာ၊ နန်းတောင်ညာ၊ သားရာဟုလာ၊ ရွှေမျက်နှာညိုးလေအောင်သာ၊
ပစ်သွားရှောင်ခွာ၊ အောင်ချာကပ္ပိနန်း၊ စံမြန်းတော်မူရှာ၊ လောင်းလေ့လောင်းဗုဒ္ဓါ
(မြတ်ဥယျာဉ်သာ မကြာထွက်ခွာသွား)*၂။ လေးပါးရယ်၊ သူအိုသူနာသူသေ၊
F.52A မြင်ပြန်လျှင်၊ စွဲစိတ်သံဝေ၊ လူတိုင်းရပ်မြေ၊ ကြာရှည်နေဝံ့ပဲ၊ နန်းထဲမှာပင်၊ အိုလေ့



ပျော်မရှင်၊ မောင်ဆန်ကိုနိုး၊ သူတိုင်ပင်၊ ကဏ္ဍကနတ်မြင်းကကြိုးဆင်(ယသော်မေခင်၊ ရွှေစင်အိရယ်၊ ကြာရင်သိဖွယ် ရိပ်မိမယ်)* ၂။

(သန်းခေါင်လယ်၊ ထုတ်တော်မူနန်းက ခွာတယ်)* ၃။ မောင်ဖုန်းပျောက်တယ် တောင်အုန်းဘွေမြင့်လယ်၊ (သိဒ္ဓတ်ဘုန်းကြွယ်၊ လောင်းလေ့ လောင်းမြတ်နွယ်၊ သွယ်သွယ်ထပ်ပွား၊ နတ်များစွာမီးဝါကိုင် ထွန်းလေသည့်တာ) * ၂။ (တေဇာဝေဖြာ ခေမာကမ်းယံ၊ နိဗ္ဗာန်နန်းကို မြန်းမည့်ကြံ)* ၂။

(အတန်တန် အတန်တန်၊ မာရ်နတ်လာ ဆင်းဝှေတားပြန်)* ၂။

ဘုရားဖြစ်ရန် အကြံအောင်လုဆဲ၊ ငွေသဲသောင်ပြင် အိုလေ နော်မာခွင် (ကူးကာ ချက်ချင်း ရောက်ပြန်လျှင်၊ ဆံတော်ပယ်ရှား လေသည့်အင်)* ၂။

(ထက်ခွင်ပဒုမ္မာ ရွှေကြာသက်နန်းကိုကပ်ရာ)* ၂။ ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်သည့်တာ၊ ကျောင်းတော်လေ ရွှေဝိဟာ။

× × ×



နိုးအောင်ပင်လှမ်း

တေးပြုစာဆို –ရှေတိုင်ညွှန့် **ယခင်အဆိုတော်**–ဒေါ်ကြည်အောင်

သရုပ်ဖော်ပန်းချီ–ကျော်ဖြူစံ **ယခုအဆိုတော်** –ကိုမင်းနောင်

နိဗ္ဗာန်နန်းကို နိုးအောင်ပင် လှမ်းစေဖွယ်၊ တရားသဘောနဲ့ စိတ်မှာစောတယ်၊ လောကမှာ စီးပွားရွေ့ဌေ အစစတွင်ကျယ်၊ ကျွန်မကမခင်တွယ်၊ သံသရာပင်လယ်ကြော၊ မမျောစေဖို့ကွယ်၊ ကာမဘုံဆယ့်တမီး၊ ဆီးကာတော့မယ်။

ဘဝနာဂမဲ့ဌာန်းကိုလဲ · စီးဖြန်းမယ်၊ တဒင်္ဂပဟာန်ရယ်၊ စွဲမြဲပါတော့မယ်၊ (ငါးပါးခန္ဓာရယ်၊ မှန်ပါတယ်၊ ခန္ဓာရယ်၊ ပိုးမျိုးရှစ်ဆယ်)*၂၊ တွေးကာဆင်ခြင်မယ်၊ သံသရာထဲ၊ မဝဲချင်တယ်၊ နန်းနိဗ္ဗာန်မဂ်လမ်းကို တက်လှမ်းမယ်ပျို့ရည်ရွယ်။

တစ်ကမ္ဘာလုံးရှိသမျှ၊ ဇမ္ဗူမြေတစ်ခွင်ဝယ်၊ မြင်မြင်သမျှတော့၊ အစဉ်မတည်တယ်။ ပညာအခြေထားလို့ဆင်ခြင်ဖွယ်၊ သဒ္ဓါရတရားတော့ ထင်မြင်မယ်။ လောဘ ဒေါသ မောဟမျှားကို မမှားအောင်ရှောင်ဖယ်၊ မကြည်အောင်ပျို့စကားကို နားထောင်ပါကွယ်။ ထူးမြတ်တဲ့ငါးပါးအာရုံ အကုန်လုံးဖယ်၊ အနိစ္စနဲ့ဒုက္ခကိုကြုံဆရွယ်၊ အနတ္တဘောစောမိတယ်၊ ကြည်အောင်တကယ်၊ လက္ခဏာရေးသုံးပါးကို ထင်မြင်တယ်။

(ရက်တိုတိုနဲ့ မဂ်ဖိုလ်လမ်းကိုမြန်းထွက်ဖို့ရုန်းမယ်၊ သုံးဆယ့်တစ်ဘုံဝယ်ဆုံလည်ရဘာ လွှတ်မြောက်ကြောင်းပ,ရယ်)*၂။ (လောကီစျာန်ရဖွယ်၊ မခင်မင်တယ်၊သဘောအတည်ကြံဆ,ရွယ်၊ ထင်မြင်ဖွယ်၊ ဟောဒီသံသရာ့နယ်၊ အမျိုးမျိုး စိတ်ရှုပ်ဖွယ်)*၂။ အဟုတ်ကိုပဲစိတ်ထဲကရယ်၊ ကာမဂုဏ်တွေဖယ်၊ နိုးအောင်လှမ်းရင်း ပြည်နိဗ္ဗာန်နန်းရိပ်လှုံမယ်၊ လောကီစည်းစိမ်ရေအိမ်သဖွယ်၊ မကောင်းမှုဟူသမျှ ဖယ်ရှားကာရယ်၊ စိတ်ကကြံရွယ်။



[(ဗျို့ကြည့်အော်)* ၂ (လော့ [illegible])* ၂ သဘောတူရွေ့ဝ်ဖယ်၊ လှမ်းထုတ်ဖို့ကြုံရွယ်]* ၂။ အဟုတ်ကိုပဲ စိတ်ထဲကရယ်၊ ကာမဂုဏ်တွေကိုဖယ်၊ နှီး[illegible]လှမ်းရင်း၊ နိဗ္ဗာန်နန်းရိပ်လှုံမယ်။ ဩ....သုံးဆယ့်တစ်ဘုံဝယ်၊ တွေ့ကြုံခံစားအဖန်ဖန်များလို (တရားကိုရှာ)* ၂။ မဂ္ဂင်ရထား၊ အောင်ရတနာအလံနဲ့၊ နောင်အနာဂတ်ဆယ့်တစ်မီးပြတ်ပါလို့၊ နိဗ္ဗာန်ခေါ် ရွှေပြည်မြတ်ကို၊ ပပြေါမိ ရောက်ရပါလို့၏ အရှင်ဘုရား၊ သြဃလေးဖြာ၊ သံသရာတွင်း၊ လှတ်ရာလှတ်ကြောင်းဖြစ်သော၊ တစ်ထောင့်ငါးရာ၊ ကိလေသာတို့၊ အကြွင်းမဲ့ကုန်စင်အောင်၊ ဖြတ်တောက်နိုင်တဲ့၊ အသခ်ၤာတ်၊ မြတ်သောနိဗ္ဗာန်ကြီးဖြင့်၊ နှီးအောင်လှမ်းတော့မယ်၊ ဒါကြောင့် သံသရာနယ်ခရီးသွားဦးသည်တွေပုံနှယ်၊ သည်ညံ့ထဲ တဝဲလည်လည် မလှတ်နိုင်ကြတယ်၊ အရိမေတ္တေယျမြတ်ဘုရားခေါ်လျှင် လိုက်နိုင်အောင်လဲ၊ (ကြိုးစားပါတော့မယ်)* ၂။ ထူးမြတ်တဲ့ငါးပါးအာရုံ အကုန်လုံးပယ်၊ အနိစ္စနဲ့ဒုက္ခကိုကြုံဆရွယ်၊ အနတ္တသဘောစောမိတယ်၊ ကြည်အောင်တကယ်၊ ဩ....လက္ခဏာရေး သုံးပါးကိုထင်မြင်တယ်။



ဗောဓိပင်နှင့်ရှေပလွင်

တေးပြုစာဆို –ရွှေတိုင်ညွှန့် **ယခင်အဆိုတော်**–ဒေါ်ကြည်အောင်
သရုပ်ဖော်ပန်းချီ–မောင်အေးမြင့် **ယခုအဆိုတော်** –မာမာအေး

မဟာဗောဓိပင်နဲ့ တစ်လံကွာပါသည်၊ စကြာဝဠာငြိမ်သက်၍၊ မြက်ရှစ်ဆုပ်ကြဲ တော်မူလေသည်။ တစ်ဆယ်နဲ့လေးတောင် ကျယ်ဝန်းလှပါသတဲ့၊ ပလ္လင်တော်ပေါ်ထွန်း လာခဲ့သည်။ ဘုရားမဖြစ်သမျှ ငါမ,ထဟု လုံ့လဥဿဟစုံအညီ၊ ဗောဓိပင်ရှေပလွင် ထက်ဝယ်၊ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလေသည်။

(ဘဂဝါဇိနအရှင်သည်၊ တဏှာရှိသမျှ စင်တော်မူပြီ၊ အပရာဇိဟပလ္လင်ကိုတဲ့ အောင်မြင် တော်မူသည်။)* ၂။ ရပြီ ရပြီ၊ ဝသဝတ္တီအထက်ဆီက၊ အဓမ္မချို့တက်ပါလို့ လက်နက်တွေကိုယ်စီ၊ စစ်သည်များစွာ ထင်လင်းစုပါလို့၊ ပလ္လင်ကို အတင်းလုမလို့တဲ့၊ ဗိုလ်ထုနဲ့ကြုံစည်။ တကယ်ပဲမကြောက်သည်၊ အပယ်ငရဲရောက်မည်၊ မှားလိုက်မာရ်နတ်

F.52B သည်၊ ဘဂဝါမြတ်ကို သတ်ဖို့သူကြုံစည်။



အထက်ဘဝ်မှာစုံအညီ မာန်ဟုန်ချီ၊ အောက်နရက်ပါမကျန်ပြီ၊ ဖန်လာသည်။ (မာရ်နတ်မင်းမှာ စက်ဘုန်းအရောင်ရှိသည်၊ သူ့ကိုယ်မှာပင် လက်ရုံးတစ်ထောင်ရှိသည်)* ၂။ ကျွန်မတို့ဘုရားကို အသက်ဆုံးအောင်ဖိမလို့တဲ့၊ ရှိသမျှသတ္တဝါတွေ့အားလုံးစုသည်၊ သူ့ကိုယ်သူ လောကမှာဘုရားလို့၊ မတရားကြွေးကြော်သည်၊ စောဘဂဝါအနားမှာ ဒေါသတွေပုံးလို့နေလေပြီ။

(မာရ်နတ်သားကို တရားနဲ့အညီ၊ မြတ်စွာဘုရားက မိန့်မြွက်ကာကြားသည်၊ ဂေါတမမြတ်ဘုရားက မိန့်မြွက်ကာကြားသည့်)* ၂။ (သောဘဂဝါ ဘဂဝါ့ကေဝလံ ပစေဇတာ့လို့ ဓေဿန္တာရာ ဘဝရယ်က၊ ဒါနပါရမီ)* ၂။ သမီးသားမယားကို လူစဉ်



ချိန်ခါမီ၊ ဘူမြေနှစ်လှာ အသီမဟုတ်လောဟု၊ ဝိသုဒ္ဓေါမမ္မခန် အခြေလှစ်လိုက်ပြန်တော့ မာရ်ယစ်တဲ့ ရန်စစ်တွေသည်၊ ဆံညှစ်ရေကြောမှာ မျောလေသည်။

ဝဋ္ဌာတစ်သောင်း ဖြဟ္မာအပေါင်း၊ အောင်ကြောင်းကိုအမှန်၊ ကြွေးကြော်ကြပြန်လေသည်။ (ဗုဒ္ဓဘဂဝါ အရှင်ဘုရား၊ စတုတ္ထစျာန်ဝင်စား)*၂။ ပုဗ္ဗေနိဝါသခေ ရှေးဘဝ်ခမ္မကိုလ၊ ကေန်ရပါတဲ့၊ ညဉ့်ဦးယံ ချိန်ခါမှီ။ ဒိဗ္ဗစက္ခုဉာဏ်ကို မှန်းဆောင်ပြန်သပ၊ သန်းခေါင်ယံကျတော့ ရတော်မူလေသည်။ ပရမေအရှင်၊ ဆင်ခြင်ကာပုံး၊ တရားတော်များ၊ ထင်ရှားသိပြီ၊ အလုံးစုံမယွင်း၊ အကြွင်းလဲမရှိပြီ။ ဝိသာခါနက္ခတ်နဲ့အညီ၊ ရက်မြတ်တဲ့ချိန်ခါမှီ၊ ဘုရားအဖြစ်ကို ကေန်စင်စစ် ရတော်မူလေသည်။

× × ×



မဂ္ဂင်ရှစ်ပါး

တေးပြုစာဆို –အောဝမ်းဆရာညွှာ **ယခင်အဆိုတော်**–ပြည့်ဘရှင်
သရုပ်ဖော်ပန်းချီ–စံတိုး **ယခုအဆိုတော်** –မောင်မောင်ကြီး

[(သစ္စာလေးပါး ခဲ့ခြားသိလျှင်၊ သမ္မာ ဒိဋ္ဌိ မှတ်ကြွနေ့စဉ်၊ မဂ္ဂင်ရှစ်ပါး အားလုံးဝေပါတင်)*၂။ (သမ္မာသင်္ကပ္ပ စိတ်ကဆင်ခြင် သုံးဖြာဝဋ်မှ လွတ်ရာထွက်ချင်)*၂။ သမ္မာဝါစာ ကောင်းသောစကားပင်၊ သမ္မာကမ္မန္တ ကောင်းမှုပြုလျှင်)*၂။ နိဗ္ဗာန်ဝင် ဝင်နိုင်ပါတဲ့ ရှစ်ပါးမြတ်မဂ္ဂင်)]*၂။

(သမ္မာအာဇီဝနဲ့ပင်၊ ကိုယ့်မှာအသက်မွေးချင်၊ သမ္မာဝါယမကဟော့ လုံ့လယှဉ်)*၂။ သြော်....ဒုစရိုက်ကိုပယ်ရင်ဖြင့် အပြစ်ကင်းစင်၊ သမ္မာသတိဝင်၊ တည်တည်ကြည်ကြည် စိတ်မှာထားရင်၊ နေ့ညပွားကာ သမ္မာသမာဓိတင်၊ နိဗ္ဗာန်ဝင်၊ ဝင်နိုင်ပါတဲ့ ရှစ်ပါးမြတ်မဂ္ဂင်)*၂။

(လောဘ ဒေါသ မောဟတွေငြိမ်းရင်၊ သိမ်းနှိုင်ကြမှ အားလုံးကျွတ်တမ်းဝင်၊ မင်္ဂလမ်း ဖိုလ်လမ်း ရည်မှန်းထိုခရီးစဉ်)*၂။ (သဘင်ဇာတ်ခုံလို မြူးတူးစိတ်ကရှင်၊ ဘုံလောကီကင်္ဘာ ကြောက်စရာတွေးမိရင်)*၂။ အနိစ္စမှာဖြင့် ဒုက္ခတွေဆင့် အနတ္တကိုရှုရင်၊ ပျော်နိုင်ပါတဲ့ ရှစ်ပါးမြတ်မဂ္ဂင်)*၂။

× × ×



သတ္တဌာန

တေးပြုစာဆို –ဒဂုဏ်ဆရာတင်

သရုပ်ဖော်ပန်းချီ–စိုးဝင်းလွန်း

ယခင်အဆိုတော် –ဒေါ်သိန်းဟံ

ယခုအဆိုတော် –ရတနာဦး

သုံးလူ့ ဘုန်းမော် ရှင်တော်အ ရဟံ၊ သတ္တဌာန စံတော်မူပြန်၊ သံတောင်တရာ ရှေ့ညောင်ဗောဓိ အမြင့်ရှိသည်။ ဘုမ္မဲသေံ၊ ခုနစ်ရက်အမှန်၊ စံပယ်ပြန်သတဲ့ ပထမံ ရှေးဦးအစ သတ္တာဟ ဗောဓိပလ္လင်၊ ညောင်ဗောဓိအရှေ့ မြောက်နား လှမ်းကြည့်အကွာ ဆယ်လံ၊ ခြေစုံ ဖဝါး မြတ်ဘုရားရပ်တန့်စံ၊ ဒုတိယသတ္တာဟ အနိမိသံ။



သံပြိုင်။ ။(ရည်မှန်းစိတ်ကြံ ဓိဋ္ဌာန်၊ နေ့ည အမှန်၊ စွဲမှတ်ကေန်)*၂။ (ရှိခိုးကာ ပူဇော်လေရန်၊ ကိန်းပျော်ရာ သတ္တဌာနစံ)*၂။







ရှေညောဝ် ဗောဓိ အနိမိသံ၊ အလယ် စပ်ကြား လှမ်းကြွတစ်ဖန်။ (အကွာဆယ် နှစ်လံ၊ ပျော်စံပယ်ပြန်၊ ရတနာစင်္ကြံ၊ တတိယ သတ္တာဟစံ) * ၂။

သံပြိုင်။ ။ရည်မှန်းစိတ်ကြံ.... သတ္တ ဌာနစံ။

(ထိန်ဝေလျှံ နတ်တို့မှမ်းမံ၊ တင့်တယ် အောင်ဖန်၊ ညောင်ဗောဓိမှ ဝေးကွာဆယ်လံ၊ ရှေအိမ်နှန်းကို မြန်းကြွစံပယ်ပြန်၊) * ၂။ ငါးကြိမ် အံ့ဖွယ်လကံ၊ ညောင်ဆိပ် ကျောင်း ဝယ်





ခြောက်ထွေရောင်လျှံ၊ ကွန့်မြူးတော်မူလျက်စံ၊ ရှေညောင်ဗောဓိ မနီးမဝေး နွှန်းဖွဲ့သုံးဆယ် နှစ်လံ။

နိလာပတ္တမြား အရောင်ဟတ်လေသဖွာန်၊ မုဉ္ဇလိန္ဒာအိုင်သို့ ကြွရောက်ပြန်၊ မိုးမင်းပင့်ဖျန် ဒေဝါသည်းထန်စွာရွာသွန်းလေတော့အမှန်)*၂။ ပရမေတဆူဘုန်းလျှံ။ မိုးရေဆို မြူလုံးမမှန်၊ ပါးပြင်းဖွဲကာနဂါးမင်းမှာ တရားသနင်းကို ကာကွယ်ရှာပေပြန်။

ဘုန်းတန်ခိုးလဲ နှိုင်းဆိုရာပဲ လင်းလွန်းပင်ယံ၊ ခုနစ်ရက်စံ၊ ခုနစ်ကြိမ်မြောက်ပြန်၊ ၄၉ ရက် တော်သတ္တာဟအမှန်။

× × ×



ဓမ္မစကြာ

တေးပြူစာဆို –နန်းတော်ရှေ့ဆရာတင် **ယခင်အဆိုတော်**–ဒေါ်ကြည်အောင်
သရုပ်ဖော်ပန်းချီ–ဦးသောင်းဟန် **ယခုအဆိုတော်** –ထား

မြတ်စွာဘုရားပဉ္စင့်တော်မူစဉ်က၊ ရှေးဘုဏ်တော်ကွန်ရက်ဖွင့်ပါလို့၊ ဤလောကဓာတ်ကိုတဲ့ မြင်တော်မူသော်၊ သတ္တဝါများကို သနားတော်မူရှာသတဲ့နော်။

ဗောဓိပင် ရှေ့ပလ္လင်ကြီးကိုအောင်သော်၊ သတ္တဝါတွေအပေါ်၌ ငဲ့ညှာသနား၊ ချွတ်လို့ရနိုင်ပါ့မလားရယ်လို့၊ အားတော်ငယ်သော်၊ ရှေးဘုဏ်တော်ကွန်ရက်က၊ ဦးစွာထွက်လာ၊ ဓမ္မစကြာတရားတော်။

သံပြိုင်။ ။ပြဟ္မာ နတ်လူအပေါ်၊ ဒေသနာကြားလိုက်သော်၊ ကမ္ဘာလောကမြေပြင်ပေါ်၊ သုံးကြိမ်တိုင်အောင်၊ အင်မတန်သာဓုခေါ်။ သဟမွတိနာမကေ မဟာပြဟ္မဏကျော်။ ကောဏ္ဍညနဲ့ ဝပ္ပဘဒ္ဒိ၊ မဟာနာမ် အာသဇီကျတ်တမ်းဝင်ပြီ၊ ဟိုဟိုခေါ်။

လူသုံးပါးတို့ ဘုရားရယ်လို့ ထင်ရှားပေသော်၊ ကျေးဇူးတော် အနန္တကိုလ၊ တပည့်တော်မရှိခိုးပါ၏နော်၊ မိဂဒါဝုန် သားပေါင်းစုံတဲ့ ရဂုံတော၊ ရှေသမင်ပေါသော အဓိပ္ပာယ်တွင်၊ ကြိတ်ကြိတ်နယ်နယ်၊ ဝန်းရံခြေကြ ဓမ္မစကြာတရားတော်၊ မကြည်အောင် နေ့ညအမှန်ပူဇော်။

သံပြိုင်။ ။ဗြဟ္မာနတ်လူအပေါ်.... ....ဟိ ဟိခေါ်။

သဒါဂါမ်ရယ်၊ အနာဂါမ်ရယ်၊ သောတာပန် ကေန်တည်ကြသော်။ သခ်ျှ အသခ်ျှာ မရေမတွက်နိုင်သော ပရိတ်အပေါ်။ (အောင်ပြီ)*၂၊ ကောင်းချီးပေးကာနော်။ သုံးဆယ် တစ်ဘုံ၊ အားလုံးကြွေးကာကြော်။ အဘိဉာဉ်စျာန် သမာပတ်နဲ့၊ ဘုရားမြတ်၏ မဟာရွှေနှုတ်တော်။ ရှိသေစွာ လက်အုပ်မိုး၍ မကြည်အောင် (တပည့်တော်) ရှိခိုးသနော်။

သံပြိုင်။ ။ဗြဟ္မာနတ်လူအပေါ်.... ...ဟိ ဟိခေါ်။

× × ×



ဝိစိတြ

တေးပြုစာဆို –ရွှေတိုင်ညွှန့်
သရုပ်ဖော်ပန်းချီ–သန်းအောင်
ယခင်အဆိုတော်–ဒေါ်ကြည်အောင်
ယခုအဆိုတော် –မာမာအေး

အနန္တောအနန္တ ငါးဝဂုဏ်ရည်၊ ယုံယုံကြည်ကြည်၊ နေ့စဉ် ရိုကျိုး၊ ရှိခိုးကြရဲလား၊ ဆရာသမား မိဘဘုရားလို တစ်ဂိုဏ်းတည်း၊ နှိုင်းယှဉ် ပြသည်၊ သိမှတ်ကြစရာ အတည်၊ ဇနတ္ထပကာသနီ၊ ရွှေကျမ်းတော်ထုတ် စာကိုစီ။ အဇာတောယေဝ ပိတုရညောသတ္တာ၊ အဇာတောယေဝ၊ မမွေးဖွားမီက၊ ပိတုရညော၊ အဘမင်းမြတ်၏၊ သတ္တာ၊ ရန်သူ မည်သတဲ့၊ ဟောကာပြပါ၊ မကြည်အောင် နားထောင်စမ်း ပါရစီ။ လူနတ်ဗြဟ္မာ၊ သတ္တဝါတို့၏ ကိုးကွယ်ရာ အစစ် ဖြစ်တော်မူသော ဂေါတမမုနီ အစိန္တေယျော်၊ ရှင်တော်ဂေါတမ မြတ်စွာဘုရားသခင် ရှိစဉ်တုန်းအခါ။

သနားစရာ၊ ဘုရားဒကာကြီးရဲ့အမည်၊ ဘုရင်ဗိမ္ဗိသာရ ကျောင်းအမဂဓဒေဟီ (မဟာဗဟိုစည်နဲ့ ရာဇဂြိုဟ်ပြည်၊ ဘုန်းတန်ခိုးပုဇ္ဇလင်းပေသည်)* ၂။ ဝိပါကဝဋ်တရား တားမရလေသည်၊ သူ့ဆရာဒေဝဒတ်နဲ့ ကြီးကြပ်ကာစံမည်၊ ထီးပြဿဒ်ကြံစည်၊ သားတော်မောင် အဇာတသတ်ရယ်က၊ နန်းရိပ်ထီးဖြူ လုယူလေတော့သည်။

(ဒေါသရှေ့ထား၊ သားအဇာတသတ် ပြေမ္မေသည်၊ အနားလာကပ်တဲ့ ဝဓေဒဟီ၊ စကားတောင် လာမစပ်နဲ့ သေပေစီ) * ၂။ ပတ္တမြားအရောင်ဖြာတဲ့ စမုတ်ဆောင်ထဲ၊ ခေါင်းတစ်ထောင့်ထွာနဲ့ ဥသျှောင်တဲ၊ ဘုရားကျောင်း



ဒကာကြီးကို တုပ်နှောင်လဲ့တော့သည်။ ငရဲပြည်၊ အဇာတသတ် ထိုမင်းသား၊ အနာဂတ်ကို သူမစဉ်းစားတော့သည်။

(တ–ကာမုနီ၊ ကြွေလုံသည်းဆိုင်၊ တတ်နိုင်ပါပဲ၊ သူ့နိုင်ငါမင်းပြုတော့သည်)*၂။ ခေါင်းတစ်လက်လက်နဲ့ခြေဆွဲ၊ ဆားတစ်စက်စက်အရည်ချ၊ စကားတစ်ချက်တစ်ချက်တောင် မပီသ၊ ဗိမ္မိသာရ၊ ဘုရင်နန်းကျ၊ မရှင်လန်းသပ၊ ဘဝင်မချမ်းမြ၊ ဝဋ်တရားကို ခံစားရတော့သည်။

ပဗ္ဗာနန္ဒရီယ၊ ကံကြီးထိုက်မှာ၊ မကြောက်ကြဘူးလား၊ မရွံ့ကြဘူးလား၊ မလန့်ကြဘူးလားအတည်။ ငါးဖြာအနန္တ ဂုဏ်ကျေးဇူးကိုရည်၊ ဘယ်သောအခါမှ မမေ့ခဲ့ပေါင်(ကြည်အောင်)*၂၊ ရိုသေပါသည်။ နေ့တိုင်းပဲဖူးမြင်သည်၊ ည‌တိုင်းပဲဦးတင်သည်၊ ငါးဖြာဂုဏ်ရည်' အမှန်ယုံကြည်၊ ရွှေတိုင်ည‌ွန့်က၊ ဝိစိတြကဗျာ တေးဖွဲ့ကာသီ။





ရောင်တော်ဖွင့်


တေးပြုစာဆို -ရွှေတိုင်ညွှန့် **ယခင်အဆိုတော်**–စိန်ပါတီ

သရုပ်ဖော်ပန်းချီ–ကျော်သောင်း **ယခုအဆိုတော်** –နီနီဝင်းရွှေ

စိန်ဝိဇ္ဇ သင်္ဂီရောင်အသွေး၊ အစဉ်တွေးပါရ၊ ပကတိမြင်လာမည်။ ဘဝင်အေး စရာပ၊ မကိုကပ္ပနာအညီ၊ ဝတိ်ဆောင်အမီ၊ ထိန်ပြောင်ကြည်၊ စိန်ရောင်ခြည် နေ တန္ခုန်းသို့၊ ရွှေဘုန်းတော်အသရေမဆုံးပါတဲ့၊ သုံးလောက ပရမအရှင်ကိုရည်၊ လက် ဆယ်ဖြာထိပ်မှာမိုးပါလို့၊ ရှိခိုးပူဇော် ဖူးမျှော်ပါတော့သည်။


(ရောင်ခြည်တော်တွေ့စုံအညီ၊ အုံဖွယ်ရာ ချီးကျူးလို့ အထူးပင် မဆုံးတော့ သည်)*၂။ (ဝါဆိုပြာညိုရောင်ခြည်၊ ညိုညိုမှိုင်းမှိုင်း ရှုတိုင်းလဲ မဝနိုင်သည်)*၂။ (မြသားကွန်ဒနီ၊ သင်္ဂီရောင်အဆင်းလို့၊ စံမယွင်းတူညီ၊ မှန်ကင်းဇမ္ဗူဒီ)*၂။ ဆံတော် ဓာတ်မှာပေါ်ထွက်ပြီ၊ မျက်တောင်တော်ဆီ၊ မျက်တောင်တော်ဆီ၊ အုံဖွယ်ကောင်းတဲ့ ညိုမောင်းသောရောင်ခြည်။

လက်ယာနားက ရေအလျှံစီး၊ လက်ဝဲနားက ရွှေသဏ္ဌာန်မီး၊ လက်ယာ နှာခေါင်း တော်က မြကွန်းဆောင်အညီ၊ လက်ဝဲနှာခေါင်းတော်က လဝန်းရောင်ခြည်၊ (ညိုသော



ရောင်ခြည်၊ နီသော ရောင်ခြည်၊ ဖြူသောရောင်ခြည်၊ ရွှေသောရောင်ခြည်၊ ကြည်ညိုဖွယ် ကောင်းလိုက်ပါတဲ့ မောင်းသောရောင်ခြည်)* ၂။ ပြိုးပြိုးပြက်ပြက် တစ်ခဲနက်တဲ့ရောင်ခြည်တော်တွေအညီ၊ ကြည်နူးလိုသား ဦး ခိုက် မည်၊ မီးရဲကောက်ပုဒ်း ခြောက်ပါးသောရောင်ခြည်။

(ရွှေဘုန်းတော်ရောင်ခြည်၊ခြောက်ရောင် ကုန်းမြူးလည်၊ တန်ခိုးတော် အနန္တ ပြည့်စုံလှသည်၊ ဆယ်ဖြာရည်စူးကြည်နူးသည်)* ၂။(နေ့တိုင်း စဲမြဲခဲ့သည်၊ ညတိုင်း စဲမြဲခဲ့သည်၊ ငါးဖြာအန္တလီ၊ တင်ချီသ,မည်)* ၂။ စောဗုဒ္ဓ မြတ်ဘုရား၊ တန်ခိုးတော် အားနဲ့အညီ၊ ဖူးမဝပြီ၊ ထူးလှတဲ့ ရောင်စုံခြည်။



လက်ယာနား....ရောင်ခြည်။

(အုံဖုယ်ထူးထူး၊ ကုန်းကာမြူး၊ ကြည်နူးဖွယ်ရာ ရှိခိုးချီ၊ နီလပီတ လောဟိတနဲ့ သြဒါတစုံညီ၊ မဇ္ဈိဋ္ဌနဲ့ ပဘဿံရ၊ ယုန်တက်ဋ္ဌေ ဂုဏ်ကျက်သရေစုံညီ)* ၂။ ကြည်ညိုဖွယ် ကောင်းလေသည်၊ တကယ် ကိုပဲ ပြောင်းလဲလို့ ညိုမောင်း ပါတဲ့ ရောင်ခြည်တော်သည်၊ တစ်ရာ့ရှစ်ကုက်ညီ၊ စက်မြတ်တော်သည်၊ ဆံဖျားတော် တိုင်အောင်၊ အုံဖုယ်ရာ ဆောင်သည်၊သြော်....ကုန်းမြူး တင့်တယ်ပါပေသည်။

× × ×



အောင်ခြင်းရှစ်ပါး


တေးပြုစာဆို –သဟာယဆရာတင်
သရုပ်ဖော်ပန်းချီ–မောင်အေးမြင့်

ယခင်အဆိုတော်–မေရှင်

ယခုအဆိုတော် –ရန်ပိုင်စိုး၊ ဇေယျာ၊
တက္ကသိုလ်ကိုကိုဇော်၊
စန္ဒရားထိပ်တင်ဝင်း၊
ရှင်ပြုံး၊ နှင်းရည်သန့်၊
ချယ်ရီအောင်သန်း၊
တက္ကသိုလ်နီလာဟန်

အောင်ခြင်းရှစ်ပါး၊ အသံကြားတဲ့ အခါ၊ စီးပွားဥစ္စာ အဟုတ်မကျန်အောင်သာ၊ ကျန်းမာချမ်းသာပါလို့ ဘေးဘယာမဝိုင်း၊ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မှာ၊ ခုနစ်ရက်သားသမီးများနဲ့ နတ်လူပြဟ္မာ။


သက္ကရာဇ်ကောဇာ တစ်ရာ့သုံးခုမှာ၊ လပြည့်နေ့ ကဆုန်၊ ရွှေဘုန်းတော်ခြောက်ဖြာတောက်ကာ၊ မဟာဗောဓိ ညောင်ပင်အောက်မှာ၊ ဘုရားအဖြစ် တရားအစစ်နဲ့ ရွှေပလ္လင်ထက်မှာ၊ စံပယ်ချိန်ခါ၊ ပြောင်မာတင်မခလာ၊ ဆင်ရတနာစီးလို့၊ မာရ်နတ်မင်းရယ် အားမာန်တင်းကာ၊ ဝဿဝတ္တီနဲ့တ်ပြည်ကလာ၊ စစ်ချီကာ ရန်တွေ့မှုလို့၊ ဘုရားကိုယှဉ်တု၊ ပလ္လင်




လုပြုန်တာ၊ သည်းခံပါ၍ အမျက်မထား၊ပါရမီ
ဆယ်ပါး၊နဲ့၊ မာရ်နတ်ရန်နင်းနှိမ်ပေရှာ၊ မေတ္တာ
ခတ်နဲ့ ဗုဒ္ဓမြတ်စွာ၊ ဆောင်နှင်းခဲ့ အောင်
ခြင်း ပထမပါ။


အာဠာဝီပြည် အနီး၊ ညောင်ပင်ကြီးမှာ၊
တစ်ဦးတည်း ဘီလူးကြီးအာဠာဝကစံရာ၊ တစ်
နေ့သော် မြတ်စွာဘုဂဝါ၊ သူ့စံနန်းမြန်းတော်
မူလာ၊ ဘီလူးကြီး အာဠာဝက၊ ယမ်းပုံမီးက္ခ၊
တားမရဆီးမနိုင်၊ ဒေါသလှိုင်ကာ၊ ဘုရားကို
ပြိုင်ဆိုင် မနိုင်ငြား မာန်စွယ်များလဲကျရရှာ၊
မေတ္တာခတ်နဲ့ ဗုဒ္ဓမြတ်စွာ၊ ဆောင်နှင်းခဲ့
အောင်ခြင်း ဒုတိယပါ။

အခါတစ်ပါး၊ မြတ်စွာဘုရားသည်ရာဇဂြိုဟ်
ပြည်လမ်းမှာ၊ ဆွမ်းခံကြွလာခိုက်၊ သတ်လိုက်
မယ်တဲ့ ဒေဝဒတ်မိုက်ရယ်၊ ကြံစည်ပြန်တာ၊
နာဠာဂီရိ၊ အမည်ရှိတဲ့ဆင်ကို၊ အရက်အမျိုးမျိုး
တွေ အတင်းတိုက်လိုသာ၊ ဘုရားမြတ်စွာကိုပင်၊
အနှင်းခိုင်းလိုက်တာ၊ သို့ပါသော်လဲ ဆင်မိုက်
ကြီးမှာ၊ ဒူးတုပ်ရရှာ၊ မေတ္တာခတ်နဲ့ ဗုဒ္ဓ
မြတ်စွာ၊ ဆောင်နှင်းခဲ့ အောင်ခြင်းတတိယပါ။



(ရှေးသရောခါ၊ သာဝတ္ထိပြည် ဌာနမှာ၊
လူဆိုးဗိုလ်အင်္ဂုလိမာလဟာ၊ သန်လျက်ခားကို
သူ့လက်ဖျားကမချပါ)*၂။ ခားမြကြီးလုပ်လို့
ဆိုးယုတ်ပုံမှာ၊ လက်ညှိုးတွေ့ခုတ်လိုသာ၊ ထို့







အခါ ဘုရားကြွလို၊ မမှားရဖို၊ တရားပြတော် မူရှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ၊ ဆောင်နှင်းခဲ့ အောင်ခြင်း စတုတ္ထပါ။

မြတ်တရားတော် မြွက်ရှာပါလို၊ သိကြားပြဟ္မာ၊ အများသတ္တဝါဗိုလ်ပုံ၊ ပရိသတ်စုံတဲ့ မဂ်လာပွဲမှာ၊ စိဉ္ဆမာနမိန်းမယုတ်မှာ၊ သူ့ဗိုက်ကို ပျဉ်ချပ်ဖုံးကာ၊ ဘုရားဂေါတမနဲ့ ကမ္မဋ္ဌာန်း ဇောကျကာ၊ ငိုကြွေးရှက်မှုန်၊ ကိုယ်လေးလက် ဝန်ရှိတဲ့ပုံ ဟန်ဆောင်လို၊ သူစွပ်စွဲလာ၊ အပြစ် တော်မယူဘဲ၊ လူပုံထဲမှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓ မြတ်စွာ၊ ဆောင်နှင်းခဲ့ အောင်ခြင်း ပဉ္စမပါ။

သုံးလူထုတ်ထား၊ မြတ်ဘုရား ဒေသနာ၊ မှတ်သားဖွယ်ဝေနေယျာ၊ အနိစ္စရယ် ဒုက္ခရယ် အနတ္တတရားကို၊ မှားတယ်ဆို၍ မကြည်ညို၊ ပြန်တာ၊ အယူလွဲတဲ့ငရဲမီစ္ဆာ၊ သစ္စကပုရိဗိုဇ် မလိမ္မာ၊ ဒေသနာတော် အနန္တကို၊ မြတ်ဘုရား က နောင်မမှားအောင်၊ သစ္စကကိုတရားပြရှာ၊ မေတ္တာဓာတ်နဲ့ ဗုဒ္ဓမြတ်စွာ၊ ဆောင်နှင်းခဲ့ အောင်ခြင်း ဆဋ္ဌမပါ။





ဇမ္ဗူကျွန်းမြင့်မိုရ်တောင်ခါးပန်းမှာ၊ ကြမ်းတမ်းတဲ့ နတ်နဂါးပါ၊ မှတ်သားလောက်စရာ၊ နန္ဒောပနန္ဒ၊ လျှပ်တပြက်၊ အသက်ရာကုဋေ၊ ခြွေခြင်းမြွေမင်းရာဇာ၊ မြတ်ဘုရား၌သာတော်ရှင်မောဂ္ဂလာန်၊ နှိမ်နင်းဖို့လှတ်လိုသာ၊ စိတ်နှလုံးသိမ်မွေ့ကာ၊ နဂါးကြီးခေါင်းငိုက်ဦးခိုက်ပါလို့၊ ခစားဖို့ရောက်လို့လာ၊ မေတ္တာခတ်နဲ့ ပုဒ္ဓမြတ်စွာ၊ဆောင်နှင်းခဲ့အောင်ခြင်းသတ္တမပါ။


ဆယ်စင်းသို့ပုံပမာ၊ ဗကဗြဟ္မာကြီးဟာ၊ အမှားကြီးမှားလို့၊ အယူသည်းနေရှာ၊ ငါသူမြဲတယ် စိတ်မှာစွဲကာ၊ ဘုရားကိုပင် ကန့်လန့်တိုက်၍၊ မိုက်နေပုံကို၊ ဆိုးနေပုံကို၊ဘဂဝါဘုရားကသာ၊ ဒေသနာတရားပြတာ၊ အဲဒီတော့ ဗကဗြဟ္မာ၊ မာန်စွယ်ချလို့ ရှိခိုးရတာ၊ မေတ္တာခတ်နဲ့ ပုဒ္ဓမြတ်စွာ၊ ဆောင်နှင်းခဲ့ အောင်ခြင်း အဋ္ဌမပါ။

× × ×

ဗြဟ္မာဘုံမှာ၊ တန်ခိုးကုဏ်မာန်သတင်း၊ နေ

အင်္ဂလိမာလ

တေးပြုစာဆို –ရွှေတိုင်ညွှန့်
သရုပ်ဖော်ပန်းချီ–ဦးစိန်
ယခင်ဆိုတော် –ဒေါ်ကြည်အောင်
ယခုအဆိုတော် –တင်ဦးလေး




အိမ်ထောင်ည့်တ်ကုင်း၊ သံချိုင့်တုင်းမှ၊ မလုတ်ကင်း နိုင်ကြတဲ့၊ ဣတ္ထိယ မိန်းမများတို့သည်၊ ပဋိသန္ဓေ ကိုယ်ဝန်နေ၍၊ မသွေမုချ၊ မွေးဖွား လာရပေလိမ့်မည်။ ခရားမှရေသွန်သလို၊ ဝန်လေးလှတဲ့ ဤဒုက္ခမှ မြတ်လှတဲ့ပရမံ၊ ကေန်ရတာ ညွှန်ပြချင်ပါသည်။

သောတ္ထိနာဂဗ္ဘဝုဋ္ဌာနံ၊ ယဉ္စသာဓေတိတခ်ဏေ။ သောတ္ထိနာ ချမ်းသာစွာဖြင့်၊ ဂဗ္ဘဝုဋ္ဌာနံ မနာမကျင် ကိုယ်ဝန်ဖွားမြင်ခြင်းသည်၊ တခ်ဏေ ထိုခဏ၌၊ ယဉ္စသာဓေတိ ပြီးစီးနိုင်ပေသည်လို့၊ ဤကဲ့သို့ စောသတ္ထပါရဂူ၊ သယမ္ဘူထုတ်ထား၊ သဗ္ဗညု မြတ်စွာဘုရား သခင်သည်၊ မင်္ဂလိမပဏ္ဏာသ၌၊ ထုတ်ဖော်ညွှန်ကြား၊ ဟောထားတော်မူပါပေသတဲ့သည်း။

သာဝတ္ထိပြည်၊ တိုင်းရာဇဌာနီ၊ ကောသလဘုရင်၊ ထီးဖြူအုပ်ချုပ် မင်းလုပ်တော်မူသည်။ ထိုစဉ်အခါမှာ၊ သမ္ဘာအရှိန်ကြွပါတဲ့၊ ဟိံသကကို သန္ဓေတည်။ သေချာစွာ ဇာတာစစ်တော့၊ ညဉ့်ကာလမှီ၊ ကောင်းကင်ဒီပါ အာကာအားလုံး၊ အုတ်အုတ် ကျက်ကျက် ညံညံစီစီ၊ မြေငလျင်တော်လဲကာ၊ တခဲနက်တော့သည်။ အတိတ်နိမိတ်တွေ အထူးပင်ဖန်လာသည်၊ မိခင်မန္တာနီ၊ အသွင်ရှုမဝနိုင်တဲ့၊ အင်္ဂုလိကို ဖွားမြင်တော်မူသည်။

ငယ်မည်ဟိံသက၊ အင်္ဂုလိမာလသည်၊ လူလားမြောက်ပါလို့ အရွယ်ရောက်တဲ့ချိန်ခါမှီ၊ တက္ကသီလံ၊ ဆရာထံ အပ်နှံလေတော့သည်။ ပညာတွေအကုန်၊ စုံလင်ပြန်တော့၊ ဟိံသက ခမျာကို မနာလိုကြသည်၊ အပေါင်းအဖော်တွေစုံညီ၊ ဆရာသခင်ကြင်သက်ထားနဲ့မှားယွင်း ကြတယ်လို့၊ ဤကဲ့သို့လိမ်ညာဏ်နှောက်ကာ၊ တင်လျှောက်ကြပြန်သည်။ မယားထိပြန်တော့၊ မချိအောင်နာလှသည်၊ တပည့်ကိုသေစေရန် ဉာဏ်အခြေတစ်မျိုးနဲ့၊ လှံအရှည်ထိုးလို့ လက်ညှိုးတစ်ထောင် ရအောင်ဖြတ်ခိုင်းသည်။

ဆရာ့စကားကို သွေမဖယ်သ,ပ၊ မြေဝယ် မကျအောင်၊ သူနားစိုက်ခဲ့ပြီ။ အားတိုက်ပင်ကြံစည်၊ လူမြင်တိုင်း ညာလက်ညှိုးကိုချိုးဖြတ်တော့သည်။ ရွာကြီးရွာငယ် အခြေပျက်လို့၊ အသက်ဘေးကြောင့်ပြေးခဲ့ရလေပြီ။ ထီးဘုရင်မှာ တပ်ချီထွက်၍၊ လက်ရဖမ်း တော့သည်။ မွေးမိခင်မန္တာနီ၊ သားအသက်ကိုသေမှာနှမြော



လို့(ဇာလီယမြို့ဝင်တောတန်းဆီ)*၂၊ လှမ်းခဲ့ပါပြီ၊ ပန်းနဲ့ရှာသည်၊ အင်္ဂုလိမာလသည်၊ တစ်ထောင်သောလက်ညှိုးမှာ တစ်ချောင်းသာလို့တော့သည်။

သြော်....ကျေးဇူးရှင်ခေါင်သနင်းနဲ့၊ ပက်ပင်းပါဆုံလို့၊ မြို့ဝင်ကနက်မှာ အခက်ကြုံရလေပြီ။ ဟင်....မိခင်လေသော ဘာလေသော၊ ကျောကမဖြုန်၊ တောရဂုံတွင်းဝယ်၊ ခားပိုက်ကာ၊ တအားလိုက်တော့ပြီ။

ထူတ်ဘုန်းခေါင်ပရမေ၊ သုံးလူ့ဆွေသည်၊ မဟာကရုဏာမျှော်၊ စိတ်တော်ချေ၍၊ဇေတဝန်ဝိဟာမြတ်မှာ၊ သမာပတ်နှင့် တပ်အပ်မြင်လေသည်။ အင်္ဂုလိမာလ ဟိ သကထိုသူသည်၊ မွေးသမိခင် ပဇ္ဇာနန်ကြောင့်၊ နိဗ္ဗာန်ဝေးချေတော့မည်။ အန္တိမဘဝိကာမှန်ပေသောကြောင့်၊ စောဗုဒ္ဓပရမေအရှင်သည်၊ ဇေဟိဘိက္ခု ခေါ်တော်မူသည်၊ ကြည်ညိုစရာပ၊ အင်္ဂုလိရှင်မထေရ်၊ တန်ခိုးတော်တေဇော်၊ တွေးမျှော်ကာ ကြည့်တော့၊ ယတောဟံဘဂိနီ အစရှိသည့် ဤမန္တန်သည်၊ မွေးလွယ်တယ်၊ ဖွားလွယ်တယ်။ ဘုရားတ တယ် ဟော သည်။ မနော စိတ် က (ယုံကြည်)*၂။ မကြည်အောင်ရဲတေးကို ရွှေတိုင်ညွှန်က စီရေးလိုက်ပါသည်။

× × ×

ရှင်သီဝလိ

တေးပြုစာဆို –စစ်ကိုင်းဆရာကြည်
သရုပ်ဖော်ပန်းချီ–အမ်တင်အေး

ယခင်အဆိုတော်–ပြည်လှဖေ
ယခုအဆိုတော် –စန္ဒရားလှထွတ်
ချိုဝေလွင်

သီဝလိစ မဟာထေရံ၊ ကံတသတေ
ဇေန ဂစ္ဆန္တီ၊ သဗ္ဗလောဘော၊ ဂေါတမ မြတ်
ပရမေ တေဒဂ်တော်ဝင်၊ ထေရ်ရှင်သီဝလိ၊
ကောလိယပိတာ၊ သာကီဆွေ၊ သုပ္ပဝါသာ
မယ်တော်ပေ၊ အောဝမ်းရွှေကျမ်း ထုတ်လို့ဝေ။
ကုန္ဒိက–မြို့အခြေ၊ ကုန္ဒန်ဝန်ေ၊ ဂေါတမစိန္တွေ
ဝါတော်ဆိုရာမြေ၊ အောဝမ်းရွှေကျမ်း ထုတ်လို့
ဝေ။ (ရှင်သီဝလိ ဂါထာ) * ၂။ ကမ္ဘာကုန်
ဆောင်ပါစေ၊ တိုးတက်မည်ရွှေဌေး၊ မြန်မာနိုင်ငံ
ကောလီဓာတ်ကန့်ဆေး။

အများ။ ။သောင်းဇမ္ဗူပေါ် အလှူတော်
ပေးနိုင်ကြပါစေ။

ရှင်သီဝလိတန်ခိုးတော်ရောင်ပေ၊ တို့ပြည်
တို့နန်း ဦးကင်းတော်ဝေ၊ စိန်ရောင်လျှမ်းလို့
ဝမ်းမြောက်ဝမ်းသာ ချမ်းသာစရာတွေ၊ နေ့စဉ်
တိုးမည့် ဇေဟိလာဘ်၊ နေ့စဉ်တက်မည့် ဇေဟိနံ၊
ပုဂံမြို့ပုံအခြေ၊ ဘုရား တန်ဆောင်း ကျောင်း
ဇရပ် (မဏ္ဍပ်ကြီးဇော်ရွှေဗျောဝေ)* ၂။ ဇမ္ဗူ
ကျွန်းလုံး သိမ်းကြုံးပေါင်းရုံး လယ်ယာရွှေမြေ
အောဝမ်းမေတ္တာ ရှင်သီဝလိထံ ဆုပန်တောင်း
လို့။

အများ။ ။သောင်းဇမ္ဗူပေါ် အလှူတော်
ပေးနိုင်ကြပါစေ။





(အောင်စည်ဟိန်းလို့ ငြိမ်းချမ်းအောင်သပြေ အောင်စေ၊ မြရောင်ထွန်းတဲ့ လယ်ယာကျွန်းမြေ၊ စိန်ရွှေငွေ၊ လယ်ယာဥစ္စာစည်းစိမ် ဂုဏ်ရှိန်တိုးစေ၊ ပေါပြည့်ဝစေ၊ ဇောတိကပမာခြေ)* ၂။ [လောကပါလ (သာသနာစောင့်နတ်တွေ)* ၃။ စောင့်ရှောက်တဲ့မြန်မာပြည်)* ၂] (နွေစဉ်ဒါနသီလပုညဘာဝေ၊ သီကြားနတ်လူတို့ အမျှသဒ္ဓါဝေ၊ ရကြပါစေ)* ၂။ လယ်ယာရွှေမြေ အေဝမ်းမွေတွာ ရှင်သီဝလိထံ ဆုပန်တောင်းလို့။

အမျှား။ ။သောင်းဇမ္ဗူပေါ် အလှူတော် ပေးနိုင်ကြပါစေ။



ရွှေတိဂုံသမိုင်း

တေးပြုစာဆို –ဒဂုံဆရာတင် **ယာခင်အဆိုတော်**–ဒေါ်ကြည်အောင်
သရုပ်ဖော်ပန်းချီ–မိုး **ယခုအဆိုတော်** –ဂီတဝိုင် မောင်ကိုကို၊ ရတနာဦး

ဘိုးတော်အလွန် နဝစန္ဒာ၊ ကိန်းဖြိုချလျက်၊ တစ်ခုကြွင်းကျန်ပေ၊ ကောဇာသကျရာဇ်ခါသမယ၊ ရှစ်ဆယ့်ငါးခုကြာမှ၊ သိဂုံတွာရတောင်ပေါ်၊ ရသေ့မြတ်သူတော်(လမုသစ်ပင်၊ ယခုဖြစ်အင်)*၂။ သန္ဓေမှီသမို့၊ ကြီးစွာအံ့ကြီးဖြင်၊ ဆောင်ယူလျက်ပါ၊ မကြာခင်အရှယ်နုသမို့၊ မယ်လမုဖွားသန့်စင်။

ညှိုးလက်တန်တွင်၊ နို့ထွက်ရန်ပင်၊ ညှိုးလက်တန်တွင်၊ အဓိဋ္ဌာန်ပါလျက်၊ ပြည့်ဝလိုအင်၊ သောဠသ ရောက်လှစ်ပြန်လျှင်၊ သိကြားမင်းလူအသွင်၊ နှစ်ပါးချင်းဖြူစင်၊ ဝေဇယံနတ်နန်း၊ ဖြတ်သန်း၍ပင်၊ နတ်၏ဆေးနှင့်၊ သန္ဓေကိုပင်၊ ဖွားမြင်မြောက်လို့၊ ချိန်ရှယ်တိုင်လျှင်၊ ဥက္ကာသန်းလို့ နိမိတ်ထင်၊ ငလျင်ကြီးတုန်ရ၊ အမည်ဥဂ္ဂလာသ၊ နောင်သော် ဥက္ကလာပ၊ ချိန်ရှယ်တိုင်လျှင် ဥက္ကလာတိုင်းကြီးရှင်။






သုံးလူ့ထွတ်တင်၊ မြတ်ဘုန်း ဘုရားရှင်၊ လင်းလွန်းထိုအပင်၊ စံစဉ် ပေါက္ခရဝတီ၊ (မြို့တော်နဂရတွင်)* ၃။ တပုဿမည်တွင်၊ ဘလ္လိကညီခင်၊ ကုန်ကူးသန်းလာစဉ်အခါတွင်၊ လှည်းအစီးငါးရာတပ်ဆင်၊ ခရီးနှင်တော့ (ကြည်လင်ပေသပေါ့)* ၂။ ဘဂဝါသျှင်ပင် လက်စုံဖူးရအောင်။

ဆံတော်အား ပေးသနားလျှင်၊ အမှန်နော် မခြား၊ ရှေးဘုရားသခင်၊ နောင်တော်အရှင်တို့၊ ရေသနုပ်တောင်ဝှေး၊ ဓမ္မကရိဏ်းကိုပင်။ ထူးထူးခြားခြားပွားများ၊ မီးရေစုံသား၊ ဆံတော်ရှင်ကိုပင်၊ ဥက္ကလာပမင်းနဲ့ သီကြားဖြဟ္မာတို့ (တည်ပါလေသမို့)* ၂။ ရွှေတိဂုံသျှင်ပင် နေ့စဉ် ဖူးမဝ, အစဉ်။

× × ×




ကုသိနာရုံ

တေးပြုစာဆို –စောင်းဦးဘသန်း **ယခင်အဆိုတော်**–ဒေါ်တင်အုံး
သရုပ်ဖော်ပန်းချီ–ကြည်ဝင်း **ယခုအဆိုတော်** –ထား

မြတ်စွာဘုရားသည်၊ သင်္ဘဝါဘေဒသနားလေပြီ၊ ငြိမ်းချမ်းစေ တရားဓမ္မညွှန်းသည်၊ သိန်းသန်းကုဋေ များစွာဝေနေ၊ ကျတ်ထိုက်သူကို ချွတ်ခဲ့လေပြီ၊ စိန္တေယျာဘဂဝါဦး ဖူးမျှော်ကြသည်၊ မဂ္ဂင်သောင်ဖောင်ယာဉ်ကြီးစီးပါစို့ အဟာည်။

(သုံးလူ့မြတ်စွာ ဘဂဝါသင်း၊ ထင်လင်းတစ်ဖုံ၊ ပင်မင်းအစုံ အင်ကြင်းရုံတွင်းဆီ)* ၂။ အဆင်းရတနာသိဂိ၊ ထီးဆောင်းနန်းရိပ်ဆီ၊ နိဗ္ဗာန်ရွှေပြည်၊ ခေမာနန်းကြွမြန်းတော့သည်။ သိကြားဗြဟ္မာတွေစုံညီ၊ နတ်လူရော ဖိုလ်ဇောကျသည်။ အများရဟန်းမြတ်တွေ၊ ပျားပန်းခတ်သလို၊ မလပ်ကြပြီ။ ကျမ်းဓမ္မညွှန်းသည်၊ နန်းမြေယွန်းဆီ၊ အာယုသင်္ခါရ လွှတ်တော်မူသည်။ ဘဂစဝါဘုရား၊ အမတာကိုသွားလေပြီ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလေပြီ၊ ဘဂဝါခန္ဓာကြွင်းကို၊ နံ့သာတင်းဆယ်ပါလို့ (မလပ်အောင်ပူဇော်လေပြီ)* ၂။




(ပရမေဘုရားရဲ့ အရေအသားတို့သည်၊ ပုလဲဥပမာလို၊ အခဲစုကာလျှံထိန်ကြွလေပြီ)*၂။ သမ္ဘိန္ဒ အသမ္ဘိန္ဒ၊ ရှစ်စိတ်သော ဓာတ်မွေသရီ၊ ကြွင်းရစ်ခဲ့သည်။ အင်ကြင်းရဂုံဆီ၊ သုဒ္ဓိန်ခါကြုံ၊ ဘဂဝါသနင်း၊ ကုသိန္နာရုံ၊ မလ္လာမင်းနေပြည်။

(စိန္တေယျာ၊ နယ်အမတာ၊ ကြွရင်ဖြင့်၊ ဘယ်ဆရာကမှ၊ ဆုံးမတော်မူပါမည်။ ညီချစ်အာနန် တောင်းပန်စကားနှင့်၊ လျှောက်ပန်ကြားတော့သည်)*၂။

(သုံးလူထွတ်ထားနန်းခေမာ မမြှန်းလေရှာမှီ။ သတ္တဝါဒေများ၊ သနားတော်မူရှာလေပြီ။ တရားဓမ္မဘေစုံညီ ရှင်တော်ဘုရား၊ နိဗ္ဗာန်မယ့်းမီ၊ ထားရှာလေတော့သည်)*၂။ (များဝေနေ၊ တရားတော်ရေအေး အမှန်ပင်တိုက်ကျေးမည်။ ဆွေးဖွယ်များစွာအတည်၊ လေးဆယ်ငါးဝါရမည်၊ သတ္တဝါများစွာပုအတည်။ မလွတ်သနော်၊ ချွတ်တော်မူခဲ့သည်။ လပြည့်ကဆုန်နေ့မှာ ရဂုံရိပ်ကြာမှာအတည်၊ အင်ကြင်းပျို နှစ်ပင်ကြား၊ ဘုရားမြတ်တည်။ ကောင်းသောအစဉ်အလာတွေ၊ အင်္ဂါနေ့မှာသာတည်။ ဧခမာပြည်မြန်းကြွတော့သည်၊ လှိုဝန်းသစ်တဲ့ ရွှေအထည်၊ ကျန်ကြွင်းရစ်ကဲ့ မွေသရီ၊ စေတီပုထိုးတည်၊ ကိုးကွယ်ပါတော့မည်။

F.55B × × ×



မာတ်တော်ဝေခန်း

ဇတားပြုစာဆို –နန်းတော်ရှေ့ဆရာတင် **ယခင်အဆိုတော်**–ဒေါ်ကြည်အောင်
သရုပ်ဖော်ပန်းချီ–ဦးလွန်းကြွယ် **ယခုအဆိုတော်** –ခင်စိုးဝင်း

သည်ကမ္ဘာပြည်ဗဟိုရှိ ကြည်ညိုဖွယ်ဖြစ်စေရမည်၊ ဓမ္မသဝနဒေသနာအညီ၊ မှတ်တော်မူရန် စာတမ်းကို၊ မာတ်တော်ဝေခန်း ဖွင့်ရပါတော့မည်။

(မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်ပြုရှာတော့ ခုနစ်ပြည်ထောင်မင်းတို့ မယုင်းကြကြလေပြီ)*၂။ ဘုရင်သနင်း ထင်လင်းအင်ကြင်းရုံမှာ ရာဇမလ္လာအာဏာပေးပုံက၊ ဘာသာ သာသနာ့အရေးတော်မှန်သည်။ တစ်ရွေးငယ်မျှ မရရှာလေပြီ။ မြတ်စွာဘုရား ဓာတုမွေးသရီ၊ စေတီတည်ရန် စီမံထားသည်။ သံလျက်ကျောက်စီခားနဲ့ တအုံးခုခံမည်၊ ခုနစ်ပြည်ထောင်မင်းသည်၊ သတ္တိဗလပြရမည်၊ ထုံးလိုပဲခုချေ ရေကဲ့သို့နှောက်ကာ၊ ကြိမ်းဝါးတော်မူကြပြီ။

သံပြိုင်။ ။ဘုရားရှင်မွေသရီပူဇော်ကြလိုပါသည်။ မနုဿန့်ဂ္ဂဇ် ခြောက်ထပ်ဘုံနတ်ပြည်၊ ရမ္မာဝတီ မလ္လာရွှေအင်ကြင်းက အတွင်း ရုက္ခပင်နန်းမြိုင်ဆီ၊ ခွဲဖြာစိတ်ညီဗျာဒိတ်တည်၊ ဒေါနပုဏ္ဏား ဓာတ်တော်ဝေလေသည်။



မွေသရီ အဝေမည်၊ စိတ်မကျေနပ်ပြီ၊ ကြွလာသောမင်းအများ၊ ရာဇာမာန် ပွားလို၊ မတရားထင်သည်။ အနှယ်တော်မှန်သည်၊ ကပိလဝတ်ပြည်၊ အကြည်တော် မာလွှာမြတ်နဲ့၊ ဇာတသတ်တို့ စစ်ခင်းပြန်သည်။ (ဝေဿဒိမကောသလ္လကျန်ပြီ၊ အင် မတန်ဇောကြည်လှ မောရိယဘုရင်သည်)*၂။ သရီရမွေတော်ကို မရပြန်တော့သည်။ မရပြန်တော့သည်။ အားမာန်လျော့သည်၊ သူအလာနှေးပြီ၊ မီးသွေးမျှသာ ရရှာလေ တော့သည်။

သံပြိုင်။ ။ဘုရားရှင်မွေသရီ....ခတ်တော်ဝေလေသည်။

ညောင်ဗုဒ္ဓဟော· ပန်းစမုတ်အကြွနဲ့၊ အပရာဇိတပလ္လင်၊ နံ့သာရေဖြန်းကြပြီ။ အောင်သုဒ္ဓမေ ဆန်းအနုတ္တရနဲ့၊ သတ္တဝါရှိသမျှ သခင်ကို ကြာလေလွှမ်းလှပြီ။ စာဖွေ တမ်းကာ၊ တိုင်းခန်းဌာနီ၊ ဗြဟ္မာပြည်နဲ့တကွ၊ လူ့ပြည်နတ်ပြည်၊ ဝမ်းနည်းပါသည်။ ဝမ်းနည်းလှပါသည်။ ဘုရားရှင်ကိုယ်တော်မြတ် မရှိခဲ့တော့ပြီ။ ကိုးကွယ်ရာရှာကြ ဓမ္မရွှေစေတီ၊ ဓာတုစေတီ၊ ဘုန်းရှိကြသည့် ဥဒ္ဒိဿ ပရိဘောဂ လေးပါးတို့သည်၊ ဓာတ်တော် မွေတော်အပေါင်းကို စကြဝဠာတစ်သောင်းက ပို့နှံသည်။

သံပြိုင်။ ။ဘုရားရှင်မွေသရီ....ဓာတ်တော်ဝေလေသည်။

× × ×



မိဘမေတ္တာ

တေးပြုစာဆို –ရွှေတိုင်ညွှန့် **ယခင်အဆိုတော်**–ဒေါ်ကြည်အောင်

သရုပ်ဖော်ပန်းချီ–အုန်းခင်(သုခုမ) **ယခုအဆိုတော်**–တင်တင်မြ

သားတို့ရုပ်ရည်၊ သီတာငယ်မည်၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကလေးကျရုံနဲ့၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းတည့်။ အသည်းနှလုံးသားနဲ့ပင်တူညီ၊ ကြီးမားသော မေတ္တာ တော်ဂုဏ်ရည်၊ မာတာပိတု ပဋ္ဌာနံ၊ ပုဏ္ဏဒါရဿ သဂ်ဟော၊ မိဘအားလုံး သားသမီး မုန်းတယ်လို့၊ ဆိုထုံးမရှိဘူး တဲ့-ရှင်။

(သံယောဇဉ်တည်၊ ကြည်လင်တဲ့အရေး၊ အော်....ကိုယ် ရင်သွေး၊ ထွေးပိုက်လို့ချီ*)၂။ (အရွယ်မတိုင်မီ၊ မိဘမျှား ပိုးမွေးသလို မွေးကြရပြန်သည်။ အနန္တဂုဏ်ရည်၊ ပျို့ကြည်အောင်ကျေးဇူးတွေတင်သည်)*၂။ (ဖဝါးလက်နှလုံး၊ ပခုံးလက်နှစ်သစ်၊ လူဖြစ်အောင်မွေး၊ လုပ်ကျွေးခဲ့သည်။)*၂။ လူလားမြောက်လို့လာပြန်လျှင်၊ အဆင်ခြင်မထား၊ မှားတတ်သည်။ ဥပမာပုံခင်းစရာပ၊ အဇာတသတ်မင်းသား၊ ယွင်းမှားပုံကိုရည်။




(မွေးသဖခင် ကျေးဇူးရှင်ကိုတည်၊ မတရားသက်သက်၊ ရက်စက်လေတော့သည်) * ၂။ သူ့သားတော်လေး မွေးတော့၊ ထွေးပိုက်ကာပင်၊ မြပုခက်တွင် ယောင်ကျွေးလို့ (ထူးထူးငယ်စုံလင်သည်) * ၂။ မေတ္တာတော်ဂုဏ်ရည်၊ ထင်ရှားခဲ့လေသည်။ ကေပုတ္တတရားနဲ့အညီ၊ ဥဒယဘဒ္ဒသညာအတည်၊ ကြင်နာသည်၊ ရင်သွေးဟူက၊ ချစ်ဝမနိုင်သည်၊ ကရုဏာပိုပါကာအတည်၊ မှက်ခြင်မသန်းရအောင်၊ ပင်ပန်းရသည်၊ မယ်တော်ဘုရား စကားတစ်ခွန်းလောက် မေးစမ်းပါရစီ၊ အကျွန်ုပ်၏ မွေးသဖခင်သည်၊ မေတ္တာသဘော၊ ချစ်ပါသလော၊ ပြောပြပါ အခါခါမေးလေသည်။

(ဝေဒေဟီ ဖြေမဆည်နိုင်ပြီ)* ၂။ (ချစ်တာတော့အမေပြောပြပါမည်၊ ခမည်းတော်ဘုရားရဲ့အပေါ် အထင်တော်မမှား သင့်ပြီ)* ၂။ (မင့်အပေါ် ကြင်နာသနားကာတော့က ပိုပါသည်၊ သားလူမမယ်၊ ငယ်ရွယ်စဉ်ကအတည်)* ၂။ (တစ်ကျွန်းခူနာကြီးရယ်

ကြောင့် ငြီးကာငိုရှာသည်၊ မင့်ဖခင် အာခံတွင်းမှာ သွင်းကာသိပ်ရသည်)*၂။ သြော်.... ချစ်လှတဲ့သားပေမို့ အမေရင်ထုကာ မရှုရက်နိုင်ပါပြီ။ မင့်အနာ မသတီလောက်စရာပ၊ ပြည်ပေါက်တာတောင် မျိုကာချပြန်သည်။

(ရွှေတိုင်ညွှန့်က အကိုးအကားနဲ့ စာကိုစီ၊ မိဘနဲ့သား၊ ခင်မင်ပုံများ၊ ဆင်ခြင်တုံတရား ထားသင့်သည်)*၂။ အဘသတ်ငါးဆက် ရှေးဝိပါက်ဆုံသည်၊ အဇာတသတ်ကစချိတ်ကာရေ။ သိမှတ်ကြစရာအတည်၊ ဇီနတ္ထပကာသုနီ၊ ဖြစ်တော်အပေါင်းအကြောင်းသိမည်၊ ပျိုကြည်အောင်ညွှန်ကြားပါရစီ၊ ဗဟုသုတနဲ့စုံအညီ၊ အမျိုးသမီးများရှုကြစေကုန်သတည်း။






ပဉ္စင်းအစ်မ

တေးပြုစာဆို –ရွှေတိုင်ညွှန့် ယခင်အဆိုတော်–ဒေါ်ကြည်အောင်

သရုပ်ဖော်ပန်းချီ–ဦးကျော် ယခုအဆိုတော် –ခင်ခင်

သာသနာ့အမွေခံ၊ ရည်သန်ပါတဲ့ ပျိုစိတ်ထား၊ မြတ်စွာဘုရား၏ သားဟပည့် သံဃာတော်၊ ပရိက္ခရာအစုံ သပိတ်သင်္ကန်းရယ်နဲ့၊ လှူဒါန်းခဲ့ပါပြီနော်၊ ဗျောသံကြွားရင် တရားနာကြွခဲ့ပါမောင်တော်။

ပြည်နိဗ္ဗာနန်း၊ ရည်မှန်းကာမျှော်၊ (သာသနာတော်အတွင်း)*၂။ သွတ်သွင်းတဲ့ အလှူတော်၊ ဒါနကိုအထူးမျှော်၊ ပကာသနမပါဘူးနော်၊ ပဉ္စင်းအမနဲ့ တူပျော်ပျော်၊ အထူးသဒ္ဓါပေါက်သော်၊ အလှူဒကာ ဧမောင့်ကိုမျှော်။




(စေတနာကောင်းနဲ့နော်၊ မနောကကြည်ဖြူ လှူပါသနော်၊ ပျိုစိတ်ထားမြတ်တဲ့ ပရမတ္ထထေရ်ရှင် သံဃာတော်)*၂။ (ခေမာပြည်၊ ရည်ဆောင်သနော်၊ ကြည်အောင် ကုသိုလ်တော်)*၂။ အမျှဝေပါသနော်၊ ပေါင်းသဟာတစ်စု သာဓု....သာဓု....သာဓု ခေါ်စေသော်။

(သဒ္ဓါတရား၊ ပွားများခဲ့သနော်၊ အလှူအတန်း ပေးကမ်းဖို့မျှော်၊ မောင်ရတဲ့ ဥဋ္ဌေတ္ဒ၊ မလစ်ဟင်းပါစေနဲ့တော်)*၂။ (အလှူရေစက် လက်နဲ့မကွာစေရန် ကုသိုလ်ပြုပါသော်)*၂။ သာသနာ့အမွေခံ ကေန်မှန်သော် ပျိုမောင်တော်။

(ကြည်အောင်မောင့်ကို ပြောမယ်နော်၊ ဈာန်းဘဝကို ရနိုင်ခဲ့တဲ့ ပျိုမောင်တော်)*၂။ (မောင်လဲပဲ သာသနာ့ဝန်ထမ်း သင်္ဃန်းဝတ်မယ်ဆိုသော်)*၂။(ချစ်ပေမယ်လို့ မခဲ့ချင်ပေမယ်လို့ တရားနဲ့သာပျော်၊ မဖျက်ဆီးတယ်၊ မဂ်ခရီးသည်၊ ရက်အနည်းငယ် ခွင့်ပြုနိုင်မယ်တော်)*၂။

(စေတနာကောင်းနဲ့တော်....သာဓုခေါ်စေသော်။)



မဏ္ဍာဂုဏ်

တေးပြုစာဆို –အောဝမ်းဆရာညှာ

သရုပ်ဖော်ပန်းချီ–နန်း

ယခင်အဆိုတော်–ပြည်လှမေ

ယခုအဆိုတော် –ကိုမင်းနောင်
ရီဂျီသန့်နှင့်အဖွဲ့

(ရွှေမေတ္တာပို့ကြထာဝစဉ်၊ အကျိုးကလျှင်၊ ဆယ့်တစ်ပါးပွားတာ မုချပါပဲ ထင်)* ၂။ (အိပ်တဲ့အခါန်မှာပင်၊ ဇိမ်ယူလို့ ချမ်းသာဖို့အစဉ်)* ၂။(ညတိုင်းအကြိမ်ကြိမ် စက်တော့ ထက်မြက်ပါတဲ့ အိပ်မက်ကိုမြင်)* ၂။ (နိုးကြပါလို့ မနက်လင်းရင်၊ အစဉ်




သုခ ကိုယ်စိတ်ဒုစ်ပါးတွင်) * ၂။
သြော်.... သူငါဖြစ်အင် လူတကာ
ချစ် ခင်၊ နတ် တော့ က ကောင်
စောင်မှ ချင်။

(မေတ္တာ အကျိုးမှာ ဖွင့်ကာပြ
ရင်၊ တန်ခိုး အာနိသင်၊ ဗြဟ္မာ့ဘုံ
လားရာ တရားပါပဲထင်၊ မှတ်ပါစေ
ကြောင်းပင်) * ၂။ ကြည်ကြည်
လင်လင်၊ ရှေ့မေတ္တာစွဲကြ ကိုယ်မှာ
အစဉ်။

(ငါးထွေသော ရန်သူပင်၊ ချစ်
ပါစေလမ်းတွင်၊ မေတ္တာရေဖြန်းရင်၊
ဘေးရန်ရှင်း အမှုန်ကင်းစင်၊ သွား
လာရာတိုင်းတွင်၊ မျက်နှာပွင့်လန်း
ချင်၊ မေတ္တာစောင်ခြုံရင် လုံမှာပဲလို
စွဲမြဲသူတိုင်းပင်)* ၂။ (အယူတော်
နောင်တွေ့ မလွဲပေ၊ ပြည်ကောင်း
ကင်၊ နတ်ဘုရား ထင်ရှားအောင်
မေတ္တာ ပွားကြအစဉ်)* ၂။ တည်
ကြည်သောစိတ်မှာ ဗီဇဉီပင်၊ မေတ္တာ
တော် တိုအကျိုးကို ယုံကြည်ပါ
လျှင်၊ လိုရာပြည့်မြင်။

(မေတ္တာအကျိုးမှာ.... ....
ကိုယ်မှာအစဉ်။)

× × ×



ငါးပါးပဉ္စသီ

ဗေးပြုစာဆို –ရွှေတိုင်ညွှန့် ယခင်အဆိုတော်–ဥဩဘသောင်

သရုပ်ဖော်ပန်းချီ–မောင်မောင် ယခုအဆိုတော် –ပန်းချီမောင်ငွေအုန်း

[မင်္ဂလာတရားနဲ့ ထင်ရှားပါတဲ့ (မြန်မာပြည်စံဌာနီ)] *၂။ (မြတ်ဘုရားဂုဏ်နဲ့ အာရုံစွဲကာနေမည်၊ တန်ခိုးအနန္တ အမှုန်ပ စုံညီ]*၂။ ငါးပါးလောသိက္ခာ စောင့်ထိန်းပါမည်၊ ပဉ္စသီတရားနဲ့အညီ၊ ကောင်းမြတ်တဲ့စိတ်နဲ့၊ သာသနာ့ဝန်ထမ်း ကြိုးပမ်းအားထုတ်မည်။

(ခေမာနန်းကို လှမ်းဖို့ကြံစည်၊ ပိဇ္ဈာဖြူပုတီးနဲ့ ဒေသနာရှာမည်)*၂။ အရဟံဂုဏ်တော်ကို လုံခြုံမှုအောင် ကြံဆောင်မည်၊ ကြိုးကြိုးစားစား စိတ်မှာထားလို့ (တရားကို ကျင့်သုံးတော့မည်)*၂။ စိတ်ညီလက်ညီ နေ့စဉ်ဆောက်တည်၊ ဩဝ်....ဒါနတန်ခိုး သီလတန်ခိုး ဘာဝနာတန်ခိုး အကျိုးထူးပေလိမ့်မည်။

(သာသနာရေး အားပေးသင့်ကြပြီ၊ ဘာဝနာတိုးအောင် ကြိုးစားအားထုတ်သည်၊ ဆည်းကပ်တော့မည်)*၂။ ဘုရား-ဟရား အားထားသည်၊ ရိုသေပါမည်၊ ထက်နိပ္ပာန်နန်းကိုလှမ်းဖို့ရည်၊ မြန်းစို့အတည်၊ ဆုတောင်းပြည့်ဝမည်၊ ပန္တူသီ ငါးပါး ဂုဏ်ကို စောင့်ထိန်းတော့မည်၊ နေ့စဉ်ညစဉ် ရှိဦးပန်ခဲ့။

(ပောဝန်နုန်းဆီ ရေတံခွန်စမ်းရည်၊ ပန်းတွေစုံညီ၊ ငှက်တောနဲ့မြိုင်မဟီ)*၂။ (နေ့နေ့စဉ်ဆောက်တည်၊ ည ညစဉ်ဆောက်တည်၊ ဘာဝနာစုံညီ၊ စီးဖြန်းချင်သည်)*၂။ (လျှော်တောကိုဆင်ကာ ပျော်ပျော်သာနေမည်။)*၂။ ဒေါသ မောဟ လောဘမီးတွေ ငြိမ်းအောင်သိမ်းမယ် စိတ်ကြံစည်၊ ကျင့်ဖြူစင် ဝတ်ဖြူစင် ကျောင်းသင်္ခန်းကို လှမ်းချင်သည်။ ငါးပါးပန္တူသီ အလီလီစိတ်တမ်း မှန်းလို့ရည်စူး ထူးတဲ့မနသီ။ သမာဓိဂုဏ်နဲ့ ပြည့်စုံစွာ သစ္စာထားတော့မည်၊ ဘုရား တရား ဝန္ဒနာခဲ့။

(သာသနာရေး.... ....ရှိဦးပန်ခဲ့)*၂။
(ခေမာနန်းကို.... ....အကျိုးထူးပေးလိမ့်မည်။)*၂။

× × ×



ပညာဖြင့်သာသနာတော်ကို ပူဇော်ခြင်း

ကျောင်းဖွင့်

အခမ်းအနားသို့ ပြုတ်ကြ



F. 57A

သောတရှင် အပေါင်းတို့. ခင်ဗျား ဒီကနေ. ကျွန်တော် ကင်ပြမှာကတော့ – "အနုပညာနဲ့. သာသနာ့ပြတိုက်"အကြောင်း ဖြစ်ပါ ဘယ်။

ကွန်တော်တို့. မြန်မာနိုင်ငံမှာ ပုဂံခေတ်ကို ထူ.ခြာ.တဲ့ ခေတ်တစ်ခေတ် ရယ်လို့. ပညာရှင်အများက မှတ်တမ်းတင်ခဲ့ကြပါတယ်။ ပုဂံခေတ်ဟာ စစ်ဘေးစစ်ဒဏ် ကင်းလွတ်ပြီး ငြိမ်းချမ်းသာယာတဲ့ခေတ်၊ ကောက်ပဲသီးနှံ ဖွံ့ဖြိုးဝေဆာပြီး ပြည်သူအများ ဝမ်းဝဖူလုံတဲ့ခေတ်၊ ဘာသာ သာသနာ ထွန်းပြောင်ပြီး ပန်းချီ ပန်းပုစတဲ့ အနုပညာရပ်တွေ ပန်းပညာရပ်တွေ ထူးထူးခြားခြား ထွန်းကားခဲ့တဲ့ ခေတ်ဖြစ်လို့. ပညာရှင်အများက အခုလို မှတ်တမ်း တင်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒီကနေ. (၂၀)ရာစု ကျွန်တော်တို့. မြန်မာနိုင်ငံမှာလည်း ဘာသာ–သာသနာနဲ့. ပတ်သက်လို့. ပြုပြင် မွန်းမံမှု အမျိုးမျိုးနဲ့. တည်ဆောက်မှု အမျိုးမျိုးတွေကို ပြုလုပ်နေကြတာဟာဖြင့် အင်မတန်မှ ဝမ်းမြောက်စရာပါပဲ။ သာသနာရေး ဌာနနဲ့. သာသနာပြု အသင်းအဖွဲ့တွေ သာသနာပြုပုဂ္ဂိုလ်တွေက ဦးဆောင်ပြီး ပြုလုပ်ခဲ့ကြလို့. သာသနာ့ တက္ကသိုလ်တွေ၊ ဥယျာဉ်ပန်းခြံတွေ၊ စာကြည့်တိုက် ပြတိုက်တွေ၊ သာသနာ့ဗိမာန်တွေ၊ မော်ကွန်းတိုက်တွေ၊ သဲယာ့ဆေးရုံတွေ၊ သိမ်ကျောင်းဓရုပ်တွေ – ဓမ္မာရုံတွေ၊ ကန်တွေ၊ ကမ္မဋ္ဌာန်းတိုက်တွေနဲ့. ဘုရားစေတီပုထိုး အမျိုးမျိုးကို အထက်အောက် မြန်မာနိုင်ငံအရပ်ရပ် တိုင်းနဲ့.ပြည်နယ် အသီးသီးမှာ ကျွန်တော်တို့. မြင်တွေ့. နေကြရပါတယ်။

ဗုဒ္ဓသာသနာ တည်တဲ့ပြီး ဆက်လက် ရှင်သန်ဖွံ့.ဖြိုးအောင် နည်း အမျိုးမျိုးနဲ့. ပြုမူဆောင်ရွက်ကြတာမှာ စာသင်တိုက်တွေဖွင့်၊ စာပေပို့.ချပြီး စာမေးပွဲအမျိုးမျိုး ကျင်းပပေးတာ၊ သင်တန်းပေးတာ၊ ရိပ်သာတွေ တရားကျောင်း ကမ္မဋ္ဌာန်းကျောင်းတွေမှာ ကျင့်ကြံ အားထုတ်ကြတာတွေဟာ ထိရောက်စွာရှိ သလိုပဲ၊ သဒ္ဓါကြည်ညိုစိတ် ပွားပြီး ဓမ္မာရုံလို့.ခေါ်တဲ့ မနောအာရုံမှာ ပျော်မွေ့.နိုင်အောင်လို့. စေတီ ပုထိုး အမျိုးမျိုးနဲ့. ဥယျာဉ်၊ ပန်းခြံတွေ၊ ကန်တွေကို တူးဖော် တည်ဆောက်ပေးတာလည်း ထိရောက်တဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။

ဒါတွေအပြင် ဗုဒ္ဓဝင်ပြခန်းတွေ၊ ပြတိုက်တွေ သာသနာ့ပြတိုက်တွေနဲ့. ဗုဒ္ဓ ယဉ်ကျေးမှု ပြပွဲတွေကို ခင်းကျင်းပြသ ထူထောင် ဖွင့်လှစ်ပေးတာ:တွေဟာ ဗုဒ္ဓသာသနာနဲ့. ပတ်သက်လို့. အများပြည်သူကို ပညာဗဟုသုတ ပေးတဲ့ လုပ်ငန်းတွေဖြစ်လို့. ဝမ်းမြောက်ဝမ်းသာနဲ့. ကြိုဆို ကြရမှာပါပဲ။

ပြတိုက် ပြခန်းတွေနဲ့. ပတ်သက်လို့. ပြောရရင် လွန်ခဲ့တဲ့ နှစ်ဝင်ဘာလ (၉)ရက်နေ့.က မန္တလေး သာသနာ့.တက္ကသိုလ်ဝင်း အတွင်းမှာ ဖွင့်လှစ်ခဲ့တဲ့ ပြတိုက် (၂)တိုက်ဟာဖြင့် ထူးခြားတယ်လို့. ဆိုရပါမယ်။ တစ်ခုက ဓာတ်ပုံပြတိုက် ဖြစ်ပြီး ကျန်တစ်ခု ကတော့ ပန်းချီပန်းပု အနုပညာ ပြတိုက် ဖြစ်ပါတယ်။

ဓာတ်ပုံပြတိုက်မှာဆိုရင် အထက်မြန်မာပြည်က ဓာတ်ပုံပညာရှင် (၃၀)ကျော်ရဲ့. ရောင်စုံ ဓာတ်ပုံ (၂၀၀)ကျော်ကို စနစ်တကျ ချိတ်ဆွဲပြသထားပြီး၊ ပန်းချီပန်းပု အနုပညာ ပြတိုက်မှာ ပန်းချီ ပန်းပု အစရှိတဲ့ ပန်းပညာရှင် (၁၂၀)ကျော်ရဲ့. လက်ရာ ပေါင်းစုံ (၁၄၀)ကျော်ကို ချိတ်ဆွဲပြသထားပါတယ်။

ကာ၊ ရန်ကုန်အစရှိတဲ့ မြို့နယ်တွေက ပညာသည်တွေကို တက်သုတ်ရိုက်ပြီး စုစည်းရတာမို့ ရာခိုင်နှုန်းပြည့်မဟုတ်သော်လည်း အောင်မြင်သင့်သလောက်တော့လည်း အောင်မြင်တယ်လို့ပဲ ဆိုရပါမယ်။

စေတနာအလျောက် လှူဒါန်းပူဇော်ကြတာမှာ အားလုံးဟာ ပထမတန်း လက်ရာမျိုးချည်း မဟုတ်သော်လည်း တတိယတန်း ကျောင်းသူကလေး မြကေသီရဲ့ လက်ရာမွန် ပါသလို ကွယ်လွန်သူ အလက်ာ ကျော်စွာ ဆရာကြီး ဦးစောမောင်ရဲ့ လက်ရာလည်း ပါဝင်တာမို့ ထူးခြားပြီး စိတ်ဝင်စားစရာ ကောင်းတဲ့ ပြပွဲလို့ ဆိုရပါမယ်။ တန်ဘိုးအနေနဲ့ ပြောရမယ်ဆိုရင်တော့ အနည်းဆုံး သုံးလေးသိန်း၊ အများဆုံး ခြောက်သိန်းလောက်တော့ ရှိပါလိမ့်မယ်။ သို့သော်လည်း တန်ဘိုးနဲ့ ပစ္စည်း အရေအတွက်ဟာ အဓိက မဟုတ်ပါဘူး။ ဆရာတော်ဘုရားကြီးရဲ့ သီလ သမာဓိ ပညာ သာသနာပြုလုပ်ငန်း အဝဝနဲ့ သာသနာတော်ရဲ့ အနှစ်သာရဆိုတာတွေနဲ့ နှိုင်းယှဉ် ကြည့်လိုက်ရင်တော့ အနုပညာရှင်များရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့ လှူဒါန်းပူဇော်တဲ့ ပစ္စည်းတန်ဘိုးဟာ မပြောပလောက် ပါဘူး။ ဒါပေမယ့် တခုတော့ဖြင့် ပြောစရာ ရှိပါတယ်။ ခုလို လှူဒါန်းပူဇော်တဲ့ ပစ္စည်းတွေဟာ အနုပညာရှင်များ ကိုယ်တိုင် ထုထွင်းရေးခြယ် ရိုက်ကူးတဲ့ ပစ္စည်းတွေမို့ ဓမ္မိယလဒ္ဓ စင်ကြယ်တဲ့ အနုပညာ ပစ္စည်းတွေလို့ ဆိုရပါမယ်။ ဒီလို အနုပညာ လက်ရာစုံနဲ့ ပညာသည် အပေါင်းက ပြတိုက် ဖြစ်မြောက်အောင် လှူဒါန်း ပူဇော်တာဟာလည်း ကမ္ဘာ့သမိုင်းမှာရော မြန်မာ့သမိုင်းမှာရော ပထမဆုံး အကြိမ် ဖြစ်တာမို့ မှတ်တမ်းတင်ရ ပါမယ်။

ထူးခြားတဲ့ အကြောင်းကတော့ အဲဒီပစ္စည်းတွေဟာ ဝယ်ယူရတာလည်း မဟုတ်ပါဘူး။ တဆင့်ဌားရမ်းပြီး ပြသတာမျိုးလည်း မဟုတ်ပါဘူး။ ပညာရှင် ပေါင်း (၁၅၀)ကျော်က မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးရဲ့ မွေးနေ့မှာ စေတနာအလျောက် စုပေါင်းလှူဒါန်း ပူဇော်ကြတာပဲ ဖြစ်ပါတယ်။

ဒီလို လုပ်ငန်းမျိုးကို လွန်ခဲ့တဲ့ နှစ်နှစ်လောက်က စပြီး အနုပညာရှင်များက ပို့ဆောင်ခဲ့ကြပါတယ်။ အဆင့်ဆင့် ကြိုးပမ်း အားထုတ်ခဲ့ကြလို့ အခုလို ပြတိုက်ဖွင့်လှစ်ပြီး ပြသနိုင်တဲ့ အခြေမျိုးကို ဆိုက်ရောက်လာတယ်လို့ ဆိုရပါမယ်။

သာသနာပြုလုပ်ငန်းနဲ့ ပတ်သက်ပြီး ရေးခြယ်ထုထွင်း တင်ပြ ထားတာတွေဟာ စုံလင်များပြားသလိုပဲ ဆရာတော် ဘုရားကြီးရဲ့ ဘဝဖြစ်စဉ်နဲ့ ပတ်သက်ပြီး တင်ပြထားတာတွေဟာလည်း များပြား စုံလင်လှပါတယ်။ အကြောင်းအရာ မျိုးစုံသလို သရုပ်ဖော်ထားတာ ကလည်း ပညာရပ် (၁၆)မျိုးကို အခြေခံထားတာမို့ ခဲ၊ မြေဖြူ၊ ရောင်စုံ၊ ဖယောင်းရောင်စုံ၊ ဆီဆေး၊ ရေဆေး၊ သစ်ထွင်းပုံနှိပ်၊ ရွှေချည်ထိုး၊ သိုးမွေးချည်ထိုး၊ သားရိုးရုပ်ကြွ၊ ယွန်း၊ ကြေးထွင်း၊ ကာတွန်း၊ မှန်ရေးပန်းချီ၊ ပုလင်းပန်းချီ၊ ပါတိတ်ပန်းချီ၊ ကျောက်ဆစ်၊ ပလာစတာ၊ ကျောက်ထွင်းရုပ်ကြွ၊ ကျောက်ထွင်းပန်းပု အစရှိတဲ့ လက်ရာမျိုးစုံကို မြင်ရပါတယ်။ အဲဒီလို ပညာရပ်တွေနဲ့ သရုပ်ဖော်တာမှာလည်း ရိုးရာနည်း သဘာဝနည်း၊ ခေတ်နည်းဆိုတဲ့ နည်းစနစ် (၃)မျိုးနဲ့ တင်ပြထားတာကို တွေ့ရပါတယ်။

ပညာသည်တွေကို စည်းရုံးစုစည်းတဲ့ နေရာမှာလည်း မန္တလေး၊ မေမြို့ ၊ မုံရွာ၊ ကျောက်ဆည်၊ တပ်ကုန်း၊ ချောက် ၊မြင်းခြံ၊ ဟားခါး ၊ပုသိမ်ကြီး၊ ပခုက္ကူ၊ အမရပူရ၊ စစ်ကိုင်း ၊မြစ်ကြီးနား၊ ကျောက်

ခုလို ပြတိုက် ပြခန်း ဖြစ်မြောက်လာတာ ဟာလည်း တိပိဋကဆရာတော် ဘုရားကြီးရဲ့ ဘုန်းကံပါရမီ၊ တိပိဋက = နိကာယ သာသနာပြုအဖွဲ့.ကြီးရဲ့ ကြိုးပမ်းမှုနဲ့. ပန်းပညာရှင်များရဲ့ ပူးပေါင်း ဆောင်ရွက်မှုကြောင့်လို့ပဲ ဆိုရပါမယ်။

အခုဟာလည်း အမြဲတမ်း ပြတိုက် မျိုးတော့ မဟုတ်သေးပါဘူး။ နောက် ၃-၄ နှစ်အကြာ ၁၉၉၃ ခုနှစ်လောက်မှာ ပေါ်ပေါက်လာမဲ့ "သာသနာ့ ပြတိုက်"ကြီးရဲ့ ရှေ့ပြေး သဘောမျိုးပါပဲ။

ရှေ့ပြေး ဆိုပေမယ့်လည်း လက်ရှိပစ္စည်းတွေကို စနစ်တကျ ခင်းကျင်း ပြသရင်းက နောင် အရှည်သဖြင့် ပြသမယ့် သာသနာ့ ပြတိုက်ကြီး အတွက် လက်ရာမြောက် ပစ္စည်းတွေကို ဆက်လက် စုဆောင်း ထိန်းသိမ်းဖို့.ကလည်း ရှိနေတော့ ပြတိုက်ရဲ့ အင်္ဂါရုပ်နဲ့. ညီအောင် ကော်မတီ တစ်ရပ်ဖွဲ့.ပြီး စီစဉ် ဆောင်ရွက် နေကြပါတယ်။

ပြတိုက် နှစ်တိုက်ဟာ သာသနာ့ တက္ကသိုလ် ဝင်းအတွင်း အနောက်တောင်ထောင့် ယွန်းယွန်း ထနောင်းပင်ရိပ်မှာ ရှိနေတာမို့. အမြဲအရိပ် ရနိုင်ပါတယ်။ စနစ်တကျ ဝင်းခတ်ကာရံပြီး မြက်ခင်းနဲ့. ရေပန်းနဲ့. ရုပ်တု ရုပ်လုံးတွေနဲ့. သဟဇာတ ဖြစ်အောင် ပြတိုက် ဝန်းကျင်ကိုလည်း ပြုပြင်မွမ်းမံဆဲမို့. မကြာခင်အတွင်းမှာ ခြံနဲ့. ဝင်းနဲ့. ကားဝင်ပေါက် ထွက်ပေါက်နဲ့. သပ်ရပ်သာယာနေလာမယ့် ပြတိုက်လို့. ဆိုရပါမယ်။ ထနောင်းပင်များ ပတ်လည်မှာလဲ ကွပ်ပြစ်ကလေးတွေ ခင်းကျင်းထားမှာမို့. အဘိုးအို-အဘွားအိုတွေ ကလေးတွဲလောင်းနဲ့. သားသည် အမေတွေ နားနားနေနေနဲ့. လေ့လာနိုင်မယ့် ပြတိုက်မျိုး ဖြစ်ပါတယ်။ မနီးမဝေးမှာလည်း ဇရပ်ကြီး စင်ကလေးတွေ ပန်းပင်ကလေးတွေ အစီအရီမို့. မျက်စိပသာဒကိုလည်း အေးမြစေပါတယ်။

သာသနာ့တက္ကသိုလ် ဝင်းအတွင်းက ရဟန်းတော်တွေ ကျောင်းတွေ သိမ်တွေ ဆေးရုံတွေ ဆွမ်းစားဆောင်တွေ ဘုရားတွေ ဇရပ်ကို လာရောက်ကြည့်ရှုရင်း အခွင့်သာတဲ့အခိုက် ဝင်ရောက် လေ့လာနိုင်အောင် ခင်းကျင်း ပြသ ထားတာမို့. ကြီးငယ်ရွယ်လတ် ပုဂ္ဂိုလ်အားလုံး အတွက် အကျိုးများစေနိုင် ပါတယ်။

ပန်းချီပန်းပု ရုပ်တုရုပ်လုံးနဲ့. ဓာတ်ပုံကားချပ်တွေကို ကြည့်ရှုင်းက ဗုဒ္ဓသာသနာရဲ့. အနှစ်သာရနဲ့. ဆရာတော်ဘုရားကြီးရဲ့. သာသနာပြု လုပ်ငန်းတွေကို သဒ္ဓါကြည်ညိုစိတ် ပေါက်ဖွား လာစေသလို အနုပညာရဲ့ သဘော သဘာဝကိုလည်း ရိပ်စားမိစေနိုင်ပါတယ်။

ဗုဒ္ဓသာသနာ ပြန့်ပွား ထွန်းကားရေးမှာ ပြတိုက် ပြခန်းတွေ ပြပွဲတွေ ခင်းကျင်းပြသတာ ဟာလည်း ပြည်သူလူထုနဲ့. အနီးစပ်ဆုံး လုပ်ငန်း တစ်ရပ် ဖြစ်တာမို့. အခုလို ပြတိုက်မျိုး ထူထောင်တာကို အနုပညာရှင် အပေါင်းနဲ့. ပြည်သူလူထုက ဝမ်းမြောက်ဝမ်းသာနဲ့. သာဓု အနုမောဒနာ ခေါ်ကြပါစို့. လို့. ပန်ကြားရင်း ဒီကနေ. ဒီမှာနဲ့.ပဲ "အနုပညာနဲ့. သာသနာ့ပြတိုက်" အကြောင်းကို နိဂုံးချုပ် ပါရစေ ခင်ဗျား။

ဆောတရှင် အပေါင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းမြေ့ရွှင်လန်းကြပါစေ။

မင်းနိုင်

စာစဉ်ဆွေးနွေးပွဲ

ချစ်ဦးညို

သူငယ်ချင်း . . . . .

တိပိဋကဓရ ဆရာတော်ကြီးရဲ. သက်တော် ၇၈ နှစ်ပြည့် ပူဇော်ပွဲ၊ ဆရာတော်ကြီးရဲ. ကြေးသွန်းရပ် ဝန်နှစ်ဆူပင့်ဆောင်ပွဲ၊ တိ-နိ တကိယသုံးနှစ်ခရီး စာစောင်ပေးအပ်ပွဲနဲ. ပတ်သက်ပြီး ခရီးသွားမှတ်တမ်း ဖြစ်ဖြစ်၊ ဆောင်းပါးဖြစ်ဖြစ်၊ အမှတ်တရကမ္မည်းစာ ဖြစ်ဖြစ် ရေးပါလို. မင်းကကိုယ်ကို တိုက်တွန်းခဲ့တယ်။

"တိ-နိ ကတိယသုံးနှစ်ခရီးစာစောင်မှာ ပါဝင်ရေးသားထားတဲ့ စာရေးဆရာ တစ်ယောက်အဖြစ် ဒီခရီး ဒီပွဲမှာ လိုက်ပါဆင်နွှဲရမှာ မဟုတ်လား။။ ကြုံတောင့်ကြုံခဲ ဒီသဘင်ပွဲကြီးအကြောင်း ခရီးသွားဆောင်းပါးတစ်ပုဒ် ရေးစမ်းပါကွာ" လို.မင်းကတခုတ် ဟုမှာလိုက်တယ်။ ဒီအခါမှာ ကိုယ်က ကတိမပေးပဲအသာငြိမ်နေခဲ့တာကို မင်းမှတ်မိမှာပေါ့။ ဘာကြောင့်ကတိမပေးသလဲဆိုတော့-

သူငယ်ချင်း၊ ဂုဏ်မြောက်တဲ့ ခရီးသွားဆောင်းပါးကစဲ့ရောင်တစ်ဖွဲ့. ရေးပို.ဆိုတာဟာ လွယ်ပဲ့ကိစ္စမှမဟုတ်ဘဲ ခရီးတစ်ခုရဲ. စလယ်ဆုံးဟာ ရှိနေကဲ့ဒေသရောင်း၊ ပြင်ကွင်းပေါ့၊ ပေသဇ္ဇ၊ ဘာသာဇ္ဇ၊ ခတ္တသာမက ဒေါ့ကြုံဆက်ဆံ ထိတွေ့ရသူတွေ (လူဆွေ)ရဲ. စိတ်ခံစားမှု၊ ကိုယ်နှုတ်စိတ်သုံးပါးသော အမူတွေ၊ မိမိနဲ. ပန်းကျင်အကြား အပြန်အလှန် ရိုက်ခတ်မှုတွေ၊ အတိတ်ပစ္စုပန် အနာဂတ်ကာလသုံးပါး ဆက်စပ်တည်ရှိမှုတွေကိုပါ ယက်ရယ်ရေးဖွဲ.နိုင်မှသာ ခရီးသွားဆောင်းပါးမည်တဲ့ စာပုဒ်ဖြစ်လာမှာ မဟုတ်လား။ ခရီးသွားဆောင်းပါး ရေးမယ့်သူရဲ. မျက်စိအာရုံနှလုံ ရှုမှုးနဲ.အတူ ဟာဒယတံခါးပါ ပွင့်ဟနိုးကြားနေရမှာ မဟုတ်လား.။ ငှင်နဲ.အမျှ ခံစားတတ်လို. ရှုံ့နောက်ဖွယ်ရာဆင်မြှင်တက်တဲ့ ဦးနောက်အသိကိုလဲလျှစ်လျူမှုလို.မရဘူးမဟုတ်လား . . . . . ။

ခရီးသွားဆောင်းပါးတစ်ပုဒ် ရေးဖို.အတွက် ကိုယ့်မှာ အကြောင်းကြောင့် ခုနက အင်္ဂါရပ်တွေနဲ. မပြည့်စုံနိုင်ခဲ့လေဘူး သူငယ်ချင်း။ ပြီးတော့ တိ-နိ ဥပဒ္ဒာဂအဖွဲ.ကြီးရဲ. စီစဉ်မှုနဲ. အထမြောက်ခဲ့တဲ့ ဒီခရီးဟာ သာမန်ခရီးမဟုတ်ဘူးဆိုပမာ သူငယ်ချင်းသိပြီးသားပါ။ စာရေးဆရာတွေ၊ ပန်းချီဆရာတွေ၊ ပြီးတော့ ရုပ်ရှင်နဲ. ဂီတ အနုပညာရှင်တွေ၊ တက္ကသိုလ်ကပါမောက္ခ၊ ကထိက၊ ဆရာ ဆရာမကြီးတွေ၊ စာနယ်ဇင်းအယ်ဒီတာတွေ၊ ဓာတ်ပုံပညာရှင်တွေ စတဲ့ အလွှာပေါင်းစုံပါဝင်တဲ့ခရီး။ ဒီအလွှာပေါင်းစုံတို.ရဲ. မတူညီသော သိမ်းခြာလက္ခဏာများအပေါ်မှာ 'ရတနာသုံးပါးကို ဦးထိပ်ထား ပူဇော်ခြင်း' ဆိုတဲ့ ယေဘုယျ အနှစ်သာရကြီးက လွှမ်းခြုံထားတဲ့ခရီး။ သူငယ်ချင်းရေ ကိုယ်တော့ ဒီ'ဓမ္မခရီးစဉ်'ကို တော်ရုံနှလုံးသွင်းမှုနဲ. ခရီးသွားဆောင်းပါး မရေးရဲဘူး။ သမ္မဒ္ဓရာထဲ ယုန်သူငယ် ခြေထောက်မမိသလို ဖြစ်နေမှာ စိုးတယ်လေ။

ဒါပေမယ့် သူငယ်ချင်းရဲ့ဆန္ဒကို ကိုယ်မငြင်းသာဘူး။ ဒီခရီး လိုက်ပါသွားပြီး ဘာတစ်ခုမှ အဖတ်တင်မကျန်ခဲ့ပါလား လို. ပြောမှာကိုလဲ အပြောမခံချင်ဘူးလေ။ ဒါကြောင့် ခရီးသွားဆောင်းပါးလဲ မဟုတ်၊ ကမ္မည်းမှတ်တမ်းလဲ မမည်လေတဲ့ အမှတ်တရစာလေးတစ်ပုဒ်တော့ ကြိုးစားရေးပြီး သူငယ်ချင်းရဲ. အာသီသကိုဖြည့်ပါမယ်ကွာ။

* * *

အဲဒီနေ့ဟာ ၁၉၈၉၊ နိဝင်ဘာ ၉ ရက်၊ ကြာသပတေးနေ့။

အချိန်က နေ့လယ် ဆယ့်နှစ်နာရီကျော် မွန်းတိမ်းစအချိန်။

မန္တလေးတောင်ခြေ၊ ပရိယတ္တိတက္ကသိုလ်ပရဝုဏ်ကြီးတစ်ဝိုက်မှာ အရောင်အသွေးစုံ တောက်ပနေတယ်။ ပွင့်လင်းတဲ့ နေ၊ရောင်အောက်မှာ သာသနာ့ဓလေ့တွေ ဟယ်လှယ်လွှင့်နေတယ်။ အရပ်လေးမျက်

"နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"

ဆိုတဲ့ .... သုံးကြိမ်သုံးခါ ရွတ်သံများနဲ့ အတူ အခမ်းအနားကြီးကို ဖွင့်လှစ်လိုက်ကြတယ်။ သည့် နောက် .... အကျိုးဇာတ်ဆောင် ဦးမောင်မောင်ကြီးက အမှမ်းအနား မူးအဖြစ် ဆောင်ရွက်ပြီး အစီအစဉ်အ ဘိုင်း ကျင်းပကြရမှာ ....

ဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ ရဲ့လျှောက်ထားချက်၊ မဟာဗုဒ္ဓဝင် ပထမတွဲ ပထမ ပိုင်းအင်္ဂလိပ်ဘာသာပြန်ဆိုခြင်းနဲ့ ပတ်သက်ပြီး ဆရာ ကြီးဦးတင်လွင်နဲ့အတူ တွဲဖက်ဆောင်ရွက်ခဲ့တဲ့ တက္ကသိုလ်အဓိပတိဆရာကြီး ဦးကိုလေးရဲ့ လျှောက်ထား ရှင်းလင်းချက်၊ ပန်းချီပန်းပု အနုပညာရှင်များကိုယ် စား ဆရာကြီး ဦးအင်တင်အေးရဲ့ လျှောက်ထားချက်၊ သည့်နောက်စာပေပညာရှင်များကိုယ်စား ဆရာပါရဂူရဲ့ ရှင်းလင်းချက်၊ ရုပ်ရှင် ဂီတပညာရှင်များကိုယ်စား ဘိုကလေး (ဦး) တင့်အောင်ရဲ့ လျှောက်ထားချက် စသည်တွေကို အစီအစဉ်အတိုင်း ကျင်းပသွားကြ တယ်။

သည့်နောက်မှာတော့ တိ-နိ သာသနာပြု အဖွဲ့က ထုတ်ဝေတဲ့ တတိယသုံးနှစ်ခရီး စာအုပ်ကြီးကို လက်ဆောင်အပ်နှင်းပွဲ။

ပါဝင်ရေးသားကြတဲ့ စာရေးဆရာတွေ၊ ပန်းချီဆရာတွေ၊ မှတ်တမ်းတင်ဓါတ်ပုံများနဲ့ပူဇော်ကြ တဲ့ ဓါတ်ပုံပညာရှင်တွေ တစ်ဦးစီရဲ့အမည်ကို အခမ်း အနားမူးက ခေါ်လိုက်တယ်။ မိမိအလှည့်မှာ မိမိအ မည်ကို ကြေညာလိုက်တဲ့အခါမှာ ပရိသတ်ထဲကနေ ထသွားပြီး ဆရာတော်ကြီးရဲ့ ရှေ့မှောက်မှာဘဲ ပဆစ် ဒူးတုပ်လျက်သား ဆရာဝန်ကြီး ဦးသာလှပေးအပ်တဲ့ စာအိတ်ကြီးတွေကို လက်ခံရယူကြတယ်။

ကိုယ်အလှည့်မှာ ဆရာတော်ကြီးကို ထိခြင်းငါး ပါး နဲ့ ရှိခိုးပြီးမှာ ဆရာဝန်ကြီးဦးသာလှပေးတဲ့ နာ ဥဒဟိသွားလာနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ နေ့လယ် ဆယ့်နှစ်နာရီမထိုးမီကပဲ 'ဗဟိုမဏ္ဍပ်ကြီး' ထဲကို အ လျှိုအလျှိုရောက်ရှိ စုရုံးလာကြပြီလေ။

ကိုယ်လဲကိုယ်တို့စာရေးဆရာ ပန်းချီဆရာတွေ တည်းခိုဖို့ပေးထားတဲ့ 'သမ္မာသက်ပွဲ' အဆောင်ကနေ ပြီး ခြေလှမ်းငါးဆယ်စာလောက်သာရှိတဲ့ ဗဟိုမဏ္ဍပ် ကြီးဆီကူးလာခဲ့တယ်။ 'ထမင်းကျွေးရုံ' တွေရှေ့က လှည့်ဝင်လိုက်တယ်ဆိုရင်ပဲ တောင်အရပ်ကို မျက်နှာ ပြုထားတဲ့ ဗဟိုမဏ္ဍပ်ကြီးရဲ့ မုခ်ဝမှာ ခြေချမိတယ်။

စာပေပညာရှင်တွေအတွက် အလိုအလျောက် သတ်မှတ်ပြီးဖြစ်တဲ့ နေရာမှာ ဝင်ထိုင်လိုက်တယ်။ မဏ္ဍပ်တွင်းအောက်ခံမြေက ချိုင့်ကမှုတွေနဲ့ မညီမ ညာရှိပေမယ့် မွေးပွကော်ဇော ထူထူကြီးတွေ အပြည့် ခင်းထားတဲ့အတွက် ပရိသတ်အဖို့ အဆင်ပြေနေ တယ်။

ပရိသတ်များစုံညီ (တစ်ချို့လဲ ပာဖွဲဖွဲလာကြဆဲ) မျိုန်မှာ ရောက်တတ်ရာရာ ပြောဆိုကြည့်ရှုနေကြတဲ့ လူတွေအား လုံးရဲ့ မျက်နှာဟာ မဏ္ဍပ်အလယ် မင်း လမ်းရှိရာကို တစ်စုတစ်ဝေးတည်း လှည့်သွားကြ တယ်။ ပြီးတော့ ချက်ချင်းလိုလိုပဲ ဦးခေါင်းတွေဟာ ပျပ်ဝပ်သွားကြပြီး လက်အုပ်အစုံအစုံတွေ မှူးပွင့်လာကြ တယ်။

မင်းကွန်းဆရာတော်ကြီး ကြွလာတော်မူပြီလေ။

ဆရာတော်ကြီးဟာ တရားပလ္လင်ထက်မှာ နေ ရာယူလိုက်တယ်။ ဥပဒ္ဒာကပင်မအဖွဲ့ဝင် လူကြီးများ ဟာ ဆရာတော်ကြီးရဲ့ ဣရိယာပုထ် အနေအထားကို သိရှိထားကြပြီဖြစ်တဲ့အတွက် မိအုံးကွေကို နောက်မှနဲ့ လက်တန်းတွေပေါ်မှာ အခုအခံ စီမံပေးကြတယ်။

မှုးဟွေ့.နေကျ ပုံစံအဟိုင်းပါပဲ။ သက်ကော်ရှပ် ဆယ်နား နီးနေပြီဖြစ်တဲ့ ဆရာတော်ကြီးဟာ ခန္ဓာ ကိုယ်နှိပ်စက်ရာလဲမငဲ့ကျော်၊ အမွေ့.အလျော်ပြုခြင်းလဲ မမည်တဲ့ အနေအထားနဲ့ ထိုင်တော်မူတယ်။

စာ အိတ်ကြီးကို ယူခဲ့တယ်။ စာအိတ်ထဲမှာတော့ ငြိမ်း အေးတဲ့ ဆေးဖောင်များနှင့် သရုပ်ဖော်ထားတဲ့ ပန်းမျိုဆရာကြီး ဦးအေးမြင့် (မြန်မာ့ရိုးရာဒဲဒိုင်း) လက်ရာ မျက်နှာဖုံး တိ-နိ တတိယသုံးနှစ်ခရိုးစာအုပ်ကြီးရယ်။ တိ-နိ ဥပဒ္ဒာက ပင်မအဖွဲ့.ရဲ့.လက်ဆောင်ပြကွဒိန်ရယ်။ ဆက်လက်ထုတ်ဝေမယ့် စတုတ္ထသုံးနှစ်ခရိုးစာစောင်မှာ ပါဝင်ရေးသားပူဖော်ကြဖို့ မေတ္တာ ရပ်ခံလွှာရယ်။

ပရိသတ်ကြားမှာ ထိုင်နေရင်း ကိုယ်လက်ခံ ရရှိလာတဲ့ တတိယ သုံးနှစ်ခရိုးစာစောင် (စာအုပ်ကြီး) ကို ပွေ့.ပိုက်ပြီး ကိုယ့်ရင်ထဲမှာ အတိုင်းမသိညွတ်နှိုးနေမိတော့တယ်။ စာမျက်နှာ ငါးရာကျော် ဆိုက်ကြီး အခန့်.ချုပ်စာအုပ်ကြီးရဲ့ စာမျက်နှာများအနက်က တစ်ခုသောတစ်နေရာမှာ မိမိရေးသားပူဖော်ထားတဲ့ ဆောင်းပါးလေးတစ်ပုဒ်ဟာ အခြားရဟန်းပညာရှိ၊ လူပညာရှိကြီးများရဲ့ စာတွေ၊ ကဗျာတွေနဲ့အတူ ပါဝင်နေပါပေါ့လား။ မန္တလေးတောင်ခြေ ပရိယတ္တိတက္ကသိုလ်ဝင်းကြီးထဲက ဗဟိုမဏ္ဍပ်ကြီးထဲ ဆရာတော်ကြီးရဲ့.ရှေ့.မှောက်မှာ ပရိသတ်များနဲ့အတူ ထိုင်စရာလေးတစ်နေရာ ရနေပါလား။ ကြုံတောင့်ကြုံခဲ ပူဇော်သဘင်မှာ တက်ရောက်ခွင့်ရနေပါလား။ သာသနာတွင်းကာလသမယကြီး အပူဇော်ထိုက်သူကိုပူဇော်ရခြင်း၊ သူ့တော်ကောင်းနှင့်ပေါင်းဖက်ရခြင်း၊ သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်း စတဲ့မင်္ဂလာများနဲ့ ပြည့်စုံနေပါလား စတဲ့ စတဲ့ အတွေးတွေခံစားမှုတွေနဲ့အတူ ကိုယ်ဟာ သိမ်မွေ့.လှပတဲ့ဒေသန္တရသ ဓမ္မရသကို ရိုက်မက်မွေ့.စက်ခွင့်ရနေလေရဲ့.သူငယ်ချင်း။

ဒီခံစားမှုနဲ့.အတူ စောစောကစာပေပညာရှင်များကိုယ်စား ဆရာပါရဂူပြောသွားတဲ့စကားတွေကို ပူပူနွေးနွေးပဲ ပြန်ကြားယောင်မိပြန်တယ်။ ဆရာပါရဂူက "ဆရာတော်ကြီးကတော့ အားလုံးကိုသိပြီးသားဖြစ်တဲ့အတွက်ဆရာတော်ကြီးကို မလျှောက်ထားတော့ပဲ ပရိသတ်များကိုသာ ကွန်တော်ပြောလိုပါတယ်" လို့.အစချီပြီး

မှတ်တမ်းကမ္မည်းစာအုပ်ကျမ်းတွေဟာ ဘယ်လောက်အရေးကြီးကြောင်း ထောက်ပြသွားခဲ့တယ်။

"ယခု တတိယသုံးနှစ်ခရိုးစာစောင်ဟာ ပစ္စုပ္ပန်ရဲ့. မှတ်တမ်းတင်ချက်ဖြစ်ပါတယ်။ ပစ္စုပ္ပန်ရဲ့.မှတ်ဘမ်းဟာ အနာဂတ်မှာ တန်ဘိုးမဖြတ်နိုင်တဲ့သမိုင်းဖြစ်သွားတယ်။ ယခုပြုစုကြတဲ့ စာပေများဟာ သမိုင်းတန်ဖိုးကိုဆောင်ကြလိမ့်မယ်"

ဆရာပါရဂူရဲ့. ပြောကြားချက်ကို လတ်ဆတ်စွာ ကြားယောင်နေရင်း ဓမ္မရသ သန္တရသနဲ့.လျောင်းအိညွတ်နှိုးနေတဲ့ ကိုယ့်အတွေးဟာ ဗဟိုမဏ္ဍပ်ကြီးဆီကနေပြီး အဝေါတ်ကာလဆီကို လွှင့်မျောသွားခဲ့ဘယ်သူငယ်မျှင်း။

မန္တလေးနန်းတော်ကြီးရဲ့ အရှေ့ကျုံးတံတားကြီးကနေ အရှေ့အရပ်ဘီကို တူရွှသွားတဲ့လမ်းမကြီးရဲ့ ဝဲယာမှာ မန်ကျည်း၊ ကုက္ကို၊ ညောင်၊ ထနောင်း စတဲ့အပင်တွေနဲ့ ညို့လို့နေတယ်။ သစ်ရိပ်ဝါးရိပ် စိမ်းစိုတဲ့ အဲဒီဒေသဟာ အရှေ့ပြင်လို့ခေါ်တဲ့ နန်းတော်ရှေ့.အရပ်ပေါ့။

ရွာမလေ့မပျောက်သေးတဲ့ ရပ်ကွက်လေးတွေ၊ သမိုင်းဝင်ဘုန်းတော်ကြီးကျောင်းတွေ၊ ဇရပ်တွေ၊ဘုရားစေတီတွေနဲ့ သိပ်ကိုသာယာအေးချမ်းတဲ့ နန်းတော်ဒရှ.ဒေသပေါ့။ ဟိုအရှေ့.ဆီမှာ ရှမ်းရိုးမတောင်တန်းကြီးဘက်၊ မငေးလှမ်းတဲ့ အရှေ့.မှာမှောတော့ ငါးရံ့.မင်းတောင်၊ ရန်ကင်းတောင်၊ ဂရဟံခွန်တောင်၊ ဒေါင်ပင်လယ်။ ပြီးတော့ ရွာလေးတွေ လယ်ကွင်းတွေ သန်းတောတွေ ကြားထဲမှာ ကြာပေါင်းစုံတဲ့ ကန်တွေ ဓင်္ကန်းတောအုပ်ဆယ်ပေါင်းများစွာနဲ့ ရုစံခွင်ပွင့်.ပိုက်ထားတဲ့ ဗျုန်းမြောင်းရေအလျဉ်။

အဲဒီနန်းတော်ရှေ့.ရဲ့.ကုသိုလ်တော် ဘုရားလမ်းခေါ်တဲ့ကယ်လာရောလမ်းမကြီးကနေ မြောက်ဘက်မန္တလေး

အဲဒီမှန်ကျောင်းတစ်ဝိုက် ရွှေကျောင်းတစ်ဝိုက် ကသိုလ်တော်ဘုရားကြီးနဲ့ စန္ဒာမုနိဘုရားတစ်ဝိုက်ဟာ လူသူဝေးလံ သီခေါင်လှတဲ့အတွက်ကိုယ်တို့ ချာတိတ်တွေမပြောနဲ့ လူကြီးတွေတောင် မသွားရဲကြဘူးလေ။ သိတင်းကျွတ်လမှာကျင်းပတဲ့ ကျောက်တော်ကြီးဘုရားပွဲနဲ့ ဆွမ်းကြီးလောင်းပွဲအခါမှသာ မန္တလေးတောင်ခြေဟာ ပွဲတွေသဘင်တွေနဲ့ စည်ကားတပ်ပြီး ကျန်တစ်နှစ်လုံးလိုလိုမှာတော့ ပကတိခေါင်တဲ့ဒေသ။

ရွာဓလေ့ရိုးရာရှိတဲ့ နန်းတော်ရှေ့ဒေသမှာတော့ အဲဒီနေရာတစ်ဝိုက်ဟာ တောမှတစ်ကယ့်တော။

အဲဒီရွှံ့တောဖုတ်တော ဗေဒါဒိုက်တော လှည်းလမ်းကြောင်း ခရောင်းတော့နေရာတွေမှာ မတ္တရာတိုက် ဘုန်းကြီးကျောင်းသားတစ်ယောက်အဖြစ် မွေ့လျော်ပျော်ပါးခဲ့တဲ့ ကောင်လေးတစ်ယောက်ဟာ...

* * *

မှန်ကျောင်းတိုက်မြေနေရာ၊ ရွေးယခင်သိပေါမင်းလက်ထက်က မီးတားမြေခေါ်တဲ့ သာသနာ့မြေနေရာတွေမှာ ခမ်းနားစွာ ဖြစ်ပေါ်လာပြီဖြစ်တဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး။

သာသနာ့တက္ကသိုလ်အနီးမှာ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီးတည်ဆောက်ဖို့အတွက် အတွင်းလူနာဆောင်များ ဆောက်လုပ်ဖို့အတွက် စိန်တုံးကျောင်းတိုက်က လှူထားတဲ့ပရဝုဏ်။

ပြင်ပလူနာဆောင်နဲ့ နာလန်ထဆောင် ဇရုပ်တွေဆောက်လုပ်ပြီးစီးလို့ ပြင်ပလူနာဌာနတွေ ဆက်လက်ဆောက်လုပ်ဖို့ မတ္တရာကျောင်းတိုက်ကလှူထားတဲ့ ငမြင်နေဂုဟ။


သာသနိုကအဆောက်အဦးတွေ၊ ရှုင်းသန့်ပြောင့်ဖြူးတဲ့လမ်းတွေ၊ ဂုဏ်ယူမဆုံးဖွယ် ပေါပေါက်လာတဲ့ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်ကြီးရဲ့ ဝဲယာရှေ့နောက်ဝန်းကျင်ကမြင်ကွင်းတွေ။

တောင်ခြေဆီပေါက်တဲ့ လမ်းသွယ်ရဲ့တစ်ဘက်မှာ မတ္တရာတိုက် သက်ပန်းတိုက် မောင်ထောင်တိုက် စိန်တုံးတိုက် ရွှေကျောင်းစတဲ့ ဘုန်းတော်ကြီးကျောင်းတွေ၊ ဘုရင့်မိဘုရားတွေ ဆောက်လုပ်လှူဒါန်း ခဲ့တဲ့ အဲဒီဘုန်းတော်ကြီးကျောင်းတွေအကိုင်း မြောက်နှုးစူးကိုသွားလိုက်ရင် ကသိုလ်တော်ဘုရား စန္ဒာမုနိဘုရား ကျောက်တော်ကြီးဘုရား အနောက်မန္တလေးတောင်။

မန္တလေးတောင်ခြေဘက်နိုးသွားတာနဲ့အမျှမြောက်ဘက်အရပ်တွေ ပိုပြီးခေါင်သွားတယ်။ ခြုံနွယ်ပိတ်ပေါင်းတွေ ပိထူထပ်လာတယ်။ မြောက်ဘက်ကျတဲ့ ရွာသာရပ်ရဲ့ မြောက်ဘက်ပိုင်းမှာ ရွှေကျောင်းကြီးနဲ့ မှန်ကျောင်းကြီးဟာက ရောက်လာတာနဲ့အမျှ လူသူပြတ်လပ်တာစပ်ဒေသဖြစ်သွားတယ်။

မတ္တရာတိုက် ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့တဲ့ကိုယ်ဟာကိုယ်တို့ရဲ့ ဘုန်းကြီးကျောင်းတစ်ဝိုက် ကဘာရိုးတွေ အဝေရာပင်တောတွေ မန်ကျည်း၊ သရက်၊ သီးပင်၊ ပိန္နဲပင်တောကြီးတွေထဲမှာ အခြားဘုန်းကြီးကျောင်းသားလေးတွေနဲ့ ပြိုပြစင်အောင်ဆော့ကစားခဲ့တာပေါ့။ အဲ ကိုယ်တို့ရဲ့ မတ္တရာတိုက် အနောက်ဘက်မှာတော့ စိန်တုံးတိုက်ရှိလေတယ်။ စိန်တုံးတိုက်ရဲ့မြောက်ဘက်ကို ဆက်သွားရင်တော့ ရွှံ့နှံဗွက်တောတွေရယ်၊ ဟီးထနေတဲ့ ဗေဒါဒိုက်တောတွေရယ်၊ ဖုံတထောင်းထောင်း လှည်းလမ်းကြောင်းတွေရယ်၊ ပတ်ကြားအက်လယ်တောတွေရယ်၊ ပြီးတော့ မှန်ကျောင်းကြီးရဲ့ပြိုပျက်နေတဲ့ အုတ်တံတိုင်းဘေးက လမ်းမမည်တဲ့လမ်း။ ဒီလမ်းကနေ အရှေ့စူးစူးသွားလိုက်ရင်တော့ အုတ်စက်သုသာန်။

လမ်းတစ်လျှောက်မှာရှိတဲ့ မိုးနဲ့ဆူးခြုံ၊ ကန္တာရဆူးပင် ထနောင်းပင်တန်းတွေကိုဖြတ် လှည်းလမ်းကြောင်းအတိုင်းသွားကြတဲ့လှည်းတွေ နွားအုပ် ကျဲအုပ်တွေကလည်း အဲဒီဒေသရဲ့ အဆင်တန်ဆာပေါ့၊



တတိယသုံးနှစ်ခရီးစဉ်ပေးပဲ့ဋ္ဌ ဥက္ကဋ္ဌကြီးဦးသာလှ လျှောက်ထားစဉ်

မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားပြီ ဖြစ်တဲ့ ဒီနေရာဒီဒေသ ပရိယတ္တိသာသနာ့ တက္ကသိုလ်ဝင်းကြီးထဲက ဗဟိုပဇ္ဇုပ်ကြီးထဲမှာ ပရိသတ်နဲ့အတူထိုင်နေတဲ့သူတစ်ယောက်ဟာ လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်က မြင်ကွင်းနဲ့ ဒီနေ့မြင်ကွင်းကို အာရုံရိပ်ထဲမှာ နှိုင်းယှဉ်ကြည့်မြင်မိတော့တယ်။ ကာလသုံးပါး၏ ဆက်စပ်ပြောင်းလဲမှုကို ဆင်ခြင်နေမိတယ်။ တိုးတက်ဖြစ်ပေါ်မှုဖြစ်စဉ်ကို စေ့ငုကြည့်နေမိတယ် သူငယ်ချင်း။

အခမ်းအနားပြီးဆုံးခြင်းနဲ့အတူ သာဓုသုံးကြိမ်ခေါ်ဆိုသံဟာ မဏ္ဍပ်ထဲမှာ ရိုက်ခတ်သွားတယ် တစ်ညီတစ်ညွတ်တစ်စုတစေး ခေါ်ဆိုလိုက်ကြတဲ့ သာမဏေဒါန်းကျူးသံ။

သူငယ်ချင်း တစ်ထိုင်အတွေး၊ တဒင်္ဂအတွေးနဲ့ တင်ပဲ ကိုယ့်ရင်မှာ ပီတိလှိုင်းဖြာရတယ်။ ပစ္စုပ္ပန်ရဲ့ မှတ်တမ်းကာ အနာဂတ်မှာ သမိုင်းတန်ဘိုးကို ဆောင်လိမ့်မယ်။ တိပိဋကရေ ဆရာတော်ကြီးရဲ့ပူဇော်ပွဲမှာ ခေါ်ခဲ့တဲ့ သာမဏေကို မင့်ဆီအရောက် အမျှအဖို့ပေးလိုက်ပါတယ်။ မင်းသာဓုခေါ်ပါ။ တို့အားလုံးရဲ့ သာဓုခေါ်သံဟာ မန္တလေးတောင်ခြေ ပရိယတ္တိတက္ကသိုလ် ပရဝုဏ်ကဟစ်ဆင့် နန်းရှေ့ဒေသကတစ်ဆင့် အထက်အောက်မြန်မာပြည်ကတစ်ဆင့် တစ်ကမ္ဘာလုံး၊ စကြဝဠာတိုက်တစ်သောင်းလုံးဆီကို ပျံ့နှံ့ရိုက်ခတ် သွားပါလိမ့်မယ် သူငယ်ချင်း။

မင်းရဲ့-

ချစ်ဦးညို



စကားထွေ(၃)နှစ်ခရီး


စိန်အောင်မင်း

အောင်ခြင်းမင်္ဂလာ၊ အောင်ဇေယျာနှင့်၊ အောင်ရာအောင်ကြောင်း၊ အောင်ဆုတောင်းလျက်၊ အောင်ကြောင်းဝေဖြာ၊ ပြည်မြန်မာ၏၊ ဘိဂဝါဗုဒ္ဓ၊ အခြေချသည့်၊ မြတ်လှသာသနာ၊ တည်ခဲ့ရာဝယ်၊ အချာပဝရ။ သုဝဏ္ဏဘုံ၊ မြို့သထုံမှ၊ ရွှေဘုံနဂရ၊ ပုဗ္ဗကာလ၊ အခြေခံသည့်၊ ပုဂံပင်းယ၊ အင်းဝတောင်ငူ၊ ညောင်ရမ်းဟူဘီ၊ ကုန်းဘောင်ထိလျှင်၊ ကဝိဆင်ရှား၊ ရှင်(၄)ပါးနှင့်၊ ကျော်ကြားတလိ၊ ရှင်လယ်ဘီတို့၊ အမည်ကျော်ထင်၊ သမိုင်းဝင်သည့်၊ အရှင်သူမြတ်၊ အထပ်ထပ်ကို၊ ထိုတိုခေတ်ပြောင်း၊ ကာလညောင်း၍၊ အကြောင်းမထိုက်၊ မကြိုက်မဆုံ၊ မကြုံလိုက်ငြား၊ မဖူးအားလည်း၊ စိတ်အားမငယ်၊ ခုခေတ်ဝယ်လျှင်၊ သုယ်သုယ်ရှင်ပြု၊ တိပိဋကာ၊ ဓရအကျော်၊ ဆရာတော်ဟု၊ ထင်ပေါ်တစ်ပါး၊ ဖူးရငြားသဖြင့်၊ ရှင်အားပိုမို၊ အလိုပြည့်ဝ၊ စိတ်တိုင်းကျသို့၊ များလှဖုံဖုံ၊ ထေရဂုဏ်ကို၊ လွှမ်းခြုံဆင်သ၊ အဂ္ဂမဟာ၊ ပဏ္ဍိတနှင့်၊ တဖြာဘိဓာ၊ ဂုဏ်ထူးရလျှက်၊ သီလသမာ၊ ဓိပညာကို၊ ဖြာဖြာဖြည့်တင်း၊ ဂုဏ်သတင်းကြောင့်၊ ထက်ဝန်းမျက်နှာ၊ ဆယ်ရပ်ရှာနှင့်၊ ငြဟ္မာလူနတ်၊ အထပ်ထပ်သို့၊ နှံ့အပ်တေဇာ၊ ဂုဏ်ထူးဖြာသည်၊ ရာကျော်သက်ဆေါင်းရှည်စေသော်။

စိန်အောင်မင်း



ဒုတိယအကြိမ် အဖြစ် စာပေ အနုပညာရှင် ပေါင်းစုတို့နှင့်အတူ မင်းကွန်း မိုးမိတ်ကုန်းမြေတွင် ပြန်လည် ဆုံးဆည်းမိပြန်ပါသည်။ ၁၉၈၇-ခုနှစ်၊ ဒီဇင်ဘာလ(၄)ရက်နေ့တွင် မင်းကွန်း တောင်ရိုး မိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယ ဒုတိယသုံးနှစ်ခရီးစာစောင် ပေးအပ်ပွဲ အခမ်းအနား၊ တွင် စာပေမိတ်ဆွေများနှင့် ဆုံဆည်းဖူးသည်ကို အမှတ်ရပါသည်။ ယခုတစ်ဖန် မင်းကွန်း တိပိဋကခရီ ဆရာတော် ဘုရားကြီး၏ သက်တော်(၇၈)ပြည့်၍ (၇၉)နှစ်သို့ အရောက် မွေးနေ့ ပူဇော်ပွဲနှင့်အတူ တတိယ (၃)နှစ်ခရီး စာစောင်တွင် ပါဝင်ရေးသား မှတ်တမ်းတင်ကြသော စာရေးဆရာများ၊ ဓာတ်ပုံနှင့် ပန်းချီပညာရှင်များကို စာစောင်ပေးအပ် ဂုဏ်ပြုပွဲ ဖြစ်သည်။ တဆက်တည်းမှာပင် မင်းကွန်း တိပိဋက ခရ ဆရာတော်ဘုရားကြီး၏ ကြေးသား ရုပ်တုတော် (၂)ဆူ ပင့်ဆောင်ရာတွင် ခမ္မဂိတ ဂါထာများဖြင့် ကျူးရင့် ရွတ်ဖတ် ပူဇော်ကြသော အနုပညာရှင် အပေါင်းတို့အား ဂုဏ်ပြုပွဲလည်း ပါဝင်သည်ကို တွေ့ရသည်။ အထက်ဖော်ပြပါ ပူဇော်ဂုဏ်ပြုပွဲ အစီအစဉ်ကို ၁၉၈၉-ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်



နေ့တွင် မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ကျောင်းဝင်းအတွင်း မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။ ကြုံတောင့်ကြုံခဲ့ ချိမ့်ချိမ့်သဲသဲ ပွဲတစ်ပွဲပင် ဖြစ်သည်။ ယခု ကျင်းပသည့် ပွဲသည် စာပေ ပညာရှင် ပေါင်းစုံ၊ ပန်းချီပန်းပုပေါင်းစုံ၊ ဂီတပညာရှင် ပေါင်းစုံတို့သည် စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် မင်းကွန်း ဆရာတော်ဘုရားကြီးအား ပူဇော်ကြသော ပွဲဖြစ်သည်။ ယခုကဲ့သို့ အနုပညာရှင် ပေါင်းစုံ၊ ပန်းပုပညာရှင် (ပန်းဆယ်မျိုး) ပေါင်းစုံတို့ စုဝေးညီညာ ရောက်ရှိလာပြီး အာမိသပူဇာ ဓမ္မပူဇာတို့ဖြင့် ပူဇော်ကြသည်မှာ ကျွန်တော့် တစ်သက်တွင် ဤတစ်ကြိမ်သာ ရှိသည်ဟု ထင်မိပါသည်။ အံ့ဘွယ် ပူဇော်ပွဲကြီးပင် ဖြစ်သည်။

လူဦးရေ(၇၀)ခန့်ပါသော ဂီတပညာရှင်များ အဖွဲ့သည် စကားဝါလမ်းရှိ တိပိဋကဓရ ကျောင်းတော်မှ (၆-၁၁-၈၉)နေ့ နံနက်တွင် မန္တလေးမြို့သို့ ဟီးနိုးဘတ်စ်ကားကြီးများဖြင့် ထွက်ခွာသွားသည်။ ဂီတပညာရှင်များသည် ကြေးသား ရုပ်တုတော် (၂)ဆူကို မန္တလေးမြို့သို့ ကားဖြင့် ပင့်ဆောင်ကြသည်။ ကားလမ်း ခရီးတစ်လျောက် ရောက်ရာမြို့များတွင် နာရီဝက်ခန့် ရပ်နား၍ ထူးမခြားနားရောင်ခြည်တော် ခြောက်သွယ်ဘုရားရှိခိုး၊ အောင်ခြင်းရစ်ပါး စသည့် ဓမ္မဂီတဖြင့် ရွတ်ဖတ် ပူဇော်ကြသည်။ တောင်ငူနှင့် မိတ္ထီလာတွင် တစ်ညစီ ရပ်နား၍ အိပ်ကြသည်။ ရန်ကုန်မှ မန္တလေးသို့ သုံး

ရက်ခရီးကို မငြိုးမည်။ ကြည်ကြည်ဖြူဖြူဖြင့် အေးအတူပူအမျှ လိုက်ပါကာ အနုပညာရှင်များ၈ ရွှတ်ဖတ် ပူဇော်ကြသည်။

စာပေပညာရှင်များနှင့် ပန်းချီ ပညာရှင်များအဖွဲ့.ကို တိ=နိမော်ကွန်းထိန်း ဦးကျော်လှိုင်၊ ဉာဏ်လင်းစာပေ ဦးအောင်(အကျိုးတော်ဆောင်-ပြည်ပသာသနာပြု ဥပဒ္ဒာကအဖွဲ့.)နှင့် ကျွန်တော်ဟို့.က ဦးဆောင်၍ သွားသည်။ (၇-၁၁-၈၉)နေ့. ညနေ(၃)နာရီတွင် အမြန်ရထားနှင့် ရန်ကုန်ဘူတာကြီးမှ မန္တလေးသို့. ထွက်ခွာကြသည်။ စာရေးဆရာနှင့် ပန်းချီဆရာ အဖွဲ့.တွင် လူ(၁၀၀)ခန့်. ပါဝင်လိုက်ပါကြသည်။ ထိုစာပေ ပန်းချီ ပညာရှင်များသည်၊ ပထမသုံးနှစ်ခရီး ၊ ဒုတိယ သုံးနှစ်ခရီးနှင့် တတိယသုံးနှစ်ခရီး စာစောင်ကြီးများတွင် ပါဝင်ရေးသားပူဇော်ကြသော ပုဂ္ဂိုလ်များဖြစ်သည်။

ကျွန်တော်တို့. စီးနင်း လိုက်ပါလာသော အတွဲ(၁) အထက်တန်း အမြန်ရထားတွဲတွင် ဆရာပါရဂူ၊ ဓမ္မာစရိယဦးထွန်းလှိုင်(မောင်တက်အင်း)၊ဓမ္မာစရိယဦးမောင်မောင်လေး၊ ခင်နှင်းယု၊ ခင်ဆွေဦး စသော စာပေပညာရှင်များ ပါလာသည်။ ရထားထွက်၍ ဆယ်မိနစ်ခန့်. အကြာတွင် ပရိတ် ရွတ်ပွားသံကို ကြားရသည်။ ကျွန်တော်သည် ထိုထိုက္ခါက္ခါ နေရာများသို့. လှမ်းကြည့်မိသည်။ သံဃာတော် တစ်ပါး ပါး၏ အရိပ်အရောင်ပင် မမြင်ရ။ တွဲ၏ နောက်ဆုံးတန်း ဒေါင့်တစ်နေရာမှ ရွတ်ဖတ်နေသည်ဟု မှန်းဆမိသည်။ ရန်ကုန် မန္တလေး အမြန်ရထားကြီးသည် အရှိန်နှင့် ခုတ်မောင်းနေသောကြောင့် ဆူညံနေသည်။ကျွန်တော်တို့. အဖွဲ့.သည် ကြည်နူးဖွယ် ပရိတ်ရွတ်ပွားသံကို အာရုံစိုက် နာကြားရင်း စီးနင်းလိုက်ပါ လာကြသည်။ ပရိတ်ကြီး(၁၁)သုတ် ပြီးဆုံးသောအခါ ကျွန်တော်နှင့်အတူ သင့်ဘဝ ဦးတင်မောင်၊ ရွှေမြင့်တင်ဦးညိုတို့.က သာဓု ခေါ်ကြသည်။ နောင်မှသိရသည်မှာ ပရိတ်ရွတ်ပွား နေသူသည် သံဃာတော် မဟုတ်ဘဲ၊ ရန်ကုန်တက္ကသိုလ် ပါဠိဌာနတွင် ဆရာ လုပ်ဖူးသော ဆရာဦးကျော်လှိုင် ဖြစ်နေသည်။ ကျွန်တော်တို့. စာပေ ပညာရှင်များအဖွဲ့.သည် မန္တလေးသို့. (၈-၁၁-၈၉)နေ့. နံနက် ၆:၄၅မိနစ်ခန့်.တွင် ဆရာဦးကျော်လှိုင် ပရိတ်ရွတ်ပွားမှု တန်ခိုးဂုဏ်ကြောင့် ဘေးအန္တရာယ် ကင်းစွာဖြင့် ချောချောမောမော ရောက်သည်ထင့်။

ထိုနေ့. နံနက်ပိုင်းတွင် လူထု ဒေါ်အမာထံသို့. သွား၍ အလွှာပ သလွှာပ စာပေရေးရာ ကိစ္စများ ပြောကြသည်။ ဒေါ်ဒေါ်အမာ၏သား ကိုငြိမ်းချမ်း (စာရေးဆရာ ညီပုလေး)က ကားစီစဉ်ပေးသည်။ စစ်ကိုင်းတောင်ရိုး၊ ဝါးချက် ဇီဝိတဒါန သံဃဆေးရုံသို့. သွားရောက် လေ့လာခွင့်ရသည်။ ကျစွာချောင် ဆရာတော် ဘဒ္ဒန္တ လက္ခဏက ကျွန်တော်တို့.အဖွဲ့.အား နေ့.လည်စာကျွေးသည်။ ကျွန်တော်တို့. နံနက်စာစား၍သည် နေ့.လည် ၁:၃၀ အချိန်ခန့်. ဖြစ်နေ၍ ထမင်းဆာဆာနှင့် တဝတပြုစားကြသည်။ ကျွန်တော်တို့. အဖွဲ့.တွင် ဆရာပါရဂူ၊ ဆရာမြဝင်း (ဒဿန)၊ ညီမွန်၊ သင့်ဘဝ ဦးတင်မောင်၊ရွှေမြင့်တင် ဦးညိုတို့. ပါလာကြသည်။ ကျစွာချောင်ဆရာတော် ဦးလက္ခဏနှင့် ဆရာတော်၏ ဒါယိကာမ အရင်းအချာဖြစ်သူ ဒေါ်ကျင်တိုး(တိုးတိုး) က၊ ဝါးချက်ဆေးရုံကို လိုက်၍ ပြသည်။ ထိုနေ့.ညနေပိုင်းတွင် မန္တလေးသို့. ကျစွာဆရာတော်၏ ဇီဝကစက်လှေဖြင့် ပြန်ကြသည်။

(၉-၁၁-၈၉) နေ့.တွင် မန္တလေး သာသနာ့တက္ကသိုလ်၌ တတိယ သုံးနှစ်ခရီး စာစောင် ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။ အခမ်းအနား ပြီးလျှင် ထိုနေ့.ညနေ ၃-နာရီတွင် မန္တလေးမြို့.

လူအိုရုံဆိပ်မှ မင်းကွန်းတောင်ရိုး ဓမ္မနာဒသို့ သွား ကြသည်။ မန္တလေး ဘက်ကမ်းမှ မင်းကွန်းဘက် ကမ်း သဲဖြူသောင်ဆိပ်သို့ ဧရာဝတီ မြစ်ကျယ် ကြီးကို တစ်နာရီခန့် စက်လှေနှင့် ခုတ်မောင်း ရသည်။ သဲဖြူသောင်ဆိပ်တွင် နွားလှည်း အစီး (၂၀)ခန့်သည် အသင့်ကြိုနေသည်။ မင်းကွန်းကျေး ရွာမှ ရွာသူရွာသား များသည် ရန်ကုန်မြို့မှ အဆို ကျော်များ ပါလာကြမည့် သတင်းကို ကြိုသိကြ သဖြင့် သဲဖြူသောင်ဆိပ်တွင် ကမ်းလုံး ညွတ်မျှ စောင့်ကြို နေကြသည်။ ရွာသူ ရွာသား များသည် အားကြိုးမာန်တက် စောင့်မျှော် နေကြသော်လည်း သူတို့ တွေ့လိုသော အနုပညာရှင် အဆိုကျော်များ သည် ည(၈)နာရီခန့်မှသာ ရောက်လာကြသည်။ ရွာသူရွာသား များ တွေ့လိုကြသည်က မေခလာ၊ မေဆွို ဖြစ်သည်။ တွေ့ကြရသည်မှာ မျက်မှန်ထူထူ၊ တိုက်ပုံဖားဖား လွယ်အိတ်ကားကားနှင့် ပုံမလာ စာပေပညာရှင်များ ဖြစ်သည်။

ရိုးသား နွမ်းပါးသော ရွာသူရွာသား များသည် စာရေးဆရာများ၏ လက်မှ လွယ်အိတ်ဆွဲခြင်း၊ အဝတ်ထုပ်များကို ကူ၍ သယ်ပေးသည်။ သဲဖြူ ဆိပ်မှ မင်းကွန်း ဓမ္မနာဒသို့ တည်းခို ညအိပ်ရန် လှည်းနှင့် သွားကြသည်။ လှည်းလမ်းကြောင်း တလျှောက်ရှိ လှည်းတန်းရှည်ကြီးများ ရွှေရှားသွား နေသည်မှာတောသဘာဝ အလှနှင့် အရသာကို ကိုယ်တိုင် ခံစားရပါသည်။ ရွာမှ ကလေးငယ်များက လှည်းနောက်မှ အထူးအဆန်း သဖွယ် တစ် ကောက်ကောက် လျှောက်လိုက်ကြသည်။ ကျွန်တော်တို့ လှည်း၏ရှေ့ လှည်းတွင် ပန်းချီမောင်ငွေထွန်း ဇနီးမောင်နှံက ထိုင်လိုက်သည်။ ကျွန်တော်တို့ လှည်း၏ နွားကျိုက လှည်းချင်း ထိကပ် သွား သည့် အခါတိုင်း မောင်ငွေထွန်းကို ထိလုထိပါး ဖြစ်သွားသည်။ ဆရာမောင်ငွေထွန်းက ကြောက် ကြောက်နှင့် ကျွန်တော့်လှည်းသမားကို ကပ်မလိုက် ရန် အော်ပြောသည်။ ကျွန်တော်က ကားမကြောက် သော ရန်ကုန်သား ခုမှ ဘာနွားကို ကြောက်ပါ ပြီလဲလို့ မအော်ရန် လှမ်းပြောလိုက်သည်။ ရယ်ရွှင် စရာ ပျော်ရွှင်စရာ ကောင်းပါဘိ၏ ။ မင်းကွန်း တောင်ရိုး ကျေးလက်တောရွာ၏ မြင်ကွင်း၊ တောင် တန်း ၊ စေတီ ပုထိုးပျက်များကို ကြည့်၍ စီးနင်း လိုက်ပါရင်း ရှေးခေတ်ဟောင်း အောင်းမှေ့ဘွယ်ကို ပြန်ပြောင်း သတိရမိသည်။ ဤနေရာကား နှစ် ပေါင်းနှစ်ရာ ဝန်းကျင်ခန့်က တရားရှာရာ သူတော် ကောင်းတွေ ပျော်မွေ့ရာ တောတောင်ရိပ် ခေါင် ခေါင် ဖြစ်ခဲ့ကြောင်း ရိပ်စားမိသည်။ ရှေးမင်း ကောင်း မင်းမြတ်များ တရားရှာမှီးရာ နေရာဖြစ်ခဲ့ ကြောင်း စေတီပျက်များ စေတီပုထိုးဟောင်းများက အထောက်အထားသဖွယ် မြင်တွေ့နိုင်ပါ၏ ။

လှည်းဝင်ရိုးသံ ဆူဆူညံညံ အကြားမှ သီချင်း သံကို ကြားလိုက်သည်။ “လှည်းလမ်းတလျှောက် ဖုံလုံးကြီးတွေ တလိပ်လိပ်တက်ကာ မြင်ယောင်သေး တော့သည်၊ အညာဌာနီ၊ တစ်ခါလာမည်၊ ကျွန် တော့် အတွက်တော့ မေ့မရပါလေပြီ”--အစရှိသော သန်းထွန်းလေးရဲ့ သီချင်းကို လှည်းစီးရင်း ဟစ် အော် သီဆိုနေသူမှာ ပန်းချီ ကြည်သိန်း ဖြစ်သည်။ အညာ ကျေးလက်ဒေသ၏ အရသာကို လက်တွေ့ ကိုယ်တိုင် ခံစားရသော ပန်းချီ ကြည်သိန်းသည် ဝမ်းသာအား ရ ပျော်မြူးနေသည်။ ကိုကြည်သိန်းကို ကြည့်ရင်း ကျွန်တော်ပါ သီချင်းသံပြိုင်သီဆို အော် ဟစ်ချင်စိတ် ပေါက်လာသည်။

ထိုအချိန်တွင် ကျွန်တော်တို့ လှည်းကို မောင်း



ဒေါမြင့်မြင့်ခင်နှင့် မေဆွေ

သော လှည်းဆရာက သူ့နွားတစ်ရှဉ်းအား "ဟဲ့ သားကြီးတွေ ရုန်းလိုက်ပါလား" ဟု ဆို၍ ကြိမ်နှင့် တို့သည်။ ထိုနွားတစ်ရှဉ်းမှာ အသက်ငယ်၍ အကောင်လည်း ငယ်နေသည်။ ကျွန်တော်တို့ လူတစ်စု၏ အလေးချိန်ကြောင့် သဲလမ်းကြောင်း၌ ကျွံနေသော ဘီးကို မရုန်းနိုင်အောင် ဖြစ်နေသည်။ ကျွန်တော်တို့ လှည်းပေါ်တွင် ပါလာသော ဦးလေးကြီးဦးတင်မောင်က မကြည့်ရက်၍ လှည်းပေါ်က ဆင်းသည်။ ကျွန်တော်နှင့် ရွှေမြင်တင် ဦးလေးညီ့ကလည်း ဆင်းလိုက်သည်။ လှည်းပေါ်လူရော့သွားမှ လှည်းက ခပ်ပေါ့ပေါ့ဦးမော့၍ ထွက်သွားနိုင်တော့သည်။

သင့်ဘဝ ဦးလေးကြီး ဦးတင်မောင်ကား အသက်အရွယ်အားဖြင့် (၇၃)နှစ် ရှိပါသည်။ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ငန်းကို ကြည်ညိုပူဇော်လို၍ လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။ ဦးလေးကြီးသည် သတ္တဝါတွေကို ကြင်နာသနားသော စိတ်ကြောင့် သက်သက်လွတ်စားသူ တစ်ဦးဖြစ်သည်။ ကျွန်တော်တို့နှင့် လိုက်ပါလာသော ဓမ္မခရီး တလျှောက်တွင် ဝန်စည်စလယ် အများဆုံးဖြစ်နေသည်။ သက်သက်လွတ် အမြဲ စားသောကြောင့် သွားလေရာ ခရီးတလျှောက်တွင် နို့ဆီ၊ ပဲမှဲ့၊ မြေပဲ၊ ဘီစကွတ် စသော စားဖွယ်သောက်ဖွယ်များ သယ်ဆောင်ယူမြဲ ဖြစ်သည်။ ယခု ဓမ္မခရီးတွင်လည်း အိပ်ယာလိပ်၊ အဝတ်အထည် ထည့်ထားသော အိတ်ကြီး၊ တောက်တိုမယ်ရ ထည့်ထားသော ခြင်းကြီး တစ်လုံးနှင့် ထီးတစ်ချောင်းလည်း ပါလာသေးသည်။ ဦးလေးကြီး၏ ဝန်စည်စလယ်များကို ကျွန်တော်နှင့် ဦးလေးညီ့က ကူ၍ သယ်ပေးသည်။

လှည်းများ ကျွန်တော်တို့.ရှေ့.က သွား.နှင့်ကြသည်။ ဦး.လေး.ညီ။ ကျွန်တော်နှင့် ဦး.လေး.ကြီး.က နောက်က လိုက်ပါလာခဲ့သည်။ ဖုံလုံး.ကြီး.များ ဝေနေသော လှည်း.လမ်း.အတိုင်း. လိုက်ပါလာခဲ့သော ကျွန်တော်တို့.၏ ကိုယ်ခန္ဓာနှင့် ခေါင်း.တခေါင်း.လုံး. သည် ဖွေး.ဖွေး. လှုပ်နေသည်။ ကျွန်တော်တို့.သည် ဖုံမှုံ.များ.ကို ရှုရှိုက်မိ၍ အဆက်မပြတ် နှာချေတော့သည်။ ဦး.လေး.ကြီး.ကို လှမ်း.ကြည့်ရာတွင် ပုဆိုး.အဖြူ၊ တိုက်ပုံအဖြူ၊ ခေါင်း.တစ်ခုလုံး.လည်း. ဖြူဖွေး.နေပြီး. ညာဖက်ကျောတွင် လွယ်ထား.သော အိပ်အပြင် လက်တဖက် တချက်တွင်လည်း. ဆွဲစရာများ.ကို ဆွဲထား.သည်။ ဘယ်ဖက် ပခုံး.တွင် ထီး.ကောက်ရှည် တစ်ချောင်း.ကို ချိတ်ထား.သည်။ ဦး.လေး.ကြီး.၏ ပုံပန်း.သဏ္ဌာန် မြင်ကွင်း.ကိုကြည့်ရင်း. တရုတ်သာသနာပြု ဘုန်း.တော်ကြီး. ဟာဟီရန်ကို မြင်ယောင်လာသည်။ ဟာဟီရန်က ဦး.လေး.ကြီး.ထက်က တစ်ခုပိုသည်မှာ မီး.အိမ်ဖြစ်သည်။ ဦး.လေး.ကြီး. ဦး.တင်မောင်သည် ဟာဟီရန်၏ ပုံဟန်ပန်နှင့် တူနေသည်။ ကျွန်တော်က ဟာဟီရန် အကြောင်း. ဦး.လေး.ညိုကို ပြောပြသည်။ ဦး.လေး.ညိုက မပြုံးပဲနှင့် ဝါး.လုံး.ကွဲရယ်လိုက်သည်။ နာရီဝက်ခန့်. လှည်း.နှင့် သွား.ရသော ဓမ္မနာဒ ကျောင်း.တိုက်သို့. လေး.လံသော ပစ္စည်း.များ.ကို ခြေလျင် သယ်ဆောင်၍ လျှောက်ခဲ့ရသော်လည်း. ပင်ပန်း.မှုဒဏ်ကို မခံစား.မိပေ။

ဓမ္မနာဒ ကျောင်း.တိုက်သို့. ရောက်သောအခါ ဗန္ဓုလဦး.ဆိုင် ဓမ္မာရုံတွင် တည်း.ခိုန်း.ကြသည်။ (၁၀-၁၁-၈၉)နေ့.နံနက်တွင် မင်း.ကွန်း. တိပိဋကဓရ ဆရာတော် သီတင်း.သုံး.တော် မူသော ဓမ္မနာဒ ကျောင်း.တိုက် အနီး.ရှိ ဗန္ဓုလဦး.ဆိုင် ဓမ္မာရုံတွင် ကထိန်ခင်း.သည်။ ကထိန်အပြီး.တွင် ဓမ္မနာဒမဂ်း.ကွန်း. မိုး.မိတ်ကုန်း.မြေသို့. လှည်း.နှင့်ပြန်ဆင်း.ကြသည်။ မိုး.မိတ်ကုန်း.မြေမှ နံနက်စာဖြင့် ကျွေး.မွေး.သည်။ နေ့.လည်(၂)နာရီခန့်.တွင် တိ=နို(၂)စက်တပ် သဘော်ဘဝဖြင့် မန္တလေး.သို့. ပြန်ကြသည်။ မန္တလေး ရောက်လျှင် ကျွန်တော် အမြဲရောက်သောနေရာ လေးနေရာ ရှိသည်။ မဟာမြတ်မုနိ ဘုရား.ကြီး.၊ မန္တလေး.တောင်.၊ တောင်မြို့. မဟာဂန္ဓာရုံကျောင်း.နှင့် တောင်လေး.လုံး. ဆရာတော် ကိုပညာ(အမရပူရ)ကျောင်း. ဖြစ်သည်။ ကိုပညာကျောင်း.တွင် နား၍ စကား.လက်ဆုံကျမြဲ ဖြစ်သည်။ ရန်ကုန်မှ စာရေး.ဆရာများ မန္တလေး ရောက်လျှင် ကိုပညာ ကျောင်း.တော့ ရောက်ကြစမြဲ ဖြစ်သည်။ ဦး.ပိန်တံတား.ပေါ် လျှောက်ရင်း. တောင်သမန်အင်း.ကို ဖြတ်တိုက်လာသော လေနှင်း.ကို ရှုရှိုက် ရသည်မှာ အရသာတမျိုး. တွေ့.သည်။ တစ်ခါတစ်ရံ မယ်ဇယ်ပင်တန်း. တလျှောက် လမ်း.လျှောက်ကြသည်။ ယခုတခေါက် အကြောင်း. မညီညွတ်၍ ကိုပညာထံ မရောက်ခဲ့ပါ။ ကိုပညာ ကျောင်း.ကို မရောက်ခဲ့၍ မန္တလေး လာရကျိုး.မနပ်သလို ဖြစ်မိသည်။ အရေး.တကြီး. သုတ်သီး.သုတ်ပြာ မန္တလေး ဘူတာကို ဆင်း.ခဲ့ရသည်။ ရထား.ပေါ် ရောက်သည်နှင့် ရထား.က ထွက်တော့သည်။ မန္တလေး.ဘူတာအလွန် ရထား ခုတ်မောင်း.ရာတွင် ရထား.ပေါ်မှ တောင်တမန်အင်း.နှင့် ဦး.ပိန်တံတား.ကို ခပ်ပြုပြုလှမ်း.မြင်လိုက်ရသည်။ လွမ်း.မောဖွယ်ရာ အညာမြို့.ကလေး.ကို ရင်ထဲမှ နှုတ်ဆက်လိုက်ပါ၏။

မောင်ရင့်ကျူး(မြောင်း.မြ)

မင်းကွန်းတိပဋ္ဌာကရရေသဝရောဂေတ်ကြီး၏ ဝေဝရပ္ပတ်သဏ္ဌာန်နိဒါန်း

ဦးဆင်းမောင် (စမွတ်)



မင်းကွန်းတိုင်ကဓရ ဆရာတော်ကြီး အနုပညာလက်ရာစုံ ပြသပူဇော်ပွဲ အတွက် အထောက်အကူဖြစ်စေရန် ဦးပေါ်ဦးသက်၊ ဦးဘသန်း (ခတ္တိယ)၊ ဓာတ်ပုံ-ဦးခင်မောင်အေးနှင့် ကျွန်တော်တို့ အဖွဲ့သည် (၆-၈-၈၉) ရက်နေ့က မန္တလေးမှ မင်းကွန်းတောင်ရိုး ဓမ္မနာဒချောင်သို့ သွားရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးတွေ့ပြီး သိရှိလိုသော အချက်များကို မေးမြန်း လျှောက်ထားခဲ့သည်။ ဆရာတော်ဘုရားကြီးက (၂)နာရီကြာမျှ စိတ်ပါလက်ပါ အမိန့်ရှိခဲ့သော ဆရာတော် ဘုရားကြီး၏ဘဝသမိုင်းကြောင်းမှ အချို့အချက်အလက်များမှာ-

၁။ မူလကျည်းပင်ရွာ

မန္တလေးတိုင်း မြင်းခြံခရိုင် (မြင်းခြံမြို့နယ်)တွင် တည်ရှိသည်။မူလကျည်းပင်ရွာသည် အရှေ့အနောက် (၃)အိမ်တန်းလျက် တောင်မြောက် (၅)အိမ် တန်းလျက် စုစုပေါင်း (၁၅)အိမ်ခန့်သာ ရှိသည်။ထို့နောက်မှ ရွာဦးပိုင်းနှင့် ရွာမြောက်ပိုင်းတို့သို့ တိုးချဲ့သည်။

၂။ ကျည်းပင်ရွာဦးကျောင်း

ဆရာတော်ဘုရားကြီး၏ ကန့်ကွ လက်လှည့်ပညာသင်ကြားခဲ့ရာ ကျောင်းဖြစ်သည်။ သွတ်မိုးနှစ်ထပ် သစ်သားကျောင်း ဖြစ်၍ အောက်ထပ်၌ အကာ မရှိပါ။ကွပ်ပျစ်ကြီးများသာ ရှိသည်။ကျောင်းမျက်နှာစာ မြောက်လှည့်၍ အတက် လှေကားဆောင် ဘက်ဦးတိုက်သည်။လှေကား၏ အနောက်ဘက်၌ ဆရာတော် ငယ်ငယ်က ရွောက်ချိုသီးခူးခဲ့သော ရွောက်ပင်ကြီး ရှိသည်။ ကျောင်းဝိုင်းအတွင်း၌ ပိန္နဲပင်များလည်း ရှိသည်။ ဆရာတော် ဦးသာသန ကျောင်းထိုင်သည်။

၃။ မူလကျည်းပင်ရွာ

ဆရာတော် (၄)နှစ်သား အထိ နေခဲ့သော ခမည်းတော် ဦးဆုံ ဒေါ်ဒေါ်ဆင်တို့၏ အိမ်မှာ (၄)ခမ်း (၂)ခမ်း တစ်ထပ် ရှေ့အဖိုချနှင့် ဖြစ်သည်။ (သစ်သားတိုင် ကပ်မိုး ဝါးထရံကာ)။ဆရာတော် (၄)နှစ်သားတွင် ခမည်းတော် ဆုံးပါးရာ မယ်တော်နှင့် အမတော် (ဒေါ်သုံ) ညီတော် (ဦးဘသင်)တို့က သဲဖြူဝ အနောက်ရွာသို့ ပြောင်းသွား၍ ဒေါ်ဒေါ်ဆင်၏ အမနှင့် အတူနေကြသည်။ ဦးဆုံ၏ အိမ်ကို ဖျက်၍ ကျည်းပင်ရွာ သုသန်ဓရပ် ဆောက်လုပ်လှူဒါန်းလိုက်သည်။

ဆရာတော် အလောင်းလွှာ မောင်ခင်က အဖိုးဖြစ်သူ ဆရာချယ်၏ အိမ်တွင်အဖွား ဒေါ်အုန်းနှင့် အတူ နေရစ်ခဲ့သည်။ ထိုအိမ်မှာ (၄ခမ်း) (၂)ခမ်း အဖိုချ (၂)ထပ်အိမ် ဖြစ်သည်။ အဖိုကို သွတ်မိုး၍ အိမ်မမှာ သစ်သားတိုင် သစ်သားကြမ်းခင်း၊ ကပ်မိုး၊ ဝါးထရံကာဖြစ်၍ အိမ်ရှေ့ရှိ လှေကားမှာ လှေခါး (၃) ထစ်သာရှိသည်။အိမ်အောက်ထပ်၌ ကြမ်းပြင် (ကပြင်) ရှိသည်။

၄။ အလှူမဏ္ဍာယ်

ဆရာတော် (၆)နှစ်သား အရွယ် အဖိုးဆရာချယ်က တစ်ကြိမ်၊ ဆရာတော်(၁၀)နှစ်သားတွင် အမိဒေါ်ဒေါ်ဆင်က တစ်ကြိမ် (၂)ကြိမ်မျှ ရှင်ပြုခဲ့သည်။ ပထမအကြိမ် ရှင်ပြုမှာ ဆရာတော်ဘုရားကြီး မမှတ်မိနိုင်သေးသော အရွယ်ကဖြစ်၍ အပြည့်အစုံ မသိရပါ။ ဒုတိယအကြိမ် ရှင်ပြုပွဲကို ကျည်းပင်ရွာ ဆရာချယ်၏ အိမ်ရှေ့၌ ပြုလုပ်သည်။

ဝါးတိုင် ဝါးတန်းဌ ဖျာမိုးရ အချယ်အလှယ် ကင်းသော မဏ္ဍာပ်ဌ ဖြစ်သည်။ မဏ္ဍာပ်၏ ဦးပိုင်းဌ သဃ်ာစင်ရှိ၍ သဃ်ာစင် အထက်ဌသာ ပိတ်မျက်နှာကြက် ရှိသည်။ လူများထက်ဌ ဖျာမိုးသာ ရှိသည်။ မျက်မှာကြက် မပါရှိပေ ။

ရှင်လောင်း နားဖေါက်သည်တို့.မှာ မြို့.မှာကဲ့သို့. ထိုင်မသိမ်း ပုဆိုးတောင်ရှည်၊ ပြန့်.ထမီတို့.မဝတ်၊ ဖေါ်လုံး ဥသျှောင် စည်းပုံတို့. မဆောင်း၊ ရိုးရိုးသာ ဖြစ်သည်။ ယခင်က ရှိခဲ့သော ဝတ်ကောင်းစားလှကိုသာ ထုတ်ဝတ်၍ သနပ်ခါးပန်းမာလ်သာ ပန်ထားသည်။ ထမီ ပုဆိုးတို့.မှာကွင်းပုဆိုး ကွင်းထမီသာ ဖြစ်သည်။ ဆရာတော်မှာ ထိုစဉ်က ဆံရစ်ဝိုင်းနှင့် ဖြစ်သည်။

၅။ နတ်ပြပွဲ

ရွာအလှူပွဲဌ ရှင်လောင်းစင်တွင် ရှင်လောင်း နားဖေါက်သည်တို့. ထိုင်နေခြင်း၊ ရှင်လောင်း လှည့်ခြင်းများ မပြုလုပ်ခဲ့ပေ။ ကျေးရွာရိုးဖလာ ထုံးစံအရ နတ်ပြခြင်းသာ ရှိခဲ့သည်။ ပူဇော်ပသခြင်းကို ကျွမ်းကျင်သော နတ်ကတော် အမျိုးသမီးကြီး တစ်ဦးက ရှေ့.မှကန်တော့ပွဲကို ရွက်၍ နောက်မှ ရှင်လောင်း နားဖေါက်သည်များ အမိနှင့် ဆွေမျိုးညာတိများက တန်းစီ၍ လိုက်ခါ ရွာဦးရှိ နတ်စင်သို. သွားပြီး ကန်တော့ပွဲအပ်၍ နတ်ပြခြင်းသာ ဖြစ်သည်။

၆။ အဖိုးဆရာချယ်ဒေါ်အုံ

ဆရာတော်၏ အမိဘက်မှ အဖိုးအဖွားများမှာ မြန်မာသမားတော်ကြီး ဆရာချယ်နှင့် ဒေါ်အုံတို့. ဖြစ်ကြသည်။ဆရာချယ်သည် မြင်းခြံမြို့.၏ မြောက်ဘက် တရုတ် မကျည်းစုရွာ ဇာတိ ဖြစ်သည်။ သျှောင်ထုံးနှင့်ဖြစ်၍ နှုတ်ခမ်းမွေး မပါရှိပေ။ခေါင်းပေါင်းလည်း ပေါင်းလေ့ပေါင်းထ မရှိ။

ကျည်းပင်ရွာဌ ဖျားနာသူရှိသည် သတင်းကြားသော် လာပင့်သည်ကို မစောင့်ဘဲ သွားရောက်ကုသပေးသည်။ အခြားရွာမှ လူနာများကိုကား ပင့်သူရှိမှ လိုက်၍ကုသသည်။ ဆေးဆရာ ပင့်လာသူသည် မြင်းနှစ်စီး ယူဆောင်လာခဲ့ရပြီး တစ်စီးမှာ ပင့်သူ စီးရန်ဖြစ်၍ ကျန်တစ်စီးမှာ ဆေးဆရာ စီးရန်အတွက် ဖြစ်သည်။ သို့.သော် ဆရာချယ်သည် မြင်းနှင့် လာပင့်သော်လဲ မြင်းစီးလေ့မရှိဘဲ မြင်းကိုဆွဲကာ ခြေလျင်သာကြွလေ့ရှိသည်။မြင်းတင်အိပ်ခေါ် အဝတ်ဖျင်စဖြင့် ချုပ်ထားသော မြင်းကျောပေါ်တွင် ခွတင်ရသည့် နှစ်စုံတွဲ ဆေးအိပ်ကိုသာ မြင်းကျောပေါ်တွင် မြင်းအား တောင်းပန်၍ တင်ခဲ့သည်။

လာပင့်သောသူအား လူနာ၏ လက္ခဏာကို မေး၍ ဆေးကုရန်သောသူမှသာ ဆေးနှင့်ဓာတ်စာတို့.ကို ပေးကျွေး၍ ကုသသည်။ ဆရာချယ် ကုလျှင်လည်း ရောဂါပျောက်သည်သာ ဖြစ်သည်။

ဆေးကုသ၍ မရနိုင်လောက်သော လူနာ၏ လက္ခဏာကို အောက်ပါလင်္ကာဖြင့် စစ်ဆေးကြည့်ရှုမေးမြန်းသည်။

ဆီးသော်ဝါချုပ်၊ အစာယုတ်၍
ငုတ်တုပ်မထိုင်၊ ခါးဆိုင်ရင်စပ်
အောင့်၍ကြပ်မူ၊ ထိုသူဇကန်
သေလိမ့်မှန်၏။

တခါသော် တရုပ် မကျည်းစုရပ်မှ လူနာလာပင့်၍ ခြေလျင်လိုက်သွားရာ ဆရာချယ်မှာ လမ်းတွင် ဓာတ်ပျက်၍ လူနာကို ကြည့်ရှု ဆေးပေးပြီးသော် "လူနာ စိတ်ချရပြီ၊ ငါ့မှာသာ စိုးရိမ်စရာရှိလို. ငါ့

ကို ငါ့ညီအိမ်ပို့." ဟုဆိုသဖြင့် ထိုရွာရှိ ဆရာချယ်၏ညီ ဦးနောက်၏ အိမ်ဝိုင်းသို့ ပို့ပေးကြရာ ထိုအိမ်တွင်ပင် ဓာတ်ပျက် ဝမ်းပျက်သော ရောဂါဖြင့် ဆရာချယ် ဆုံးပါးခဲ့ရသည်။

ဆရာချယ်မှာ အခြား ဆေးဆရာများ ကဲ့သို့ ရင်ဖုံးအင်္ကျီ ဝတ်လေ့မရှိ၊ ရိုးရိုးသားသား နေပြီး နှစ်နံစပ်လက်ရက်ကွင်း ပုဆိုးကိုသာ ဝတ်ဆင်လေ့ရှိသည်။ ဆေးကုသရာတွင်လည်း အဖိုးသားနာမယူ မေတ္တာစေတနာဖြင့်သာ ကုသသည်။ လူနာရောဂါ ပျောက်မှ မိမိတို့စေတနာရှိသရွေ့ထမင်းအုပ်နှင့် လာကန်တော့ကြသည်။ ထိုသို့ လူနာကန်တော့သော နေ့များတွင် ဆရာချယ်အိမ်၌ ဘုန်းကြီးကျောင်း သီတင်း ဥပုသ်နေ့ကဲ့သို့ ဟင်းလျာများ ဖွယ်ဖွယ်ရာရာ ရှိလှသည်ဟု ဆိုသည်။

ဆရာတော်၏ ခမည်းတော် သူကြီးဦးဆုံ ဆုံးပါးသွားသောအခါ ဆရာတော်သည် အဖွားဖြစ်သူ ဒေါ်အုံနှင့် နေခဲ့သည်။ ညတွင် ဒေါ်အုံသည် မြေးဖြစ်သူ မောင်ခင်(ဆရာတော်) နှင့် သမီးဖြစ်သူ မဇ္ဈေပေါ(ဆရာတော်၏ အရီးလေး ဒေါ်ဒေါ်ဆင်၏ နှစ်မ) တို့ကို တဖက်စီ၌ထား၍ အတူအိပ်ကြသည်။ ခြင်ထောင်မှာ သစ်ခေါက်ဆိုး လက်ရက်ထည် ဖြစ်သည်။ မောင်ခင်သည် ကျည်းပင်ရွာမှ မိခင်ရှိရာ သဲဖြူဝအနောက်ရွာသို့ (၃)ရက်(၄)ရက်လျှင် တစ်ကြိမ်ကျ သွား၍ ညအိပ်လေ့ ရှိသည်။

၇။ အိမ်အောက်စာအံ

အရီးလေး ဒေါ်ဇွေပေါမှာ ဆရာတော်ထက် (၃)နှစ်သာကြီး၍ ငယ်စဉ်က စာအံဖက် စာသင်ဖက်ဖြစ်ခဲ့သည်။ ဆရာတော်တို့ တူအရီးမှာ ကျောင်းမနေသေးသော်လည်း ဆရာချယ်၏ အိမ်အောက်ရှိ ကြမ်းပြင်တွင် ခေါင်းမိုက စာအံနေလေ့ ရှိကြသည်၊ တဦးက "ကကြီးဘယ်နယ်ရေးပါ့မယ်" ဟုဆိုလျှင် ကျန်တစ်ဦးက "ကကြီးရေက"ဟု ပြန်ဖြေသည်။ ဤသို့ဖြင့် ဆရာတော်တို့တူအရီး နှစ်ယောက်မှာ ကျည်းပင် ရွာဦးကျောင်းသို့ မရောက်မီကပင် "က" ကြောင်း "ခ" ကြောင်း စသည်များကို သင်ပုန်းကြီးကုန်သည်အထိ နှုတ်တိုက်ရွတ်၍ အမေးအဖြေ ပြုခဲ့ကြသည်။

၈။ ဆရာကြီး ဒေါ်မမွှစာရီ (၁၂၄၀–၁၃၃၃)

သီလရှင် ဆရာကြီး ဒေါ်မမွှစာရီသည် ဆရာဆော်ဘုရား ဓမ္မနာဒချောင်သို့ ရောက်ရှိစက စတင်၍ နှစ်ပေါင်း (၄၀)ကျော်မျှ ဆွမ်းဝတ်မှုစ၍ လိုသမျှ ပြုစု ထောက်ပံ့ခဲ့သော သာသနာ့ မိခင်ကြီးတစ်ပါး ဖြစ်သည်။ ဖခင်မှာ ဦးလူပိန် ဒေါ်သီ ဖြစ်သည်။ ဦးလူပိန်သည် အမရပူရမြို့နယ် လက်သစ်ရပ်ဇာတ် ဖြစ်၍ တစ်ရွာတည်းသားဖြစ်သူ ကွမ်းရေးတော်မင်း ဦးဖေ–ဒေါ်ဖြူတို့နှင့် သားချင်းပမာ ဆက်ဆံကြသည်။ ဦးဖေကို အကြောင်းပြုပြီး တုပ်တုပ် (ဒေါ်ဓမ္မစာရီ)သည် မန္တလေးတောင်ခြေ ရွှေကျင်ငါးကျမ်းတိုက်သို့ ဥပုသ် စောင့် လိုက်ရာမှ တဆင့် မင်းကွန်းတောင်ရိုးသို့ပါ ရောက်ရှိပြီး နောက်ဆုံး မိဘခွင့်ပြုချက် မရဘဲ သီလရှင် ဝတ်သွားခဲ့သည်။

ထို့နောက် မင်းကွန်း ကုလေးချောင်မှ တဆင့် ရန်ကုန်တွင် ဝါဆိုကာ သီဟိုဠ်သို့ (၃)နှစ် ကြွရောက်ပြီး ပါဠိတော်များကို သင်ကြားသည်။

ရန်ကုန်သို့ ပြန်ရောက် ပြီးနောက် ဗဟန်း(၁)လမ်း ဇရပ်တစ်ဆောင်ကွင်းနေပြီး "ပရဟတ္ထကုမ္ဘာရိ အသင်း" ကို တည်ထောင်ကာ လယ်ကိုပဏ္ဍိတ

ဦးမောင်ကြီး၏ "ပရမတ္ထသံခိပ်" ကိုပို့ချသည်။ ထိုတွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဆာဦးမြဘူးကတော်၊ ဆာဦးသွင်ကတော်၊ ကဝိ မျက်မှန်ဒေါ်အေးမေ ကျိုက်လပ်သူဌေး ဦးတူ ဒေါ်ဖေါ်စသူတို့နှင့် ရင်းနှီးပြီး အထောက်အပံ့များ ရရှိခဲ့သည်။ နောက်ဆုံး မင်းကွန်း ကူလေးချောင်သို့ပြန်ကာ ဦးတူ ဒေါ်ဖေါ်တို့က ဆောက်လုပ် လှူဒါန်းသော ဇရပ်တွင် စာပေများကို ပို့ချခဲ့သည်။ ထို့နောက် ဆရာတော်ဦးပညာစက္ကနှင့် တွေ့ရှိပြီး "ဓမ္မနာဒချောင်"ကို စတည် တည်ထောင် လှူဒါန်းခဲ့သော သာသနာ့အာဏာနည် ပဏ္ဍိတမာနိ သီလရှင် ဆရာကြီးပင် ဖြစ်ပါသည်။ ၁၂၄၀ ပြည့်နှစ်မှာ ဖြစ်သည်။

လူအမည် ဒေါ်တုပ်တုပ်၊ ဆရာကြီး ဒေါ်ဓမ္မစာရီနှင့်အတူ ညီမ မစောရီ (ဒေါ်ဉာဏာစာရီ)၊ ညီမငယ် မထွေး (ဒေါ်ဂုဏ်ဒစာရီ)တို့လည်း သီလရှင်ဘဝနှင့် ပျော်မွေ့ခဲ့ကြရာ ဒေါ်ဂုဏ်ဒစာရီသည် သက်တော် (၉၂)နှစ်တွင်မှ ပျံလွန်တော်မူခဲ့သည်။

၁၀။ ဦးတူ ဒေါ်ဖေါ်

ကျိုက်လပ်မြို့ ဆုတောင်းပြည့် စေတီတော်အရှေ့ဘက် ပုပ္ပါရုံကျောင်း ဒကာမှာ ကျိုက်လပ်မြို့သူဌေးကြီး ဦးတူ ဒေါ်ဖေါ်တို့ ဖြစ်သည်။ ပုပ္ပါရုံကျောင်းတွင် ဝိသာခါ ကျောင်းအမကြီး၏ ပုပ္ပာရုံကျောင်းမှာကဲ့သို့ ရင်စို့ခန့်နက်သော အုတ်ကန်ကြီး (၄)ကန်တွင်၊ ထောပတ် တင်လဲ စသော စတုမဓူအချိုများကို တနှစ်တွက် အမြဲမပြတ် လှူထား ကိုးကွယ်ခဲ့သည်။ ဆရာကြီး ဒေါ်ဓမ္မစာရီ၏ ခမည်းတော် ဦးလူပိန် ဒေါ်သိတို့သည် ကွမ်းရေတော်မင်း ဦးဖေ ဒေါ်ဖြူ တို့နှင့် တစ်ရပ်တည်း အင်းဝ လက်သစ်ရပ် ဇာတိများ ဖြစ်ကြသည်။

ဆရာကြီး ဒေါ်ဓမ္မစာရီကို ကူလေးချောင်တွင် နေထိုင် သီတင်းသုံးရန် (၃)ခန်း (၄)ခန်း အဖိုချ ၂ထပ် ဇရပ်တစ်ဆောင်ကို စတင် လှူဒါန်းသည်။ ရောက်နှင့် တစ်ကန်လည်း တူးပေး၍ တောင်ထိပ်တွင် "အတုလ" စေတီကို တည်ထားခဲ့သည်။

၁၁။ အရှင်ပညာစက္က

ဓမ္မနာဒ မူလဆရာတော် အရှင်ပညာစက္ကသည် တိပိဋကဓရဆရာတော် ဘုရားကြီး၏ ဥပသမ္မဒ ဆရာတော်ဖြစ်၍ မြင်းခြံမြို့ ဇာတိ ဖြစ်သည်။ငယ်စဉ်က တောင်ပြင်ရွေရေးဆောင် ဆရာတော်၊ မစိုးရိမ် ဆရာတော်တို့ထံတွင် စာပေ သင်ကြားခဲ့ပြီး စစ်အတွင်း ပလိပ်ရောဂါ ရှောင်ကွင်းရာမှ မင်းကွန်း တောင်ပေါ်ကြီးချောင် ဘုန်းတော်ကြီး "ဦးကျော်"နှင့် ဆက်မိပြီး ဝါတော်(၉)ဝါအရတွင် ဥရုဝေဠုချောင် (တောင်ပေါ်ကြီးချောင်၏ တောင်ဘက် အတုလ စေတီတော်၏ မြောက်) ချပ်ကြား၌ တောရ ဆောက်တည် သီတင်းသုံး နေတော်မူသည်။

သို့သော် ယခင်ကစွဲကပ်ခဲ့ဘူးသော မျက်စေ့ရောဂါကြောင့် ဒေါ်ဓမ္မစာရီကို အကြောင်းပြုပြီး ဓမ္မနာဒချောင်တွင် ဒေါ်ဘုတ်ဆုံ ဆောက်လုပ်သော ကျောင်းတွင် သီတင်းသုံးနေထိုင်၍ စာပေပို့ချတော်မူခဲ့သည်။

၁၂။ ဦးမြို့-ဒေါ်မမ

စာသင်သားများ တိုးပွား စည်ပင်လာသော ဓမ္မနာဒချောင်တွင် ထီးချိုင့်ဇာတိ သစ်ကုန်သည် ဦးမြို့-ဒေါ်မမတို့က တန်ဘိုး ငွေတစ်ထောင်ရှိသော သစ်ကြီး တစ်လုံးမှ လှေကား၊ ထုတ်ယောက်၊ ယနယ်တို့ကို ခွဲစေကာ ကျောင်းကြီး တစ်ဆောင် ဆောက်လုပ် လှူဒါန်းခဲ့သည်။ ဒေါ်မမမှာ ဒေါ်ဓမ္မ

စာရိုက်၏ တူမ ဖြစ်သည်။ ဒေါမမ ကွယ်လွန်သော် ဦးမြိုသည် ဒေါမမ၏ ညီမဝမ်းကွဲ ဒေါဆင်ဆင်နှင့် လက်ဆက်ခဲ့သည်။

၁၃။ ဘုရားကြီး ဒေါဆိုင်

ဆရာကြီး ဒေါဓမ္မစာရိုက်၏ အမဝမ်းကွဲတော်သူ ဦးကြွယ်-ဒေါဆိုင်တို့ကလည်း ဓမ္မနာဒချောင် ယခု ရန်ကုန်ကျောင်း နေရာတွင် (၄)ခန်း (၃)ခန်း (၂)ထပ် အသားကျောင်း တစ်ဆောင်ကို ဆောက်လုပ် လှူဒါန်းခဲ့သည်။ ထိုကျောင်းမှာ လှကား အရှေ့သို့ ခြေကန်ထားသည်။ (နေခြေ ကန်သော လှကားရှိသည့် ကျောင်းတွင် သီတင်းသုံးသော် ကျောင်းတိုက် မကြီးပွားဟု ရွေးက အယူအဆ ရှိခဲ့သည်)။ ထို့ကြောင့် ရဟန်း (၈)ဝါ အရတွင် လှကားဆောင်ကို ဖျက်၍ အနောက်ခြေကန်ကာ ပြန်ဆောက်ခဲ့သည်။ ယခုသော် ထိုကျောင်းနေရာတွင် ဆာဦးသွင်ကောင်းမှု ရန်ကုန်ကျောင်း ဆောက်လုပ်ထားပါသည်။

၁၄။ ဆာဦးသွင်

ဦးဆိုင်-ဒေါကြွယ်တို့ ကျောင်းနေရာတွင် ဆာဦးသွင်က အုတ်ကျောင်းကြီး တစ်ဆောင်ကို ဆောက်လုပ် လိုသော်လည်း အုတ်ကျောင်းတွင် သီတင်းသုံးလျှင် ထုံနာကျင်နာစွဲတတ်သည်ဟု ဆရာတော်ဘုရားကြီးက မိန့်တော်မူသဖြင့် တိုင်နှင့်ဆင့်၊ ပျဉ်းကတိုး၊ ဝါးတုထရံကာ၊ ဝါးကျမ်းကပ်မိုးနှင့် ရန်ကုန်ကျောင်းကို ဆရာတော်ဘုရား "တိပိဋကဓရ" ဘွဲ့ရရှိတော် မူပြီးနောက်တွင် ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။


၁၅။ စံပြကျောင်း

နောက်ပိုင်းတွင် ကူကလေးချောင်မှ ပြောင်းရွှေ့ဆောက်ထားသော ဦးတူ-ဒေါဖေ့ ကျောင်းနှင့် ဦးကြွယ်-ဒေါဆိုင်တို့၏ ကျောင်းများကို ဖျက်၍ ကျောင်းဟောင်းမှ တိုင်နှင့်သင့်တော်သော အသားများကို စုပေါင်းကာ ဓမ္မနာဒချောင် အဝင်ဝတွင် "စံပြကျောင်း" ကို ထပ်မံ ဆောက်လုပ် ခဲ့ပါသည်။

၁၆။ ခလွှာသိမ်တော်ကြီး

စစ်ကိုင်းတောင်ရိုး ငွေတောင်တောရ ချင်တိုက်ရှိ ခလွှာ သိမ်တော်ကြီးတွင် ၁၂၉၂-ခုနှစ်၌ ဆရာတော်သည် ဥပသမ္ပဒ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့သည်။ ထို သိမ်တော်ကြီးမှာ ဘုံအမိုး "၅"ဆင့်ရှိ သစ်သား ပြဿဒ်ကြီး ဖြစ်သည်။ ပဋ္ဌာန်းလောင်း ဆရာတော်နှင့်တကွ ဥပဇ္ဈာယ် ဆရာတော်ကြီးများ သိမ်မဝင်မီ စုပေါင်း ရိုက်ထားသော ရှေးဓါတ်ပုံကြီးကို ဓမ္မနာဒတိုက်တွင် တွေ့ရှိပုံ ကူးမှတ်တမ်း တင်နိုင်ခဲ့ပါသည်။

မောင်ဝင်းမောင် (တမွဝတီ)



F.E.D.A



သုံးနှစ်ခရီး ဗောဓိပင်သာသနာတော်သို့ ပဌာန်းတရားတော်

ပထမတိသံဝစ္ဆရ။ ။ပထမ သုံးနှစ်ခရီးမှာ ၁၃၄၀၊ ၁၃၄၁၊ ၁၃၄၂ နှစ်များဖြစ်၍ စာဆို ပညာရှင်ပေါင်း ၁၀၀ ကျော် ပါဝင် ရေးသားကြ၍ စာမျက်နှာ ၃၆၅၊ ရှိပြီးလျှင် အရိယမဂ္ဂင် ဆရာတော်ကြီး၊ ရွှေဟင်္သာ ဆရာတော်ကြီး၊ မစိုးရိမ် ပဒ္ဒာန်းဆရာတော်ကြီး၊ မင်းကွန်းတိပိဋကဆရာတော်ကြီးများ၏ ပုံတော်များကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်။

တိပိဋကဩဝါဒထူး။ ။ကလျာဏ နွယ်ဝင် သူတော်စင် အပေါင်းတို့၊ မိမိတို့မှာ ရှေးကသိုလ် ထောက်မ၍ လူ့အဖြစ်ကို ရရှိကြပြီးလျှင် ဘုရား သာသနာပွင့်လင်းရာ အခါဖြစ်သည့် ဗုဒ္ဓဟူဝါဒနဝမ အခွင့်ကောင်းနှင့်လည်း ကြုံတောင့်ကြုံခဲ ကြုံတွေ့ကြရလေပြီ . .

"သစ်တပင်ကောင်း ငှက်တသောင်းခို" ဆိုသကဲ့သို့ သာသနာတော် အရိပ်ကြီးကား သစ်ရိပ်ဝါးရိပ် တို့ထက် အဆများစွာ မနှိုင်းသာအောင် သာယာ အေးမြလှပါသည်။

ကမ္ဘာသူကမ္ဘာသား သတ္တဝါအများ၏ ခိုကိုးရာ အေးရိပ်သာကြီး ဖြစ်သည့် အတိုင်း ထိုသာသနာ အရိပ်ကြီး ပွားစီးအောင် ကိုယ်အား ဉာဏ်အား အကြံအားတို့ဖြင့် အားပေးရွက်ဆောင်ကြ၍ မိမိသူတပါး နှစ်ဦးသား၏ အစီးပွားကို ကျင့်သည့် ဥာဘယဟိတ ပဋိပန္နပုဂ္ဂိုလ်များ ဖြစ်ကြပါကုန်လော့

ဟူ၍ တိုက်တွန်း နှိုးဆော် ဥယျောဧည့်စကား ပြောကြား အပ်ပါသည် ကလျာဏနွယ်ဝင် သူတော်စင် အပေါင်းတို့ . . ။

ဦးဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရဆရာတော်။

သာသနာနှစ်၊ ၂၅၂၆၊ ကောဇာ သင်္ကရာဇ်
၁၃၄၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ ရက်
(၁၊၈၊၈၂)


ဒုတိယတိသံဝစ္ဆရ။ ။ဒုတိယ သုံးနှစ်ခရီးမှာ ၁၃၄၃၊ ၁၃၄၄၊ ၁၃၄၅ နှစ်များဖြစ်၍ စာဆိုပညာရှင်ပေါင်း ၁၀၀ကျော် ပါဝင် ရေးသားကြ၍ စာမျက်နှာ ၆၀၀ရှိပြီးလျှင်၊ အရိယ မဂ္ဂင်ဆရာတော် ဘုရားကြီး၊ စစ်ကိုင်း ရွှေဟင်္သာ ဆရာတော်ဘုရားကြီး၊ ဝန်းသိုခန္ဓိ ဆရာတော်ဘုရားကြီး၊ ရွှေစေတီ ဆရာတော် ဘုရားကြီး၊ ပဒ္ဓာန်းသိပ္ပံ ဆရာတော် ဘုရားကြီး၊ စစ်ကိုင်း နန္ဒမူရောင် ဆရာတော် ဘုရားကြီး၊ မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးများ၏ ပုံတော်များကို သဒ္ဓါပသန္နတို့ ပွားလာစရာ ဖူးတွေ့ရပါသည်၊

တိပိဋကဓရဆရာတော်။ ။မြတ်စွာဘုရား၊ ဟောဖော်ကြားသည့်, တရားတော်ယာဉ်၊ ဒေသနာစဉ်ဟု၊ ဘောဇဉ်မြိုက်ခဲ၊ ဓမ္မပွဲလျှင်၊ လက်ထဲပုံသေ၊ ဆုံကံရောက် နေလျက်၊ ရောင်သွေနှလုံး၊ ကိုယ်မသုံးသော်၊ အရုံးကိုယ့်ပြင်၊ ရှိချိမ့်လော့။

ဦးဝိစိတ္တသာရာဘိဝံသ၊
တိပိဋကဓရဆရာတော်။

သာသနာနှစ် ၂၅၃၁၊ ကောဇာ သင်္ကရာဇ်
၁၃၄၉ ခုနှစ် နယုန်လပြည့်နေ့။(၁၁၊၆၊၁၉၈၇)

တတိယ တိသံဝစ္ဆရ။ ။ တတိယ သုံးနှစ်ခရီးမှာ ၁၃၄၆၊ ၁၃၄၇၊ ၁၃၄၈ ခုနှစ်များဖြစ်၍ စာဆိုပညာရှင်ပေါင်း ၉၀ကျော် ပါဝင် ရေးသားကြ၍ စာမျက်နှာ ၅၂၀ရှိပြီးလျှင် ရွှေစေတီ ဆရာတော်ဘုရားကြီး၊ မန္တလေးဒေးဝန်း ဆရာတော်ဘုရားကြီး၊ စာချအကျော် မန္တလေး ရွှေရေးဆောင် ဆရာတော်ဘုရားကြီး၊ စစ်ကိုင်းဓေယျသိန် ဆရာတော်ဘုရားကြီး၊မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးများ၏ ပုံတော်များကို ကြည်ညိုစိတ်တွေ အလွန်



တိုးပွား ဖွယ်ရာ ဖူးတွေ့.ရပါသည်။

တိပိဋကသြဝါဒအထူး။ ။အိုဗုဒ္ဓဘာသာကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့။။ . မိမိတို့.သည် ကုသိုလ်ကောင်းမှု တစ်ခုခုကို ပြုလုပ်ကြသောအခါ . . ဘုရားအလောင်း အကိတ္တိ ပညာရှိရသော့၏ ဆုတောင်း အတိုင်း . . ဤသည့်ပုည၊ ကုသလကြောင့်၊ လောဘ ဒေါသ၊ မောဟကင်းကွာ၊ သံသရာဝယ်၊ ကျင်ပါရဘိ၊ ပညာရှိနှင့်၊ ယှဉ်မိပေါင်းသင်း၊ ဉာဏ်မဲ့ကွင်း၍၊ ပြည့်လင်းလှုဖွယ်၊ လှူစဉ်ဝယ်လည်း၊ သုံးသွယ်စေတနာ၊ ဖြောင့်ညီညာသည် . . ခေမာအထွတ်တိုင်လိုသော၀်။ ။ ဤအတိုင်း ဆုတောင်းဖို့ မမေ့ကြပါလင့်။

ဦးဝိစိတ္တသာရာဘိဝံသ၊
အဂ္ဂါဘိဓဇဆရာတော်။

သာသနာနှစ် ၂၅၃၂၊ ကောဇာသင်္ကရာဇ် ၁၃၁၀ ပြည့် နတ်တော်လဆန်း ၈ရက် (၁၆-၁၂-၈၈)

စာအုပ်သုံးတွဲ အတွင်းမှာ ကြည်ညိုဖွယ်ရာ ဓာတ်ပုံများစွာ၊ သိစရာ မှတ်စရာ အသိဉာဏ် တိုးပွားဖွယ်ရာ ဗဟုသုတများ၊ ရသမြောက်သော ဂါထာဗန္ဓ၊ ကဗျာလင်္ကာ ဗန္ဓများ၊ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး၏ တသက်တာ မှတ်တမ်း သာသနာပြု ခရီးစဉ်များ၊ သာသန ထိပ်ခေါင်တင် ဆရာတော်ကြီးများ၏ အဲဆုံးအမ သြဝါဒတော်များကို ဖတ်ရန်စိတ်မှု ပိတိ ဖြစ်ရသည်မှာ ဤ၊ ခေတ် ဤသာသနာတော် အတွင်း၌ လူသား၁ာဝ ဖြစ်ရကျိုး၊ သာသနာ ခေတ်ကောင်းကြီးနှင့် တွေ့ကြုံရကျိုး ဆထက်တပိုး တိုးလာရပါကြောင်းကို ရိုးသားစွာ တင်ပြဂုဏ်ပြု လိုက်ရပါသည်။

ပခုက္ကူ။ အရှင်ကေသရ


မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းများကို မှတ်တမ်းတင်သည့် အနေဖြင့် သုံးနှစ်လျှင်တစ်ကြိမ် စာအုပ်ထုတ်ဝေခဲ့ရာ ယခုအခါ နှစ်အားဖြင့် ကိုးနှစ်၊ စာအုပ်အားဖြင့် သုံးအုပ် ရှိသွားပေပြီ။

ထိုစာအုပ်ကြီးများကို ရေးရာ၌ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ရေးသားခြင်းမျိုး မဟုတ်ဘဲ ထိုထိုသို့.သော ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်များက မိမိတို့. နှစ်သက်ရာ အပိုင်းမှ ဝင်ရောက် ရေးသားပူဇော်ကြခြင်းဖြစ်သည်။

သို့.ဖြင့် ထိုစာအုပ်ကြီးများ ထွက်လာတိုင်း ပါဝင်ရေးသားသည့် စာရေးဆရာနှင့် သရုပ်ဖော် ရေးဆွဲသည့် ပန်းချီဆရာ စသည်တို့.အား စာအုပ်တစ်အုပ်စီ အခမ်းအနားဖြင့် ပေးအပ် ချီးမြှင့်လေ့ ရှိပါသည်။

ပထမသုံးနှစ် ခရီး(၁၉၈၃-၃နှစ်)ကို ရန်ကုန်မြို့၊ စကားဝါလမ်းရှိ တိပိဋက ကျောင်းတိုက်တွင် လည်းကောင်း၊ ဒုတိယ သုံးနှစ်ခရီး (၁၉၈၆-၃နှစ်)ကို မင်းကွန်း၊ မိုးမိတ်ကုန်းမြေ၌ လည်းကောင်း ပေးအပ်ခဲ့သည်။ ယခု တတိယသုံးနှစ် ခရီး(၁၉၈၉-၃နှစ်)ကိုမူ မန္တလေးမြို့.၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်၌ မင်းကွန်း ဆရာတော်ကြီး၏ (၇၈)နှစ်မြောက် ဝိဇာတမင်္ဂလာ မွေးနေ့.အခါဖြစ်သော နိုင်ဝင်ဘာ ၉-ရက်နေ့.တွင် ပေးအပ်မည် ဖြစ်သည်။

ထို့.ကြောင့် ထိုအခမ်းအနားသို့. တက်ရောက်မည့် ရန်ကုန်မြို့.မှ အယ်ဒီတာ၊ စာရေးဆရာ၊ ပန်းချီ၊ ဓာတ်ပုံ ပညာရှင် စသည်တို့.ကို နိုဝင်ဘာ ၇-ရက်နေ့. ထွက်သည့်ရထားဖြင့် တိပိဋကနိကာယ ဥပဋ္ဌာက ပင်မ အဖွဲ့.ကြီးက စီစဉ်ပေးလိုက်သည်။



တတိယ စံးနှစ်ခရီးပွဲဝင် စကားပြေ စံးနှစ်ခရီးသည် ဗန်းကျင်

မမွာစိုးယဉ် ဘီဒေါ

ားပဲငန်းများကို ရရှိထောင့်စုံမှ ရိုက်ကူး ပြသထား သည်။ အကြိုးတန်း ပထမ၊ ဒုတိယ၊ တတိယဆုရ ဓာတ်ပုံများကိုလည်း ရွေးချယ်ပြထား သည်။

ထိုဆုရဓာတ်ပုံများအတွက် ရန်ကုန်မြို့၊ ပညာ ဒီမာန် ပုံနှိပ်တိုက်၊ ဥာဏ်လင်းစာပေ မိသားစုက ပထမဆု ၁၀၀၀-ကျပ်၊ ဒုတိယဆု ၇၅၀-ကျပ်၊ တတိယဆု ၅၀၀-ကျပ်တို့ကို အထူးကု ဆရာဝန် ကြီး ဦးသာလှမှ တစ်ဆင့် လူဒါန်းသွား ပါသည်။

ဒုတိယ အဆောင်မှာ ပန်းချီ ပန်းပု ပြခန်း ဖြစ်သည်။ ထိုအခန်းတွင် ရေဆေးပန်းချီ (၆၁)ကား၊ ဆီဆေး (၁၂)၊ ဖေ့ဆိုး ပါတိတ် (၃)၊ ခဲပန်းချီ (၆)၊ သိုးမွေး (၂)၊ ရွှေချည်ထိုး (၄)၊ ယွန်းပန်းချီ (၅)၊ သစ်ထွင်း (၁)၊ ကျောက်ပန်း ကျောက်ဆစ် (၂)၊ ကျောက်ပြား (၂)၊ ပလာစတာ (၃)၊ ပုလင်း

သို့ဖြင့် ကျွန်တော်တို့သည် နေပင်ဘော ၈-ရက် နေ့ မနက် ၁၀-နာရီခန့်တွင် မန္တလေး သာသနာ့ ကက္ကသိုလ် တည်းခိုဆောင်များသို့ ရောက်ရှိခဲ့ပါ သည်။

နိုဝင်ဘာ ၉-ရက်

ထိုနေ့ မနက်ပိုင်းတွင် အခမ်းအနားက နေ့လယ်မှာမို့ လည်ချိန် ရှိနေသည်။ သို့ဖြင့် အနုပညာ လက်ရာစုံ ပြခန်း နှစ်ဆောင်သို့ ကျွန်တော် သွား ရောက်လေ့လာသည်။

ပထမ ပြခန်းဆောင်က ဓာတ်ပုံပြခန်း ဖြစ် သည်။ အထက် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက ကြိုးမှု၍ ဆရာတော်ကြီးနှင့် ဆရာတော်ကြီး၏ မင်းကွန်းမိုးမိတ် ကုန်းမြေ တစ်ဝိုက်ရှိ သာသနာပြု

ပန်းချီ(၂)၊ ကြေးပြားဆေးသွင်း(၁)၊ မြေဖြူရောင်စုံ(၃)ကား စသည်ဖြင့် အတော်စုံသည်။ မင်းကွန်းဆရာတော်ကြီးအား အနုပညာလက်ရာ အသွယ်သွယ်ဖြင့် ပူဇော်ထားသည်မှာ ကြည်နူးဖွယ် ကောင်းလှပါသည်။

နေ့လည် ၁၂-နာရီတွင် စာအုပ်ချီးမြှင့်ပွဲ အခမ်းအနား စပါသည်။ ထိုအခမ်းအနားပြီးဆုံးက ကျွန်တော်တို့အား မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ ပို့ပေးမည်။ ဟိုတယ်မှာ တစ်ညအိပ်၍ နိဝင်ဘာ ၁၀-ရက်နေ့ မနက် မိုးမိတ်ကုန်းမြေသို့ သွားရောက်လေ့လာရမည်။ မိုးမိတ်မှာ မနက်စာကျွေး၍ မန္တလေးပြန်ပို့ပေးကာ နိဝင်ဘာ ၁၁-ရက်နေ့ ရန်ကုန်ပြန်ရန် ဖြစ်သည်။

အခမ်းအနားတွင် အစီအစဉ် ၉-ခု ပါသည်။ ရှေးဦးစွာ နမောတဿ ၃-ကြိမ်ရွတ်၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် အစီအစဉ် အရ ဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင် စာအုပ်ကြီးများကို အင်္ဂလိပ် ဘာသာပြန်အဖွဲ့မှ အငြိမ်းစား မန္တလေး တက္ကသိုလ် ဒုတိယ အဓိပတိ ဦးကိုလေးက လျှောက်ထားပြီး ပထမတွဲ၊(ပထမစာအုပ်)အင်္ဂလိပ်ဘာသာပြန်ပြီး စာမူကို အငြိမ်းစား ပါဠိပါမောက္ခ ဦးတင်လွင်နှင့်အတူ ဆရာတော်ကြီးအား ဆက်ကပ်ကြသည်။

ဆက်လက်၍ အနုပညာ လက်ရာစုံ ပူဇော်ရေးအဖွဲ့က လည်းကောင်း၊ စာရေးဆရာများ ကိုယ်စားစာရေးဆရာ ပါရဂူက လည်းကောင်း၊ မင်းကွန်းဆရာတော်ကြီး၏ ပုံတူ ကြေးသွန်းရုပ် နှစ်ဆူကို ရန်ကုန်မှ မန္တလေးသို့ ပို့ဆောင်ရေးအဖွဲ့က လည်းကောင်း တာဝန်ရှိသူများက အသီးသီး လျှောက်ထားကြသည်။

ထို့နောက် တိပိဋကနိကာယ ဥပဋ္ဌာယ ပင်မအဖွဲ့ကြီး၏ ဥက္ကဋ္ဌ အထူးကု ဆရာဝန်ကြီး ဦးသာလှက ကျေးဇူးတင်စကား ပြောကာ အနုပညာရှင်များအား တစ်ဦးချင်းခေါ်၍ ဆရာတော်ကြီး မျက်မှောက်တွင် စာအုပ်တစ်စီ ပေးအပ် ချီးမြှင့်ပါသည်။

နောက်ဆုံး၌ မင်းကွန်း ဆရာတော်ကြီးက သဝါဒ စကား မြွက်ကြားကာ ရေစက် ချပေးပြီး အခမ်း အနားကို 'ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု' သုံးကြိမ်ရွတ်၍ ရုပ်သိမ်းခဲ့ပါသည်။

စွဲကျန်ရစ်သော အချက်

ထိုအခမ်းအနားကြီး ပြီးဆုံး၍ ပြန်ထွက်လာသည့်အခါ ကျွန်တော့်စိတ်၌ စွဲကျန်ရစ်သော အချက်နှစ်ချက် ပါလာသည်။ ပထမအချက်က ဆရာဝန်ကြီး ဦးသာလှ၏ 'စတုတ္ထ သုံးနှစ်ခရီး ဓရေးကြဖို့နှင့် သမိုင်းအတွက် လိုအပ်သော အချက်အလက်များကို မိမိတို့ အဖွဲ့ကြီးလွှဲ ခံစမ်းနိုင်ကြောင်း' အချက်ဖြစ်ပါသည်။ နောက်ဆုံးအခန်းမှာ ဆရာပါရဂူ၏ 'သုံးနှစ်ခရီး စာအုပ်ကြီးများမှာ သာမန်စာအုပ်ကြီးများ မဟုတ်ကြောင်း၊ နောင် အနှစ်-၅၀၊ ၁၀၀ ရှိလာသည့်အခါ သမိုင်း စာအုပ်ကြီးများ ဖြစ်လာမည် ဖြစ်ကြောင်း၊ နောင်းခေတ်လူများက ကျွန်တော်တို့ခေတ်တွင် ဗုဒ္ဓသာသနာနှင့် ပတ်သက်၍ ဘာတွေ လုပ်သွားသည်ကို ဤစာအုပ်ကြီးတွေကြည့်ပြီး အကဲဖြတ်ကြမည် ဖြစ်ကြောင်း' စသည်ဖြင့် သုံးနှစ်ခရီး စာအုပ်ကြီးများ၏ သမိုင်းတန်ဖိုးကို ချင့်တွက်ပြသွားခြင်း ဖြစ်သည်။

ထွန်းလွင်

ရှင်လေးရှင်ပူဇော်ခြင်း

ပန်းချီဆရာ

ATHEIDAM

ရှစ်ဆယ်ပေါ်တေးထပ်ထပ်တွဲနှင့်ကဗျာ

ပြဿနာ

သီကုံးပူဇော်သူ
ပါမောက်လွင်

ဇေယျာ ဝေဆာ ကြေညာဖွင့်တော့-
ထောင်နေ ရောင်ရွှေ မှောင်ခွေလွှင့်သို့-
ဝါရှိန် ဖြာထိန် ခါချိန်မလင့်ဘူး၊
အာလိန်အမြင့် ကြော်နိုးညံ့။
မာယိန်သခင့် ဆော်နှိုး ဖန်တယ်၊
ပျော်ရိုးမတန် ပျော်ရန်ကော့။ ။
ဘိအာစရ ဝိဇာယန္ တိဂါရဝမြတ်ပူဇာမှာ၊
နတ်လူပြဟ္မာ ခြိမ့်သဲ ဆင်ကြသပေါ့။ ။

စာမရီမင့် ဘာဝသီဆင့် ပါရမီရှင့် ထုံးတမ်းတစ်မူငယ်၊
နှုန်းနှုန်းမတူ စံရှာရော့။ ။
ဘုန်းပန်းကြ။ကြ။ သမ္ဘာကြော့လို၊
ဆရာရှင်တော် သက်ရှစ်ဆယ်။ ။
ပြည့်ကျော်လေပြီ အောင်စည်တီးရော့၊
ခေါင်တည့်နေ့ကြီး ကပ်လုံးတည်လောက်ဖွယ်။ ။

မင်္ဂလာရှိ စဉ်နမာမိ တင်ပဏာချို့ အောင်ချက်ရွယ်တယ်၊
နောင်သက်ရာကယ် ရှည်မည်အထူးမို့။
အလီလီကြည်နူး ဦးချ သူငါနော်။ ။
ပူးကြ ခါခါမြော်။ ။
ဗေဇ္ဈန်းစာသ ဝေရှန်းသာစွ ရွှေကွန်းဂါမ သာရအကျော်မှာ၊
ဉာဏမဟော် ရည်မှတ်ပါကြလေး....။
နိကာယ်ပန်စ ဝိနယ်+ခမ္မ တိလွယ်ဘဏ္ဍာ ဘာဏ-ဝရော်မှာ၊
ပါလဗြဟ္မာ ထေရ်မြတ်စွာပါ့လေး....။
ရောကမ်းစ ခေမာလမ်းပြ တေဇာလျှမ်းကြွ နာဒ-ဆတော်မှာ၊
ဟာရမနော် ကြည်ဓာတ်ဖြာလှလေး....။ ။

ပါမောက်လွင်



ပုဂ္ဂိုလ်ထူး
အရိယမဂ္ဂင်ချောင်
ဆရာတော်ဘုရားကြီး

စစ်ကိုင်းတောင်ရိုး အရိယ မဂ္ဂင်ချောင် ဆရာတော်ဘုရားကြီး ဦးအရိန္ဒမ ပျံလွန်တော်မူပြီ လို့ကြားတဲ့အခါ တိပိဋကဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသ သာသနာဘိဝံသ သာသနာမန်ပုဂ္ဂိုလ်မျှဆိုရင် အားပျက်ကြောကွဲ ဝမ်းနည်းနွေ့မြောမဆုံး ရှိရှာပေလိမ့်မယ်။ အခုတော့ဆရာတော်ဘုရားဟာ တရားရှင်မို့သာ ခံနိုင်စွမ်းရတော့တယ်။

အရိယမဂ္ဂင်ချောင် ဆရာတော်ကြီးက တိပိဋကဆရာတော်ကို ငယ်စဉ်ကတည်းက စောင့်ရှောက်ခဲ့တဲ့ ဆရာသမား‌မို့ ခေါ်တာတောင် မောင်ဝိစိတ္တာလို့ပဲခေါ်တာပါ။ ဆရာတော် ပိဋကသုံးပုံကို အာဂုံဖြေဆိုတော်မူခဲ့တုန်းကဆိုရင် ကိုယ်တော်တိုင် ရန်ကုန်ကို အတူလိုက်ကြွပြီး ထီးဖြူကြီးလို အုပ်မိုးစောင့်ရှောက်တော်မူခဲ့တဲ့ ပုဂ္ဂိုလ်ကြီး၊ နောင်အခါ ဆရာတော် သာသနာပြုလုပ်ငန်းတွေကို ရွက်ဆောင်တော့လည်း အရိယမဂ္ဂင်ချောင်ဆရာတော်ကြီးက ဆရာတော်ရွက်ဆောင်ရာမှာ လမ်းညွှန်လက်တွဲပြီး တက်တက်ကြွကြွ အတူပါဝင်ရွက်ဆောင်တော်မူတဲ့ ဆရာတော်ကြီးဖြစ်ပါတယ်။ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသရဲ့ ဆရာ၊ အရိယမဂ္ဂင်ချောင် ဆရာတော်ဘုရားကြီးဟာ တကယ်တော့ ထူးကဲထင်ရှားပြီး၊ မင်းကွန်းမှာ အလွန်တန်ခိုးကြီးမားတဲ့ ပုဂ္ဂိုလ်ဖြစ်ပြီး ဘဝအကျိုးပေးကလည်း သိပ်ထက်သန်တော်မူတဲ့ ဆရာတော်ကြီးပါ။

သက်တော်ရှည်ဆရာတော်ကြီး

အရိယမဂ္ဂင်ဆရာတော်ကြီး ၂၇.၇.၈၅ နေ့က ပျံလွန်တော်မူတော့ သက်တော် ၉၆နှစ်၊ ဝါတော်၇၆ဝါ ရှိပြီမို့ မပျံလွန်မီကပဲ သက်တော်ရှည်ဆရာတော်ကြီးလို့ တိပိဋကဆရာတော်က ဘွဲ့တော်ချည်ပြီးဖြစ်ပါတယ်။ ဒီဆရာတော်ကြီးရဲ့ ထူးကဲတဲ့ အကျိုးပေးတွေထဲမှာ သူမတူအောင် တစ်ခုသောထူးကဲတဲ့အချက်ကတော့ သက်တော်ရှည်ပြီး ရှည်တာနဲ့အမျှ ကျန်းမာတော်မူခြင်းပဲ ဖြစ်ပါတယ်။ ဆရာတော်ကြီးဟာ ၉၆နှစ်ထိအောင် သက်တော်ရှည်ပေမယ့် မကုန်းဘူး၊ မကိုင်းဘူး၊ မျက်စေ့ မမှုန်ဘူး။ ဝဝလင်လင်ကြည်ကြည်ရွင်ရွင်နဲ့ သွားနိုင် လာနိုင် ဟောပြောဆုံးမနိုင်တယ်။ ဆရာတော်ကို လွန်ခဲ့တဲ့ ၄၅နှစ် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင် ဆရာတော်ကြီးရဲ့ သက်တော် ၅၀ကျော်စကတည်းက တရင်းတနှီးအမြဲတမ်း ကိုးကွယ်ဆည်းကပ်လာတဲ့ ဒကာ ဆီကုန်သည် ဦးသွဲက "ကျွန်တော်ဖြင့် ဆရာတော်ကြီးနေမကောင်း ထိုင်မသာဖြစ်တယ်လို့ ဘယ်တုန်းကမှ မကြားဘူး မမြင်ဘူး အမြဲတမ်း ကျန်းမာ နေတာပဲ၊ ခုပျံလွန်တော်မူတော့မယ်ဆိုမှပဲ နေမကောင်းသံကြားရတော့တယ်။

ဒါတောင်မှ ဆရာတော်ကြီးရဲ့ ဝေဒနာက လူအိုလူမင်းတိုင်းဖြစ်ရတဲ့ ဆီးမသွားနိုင်တဲ့ ဝေဒနာပါပဲ။ ဒီဝေဒနာနဲ့ ပျံလွန်တော်မူတာပါ။ ဒါလဲဗျာ ဒီဒုက္ခကို ကြီးကြီးမားမား မခံစားရပါဘူး။ နေမကောင်းဘူးဆိုလို့ မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရားတောင်ဘက်က သုဘဒ္ဒါဆောင်ကို ၂၂-၇-၈၅ နေ့က ပင့်လာတယ်။ ၂၇-၇-၈၅နေ့မှာ ပျံလွန်တော်မူတယ်။

နေမကောင်းတဲ့ ဒီရက်တွေအတွင်း တစ်ရက်မှလဲ အစားမပျက်ဘူး။ တစ်ရက်မှလဲပရိတ် မေတ္တာပို့ဘာဝနာပွား ဝတ်မပျက်စေခဲ့ဘူး။ တပည့် ဒကာ လာလာသမျှကိုလည်း ဆုပေးနေတာပဲ။ ပျံလွန်တော်မူမယ်ဆိုတော့ ငါထိုင်ချင်တယ် ထူပေးစမ်းဆိုလို့ ထူမ,

ပေးကြတယ်။ ထိုင်ယင်းဝိညာဉ်ချုပ်တာပါ။ ဘယ်လောက်ဆန်းကြယ်ပါသလဲလို့" ပြောပါတယ်။

ဆရာတော်ကြီး ဒီလောက်အသက်ရှည်ပြီး ဒီလောက်ကျန်းမာတာ ဘာတွေများ အမြဲဘုဉ်းပေးလို့ပါလဲလို့ သိချင်စရာကောင်းပါတယ်။ သိလဲသိထိုက်လှပါတယ်။

မဂ္ဂင်ချောင် ဆရာတော်ကြီးက ကောင်းတဲ့ အာဟာရမှန်သမျှ အများကြီးဘုဉ်းပေးပါတယ်။ မကောင်းယင် ဘုဉ်းမပေးပါဘူး။ အဲဒီလို ဘုဉ်းပေးနိုင်အောင်လဲ သူ့ဘုန်း သူ့ကံ သူ့ဒါနက အကျိုးပေးလှပါတယ်။

ဆရာတော်ကြီး သိတင်းသုံးတဲ့ အရိယမဂ္ဂင်ချောင်ဆိုတာ မင်းကွန်းမှာ ရေဆိပ်နဲ့ဝေးဝေး၊ လှည်းစီးသွားရတဲ့ ခပ်ခေါင်ခေါင်နေရာမှာ ရှိတာပါ။ နို့ပေမယ့် ဆရာတော်ကြီးကျောင်းမှာ သစ်သီးဝလံထဲက ဒူးရင်းသီး မင်းဂွတ်သီး စပျစ်သီး လိမ္မော်သီး သရက်သီး ဆွေဟာ ပြတ်တယ်မရှိ၊ လာလှူနေကြပါတယ်။ အသား၊ ငါး ငါးပိ ငါးခြောက်ကလဲ ပေါပေါများများ လာလှူနေကြ တာပါပဲ။ အဲဒါတွေ ထားပါတော့။

ဆရာတော်ကျောင်းမှာ ရန်ကုန် မန္တလေးမှောင်ခိုဈေးတန်းတွေမှာ မမြင်ရဖူးတဲ့ နိုင်ငံခြားအစားအစာတွေ အမျိုးမျိုး အများကြီးရှိပါတယ်။ စည်သွတ် ပုလင်းသွတ် ပလပ်စတစ်ထုပ် စုံလို့သာနေပါရော။ ဒါတွေကို နိုင်ငံခြားတွေမှာရှိတဲ့ ဆရာတော့်တပည့်ဒကာတွေက ပို့ကြ လှူကြလို့ ဖြစ်ပါတယ်။ အရိယမဂ္ဂင်ချောင် ဆရာတော်ကြီး အစားကောင်းကို အများကြီးဘုဉ်းပေးနိုင်တာနဲ့ ပတ်သက်လို့ တိပိဋကတေဇော အရာမှာတော့ ဆရာတော်ကြီးကို ဘယ်သူမှ တုယှဉ်ဝံ့မယ် မထင်ပါဘူးတဲ့။ ဆရာတော်ကြီးက တစ်နေ့တော့ ဒူးရင်းသီး ၄လုံး ဆက်တိုက်ခွဲကပ်တာကို တစ်ပါးတည်း ဘုဉ်းပေးနေတာကို တိပိဋကဆရာတော်ကမြင်တော့ စိုးရိမ်ပူပန်လို့ ရင်မ,ပြီး ကြည့်နေပါသတဲ့။ ဆရာတော်က ဘာမှ မဖြစ်ပါဘူး။ ရေခဲမုန့်လိုဟာမျိုးကို အနည်းဆုံး သုံးခွက်လောက် ဘုဉ်းပေးတော်မူတာပါ။

ဆရာတော်ကြီး သက်တော်၉၆နှစ်မှာ ပျံလွန်တော်မူတော့ သွားတစ်ချောင်းပဲကျိုးပါသေးတယ်။ သက်တော်၉၀တုန်းက "မောင်သွဲရေ ငါ့အံသွားထဲသွားကြားညပ်ချင်သလိုလိုဖြစ်တယ်လို့ " တစ်ခါပဲမိန့်သံကြားဖူးပါတယ်။ ဒါသာဖြစ်တယ် ဆရာတော်ကြီးဟာ သူများသွားနာမှာစိုးလို့ မစားဝံ့ဘူးဆိုတဲ့ အသားမျိုးကိုလည်း များများကြီး နေ့တိုင်းနီးပါး ဘုဉ်းပေးပါတယ်။ ဝက်သားလဲကြိုက်ပါတယ်။ သားငါး ပုစွန် အကုန်ဘုဉ်းပေးပါတယ်။ ဒကာဦးသွဲက ဆရာတော့် ဘုန်းကံကလဲကြီးပါတယ်။

ဆဋ္ဌသံဂါယနာတင်ပွဲ ရန်ကုန်ကြွတော့ ရန်ကုန်မှာရှိကြတဲ့ မြန်မာ့အလင်းဦးတင်၊ ကျားသူဌေးဇနီး ဒေါ်စောမိသားစု စတဲ့ တတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေက သူ့ဒကာတွေမို့ ဆရာတော်ဘုဉ်းပေးဖို့ အစားအစာတွေ နေ့တိုင်း ချိုင့်ကြီး ချိုင့်ငယ်နဲ့ လာပို့နေကြတာ ဘေးကသံဃာအပါး ၂၀ လောက် ဝိုင်းဘုဉ်းပေးရသေးတယ်။ အစားကောင်း အသောက်ကောင်းနဲ့ပတ်သက်ယင် ဒီဆရာတော်ကြီးလောက် ကသိုလ်ကောင်းတာ ရှိမယ်မထင်ပါဘူး။ ကောင်းတာတွေကို များများကြီးလှူမဲ့ပုဂ္ဂိုလ်တွေကလည်း ပေါလိုက်တာ။ ဆရာတော်ကြီးကလည်း ဘုဉ်းပေးနိုင်လိုက်တာ။ ဘုဉ်းပေးပြီ·တော့လည်း ကျန်းမာရေးက ဒေါင်ဒေါင်မည်၊ ဘယ်တော့မှ ဘာမှ မဖြစ်ပါဘူးလို့ ပြောပြပါတယ်။

နောက်ပြီး ဆရာတော့်ကို လှူကြ တန်းကြသူတွေ အားလုံး ဗမာလူမျိုးတွေ ဗုဒ္ဓဘာသာတွေချည်း မဟုတ်ကြဘူးတဲ့။ ခရစ်ယန်တို့၊ မဟာမေဒင်တို့၊ ဟိန္ဒူတို့လဲပါတယ်တဲ့။ ဒုတိယကမ္ဘာစစ်ကြီး အတွင်းတုန်းက ဆရာတော့် အရိယမဂ္ဂင်ချောင်ကို ဆက်ရာနွယ်ရာတွေလာကြပြီး စစ်ဘေးခိုလှုံကြတာ လူမျိုးစုံ ဘာသာစုံ လူတန်းစားမျိုးစုံ ရှိတယ်ဆိုကိုး။ ဒီလိုခိုလှုံတော့ လုံခြုံမှုရှိလိုက်တာ

လည်း အလွန်ပဲတဲ့။ ဗုဒ္ဓမကျစဖူးဘူး၊ ခါးပြတိုက်မခံရစဖူးဘူး၊ ကပ်ရောဂါ မကျရောက်ခဲ့ဘူးတဲ့။

အဲဒါကြောင့် ဒီလိုအေးချမ်းသာယာစွာ ခိုကိုးရတဲ့ ဒီကျေးဇူးတွေကို တုံ့ပြန်သောအားဖြင့် အဲဒီစစ်ပြေးဘဝနဲ့ နေရဖူးတဲ့ လူမျိုးခြား ဘာသာခြားတွေကပါ ဆရာတော်ကြီးကို လူနေကြတာဆိုကိုး။

မျိုးရိုး

အရိယမဂ္ဂင်ချောင် ဆရာတော်ကြီးဟာ မျိုးရိုးအနေနဲ့ကလည်း ထူးကဲပါတယ်။ ဆရာတော်ကြီးတို့ အမျိုးထဲမှာ အသက်ရှည်သူတွေ၊ အရိယာနွယ်ဝင် သူတော်စင်တွေ ပရိယတ် ပဋိပတ်မှာ ထိပ်ထိပ်ကြဲတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ဆရာတော်ကြီးကို မွေးလာတော့ ကျေးဇူးရှင် မိဘနှစ်ပါးက သူတော်ကောင်း မျိုးနွယ်အစဉ်အလာကို မပျက်ရအောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်စေတော့လို့ 'မောင်ဝံသ'လို့ ငယ်နာမည်မှည့်ပေးပါသတဲ့။

ဆရာတော်ကြီးတို့က မကွေးတိုင်း၊ မြိုင်မြို့နယ် ရွှေလင်းဆွဲ ခေါင်းကွဲရွာကပါ။အဖက ဦးစံပေါ်၊ အမိက ဒေါ်မိန်းခလေးပါတဲ့။ ဦးစံပေါ် – ဒေါ်မိန်းခလေးတို့က သားသမီး သုံးယောက်မွေးပါတယ်။ သုံးယောက်စလုံး အရိယာနွယ်ဝင် သူတော်စင်တွေ ဖြစ်ကြပြီး၊ နှစ်ယောက်က ထိပ်ထိပ်ကြဲပုဂ္ဂိုလ်တွေ ဖြစ်လာကြပါတယ်။ အကြီးဆုံးက သမီးမိန်းခလေးပါ၊ ဒီသမီးကြီးဟာ သီလရှင်ဝတ်ပြီး အသက် ၈၀ကျော် ၉၀တွင်းအထိ ကျန်းကျန်းမာမာရှိပြီး ဒီသီလရှင်အဝတ်နဲ့ပဲ အရိုးထုတ်သွားပါတယ်။

ဒုတိယသားက မင်းကွန်းမှာ မနောမယချောင်ဆရာတော်ဆိုပြီး သိပ်တန်ခိုးကြီးခဲ့ပါတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀လောက်က ပျံလွန်တော်မူပါတယ်။ ပျံလွန်တော်မူတော့ သက်တော် ၈၁နှစ်ပါ။ မနောမယဆရာတော်ဟာ ပရိယတ်ဘက်မှာ ဉာဏ်အလွန်ကြီးရင့် ထက်မြက်ပြီး ငယ်ဆရာများက သူ့ဦးရီးတော်ဦးနန္ဒရဲ့ ဉာဏ်ကို မိတယ်လို့ ချီးကျူးခံရပါသတဲ့။

မနောမယ ဆရာတော်ဟာ စစ်ကိုင်းတောင်ရိုးက ဝိဝေကချောင်နဲ့ ဖျာပုံချောင်မှာ သီတင်းသုံးတော့ ကြည်ညိုသူဒကာ၊ ဒကာမ ပေါများလွန်းလို့ ဆရာတော်ဟာ အဲဒီချောင်ကြီးနှစ်ချောင်ကို စွန့်ခွါပြီး တိတ်တဆိတ် မင်းကွန်းဘက်ကို တောထွက်လာခဲ့ပါတယ်။ သက်နှံတစ်ထည် ခေါင်းပေါ်တင်ပြီး စစ်ကိုင်းတောင်ရိုးက မင်းကွန်းကို ခြေကျင်ကြွလာတယ်။ ပြီးတော့ ညီတော် အရိယမဂ္ဂင်ဆရာတော့်ချောင်မှာ ကိုရင်တစ်ပါးလို အေးအေးနေချင်တယ်ဆိုပြီး ကျောင်းငယ်ငယ်ကလေးမှာ သီတင်းသုံးတော်မူပါတယ်။

နို့ပေမယ့် ဆရာတော့် သီလဂုဏ် ပညာဂုဏ် သမာဓိဂုဏ်ကကြီးလေတော့ ဘယ်လိုပဲပုန်းလျှိုးနေပေမယ့် မရပါဘူး။ ပရိသတ်က ကြိုးမြဲကြိုးလာတာပါပဲ။ မနောမယဆရာတော်ကြီးကို ကြည်ညိုတဲ့ ဒကာဒကာမအများစုက ဒီဆရာတော်ကြီးဟာ လောကုတ္တရာကိစ္စလည်းပြီးတယ်။ လောကီကိစ္စလည်း ပြီးတယ်လို့ ယုံကြပါတယ်။

မနောမယဆရာတော်ကြီးဟာ ဦးနန္ဒရဲ့ဉာဏ်ကို မီတယ်လို့ချီးကျူးတဲ့ ဦးနန္ဒကတော့ မနောမယ ဆရာတော်နဲ့ အရိယမဂ္ဂင်ချောင် ဆရာတော်ကြီးတို့ရဲ့ ဦးရီးတော်အရင်းပါ။ စလင်းမင်းသမီးက ပဉ္စင်းအစ်မ ဖြစ်ပါတယ်။ မင်းတုန်းမင်းတရားကြီးလက်ထက်မှာ ပထမကျော်ဘွဲ့ကို ဆွတ်ခူးပါတယ်။ ဒီဆရာတော်ဦးနန္ဒဘယ်လောက်များ ဉာဏ်ကောင်းပါသလဲဆိုရင် တစ်နေ့ပေစာတစ်အင်္ဂါ နှုတ်ဆုံရရှိပါသတဲ့။ မင်းတုန်းမင်းတရားကြီးရဲ့ ပထမကျော်ဘွဲ့ရ စာချ ဓမ္မကထိက ဆရာတော်တစ်ပါးဖြစ်ပါတယ်။

ပါဠိတော်ဂိုဏ်း

မြန်မာသာသနာ့ဝင်မှာ ပါဠိတော်ဂိုဏ်းကို ပထမစတင်တည်ထောင်တဲ့ ဆရာတော်ကြီးသုံးပါးအနက်က ဆရာတော်ဦးရာဇိန္ဒဆိုတာကတော့ အရိယမဂ္ဂင် ဆရာတော်ကြီးတို့ရဲ့ ဘဒ္ဒေးတော်အရင်းပါပဲ။ ပါဠိတော်ဂိုဏ်းကို ဝိသုဒ္ဓါရုံ ပထမရွေကျင်ဆရာတော်ဘုရားကြီး တပည့်ကြီးသုံးပါး ဖြစ်ကြတဲ့ –

၁။ တောင်ဖီလာဆရာတော် ဦးပဏ္ဍာဝံသ၊
၂။ ဝိပဿနာဂန္ဓာရုံဆရာတော် ဦးဥတ္တရ နဲ့.
၃။ အရိယဝံသ မဂ္ဂင်ဆရာတော် ဦးရာဇိန္ဒ

တို့က စတင်တည်ထောင်ပါတယ်။ ဒီဆရာတော်ကြီး သုံးပါးက မြတ်စွာဘုရားသခင်က 'ပတ္တစီဝရ မာဒါယ' လို့ အတိအလင်းပါဠိတော်မှာဆိုတယ်။ ဒါကြောင့် ဘယ်ကြွကြွ သပိတ်သင်္ကန်းကို ဆောင်ယူရမယ်၊ ဆွမ်းဘဉ်းပေးယင်လဲသပိတ်နဲ့ပဲဘဉ်းပေးရမယ်လို့ သတ်မှတ်ပါတယ်။

ဘုရားရှင်ရဲ့ ပါဠိတော်ကို တလေးတစားပြုသူများမို့ ပါဠိတော်ဂိုဏ်းလို့ ခေါ်တွင်ပါတယ်။ ဒီဂိုဏ်းကို ဆရာတော်ဦးရာဇိန်ပျံလွန်တဲ့အခါ တူတော်များကို ချောင်ရော ဂိုဏ်းရော တာဝန်လွှဲပေးခဲ့တာမို့ အခုအခါမှာ ပါဠိတော်ဂိုဏ်းရဲ့ ဦးစီးနာယကဟာ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီးပဲ ဖြစ်ပါတယ်။

အရိယမဂ္ဂင် ဆရာတော်ဘုရားကြီးဟာ နိုင်ငံတော်သံဃနာယကအဖွဲ့မှာ ကိုယ်တော်တိုင် ပါဝင်ပေမယ့် "တို့က ပါဠိတော်ဂိုဏ်း" လို့ သံဃာ့အစည်းဝေးမှာ မိန့်မြွက်တော် မမူတဲ့အတွက် သာသနာမှာ သံဃာဂိုဏ်းစာရင်းကောက်တော့ ၉ဂိုဏ်းပဲရှိတယ်လို့ နိုင်ငံတော်အစိုးရက သတ်မှတ်ထားတာဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးကသာ ဖွင့်ဟထုတ်ဖော်ယင် ၁၀ဂိုဏ်းဖြစ်မှာပါ။

အရိယမဂ္ဂင် ဆရာတော်ဘုရားကြီးဟာ မင်းကွန်းမှာ တန်ခိုးလဲအကြီးဆုံး၊ သက်တော်လဲအရှည်ဆုံးဖြစ်ရုံမက တိပိဋကဆရာတော်ရဲ့ ငယ်ဆရာလည်းဖြစ်ပါတယ်။ ဆရာတော်ကြီးက ဦးဝိစိတ္တဆရာတော်ကို အလွန်လဲ ဂရုစိုက်တော်မူပါတယ်။ အလွန်လဲသံယောဇဉ်ထားပါတယ်။ 'မောင်ဝိစိတ္တ'ကို ဆရာတော်ကြီး ပါးစပ်ကမချပါဘူး။ တိပိဋကဆရာတော်ကလဲ အရိယမဂ္ဂင်ဆရာတော်ကြီးကို ဆရာသမားလိုသာမက ဖခင်ကြီးလို အောက်မေ့တာပါ။

ပိဋကတော်တွေကို ဘယ်အပိုင်း ဘယ်နေ့ ဘယ်လမှာ ဖြေဆိုနိုင်ယင် ကောင်းမှာပဲလို့ သူဌေးဦးသွင်တို့က ရည်မှန်းချက်ပြုယင် အရိယမဂ္ဂင် ဆရာတော်ကြီးက 'ရပါတယ် ဖြေနိုင်ရမှာပေါ့'လို့ မိန့်ပါသတဲ့။ အဲဒီလိုမိန့်သံကြားယင် ဆရာတော်ဦးဝိစိတ္တာက မဖြစ်မနေ ကျက်ရ ကြိုးစားရရောတဲ့။ ဆရာတော်ဘုရားကြီးနဲ့ သူဌေးဦးသွင်တို့ ဆန္ဒကိုဖြည့်ဆည်းရတာ သိပ်တော့ မသက်သာလှဘူးလို့ ဆရာတော်က သူငယ်ငယ်က အကြောင်းတွေ ပြန်ပြောင်း ပြောပြတဲ့အခါ ပြောတတ်လှပါတယ်။

ဆရာတော်ကြီးရဲ့ တစ်ခြားထူးခြားချက်တစ်ခုကတော့ အသံတော်ကြီး အလွန်အောင်မြင်ကြီးမားခြင်းပါ။ ဆရာတော့် အသံတော် မောင်းမောင်းကြီးမျိုး အလွန်ရှားပါတယ်။ ဘယ်လောက်ကြီးတဲ့ ပရိသတ်ကို ပဲဖြစ်ဖြစ် အသံချဲ့စက်တပ်စရာ မလိုပါဘူး။ ဆရာတော်ကြီးရဲ့ ပကတိအသံ အားမထုတ်ရပဲပြောဆိုတဲ့ အသံကိုက လုံလောက်အောင် ပရိသတ်ကြီး ကြားရပါတယ်။

အရိယမဂ္ဂင် ဆရာတော်လောင်းမောင်ဝံသကို ၁၄နှစ်သားမှာ သာသနာ့ဘောင်ကို သွတ်သွင်းတော့ သူငယ်ဆရာ ဦးယုဂန္ဓရက ဗုဒ္ဓဟူးသားဖြစ်ပေမယ့် ဘေးရန်ကင်းကွာ ကျန်းမာအသက်ရှည်အောင် ဆိုပြီး ကိုရင်ဘွဲ့ကို 'ရှင်အရိန္ဒမ' လို့ ဘွဲ့ချည်ပေးလိုက်ပါတယ်။ အမျိုးအနွယ်ကို စောင့်ရှောက်စေတော့လို့ မောင်ဝံသမှည့်ခဲ့တယ်။ ဘေးရန်ကင်းကွာ အသက်ရှည်အောင်လို့ အရိန္ဒမလို့ ဘွဲ့ပေးတယ်။

ပေးသမျှ အမည်တွေ ဘွဲ့တွေဟာ ဆရာတော်ဘဝနဲ့ အားလုံးအကိုက်အညီပါပဲ။ ခေါင်လှတဲ့ မင်းကွန်းမှာ ဆရာတော်ကြီးချောင်က ပစ္စည်းတွေ ပေါပေါများများရှိတယ်ကြားတော့ ခေတ်ကာလမကောင်းတဲ့အခါ လူဆိုးလူမိုက်တွေက တိုက်ခိုက်လုယက်ယူငင်ဖို့ အကြိမ်ကြိမ် စိတ်ကူးထည့်ကြ ဖူးပါသတဲ့။ နို့ပေမယ့် တစ်ခါမှ မအောင်မြင်ခဲ့ပါဘူးတဲ့။ ဆရာတော်ကြီးအဖို့ တစ်သက်လုံး နဘယ် ဘေးမရှိပါ။

ဆရာတော် သက်တော်၉၆နှစ်အထိနေခဲ့တာမှာ **လူအိုလူမင်းဖြစ်ပြီရယ်လို့ တစ်ခုတည်းသော လူအိုနာ** ကတော့ လက်တုန်တာပါပဲ။ သက်တော် ၇၀ကျော်တော့ ဆရာတော် လက်တုန်လာပါတယ်။ ဒီရောဂါက

လွဲပြီး တစ်ခြားဘာမှ မရှိပါဘူး။ ဆရာတော်ကြီး ပျံလွန်တော်မူတော့ ဆရာဝန်တွေက ရုပ်ကလာပ်တော်ကို မပုပ်မသိုးရအောင် ဖော်မလင်ဆေးထိုးပေးလိုက်ပါတယ်၊ ဒီဆေးထိုးရင် ရုပ်အလောင်းတိုင်းဟာ အရောင်အသွေး ညိုမည်းလာတာချည်းပါပဲ။ ဆရာတော်ကြီး ရုပ် ကလာပ်မှာတော့ ဖော်မလင်ကြောင့် မမည်းတဲ့အပြင် မူလ အသားရောင်ထက်တောင်မှ ဖြူလာ ဝင်းလာကြည် လင်လာလို့ အားလုံးက အံ့သြနေကြရပါတယ်။

ဆရာတော်ကြီးဟာ ငယ်စဉ်ကစပြီး အိုမင်းရင့်ရော်တဲ့အထိ အနေအထိုင် သန့်ရှင်းသပ်ရပ်တယ်။ ဘဝနိဂုံးအဆုံးသတ်ရေးအတွက် လွန်ခဲ့တဲ့ နှစ်ပေါင်း အစိတ်လောက်ကတည်းက အရိုးအိုးဂူ လုပ်ထားသလို အန္တိမစျာပန တကယ်ကျင်းပရတော့လည်း ဒီကိစ္စ အတွက် တစ်ခြားက အလှူမခံရဘူးတဲ့။ ဆရာတော်ကြီးက ပင့်သံဃာ ၁၂၀ အတွက် သင်္ကန်းဒွိစုံ၁၂၀၊ သီလရှင် အပါး ၄၀၀ အတွက် ဝတ္ထုဇွေ တစ်ပါး တစ်ဆယ်ကျပ်စီ အဆင်သင့်ထားရှိခဲ့တာကို လူဒါန်းရတာဖြစ်ပါသတဲ့။ ဆရာတော်ကြီးကို ဝတ်ကြီးဝတ်ငယ် အမြဲပြုစုသူများကတော့ မြေးရဟန်းနှင့် သီလရှင်မောင်နှမအရင်းနှစ်ယောက် ဖြစ်ပါတယ်။ မြေးရဟန်းက ဦးဇာဂရိယ၊ မြေးသီလရှင်က မသုမာလာပါ။

ထင်ရှားတဲ့ဆောင်ရွက်ချက်နဲ့ ဘွဲ့တံဆိပ်တော်များ

ဆရာတော်က ပရိယတ်ဘက်မှာ ငယ်စဉ်ကစပြီး အားထုတ်သင်ကြား တတ်မြောက်ခဲ့တာမို့ ဆရာတော်တို့ ဆွေစဉ်မျိုးဆက် ပရိယတ်အကျော် ဆရာတော်တွေရဲ့ စံချိန်မီပုဂ္ဂိုလ်ပင် ဖြစ်တယ်ဆိုယင် လွဲမှားမယ် မထင်ပါဘူး။

အရိယမဂ္ဂင် ဆရာတော်ရဲ့ နောင်တော်အရင်း မနောမယဆရာတော် ဦးဉာဏိန္ဒဟာ ဦးရီးတော်ဦးနန္ဒ (မင်းတုန်းမင်းရဲ့ ပထမကျော်)ရဲ့ ဉာဏ်ကို မီတယ်လို့ သူ့ဆရာများရဲ့ အချီးကျူးကိုခံရတဲ့ ဆရာတော်ပါ။ အဲဒီနောင်တော်ဦးဉာဏိန္ဒ အထံတော်မှာ အရိယမဂ္ဂင် ဆရာတော်က "တပည့်တော် ပိဋကစာပေဟူသော အကြောင်းကြောင့် သူတစ်ပါးထံမှောက် ဒူးမထောက်တော့ပါ" လို့ တာဝန်ခံခဲ့ရဖူးသတဲ့။

၁။ ဆရာတော် ၂၄ ဝါရတုန်းက မန္တလေးတောင်ခွင် သာသနာပိုင်ဆရာတော်က ဝိနည်းငါးကျမ်းနဲ့ စပ်တဲ့ ပြဿနာတွေ မေးမြန်းတော့ ဆရာတော့်အဖြေတွေက သဘောကျစရာကောင်းလို့တဲ့။ တောင်ခွင်သာသနာပိုင်ဆရာတော်က ဝိနယဓရ ဓမ္မကထိက ဘွဲ့တော်ချီး မြှင့်တယ်။

၂။ ဆရာတော် ၃၅ ဝါအရမှာ ဂျပန်ခေတ် ဒေါက်တာဘမော်အဓိပတိ အစိုးရက ခရိုင်နာယကဘွဲ့ လက်မှတ်တော် ဆက်ကပ်တယ်။

၃။ ၃၈ ဝါအရမှာ ဗိုလ်ချုပ်အောင်ဆန်းလက်ထက်မှာ သာသနာပြုညောင်ရမ်း ဆရာတော်က ခရိုင်နာယကဆရာတော်ဘွဲ့ ဆက်ကပ်တယ်။

၄။ ဝါတော် ၄၂ ဝါအရမှာ ဖဆပလအစိုးရလက်ထက်မှာ ခရိုင်ဝိနည်းဓိရ်ဘွဲ့ လက်ခံရတယ်။

ရန်ကုန်မှာ ဆဋ္ဌသင်္ဂါယနာမတင်ခင် ထိုင်းနိုင်ငံကို သာသနာရေးမစ်ရှင်တစ်ခု စေလွှတ်တော့ မစိုးရိမ်ပဌာန်းဆရာတော်၊ ရန်ကုန်အောင်မြေသုခ ဆရာတော်တို့နဲ့အတူ အရိယမဂ္ဂင်ဆရာတော်ကြီး ဦးဆောင်ပြီးကွရောက်ရတယ်။ ကပ္ပိယကာရကအဖြစ် တရားရေးဝန်ကြီးဌာန ဝန်ကြီး ဦးချန်ထွန်း လိုက်ခဲ့တာပေါ့။

ရန်ကုန်မှာ ဆဋ္ဌသင်္ဂါယနာတင်မယ်လုပ်တော့ ဆရာတော် ၄၆ ဝါရပြီ။ ပါဠိဝိသောဓက အဖွဲ့တွေ ဖွဲ့တဲ့အခါ ပရိယတ်ဘက်မှာ အောက်တန်းမကျခဲ့တဲ့ မင်းကွန်းတောင်ရိုးက ပါဠိဝိသောဓက အဖွဲ့မှာ ဝိနည်းမဟာဝါ ပါဠိတော်ကို တာဝန်ယူရတယ်။ ဒီအဖွဲ့မှာ အရိယမဂ္ဂင် ဆရာတော်က အဖွဲ့ဥက္ကဋ္ဌပါ။ ဆဋ္ဌသင်္ဂါယနာ ပဏာမ အစည်းအဝေးမှာ မစိုးရိမ်တိုက်က ဆရာတော် ဦးကောသလ္လက သင်္ဂါယနာတင်တဲ့အခါ စာအုပ် မကြည့်ကြပဲ နှုတ်လွတ်အာဂုံပြန်ဆို သင်္ဂါယနာတင်ကြဖို့ အဆိုသွင်းပါတယ်။

ဒီအဆိုကို ဝါတော် ၄၆ ဝါ၊ သင်္ကတော် ၆၆နှစ်ရှိ

နေပြီဖြစ်တဲ့ အရိယမဂ္ဂင် ဆရာတော်ကြီးက ထောက်ခံပြီး သင်္ဂါယနာတင်တဲ့ အချိန်ရောက်တော့ ဆရာတော်ကြီး ကိုယ်တိုင် ဝိနယဘာဏက အဖွဲ့မှာ ခေါင်းဆောင်ပြီး စာမျက်နှာ ၅၀၀ကျော်ရှိတဲ့ ဝိနည်းမဟာဝါ ပါဠိတော်ကြီးကို သူ့အသံကြီး မောင်းမောင်းနဲ့ အာဂုံပြန်ဆို သင်္ဂါယနာတင်တော်မူခဲ့ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ပြီးတဲ့အခါ ဒီကိစ္စကြီးမှာ ထူးခြားပြောင်မြောက်စွာ ပါဝင် ဆောင်ရွက်တော်မူခဲ့ကြတဲ့ ဆရာတော်ကြီးများကို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းလို့ မဂ္ဂင်ဆရာတော်ကြီးဟာ....

၁။ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၂။ ဆဋ္ဌသံဂီတိ ဘာဏက သာသနာပြုလက်မှတ်

၃။ အဋ္ဌသံဂီတိ ကာရကသာသနာပြုလက်မှတ်

များ ဆက်ကပ်တာကို ခံခဲ့ရတယ်။

၁၃၁၉ ခုနှစ်မှာ ကျင်းပတဲ့ အဋ္ဌကထာသင်္ဂါယနာသဘင်မှာတော့ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင်အဖွဲ့က ဩဝါဒါစရိယ တင်မြှောက်လို့ ဆဋ္ဌသင်္ဂါယနာသဘင် ထေရာသနပလ္လင်ပေါ်မှာ သီတင်းသုံးပြီး သဘာပတိအဖြစ် ရွက်ဆောင်တော်မူခဲ့ပါတယ်။

သက်တော် ၇၅၊ သိက္ခာတော်၅၅ ဝါမှာ စစ်ကိုင်းခရိုင်အတွက် တစ်ပါးတည်းသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ် အရွေးခံရပါတယ်။

သိက္ခာတော် ၅၈ ဝါမှာ မင်းကွန်းတောင်ရိုးလုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ ဂဏသမူဟအဖွဲ့ ဖွဲ့စည်းတော့ ဆရာတော်ကြီးကိုပဲဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရပြန်တယ်။

၁၃၄၂ ခုနှစ်ကပြုလုပ်တဲ့ သာသနာတော်သန့်ရှင်းတည်တဲ့ပြန့်ပွါးရေး ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှာလဲ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဖြစ် ရွေးချယ်တင်မြှောက်ခံရတယ်။

တိပိဋကဆရာတော်က မိုးမိတ်ကုန်းမြေမှာ တိပိဋက နိကာယကျောင်းတိုက်ကြီးဖွင့်တော့ စာကျက်စာအံ စာပြန် သံဃာတွေကို ပစ္စည်းလေးပါးထောက်ပံ့ဖို့ နိကာယသာသနာပြုအဖွဲ့ ဖွဲ့တဲ့အခါ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီးက စိတ်ရော ကိုယ်ပါ ပါဝင်ပြီး မဟာနာယကဆရာတော်တစ်ပါးအဖြစ် ပါဝင်စောင့်ရှောက် လမ်းညွှန်မှုပေးပါတယ်။

ပြီးတော့မှ သူ့ဘုန်းကံအလျောက် တရားနဲ့ အညီရရှိတဲ့ ပစ္စည်းများကို မိုးမိတ်ကုန်းမြေဘုရားပြင်ရာမှာလှူတယ်။ နိကာယ ကျောင်းတိုက်ကြီးမှာလည်း မဂ္ဂင်မုခ်ဦး၊ မဂ္ဂင်စောင်းတန်း၊ မဂ္ဂင်ကျောင်းဆောင်များ လှူတယ်။ ငွေပဒေသာပင်လည်း စိုက်ထူတော်မူသေးတယ်။ မန္တလေးမှာ ပရိယတ္တိ သာသနာ့တက္ကသိုလ်ဆောက်တော့လည်း ဆရာတော်ကြီး ငွေပဒေသာပင်စိုက်သေးတာပဲ။ တိပိဋကဆရာတော် လှူဒါန်းလေသမျှ အလှူတွေမှာ ဆရာတော်ကြီးက ပါဝင်လှူဒါန်းတာ ချည်းပဲ။ မင်းကွန်းတိုက်နယ်ဆေးရုံဆောက်ရာ၊ မင်းကွန်း အလယ်တန်းစာသင်ကျောင်း ဆောက်ရာတွေမှာလည်း ဆရာတော်ကြီးရဲ့ အလှူဒါန ပါလေသည်ချည်းပဲ။

ဒါတွင်မကဘူး၊ သူ့ဇာတိ ခေါင်ကွဲရွာမှာလည်း အဝိစိတွင်း၊ ရေကန်၊ လျှပ်စစ်မီးစက် စက်ရုံ၊ ကျောင်း ၃ရပ်၊ တန်ဆောင်း၊ စာသင်ကျောင်း တွေကို ဆောက်လုပ်လှူဒါန်းခဲ့တယ်။ ဆရာတော်ကြီးဟာ သက်တော် ၆၆နှစ် အရွယ်ကတည်းက သူပျံလွန်တော်မူယင် မီးသင်္ဂြိုဟ်ပြီး အရိုးကောက် ဂူသွင်းဖို့ အုတ်ဂူတစ်ခုပြုလုပ်ပြီး ဦးအရိန္ဒမလို့ ကမ္မည်းထိုးထားပါတယ်။ သရဏဂုံလည်း တင်ထားလိုက်ပါတယ်။ အဲဒီဂူဟာ နောင်တော် မနောမယဆရာတော်ဘုရား၏ ဂူအနီးမှာ ဖြစ်ပါတယ်။ ခု အရိုးကောက်ပြီး ဒီဂူမှာပဲထည့်သွင်းလိုက်ပါပြီ။ ။

လူထု-ဒေါ်အမာ



မင်းကွန်းပင်ထောင်ပို
ဆိုးပင်တော်
ဂိုလ်ပိုက်နာသို့

အောင်ကဝိန္ဒ၊မိုးမိုတ်၊

မျက်မှောက်ခေတ်သာသနာဝယ် နေတစ်ဆူ လတမျှ ထင်ရှားကျော်ကြား လူသိများသော ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ကျောင်းအမကြီး ဒေါ်ရွှေညွှန့် ရိုးရိုးသားသား နေထိုင်ဝတ်စားတတ်ပုံ၊ ဆရာတော်ကြီး၏ ဩဝါဒကို လိုက်နာပုံ၊ သာသနာအတွက် ဆောင်ရွက်ပုံတို့ကို အကျဉ်းမျှ ရေးသားပါမည်။

ကျောင်းအမကြီး ဒေါ်ရွှေညွှန့်ဆိုလျှင် လူအားလုံးက ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို ကိုယ်ရော စိတ်ပါ ဦးဆောင် လုပ်ကိုင်နေသူဟု သိနေကြလေသည်။

ယခုအခါ ကျောင်းအမကြီးကား အသက် (၈၀)ပင် ရှိလေပြီ။ အိမ်၏ စီးပွားရေးကို ကိုယ်တိုင် ဦးဆောင်၍ မလုပ်သော်လည်း သာသနာရေးဆိုင်ရာ များတွင်ကား တက်တက်ကြွကြွ ကိုယ်တိုင် ဦးဆောင်လုပ်ကိုင်နေလေသည်။

ကျောင်းအမကြီးကို စစ်ကိုင်းတိုင်းအတွင်း ဖြစ်သော ဖောင်းပြင်မြို့ကလေးတွင် မွေးဖွားခဲ့လေသည်။ ငယ်စဉ်ကပင် ရိုးရိုးသားသား ဝတ်စားဆင်ယင်ပြီး နေထိုင်တတ်လေသည်။ မိဘများကား သစ်စက်ကုန်သည်များဖြစ်ရာ မုံရွာမြို့သို့ သစ်အရောင်းအဝယ်အတွက် မကြာခဏ ရောက်ရလေသည်။

ရွှေးတုန်းက အိုင်ယာလန်ထိ ဖွင့်ပွဲရှိရာ (၃)ခါမျှ ပေါက်သဖြင့် မုံရွာမြို့သို့ ပျောင်းရွှေ့ပြီး ဘုရားကြီးလမ်းတွင် သုံးထပ်တိုက်(၂)ပုဒ်ဖွင့် မှားချမ်းစွာ နေထိုင်လေသည်။

မင်းကွန်း ဆရာတော်ကြီးအား တွေ့ဆုံလှူဒါန်းခြင်း

ဦးဖိုးမှိန့်အိမ်ထောင်ကျရာသားသမီးများ မထွန်းကားခဲ့။ စီးပွားရေးမှာလည်း ဒီဇရာအလား တိုးပွားနေရာ လှူဖျင်ဒါန်းဖျင်စေတနာ ထက်သန်သူများပီပီ မိဘမဲ့ကလေး၊ ဆင်းရဲနွမ်းပါးသော ကလေးများကို ရှင်ပြုပြီး

အလှူကြီးပေးရာ အလှူမတ္တာပ်ဆောက်ပြီး ကျွေးမွေးတဲ့အပြင် မုဆွာမို့ ထမင်းဆိုင်၊စားသောက်ဆိုင်များကိုလည်း အလှူနေ့တွင် လူအားလုံးအခမဲ့ မှာယူစားသောက်စေလေသည်။လာလာသမျှလူများကို ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်များ အဝတ်အထည်များ ပေးကမ်း လှူဒါန်းပါသည်။

ဆရာတော်များကိုကျောင်းအသုံးအဆောင်အဖြစ် တိုင်ကပ်နာရီ၊ စားပွဲတင်နာရီ၊ မှိုင်းလုံးကော်ဇော၊ အီတလီကော်ဇော စောင်များ အကောင်းစား သက်နှံများ စသည်ဖြင့် စာရေးတံမဲဖောက်ပြီး လှူဒါန်းပါသည်။ ထို့အလှူတွင် မင်းကွန်း ဆရာတော်ကြီးကို ပင့်ဖိတ်ကာ နေ့တရား ညတရားများ နာယူပြီး ရေစက်ချအမျှပေးဝေပါသည်။

မင်းကွန်း တိုက်နယ် ဆေးခန်းဆောက်၍ လှူဒါန်းပြန်ခြင်း

မင်းကွန်း ဓမ္မနာဒကျောင်းတိုက်တွင် မူလထုလုပ်ထားသော ခြင်္သေ့များ ရှိသော်လည်း ထို့ထက်ကြီးမားသော ခြင်္သေ့ကြီးနှစ်စီး ထုလုပ်လှူဒါန်းရန် လျှောက်ထားရာ ဆရာတော်က မိုးရွာလျှင် လူတစ်ယောက်ကို့မျှ လုံခြုံအောင် အကာအကွယ် မပေးနိုင်သော ခြင်္သေ့များ လှူခြင်းထက် ရပ်ရွာနှင့်လူများအတွက် အလွန်အကျိုးများသော တိုက်နယ်ဆေးရုံ ဆောက်လုပ်လှူဒါန်းရန် အကြံပေးသဖြင့် လွန်ခဲ့သော နှစ်ပေါင်း (၄၀) လောက်က ငါးသောင်းမျှ အကုန်အကျခံ ဆောက်လုပ်ပြီး ဆေးခန်းအပ်ပဲ့ဖွင့်ပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပခဲ့ရာ ဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီး၊ သာသနာရေးဝန်ကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ် စသူတို့ တက်ရောက်ခဲ့ကြလေသည်။

ရေစက်ချလှူဒါန်းပွဲတွင်လည်း မင်းကွန်းမှ မိဘမဲ့ မစ္ဆိန္ဒမ်းပါးသော ကလေးပေါင်း(၄၀) ကျော်ကို ရှင်သာမဏေ ပြုပေးပါသည်။စစ်ကိုင်း မင်းကွန်း မင်းဝံတောင်တန်းကြီး သုံးရပ်မှာ သီတင်းသုံးနေကြသော သံဃာတော်များ သာမဏေများ၊ သီလရှင် ဆရာကြီး ဆရာလေးများကို ကျောင်းအသုံးအဆောင် တစ်ထောင်ကျော်ဖိုးမျှစီ မဲဖောက်ကာ လှူဒါန်းခဲ့ပြန်လေသည်။

ကျောင်းအမကြီးသည် အလှူရေစက်လက်နှင့်မကွာ လှူဒါန်းလာခဲ့ရာ ကုသိုလ်ဒါနများကား များပြားလွန်းလှပါသည်၊ သာသနာရေးလှူမှုရေး စသည်ဖြင့် အကျဉ်းချုပ် ဖော်ပြရသော်–

မင်းကွန်းတိုက်နယ် ဆေးပေးခန်းနှင့် စစ်ကိုင်းတိုင်း သောင်တွတ် တိုက်နယ်ဆေးရုံ၊ မိုးမိတ်ကုန်းမြေ ကျောင်းရာမြေများ၊ ဥယျာဉ်ပန်းမာလ်များနှင့် ဓမ္မရက္ခိတ သုံးထပ်ကျောင်းဆောင်၊ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယက ကျောင်းဆောင်နှင့် မန္တလေး မှန်ကင်း ပဇ္ဇောတာရုံ စာကျက်ဆောင် စသည်ဖြင့် လူမှုရေး၊ သာသနာရေးဒါနများကား များပြားလေသည်။

သာသနိက အဆောက်အအုံများ၊ ဆေးရုံများ အဝန်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက်လည်း ဓမ္မရက္ခိတ သာသနာ့ရုံပုံငွေ အဖြစ် ဘဏ်တွင် စာရင်းဖွင့် အပ်နှံကာ ဘဏ်တိုးများကိုလည်း နှစ်စဉ် လှူဒါန်း နေလေသည်။

ဓမ္မရက္ခိတကျောင်းရေစက်ချနှင့် ဆရာတော်၏ ဩဝါဒ

ဓမ္မရက္ခိတသုံးထပ်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးသောအခါ ရေစက်ချပွဲကို ခမ်းခမ်း

နားနား ထည်ထည်ဝါဝါဖြစ်အောင် သီးခြားအခမ်းအနား ပြုလုပ်ကာ ရေစက်ချမည်ဟု စဉ်းစားပြီး ဆရာတော်အား လျှောက်ထားရာ ဆရာတော်ကြီး၏ "ယခုအခါ မိုးမိတ်ကုန်းမြေတွင် ကျောင်းဆောင်ပေါင်း (၃၀) ကျော် စုပေါင်းရေစက်ချ အခမ်းအနား ရှိနေလို သီးခြားခွဲခြား လုပ်မနေဘဲ စုပေါင်းရေစက်ချပွဲ လုပ်ပါ" ဟူသော ဩဝါဒအတိုင်း လိုက်နာကာ ရေစက်ချပါသည်။

ကျောင်းအမကြီးနှင့်ဆရာဒကာတော်၏ တရားတိပ်ခွေများ

ဆရာတော်ကြီးသည် သက်တော် (၄၀) အရွယ်တွင် တိပိဋကဓရဘွဲ့ထူးကို ဆုတ်ခူးရရှိခဲ့ပါတယ်။ဆဋ္ဌသံဂါနာတင်တွင်လည်း ဝိသေဋ္ဌက အဖြေဆရာတော်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ချက်များကြောင့်မြန်မာပြည် အရပ်ဒေသ အနှံ့အပြားမှ ပဉ္ဇဖိတ်လာသော နေရာဒေသများစွာသို့ ကိုယ်တိုင်ကြွရောက်ပြီး တရားတော်များကို ချီးမြှင့်ဟောကြားပါတယ်။

၁။ အသံတော်မှာ ကြည်လင်ပြတ်သားပြီး သြဇာဂုဏ်နှင့် ပြည့်စုံခြင်း၊
၂။ အဓိပ္ပာယ်မှာ ရှင်းရှင်းလင်းလင်း ရှိပြီး မှတ်သားရလွယ်ကူခြင်း၊
၃။ ထပ်ကာ ထပ်ကာ နာယူရသော်လည်း အားရတင်းတိမ်မှု မရှိဘဲ အထပ်ထပ် နာယူလိုခြင်း

စသော အကြောင်းများကြောင့်တရားတော်ကို နောင်အထပ်ထပ် နာယူနိုင်အောင် တိပိဋကဓရဆရာတော်ဒကာများဖြင့် အသံဖမ်းယူကြရာ ထိုစဉ်က မဟာဗန္ဓုလ ဦးဆိုင်-ဒေါ်စောတင်၊ ဦးဖိုးမှိ-ဒေါ်ရွှေညွှန့်၊ ဦးစိန်းမောင်-ဒေါ်လှတင်၊ ဦးမောင်မောင်အေး စသော ကျောင်းဒကာများက တိပိဋကဓရတာဝများဖြင့် အသံဖမ်းယူထားကြလေသည်။

ယခုအခါ ကျောင်းအမကြီးထံကွင် တိပိဋကဓရတာ (၄)ဘက်ခွဲကြီးပေါင်း (၅၀၀) ကျော်ရှိပြီး ၎င်းကို (၂)ဘက် ကက်ဆက်စက်ခွေများဖြင့် ကူးလျှင် ကက်ဆက် တိပ်ခွေပေါင်း(၂၀၀၀)ကျော်မျှ ရှိလေသည်။

ဤတရားခွေများကို မိုးမိတ်ကုန်းမြေတွင် သံဃာတော် များနှင့် ကြွရောက်လာသော ကုသိုလ်ရှင် အသီးသီးတို့ နာယူနိုင်ရန် နံနက်ဆွမ်း နေ့ဆွမ်း ဘုဉ်းပေးမျိုန် တစ်နေ့လျှင်(၁) နာရီမျှ ဝတ်ထား၍ အသံခွဲစက်များဖြင့် တရားတော်ကို နာယူစေပါသည်။

ဇာတ်တော်ကြီး ဆယ်ဘွဲ့ တရားခွေပေါင်း (၁၀၀) ကျော်၊ သာသနာ့ချီးခွင်ကြီး လေးလက် တရားခွေပေါင်း(၇၅)စသည်ဖြင့် တရားတော်များကို ကူးထားရာ တစ်ချို့လည်း ငှားရမ်းပြီးဖွင့်ကာ နာယူကြပါသည်။ တချို့လည်း မိမိတို့ ဒေသ အသီးသီးသို့ ပူဇော် ယူဆောင်သွားကြပါသည်။

ကျောင်းအမကြီးနှင့် ရိုးရိုးသားသား ဝတ်စားဆင်ယင်မှု

မန္တလေးမြို့မှ မိုးမိတ်ကုန်းမြေသို့ လာလိုလျှင် ရောဝတီမြစ်ကို မော်တော်ဖြင့် ကူးကြရပါသည်။ ဆွမ်းကျွေးရန် လာရောက်ကြသော ပုဂ္ဂိုလ်များကို ကျောင်းပိုင် မေဒေါ်ဖြင့်စီစဉ်ပေးပါသည်။ တစ်ခါက မန္တလေးမြို့မှ ချမ်းသာကြွယ်ဝသော မိသားတစ်စု မိုးမိတ်ကုန်းမြေသို့ ဆွမ်းကျွေးရန် လာကြရာ မော်ဘော်ပေါ်တွင်လည်း ကော်ဇောများ ခင်းထားပါသည်။ ရိုးရိုးသားသား ဝတ်စားထားသော ကျောင်းအမကြီးလည်း မော်တော်ပေါ်သို့ တက်ရောက်

လာရာ ဆွမ်းအမနှင့်အတူပါလာသော မိန်းမ တစ်ယောက်က "အမေကြီး ကော်ဇောတွေခင်း မထားတဲ့ ဟိုနေရာမှာ သွားနေပါ" လို့ ပြောရာ ကျောင်းအမကြီးလည်း တူမဖြစ်သူနှင့် အတူ သူညွှန်ပြရာမှာ သွားထိုင်နေပါသည်။

ည့ဲသည်များမှာလဲ မော်တော်ပေါ်သို့ စုံစုံ ညီညီ ရောက်လာကြရာ ဆွမ်းအမက မြင်ပြီး "အမေယ္ဆန့် ဒီဘက်ကိုကြွပါ။ ကော်ဇောပေါ် ပေါ်ကို ကြွပါ" လို့ ကိုယ်တိုင်လည်း လက်ကို ကိုင်ထားပြီး ကော်ဇောရှိသော နေရာကောင်း တွင် ထိုင်စေလေသည်။ ခုနက နေရာချပေးထား သူ မိန်းမက "သူကဘယ်သူမို့လို့ ဒီလောက်နေ ရာကောင်း ပေးနေရတာလဲ" လို့ ဆွမ်း အမကို မေး ပါ့တယ်။ ထိုအခါမှာ ဆွမ်း အမက "ကျောင်းအမကြီး ဒေါ်ရွှေညွန့်ဆိုတာ သူပေါ့။ မင်းကွန်းဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းမှာ တက်တက်ကြွကြွ ဦးဆောင်နေသူပါ။ ရိုးရိုးသားသား ဝတ်စားနေထိတ်လို့ မြင်ရုံနဲ့ ကျောင်းအမမှန်းတောင် မသိသာဘူး။ ဒီတိ=နိ ဥပဒ္ဒာကအဖွဲ့၏ မန္တလေးဌာနခဲ့ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက် နေတာလဲ သူပါပဲ" လို့ ပြောပြရပါသည်။

ယခုအခါ ဆရာတော်ကြီးသည် သက်တော် (၈၀)ရှိပြီဖြစ်ရာ မိုးမိတ်ကုန်းမြေ သံဃာတော် များကို ပစ္စယာနုဂ္ဂဟ ပစ္စည်း လေးပါးဖြင့် ချီးမြှောက်လာခဲ့ရာမှ ယခုတစ်ဖန် ဓမ္မာနုဂ္ဂဟ တရားတော်ဖြင့် ထပ်ဆင့်ချီးမြှောက်သော အားဖြင့် စာပေ ပို့ချပေးဦးမည်ဟု အနီးဥ္စ ရှိသော တပည့် ဦးဝေပုလ္လကို အမိန့်ရှိပါသည်။

ထို့အမိန့်ရှိသံကို ကြားရသော အခါ ဝါသနာသူတူ ဦးလှိုင်ကြည် ဒေါ်တင်ဦး၊ ဦးပါ ဒေါ်မြင့်မြင့်၊ဦးမျိုးညွန့် ဒေါ်သန်းရီ၊ဦးအောင်ခန့် ဒေါ်သန်းသန်း၊ ဦးသန်းညွန့်၊ ဦးစကြိုး ဒေါ်တင်၏ သမီးများ ဖြစ်ကြသော ဒေါ် သောင်း၊ ဒေါ်လှမေတို့နှင့် တိုင်ပင် ညီညွတ်ကြ ကာ သိန်း(၄၀)ကျော်မျှ အကုန်အကျ ခံပြီး စုပေါင်း ၂စုဆောင်းကာ ကျောင်းတော်ကြီးကို (၈)လနှင့်အပြီး ဆောက်လုပ် လှူဒါန်းလေ သည်။

ကျောင်းအမကြီးနှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ချုပ် ကြီးက မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး အား မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် သာ သနာ့တက္ကသိုလ်တစ်ဆူစီ ဆောက်လုပ်လှူဒါန်း ပေးပါရန် မေတ္တာရပ်ခံ တာဝန်ပေးပါသည်။ ဆရာတော်ကြီးက အထူးကု ဆရာ ဝန်ကြီး ဦးသာလှကို ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေလျက် သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ် လှူ ဒါန်းရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်းလျက် တာ ဝန်ခဲ့ဝေ သတ်မှတ်ပေးပါသည်။ ပထမအကြိမ် အကြို ရေစက်ချ လှူဒါန်းပွဲကို မန္တလေးမြို့ ပရိယတ္တိ ဓမ္မသာလာမှာ ကျင်းပပါသည်။ နိုင်ငံ့ တော် သံဃမဟာနာယက ဆရာတော်ကြီးများ မန္တလေးမြို့ လေးပြင် လေးရပ်မှ သာသနာ့ ဦးသျှောင် ဆရာတော်ကြီးများ မြို့မိ မြို့ဖများ ကြွရောက် ကြပါသည်။ အဲဒီ ရေစက်ချပွဲမှာ ဦးတင်ဦး(စစ်ကိုင်း) ဒေါ်တင်ဦး (ကျွဲရိုင်း) ကျောင်းအမ ဒေါ်ရွှေညွန့်တို့ သုံးဦးက အလှူ ငွေများကို ဖြတ်ပိုင်းများဖြင့် အလှူခံ ကြရာ တစ်ကြိမ်တည်းနှင့် ငွေ(၁၃)သိန်း ကျော်မျှ အလှူခံရရှိပါသည်။

ကျောင်းအမကြီးနှင့် ဆရာတော်၏ ဆွမ်းတာဝန်

ဆရာတော်ကြီးမှာ ယခုအခါ သက်တော် (၈၀)ရှိလေပြီ။ ဆွမ်းမာမျှားကို မဘဉ်းပေး နိုင်

ပါ။ပဲရာဇာနှင့်ရောချက်သောပဲဆမ်းကိုဘဉ်းပေးပါသည်။ ဆမ်းဟင်းများမှာလည်း အသားကြီးငါးကြီးများထက် ဟင်းသီး ဟင်းရွက် များကို မျှတအောင်ချက်ပြုတ်ပြီး အမြဲကပ်လှူပါသည်။ ခရီးသွားသော အခါများမှာလည်း စတီးချိုင့်များဖြင့် ထည့်ပြီးကပ္ပိယ လိုက်ပါပို့ဆောင်စေကာ လှူဒါန်းပါသည်။

ကျောင်းအမကြီးနှင့် သိုးမွေးထည်များ

ဤဆောင်းပါးအစတုင် ဖော်ပြသော တေးထပ်၌ ပါဝင်သည့်အတိုင်း ဒါနပေါင်း များစွာထဲမှ နှစ်စဉ်ဝတ်မပျက် လှူဒါန်းနေရသော ဒါနဝတ်ကား ဤမိုးမိတ်ကုန်းမြေ သံဃာတော်များအား ကျောင်းတိုက် စတည်ထောင်သော (၁၃၄၀) ခုနှစ်မှစ၍ အဆုံးထည် လှူသော အလှူပင်။

အညာဒေသ ဆောင်းဦတုသည် အလွန်ပင် အေးလွန်းရာ စာပေအလုပ်အတွက် ဒုတ်တုတ်ထိုင်ကာ စာအံနေသူ သံဃာများမှာ တန်ဆောင်မုန်းလ နတ်တော်လ အေးမြလှသော ဤလများတွင် ရန်ကုန်သို့ တိပိဋကဓရ ရွှေချယ်ရေး စာမေးပွဲ၊ ထိုထိုနိကာယ် စာမေးပွဲများအတွက်၊ ကြွရောက်ကြရာ လမ်းခရီးတွင်အခေအမေ မကျွန်းမမာကြသဖြင့် နွေးနွေး ထွေးထွေး ဖြစ်ကြစေရန် သိုးမွေးထိုးသောစက်ကို ဝယ်ယူပြီး (ဝိနည်းတော်နှင့်အညီ)ကိုယ်တိုင် အံသကိုင်လက်အိတ် လည်ပတ်ခေါင်းစွပ် ခြေအိတ်များ ပြုလုပ်ပြီး လှူဒါန်းပါသည်။

ယခုအခါ အသက်(၈၀)ရှိပြီမို့ ကိုယ်တိုင်ကား မလုပ်နိုင်တော့ပြီ။ တူမများကို အလုပ်ခိုင်းပြီး လှူဒါန်းနေရလေသည်။ အလွန်အလုပ်များလွန်းသောအခါ မအား မလပ်သောအခါ အပြင်အပမှ မှာယူပြီး ဝတ်မပျက် လှူဒါန်းရသောအခါ ခက်ခဲလေသည်။

ယခုအခါ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို အနီးကပ် ပူဇော် လှူဒါန်းလျက် မန္တလေးမြို့သူဌေးတန်းရပ် တိုက်အမှတ်(၃၀၀)တွင် ကျန်းမာ ပျော်ရွှင်စွာဖြင့် သာသနာပြုလုပ်ငန်းများကို အားထုတ် ဆောင်ရွက်လျက် ရှိပါသည်။ ။

အရှင်ကဝိန္ဒ(မိုးမိတ်)

ရန်သူကင်းသော ဥစ္စာရတနာ

တစ်ဦးတစ်ယောက်က မေးတယ်ဆိုပါစို့။ ရေ+မီး+မင်း+သူခိုး+အမွေခံဆိုး = ရန်သူမျိုးငါးပါးတို့ မိမိတို့အပေါ် အနိုင်ကျင့်၍ ယူမသွားနိုင်တဲ့ ဥစ္စာကို ပြပါဆိုလျှင် မိမိတို့ ကြုံကုတ်အားထုတ်ဆားတဲ့ (ဒါန+သီလ+သမာဓိ+ပညာ) ဒါကိုပဲပြရပေမည်။

ဒီ(ဒါန+သီလ+သမာဓိ+ပညာ)သည်၊ ဘယ်ရန်သူမျိုးကမှ မိမိအပေါ် အနိုင်ကျင့်ကြံတော့ ယူမသွားနိုင်တဲ့ ဥစ္စာပဲတဲ့။ ။

မင်းကွန်းတိပိဋကဓရဆရာတော်



စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ
တိဝိဒုက = နိကာယဥပဒ္ဒာက သာသနာပြုအဖွဲ့ကြီး၏မဟာနာယက
အဂ္ဂမဟာ၊ ဂ္လိုတ၊မင်းကွန်းအရိယမဂ္ဂင်ဆရာတော်ကြီး၏

ရာပြည့်မွေးနေ့အထိမ်းအမှတ်

ဂုဏာနုဿရဏ ပူဇာဂါထာ ဂိတိပါဠိ နိဿယများ

ဂါထာဂိတိ ခေါင်းစဉ်

(၁) နွယ်တော်မြင့်မြတ်။
(၂) ဆောင်တတ် သုဂတိ။
(၃) တိ=နိသာသနာ ထွန်းစေပါ။
(၄) ရာပြည့်ပူဇော်ကြ။

(၁) နွယ်တော်မြင့်မြတ်

အရိယဝံဒသာ+ရိယော ထေရော၊ အရိယေဟိ+နုပါလိတော။
လက်ရိဘွာ+ဘိဝမေသိ၊ ဂုဏေဟိ+ရိယသာသနံ။ ။

အရိယဝံသော=ခုတင်ဆောင် တေဒဂ်ရ အရှင်မဟာကဿပမှ စ၍မဟျက် စဉ်အဆက်ဖြင့် ဆင်းသက်ထွန်းပေါ် မြတ်သောအနွယ်ဟာ ရှိတော်မူသော။ (၀၅) အရိယဝံသော=

၁။ ရှင်သာမဏေဘဝ ပထမကျော်ရ၍ ထူးလှဂုဏ်သတင်း ပြည့်လုံးဝင်းသဖြင့် စလင်းမိဖုရား ရဟန်းခံငြားသည့် တရားဟောဆရာကောင်းလှ နန်းတွင်း ဓမ္မကထိကအကျော် ဦးရီးတော် အရှင်နန္ဒမထေရ်=

၂။ ပါဠိတော်ဂိုဏ်းအသီး စပြီးတည်ထောင် စစ်ကိုင်းတောင်နှင့် မင်းကွန်းတောင်အတွက် ရေစက်ကြီးနှစ်တန် ပြုဘည်ဖန်သား ဘုန်းကံ+တေဇော် ဉာဏ်တော်ကြီးမား ဂုဏ်ထင်ရှားသည့် တရားပြအကျော် ဘဝထွးတော် အရှင်ရာဇိန္ဒမထေရ်=

၃။ မြတ်နေကွံမှ အဇ္ဈာသယဓာတ်ခံ လွန်ထက်သန်၍ ကျင့်မှန်ပဋိပတ် ဂုဏ်အမြတ်ထင် ပေါ် သတင်းကျော်သည့် နောင်တော် အရှင်မဟိန္ဒမထေရ်=

၄။ လောကဓမ္မ သာရဂုဏ်ရည် စုံပြည့်ညီ၍ သန္တုဋ္ဌိ+သလ္လေခ အပ်ိစ္ဆ အကျင့်မှန် ထူးချွန်ထင်လင်း ဂုဏ်ဆောင်ဝင်းသည့် နောင်တော်ရင်းမှန်လှ မဒနာမယကျော်ထင် အရှင်ဉာဏိန္ဒ မဓဇထေရ်=

အစချီသည့် မြန်ပြည်ထင်လင်း ဂုဏ်သတင်းပြန့်ကျော် မြတ်သောအနှယ်တော် ရှိတော်မူသော။ ယော အရိယော ဇေရော=ဂုဏ်ရည်သကတ် ထူးမြတ်ထင်ပေါ် အကြင် အရိယမဂ္ဂင် ဆရာတော်ကို။ အရိယေဟီ=ပရိယတ်+ပဋိပတ် အသိဓာတ်ကဲလွန် ကျင့်မှန်ထူးလတ် (အရှင်ရာဇိန္ဒ အစရှိသော) မထေရ်မြတ်တို့သည်။ အနုပါလိတော=လောက+ဓမ္မ ဌာနဆိုင်ရာ အဖြာဖြာ၌ လိမ္မာစေရေး မေတ္တာရှေး၍ နည်းပေးညွှန်ပြ ဆုံးမသွန်သင် ဉာဏ်နှင့်ယှဉ်လျက် အစဉ်မပြောက် ဂုဏ်ရောင်တောက်အောင် စောင့်ရှောက်တော်မူအပ်ခဲ့လေပြီ။

သော ထေရော=ဂုဏ်ရည်ထူးလတ် နှယ်ဓာတ်မြတ်တို့ မပြတ်ပုံဆောက် စောင့်ရှောက်အပ်ငြား ထိုအရိယမဂ္ဂင် ဆရာတော်ဘုရားသည်။ အရိဓေယဟီ ဂုဏေဟီ=များမြတ်ထင်ပေါ် ဂုဏ်ထူးတော်တို့ဖြင့်။ (ဝါ)အရိယေဟီ ဂုဏေဟီ=ဘောင်ခွင်သဲသနာပိုင် ဘုန်းလှိုင်ဥက္ကင့် ချီးမြှင့်တော်မူအပ်သည့်ဘွဲ့မြတ်ဝိနယဓရ+ဓမ္မကထိကနှင့်+ဆဋ္ဌသံဂီတိကာရက+ပါဠိဝိသောဓကတဖြာ+သံဂါယနာသဘာပတိ+အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်+နိုင်ငံတော် သဃ်ဒါယနာသဘာပတိ+အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်+နိုင်ငံတော် သဃ်ဒါဒါစရိယ စရှိဖုံဖုံ များမြတ်သော ဘွဲ့ဂုဏ်တို့ဖြင့်။ အလင်္ကရိတ္ဝာ=လောကအလယ် တင့်တယ်စုံလင် တန်ဆာဆင်ဘော်မူ၍။ အရိယသာသနံ=မဟာကရုဏာသခင် ရှင်ဘော်မြတ်ဘုရား ထားတော်မူအပ် သာသနာဘော်မြက်ကို။ အဘိဝဍ္ဎိသိ=လွန်စွာဖြိုးလက် တန်ခိုးထွက်အောင် တိုးကက်စေတော်မူခဲ့လေပြီ။

(ဝါ) အဘိဝမေသိ=များလှထိုထို ရှင်လူဗိုလ်တို့ ကုသိုလ်တိုးပွား အကျိုးများဖို့ ကြီးမားမေတ္တာ ကရုဏာတရား ရှေးရှုထားလျက် ဟောကြားပို့ချ နေ့နေ့ညလျှင် လုံ့လအားကြိုး ဝေဝေဖြိုးအောင် တိုးစေ ပွားစေ တိုးပွားစေတော်မူခဲ့လေပြီတကား။

(၂) ဆောင်တတ်သုဂတိ

ထေရော မဂ္ဂင်္ဂါဝါယ၊ အရိယမဂ္ဂင်္ဂရာမိကော။
ဆန္နဝုတျာ+ယုကံ ဇနေ၊ ပါပေသိ သုဂတိ ဗဟူ။ ။

အရိယမဂ္ဂင်္ဂါမိကော=မဇ္ဈိမပဋိပဒ် အကျင့်မြတ်လမ်းစဉ် လွန်သန့်စင်သည့် မဂ္ဂင်၍ပါး အကျင့်တရားကို ကျင့်ပွားရာအမှန် အရိယမဂ္ဂင် ချောင်အာရာမ်၌ လေးတန်ယာပထ သာမ္မ ရှင်ပျော် သီတင်းသုံး စံနေတော်မူသော။ ထေရော=သိက္ခာသုံးစုံ အကျင့်ဂုဏ်တို့ ပြည့်စုံခိုင်ဖြိုး အရိယမဂ္ဂင် ဆရာတော်ဘုရားကြီးသည်။ ဆန္ဒဝုတ္ဂ+ယုကံ=သက်တော်တွက်စစ် ၉၆-နှစ်ပြည့် တော်မူသည့်တိုင်အောင်။ ဗဟူ ဇနေ=များစွာသောင်းသောင်း ရှင်လူအပေါင်းတို့ကို။ မဂ္ဂင်္ဂနာ ဝါယ=မဇ္ဈိမပဋိပဒ် အကျင့်မြတ်လမ်းစဉ် မဂ္ဂင်၍စေဖော် လေ့ဖောင်တော်ဖြင့်။ သုဂတိ=လူ့ပြည်နတ်ရပ် ကောင်းမြတ်ကုံဘိ သုဂတိသို့။ ပါပေသိ=ပို့ဆောင်သောထွေ ရောက်စေတော်မူခဲ့လေပြီ။

(ဝါ)ပါပေသိ=ဒါန+သီလ သမာဓိ+ပညာ လေးဖြာတရား ကျင့်နည်းများကို ဟောကြားဖန်ဖန် နည်းညွှန်ထင်လင်း ကျင့်စေလျင်း၍ မယွင်းပုံသေ ရောက်ရှိစေတော် မူခဲ့လေပြီတကား။

(၃) တိ=နိ သာသနာထွန်းစေပါ

တိ=ရှ်||+ပဋ္ဌာကပူဂေပိ၊ မဟာထေရော သ နာယကော။
တိ=နိ သာသနံ ဇောတေသိ၊ ဓမ္မာ+မိသေဟိ+နုဂ္ဂဟံ။ ။

သော မဟာထေရော=မဇ္ဈိမပဋိပဒ် မဂ္ဂင် လေ့ဖောင်တော်မြတ်ဖြင့် လူ့ရပ်+နတ်ဘောင် နိဗ္ဗာန်သောင်သို့ ပို့ဆောင်တော်မူတတ် လွန်ထူးမြတ်သည့် သကတ်ဖုံဖုံ ဘွဲ့တော်ဂုဏ်တို့ စုပုံခိုင်ဖြိုး ထိုအရိယမဂ္ဂင် ဆရာတော်ဘုရားကြီးသည်။ တိ=ရှ်||+ပဋ္ဌာကပူဂေပိ=ပိဋကသုံးသွယ် နိကာယ်ငါးဖြာ သာသနာနေမင်း ကမ္ဘာအတွင်းဝယ် ထွန်းလင်းစေရေး သဒ္ဓါရှေး၍ လုပ်ကျွေးနီးကပ် ပြုစုလတ်သည့် တိ=နိ ဥပဋ္ဌာက နာမကျော်ဟီး သာဝကနာပြု အဖွဲ့ကြီး၌လည်း။ မဟာနာယကော့= တိ=နိ အဖွဲ့ကြီး ပွားစည်ဖြိုးအောင် ဦးစီးညွှန်ပြ ရှေ့ဆောင်မှသည့် မဟာနာယကဆရာတော်ဘုရားကြီးသည်။ ဟုဘွာ=စင်စစ်ပုံသေ ဖြစ်တော်မူပေ၍။ ဓမ္မာ+မိသေဟိ=သြဝါဒိန့်ခွန်း ဖော်ညွှန်းမြွက်ဟ မြတ်ဓမ္မနှင့် လေးဝဿာပစ္စယ အာဓိသတို့ဖြင့်။ အနုဂ္ဂဟ အနုဂ္ဂဟန္တာ= သာသနာမြတ် ပရိယတ်ကုံ အာရုံယူမှတ် ကြည်ညိုလတ်၍ မပြတ်ပံ့ထောက် ခိုးမြှောက်တော် မူလျက်။ တိ=နိ သာသနံ=ရှင်ဇောတော်ဗုဒ္ဓ ဟောဖော်ပြသည့် ပိဋကတ် သုံးသွယ် နိကာယ်ငါးဖြာ သာသနာကို။ ဇောတေသိ=ထိန်တဝင်းဝင်း အခခါင်ချဉ်းအောင် ထွန်းလင်းတောက်ပစေတော် မူခဲ့လေပြီတကား။

(ဝါ) တိ=နိ သာသနံ ဇောတေသိ= ပိဋကတ်သုံးသွယ် နိကာယ်ဆောင်ငြား ထေရ်ဘုရားတို့ ဖြစ်ပွားစေကာ မြတ်စွာမုနိ တုမရှိ၏ တိ=နိ သာသနာစည်ပင်ဖြာလျက် ရောင်ဝါလွှန်မင်း ထိန်ထိန်ဝင်းအောင် ထွန်းလင်းတောက်ပစေတော်မူခဲ့လေပြီတကား။

(၄) ရာပြည့် ပူဇော်ကြ

ကတည္။ တိ=နိပ္ပဂါ+မ့ေ၊ သရိတ္ဝာ ဂုဏာသဠယေ။
ပူဇေမ ဝယသတိမံ၊ ကတ္ဝာ သဘံ ဒိဝင်္ဂတံ။ ။

ဘန္တေ=သိက္ခာသုံးသွယ် လွန်ပြည့်ကြွယ်၍ နှယ်စေတော်မြင့်မြတ် ဘွဲ့ဂုဏ်ဒြပ်တို့ ကိန်းဝပ်ခိုမှီး ကျေးဇူးရှင် အရိယမဂ္ဂင် ဆရာတော်ကြီးဘုရား။ တိ=နိ ပ္ပဂါ=ပိဋ္ဌကတ်သုံးပုံ နှုတ်ငုံဆောင်မှတ် ထေရ်မြတ်ကဝိ ဦးဆောင်ဘိသား တိပိဋကာ=နိကာယအသင်းဝင် သာသနာပြုသူတော်စင် ဖြစ်ကြပါကုန်သော။ အမ့ေ=သာသနာရောင် ထွန်းပြောင်ကွန့်လည် မြန်ပြည်ထက်အောက် သဒ္ဓါတောက်၍ လာရောက်တူပျော် ပူဇော်ကြပြား တပည့်များသည်။ ကတည္။=ဆရာထေရ်မြတ် ပြုအပ်ခဲ့တုံ ကျေးဇူးဂုဏ်ကို အာရုံယူမှတ် သဒ္ဓါခတ်ဖြင့် သိတတ်ကြသူ၊ ကတည္။ပုဂ္ဂိုလ်တို့ဝင်သည်။ ဟုတ္ဝာ=စင်စစ်မှန်စွာ ဖြစ်ကြပါကုန်၍၊ တေ=လောက+သာသနာ နှစ်ဖြာကောင်းကျိုး ပွားတိုးလေအောင် ရွက်ဆောင်ခဲ့ပြား အရှင်မြတ်ဘုရား၏။ ဂုဏာသဠယေ=သက်တော်တွက်စစ် ၉၆-နှစ်တာ ကာလကြာအောင် လွန်စွာကြီးမြတ် အသိဓာတ်ဖြင့် မပြုတ်စိုက်စူးသဒ္ဓါမြဿ၍ ဆည်းပူးအပ်တုံ အမြတ်ဂုဏ်ဘို့ကို။ သရိတ္ဝာ=အာရုံယူကပ် သဒ္ဓါခတ်ဖြင့် မပြုတ်လွှမ်းတ အာမှတ်ရကြကုန်သည်ဖြစ်၍။ တေ=မဇ္ဈိမပဋိပဒ် ကောင်းမြတ်ဖြောင့်တန်း မဂ္ဂင်လမ်းဖြင့် နတ်နန်းစံပျော် ကျေးဇူးတော်သခင် အရှင်မြတ်ဘုရား၏။ ဝယသတိမံ သတံ=ဖွားမြင်တော်မူလစ် ၁၂၇၂-ခုနှစ်မှ စ၍ရေစစ် ယခု ၁၃၇၂-ခုနှစ်ဝယ် ထွန်းသစ်မင်္ဂလာ ချိန်ခါထူးကဲ့ အနှစ်ဘစ်ရာပြည့်နဲ့ ပူဇော်ပွဲကို။ ကတ္ဝာ=အထိမ်းအမှတ်တစ်ခု ဆင်ယင်ပြု၍။ ဒိဝင်္ဂတံ=၁၃၄၇-ခုဒုတိယဝါဆိုလဆန်းပက္ခ ဆယ်ရက် သုံးချက်တီးရာခါန်အခါက ဝတိ်သာနန့်း နတ်ကြင့်နန်းသို့ ကြွမြန်းစံပျော် ခိုလှုံတော်မူပြား ကျေးဇူးတော်သခင် အရှင်မြတ်ဘုရားကို။ ပူဇေမ=ပူဇော်အပ်ပြား ရှင်လေးပါးတွင် တစ်ပါးအပါအဝင် ကျေးဇူးရှင်မို့ ကြည်လင်ရှခိုးမြဿ။ သဒ္ဓါထူးဖြင့် ရှိဦးကော်ရော် ပူဇော်ကြပါကုန်၏ ဘုရား။

(၀၂) ပူဇေမ=သဒ္ဓါ+မတ္တာ စေတနာတို့ ဝေဝေဖြာ အရှိန့်ကြွ၍ ဝတိ်သစံနန်းတော်ကို ဉာဏ်မှန်းမျှော် အထူးစိုက်၍မို့ ဦးခိုက်လို့ တူပျော်ခပျော် ပူဇော်ကြပါကုန်၏ ဘုရား။

ဖတ်ကြားပူဇော်သူ
ဒီဃဘာဏက အရှင်ပညာဇောတ(ဖျာပုံ)
တိ=နိကျောင်းတို့က်၊ မိုးမိတ်ကုန်းမြေ။

ရေးဖွဲ့ပူဇော်သူ
အရှင်ဝေပုလ္လာစာရ
ဓမ္မနာဒတို့က်၊ မင်းကွန်းတောင်ရိုး။

မဟာသရေစည်သူဦးချမ်းသာ (သို့မဟုတ်) စာဆိုတော်မင်းဘူးနဝဒေး

"မြန်မာပြည်မှာစာဆိုတော်အကျော်အမော် တွေ အများကြီးရှိတဲ့အနက် နဝဒေးရယ်လို့ ထင်ရှားတဲ့ ပုဂ္ဂိုလ်(၅)ဦး ရှိခဲ့တယ်။ အဲဒီ(၅) ဦးကတော့-(၁) အကုံရမည်သော ဇင်းမယ် နဝဒေး၊ (၂) လှော်ကား သုံးထောင် မှူး အမည်ရသော တောင်ငူနဝဒေး၊ (၃) ပြည် နဝဒေး၊ (၄) စလင်းနဝဒေး၊ (၅) ဝက် မစွတ်နဝဒေးတို့ ဖြစ်ကြပါတယ်။

နဝဒေးဆိုတာကတော့-

နဒီတီရေခေတကူပေ၊
အရဏီတာလဝဏ္ဏကေ။
န-ဝဒါပါဒီ နတ္ထိတိ၊
မုခေစ ဝစနံ ကထာ။

နဒီတီရေ=မြစ်ကမ်း၊အနီး၌။ ခတေ=တူးအပ်သော။ကူဝေ=တွင်း၌လည်းကောင်း။ အရဏီတာလဝဏ္ဏကေ=ပွတ်ခုံပွတ်ကျေ ထန်းရွက်ယပ်တို့၌လည်းကောင်း။ အာပါဒီ=ရေ,မီး,လေတို့သည်။ နတ္ထိတိ=မရှိဟူ၍။ နဝဒေ=မဆိုရာ။ တထာ=ထို့အတူ။ မုခေစ=သုခမိန်တို့၏ ခံတွင်း၌လည်း။ ဝစနံ=ပျို့ကဗျာ လက်ာရတုကစ၍ စာဆိုနည်း၊ စာစပ်နည်း၊ စီကုံးနည်း၊ ရေးသားနည်း စကားသည်။ နတ္ထိတိ=မရှိဟူ၍။ နဝဒေ=မဆိုရာ။


မြစ်ကမ်းအနီး၌ တူးအပ်သောတွင်း၌လည်းကောင်း၊ ပွတ်ခုံပွတ်ကျေ ထန်းရွက်ယပ် ကို၌လည်းကောင်း၊ရေ,မီး,တို့သည်မရှိဟူ၍ မဆိုသင့်မဆိုထိုက်။ ထိုရေ,မီး,လေတို့နှင့် အတူ စိန္တာ၊ သုတ၊ အတ္တာ၊ ဇင်္ဂိဘာ၊ လေးဖြာကဝိန် သုခမိန်တို့၏ ခံတွင်း၌လည်း ပျို့ကဗျာ၊ လက်ာ၊ချေင်း၊ မော်ကွန်း၊ ရတု၊ ရကန်၊ အဲ၊ အန်း၊ သီချင်းကစ၍ စာဆိုနည်း၊ စာစပ်နည်း၊ စီကုံးနည်း၊ ရေးသားနည်း စကားသည် မရှိဟူ၍ မဆိုသင့် မဆိုထိုက်ဟူသောသဒ္ဒပဝတ္တိနိမိတ် အကြောင်းဟိတ်ကို ထောက်သဖြင့် နဝဒေး ဘွဲ့မည်တွင်သည်ဟု မှတ်ယူရပေမည်။

အခုံဒကာကြီး ဦးချမ်းသာမှာလည်း စိန္တာသုတ အတ္ထ ဇင်္ဂိဘာ လေးဖြာကဝိန် သုခမိန်ခေါ်နိုင်လောက်သည့် ပုဂ္ဂိုလ်ဖြစ်၍ သူ့ရဲ့ ဇာတိရပ်ကို အခြေခံပြီး "မင်းဘူးနဝဒေး" ဟူသောဘွဲ့အမည်ကို ဘုန်းကြီး ချီးကျူးလိုက်ပါတယ်"။

ဤကား (၁၃၅၀) ပြည့် နယုန် လပြည့်ကျော်(၂)ရက် ဗုဒ္ဓဟူးနေ့ (၁-၆-၁၈)တွင် ရန်ကုန်မြို့ စကားဝါလမ်း အမှတ်(၁၂) တိပိဋကကျောင်းတော်၌ ကျင်းပသော မဟာစေတီသမိုင်းပြုစုရေး ဗဟိုကော်မတီ အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ကြီးက မဟာစေတီ မော်ကွန်း ရေးသားသူ စာဆိုတော်ကြီး ဦးချမ်းသာအား မင်းဘူးနဝဒေးကြီးဟူသော ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်စဉ် မိန့်ကြားတော်မူချက်ပင် ဖြစ်သည်။

၁၉၀၄-ခုနှစ် ခန့်က စာရေး ဆရာကြီး ဦးသော်ဇင်နှင့် ဟွေ့စဉ်အခါကလည်း "မောင်ရင်တို့ ဆရာကြီးက ရတုအရာမှာတော့ နှစ်ဆယ်ရာစု ရတုဘုရင် မင်းဘူးနဝဒေးလို့ ခေါ်ရမယ်ကွ" ဟူ၍ မိန့်ကြားခဲ့ပါသည်။

ထိုစာဆိုတော် နှစ်ဆယ်ရာစု ရတုဘုရင် မင်းဘူးနဝဒေးဘွဲ့ခံ ဆရာကြီး ဦးချမ်းသာသည် (၁၉၀၇)ခုနှစ် မေလ(၂၇)ရက်နေ့တွင် မင်းဘူးမြို့ ဓာတ်တော်ကုန်း ရပ်၌ အမိန့်ဆောင်ရှေ့နေကြီး ဦးရှေလိုင် (သစ္စာဒီပကကျမ်းပြုဘဒ္ဒန္တရေဝတ)နှင့် ဒေါ်ညို(ဆရာညို့) တို့က



မဟာသရေစည်သူဦးချမ်းသာ
စာဆိုတော်မင်းဘွဲ့နှင့်ဂေဒီး
မင်းဘွဲ့မိန့်သက်အောင်

မှေးဖွားခဲ့သော သားရတနာ ဖြစ်ပါသည်။ ဆရာကြီးတွင် အစ်မသုံးယောက်နှင့် နှမ၁တစ်ယောက်ရှိပါသည်။ ငယ်စဉ်က မင်းဘူး ဟိုက် စကူးကျောင်းတွင် ပညာ သင်ကြား ခဲ့သည်။ (၁၉၂၀)ပြည့်နှစ် ကျောင်းသား သပိတ်ကြီး တွင် မင်းဘူး အထက်တန်းကျောင်းမှ အဋ္ဌမတန်း ကျောင်းသားကလေး မောင်ချမ်းသာသည် ပါဝင် သပိတ်မှောက်ခဲ့ သဖြင့် တစ်နှစ် အတန်းကျခဲ့ရသည်။ (၁၉၂၆)ခုနှစ်တွင် မင်းဘူး အထက်တန်းကျောင်း(၁၀)တန်းကျောင်း သားများအနက် ဂုဏ်ထူးနှစ်ခုနှင့် ပထမရ၍ (၁၀)တန်း အောင်မြင် ခဲ့သည်။ (၁၉၃၁) ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘုဇဝင် ဂုဏ်ထူးဖြင့် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ ရရှိခဲ့သည်။

(၁၉၂၉)ခုနှစ်မှ (၁၉၃၁) ခုနှစ် အထိ သုံးနှစ်တိတိ ကောလိပ်စကားလားရှစ် ရရှိခဲ့ပါသည်။ တက္ကသိုလ် ကျောင်းသားဘဝကပင် ပြည်ကျောင်းဆောင် ဓာဖတ်အသင်းနှင့် စာစောင်ကို စတင်တည်ထောင် ထုတ်ဝေသူများတွင် ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်။

(၁၉၃၂) ခုနှစ် ဇန်နဝါရီ လဆန်းတွင် အိုင်စီအက်(စ်)စာမေးပွဲဝင်၍ ဂုဏ်နှစ်သြဝုတ် လဘွင် အင်္ဂလန် နိုင်ငံသို့ သွား ရောက်ပြီး အောက်စဖို့ တက္ကသိုလ်၊ နယူး ကောလိပ်တွင် နှစ်နှစ်ကြာ အိုင်စီအက်(စ်) အစမ်းခန့် သင်တန်း တက်ခဲ့သည်။

ဆရာကြီးသည် နယူးကောလိပ် လေ့လေ့ာ်အားဝင်းတွင် ပထမ ရွှစ်ယောက်စီး လေ့ကိုပဲ ကိုင်ခဲ့သည်။ နှစ်နှစ်အတွင်း ပဲ သုံးခုကို ဆုအဖြစ် ရရှိခဲ့သည်။ အင်္ဂလန်နိုင်ငံရှိ ကမ္ဘာကျော် လီယင်ဒါကလပ် လေ့လေ့ာ် အသင်းကြီးတွင် ပထမဆုံး မြန်မာသူမျိုးထဲမှ အသင်းဝင် ဖြစ်ခဲ့သည်။ အောက်စဖို့ တက္ကသိုလ်တွင် ပထမဦးဆုံး ဗုဒ္ဓဘာသာအသင်းကြီးကို ထိုင်းကျောင်းသား၊ တရုတ် ကျောင်းသား၊ အိန္ဒိယ ကျောင်းသား အချို့ကို စည်းရုံးကာ တည်ထောင်ခဲ့သည်။ ထို့အပြင် တိုအသင်း၏ဆော်ဩသူနှင့် အတွင်းရေးမှူးအဖြစ် နှစ်နှစ်ခန့် ဆောင်ရွက်ခဲ့သည်။ မြန်မာပြည်သို့ ပြန်ရောက်သောအခါ စစ်ကိုင်း၊ မန္တလေး၊ အမရပူရ၊ ပုသိမ်၊ ပဲခူး၊ ရန်ကုန် အတွင်းဝန်ရုံး၊ ရမည်းသင်း၊ ပြည်၊ ကျောက်ဆည်၊ မင်းဘူး၊ မကွေးစသည့် ခရိုင်များတွင် နယ်ပိုင် အရေးပိုင်၊ ခရိုင်ဝန် စသည်ဖြင့် အမှုထမ်းခဲ့သည်။

အတွင်းဝန် ဦးချမ်းသာ

ဦးချမ်းသာသည် စစ်ကြီးမဖြစ်မီက အခွန်တော် ဌာနဝန်ကြီး ဆာပေါ်ထွန်းက ဥက္ကဋ္ဌ အဖွဲ့ဝင် သခင်မြတို့ ပါဝင်ဆောင်ရွက်ရသော လယ်သီးစားနှုန်း ကန့်သတ်ရေး စုံစမ်း ရေးကော်မရှင်၏ အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဝန်ကြီး ပြည်-ဦးဘသန်း၏ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုလက်မှု ဌာနတွင် လက်ထောက် အတွင်းဝန် အဖြစ်လည်းကောင်း၊ စစ်ပြီးခေတ်တွင် ဆာမောင်ကြီးနှင့် လူငယ် ဦးဘကျမ်းတို့ ဝန်ကြီးအဖြစ် ထမ်းဆောင်သည့် ဆေးလိပ်လုပ်ရေးနှင့် ပြန်လည် ထူထောင်ရေး ဌာနတွင် တဲဖက်အတွင်းဝန် အဖြစ် လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဆိုရှန်တိုပီလာ ကုန်ဖရင့်တွင် အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ဝန်ကြီး ဦးဘဝင်း၊ ဟင်္သာတ ဦးမြတို့၏ ကူးသန်းရောင်းဝယ်ရေးဌာနတွင် တဲဖက်အတွင်းဝန်နှင့် ပီလေးလုံး ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ လုပ်လပ်ရေးရပြီးခေတ်တွင် ပြည်ထဲရေးနှင့် သာသနာရေးဌာနတွင် အတွင်းဝန်နှင့် စသုံးလုံး ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ နောင်တွင် ဝန်ကြီးချုပ်၏ အတွင်းဝန် (၁) နှင့်

စသုံးလုံး ဥက္ကဋ္ဌအဖြစ် လည်းကောင်း တိုင်းပြည်၏ တာဝန်ကို ကျရာနေရာက ထမ်းဆောင်ခဲ့သည်။ ၁၉၅၈-ခုနှစ်တွင် အငြိမ်းစား ယူခဲ့သည်။

အနုပညာရှင် ဦးချမ်းသာ

ဦးချမ်းသာသည် အဆို အတီး အက ပန်းချီ စသည့် အနုစာပေကို အထူးဝါသနာပါသည်။ ငယ်ဉာဉ်အခါက ရပ်ကွက်တွင် မောင်းဆိုင်းထောင်၍ မြို့ပေါ် သာရေးနာရေးတွင် ပါဝင်ကူညီခဲ့သည်။ ငယ်စဉ်ကပင် ရေဆေးပန်းချီကို လေ့လာလိုက်စားခဲ့သည်။ ကောလိပ်၌ ပညာသင်ကြားစဉ် ဆရာကြီး ဦးဘဉာဏ်ထံမှ ရေဆေးပန်းချီပညာကို လေ့လာဆည်းပူးခဲ့သည်။ အငြိမ်းစားယူပြီး နောက်တွင်လည်း ဆရာကြီး ဦးငွေကိုင်၊ ဆရာကြီး ဦးစံဝင်း၊ ဆရာကြီး ဦးလှရှိန်တို့ထံမှ ဆီဆေးပန်းချီပညာကို ဆည်းပူးခဲ့သည်။ ဆရာကြီးသည် ဆီဆေး ပန်းချီကား ၃၅၀-ကျော် ရေးဆွဲခဲ့သည်။

ဆရာကြီးသည် ကဗျာ လက်ာကို်ကို ပုဂံဝန်ထောက်မင်း ဦးတင်၏ တပည့်အဖြစ် ဥပစာတန်းမှ စသင်ခဲ့ရသော်လည်း နီးကပ်စွာ ဆည်းပူးခွင့် မရခဲ့ပေ။ ဂျပန်ခေတ် စစ်ကိုင်းတောင်မှိုးတွင် စစ်ပြေးအဖြစ်နေရစဉ် ပုဂံဝန်ထောက်မင်း ဦးတင်ပြုစုသော ကဗျာဗန္ဓသာရကျမ်း၊ ဆရာကြီး ဦးဖေမောင်တင် ပြုစုသော မြန်မာစာပေသမိုင်း နှင့်မန်လည် ဆရာတော်ကြီး၏ မဟာဒေဝ လက်ာသစ်နှင့်ပျို့များကို သေ့လောခွင့် ရခဲ့သည်။ ထို့နောက် လက်ဝဲ မင်းညို ကလောင်အမည်ဖြင့် ပဒေသာရတုများကို စပ်ဆိုခဲ့သည်၊ ထို ရတုများကွင် ကိုလိုနီခေတ်ဖြစ်သော ၁၉၂၄-ခုနှစ်အတွင်း စပ်ဆိုသံကုံးခဲ့သော ရတု (၅၄) ပုဒ် ပါဝင်သည်။ ထိုပဒေသာရတုများ စာအုပ်သည် ၁၉၅၈-ခုနှစ် စာပေဗိမာန်ဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ဦးချမ်းသာသည် ဆရာကြီး ရွှေပြည် ဦးဘတင်ထံမှလည်း မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုကို ဆည်းပူးခဲ့သည်။ အနုပညာ၏ အခြေခံသဘောတို့ကို လက်ဝဲမင်းညို၊ ကဇလောင်အမည်ဖြင့် အနုပညာဂုဏ်ရည် စာအုပ်တွင် ရေးသားခဲ့သည်။ ထိုစာအုပ်ကို တက္ကသိုလ် ဥပစာတန်းတွင် မြန်မာစာအဖြစ် နှစ်နှစ်ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။ လက်ျာစံထား အမည်ဖြင့် မေဘွာနှင့် သစ္စာ၊ စာရိတ္တဂုဏ်ရည်၊ လူဂုဏ်ရည် စသည့် စာအုပ်များကို ရေးသားပြုစုခဲ့သည်။ ထို့ပြင် စာဆို်ဘော် ဦးချမ်းသာသည် (၁) အနုပညာဂုဏ်မြောက်ရတု စပ်ဆိုနည်း၊ (၂) မင်းကွန်း မို့းမိုက်မဟာမင်္ဂလာမော်ကွန်း (မ-ငါးလုံး ဖမော်ကွန်း)၊ (၃) ရတုပဒသာပို်ဒ်စုံ (၆၀-ခကျော်) သုံးခုကို စုပေါင်းထားသော အနုပညာလက်ာကျမ်းနှင့် ကျန်တော် အို်စီအက်(စ်)စာအုပ်များကို ပြုစုရေးသားခဲ့သည်။ ရာဇဝင်အခြေခံဆောင်းပါးများ၊ အတ္ထုပ္ပတ္တိ စာတမ်းများ၊ မင်းဘူး ဦးသြဘာသ၏ ဘဝနှင့်စာပေ (ဦးသြဘာသ၏ နှစ် ၂၀၀-ပြည့် အထိမ်းအမှတ်) များကိုလည်း ရေးသား ပြုစု ထုတ်ဝေခဲ့သည်။ ဒီမို်ကရေစီ ဂုဏ်ရည်နှင့် ဒီမို်ကရေစီ လူ့ကျင့်ဝတ် စာအုပ်နှစ်အုပ်ကိုလည်း ရေးသားခဲ့သည်။ ထို့ပြင် ဆရာကြီးသည် မြတ်စွာဘုရားသခင်သည် ကာဠဒါဃီ၏ ပင့်သျှောက်ခြင်းအရ ကြွချီတော်မူသော ကပိလဝတ် ဒေသစာရီခရီးကို ဖွဲ့ဆိုတော်မူသော ပျို့တစ်ဆောင်ကို နောက်ဆုံး ရေးသားသွားခဲ့သေးသည်။ ထို်ပျို့ကို ကျေးဇူးတော်ရှင် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးက "အတုရိတဒေသစာ[illegible]ပျို့" ဟူ၍ အမည်ပေးတော်မူသည်။

ဆရာကြီးသည် ့စစ်မဖြစ်မီကလည်း သိပ်ပံမောင်ဝ၏ တိုက်တွန်းချက်အရ ဂန္ဓလောကတွင် ရံဖန်ရံခါ စာပေများ ရေးသားခဲ့သေးသည်။ နဝဒေးမဂ္ဂဇင်းတွင် မြေနှင့်မိုး၊ အောင်ဖြိုး မြင်စမ်းချင်လှ ဝတ္ထုတိုများကိုလည်း ရေးသားခဲ့သည်။ ထို့ပြင် ရာဇဝင် ဝတ္ထုတိုများနှင့် ဆောင်းပါးများကိုလည်း သင့်ဘဝမဂ္ဂဇင်းတွင် ရေးသားခဲ့သည်။ ထို့နောက် စာရေးသူ၏ တောင်းပန်ချက်အရ ဇွေတာရီ မဂ္ဂဇင်းတွင် ဆောင်းပါးများ ရေးသားခဲ့ပါသေးသည်။

ဆရာကြီး၏ ဇနီးတို့မှာ သူဌေး ချပ်သင်း ဦးဘအင်(T.P.S)နှင့် ဒေါ်သိန်းသိန်း တို့၏ သမီး ဒေါ်သစ်သစ် ဖြစ်သည်။ ဒေါ်သစ်သစ် ကွယ်လွန်ပြီးနောက် ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ ရွှေနန်းသုံး ဝေါဟာရ အဘိဓာန်တို့ကို ပြုစုတော်မူသော ဝန်ထောက် မင်း ဦးမောင်မောင်တင်နှင့် ထိပ်တင်ဆင့်တို့၏ သမီး ဒေါ်တင်တင်မေနှင့် အိမ်ထောင်ပြုသည်။ သားငါးယောက် ့ထွန်းကားသည်။

ဆရာကြီး ဦးချမ်းသာကို နိုင်ငံတော် အစိုးရက ၁၉၅၁-ခုနှစ်တွင် သဲရေစည်သူ ဘွဲ့နှင့် ၁၉၅၈-ခုနှစ်တွင် မဟာသရေစည်သူဘွဲ့များ ချီးမြှင့်ခဲ့ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက "မင်းဘူး နဝဒေး" ဦးနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက "စာဆိုတော်" ဘွဲ့တို့ကို ချီးမြှင့်ခဲ့ပါသေးသည်။

ဆရာကြီးသည် "တိပိဋက=နိကာယဥပဋ္ဌာက အဖွဲ့ ရန်ကုန်ဌာနခွဲ၏ ဂုဏ်ထူးဆောင် နာယက၊ ကမ္ဘာအေး တောင်ပုလု သာသနာပြုအဖွဲ့ နာယက၊ မင်းကွန်းကောရကမဋ္ဌာန်းတိုက် သာသနာပြုအဖွဲ့နာယက၊ ရှင်တစ်ထောင်ဒါယကာ၊ ဘုရားဂူကျောင်းတို့၏ ဒါယကာ အဖြစ်လည်း ဘာသာရေး၊ သာသနာရေးများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပန်းချီဆရာများအသင်း၊ စာရေးဆရာအသင်း၊ ဘာသာပြန်စာပေ အသင်းတို့တွင် ရာဇဝက်ပန်အသင်းသားအဖြစ် ပါဝင်ခဲ့သည်။ ထို့ပြင် ကွယ်လွန်ချိန် အထိ မြန်မာစာအဖွဲ့တွင် အချိန်ပြည့် မြန်မာစာ အဖွဲ့ဝင်အဖြစ် ထမ်းဆောင်ခဲ့သည်။

ဤသို့သော သာသနာ့အကျိုး၊ နိုင်ငံတော်အကျိုး၊ မြန်မာစာအကျိုးကို သယ်ပိုးဆောင်ရွက်ခဲ့သော မဟာသရေစည်သူ မင်းဘူးနဝဒေး၊ နှစ်ဆယ်ရာစုရတု ဘုရင်စာဆိုတော် ဆရာကြီး ဦးချမ်းသာသည် အသက် ၈၄-နှစ် အရွယ် ၁၉၉၀-ပြည့်နှစ် နိုဝင်ဘာလ ၂၀-ရက်နေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၃၁)နေအိမ်တွင် ကွယ်လွန်သည်။

ဆရာကြီးသည် အနိစ္စ သဘောကို မလွန်ဆန်နိုင်၍ ကွယ်လွန်ခဲ့သော်လည်း ဆရာကြီး၏ သံလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော သူတော်ကောင်းတို့၏ ဂုဏ်ရနံ့ တို့သည်ကား သင်းထုံမွှေးပျံ့နေဆဲပါတကား။ နှစ်ပေါင်းရာတောင်မက သင်းထုံမွှေးပျံ့နေဦးမည်ပါတကား။

မင်းဘူး-မျိုးသက်အောင်

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး



စတုတ္ထသံးနှစ်ခရီး

မမွှလက်ဆောင်

ဦးအောင်ခိုင်
(ပါဠိပါရဂူနည်းပြ)

စတုဏ္ဍသုံးနှစ်ခရီးဓမ္မလက်ဆောင်

တိပိဋကဓရဆရာတော်၏ နိဝါတ-ဂုဏ်တော်

ဂုဏ် ဆိုသည်မှာ အနရိယ ပုထုဇဉ်များ၏ အလွန်နှစ်ခြိုက်အပ်သော အရာမျိုးဖြစ်သည်။ နေ့စဉ်စားသုံးအပ်သောအစားအစာများထက်ပင် တန်ဖိုးကြီးစွာထားနေကြကြောင်းကို ရှေးသူဟောင်းတို့ ပြောဆို ဆုံးမလေ့ရှိခဲ့ကြသည်။ ပုထုဇဉ်တို့၏ ကြိုက်စာဖြစ်သော လောကီဂုဏ် ပကာသနမှန်သမျှကား တိပိဋက ဆရာတော်ကြီးဌ စုပုံတည်နေခဲ့ကြပေသည်။ သို့ရာတွင် ဆရာတော်ကြီး၏ စိတ်နှလုံးတော် အစဉ်သည်ကား အမြဲထာဝရ အေးမြတော်မူလှပေသည်။

ရှိရှိသမျှ ဂုဏ်မှန်သမျှတို့သည် ဆရာတော်ကြီး၏ နောက်သို့သာ အစဉ်တစိုက် လိုက်နေကြပေသည်။ ဆရာတော်ကြီးကား ထိုဂုဏ်များဌ နှစ်ခြိုက် ပျော်ပိုက်တော်မမူခေ။ ဂုဏ်မလိုမှ ဂုဏ်ပိုသည်၊ ဂုဏ်လိုလျှင် ဂုဏ်ပြုတတ်ပေသည်-ဟူသော ရှေးဆရာတော်ကြီးများ၏ သြဝါဒ-မှာတမ်း စကားနှင့်ညီညွတ်တော် မူပါပေသည်။ ဂုဏ်နောက်သို့ လူက လိုက်နေရခြင်းမှာ ဂုဏ် အရည်အချင်း ပြည့်ဝသူများ၏ အလုပ်မဟုတ်ပေ။ ဂုဏ်အရည်အသွေး ကင်းမဲ့သူတို့၏ အလုပ်သာ ဖြစ်သည်။ ဂုဏ်ရအောင် ရှာနေရသည် ဆိုကတည်းက မိမိမှာ မရှိသေးခြင်း၊ မပြည့်စုံခြင်းကို ဝန်ခံနေသကဲ့သို့ ဖြစ်ပေသည်။ မိမိမှာ တကယ်ရှိသော အရည်အချင်းသည်သာ ဂုဏ် မည်ပေသည်။

ဂုဏ်ပေါင်းခရသောတိပိဋကဓရဆရာတော်ကြီး၊ နိုင်ငံတော်၏ ဗုဒ္ဓသာသနာ့ ပဲ့ကိုင်ဆရာတော်ကြီး၊ နိုင်ငံတော်၏ ရိုသေလေးစား ကုသိုလ်ပွားရာ ဆရာတော်ကြီး၊ ကမ္ဘာတဝှန်းအထိ သီလ-သမာဓိ-ပညာ အကျင့် သိက္ခာအားဖြင့် ကျော်ကြားထင်ရှားတော်မူသော ဆရာတော်ကြီး ဖြစ်လင့်ကစား စိတ်နေစိတ်ထား မြင့်မားတက်ကြွစေသော မာနတရားကို နှိမ့်ချထားတော်မူနိုင်ပါပေသည်။ လွန်ခဲ့သော အချိန်တစ်ချိန်က အောက်မြန်မာပြည်သို့ တစ်မြို့ပြီး တစ်မြို့ သာသနာပြုခရီး ထွက်ကြခိုက်တွင် မြောင်းမြို့မှာ တထောက်နားကာ တရားဓမ္မဟောပြတော်မူခဲ့ဖူးပါသည်။

ထိုအချိန်တွင် ဤစာရေးသူကိုယ်တိုင် ဖူးတွေ့ခဲ့ရသည်။ နာမည်ကြီး စာသင်တိုက် တစ်တိုက်သို့ ကြွရောက်လာခိုက် ဖြစ်သည်။ထိုစဉ်က တိပိဋကဓရ ဆရာတော်ကြီး၏ အရွယ်တော်မှာ ငယ်လှပါသေးသည်။ယင်းစာသင်တိုက်က ဆရာတော်နှင့်တကွ သံဃာတော်များအားလုံး ဆရာတော်ကြီးကို ဖူးမြော်ကာ သြဝါဒခံယူခဲ့ကြသည်။ ကျော်ကြားသော ဂုဏ်တော်နှင့် လိုက်ဖက်အောင်ပင် သီတင်းသုံးနေထိုင်ဖို့ နေရာဌာန ပြုပြင်ပေးထားပါသည်။ ပြင်ဆင်ပေးထားအပ်သော နေရာတွင် ထိုင်တော်မမူဘဲ နေရာ၏ အပေါ်တွင် ခင်းထားအပ်သော နေရာထိုင် အခင်းငယ်ကို ဆွဲယူပြီး အောက်မှာ ခင်းလျက်

ပဆစ်ဒူးတုပ်ကာ အခင်းပေါ်မှာ ပြုံးရွှင်စွာ သီတင်းသုံး နေထိုင်တော်မူခဲ့ပါသည်။

စပ်မိစပ်ရာ ပဋိသန္ဓေရ နှုတ်ဆက် စကား များ ပြောကြားပြီး "မြတ်စွာဘုရား ဟောကြား ထားခဲ့သမျှ စကားတော် ပါဠိတော်များကို လျှောပေါ် ရောက်အောင်မယ်... ဆိုတဲ့ ရည် ရွယ်ချက်ထားက ကျက်မှတ်လာခဲ့ပါတယ်။ အဲဒီ ကျက်မှတ်ထားပြီးသား ဘုရား စကား တော်ဝေငှကိုပင် အများသိအောင် အခွင့်သာ တိုင်း ဟောပြောခဲ့ပါတယ်။ ဘုရားပွင့်မှ ဒီပါဠိ တော်ရတနာကို ကြားရ နာရ ကျက်မှတ်ရတာမို့ မျှားစွာ ခမ္မပီတိ ရရှိခဲ့ပါတယ်။ ငါ့ရှင်တို့လဲ တတ်နိုင်သမျှ ကြိုးစားပြီး ဘုရားဟောထား တဲ့ မုခပါဠိတော်တွေကို ကျက်မှတ်ပြန်ဆိုကြ ပါ-လို့ ယခုလို တွေ့ကြုံခိုက်မှာ မှာကြားလိုပါ တယ်" လို့ သြဝါဒစကား မိန့်ကြားတော်မူခဲ့ပေ သည်။

ဝင့်ဝါမောက်ကြွား အပေါ်စီးစကားမျိုး ကို ပြောကြားတော်မမူဘဲ သာသနာ့ အနှစ် သာရကို ပြည့်စုံစွာ သိထားသူပီပီ နှုးညံ့သိမ် မွေ့ သာသနာ့ဓာတ်ငွေ့မျှား ဆင့်ပွားကူးစက် အောင် နှလုံးခိုက် စကားမျှားကို တိပိဋကဓရ ဆရာတော်ထံမှ ကြားနာလိုက်ရသော ဤစာ ရေးသူအဖို့ ဆရာတော်ကြီး၏ နိဝါတဂုဏ်တော် ကို ကြည်ညိုလို့မဆုံး ပြန်တွေးမိတိုင်း ထပ် တလဲလဲ ခမ္မပီတိများ ပွားများခဲ့ရပါသည်။ ဤ စာရေးသူ စိတ်ထဲတွင်လည်း 'ငါလည်း ဤဆရာ တော်ကြီးလို နိဝါတဂုဏ် ပြည့်စုံအောင် ကျင့် သုံးနေထိုင်မည်' ဟု ဆုံးဖြတ်ချက်ချခဲ့သည်အထိ ဆရာတော်ကြီး၏ သူတော်ကောင်းဓာတ် ကူး စက်လာခဲ့ရပါသည်။

တိပိဋကဓရ ဆရာတော်ကြီးကား ဤစာ ရေးသူစိတ်တွင် သူတော်ကောင်းဓာတ် ကပ် ရောက်လာအောင် ဆွဲဆောင်နိုင်သော နိဝါတ ဂုဏ်တော်နှင့် ပြည့်စုံဘဝ်မူပါပေစွ။ သာသနာ့ တာဝန်မြတ်ကို ကျေပွန်စွာ ထမ်းဆောင်တော် မူနိုင်ပါပေစွ။ ယူးတွေ့ ဆည်းကပ်ကြသူများ ဤကဲ့သို့ သာသနာ့စိတ်ဓာတ်တွေ ဖြိုးဝေသွား အောင်ကျင့် သုံးနေထိုင်ခြင်းသည်ပင် သာသနာပြု မည်ပါပေသတည်း၊

ဗုဒ္ဓဂျင်တော်မြတ် လက်ထက်က ဗုဒ္ဓရှင် ပေါ်ကို ဖူးတွေ့ရုံမျှဖြင့်ပင် တရားစကား မနာ ကြားရသေးဘဲ ကြည်ညိုလေးစားစိတ်များ၊ ရှိခိုးဦးခိုက်ချင်စိတ်များ ဖြစ်ပေါ်လာခြင်းသည် ပင် စိတ်ကို သာသနာဖက်သို့ ဦးလှည့်ပေး ခြင်း၊ သာသနာကို လိုက်နာပြုကျင့်ချင်စိတ် ပေါ်ပေါက်စေနိုင်ခဲ့ရုံမျှမက ဘဝကောင်းကျိုး ရရှိခဲ့ပုံများ၊ မင်္ဂလာရခဲ့ပုံများ၊ ကျွတ်တန်းဝင် ကြရပုံများအထိ အကျိုးပြုခဲ့သည်တို့ကို စံနမူနာ ယူထိုက်ပေသည်။ ဤကဲ့သို့သော သာသနာ့ အရည်အသွေးများကို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးက ပေါ်လွင်အောင် သယ်ဆောင်ဖန်တီးပေးနိုင်ပါမှ ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ် အားထားသူများ ယုံကြည်မှု အင်အား တိုးပွားလာအောင် ရှေ့ဆောင် လမ်းပြပေးနိုင်ပါမှ နောင်တစ်ခေတ်မှာ အား တက်စဖွယ် ဖြစ်နိုင်ပေမည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်

ဤကဲ့သို့သော ပရိယတ္တိသာသနာ့တက္ကသိုလ် ကြီး မြန်မာပြည်မှာ ထီးထီးမားမား ရှိနေဖို့ လိုအပ်ခဲ့သည်မှာ အခါခါအတော် ကြာမြင့်ခဲ့ပါ ပြီ။ ယခုမှပင် ထူးထူးခြားခြား ကြီးကြီးမား မား ပေါ်ထွန်းလာခဲ့ပေပြီ။ ဤသို့ ပေါ်လာရ ခြင်းကား တိပိဋကဓရ ဆရာတော်ကြီး၏ ဂုဏ် ကျေးဇူးများဧကြောင့်ဟု ဆိုရပါမည်။ ဆရာတော်

ကြီးနှင့် ပရိယတ္တိ သာသနာ့တက္ကသိုလ်တို့ကား တသီးတခြား ခွဲခြားး၍ မရအောင်ပင် ဆက်နွယ်နေခဲ့သည်။ နိုင်ငံတော်ကလည်း ဤအတိုင်းပင် မြင်နေပေသည်။ ဆရာတော်ကြီး ရှေ့ဆောင်နေသောကြောင့်ပင် ဝိုင်းဝန်း အားပေး ခဲ့ကြပေသည်။

ဤပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး အရှည်ခန့်၍ တည်တံ့အောင် ရှေ့ဆောင်ကြရမည့် ပုဂ္ဂိုလ်များကား အခြား ဘာသာရပ်များထက် ပါဠိဘာသာနှင့် မြန်မာဘာသာကို ပြည့်စုံစွာ တက်မြောက်ထားဖို့ အထူး လိုအပ်ပေသည်။ ဤနှစ်ဘာသာ ကျွမ်းကျင် တတ်မြောက်ကြမှသာ သာသနာတော်ကို တိုးတက်အောင် ဆောင်ရွက်နိုင်ပေသည်။ စာမတတ်သူ ဦးဆောင်လျှင် အလွဲလွဲအမှားများ လမ်းချော်သွားကာ သာသနာ့ အနှစ်သာရများ ကွယ်ပျောက်သွားနိုင်ပေသည်။ စာတတ် စာတော် ဖြစ်ပါသော်ငြားလည်း သဒ္ဓါခေတ်အား နည်းပါးနေခဲ့လျှင် ဆောင်ရွက် စီမံချက်များ တိမ်းပါးသွားနိုင်ပေသည်။ အပြစ်ဖြစ်မှာ ကြောက်ရွံစိုးရိမ်ဘတ်သော လင်္ကာပုဂ္ဂိုလ်များ ဖြစ်မှသာ သာသနာပြုရေးစခန်း လမ်းပန်းသာ ဖွာလာပေမည်။ ထို့ကြောင့် ဝိနယပရိယတ္တိ ကျမ်းစာများ၌ လင်္ကာသာသနံ ရက္ခိဿတိ၊ ဗျည္ဇနာ၊ ပဒီပလော စသော စကားများ နေရာတကာမှာ ပါရှိနေပေသည်။

ဤနိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်မှာသာ ထေရဝါဒ ဗုဒ္ဓသာသနာရေးရာအဖြာဖြာကို ကမ္ဘာကလာ၍ ဆည်းပူး လေ့လာရပေမည်။ ထေရဝါဒ ပိဋကတော်များ၊ အဋ္ဌကထာများ၊ ဋီကာများ နှိုင်းနှင်းစွာ လေ့လာနိုင်စွမ်းရှိသူများ မြန်မာနိုင်ငံမှာသာ အပြည့်အစုံရှိနေသောကြောင့် ဖြစ်ပေသည်။ ထေရဝါဒနှင့် ပတ်သက်သော စီမံ ဆောင်ရွက်ချက်များ အထူးရှောင်ရှားသင့်ပေသည်။

ဘဝမှလွတ်မြောက်ရေး အတွက် မဂ်–ဖိုလ် နိဗ္ဗာန်ထိအောင် ပေးဆောင်နိုင်သော ယထာဘူတကျင့်စဉ်မှန်များ ဤထေရဝါဒ၌ ပြည့်စုံစွာ ရှိနေပေသည်။ အခြား ဘာသာရပ်များ အခြား တက္ကသိုလ်များ၌ ဘဝ လွတ်မြောက်ရေး အတွက် တိကျမှန်ကန်သော ကျင့်စဉ်များ မယ်ဒယ်ရရ ပြည့်ပြည့်ဝဝ လမ်းညွှန်ချက်များ မရှိပေ။ ဤအချက်မှာ ဤပရိယတ္တိသာသနာ့တက္ကသိုလ်က သာလွန် နေပေသည်။

ဖြစ်သင့်သောပရိယတ္တိသင်ကြားရေး

ကျမ်းရင်းသုံးကျမ်းကို ဓမ္မာစရိယ စာမေးပွဲ၌သာ အဆုံးသတ် သင်ယူစေသင့်သည်။ လက်ရှိ စာမေးပွဲစနစ်ကိုလည်း ပါဠိစာပေကျွမ်းကျင်နိုင်မည့် အခင့်မျိုး ရောက်အောင် ပြုပြင်သင့်သည်။ အတက်၊ အထက်၊ စုဒ်၊ စောဒနာ၊ ဥာဏ်ကောက်၊ ခေတ်၊ ပစ္စည်းခွဲ၊ နေတ္တိနယ စသော ပြင်ပသဒ္ဒါနည်းများဖြင့် အချိန် မဆွဲသင့်ပေ။ စာသင်နည်းစနစ် မမှန်ကန်မှုကြောင့် ပရိယတ္တိသာသနာ အင်အားလျော့ပါးသွားရတာမျိုး မဖြစ်စေသင့်။ စနစ်သစ်တစ်ခု ပြုပြင်မှုသည်အကျိုးသက်ရောက်မှုရှိမှသာ ပြုပြင်ရကျိုးရှိနိုင်သည်။ ရှေးက ဓမ္မာစရိယများနှင့် ယခု ဓမ္မာစရိယများ ပါဠိစာပေ ကျွမ်းကျင်မှုအရည်အသွေးချင်း မည်သို့ကွာခြားနေကြပါသနည်း။ ဘာ့ကြောင့် ကွာခြားကြပါသနည်း။ မည်သို့ပြုပြင်မှ ရှေးနှင့်တူညီနိုင်မည်နည်း။ ဤအချက်

ကြပေပြီ။ ယင်းအကာကျမ်းစာများကို ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးက စုန်ခွာသင့်ပါပြီ။ ပရိယတ္တိကျမ်းစာ သင်ရိုး တစ်လျှောက် အကာကျမ်းစာများဖြင့်ချည်း အဆုံးမသတ်သင့်ပေ။ ဤသို့ မဖြစ်ရလေအောင် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးက ဗုဒ္ဓသာသနာခေါ် နိကာယ်စုံ ပွင့်လင်းအောင် ဖွင့်ပြပေးဖို့ အချိန်တန်ပြီဟု ဤဆောင်းပါးရှင်က မြင်နေပါသည်။

၂ဝရာစုလူတို့အသက်

ယခုအခါ ပရိယတ္တိဓမ္မကို လေ့လာသင်ယူသူ ပို့ချသူတို့၏ အသက်တမ်းမှာ ရှေးကပုဂ္ဂိုလ်ကျော်တို့၏ အသက်ဘမ်းနှင့် မတူညီတော့ပေ။ အသက်(၃ဝ)ဝန်းကျင် အတွင်း သင်ယူမှုကိစ္စအဝဝ ပြီးပြည့်စုံကြပါမှ ကျန်အသက်ရှည်ရာကာလအတွင်းမှာ သာသနာပြု လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နိုင်ကြပေမည်၊ သင်ယူမှုဖြင့်သာ အချိန်မကုန်စေသင့်ပေ။ အသက်(၇ဝ)ကျော်ခဲ့လျှင် များသောအားဖြင့် အလုပ်မလုပ်ဘော့သည့် လူ့ဘဝ အခြေအနေကို အရေးကြီးသော ကဏ္ဍမှာထားပြီး သာသနာပြုဇရုးကို စဉ်းစားသင့်သည်။ စာသင်ရာ၌ မြန်မြန် ထက်ထက် သွက်လက်သော သင်ကြားနည်းကို ရှာဖွေသင့်သည်။ ရှေးဟောင်း သုတေသနဌာနများ၏ လုပ်ထုံးနည်းမျိုး ဘယ်ခေတ်က ဘယ်မင်းလက်ထက်က ဘယ်ခုနှစ်ကစသည်ဖြင့် သာဓကဆုတ်ပြ၍ သင်ကြား ပို့ချနည်းမျိုးကား ဗုဒ္ဓအလိုဒေါ် ကျပါမည်လော၊ သဒ္ဓါအားနည်းသူတို့အတွက် အသုံးဝင်နိုင်ဖွယ်ဖြစ်သော်လည်း အရှင်မဟာကဿပစသောမဟာထေရ်မြတ်တို့က ဗုဒ္ဓစကားတော်များ ဖြစ်ခဲကြောင်း သက်သေနာတင်ကာ ခိုင်လုံစွာသက်သေပြခဲ့ကြပြီး ဖြစ်သည်၊

ကို သာသနာ့ တာဝန်ရှိနေသူများ မစဉ်းစားဘဲ မနေသင့်ပေ။

ဖြစ်သင့်သောတက္ကသိုလ်သင်ရိုး

ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး၌ ကျမ်းအိပ်များ ဖြစ်နေသော၊ ပို့ချလေ့လာသူ ရှားပါးသဖြင့် ကွယ်လုနီး ဖြစ်နေသော၊ သာသနာ့အနှစ်သာရတွေ့ စုပြုံနေသော၊ သဗ္ဗညုတဉာဏ်ဖြင့် ကျက်စားရာဖြစ်သော နိကာယ်ကျမ်းစာကြီးများကို အခြေပြု စာသင်တိုက်ငယ်များက တာဝန်ယူ ပို့ချပေးဖို့ အချိန် မရကြတော့ပါ။ သင်ယူကြရသူများ ကလည်း အခြေပြု ကျမ်းစာများဖြင့်သာ နပမ်းလုံးထွေး နေကြရရှာပေသည်။ ဓမ္မာစရိယဘွဲ့ ရပြီးသည် အထိ ဗုဒ္ဓသာသနာ၏ အနှစ်သာရ စကားစုနှင့်မထိတွေ့ကြရရှာသေးပေ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီးသည် အဋ္ဌကထာအားလုံးနှင့် ဆက်သွယ်နေရုံမျှမက အဋ္ဌကထာ ကျမ်းစာများ၏ ကျမ်းညွှန်းကြီးလည်း ဖြစ်ပေသည်။

ပဋိပတ္တိသာသနာတော်ကို ထိန်းသိမ်းထားကြသော ဓမ္မရိပ်သာတိုင်း၏ မှီခိုအားထားရာကြီးလည်း ဖြစ်ပေသည်။ ဤသို့သော ပိဋကဟင်းလေးအိုးကြီး ဖြစ်ပါလျက် မြန်မာပြန်များဖြင့်သာ တင်းတိမ်နေကြပြီး ပါဠိကျမ်းစာကို အသုံးမပြုကြ၊ ပို့ချမှု မရှိကြတော့သဖြင့် ပါဠိကျမ်းစာ ကွယ်နေသကဲ့သို့ ဖြစ်နေသည်။ ပါဠိကျမ်းစာပျောက်လျှင် သာသနာလည်း ပျောက်ရပေတော့မည်။ ပါဠိဘာသာသည်သာပဋိသမ္ဘိဒါဉာဏ်ဖြင့် ဥပနိဿယ အကြောင်းပါတည်း။

နှစ်ပေါင်းများစွာ အခြေပြု မူလတန်း ငယ်လတ်ကြီး ဓမ္မာစရိယတန်းအထိ သဒ္ဒါ၊ သင်ဟ စာစပ်၊ နေတ္တိ၊ အလင်္ကာ၊ ဆန်း စသည်ကို သင်ယူလေ့လာခဲ့ကြပြီး ဖြစ်၍ ကျေနပ်လေက်

အမှန်တရားကို ရှာဖွေနေသော ရှင်သာရိပုတ္တရာကဲ့သို့ "အရှင်အာသဇီ မထေရ်ကို ဖူးတွေ့ရသည့်အခါ အရှင်မြတ် စွမ်းနိုင်သလောက်နည်းသည်ကို ဖြစ်စေ၊ များများကိုဖြစ်စေ ဟောသာဟော၁ပါ။အရှင်မြတ် ဟောသမျှကို ထိုးဖောက်၍ သိနိုင်ဖို့က အကျွန်ုပ်၏ တာဝန်သာ ဖြစ်ပါသည်။ အနက် အဓိပ္ပာယ်ကိုသာ ဟောပြပါ။ အနက်ကိုပဲ ကျွန်ုပ် လိုချင်ပါသည်။ သဒ္ဒါရေးနည်းတွေကို များများကြီးပြောပြဖို့ ဘာအသုံးဝင်မှာလဲ" လို့လျှောက်ထားသည့်ထုံးကိုပရိယတ္တိသာသနာ ကျယ်ပြန့်ရေးကို အာရုံစိုက်နေကြသော သာသနာပြု ပုဂ္ဂိုလ်ကျော်များ အထူးဂရုပြုထိုက်သင့်ကြပေသည်။

သဒ္ဒါနည်းများသည် ပါဠိစာပေကို လေ့လာကြရာ၌ မုချကောန် အမှန်ပင် လိုအပ်ပါသော်လည်း လိုအပ်တာထက် ပိုလွန်းသော၊ ခဲကားလွန်းသော သဒ္ဒါနည်း များဖြင့်သာ အနှစ်သာရတရားစုကို အချိန်ဖြုန်းကာ ဖုံးကာသွားအောင် သင်ပြနည်းမျိုးကိုမူ မချသင့်ပါ။ ရတနာသုံးပါးကို 'အားထား ယုံကြည် သူတို့သုဂတိအကျိုး၊ စရဏဓမ္မ ဖြည့်ကျင့် နိုင်ကျိုး၊ ဘဝမှလွတ်မြောက်ရေး မဂ်-ဖိုလ်-နိဗ္ဗာန် မျက်မှောက်ပြုရကျိုးများ ဖြစ်ဆသော လေးသစ္စာနှင့် ကမ္မာတစ်သိန်းကြာအောင် ပါရမီ ဖြည့်ကျင့်ပြီးမှ ပေါ်ပေါက်လာခဲ့ရသော မြတ်ဗုဒ္ဓ အလိုတော်မြတ် လူသားတိုင်းထံသို့ ရောက်အောင် ပို့ဆောင်နိုင်စွမ်းရှိသော ပရိယတ်=ပဋိပတ် နှစ်ရပ်ပြည့်စုံတော်မူကြသော သာသနာပြု အရှင်များ မွေးဖွားပေးနိုင်သော ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး ထီးထီးမားမား ထင်ရှားစွာ ပေါ်လာလိမ့်မည်ဟု ယုံကြည် မျှော်လင့်မိပါသတည်း။

ဦးအောင်ခိုင်
ပါဠိပါရဂူ၊ နည်းပြ၊ မင်္ဂလာဗျူဟာ

လောကွဲ ရဲစေသောတရား (၄၄) ပါး

သဒ္ဒါ+သီလ၊ စာဂ+ပညာ၊ သမ္မဒါ လေးဖြာ ရကြောင်းပြ။

၁။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း (သဒ္ဓါသမ္မဒါ)
၂။ သီလတရားနှင့် ပြည့်စုံခြင်း (သီလသမ္မဒါ)
၃။ စွန့်ကြဲ ပေးကမ်း လှူဒါန်းမှုနှင့် ပြည့်စုံခြင်း (စာဂသမ္မဒါ)
၄။ ပညာအမြော်အမြင်နှင့် ပြည့်စုံခြင်း (ပညာသမ္မဒါ)

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၊



ကတည်းကတဆင့်
မှယောသက
ဦးမောင်မောင်

"မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးမှာ ဘက်စုံအရည်အချင်းများနှင့် ပြည့်စုံ၍ ဘက်စုံ၊ ထောင့်စုံလေ့လာပြီး တင်ပြထိုက်သော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပါသည်။ တင်ပြသူများလေလေ အတုယူဖွယ်၊ အားကျဖွယ်၊ ကြည်ညိုဖွယ်များများသိရလေလေဖြစ်၍ ကျေးဇူးများလှပါသည်" ဟု မေမြို့ ရတနာမာရ်အောင်ကျောင်းတိုက် ဦးပညာသိဟ(ဓမ္မာစရိယပါဠိပါရဂူ) က ဆရာတော်၏ သက်တော် (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်စာစောင် နိဒါန်း၌ ဖော်ပြထားပါသည်။ စာရေးသူသည် ၁၉၅၀-ပြည့်နှစ်၊ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာတွင် တိပိဋကဓရဓွေးချယ်ပွဲကြီး စတင်ကျင်း

ပစဉ် အခါကပင် ဆရာတော်အား သိကျွမ်းကြည်ညိုခွင့် ရခဲ့ပါသည်။

၁၉၆၇ ခုနှစ် အစိုးရအလုပ်မှ ပင်စင်အငြိမ်းစားဘဝသို့ ရောက်သည့်အချိန်မှစ၍ မင်းကွန်းဓမ္မနာဒတိုက်သို့ ကြိမ်ဖန်များစွာ သွားရောက်၍လည်းကောင်း၊ ရန်ကုန်မြို့ ကိုဗဟိုပြုလျက် အောက်မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသ၊ အလယ်ပိုင်းဒေသ၊ ပဲခူး၊ သထုံ၊ မော်လမြိုင်၊ ရေး၊ ထားဝယ်၊ မြိတ် အစရှိသည့် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် သံ့ ငပလီ၊ တောင်ကုတ် အစရှိသည့် ရခိုင်တိုင်းမြို့ရွာဒေသများသို့လည်းကောင်း၊ ဆရာတော်ဘုရား၏ ရင်းချာသော ရဟန်းတပည့်၊ လူတပည့်များနှင့်အတူ လိုက်ပါလျက် ကပ္ပိယကာရကအလုပ်များကို အနီးကပ် ဆောင်ရွက်ခဲ့ရပါသည်။

ဤကဲ့သို့ ဆရာတော်ဘုရားနှင့်အတူ အနီးကပ်သွားလာလှုပ်ရှားခွင့်ရခဲ့သဖြင့် ဆရာတော်ဘုရား၏ ထူးခြားသောအကြောင်းအရာ ဖြစ်စဉ်တို့ကိုလည်း သိရှိမှတ်သားခွင့် ရခဲ့ပါသည်။ စာရေးသူသိရှိမှတ်သား မိသော အကြောင်းအရာများအနက် ထူးထူးခြားခြား သိမှတ်ဖွယ်၊ အတုယူလိုက်နာဖွယ်ကောင်းသောအကြောင်းတစ်ရပ်မှာ သူတစ်ထူး၏ကျေးဇူးကိုသိခြင်း နှင့် ပေးဆပ်ခြင်းပင် ဖြစ်ပါသည်။ သာသနာတော်တွင် ကြီးပွါးခြင်းနှင့် အတတ်အထိပ်သို့ ရောက်ရှိခြင်းမှာ ဆရာတော်၏ ကတညုတ ကတဝေဒီတရားကို စောင့်ထိန်းမှုကြောင့်ဖြစ်သည်ဟု စာရေးသူအ နေဖြင့် တစ်ထစ်ချ ဆိုဝံ့ပါသည်။ ထို့ကြောင့်ပင်လျှင် ဤဆောင်းပါးကို “ကတညုတ ကတဝေဒီ”ဟူ၍ ခေါင်းစည်းတပ်လိုက်ရပါသည်။ ကတညုတ = မိမိအပေါ် ပြုခဲ့သည့် သူတစ်ထူး၏ကျေးဇူးဥပကာရကို သိခြင်း၊ နားလည်ခြင်း + ကတဝေဒီ=မိမိအပေါ်တွင် ရှိသည့် ကျေးဇူးကို သိနားလည်သည့်အားလျော်စွာ ပြန်၍ပေးဆပ်ခြင်း၊ ကျေးဇူးဆပ်ခြင်းကို ဆိုလိုပါသည်။

ဆရာတော်ဘုရားသည် မြန်မာနိုင်ငံတော်တစ်ဝန်းလုံး အနယ်နယ်အရပ်ရပ်မှ လှူဒါန်းကြသောနဝကမ္မ ဝတ္ထုပစ္စည်းအား လုံးအား မိမိ၏ကိုယ်ပိုင်ပစ္စည်းအဖြစ် သုံးစွဲခြင်းမပြုဘဲ၊ ရဟန်းသာမဏော၊ သီလရှင်နှင့် လူသူတော်စင်အား လုံးတို့အတွက် သာသနာတော်အကျိုးငှာ၊ သာသနာတော်ကို ကျေးဇူးဆပ်သည့်အနေဖြင့် ခွဲဝေလှူဒါန်းတော်မူလေ့ ရှိပါသည်။ သာသနာတော်ကို အကြောင်းပြု၍ ဒကာ၊ ဒကာမများက ဆရာတော်အားကြည်ညိုလေးစားကြသဖြင့် လှူဖွယ်ပစ္စည်းမျိုးစုံကို ဆက်ကပ်လှူဒါန်းကြခြင်းဖြစ်ရာ၊ လှူဒါန်းသူများလည်းအကျိုးရှိ၊ သာသနာတော်လည်း တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ဆရာတော်က အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သဒ္ဓါရက်ရောစွာဖြင့် ဘယ်ကဝင်-ညာကထွက် ဟူသကဲ့သို့ စွန့်ကြဲပေးကမ်း လှူဒါန်းတော်မူပါသည်။

ဥပမာသာဓကတစ်ခု တင်ပြပါမည်။ တစ်နေ့သောည ၁၁-နာရီခန့်အချိန်တွင်၊ ပုဇွန်တောင်ရွှေဘုန်းပွင့်တရားပွဲအပြီး၊ ဆရာတော်ဘုရားအား၊ စာရေးသူနှင့်မိတ်ဆွေတစ်ယောက်တို့က မော်တော်ကားဖြင့် ဆရာတော် တည်းခိုသီတင်းသုံးရာဖြစ်သော မဟာစည်သာသနာ့ရိပ်သာ သိမ်တော်ကြီးသို့ လိုက်၍ ပို့ပါသည်။ ကပ္ပိယကိုလှမြင့်နှင့် အဖော် ၃-၄ ယောက်တို့က နက်ဖြန် မင်းကွန်းသို့ ပြန်ရန်အတွက် သင့်နံ့း၊ ထီး၊ ဖိနပ်၊ စသည်ဖြင့် တရားပွဲအသိုးသိုးမှ ဆရာတော်ဘုရားအား လှူဒါန်းသည့် ပစ္စည်းအမျိုးစုံတို့ကို ထုပ်ပိုးပြင်ဆင်နေကြ

သည်။ စာရေးသူက အလွှာပ သလွှာပပြောရင်း စောင့်ကြည့်နေသည်။ အချိန်ကား ည၁၂-နာရီနီး ပါး:ရှိနေပြီ။ စာရေးသူက နာရီကို မော်၍ကြည့်သည်။ ဒကာ၏အရိပ်အခြေကိုသိသော ဆရာတော်ဘုရား က ဤသို့ စကား:စ၏။ "အင်း ဒကာကြီး:ကတော့ ထင်မှာပဲ၊ ရန်ကုန်မှာရသမျှပစ္စည်း၊ ထီး၊ ဖိနပ်၊ ဆပ်ပြာ၊ ဖရောင်း:တိုင်ကအစ၊ အား:လုံး:မင်း:ကွန်း:ကို သယ်တာပဲလို့။ ဒီလိုရှိတယ်ဒကာကြီး ရန်ကုန်လိုမြို့ကြီး:တွေမှာက ပစ္စည်း:မျိုး:စုံကို လွယ်လင့်တကူရနိုင်တယ်။ မင်း:ကွန်း:လို ဒေသကျတော့ လူသူအရောက်အပေါက်နည်း:ပြီး အလှူအတန်း:ကလည်း ရှား:ပါတယ်။ အလှူအတန်း:ကနည်း:တော့ ပစ္စည်း:ပစ္စယကလဲရှား:ပါ:တာပေါ့။ ဒီတော့ မင်း:ကွန်း:ပြန်ရောက်ရင် ဒကာကြီး ယခုမြင်ရတဲ့ ပစ္စည်း:တွေအား:လုံး:ကို မရှိရှား:ပါ:တဲ့ ပုဂ္ဂိုလ်တွေထံ ပြန်လည်စွန့်ကြဲပေး:ကမ်း:ရတယ်။ ရံဖန်ရံခါ မရှိရှား:ပါ:တဲ့ ရဟန်း:သာမဏေတွေ ဘုန်း:ကြီး:ထံလာပြီး သင်္ကန်း:တို့၊ ထီး:တို့၊ ဖိနပ်တို့ အလှူခံလေ့ရှိတယ်။ သူတို့အဖို့တော့ ဘုန်း:ကြီး:ဟာ လိုရာရနိုင်တဲ့ ပဒေသာပင်ကြီး:ပေါ့။ ဒါကြောင့်မို့-ဘုန်း:ကြီး:က ရေမျှား:ရာ မိုး:ရွာတဲ့သဘောမဖြစ်စေဘဲ အမှန်တကယ်ရှား:ပါ:ပြီး လိုအပ်နေတဲ့ အလှူခံပုဂ္ဂိုလ်တွေထံရောက်အောင် ဒီပစ္စည်း:တွေကို အပင်ပန်း:ခံပြီး သယ်ယူခိုင်း:ရတာပဲ။ ဘုန်း:ကြီး:အတွက်၊ ကျောင်း:အတွက် မဟုတ်ပါဘူး:"ဟု ဆရာတော်က ရှင်း:လင်း:မိန့်ကြား:တော်မူပါသည်။

စာရေးသူက နာရီကိုမော့၍မော့၍ ကြည့်ခြင်း:မှာ မောပန်း:သဖြင့် အိမ်သို့ပြန်၍ အနား:ယူလိုသောဆန္ဒကြောင့်ဖြစ်ပါသည်။ ပစ္စည်း:တွေထုပ်ပိုး:နေခြင်း:ကို ပြစ်တင်ဝေဖန်လိုသောကြောင့် မဟုတ်ပါ။ သို့သော် ဆရာတော်ဘုရား:၏ မွန်မြတ်သောစေတနာ၊ မွန်မြတ်သောရည်ရွယ်ချက်ကို သိခွင့်ရသော စာရေးသူကတော့ နည်း:ယူထိုက်ပေစွ၊ တစ်ကိုယ်ကောင်:စိတ် ကင်း:ပေစွ (UNSELFISH) ပဲ့ အကြိမ်ကြိမ် သာဓုခေါ်မိပါသတည်း။

* * * * *

မိခင်၏ ကျေး:ဇူး:ဂုဏ် ။

၁၃၄၀-ပြည့်နှစ်၊ နယုန်လပြည့်နေ့တွင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရရှိသည့် ၂၅ နှစ်မြောက်အထိမ်း:အမှတ် ငွေရတုသဘင်ပွဲမကျင်း:ပရသေး:မီ အချိန်ကာလများ:၌ ဆရာတော်ဘုရား:သည် သာမန်တရား:ပွဲများ:သာရှိသဖြင့် နား:နားနေနေ နေနိုင်ခွင့် စကား:ပြောဆိုရင်း:နှီး:ခွင့် ရတတ်ပါသည်။ ဤအခါမျိုး:၌ ရင်း:နှီး:ခင်မင်သော ဒကာတစ်ယောက်အနေဖြင့် စာရေးသူအား ဆရာတော်က သူ၏အတိတ်ကာလကို တစ်စေ့တစ်စောင်း: အမိန့်ရှိတတ်ပါသည်။

လွန်ခဲ့သော နှစ် ၅၀ ကျော်ကဖြစ်ရပ်တစ်ခုဖြစ်ပါသည်။ ဗြိတိသျှ အစိုး:ရလက်ထက်တွင် သာသနာရေး:ဆိုင်ရာ ဘွဲ့ထူး:ဂုဏ်ထူး:ကြီး:များ:ကို အိန္ဒိယအင်ပါယာ၏ ဘုရင်နှင့်ဘုရင်မကြီး:ကိုကိုယ်စား နယူး:ဒေလီမြို့ရှိ အိန္ဒိယဘုရင်ခံချုပ်ကလည်း:ကောင်း၊ ဘုရင်ခံချုပ်၏ကိုယ်စား မြန်မာပြည်ဘုရင်ခံမင်း:ကြီး:ကလည်း:ကောင်း ပေးအပ်ဆက်ကပ်ရသော အစဉ်အလာတစ်ရပ် ရှိခဲ့သည်။ ၁၉၃၅-ခုနှစ်တွင် သက်တော် ၂၃-နှစ်၊ သိက္ခာဝါ ၁-ဝါမျှသာ ရှိသေး:သော ဆရာတော်ဦး:ဝိစိတ္တသာဘိဝံသအား: အစိုး:ရပါဠိပဉ္စမပြန်စာမေးပွဲတွင် ပထမကျော်အဖြစ် ဆွတ်ခူး:ရရှိသဖြင့် မြန်မာပြည်ဘုရင်ခံစတီဖင် (**H.J. Stephen**) က ရန်ကုန်ဂျူဗလီဟော

အခမ်းအနား အဆောင်အယောင်ဖြင့် ဘွဲ့တံဆိပ်ကို ဆက်ကပ်လှူဒါန်းသည်။

ထိုဘွဲ့တံဆိပ်ဆက်ကပ်ပွဲသို့ ဆရာတော်သည် ကျေးဇူးရှင်မိခင်ကြီး ဒေါ်ဆင်အား မြင်းခြံမှ ခေါ်ဆောင်လာသည်။ ယခုခေတ် တက္ကသိုလ်ဘွဲ့နှင်းသဘင်များသို့ ဘွဲ့ရသူ၏ လူကြီးမိဘများကို ခေါ်လာပြီး ဂုဏ်ယူကြသလိုဖြစ်လိမ့်မည်ဟု စာရေးသူတွေးမိသည်။ သို့သော် တက္ကသိုလ်မှရသော ဘွဲ့များကို တက္ကသိုလ်အဓိပတိနှင့် ပါမောက္ခချုပ်များကသာ ပေးအပ်ခြင်းဖြစ်လျက်၊ ယခုဆရာတော်ရရှိသော ပထမကျော်ဘွဲ့ထူးမှာမူ တစ်နိုင်ငံလုံးမှ တစ်ပါးတည်းသာဖြစ်ပြီးလျှင် မြန်မာနိုင်ငံဘုရင်ခံမင်းကြီး ကိုယ်တိုင် ဂျူဗလီဟောခန်းမကြီး၌ ဆက်ကပ်ခြင်းဖြစ်သဖြင့် ဂုဏ်အဆင့်အတန်းချင်း ကွာခြားလှပါသည်။ ဤသို့သော ပွဲသဘင်မျိုးသို့ ၄နှစ်သားအရွယ်ကပင် အဖမရှိတော့ပြီဖြစ်သော ဆရာတော်သည် မိခင်(မယ်တော်) ကြီးအား အမြတ်တနိုးခေါ်ယူလာခဲ့ခြင်းမှာ အဆန်းတကြယ် မဟုတ်တော့ပေ။ သားကောင်းသားမြတ်တစ်ယောက်၏ တာဝန်ဖြစ်သည်။ ပထမကျော်အောင်ပန်းဖြင့် မိခင်၏ကျေးဇူးဂုဏ်အနန္တကို ပေးဆပ်ရာရောက်သည်။ မိခင်ကြီးကလည်း သားအတွက် ဂုဏ်ယူဝမ်းမြောက်၍မဆုံးဖြစ်ပေမည်။

သားမောင်ပဉ္စင်းအတွက် ဘွဲ့နှင်းသဘင်(ဘွဲ့ဆက်ကပ်ပွဲ)သို့ တက်ရောက်ရမည့် မယ်တော်မိခင်ကြီးအား တင့်တင့်တယ်တယ်ဖြစ်စေလိုသဖြင့် မယ်တော်ဝတ်ဆင်ရန်ဆိုပြီး ထိုခေတ်ထိုကာလက အသုံးများကြသော သရက်ထည်ပွင့်ရိုက်လုံချည်နှင့် ကာယော်တာ အပေါ်ဝတ်ရင်ဖုံးအင်္ကျီ၊ ခြုံပဝါတို့ဖြင့် ဆင်ယင်ပေးသည်။ အထက်အညာဒေသမှ ရိုးသားလှသောမိခင်ကြီးက ငွေကုန်ကြေကျခံပြီး အထည်အဝတ် အဆန်းအပြားတွေ မဝယ်စေလိုကြောင်းတားမြစ်သေးသည်။ မိခင်၏စေတနာ၊ သားမောင်ပဉ္စင်း၏စေတနာတို့မှာ ငွေကြေးအားဖြင့် တန်ဖိုးဖြတ်၍မရသော ထူးခြားမွန်မြတ်သော စေတနာမျိုးဖြစ်သဖြင့် စာရေးသူတို့ အတုယူဖွယ်၊ နည်းယူဖွယ်ပင်ဖြစ်ပါသည်။

မိခင်ကြီးအား ကျေးမွေးပြုစုခြင်း

ဆရာတော်၌ ညီအစ်ကိုမောင်နမသုံးယောက်ရှိသည်။ အစ်မကြီးဒေါ်သုံမှာ မြင်းခြံကျည်းပင်ရွာ၌ပင်နေတိုင်ပြီး၊ ညီငယ်-ဦးဘသင်မှာမူ အိမ်ထောင်သားမွေးပြုပြီး အောက်ပြည်အောက်ရွာသို့ ရွှေ့ပြောင်းနေထိုင်သည်။ မိခင်အိုကြီး အနိစ္စရောက်သည့်အခါ ညီငယ်ဦးဘသင်မှာ မိခင်၏ရုပ်ကလပ်ကိုကြည့်ပြီး ရိုက်ကြီးတင်ဖြင့် ခြုံးပွဲချ၍ ယူကြုံးမရငိုကြွေးသည်။ ညီငယ်ဦးဘသင်၏ ပရိဒေဝသောကမီး တောက်လောင်နေသည်ကို မြင်တွေ့ရသော ဆရာတော်က ဘာမျှအမိန့်မရှိဘဲကြည့်နေသည်။ အငိုရပ်စဲသွားသောအခါကျမှ ညီငယ်အား အနားသို့ခေါ်ယူပြီး

"အေး - မင်းက ယခုမှ နောင်တရပြီး ငိုကြွေးနေတာ၊ အမေအသက်ရှိစဉ်က မင်းဟာအမေ့ကိုထောက်ပံ့ရမှန်း၊ ကျေးမွေးပြုစုရမှန်းမသိဘူး၊ မင်းရဲ့ပူဆွေးသောကမှုဟာ နောက်ကျသွားပြီ။ အမေကလဲ မသိတော့ဘူး။ ငါကတော့ မင်းလိုငိုကြွေးစရာ၊ ပူပင်သောကရောက်နေစရာ မလိုတော့ဘူး။ ငါက အမေအသက်ရှိစဉ် လိုလေသေး တယ်မရှိ

ဆရာတော်၏ အဆုံးအမ

ဦးဘသင်ကို အကြောင်းပြု၍ ပဲခူးမြို့ သနပ်ပင်မှ လူငယ်ဆရာဝန် ဒေါက်တာမောင်နေလင်းနှင့် သူ၏မိခင်တို့သည် မင်းကွန်းဓမ္မနာဒကျောင်းတိုက်နှင့် မိုးမိတ်ကုန်းမြေသို့ သွားရောက်လျက် ဆရာတော်ဘုရားအား ဖူးမြော်ကန်တော့ကြသည်။ ဆရာတော်အားကြည်ညိုလှသော သဒ္ဓါတရားဖြင့် သူ၏ ချွေးနှီးစာထဲမှ တစ်လလျှင် နဝကမ္မ ၁၀၀/- ကျပ်ဖြင့် သူ၏တစ်သက် (သို့မဟုတ်) ဆရာတော်၏တစ်သက် ထောက်ပံ့လှူဒါန်းပါရစေဟု လျှောက်ထားသည်။ ဆရာတော်က မောင်နေလင်း၏ သဒ္ဓါတရားဖြစ်ပေါ်ပုံကို နားလည်လျက် ဤသို့အမိန့်ရှိသည်။ "ဘုန်းကြီးမှာ အားလုံးပြည့်စုံပါတယ်။ နိုင်ငံတော်အစိုးရက ထောက်ပံ့လှူဒါန်းတဲ့ ငွေတွေလည်း ရနေပါတယ်။ ဒီတော့ လိုအပ်တဲ့နေရာမှာ လှူပါ၊ ပဲခူးမှာဆိုရင် ပဲခူးမြို့မဆရာတော်ကြီးထံ မေးမြန်း လျှောက်ထားပြီး ဆရာတော်ကြီး ညွှန်ကြားသလို လှူဒါန်းမယ်ဆိုရင် ကောင်းပါတယ်" ဟု မိန့်ကြားသည်။ ထိုအခိုက် မောင်နေလင်း၏ မိခင်ကြီးက သူ၏သားငယ် ကျန်းမာရေးမကောင်းသည့်အတွက် လစဉ်ဝင်ငွေ ၁၀၀/- လှူဒါန်းလိုစိတ်ဖြစ်ပေါ် လာပုံကို ဝင်ရောက်လျှောက်ထားသည်။ ဤတွင် ဆရာတော်ဘုရားက ဒေါက်တာနေလင်းအား အဖုံးတန်သော ဆုံးမစကား တစ်ရပ်ကို အမိန့်ရှိသည်။


"ကိုရင် မိဘကို လုပ်ကျွေး�ဏ္ဍား။ ဘုန်းကြီးအသက် ၂၄နှစ်အရွယ်တုန်းက ဘုန်းကြီးအကျိုးလိုလားတဲ့ ဆရာတော်တစ်ပါးက ဆုံးမဖူးဟယ်။ ဦးပဉ္စင်း - မိဘကို ရိုရိုသေသေလုပ်ကျွေး၊ မိဘကဖြူတယ်ဆိုရင် ဖြူလိုက်၊ မည်းတယ်ဆိုရင် မည်းအောင် ပြုစုစောင့်ရှောက်တယ်။ အစ်မကိုလည်း တတ်နိုင်သမျှ ထောက်ပံ့တယ်။ ဒီတော့ ငါ့တာဝန်ကျေပြီ။ အမေရဲ့မွေးကျွေးဂူးကိုလဲ ဆပ်ပြီးပြီ ဦးနေစရာ ပူပင် သောကရောက်နေစရာ မလိုဘူးပေါ့ကွာ"

ဟု ညီငယ်ဦးဘသင်အား သင်ခန်းစာပေးရင်း တရားပြသည်။ ဦးဘသင်သည် အမိမရှိတော့ပြီဖြစ်သော်လည်း အမိကိုယ်စား၊ နောင်တော်ကြီးဖြစ်သော မင်းကွန်းဆရာတော်ဘုရားအား သူ၏ရွာမှထွက်သော ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်အစရှိသည့် လယ်ယာထွက်ပစ္စည်းများဖြင့် အများစုပေါင်း၍ ဓမ္မနာဒတိုက်သို့ နှစ်စဉ်ပေးပို့လှူဒါန်းရာသည်။

ဦးဘသင်သည် ကဝမြို့နယ် သပြေကန်ရွာ၌ အခြေချနေထိုင်လျက် လွန်ခဲ့သည့်၃-နှစ်ခန့်က ပဲခူးမြို့၌ လေဖြတ်သည့်ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သည်။ သူသည် သာမန်တောင်သူလယ်သမားဘဝဖြင့် ဆင်းဆင်းရဲရဲနေထိုင်ခဲ့ရသည်ကို ဝမ်းမြောက်ဂုဏ်ယူသည်။ ဘုန်းတန်ခိုးကြီးပြီး လာဘ်လာဘပေါများလှသော ဆရာတော်အပေါ်၌ လူအများ ညီအစ်ကို မောင်နှမတွေကို ပေးကမ်းထောက်ပံ့သည်ဟူသော အထင်အမြင်လွဲမှားမှုမျိုး မဖြစ်နိုင်တော့ပါဟု ဦးဘသင်က ပြောဖူးပါသည်။

စာရေးသူသိရသလောက် ဆရာတော်၏ အစ်မနှင့်ယောက်ဖတို့မှာလည်း ချမ်းသာကြွယ်ဝသူများမဟုတ်ကြသဖြင့် မိခင်ကြီးအား တင့်တယ်ကောင်းမွန်စွာ မထားနိုင်၊ အနေဆင်းရဲမှု မဖြစ်စေလိုသဖြင့် အမေ့အတွက် အိမ်ငယ်တစ်လုံးကို ဆရာတော်က ပြင်ဆင်ဆောက်လုပ်ပေးဖူးသည်ဟု သိရပါသည်။

* * * * *



လိုက်။ ကိုယ်က ဝါးလုံးလည်းသိလျက်သား နဲ့ မိ ဘကဝါးခြမ်းဆိုရင် ခြမ်းလိုက်ဗျာလို့ သြဝါဒပေးခဲ့ တယ်။ ဘုန်းကြီးလည်း အသက် ၂၄နှစ်ကတည်းက မယ်တော်ကြီးကွယ်လွန်သည်အထိ ဒီအဆုံးအမအ တိုင်း လိုက်နာခဲ့တယ်။ ယခုလည်း ကိုရင် မိဘကို လုပ်ကျွေးဗျား။ ကိုရင်အသက် ရှည်မှာပါ" ဟူ၍ ဥစ်ပါသတည်း။

* * * * *

ဆရာတော်ဘုရား၏ "ကတညုတ ကတဝေဒီ" တရားနှင့်အညီ ကျင့်သုံးဆောင်ရွက်တော် မူပုံမှားကို ဆက်လက်ရေးသားဖေါ်ပြရလျှင် ပြီးဆုံး နိုင်ဖွယ်ရာမရှိပါ။ လောကဌ သူတစ်ထူး၏ [illegible] သောကျေးဇူးကို သိတတ်သူနှင့် ပေးဆပ်တတ်သူ တို့ကို ရနိုင်ခဲ၊ တွေ့နိုင်ခဲသည်ဟု ဘုရားရှင်ဟော ကြား တော်မူပါသည်။ "မေတ္တာရှေးဦး၊ ပြုပေဖူးကို၊ ကျေးဇူးသိမူ၊ ကတညုတည်း၊ ဇိုသူထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်မျှတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတဲ့ပြိုရှင့်၊ လောကီလူ စု၊ ဉာဏ်မြင်နတို့၊ သူပြုအထူး၊ သူ့ကျေးဇူးကို၊ ကြည်နူးဝမ်းမြောက်၊ မခေါက်မရက်၊ နှစ်သက်အင်္ဂါ၊ သိတတ်ခဲ၏" ဟု မဃဒေဝလင်္ကာ(၂၅၅)၌ ကျေး ဇူးရှင် မန်လည်ဆရာတော်ဘုရားကြီးက မိန့်ဆိုတော် မူထား၍၊ ဤဆောင်းပါးကိုဖတ်ရှုသူ ပရိသတ်တို့ သည် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား အား ဥပမာသာဓကပြုလျက် ကျေးဇူးသိတတ်သူ နှင့်ကျေးဇူးကို ပြန်လည်ပေးဆပ်တတ်သူများ ဖြစ် နိုင်ကြပါစေဟု နိဂုံးချုပ်အနေဖြင့် ဆုမွန်ကောင်း ဘောင်းရပါသတည်း။

ဘဒ္ဒန္တ ဝရဓမ္မာဘိဝံသ၊ မန္တလေးဟန်ဘူးလဆုတ် (၈) (မြန်မာနှစ်ဆ [illegible] ပုဂ္ဂ၊ (၁၇-၄-၉၀)

ဓမ္မဃောသက ဦးမောင်မောင်

ဦးသန်းဇင်

(အခန်း)

မင်းကွန်းဆရာတော်ကြီးဦး၏

အနာဂတ်သာသနာရေးအမြင်အမြင့်

ဟန်းချီဓမ္မာစရိယကျော်ညွှန့်● အပို့.

လူ့သမိုင်းကို ပြန်ကြည့်လျှင်၊ ဘယ်နိုင်ငံ၊ အကြောင်းရင်းရှိလေသည်။ အဘယ်ကြောင့်ဆို ဘယ်လူ မျိုးမှာမဆို၊ ရှေ့သွားခေါင်းဆောင်ညွှဲဖျင်း၍ ဆင်းရဲဒုက္ခ ရောက်ကြရခြင်းနှင့် ရှေ့သွားခေါင်းဆောင်ကောင်း၍ ချမ်းသာသုခ ခံစားကြရခြင်းများတွေ့ရမည်ဖြစ်လေသည်။ တစ်ကယ်တော့ တို့ ရှေ့သွားခေါင်းဆောင်များသည်လည်း ခေတ်တစ် ခေတ်၏ လိုအပ်ချက်အရ၊ တို့ခေတ်ထဲမှ ပေါ်ထွန်းလာခဲ့ခြင်း သာဖြစ်၏။ မိုးပေါ်မှ ကျလာခြင်း မဟုတ်ပေ။

မြန်မာ့သမိုင်းတွင်၊ ပုဂံခေတ် ရှင်အရဟံမှစ၍ မျက်မှောက်ခေတ်ထိ သာသနာတော်စောင့်၊ သာသနာတော်ပြု ဆရာတော်ကြီးများ၊ သာသနာ့အာဇာနည်များ ပေါ်ထွန်းခဲ့လေသည်၊ အဆိုပါ ပုဂ္ဂိုလ်ကြီးများသည် သူ့ခေတ်နှင့်သူ၊ မြတ်စွာဘုရား၏ သာသနာတော်ကို သန့်ရှင်းအောင်၊ တည်တံ့အောင်၊ ပြန့်ပွားအောင် ရွက်ဆောင်တော်မူခဲ့ကြလေသည်။ စင်စစ်သော်ကား၊ မြန်မာနိုင်ငံသို့ ပျူလူမျိုးတို့ခေတ်မှစ၍ပင် ဗုဒ္ဓသာသနာတော် ရောက်ရှိခဲ့၏၊ သို့ရာတွင် စင်ကြယ်မှု မရှိသေး၊ အရောရော ဖြစ်နေသည်၊ အနော်ရထာမင်းကြီးလက်ထက်တွင် သထုံမှ ပိဋကတ်တော်များ ရရှိလာသည်မှစပြီး စစ်မှန်သော "ထေရဝါဒ" ဗုဒ္ဓဘာသာ မြန်မာနိုင်ငံ၌ ထွန်းကားလာသည်မှာ ယနေ့ထက်တိုင် ပင်ဖြစ်လေသည်။

ဤတွင် ဗုဒ္ဓဘာသာ၏ရှေ့တွင် "ထေရဝါဒ" ထည့်သွင်းခေါ်ဆိုရခြင်းမှာ အခြေခံကျသော လူ့သမိုင်းကို ပြန်ကြည့်လျှင်၊ ဘယ်နိုင်ငံ၊ အကြောင်းရင်းရှိလေသည်။ အဘယ်ကြောင့်ဆိုသော်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသည့်နောက်တွင် ဘုရားရှင်၏ အနတ္တဝါဒနှင့်ဆန့်ကျင်သော အတ္တဝါဒအယူအဆတို့သည်– "ဗုဒ္ဓဘာသာ" အသွင်ဆောင်ပြီး နောက်ဖေးပေါက်မှ ဝင်ရောက်ခဲ့၏။ သို့အတွက်လည်း သာသနာတော်ဇာတ်ဆရာတော်ကြီးများသည် သာသနာပြုမင်းများ/အစိုးရများ၏ အကူအညီဖြင့် စစ်မှန်သော ပိဋကတ်တော် မပျောက်ကွယ်စေရန်အတွက် သံဃာယနာအကြိမ်ကြိမ် တင်ခဲ့ရလေသည်။ ဒုတိယ သံဃာယနာတင်သည့်အချိန်မှစပြီး ဗုဒ္ဓဘာသာအတွင်းမှာ ဂိုဏ်းဂနတွေ ကွဲပြားလာခဲ့လေသည်။ သံဃာယနာတင်ပိဋကတ်တော်ကို ကျောခိုင်းပြီး ထိုထိုသော ဆရာတို့က မိမိတို့၏ အတ္တနောမတိဖြင့် သီးခြားကျမ်းစာများ ရေးသားပြုစုခဲ့ကြလေသည်။

ဝါဝါမြင်တိုင်း ရွှေမဟုတ်ပေ၊ အလားတူပင် "ဗုဒ္ဓဘာသာ" ဆိုတိုင်း "ထေရဝါဒဗုဒ္ဓဘာသာ" မဟုတ်ပေ၊ "ထေရဝါဒဗုဒ္ဓဘာသာ" ဆိုသည်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် ရှင်မဟာကဿပ မထေရ်ဦးစီးပြီး ပထမအကြိမ် သံဂါယနာတင်ခဲ့ချိန်မှစပြီး မပိုမလို၊ မတိုးမလျော့ တည်ရှိခဲ့သော ကြွဲခိုင်သည့်ပိဋကတ်တော်ကို အခြေခံသည့် ဗုဒ္ဓဘာသာကို ဆိုလိုပေသည်။ ထိုထိုဆရာတို့၏ ရေးသားချက်များကို "ထေရဝါဒဗုဒ္ဓဘာသာ"ဟု မခေါ်ဆိုနိုင်ပေ။

ရှင်မဟာကဿပမှသည် ယနေ့မျက်မှောက် ဆေတ်တိုင်အောင် သာသနာတော်နှင့် ပိဋကတ်တော်ကို စောင့်ထိန်းသယ်ဆောင် ဖြန့်ချီခဲ့ကြသော ဆရာတော် သံဃာတော် အရှင်သူမြတ်များအနက်၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည်ကား သာသနာတော်အတွက် အတိတ်နှင့် ပစ္စုပ္ပန်တွင် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူခဲ့သည့်အပြင် သာသနာတော်၏ အနာဂတ်အတွက်ပါ တွေးတောမျှော်ခေါ်၍ ဆောင်ရွက်တော်မူခဲ့လေသည်။ ဤတွင်လည်း သမိုင်းအမြင်နှင့် ယှဉ်တွဲကြည့်ရှုရန် လိုပေသည်။

မြတ်စွါဘုရား သက်တော်ထင်ရှားရှိစဉ်မှစ၍ဖြန့်ချီခဲ့သော သာသနာတော်သည် အဆက်ဆက်သော သံဃာတော် အရှင်သူမြတ်များ၏ ကြိုးစားအားထုတ်မှုကြောင့် နိုင်ငံပေါင်းများစွာသို့ ပြန့်ပွါးခဲ့လေသည်။ ဗုဒ္ဓသာသနာတော်သည် ရောက်လေရာအရပ်တွင် ရိုင်းစိုင်းကြမ်းတမ်းသော လူမျိုးများအား လိမ္မာယဉ်ကျေး၍ အဆင့်အတန်းမြင့်မားသော ယဉ်ကျေးမှုများ ထွန်းကားလာအောင် ဖန်တီးပြောင်းလဲပေးခဲ့သည်။ သို့ရာတွင် သမိုင်းစဉ်ကြောရှည်လာသည်နှင့်အမျှ အချို့အချို့သောဒေသများတွင် သာသနာတော် ကွယ်ပခဲ့ရသည်။ အချို့အချို့သော နေရာများတွင်ကား စစ်မှန်သော ဗုဒ္ဓသာသနာတော်သည် အုတ်အရောရော ကျောက်အရောရော ဖြစ်ခဲ့ရသည်။ ဤသမိုင်းဖြစ်စဉ်များက ညွှန်ပြနေသော သင်ခန်းစာကား အမျိုး၊ ဘာသာ၊ သာသနာအတွက် ဆောင်ရွက်သူတို့သည် ပစ္စုပ္ပန်အတွက်သာမက အနာဂတ်မျှော်မှန်းချက် အနာဂတ်အစီအစဉ်များလည်း ရှိရမည်ဆိုသော အချက်ပေတည်း။

အဆောက်အအုံကြီးတစ်ခု ဟည်ဆောက်ပြီး အဘယ်မျှပင် လှပအောင် မွန်မံချယ်လှယ်ထားဦးကာမူ၊ အောက်ခြေအုတ်မြစ်မခိုင်မာလျှင် ထိုအဆောက်အုံကြီးသည် အချိန်မရွေး ပြိုလဲကျသွားနိုင်ပေသည်။ သို့အတွက် အပေါ်မှအဆောက်အအုံကြီးလှပတင့်တယ်အောင်လုပ်ဖို့ အရေးကြီးသလို အုတ်မြစ်ခိုင်မာအောင်ချဖို့လည်း အညီအမျှပင်အရေးကြီးလှပါသည်။

လူကြီးတွေက ဗုဒ္ဓဘာသာကို နားလည်ကြသည်၊ သာသနာတော်ကို ကြည်ညိုကျသည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုင်းရှိုင်းကြသည်၊ သို့ရာတွင် ထိုမျှနှင့် မလုံလောက်ပေ။ လူကြီးတွေ၏ အမွေကို လူငယ်တွေ ကလေးတွေအား လက်ဆင့်ကမ်းပေးခဲ့နိုင်ပါမှ အနာဂတ်အတွက်စိတ်ချရပေမည်။ မိဘတို့ ရှာဖွေသိမ်းစုဆောင်းထားခဲ့သော စည်းစိမ်ဥစ္စာတို့သည် လိမ္မာသော မိဘခြေရာနင်းနိုင်သော သားသမီးများလက်သို့ရောက်ပါမှ တိုးပွါးပေမည်။ မိုက်မဲသော သားသမီးများလက်သို့ရောက်သွားလျှင်ကား မကြာမီ ကုန်ခန်းသွားပေလိမ့်မည်။ ထို ဥပမာအတိုင်းပင်မြတ်စွာဘုရား၏ သာသနာတော်ကိုလည်း လူကြီးတွေက ကြည်ညိုနေရုံဖြင့် မလုံလောက်ပေ။ ကလေးတွေကို အလားတူကြည်ညိုတတ်အောင် တန်ဖိုးထားတတ်အောင် သင်ကြားဆုံးမဖို့ လိုနေလေပြီ။

"အလှမ်းကျယ်-အလယ်လပ်" ဆိုသော မြန်မာစကားရှိသည်။ ထိုစကားအတိုင်းပင် လူတို့၏သဘောမှာ ကြီးကျယ်သောကိစ္စတွေကို မျှော်မှန်းလုပ်ဆောင်ကြသော်လည်း အခြေခံကျသောကိစ္စများကို မေ့လျော့နေတတ်သည်။ မြတ်စွာဘုရား၏ တရားတော်များအနက် မင်္ဂလသုတ်တစ်ခုကို တိတိကျကျ

လိုက်နာလျှင်ပင် ထိပ်တန်းလူသားတစ်ယောက်ဖြစ်နိုင်ပေသည်။ လူငယ်တွေ မင်္ဂလသုတ်ကိုလိုက်နာကျင့်ကြံလျှင် ကြီးပွားရေး၊ စီးပွားရေး၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အိမ်ထောင်ရေး၊ ရပ်ရေးရွာရေး အစစအရာရာတိုးတက်မည်သာဖြစ်သည်။ ထိုမင်္ဂလသုတ်ကို "စာငယ်ပေငယ်"ဟု ပေါ့ပေါ့တန်တန်သဘောမထားသင့်ပေ၊ အလားတူပင် ကလေးတွေကို သာသနာ့အဆုံးအမ၌ တည်အောင်လုပ်ဖို့ကိစ္စသည် အသေးအဖွဲ လုပ်ငန်းမဟုတ်ပေ။

"ရွှေရိုး" အမည်ခံ ဗြိတိသျှအရာရှိတစ်ဦးရေးသော **"The Burman: his life and notions"** အမည်ရှိ စာအုပ်တွင် လောကဓါတ် (အင်္ဂလိပ်စာသင်) ကျောင်းများထက်ဘုန်းတော်ကြီးကျောင်းများတွင် ကျောင်းသားဦးရေများကြောင်း၊ ဘုန်းကြီးကျောင်းမှ ကျောင်းသားတွေကို လောကဓါတ်ကျောင်းတွေက မဆွဲနိုင်ကြောင်း ရေးသားထားသည်။ ယခုတော့ ဘုန်းကြီးကျောင်းတွေမှာ ကျောင်းသားသိပ်နည်းသွားပြီ၊ ဤသို့ဖြစ်ရသည်မှာ ခေတ်စနစ်တွေ အခြေအနေတွေ ပြောင်းသွားခြင်းကြောင့် ဖြစ်ရသဖြင့် မည်သူကိုမျှ အပြစ်ဆိုစရာမရှိပေ။

သို့ရာတွင် ကလေးတွေ ဘုန်းကြီးကျောင်းနှင့်ဝေးသွားခြင်းမှာ မြတ်စွာဘုရားအဆုံးအမနှင့် ဝေးသွားခြင်းဖြစ်ရာ၊ ဤအချက်ကို အလေးအနက်သတိပြုဖို့လိုပါသည်။ ကလေးတွေကို မြတ်စွာဘုရားသာသနာတော်နှင့် အစဉ်ထိတွေ့နေအောင် နည်းလမ်းရှာကြံသင့်ပါသည်။ နေ့တိုင်းဘုန်းကြီးကျောင်းသို့ မလာနိုင်လျှင် အားလပ်ရက်မှာ ဗုဒ္ဓဘာသာသင်တန်းတွေ ဖွင့်လှစ်ပို့ချသင့်ပါသည်။ ယနေ့ မြန်မာနိုင်ငံတွင်နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၏ အစီအစဉ်ဖြင့် အမြို့.မြို့.အနယ်နယ်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားနေသောသတင်းများမှာ မင်္ဂလာရှိလှသော သတင်းများဖြစ်ပါသည်။ သံဃမဟာနာယကအဖွဲ့ ပိဋကတ်တိုက်မှ "မာဂဓီ – သာစည်" ဆရာတော်၏ ဦးဆောင်မှုဖြင့် ဗုဒ္ဓဘာသာသင်တန်းများ၊ အခမ်းအနား များကျင်းပပုံကို ရုပ်မြင်သံကြားတွင် တွေ့.မြင်ရသည်မှာ ဝမ်းသာကြည်နူးစရာ ကောင်းလှပါသည်။ ဤလုပ်ငန်းများကို သာသနာတော်၏ အနာဂတ်အတွက် စဉ်းစားသူတိုင်းက တောကြိုအံ့ကြားမကျန် ညီညာဖျဖျ လုပ်ဆောင်သင့်လှပေသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် သာသနာတော်၏ ပစ္စုပ္ပန်အရေးအတွက်သာမက အနာဂတ်ရေးအတွက်ပါ မြော်မြင်တော်မူသဖြင့် လူကြီးရော၊ကလေးပါ သာသနာတော်၏အကျိုးကို ခံစားရအောင်နေ့.မအား ညမနား ကြိုးစားဆောင်ရွက်တော်မူလျက်ရှိပါသည်။ ခေတ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ပေါ်ထွန်းတတ်သည်ဖြစ်ရာ၊ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည်လည်း ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးအတွက် ဖွမ်းဖွမ်းတမံဆောင်ရွက်ရန် ပေါ်ထွန်းလာသော သာသနာ့အာဇာနည်ကြီးဖြစ်လေသည်။

ဆရာတော်ကြီးသည် သာသနာတော် ဘုန့်.ရှင်းတည် တံ့ပြန့်ဖွားရေးအတွက် ကြီးကျယ်လှသော လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက် တော်မူခဲ့သည့်အပြင် သာသနာ၏ အမွေခံအညွှန့်.အညှောက်များ ဖြစ်ကြသော ကလေးသူငယ်များအတွက်လည်း ထည့်သွင်းစဉ်းစား ဟောပြော



၁။ ၂၅-နှစ်မြောက် ငွေရတုပူဇော်ပွဲ၏ ဂုရုလမြောက်စိန်ရတု အထိမ်းအမှတ်တည် ထားကိုးကွယ်သော ပိဋကတ်စေတီတော်

၂။ မန္တလေး သာသနာတက္ကသိုလ် ဥပနာယကချုပ် ဆရာတော်အဆောင်

၃။ မန္တလေးပန်တျာနှင့် ပန်းချီပန်းပုကျောင်း မှ ဆည်းကပ်ပူဇော် သည့်ပုံတော်

ဆောင်ရွက်တော်မူခဲ့ လေသည်။ ဆရာတော်ကြီး သည် မအူပင်မြို့ရှိကလေးငယ်များအား "ဓမ္မပါလ အဖွဲ့" ဖွဲ့စည်းပေးတော် မူခဲ့သည်။ ဤသည်မှာ တစ်နိုင်ငံလုံးအတွက် လိုက် နာဆောင်ရွက်ကြဖို့ လမ်းညွှန်ပြခြင်းဖြစ်၏။ "ဓမ္မပါလ"ဟူသည် "တရားတော်ကိုစောင့်ရှောက်ခြင်း" ဟု အဓိပ္ပါယ် ရှိသည်။ ဤအမည်ကို ကလေးသူငယ် များအတွက် ဆရာတော်ကြီးရွေးချယ်ပေးခြင်းမှာ လေးနက်သော အဓိပ္ပါယ်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် က လေးသူငယ်များသည် "ယနေ့လူငယ်၊ နောင် ဝယ်လူကြီး" ဖြစ်ကြရမည်၊ ယနေ့လူကြီးတွေ ၏တာဝန်ကို ပခုံးပြောင်းယူကြရမည်၊ သာသနာ တော်ကိုစောင့်ရှောက်ရန် တာဝန်ကြီးမှာ သူတို့၏ ပခုံးပေါ်သို့ မလွဲဧကန် ကျရောက်မည်ဖြစ်လေသည်။ "ဓမ္မပါလ"အဖွဲ့ဝင်များအား ဆရာတော်ကြီးချမှတ် ပေးခဲ့သော အဓိဋ္ဌာန်ငါးချက်ကား -

၁။ ကျွန်တော်၊ ကျွန်မတို့သည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ် သုံးပါးတို့ကို တစ်သက်ပတ်လုံး ယုံကြည် လေးစားကိုးကွယ်ပါမည်။

၂။ ကျွန်တော်၊ ကျွန်မတို့သည် ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးနှင့် တကွ မိဘဆရာ သမားတို့အား နေ့စဉ်မပြတ် ရှိခိုးဂ ါ ရ ဝ တော့ပါမည်။

၃။ ကျွန်တော်၊ ကျွန်မတို့သည် အဖေ၊ အမေ၊ ဆရာသမားနှင့် လူကြီးများ၏ ဆုံးမစကား ကို ရိုသေလေးစား လိုက်နာပါမည်။

၄။ ကျွန်တော်၊ ကျွန်မတို့သည် ကောင်းတာကို သာကြံစည်ပါမည်။ ကောင်းတာကိုသာ ပြော ဆိုပါမည်။

၅။ ကျွန်တော်၊ ကျွန်မတို့သည် လူလူချင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများဖြင့်တစ် သက်ပတ်လုံး ဆက်ဆံနေထိုင်သွားပါမည်။

လူသားတစ်ဦး ငယ်ရွယ်စဉ်ကရရှိခဲ့ရသော လေ့ကျင့်သင်ကြားမှုများ၊ အတွေ့အကြုံများ၊ အလေ့ အထအကျင့်အကြံ များသည် သူ၏စိတ်ကို တစ် သက်ပတ်လုံး လွှမ်းမိုး ပုံသွင်းပေးတတ်၏။ သို့အ တွက်ကလေးငယ်တစ်ဦးအား ငယ်ရွယ်စဉ် အရွယ် ကဗုဒ္ဓဘာသာအဆုံးအမ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာနေထိုင်နည်းတို့ကို လေ့ကျင့်သင်ကြား ပေးလိုက်လျှင် သူသည် ကြီးပြင်းလာသောအခါ စွဲမြဲခိုင်မာသော ဗုဒ္ဓဝါဒီတစ်ဦး ဖြစ်လာပေမည်။ သို့ဖြစ်ပေရာ သာသနာတော်၏ အနာဂတ်အတွက် လေးလေးနက်နက်စဉ်းစားသူတိုင်း မင်းကွန်းတိပိ ဋကဓရ ဆရာတော်ဘုရားကြီး၏ အမြော်အမြင်ကြီး မားသော "ကလေးသူငယ် - သာသနာပြုနည်း"ကို ခံယူပြီး အိမ်တွင်းသာသနာပြုလုပ်ငန်းမှ အစပြု၍ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် ညီညာဖျဖျ ကြိုးစားဆောင်ရွက်သင့်လှပါသည်။

ဦးသုံးထွန်း (ရွှေဘို)



တိုင်ငကရေမြောက်ကျောင်းကြီးက အဂ္ဂမဟာပဏ္ဍိတ
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
ဆဋ္ဌသံဂီတိဝိသဇ္ဇကနိုင်ငံတော်သံဃမဟာနာယက
အကျိုးတော်ဆောင်ဆရာတော်အရှင်ဝိစိတ္တ သာရာဘိဝံသ၏
သက်တော် ၈၀၊ အထိမ်းအမှတ် ဂုဏ်ပြုဖွဲ့ဆိုသည့်

ဝိစိတ္တသာရာဘိဝံသ ဂုဏ်သံပကာသနာ

ဂါထာ ရှစ်ဆယ် ပါဠိနိဿယ

အရှင်ကေလာသ၊ဓမ္မာစရိယ၊ဂဏ္ဌဝါစက
B.A(Hons)ဝိဇ္ဇာဂုဏ်ထူး(သီရိလင်္ကာ)
ဖွဲ့ဆိုပူဇော်သည်။

ဝိစိတ္တာသာရာဘိဝံသ ဂုဏသံပကာသနာ
ဂါထာရှစ်ဆယ် ပါဠိ နိဿယ
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပညာကြီး ဉာဏ်ကြီး ဘုန်းကံ ကြီးမားတော်မူခြင်း

၁။ မဟာပညော မဟာဉာဏီ၊ မဟာဘာဂေါ မဟာကဝိ။
မဟာတပေါ မဟာမတီ၊ ဝိစိတ္တာထေရ ကေသရီ။

ဝိစိတ္တာထေရ ကေသရီ = ကေသရာခြသေ့မင်းတရထည် အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော် ဘုရားကြီးသည်။ မဟာပညော = ကောင်းကင် သမုဒ္ဒရာသဖွယ် ကျယ်ဝန်းသော ပညာ ရှိတော်မူပါပေ၏။ မဟာဉာဏီ = ခဲခက်တွန်းလှန် အသိဉာဏ် ကြီးမားတော် မူပါပေ၏။ မဟာဘာဂေါ = ကြီးမားသော ဘုန်းလည်း ရှိတော်မူပါပေ၏။ ဝါ= ဘုန်းကံပါရမီ ကြီးမားတော် မူလှပါပေ၏။ မဟာကဝိ = အရေးအသား အသုံးအနှုန်း အဖွဲ့အကျော် မဟာကဝိ ဆရာတော်ကြီးလည်း ဖြစ်တော်မူပါပေ၏။ မဟာတပေါ = အလောင်းတော် ဇနက္က အလား ကြီးမားသော လုံ့လဝီရိယလည်း ရှိတော်မူပါပေ၏။ မဟာမတီ = အသိပညာရှင် ပုဂ္ဂိုလ်ကြီးလည်း ဖြစ်တော်မူပါပေ၏။

ကိုင်းကျွန်းပမာ မိုခိုရာ ပုဂ္ဂိုလ်မြတ်ကြီး စသည်

၂။ မဟာဒီပေါ မဟာဝါဒီ၊ မဟာဂုဏော မဟာသုဓီ။
မဟာတေဇော မဟာဇာတိ၊ ဝိစိတ္တာသာရသံသုဓီ။

ဝိစိတ္တာသာရသံသုဓီ = အရှင်ဝိစိတ္တာသာရာဘိဝံသ ဟူသော ပြည့်စုံကုံလုံသော ပညာရှိကြီးသည်။ မဟာဒီပေါ = ကိုင်းကျွန်းပမာ မိုခိုအားထားရာ ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ မဟာဝါဒီ = မြတ်သော တရားစကားကို ဟောကြားတော်မူသော ပုဂ္ဂိုလ်မြတ်ကြီလည်း ဖြစ်တော်မူပါပေ၏။ မဟာဂုဏော = မြတ်သော သီလသမာဓိ ပညာဂုဏ်ရှိသော ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ မဟာသုဓီ = အများတကာ မိုခိုအားထားရာ ပညာရှင်ကြီးလည်း ဖြစ်တော်မူပါပေ၏။ မဟာတေဇော = ကြီးမားသော အရိန်အဝါရှိသော ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော် မူပါပေ၏။။ မဟာဇာတိ = မြတ်သော အမျိုးဇာတ်လည်း ရှိတော်မူပါပေ၏။

မြည်ဟိန်းသော အသံပိုင်ရှင် ဘုန်းကံရှင် စသည်

၃။ မဟာနာဒေါ မဟာဘာဂီ၊ မဟာပုညော မဟာယတီ။
မဟာသာရော မဟာဇုတီ၊ သာသနဿ သိရိန္ဓရီ။

ဝိစိတ္တာသာရာသံသုမီ = စင်ကြယ်လွတ်မှာ ပညာသင်္ခ အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော် ဘုရားကြီးသည်။မဟာနာဒေါ = သာယာ မြည်ဟိန်းသော အသံတော်နှင့်လည်း ပြည့်စုံတော်မူပါပေ၏။ မဟာဘာဂီ = ဘုန်းတော်ကြီးမားသော မထေရ်မြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ မဟာပုညော = ဘုန်းကံ ပါရမီ ကြီးမားသော ထေရ်ကျော်မဟတ် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေ၏။ မဟာ ယတီ = ထူးချွန်တင့်ဆန်း ရဟန်းမြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ မဟာသာရော = ဘုရား ဓမ္မရာဇ် တရား အနှစ်သာရတို့နှင့် ပြည့်လျှမ်းသည့် ရဟန်းမြတ်ကြီး ဖြစ်တော်မူပါပေ၏။ မဟာ ဇုတီ = မည်းမတိန် အရိန်အဝါ ကြီးမားသည့် ဆရာတော်ဘုရားကြီး ဖြစ်တော်မူပါပေ၏။ သာသနဿ သိရိန္ဓရီ = ဘုရားဇနော် သာသနာတော်စက်၏ ကျက်သရေဆောင် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေ၏။

ဂုဏ်ကြီးသူ ဝိရိယမာတ် ကြီးမားသူ စသည်

၄။ မဟာဂုဏော မဟာစာဂီ၊ မဟာဗုဓော မဟာကထီ။
မဟာသုတော မဟာဝါဒီ၊ ဝိစိတ္တာသာရဘာသုရီ။

ဝိစိတ္တာသာရဘာသုရီ = အရှင် ဝိစိတ္တာသာရာဘိဝံသ နေမင်းကြီးသည်။ မဟာဂုဏော= ကြီးမြတ်သော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဂုဏ်, အဂ္ဂမဟာပဏ္ဍိတဂုဏ်,အဘိဓေ မဟာရဋ္ဌဂုရုဂုဏ်-အစရှိသော မင်းပေးဂုဏ်ဟိတ် ဘွဲ့တံဆိပ်တော် ဂုဏ်တော်တို့ဖြင့်လည်း မျှားစွာသောဂုဏ်ရှိတော်မူပါပေ၏။ မဟာစာဂီ = မျှားစွာသော စွန့်ကြဲလှူဒါန်း ပေးကမ်းလေ့ရှိသော ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ မဟာဗုဓော = မြင့်မြတ်စောစီး ပညာရှိ ပုဂ္ဂိုလ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ မဟာကထီ = ဘုရားသာသနာစက် နှစ်ငါးထောင် တစ်ပတ်ကျော်တွင် အလွန်လျှင် ထူးချွန်သည့် ဓမ္မကထိက ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူပါပေ၏။ မဟာသုတော = မျှားစွာအာဂမ သုတပိုင်ရှင် ပုဂ္ဂိုလ် မြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။ မဟာဝါဒီ - ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ လွန်စွာကို ကရဏာရေ့တား ဟောကြားပြောဆို မှတတ်သည့် ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူပါပေ၏။

ကရဏာကြီးမားသူ အသိပညာ ကြီးမားသူ စသည်

၅။ မဟာဒယော မဟာဗုဒ္ဓိ၊ မဟုဿာဟော မဟာဝဓိ။
မဟာဝိက္ကန္တော မေဓာဝီ၊ သမ္မတ္တာစိတ္တာတောသနီ။

ဝိစိတ္တာသာရကေသရီ = အရှင်ဝိစိတ္တာသာရာဘိဝံသ မဟာထေရ်မြတ်ကြီးသည်။မဟာဒယော = ကြီးမားသော ကရဏာလည်း ရှိတော်မူပါပေ၏။ မဟာဗုဒ္ဓိ = မလူပ်ရှားနိုင်ခိုင်ခန့်သော ပညာလည်း ရှိတော်မူပါပေ၏။ မဟုဿာဟော = သည်းထန်သော လုံ့လဝီရိယလည်း ရှိတော်မူပါပေ၏။ မဟာဝဓိ = ကောင်းမြတ်တင့်တယ် ခန့်ထယ်သော စကားလည်း ရှိတော် မူပါပေ၏။ မဟာဝိက္ကန္တော = ကြီးမြတ်သော အားထုတ် ဆောင်ရွက်ခြင်းလည်း ရှိတော်မူပါပေ၏။ မေဓာဝီ = နှိုင်းချိန်ဆောင် တတ် ဆုံးဖြတ်တတ်သော ဉာဏ်ပညာလည်း ရှိတော်မူပါပေ၏။ သမ္မတ္တာစိတ္တာတောသနီ = ရောက်လာခညောင်း ပရိသတ် အပေါင်းတို့၏ စိတ်ကို နှစ်ထောင်း ဝမ်းသာ စေတော်မူတတ်ပါပေ၏။

ကြီးမြတ်သော သာသနာ့ဝန်ဆောင် စသည်

၆။ မဟာဘာရဝဟော ဉာဏီ၊ ပုရေစာရီ မဟာမုနိ။
မဟာအစ္ဆရိယော သုဓီ၊ ဗုဒ္ဓသာသန ဝလ္လဘီ။

ဝိစိတ္တာသာရကေသရီ = အရှင်ဝိစိတ္တာသာရာဘိဝံသ မဟာထေရ်မြတ်ကြီးသည်။မဟာဘာရဝါဟော = ကြီးမြတ်သော သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေ၏။ ဉာဏီ = အသိကုံထံ ပညာဉာဏ်ကြွယ်ဝသည့် ပုဂ္ဂလဝိသေသ ဖြစ်တော်မူပါပေ၏။ ပုရေစာရီ = ရှေ့သွားရှေ့ဆောင် သမိုင်းပြောင်သည့် သာသနာ့ခေါင်းဆောင်ကြီး ဖြစ်တော်မူပါပေ၏။ မဟာမုနိ = သာ သနာ့ဝေဟင်တွင် အလွန်လျှင် ထူးချွန်သည့် ရဟန်းမြတ်ကြီး ဖြစ်တော်မူပါပေ၏။ မဟာ အစ္ဆရိ ယော=များစွာ အံ့ချီးထိုက်သည့် ဆရာတော်ကြီး ဖြစ်တော်မူပါပေ၏။ သုဓီ = စိတ်နေစိတ်ထား မြင့်မားစင်ကြယ်သည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေ၏။ ဗုဒ္ဓ သာသနဝလ္လဘီ =ဘုရားမြတ်စွာ သာသနာဝယ် ဘယ်ညာလှည့်လည် တီးတိုင်းမြည်သည့် စည်စောင်းသဖွယ်လည်း ဖြစ်တော် မူပါပေ၏။

မီးရှူးသန့်စင် ဖွားမြင်တော်မူခြင်း

၇။ မြင်းခြံ နဂရသေဋ္ဌမှိ၊ ကျည်းပင်တိဝုယဂါမကေ။
ဧကဒ္ဒိသတ္တာ-တိကမှိ၊ ဝိဇာယိ ထေရပုဂ်ဂေါ။

ထေရပုဂ်ဂေါ = တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက , အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌဂုရု သွန်းထုခတ်နှိပ် တံဆိပ်တော်သခင် အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော် ဘုရားကြီးသည်။ မြင်းခြံနဂရသေဋ္ဌမှိ = လောကီ လောကုတ္တရာ ရတနာတို့ လွန်စွာစုံလတ် မြင်းခြံမြို့မြတ်၌။ ကျည်းပင်တိဝုယဂါမကေ =ကျည်းပင်ဟူသည် အမည်သာစွ ရွာဂါမ၌။ဧကဒ္ဒိသတ္တာတိကမှိ =သက္ကရာဇ် ကောဇာ ၁၂၇၃-ခုနှစ်၌။ ဝိဇာယိ = မီးရှူးသန့်စင် ဖွားမြင်တော် မူခဲ့လေသည်။ (မြင်းခြံမြို့နယ် ကျည်းပင်ရွာတွင် အဖ သူကြီးဦးဆုံ အမိ သူကြီးကတော် ဒေါ်ဆင်တို့မှ သက္ကရာဇ် ၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့ စက်နာရီ ၃-နာရီ အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။)

ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသည့် သာသနာ့ဝန်ဆောင် ဖြစ်မည်

၈။ ဇာတောသော သိရိသမ္ဗဝေါ၊ သေဋ္ဌလက္ခဏလင်္ကတော။
ပူရိတပုညသမ္ဘာရော၊ ကုမာရော သာသနဿရိ။

ဇာတော = မီးရှူးသန့်စင် ဖွားမြင်တော်မူသော။ သောကုမာရော = နိုင်ငံတော် သံဃ မဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု မဟာထေရလောင်းလျာ သတို့သား သူငယ် ရတနာသည်။ သိရိသမ္ဗဝေါ = ဘုန်းကျက် သရေ အထွေထွေနှင့် ပြည့်စုံတော်မူပါပေ၏။ သေဋ္ဌ လက္ခဏာ လင်္ကတော = သူတော်သူကောင်း သူမြတ်လောင်းတို့၏ ကောင်းမြတ်သော အမှတ်နိမိတ်ဖြစ်၍ စင်စစ် ချီးမွမ်းအပ်သော လက္ခဏာ ကြဲအင်အမြတ်တို့ဖြင့် တန်ဆာဆင် မွမ်းမံတော်မူအပ်သူ ဖြစ်ပါပေ၏။ ပူရိတပုညသမ္ဘာရော = ကမ္ဘာ့ကမ္ဘာ ကြာကြီးကြာက ကောင်းစွာ ဖြည့်ဆည်း ပူးအပ်သော ဘုန်းတော်ကံတော် သမ္ဘာတော်လည်း ရှိတော်မူပါပေ၏။ သာသနဿရိ = ဘုရား ဇိနော် သာသနာတော်တာဝန်ကို အဓွန့်ရှည်စွာ ဆောင်စွမ်းသည်ပိုး နိုင်လိမ့်မည့် ပုဂ္ဂိုလ်လည်း ဖြစ်တော်မူပါပေ၏။

(ဆင်ဥကဉ်းအသွင် ဦးခေါင်းလက္ခဏာရှိခြင်း၊ နား ရွက်တော် ကားပြန့်ခြင်း၊ မျက်လုံး လှပခြင်း၊ အသံသာယာ လုံးနက်ခြင်း၊ လက်ဆံခြေဆံ ကောင်းခြင်း စသော ယောက်ျားမြတ် လက္ခဏာအစုံ ပါရှိသည်ဟူ၏။)

အမည်မှည့်ခေါ်ကြခြင်း

၉။ မာတာပိတရော ပဿန္တော၊ သောဘိတံ ကုမာရံ ဝရံ။
နာမမကံသုမောဒန္တော၊ သမယေမင်္ဂလေသုဘေ။

သောဘိတံ = လွန်ရှုမောဖွယ် တင့်တယ်လှပခြင်းသို့. ရောက်တော်မူသော။ ကုမာရံ ဝရံ = နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့. အကျိုးတော်ဆောင် လောင်းလျာ သတို့သား ရတနာမြတ်ကို။ ပဿန္တော = တွေ့မြင်ကြရကုန်သော။ မာတာပိတရော = အမိဒေါ်ဆင် ဖခင်ဦးဆုံတို့သည်။ မောဒန္တော = နှစ်သက်ရွှင်လန်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ သမယေမင်္ဂလေသုဘေ = တင့် တယ်ဖွယ်ရာ ဂုဏ်သရေ မင်္ဂလာ ရှိရာအခါ၌။ နာမံ = မောင်ခင်ဟူသည့် သုတိသာစွ မည် နာမကို။ အကံသု = မှည့်ခေါ်ကြလေကုန်ပြီ။

(နာမည်ရင်းနှင့် လိုက်လျောစွာ ငယ်စဉ်ကပင် အများတကာတို့. ဆရာတော် လောင်းလျာကို ချစ်ခင်ကြသည်။ ဆရာတော် လောင်းလျာသူငယ်ကို မြင်သူတိုင်း စိတ် ကြည်နူးကြသည်။)

ကျည်းပင်ကျောင်း ဆရာတော် အရှင်သာသနထံ ပညာ သင်ကြားတော်မူခြင်း

၁၀။ ဝယသာ ပဋ္ဌဝဿမိ၊ သာသနတ္ထေရသန္တိကေ။
သိက္ခိတဗ္ဗေသု သိက္ခိတ္တာ၊ ဒက္ခော သုပါကဋော အဟု။

ဝယသာ = ပျိုမျစ်နုနယ် အရွယ်အားဖြင့်။ ပဋ္ဌဝဿမိ –ပဋ္ဌဝဿပမာဏမိ = ငါးနှစ်သားခန့်. ရောက်လတ်သည် ရှိသော်။ သာသနတ္ထေရသန္တိကေ = ကျည်းပင်ရွာကျောင်း ဆရာတော် အရှင်သာသန အထံတော်၌။ သိက္ခိတဗ္ဗေ = သူငယ်တို့.သင်အပ် စာပေအရပ်ရပ်တို့.ကို။ သုသိက္ခိတ္တာ = ကောင်းစွာ သင်ယူတော်မူခဲ့၍။ ဒက္ခော = တစ်မူထူးစွာ လိမ္မာသည်ဖြစ်၍။ သုပါကဋော = သူငယ်များ အလယ်တွင် ထင်ရှားသည်။ အဟု = ဖြစ်လေပြီ။

(ဖခင်ဦးဆုံမှာ ဆရာတော်လောင်းလျာ ၄-နှစ်သားအရွယ်တွင် ကွယ်လွန်သဖြင့် ဒေါ်ဆင်သည် မိခင်အိမ် ပြောင်းရွှေ့နေထိုင်ပြီး သားငယ်ကို ကျည်းပင်ရွာကျောင်း ဆရာတော် အရှင်သာသနထံ အပ်နှံ၍ ပညာသင်ကြား စေလေသည်။)

ခြောက်နှစ်သား အရွယ်တွင် အဘိုးအဘွားတို့က မောင်ရှင် လောင်းအဖြစ်ဖြင့်
သာသနာတွင်း သွတ်သွင်းကြ

၁၁။ ဦးချယ်တိပပိတာစေဝ၊ ဒေါ်အုံဣတိ မာတာမဟိ။
ပဗ္ဗဇ္ဇာပေက္ခဘာဝေန၊ တေဉော သမနုဂ္ဂဟုံ။

ဦးချယ်တိပပိတာစေဝ = ဆရာတော် လောင်းလျာ၏ အဘိုးတော်သူ ဦးချယ်အား လည်း ကောင်း။ ဒေါ်အုံဣတိမာတာမဟိ = အဘွားတော်သူ ဒေါ်အုံ လည်းကောင်း။ တေဉော = ထို နှစ်ဦး ကုန်သော အဘိုး အဘွားတို့သည်။ ကုမာရံ = အရှင်ဝိစိတ္တာသာရာဘိဝံသ အလောင်းတော် လောင်းလျာ သတို့သား ရတနာကို။ ပဗ္ဗဇ္ဇာပေက္ခဘာဝေန = မောင်ရှင်လောင်း၏ အဖြစ်ဖြင့်။ သမနုဂ္ဂဟုံ = ပဗ္ဗဇ္ဇမင်္ဂလာသဘင် ဆင်ယင် ချီး မြှောက်ကြလေကုန်ပြီ။

(ရှေးဦးစွာ ဦးချယ် ဒေါ်အုံဟူသော အဘိုးအဘွားတို့က ဆရာတော် လောင်းလျာကို ရှင်ပြုကြ၍ မိခင်ကြီးက နောင်မှ ရှင်ပြုရသည်ဟူ၏။)

မြင်းခြံ မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်း ဆရာတော် အရှင်သောဘိတထဲ ပညာသင်ကြားတော်မူခြင်း

၁၂။ အဘျာသေ သောဘိတသာပိ၊ ထေရကုံရော သုဇာတိမာ။
ပရိတ္တပေါတ္ထကာဒယော၊ အသိက္ခိ သိက္ခနေ ဝိဒူ။

သိက္ခနေ = စာပေများဖြင့် သင်ယူခြင်း၌။ ဝိဒူ = တတ်သိ ကျွမ်းကျင်တော်မူသော။ သုဇာတိမာ = အပြစ်ကင်းလတ် ကောင်းသော ဇာတ်ရှိသော။ ထေရကုံရော = အရှင် ဝိစိတ္တာသာရာဘိဝံသ ထေရ လောင်းလျာ သတို့သား သူငယ်သည်။ သောဘိတသာပိ = မြင်းခြံမြို့ မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်းဆရာတော် အရှင်သောဘိတ၏။ အဘျာသေ = အနည်းအနား ထံတော်ပါး၌။ ပရိတ္တပေါတ္ထ ကာဒယော = မင်္ဂလသုတ်, ရတနသုတ်, မေတ္တာသုတ် စသည့် အကာအကွယ် သုတ် ပေါင်း တစ်ဆယ့်တစ်သုတ် ပါရှိသည့် ပရိတ်ကျမ်း အစရှိသော ကျမ်းစာများကို။ အသိက္ခိ = ဝမ်းမြောက် ကြည်ဖြူ သင်တော် မူခဲ့လေပြီ။

(ထိုစဉ်က ဆရာတော်လောင်းလျာ ၉-နှစ်သား ခန့်သာ ရှိသေးသည်။ အနီးအနား:ထံပါး: ပရိယာယ်များ: - သမီပ၊ နိကဋ္ဌ၊ အာသန္န၊ ဥပကဋ္ဌ၊ အဘျာသ၊ သန္တိက၊ အဝိဒူရ၊ သာမန္တ၊ သန္နိကဋ္ဌ၊ ဥပန္တိက၊ အန္တိက၊ ဥတ္တ -စသည်ဖြင့် များလှသည်။)

ဒုတိယအကြိမ် ရှင်ပြုသာမဏေဝတ် သာသနာ့ဝန် အားသွန်ကြိုးပမ်း
ထမ်းဆောင်တော်မူခြင်း:

၁၃။ သော ဇသော ဒသ ဝဿိကော၊ ပတ္တော သာမဏေရတံ ဝရံ။
ဓိတိမာ သီလဝါ ဆေကော၊ ပရိယတ္တာဘိရာမကော။

သောဇသော = ထိုနိုင်ငံတော် သံဃမဟာနာယကအဖွဲ့. အကျိုးတော်ဆောင် အရှင်ဝိစိတ္တသာရာ ဘိဝံသ လောင်းလျာ သတို့သား ရတနာသည်။ ဒသဝဿိကော = သက်တော်တွက်စစ် ဆယ်နှစ်တွင်းသို့. ချင်းနင်း ဝင်ရောက်လတ်သည် ရှိသော်။ ဝရံ = စကြာမန္တတ် သမ္မုတိနတ်တို့.ထက် ဆတက်ကဲ့ချွန် သာလွန်မွန်မြတ်သော။ သာမဏေရတံ = ဘုရားမြတ်စွာ သာသနာ့ဝန်ကို အားသွန်ရွက်ဆောင် သာမဏေဘောင်သို့.။ပတ္တော=ရှင်ဝိစိတ္တ နာမထူးလည် မည်သည်ဖြင့် ကောင်းစွာ မသွေ ရောက်တော်မူခဲ့လေပြီ။ ဓိတိမာ = မဏ္ဍိုင်ဗဟို လေးရောင် စိုသည့် မြင့်မိုရ်ပမာ လွန်စွာ တည်ကြည်ခိုင်ခန့်.သော သမာဓိလည်း ရှိတော်မူ၏။ သီလဝါ = အကျင့်သီလနှင့်လည်း လောက်ငကဲ့လုံ ပြည့်စုံတော်မူ၏။ ပရိယတ္တာဘိရာမကော = ပရိယတ္တိ အရာ၌လည်း မွေ.လျော်ပျော်ပိုက် နှစ်ခြိုက်တော်မူ၏။

(အရွယ်နှင့် မလိုက်အောင် ထူးခြားသည်၊ သိမ်မွေ့သည်၊ ဒသသီဆယ်ပါး ဘုရားမုခပါဠ် ရှင့်ကျင့်ဝတ်ကို စောင့်ကြပ်မြဲထွေ ညီလှစေ-ဟူသည်နှင့်အညီ ဆယ်ပါးသီလနှင့် ပြည့်စုံ၍ စာပေပရိယတ်၌ ပျော်မွေ့.တော်မူသည်။)

ဥပဇ္ဈယ်ဆရာတော် အရှင်သောဘိတ ကောင်းစွာ စောင့်ရောက်ခြင်း:

၁၄။ ဇတသဒေါ ဥပဇ္ဈါယော၊ သောဘိတော သံဃသောဘနော။
ထေရကုံရံ အနုရက္ခိ၊ မောဂ္ဂလိ သိဂ္ဂဝေါ ယထာ။

သိဂ္ဂဝေါ = အရှင် သိဂ္ဂဝမထေရ်သည်။ မောဂ္ဂလိ = တတိယ သံဂါယနာ မဟာသံဃနာယက သာသနသောဓက အရှင် မဟာမောဂ္ဂလိပုတ္တတိဿ ထေရလောင်းလျာကို။ သိဂ္ဂဝေါ = အရှင်သိဂ္ဂဝ မထေရ်သည်။ အနုရက္ခတိယထာ = မပြတ် စောင့်ရောက်သကဲ့သို့.။ = ဇတသဒေါ = ဉာဏ်ရည် ဆန်းကြယ် ထိုရှင်ဝိစိတ္တ သာမဏေငယ်၏။ ဥပဇ္ဈာယော = ဥပဇ္ဈယ်ဆရာတော် ဖြစ်တော်မူသော။ သံဃသောဘနော = သံဃာတော်ကို ကြည်ညိုစေတတ် တင့်တယ်စေတတ်သော။ ဝါ =သံဃအလယ် လွန်တင့်တယ်သော။ သောဘိတော = ဆရာ

တော် အရှင်သောဘိတသည်။ ထေရကုံရံ = တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇ မဟာရဋ္ဌဂုရု, နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင် ဆရာတော်လောင်းလျာသတို့.သား ရတနာကို။ အနုရက္ခိ = သွန်သင်ညွှန်ပြ ယုယစောင့်ရှောက်တော် မူလေပြီ။

(အရှင်သိဂ္ဂဝံထေရ်သည် အရှင် မောဂ္ဂလိပုတ္တတိဿထေရ် လောင်းလျာသူငယ်ကို စောင့်ရှောက်သကဲ့သို့ အရှင်သောဘိတသည် အရှင်ဝိစိတ္တာသာရာဘိဝံသ လောင်းလျာ သာမဏေကို စောင့်ရှောက်သည်ဟူ၏။)

၁၃–နှစ်သားအရွယ် ကစ္စည်းသဒ္ဒါကြိုးကျမ်းကို အာဂုံပြန် ဆိုတော်မူခြင်း

၁၅။ ဇာတိယာ တေရသေယေဝ၊ ကစ္စာယနံ မုခါရဗ္ဘံ။
အကာသော ဝိစိတ္တာသာရော၊ ဝိစိတ္တာသာရာဇာတိကော။

ဝိစိတ္တာသာရာဇာတိကော = ဆန်းကြယ်ထူးမြတ်သော ဉာဏ်ရှိတော်မူသော။ သောဝိစိတ္တာသာရော = ရှင်ဝိစိတ္တာသာရ သာမဏေသည်။ ဇာတိယာ = မီးရှူးသန့်စင် ဖွားမြင်ရာ အခါမှ။ တေရသေယေဝ = တစ်ဆယ့်သုံးနှစ် အရွယ်တော် ခေတ်ရောက်ရှိရာ အခါ၌သာလျှင်။ ကစ္စာယနံ = ကစ္စည်းသဒ္ဒါကြိုးရှစ်စောင်ကျမ်းကို။ မုခါရဗ္ဘံ = ကရားရေလွှတ် တတွတ်တွတ် ရွတ်လိုက်တိုင်းရသဖြင့် အာဂုံပြန် ဆိုတော်မူခြင်းကို။ အကာ = သဒ္ဒါ ပညာ သမာ ဝိရိယ ညီညာကြိုးထု ပြုတော်မူခဲ့လေပြီ။

(မြင်းခြံမြို့လုံးဆိုင်ရာ သံဃသမဂ္ဂိအသင်းမှ ပြုလုပ်ကျင်းပသည့် စာပြန်ပွဲ၌ ရဲရဲတင်းတင်း နှုတ်ရှင်းရှင်းဖြင့် သဒ္ဒါရှစ်စောင်ကို ပြန်ဆိုတော်မူခဲ့သည်။ သဒ္ဒါကြိုးရှစ်စောင်မှာ ဒီမိုင်းဆိုက်ဖြင့် ၃၁၅-မျက်နှာ ရှိသည်။)

၁၄–နှစ်သားအရွယ် သင်္ကြိုဟ် ၉- ပိုင်း အာဂုံ ပြန်ဆိုတော်မူခြင်း

၁၆။ ဇာတိယာ စုဒ္ဒသေယေဝ၊ သင်္ဂဟမ္ပိ မုခါဂတံ။
အကာ သော ဝိစိတ္တာသာရော။ ဝိစိတ္တာဇာဏသံသုတော။

ဝိစိတ္တာဇာဏသံသုတော = ပညာသံဝတ္တနိုက ရှေးကမ္ဘကြောင့် ဆန်းလှတန်တန် ဉာဏ်နှင့် ယှဉ်တော်မူသော။ သောဝိ စိတ္တာသာရော = ထိုရှင်ဝိစိတ္တာသာမဏေသည်။ ဇာတိယာ = ဖွားမြင် တုံလစ် လူဘဝဖြစ် ရောက်တော်မူသည်မှ။ စုဒ္ဒ သေယေဝ = တစ်ဆယ့်လေးနှစ်

အရွယ်တော်ခေတ် ဟု ပျိုမျစ်နုနယ် ငယ်စဉ် အခါဌ်ပင်လျှင်။ သင်္ဂဟမိုဗ် = အိန္ဒိယ ဝိသယ ဒက္ခိဏာဒေသ ကဉ္စီပုရဌာန ဖွားမြင် အရှင်အနုရုဒ္ဓါ ကောင်းစွာစီရင် အဘိဓမ္မတ္ထသင်္ဂဟခေါ်ဆို သင်္ဂြိဟ်ကျမ်းကိုလည်း။ မုခါ ဂတံ = နှုတ်တက်ရွရွ အာဂုံရသည်ကို။ အကာ = သ ဒ္ဓါဝိရိယ ပညာအထုဖြင့် ပြုတော်မူခဲ့လေပြီ။

(အဘိဓမ္မတ္ထသင်္ဂဟခေါ်ဆို သင်္ဂြိဟ်ကျမ်းကား ကရောင်း ၁၆-ချို့းဆိုက်ဖြင့် ၁၆၇ မျက်နှာ ရှိသည်။ ဆရာတော် လောင်းလျာကား လွန်စွာ ဉာဏ်ထက်မြက်တော်မူသည်။)

ကဗျာပါရုဝ ဖြစ်လို၍ ပေါရာဏဒီပနီကျမ်းကြီး လေ့လာကြည့်ရှု ကျက်သင့်သည့် ကဗျာလင်္ကာများ ကျက်တော်မူခြင်း

၁၇။ ပေါရဏဒီပနိ ဂန္ထ၊ ဒွယံ ပရိစယံ ကရိ။
မုခါရုဠှံ ကာတဗ္ဗမိဗ်၊ မုခါရုဠှံ ကရိ သုဓီ။

သုဓီ = ပညာရှိသော ဆရာတော်လောင်းလျာ ရှင်ဝိစိတ္တာသာရ သာမဏေသည်။ ပေါရာဏဒီပနီဂန္ထ ဒွယံ = ပေါရာဏဒီပနီကျမ်း စာအုပ်ကြီးနှစ်အုပ်ကို။ ပရိစယံ =အထပ်ထပ် လျှင် မပြတ် လေ့ကျက် ကြည့်ရှုခြင်းကို။ ကရိ = ကြည်လင်ရွှင်ပျော် ပြုတော်မူခဲ့လေပြီ။ မုခါရုဠှကာတဗ္ဗမိဗ် = နှုတ်ရအောင် ဆောင်သင့် ကျက်သင့်သည့် ကဗျာလင်္ကာများကိုလည်း။ မုခါရုဠှံ = အာဂုံ နှုတ်တက် ရသည်ကို။ ကရိ = ပြုတော်မူခဲ့လေပြီ။

(ပေါရာဏဒီပနီ ကျမ်းကြီးများမှာ မော်ပိဆရာသိန်း ပြုစုခဲ့သည့် ကျမ်းကြီးများ ဖြစ်သည်။ မော်ပိဆရာသိန်းသည် ရှေးဟောင်း ကဗျာ စသည်များကို စုဆောင်း၍ တပေါင်းတည်း ပြုစုခဲ့ရာ ၁၂၅၇-ခုနှစ်က ပထမတွဲပြီး၍ ဒုတိယတွဲ ၁၂၇၄-ခုနှစ်က ပြီးစီးသည်။ ယင်း ပေါရာဏဒီပနီကျမ်းကြီး၌ စကားအမျိုးမျိုး၊ ကဗျာစပ်နည်း၊ စာရေးနည်း ဖတ်နည်း၊ ရှေးဟောင်းကဗျာများ၊ နည်းပေါင်း ၈၀၊ နည်းလေးဆယ်၊ သဒ္ဒါနည်း ၂၁-ပါး၊ နှာနည်း ၁၁-ပါး၊ ဋီကာနည်း ၁၃-ပါးအမည်၊ ဝုတ္တိ နည်း ၃၂-ပါးအမည်၊ ပဟေဠိနည်း ၁၅- ပါး အမည်၊ နေတ္တိနည်း ၂၆ပါးအမည် စသည်တို့. ပါရှိသည်။ ယင်းကျမ်းကြီးများမှာ ရွှိုင်ဆိုက် ဖြင့် ပထမတွဲ စာမျက်နှာ ၅၁၀၊ ဒုတိယတွဲ ၅၁၉ - ရှိ သည်။)

သက်တော် ၁၅-နှစ်သားအရွယ် ပထမငယ်တန်း စာမေးပွဲ အောင်မြင်တော်မူခြင်း။

၁၈။ အာဒိမပရိကွဏာမိ၊ ပရိကွဏော ဝိစကွဏော။
ဝိဿဇ္ဇေတွာ ဧယော အာသိ၊ ထေရကုံရော သုဇာတိမာ။

သုဇာတိမာ = ကောင်းသောဇာတ် ရှိတော်မူသော။ ပရိကွဏော = စာမေးပွဲ ဖြေဆို ခြင်း၌။ ဝိစကွဏော = လိမ္မာကျွမ်းကျင် လွန်မြော်မြင်တော်မူသော။ ထေရကုံရော = ဆဋ္ဌ သင်္ဂီတိဝိဿဇ္ဇက ထေရလောင်းလျာ သာမဏော ရှင်ဝိစိတ္တာသာရသည်။ အာဒိမပရိကွဏာမိ = အစအဦး ပကတ္တး ဖြစ်သည့် အစိုးရ ပထမငယ်တန်း စာမေးပွဲ၌။ ဝိဿဇ္ဇေတွာ = ဝင်ရောက်ဖြေဆို၍။ ဧယော = အောင်မှတ်များဖြင့် အောင်မြင်တော်မူသည် ။ အာသိ = ဖြစ်တော်မူလေသည်။

(ထိုစဉ်က ဆရာတော်လောင်းလျာ ၁၅-နှစ်သားအရွယ် ရှင်ငယ်ကလေးမျှသာ ရှိသေးသည်။ အံ့ဩလောက်သည့် ပါရမီရှင် ပုဂ္ဂိုလ်ကျော်တည်း။)

သက်တော် ၁၆-နှစ်သားအရွယ် ပထမလတ်တန်း ဖြေဆို အောင်မြင်တော်မူခြင်း

၁၉။ မဇ္ဈိမပရိကွဏာမိ၊ ဝိဿဇ္ဇနေ ဝိသာရဒေါ။
ဝိဿဇ္ဇေတွာ ဇိတိ အာသိ၊ ထေရကုံရော သုဉာဏဝါ။

သုဉာဏဝါ = အလွန်လျင် ဉာဏ်ပညာကြီး ဉာဏ်ပညာ ရှိတော်မူသော။ ဝိဿဇ္ဇနေ = စာမေးပွဲထိုထို ဖြေဆိုခြင်း၌။ ဝိသာရဒေါ = ရဲ့.ရှား:ခြင်း:ကင်း ရဲရင့်တော်မူသော။ ထေရကုံရော = တိပိဋကဓရ မဟာဇဏ္ဍာဂါရိက ထေရလောင်းလျာ ရှင်ဝိစိတ္တာသာရသာမဏောသည်။ မဇ္ဈိမပရိ ကွဏာမိ = ပထမလတ်တန်း စာမေးပွဲ၌။ ဝိဿဇ္ဇေတွာ = ဝင်ရောက်ဖြေဆို၍။ ဇိတိ = ခဲခက်မထင် အောင်မြင်တော်မူသည်။ အာသိ = ဖြစ်လေပြီ။

(ဆရာတော်လောင်းလျာသည် ၁၆ - နှစ်သား အရွယ်တွင် ပထမလတ်တန်း စာမေးပွဲကို ဖြေဆိုအောင်မြင်တော် မူခဲ့လေသည်။ ထိုစဉ်ကပင် ဆရာတော်လောင်းလျာသည် ရပ်ကျော်နယ်ကျော် သာမဏေကျော် ဖြစ်တော်မူသည်။ ဇိတိ, ဧယော, ဧယနံ- ပရိယာယ်တူ)

အနု, မဓု, ယောဇနာ, ဇိနာလင်္ကာရ, ဇာတတ္ထကီ, သောတတ္ထကီကျမ်းများကို လေ့လာကြည့်ရှုတော်မူခြင်း

၂၀။ အနုမဓုယောဇနာစ၊ ဇိနာလင်္ကာရ မာဒယော။
ဇာတတ္ထကီ သောတတ္ထကီ-တေသုပိ သဗ္ဗညဲ့ ကရီ။

ထေရကုံရော = အရှင် ဝိစိတ္တာသာရာဘိဝံသ ထေရလောင်းလျှာ သာမဏေ ရှင်ဝိစိတ္တသည်။ အနုမဓုယောဇနာစ = အနုဋီကာ မဓုဋီကာ ယောဇနာကျမ်းတို့ လည်းကောင်း၊ ဇိနာလင်္ကာရ မာဒယော = ဇိနာလင်္ကာရ, ဇိနာလင်္ကာရ ဋီကာ စသောကျမ်းတို့ လည်းကောင်း၊ ဇာတတ္ထကီ = ဇာတတ္ထကီကျမ်း လည်းကောင်း။ သောတတ္ထကီ = သောတတ္ထကီကျမ်း လည်းကောင်း။ ကုတိ = ဤသို့။ တေသု = ထိုအနုမဓုယောဇနာဇိနာလင်္ကာရ, ဇိနာလင်္ကာဋီကာ, ဇာတတ္ထကီ သောတတ္ထကီကျမ်းတို့၌။ သဗ္ဗညဲ့ = လေ့လာကြည့်ရှု ဗဟုသုတ စုဆောင်းမှုကို။ ကရီ = ဝိရိယတောင်အထုဖြင့် ပြုတော်မူခဲ့လေပြီ။

(ဆရာတော်လောင်းလျှာကား အချိန် အအား၊ပထား။ ပထမလတ် ဖြေဆိုအောင်မြင်ပြီး အနုဋီကာ, မဓုဋီကာ, ဇိနာလင်္ကာရ စာကိုယ်, ဇိနာလင်္ကာရဋီကာ, ဇာတတ္ထကီကျမ်း, သောတတ္ထကီ ကျမ်းတို့ကို ကြည့်ရှုလေ့လာ ဗဟုသုတ စုဆောင်းတော်မူသည်။

မင်းကွန်း ဓမ္မနာဒတိုက် အရှင်ပညာစက္ကထံ ရောက်ရှိတော်မူခြင်း

၂၁။ ပညာစက္ကသ စက္ကသ၊ သန္တိုက် ဝိစိတ္တော ဝိဒွါ။
ဂဟေတုံ အနေကေ ဂန္ထေ၊ သမ္မတ္တော ပုညထမ်္ဘိတော။

ဝိဒွါ = အသိပညာ မကွာမလွတ်သော။ ဝိစိတ္တော = ရှင်ဝိစိတ္တာသာရ သာမဏော ကျော်သည်။ စက္ကသ = တရား၊လက်နက် ဓမ္မစက် ရှိတော်မူသော။ ပညာစက္ကသ = မင်းကွန်းတောင်ရိုး ဓမ္မနာဒချောင် ဓမ္မနာဒကျောင်းတိုက် ဆရာတော် အရှင်ပညာစက္ကဓ၏။ သန္တိုက် = အထံတော်သို့။ အနေကေ ဂန္ထေ = လွန်စွာများပြားခြင်း ကျမ်းစာ အစောင်စောင်တို့.ကို။ ဂဟေတုံ = သင်ယူတော်မူခြင်း၌ ။ ပုည ထမ်္ဘိတော =ပုဗ္ဗေကတပုညကုသိုလ်သည် ထောက်ပင့်အပ် သည်ဖြစ်၍။ သမ္မတ္တော = ရောက် တော်မူခဲ့လေပြီ။

(ရှင်ဝိစိတ္တာသာရ မင်းကွန်းဓမ္မနာဒ ကျောင်းတိုက် ရောက်ချိန်ကား ည၌ ၉-နာရီ ခွဲကျော် ကျော် ဖြစ်သည်။ လှည်းဖြင့် တအိအိ လာရ၍ အခါမဲ့ ည၌အချိန်မှ ရောက်သည်ဟူ၏။ ထိုအချိန် ဆရာတော် အရှင်ပညာစက္က ဘုရား၀တ်ပြုတော်မူနေသည်။)

မောဂ္ဂလာန်ဗျာကရဏ်း စသည် ဆိုဝါဖြင့် သင်ယူတော်မူခြင်း

၂၂။ သကာသေ ပညာစက္ခသ၊ စက္ခသ ဝုဒ္ဓိကာမိနော။
ဗျာကရဏံ မောဂ္ဂလာနံ၊ အကာ ဥဂ္ဂဟဏံ သုဓီ။

သုဓီ = ကောင်းသော အသိပညာရှိသော ရှင်ဝိစိတ္တသည်။ စက္ခသ = ဘုရားဇိနော် သာသနာတော်စက်၏။ ဝုဒ္ဓိကာမိနော = ကြီးပွားတိုးတက် စည်ကားခြင်းကို လိုလားတော်မူသော။ ပညာစက္ခသ = ဆရာတော် အရှင်ပညာစက္ခမထေရ်၏။ သကာသေ = အထံ၌။ ဗျာကရဏမောဂ္ဂလာနံ = သီဟိုဠ်ကျွန်း အနုရာဓပြို၊ ထူပါရာမ ကျောင်းတိုက်နေ အရှင်မောဂ္ဂလန် ပြုစုရင်ခဲ့သည့် မောဂ္ဂလာန်ဗျာကရဏ်းကျမ်းကို။ ဥဂ္ဂဟဏံအကာ = ဝိရိယရှေးရှု သင်ယူတော်မူခဲ့လေပြီ။

(ယင်း မောဂ္ဂလာန်ဗျာကရဏ်းကျမ်းသည် သိလွယ်ခြင်း၊ ယုံမှားဖွယ်ကင်းခြင်း၊ ရောယှက် ရှုပ်ထွေးမှု ကင်းခြင်း၊ အကြွင်း မရှိ ပါဠိပြယုဂ်များ နှံ့စပ်ခြင်း၊ ဘုရားစကားတော် ပါဠိတော်သာလျှင် မှီရာရှိခြင်း၊ ပို့ချသင်ကြား မှတ်သား ဆောင်နိုင်လွယ်ခြင်း၊ အသိဉာဏ် တိုးပွားစေနိုင်ခြင်းဟူသော ဂုဏ်များနှင့် ပြည့်စုံသည့်ကျမ်း ဖြစ်သည်။)

ရဟန်းဘဝ ဒုလ္လဘသို့ ရောက်ရှိတော်မူခြင်း

၂၃။ ဝိသတိ ဝဿသမ္ပုဏ္ဏော၊ သုဒ္ဓါ သဗ္ဗဇ္ဇ ရာယတော။
ပဂ္ဂဏှိတောတိ သံယေန၊ ဥပသမ္ပဒကမ္မုနာ။

ဝိသတိဝဿသမ္ပုဏ္ဏော = သန္ဓေယျာလစ် အနှစ်နှစ်ဆယ် ပြည့်ဖြိုး ကြွယ်တော်မူသည် ရှိသော်။ သဗ္ဗဇ္ဇ ရာယတော = ပဗ္ဗဇ္ဇာဒေါသဇ္ဇ ရာယိက ဓမ္မဥသုံ အလုံးစုံမှ။ သဒ္ဓါ = သန်.ရှင်း စင်ကြယ်တော်မူသည်ဖြစ်၍။ သံယေန = သာကီယဇာတ် သံဃာတော် အရှင်မြတ် အပေါင်းသည်။ ဥပသမ္ပဒကမ္မုနာ = လောကီယသမ္ပဒါတို့.ထက် ဆတက်လွန်ကျူး ထူးမြတ်သော ဥပသမ္ပဒကံဖြင့်။ ပဂ္ဂဏှိတောတိ = ရဟန်းဘောင်ရောက် ချီးမြှောက် ထောက်ပင့်အပ်တော်မူလေပြီသာ။

(၁၂၉၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆-ရက်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မန္တလေးမြို့ ရွှေရေးဆောင် ဆရာတော်ကြီး၊ ညောင်ကန် ဆရာတော်ကြီး၊ မန္တလေးမြို့ မစိုးရိမ် ဆရာတော်၊ စစ်ကိုင်းဘုရားကြီး ဆရာတော် စသည်တို့က ကမ္မဝါရွတ်ဖတ် ချီးမြှောက်တော်မူကြသည်။)

ဥပဇ္ဈာယ် ဆရာတော်နှင့် ရဟန်းဒကာ ဒကာမများ

၂၄။ တဒါတဿ ဥပဇ္ဈာယော၊ ပညာစက္ကော သုပညဝါ။
ဆာဦးသွင် လေဒီသွင် ဒမွတီ၊ ပဂ္ဂဏှိသု အနေကမာ။

တဒါ = အရှင်ဝိစိတ္တာသာရာဘိဝံသ ထေရလောင်းလျာ ရဟန်းပြုရာ ထိုအခါ၌။ တဿ = ထိုအရှင် ဝိစိတ္တာသာရာဘိဝံသ၏။ ဥပဇ္ဈာယော = ဝဇ္ဈာဝဇ္ဇဟူသမျှကို နိစ္စဝန်ပြု မြဲကပ်ရှုလျက် နုသာသန သြဝါဒဖြင့် စောင်မပေတတ် ဥပဇ္ဈာယ် ဆရာတော်မြတ်သည်။ သုပညဝါ = အလွန်လျင် ပညာကြီး ပညာကြွယ်တော်မူသော။ ပညာစက္ကော = မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက် ဆရာတော် ဖြစ်တော်မူပါပေ၏။ ဆာဦးသွင် လေဒီသွင် ဒမွတီ = ရန်ကုန်မြို့. သူဌေးကြီး ဆာဦးသွင်၊ သူဌေးကတော် လေဒီသွင် ဇနီးမောင်နှံတို့.သည်။ တံ =ထို တိပိဋိကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု သွန်းထုခတ်နှိပ် တံဆိပ်တော်ရ သံဃမဟာနာယကအဖွဲ့. အကျိုးတော်ဆောင် အရှင် ဝိစိတ္တာသာရာဘိဝံသ လောင်းလျာကို။ အနေကမာ = ရှစ်ပါးပရိက္ခရာ အစဖြာသည့် များစွာပစ္စည်း အသီးသီး အထွေထွေအား ဖြင့်။ ပဂ္ဂဏှိသု = သာသနာအမွေ ဇကန်မချရရန် ရည်စူးချီးမြှောက်ကြလေကုန်ပြီ။

ပထမကြီး, ပထမကျော် စသော စာမေးပွဲများ ဆက်တိုက် အောင်မြင်တော်မူခြင်း

၂၅။ အနေကေ ပရိက္ခဏော၀၊ ဇယဂ္ဂါဟီ မဟာယတိ။
သမာဓိ ပညာသံယုတော၊ ဝိစိတ္တော စိတြဉာဏိကော။

သမာဓိပညာသံယုတော = တည်ကြည်ငြိမ်ဘိ သမာဓိနှင့် အသိပညာ ယှဉ်ရှိပါသော။ စိတြဉာဏိကော = ဆန်းကျယ်သောဉာဏ် ပဋိဘာန် ရှိတော်မူသော။ ဝိစိတ္တော = ဝိစိတ္တာသာရ ဘွဲ့.မည်ရသော။ မဟာယတိ = ရဟန်းတော်မြတ်သည်။ အနေကေ = များစွာကုန်သော။ ပရိက္ခဏော၀ = အစိုးရ ပထမကြီးတန်း၊ သက္ကသီဟ စာသင်တန်း (*) အမှတ်ပြု၍ ပထမကြီး တန်း, သက္ကသီဟ စာချတန်း, ပထမကျော်ဘွဲ့.ထူး စာမေးပွဲတို့.ကိုလည်း။ ဇယဂ္ဂါဟီ = လွယ်ကူမပန်း အောင်ပန်းဆွတ်ချူ အောင်မြင်တော်မူခဲ့လေပြီ။

(၁၂၉၃-ခုနှစ်၌ အစိုးရပထမကြီးတန်းကို နှစ်ချင်းစွဲ အောင်မြင်၍ ရဟန်း ၁-၀၀ရ ၁၂၉၄-ခုနှစ်တွင် အမျိုးသား ပထမကြီးတန်းကို အောင်မြင်တော်မူသည်။ ၁၂၉၅-ခုနှစ်

တွင် သက္ကသီဟ စာသင်တန်းနှင့် ပထမကြိုးတန်း (*)ပွင့် အမှတ်ပြု၍ ပထမကြိုးတန်းကို အောင်မြင်တော်မူသည်။ ရဟန်း၃-၀၊အရ ၁၂၉၆-ခုနှစ်တွင် သက္ကသီဟ စာချတန်းကို နှစ်ချင်းစွဲ အောင်မြင်တော်မူသည့်ပြင် အစိုးရ ပထမကြိုးတန်းကို ထပ်မံဝင်ရောက် ဖြေဆိုရာ အမှတ်အများဆုံးရ၍ ပထမကျော်ဘွဲ့ထူးကို ဆွတ်ခူးအောင်မြင်တော် မူခဲ့လေသည်။

ပထမကျော်ဘွဲ့.ထူးဖြင့် ချီးကျူးပူဇော်ခြင်း

၂၆။ တဒါ အင်္ဂလိရာဇာနော၊ ဝိစိတ္တံ စိတြဉာဏိကံ။
ပဌမကိတ္တိတိဝိသိဋ္ဌ-ဥပါဓိနာဘိပူဇိသုံ။

တဒါ = အရှင်ဝိစိတ္တသာရာဘိဝံသ၏ ပထမကြိုးတွင် တစ်ဂဏန်းဖြင့် အောင်ပန်းဆွတ်လှမ်းလေရာ ထိုအခါ၌။ အင်္ဂလိရာဇာနော = ထိုစဉ်က မြန်မာပြည်ကို အုပ်ချုပ်သည့် အင်္ဂလိပ်မင်းတို့.သည်။ စိတြဉာဏိကံ = ဆန်းကြယ်သော ဉာဏ်ရည်ဉာဏ်သွား စွမ်းပကား ရှိသော။ ဝိစိတ္တံ = အရှင် ဝိစိတ္တသာရာဘိဝံသ ရဟန်းတော်ကို။ ပဌမကိတ္တိတိဝိသိဋ္ဌဥပါဓိနာ = ပထမကျော် ဘွဲ့.ထူးဖြင့်။ အဘိပူဇိသုံ = မြတ်လေးကော်ရော် ပူဇော်ကြလေကုန်ပြီ။

(ဆရာတော်ကား ငယ်စဉ်ကတည်းက မင်းစိုးရာဇာတို့.၏ အပူဇော်ခံ ဆရာတော် ဖြစ်ခဲ့လေသည်။)

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဠံသကာဘွဲ့.ထူးဖြင့် ပူဇော်ကြခြင်း

၂၇။ ဓမ္မာစရိယ ဝဠံသကာ-ဥပါဓိ်သော ပဋိဂ္ဂဏှိ။
သဗ္ဗေသံ ပဌမံ သော၊ ဝိသိဋ္ဌော တိဝ ဝိစိတ္တော။

သော = ထိုအရှင် ဝိစိတ္တသာရာဘိဝံသသည်။ ဓမ္မာစရိယ ဝဠံသကာဥပါဓိ် = “ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဠံသကာ” ဘွဲ့.တံဆိပ်တော်ကို။ သဗ္ဗေသံပဌမံ = ဝဠံသကာဘွဲ့.တံဆိပ်တော်ရ ရဟန်းတော် အားလုံးတို့.၏ ရှေးဦးစွာ။ ပဋိဂ္ဂဏှိ = မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ အသင်းကြီးက လေးမြတ်ကြည်ဖြူ ဆက်ကပ်သည်ကို အလှူခံတော်မူရလေပြီ။ သော = ထို အရှင်ဝိစိတ္တသာရာဘိဝံသသည်။ ဝိသိဋ္ဌော = အလွန်အကျူး ဂုဏ်ထူးချွန်သည့် သူမွန်မဟတ် ဆရာတော်မြတ် ဖြစ်တော်မူပါ

ပေဓါ။ အတိဝဝိစိတ္တော = အလွန်လျှင် ဉာဏ်ရည် ဆန်းကြယ် ချီးမွမ်းဖွယ် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူပါပေဓါ။

(၁၂၉၅-ခုနှစ်တွင် သကျသီဟ စာသင်တန်း အောင်မြင်ပြီး နှစ်မခြား၁ဘဲ ၁၂၉၆-ခုနှစ်တွင် တစ်နှစ်တည်းဖြင့် အဋ္ဌကထာ ၃ -ကျမ်းလုံး အပြည့်အစုံ အပြီးတိုင် ထူးထူးခြွန်ခြွန် စံမရှိ ထုံးမရှိ အစွဆရိယ တစ်အုံတသြ ပြောမကုန် ချီးမကုန်အောင် အောင်မြင်ပုံ စံချိန်သစ် တင်လိုက်သဖြင့် "ဦးစိုက်ပန်း"ဟူသော အဓိပ္ပာယ်ရှိသော "ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝင်္သကာ" ဘွဲ့.ထူးကို ဆက်ကပ်ခြင်း ခံတော်မူရသည်။)

အဋ္ဌကထာပြန်အကျော် ဘွဲ့.ကို အလှူခံ ရရှိတော်မူခြင်း

၂၈။ အဋ္ဌကထာမုခါရုဠ္ဟ-ကိတ္တိတိ သမညာယ တံ။
ပါဠျာစေရာ မြန်မဝိဒူ-မဏ္ဍလိကာဘိပူဇိသုံ။

ပါဠျာစေရာ မြန်မဝိဒူ မဏ္ဍလိကာ = ရန်ကုန်မြို့. ပါဠိဆရာ မြန်မာပညာရှိ အသင်းသား အပေါင်းတို့.သည်လည်း။ တံ = ထို ဝင်္သကာ သညာလွှမ်းကျော် ရဟန်းတော် အရှင် ဝိစိတ္တာသာရာဘိဝံသကို။ အဋ္ဌကထာ မုခါ ရုဠ္ဟကိတိတိသ မညာယ = အဋ္ဌကထာပြန်အကျော်-ဟူသော ဘွဲ့.ရွေလွှာ အမည်ဖြင့်လည်း။ အဘိပူဇိသုံ = မြတ်လေးကော်ရော် ပူဇော်ကြလေကုန်ပြီ။

(ထူးချွန်သည့်အတွက် ရန်ကုန်မြို့. ပါဠိဆရာ မြန်မာပညာရှိ အသင်းကြီးက ပူဇော်ခြင်း ဖြစ်သည်။)

မင်းကွန်း ဓမ္မနာဒတိုက် လက်ထောက်စာချုပ်ရှု သာသနာဝန် ထမ်းဆောင်တော်မူခြင်း

၂၉။ ဓမ္မနာဒေ ဓမ္မနာဒေါ၊ ဝိစိတ္တော စိတြဝါစကော။
ဥပဝါစကဘာဝေန၊ ဘာရဝါဟီ ဝိသာရဒေါ။

ဓမ္မနာဒေါ = တရားဟူသည် မြည်ဟိန်းသံ ရှိတော်မူသော။ စိတြဝါစကော = ပမာပမေ ထွေထွေချယ်လှယ် ဆန်းကြယ်သောစကားကို မိန့်ဆိုတတ်မူတတ်သော။ ဝိစိတ္တော = အရှင်ဝိစိတ္တာသာရာဘိဝံသသည်။ ဓမ္မနာဒေ = ဓမ္မနာဒ ကျောင်းတိုက်၌။ ဥပဝါစကဘာဝေန = ဆရာတော် အရှင်ပညာစက္ကအောက် လက်ထောက် ကထိက ဂဏဝါစက စာချုပ်ဖြင့်။

ဘာရဝါဟီ = သာသနာ့တာဝန်ကို ဆောင်ရွက်တော်မူပါပေ၏။ ဝိသာရဒေါ = စာပေပွဲ၌ ရဲရင့်လည်း ရဲရင့်တော် မူပါပေ၏။

(ဆရာတော် အရှင်ပညာစက္ကာ၏ လက်ထောက်ဖြစ်၍ ရဟန်းငယ် သာမဏေများအား ပိဋကတ် အခြေခံကျမ်းစာများကို ချပို့.၍ သာသနာကျိုး သယ်ပိုးရွက်ဆောင်တော် မူခဲ့လေသည်။)

မင်းကွန်း ဓမ္မနာဒတိုက် နာယကဆရာတော် ဖြစ်တော်မူခြင်း

၃၀။ ဝိစိတ္တော နာယကော အာသိ၊ ပညာစက္ကေ ဒိဝင်္ဂတေ။
ဓမ္မနာဒေ ဓမ္မနာဒေါ၊ ဓမ္မနာဒေန သြဝဒိ။

ပညာစက္ကေ = ဓမ္မနာဒ ပရိဝေဏသမုဒ္ဒါပက အရှင်ပညာစက္ကသည်။ ဒိဝင်္ဂတေ = နတ်ပြည်ကြွန်း စံမြန်းကြွသွားတော်မူသည် ရှိသည်။ ဓမ္မနာဒေါ = တရားဟူသည် မြည်ဟိန်းသံ ရှိတော်မူသော။ ဝိစိတ္တော = အရှင် ဝိစိတ္တသာရာဘိဝံသသည်။ ဓမ္မနာဒေ = စည်ကား သိုက်မြိုက် ဓမ္မနာဒ စာသင်ကျောင်းတိုက်ကြီး၌။ နာယကော = နာယကအချုပ် မဟုက္ကဋ ပဓာနဆရာတော်သည်။ အာသိ = ဖြစ်တော်မူလေပြီ။ ဝိစိတ္တော = အရှင် ဝိစိတ္တ သာရာဘိဝံသသည်။ ဓမ္မနာဒေန = မြတ်စွာဘုရား တရားစကားတော်ဖြင့်။ သြဝဒိ = တပည့် ပရိသတ်ကို အုပ်ချုပ် ဆုံးမတော်မူပြီ။

(ရဟန်းသိက္ခာ ၇-ဝါအရွတွင် ဓမ္မနာဒဆရာတော် အရှင်ပညာစက္က ဘဝနတ်ထံ ပျံလွန် တော်မူသဖြင့် ၁၂၉၉-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁-ရက်နေ့ ဓမ္မနာဒ သာသနာပြု သံဃာ့ အစည်းအဝေးမှ ကျေးဇူးရှင် ညောင်ကန် ဆရာတော်ဘုရားကြီး အမှူးရှိသော သံဃာတော်များ၏ လွှဲအပ်တိုက်တွန်း ဆုံးဖြတ်ချက်အရ ဓမ္မနာဒတိုက်၏ နာယကအဖြစ်သို့ ရောက်တော်မူသည်။)

သာသနဓဇသိရိပဝရ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း

၃၁။ ဓမ္မာစေရ ပရိက္ခကော၊ ပရိက္ခကော ဝိစက္ခကော။
ဝိဿဇ္ဇေတွာ ဝိစိတ္တောသော၊ အလဘိ ဇယနံ ဟိခေါ။

ပရိက္ခကော = စာမေးပွဲ၌။ ဝါ = စာမေးပွဲ ဖြေဆိုမှု၌။ ဝိစက္ခကော = တွေးခေါ်မြင်သိ ပညာရှိတော်မူသော။ သောဝိစိတ္တော = ထိုအရှင် ဝိစိတ္တသာရာ ဘိဝံသသည်။ ဓမ္မာစေ

ရပရိက္ခကော = အစိုးရ ဓမ္မာစရိယ စာချုတန်း စာမေးပွဲ၌ ။ ဝိသဒ္ဓေတွာ = ဝင်ရောက် ဖြေဆိုသည် ရှိသော်။ ဇယနံ = ဂုဏ်ထူးဆောင် ကျမ်းအစောင်စောင်နှင့်တကွ အောင်မြင်ခြင်းကို ။ အလဘိဟိခေါ = ရတော်မူခဲ့သည်သာ။

(၁၃၀၂-ခုနှစ်တွင် အစိုးရ ဓမ္မာစရိယ စာချုတန်း စာမေးပွဲကို ဂုဏ်ထူးဆောင် ကျမ်းများနှင့် တကွ ဖြေဆို အောင်မြင်တော်မူသဖြင့် "သာသနဓဇ သိရိပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။ ယင်းသည့် ၁၃၀၂-ခုနှစ်က ၅-ဦး အောင်မြင်ရာ အရှင် ဝိစိတ္တသာရာဘိဝံသ တစ်ပါး အပါအဝင် ဖြစ်သည်ဟူ၏ ။)

ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ ဘွဲ့တံဆိပ်တော် အလှူခံ ရရှိတော်မူခြင်း

၃၂။ ဝိသိဋ္ဌ မဟာကောဝိဒ-ဝိနယံ လဉ္ဆနမိဗ ။
ပဋိဂ္ဂဟေတွာန ဝိစိတ္တော၊ ဝိသိဋ္ဌော အာဇညော ဘဝိ ။

ဝိစိတ္တော = ပထမကျော် ဝဋ်သကာ ဓမ္မာစရိယ အရှင် ဝိစိတ္တသာရာဘိဝံသသည် ။ ဝိသိဋ္ဌ မဟာကောဝိဒ ဝိနယလဉ္ဆနမိဗ ="ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ" ဘွဲ့တံဆိပ်တော်ကိုလည်း ။ ပဋိဂ္ဂဟေတွာန = နှိုင်ငံတော်သမ္မတ ဆက်ကပ်လှူဒါန်းသည်ကို အလှူခံတော်မူရ၍ ။ ဝိသိဋ္ဌော = အလွန်လျင် ထူးချွန်သော ။ အာဇညော = သာသနာ့အာဇာနည် ပုဂ္ဂိုလ်သည် ။ ဘဝိ = ဖြစ်တော်မူလေပြီ ။

(၁၃၁၂-ခုနှစ်တွင် ကျင်းပသည့် တိပိဋကဓရ ရွှေးချယ်ပွဲကြီး၌ ဝင်ရောက် ပြန်ဆိုတော်မူရာ စာမျက်နှာ ၂၂၆၀-ရှိ ဝိနယပိဋကကို အထောက်အမ လွတ်ကင်းစွာ အာဂုံပြန်ဆိုနိုင်ခြင်းကြောင့် လည်းကောင်း ၊ သဘောရေးဖြေပွဲ၌လည်း ပါရာဇိကပါဠိ ၈၉-မှတ်၊ ပါစိတ္တိယပါဠိ ၉၉-မှတ်၊ မဟာဝဂ္ဂပါဠိ ၉၂၊ စူဠဝဂ္ဂပါဠိ ၉၈၊ ပရိဝါပါဠိ ၁၀၀-မှတ် ရရှိခြင်းကြောင့် လည်းကောင်း "ဝိသိဋ္ဌဝိနယဓရ မဟာဝိနယ ကောဝိဒ" ဘွဲ့တံဆိပ်တော်နှင့် လက်မှတ်တော်၊ အရိုးဝါ ကနက္က ဒဏ် ထီးဖြူတော် ၁-လက် အမှတ်တံဆိပ် ပါရှိသော သာသနာ့ အောင်လံတော်နှင့် မီးသင်္ဘော်,မီးရထား ပထမတန်း အခမဲ့စီးနင်းခွင့် လက်မှတ်တို့ကို အလှူခံ ရရှိတော်မူခဲ့လေသည် ။)

ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယ ကောဝိဒ အရှင် ဝိစိတ္တသာရာဘိဝံသ

၃၃။ ဗျာချာတဝိနယော ကောသိ၊ ဇသောပါလိနု နေဒိသော။
သောဟိ ဝိစိတ္တသာရာဘိ-ဝံသော ဝိနယကော ဝိဒေါ။

ဗျာချာတဝိနယော = ဝိနည်းဓမ္မကွန္ဓာ ဒေသနာ မမြုပ်ကွယ်အောင် နှုတ်ဝယ်ကြေမွ အာဂုံရ ဝိနည်း ရှိပေသော။ ဝါ = ဝိနည်းပိဋကတ် ကျမ်းငါးရပ်လာသမျှတို့.ကို တစ်ပါဒပုဒ်မ မကျန် အောင် နှုတ်သံရဲရဲ ထူးကဲစွာ ပြန်ဆိုနိုင်ပေသော။ ဇသ-ဇသော = သာသနာ့အာဇာနည် မြန်မာ ပြည် အရထူးသည့် ပဌမဦးစံပြ ဤဝိနည်းဓရဗုဂ္ဂိုလ် အရှင်မြတ်သည်။ ကောအသိနု = ဘယ်သို့. ခေါ်ဆို ဘယ်လိုထေရ်ရှင် ဘယ်ပုဂ္ဂိုလ်သည်ပင် ဖြစ်လေသနည်း။ ဥပါလိအသိနု = ဝိနည်းအရာ မဟာဇာတဒဂ်ရူပထမသံဂါယနာပွဲဝင်အရှင်ဥပါလိမထေရ်သည်ပင်ဖြစ်လေတော့ သလော။ ဤဒိသော = ဤသို့. ထူးချွန်ကဲမောက် ရဲရဲတောက်သဘော ရှိပေသော။ ဇသော = သာသနာ့ အာဇာနည် ဘွဲ့ဂုဏ်ရည် အရထူးသည့် ပဌမဦးစံပြ ဤဝိနယဓရ ပုဂ္ဂိုလ်မြတ် သည်ကား။ နဥပါလိ = ဝိနည်း မိုရ် ဇာတဒဂ်တင် လက်ရွေးစင် ဂုဏ်ရည်သွေး ဗျာဒိတ်ပေး သမုတ်ရသည့် ဥက္ကဋ္ဌဦး အရှင်ဥပါလိ မထေရ်လည်း မဟုတ်တန်ရာပေ။ ဟိ = စင်စစ်ဇာတ် အမှန်အား ဖြင့်။ ဗျာချာတဝိနယော = ဝိ နည်းပိဋကတ် ကျမ်းငါးရပ် လာသမျှတို့.ကို တစ်ပါဒ ပုဒ်မ မကျန်အောင် နှုတ်သံရဲရဲ ထူးကဲစွာ ပြန်ဆိုနိုင်ပေသော။ သောဟိ = သာသနာ့အာဇာနည် ဂုဏ်ရည်ကဲမောက် ရဲရဲတောက် ထွက်ပေါ် ထိုဝိနယဓရ ပုဂ္ဂိုလ်ကျော် အရှင်မြတ်သည်ကား။ ဝိနယကောဝိဒေါ = လူရှင်သိမ်းကျုံး တစ်သာသနာလုံး အမွှမ်းတင်လောက်အောင် ကျမ်းကျင် လိမ္မာရေးဖြေအရ ဂုဏ်ထူးမှတ် ရခဲ့သည့် ဝိနယဆိုင်ရာ မဟာကောဝိဒ ဖြစ်ပေသော။ ဝိစိတ္တ သာရာဘိဝံသသော = အရိုးကြေကြေ အရေကျကျ ဝိရိယဉာဏ် မကွာသည့် ဝဋ်သကာ ဓမ္မာစရိယ လောလာဟာလ ပုဗ္ဗင်္ဂမ မင်းကွန်းဓမ္မနာဒ ဆရာတော် အရှင်ဝိစိတ္တသာရာ ဘိဝံသ ပေတည်း။

(အတ္ထုပ္ပတ္တိအကျဉ်းခ် လာရှိသည့် ဂါထာ ဖြစ်သည်။ တိပိဋကဓရ ဝုတ္တန္တ သန္နိပနိကျမ်းခ် လည်း ဤဂါထာလာ ရှိသည်။)

ဝိသိဋ္ဌအာဘိဓမ္မိက မဟာဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော် အလှူခံ ရရှိတော်မူခြင်း

၃၄။ ဝိသိဋ္ဌအာဘိဓမ္မိက-ကောဝိဒါဘိညာဏမိုစ။
အာဘိဓမ္မေပိ စာတုရော၊ ဓဇော ယူပေါဝ သာသနေ။

ဝိစိတ္တော = အရှင် ဝိစိတ္တသာရာဘိဝံသ မထေရ်သည်။ အာဘိဓမ္မေပိ = အာဘိဓမ္မပိဋကတ် ကျမ်းတော်မြတ်၌လည်း။ စာတုရော = လိမ္မာ ကျွမ်းတတ် တတ်သိတော် မူသည်ဖြစ်၍။ ဝိသိဋ္ဌအာဘိဓမ္မိက ဝိဒါဘိညာဏမိုစ = "ဝိသိဋ္ဌအာဘိ ဓမ္မိက မဟာအာဘိဓမ္မကောဝိဒ" ဘွဲ့တံဆိပ်တော်ကိုလည်း။ ပဋိဂ္ဂဟေတွာန = အလှူခံ ရရှိတော်မူ၍။ သာသနေ =ဘုရားဒိနော် သာသနာတော်၌။ ဓဇောစ =ထူးကဲမြင့်လွန် တံခွန်သဖွယ်လည်း ဖြစ်တော်မူပါပေ၏။ ယူပေါစ = ယဇ်တိုင်သဖွယ်လည်း ဖြစ်တော်မူပါပေ၏။

(၃၂- ဂါထာမှ ဝိစိတ္တောနှင့် ပဋိဂ္ဂဟေတွာန-ပုဒ်များကိုလိုက်၍ ယောဇနာသည်။ ၁၃၁၃-ခုနှစ်၊ ၄-ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ အာဘိဓမ္မာပိဋကက ပဌမပိုင်း ၅-ကျမ်းကို အာဂုံပြန်ဆိုပွဲ၌ ရွေးနည်းအတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့်ပြင် သဘောရေးဖြေပွဲ၌လည်း အမှတ်ရာခိုင်နှုန်း (၉၄)မှတ် ရရှိတော် မူသောကြောင့် ဂုဏ်ထူးနှစ်ဆင့်နှင့်တကွ အောင်မြင်တော်မူသည်။

၁၃၁၄-ခုနှစ်၊ ၅-ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ အာဘိဓမ္မာ ပိဋကက ဒုတိယပိုင်း ကျမ်းရေ ၂-ကျမ်း စာအုပ်ရေ ၈-အုပ်ကို အာဂုံပြန်ဆိုပွဲ၌ ရွေးနည်းအတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုတော်မူနိုင်ခြင်းကြောင့် ဂုဏ်ထူးပင် အောင်မြင်တော်မူသည်။ သဘောရေးဖြေပွဲ၌လည်း အောက်ပိုင်း ယမိုက် ၉၆-မှတ်၊ အထက်ပိုင်း ယမိုက် ၁၀၀-မှတ်၊ အောက် ပိုင်းပဉ္စာန်း ၁၀၀-မှတ် ရရှိသဖြင့် အောင်မြင်တော် မူခဲ့လေသည်။ ယင်းသို့ဖြင့် အာဘိဓမ္မာ ၇-ကျမ်း၊ စာအုပ်ရေ ၁၂-အုပ်၊ စာမျက်နှာ ၄၉၈၈-ရှိ အာဘိဓမ္မာပိဋကကို အထောက်အမ လွတ်ကင်း စွာ ပြန်ဆို၍ ဂုဏ်ထူးဖြင့် အောင်မြင်၊ ရေးဖြေပွဲ၌လည်း ဂုဏ်ထူးဖြင့်ပင် အောင်မြင်တော်မူခြင်း ကြောင့် ဝိသိဋ္ဌအာဘိဓမ္မိက မဟာအာဘိဓမ္မကောဝိဒ-ဟူသော ဘွဲ့တံဆိပ်တော်နှင့် ဘွဲ့ပုံ လက်မှတ်တော်၊ အရိုးဝါ ကနက္ကဒဏ် ထီးဖြူတော် ၂-လက် အမှတ်တံဆိပ် ပါရှိသော သာသနာ့ အောင်လံတော်ကို အလှူခံရ ရှိတော်မူခဲ့လေသည်။)

ဝိသိဋ္ဌအာဘိဓမ္မိက မဟာအာဘိဓမ္မ ကောဝိဒ
အရှင်ဝိစိတ္တသာရာဘိဝံသ

၃၅။ အာဘိဓမ္မဓရောကောသိ၊ သာရိပုတ္တောနုနေဒိသော။
သောဟိ ဝိစိတ္တသာရာဘိ-ဝံသောဘိဓမ္မကောဝိဒေါ။

အာဘိဓမ္မာဓရော = အာရုံစူးစိုက် ပိဋကတ်၌ သတိမကွာအောင် အာဘိဓမ္မာ ၇-ကျမ်း တကယ်တမ်း အလွတ်ပြန်မည်ဟု ရွတ်အံကြေမွ နှုတ်တက်ရ အာဂုံဆောင်နိုင် ပေထသော။ ဧသ-ဧသော = သာသနာ့အာဇာနည် မြန်မာပြည်အရထူးသည့် ပထမဦးစံပြ ဤအာဘိဓမ္မိက ပုဂ္ဂိုလ် အရှင်မြတ်သည်။ ကောအသိန = ဘယ်သို့ခေါ်ဆို ဘယ်လို ဂုဏ်တင် အဘယ် ပုဂ္ဂိုလ်သည်ပင် ဖြစ်လေသနည်း။ သာရိပုတ္တောန = အာဘိဓမ္မာ ပြန့်ပွားရေး သင်တန်းပေး မြွက်ဟ ဧတဒဂ်ရ ဉာဏ် ကြီးရှင် အရှင်သာရိပုတ္တြာ မထေရ်သည်ပင်လျှင် ဖြစ်လေတော့သလား။ ဤဒိသော = ဤလိုထူးချွန် ဂုဏ်လွန် ကဲမောက် ရဲရဲတောက်သဘော ရှိပေသော။ ဧသ-ဧသော = သာသနာ့အာဇာနည် ဘွဲ့ဂုဏ်ရည် အရထူးသည့် ပထမဦးစံပြ ဤအာဘိဓမ္မိက ပုဂ္ဂိုလ် အရှင်မြတ်သည်မူကား။ နသာရိပုတ္တော =ဘုရား-ဘုန်း-ခိုင် ကိုယ်တော်တိုင် မြွောက်စား သဖြင့် တရား-စစ်သေနာပတိ ထိပ်တန်း-ထိ ပွား-စည်သည့် သား-ကြီးရတနာ အရှင်သာရိပုတ္တြာ တော့ မဟုတ်တန်ရာပေ။ ဟိ = စင်စစ် ဧကန် အမှန် အား-ဖြင့်။ အာဘိဓမ္မဓရော = အာဘိဓမ္မာ ၇-ကျမ်း တကယ်တမ်း အလွတ်ပြန်မည်ဟု ရွတ်အံကြေမွ နှုတ်တက်ရ အာဂုံ ဆောင်နိုင်ပေသော။ သောဟိ = သာသနာ့ အာဇာနည် ဂုဏ်ရည်ကဲမောက် ရဲရဲတောက်ထွန်း၍ ထိုပုဂ္ဂိုလ်ကျော် အရှင်မြတ်သည်ကား။ အာဘိဓမ္မကောဝိဒေါ = လူရှင်သိမ်းကျုံး တစ်သာသနာလုံး အမွှမ်းတင် လောက်အောင် ကျွမ်းကျင်လိမ္မာရေးဖြေပါ ဂုဏ်ထူးမှတ် ရခဲ့သည့် အာဘိဓမ္မအရာ မဟာကောဝိဒ ဖြစ်ပေသော။ ဝိစိတ္တသာရာဘိဝံသော = အရိုးကြေကြေ အရေကျကျ ဝိရိယဉာဏ် မကွာသည့် ဝဋ်သကာ ဓမ္မာစရိယ မင်းကွန်းဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ပင်တည်း။

(အတ္ထုပ္ပတ္တိ အကျဉ်းလာ ဂါထာကို ဤ၌ ဖော်ပြသည်။)

ဝိသိဋ္ဌဒီဃဘာဏကမဟာဒီဃနိကာယကောဝိဒ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခြင်း

၃၆။ ဝိသိဋ္ဌဒီဃဘာဏက-နိကာယကောဝိဒံဣတိ။
ဥပါဓိမိဗွိ ပဋိဂ္ဂယ္ဟ-ဝိရာဇိ ဇိနသာသနေ။

ဝိစိတ္တော = အရှင် ဝိစိတ္တသာရာဘိဝံသ မထေရ်သည်။ ဝိသိဋ္ဌဒီဃဘာဏကနိကာယကောဝိဒံဣတိ = "ဝိသိဋ္ဌဒီဃဘာဏက မဟာဒီဃနိကာယကောဝိဒ" ဟူသော။ ဥပါဓိမိဗွိ = ဘွဲ့တံဆိပ်တော်ကိုလည်း။ ပဋိဂ္ဂယ္ဟ = အလှူခံတော်မူ၍။ ဇိနသာသနေ = ဘုရားမြတ်စွာသာသနာတော်၌။ ဝိရာဇိ = တင့်တယ်တော်မူခဲ့လေပြီ။

(၁၃၁၅-ခုနှစ်၊ ဖ-ကြိမ်မြောက် ကျင်းပအပ်သော တိပိဋကဓရ ရွှေးချယ်ပွဲ၌ စာမျက်နှာ ၇၇၉-ရှိ သုတ္တန္တပိဋက (ဒီဃနိကာယ်) သုတ်သုံးကျမ်းကို ရွေးနည်းအတူ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခြင်းကြောင့် ဂုဏ်ထူး ဖြင့်ပင် အောင်မြင်တော်မူသည့်ပြင် သဘောရေးဖြေပွဲတွင် လည်း သီလက္ခန္ဓဝဂ်၌ ၉၃-မှတ်၊ မဟာဝဂ်၌ ၉၇၊ ပါထိကဝဂ်၌ ၉၇၊ အောင် မှတ်ရ၍ ဂုဏ်ထူး ဖြင့်ပင် အောင်မြင်သည့် အတွက် "ဝိသိဋ္ဌဒီဃဘာဏက မဟာဒီဃနိကာယကောဝိဒ"ဟူသော ဘွဲ့ တံဆိပ်တော်နှင့် ဘွဲ့ပုံလက်မှတ်တို့ကို အလှူခံ ရရှိတော်မူလေသည်။)

၃၇။ သုတ္တန္တဘာဏကော ကောသိ၊ ဧသနန္ဒောနုနေဒိသော။
သောဟိ ဝိစိတ္တသာရာဘိ-ဝံသော သုတ္တန္တကောဝိဒေါ။

သုတ္တန္တဘာဏကော = သုတ္တန်ပိဋကတ် ပါဠိပါဠ် လာသမျှတို့ကို တစ်ပါဒပုဒ် မကျန်အောင် နှုတ်သံရဲရဲ စာပွဲနာတို့ သဒ္ဒါပိုပို ကြည်လိုဖွယ်ကောင်းအောင် ရွတ်ဆိုနိုင်ပေသော။ ဧသ=ဧသော = သာသနာ့ကြေးမုံ ဥဒါဟရဏ် ကမ္ဘာပြမည်ဟု သာသနာ့အာဇာနည် မြန်မာပြည် အရထူးသည့် ပထမဦး စံပြ ဤဒီဃဘာဏက ပုဂ္ဂိုလ်ကျော် အရှင်မြတ်သည်။ ကောအသိန = ဘယ်သို့ခေါ်ဆို ဘယ်လိုထေရ်ရှင် အဘယ်ပုဂ္ဂိုလ်သည်ပင် ဖြစ်လေသနည်း။ အာနန္ဒောအသိန = ပိဋကတ်သုံးပုံ နှုတ်ဝယ်ငုံချေမြွက်သည့် ဧတဒဂ်ငါးတန် ဗျာဒိတ်ခံဘွဲ့ထူးရပထမသံဂါယနာဝင် အရှင်အာနန္ဒာ မထေရ်သည်ပင် ဖြစ်လေတော့သလား။ ဤဒိသော = ဤလိုထူးချွန် ဂုဏ်မွန်ကဲမောက် ရဲရဲ တောက်သဘော ရှိပေသော။ ဧသ-ဧသော = ဒီဃဘာဏက သာသနာ့အာဇာနည် ဤပုဂ္ဂိုလ်သည် မူကား။ နအာနန္ဒော = တရားဘဏ္ဍာစိုး ဗဟုသုတ အမျိုးမျိုးစွယ်စုံ ဉာဏ်အာရုံ ကြားမလပ်ရသည့် ဘုရားမြတ် နောက်တော်ပါ အရှင်

အာနန္ဒာ မထေရ်မြတ်လည်း မဟုတ်တန်ရာပေ။ ဟိ = စင်စစ် ဇကေန် အမှန်အား:ဖြင့်။သုတ္တန္တ ဘာဏကော = သုတ္တန်ပိဋကဟု ပါဠိပါဠ်လာသမျှတို့.ကို တစ်ပါဒပုဒ် မကျန်ရအောင် နှုတ်သံ ရဲရဲ အံ့မစဲ ရွတ်ဆိုနိုင်ပေသော။ သောဟိ = မြန်မာပြည် သာသနာ့ ကံဇာတာ စတုန်:မို. ပထမဆုံ:ထွန်:ပေါ် ထိုတိပိဋကဓရ ပုဂ္ဂိုလ်ကျော် အရှင်မြတ်သည်ကား:။ သုတ္တန္တ ကောဝိဒါ = တစ်သာသနာလုံ: အမွှမ်:တင် ရလောက်အောင် ကျွမ်:ကျင်လိမ္မာ ရေ:ဖြေပါ ဂုဏ်ထူ:မှတ် ရခဲ့သည့် သုတ္တန္တ အရာ မဟာကောဝိဒ ဖြစ်ပေသော။ ဝိစိတ္တသာရာဘိဝံသော = အရိ:ကြေကြေ အရေကျကျ ဝိရိယဉာဏ်မကွာသည့် ဝဋ်သကာ ဓမ္မာစရိယ မင်:ကွန်: ဓမ္မနာဒဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသ ပင်တည်:။

ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်:

၃၈။ သုဝိသိဋ္ဌတိပေဋက–မဟာပိဋကကောဝိဒံ။
လက္ခဏံ သော ပဋိဂ္ဂယှ၊ သာသနေ သောဘနော ဘဝိ။

သော = ထိုအရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်သည်။ သုဝိသိဋ္ဌတိပေဋက မဟာ ပိဋကကောဝိဒံလက္ခဏံ = "ဗုဒ္ဓသာသန ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋက ကောဝိဒ" ဘွဲ့တံဆိပ်တော်ကို။ ပဋိဂ္ဂယှ = အလှူခံတော်မူရ၍။ သာသနေ = အံ့ဖွယ်ရှစ်ဖြာ သာသနာ တော်၌။ သောဘနော ဘဝိ = တင့်ဘယ်တော်မူခဲ့ပါပေ၏။

(ယင်:သို့.ဖြင့် အာဂုံရော သဘော ၂–ပါ:စုံ ပြန်ဆိုပွဲ ရေ:ဖြေပွဲ အာဇာနည်စိတ်ဓဲဖြင့် ရဲရဲတောက် အံ့မကုန် ဂုဏ်ထူ:နှစ်ဆင့်ဖြင့် အောင်မြင်ပုံ ပိဋကတ်သုံ:ပုံလုံ: စုံလင်ပြီဖြစ်ရကာ: နိဂုံ:ချုပ် တော် ဗုဒ္ဓသာသနာအဖွဲ့.က လှူဒါန်:သည့် "ဗုဒ္ဓသာသန ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋက ကော ဝိဒ"ဟူသော ဘွဲ့.တံဆိပ်တော် အောင်လက် မှတ်တော်တို့.ကို အလှူခံ ရရှိတော်မူလေသည်။)

ဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ အရှင်ဝိစိတ္တသာရာဘိဝံသ

၃၉။ ကွစ္စာနု သက်ိယော သောဟိ၊ ဝိတာ သော သိဓိတာ ဂမော။
ကထံ တံ နာနု မောဒန္တိ၊ တန်ိနှာစ ဇနေတရေ။

ကွတိ = ဤသို့. ထုတ်ဆို ဖော်ပြခဲ့သည့်အတိုင်:။ အနုသံကိယော = ဘယ်ဟာ ဇကန် ဆုံ:ဖြတ်ရန် မတိကျသဖြင့် ဒွိဟမပြေ ထင်ရာတွေ ထွေ:ရောလျက် တွေ:တော ယုံမှား:အပ်သည်

လည်း ဖြစ်ပေသော။ သောဟိ = ထိုတိပိဋကဓရ ရှေးဦးပုဂ္ဂိုလ်ထူး ဖြစ်တော်မူသော အရှင် ဝိစိတ္တာသာရာဘိဝံသသည်ကား။ အဓိတာဂမော = သာသနာနောင်ရေး အသက်ပေး ထူထောင် တည်တံ့အောင် သတိချပ်မည်ဟု ပိဋကတ်သုံးပုံ နှုတ်ငံ့ကြွမှ အာဂုံရသည် ဖြစ်ပါ၍။ ဝိတာသောအာသိ = ပရိယတ္တိသာသနာဝယ် အာသာတော် ငြိမ်းစေလောက်အောင် တန်းဆုံးပေါက်အောင်မြင်တော် မူခဲ့လေပြီ။ တသ္မာ = ထို့ကြောင့်။ တန္နိန္နာ = ပစ္စည်းလေးခန်း မပင်ပန်းစေသည့် ရဟန်းဒကာ ရဟန်းအမ၊ ကျောင်းဒကာ ကျောင်းအမ သာသနာ့ဥယျာဉ်မှူး ဘွဲ့ထူးဂုဏ်တင် တိပိဋကဓရ ပုဂ္ဂိုလ်လျှင် ညွတ်ကိုင်း ကြပေကုန်သော။ ဧနာစ = ဥပါသကာ ဥပါသိကာ သူတော်စွာတို့သည် လည်းကောင်း။ ဣတရေစ = ဤမှ တစ်ပါး သီတင်းသုံးဖော် ဆရာသမား တပည့်တပန်းအများတို့သည် လည်းကောင်း။ တံ = ထိုတိပိဋကဓရ ပုဂ္ဂိုလ်ထူးကို။ ကထံနာနုမောဒန္တိ = အဘယ်မှာလျှင် ဝမ်းမသာ ဝမ်းမမြောက်ဘဲ ရှိကုန်အံ့နည်း။ အနုမောဒန္တိယေဝ = အားရကြည်ညိုကဲမောက် လက်ပန်းပေါက်ခတ်လျက် ဝမ်းမြောက်ကြကုန်မည်သာ။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင် ဝိစိတ္တာသာရာဘိဝံသ

၄၀။ တိပေဋကမုခါရုဠ္ဟ၊ ဂမ္ဘီရံ ဉာဏိကံ ဝိဒုံ။
ဓမ္မဘဏ္ဍာဂါရိကေန-ရာဇာနော အာဘိပူဇိသုံ။

တိပေဋက မုခါရုဠ္ဟ = ပိဋကတ်သုံး နှုတ်ငံ့ ရရှိတော်မူသော။ ဂမ္ဘီရဉာဏိကံ = ပိဋကတ် သုံးပုံလာ အခက်အခဲကို နက်နဲသောဉာဏ်ဖြင့် သဘောပေါက်သိမြင်တော်မူသော။ ဝိဒုံ = တစ် ခေတ်တစ်ယောက် တစ်ခေါလောက်သည့် အရှင် ဝိစိတ္တာသာရာဘိဝံသကို။ ရာဇာနော = ပြည် ထောင်စု မြန်မာနိုင်ငံတော် အစိုးရမင်းတို့သည်။ ဓမ္မဘဏ္ဍာဂါရိကေန = ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက-ဘွဲ့တော်ကြီးဖြင့်။ အာဘိပူဇိသုံ = မြတ်လေးကော်ရော် ပူဇော်ကြလေ ကုန်ပြီ။

(ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသသည် နိုင်ငံတော်အစိုးရတို့ လှူဒါန်းသည့် "ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဟူသော ဘွဲ့တံဆိပ်၊ ကုန်းရေလေ အခမဲ့ ပထမတန်းမှ စီးနင်းခွင့် လက်မှတ်၊ "ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသ_ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဟူသော အက္ခရာတံဆိပ် ပါရှိသော ဆင်စွယ်ယပ်ဝန်း၊ ဆင်စွယ်တံဆိပ်၊ ကနက္ကဒဏ် ထီးဖြူတော် ၃-လက် အမှတ်တံဆိပ် ပါရှိသော သာသနာ့ အောင်လံတော်တို့ကို ရရှိတော်မူခဲ့ လေသည်။ လစဉ် နဝကမ္မဋ္ဌေ ၃၁၁-ကျပ်ကို ကပ္ပိယကာရကတို့ထံ အပ်နှံအလှူခံ ရရှိတော်မူသည်။)

ဆဋ္ဌသံဂီတိဝိဿဇ္ဇနကအဖြစ် ဆောင်ရွက်တော်မူခြင်း

၄၁။ ဆဋ္ဌသံဂီတိကာလေပိ၊ ဝိဿဇ္ဇနေ သုကောဝိဒေါ။
ဝိဿဇ္ဇကော သော ဟုတွာ၊ ဇိနသာသနဘာရဓောဝေါ။

သော = အရှင် ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည်။ ဆဋ္ဌသံဂီတိကာလေပိ = ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ပွဲကြီး ယင်ရာ အခါ၌လည်း။ ဝိဿဇ္ဇနေ = ဂုဏ်ရည်ထူးလည် မဟာထေရ်မြတ် မေးအပ်သမျှကို ဖြေဆိုရာ၌။ သုကောဝိဒေါ = အလွန်လျင် ထူးချွန် လိမ္မာသည် ဖြစ်၍။ ဝိဿဇ္ဇကော = ဆဋ္ဌသံဂီတိဝိဿဇ္ဇက ပုဂ္ဂိုလ်ကျော်သည်။ ဟုတွာ = ဖြစ်၍။ ဇိနသာသန ဘာရဓောဝေါ = ဘုရားမြတ်စွာ သာသနာ့ဝန်ဆောင် ဖြစ်တော်မူပါပေ၏။

(၁၃၁၆-ခုနှစ်၊ ကဆုန်လပြည့်နေ့မှစ၍ ၁၃၁၈-ခုနှစ်၊ ကဆုန်လပြည့်နေ့အထိ ကျင်းပ ပြုလုပ်သည့် ပါဠိတော် ကျမ်းစာများကို ခြောက်ကြိမ်မြောက် သံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဝိဿဇ္ဇက ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့လေသည်။ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်က မေး၍ အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော်က ဖြေသည်ဟူ၏။)

အဋ္ဌကထာ သံဂါယနာ မဟာသဘင်ကြီး၌ ဝိဿဇ္ဇက ဝိစာရကတာဝန် ဆောင်ရွက်တော်မူခြင်း

၄၂။ အဋ္ဌကထာ သံဂီတိဝှ-သဘာယမွိ သုဓီတိမာ။
ဝိဿဇ္ဇက ဝိစာရက-ဘာရဝါဟီ သုဇာတိမာ။

အဋ္ဌကထာ သံဂီတိဝှ သဘာယမွိ = အဋ္ဌကထာ သံဂါယနာ မဟာသဘင်ကြီး၌လည်း။ သုဓီတိမာ = ကောင်းသော သမာဓိ၊ ကောင်းသော ဝိရိယနှင့် ပြည့်စုံတော်မူသော။ သုဇာတိမာ = ကောင်းသော အမျိုးဇာတ်လည်း ရှိတော်မူသော။ သော = ထို အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည်။ ဝိဿဇ္ဇက ဝိစာရကဘာရဝါဟီ = ဝိဿဇ္ဇကတာဝန် အဋ္ဌကထာ ကျမ်း အချို့တို့ကို စိစစ်သူ ဝိစာရကတာဝန်ကို ဆောင်ရွက်တော်မူသည်။ အာသိ = ဖြစ်တော်မူပါပေ၏။

(အဋ္ဌကထာ ကျမ်းပေါင်း ၅၂-အုပ်တို့ကို ၁၃၁၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉-ရက်နေ့မှ စ၍ ၁၃၂၁-ခုနှစ်၊ တပေါင်းလဆန်း ၆-ရက်နေ့အထိ သန့်ပါတ ၄-ကြိမ်ခွဲ သံဂါယနာတင်ရာ ထိုစဉ်က ဆရာတော်သည် ဝိဿဇ္ဇက, ဝိစာရက ဆရာတော်ဖြစ်၍ သာသနာ့တာဝန်ကို ဆောင်ရွက်တော် မူခဲ့လေသည်။)

ဋီကာသံဂါယနာ မဟာသဘင်ကြီးတွင် ဒုတိယ သန္နိပါတ၌ ဝိဿဇ္ဇကတာဝန် ဆောင်ရွက်တော်မူခြင်း

၄၃။ ဋီကာသံဂီတိကာလေပိ၊ မရမ္မ ဝိသယေ ဝရေ။
သုဝိဿဇ္ဇကဘာဝေန၊ ဘာရဝါဟိ ဝိသာရဒေါ။

ဝရေ = လူရှင်များစွာ နေရာဌာန မြတ်လှစွာသော ။ မရမ္မဝိသယေ = ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ။ ဋီကာသံဂီတိကာလေပိ = ဋီကာသံဂါယနာ မဟာသဘင်ပွဲကြီး ယင်ရာ အခါ၌ ။ သော = ထိုအရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည် ။ သုဝိဿဇ္ဇကဘာဝေန = အဖြေ ပုဂ္ဂိုလ်ကျော် အဖြစ်ဖြင့် ။ ဝိသာရဒေါ = ခြင်္သေ့ပမာ ရဲရင့်လှပါသော ။ ဘာရဝါဟိ = တာဝန်ကို ဆောင်ရွက်တော်မူလေ့ ရှိတော်မူပါ၏ ။

(၁၃၂၂ ခုနှစ်မှ ၁၃၂၃ ခုနှစ်၊တပို့တွဲလဆန်း ၁၂-ရက်နေ့အထိ ပြုလုပ် ကျင်းပအပ်သော ဋီကာသံဂါယနာ မဟာဓမ္မသဘင်ကြီးတွင် ဒုတိယသန္နိပါတ၌ ဝိဿဇ္ဇက ဆရာတော်ဖြစ်၍ တာဝန်ကို ဆောင်ရွက်တော် မူခဲ့လေသည် ။)

ဝန်ဆောင် သံဃာ့အဖွဲ့ဝင် ဖြစ်၍ သာသနာအကျိုး သယ်ပိုးဆောင်ရွက်တော်မူခြင်း

၄၄။ တသ္မိံ သံဂီတိကာလေပိ၊ မဟာထေရော သုပညဝါ ။
ဘာရနိတ္ထာရကော ဟုတွာ၊ သံဂီတိယာ ဓုရန္ဓရော ။

သုပညဝါ = အလွန် ပညာကြီးမားတော်မူသော ။ မဟာထေရော = အရှင် ဝိစိတ္တာသာရာဘိဝံသ မဟာထေရ်သည် ။ တသ္မိံ သံဂီတိကာလေပိ = ထိုဆဋ္ဌသံဂါယနာ မဟာ ဓမ္မသဘင်ပွဲကြီး ယင်ရာ အခါ၌လည်း ။ ဘာရနိတ္ထာရကော ဟုတွာ = ဝန်ဆောင် ဆရာတော် ဖြစ်တော်မူ၍ ။ သံဂီတိယာ ဓုရန္ဓရော = လွန်စွာ ခဲကပ် သံဂါယနာဆိုင်ရာ တာဝန်အရပ်ရပ်ကို ဆောင်တော်မူတတ်ပါပေ၏ ။

(သံဂါယနာတင်ပုံ၊ ကျမ်းစာများ သုတ်သင်ပုံနှင့်စပ်၍ အကြံပေးခြင်း စသည်များကို ပြုလုပ်တော် မူခဲ့လေသည် ။)

မူလသောဓက, ပဋိဝိသောဓက, ဩသာနသောဓက တာဝန် စသည်များကို ဆောင်ရွက်တော်မူခြင်း

၄၅။ ဝိသောဓကာဒိကိစ္စာနိ၊ ကိစ္စေသု နိန္နမာနသော။
လောကဂ္ဂသာသနသေဝ၊ ဝုဗိုဝိရဇ္ဇိယာ အကာ။

ကိစ္စေသု = ဆဋ္ဌသံဂါယနာဆိုင်ရာ အဖြာဖြာ အဝဝသော ကိစ္စလုပ်ငန်းတို့.၌။ နိန္နမာနသော = ညွတ်သောစိတ် ရှိတော်မူသော အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်သည်။ ဝိသောဓကာဒိ ကိစ္စာနိ = ဆဋ္ဌသံဂါယနာ မူလဝိသောဓက, ဆဋ္ဌသံဂါယနာ ပဋိဝိသောဓက, ဆဋ္ဌသံဂါယနာ ဩသာန သောဓက အစရှိသော ကိစ္စလုပ်ငန်းတို့.ကို။ လောကဂ္ဂသာသနသေဝ = လောကဥက္ကဋ္ဌ မြတ်စွာဘုရား သာသနာတော်၏သာလျှင်။ ဝုဗိုဝိရဇ္ဇိယာ = တိုးတက်စည်ပင်ခြင်း၌ဟု။ အကာ = ပြုလုပ်ရွက်ဆောင်တော်မူခဲ့လေပြီ။

(ဆဋ္ဌသံဂါယနာတင် အဖြေတာဝန် ဆောင်ရွက်ရင်း ကြားအံ့ချိန် ရသမျှ အချိန်ယူ၍ ဆောင်ရွက်တော်မူသည်။ ဆဋ္ဌသံဂါယနာ မတင်မီကလည်း ကြိုတင် ပြင်ဆင်မှု ပြုလုပ်ရွက်ဆောင်တော်မူသည်။)

ကျော်စောသော ဓမ္မကထိကဖြစ်၍ တစ်တိုင်းပြည်လုံး တရားအမြိုက် တိုက်ကျွေးတော်မူခြင်း

၄၆။ နိခိလေ မြန်မာ့ပဒေသေ၊ သမ္မာယေသိ အနေကဓာ။
အမတဓမ္မောဒကေန၊ ထေရော ဝိစိတ္တနာမကော။

ဝိစိတ္တနာမကောထေရော = အရှင်ဝိစိတ္တသာရာဘိဝံသ အမည် ရွှေဘွဲ့.တော် ချည်တော်မူသော ဆရာတော်ဘုရားကြီးသည်။ နိခိလေ မြန်မာ့ပဒေသေ = မြန်မာပြည် တစ်ပြည်လုံး၌။ ဝါ = မြန်မာ ပြည်တစ်ပြည်လုံး အနယ်နယ် အစို.စို. အမြို.မြို. အရွာရွာ၌။ အမတဓမ္မောဒကေန = တရား အမြိုက်ရေစင်ကို။ အနေကဓာ = အကြိမ်ပေါင်း များများလှစွာ။ ဝါ = အမျိုးမျိုး အဖုံဖုံ။ သမ္မာ ယေသိ = ကောင်းစွာမသွေ သောက်စေတော်မူခဲ့လေပြီ။ ဝါ = တိုက်ကျွေးတော် မူခဲ့လေပြီ။

(ဆရာတော် ပျိုနုစဉ်က အလွန်များများလှသော ပရိသတ်ကြီး တရားနာကြသည်။ ဘုရားဟော ပုဂ္ဂိုလ်တော်ကြီးများ နှုတ်တိုက်ရွတ်ဆို ဟောတော်မူသည်။ အံ့သြစရာကောင်းလှသည်။)

မဟာဗုဒ္ဓဝင်ကျမ်းကြီး ဦးစီးပြုစု စီရင်တော်မူခြင်း

၄၇။ အတိဝိတ္ထာရသမ္ပုဏ္ဏ-မဟာဗုဒ္ဓဝံသမိုစ။
ရစယိတ္ထ မဟာဝိရော၊ ပမာနော ထေရ ပဏ္ဍိတော။

မဟာဝိရော = ကြီးမြတ်သော လုံ့လဝီရိယ ရှိတော်မူသော။ ထေရပဏ္ဍိတော = ထေရ် ပညာကျော် ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသသည်။ ပမာနော = ဦးစီးခေါင်းဆောင်သမိုင်း ပြောင်သူသည်။ ဟုတ္တာ = ဖြစ်၍။ အတိ ဝိတ္ထာရသမ္ပုဏ္ဏ မဟာဗုဒ္ဓဝံသမိုစ = အလွန်တရာ ကျယ်ပြော ပြည့်စုံသည့် မဟာဗုဒ္ဓဝင်ကျမ်းတော်ကြီးကိုလည်း။ ရစယိတ္ထ = ဆန္ဒစိတ္တ ဝီရိယဝိမံ ခြံရုံရှေးရှု ပြုစီရင်တော်မူခဲ့လေပြီ။

(ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကို ဦးဆောင်ပြု စီရင်တော်မူခဲ့ရာ ယင်းကျမ်းကြီးမှာ ၆-တွဲ ရှစ်အုပ် ရှိလေသည်။)

ဇြဟ္မယာစနကထာသံခေပဝိတ္ထာရဝိသဇ္ဇနာကျမ်း ′စသည်ကို ပြုစီရင်တော်မူခြင်း

၄၈။ ဇြဟ္မယာစနကထာဒိ-ဂန္ထံပိ ဂန္ထကော ဝိဒေါ။
ရစယိ နာနာနယေဟိ၊ နာနာဇနဟိတာဝဟော။

ဂန္ထကောဝိဒေါ = ကျမ်းဂန်များစွာ အဖြာဖြာ၌ တတ်သိလိမ္မာတော်မူသော ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသသည်။ ,နာနာဇနဟိတာဝဟော=ရှင်လူရဟန်းမျိုးစုံတို့.အား အစီးအပွားကို ရွက်ဆောင် တတ်ကုန်သော။ ဇြဟ္မယာစနကထာဂန္ထံပိ = ဇြဟ္မယာစနကထာ သံခေပဝိတ္ထာရဝိသဇ္ဇနာကျမ်း အစရှိသော ကျမ်းတို့.ကိုလည်း။ နာနာနယေဟိ = နည်းမျိုးစုံတို့.ဖြင့်။ ရစယိ = ရေးသား စီရင်တော်မူခဲ့လေပြီ။

[ဆရာတော် အရှင် ဝိစိတ္တာသာရာဘိဝံသသည် ဇြဟ္မယာစနသံခေပ ဝိတ္ထာရဝိသဇ္ဇနာကျမ်း, ခန္ဓာ အာယတနဓာတ် သစ္စာလင်္ကာဖွင့် ဓမ္မဒေသနာကျမ်း, အဘိဓမ္မာအခါတော်နေ.ကျူးရင့်သံများ, တိပိဋကဟောစဉ်တရား စသည့် ကျမ်းစာအုပ်များကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။]

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

၄၉။ အဂ္ဂမဟာပဏ္ဍိတောတိ ။ဂရုပါဓိဝရေနတံ ။
ပူဇေသုံ မြန်မာ့ဘူပါလာ၊ ဝိစိတ္တံ ဝိစိတ္တာသာဏိကံ ။

မြန်မာ့ဘူပါလာ = မြန်မာနိုင်ငံတော် အစိုးရမင်းတို့သည် ။ ဝိစိတ္တာဉာဏိကံ = ဆန်းကြယ်သောဉာဏ် ရှိတော်မူသော ။ တံဝိစိတ္တံ = ထို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသမဟာထေရ်ကို ။ အဂ္ဂမဟာပဏ္ဍိတောတိ ဂရုပါဓိဝရေန = အဂ္ဂမဟာပဏ္ဍိတဟူသော အလေးပြု ကော်ရော် ပူဇော်အပ်သော တံဆိပ်တော်ဖြင့် ။ ပူဇေသုံ = ပူဇော်ကြလေပြီ ။

[ဆရာတော်သည် ၁၃၄၀-ပြည့်နှစ်၊ ပြာသိုလဆန်း ၇-ရက် (၁၉၇၉-ခုနှစ်၊ ဇန်နဝါရီ ၄-ရက်) နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက အမိန့် ကြော်ငြာစာအမှတ် ၁/၇၉-ဖြင့် ထုတ်ပြန်ကြေငြာ ဆက်ကပ် လှူဒါန်းခြင်းကို ခံယူတော်မူလေသည် ။ ၁၃၄၁-ခုနှစ်၊ နယုန်လပြည့်နေ့တွင် အခြား ဆရာတော်ကြီးများနှင့်အတူ ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌ အခမ်းအနားဖြင့် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံယူတော်မူရသည် ။]

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဂိုဏ်ပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင်အဖွဲ့၏ အကြံပေးဆရာတော် တာဝန် ဆောင်ရွက်တော်မူခြင်း

၅၀။ နိတ္ထာရက မဏ္ဍလဿ၊ သုမဉ္ဇနာဒါတာပိစ ။
ယထာဘူတံ ဉာဏံ သောဟိ၊ ဉာပေတွာ ကိစ္စကာရကော ။

သောဟိ = ထို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိစိတ္တ သာရာဘိဝံသ သည်ကား ။ နိတ္ထာရကမဏ္ဍလဿ = သံဃဘာရနိတ္ထာရကမဏ္ဍလဿ = သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီး ဖြစ်မြောက်ရေး သံဃာ့ဝန်ဆောင် အဖွဲ့၏ ။ သုမဉ္ဇနာဒါတာပိစ = အကြံဉာဏ်များ ပေးသူသည်လည်း ။ ဟုတွာ = ဖြစ်၍ ။ ယထာဘူတံ ဉာဏံ = မဖောက်မပြန် မှန်ကန်သော အကြံဉာဏ်များကို ။ ဉာပေတွာ = လျှောက်ထားသိစေ၍ ။ ကိစ္စကာရကော = ဆိုက်ရောက်လာသော ကိစ္စတာဝန်ကို ကျေပွန်အောင် ဆောင်ရွက် ပြုလုပ်တော် မူပါပေ၏ ။

[အကြံပေးအရာရှိ,အကြံပေးတတ်သူကို မန္တ နာကာရ,မန္တ နာဒါတာ-ဟု ပါဠိစီကြသည် ။]

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့.ကြီး၏ အကျိုးတော်ဆောင်တာဝန် ဆောင်ရွက်တော်မူခြင်း

၅၁။ သုမဟာသံဃနာယက – မဏ္ဍလဿ ပဓာနကော။
လေခါဓိကာရီ ဇသောဟိ၊ ဟုတ္ဝာ သာသနဘာရမော။

ဇသောဟိ = ထို တိပိဋကဓရဂဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင် ဝိစိတ္တာသာရာဘိဝံသ ဆရာတော် ဘုရားကြီးသည်ကား။ သုမဟာသံဃနာယက မဏ္ဍလဿ = နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့.ကြီး၏ ။။ ပဓာနကော = ရှေ့ဆောင် ပဓာနဖြစ်သော။ ဝါ= ပြဋ္ဌာန်းသော။ လေခါဓိကာရီ – အထွေထွေအတွင်းရေးမှူး ဆရာတော်ကြီးသည်။ ဝါ= အကျိုးတော်ဆောင် ဆရာတော်ကြီးသည်။ ဟုတ္ဝာ = ဖြစ်၍။ သာသနဘာရမော = သာသနာ့တာဝန် သာသနာတော် သန့်.ရှင်း တည်တံ့ပြန့်.ပွားရေး တာဝန်ကို ဆောင်ရွက်တော် မူပါပေ၏။

[၁၃၄၂ ခုနှစ်၊ နယုန်လဆန်း (၁၁)ရက်နေ့တွင် သာသနာတော် သန့်.ရှင်း တည်တံ့ ပြန့်.ပွားရေး ပထမအကြိမ် ဂိဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို ရန်ကုန်မြို့ ဆဋ္ဌသံဂါ ယနာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌ စတင်ကျင်းပရာ မြန်မာနိုင်ငံတော် အတွင်းရှိ တစ်သိန်းကျော် သံဃာတော်တို့၏ ကိုယ်စား သမ္မုတိရ သံဃာ့ ကိုယ်စားလှယ်တော် ၁၂၂၆-ပါး တက်ရောက်တော်မူပြီး ထိုအစည်းအဝေးကြီး၏ ဒုတိယနေ့ အထက်ဖော်ပြပါသံဃာတော် ၁၂၂၆-ပါး အနက်မှ နိုင်ငံတော် ဗဟိုဝန်ဆောင် ဆရာတော် ၂၉၉-ပါး တို့.ကို ရွေးချယ်ရာ ဆရာတော် အရှင် ဝိစိတ္တာသာရာဘိဝံသသည် ဗဟို သံဃာ့ဝန်ဆောင် ဖြစ်လာသည်။ တစ်ဖန် ယင်း ဗဟိုသံဃာ့ ဝန်ဆောင် ဆရာတော် ၂၉၉-ပါး အနက်မှ ဆရာတော် ၃၀-ပါဝင်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့.ကို ဖွဲ့.စည်းရာ ဆရာတော်သည် ယင်းနိုင်ငံတော် သံဃမဟာနာယက အဖွဲ့.ကြီး၏ အကျိုးတော်ဆောင် ဖြစ်တော်မူသည်။ နောင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့. တိုးချဲ့၍ ၄၅-ပါး, ၄၇-ပါး ဖွဲ့.စည်းခဲ့သည်။ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသသည် ယနေ့.တိုင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့.ကြီး၏ အကျိုးတော်ဆောင်ဖြစ်၍ တာဝန်အရပ်ရပ်ကို ဆောင်ရွက်တော်မူသည်။]

နိကာယ ကျောင်းတိုက်ကြီး နှစ်တိုက် တည်ဆောက်တော်မူခြင်း

၅၂။ နိကာယပရိဝေဏော ဒွေ၊ ဒီဃဒဿိ မဟာယတိ။
ပဌပေတွာန သမ္မဒွေ- သာသန ဋ္ဌိတိယာ ကရီ။

ဒီဃဒဿိ = အနာဂတ်အရှည် ကြံစည် မြော်မြင်တော်မူသော။ မဟာယတိ = အရှင် ဝိစိတ္တာသာရာဘိဝံသ ရဟန်းတော်မြတ်ကြီးသည်။ဒွေနိကာယ ပရိဝေဏာ = နိကာယ် ကျောင်းတိုက်ကြီး နှစ်တိုက်တို့.ကိုလည်း။ ပဌပေတွာန = တည်ထောင် ဖွင့်လှစ်တော်မူ၍ ။ သမ္မဒွေသာသနဋ္ဌိတိယာ = ဘုရားဒိနော် သာသနာတော်ကြီး တည်တံ့ခိုင်မြဲခြင်း အကျိုးငှာ။ ကရီ = ပြုလုပ်ကျင့်ဆောင် ကြိုးပမ်းတော်မူခဲ့လေပြီ။

[ဆရာတော် ဘုရားကြီးသည် မိမိနည်းတူ တိပိဋကဓရ ရဟန်းတော်များ ပေါ်ထွန်းစေလိုသော ရည်ရွက်ချက်ဖြင့် မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ ကျောင်းတိုက်နှင့် ရန်ကုန်မြို့ နယူးလင်းလမ်း၌လည်း တိပိဋက ကျောင်းတိုက်ကို တည်ထောင်၍ ပရိယတ္တိသာသနာ ကြီးပွားအောင် ထူးခြားစွာ ဆောင်ရွက်တော်မူလေသည်။]

ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးနှစ်တိုက် ပေါ်ထွန်းအောင် ဆောင်ရွက်တော်မူခြင်း

၅၃။ ဒွိသုပိ ရာဇမာနိသု၊ ဝိဿဝိဇ္ဇာလယေ ဒုဝေ။
ပါတုဘူတာယ မေဓာဝိ၊ ဉဿာဟမကရီ ဟိဝေ။

မေဓာဝိ = အသိဉာဏ်ပွား၍ ပညာကြီးတော်မူသော ဆရာတော်ဘုရားကြီး အရှင် ဝိစိတ္တာသာရာဘိဝံသသည်။ ဒွိသုပိရာဇမာနိသု = ရန်ကုန် မန္တလေး မင်းနေပြည် မြို့.ကြီးနှစ်မြို့တို့.၌လည်း။ ဝိဿဝိဇ္ဇာလယေသု ဒုဝေ=ဒွိန္နံဝိဿဝိဇ္ဇာလယာနံ = ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းတိုက်ကြီး နှစ်တိုက်တို့.၏။ ပါတုဘူတာယ = လနေပမာ ပေါ်ထွန်းပါစေခြင်းအကျိုးငှာ။ ဉဿာဟံ= နေ.ညမနာ လုံးပမ်းအားထုတ်ခြင်းကို။ အကရိဟိဝေ = စင်စစ်မသွေ ပြုတော်မူခဲ့ လေပြီသာ။

[ယင်း တက္ကသိုလ်ကြီးနှစ်ခု ပေါ်ပေါက်ရန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့.ကြီး၏ တာဝန်ပေးချက်အရ နိုင်ငံတော်အစိုးရ အကူအညီဖြင့် ဆောင်ရွက်တော် မူခဲ့လေသည်။]

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

၁၄။ ဇဝံဟိ သုဂုဏောပေတံ၊ ဝိစိတ္တံ ထေရကုဋ္ဌရံ။
ပူဇေသုံ မြန်မာ့ ရာဇာနော၊ အဘိဓဇဉပါဓိနာ။

ဇဝံဟိ = ဤသို့လျှင်။ သုဂုဏောပေတံ = ဖော်ပြခဲ့တဲ့ ဂုဏ်တော် အတန်တန်တို့နှင့် အလျှံပယ် ပြည့်စုံတော်မူသော။ ဝိစိတ္တံထေရကုဋ္ဌရံ= တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂ မဟာပဏ္ဍိတ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်မြတ်ကြီးကို ။ မြန်မာရာဇာနော = ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီ အစိုးရမင်းတို့သည်။ အဘိဓဇဉပါဓိနာ= အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကြီးဖြင့်။ ပူဇေသုံ= မြတ်လေးကော်ရော် ပူဇော်ကြလေကုန်ပြီ။

[၁၃၄၆-ခုနှစ်၊ ၁၉၈၄ ခုနှစ် ဇန်နဝါရီ ၄-ရက်နေ့တွင် နိုင်ငံတော်ကောင်စီက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအား အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ကပ်လှူ ပူဇော်ကြောင်း ကြေငြာ၍ ၁၃၄၆-ခုနှစ်၊နယုန်လပြည့်နေ့တွင် အခမ်းအနားဖြင့် ဘွဲ့တံဆိပ်တော် ကပ်လှူပူဇော်ကြသည်။ ထိုစဉ်က ဆရာတော်မှာ ၇၃-နှစ်၊ ၅၃-ဝါရရှိလေပြီ။]

ကျောင်းထိုင်သင်တန်းကျောင်းကြီးများ ဖြစ်ပေါ်ရန် လုံ့လဥဿာဟ စိုက်တော်မူခြင်း

၁၅။ ဝိဟာရနာယကကံ့ရ- သိက္ခနအာရာမေပိစ။
ပါတုဘာဝါယ သော ထေရော၊ ဒဠ္ဍဥယျတ္တမာနသော။

သော ထေရော = ထိုတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးသည်။ ဝိဟာရနာယ ကကံ့ရသိက္ခန အာရာမေပိစ = ဝိဟာရနာယကကံ့ရ သိက္ခနအာရာမာနံပိစ = တိုင်းနှင့်ပြည်နယ် ကျောင်းထိုင်သင်တန်း ကျောင်းတိုက်ကြီးတို့၏လည်း။ ပါတုဘာဝါယ = တည်ဆောက် ပေါ်ပေါက်ခြင်းအကျိုးငှာ။ ဒဠ္ဍဥယျတ္တမာနသော = မြဲမြံပြင်းထန်သော လုံ့လဝီရိယနှင့်ယှဉ်သော စိတ်လည်း ရှိတော်မူပါပေ၏။

[မြန်မာနိုင်ငံ တစ်နိုင်ငံလုံး တိုင်းနှင့်ပြည်နယ် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတိုက်ကြီးများ ဖြစ်ပေါ်ရန်လည်း ဆရာတော်သည် လွန်စွာ ကြိုးပမ်းတော်မူသည်။]

သာသနာ့ကိစ္စများစွာတို့.၌ ရှေ့သွားခေါင်းဆောင်ဖြစ်တော်မူခြင်း

၅၆။ ဗုဒ္ဓသာသနကိစ္စေသု၊ ပုရဿရော မဟာသုမိ။
ကိစ္စကာရီ ဟိတဘာဏီ၊ သာသနာကဝိကေသရီ။

သော = ထို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တာသာရာဘိဝံသသည်။ ဗုဒ္ဓသာသနကိစ္စေသု = ဘုရားမြတ်စွာ သာသနာ့ ကိစ္စရေးရာ အဖြာဖြာတို့.၌။ ပုရဿရောမဟာသုမိ = ရှေ့.သွားခေါင်းဆောင် သာသနာ့ သမိုင်းပြောင်သည့် ပညာရှိကြီး ဖြစ်တော်မူပါပေ၏။ ကိစ္စကာရီ = မဆုတ်မနစ် အားသစ်ကြိုးပမ်း လုပ်ငန်းဆောင်ထ ပုဂ္ဂလအာဇာနည်လည်း ဖြစ်တော်မူပါပေ၏။ ဟိတဘာဏီ = အကျိုးအစီး ပွားများကြောင်း စကားကောင်းကိုသာ မိန့်.ဆိုတော် မူတတ်ပါပေ၏။သာသနကဝိကေသရီ = ဘုရားဇနော် သာသနာတော်၏ ပညာကဝိပုဂ္ဂိုလ် ဖြစ်တော်မူပါပေ၏။

(မြန်မာနိုင်ငံတော် သာသနာ့ကိစ္စ အဝဝတို့.၌ ရှေ့.တန်းကချည်း ပါဝင် ဆောင်ရွက်ရသော ခေါင်းဆောင် ဖြစ်တော်မူသည်ဟူ၏။)

သံဃကိစ္စအရပ်ရပ် ပြီးပြတ်အောင်ဆောင်၊ ပစ္စည်းဖြင့်လည်း များစွာချီးမြှောက်တော်မူခြင်း

၅၇။ ဝဟံ သံဃဿ ကိစ္စာနိ၊ ပစ္စယေန အနုဂ္ဂဟံ။
ဩဝါဒမိစ ဒဒန္တော၊ ပါလယီ ဇိနသာသနံ။

သော= ထို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး အရှင်ဝိစိတ္တာသာရာဘိဝံသသည်။ သံဃဿ = ပြည်မြန်မာပျော် သံဃာတော်၏။ ကိစ္စာနိ = ကိစ္စဥဿုံ အလုံးစုံတို့.ကို ။ ဝဟံဝဟန္တော = သံဃသင္ဃ မြော်ခေါ်ရှုကာ အားသစ်ကြိုးပမ်းရွက်ဆောင်တော်မူလျက် လည်းကောင်း။ ပစ္စယေန = သင်္ကန်း ဆွမ်း ကျောင် ဆေးလေးပါးသော ပစ္စည်းဖြင့်။ အနုဂ္ဂဟံ = အနုဂ္ဂဟန္တော = သံဃဖာသု ကြွတွေးရှုကာ များစွာချီးမြှောက်တော်မူလျက် လည်းကောင်း။ ဩဝါဒံ = ဘုရားဇနော် အဆုံးအမ ဩဝါဒကို။ ဒဒန္တော်ပိစ = ကရုဏာ ရှေ့.ရှု ပေးတော်မူလျက် လည်းကောင်း။ ဇိနသာသနံ = ငါးမာရ်အောင်မြင်ဘုရားရှင် သာသနာတော်ကို။ ပါလယီ =နှစ်ငါးထောင်ချဉ်း လင်းလက်အောင် ကြံရွယ်စောင့်ရှောက်တော် မူခဲ့လေပြီ။

[သံဃာတော်များစွာအား ပစ္စည်းလေးပါး မပင်ပန်းရအောင်လည်း ဆောင်ရွက်တော်မူသည်။ အခွင့်သင့်တိုင်း ရဟန်းပရိသတ်, လူပရိသတ်အား ဩဝါဒ ပေးတော်မူခဲ့လေသည်။]

အရှင် ဝိစိတ္တသာရာဘိဝံသ နေရောင်ခြည်အောက်က ရဟန်းတော်များ

၅၈။ ဟေဋ္ဌာ ဝိစိတ္တအာဘာယ၊ ဝိဇ္ဈာလယ သိလုစ္စယာ။
ယတယော သမ္ပမောဒန္တိ၊ ဝိဇမ္ဘန္တိ အနေကမာ။

အနေကမာ = ရေတွက်သချိုင်္ဂါ များစွာကုန်သော။ ယတယော = ရှေ့တန်း စစ်မျက်နှာ စစ်တိုက် သွားကြမည့် စစ်ဗိုလ်တို့.အလား ဖန်ရည်စွန်းသည့် ချပ်ဝတ်ဆင်မြန်း ကိလေသာ သူပုန်နှင့် တိုက်ပွဲဝင်ကြမည့် ရဟန်းတော်များ တို့.သည်။ ဝိဇ္ဈာလယသိလုစ္စယာ = ဝိသဝိဇ္ဈာလယ သိလုစ္စယာ = တိပိဋကာ=နိကာယတက္ကသိုလ်, နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်, ကျောင်းထိုင်သင်တန်း ကျောင်းတော်များဟူသည် ဥဒည်တောင်ထိပ်မှ။ ဝိစိတ္တအာဘာယ = အရှင် ဝိစိတ္တသာရာဘိဝံသတည်း ဟူသော နေရောင်ခြည်၏။ ဟေဋ္ဌာ = အောက်၌။ သမ္ပမောဒန္တိ = ပရိယတ် ပဋိပတ် လက်နက်တပ်ဆင် လွန်စွာ ပျော်ရွှင်ကြကုန်၏။ ဝိဇမ္ဘန္တိ = ဘုရားဓမ္မကွန် စာသံရင့်ကျူး ကွန်.မြူးစံပယ်ကြကုန်၏။

[မိုးမိတ်ကုန်းမြေ, ရန်ကုန် နယူးလင်းလမ်းရှိ တိပိဋက= နိကာယ တက္ကသိုလ်, မန္တလေး ရန်ကုန် သာသနာ့တက္ကသိုလ်, တိုင်းနှင့်ပြည်နယ် ကျောင်းထိုင်သင်တန်းကျောင်းများမှ စာသင်သားရဟန်းတော်တွေ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ နေရောင်ခြည် အောက်၌ ရွှင်လန်းကြသည်, စံပါယ်ကြသည် ဟူ၏။)

အရှင် ဝိစိတ္တသာရာဘိဝံသ လရောင်အောက်က ရဟန်းတော်များ

၅၉။ ဟေဋ္ဌာ ဝိစိတ္တစန္ဒသ၊ ဝိသဝိဇ္ဈလယမ္ဘရေ။
တပေါဓနာ ဇိနတြဇာ၊ သီတာယန္တိ သုခန္တိစ။

ဝိသဝိဇ္ဈာလယမ္ဘရေ= တိပိဋက=နိကာယ တက္ကသိုလ်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်၊ ကျောင်းထိုင် သင်တန်းကျောင်းများတည်းဟူသော ဖြူစင်သစ်လွင် ကောင်းကင်ပြင်၌။ ဝိစိတ္တစန္ဒသ= ရောင်ဝါယှက်ဝေ ကိုယ်တော်ကျက်သရေကို ဖွင့်ကာဖွင့်ကာ တင့်တယ်စွာ ကွန်.မြူး စံပယ်တော်မူသော အရှင် ဝိစိတ္တသာရာဘိဝံသ လမင်းကြီး၏။ ဟေဋ္ဌာ= အောက်၌။ ဇိနတြဇာ= ဘုရားဇိနော် သား‌တော်ဖြစ်တော် မူကြကုန်သော။ တပေါဓနာ= အကျင့်ဥစ္စာ ကိုယ်မှာ ပြည့်လျှမ်း ရဟန်းတော်တို့.သည်။ သီတာယန္တိ = စိတ်စက်ရွှင်လန်းအေးချမ်းကြကုန်၏။ သုခန္တိစ = ဆင်းရဲကင်းကွာ ချမ်းသာလည်း ချမ်းသာကြကုန်၏။

[အရှင် ဝိစိတ္တသာရာဘိဝံသ လရောင်အောက်က ပစ္စည်းလေးပါးအတွက် ဘာမျှပူစရာမလိုသဖြင့် အေးချမ်းကြ, ချမ်းသာကြသည်ဟူ၏။]

မြန်မာစာ သြဝါဒါစရိယအဖွဲ့. ဥက္ကဋ္ဌ ဖြစ်၍ သြဝါဒပေးအဖွဲ့.ဝင်တွေ့ စိတ်ချမ်းသာကြ

၆၀။ မြန်မာသာဟိစ္စ မဏ္ဍလ- သြဝါဒါစေရ မဏ္ဍလေ။
ပဓာနော သော ဟုတ္ဝာန၊ သြဝါဒမဒဒီ တဒါ။

သော=ထို အရှင် ဝိစိတ္တာသာရာဘိဝံသ ဆရာတော် ဘုရားကြီးသည်။ မြန်မာသာ ဟိစ္စမဏ္ဍလ သြဝါဒါစေရ မဏ္ဍလေ= မြန်မာစာ အဖွဲ့. သြဝါဒစရိယ ဆရာတော်များ အဖွဲ့.၌။ ဝါ= အဖွဲ့.၏။ ပဓာနော = ဥက္ကဋ္ဌ ဆရာတော်သည်။ ဟုတ္ဝာန=ဖြစ်တော်မူ၍။ တဒါ= သြဝါဒါစရိယ ဆရာတော်များ စည်းဝေးရာအခါ၌။ သြဝါဒံ= အဆုံးအမ သြဝါဒကို။ အဒဒီ= ပေးတော်မူခဲ့လေပြီ။ သုခန္တီ=သြဝါဒ စကား ကြားနာရသူများ နားသောတ ချမ်းသာကြကုန်၏။

[သုခန္တ-ထည့်၍ ယောဇနာသည်။]

ကောင်းကြံ, ကောင်းပြော, ကောင်းသော အမှုလုပ်သည့် ဆရာတော်ကြီး

၆၁။ သုစိန္တီတစိန္တီစေဝ၊ သုဘာသိတဘာသိပိစ။
သုကတကမ္မ ကာရီစ၊ ဉာဏီ ပဏ္ဍိတကုဋ္ဌရေ။

ပဏ္ဍိတကုဋ္ဌရော= ပညာရှိ ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော အရှင် ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ကြီးသည်။ သုစိန္တီတစိန္တီစေဝ=တင့်တယ်ကောင်းမွန်သော အကြံအစည်ကို ကြံစည်တော်မူသည် လည်းကောင်း။ သုဘာသိတဘာသိပိစ = တင့်တယ်ကောင်းမွန်သော စကားကို ဆိုတော် မူတတ်သည် လည်းကောင်း။ သုကတကမ္မကာရီစ= တင့်တယ် ကောင်းမြတ်သော သာသနာပြုအမှုကိစ္စကို ပြုလုပ်တော်မူတတ်သည် လည်းကောင်း။ ဟောတိ= ဖြစ်တော်မူပါပေ၏။

[ကောင်းစွာကြံစည်၍ ကောင်းသော သာသနာပြုလုပ်ငန်းတွေ များစွာ ပြုလုပ် ဆောင်ရွက်တော်မူသည်ဟူ၏။]

အလှူဒါရဲရင့်, အကျင့်ရဲရင့်, စာပေရဲရင့်, တရားဟောမှု ရဲရင့်တော်မူ

၆၂။ ဒါနေစ တပသိသူရော၊ ဂန္ဆေသု သုဝိရော ဝိဒူ။
ဓမ္မသ ကထနေစာပိ၊ အတိသူရော မဟာယတိ။

ဝိဒူ = ထူးချွန်လှစွာသော တတ်သိလိမ္မာ ကျွမ်းကျင်တော်မူသော။ မဟာယတိ= သာသနာ့ ဓာတ်မီး ရဟန်းမြတ်ကြီး အရှင် ဝိစိတ္တာသာရာဘိဝံသသည်။ ဒါနေစ= စွန့်ကြဲပေးကမ်း

လ္ဟဒါန်းမှ၌ လည်းကောင်း။ တပသိစ= ပရိယတ် ပဋိပတ် နှစ်ရပ်လုပ်ငန်း ကြိုးပမ်း ကျင့်ဆောင်မှု၌ လည်းကောင်း။ သူရော=ရဲရင့်တော် မူပါပေ၏။ ဂန္ဆေသု= သိမ်မွေ့ခဲကပ် ကျမ်းဂန်အရပ်ရပ်တို့.၌။ သုဝီရော= အလွန်ရဲရင့်တော် မူပါပေ၏။ ဓမ္မသ= ဘုရားအဆုံးအမ တရား၀မ္မကို။ ကထနေစာပိ= ကရဏာရှေ့ထား ဟောကြား၊တော်မူခြင်း၌လည်း။ သုဝီရော =အလွန်ရဲရင့်တော်မူပါပေ၏။ ဓမ္မသ= ဘုရားညွှန်ပြ တရား၀မ္မကို။ ကထနေစာပိ= ကရဏာရှေ့ထား ဟောကြား၊တော်မူခြင်း၌လည်း။ အတိသူရော= ကောသရာခြသေ့်မင်းတပဲ အလွန်ရဲရင့်တော်မူပါပေ၏။

[ဆရာတော် အရှင် ဝိစိတ္တသာရာဘိဝံသသည် အလ္ဟ၌လဲ ရဲရင့်, အကျင့်၌လဲရဲရင့်, ကျမ်းဂန်တို.၌လဲရဲရင့်, တရား၀မ္မ ဟောပြောရာ၌လဲ လွန်စွာ ရဲရင့်သည်ဟူ၏။]

ကိုယ်ကျိုးသူကျိုး နှစ်မျိုးသည်ပိုးရွက်ဆောင်တော်မူခြင်း

၆၃။ သကတ္ထံ ပရတ္ထဉ္စာပိ၊ မဟာထေရော ကရီ သုဓီ။
မဟတ္တံ တေန ပပ္ပေါတိ၊ အညောစာပိ ဒွယံ ကရေ။

သုဓီ = အသိ ဆန်းကြယ် ပညာ ကြွယ်၀တော်မူသော။ မဟာထေရော=တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိ, အဘိ၀ံသမဟာရဋ္ဌဂုရု မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးသည်။ သကတ္ထံ=မိမိအကျိုးကို လည်းကောင်း။ ပရတ္ထံစာပိ = သူတစ်ပါး အကျိုးကို လည်းကောင်း။ ကရီ=ပြုလုပ် ကျင့်ဆောင်တော်မူပါပေ၏။ တေန=ထိုသို့ ကိုယ်ကျိုးသူကျိုး ဤ နှစ်မျိုးကို သည်ပိုး ရွက်ဆောင်တော်မူသည် အဖြစ်ကြောင့်။ မဟတ္တံ = ကြီးမြတ်သော ပုဂ္ဂိုလ်၏ အဖြစ်သို့. ။ ပပ္ပေါတိ = ရောက်တော် မူပါ၏။ အညောစာပိ = တိပိဋကဓရ မင်းကွန်း ဆရာတော် ဘုရားကြီးမှ တစ်ပါးသော ပုဂ္ဂိုလ်သည်လည်း။ ဒွယံ = ကိုယ်ကျိုးသူကျိုး ဤနှစ်မျိုးကို။ ကရေ= စိတ်ပါလက်ပါ ပြုကျင့် ဆောင်ရွက်ရာ၏။

[ဆရာတော်ကြီးကား ကိုယ်ကျိုးသူကျိုး ဤနှစ်မျိုး ကျင့်တော်မူသည်။ အခြားသူသည်လဲ ဆရာတော်ဘုရားကြီး နည်းတူ ကျင့်ပါဟူလို။]

ပညာကြီးမား သီလရှိ သိမ်မွေ့.ချက်တဖြုတ်ဉာဏ်ဝယ် ထင်သော စကားရှိတော်မူခြင်း စသည်

၆၄။ ပဏ္ဍိတော သီလသမ္ပန္နော၊ သဏှောစ ပဋိဘာဏဝါ။
နိဝါတဝုတ္တိ အထဒ္ဓေါ၊ မဟာထေရော ယတုတ္တမော။

ယတုတ္တမော = သာကိယဇာတ် ရဟန်းမြတ်ကြီး ဖြစ်တော်မူသော။မဟာထေရော=အရှင် ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည်။ ပဏ္ဍိတော = ပညာ ကြီးမားတော်မူပါပေ၏။ သီလသမ္ပန္နော=အကျင့် သီလနှင့်လည်း လောက်ငကဲ့လုံ ပြည့်စုံတော်မူပါပေ၏။ သဏှောစ= နူးညံ့သိမ်မွေ့လည်း နူးညံ့သိမ်မွေ့တော် မူပါပေ၏။ ပဋိဘာဏဝါ= ရတ်တရက် ချက်တဖြုတ် ဉာဏ်အား ထင်လာသော စကားလည်း ရှိတော်မူပါ၏။ နိဝါတဝုတ္တိ = နှိမ်ချသော အမူအရာ အဆိုအမိန့်လည်း ရှိတော်မူပါပေ၏။ အထဒ္ဓေါ = မာန်မာန ခက်ထန်ခြင်းလည်း ကင်းရှင်း နည်းပါးတော်မူပါပေ၏။

[ဆရာတော်ဘုရားကြီး အရှင် ဝိစိတ္တသာရာဘိဝံသသည် ပညာရှိ သီလရှိ သိမ်မွေ့ဉာဏ် ပဋိဘာန်နှင့် ပြည့်စုံနှိမ်ချသော အမူအရာရှိ မာန်မာန နည်းပါးတော်မူသည်ဟူ၏။]

အစီးအပွား မရကြောင်းမှ တားမြစ် စီးပွားရကြောင်း ပြည့်စုံသည့် ဆရာတော်

၆၅။ အဟိတာ ပဋိသေဓောစ၊ ဟိတေသုစ ပယောဇနံ။
ကတိ ဒ္ဝိဟိ လက္ခဏေဟိ၊ သမ္ပန္နသေဋ္ဌပုဂ္ဂလော။

သေဋ္ဌပုဂ္ဂလော=ချီးမွမ်းအပ်သော မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည်။ အဟိတာ=အစီးအပွား:မရကြောင်းမှ။ ပဋိသေဓော=တားမြစ်ခြင်းလည်းကောင်း။ ဟိတေသု-အစီးအပွားတို့.၌။ ပယောဇနံစ=ယှဉ်စေခြင်းလည်းကောင်း။ ကတိ =ဤသို့.။ ဒ္ဝိဟိလက္ခဏေဟိ=နှစ်ပါးသော လက္ခဏာတို့.နှင့်။ သမ္ပန္နော = မယုတ်ကဲ့လုံ ပြည့်စုံတော်မူပါပေ၏။

[တစ်ဖက်သားကို လောကီ, လောကုတ္တရာ နှစ်ဌာနလုံး၌ ကြီးပွားစေလိုသည့် ဆရာတော်ကြီး ဖြစ်တော်မူသည် ဟူလို။]

အသိပညာမျိုးစုံ ကြွယ်ဝတော်မူခြင်း

၆၆။ မဟာပညောစ.သော၊ အာသိ၊ ပုထုပညော ဝိသာရဒေါ။
ဟာသပညော ဝိဘာဝိစ၊ ဧဝနသမွန္နော ဟိခေါ။

သော=ထိုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရ မင်းကွန်း ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တာသာရာဘိဝံသသည်။ မဟာပညောစ = ကောင်းကင်သမုဒ္ဒရာသဖွယ် ကျယ်ဝန်းသော ပညာရှိသည်လည်းကောင်း။ ပုထုပညောစ=ယူဇနာကိန်းနှစ်သိန်းလေးသောင်း ထုပေါင်းသန်းရာ မဟာပထဝီ မြေကြီးသဖွယ် ထုထယ်ကြီးမား သော ပညာရှိသည် လည်းကောင်း။ ဝိသာရဒေါ = ပရိသတ်အလယ် တင့်တယ် ရဲရင့်သော ပညာရှိသည်လည်းကောင်း။ ဟာသပညောစ =ကြည်လင်ရွှင်ပျ သီလသမာဓိ ပညာအစုကို ဆည်းပူးစုဆောင်းကတ်သော ပညာရှိသည် လည်းကောင်း။ ဝိဘာဝိစ = အခဲအကပ် တိမ်မြုပ်သော အရာဌာနတို့.ကို ထင်စွာပြုတတ်သော ပညာရှိသည် လည်းကောင်း။ ဧဝနသမွန္နောဟိခေါ = မဟာသုခမိန် နန္ဒီသိန်အသွင် လျင်မြန်သော ပညာရှိသည် လည်းကောင်း။ အာသိ = မုချမသွေ ဖြစ်တော်မူပါပေ၏။

[ဆရာတော်ဘုရားကြီး၏ ပညာကြီးပုံမှာ ဆဋ္ဌသံဂါယနာတွင် ဝိသဇ္ဇက တာဝန်ထမ်းဆောင်ခြင်း, မဟာဗုဒ္ဓဝင်ကျမ်းကြီး စသည်များဖြင့် ထင်ရှားသည်။]

တစ်နည်းတစ်ဖုံ ပညာမျိုးစုံနှင့် ပြည့်စုံတော်မူခြင်း

၆၇။ တိက္ခပညောစ သော အာသိ၊ ဒဋ္ဌပညော မဟာယတိ။
နိဗ္ဗေဓိကပညောစေဝ ၊ ဂမ္ဘီရမတ်မာ ဝိဒူ။

မဟာယတိ=သံဃာ့ထွတ်သီး ရဟန်းမြတ်ကြီး ဖြစ်တော်မူသော။ ဝိဒူ=အရာရာတွင် သိမြင် တတ်မြောက်တော်မူသော။ သော=ထိုအရှင် ဝိစိတ္တာသာရာဘိဝံသ ဆရာတော် ဘုရားကြီးသည်။ တိက္ခပညောစ=ဓားကောင်းရှသို့. မြမြထက်သော ပညာရှိတော်မူသည်လည်းကောင်း။ ဒဋ္ဌပညောစ=မမှေမမျော်နိုင် ခိုင်ခံ့သောပညာ ရှိသည်လည်းကောင်း။ နိဗ္ဗေဓိကပညောစေဝ =အခက်အခဲကို ဖောက်ခွဲ သိမြင်တတ်သော၊ ပညာရှိတော်မူသည်လည်းကောင်း။ ဂမ္ဘီရမတိမာ =နက်နဲသော ပညာ ရှိတော်မူသည်လည်းကောင်း။ အာသိ=မုချစင်စစ် ဖြစ်တော်မူပါ၏။

[ဆရာတော်ကား အလွန်ဉာဏ်ထက်သည်။ ရပြီးစာပေများလဲ မမှေမျော်က် အခက်အခဲဖျက်ခွဲနိုင်သော ပညာလဲရှိ၊ နက်နဲသောတွေးခေါ်မြော်မြင်ခြင်းလဲ ရှိသည် ဟူ၏။]

နိုင်ငံတော် ပရိယတ္တိတက္ကသိုလ် စာသင်သားတွေ တိပိဋကဓရ လောင်းလျာ
စာသင်သား စသည်တို့. ဝမ်းမြောက်ကြ

၆၈။ သောတာရောယတယောဇနာ ၊ သမ္မမောဒန္တီနေကမာ။
ထေရံ နိသာယ တုသန္တီ ၊ သိတာယန္တီ သုခန္တီစ။

ထေရံ=ကပ္ပရုက္ခ, ကပ္ပဒုမ, ကပ္ပတရုခေါ်တွင် ပဒေသပင်လို မြင့်မိုရ်ပမာ ငွေသော်တာ တန္ခု၊ စံပြုထိုက်သည့် အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီးကို။ နိသာယ=အ မှီ ပြုကြကုန်၍။ သောတာရောယတယောဇနာ=နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် စာသင်သား, တိပိဋက=နိကာယ ကျောင်းတိုက်များမှ တိပိဋကဓရ လောင်းလျာ စာသင်သား, ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများမှ စာသင်သား ရဟန်းသာမဏေတို့.သည်။ အနေကမာ=အမျိုးအမျိုး အပုံအပုံ။ သမ္မမောဒန္တီ=အလိုဆန္ဒပြည့်လျှမ်း ဝမ်းမြောက်ကြကုန်၏။ တုသန္တီ=စာသင်ကျွေးဟစ် နှစ်သက်ရွှင်လန်း ကြကုန်၏။ သိတာယန္တီ=ဒုက္ခကင်းဝေး အေးချမ်းကြကုန်၏။ သုခန္တီစ=စိတ်ဓာတ်ရွှင်လန်း ချမ်းသာလည်း ချမ်းသာကြကုန်၏။
[ဆရာတော်ဘုရားကြီးမှီ၍ စာသင်သားများစွာတို့. ရွှင်လန်း ချမ်းသာကြသည်ဟူ၏။]

ဝိနယဒေသနာမိုးကြီး ရွာချစိုစွတ်စေတော်မူခြင်း

၆၉။ ဝိစိတ္တာသာရပဒုန္နော၊ တေမေသိစအနေကမာ။
ဝိနယဝုဋ္ဌိယာစေဝ၊ သုဝိနယ ပိပါသိတေ။

ဝိစိတ္တာသာရပဒုန္နော=တိပိဋကဓရမဟာဇ္ဈာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာ ရဋ္ဌဂုရု အရှင်ဝိစိတ္တာသာရာဘိဝံသ မဟာထေရ်မြတ် မိုးနတ်မင်းကြီးသည်။ သုဝိနယပိပါသိတေ =ဝိနည်းဒေသနာ မိုးရေဆာလောင်နေသော တပည့်တို့.ကို။ ဝိနယဝုဋ္ဌိယာစေဝ=ဝိနည်းကျမ်း စာ ဒေသနာမိုး ရွာသွန်းဖြိုးပေးတော်မူခြင်းဖြင့်လည်း။ အနေကမာ=အမျိုးမျိုးအဖုံဖုံ။ တေမေသိစ =စွတ်စိုစေလည်း စွတ်စိုစေတော်မူခဲ့လေပြီ။

[ဝိနည်းကြောင်းသိလိုသည့် တပည့်တွေ ဆရာတော်ဘုရားကြီးသည် ဝိနည်းကြောင်းကို အချက်ကျကျ ဟောတော်မူသည်ဟူ၏။]

သုတ္တန်ဒေသနာမိုးကြိုး သည်းထန်စွာရွာချတော်မူခြင်း

၇၀။ ဝိစိတ္တာသာရပဒုန္နော၊ ဟိလာဒေတိ အနေကဓာ။
သုတ္တန်တ ဝုဋ္ဌိယာစေဝ၊ သုတ္တန္တေန ပိပါသိတေ။

ဝိစိတ္တာသာရပဒုန္နော=နိုင်ငံတော် သံဃမဟာနာယက အဖွဲ့.ကြီး၏ အကျိုးတော်ဆောင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု သွန်းထုခပ်နှိပ်တံဆိပ်တော်မျာ.ပိုင်စိုး အရှင်ဝိစိတ္တာသာရာဘိဝံသ မိုးနတ်သားကြိုးသည်။ သုတ္တန္တေန နပိပါသိတေ =သုတ္တန်ပိဋကတ် မိုးရေဖြင့် ဆာလောင်မွတ်သိပ်ရှာကုန်သော။ ဗဟုဇနေ= သန်ဳံ့ာတွက်ရေများထွေသောင်းသောင်း ရဟန်းရှင်လူ ပရိသတ်အပေါင်းတို့.ကို။ သုတ္တန္တ ဝုဋ္ဌိယာစေဝ =သုတ္တန်ပိဋကတ်မိုးကြိုး စွေဖြိုး ရွာချပေးတော် မူခြင်းဖြင့်လည်း။ အနေကဓာ=အမျိုးအမျိုး အဖုံအဖုံ။ ဟိလာဒေတိ = ဆာလောင်မှုဟူ အပူကင်းပ အေးမြစေတော်မူ၏။

[သုတ္တန်ဆာ သုတ္တန်တရားနာလိုသူများ သုတ္တန်တရားဒေသနာ ပေးကြားတော်မူသည်ဟူ၏။]

အဘိဓမ္မာဒေသနာမိုးကြိုး သည်းထန်စွာ ရွာချသွန်းဖြိုးတော်မူခြင်း

၇၁။ ဝိစိတ္တာသာရပဒုန္နော၊ တောသာပေတိ ဗဟုဇနေ။
အဘိဓမ္မသုဝဿေန၊ အဘိဓမ္မပိပါသိတေ။

ဝိစိတ္တာသာရပဒုန္နော=တိပိဋကဓရ ဆရာတော် အရှင်ဝိစိတ္တာသာရာဘိဝံသဟူသော မိုးနတ်မင်းကြိုးသည်။ အဘိဓမ္မပိပါသိတေ=အဘိဓမ္မာဒေသနာ ကျမ်းစာအစောင်စောင် ဆာလောင်မွတ်သိပ် ကြကုန်သော။ ဗဟုဇနေ=များလှသောင်းသောင်း လူရှင်ရဟန်းအပေါင်းတို့.ကို။ အဘိဓမ္မသု ဝဿေန=အဘိဓမ္မာကျမ်းစာ မိုးရေမိုးပေါက်ဖြင့်။ တောသာပေတိ=တိုက်ကျွေးနှစ်သိမ့်စေတော်မူပေ၏။

[ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်, ပဋ္ဌာန်း အဘိဓမ္မာ ၇-ကျမ်းဒေသနာ မိုးစွေဖြိုးရွာချ နှစ်သိမ့်စေတော်မူခဲ့လေသည်။ နှစ်စဉ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ.များ၌ ထင်ရှားသည်။]

ဝိနယ, သုတ္တန္တ, အဘိဓမ္မ သုံးဝသော ပိဋကဒ္ဓံ အလွန်လိမ္မာ တတ်မြောက် ကျွမ်းကျင်တော်မူခြင်း

၇၂။ ကုသလော တီသုဥတ္တိသု၊ သမုဏ္ဏဲသော မဟာမုနေ။
သီဟဠေ အဘယော ထေရော၊ ယထာ ဝိဟာရ ပုဂ်ဝေါ။

မဟာမုနိ=တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု သွန်းထုခပ်နှိပ် ဘွဲ့တံဆိပ်တော် အထပ်အထပ်ဖြင့် အံ့ချီးအပ်ပါသည့် အို ရဟန်းမြတ်ထွတ်ထိး မထေရ်မြတ်ကြီး ဘုရား။ တဝ=အရှင်မြတ်ဘုရား၏။ တီသုဥတ္တိသု=ဝိနယသုတ္တ အဘိဓမ္မဟု သုံးဝသော ဘုရားစကားတော်တို့ဒ္ဒ်။ ကုသလော=လိမ္မာကျွမ်းကျင် အလွန်လျှင် တတ်မြောက် တော်မူခြင်းကား။ သမုဏ္ဏဲသော =ထူးချွန်လွန်ကဲတော်မူလှပါ၏ ဘုရား။ သီဟဠေ=သီရိလင်္ကာ ခေါ်ညွှန်း သီဟိုဠ်ကျွန်းဒ္ဒ်။ ဝိဟာရပုဂ်ဝေါ = တစ်ခေတ်၌ မဟာဝိဟာရ ကျောင်းတိုက်ကြီးဒ္ဒ် ဓမ္မကထိက စာချခေါင်းဆောင် ဖြစ်တော်မူသော။ အဘယောယထာ=အရှင်တိပိဋက စူဠာဘယ မဟာထေရ်နှင့် တူလှပါ၏ ဘုရား။

ရောက်လာသမျှ ဒကာ, ဒကာမတွေအား တရားနတ်ဩဇာ ကျွေးတော်မူခြင်း

၇၃။ သမွတ္တော ဂဟဋ္ဌေစာပိ၊ ဝိစိတ္တထ္ထေရ ပုဂ်ဝေါ။
သုဓမ္မပိယုသေနေဝ၊ သမ္ပဝါရေသိနေကဓာ။

ဝိစိတ္တထ္ထေရပုဂ်ဝေါ=ဆဋ္ဌသံဂီတိ ဝိသဇ္ဇက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုး တော်ဆောင် ဆရာတော်ဘုရားကြီး အရှင်ဝိစိတ္တသာရာဘိဝံသ မဟာထေရ်မြတ်ကြီးသည်။ သမွတ္တော ဂဟဋ္ဌေစာပိ = ရောက်လာဘိတောင်း ဒကာ ဒကာမအပေါင်း တို့.ကိုလည်း။ သုဓမ္မ ပိယုသေနေဝ = ရသာစုံလတ် နတ်ဩဇာ နတ်ထမင်းဖြင့်။ သမ္ပဝါရေသိ=တော်ပါပြီတန်ပါပြီဟု ပယ်မြစ် ရလောက်အောင် ဝဝလင်လင် အင်အောင်မသွေ ကျွေးမွေးတော်မူခဲ့လေပြီ။

[ရောက်လာသမျှ ဒကာ, ဒကာမတွေကို ထိုက်တန် လျော်ကန်သော တရားဓမ္မဖြင့် တိုက်ကျွေး ချီးမြောက်တော်မူသည်ဟူလို။]

ဝေရမ္ဘလေဟုန်ပမာ ဉာဏ်ပညာ အဟုန်ကြီးမားလှ

၇၄။ ဝေရမ္ဘဝါတဝေဂေါဝ၊ ပေဋကေ ဇာနနေ တဝ။
အစ္ဆရိယာစ အဗ္ဘုတာ၊ အစ္ဆန္တ လောမဟံသိယာ။

ဘန္တေ = တိပိဋကဓရ ထိပ်ခေါင်တင် အရှင်သူမြတ်ကြီး ဘုရား။ တဝ = အရှင်သူမြတ်ကြီး၏။ ပေဋကေ=ပိဋကတ်သုံးသွယ် ကျမ်းပင်လယ်၌။ ဇာနနေ = ခဲခက်ပယ်နှင့် အသိဉာဏ် အမြင်သည်။ ဝေရမ္ဘဝါတဝေဂေါဝ = တစ်ယူဇနာကျော်ရုပ် ရှိန်ယူလတ်ကာ တိုက်လာခတ်လိုင်း လေမုန်တိုင်း အဟုန်တမူ တူလှပါ၏ဘုရား။ အစ္ဆရိယာစ = လက်ဖျစ်ရိုက်တီး မြေတုန်ဟီးအောင် အံ့ချီးဖွယ်လဲ ဖြစ်ပါ၏ဘုရား။ အဗ္ဘုတာစ=မကြုံစဖူး အထူးအသစ် ဖြစ်နေပါ၏ဘုရား။ အစ္ဆန္တံ = လောမဟံသိယာ = စင်စစ်ကန္တာ မွေးညင်းရွှင်ပျ ကြက်သီးထ လောက်ပါ၏ဘုရား။

[ဝေရမ္ဘလေဟုန်ပမာ ဉာဏ်ပညာအဟုန် လွန်စွာ ကြီးမားပြင်းထန်သည်။ အလွန် အံ့ချီး ဖွယ်ကောင်းသည့် ပုဂ္ဂိုလ်ကျော် မပေါ်ဖူးသည့် ပုဂ္ဂိုလ်ကျော် ကြက်သီးမွေးညင်းထဖွယ် ဖြစ်သည်ဟူ၏။]

မြန်မာတစ်ပြည်လုံး အနှံ့အပြား ဦးဆောင် ခဏ္ဍာသိမ်များ သမုတ်တော်မူခြင်း

၇၅။ အဗန္ဓိ ခဏ္ဍာသီမာယော၊ လောကဂ္ဂ စက္ကဝုဖိယာ။
သကလေ မြန်မာ့ပဒေသေ၊ ဂါမေသုစ နဂရေသုစ။

မဟာထေရော = အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည်။ သကလေ မြန်မာ့ ပဒေသေ=ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ခွင်လုံး၌။ ဂါမေသုစ=ရေတွက်သင့်ရာ များစွာ သော ရွာတို့၌လည်းကောင်း။ နဂရေသုစ=မြို့ငယ်မြို့ကြီး အသီးသီးတို့၌လည်းကောင်း။ လောကဂ္ဂစက္ကဝုဖိယာ= သုံးလောကဥက္ကဋ္ဌ အမြတ်ထွတ်ထား ဘုရားစက်ရောင် တောက်ပြောင် စည်ပင်ပါစေခြင်း အကျိုးငှာ။ ခဏ္ဍာသီမာယော=ကမ္မာကမ္မ ပြုရလွယ်ရန် ခဏ္ဍာသိမ်တော်တို့ကို။ အဗန္ဓိ =ဥတ္တိယ ဒုတိယ သီမာသမ္မုတိကမ္မဝါ ဖတ်ရွတ်ကာဖြင့် ကောင်းစွာမသွေ သမုတ်တော် မူခဲ့လေပြီ။

[နခေါရာဇ ဇတ္တာဝတာ၊ သံဃာရာမော ပတိဋ္ဌိတော၊ သီမာ သမ္မန္နနံ နာမ၊ အနုဇာနိ တထာဂတော ဟူ၍ ဒီပဝံသကျမ်းလာ အရှင်မဟိန္ဒထေရ် မိန့်တော်မူသည့်အတိုင်း သံဃာ့ အရံ ကျောင်းတိုက်တာဗီမာန်များ အရှည်တည် သာသနာ ထွန်းလင်းစည်ပင်ရန် သိမ်များ သမုတ်တော်မူသည် ဟူ၏။]

ကြံတိုင်းအောင် ဆောင်တိုင်းမြောက်သည့် စိန္တာမဏိ ပတ္တမြား စသည်

၇၆။ စိန္တာမဏိ သာသနဿ၊ ဒေဝတ္တာ သာသနေ မဟာ။
သိရိပိဏ္ဍော သာသနဿ၊ ဟေမဒ္ဒိ မြန်မာ့ မဏ္ဍလေ။

ဘောန္တော=အိုရှင်လူအပေါင်း သူတော်ကောင်းတို့။ မဟာထေရော=အရှင် ဝိစိတ္တ သာရာဘိဝံသ ဆရာတော်ကြီးသည်။ သာသနဿ=ဘုရားဒိန်္နော သာသနာတော် မြတ်ကြီး၏။ စိန္တာမဏိ = ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်စေနိုင်သည့် စိန္တာမဏိပတ္တမြားကြီးသဖွယ် ဖြစ်တော် မူ ပါပေ၏။ သာသနေ=ဘုရားမြတ်စွာ သာသနာတော်၌။ ဝါ=ဘုရားမြတ်စွာ သာသနာတော်တည်း ဟူသော ဘာရတနိုင်ငံတော်ကြီး၌။ မဟာ=ရင်သပ်ရှုမော အံ့ဩစဖွယ် ကြီးကျယ်လှပေသော။ ဒေ ဝတ္တာ=ဒေဝတာတမ အမည်ရသည့် ဝေးမြင့်သီးခေါင် ဟိမဝန္တာတောင်ကြီးသဖွယ် ဖြစ်တော်မူပါ ပေ၏။ သာသနဿ=ဘုရားရှင် သာသနာတော်မြတ်ကြီး၏။ သိရိပိဏ္ဍော=အဖိုးတန် လောကုတ္တရာ ပညာရပ်တို့၏ စုဝေးရာ ကျက်သရေဆိုင်၊ ကျက်သရေတုံးကြီး ဖြစ်ပါပေသတည်း။ မြန်မာ့မဏ္ဍ လေ=ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝှမ်းလုံး၌။ ဝါ=ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝှမ်းလုံး၏။ ဟေမဒ္ဒိ=ရွှေမြင့်မိုရ်တောင်မင်းကြီးနှင့် တူပါပေ၏။

[သာသနာ့ စိန္တာမဏိ ပတ္တမြားသဖွယ်ဖြစ်၊ ဟိမဝန္တာတောင်မင်းကြီးနှင့်တူသည့် သာသနာ့ ကျက်သရေဆိုင်၊ မြန်မာနိုင်ငံ ရွှေတောင်ရွှေမြင့်မိုရ်။]

မြန်မာ့သာသနာ့ဆေဟင် ထက်ကောင်းကင်ဝယ် ငွေသော်တာ လမင်းနှယ် တင့်တယ် ထင်ရှားတော်မူခြင်း

၇၇။ မြန်မာ့သာသနခေတလေ၊ မဟာထေရော ယတိဿရော။
စန္ဒောဝ ပါကဋော အာသိ၊ သိလာဒိ ဒီဓိတိဟိပိ။

ယတိဿရော=ရဟန်းအပေါင်း များသိန်းသောင်းတို့၏ ထိပ်ဆောင်ဦးစီး ရဟန်းမြတ်ကြီး ဖြစ်တော်မူသော။ မဟာထေရော=အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည်။ မြန်မာ့ သာသနခေတလေ=မြန်မာ့သာသနာ့ဝေဟင် ကောင်းကင်အပြင်၌။ သိလာဒိဒီဓိတိဟိပိ =သီလရောင် သမာဓိရောင် ပညာရောင်တို့ဖြင့်လည်း။ စန္ဒောဝ=ငွေသော်တာ လမင်းကဲ့သို့။ ပါကဋော အာသိ=တင့်တယ်ထင်ရှားတော်မူပါပေ၏။

[ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် လမင်းအလား ထင်ရှားသည် ဟူ၏။]

မြန်မာ့သာသနာ့ဆေဟင် ထက်ကောင်းကင်ဝယ် နေမင်းသဖွယ်
တင့်တယ် ထင်ရှားတော် မူခြင်း။

၇၈။ မြန်မာ့သာသနဝေဟာသေ၊ မဟာထေရော ယတိသရော။
သူရော၀ ပသိဒ္ဓေါ အာသိ၊ သီလာဒိ ဒီမိတိဟိပိ။

ယတိသရော=ရဟန်းအပေါင်း များသိန်းသောင်းတို့၏ ထိပ်ဆောင်းဦးစီး ရဟန်းမြတ်ကြီး ဖြစ်တော်မူသော။ မဟာထေရော=အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည်။ မြန်မာ့ သာသနဝေဟာသေ=မြန်မာ့ သာသနာ့ဝေဟင် ကောင်းကင်အပြင်၌။ သီလာဒီဒီမိတိဟိပိ =သီလရောင် သမာဓိရောင် ပညာရောင်တို့ဖြင့်လည်း။ သူရော၀=ရထားယာဉ်သာ နေစကြာကဲ့သို့။ပသိဒ္ဓေါအာသိ=အလွန်လျှင် ထင်ရှားတော်မူပါပေ၏။

[အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ကြီးသည် သီလ သမာဓိ ပညာရောင်ကြောင့် မြန်မာ့ သာသနာ့ကောင်းကင်တွင် နေအသွင် ထင်ရှားတော်မူသည်ဟူ၏။]

ဘုရားဓိနော် စေလွတ်တော်မူသည့် သာသနာ့ သံတမန်အမတ် သာသနာ့ တမန်တော်ကြီး

၇၉။ သဗ္ဗညုပေသိတော ဒူတော၊ သက္ယပုတ္တိယကုဋ္ဌရော။
သဒ္ဓမ္မဒေသယန္တော်ဟိ၊ သမ္မဒ္ဒစက္ကာဘာရဓော။

သဗ္ဗညုပေသိတော=ဘုရားသဗ္ဗညုတ ပရမေသည် စေခိုင်းအပ် စေလွတ်အပ်သော သံတမန် သံတော်ဆင့် သာသနာ့သံအမတ်ကြီး ဖြစ်တော်မူသော။ ဝါ=ဘုရားပရမေ စေအပ်သော သာသနာ့ တမန်တော်ကြီး ဖြစ်တော်မူသော။ သက္ယပုတ္တိယကုဋ္ဌရော=သုဒ္ဓေါဒန မဟာမာယာဒေဝီ သာကီမျိုးမှပေါက်ဖွား ဘုရားရှင်၏သား တော်မြတ်ကြီး ဖြစ်တော်မူသော။ သောဟိ= ဆဋ္ဌသံဂီတိပုစ္ဆက, နိဒ်ဒံတော် သံဃမဟာနာယကအဖွဲ့. အကျိုးတော်ဆောင်, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များသခင် အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော် ဘုရားကြီးသည်ကား။ သဒ္ဓမ္မံ=ဘုရားမြတ်စွာ ပစ္စေကဗုဒ္ဓါ သာဝက သူတော်ကောင်းတို့၏ တရားကို။ ဒေသယန္တော=ကရဏာရှေ့ထား ဟောကြားတော်မူလျက်။ သမ္မဒ္ဒစက္ကာဘာရဓော=ဘုရားဓိနော် သာသနာတော်စက်ကို လင်းလက်တောက်ပြောင်အောင် ဆောင်ရွက်တော်မူသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးစင်စစ် ဖြစ်တော်မူပါပေသတည်း။

[အရှင်ဝိစိတ္တာသာရာဘိဝံသ ဆရာတော်ဘုရားကြီးသည် ဘုရားရှင်တမန်တော်ကြီးဖြစ်၍ သူတော်ကောင်းတရား ပြန့်ပွားအောင် ဟောကြားတော်မူသည်ဟူ၏။]

သူတော်ကောင်းတွေ ကြည်ညိုရန်, ဝမ်းမြောက် ကြည်နူးရန် ဖွဲ့ဆိုပူဇော်ခြင်း

၈၀။ သုဇာနာနံ ပသာဒါယ၊ မုဒိတာယစ ဂန္ဆီတော။
ဂန္ဆောယံ ဂန္ဆေကာရေန၊ ဝိသုတဂဏဝါစိနာ။

သုဇနာနံ=စိတ်ကောင်းသက်ဝင် သူတော်စင် သူတော်ကောင်းတို့၏။ ပသာဒါယစ=သဒ္ဓါရွှန်းစို ကြည်ညိုရန် အကျိုးငှာလည်းကောင်း။ မုဒိတာယစ=နှစ်သက်ရွှင်လန်း ဝမ်းမြောက် ကြည်နူးကြပါစေခြင်း အကျိုးငှာလည်းကောင်း။ ဂန္ဆီတော=ဖွဲ့ဆိုကုန်အပ်လေပြီ။ ဂန္ဆေကာရေန=ပခုက္ကူသာသနာဝင်, မန္တလေးသာသနာဝင်, စစ်ကိုင်း သာသနာဝင်, ပုဂံ သာသနာဝင်, ပင်းယ သာသနာဝင်, အင်းဝ သာသနာဝင်, အမရပူရ သာသ နာဝင်, ပခုက္ကူ စာချုနည်း, ပခုက္ကူ အာဘိဓာန် နိဿယသစ်, ပိဋကတ်သုံးပုံ အနှစ်ချုပ်ကျမ်းများ စသည် နှစ်ရာကျော်ထ ကျမ်းဂန်အဝဝတို့ကို ပြုစီရင်သော။ ဂ်သုတဂဏဝါစိနာ=ပခုက္ကူမြို့. မဟာဝိသုတာရာမ ဝိဇ္ဇာယတနတွင် ဂဏဝါစီ ဘွဲ့ထူးချီသော။ မယာ=အရှင်ကေလာသ နာမသမုတ် အကျွန်ုပ်သည်။ အယံဂန္ဆော=ဆဋ္ဌသံဂီတိဝိသဒ္ဓက, နိဂ်ဂံတော် သံဃမဟာနာယကအဖွဲ့. အကျိုး တော်ဆောင်, တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက, အဂ္ဂမဟာပဏ္ဍိတ, အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၏ ဤဂုဏသံပကာသနာ ဂါထာရွှစ်ဆယ် ပါဠိနိဿယကျမ်းကို။

ဝိစိတ္တာသာရာဘိဝံသ ဂုဏသံပကာသနာ
ဂါထာရွှစ်ဆယ် ပါဠိနိဿယ ပြီး၏။

==========

(၃-၃-၉၁)



မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး
ချီးမြှောက်လျက်ရှိသော တိပိဋကဓရဂြွေးချယ်ပွဲ ဝေးထပ်

တိနိကာရုမ၊ သာသနာ့အောင်လံ
ထာဝရရောင်လှုံနှယ်၊ ခေါင်နဘံတက်ကြွား၊
ပရိယတ်ကောင်းကင်လယ်မှာ၊ ဒေါင်းယဉ်နှယ် ထွန်းပထင်ရှား။
သီလာဒိရောင်ရှိန်ငယ်၊ ပြောင်ထိန်စွာဝင့်ကြွား၊
မင်းကွန်းထရံ ဆရာတော်ဘုရားက ပိဋကအား တိုးတက်စေရန်၊
ထောင့်သုံးရာ လေးဆယ့်နှစ်တွင်မှ၊ ကျောင်းတော်သစ် ဖွင့်လှစ်တည်ဖန်။
သုံးပါးမြတ် သာသနံမှာ၊ ကမ္ဘာအမြန်ထိန်လင်းဖို့
ရာကျော်သင်း မြတ်သံဃာ၊ အားထုတ်စေကာ....
တိပိဋကဓရ ဆက်တိုးလာမည်၊ ထက်မိုးပမာ ဆိုသင့်ရဲ့လေး....။ ။

ဦးကြွင်
(အငြိမ်းစား သံအဲမတ်ကြီး)

ခန်းလှိုင်

နိုင်ငံတော် သြဝါဒ စရိယ၊ ဂဏ္ဌဝိမုတ် ကူးတို့ကိုက်းချုပ်၊ ထားဝယ် မြို့။

ရေယျဝတီ ဆရာတော် ဘုရားကြီး ၏

သမ္မောဒနီယ သာရတ္ထိယကထာ •••

ဦးဝိစိတ္တသာရာဘိဓံသ
တိပိဋကဓရ+ဓမ္မဘဏ္ဍာဂါရိက
အဘိဓဇမဟာရဋ္ဌဂုရု
နိုင်ငံတော်သံဃမဟာနာယက၊ အကျိုးတော်ဆောင် ဆရာတော်


လျှောက်ထားပါသည် အရှင်သူမြတ်ဘုရား။

အရှင်ဘုရား၊ ပိဋကတ်သုံးပုံ အာဂုံ-ရေးဖြေကုန်ပြီး၍ ရေးထုတ်ပုံနှိပ်သော ကျမ်းစာများ အစောင်စောင်ကို လည်းကောင်း၊ မြို့တိုင်း ရွာတိုင်း ကျေးရွာ မကျန် ဟောပြောသော တရားတော်များကို လည်းကောင်း၊ အမြို့မြို့ အရွာရွာ တိုင်းပြည်များသို့ ကြွရောက်၍ သာသနာပြု တရားတော်များကိုလည်းကောင်း၊ သာသနာရေးနှင့် ဆိုင်ရာ အလိုရှိသော အကြောင်းထူများကို လည်းကောင်း၊ သာသနာ သုံးရပ် အတွက် အကျိုးကျေးဇူးများစေခြင်းငှာ ဟောပြောသော တရားတော် များကို လည်းကောင်း၊ မြန်မာပြည် တစ်ပြည်လုံး အထက်ပိုင်း အောက်ပိုင်း အရှေ့ အနောက် မြို့နယ် များသို့ သွားရောက်၍ ကျေးဇူးများစေခြင်း၊ အကြောင်းအရာ များကိုသော်လည်းကောင်း၊ ကြွရောက် ချီးမြှင့် ဟော ပြောချက်များကို သတင်းစာများတွင်တပည့်တော် အမြဲမပြတ် ဖတ်ရှုလျက် နေပါသည်။ လောကီ လောကုတ် ကျေးဇူးများ၍ အထူးပင် ဝမ်းမြောက် ဝမ်းသာလျက်နေပါသည်။ အရှင်ဘုရားသည် ကျန်းမာ၍ ကိုယ်စိတ်နှစ်ပါး ချမ်းသာလျက် အလိုရှိတိုင်းပြည့်စုံပါစေဟု ဆုတောင်း မေတ္တာပို့သလျက် နေကြောင်း လျှောက်ထားအပ်ပါသည် အရှင်သူမြတ်ဘုရား။

အဂ္ဂမဟာပဏ္ဍိတ

ဦးဝိရိယ

နိုင်ငံတော်သြဝါဒစရိယ၊
ရေယျဝတီကျောင်းတိုက်မဟာနာယက၊
ထားဝယ်မြို့၊ တနင်္သာရီတိုင်း။



အိပ်ဖက်လွမ်းမြင့် ဟင်္သာပါသည့် တက်လို

လွမ်းစိတ်ဝေကျ၊ သဲဖြူဝတည့်
စိတ်လှပြန်တွေး၊ ကျည်းပင်ကျေးတည့်
ပိဝေးဖကွာ၊ မင်းကွန်းရွာမှ
ဆရာတော်ကြီး၊ စိတ်ခရီးကို
အံ့ချီးဘယ်သူသိမည်နည်း။


"ဖွားရပ်ဌာနီ၊ ပြည်ကပ်ပို့သို့
နှစ်လီစက်ပန်း၊ ကိုယ်တော်လှမ်း၍
ကြွမြန်းတော်မူရန်၊ လျော်ကန်လျောက်ပတ်
ကောင်းမြတ်သောအချိန်ပါဘုရာ"

ကာဠဒါယီ၊ မထေရ်ညဲ့သဲ့
ဌာနီကျေးရွာ၊ လွမ်းဆွတ်လာအောင်
မဟာဗုဒ္ဓဝင်၊ မင်းကွန်းရှင်သည်
ရွှေရင်ပျို့.ပျို့.၊ ပူဇော်ပို့.ဟု
လက်တို့.မျက်ရည် ဖိတ်လျှံတကား။

ငယ်မူစရိုက်၊ အလွမ်းကြိုက်တို့
အမိုက်မှောင်ခွင်း၊ ဉာဏ်ရောင်လင်းအောင်
ဖန်ဆင်းပြခန်း၊ မူလတန်းနှင့်
ဇာတ်ခံသိမ်၊ မြတ်ကဝိန်သည်
ဂုဏ်သိမ်မယူ လှူသတည်း။

"ပညာပြည့်ဝ၊ မလွမ်းကြနှင့်
တမ်တခြင်းလွန်၊ တဏှာကျွံလိမ့်"
သွန်သင်ဆုံးမ၊ နလံလှနှင့်
ဗုဒ္ဓသာတော်၊ ဆရာပေါ်သို့
ပူဇော်ဆည်းသည်၊ ပေးကမ်းပင်ခိုးခဲ့
မမည်စဖို၊ လက်ဝါတိုဖြင့်
ရွာကိုလွမ် အံ့၊ ရေးမသန်ခဲ့
ခြေဆန့်ခိုးဟာ၊ အရှင်ဘုရား၏
ဖဝါးဖုန်ဖွဲ့၊ နဖူးတိုက်ရှိ
ဦးခိုက်ဖူးမြင်၊ အိပ်မက်မြင်သည့်
မြတ်ရှင် ခွင့်လွတ်တော်မူပါ ဘုရား။

(မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဇာတိ မြင်းခြံမြို့.နယ်၊ သဲဖြူဝကျေးရွာ၊ ကျည်းပင်ရွာ၊ မင်းကွန်းရွာတို့.မှ မူလတန်းကျောင်း၊ ဘုန်းကြီးကျောင်း နှင့် သိမ်ဆောက် လှူဒါန်းခြင်းကို အာရုံပြု၍ ပူဇော်ပါသည်။)



"ဆဋ္ဌသံဂါယနာ တင်ချိန်တုန်းက လိုဏ်ဂူ ကြီးထဲမှာ စာရွက်တယ်၊ အခု မြို့တွေ ရွာတွေ လှည့်ပြီး စာရွက်တယ်၊ ဒါပဲထူးပါတယ်။ သိပ် ပြီး ထူး မပင်ပန်းပါဘူး"

"ကျောင်းအိပ်ရာ၊ နေရာပေါ် အိပ်ရတာနဲ့ ကားရထားလေယာဉ်တွေပေါ်မှာ အိပ်ရတာပဲ ထူးပါတယ်၊ အိပ်ပျော်တာချည်းပါပဲ။ သိပ်ပြီး မထူးပါဘူး"

တိပိဋကဓရ ဆရာတော်ကြီးနှင့် စာရေးသူ ရင်းနှီးခင်မင်သော်လည်း တွေ့ကြုံဖူးတွေ့ရမှုက မများလှပါ။ တစ်ခါတစ်ရံ အခမ်းအနားများ အလှူ။ မင်္ဂလာ ဆွမ်းစားလို နေရာများမှာသာ

တွေ့ကြုံပြီး မေးမြန်း လျှောက်ထား စကား ပြောဆိုမှု နည်းပါးလှပါသည်။ တစ်ဦး နှင့် တစ်ဦး တွေ့ကြုံကြရစဉ် မိမိက လက်အုပ်ချီ လျှင် အသိအမှတ်ပြုသည့် အနေဖြင့် ဆရာ တော်ကြီးက ဦးခေါင်းညိတ်ခြင်းမျိုးဖြင့် ပြီးခဲ့သည်ကများပါသည်။ မြန်မာစာ သဒ္ဒါဒါစရိယ အဖွဲ့တွင် ဆရာတော်ကြီးက ဥက္ကဋ္ဌဖြစ်တော်မူ၍ စာရေးသူက အကျိုးတော် ဆောင်အဖြစ် တာဝန်ယူရသော်လည်း မြန်မာ စာအဖွဲ့က ဆွေးနွေးနှီးနှောရုံအပြင် စာမူ တင်ပြခြင်း မရှိတော့၍ အစည်းအဝေး မလုပ် ရသည်ကလည်း ကြာလေပြီ။ ထို့ကြောင့်ပင် အတွေ့ရ ပို၍ နည်းရခြင်း ဖြစ်ပါ၏ချေသည်။

ရှေးယခင်က သုံးလေးကြိမ်မျှ ကြုံဆိုရင်း ကားအတူစီး၍ စကား ကြာရှည် ပြောဆိုဖူး ခြင်း၊ ခရီးအတူသွားဖူး၍ ဆွေးနွေးခဲ့ဖူးခြင်း များရှိဖူး၍ "အရှင်ဘုရား၊ တိပိဋကဓရ ဆရာ တော်ကြီးကို တွေ့ရင် အချင်းချင်း သတိပေးတဲ့ အနေနှင့် နည်းနည်းပါးပါး လျှောက်ထားဖို့ တော့ သင့်တယ်ထင်ပါတယ်"ဟု နှီးစပ်သော သီတင်းသုံးဖော်များ၊အသင်းအဖွဲ့ခေါင်းဆောင် ဒါယကာကြီးများ၏ စကားအရ လျှောက် ထားတိုင်း ဆရာတော်ကြီးက ဤစာအစဉ် ပါရှိသော စကားတော်များကို မိန့်ကြားတော် မူလေ့ရှိပါသည်။

ဆရာတော်ကြီးသည် မည်သည့် အလုပ်ကို လုပ်လုပ် "အဓိပတိကို တပ်၍ လုပ်ဆောင် လေ့ရှိသည့်အတိုင်း" ဖြစ်မြောက်အောင် လုပ် ဆောင်လေ့ရှိပါသည်။ တိပိဋကဓရ ပြန်ဆိုစဉ် ကပင်"အရှင်ဘုရား၏ အင်အား အသားအရေ အနေအထိုင် အစားအသောက်အရ ပြန်ဆိုရန် မသင့်ဘူးထင်ပါတယ် ဘုရား"ဟု ရင်းနှီးသော ဒါယကာများက တားမြစ်ခဲ့ကြသည်။"မတား နှင့် ဒကာကြီး ဘုန်းကြီးက အဓိပတိတပ်ပြီး လုပ်တာပါ" ဟူသော အဓိပ္ပာယ်မျိုးကို မိန့် ကြားတော်မူလေ့ရှိကြောင်း သိရပါသည်။

စာရေးသူကလည်း ထိုနည်းအတူပင် သတိ ပေးစကား နှစ်ကြိမ်ခန့် လျှောက်ထားဖူးရာ ဤအဆိုအမိန့်မျိုးကိုသာ ကြားနာခဲ့ရပါသည်။

ဆရာတော်ကြီးသည် ယခုသက်တော်(၈၀) တွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပါပြီ။ မြန်မာ သက္ကရာဇ် ၁၂၇၃-ခု၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက် (၁-၁၁-၁၉၁၁)ဖြစ်ရာ လပိုဒ်း အတွင်းတွင်ပင်(၈၀)တင်းတင်း ပြည့်ပါတော့ မည်။ ပိဋကတ်တော်များတွင် သက်တော်ကြီး သံကွာကြီး ဤဇြေပြည့်ဝပုံကို ခိုင်းနှိုင်းလိုလျှင် သက်တော်(၈၀)၊ ဝါတော် (၆၀)ရ မထေရ်ကြီးနှင့် နှိုင်းလေ့ရှိပါသည်။ ထို့ကြောင့် ဆရာ တော်ကြီးအဖို့လည်း အနှိုင်းခံရလောက်အောင် မည်မျှ ဤဇြေပြည့်ဝပုံကို ပြောစရာ ရေးစရာ ပင် မလိုတော့ပါ။ ဆရာတော် အဟော၊ ဆရာ တော် အပြောနှင့် ဆရာတော် အခြေ၊ ဆရာ တော် အနေကို စာရေးသူတို့ တူနိုင်သမျှတူ အောင် အတုယူကြဖို့သာ လိုပါသည်။

အဟော အပြော အခြေ အနေ စားမှု သွားမှု အိပ်မှု နေမှုကို အတုယူနိုင်က ယူနိုင် စရာ ရှိပါ၏။ လုံလ ဝီရိယတော်ကိုကား လိုက် နိုင်မည် မထင်ပါ။ "တူနိုင်မည် မထင်ကြနှင့် ကိုး ဆယ်ဆ ကွဲလိမ့်မည်"ဆိုသော စကားထက် သောင်းဆ, သိန်းဆ ကွာစရာသာ ရှိပါသည်။ ဤမျှ သက်တော် ကြီးမားတော် မူသော်လည်း ဆရာတော်ကြီးက အဟော အပြော အကြုံ အသွား နားတော်မူ ရပ်တော်မူခြင်း မရှိသေး။ လျှောတော်မူ၊ လှုတ်တော်မူခြင်း မရှိသေး။ ပရိ ယတ္တိ သာသနာတက္ကသိုလ် ကိစ္စ၊ ဗုဒ္ဓသာသနာ့ အဆောက်အအုံများ ကိစ္စ၊ သံဃာ့ အစည်း

အဆုံးသတ်အောင် မည်သို့ မိန့်ကြားတော်မူ လိမ့်မည်နည်းဟုပင် ကြောင့်ကြ လိုက်မိသေးသည်။ သို့သော် ကြောင့်ကြသူအဖို့ ကြောင့်ကြမှုသာ ဖြစ်၏။ ဆရာတော်ကြီးက မိန့်ခွန်းဘော်ကို ပြီးဆုံးသည်အထိ မရပ်မနား မိန့်ကြားတော် မူသွားသည်သာမက ဤရေဒီယို သတင်း အတွင်းမှာပင် နေ့လယ် ၁-နာရီခွဲ သာကေဘဒိန်မာရ်အောင်စေတီတော်အောက် ဌာနာတော်သွင်း အခမ်းအနားခွဲပင် သွားရောက် သြဝါဒ စကား မိန့်ကြားတော်မူ ကြောင်း ကြားလိုက်ရပေသေးသည်။

ထို့ကြောင့် အများက လျှောက်ထားပေးစေလိုသည့်အတိုင်း စာရေးသူကသာ "ဆရာတော်ကြီး....ယခု သက်တော် (၈၀)၊ ဝါတော် (၆၀)ရှိပါပြီ။ မိန့်ခွန်းတော်များ သြဝါဒတော်များ မပြုကြားဘဲ ရပ်နားရန်သင့်ပါပြီ" ဟု သတိပေး လျှောက်လည်း "**မင်းကွန်း ဓမ္မနာဒ ကျောင်းတိုက်မှာလဲ စကား ပြောနေရတာပဲ၊ အခု ဟိုနေရာ သည်နေရာတွေမှာလဲ သြဝါဒ ပေးနေရတာပဲ၊ ထူးပြီး မပင်ပန်းပါဘူး ငါ့ရှင် ရယ်**" ဟု ရယ်သွမ်းသွေးကာ မိန့်ကြားတော်မူနေမည်ကို ကြားယောင်နေမိပါတော့သည်။

ဘဒ္ဒန္တ တိလောကသာရ
အကျိုးတော်ဆောင်၊
မြန်မာစာသြဝါဒါစရိယအဖွဲ့။

အဝေးမျှားကိစ္စ စသည်တို့ဌ် တက်တက်ကြွကြွပင် ပါဝင်လုပ်ဆောင်တော်မူ၍ နေသေးသည်။ နေ့စဉ် အချိန်ခွဲ၍ အခမ်းအနား တစ်ခုပြီး တစ်ခု တက်ရောက် မိန့်ကြား၊ တရားဟော၊ သြဝါဒချွေ၊ ရေစက်တော်ချ၍ နေဆဲပင်ဖြစ်ပါလေ၏။

ဆရာတော်ကြီး၏ သာသနာ့ လုပ်ငန်းမှတ်တမ်းတင် စာစဉ်များ ဖြစ်ကြသည့် သုံးနှစ်ခရီး စာစောင် စာအုပ်များ ထုတ်ဝေရာတွင် စာရေးသူတို့သည် အစောင်တိုင်း၊ စာအုပ်တိုင်းပင် ရေးသားနေခဲ့ရာ ဤစတုတ္ထ စာစောင်အတွက် စာတစ်ပုဒ် ရေးသားပေးရန် ဆိုင်ရာ စာစောင်တာဝန်ရှိသူတို့က နှိုးဆော်ထားသည်မှာ ကြာပြီ။ အကြိမ်သည်း များလှပြီ၊ အလုပ်များပြီး ရေးသားစရာ အကြောင်းရှာမရ၍ ဤစတုတ္ထစာစောင်တွင်မူ ရေးဖြစ်တော့မည် မထင်တော့ဟု စိတ်လျှော့ထားစဉ်၊ ဒီဇင်ဘာလ (၃၀) ရက်၊ ပြာသိုလပြည့်နေ့ညတွင် ရေဒီယိုမှ တိုင်ကြားနာရေးသူ ဖုံးပုံတွင် ဆရာတော်ကြီး၏ သမ္မာဒနိယကထာ မိန့်ကြားတော်မူသံကို ကြားနာရလေသည်။ ရှေးရှေးနှစ်များကထက် များစွာ အားပျော့၍ လျော့ရဲသော အသံတော်ကို နာကြားရသည်။ ကြားနာရင်းပင် "မြေဩ်-ဆရာတော်ကိုယ်စား တစ်ပါးပါးက ဖတ်ကြားပေးလျှင် မကောင်းပါလား" ဟု စဉ်းစားလိုက်မိသည်။

ဆုပန်ချက်

ဒုတိယေအာဘာဝမှိ၊ လဒ္ဓါသပ္ပံညနိဿယံ။
ဓမ္မ ဓရော၀ိ နာမေန၊ သောဘာ ပန္နော မရှုဘဝေ။
ဒုတိယ ကိုယ်အဖြစ်၌၊ မိဘ်ဆွေကောင်း ပညာရှိတို့ကို
ဒေမှီရပြီး၊ ဓမ္မဓရဟူသော အမည်ဖြင့်၊
သောဘာပန် နတ်သားဖြစ်ရပါ၏လို့ ဆုတောင်းပါတယ်။

မင်းကွန်း တိပိဋကဓရ ဆရာတော်။

ဘိုးသူလေးအား
ဘုရားပေါင်း
ဦးဖူးခိုင်း

(မြတ်သုမိန် အယ်ဒီတာချုပ်)

အမြင့်ဆုံးဘွဲ့ထူးမျှားပိုင်ရှင်

"ဆရာကြီးဦးစာကျော်ခင်ဗျာ့ .... ဒီခေတ်ထဲမှာ အမြင့်မြတ်ဆုံး၊ ဘွဲ့ထူးအမျှားဆုံးပိုင်ရှင်ဟာ ဘယ်ပုဂ္ဂိုလ်ဖြစ်နိုင်ပါသလဲ"၊

"ကျွန်တော် ရဲ့အထင်ကို ပြောရမယ်ဆိုရင် တော့တိပိဋ္ဌကခရ အာဒိကမ္မိက ဆရာတော် အရှင်ဝိစိတ္တာသာရလို့ ထင်တယ်ဗျ"

ကျွန်တော်သည် ကျွန်တော် ၏မိတ် ဆွေ ဆရာကြီးဦးစာကျော်နှင့် တွေ့ဆုံခိုက် တစ်ချိန်တုန်းက အထက်တွင် ဖော်ပြသည့်အတိုင်း အစချီ၍ အမေးနှင့်အဖြေ စတင်မိလိုက်ပါသည်။

"အထင်လို့တော့ လျော့လျော့မပြောပါနဲ့ ဆရာရယ်၊ ဒီပြဿနာရဲ့အဖြေကို ဆရာရော ကျွန်တော်ရော လက်လှမ်းမီနေတဲ့ဟာပဲ၊ တိတိကျကျ တင်းတင်းရင်းရင်းသိရအောင် ဆရာတော်ရဲ့ ဘွဲ့ထူးတွေကို လေ့လာကြည့်ကြရအောင်၊ ပြီးတော့ ဆရာကပဲ ဦးဆောင်ပြီး အဲဒီဘွဲ့ထူးတွေရဲ့ အနက်အဓိပ္ပာယ်ကို ဖော်ကြရအောင်လေ"

"ဟုတ်ကဲ့ကောင်းပါတယ်၊ ဒါပေမယ့် ဘွဲ့ထူးတွေမှာပါတဲ့ စကားလုံးတွေက ပါဠိဘာသာလဲဖြစ်တယ်၊ ရှေးကလဲကျတယ်၊ ဒါကြောင့် သိပ်တော့မလွယ်လှဘူးဗျ"

"ကောင်းပါတယ်ဆရာ၊ ကျွန်တော်တို့လက်လှမ်းမီသမျှပေါ့၊ မှားတော့လဲ ပညာရှင်တွေက ပြင်ပေးပါလိမ့်မယ်"ဟူ၍ ကျွန်တော်နှင့် ဆရာကြီး ဦးစာကျော်တို့သည် တိုင်ပင်ဆွေးနွေး၍ ဆုံးဖြတ်လိုက်ကြပါသည်။

၁။ အရှင်ဝိစိတ္တာသာရ

ဤဘွဲ့မှာ ရှင်သာမဏေဖြစ်သော အခါကျော်ဘွဲ့ဖြစ်ပြီး ဘဝ "မောင်ခင်" ဟူသော နာမည်ကို ပေးသည့်နာမည်ထက် ထူးကဲသော ဆရာဘုန်းတော်ကြီး ဦးသောဘိတက 'ဝိစိတ္တာသာရ"ဟု ဘွဲ့ပေးသည်။ယင်းဘွဲ့ကို အသက်ဆယ်နှစ်၊ သင်္ကြာန် ၁၂၀၃-ခုခန့်တွင် ရရှိပေသည်။

ဝိစိတ္တာ=ဆန်းကြယ်သော။ သာရ=အနှစ် အသားဟူ၍ အနက်ရှိပေရာ "ဆန်းကြယ်သော အနှစ်အသားမျှားပိုင်ရှင်"ဟူ၍ အဓိပ္ပာယ်ကို ဆောင်ပေသည်။

၂။ ကိုရင်ပိန်တာ လိန်တာအိုး

ဤဘွဲ့ကို စာချဆရာတော် ဦးစင်္ကာန္ဒက စာရလွန်းစာတော်လွန်းသောကြောင့် ချစ်စနိုးပေး၍ခေါ်ပါသည်။

ပိန်ပိန်လိန်လိန်ဖြင့် ဉာဏ်ကောင်းသည့် ကိုရင် ကလေးဟူ၍ ဆိုလိုပါသည်။ ဤဘွဲ့ကို အသက် တစ်ဆယ့်သုံးနှစ်လောက် သင်္ကြာန် ၁၂၀၆-ခုခန့်က ရရှိပါသည်။

၃။ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဋ်သကာ

ဤဘွဲ့ကို မန္တလေးမြို့ သကျသီဟ စာမေးပွဲကို ၁၂၉၅-ခုနှစ်မှာ စာသင်တန်းအောင်ပြီး ၁၂၉၆-ခုနှစ်မှာ စာချတန်းကို....

၁။ ပါရာဇိက အဋ္ဌကထာ၊

၂။ သီလက္ခန္ဓ အဋ္ဌကထာ၊

၃။ အဋ္ဌသာလိနီ အဋ္ဌကထာ-ဟူသော သုံးကျမ်း အားလုံးအောင်သောကြောင့် ဆက်ကပ်ခံရပါသည်။ ရဟန်းသုံးဝါအရမှာ ရရှိပါသည်။

ယင်းမှာ...."သကျသီဟအသင်း ခေါ်သည့် ပရိယတ္တိသာသနဟိတ အသင်းကြီးက ကိုးကွယ်သော ဦးစိုက်ပန်း စာချဆရာတော်"ဟူ၍ အဓိပ္ပာယ်ကိုဆောင်ပါသည်။

၄။ ပထမကျော်

မြန်မာပြည်အစိုးရက ကျင်းပပြုလုပ်သည့် ပထမပြန်စာမေးပွဲ ပထမကြီးတန်း၌ အမှတ်အမျှားဆုံးဖြင့် အောင်မြင်သောကြောင့် ပထမ

ကျော်ဘွဲ့ကို ရရှိပါသည်။ ၁၂၉၆-ခုနှစ်မှာ ရရှိပါသည်။

ယင်းမှာ ပထမကြိုးတန်းဌ အကျော်ဆုံး အမော်ဆုံး အောင်မြင်သူဟူ၍ ဆိုလိုပါသည်။

၅။ အဋ္ဌကထာပြန်အကျော်

ဤဘွဲ့ကို ရန်ကုန်မြို့ ဆရာလင်းအမှူးရှိသော မြန်မာပညာရှိများ အသင်းကြီးက ဆက်ကပ်ပါသည်။ မန္တလေးမြို့ သံကျသီဟအသင်းကြီးက ဝဋ္ဌ သကာဘွဲ့ဆက်ကပ်သည့် ၁၂၉၆-ခုနှစ်မှာပင် ဆက်ကပ်ပါသည်။

အဋ္ဌကထာကို ပြေဆိုသည့် ဓမ္မာစရိယတန်း အောင်မြင်သူတို့တွင် အကျော်ဆုံး အသာဆုံး ပုဂ္ဂိုလ်ဟူ၍ ဆိုလိုပေသည်။

၆။ အရှင်ဝိစိတ္တသာရာဘိဝံသ

ဤဘွဲ့မှာ သကျသီဟ စာချုတန်းကို အောင်မြင်သောကြောင့် မူလရှိရင်း ဝိစိတ္တသာရဘွဲ့ရင်းဌ အာဘိဝံသပုဒ် ထပ်မံတိုးလိုက်သောဘွဲ့ဖြစ်သည်။ မြင့်မြတ်သော အရှင် ဝိစိတ္တသာရလို့ အဓိပ္ပာယ်ရပါသည်။

၇။ သာသနဓဇသိရီပဝရဓမ္မာစရိယ

ယင်းဘွဲ့မှာ အစိုးရစာချုတန်း စာမေးပွဲကျမ်းရင်း သုံးကျမ်းကို ဂုဏ်ထူးကျမ်းနှင့်တကွ အောင်မြင်သောကြောင့် ရရှိခြင်းဖြစ်သည်။ ယင်းသည် သာသနတံခွန်စိုက် မြတ်သောကျက်သရေဆောင် စာချဆရာတော်ဟူ၍ အဓိပ္ပာယ်ရှိပေသည်။

၈။ ဝိသိဋ္ဌဝိနယဓရ၊ မဟာဝိနယကောဝိဒ

ဤဘွဲ့မှာ ဝိနည်းပါးကျမ်းကို ပိပိသသ အထောက်အမလွှတ်ပြန်ဆိုနိုင်ပြီးလျှင် ရေးဖြေရာဌ ရိုးရိုးရာနှုန်း(၇၅) အောင်မှတ်မျှမကဘဲ ရာနှုန်း(၈၅)မှတ်ကျော် ရရှိအောင်မြင်သောကြောင့် ရရှိခြင်းဖြစ်သည်။ဘွဲ့ထူးဖြစ်သည့် "ထူးခြားသော ဝိနည်းဆောင်" "ကြီးကျယ် မြင့်မြတ်လှစွာ ဝိနည်းဥဒါန ကျမ်းကျင်လိမ္မာသူ" ဟူ၍ အဓိပ္ပာယ်ရှိသည်။ ယင်းဘွဲ့ကို ၁၂၉၆-ခုနှစ်တွင် အလှူခံရရှိသည်။

၉။ ဝိသိဋ္ဌအာဘိဓမ္မိက၊ မဟာအဘိဓမ္မကောဝိဒ

ယင်းဘွဲ့မှာ အဘိဓမ္မာ(၇)ကျမ်းကိုပိပိသသ အထောက်အမလွှတ် ပြန်ဆိုနိုင်ပြီးလျှင် ရေးဖြဌ ရိုးရိုးအောင်မှတ် ရာနှုန်း(၇၅)မျှမကဘဲ ရာနှုန်း(၉၄)ကျော်ကျော် ရရှိအောင်မြင်သောကြောင့် ရရှိသည့်ဘွဲ့တော်ဖြစ်သည်။ "ထူးခြားသော အဘိဓမ္မာဆောင်" "အဘိဓမ္မာဌ ကြီးကျယ်မြင့်မြတ်လှစွာ ကျမ်းကျင်လိမ့်မာသူ" ဟူ၍ အဓိပ္ပာယ်ရှိသည်။

ယင်းဘွဲ့ကို ၁၃၁၄-ခုနှစ်တွင်အောင်မြင်ရရှိသည်။

၁၀။ ဝိသိဋ္ဌဒီဃဘာဏက၊ မဟာဒီဃနိကာယကောဝိဒ

ယင်းဘွဲ့မှာ ဒီဃနိကာယ်သုံးကျမ်းကို ပိပိသသ အထောက်အမလွှတ် ပြန်ဆိုနိုင်ပြီး ရေးဖြေမှာ ရိုးရိုးအောင်မှတ် ရာနှုန်း(၇၅)မှတ်မျှမကဘဲ ရာနှုန်း(၉၅)မှတ်ကျော် ရရှိ၍ အောင်မြင်သောကြောင့် ရရှိသောဘွဲ့ဖြစ်သည်။ "ထူးခြားသော ဒီဃနိကာယ်ဆောင်" "ကြီးကျယ်မြင့်မြတ်လှစွာ ဒီဃနိကာယ်ဌ ကျမ်းကျင်လိမ္မာသူ" ဟူ၍ အဓိပ္ပာယ်ရှိသည်။ ယင်းဘွဲ့ကို ၁၃၁၅-ခုနှစ်တွင် အလှူခံရရှိသည်။

၁၁။ ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ၊ မဟာတိပိဋကကောဝိဒ

ဤဘွဲ့မှာ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့က သမ္မတအိမ်တော်ဌ ကြီးကျယ်စွာ အခမ်းအနားပြုလုပ်၍ ဆက်ကပ်သည့်ဘွဲ့ဖြစ်သည်။ ၁၃၁၅-ခုနှစ်တွင် ဆက်ကပ်သည်။

၁၂၊ ဝိစိတ္တာသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

ဤဘွဲ့ကို နိုင်ငံတော် အစိုးရက သမ္မတ အိမ်တော်၌ အခမ်းအနားဖြင့် ၁၃၁၅-ခုနှစ်က ပူဇော်ခဲ့ပါသည်။ အဓိပ္ပာယ်မှာ ဆရာ ဝိစိတ္တာသာရ ပိဋကသုံးပုံဆောင် တရားဘဏ္ဍာ တိုက်စိုး-ဟူ၍ ဖြစ်သည်။

၁၃၊ ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇက

ဤဘွဲ့မှာ ဆဋ္ဌသင်္ဂါယနာ အောင်ပွဲ၌ ဗုဒ္ဓသာသနအဖွဲ့က ဆက် ကပ် သည့် ဘွဲ့ ဖြစ်သည်။ "ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ အဖြေ ဆရာတော်" ဟူ၍အဓိပ္ပာယ်ရှိပေသည်။ ၁၃၁၆-ခုနှစ်၌ အလှူခံရရှိသည်။

၁၄၊ အဂ္ဂမဟာပဏ္ဍိတ

ဤဘွဲ့ကို နိုင်ငံတော်ကောင်စီက ဆက်ကပ်သည့်ဘွဲ့ ဖြစ်သည်။ "မြင့်မြတ်သည့် ပညာရှိကြီး" ဟူ၍ အဓိပ္ပာယ် ရှိသည်။ ယင်းဘွဲ့ကို ၁၃၄၁-ခုနှစ်က ရရှိတော်မူသည်။

၁၅။ အဘိဇမဟာရဋ္ဌဂုရု

ဤဘွဲ့မှာ နိုင်ငံတော်ကောင်စီက ဆက်ကပ်သည့် ဘွဲ့ဖြစ်သည်။ နိုင်ငံတော်၏ အမြင့်မြတ်ဆုံးဖြစ်သော ဆရာတော်ကြီးဟူ၍ အဓိပ္ပာယ် ရှိသည်။ ယင်းဘွဲ့ကို ၁၃၄၆-ခုနှစ်မှာ အလှူခံ ရရှိတော်မူသည်။

၁၆။ နောက်ဆုံးဆက်ကပ်ရမည့်ဘွဲ့ထူး

ဤသို့လျှင် ဖော်ပြခဲ့သည့်အတိုင်း မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ မြင့်မြတ်လှစွာသော ဘွဲ့ထူး ဂုဏ်ထူးများ အကြောင်းကို လေ့လာဆွေးနွေးကြပြီးလျှင် ကျွန်တော်က-

"ဆရာ ဦးစာကျော့....တိပိဋကဓရ မင်းကွန်း ဆရာတော်ကြီး ရရှိခဲ့တဲ့ ဘွဲ့တော်တွေက ထပ်ထိပ်ကြကြီးပါပဲ၊ ဆရာတော်ကလဲ တစ်ဆင့်ထက်တစ်ဆင့် မြင့်၍ မြင့်၍ သိလ သမာဓိ ပညာဂုဏ်တွေတိုးပြီး ပြည့်စုံနေတုန်းပဲ ရှိသေးတယ်၊ ဒေးလွှာရာဘွဲ့ထူးကလဲ ကုန်နေပြီ၊ ဆရာဘယ်လို အကြံအစည် ပေးချင်သလဲဗျ...."

"ဟုတ်ကဲ့....အဲဒါ လွယ်ပါတယ်ဗျ၊ ကျွန်တော်တို့ မြန်မာ သင်္ကရာဇ် ကိုးရာကျော် လောက်က အင်းဝခေတ်မှာ ထင်ပေါ်ကျော်ကြားတဲ့ တိလောကဂုရဘွဲ့ရ ဆရာတော် တစ်ပါး ရှိခဲ့ဖူးတယ်၊ ပရိတ္တဋ္ဌကာကျမ်းကို ပြုစုတဲ့ "တိလောကာလင်္ကာရ" ဘွဲ့ရအရှင်ဇေဠာဒီပရဲ့ ဆရာတော်ပေါ့။ တိလောကဂုရု ဆိုတာ "သုံးလောက ဆရာတော်" လို့ အဓိပ္ပာယ် ကောက်ယူရတယ်ဗျ။"

"ဟုတ်ကဲ့ ဆရာ ဟုတ်ကဲ့၊ ဆရာ ပြောမှပဲ ကျွန်တော် သတိရတယ်....။ ကျွန်တော်တို့ တိပိဋကဓရ မင်းကွန်း ဆရာတော်ကြီးကိုလဲ "**အဘိဇမဟာ တိလောကဂုရု**" လို့ ဘွဲ့တံဆိပ် ဆက်ကပ်ရရင် ကောင်းမှာပဲ။ "အမြင့်မြတ်ဆုံး သုံးလောက ဆရာတော်ကြီး" လို့ အဓိပ္ပာယ် ဆောင်တယ်လေ...."


"ကောင်းတယ်....ကောင်းတယ်။ ခင်ဗျား ကိုယ်တိုင် တိပိဋက=နိကာယ သာသနာပြု အသင်း စတုတ္ထ သုံးနှစ် ခရီး စာစောင်မှာ ရေးသားတင်ပြလိုက်ပေတော့"

စာရှုသူများခင်ဗျား....။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်နှင့် ဆရာ ဦးစာကျော် တို့၏ "**ဘွဲ့သူဌေးအား ဘွဲ့ပေးရေး**" ဆွေးနွေးချက်ကို အလေးအနက်ထား၍ ဆုံးဖြတ်ကော် မူကြပါရန် မေတ္တာရပ်ခံပါသည် ခင်ဗျား။"

ဦးထွန်လှိုင်
အယ်ဒီတာချုပ်၊ မြတ်ဆုမွန်မဂ္ဂဇင်း

တစ်သက်တာ
အောက်မေ့မှတ်သားဖွယ်စကား

ပြောကိုင်



ကဆုန်လဆွေးကျော်ပြီ။

မိုးကလေး တစ်ပြိုက် နှစ်ပြိုက် ရွာချလိုက်သည်နှင့် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ခရေပင်တန်းတို့သည် အေးချမ်းမှုနှင့်အတူ ပွင့်လန်းလျက်ရှိရာ ကုန်းမြေတစ်ခုလုံး ခရေပန်းရနံ့ဖြင့် သင်းပျံ့လျက်ရှိသည်။

ကဆုန်လအတွင်း ကျင်းပလေ့ရှိသော တိပိဋကဓရ ချီးကျူးပူဇော်ပွဲ ပြုလုပ်ရာ လိုဏ်ဂူတော်မှ ထွက်ခဲ့ရာတွင် မြေခင်ကြေကျနေသော ပန်းခရေပြူလွှာလွှာ ကလေးများကို မကြေမွရအောင် ရှောင်ရှားရင်း ဖြတ်ကျော်လျှောက်လှမ်းခဲ့သည်။ စိတ်အစဉ်တွင်မူ အဘိဓမ္မာဂရုဋ္ဌကုရ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး မိန့်ကြားခဲ့သော တစ်သက်တာ အောက်မေ့မှတ်သားဖွယ် စကားတို့ကို အထပ်ထပ် လေ့လာမှတ်သား စဉ်းစားနေမိသည်။

"သီဒွမ်။ ပြီးမြောက် အောင်မြင်ပါစေသတည်း။"

ဆရာတော်ကြီး၏ လေးနက် အောင်မြင်သော အသံတော်ကို ကြားယောင်နေမိပြန်သည်။ နှစ်စဉ်နှစ်တိုင်း ပြုလုပ်သော တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲများ စတင်ချိန်တွင် လည်းကောင်း၊ စာအောင် သံဃာတော်တို့အတွက် ပြုလုပ်သည့် တိပိဋကဓရ ချီးကျူးပူဇော်ပွဲများတွင် လည်းကောင်း၊ ဆရာတော်ကြီး မိန့်ကြားခဲ့သော ဝဓ်းမြောက်ဖွယ် မှတ်သားဖွယ် သမ္မာဒနီယ သာရဏီယ သြဝါဒကထာ မိန့်ကြားလွှာတို့ကို အကြိမ်ပေါင်းများစွာ နာကြားခဲ့ဖူးပြီ။ ဤတွင် ဆရာတော်ကြီး အစဉ်တစိုက် မိန့်ကြားခဲ့သော သြဝါဒကထာတို့မှ တစ်သက်တာ ဝဓ်းမြောက် ဝမ်းသာ မှတ်သားလိုက်နာဖွယ်ရာ အကြောင်းရပ် အချို့ကို စေ့စေ့တေး သည့်အခါ စိတ်မှတ်အားရှိသမျှ တရေးရေး ပေါ်ပေါက်လာပြန်သည်။

တိပိဋကဓရစာမေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်

ဆရာတော်ကြီး၏ သြဝါဒကထာ စကားလွှာပါ မိန့်ကြားချက်များ အရ တိပိဋကဓရ စာမေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို အောက်ပါအတိုင်း လေ့လာ သိရှိခွင့်ရခဲ့သည်။

(၁) နိုင်ငံတော်၌ ပရိယတ္တိ သာသနာတော် အစွန်းရှည်စွာ သန်းရှင်းတည်တံ့ခိုင်မြဲ ထူးကဲ ပြန့်ပွားစည်ကားစေရန်-

(၂) ပိဋကတ်သုံးပုံကို နှုတ်ဝါစာနှင့် ကြသည့် သာသနာ့ အာဂန္တုကို

အရှင်မြတ်တို့ မပြတ် စဉ်ဆက်ပေါ်ထွက်စေရန်–

(၃) ဗုဒ္ဓမြတ်စွာ သာသနာဘော်အတွင်း၌ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး တို့ကို ဖော်ထုတ်၍ သာသနာတော်ကို အားပေးချီးမြှောက်ရာကွင် အဆင့်အတန်း မြင့်မားစွာ အားပေးချီးမြှောက် ထောက်ပံ့နိုင်ရန်အလို့ငှာ–

ဖြစ်ပေသည်။

ဖော်ပြပါ ရည်ရွယ်ချက်များကို အောင်မြင်အောင် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ဦးစီးအုပ်ချုပ်လျက် ရွေးချယ်ရေးအဖွဲ့ ဩဝါဒစရိယ ဆရာတော်ကြီးများနှင့် သာသနာရေးဦးစီးဌာန တိပိဋကဓရ ရွေးချယ်ရေး ကော်မတီဝင်များ ပါဝင်သော အဖွဲ့တို့က ပေါင်းစည်း ဆောင်ရွက်လျက် ရှိကြပေသည်။

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို ဆင်နွှဲကျင်းပပြီးနောက် အောင်မြင်တော်မူကြသည့် သာသနာ့ အာဇာနည် အရှင်မြတ်တို့အား သဒ္ဓမ္မပူဇာ စေတနာကြီးစွာဖြင့် မင်းနှင့်တကွ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကြည်ရှင်ခြိမ့်သဲ နှစ်စဉ်ပူဇော်ပွဲ ကျင်းပခဲ့သည်မှာလည်း ၁၃၁၀-ခုနှစ်ကပင် စတင်ခဲ့ပေသည်။ဆရာတော်က ယင်း စာမေးပွဲကို မြန်မာပြည်၏ လွတ်လပ်ခရေး ဖွား ဖက်တော်ဟုပင် တင်စား မိန့်ဆိုထားပေသည်။

အရေးပါသည့် ဝိနည်းသာသနာ

ဆရာ ဒကာ အပြိုင်ကြဲကြသည့် ဤတိပိဋကဓရ စာမေးပွဲတွင် ပထမဦးဆုံး စတင် ကျင်းပသည့်နှစ်က ပြန်ဆိုသူသာရှိ၍ အောင်မြင်သူ မရှိခဲ့ပေ။ ဆရာဘက်က ရှုံးနိမ့်သကဲ့သို့ ဖြစ်ခဲ့ရာ ဒုတိယနှစ်မှစပြီး တစ်နှစ်ထက်တစ်နှစ် ပြန်ဆို အောင်မြင်သော အရှင်တွေ များ၍ များ၍ များ၍ လာခဲ့သဖြင့် ဆရာရော ဒကာပါ အလွန်တရာ ဝမ်းမြောက်အားရခြင်း ဖြစ်ခဲ့ရကြောင်း ဆရာတော်က မိန့်ကြားတော်မူသည်။

သံဃနာယက ခေတ်သို့ ရောက်ရှိလာသော အခါတွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ရှေးရှုလျက် ဝိနီစ္ဆယရေး၊ သာသနာ့ရေး၊ ပညာရေးဟု သုံးပိုင်းခဲ့ကာ ဆောင်ရွက်ခဲ့ကြသည်။ ဤဘဲ့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များက ဓမ္မဝိနယဆိုင်ရာ မှုခင်းတို့၌ အရည်အချင်း အထူးပြည့်ဝသည့် မထေရ်များ ထူးခြားစွာ ပေါ်ပေါက်ရန်ဟူသော ရည်သန်ချက် ဖြစ်ပေါ်လာသည်။ ပကိဏ္ဏက ဒေသနာ အဋ္ဌကထာ စကားအရ ဝိနည်းတရားတော် တည်တံ့မှ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားနိုင်မည်ဟုလည်း ယုံကြည်ကြသည်။ သို့ဖြစ်၍ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ၌ ဝိနည်းပိဋကကို ရှေးဦးစွာ မပြန်မနေရ၊ ဝိနည်းပြန်ဆို–ဖြေဆိုပြီးမှသာ သုတ်၊ အဘိဓမ္မာ နှစ်သက်ရာကို ပြန်ဆိုဖြေရမည်။ထို့သို့ ဝိနည်းပိဋကကို ရှေးဦးစွာ ပြန်ဆို ဖြေဆိုရာ၌ နှုတ်ဆောင်ရမည့် ပါဠိတော် စာပေက မူဘုန်းခြင်း၊ သဘော ဆုံးဖြတ် မှတ်သားရမည့် အဋ္ဌကထာ၊ ဋီကာတို့မှားခြင်းကြောင့် စာပြန် စာဖြေ အရှင်တို့ အခက်အခဲ မရှိစေရန် နိုင်ငံတော် သံဃမဟာယကအဖွဲ့က စီစဉ်သည်။

ဝိနည်းပိဋကကို ဥဘတောဝိဘင်း တစ်ပိုင်း၊ ခန္ဓကပရိဝါရ တစ်ပိုင်း ထား၍ ဖြစ်စေ၊ စွမ်းနိုင်ပါက ငါးကျမ်းလုံးကို တပြိုင်နက်ဖြစ်စေ၊ ပြန်ဆို ဖြေဆိုနိုင်သည်ဟု ဥပဒေသ စည်းမျဉ်းကို ပြင်ဆင်သတ်မှတ်ပေးခဲ့လေသည်။

စာသင်နည်း နှစ်မျိုး

ဆရာတော်က စာပြန် စာဖြေ အရှင်တို့အား စာသင်နည်းနှစ်မျိုးရှိကြောင်း သြဝါဒပေးတော်မူသည်။

(၁) အလင်္ကာပမစာသင်နည်း = မြွေဖမ်း ဥပမာစာသင်နည်း (လောကီစာသင်နည်း)

(၂)နိဿရဏတ္ထစာသင်နည်း = သံသရာဝဋ်မှ ထွက် မြောက်ကြောင်း စာသင်နည်း (လောကုတ္တရာ စာသင်နည်း)

ဟူ၍ ရှိရာတွင် တိပိဋကခရ စာမေးပွဲဝင် အရှင်တို့သည် သီလ သမာဓိ ပညာဆိုင်ရာများ သင်ကြားရာ၌ ထိုသီလ သမာဓိ ပညာများ ငါ၏ သန္တာန်၌ ဖြစ်စေရမည်ဟူ၍ နှလုံးသွင်းပြီး သင်ကြားသင့်ကြောင်း မိန့်ဆိုသည်။ သံသရာဝဋ်မှ ထွက်မြောက်ကြောင်း ကောင်းကျိုးရသည့် စာသင်နည်းဖြင့် သင်ကြားလျှင် ဘုရား မြတ်စွာ သာသနာစက် ပယလက်၍ သိက္ခာသုံးသွယ် ရောင်လျှံခြွယ်၍ တင့်တယ်စွာ အောင်လံတံခွန်ထူမည် ဖြစ်ကြောင်း မိန့်ကြား လမ်းပြတော်မူသည်။

စာဒအောင်အရှင်များ သတိထားဖွယ်

ဆရာတော်က စာဒအောင် အရှင်တို့အား သတိပေးစကား မိန့်ကြားခဲ့သည်။ အရှင်တို့သည် သာသနာဒဂၢာ၏ အနှစ်သာရ မဂ်ဖိုလ် နိဗ္ဗာန် တည်းဟူသော ဓမ္မအမွေကို ရယူလိုကြောင်း ဦးတည်၍ ရှင်ရဟန်းပြုခဲ့သူများ ဖြစ်ကြသည်။ ရှင်ဘက် လူဘက် နှစ်ဖက်မှ နှစ်သက် ရွှင်ပျော် ပူဇော်ကြခြင်းသည် မြတ်စွာဘုရား ကရုဏာဖြင့် ပေးကမ်းရရှိသော "အာမိသ" "ဓမ္မ" အမွေ နှစ်ခုပ်တို့သာ ဖြစ်သည်ဟူ၍ သတိချပ် မှတ်ယူကြရန် မိန့်ကြားတော်မူသည်။

ဤသို့ ပြန်ဆို ဖြေဆိုခွင့် ရခဲ့ကြရာ တစ်နှစ်ထက်တစ်နှစ် အောင်မြင်သူများ တိုး၍ တိုး၍ ထွန်းပေါ်လာခဲ့ကြသည်ကို တွေ့မြင်ရသည်။

ခေါက်ရှာဌက်ပျံသည့်ပမာ ဤသာသနာ

ဆရာတော်က သုံးပါး သိက္ခာ ဘုရားရှင့် သာသနာကို ခေါက်ရှာဌက် ပျံသည့် အလား ဥပမာထား၍ တင်စားမိန့်ဆိုခဲ့သည်။ မြန်မာနိုင်ငံတွင် သာသနာပြုမင်းများ ကွယ်ပျောက်၍ ပြိတိသျှတို့ လက်အောက် ရောက်ခဲ့ချိန်က မြန်မာ့သာသနာသည် ခေါက်ရှာဌက် နိမ့်၍ပျံသည့် ပမာ အစစ နိမ့်ကျခဲ့ရသည်။ မြန်မာ့လွတ်လပ်ရေးရသည့် အချိန်မှ အစပြုကာ ခေါက်ရှာဌက် မြင့်၍ ပျံတက်သည့်အလား သာသနာတော်လည်း အစစ အဆင့်အတန်း တိုးတက်မြင့်မားလာရခြင်းမှာ ရှေးကပြုဖူးသော ဘုန်းကံကုသိုလ်ထူးကြောင့် ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားခဲ့သည်။

အနာဂတ်သာသနာအတွက်အားဘက်ဖွယ်

စာပြန် စာဖြေ အရှင်တို့သည် တိပိဋကခရ စာမေးပွဲကို သဒ္ဒါ၊ ဝိရိယ၊ သတိ၊ သမာဓိ၊ ပညာ ဗိုလ်ငါးဖြာဖြင့် စေတနာကဲမောက် ဝင်ရောက်ဖြေဆိုကြရသည်။ ဝိနည်း ပိဋကကို ရှေးဦးစွာ ပြန်ဆို ဖြေဆို ကြသည့်အခါ ဝိနည်း ပိဋကကို သိသဖြင့် ရှောင်ရန်၊ ကျင့်ရန်တို့ကို သိနိုင်သည်၊ ရှောင်သင့်သည်ကို ရှောင်ရှား၊ ပွားသင့်သည်ကို ပွားကြ၍ ဘုရားအလိုတော်ကျ လင့်ဓ်သူတော်စင်တွေ ဖြစ်ကြမည်မှာ မုချကောန် မှန်ပေသည်။ ဤနည်းအားဖြင့် "အနာဂတော လင့်ဓ် သာသနံ ရက္ခိဿတိ" ဟူ၍ ဒေသနာတော် လာရှိသည့် အတိုင်း အနာဂတ် သာသနာကို စောင့်ထိန်းနိုင်လိမ့်မည် ဖြစ်သဖြင့် အားတက်ဖွယ်ရာ ဖြစ်ကြောင်း မိန့်ကြားတော်မူသည်။

"ရဟန်းတို့၊ သင်တို့သည် ငါဘုရား၏ပစ္စည်းလေးဝ (ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး) အာမိသအမွေခံတို့ မဖြစ်ကြဘဲ တရားဓမ္မဒါယာဒအမွေခံတို့သာ ဖြစ်ကြကုန်လော့" ဟူသော မြတ်ဘုရား၏ မိန့်ကြားချက်ကို မူလပဏ္ဏာသ၊ ဓမ္မဒါယာဒသုတ္တန် ဒေသနာတွင် ဆုတ်ဖော် ညွှန်ပြထားပေသည်။ ယင်းမိန့်ကြားချက် သြဝါဒကို နှလုံးစွဲ၍ သံသရာ နက်ဝှမ်း ဂယက်ကြမ်းကို ကူးသန်းဖြတ်ကျော်နိုင်အောင် ဓမ္မဝိနယ ဒေသနာတော်ကို ဖောင်ကောင်း လှေကောင်းသဖွယ် ပြု၍ စီးနင်းဖြတ်ကျော်နိုင်အောင် နှလုံးဆောင်ကြရမည့်အကြောင်း ဆရာတော်က ထပ်ဆင့် မှတ်ကြားခဲ့ပေသည်။

တရားကိုသာပူဇော်ပါ

စာတော်အောင်မြင် အရှင်တို့အား နိုင်ငံတော်အစိုးရ အမှုးပြုသော ဥပသကာ၊ ဥပါသိကာ သူတော်စာတို့သည် အားရဝမ်းမြောက်စွာ သာသနာတော် ထွန်းပရေး အားပေးလိုသော ကုသိုလ် စေတနာ အပြည့်အဝဖြင့် လျောက်ပတ် ထိုက်တန်စွာ ပူဇော်သံဘင်ဆင်ယင်ကျင်းပ ပြုလုပ်ကြသည်။ ယင်းပူဇော်ပွဲ၌ ဆရာတော်သည် ရှင်ဘက် လူဘက် ကျွန်စဘက်တို့၌ နှစ်သက်ရွှန်းစိုကြည်ညိုဖွယ် ပသာဒနီယစကား မိန့်ကြားခဲ့သည်။ အလောင်းတော် မဟာ သုတသောမမင်းသည် ကဿပ မြတ်စွာဘုရား သာသနာမှ ဆင်းသက်လာသော တစ်ရာတန်ခေါ်သည့် တရားဂါထာ လေးဂါထာကို၊ တရားကို ရောင်းစားသူ နန္ဒပုဏ္ဏားထံမှ ကြားသိတော်မူရသောအခါ တရားတော်သည် အဖိုးမဖြတ်နိုင်အောင်အနှစ်တန်ကြေး ရှိကြောင်းသိမြင်တော်မူခဲ့သည်။ ယင်းတရားဂါထာလေးပုဒ်မှာ ယခုခေတ်စာအုပ်အနေဖြင့် လေ့လာကြည့်လျှင် စာတစ်မျက်နှာ၏ တစ်ဝက်ခန့် မျှသာ ရှိသည်ကို ဆင်ခြင်ကြည့်ကြရန် ဆရာတော်က တိုက်တွန်းတော်မူသည်။

ယခုပူဇော်ပဲတွင် ကြွရောက် သီတင်းသုံးနေကြသည့် စာတော်အောင် အရှင်တို့၏ သန္တာန်၌ အနည်းဆုံး ဓမ္မ ဒေသနာတရား စာမျက်နှာ (၇၀၀)ကျော် (၈၀၀)ခန့် နေ့စဉ်ရက်ဆက် တိန်းတည်နေကြသည့် အာဇာနည် အရှင်မြတ်တို့၏ ခန္ဓာကိုယ်အစဉ်သည် ရှင်ပင် မြတ်စွာ၏ ဓမ္မကာယတို့ကိန်းဝပ်တည်ရာ ဓမ္မစေတီဗိမာန်သိုက် ကြီးမျှားနှင့် ဥပမာတူလှသည်။

သို့ဖြစ်၍ မင်းနှင့်တကွ ဒါယိကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် အရှင်မြတ်တို့အား စာအောင်သံဃာ ဟူ၍ သာမန်သတ္တဝါမထားဘဲ အရှင်မြတ်တို့၏ ခန္ဓာကိုယ်တွင် ကိန်းတည်နေသော ဓမ္မကာယ ဓမ္မစေတီသို့ တိုင်အောင် စိတ်၏အာရုံညွှတ်လျက် ဓမ္မပူဇော မဟာကုသိုလ်ကို အောင်အောင်မြင်မြင် ပြုလုပ်ကြရမည်ဖြစ်ကြောင်း သတိပေး မိန့်ကြားတော်မူသည်။

ဓမ္မပူဇကပုဏ္ဏား၏ဥပမာ

ထိုမှတစ်ဖန် ဓမ္မပူဇကပုဏ္ဏား၏ ဥပမာဖြင့် ထပ်ဆင့်လျက် သတိပေးတော်မူပြန်သည်။ ရှင်ပင်မြတ်စွာ လက်ထက်တော် အခါက တရားရတနာကို ဓမ္မပူဇကပုဏ္ဏားက မိမိ၏ ဓမ္မပူဇော ဆွမ်းသင်္ကန်းကို တရားဘဏ္ဍာစိုး အရှင် အာနန္ဒာအား ပူဇော်၍ အရှင်အာနန္ဒာက တစ်ဖန် ဓမ္မသေနာပတိ တရားစစ်သူကြီးဖြစ်သော အရှင် သာရိပုတ္တရာအား လှူဒါန်းသည်။ အရှင်သာရိပုတ္တရာကလည်း ဓမ္မသာမိ တရား၏ အရှင်ဖြစ်တော်မူသော မြတ်စွာဘုရားအား လှူဒါန်းပူဇော်ခဲ့သည်ထုံး ရှိခဲ့သည်။ ယင်းထုံးကို နှလုံး

မှုလျက် နိုင်ငံတော်အစိုးရ အမှုးပြုသော ဥပါသကာ ဥပါသိကာအပေါင်း သူတော်ကောင်းတို့သည် အရှင်မြတ်တို့အား ပူဇော်ရာ၌ တရားကို ပူဇော်ခြင်းစစ်စစ် ဖြစ်စေသင့်ကြောင်းသတိပေးတော်မူသည်။

သာသနာကွယ်ခြင်းအကြောင်းရင်း

"အဂ်ိုတို့ရဟန်းသာသနာကွယ်ကြောင်း တရားပေါင်းကား ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မိတ်၊ ပဋိပတ်ကွာ၊ ကျိုးဖြာတည့်" ဟူ၍ နိဿာသနာကွယ်ခြင်း အကြောင်းရင်းကို ပြဆိုတော်မူသည်။ တရားတော်ကို–

၁။ ရှိသေစွာ မနာယူခြင်း၊

၂။ ရှိသေစွာ မသင်ယူခြင်း၊

၃။ ရှိသေစွာ နှုတ်တက်ရွရွမဆောင်ခြင်း၊

၄။ ရှိသေစွာ နှုတ်တက်ရွရွ မဆောင်အပ်သော ပရိယတ္တိ ဓမ္မကို ဉာဏ်ဖြင့် ထိုးဖောက်၍ မစူးစမ်း မဆင်ခြင်ခြင်း၊

၅။ တရား သဘောကို သိခြင်းငှာ လောကုတ္တရာ တရား အားလျော်သော ပရိယတ္တိ တရားဓမ္မကို ရှိသေစွာ မကျင့်ကြံခြင်း။

ဖော်ပြပါ အကြောင်းရင်း ငါးချက်တို့မှာ သာသနာကွယ်ခြင်း အကြောင်းရင်း များပင် ဖြစ်ကြောင်း မိန့်တော်မူသည်။

သာသနာတော်အစွန့်ရှည်ရန်

တိပိဋကဓရ အရွေးချယ်ခံ အာဇာနည်မှန် အရှင်ကောင်းတို့ ဆောင်ရွက်ရမည့် အလုပ်တာဝန်မှာ ပရိယတ္တိ ဓမ္မများကို–

၁။ ရှိသေစွာ နာယူခြင်း၊

၂။ ရှိသေစွာ သင်ယူခြင်း၊

၃။ ရှိသေစွာ နှုတ်တက်ရွရွဆောင်ခြင်း၊

၄။ ရှိသေစွာနှုတ်တက်ရွရွဆောင်အပ်သော ပရိယတ္တိဓမ္မများကိုဉာဏ်ဖြင့်ထိုးဖောက် စူးစမ်းဆင်ခြင်ခြင်း၊

၅။ တရားသဘောကို သိခြင်းငှာလောကုတ္တရာ တရား အားလျော်သော ပရိယတ္တိ ဓမ္မကို ရှိသေစွာကျင့်ကြံခြင်း–

တို့ပင် ဖြစ်သည်။ ဤအင်္ဂါငါးချက်နှင့် ပြည့်စုံခြင်းသည် သာသနာတော် မကွယ် မပျောက် တည်တံ့ခိုင်မြဲခြင်း၏ အကြောင်းပင် ဖြစ်သည်။

ပစ္စုပ္ပန်ဘဝအကျိုးရပုံ

ဤသို့အားဖြင့် ပရိယတ္တိ ဒေသနာ အဖြာဖြာကို ကျက်, အံ, ကြံ, ကြည့်ကြသဖြင့်–

၁။ နေ့နေ့ညည တရားနာခြင်း၊

၂။ နေ့စဉ်မပြတ် ရွတ်ဖတ်အံဆိုခြင်း၊

၃။ လက်တွေ့ကျင့်သုံး နှလုံးသွင်းခြင်း၊

၄။ ပညာဉာဏ်အဆင့်ဆင့် ထိုးထွင်းသိမြင်ခြင်း....

ဟူသော အင်္ဂါဓလေးပါးကိုလည်း ဆည်းပူးနိုင်ကြသည်။

ဒုတိယဘဝရမည့်အကျိုး

ယင်းကဲ့သို့ တရားတော်ကို နှလုံးသွင်းကြသဖြင့် ဒုတိယဘဝကွင် နတ်

ပြည်သို့ ကပ်ရောက်နိုင်ကြမည် ဖြစ်သည်။ ထို အခါ -

၁။ မိမိဘာသာဖြစ်စေ၊

၂။ ကွဒ္ဓိမန္တဓမ္မကထိက ရဟန်းက ဟော ကြားအပ်သည်ကို ကြားနာရ၍ဖြစ်စေ၊

၃။ ကွဒ္ဓိမန္တနတ်သားက ဟောကြား အပ် သည်ကို ကြားနာရ၍ဖြစ်စေ၊

၄။ တရားနာဖက်၊ တရား ကျင့် သုံး ဖက် နတ်ပြဟ္မာအချင်းချင်း သတိပေးသဖြင့် ဖြစ်စေ–

ဤအချက် ၄-ချက်တွင် တစ်ချက်ချက်ဖြင့် နှလုံးသွင်းကာ တရားများ ထင်ရှား ဖြစ်ပေါ် လာလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ အမှန်စင်စစ် ကူးရောက်မည်ဖြစ်ကြောင်း မိန့်ကြားတော် မူသည်။

စာပြန်ပဲ့ဝင်အရှင်တို့အား အလေးထားခြင်း

တိပိဋ်ကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်ကြီးသည် ကိုယ်တော်တိုင် ပိဋကတ် သုံးပုံကို ဆောင်ထားနိုင်သူ ဖြစ်သည့် အတိုင်း တိပိဋ်ကဓရ စာမေးပဲ့ကို ဝင်ရောက်ပြန်ဆို ဖြေ ဆိုကြသော အရှင်တို့အားလည်း အထူးအား ဖြင့် အားပေးချီးမြှင့်ကာ အလေးအမြတ်ပြုတော် မူသည်။

တိပိဋ်ကဓရ စာပြန်ဖြေပဲ့အဖွင့်နှင့် ဝိပိဋကဓရ ချီးကျူးပူဇော်ပဲ့တို့ဌ် မိန့်ကြားသည့် ဆရာတော်၏ ဩဝါဒကထာများတွင် စာပြန်၊ စာဖြေ၊ စာတော်အောင် အရှင်တို့အား ခေါ်ဆိုသည့် အာလုပ် စကားများဌ် ဆရာတော်၏ အလေးအမြတ်ပြုခြင်းကို အထင်အရှား တွေ့မြင်နိုင်သည်။

– သာကိယဇာတ် အရှင်မြတ်တို့ဘုရား

– ဧကပိဋ္ဌက၊ဒွိပိဋ္ဌက၊ တိပိဋ္ဌကဓရအလျာ သာသနာ့သူရဲကောင်း စာပြန် စာဖြေ အရှင်မြတ်အပေါင်းတို့ဘုရား-

– သာသနာညွှန်ဖူး၊ သာသနာပြု ပုဂ္ဂိုလ် ထူး ဖြစ်ကုန်သော စာပြန်ပဲ့ဝင်အရှင်တို့ ဘုရား၊

– စာတော်အောင်မြင်၊အာဇာညအလောင်း အရှင်မှန် အရှင်မြတ်အပေါင်းတို့ ဘုရား၊

– သာသနာ့ အာဇာနည်၊ သဒ္ဓါရည်ပြည့် တောင်း အရှင်ကောင်းတို့ ဘုရား၊

– သိက္ခာသုံးပုံ၊ ကောင်းသိရ်ဂုဏ်တို့၊ ကုံလုံ ပြည့်ဝ၊ စာတော်ဖြေသည့် ထေရ+ နဝ+မဇ္ဈိမအား၊သုံးပါး သတ်မှတ် အရှင် မြတ်တို့ ဘုရား၊

– အင်္ဂုတ္တိရ်လာ၊သာသနာတည်ကြောင်း၊ အကျင့်ကောင်းမြတ်၊ ကိန်းဝပ်တည်ရာ၊ သာသနာ့ညွှန်ဖူး သာသနာပြုပုဂ္ဂိုလ်ထူး ဖြစ်ကုန်သော စာပြန်ပဲ့ဝင် အရှင်တို့ ဘုရား....

ဤသို့ စသည်အားဖြင့် စာမေးပဲ့ များစွာ အနက် ခက်ခဲသိမ်မွေ့၍ သာမန်လူတို့ ဝင် ရောက်ဖြေဆိုရန် စိတ်အကြံပင် မပြုရဲသော် စာ မေးပဲ့ကို ဝင်ရောက်သူ အောင်မြင်သူ အရှင် ကောင်းတို့အား အထူတ်အမြတ်ထားကာ ဂုဏ် ပြုစကား မြွက်ကြားတော်မူခဲ့ပသည်။

မြတ်ဆန္ဒနှင့်မြတ်ဆုံတောင်း

နိုင်ငံတော် သံဃမဟာနာယက ဆရာတော် များ၏ ဆန္ဒကို ဖော်ညွှန်းသည့် တိပိဋကဓရ

မင်းကွန်းဆရာတော်ကြီး၏ သာရဏီယကထာ မိန့်ကြားလွှာသည် အားရကြည်ညိုဖွယ် ရှိလှသည်။

"သာကီယဇာတ် အရှင်မြတ်တို့ဘုရား၊အရှင်ဘုရားတို့၏ ဘုရားနှုတ်ထွက်ဓမ္မစကၠဝတ်ကို ကျက်, အံ့ကြဲ,ဩကြည့်, နေ့တိုင်း အားသစ်ကြသည့် ပရိယတ္တိသည် ဘဝ သုံးထောက်၊ ကရွတ်ကင်းလျှောက်မှ ထွက်မြောက်ရခြင်း အကျိုးရသည့် စာသင်ခြင်းဖြစ်ပါစေ။ သာသနာ့ အာဇာနည် ဘွဲ့မည်ထင်ရှား အရှင်ဘုရားတို့သည် ငါးမာရ်အောင်မြင် ရှင်ပင်မြတ်စွာ ထားခဲ့ပါသား၊ သာသနာသုံးရပ် စက်တော်မြတ်ကြီး ၎သန့်ရှင်းတည်တံ့ပြန့်ပွားလေအောင် ရွက်ဆောင်ပေထ သာသနာတော် စံပြမည်တွင် ထေရ်အရှင်တို့ မုချပုံသေ ဖြစ်ကြပါစေသတည်း"

ခရေပင်တန်းမှ ခရေပန်းတို့သည် မွေးပျံ့နေဆဲပင်။ထို့ထက်မက တိပိဋကဓရ အရှင်မြတ်တို့၏ သင့်လှထိုက်ခန္ဓာကိုယ်တို့၌ သိမ့်ိ ကိန်းတည်နေသော ဒေသနာထပ်ပွား မြတ်တရားတို့၏ ပျံ့ရှားထုံမွှေး ရနံ့အေးသည့် မခန့်းဖြန့်ကျက် ဘဝဂ်တိုင်အောင်ပင် ကြိုင်လှိုင်ပျံ့သင်းလျက် နေပေတော့သည်။

မိုးငြိမ်းပြုသောစာ

– တိပိဋကဓရ ရွှေးချယ်ပွဲကြီး၏ နှစ်စဉ်နှစ်ချုပ် မှတ်တမ်းများ။

မြကေခိုင်

အမြတ်ဆုံး

* အလှူခပ်သိမ်းတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။
* အရသာ ခပ်သိမ်းတို့တွင် တရားအရသာသည် အမြတ်ဆုံးဖြစ်၏။
* မွေ့လျော်ခြင်း ခပ်သိမ်းတို့တွင် တရားဖြင့်မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏။
* တဏှာ ကုန်ခြင်း၏ အဆုံးဌိဖြစ်သော အရဟတ္တဖိုလ်သည်ကား (ခပဲသိမ်းသော ဝဋ်ဒုက္ခ၏ ကုန်ခြင်း ငြိမ်းခြင်းသို့)နှုတ်စေတတ် သောကြောင့် ကေန အမြတ်ဆုံး ဖြစ်၏။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး

ဗုဒ္ဓဝင် အင်္ဂလိပ် ဘာသာပြန်ကိစ္စ လျှောက်ထားလွှာ

မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီး၏ သက်တော် ၇၈-နှစ်မြောက် ၇၉-နှစ်ရောက် ပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်ကြီး ရေးသား ပြုစုတော်မူသည့် မဟာဗုဒ္ဓဝင်ကျမ်း ပထမအုပ်၊ (ပထမပိုင်း)၏ အင်္ဂလိပ် ဘာသာပြန် စာမူကို ဆက်ကပ် လှူဒါန်းရန် လျှောက်ထားသော လျှောက်ကြား လွှာပါ ဘုရား။

ဘုရားတပည့်တော် ဒါယကာမောင်ကိုလေး ရိုးသေလေးမြတ်စွာ ရှိခိုး လျှောက်ထားအပ်ပါသည် ကျေးဇူးတော်ရှင် ဆရာတော် အရှင်သူမြတ်ဘုရား။

ဘုရားတပည့်တော် ယခုလျှောက်ထားအပ်သော အကြောင်းအရာများမှာ ဆရာတော်ကြီး၏မဟာဗုဒ္ဓဝင်ကျမ်းတော်ကြီးကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆို ရေးသားရာတွင် တပည့်တော်နှင့်တကွ အတူလက်တွဲ ဆောင်ရွက်လျက် ရှိသော၊ ပါမောက္ခ ဦးတင်လွင်ပါ နှစ်ဦးစလုံး၏ တင်ပြလျှောက်ထားချက်များ ဖြစ်ပါသည် ဘုရား။

မင်းကွန်း တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊ အထူးကု ဆရာဝန်ကြီး ဝဏ္ဏကျော်ထင်ဘွဲ့ရ ဒါယကာကြီး ဦးသာလှ က ပြီးခဲ့သော ကဆုန် လဆန်း လောက်က တပည့်တော်အား ဆရာတော်ကြီး ပြုစု ရေးသားတော်မူသော မဟာဗုဒ္ဓဝင်ကျမ်းတော်ကြီး (၈)အုပ်ကို အင်္ဂလိပ်ဘာသာပြန်ဆို ရေးသား ရန် မရမနေ တိုက်တွန်းပြီးကြီးလေးသော တာဝန်ကြီးကို ပေးအပ်ခဲ့ပါသည် ဘုရား။

တပည့်တော်များ အနေဖြင့် ပိဋကတ် ဘာသာပြန်အဖွဲ့ကြီး၌ နိကယ်ငါးရပ် ဘာသာပြန်ခြင်း၊ တည်းဖြတ်ခြင်း တာဝန်များကို ထမ်းဆောင်နေလျက်ရှိရကား အထူးကုဆရာဝန်ကြီး ဦးသာလှ ပေးအပ်လာသော တာဝန်ကို တစ်ဦးတည်း ဆောင်ရွက်ရန် လွန်စွာ ကြီးလေးသည့်အပြင်၊ အချိန်အားဖြင့်လည်း နှစ်ရှည် လများ လွန်စွာ ကြာမြင့်သွားမည် ဖြစ်သဖြင့် ရန်ကုန်နှင့် မန္တလေး တက္ကသိုလ်များတွင် အရှေ့တိုင်း ပညာ(ပါဠိ)ကိုသင်ကြားပို့ချခဲ့သော ပါမောက္ခ ဦးတင်လွင်နှင့် ပူးတွဲ၍ ညှိနှိုင်း ဆောင်ရွက်ရန် စီစဉ်ခဲ့ပါသည် အရှင်သူမြတ်ဘုရား။

အထူးကုဆရာဝန်ကြီး ဦးသာလှ၏ ပြင်းပြသော စေတနာဆန္ဒမှာ ဆရာတော်ကြီး ပြုစုသော ကျမ်းတော်ကြီး (၈)အုပ်မှ ပထမအုပ်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပြီး စာအုပ်ဖြင့် ဤထူးမြတ်သော ဆရာတော်ကြီး၏ ၇၈-နှစ်မြောက်၊ ၇၉-နှစ်ရောက် ပူဇော်ပွဲအခမ်းအနားတွင် ပူဇော်ကန်တော့ရန် ဖြစ်ပါသည် ဘုရား။ တပည့်တော်များကလည်း အထူးကု ဆရာဝန်ကြီးနှင့် ထပ်တူထပ်မျှ အာသီသ ပြင်းပြခဲ့ကြပါသည်ဘုရား။ သို့ရာတွင် ဆရာတော်ကြီး ပြုစုတော်မူသော မဟာဗုဒ္ဓဝင် ကျမ်းတော်ကြီးကို လက်တွေ့စတင် ဘာသာပြန်ခြင်း၊ တည်းဖြတ်ခြင်း လုပ်ခဲ့ရာ၌ တပည့်တော်များ ထင်မှတ်ခဲ့သည်ထက် တာဝန်ကြီးမားလှ ကျယ်ဝန်းလှသည်ကို တွေ့ခဲ့ရပါသည် ဘုရား။

မဟာဗုဒ္ဓဝင် ကျမ်းတော်ကြီးကို ရေးသား ပြုစုစီရင်တော်မူသော ဆရာတော် အရှင်မြတ်ကြီးမှာ မျက်မှောက် သာသနာဝယ် နေနှယ်

ပဟာဗုဒ္ဓဝင်
ကမ္ဘာ့ပေါင်းစည်းရေးကို
လျှောက်ထားခဲ့သော
ဒေသနာဟော်



လန္ဒယ်ထင်ရှားလှ၍ တိပိဋကခရ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌ ဂုရု ဘွဲ့တော်များဖြင့် ချီးကျူး ပူဇော်ခြင်းကို ခံယူထားတော်မူသော သူမတူအောင် ထူးချွန်ပြောင်မြောက်လှသည့် ဘုန်းကံ ပါရမီရှင် ပညာရှင်ကြီးဖြစ်ပြန်–

ကျမ်းတော်မြတ်ကြီးတွင် ရေးသား ထားတော်မူသော အကြောင်းအရာများ မှာလည်း နှတ်လူပြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယူတော် မူထိုက်ကြသော သစ္စာလေးတန်၊ ဥယျဓံကို ကိုယ်တော်တိုင် အကြွင်းမရှိ သိမြင်တော်မူကြသော သဗ္ဗညုတ ရှောက်တော်များ ပိုင်ရှင် ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး (၂၅)ဆူတို့၏ ဗုဒ္ဓပွတို အကြောင်းအရာများလည်းဖြစ်ပြန်–

ကျမ်းပြုဆရာတော်ကြီး၏ သွက်လက် ချက်ပိုင်လှသော ကလောင်တော်ကလည်း ရေးသား တော်မူသည့် အခန်းကဏ္ဍ အကြောင်းအရာ လိုက်ပြီးလျှင်–

(က) မြတ်စွာဘုရားနှင့် ဘုရားအလောင်း တော် စသော ပူဇော်ထိုက်သော ပုဂ္ဂိုလ်မြတ်များ၏ အခန်းကဏ္ဍများ၌ ရှိခိုး ကော်ရော် ပူဇော်ဦးခိုက်လိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လာစေသော၊ ကြည်ညိုသဒ္ဓါ ပွားများ ထက်သန်လာစေသော စာလုံး စာပိုဒ် ဝါကျများဖြင့် တန်ဆာဆင်လျက် ခမ်းနား ထည်ဝါလှသည့် ရေးသား ရေးဟန်များဖြင့်လည်းကောင်း၊

(ခ) တရားဓမ္မကြောင်းရာများနှင့် တော ထွက်ခန်း ဗျာဒိတ်ခန်းနှင့် ပါရမီ ဆင်ခြင်ခန်း စသည်တို့၌ တရားသံဃာ ရယူကြ၍ တရား တော်၌ မွေ့လျော်လိုစိတ်များ ဖြစ်ပေါ်စေရန် လေးနက် တည်ငြိမ်သော စကားလုံး အသုံး အနှုန်းများဖြင့် စာပိုဒ်များကို တည်ဆောက် ထားရာ၌လည်းကောင်း၊

(ဂ) မင်းနေပြည် ရွှေမြို့တော်နှင့် တကွ ထီးနန်း စည်းစိမ် အကြောင်းအရာ များတွင် ခမ်းနားထည်ဝါ သိုက်မြိုက်ဆန်းကြယ်လှပုံတို့ကို ရုပ်လုံးပေါ်စေသော ရေးဖွဲ့ ရေးဟန်တို့ဖြင့် လည်းကောင်း၊

(ဃ) ဟိမဝန္တာ တောင်ခြေ၌ စိမ့်စမ်း တောတောင် ရေမြေနှင့်တကွ ရသေ့ရဟန်းတို့ ကိန်းအောင်း ပျော်မွေ့ရာ နေရာ ဒေသတို့ အကြောင်းများတွင် သဘာဝ၏ သာယာတင့် တယ်ဆန်းကြယ်ပုံနှင့် စိတ်နှလုံး ကြည်နူးရွှင်လန်းဖွယ်ရာ အဖြာဖြာတို့ကို စာပန်းချီချယ်မှုန်းဖွဲ့ခဲ့သီကုံးရာများတွင် လည်းကောင်း၊

ဆရာတော်ကြီး၏ အံ့မခန်း ကလောင်စွမ်းကို ရင်ဆိုင်တွေ့ကြုံရသော တပည့်တော်များမှာ မခန့်မှန်းမိခဲ့သော မမျှော်လင့်မိခဲ့သော ကြီးမားသော တာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်မိကြပြီတကားဟု သဘောပေါက်ခဲ့ကြပါသည်ဘုရား။

ဆရာတော်ကြီး၏ ကျမ်းတော်ကြီးကို အင်္ဂလိပ်ဘာသာ ပြန်ဆိုရာတွင် အကြောင်းအရာသက်သက်ကိုသာ အဓိပ္ပာယ် ပေါ်လွင်စေရန် ပြန်ဆိုလိုက်ရုံဖြင့် တပည့်တော်များ တာဝန်ကျေပွန်ကြမည် မဟုတ်ကြောင်းသိမြင်လာကြပါသည်ဘုရား။

သူ့အခန်း သူ့အကွက်လိုက်၍ ခမ်းနား ထည်ဝါ တင့်တယ်ဆန်းကြယ် ကြည်နူး ရွှင်လန်း သဒ္ဒါဖွဲ့ဖြိုး ရိုကျိုးဉီးခိုက်လိုသော စိတ်ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်စေသည့် ဆရာတော်ကြီး၏ ရေးနည်း ရေးဟန်အလိုက် ထိုက်ထိုက်တန်တန် ပုံသဏ္ဌာန်ပေါ်မှသာလျှင် ဘာ

သာပြန်ဆိုရကျိုး နပ်ပေမည်ဟုလည်း သဘော ပေါက်လာကြပါသည်ဘုရား။

ဤသို့ သိရှိလာကြသည့်အလျောက် တပည့်တော်များသည် ဉာဏ်စွမ်းရှိသမျှ၊ ကိုယ်စွမ်းရှိသမျှ ကြိုးပမ်း အားထုတ်ကြရာတွင် တပည့်တော်များ၏ ဘာသာ ပြန်ဆိုချက်ကို ဆရာတော်ကြီး၏ ရေးသားဟန်နှင့်တကွ အာဘော်များအတိုင်း ဦးမိခြုံမိလျက် ရေးသားလာနိုင်သောအခါန်တွင် အခြား မမျှော်လင့်ခဲ့သော တာဝန်တစ်ရပ် ပေါ်ပေါက်လာခဲ့ပြန်ပါသည်ဘုရား။

မြန်မာ့ဗုဒ္ဓဘာသာ စာဖတ်ပရိသတ်အတွက် အထူးတလည် ဖြေရှင်းရန် မလိုသော အနာထပိဏ်ကြွေ၊ ဝေဿန္တရာ၊ နေမိ၊ အထက် ဘဝင်၊ အောက်အဝီစီ၊ သိကြားမင်း၊ အသူရိန် စသော ဝေါဟာရများနှင့် မြန်မာစာရှုသူများပင် အလွယ်တကူ သိမည်မဟုတ်သော စတုဝေသာရဇ္ဇ၊ ဆအာသာဓာရဏ၊ ဒသဗလ ဉာဏ်တော်များ စသော ဝေါဟာရများအတွက် အင်္ဂလိပ်ဘာသာပြန်တွင် အောက်ခြေမှတ်စုများအပြည့်အစုံ ရေးသားထည့်သွင်းမှ ဖြစ်မည်။ယင်းမှတ်စုများ မပါလျှင် နိဒါနခြားသား စာရှုသူများသည် ဆရာတော်ကြီး ကျမ်းတော်၏ အရသာကို ပြည့်ဝစုံလင်စွာ ခံစားကြရမည် မဟုတ်ကြောင်း သိရှိလာခဲ့၍ လုပ်ငန်းရပ် ကျယ်ဝန်းများပြားလာပြန်ပါသည်ဘုရား။

ဤနေရာတွင် တပည့်တော်များ ဘာသာပြန် ဝတ္ထုရားများကို မည်သို့ စေ့စပ် သေချာစွာ ဆောင်ရွက်နေပုံများကို လျှောက်ထားရန် လိုအပ်ဟုသည် ဘုရား။ တပည့်တော်နှင့် ပါမောက္ခဦးတင်လွင်တို့သည် ဘာသာပြန်ကြမည့် ကျမ်းစာအုပ်ကို အပိုင်းခဲ့ဝေသတ်မှတ် တာဝန် ယူသီးခြား ဘာသာပြန်ဆိုကြပါသည်ဘုရား၊ ဤသို့ဖြင့် ပထမ စာမူကြမ်း ဖြစ်ပေါ်လာပါသည်ဘုရား။

ယင်းစာမူကြမ်းကို တပည့်တော်များ(၂)ဦး ပူးတွဲ၍ တည်းဖြတ်သုတ်သင်ကြပါသည်ဘုရား။ ဤအဆင့်တွင် တပည့်တော်များသည် မူရင်း ကျမ်းစာမှ စာပိုဒ် စာကြောင်း စကားလုံး အပြည့်အစုံ ဘာသာပြန်၌ ပါ,မပါ၊ ကျန်ရစ် သည့်များ ရှိ,မရှိ စိစစ်ကြ၍ မူရင်း စာကိုယ်၏ အနှက်အဓိပ္ပာယ်၊ ဘာသာပြန်၌ ပေါ်လွင်ခြင်း ရှိ,မရှိ သုံးသပ်ကြပါသည်ဘုရား။ ထို့ပြင် အောက်ခြေမှတ်စု လိုအပ်သော ဝေါဟာရ စကားလုံးများအတွက် အောက်ခြေမှတ်စုများ ပြုစုရေးသား၍ သက်ဆိုင်ရာ စာမျက်နှာတွင် ဖြည့်စွက် ထည့်သွင်းကြပါသည် ဘုရား။ ဤသို့ဖြင့် ဒုတိယစာမူကြမ်း ဖြစ်ပေါ်လာပါသည်ဘုရား။

ဤဒုတိယစာမူကြမ်းကို တစ်ဖန်ညှိနှိုင်း သုံးသပ်ကြပြီးလျှင် ဆရာတော်ကြီး၏ ရေးမူ ရေးဟန်အတိုင်း ဖြစ်နိုင်သမျှ အင်္ဂလိပ် ဘာသာ၌ ပေါ်လွင်စေရန် စာပိုဒ်၊ စာကြောင်း၊ဝေါဟာရ စကားလုံးများကို ပြင်ဆင်ရွေးချယ် ဖြည့်စွက် ရေးသားကြပါသည်ဘုရား၊ အချောပြင် မှုန်းမံကြပါသည်ဘုရား။ အင်္ဂလိပ်ဘာသာရပ်စကား အသုံးအနှုန်းများ ပြေပြစ်ချောမွေ့ မှုန်ကန်မှု ရှိ,မရှိ၊ အဓိက ဂရုပြု၍ စစ်ဆေး သုံးသပ်ကြပါသည်ဘုရား။ ဤအဆင့်မှ တတိယ စာမူကြမ်း ရရှိခဲ့ရပါသည်ဘုရား။

ဤတတိယစာမူတွင် တပည့်တော်များလက်စွမ်းကုန် ကြိုးပမ်းထားသည်များနှင့် အားရကျေနပ်မနေသေးဘဲ တပည့်တော်များ၏ လက်ရာကို ကြားနေပညာရှင် တစ်ဦးအား စစ်ဆေးဖတ်ရှုစေပြီး မထောက်မညာ အားမနာတမ်း သုံးသပ်ဝေဖန်ရန် မေတ္တာရပ်ခံခဲ့ကြ ပါသည်

ဘုရား။ ယင်းပညာရှင် အမျိုးသမီးကြီးမှာ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှ ကထိကတစ်ဦး ဖြစ်ခဲ့ပါသည်ဘုရား။ အငြိမ်းစားယူပြီးနောက် နိုင်ငံတော်မှ ဆောင်ရွက် နေသည့် အင်္ဂလိပ်–မြန်မာ အဘိဓာန်ပြုစုရေး အဖွဲ့တွင် တာဝန် ထမ်းရွက်နေသူ ဖြစ်ပါသည် ဘုရား။ တပည့်တော်များ၏ စာမူကို ကောင်းစွာ သုံးသပ် ဝေဖန်နိုင်သော ပညာရှင် ဖြစ်ပါသည် ဘုရား။ ဤ အမျိုးသမီးကြီး၏ စေတနာအလျောက် တပည့်တော် များ၏ စာမူကို သုံးသပ်ဝေဖန် အကြံဉာဏ်ပေးမှုကြောင့်တပည့်တော်များ၏ စာမူသည် အနုပညာ လက်ရာပိုမိုပြောင်မြောက် စာပေအရသာ ပိုမိုပြည့်ဝလာကြောင်းဝမ်းမြောက်ဝမ်းသာတင်လျှောက်အပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

အထက်တွင် လျှောက်ထားခဲ့သည့် အခက်အခဲများကို ကြိုးပမ်းဖြေရှင်းရင်း ဘာသာပြန် လုပ်ငန်း၏ အဆင့်တိုင်း အဆင့်တိုင်းဌ ဂရုတစိုက် စေ့စပ်သေချာစွာ ဆောင်ရွက်ခဲ့ကြရသည့်အတွက် တပည့်တော်များ မျှော်မှန်းထားသကဲ့သို့ ကျမ်းတော်ကြီး၏ ပထမအုပ်ကို ယနေ့အခါတော်ကြီးတွင် အပြည့် အစုံ ဘာသာပြန်ပြီး စာအုပ်အဖြစ် ပုံနှိပ်ပြီးအခြေဖြင့် ဆရာဝေါ်ကြီးအား ဆက်လက်ပူဇော်ခြင်း မပြုနိုင်ကြ၍ အားမလို အားမရ ဖြစ်ကြရပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

ဆရာတော်ကြီး၏ ဒါယကာကြီး ဦးသာလှလည်း တပည့်တော်များနည်းတူ အားရကျေနပ်မှု ရှိရှာမည်မဟုတ်ဟု တပည့်တော်များ ထင်မှတ်မိကြပါသည်ဘုရား။

သို့ရာတွင် ဖခုဆရာတော်ကြီးအား ဆက်ကပ်ပူဇော်မည့် စာမူ စာအုပ်မှာ ကျမ်းတော်ကြီး၏ ပထမအုပ်၏ ပထမပိုင်းကို စက်တင်ပုံနှိပ်ရန် အဆင်သင့် ဖြစ်သော အောက်ခြေမှတ်စု၊ မာတိကာစသည်ဖြင့်ကျမ်းတစ်ခု၏အင်္ဂါရပ် ပြည့်စုံအောင် ပြုစုထားသော စတုတ္ထစာမူချောဖြစ်ပါသည်ဘုရား။

ကျန်ရှိသေးသော ဒုတိယပိုင်းမှာ အနုဒိပန် ကဏ္ဍဖြစ်၍ ယင်းအပိုင်းကို တစ်ဝက်ကျော် ဘာသာပြန်ပြီး ဝဲညဲးဖြတ်ပြီး အခြေအနေသို့ ရောက်ရှိပြီး ဖြစ်ကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

ယခုအခါတွင် ဆရာတော်ကြီး၏ စာပေရေးဟန် ပုံသဏ္ဌာန်ကို တပည့်တော်များ လေ့ကျက်မိပြီ အတုယူနိုင်ကြပြီ ဖြစ်ပြီးလျှင် ရေးသားသော အကြောင်းအရာ ဘာသာရပ်များအတွက်ကိုလည်း အင်္ဂလိပ်ဝေါဟာရ အပြည့်အစုံ ဆည်းပူးမိကြပြီ ဖြစ်၍ နောက်ဆက်တွဲကျမ်းများ ဘာသာပြန်ရာတွင် ယခုထက် ပိုမိုမြန်ဆန်လာပါမည်၊ သွက်လက်လာပါမည်ဟု တပည့်တော်များ လုံးဝ ယုံကြည်ကြပါသည် ဘုရား။

ယခု မျှော်မှန်းသည့်အချိန်ဇယား အတိုင်းမကိုက်ညီဘဲ နောက်ကျ နှောင့်နှေး သွားသည့် အချိန်များကို ဖြည့်စွက်ကာမိ သွားနိုင်ကြလိမ့်မည်ဟု မျှော်လင့်ကြပါသည် ဆရာတော်အရှင် သူမြတ်ဘုရား။

သို့ရာတွင် လက်ဖက်ကောင်း စားလိုသော ဒါယကာကြီး ဦးသာလှအား တပည့်တော်များ ပလောင် (၂)ယောက်က တောင်အတက်နှေး ခွင့်ပြုစေလိုကြောင်း ဆရာတော်ကြီးမှတစ်ဆင့် ပန်ကြား လိုကြပါသည်ဘုရား။ ပလောစ် (၂)ယောက် အတက်နှေးရုံသာ နှေးပါမည်၊

ဖင့်နွဲ့ဆိုင်းတဲ့ မူတော့ ပြုမည်မဟုတ်ပါဟု ကတိကဝတ် ပြုကြပါသည် အရှင်သူမြတ်ဘုရား။

ဤမြင့်မြတ်သော မင်္ဂလာ နေ့ထူး အချိန် အခါဝယ် တပည့်တော်များ၏ ဘကြီးအား၊ ကိုယ်အားဖြင့် စိုက်ထုတ် ထုက်ပေါ်လာသည့် စာအုပ်မူမျှဖြင့် ဆရာတော်ကြီးအား ရိုသေမြတ်နိုး ရှိခိုးပူဇော် ဆက်ကပ်ခွင့် ရသည်ပင်လျှင် တပည့်တော်များအတွက် ကြီးစွာသော လာဘ်ကြီး ဖြစ်ပါပေသည်။ တပည့်တော် များကား ကြည်နူးရွှင်လန်းစွာဖြင့်-

"လာဘာဝတ အမှာကံ ဘန္တေ။
သုလဒ္ဓာ ဝတ အမှာကံ ဘန္တေ။"

ဟု မြွက်ဟ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

နောင်နှစ်များတွင်လည်း နှစ်စဉ် နှစ်စဉ် အဆက်မပြတ် တပည့်တော်များ၏ ဘာသာပြန် လက်ရာ ပုံနှိပ်ပြီး ကျမ်းစာများဖြင့် ဤကဲ့သို့ နေ့ထူးနေ့မြတ် အခါရောက်တိုင်း ဆက်ကပ် ပူဇော်နိုင်ကြလိမ့်မည်ဟု ယုံကြည်လျှောက်ထား အပ်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

ဆရာတော်ကြီးသည် ကိုယ်စိတ် နှစ်ဖြာကြွံ့ခိုင်စွာဖြင့် အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး အဘက်ဘက်မှ ဆက်လက်သည်ပိုး ဆောင်ရွက်တော် မူနိုင်ပါစေ၊ ယင်းတော်ရာကျော် ရှည်လျားတော် မူနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းခံရင်း တပည့်တော် ဒါယကာ မောင်ကိုလေး ရိုသေမြတ်နိုးလက်စုံမိုးလျက် ရှိခိုး ကန်တော့အပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။

တပည့်ဒါယကာ
မောင်ကိုလေး

ပညာရှိပုဂ္ဂိုလ်

* ဓမ္မနယ်ပယ်ကကြည့်ရင် 'ဒါနပြုရမယ့်အချိန်မှာ ဒါနတည်းဟူသော အကျိုးကို လက်လှတ်မသွားစေနဲ့။
* သီလစောင့်ရမယ့် အချိန်မှာ သီလဘည်းဟူသော အကျိုးကို လက်လှတ်မသွားစေနဲ့။
* သမာဓိ၊ ပညာ၊ ဘာဝနာပွားရမယ့် အချိန်မှာ ဘာဝနာတည်းဟူသော အကျိုးကို လက်လှတ်မသွားစေနဲ့။
* အဲဒီလို အခါအလျောက် ရောက်လာတဲ့ အကျိုးတရားတွေကို လက်လှတ်မသွားစေခြင်း + မဆိတ်သုဉ်းစေခြင်း ဤအင်္ဂါ(၃)ချက်နဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ပညဝန္တ = ပညာရှိပုဂ္ဂိုလ်တဲ့။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ဇာတိရပ်မြေ သိမ့်သမုတ်ပွဲကြီး

မမေ့အပ်ပေ မွေးရပ်မြေ

ရေမြေသဘင်းပြည့်ရှင်မင်းသည့် မွေးဖွားရာ အရပ်၊ အဘိသိက်ခံရာအရပ်၊ စစ်အောင်နိုင်ရာ အရပ်များကို တစ်သက်လုံး မမေ့ထိုက်သလို ရဟန်းတော်များလည်း ရဟန်းဖြစ်ရာ အရပ်၊ သစ္စာလေးပါးကိုသိရာအရပ်၊ အာသဝေါကုန်ရာ အရပ်များကို တစ်သက်လုံး မမေ့ထိုက်ကြောင်း အင်္ဂုတ္တရနိကာယ်၌ မြတ်စွာဘုရား ဟောထားပေသည်။

နီတိဆရာများကလည်း မိမိအား ကျေးဇူးများလှ၍ မွေးဖွားရာအရပ်၊ ကြီးပွားရာအရပ်၊ တရားထူးရရာ အရပ်များကိုမမေ့ထိုက်ကြောင်း မိန့်ဆိုထားကြပေသည်။ ကျေးဇူးကို သိတတ်ကြသည့် မြန်မာလူမျိုးတို့ နေထိုင်ရာ မြန်မာနိုင်ငံတော်ဝယ် ထိုအယူအဆကို ကျယ်ပြန့်စွာ လက်ခံထားကြသည်။

တခြားအရပ်မှာ သွားရောက်ကြီးပွားနေကြသည့် ရှင်- လူများသည် မိမိတို့ မွေးဖွားရာ ဇာတိရပ်သို့ ပြန်၍ ကောင်းမှု အမျိုးမျိုးကို ပြုလုပ်လေ့ ရှိကြသည်။ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးလည်း မိမိမွေးရပ်မြေဖြစ်သည့် သဲဖြူဝရွာ၌ တိပိဋက ကျောင်းတော်၊ ကျည်းပင် ရွာ၌ အဘိဓဇကံ့ကူလက်လှည့် ကျောင်းဟောင်ကြီး များကို သားသားနားနားဆောက်လုပ်၍ ကျောင်းသုံးပရိဘောဂများပါအပြည့်အစုံထား၍ လှူဒါန်းတော်မူသည့်အပြင် ထို့ရွာရှိ ကလေးသူငယ်များ ပညာရေးအတွက် စိန်ရတု မူလတန်းကျောင်းကိုပါ ဆောက် လုပ် လှူ ဒါန်း ပြီး ကျောင်းသုံးပရိဘောဂမှာ စာအုပ်များပါမက ကလေးတို့အတွက် ကျောင်းဝတ်စုံများကိုပါ အစစ်အင လှူဒါန်းတော်မူသည်။

ကျောင်းရှိလျှင် သိမ်ရှိရ

ရဟန်း သံ ဃာ တော် များ ကံကြီး-ကံငယ်၊ အမှုကြီး အမှုငယ်ကို ဆောင်ရွက်ရာတွင် သိမ်အတွင်းမှာသာ ဆောင်ရွက်ကြရ၍ ဘုန်းကြီးကျောင်းရှိလျှင် သိမ်လည်း ရှိရပေသည်။ မူလ ကျည်းပင်ရွာ မြစ်ရေ တိုက်စားသွား၍ ယခု ကျည်းပင်ရွာမှာ ယာတောတွင် တည်ထားရသည်။ ကျောင်း ဆောက် ပြီး နေ သော်လည်း သာသနာ့မြေမဖြစ်သေး၍ သိမ်မသမုတ်ရသေးပါ။ သိမ်သမုတ်နည်းမှာ ကျေးရွာအုပ်စုတစ်ခုလုံး သံဃာ သိမ်း၍ သမုတ်သောနည်း၊ ဝိသုဂါမ= သီးခြားရွာအမိန့်ခံ၍ သိမ်သမုတ်နည်း နှစ်မျိုးရှိရာ ကျေးတောကျသော အရပ်များ၌ ကျေးရွာအုပ်စုတစ်ခုလုံး သံဃာသိမ်း၍ သမုတ်ရန် လွယ်ကူသော်လည်း မြို့ရွာများနှင့် နီးသော အရပ်၊ ရထားလမ်း ကားလမ်းနှင့် နီးသောအရပ်ဒေသများမှာ သံဃာသိမ်းဖို့ရန် မလွယ်ကူပါ။ သိမ်သမုတ်စဉ် ရပ်- ကျေးရွာအုပ်စုအတွင်း အာဂန္တုက တစ်ပါးပါး ရှိနေလျှင် ခရီးဖြတ်သွားလျှင် သမုတ်သောသိမ်မအောင်မြင်ပါ။ မအောင်မြင်သော သိမ်၌ ရဟန်းခံလျှင် ထိုသူ့ရဟန်း မဖြစ်ပါ။ အခြားကံများ ပြုလုပ်လျှင်လည်း မအောင်မြင်ပါ။ အစိုးရထံမှ ဝိသုဂါမ=သီးခြားရွာအဖြစ် ခံယူ၍ သမုတ်လျှင်ကား ထိုသီးခြားအရပ်အတွင်း ရှိ သံဃာကိုသာ သိမ်းရသဖြင့် ဆောင်ရွက်ရန် လွယ်ကူပါသည်။

ဗုဒ္ဓဘာသာတရားဆရာတော်ကြီးတို့၏ ကောလိပ်ပြဖြစ်သမျှတို့ကို

ပုဂံမြို့ကျောင်းတိုက်

ဥက္ကဋ္ဌကြီး ဦးသာလှ၏ ဆောင်ရွက်ချက်

"ဘုန်းကြီးကတော့ မြို့နှင့် မြို့အနီးရွာမှာ ဝိသုဂါမအမိန့်မခံဘဲ နယ်သိမ်းပြီးသိမ်မသမုတ် ရဲဘူး၊ ရန်ကုန် တိပိဋကဆရာတော်နှင့် ကျည်းပင်ရွာ အဘိဓဇ ကံ့ကူ လက်လှည့် ကျောင်းမြေများကို သာသနာ့မြေ ဖြစ်အောင် ဆောင်ရွက်ပြီး ဝိသုဂါမ သိမ်အမိန့်ရအောင် ဆောင်ရွက်ပေးပါ" ဟု တိပိဋကဓရဆရာတော်ကြီးက တိပိဋက=နိကာယ ပဉ္စင်္ဂကအဖွဲ့ ဥက္ကဋ္ဌကြီး ဦးသာလှအား အမိန့်ရှိပါသည်။ ဥက္ကဋ္ဌကြီးမှာ မိုးမိတ်စေတီတော်များ တည် ဆောက်ရေး၊ တိပိဋက = နိကာယ ကျောင်း တိုက် ပြီးမြောက်ရေး၊ ရန်ကုန် မန္တလေး နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး များဆောက်၍ ပစ္စည်းလေးပါး လှူဒါန်းရေး၊ မန္တလေး ကျောင်းထိုင် ဘုန်းကြီး သင်တန်း ကျောင်းဆောက်၍ ပစ္စည်းလေးပါး လှူဒါန်း ရေး စသော ဆရာတော်ကြီး၏ သာသနာပြု လုပ် ငန်းကြီး များ ကို ဖြစ်မြောက်အောင် အကောင်အထည် ဖော်ပေးနေသူဖြစ်ရာ သာသနာ့မြေဖြစ်ရေး၊ ဝိသုဂါမ သိမ် အမိန့်ရရေး တို့ကို တလေးတစား အောင်မြင် အောင် ဆောင်ရွက်ပေးပါသည်။

မိုးမရွာ နေမပူ

ဝိသုဂါမ အမိန့်ရလျှင် ဆရာတော်ကြီး ကိုယ်တိုင် ကျည်းပင်ရွာသို့ ကြွရောက်၍ သိမ် သမုတ်ပွဲအတွက် ရှေးဦး ပြုလုပ်ဖွယ်များ ဖြစ် သော မြေညှိခြင်း သိမ်ကွက်ရိုက်ခြင်းများကို ကြိုတင်ပြုလုပ်စေပါသည်။ ၁၃၅၁-ခု၊ နှောင်း တန်ခူးလဆန်း ၉-ရက် (၅-၄-၉၀) နေ့တွင် မင်းကွန်းကုန်းမြေ တိပိဋက=နိကာယကျောင်း တိုက်မှနိကာယဆောင်တပည့် (၅၀)ကို မြင်းခြံ သို့ ပင့်စေပါသည်။ ပင့်ဆောင်ရာတွင် သံဃာ တော်များ သက်သက်သာသာကြွနိုင်ရန် ကူရှင် ပါသော ကားများဖြင့် ပင့်စေပါသည်။ ဆရာ တော်၏ တပည့် ဒကာများ ဖြစ်ကြသည့် မန္တလေး၊ မြင်းခြံ၊ မတ္တရာမြို့များမှ ကားပိုင်ရှင် များက ယာနဒါန=မော်တော်ယာဉ် အလှူ ကူညီ လှူဒါန်းကြပါသည်။

၁၃၅၁-ခု၊ နှောင်းတန်ခူးလဆန်း ၁၀ရက် (၅-၄-၉၀)နေ့မှစ၍ မင်းကွန်း တိပိဋက= နိကာယ ကျောင်း တိုက် မှ နိကာယ်ဆောင် သံဃာ အပါး(၅၀)၊ ဓမ္မနာဒန့် မြင်းခြံမှ သံဃာတော် အပါး(၄၀)ကျော် စုစုပေါင်း (၁၀၀)နီးပါးရှိသော သံဃာတော်များအား သိမ်နုတ် ကံဆောင် စေတော်မူပါသည်။ ထို သိမ်နုတ်ကံဆောင်ရာတွင် ဆရာတော်ကြီး၏ သိမ်ပိုင်းဆိုင်ရာ ဗဟုသုတများ ပြည့်ပြည့်စုံစုံ လက်ထပ်သင်ယူထားပြီး ဖြစ်သည့် တိုက်အုပ် ဆရာတော် ဦးသုစိတ္တ၊ တိုက်ကြပ် ဆရာတော် ဦးဝေပုလ္လာစာရတို့ကို အနီးကပ်ကြီးကြပ်စေပါ သည်။ထိုအရှင်မြတ်တို့၏ကြီးကြပ်မှုဖြင့် (၁၀၀) နီးပါးရှိ သံဃာတော်များ ရှေးဆရာတို့ ညွှန်ပြ သည့်သိမ်နုတ်နည်းအသီးသီးတို့ဖြင့် နှစ်ရက်တိုင် တိုင် သိမ်နုတ်ကံကို ပြည့်စုံစွာဆောင်ရွက်တော် မူကြသည်၊တန်ခူးလ မြင်းခြံမြို့တွင် နေအရှိန်မှာ အတော်ပြင်းနေတတ်ပါသည်။အထက်က နေပူ ပြီး ဖိနပ်မစီးဘဲ သိမ်နုတ်ရသဖြင့် အောက်က မြေကြီးအပူပါမိလျှင် သိမ်နုတ် သံဃာများ ရောဂါပင်ရနိုင်ကြပါသည်။သိမ်နုတ်သိမ်သမုတ် သည့်ရက်များတွင် နေလည်းမပူ မိုးလည်းမရွာ ဘဲ မိုးကြီးအုံ့ရုံသာအုံ့နေရာ သံဃာတော်များ အအေးဒဏ်ရော အပူဒဏ်ပါမခံရဘဲ ချမ်းချမ်း သာသာ သိမ်နုတ်သိမ်သမုတ်ကံများကိုဆောင် နိုင်သည်မှာ အံ့စရာပင်ဖြစ်ပါသည်။

ဝံသာနုစိတ် ရှိစေချင်

ဆရာတော်ကြီးမှာ ရဟန်းတော် တစ်ပါး ဖြစ်၍ သာသနာတော်ကို လွန်စွာမြတ်နိုးတော်မူသလို မြန်မာနိုင်ငံသားတစ်ဦးဖြစ်၍ မြန်မာနိုင်ငံတော်ကို လွန်စွာ မြတ်နိုးဘော်မူသည်။ ဆရာတော်ကြီး မြင်တွေ့လိုသော မြန်မာနိုင်ငံတော်မှာ ထိပ်ပိုင်းမှာ သာသနာတော်စက် အလင်းရောင် ဖြန့်ကြက်ပြီး စိမ်းလန်းစိုပြည် အေးမြသာယာသော နိုင်ငံတော်ကျိုးဖြစ်သည်။ သွေးဖြင့် တည်ထောင်ထားသော လွတ်လပ်သော မြန်မာနိုင်ငံကို ကျွန်အဖြစ် တစ်ဖန် ပြန်မနစ်စေလို၊ ထိုသို့ မနစ်အောင် ရှင်ရောလူပါ မေတ္တာချင်းဆက် လက်ချင်းယှက်၍ ကိုယ့်ဆိုင်ရာတာဝန်ကို ထမ်းဆောင်ရွက်သွားစေလိုသော အလိုဆန္ဒ ရှိလေသည်၊ လွတ်လပ်ရေးရခါနီးအချိန်တွင် ဆရာတော်ကြီး ရေးသားခဲ့သည့် ကဗျာကလေးက ဆရာတော်ကြီး၏ ဆန္ဒကို ပေါ်လွင်စေပါသည်၊

"သာသနာစက်ရောင်၊ထက်ယခေါင်မှ၊
လက်ပြောင်ဝေပ၊ အောင် မြေ ချ မှု၊
ဆွဆွနုပျို၊ လန်းလန်းစိုသား၊ နဂိုမူလ၊
သဘာဝဖြင့်၊ မြပန်းခိုဆေး၊ ကန်ရိုန်
ရေး၍၊ သွေးဖြင့်တည်ဆောင်၊ ကိုယ့်
ပြည်ထောင်ကို၊ နောင့်တစ်ဖန်ခေတ်၊
ပြန်မနစ်ဖို့၊ အားသစ်မွေးမြူ၊ အလေး
မူလျက်၊ရှင်လူနှစ်ခန်း၊ကိုယ့်ဝန်လမ်းကို၊
ထမ်း မှတော် မည်၊ ချစ်သွေး ရည်တို့၊
ကြည်တမြမြ၊ ကိုယ့်ငန်းမှလျှင်၊ မချ
သောစိတ်၊ မမှိတ်မျက်စိ၊ သတိခိုင်ကြည်၊
လုံလစည်လျက်၊ ဉာဏ်ရည်လင်းပွင့်၊
ကပ်လုံးဘင့်အောင်၊ ဆင့်ဆင့်ကြိုးအား
သစ်ကြစို့။ ။

ဆရာတော်ကြီးက မိမိ တပည့် တိပိဋကနိကာယ စာသင်သားတို့ သာသနာတော်ကို မြတ်နိုးစေချင်သလို မြန်မာနိုင်ငံကိုလည်း ချစ်မြတ်နိုးစေချင်သည်။ မြန်မာမှု– မြန်မာ အနုပညာကို မြတ်နိုးမှ မြန်မာအမျိုးကို မြတ်နိုးမည်။ မြန်မာအမျိုးကို မြတ်နိုးမှ မြန်မာပြည်ကို မြတ်နိုးမည်။ မြန်မာပြည်ကို မြတ်နိုးမှ မြန်မာ့အကျိုး သာသနာ့အကျိုးကို ဆောင်ရွက်မည်ဟု ရည်ရွယ်တော်မူ၍ ရက်အားဖြစ်သော တန်ခူးလဆန်း (၁၂)ရက် (၆-၄-၉၀)နေ့တွင် မြန်မာမှုအနုပညာများ စုဝေးတည်နေရာ ပုဂံမြို့သို့ တိုက်အုပ်ဆရာတော်ကို ကြိုးမှုးစေ၍ ဘုရားဖူးစေလှတ်တော်မူပါသည်။

ထိုနေ့မှာပင် ကျေးရွာမှ လက်လုပ်လက်စား ဆင်းရဲသား အိမ်ထောင်စုများကို ဆန် (၃)ပြည်၊ရွှေဝါဆပ်ပြာ(၁)တောင့်၊ ငွေ(၅) ကျပ်စီ ပေးလှူစေပါသည်။ ဆန်များကိုခြင်စေ့ရာဌ်လည်း မောက်မောက်ဖြိုးဖြိုး ခြင်စေပါသည်။ ကိုယ်တော်တိုင် ကုလားထိုင်ပေါ် ထိုင်လျက် လှူသူ ယူသူများကို ကြည့်ရှုကာ ပီတိသောမနဿ နှလုံးဖြင့် ရှင်ပြုံးစွာ သီတင်းသုံးနေတော်မူပါသည်။

သိမ်သမုတ်ပွဲ

၁၃၅၁–ခု၊နှောင်းတန်ခူးလဆန်း(၁၃)ရက် (၇-၄-၉၀)နေ့ နံနက်(၆)နာရီအချိန်လောက်တွင် တိပိဋကဓရဆရာတော်ကြီးအမှူးရှိသော တိပိဋကဓရ= နိကာယဆောင် သံဃာတော်များ၊ နယ်ခံသံဃာတော်များ၊ သိမ်သမုတ်မည့် ဝိသုဂါမ မြေအတွင်း စည်းဝေးမိကြသည်။ စာပေများ၌ ဘုရားရှင်နှင့် သံဃာတော်တို့အတူ သီတင်းသုံးနေထိုင်တင့်ဘယ်တော်မူပုံကို ဆင်ပျိုပေါင်းရှစ်ထောင် အခြံအရံ ရှိသော

ဆဒ္ဒန်ဆင်မင်းကြီးကဲ့သို့လည်းကောင်း၊ ဟသ်ာ ကိုးသောင်း အခြံအရံရှိဩာ ဓတရဋ္ဌဟသ်ာ မင်းကဲ့သို့လည်းတောင်း၊ စစ်အင်္ဂါများ အခြံအရံ ရှိသော စကြာမင်းကြီးကဲ့သို့ လည်း ကောင်း၊ နတ် အ ပေါင်း အခြံအရံရှိသော သိကြားမင်းကြီးကဲ့သို့ လည်းကောင်း၊ ဗြဟ္မာ ပေါင်း အခြံအရံရှိသော ဟရိတ ဗြဟ္မာမင်းကြီး ကဲ့သို့လည်းကောဇီး ဟုဖွင့်ဆိုကြလေသည်။ ယခု လည်း တိပိဋကနိကာယ်ဆောင် သံဃာတော် များခြံရံနေသော တိပိဋကဓရ ဆရာတော်ကြီး ၏ တင့်တယ် စံပယ်တော်မူပုံကိုလည်း ထိုသို့ ဖွင့်က မှားမည်၊ မဟုတ်ပါ။

အပ်ကျလျှင်ပင် ကြား လောက် အောင် သံဃာတော်များ အလှန်ငြိမ်သက်စွာ တည်နေ တော်မူကြပါသည်။ ထိုအခါနှင့် ဆရာတော်ကြီး ထံမှ ခွင့်ပြုချက်ရယူ၍ အခမ်းအနားမှူး ဓမ္မနာဒ တိုက်ကြပ် ဆ ရာ တော် ဦးဝေပုလ္လာစာရက အခမ်းအနား အစီအစဉ်ကို ကြေငြာပြီး အခမ်း အနား အစီအစဉ်အတိုင်း သိမ်သမုတ်တော်မူ ကြသည်။

ရှေးဦးစွာ နိမိတ်ရှိရာ အရပ်သို့ သွား၍ ဝိနည်းဓိုရ်လေးပါးက နိမိတ်ကြဲားသည်။နောက် ဆုံး တိပိဋကဓရ ဆရာတော်ကြီးက အနီးရှိ ပြင်ဦးလွင်မြို့ ရတနာမာရ်အောင် ဘုန်းကြီး အား မေး၍ သံဃာ့အလယ်မှာပင် နိမိတ်ကြား တော်မူပြီး ; တစ်ပါး တစ်ပါးစီ သုံးကြိမ်၊ နှစ် ပါး နှစ်ပါးစီ သုံးကြိမ်၊ သုံးပါး သုံးပါးစီ သုံး ကြိမ် သမာနသံဝါသသိမ်ကို သမုတ်တော်မူကြ သည်။ အဝိပ္ပဝါသသိမ်ကိုလည်း ထို့ အတူ တစ်ပါးစီ–နှစ်ပါးစီ–သုံးပါးစီ ကမ္မဝါ ဖတ် ကြား၍ သမုတ်တော်မူကြပြန်သည်။

ဤသို့ သေချာကျန သမုတ်တော်မူကြ၍ အဘိဓမ္မသောဘိနီ ဘွဲ့မည်ထိန်လျှပ် သိမ် တော်မြတ်သည် သာသနာတော်နှစ် ၂၅၃၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၅၁-ခု၊ ဂိမှ ဥတု ဂိမှာန ရတုအစ တန်ခူးလဆန်း(၁၃)ရက်(၁၉၉၀-ခု မတ်လ ၇–ရက်)၊ စနေနေ့ နံနက် (ဂ)နာရီ ၃၀–မိနစ်အချိန်၌ ဒေဝိန္ဒရာဇ် ကောင်းချီး ဟစ်လျက် နှစ်သိန်းမလေးသောင်း ယူဇနာပေါင်း များစွာ သိလာပံသု နှစ်ခုညီညာ မဟာပထဝီ ဤမြေကို ထွင်းဖောက် အောက်ရေအပြင်သို့ သက်ရောက်တည်ဝင် အပြီးအောင်မြင်လတ်ပါ သ၏တည်း။

ရေစက်ချပွဲ

သိမ်သမုတ်ပွဲ ပြီးသောအခါ အခမ်းအနား မှူး ဦးဝေပုလ္လာစာရက သိမ်အောင်စာကို သာ ယာ နာပျော်ဖွယ်ရာ အသံဖြင့် ဖတ်ကြားရာတွင် တိပိဋကဓရဆရာတော် အမှူးပြုသည့် သံဃာ တော်များ လူပရိသတ်များတို့က ရိုးသစ္စာ နာယူကြပါသည်။ သိမ်သမုတ်ပွဲ အောင်မြင် ကြောင်း ကြေငြာပြီးနောက် ဆရာတော်ကြီး က သံဃာတော်များ သိမ်အတွင်းမှာပင် (၁၅) မိနစ်ခန့် သီတင်းသုံးနေထိုင်ရန်၊ သက္ကစ္စဒါန မြောက်အောင် လှူဖွယ် များကို လှူ နိုင်ရန် အတွက် ကြိုတင် သွားရောက်ပြင်ဆင်ခွင့်ပြုရန် ဖလျှာက်ထားပြီး ကျောင်းပေါ်သို့ သွားရောက် ပြင်ဆင်နှင့်ပါသည်။ အစစအရာရာ ပြင်ဆင်ပြီးမှ သံဃာတော်များကို ကျောင်းပေါ်သို့ ပင့်ဆော သည်။ တစ်ပါးချင်း တစ်ပါးချင်း ကိုယ်ဘိုင် စာရင်းဖတ်ကြား၍ ပင့်သံဃာတော်(၁၂၀)တို့ အား တိစီဝရိတ်အစုံ စေ့ငအောင် လှူစေ သည်။ နယ်ခံ ဆရာတော်များအတွက်မူ ပေါ် ဆန်းမွေးဆန် တစ်တင်းစီပါ လှူပေးတော်မူပါ သည်။

လှူဒါန်းစေပြီးနောက် ၁၃၅၁-ခုနှစ်၊တန်ခူး လဆန်း ၉–ရက်နေ့မှစ၍ ၁၃–ရက်နေ့အထိ

ငါးရက်တိုင်တိုင်လိုလေသေးမရှိအောင်လှူဒါန်း ကြသည့် ဆွမ်း ဘောဇဉ် အဖျော်ယမကာ သက်နှံ့ စသော လျှုဖွယ်ဝတ္ထုများကို 'သင်္ကစ္ဆ ဒါနခြောက်ရန် ရေစက်သွန်းချ လှူဒါန်းစေပါသည်။

သံပိုင်းလင်္ကာ

ဤအဘိဓဇ ဓမ္မသောဘိနီ သိမ်တော်ကြီး အောင်မြင်ခဲ့သည်မှာ ဝိသုဂါမအမိန့်ပေးသော အစိုးရမင်းများ၊ ပစ္စည်းလေးပါး လှူဒါန်းကြ သော ဒကာဒကာမများ၊ သိမ်သမုတ်ကံဆောင် တော်မူကြသော သံဃာတော်များ ဘုံးဘက်စုံ စုပေါင်း ညီညာ ဆောင်ရွက်ကြ၍ဖြစ်ကြောင်း ကို သိမ်အောင် စာပါ သံပိုင်းလင်္ကာဖြင့် မှတ်တမ်းတင်ထားပါသည်။

အောင်ကြောင်း မင်္ဂလာ၊ မော်ကွန်း သာ ပိမ့်၊ မဟာတိပိဋကာ၊ မြတ်ထေရ၏၊ ဇာတ ဌာနေ၊ ကျည်းပင်မြေ၌၊ သုံးထွေ သာသနာ၊ လင်းလင်းဖြာဖို့၊ သမ္မာဆန္ဒ၊ အာသီသကို၊ သီကြမျှားစွာ၊ ရပ်မှာမှာမှ၊ သဒ္ဓါစင်ဖြူ၊ အလှူ လူတို့၊ ပုညူပစ္စယ၊ စုလိုကြ၍၊ သီမဒကာ၊ ခံယူကာလျှင်၊ မဟာကုသလ၊ မြို့က်ဗီဇကို၊ အားရလေ့လေ့၊ သိမ်းယူပေ့၏။ ရေမြေ့ သနင်း၊ ပြည်ထောင်မင်းလည်း၊ အရင်းဆရာ၊ ထေရ်မဟာ၏၊ သာသနာကျိုး၊ တိုးထက်တိုးဖို့၊ သည်ပိုးလိုအင်၊ ဆန္ဒစင်ကို၊ လွန်ပင်မြတ်လေး၊ ကူညီပေး၏။ ဖြူဖွေးသိက္ခာ၊ မျှားသံဃာလည်း၊ စဉ်လာရှေးရှု၊ သိမ်အောင်မှုကို၊ ဂရုကတ၊ ကြိုးလုံ့လ၏။ သံဃရာဇာ၊ ဒါယကာတို့၊ ညီညာ ပြုကြ၊ ကျိုးဖလကား. အာဘိဓဇ၊ ဓမ္မသောဘိနီ၊ ဘွဲ့သညီဖြင့်၊ စံမီရှေ့ဆောင်၊ သိမ်တော်အောင် ခဲ့။ ဘုန်းခေါင်မြတ်စွာ၊ သာသနာ၏၊ လွန်စွာ တိုးကြည်၊ ပွင့်လင်းစည်ဖို့၊ ဦးတံည်ပြုရ၊ မြတ် ပုညကြောင့်၊ ဆန္ဒရှိရှိ၊ အား သစ်ဘီ လျက်၊ ဗောဓိဉာဏ်ကြီး၊ ရွယ်တိုင်းပြီးသား၊ ရှစ်ထီး မင်္ဂဖိုလ်၊ ဖွင့်ရလို၏။ ထိုထို ကုသလ၊ ဖို့ ဘာဂကို၊ မို့ဘ့ဆရာ၊ ဉာတကာက၊ ပထမ ဒိက၊ လက်မှန်စ၍၊ နရမရှု၊ ဗိုလ်ဗိုလ်လူအား၊ ကိုယ်တူရေး၊ အမျှပေး၏။ လေးမြတ်ကြည်ဖြူ နောက်နှောင်းလူတို့၊ တုယူကုသိုလ်၊ ပွားစေလို၍၊ သိပ်သိုရှင်းလင်း၊ သမိုင်းကွင်းသည်၊ သလင်း ရွှေစာ သံပိုင်းတည်း။

ပြင်ဦးလွင်ရတနာ

ဘေးဇရာ

ကံနှင့်မသီ၊ မြေ့အဆီနှင့်၊ ရေသီတာငွေ့၊
ဥတုတွေ့ကြောင့်၊ ဓလေ့ပင့်ဆန်း၊ ဤကြာပန်းသို့၊
ညှီးနွမ်းရင့်ကာ၊ ကြွေကျပါအောင်၊ ဇရာရန်ဘေး၊
ရောက်တုံသေး၏။ လေးရပ်ကြောင်းစု၊ ပေါင်း၍ပြုသား၊
နုဖတ်ရွန်းစိုး၊ ငါတို့ကိုယ်သို့၊ ထိုကြောက်ဖွယ်ရာ၊
ဘေးဇရာကား၊ ဘယ်မှာမရောက်၊ ရှိတုံမြောက်လိမ့်၊
ညှီးခြောက်ယွင်းယို၊ ငါတို့ကိုယ်လည်း၊ ထိုကြာပန်းသွင်၊
တစ်နေ့တွင်၌၊ ရွေ့စဉ်လျောကျ၊ မြေသို့ခ,မည်၊
မုချမလွဲတ်ပါတကား။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

မြစ်ကူးတရား

ဦးအောင်သိမ်း

မကြာသေးမီက (၁၉၉၁-ဇွန်လ)မင်းကွန်းတိုင်ရာဂဒေသရှိ ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ခဲ့သည်။ ဆရာတော်ကြီးသည် ရန်ကုန်မြို့စကားဝါလမ်းရှိ စံကျောင်းတော်တွင် ခေတ္တသီတင်းသုံးနေခိုက် ဖြစ်၏။ စမ်းချောင်းရပ်အလှူရှင် တစ်ဦး အိမ်မှ ဆွမ်းစားပြီး ပြန်ရောက်စဖြစ်ရာ ဝင်သင့် မဝင်သင့်ကို ရုံးခန်းရှိ ဦးစောလှိုင်အား မေးမြန်းရသေး၏။ ဦးစောလှိုင်မှာ တိ=နိ ဥပဋ္ဌာကအဖွဲ့ ရန်ကုန်ဌာနခွဲ၏ ဥက္ကဋ္ဌ ဖြစ်သည်။

"ဝင်သွား၊ ဝင်သွား၊ ခုတင်ကပဲ ပြန်ရောက်တယ်"

"ဟုတ်လား၊ နားနားနေနေ နေပါစေလေ။ ဆွမ်းစားပြီး အိပ်ချိန်လေး ဘာလေး လိုမှာပေါ့"

"မအိပ်ဘူး မအိပ်ပါဘူး၊ စာဖတ် စာရိုက် တစ်ခုခု လုပ်နေတာ တွေ့ပါလိမ့်မယ်"

ကျွန်တော် စံကျောင်းသို့ တက်သွားပြီး ဆရာတော် အခန်းသို့ ဝင်သွားရာ လက်နှိပ်စက် ရိုက်နေသည်ကို တွေ့ရသည်။ ဆရာတော်က မော့ကြည့်ပြီး-

"သြော်.... ဒကာကြီးလား၊ ဘယ်တုန်းက ပြန်ရောက်လဲ"

"တပည့်တော်ပြန်ရောက်တာတစ်လလောက် ရှိပါပြီ ဘုရား"

ကျွန်တော် အမေရိကသို့ သွားနေသည်ဟု သိထားသဖြင့် မေးခြင်း ဖြစ်သည်။

"ဒကာမကြီးကော နေကောင်းလား"

"ကောင်းပါတယ် ဘုရား။ ဆရာတော်ကို အခုလို ကျန်းကျန်းမာမာနဲ့ လှုပ်ရှား အလုပ်လုပ်နေတာ တွေ့ရတာ ဝမ်းသာပါတယ်။ ကြည့်ရတာ အရင်ကထက်တောင် လန်းဆန်းစိုပြည်နေတယ် ဘုရား။ အခု ဘာဝတွေရှိက်နေပါသလဲ ဘုရား"

"ခြိန်ခွင်ကြီးလေးလက် ရိုက်နေတယ်"

"ခြိန်ခွင်ကြီးလေးလက်က စာအုပ်တောင် ထွက်နေပြီ မဟုတ်လား ဘုရား"

"ထွက်တာက ထေရာ ထေရီလေ။ အခုဥပသကာပိုင်း ရိုက်နေတယ်။ မူလက ဟောတရားတွေ့ မဟုတ်လား ဒကာကြီး။ ဟောတရားဆိုတော့ တစ်ချို့နေရာတွေမှာ ထပ်နေတာတွေ့ကျန်နေတာတွေ့ အနည်းအကျဉ်း ပါတာပေါ့။ အခု လက်နှိပ်စက်နဲ့ပြန်ရိုက်ရင်း လိုတိုး ပိုလျှော့ ပြင်လိုက်တော့ စာမူချော ရသွားတာပေါ့"

"ဆရာတော်သက်တော်ရှစ်ဆယ်ရောက်လာပြီ။ အခုထိ အပင်ပန်းခံသေးတာကိုး ဘုရား။ မျက်စိကလဲ ကောင်းတယ်နော် မျက်မှန်မသုံးရဘူး"

"အင်း....မျက်မှန် မလိုဘူး၊ မသုံးပါဘူး"

နှုတ်ဆက်စကားပြောပြီး လက်နှိပ်စက်ကို ဆက်လက်ရိုက်နေသည်။ နှစ်ပေါင်းများစွာ ရိုက်နေကျဖြစ်သော လက်ချောင်းများသည် အသက်ရှစ်ဆယ်နှင့်မလိုက် ခလုတ်များကို ကျွမ်းကျင်စွာ ဖိနှိပ်ပြီး သွက်လက်မြန်ဆန်စွာ ဘယ်ညာတဖျတ်ဖျတ် လှုပ်ရှားသွားလာရင်း စာရွက်ပေါ်တွင် အပိုဒ်ခွဲပြီး စာကြောင်းများ သေသပ်ရှင်းလင်းစွာ ပေါ်လာကြသည်။ စာရွက် ၄-ရွက်၊ မင်ခံ ၃-ရွက် ထူသော စာရွက် များကို ထဖ်ထင်ရှားရှား ဖတ်နိုင်အောင် ရိုက်နေသော်လည်း အားစိုက်၍ ဖိနှိပ်ရိုက်ရပုံမှာ သက်သာသာပင် တစ်ကြောင်းပြီးတစ်ကြောင်း

ပြစ်ကူးတရား

ဦးဒေါင်းဆိန်း

ပေါ်ထွက်လာနေသည်။ မျက်စိရှေ့တွင် ဖူးမြော်နေရသော သက်တော်(၈၀)အဘိဓမ္မဟာရဋ္ဌ ဂုရု ဆရာတော်ကြီး လှုပ်ရှားနေပုံကိုကြည့်ရင်း လွန်ခဲ့လော(၁၈)နှစ်က သက်တော် (၆၀) ကျော်ခါစ တိပိဋကဓရ ဆရာတော်အား မြင်ယောင်လာသည်။မင်းကွန်းဒေသကို သတိရလာသည်။ ဘုံပျံဆရာတော် မိန့်တော်မူသံကို ကြားယောင်လာသည်။

× × ×

ဦးစောလှိုင် (ယခု တီ=နီ ဥပဒ္ဒာဂ အဖွဲ့၊ ရန်ကုန်ဌာနခဲ့ ဥက္ကဋ္ဌ) နှင့် ကျွန်တော် သည် တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်နှင့် မင်းကွန်း တိပိဋကဓရ ဆရာတော်အား ဖူးမြော်ရန် သွားရောက်လေ့ရှိရာလွန်ခဲ့သော ၁၈-နှစ်(၁၉၇၂-ခု မေလ) မင်းကွန်း ဓမ္မနာဒတိုက်တွင် ရှိနေချိန်က ဖြစ်သည်။ တောင်မြို့ ဆရာတော်ကြီးထံတော် ပါးဥ သုံးရက်နေပြီးနောက် မင်းကွန်းဘက်သို့ ကူးလာကြခြင်း ဖြစ်၏။ မန္တလေးသို့ ရောက်က မရမ်းခြံရှိ ကျေးဇူးအမကြီး ဒေါ်ဒေါ်ဆင်လှူဒါန်းထားသော ကျောင်းတွင် ခေတ္တနားနေပြီး ဆရာတော်၏ တပည့်များ စီစဉ်ပေးသော မော်တော်နှင့် မင်းကွန်းသို့ လိုက်ပါမြဲဖြစ်သည်။မင်းကွန်းဘဲက်ဆိုက်ကပ်လျှင်သိကျမ်းပြီးဖြစ်သော လှည်းသမား (၃)-(၄)ဦး အနက် တစ်ဦးဦးကို တွေ့ရမြဲ ဖြစ်၏။ သူတို့ကိုတွေ့လျှင် စေ့းပြောစရာမလို၊ ဘယ်သွားမည် ပြောစရာမလို၊ ပြုံးရယ်သော မျက်နှာနှင့် ဆီးကြိုပြီး ပစ္စည်းများ သယ်ယူပေးခါ အချိန်မရွေး လိုက်ပို့ကြသူများ ဖြစ်သည်။

ထိုအခါက ဆရာတော်ထံတွင် မော်တော်ကား မထားသေး။ ရေဆိပ်မှ ကျောင်းတိုက်သို့ ယာတော့များကြွး သဲလမ်းက လှည်းဖြင့် သွားလာရသည်။ လှည်းလမ်းအချို့နေရာများတွင် နက်ရှိုင်းသော လှည်းဘီးရာများဖြစ်နေရာ အလယ် ကမူနှင့် လှည်းဝင်ရိုး ထိခိုက်လုခမန်း ဖြစ်နေသည်။ အချို့နေရာများတွင် လှည်းဘီးရာတစ်ဖက်က မြင့်ပြီး တစ်ဖက်နိမ့်နေရာ လှည်းကို စောင်းစောင်းကြီး မောင်းနှင်ရ၏။ ဤလမ်းကို အမြဲဖြတ်သန်းပြီး မန္တလေးသို့ လည်းကောင်း၊ မြန်မာပြည် အရပ်ရပ်သို့ လည်းကောင်း ဆရာတော် အကြိမ်ကြိမ် သွားလာခဲ့သည်။ပင်ပန်းနှမ်းနယ်မှုကို ပမာမထား တစ်ပြည်လုံးသို့ လှည့်လည်၍ တရားရေအား စိုက်ကျွေးသော ဆရာတော်ကြီး၏ စေတနာနှင့် လုံ့လဝီရိယကား, ချီးကျူးကြည်ညို၍မဆုံးဖဲ့ယ် ဖြစ်သည်။

မင်းကွန်း သဲဖြူချောင်းရေဆိပ်ရောက်လျှင် ဆရာတော်၏ "မင်းညွှန့်" မော်တော်ရေယာဉ်သည် အဆင်သင့် စောင့်နေမြဲ ဖြစ်၏။ "မင်းညွှန့်" မော်တော်၏ မာလိန်မှူးနှင့် စက်ဆရာလည်း ကျွန်တော်တို့နှင့် အကျွမ်းဝင်နေသည်။ "ရောက်လာပြန်ပြီနော်၊ ဒီတစ်ခါ ကြာကြာလေးနေမယ် မဟုတ်လား"ဟု နှုတ်ဆက်နေကျ ဖြစ်သည်။

မကြာ မကြာ ရောက်လာလေ့ရှိသော ဦးစောလှိုင်နှင့် ကျွန်တော့်အား အရိယမဂ္ဂင်ချောင် ဆရာတော်ကြီးသည် လည်းကောင်း၊ ဓမ္မစကြာချောင်-သုံးဆယ်မေး ဆရာတော်ကြီးသည်လည်းကောင်း ဆရာဒကာအဖြစ် ရင်းနှီးနေပြီ ဖြစ်လေသည်။ ရှားပင်တိုက်သစ် ဆရာတော်သည်လည်း ဖော်ရွေစွာ အမြဲ ဖိတ်ခေါ်လေ့ရှိ၏။ သွားရောက်ဖူးမြော်တိုင်း ထိုတိုက်မှ ဆရာကြီး ဆရာလေးများက ညှို့ခံကျွေးမွေးကြသည်။ သိရိဓမ္မကျောင်း ဆရာတော်၊ ဓမ္မဒီပ-

ဘိုကလေးချောင် ဆရာတော်များ ကိုလည်း ဖူးမြော်ရလေ့ရှိသည်။

ခမ်မနာဒတိုက်ရောက်လျှင် သလွာဝတီတိုက် ကျောင်းတွင် ကျန်တော်တို့ စခန်းချ တည်းခိုမြဲ ဖြစ်၏။ ဆရာတော်ကြီး၏ သီဘင်းသုံးသော ကျောင်းနှင့် ပေ(၁၀၀)ခန့်သာရှိ၍ တရားနာ ရန် ဆွေးနွေးရန် အဆင်ပြေလှသည်။ သလွာဝတီတိုက်ရှိ ဆရာတော် ဦးတေဇိန္ဒသည် လည်းကောင်း၊ တိုက်အုပ် ဆရာတော် ဦးဥက္ကဋ္ဌသာဘိဝံသသည်လည်းကောင်း၊ တိုက်ကြပ် ဆရာတော် ဦးသုစိတ္တသည် လည်းကောင်း ကျန်တော်တို့ ရောက်တိုင်း လိုအပ်သမျှ ဆောင်ရွက်ကူညီပေးကြသည်။ ဦးပဉ္စင်း ဦးကောဏ္ဍည၊ ဦးဝေပုလ္လ၊ ဦးကုသလ၊ ဦးနန္ဒိယတို့သည်လည်း လိုလေသေးမရှိ စောင့်ရှောက် ကူညီကြသည်။

ဖွားဖွားကြီး ဒေါ်ခမ္မစာရီနှင့် ဒေါ်ဣန္ဒစာရီတို့ကိုလည်း ရောက်တိုင်း ချဉ်းကပ်ပူဇော်ရသည်။ မိုးမိတ်ဘုရားပွဲချိန်ကား အထူးဖြစ်၏။ အနီးအနားရွာများမှ လာရောက် ပူဇော်ကြသော အိုးစည် ဒိုးပတ် ယိမ်းအဖွဲ့များကို ကြည့်ပြီး ဦးစောလှိုင်တလှည့် ကျန်တော်တလှည့် ဆုချကြရသည်မှာ ပျော်မြူး ရှင်ပျဖွယ် ဖြစ်၏။ မြင်းခြံမြို့မှ ဒေါ်ဒေါ်အို ကျေးမွေး သော "လျှာပေါ်ဝဲ"မုန့်သည် လည်းကောင်း၊ ရမည်းသင်း ရွှေလမင်း ဒေါ်ဒေါ်တင် ကျေးမွေးဖွေ့ခံလေ့ရှိသော ငါးခြောက်ဟင်းသုည်လည်းကောင်း အရသာရှိလှပေသည်။ ခမ်မနာဒတိုက် အနီးအနား ပတ်ဝန်းကျင်ရှိ ဆရာကြီး ဆရာလေးများနှင့်လည်း အကျမ်းဝင် ရင်းနှီးနေကြသည်။ အထူးသဖြင့် အမြဲပြုံးပြီး စကားကို အေးဆေးညင်သာစွာ၊ ပြောဆိုတတ်သူ လူဝကြီး ဦးစောလှိုင်ကို မသိသူမရှိသလောက် ဖြစ်သည်။ မင်းကွန်းသို့ လာရသည်မှာ ချစ်ကြည်ညို သော ရပ်ဆွေရပ်မျိုးများထံ ရောက်လာရသကဲ့သို့စိတ်လက်ပေါ့ပါးလန်းဆန်းရပေသည်။

ထိုသို့ သွားရောက်သော အခေါက်က တစ်ညနေတွင် ဆရာတော်ကြီး မန္တလေး ဘက်ကူး၍ တရားဟောရန် ရှိသည်။ ပစ္စာသမဏအဖြစ် လိုက်ပါရန် ဦးကောဏ္ဍညက လိုက်ခဲ့ဟု ခေါ်သည်။ ဦးစောလှိုင်သည် သီရိဓဇချောင်တွင် ကိစ္စတစ်ခုရှိ၍ မလိုက်နိုင်။ ကျန်တော် လိုက်ပါမည် ဖြစ်သည်။

ထိုနေ့က ဆွမ်းစားပြီးချိန် ဆရာတော်ကြီး ကျောင်းပေါ်သို့ လှမ်းကြည့်လိုက်ရာ လက်နှိပ်စက်ရိုက်နေသည်ကို မြင်ရသည်။ နောက်နှစ်နာရီခန့်အကြာ သွားကြည့်သော အခါလည်း တစ်ချက်ချက်နှင့် ရိုက်နေဆဲပင် တွေ့ရသဖြင့် မော်တော်ပေါ်ရောက်မှပင် လျှောက်ထားမေးမြန်းစရာရှိသည်ကို မေးလျှောက်တော့မည်ဟု အမှတ်ထား လိုက်သည်။

ညနေ(၄)နာရီခွဲခန့်တွင် စီးနေကျလှည်းများ ရောက်လာကြသဖြင့် ခရီးစတင်ကြသည်။ ရှေ့လှည်းတွင် ဆရာတော်နှင့် ဦးကောဏ္ဍညက စီး၍ နောက်လှည်းတွင် ကျန်တော်နှင့် အခြား သုံးဦး လိုက်ပါကြသည်။ အပူရှိန်လျော့နည်းသော ညနေစောင်းနေရောင်တွင် တအိအိ သွားနေသော လှည်းကို တငြိမ့်ငြိမ့်စီးရင်း တစ်ချက်တစ်ချက် ဝေလာသေလေနှင်းကို တောနံ့နှင့်ရော၍ ရှူရှိုက်ရသည်မှာ အရသာ တစ်မျိုးပင်။ ယာတောမှ ပြန်လာသော ယာသမားများသည် လမ်းဘေးသို့ကပ်ရပ်ကာ လက်အုပ်ချီ၍ ဆရာတော်ကို နူတ်ဆက်ကန်တော့ကြသည်။ ဤဒေသတဝိုက် လူတို့သည် ဆရာတော်၏ဘုန်းတန်ခိုးကိုမှီ၍ မတော်ဆင်မတာ၊ မကြောင့်မကျနေကြရသူများဖြစ်သည်။ သူတို့မှာ ဆန်မပူရ ဆေးမပူရ၊ ကလေးများ ဘယ်လို

စာအုပ်မပူရ၊ ကျောင်းမပူရပေ။ လိုအပ်သမျှ မျှားကို တစ်ခါတစ်ခါ ကြွားရသည်။ ဆရာ ဆရာတော်က စီမံပေးနေသည်။ မင်းကွန်း တော်သည် ဦးပဉ္စင်းအား လှမ်းခေါ်လိုက်၏။ လူအိုရုံသည်လည်း ထိုနည်းတူပင်။ ဆရာတော်၏ ဦးပဉ္စင်း ပြန်ရောက်လာသောအခါ လက်ထဲ ကူညီမှုကြောင့် အစစ အရာရာ ဖူလုံပြည့်စုံနေ တွင် စာရွက်များပါလာ၍ ရှမ်းလွယ်အိတ်ထဲ သည်။ သို့ ခေါက်ထည့်မည်ပြုလုပ်နေစဉ် ကျွန်တော် က မေးလိုက်၏။

သဲဖြူခြောင်းဆိပ်ကမ်းသို့ရောက်လျှင် "မင်း ညွှန့်" မော်တော်မှ လူငယ်များက ဆီးကြိုပြီး ပစ္စည်းများကို နေရာချပေးကြသည်။ ဆရာတော် အား အသွားအပြန် အမြဲ လိုက်ပို့နေကျ ဖြစ် သော မာလိန်မှူးသည် ဤရေကြောင်းကို ကြေညက်နေသူဖြစ်ရာ သန်းခေါင် သန်လွဲ အချိန်မရွေး မောင်းနှင်သူဖြစ်၍ အလွန်စိတ်ချ ရပေသည်။ "မင်းညွှန့်" မော်တော်ပေါ်ရောက် သောအခါ ဆရာတော်သည် သင်္ဘောဦးတွင် ရွက်ထည်ဖျင် ပက်လက်ကုလားထိုင်တွင် ထိုင် ခါစာရွက် ၄-၅ ရွက်ကို ကိုင်၍ အသံမထွက်ဘဲ ဖတ်ရှုနေလေသည်။ ဦးပဉ္စင်းနှင့် ကျွန်တော် သည် စက်ခန်းအပေါ်တွင် ထိုင်၍ စကားဆရာ နှင့် စကားပြောနေကြသည်။

မင်းညွှန့်မော်တော်သည် စက်သံမှန်မှန်နှင့် ငြိမ်သက်စွာ ခုတ်မောင်းနေစဉ် ခပ်လှမ်းလှမ်းမှ ကျွန်းပေါ်တွင် ပေါက်ဝဲရွာ၊ သမင်ခြံရွာတို့ကို မသဲမကွဲ မြင်နေရ၏။ ရောဝတီမြစ်ပြင်တွင် ညင်းလေပြေသည် လှိုင်းနုကလေးများ ဖန်တီး နေသည်။ ရေမှုန်ရေမွှားများကို သယ်ဆောင် လာသော လေညင်းက ချမ်းစိမ့်စိမ့် အအေး ဓာတ်ကို ကိုယ်ပေါ်တွင် လှမ်းခြုံပေးရာ သာ ယာသော မြစ်ပြင်ရှုမင်းကို ပိုမို နှစ်သက်ဖွယ် ဖြစ်စေသည်။ အရှေ့ဘက်ကမ်းကို မျှော်ကြည့် လိုက်လျှင် မှိုင်းညို့ညို့ မန္တလေးတောင်သည် ဆည်းဆာကို အလှဆင်နေသကဲ့သို့ ရှိသည်။ မင်းရဲလှရွာအနီး ဖြတ်သန်းလာသော အချိန် တွင် ကျွန်းရွာပေါ်မှ လူသံ နွားသံ ကြက်ငှက်သံ မျှားကို တစ်ခါတစ်ခါ ကြွားရသည်။ ဆရာ တော်သည် ဦးပဉ္စင်းအား လှမ်းခေါ်လိုက်၏။

"ဦးပဉ္စင်းကို ဘာတွေ ပေးလိုက်တာလဲ ဘုရား"

"ရော့....ကြည့်လေ"

ဦးပဉ္စင်းက ကျွန်တော်အား ဖူးစက်စာရွက်(၅)ရွက်ကို လှမ်းပေးသည်။ မျက်နှာ တစ်ဖက်တည်း အပြည့် ရိုက်ထားသော ပါဠိ ဂါထာ ဖြစ်၏။ စုဏ္ဏံယမပါဂါထာသက်သက် (၆၀)လောက်ကိုကြည့်နေစဉ် ဦးပဉ္စင်းက ပြော ပြ၏။

"အဲဒါ ဒီနေ့ည တရားပွဲဟောမယ့် တရား တွေပဲ။ နေ့ခင်းက ဆွမ်းစားပြီးချိန်က စပြီး ရိုက်နေတာ ဒီစာတွေပေါ့"

"တရားဟောပလွင် တက်ခါနီးတော့ ဆရာ တော်ကို ပြန်ပေးရမှာပေါ့နော်"

"မပေးရတော့ဘူး ဒကာကြီး၊ အခုတင်က ဖတ်နေတာ မြင်တယ် မဟုတ်လား၊ အဲဒါ အတွက် လုံလောက်သွားပြီ"

"မေ့ပြုနေရင် ပြန်ကြည့်ဖို့ ဆရာတော်. ပြန် ပေးထားဖို့မလိုဘူးလား၊ဂါထာ(၆၀)လောက် မှာ တစ်ခုခု မေ့နေရင် အစီအစဉ်လွဲနေရင် မခက်ပေဘူးလား"

"အို....ကြံကြီးစည်ရာ၊ ဒကာကြီးလဲ တရား ပွဲတွေ နာဖူးလျက်သားနဲ့၊ ဘယ်မှာ ခမ့်နေတာ ထစ်နေတာ စဉ်းစားနေရတာ တွေ့ဖူးလို့လဲ"

"ဟုတ်ပါတယ် ဘုရား၊ တစ်ခါမှတော့ မတွေ့ဘူးပါဘူး"

"ကျုပ်တို့ ဆရာတော်က စာမျက်နှာ (၈၀၀၀)လောက် အလွတ်ဆိုခဲ့တယ်ဆိုတာလဲ မမေ့နဲ့လေ။ ဒါလောက်တော့ ဘယ်မှုမလဲ။ ခုတလော ပင့်ကြတာတွေ များတယ်။ ဒါကိုလဲ ပင်ပန်းတယ်ဆိုပြီး မငြင်းဘူး။ မကြာသေးခင် ကဘဲ တွေ့တယ် မဟုတ်လား။ မိတ္ထီလာမှာ နံနက် တရားဟော၊ နေ့ခင်း ကျောက်ဆည်မှာ တရားပွဲ၊ ညနေ မန္တလေး တရားပွဲ၊ ည စစ်ကိုင်း တရား ဟောပြီး မင်းကွန်းကို (၁၂)နာရီ လောက်မှ ပြန်ရောက်တာ"

"ဒီနားလာလေ ဒကာကြီး"

ဦးပဉ္စင်းနှင့် စကားကောင်းနေစဉ် ဆရာတော်က လက်တင် စိပ်နေသော ပုတီးကို ကုလားထိုင်လက်ရမ်းပေါ်တင်ပြီး ကျွန်တော့် အား လှမ်းခေါ်လိုက်သည်။ ကျွန်တော် လက်တင် ကိုင်ထားသော စာရွက်များကို ဦးပဉ္စင်း အား ပေးခဲ့ပြီး ဆရာတော် အနား သွားထိုင် လိုက်သည်။

"ဆယ်တာရွာနား ရောက်လာပြီ၊ ဒီက တော့်ဘက် မောင်းလိုက်ရင် ရောက်ဖို့ မကြာ တော့ဘူး ဒကာကြီး"

"ဒီကနေပြီး သစ်စက် မီးခိုးခေါင်းတိုင်ကြီး တောင် မြင်နေရပြီ ဘုရား"

"ရာသီဥတုကလဲ အနေတော်ပဲ ဒကာကြီး"

"ဟုတ်တယ် ဘုရား။ ဆရာတော် ဒီခရီးကို အမြဲတန်း အပြန်အလှန် ကူးသန်းနေရတာ အခုလို ရာသီဥတု ကောင်းရင် တော်ပါသေး တယ်။ လှိုင်းလေပြင်းရင် မော်တော်ငယ်လေးနဲ့ အတော် ကြောက်စရာ ကောင်းမှာပဲဘုရား"

"ဖြစ်ခဲ့ပါတယ် ဒကာကြီး"

"တစ်ခါမှ မကြုံဖူးဘူးလား ဘုရား"

ဆရာတော်သည် ဓခတ္တာမျှ ငြိမ်သက်နေပြီး ဆက်လက်ပြောသည်။

"ဇစ်ခါတုန်းက နေဝင်ရီတရော ဒီလိုပဲ မင်းကွန်းဘက်က မန္တလေးဘက်ကို ကူးခဲ့ တယ်။ ဗန်းလမစမှာရဲ့ ဒါယကာမကြီးနဲ့ သူ့ အဖွဲ့လဲ ပါလာတယ်။ ထွက်ကတည်းက မိုးက ခပ်အုံ့အုံ့နဲ့ လေမှုန်နေတယ်။ အဲဒီလို အခြေ အနေမျိုးနဲ့ သွားလာဖူးတာ ရိုးနေပါပြီ။ ဒါနဲ့ ထွက်လာ ခဲ့တာ၊ မြစ်လယ်လောက်ကျတော့ လေပြင်းလာတယ်။ မိုးကလဲ တဖြည်းဖြည်း သဲလာတယ်။ တဖြည်းဖြည်း ကြီးလာတဲ့လိုင်း ဟာ မော်တော်ဘေးကို လာလာပုတ်တယ်။ မော် တော်လေးလဲ ဟိုယိမ်း ဒီယိမ်းပေါ့။ လူတွေ နီးရာတိုင်တို့ နံရံတို့ကို တွယ်ကပ်နေရတယ်"

"အားလုံး ကြောက်ကြမှာပေါ့ ဘုရား"

"အင်း....ကြောက်လဲကြောက်စရာပဲ၊ ဗန်းလ ဒကာမကြီးလဲ ပါးစပ်က တွတ်တွတ် တွတ်တွတ် နဲ့ ရွတ်နေလိုက်တာစုံလို့။ လှိုင်းပုတ်သံ မိုးသံ လေသံ စက်ခုတ်သံ ဒကာမကြီး ရွတ်ဆိုသံ အကုန်ရောပြွမ်းကြားနေရတယ်"

"ဘယ်တော့ကျမှ မိုးလေငြိမ်သွားလဲဘုရား"

"သိပ်မကြာပါဘူး၊ ဆယ် မိနစ်လောက် ကြာတော့ တဖြည်းဖြည်း ငြိမ်သက်သွားတယ်"

"အဲဒီလို အန္တရာယ်မျိုးကြုံရင် သေဘေးနီး ကပ်နေရင် ဆိုပါတော့ဘုရား၊ ဘယ်လို တရားမျိုး အာရုံပြုရင် ကောင်းမလဲဘုရား။ ဘုရား အာရုံ ဘုရားဂုဏ်တော်တွေကကောင်းသလား၊ မိမိပြုခဲ့ တဲ့ အလှူကောင်းမှုတွေ သတိရနေရ မလား၊ သီလအာရုံပြုရ မလား၊ ဘာဝနာ ကမ္မဋ္ဌာန်းက ကောင်းသလား။

"ဒါန သီလ ဘာဝနာ ဆိုရာမှာ ဘာဝနာ က ပညာပိုင်းဆိုတော့ ကောင်းတာပေါ့။ ဒီလို ရှိတယ် ဒကာကြီး။ မိမိဟာ ဘယ်ရုစိ ပုဂ္ဂိုလ်လဲ ဆိုတာလဲ စဉ်းစားရမယ်။ မိမိ နှစ်သက်သဘော ကျတဲ့ အာရုံ၊ မိမိ လေ့ကျက်လို့ အာစိဏ္ဏကံ

ဖြစ်နေတဲ့ ကုသိုလ်ကောင်းမှုဟာ အာရုံပြုဖို့ အားသန်တာပေါ့။ အလှူအတန်း နှစ်သက် အားသန်တဲ့ဒါနရုံစိပုဂ္ဂိုလ်ဟာ ဒါနကောင်းမှုတွေ ပြန်ပြီး အာရုံယူရင် သူ့အဖို့ လေ့ကျက် နေကျဆိုတော့ ပိုပြီးထင်ထင်ရှားရှား အာရုံရတာပေါ့။ ဗလဝ အကျိုးပေးမယ်ပေါ့။ သုမန သုတ္တန်မှာဆိုရင် ဒါနကို အမှတ်းတင် ဟော်ထားတာတွေ အများကြီးဘဲ။ သီလရုံစိပုဂ္ဂိုလ် ဖြစ်ရင်လဲ သီလအာရုံဟာ ထင်ထင်ရှားရှား ပေါ်မယ်။ ဘုရား ဂုဏ်တော်လဲ ဒီသဘောဘဲ။ ကောင်းတာချည်းပေါ့။ ဘာဝနာကျတော့ ပညာပိုင်း ပါသွားပြီ။ ဘာဝနာရုံစိ ပုဂ္ဂိုလ် အနေနဲ့ အာစိဏ္ဏကံဖြစ်အောင် လေ့ကျက်ထားတဲ့ ကမ္မဋ္ဌာန်းကို အော်ကာမေ့ စီးဖြန်း ရင် ကောင်းတာပေါ့။ ယော စ ဝဿ သတံ ဇီဝေ အပဿံ ဉဒယဗ္ဗယံ ကောဟံ ဇီဝိတံသေယျော ပဿတော ဉဒယဗ္ဗယံ-လို့ဆိုတယ်မဟုတ်လား"

"ဆရာတော် ဘာလေ့လာလေ့ရှိပါသလဲ ဘုရား"

"ဘုန်းကြီးတော့ ဆ-ပဌာန ကမ္မဋ္ဌာန်းကို သဘောကျတယ်။ ဒီကမ္မဋ္ဌာန်းကို အများအားဖြင့် လေ့ကျင့်တယ်။ ဒါကလဲ အကြောင်းရှိတယ် ဒကာကြီး"

"ဘယ်လို အကြောင်းပါလဲ ဘုရား"

"တစ်ခါက ဘုန်းကြီး သွားနုတ်ရတယ်။ ခုနစ်ချောင်းတောင် နုတ်တယ်။ အဲဒီမှာ အစား အသောက်ပျက် အားနည်းပြီး နာမကျန်းဖြစ်တယ်။ တစ်နေ့ အိပ်ရာပေါ်မှာ မျောက်မျှဉ်း အိပ်ပျော်စ ကောင်းကောင်းအိပ်မပျော်သေးခင် ဘဝင်နဲ့ဝိထိ ခပ်ရောရော အချိန်ပေါ့လေ၊ အိပ်မက်လိုလို တကယ်လိုလို နားထဲမှာ ထင်ထင်ရှားရှားကြီး ကြားလိုက်ရတယ်။ "သင့်မှာ ဇီဝိတ သန္ဓတိ နှစ်နာရီပဲ ရှိတော့တယ်" တဲ့။ အဝိပ္ပဝယ်က နောက်နှစ်နာရီပဲ အသက်ရှင်တော့မယ်ပေါ့။ နိုးလာတော့ ဒီအသံ နားထဲမှာ စွဲနေပြီး "သုည ဝတ ဘော လောကော" "သုည ဝတ ဘော လောကော့"လို့ ဓမ္မ အာလုတ်နဲ့ညည်းတွားမိတယ်။အဲဒီလိုညည်းတွားပြီး စဉ်းစားမိတာက ငါ နောက်နှစ်နာရီကြာရင် ဇီဝိန်ချုပ်မယ်ဆိုပါတော့။သံသရာ ဘဝအတွက် ငါ့မှာ ဘာ အားကိုးစရာရှိသလဲ၊ ဘာကို မှီခို အားထားရမလဲလို့ တွေးလိုက်တော့ "ပညာ ပညာ ပညာ"လို့ ကြားယောင်လိုက်တယ်။ အဲဒီမှာ "အင်း....ဓမ္မ ဝိပဿနာ ပညာသာ အားကိုးရာရှိပါလား"လို့ ပေါ်လာတယ်။ အဲဒီလို သဘောကျလာတော့ ဘုန်းကြီး အာရုံပြုနေကျ ဘုန်းကြီးနှစ်သက်တဲ့ ဆ-ပဌာန ကမ္မဋ္ဌာန်းကို သတိရတယ်။ ဒီကမ္မဋ္ဌာန်းက ရာဟုလသံယုတ်မှာ ဟောတော်မူထားတာ။ ဘုန်းကြီးငယ်ငယ် ကတည်းက နှစ်သက်ပြီး အလေ့အကျက်များခဲ့တာကိုး။ ဒီလိုစဉ်းစားရင်းနဲ့ ဒကာ ဒကာမျာ်းကို သံဝေဂယူဖို့ သတိပေး နှိုးဆော်ဖို့ အချက်သုံးချက် ဉာဏ်ထဲမှာ ပေါ်လာတယ်။

နံပါတ်တစ်က မမေ့မလျော့ကြနဲ့။ မြတ်စွာဘုရားက အပ္ပမာဒေန သမ္မာဒေထ-လို့ နော့က်ဆုံး သတိပေးတော်မူတယ် မဟုတ်လား။ ဒီအချက်က မဟာဟတ္ထိပဒေါပမ သုတ္တန်ထဲ ဝင်သွားတယ်။ ဘတ္တေကရတ္တသုတ်နဲ့လဲ ကိုက်တယ်။

နံပါတ်နှစ်က တို့မှာ သေမင်းနဲ့ အချိန်းအချက် မရှိဘူး။ ဟအချိန်မရွေး သေသွားနိုင်တယ်။ သူရောက်လာရင် တောင်းပန်တိုးလျှိုးလို့ မရဘူး။ ဘယ်နေ့ကျမှလာပါ၊ ဘယ်လကျမှလာပါဆိုလို့ စောင့်ဆိုင်းမနေဘူး။ ဒါကလဲ ဌာနသုတ္တန်တရားတော်ထဲ ဝင်သွားတယ်။

နံပါတ်သုံးက အိုရမယ်၊ နာရမယ်၊ သေရမယ်၊ သေချာတယ်။ တစ်နေ့တခြား အိုမင်း

သုဒုဒ္ဒသံ သုနိပုနံ ယံတ္တကာမ နိပါတိနံ–ဟူ ၍ မြတ်စွာဘုရားဟောတော်မူခဲ့သည်၊စိတ်သည် လျင်မြန်လှ၏။ စကားဝါလမ်း စံကျောင်းတော် ပေါ်တွင် ဖျတ်လတ်လျင်မြန်စွာ လက်နှိပ်စက် ရိုက်နေသော သက်တော်(၈၀)အရွယ်အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီးအား ကြည့်ပြီး လွန်ခဲ့သော(၁၈)နှစ် သက်တော်(၆၀)ကျော် တွင် ရိုက်နှိပ်နေသော တိပိဋကဓရဆရာတော် ကို သတိရ မြင်ယောင်လာသည်။ ထိုမှဆက်ပြီး တရားဟောရန် ထွက်လာခဲ့သော မြစ်ကူးခရီး ပေါ်လာသည်။ မော်တော်ပေါ်တွင် ဟောခဲ့ သော တရားကို သတိရလာသည်။ ဆက်လက် တွေးတောရင်း ၁၉၇၈-ခု၊ ဇွန်လက ကျင်းပ ခဲ့သော ဋ္ဌေရတုသဘင်ကို မြင်ယောင်လာသည်။ ထို ချီးကျူးပူဇော်ပွဲတွင် ကျွန်တော် ရွတ်ဖတ်၍ ပူဇော်ခဲ့ရသော ဂုဏ်ပုဒ်များကို သတိရပြီး ကြည်ညိုသဒ္ဓါ ပွားရပေသည်။ အထူးသဖြင့် ထိုပွဲတွင် ဘုံပျ ဆရာတော်၏ အောက်ပါဟော ပြောချက်ကို နားတွင် ကြားယောင်မိပါသည်။

"အရှင်ဝိစိတ္တသာရာဘိဝံသ ရေးဖြေစာ မေးပွဲ ဖြေပုံက အဆန်း ဖြစ်နေတယ်။ တစ်ပါးသောသူတွေ ဖြေတာက ရိုးရိုး ထိုင်ခုံပေါ်ဆိုင်ပြီး စားပွဲပေါ် စာရွက် တင်ပြီး လက်နဲ့ရေးဖြေကြတယ်။ အရှင် ဝိစိတ္တသာရကတော့၊ စားပွဲပေါ် လက် နှိပ်စက်တင်ပြီး အပျက်အစီး အပြင် အဆင်မရှိ ပကတိရိုးရိုး သူ့လက်ညိုး နှစ်ချောင်းနဲ့ စက်ကို ပုံနှိပ်ပြီး ချက်ချင်း အဖြေတွေ ရိုက်တော့တာပဲ"

"တစ်ခါတည်း အပြီးသတ် ဖြေ ကြားတဲ့ အဖြေလွှာများကို သက်ဆိုင်ရာ စစ်ဆေးတဲ့ဆရာတော်များက စစ်ဆေး ကြည့်ရှုတဲ့အခါ စာလုံးပိုလျှံလို ဖျက်ရ လာနေကြတယ်။ ယခု မအိုခင်က တရားအား ထုတ်ကြ။ ကိုယ်ဖြစ်ချင်သလိုမဖြစ်ရဘဲ သူဖြစ် ချင်သလိုဖြစ်တတ်တဲ့ ရုပ်နာမ်နှစ်ဖျင် သဘာဝ သူ့ဘဉ်ကို အမှန်အတိုင်းမြင်သိပြီး အခုပဲကြိုတင် အားထုတ်ကြလို့ တိုက်တွန်းချင်တယ်။

ဒီအချက်သုံးချက်ကို တိုတိုနဲ့ အလွယ်တကူ သတိပြုရအောင် ဂါထာစီလိုက်တော့–

အပ္ပ မတ္တာ သဒါ ဟောထ၊
ဥတ္တာ သခ်ါရ ဓံမွတံ။
သကိစ္စံ မနု ယုဉ္ဇ်ဝ့ေါ၊
နတ္ထိ နော မစ္စုသက်ရံ။

အဲဒီလို ရတယ်။ ဒါကို ဘုန်းကြီး ဒကာ ဒကာမများ နှုံးဆော်တဲ့ အနေနဲ့ အမြဲဟောခဲ့ တယ်။ ဆ-ပဋ္ဌာန ကမ္မဋ္ဌာန်း ဒကာကြီး သိတယ် မဟုတ်လား။ စာရွက်တွေလဲ ရိုက်ပြီး ဝေခဲ့ တယ်။ ပရိသတ်ကို လိုက်ဆိုစေခဲ့တယ်။ အမြဲ ဆင်ခြင်ပြီး လေ့ကျက်နေရင် တဖြည်းဖြည်း သခ်ါရတရား သဘောပေါက်ပြီး ပညာပိုင်း ပါရမီ ရင့်သန်လာမှာ သေချာတယ်။

ဆရာတော်သည် ဂါထာ၏ အဓိပ္ပာယ်ကို ရှင်းပြပြီး စက္ခုပဋ္ဌာန၊ သောတပဋ္ဌာန၊ ဃာန ပဋ္ဌာန၊ ဇိဝှါပဋ္ဌာန၊ မနောပဋ္ဌာန–လက်ာများ ကို ရွတ်ဆိုပြတော်မူသည်။

တစ်ခါက လှိုင်းလေကြီးခဲ့ပုံကစပြီး စကား စပ်ခါ ဟောပြောလာရင်း "မင်းညွှန့်" မော် တော်သည် မရမ်းခြံဆိပ်ကမ်းသို့ ကပ်ရောက် လာခဲ့သည်၊လာရောက်ကြိုဆိုကြသော ပရိသတ် နှင့်အတူ ဒေါ်ဒေါ်တင်၏ ကျောင်းတွင် ခေတ္တ နားပြီး တရားဟော ကြွတော်မူသည်၊ ထိုညက မင်းကွန်း ဓမ္မနာဒတိုက်သို့ ည(၁၂)နာရီကျော် မှ ပြန်ရောက်ကြသည်၊

* * *

သုဒုဒ္ဒသံ သုနိပုနံ ယံတ္တကာမ နိပါတိနံ–ဟူ ၍ မြတ်စွာဘုရားဟောတော်မူခဲ့သည်၊စိတ်သည် လျင်မြန်လှ၏။ စကားဝါလမ်း စံကျောင်းတော် ပေါ်တွင် ဖျတ်လတ်လျင်မြန်စွာ လက်နှိပ်စက် ရိုက်နေသော သက်တော်(၈၀)အရွယ်အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီးအား ကြည့်ပြီး လွန်ခဲ့သော(၁၈)နှစ် သက်တော်(၆၀)ကျော် တွင် ရိုက်နှိပ်နေသော တိပိဋကဓရဆရာတော် ကို သတိရ မြင်ယောင်လာသည်။ ထိုမှဆက်ပြီး တရားဟောရန် ထွက်လာခဲ့သော မြစ်ကူးခရီး ပေါ်လာသည်။ မော်တော်ပေါ်တွင် ဟောခဲ့ သော တရားကို သတိရလာသည်။ ဆက်လက် တွေးတောရင်း ၁၉၇၈-ခု၊ ဇွန်လက ကျင်းပ ခဲ့သော ဋ္ဌေရတုသဘင်ကို မြင်ယောင်လာသည်။ ထို ချီးကျူးပူဇော်ပွဲတွင် ကျွန်တော် ရွတ်ဖတ်၍ ပူဇော်ခဲ့ရသော ဂုဏ်ပုဒ်များကို သတိရပြီး ကြည်ညိုသဒ္ဓါ ပွားရပေသည်။ အထူးသဖြင့် ထိုပွဲတွင် ဘုံပျ ဆရာတော်၏ အောက်ပါဟော ပြောချက်ကို နားတွင် ကြားယောင်မိပါသည်။

"အရှင်ဝိစိတ္တသာရာဘိဝံသ ရေးဖြေစာ မေးပွဲ ဖြေပုံက အဆန်း ဖြစ်နေတယ်။ တစ်ပါးသောသူတွေ ဖြေတာက ရိုးရိုး ထိုင်ခုံပေါ်ဆိုင်ပြီး စားပွဲပေါ် စာရွက် တင်ပြီး လက်နဲ့ရေးဖြေကြတယ်။ အရှင် ဝိစိတ္တသာရကတော့၊ စားပွဲပေါ် လက် နှိပ်စက်တင်ပြီး အပျက်အစီး အပြင် အဆင်မရှိ ပကတိရိုးရိုး သူ့လက်ညိုး နှစ်ချောင်းနဲ့ စက်ကို ပုံနှိပ်ပြီး ချက်ချင်း အဖြေတွေ ရိုက်တော့တာပဲ"

"တစ်ခါတည်း အပြီးသတ် ဖြေ ကြားတဲ့ အဖြေလွှာများကို သက်ဆိုင်ရာ စစ်ဆေးတဲ့ဆရာတော်များက စစ်ဆေး ကြည့်ရှုတဲ့အခါ စာလုံးပိုလျှံလို ဖျက်ရ

ခြင်း၊ စာလုံးကျန်ရစ်လို့ ထပ်မံထည့်ရခြင်း၊ စားလုံးမှားနေလို့ ပြင်ဆင်ရိုက်နှိပ်ရခြင်း စသည့်အချက်များ လုံးဝမတွေ့ရလို့ စစ်ဆေးတဲ့ ဆရာတော်များအလွန် အံ့သြတော်မူကြတယ်"

"အချို့ နာယကက ဆရာတော်များက 'လက်နှိပ်စက်ကို လက်နှစ်ချောင်းတည်းနဲ့ အလွန် မြန်အောင် ရိုက်နိုင်သကိုး'လို့ ပြောတော့ အရှင်ဝိစိတ္တက 'ဒါက ဆင်းရဲသားရိုက် ခေါ်ပါတယ် ဘုရား'လို့ ပြန်လျှောက်တော့ အားလုံး ပဲ့ကျသွားတယ်"

* * *

စကားဝါလမ်း စံကျောင်းတော်မှ ဆရာတော်အား ဖူးမြော်ပြန်လာပြီးနောက် အိမ်ပြန်လာခဲ့ရာ ကားပေါ်တွင် ဆက်လက် တွေးတောလာခဲ့သည်။

* ငယ်ရွယ်နုစို၊ လက်ချောင်းပျိုသည်၊ စက်ကိုဖျတ်လတ်၊ ရိုက်နှိပ်ခပ်၍၊ ပြတ်ပြတ်သားသား၊ အဖြေများသည်၊ အမှားမပါ၊ ပေါ်ထွက်လာ၏။

* ဇရာဆင့်နွဲယ်၊ သက်ရှစ်ဆယ်တွင်၊ ရင့်သွယ်လက်များ၊ မရပ်နားဘဲ၊ ရွှေ့လျားညာဘယ်၊ ရက်ကန်းရှယ်သည့် အံ့ဘွယ်လုံ့လ၊ ဝီရိယသည်၊ မမျှသက်ရွယ်ပါပေတည်း။

* နေ့ညလန်းဆန်း၊ ရှင်ကြူးပမ်းသည်၊ မခန်း အံ့ဖွယ်ပါပေတည်း။

* ကျမ်းအထွေထွေ၊ ပေါ်ထွက်ပေသည်၊ ဝေနေကောဇိုးဖို့ ပါပေတည်း။

ဦးအောင်သိမ်း

နာယက

တိ=နိ သာသနာပြုအဖွဲ့။

ဆရာတော် ဦးဝိစိတ္တာနှင့် ထိတွေ့မှုအကျိုးများ

စာရေးသူသည် မိမိ၏ စေတနာအလျောက် ကလေးသူငယ် များကို ၁၃၄၅-ခုနှစ်မှ စ၍ ကမ္ဘာအေးကုန်းမြေတွင် ဘာသာယဉ်ကျေးမှုကို အပင်ပန်းခံ သင်ကြားပြသခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်၏ အကျိုးကို လိုလားကြသော ရဟန်းရှင်လူများ၏ အားပေးမှုကို အတော်များများ ခံယူခဲ့ရပါသည်။ အထူးသဖြင့် တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တာသာရ၏ ချီးမြှောက်မှုကို မကြာခဏ ခံရပါသည်။

ကမ္ဘာအေး ဇမ္ဗူဒီပ ကျောင်းဆောင်တွင် ဆရာတော် အလှည့်ကျ သီတင်းသုံးရစဉ်အခါက မိမိ မာဂဓိနှင့် ဦးတီလောကသာရ (ရဝေထွန်း)တို့ကို ကိစ္စကြီးငယ်ရှိတိုင်း ဆရာတော်က မကြာခဏ ချီးမြှောက်သောအားဖြင့် ပင့်ဆောင်လေ့ ရှိပါသည်။ ပစ္စည်းအထူးအဆန်းများ ရလာသည့်အခါ မိမိ မာဂဓိအား ပေးစွန့်လေ့ ရှိပါသည်။ ဥပမာ....ပတ် ကား ဖောင်တိန်၊ နိုင်ငံခြား ဒိုင်ယာယီလို ပစ္စည်းများ ရလာလျှင် လက်ထဲတွင် နွေးအောင်မထားဘဲ "ဒီပစ္စည်းမျိုးက စာသမား ပေသမား ဖြစ်တဲ့ ပဂိုလ်နဲ့ တော်သဗျ" ဟု မိန့်ကြားကာ မိမိ မာဂဓိထံ ချက်ချင်း အပို့လွှတ်တတ်ပါသည်။ တစ်ကြိမ်မက အကြိမ်များစွာ ချီးမြှင့် ခံရဖူးပါသည်။

ကလေးစာပြ၍ချီးမြှင့်ခံရ

၁၃၄၄-ခုနှစ်၊ သီတင်းကျွတ် လဆုတ်(၄)ရက်(၂၅-၁၀-၈၃)နေ့တွင်မော်လမြိုင်ကျွန်းမဒကာ ဒကာမများ စုပေါင်း၍ ဇမ္ဗူဒီပ သံဃာ



ဆရာတော်ဝတ္ထုတိုများ

ဆွမ်းကျော်

ပုဂံ

မျှားကို ဆွမ်းကပ်၍ သက်နှံ ဒွိဇံ တစ်စုံစီ လှူဒါန်းပါသည်။ ပင့်သံဃာ (၆၅)ပါးခန့်ရှိပါသည်။ အခြား သံဃာများကို ရိုးရိုးသက်နှံ လှူဒါန်းပြီး ရေစက်ချ အနုမောဒနာ တရား ချီးမြင့်သော် ဆရာတော်ကြီး ဥဒိဋ္ဌိစိတ္တာ အား တက်ထရုန် သက်နှံ သီးသန့်လှူဒါန်းပါသည်။

ရေစက်ချပြီးပြီးချင်း ဆရာတော်က မိမိအား ခေါ်စေ၍ အလှူဒကာများ၏ရှေ့တွင် တက် ထရုန်သက်နှံကို မိမိအား ပေးလှူပါသည်။ ဆရာတော်က--

"ကဲ....ဒကာ ဒကာမဟာပေါင်း သူတော် ကောင်းတို့၊ ဒကာတို့က ဘုန်းကြီးအတွက် လှူဒါန်းထားတဲ့ ဟောသည့် တက်ထရုန် သက်နှံကို ဦးပဏ္ဍင်း မာဂဓိအား ဘုန်းကြီး တ ထပ်ဆင့်လှူပါတယ်။လှူရတဲ့အကြောင်း ကတော့ ကလေးသူငယ် များကို လိမ္မာ ယဉ်ကျေးအောင် အပင်ပန်းခံပြီး ဘာသာ ယဉ်ကျေးမှုကို သင်ကြား ပြသဖော်ရ၍ လှူရခြင်းဖြစ်ပါတယ်။ အားလုံး သာဓု ခေါ်ကြပါ"

ဟု အမိန့်ရှိ၍ သာဓုခေါ်ကြပါသည်။

မိမိကဲ့သို့ ကလေးထိန်း စာပြ ဘုန်းကြီး အား ပေါ့ပေါ့ဆဆ သဘောမထားဘဲ၊ လေး လေးနက်နက် တန်ဖိုးထားပြီး ပရိသတ်ရှေ့ တွင် ချီးမြှောက်ဂုဏ်ပြု ပြောကြားသည့်အတွက် ဝမ်းသာမဆုံး ကျေနပ်မဆုံး ပီတိဖြစ်၍ မဆုံး တော့ပါ။ တိပိဋကဓရဘွဲ့ရ ဆရာတော်ကြီး တစ်ပါး၏ အသိအမှတ်ပြုမှုကိုခံရ၍ မိမိအဖို့ အပင်ပန်းခံရကျိုးနပ်ပြီဟု အား တက် စိတ် တဖွားဖွား ဖြစ်ရပါသည်။

စာအုပ် ၅၀၀-အလျှူ

ရှစ်လေးလုံး အရေးအခင်း ဖြစ်ပွားပြီးနောက် ဆရာတော်ကြီးက မိမိအား ခေါ်၍ အမိန့်ရှိပါသည်။ "ဦးမာဂဓိရေ လောကသားတွေ လောဘမီး ဒေါသမီး မောဟမီးဘေ့ တစ်နေ့တခြား တောက်လောင်နေတယ်။ ဒီမီးတွေ ကလေးမျှားကို မကူးရအောင် အရှင်ဘုရား ပြသလို ယဉ်ကျေးမှုသင်တန်းတွေ များများဖွင့်ပေးဖို့ လိုတယ်။ တပည့်တော်၏ ဒေသမှ တောဘုန်းကြီးများကို အသင်ခိုင်းလို၍ အရှင်ဘုရား ပြနေတဲ့ ယဉ်ကျေးမှုသင်တန်း စာအုပ် (၁၀) အုပ်ကို လျှူပါ"ဟု အမိန့်ရှိပါသည်။ မိမိက (၂၅)အုပ် လျှူလိုက်ပါသည်။ ဆရာတော်က-

"အရှင်ဘုရား ယဉ်ကျေးမှု သင်တန်း စာအုပ် များများ ရိုက်ပါ။ တစ်ကြိမ်ရိုက်တိုင်း တပည့်တော်က အရှင်ဘုရား သင်တန်း အတွက် အုပ်ရေ ၅၀၀-နှင့် ညီမျှသော တန်ဖိုးကို ဓမ္မဒါနပြုပါမည်"

ဟု မိန့်ကြားပါသည်။ ဆရာတော်၏ စေတနာ၊ ဆရာတော်၏ ချီးမြှောက်မှုကား အံ့မခန်းစရာပါတကား။

လှူပုံထူးလှ မြတ်ဒါန

၁၉၈၃-ခုနှစ်တင်ဘာလ(၄)ရက်(၄-၉-၈၃)နေ့တွင် အငြိမ်းစား မြန်မာစာ ပါမောက္ခ ဦးဇေမောင်က သိန်း(၅၀)အထက် တန်ဖိုးရှိသော သူပိုင် ပစ္စည်း အားလုံးကို နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး အတွက် အာလယပြတ် စွန့်လှူပါသည်။ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တာသာရ ကိုယ်တိုင် ရေစက်ချပေးပါသည်။ ဆရာဝန်ကြီး ဦးသာလှနှင့် ဦးလှမောင် ဦးလှသိန်း ဦးလှကျော် တို့က အာသိသက်သေပြု၍ အလှူတော်ကြီး အောင်မြင်စေရန် စာချုပ်စာတမ်းဖြင့် ဝိုင်းဝန်းကူညီကြပါသည်။

ယင်း မွန်မြတ်သော အလှူတော် ကြီးအကြောင်းကိုဆရာတော်ကြီးဦးဝိစိတ္တကိုယ်တိုင်က မှတ်တမ်းတစ်စောင် ရေးသားပေးရန် မိမိ(မာဂဓိ)အား တာဝန်ပေး အမိန့်ရှိသောကြောင့် တာဝန်ယူ ပြုစုပေးရပါသည်။ စာမူပြီးစီးသောအခါ ၁၃၄၅-ခု၊ နတ်တော်လဆန်း(ဂ)ရက်(၁၂-၁၂-၈၃)နေ့တွင် ဆရာတော်၏ လက်သို့ မိမိကိုယ်တိုင် ပေးအပ်ရာ ဆရာတော်က သာဓု သုံးကြိမ် ခေါ်၍ ကျေးဇူးတင်ကြောင်း မိန့်ကြားပါသည်။ စာမူ၏ အမည်ကို 'လှူပုံထူးလှ မြတ်ဒါန' အမည် ပေးထားပါသည်။

လှူပုံထူးလှ မြတ်ဒါန စာမူကို တိပိဋကနိကာယ သာသနာပြု အဖွဲ့ကြီးမှ ၁၉၈၄-ခုနှစ် ဖေဖော်ဝါရီလအတွင်း စာအုပ်(၁၀၀၀)ရိုက်နှိပ်၍ ပထမအကြိမ် ဓမ္မဒါန ထုတ်ဝေ ဖြန့်ဖြူးပါသည်။(၁-၂-၈၄)နေ့တွင် အလှူဒကာကြီး ဦးဇေမောင် ကွယ်လွန်ရာ ဈာပနအမီ ထိုစာအုပ်ကို ဒုတိယအကြိမ် ရိုက်နှိပ် ဝေငှပါသည်။ယင်း စာအုပ်ကို စိုးမိုးမိတ်ဆက် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ရာ စာအုပ်မျက်နှာဖုံးတွင် မှတ်တမ်းရေးသူ မိမိ မာဂဓိ၏ အမည်ကို ဖော်ပြမထားပါ။

ရန်ကုန်မြို့၊ အမှတ်၁၀၃၊
တက္ကသိုလ်ရိပ်သာလမ်းနေ
ဝဏ္ဏကျော်ထင် သီရိပျံ ချီမြန်မာစာ ပါမောက္ခ
(အငြိမ်းစား)
ဆရာကြီး ဦးဇေမောင် (ဒေါ်မြမူ) တို့၏
အေး+မြရိုင်ဋ
စိတ်သန်ယူ
နိဗ္ဗု။ ဆုပန်မြတ်
လှူပုံထူးလှ မြတ်ဒါန
ဗုဒ္ဓဘာသာ သာသနာစံပြ ဝိဝဋ္ဋဒါန
ကောင်းမှုအကြောင်း

ဟူသော စာမျှားကို ရိုက်နှိပ် ဖော်ပြထားပါသည်။

ပြောလိုသည်မှာ လှူပုံထူးလှ မြတ်ဒါန စာအုပ်ကို ဖတ်သူမျှား အနေဖြင့် ရှေ့မျက်နှာဖုံးကိုသာ ကြည့်ပါက ဤစာအုပ်ကို မည်သူပြုစုသည်ဟု သိမည်မဟုတ်ပါ။ စာမူ အဆုံးတိုင် အောင် သေသေချာချာ ဖတ်ကြည့်ပါမှ (မာဂဓီ-သာစည်)ပြုစုသော စာမူဖြစ်ကြောင်း သိနိုင်ပါလိမ့်မည်။

၁။ စည်းစိမ်ဥစ္စာ၊ အနှစ်ရှာ၊ပြုပါဒါနမှတ်၊
၂။ မိမိ ခန္ဓာ၊ အနှစ်ရှာ၊ ပြုပါ သီလမှတ်၊
၃။ အသက်ဇီဝါ၊ အနှစ်ရှာ၊
ဘာဝနာဟုမှတ်။
* လှူပါ စောင့်ပါ၊ ပွားများပါ၊
သုံးဖြာ အနှစ်မှတ်၊

ဟူသော အထက်ပါ ကဗျာသည် လှူပုံထူးလှ မြတ်ဒါန စာအုပ်တွင် ဖော်ပြထားသော မာဂဓီ၏ လက်ရာ ကဗျာ ဖြစ်သည်။

ထိုအနှစ်သုံးပါး ကဗျာကို ဆရာတော်ကြီး ဦးဝိစိတ္တာသာရက တိုက်တွန်း၍ မိမိ(မာဂဓီ)က ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဩဝါဒ (သုံးရပ်)

ဆရာတော် ဦးဝိစိတ္တာနှင့်ဆက်နွယ်ပြီး အတွေ့အကြုံ တစ်ခုကိုလည်း ပြောပြလိုပါသေးသည်။

တစ်ကြိမ်တွင် ပညာရေးဘက်ကသိုလ် လေ့ကျင့်ရေးကျောင်းမှ ပင့်၍ မ-ဟ-န ဆရာတော်များနှင့်အတူ မိမိ မာဂဓီတို့ ကြွခဲ့ရပါသည်။ ကျောင်းသူကျောင်းသားကလေးများကပဋ္ဌာန်း ၂၄-ပစ္စည်းကို မြန်မာ အသံထွက် အတိုင်း ရွတ်ရိုး ရွတ်စဉ် မရွတ်ဆိုဘဲ ကမ္ဘာသုံးအသံဖြင့် ရွတ်ပြမည်ဆိုကာ....။

ဒေဟတူ ပစ္စယော ကို
ဟေတု ပက်ကျွယိုး ဟု

ခတ်ဆန်းဆန်း အသံထွက် ထားပါသည်။ကြားရသည်မှာ တစ်မျိုးကြီး ဖြစ်နေသည်။

ကလေးများ ရွတ်ဆိုပြီး၍ ဆရာတော် ဩဝါဒ ပေးရန် အလှည့်ရောက်သည့် အခါ အလွန် သတိပြုဖွယ် မှတ်သားဖွယ်ကောင်းသော ဩဝါဒစကားသုံးရပ်ကို မိန့်ကြားပါသည်။

၁။ အရွယ်နှင့် မလိုက်အောင် ရဲရင့်ပြတ်သားစွာ ရွတ်ဆိုပြသည်ကို တွေ့ရ၍ ကလေးများ၏ စွမ်းရည်ထက်မြက်မှုကို သာဓုခေါ်ပြီး အသိ အမှတ် ပြုပါကြောင်း၊


၂။ ဟေတု ပက်ကျွယိုး ဟူသော အသံထွက်ကို ကမ္ဘာသုံး အသံဟုတ်သည် မဟုတ်သည် အတိအကျ မပြောလိုသော်လည်း ဘုရားအလိုနှင့် ကိုက်ညီသော အသံထွက်မျိုး မဟုတ်၍ ပြုပြင်စေလိုကြောင်း၊

၃။ ယခု မျက်မှောက် ကာလတွင် ဗုဒ္ဓသာသနာဆိုင်ရာတို့၌ ခေါင်းဆောင်အဖြစ် ရပ်တည်နေသော မြန်မာနိုင်ငံက သူတစ်ပါးနိုင်ငံ၏ အတုကိုယူကာ နောက်လိုက် ဘဝမျိုး အဖြစ်မခံသင့်ကြောင်း မိန့်ကြားပါသည်။

ဆရာတော်နှင့် ထိတွေ့ရသော ဗဟုသုတ အကျိုးများက ကုန်နိုင်ဖွယ်ရာ မရှိအောင် များလှပါပေသည်။

မာဂဓီ (သာစည်)


မင်းကွန်းတိပိဋကဓရဆရာတော်ကြီးနှင့် ဂုရုကြီးဂိုအာင်ဂါ



၁၉၉၀-ပြည့်နှစ်၊နိုဝင်ဘာလ(၁၉)ရက်နေ့ နေ့လယ်ခင်းအချိန် ဖြစ်သည်။

မင်္ဂလာဒုံလေဆိပ် နိုင်ငံခြားခရီးသည်များ အဝင်အထွက် လုပ်ရသည့် လေဆိပ် ခန်းမ အပေါက်ဝ၌ ပြည်ပထွက်သွားကြသော ခရီးသည်များနှင့် ပြည်တွင်းဝင်လာကြသော ခရီးသည်များ ရှုပ်ရှက်ခတ်နေကြသည်။ ပြည်တွင်းဝင်လာသော ခရီးသည်များထဲတွင် အိန္ဒိယ အမျိုးသား ဇနီးမောင်နှံနှစ်ဦး ပါလာသည်။ အိန္ဒိယ အမျိုးသား ဇနီးမောင်နှံနှစ်ဦးသည် အစိုးရ ကိုယ်စားလှယ်တော်များ မဟုတ်ကြသော်လည်း သူတို့ကို လာကြိုသူများသည် လေဆိပ်ခန်းမထဲတွင် နေရာအတော်များများ ယူထားကြသည်။ ဆီးကြိုသူများမှာ အိန္ဒိယနှင့် မြန်မာအမျိုးသား နှစ်ဆယ် အစိတ်ခန့်လောက် ရှိသည်။

စင်ကာပူနိုင်ငံမှ ထွက်ခွာလာသော လေယာဉ်ကြီးသည် မင်္ဂလာဒုံလေဆိပ်တွင် ဆိုက်



လာသည်။ လေယာဉ်ပေါ်မှဆင်းလျက် လေဆိပ် အတွင်းခန်းမှ အပြင်ဘက် ထွက်လာပြီး လျှင် ကြိုဆိုနေကြသူ များအား အပြုံးဖြင့် လှမ်းနှုတ်ဆက်နေသော ခရီးသည်မှာ မြန်မာနိုင်ငံမှ လွန်ခဲ့သည့် (၂၁)နှစ်ခန့်က ထွက်ခွာသွားသော နာမည်ကျော် ဝိပဿနာ ဆရာကြီး အက်စ်အင်ဂိုအင်ကာ ဖြစ်သည်။ဆရာကြီးသည် သူ၏ ကမ္ဘာ့ ဝိပဿနာ ခရီးစဉ် အပြီး စင်္ကာပူနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက် လာခြင်း ဖြစ်သည်။ ဆရာကြီးအား မြန်မာနိုင်ငံ ကြရောက်လာရန် ပင့်ဖိတ်သော အဖွဲ့အစည်းမှာ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဥပဒေဌာန အဖွဲ့ ဖြစ်လေသည်။

ဆရာကြီးသည် မြန်မာနိုင်ငံ ဇာတိ ဖြစ်သည်။ မြန်မာနိုင်ငံ၌ နှစ်ပေါင်း (၄၀) ကျော် နေထိုင်လာခဲ့ပြီး လွန်ခဲ့သည့် (၂၁)နှစ်ခန့်ကမှ အိန္ဒိယ နိုင်ငံသို့ ထွက်ခွာသွားခြင်း ဖြစ်လေသည်။ ဂိုအင်ကာသည် ဆရာကြီး ဦးဘခင် ထံမှ အားထုတ်ခဲ့သော ဝိပဿနာ နည်းကို အိန္ဒိယနိုင်ငံ၌ တစ်ဆင့်ပြလေရာ တစ်စ တစ်စ အောင်မြင်မှု ရရှိလာပြီး ယခုအခါ၌ကား အိန္ဒိယနိုင်ငံ၌ ဝိပဿနာရိပ်သာ ဌာနကြီး လေး ဌာနကို လည်းကောင်း၊ ကမ္ဘာ့နိုင်ငံ အသီးသီး၌ ရိပ်သာပေါင်း အများအပြားကိုလည်းကောင်း တည်ထောင်ဖွင့်လှစ်ပြီးလျှင် ဝိပဿနာ ပြုနေသော ဝိပဿနာ ဆရာကြီး ဖြစ်လေသည်။ ဆရာကြီးသည် တစ်နှစ်တွင် အနည်းဆုံး တစ်ကြိမ် ပြည်ပနိုင်ငံများရှိ ဝိပဿနာ ရိပ်သာများတွင် လှည့်လည်တရားပြလျက်ရှိရာ ယခု ဩစတြေးလျနိုင်ငံရှိ ဝိပဿနာ ရိပ်သာတွင် တရားပြပြီး စင်ကာပူနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံ ရောက်ရှိလာခြင်း ဖြစ်သည်။

ဆရာကြီး ဂိုအင်ကာသည် မြန်မာနိုင်ငံမှ ထွက်ခွာသွားသည်မှာ နှစ်ကြာမြင့်သွားပြီဖြစ်၍ မိမိ၏ ဇာတိ နိုင်ငံသို့ တစ်ခါတစ်ခေါက် ပြန်ရောက်လာလိုသည့်ဆန္ဒ အမြဲရှိနေခဲ့သည်။ သို့ရာတွင် အကြောင်းကြောင်း တို့ကြောင့် ဆန္ဒမပြည့်ဝခဲ့။ ယခု (၂၁)နှစ် အကြာတွင်မှ ဆန္ဒပြည့်ဝသွားလေသည်။

ဆရာကြီးသည် နက်ပြာရောင် အနောက်တိုင်းဝတ်စုံ ဝတ်ထားသည်။ အနောက်တိုင်း ဝတ်စုံနှင့် ဆရာကြီးကို ယခု ပထမဆုံးအကြိမ် တွေ့ဖူးခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် နေစဉ်ကလည်း သူနှင့် မကြာခဏ ဆုံသည်။ သူ ဖိတ်သဖြင့် အိန္ဒိယသို့လည်း သုံးကြိမ် သွားဖူးပြီ။ သို့သော်လည်း သူ အနောက်တိုင်းဝတ်စုံ ဝတ်သည်ကို တစ်ခါမှ မကြုံဖူးခဲ့။ ဆရာကြီးသည် အိန္ဒိယ အမျိုးသားများ ဝတ်သော ဒိုတီကိုလည်းဝတ်သည်။ ရိုးရိုးဘောင်းဘီကိုလည်း ဝတ်သည်။ မြန်မာဝတ်စုံကိုလည်း ဝတ်သည်။ ဆရာကြီးသည် အဝတ်အစား ဝတ်သည့်နေရာ၌ပင် တစ်စုံတစ်ခုနှင့် ချည်နှောင်မထားပေ။ တစ်စုံတစ်ခုကို ဆုပ်ကိုင်မထားပေ။ အားလုံးနှင့် ဝင်ဆန့်အောင် လုပ်သည်။ သူ၏ ဝတ်စားဆင်ယင်မှုကပင် 'ယူနီဗာဆယ်' ဖြစ်နေသည်။ ယင်း အချက်သည် သူ၏ ဓမ္မနှင့် ပတ်သက်သော သဘောထားကို လှစ်ပြနေသကဲ့သို့ ဖြစ်နေသည်။

ဆရာကြီး ပြသော ဝိပဿနာ တရားမှာ ဂိုဏ်းဂဃစွဲ၊ ဘာသာတရားစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ လူမျိုးမရွေး ဘာသာမရွေး အမျိုးဇာတ်မရွေး အားလုံးအတွက် တံခါးဖွင့်ထားသောကြောင့် သူ၏ တရားရိပ်သာများ၌ တရားထိုင်ကြသော ယောဂီများထဲတွင် ဟိန္ဒူ၊ ဘုန်းကြီး၊ ဂျိန်းဘုန်းကြီး၊ ဗုဒ္ဓဘာသာဘုန်းကြီး၊ ခရစ်ယာန်ဘုန်းကြီးများမှအစ ဘာသာအသီးသီး လူမျိုးအသီးသီးမှ ပုဂ္ဂိုလ်များ ပါဝင်သည်။

ဂိုအင်ကာက "ဝိပဿနာသည် ဘာသာတရား တစ်ခု မဟုတ်ပေ။ သဘာဝ နိယာမတရားသာ ဖြစ်သည်။ မီးကို ကိုင်လျှင် ပူမည်သာ ဖြစ်သည်။ ထိုနည်းအတိုင်း ဒုက္ခ၏ အကြောင်းရှိလျှင် မည်သူမဆို ဒုက္ခဖြစ်မည်။ ဒုက္ခ၏ အကြောင်း ကင်းအောင်လုပ်မှ ဒုက္ခကင်းငြိမ်းမည်။ ယင်းမှာလည်း သဘာဝနိယာမတရား ဖြစ်သည်။ ဝိပဿနာသည် လူမျိုး တစ်မျိုး၊ ဘာသာ တရား တစ်ခုနှင့်သာ ဆိုင်သည့် အရာမဟုတ်။ အားလုံးနှင့် ဆိုင်သည်။ 'ယူနီဗာဆယ်' ဖြစ်သည်။ ဝိပဿနာသည် လူသားအားလုံးအတွက် နိယာမ သဘောတရားအရ

အတွေ့အကြုံကို ရယူရန် လက်ဘွေကျွေသော၊ ယုတ္တိဗေဒနှင့်ပြည့်စုံသော နည်းနိဿရည်း ဖြစ်သည်။ ဘဝတစ်လျှောက် ချမ်းမြေ့စွာ နေထိုင်သွားနည်းကို သင်ပေးပြီး စင်ကြယ်သော စိတ်နှလုံး၏ အမြင့်ဆုံး လောကုတ္တရာ ပန်းတိုင်သို့ ဆိုက်ရောက်စေသည့် နည်းနိဿရည်း ဖြစ်သည်။ ဝိပဿနာသည် လူအပေါင်းတို့အား ဘာသာတရားတစ်ခုမှ အခြားဘာသာတရားတစ်ခုသို့၊ ဂိုဏ်းဂဏ တစ်ခုမှ အခြား ဂိုဏ်းဂဏတစ်ခုသို့ ကူးပြောင်းသွားအောင် မလုပ်ပေ။ အဝိဇ္ဇာမှ ပညာသို့လည်းကောင်း၊ ဒုက္ခမှ သုခသို့လည်းကောင်း၊ အချုပ်အနှောင်မှ လွတ်လပ်မှုသို့လည်းကောင်း ကူးပြောင်း သွားစေသာ လုပ်သည်”ဟူ၍ ဆိုထားလေသည်။

ကိုအင်ကာ၏ သားများသည် ရန်ကုန်မြို့၌ ‘ဗန္ဓုလ အင်တာနေရှင်နယ် လီမိတက်’ အမည်ဖြင့် ကုမ္ပဏီကြီး တစ်ခု ဖွင့်လျက် ပြည်ဘွင်းပြည်ပ ကူးသန်းရောင်းဝယ်ရေး လုပ်နေကြသည်။ သူတို့ မြန်မာနိုင်ငံလာခိုက် တည်းခိုနေထိုင်ရန် မဟာစည်ရိပ်သာလမ်း၌ တိုက်အိမ်ကြီးတစ်အိမ် ငှားထားသည်။ ဤသည်တော် ကိုအင်ကာကို တည်းခိုနေထိုင်ရန် သူ၏ သားများ ငှားထားသော အိမ်သို့ ခေါ်လာကြသည်။ သို့ရာတွင် ကိုအင်ကာသည် အိမ်သို့ တန်းမသွားသေးဘဲ အင်းလျားမြို့ဝင်လမ်းရှိ ဆရာကြီး ဦးဘခင်၏ အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာသို့ သွားသည်။

ရိပ်သာတွင် ထိုနေ့က တရားတစ်ပတ် အပြီးသတ်သည့်နေ့ ဖြစ်သည်၊ ယောဂီများ နေထိုင်ကြသည်။ ကိုအင်ကာသည် ခန်းမထဲ ဝင်သွားပြီး ဆရာကြီးဦးဘခင်၏ ဓာတ်ပုံကြီး ရှေ့တွင် ဒူးထောက်လျက် နာရီဝက်ခန့်မျှ ရှိခိုး ကန်တော့နေသည်။ ကိုအင်ကာသည် သူ၏ဆရာကြီး ဦးဘခင်အား အလွန်တရာ လေးစားသည်။ အိန္ဒိယနိုင်ငံ အီဂတ်ပူရီရှိ ဝိပဿနာအပြည်ပြည်ဆိုင်ရာ အကယ်ဒမီကို အုပ်ချုပ်သည့် ဂေါပကအဖွဲ့၏ အမည်ကိုပင် ‘ဆရာကြီး ဦးဘခင် အထိမ်းအမှတ် ဂေါပကအဖွဲ့’ဟူ၍ အမည်ပေးထားသည်။ သူရေးသားဖွဲ့စည်သော ‘ဗာဗာဒို ဟာ’ကဗျာ၌ ဆရာကြီးဦးဘခင်အတွက် ကဏ္ဍတစ်ကဏ္ဍ ပါဝင်သည်။

ဆရာကြီး ဦးဘခင်၏ ဓာတ်ပုံကြီးရှေ့တွင် နာရီဝက်လောက် သူ၏ ခန္ဓာကိုယ်ကြီးနှင့် ဒူးထောက် ရှိခိုးပူဇော်ပြီးနောက် ကိုအင်ကာသည် ယောဂီများဘက် လှည့်ထိုင်လိုက်လေသည်။ ထို့အချိန်၌ရိပ်သာ ကြီးမှူးအုပ်ချုပ်သော ဦးတင်ရီနှင့်ဦးဘဖိုးတို့လည်း ရောက်ရှိနေကြသည်။ကိုအင်ကာသည် ယောဂီများဘက်လှည့်လျက် “ကျွန်ုပ်၏ ကုသိုလ်ကောင်းမှုကို အားလုံးအား အမျှပေးဝေပါ၏”ဟူ၍ အင်္ဂလိပ်ဘာသာ စကားဖြင့် အမျှဝေလိုက်လေသည်။ အားလုံးက သာဓုသုံးကြိမ် ခေါ်ကြသည်။ ထို့နောက် ကိုအင်ကာသည် စေတီဘေးရှိ တရားဂူထဲသွား၍ မိနစ်အနာန်ကြာမျှ တရားထိုင်နေသည်။ တရားထိုင်ပြီးနောက် တရားဂါထာများ၊ တရားအဖွဲ့များကို ရွတ်ဖတ်သရဇ္ဈာယ်နေသည်။ သူ၏ တရားရွတ်သံ ကြားရသောအခါ အီဂတ်ပူရီရှိ ဓမ္မဘာရာရိပ်သာက တရားပတ်များကို ပြန်လည် သတိရမိသည်။ ထိုတရားပတ်များ၌ တစ်နေ့တာ တရားထိုင်ခြင်း၏ အစနှင့် အဆုံးဘွင် သူ၏ တရားဂါထာရွတ်သံကို အမြဲ ကြားနေရသည်။ ကိုအင်ကာ တရားအမြင် စတင်ရရှိသော တရားရိပ်သာမှာ အင်းလျားမြို့ဝင် အပြည်ပြည်ဆိုင်ရာ ဝိပဿနာရိပ်သာ ဖြစ်သည်။ လူတစ်ဦး တစ်ယောက်သည် တစ်ဘဝတွင် နှစ်ကြိမ် ဖူးမြင်ရတတ်သည်။ တစ်ကြိမ်မှာ အမိဝမ်းတွင်းမှ


ဖွားမြင်ခြင်းဖြစ်ပြီး၊ဒုတိယအကြိမ် ဖွားမြင်ခြင်းမှာ အသိအလိမ္မာနှင့် ပြည့်စုံလာခြင်းကို ရည်ရွယ်ပြောခြင်း ဖြစ်သည်။ ဂိုအင်ကာက သူ့ဘဝတွင် နှစ်ကြိမ် ဖွားမြင်သည်ဟု ပြောသည်။ တစ်ကြိမ်မှာ မန္တလေးမြို့ဘွင် သူ့မိခင်၏ ဝမ်းတိုက်မှ ဖွားမြင်မြင်းဖြစ်ပြီး၊ ဒုတိယအကြိမ် ဖွားမြင်ခြင်းမှာ ဆရာကြီး ဦးဘခင်၏ အပြည့်ပြည့်ဆိုင်ရာ ဝိပဿနာရိပ်သာ၌ အဝိဇ္ဇာ ဥခွတွင်းမှ ကျွတ်လာခြင်း ဖြစ်သည်။ ဒုတိယအကြိမ် မွေးဖွားပေးသူမှာ ဆရာကြီး ဦးဘခင် ဖြစ်သည်။ ထို့ကြောင့် ဂိုအင်ကာသည် မြန်မာနိုင်ငံနှင့် ဆရာကြီး ဦးဘခင်အား အထူးပင် ကျေးဇူးတင်ရှိနေသည်။

ဂုရုကြီး ဂိုအင်ကာသည် အဇ်းလျားမြို့ငွ် လမ်း အပြည့်ပြည့်ဆိုင်ရာ ဝိပဿနာရိပ်သာမှ တည်းခိုရမည့်အိမ်သို့ မသွားသေးဘဲ ရွှေတိဂုံဘုရားသို့ သွား၍ ဘုရားဝတ်ပြုသည်။ ရွှေတိဂုံဘုရားတွင် ကျေနပ်လောက်အောင် ပူဇော်ဝတ်ပြုပြီးသောအခါ ရွှေတိဂုံဘုရားမှ အဘိဓမ္မာရဋ္ဌဂုရု တိပိဋကဓရ မမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရ သီတင်းသုံး နေထိုင်သည့် တိပိဋက=နိကာယကျောင်းတော်သို့ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ရန် သွားလေသည်။ မင်းကွန်း ဆရာတော်ကြီးအား တရားစကားများကို မေးမြန်း လျှောက်ထားသည်။ ဆရာတော်ကြီးကလည်း ဆရာကြီး ဂိုအင်ကာအား သြဝါဒစကား မြွက်ကြားလေသည်။ ဆရာတော်ကြီးက ဂိုအင်ကာအား ဝိပဿနာပြရာ၌ ပိုမိုရှင်း အဆင်ပြေမှုရှိစေရန် လယ်တီဆရာတော် ဦးဝိစိတ္တသာရ၏ ဒီပနီကျမ်းများနှင့် ဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ပရမတ္ထ သရုပ်ဘေဒနီကျမ်းစာအုပ်များကိုလည်း ဖတ်ရှုလေ့လာရန် ညွှန်ကြားလိုက်လေသည်။

ဂိုအင်ကာ၏ မြန်မာနိုင်ငံ ခရီးစဉ်၌ ထူးခြားချက်မှာ တရားပွဲများ ကျင်းပခြင်း ဖြစ်သည်။ တရားပွဲတိုင်း ဂန္ဓိခန်းမဆောင်၌ ၂၁-၂၂-၂၃ ရက်တွင် တရားပွဲ သုံးကြိမ် ကျင်းပသည်။ ဂန္ဓိခန်းမဆောင် အပြည့် တရားနာပရိသတ်များတက်ရောက် ကြသည်။ ကမ္ဘာအေးကုန်းမြေပြင်၌ တရားပွဲ နှစ်ကြိမ် ကျင်းပသည်။ တစ်ကြိမ်မှာ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်၌ ဖြစ်သည်။ နောက်တစ်ကြိမ်ကား ကမ္ဘာအေးဘုရား မဟာသိမ်တော်ကြီး၌ ဖြစ်သည်။ တရားကို အင်္ဂလိပ်ဘာသာဖြင့် ဟောသည်။ ရန်ကုန်မြို့ ၄၆-လမ်း အရိယသမဂ္ဂအသင်းတိုက်၌ အိန္ဒိယလူမျိုးများအား ဟိန္ဒီဘာသာဖြင့် တရားဟောသည်။

ဂိုအင်ကာသည် မြန်မာနိုင်ငံ ရောက်ခိုက် သူ၏ မွေးရပ်မြေ မန္တလေးသို့လည်း သွားသည်။ မန္တလေးတွင် တရားနှစ်ပွဲ ဟောခဲ့သည်။ တစ်ပွဲမှာ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၌ဖြစ်ပြီး ကျန် တစ်ပွဲမှာ မန္တလေး အရိယသမဂ္ဂ အသင်းတိုက်၌ အိန္ဒိယလူမျိုးများအား ဟိန္ဒီဘာသာဖြင့် ဟောသော တရားပွဲ ဖြစ်သည်။

မန္တလေးမှ အပြန်ခရီးတွင် ဇေယျဝတီ၊ ကျောက်တံခါး၊ ပဲခူးမြို့များ၌လည်း တရားတစ်ပွဲစီ ဟောခဲ့သေးသည်။ ဂိုအင်ကာ၏ တရားသည် သူပြသော ဝိပဿနာကဲ့သို့ပင် ဗုဒ္ဓဘာသာဝင်များအတွက် သက်သက်သာသာလွှင် မဟုတ်ပေ။ လူမျိုးမရွေး၊ ဘာသာမရွေး အားလုံးအတွက် ဖြစ်သည်။ 'ယူနီဗာဆယ်' ဖြစ်သည်။ တရားတစ်ပွဲအပြီးသတ်ပြီး နိဂုံးချုပ်တိုင်း နိဂုံးချုပ်တိုင်း မြန်မာနိုင်ငံနှင့် ဆရာကြီးဦးဘုခင်၏ ကျေးဇူးတရားကို မလွတ်တမ်းဖော်ပြကြေညာသွားလေသည်။



၁။ စိန္ဒေမြတ်ဖျား ဟောကြားခဲ့ရာ၊ ဝါလေးဆယ့်ငါး တရားဒေသနာ၊
ညီးမှိန်မပျက် ဆက်လက်ရှည်ကြာ၊ ပြောင်ပြောင်ဝင်း ထွန်းလင်းတည်စိမ့်ငှာ။

၂။ ခေတ်အဆင့်ဆင့် ထွန်းပွင့်ဖို့ရာ၊ ဆေရသံဃာပေါင်း ထပ်လောင်းဆက်ခါ၊
ဇွန်ရဲရင့် မြဲတင့်အောင်သာ၊ တန့်မနား စွန့်စားဆောင်ရွက်ရာ။

၃။ သုံးလူထွဋ်ထား ဘုရားသာသနာ၊ ငါးထောင်တစ်ဝက် ပြည့်တဲ့ခါနှစ်ခါ၊
ပြည်မြန်မာတွင် အားတက်ဖွယ်ရာ၊ ဆရာတော်ဘုရား ထင်ရှားပေါ်ထွက်လာ။

၄။ ကမ္ဘာကျော်ကြား ထူးခြားမြန်မာ၊ ဂုဏ်ရောင်ဝင်းလျက် တိုးတက်အောင်သာ၊
အားမာန်နှင့်ဇွဲ ထူးကဲလွန်စွာ၊ ရဲရဲတောက် ထွန်းပေါက်ထေရ်မဟာ။

၅။ တိပိဋကတွဲထူး ထွင့်ဉီးပန်ဆင်၊ သံဃာယနာတင်ပွဲ ဆင်နွှဲခါနှစ်တွင်၊
အရှင်အာနန္ဒာအလား ထင်ရှားပေါ်လွင်၊ ဝိသဇ္ဇက ထူးစွာအုံဖွယ်အရှင်၊

၆။ သာသနာ့တွဲထူးဆုတ်ခူးကုန်စင်၊ အဘိဓဇ ရင့်မည်တွင်၊
မဟာဘွဲ့ကြီး အပြီးဆင်ယင်၊ ပြည့်လုံးညွတ်ဖူး ထွင့်မြတ်ထေရ်ရှင်။

၇။ သာသနာ့ရောင်လင်း ဇနမင်းပမာ၊ ထိန်ပြောင်ဝင်းလက် ထွန်းတက်စည်ဖြာ၊
ဂုဏ်ရောင်ဖြိုးမောက် မျှားမြောက်သံဃာ၊ စဉ်အဆက်ပေါ်ထွက်နိုင်ဖို့ရာ။

၈။ တိ=နိကျောင်းကြီး အပြီးတည်ထောင်၊သံဃာတော်များ ဖိတ်ကြားခေါ်ဆောင်၊
ဆွမ်းပွန်းကိစ္စ မျှတလေအောင်၊ ကိုယ်တိုင်ရောက် ချီးမြှောက်ရပ်ရွာစေဘောင်။

၉။ ဆရာတော်ဘုရား ကြီးမားမေတ္တာ၊ နောင်လာညီပွား၊ သင်ကြားပညာ.
ပစ္စည်းလေးဝ မျှတစုံစွာ၊ မပင်ပန်း အေးချမ်းစေဖို့ရာ၊

၁၀။ ကမ္ဘာသို့လှမ်း ရှင်ရဟန်းထိုထို၊ သာသနာပန်း ပွင့်လန်းစေဖို့ရာ၊
ကျောင်းတိုက်တော်ကြီး တည်ပြီးကြို့ဆို၊ တိုင်းစုံစွဲ့သာသနာ့တက္ကသိုလ်။

၁၁။ ဆရာတော်ဘုရားကြီး အံ့ချီးဖွယ်ရာ၊ ဇရာဗျာဓိ ဖိသည်ချိန်ခါ၊
သာသနာ့အလုပ် နောက်ဆုတ်မခွာ၊ ဆင့်ဆင့်တိုး သည်ပိုးဆောင်ရွက်ရှာ။

၁၂။ ဆန္ဒာဓိပတိ ရှိ၏မှန်ဖွာ၊ သာသနာတွက် ရှေ့ဆက်ဖို့ရာ၊
မြော်မြင်တတ်သော် ကြီးဘိပညာ၊ ရှိသည့်အား ပြုသွားသာသနာ။

၁၃။ ဆရာတော်ဘုရားကြီး၏ ထားရှိမေတ္တာ၊ စေတနာများ ကြီးမားလွန်စွာ၊
ကိုယ်နှမ်းစိတ်နှမ်း ပင်ပန်းသည်မှာ၊ ပဓာနမထား ကြိုးစားကျိသို့သာ။

၁၄။ ခန္ဓာကိုယ်အား သနားမည်သာ၊ သာသနာ့နောင်ရေး မျှော်တွေးချိသာ၊
သာသနာ့အရေး အားပေးဖို့ရာ၊ စွန့်စွန့်စား ကြွေပြားကျိရပ်ရှာ။

၁၅။ တပည့်အပေါင်း နှစ်ထောင်းဝမ်းသာ၊ မေတ္တာရေချမ်း သွန်းဖျန်းလျက်ပါ၊
နှလုံးစိတ်ဝမ်း အေးချမ်းသာယာ၊ မပင်ပန်း အေးချမ်းစေဖို့ရာ။

၁၆။ ကာယဉ္စာဇ ဗလထွေထွေ၊ အားစုံပြည့်လျှင် အေးချမ်းပါစေ၊
သက်တော်ရှည်လျက် ဘုန်းတက်လှစေ၊ သာသနာကျိုး သည်ပိုးနိုင်ပါစေ။

၁၇။ နေ့လ့ထောင်သောင်း ရောင်မောင်းဖြာဝေ၊ မိုက်မှောင်ဖြိုခွင်း ထွန်းလင်းသို့ပေ၊
အရှင်မြတ်သီးသီး ထိုနည်းမသွေ၊ အလင်းဓာတ် လွှမ်းပတ်နိုင်ပါစေ။

၁၈။ ရေဆည်ကန်တွင်း ပို့သင်းရှေကြာ၊ ရေမှာလန်းစွင့် လျှမ်းတင့်ဝေဖြာ၊
ပမာတူလတ် သုံးရပ်သာသနာ၊ ကမ္ဘာတစ်ဝှမ်း ပွင့်လန်းပါစေသား။

၁၉။ သုံးပုံပိဋကတ် သုံးရပ်သာသနာ၊ မြန်ပြည်တစ်ဝှမ်း လျှမ်းလျှမ်းစည်ဖြာ၊
ကမ္ဘာအနှံ့ ထွန်းပြန့်စိမ့်ဝှာ၊ သာသနာပြု အောင်ဆုပတ္ထနာ။

၂၀။ သိက္ခာသုံးရပ် ကျင့်မြတ်စုံစွာ၊ သီလသမာဓိ တည်ရှိပညာ၊
ဆရာတော်ဘုရားကြီး ပွင့်သီးတည်ရာ၊ ဂုဏ်အထူး ညွှတ်ဦးလက်စုံဖြာ။


၂၁။ ရှင်တော်ဘုရား ထင်ရှားချိန်ခါ၊ ထေရ်မဟာမျှား ကြွေပြားသို့သာ၊
စိတ်ဝယ်ရည်စူး ကြည်နူးမှန်စွာ၊ ဂုဏ်အပေါင်း ညွှတ်ပျောင်းဝန္ဒနာ။

၂၂။ ထိုမှအထူး ညွှတ်ဦးလျှောက်တင်၊ ကြွရောက်လာရ ဓဏချိန်တွင်၊
ပြုရမည့်ဝတ် ယွင်းချွတ်လေလျှင်၊ တပည့်တော်များ ညွှတ်တွားခံတောင်းပန်အစဉ်။

၂၃။ ထိုမှတစ်ပါး အမှားဖြာဖြာ၊ ပြုပြင်ဖွယ်များ တွေ့ပြားလေပါ၊
သာသနာနောင်ရေး မျှော်တွေးချိသာ၊ လိုသမျှ ညွှန်ပြပါကုန်ဘုရား။

၂၄။ မေတ္တာရှေ့ထား သနားချိသာ၊ တရားဒေသနာအား တိုက်ကျွေးပြီးကာ၊
သြဝါဒမျှား ဟောကြားမိန့်မှာ၊ ခေမာနန်း ရည်မှန်းအရောက်ပါဘုရား။

မစန်းဌေး



ယနေ့ ကမ္ဘာတွင် သမ္မာကျမ်းစာပြုံးလျှင်
အများဆုံး ပုံနှိပ်နေရသော စာအုပ်က "ဂင်း
နစ်၏ ကမ္ဘာ့မှတ်တမ်းများ" စာအုပ် ဖြစ်သည်။
ဤစာအုပ်ကို ၁၉၅၅-ခုနှစ်၌ ပထမဆုံး
အကြိမ် ပုံနှိပ်၏။ ဇာတ်လမ်းအစက ၁၉၅၄-
ခုနှစ် စက်တင်ဘာလ(၁၂)ရက်နေ့တွင် လန်ဒန်
မြို့၌ ဆာဟူးဘီးဗား ဆိုသည့် ပုဂ္ဂိုလ်က
သူ တည်ထောင်ထားသော ဒဘချက် အလက်
မှတ်တမ်းအောဂျင်စီမှ စုဆောင်း ထားရှိသော
ရုံးသို့ နောရစ်နှင့်ရော့ မက်ဝှစ်တန်ံ အမည်ရှိ
ညီအစ်ကို နှစ်ယောက်အား မှတ်တမ်းများကို
တိကျမှန်ကန်ရအောင် မည်သို့ ထားရမည်ကို
အကြံတောင်းရာက ယခု ကျော်ကြားလာသည့်
ဂင်းနစ် ကမ္ဘာ့ မှတ်တမ်း စာအုပ်ကြီး ပေါ်
ထွက်လာခဲ့သည်။ တစ်မှတ်ချင်း လူကြိုက်များ
လာခဲ့သည်။ စာသင်ကျောင်းတိုင်းက မှီငြမ်းပြု

စာအုပ်အဖြစ် ဝယ်ယူ ဖိမ်းဆည်းထားကြသလို ကျောင်းသူကျောင်းသားတိုင်းကလည်းအပျော်ဖတ် စာအုပ်အဖြစ် အားပေးကြသည်။ ဤလိုနှင့် ပထမဆုံး ပုံနှိပ်သည့်နှစ်မှာပင် ရောင်းရအတွင် ကျယ်ဆုံး စာအုပ် စာရင်းဝင် ဖြစ်သွားသည်။ ဤမှတ်တမ်းစာအုပ်များကို နှစ်စဉ် ပို၍ကောင်းအောင် အဖြစ်အပျက် အမှန်များကို တိုးခဲ့ရေးသားကြရာက စာအုပ် အဆင့်အတန်းများ ပို၍ ပို၍ ကောင်းလာသလို စာအုပ်များလည်း ပို၍ ပို၍ ထင်ရှားကြော်ကြားလာခဲ့သည်။ ဤစာအုပ်ကို အမေရိကန်နိုင်ငံ၌ ၁၉၅၆-ခုနှစ်၌ လည်းကောင်း၊ ပြင်သစ်ဘာသာဖြင့် ၁၉၆၂-ခုနှစ်၊ ဂျာမန်ဘာသာဖြင့် ၁၉၆၃-ခုနှစ်၊ ဂျပန်ဘာသာဖြင့် ၁၉၆၇-ခုနှစ် စသည်ဖြင့် တိုးခဲ့ထုတ်ဝေခဲ့ကြရာ ယခုအခါ ဘာသာပေါင်း ၃၅-မျိုးဖြင့် စာအုပ် အမျိုးပေါင်း ၂၆၂-မျိုးကို ထုတ်လုပ်ထားပြီး ရှိ၏။ မြန်မာဘာသာဖြင့် လည်း စပယ်ဦး စာတည်းအဖွဲ့က ပြန်ဆိုရေးသားပြီး ဖြစ်သည်။ နှစ်ကြိမ်ပုံနှိပ်ခဲ့ရ၏။

အင်္ဂလိပ်ဘာသာဖြင့် နှစ်စဉ် ထုတ်ဝေနေသော စာအုပ်က ကမ္ဘာတွင် အရောင်းရဆုံး စာအုပ်အဖြစ် နှစ်စဉ် စာရင်းဝင်လျက်ရှိသည်။ ၁၉၈၇-ခုနှစ် စာရင်းအရ ထုတ်ဝေခဲ့ပြီး စာအုပ်ပေါင်း ၅၇-သန်းကို စုပုံလိုက်လျှင် ဧဝရက်တောင်ထိပ်လောက်မြင့်သော စာအုပ်ပုံကြီး ၁၆၃-ပုံ ရသည်ဟု ဆိုကြသည်။

ဤစာအုပ်တွင် ပါရှိသော အချက်အလက်များသည် အမှန်တကယ် ရှိပါလေစ၊ တကယ် ရှိလျှင် ပြပါဟု ဆိုလာသူတွေ့က မနည်းပါ၊ ဒီလိုနှင့် ဂင်းနစ် မှတ်တမ်းများ ပြတိုက်ဆိုပြီး ပေါ်လာရသည်။ ဤပြတိုက်တွင် ကမ္ဘာ့အကြီးဆုံး ပုလဲ၊ ကမ္ဘာ့ အရပ်အပုဆုံး လူ သား၏ အရိုးစု၊ ကမ္ဘာ့ အဝဆုံး လူ၏ ဓာတ်ပုံ၊ ကလေး အများဆုံး မွေးနိုင်စွမ်းရှိသော ခွေးကလေး ရုပ်တု-စသည်တို့ကို အထောက် အထား များအဖြစ် ပြသပေးနေရပါသည်၊ ယခုအခါ ဂင်းနစ် မှတ်တမ်းဆိုင်ရာ ပြခန်းကြီး များကို အမေရိကန် ပြည်ထောင်စု၌-(၁) နယူးယောက်မြို့အင်ပိုင်ယာစတိတ် အဆောက်အဦး၊ (၂) လပ်ဗေးဂပ်မြို့ ဟောဗတယ်ခန်းမ၊ (၃) တောင်ကာလိုရိုးနားပြည်နယ် ဆိပ်ကမ်းသာဟောဗတယ် ဤသို့နေရာနှင့် ယခု (၄) လန်ဒန် မြို့လယ်ပင်ကယ်ဒီကီဆပ်ကပ်၌ တစ်နေရာ စုစုပေါင်း နေရာလေးခု၌ တပြိုင်တည်း ပြသထားရှိပါသည်။ အခကျေးငှေ နှင့်အောင်ယူပြီး ပြသသော ပြခန်းများ ဖြစ်၍ ပြခန်းလာ ပရိသတ် ကျေနပ်ရအောင် ပစ္စည်းများကို သပ်သပ်ရပ်ရပ် ပြသထားပေသည်။

အဆိုပါ စာအုပ်ဟုင် ပါရှိသော ဘာသာရေးနှင့် ပညာရေးဆိုင်ရာ မှတ်တမ်းအချို့ကို ကောက်နှုတ်ဖော်ပြပါမည်။

ဘာသာရေးဆိုင်ရာမှတ်တမ်းများ

ဘာသာဝင်ဦးရေအများဆုံး၊ ၁၉၈၀-ပြည့်နှစ် စာရင်းအရ ဤကမ္ဘာပေါ်၌ ခရစ်ယာန် ဘာသာဝင် သန်း ၁၆၂၀-ရှိသည်။ ယင်းတို့အနက် ကာသိုလိတ် ဘာသာဝင် ဦးရေ သန်း ၉၀၀-ရှိသည်။

ဘုရားကျောင်းများ

ကာသိုလိတ် ဘာသာတွင် ဘုရားကျောင်း ပေါင်း ၄၂၀၀၀၀-ကျောင်း ရှိသည်။ ဘုန်းကြီး ၄၀၅၉၅၉-ပါး၊ သီလရှင် ၉၂၆၃၃-ပါရှိသည်။ ကမ္ဘာ့ အကြီးဆုံး ဘုရားကျောင်းမှာ ယခု ကမ်ပူးချားနိုင်ငံတွင်ရှိသော အင်ကာဝတ် ဘုရားကျောင်းတော်ဖြစ်သည်။ မြေ ၄၂၀-ဧက ကျယ်တွင် သက္ကရာဇ် ၁၁၁၃-၁၁၅၀-ပြည့်နှစ်အတွင်းက တည်ဆောက်ထားသည်။

အကြီးကျယ်ဆုံး ဗုဒ္ဓဘာသာ ပုထိုးတော်ကာ အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းမှ ဆာရာဗုရော စေတီဘော် ဖြစ်သည်။ (ဂ)ရာစုတွင် တည်ဆောက်ခဲ့ကြ၍ အမြင့် ၁၀၃-ပေရှိပြီး စတုရန်း ပေ ၄၀၃-ပေရှိသော စေတီတော် ဖြစ်သည်။

ဗလီ

ကမ္ဘာ့ အကြီးဆုံး ဗလီကို အီရတ်နိုင်ငံ၌ ဂ၄၂-ဂ၅၂-ခုနှစ်များ အတွင်းက တည်ဆောက်ခဲ့ကြသည်၊ ၉၀၂-ကေ ကျယ်သော ကျောင်းတော် ဖြစ်သည်။ ယခု ပျက်စီးနေပြီ၊ လက်ရှိ အသုံးပြုနေသော ဗလီကြီးများတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ ဗလီမှာ အကြီးဆုံး ဖြစ်သည်။ လူပေါင်း ၅၀၀၀၀ တစ်ပြိုင်တည်း ဘုရားဝတ်ပြုနိုင်ကြသည်။

ခရစ်ယာန်ဘုရားကျောင်း

ကမ္ဘာ့ အကြီးဆုံးခရစ်ယာန်ဘုရားကျောင်း တော်မှာ ရောမမြို့တော် ပုပ် ရဟန်း မင်းကြီး သီတင်းသုံးရာ စိန်ပီတာ ဘုရားကျောင်းတော် ဖြစ်သည်၊ စပိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံ မြို့ခတော် ကြီးများ၌လည်း အလွန် ကြီးမားသော ဘုရား ကျောင်းတော်များ ရှိကြသည်။

ဗုဒ္ဓဘာသာစေတီ

ကမ္ဘာ အမြင့်ဆုံး ဗုဒ္ဓဘာသာဝင်တို့ တည် ဆောက်ခဲ့သော စေတီတော်မှာ အမြင့် ၃၂၆-ပေရှိသော ရန်ကုန်မြို့လယ်မှရွှေတိဂုံစေတီတော် ဖြစ်သည်။

ထိုင်းနိုင်ငံမှ မောင်းဂွပ်ဘုရင် ၁၈၅၃-၅၇၁-ခုနှစ်က တည်ဆောက်ခဲ့သော ဘုရားဖသုံ စေတီက အမြင့်ပေ ၃၇၇-ပေရှိသည်ဟု ထပ်မံ သိရသည်။ ရွှေတိဂုံစေတီတော်ထက် ပို၍ မြင့် သော စေတီဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။

ရှေးအကျဆုံးစေတီက တရုတ်နိုင်ငံ ဟိုနန် ပြည်နယ်မှ စန်ယိုစုစေတီ ဖြစ်သည်။ ၁၂-ထောင့် ရှိသော စေတီဖြစ်၍ ၁၅-ထပ် ရှိသည်။ ဤ စေတီကို အေဒီ ၅၂၃-ခုနှစ်က တည်ဆောက် ခဲ့သည်။

ရွှေတိဂုံ သမိုင်းက ဘီစီ ၅၈၅-ခုနှစ်က တည်ဆောက်သည်။ သို့သော် မူလ အဆောက် အဦးကို နောက်ပိုင်း ဒါယကာများက ငုံ၍ တည်ဆောက်ခဲ့ကြပြီးဖြစ်၍ မူလ အဆောက် အဦး စေတီငယ်ကို မမြင်နိုင်တော့ပါ။

ပညာရေးလောက

သက်တမ်းအရှည်ဆုံး တက္ကသိုလ်မှာ မိုရော့ ကိုနိုင်ငံမှ ကရူးတက္ကသိုလ် ဖြစ်သည်။ အေဒီ ၁၅၉-ခုနှစ်က တည်ဆောက်ခဲ့ရာက ယခုတိုင် ပညာသင်ကြားပို့ချပေးနေဆဲ ရှိ၏။

ကျောင်းသား အများဆုံး တက္ကသိုလ်က နယူးရောက် စတိတ် တက္ကသိုလ် ဖြစ်သည်။ ၁၉၀၅-ခုနှစ် စာရင်းအရ မှတ်ပုံတင်ထားသော ကျောင်းသား (၁၅၆၁၇) ဦး ရှိသည်။

ကမ္ဘာ့ အကြီးဆုံး တက္ကသိုလ်ကို ဆော်ဒီ အာရေဗျနိုင်ငံ၌ ၁၉၅၀-ခုနှစ်မှစပြီး တည် ဆောက်ခဲ့သည်။ ဒေါ်လာ ၃၄-ဘီလီယန် အကုန်အကျခံပြီး တည်ဆောက်နေရာ အားလုံး ပြီးစီးပါက မိသားစု ၁၅၀၀၀-နေနိုင်သော အဆောက်အဦးများနှင့် ကိုယ်ပိုင် မီးရထား၊ မော်ဘော်ကားလမ်းများပါ ပါဝင်သည်ဟုသိရ သည်။

ကမ္ဘာ့ အဆောက်အဦး အကြီးဆုံး တက္က သိုလ်က မော်စကိုမြို့တော်မှ လီနင် တက္ကသိုလ် ဖြစ်၏၊ ၃၂-ထပ်ရှိပေါ အဆောက်အဦးကြီး ဖြစ်၍ စာသင်ခန်းပေါင်း (၄၀၀၀၀) ပါရှိ သည်ဟု သိရသည်။

ပညာရှင်များ

ကမ္ဘာ့ အငယ်ဆုံး ပါမောက္ခက ၁၇၁၇-ခုနှစ်က စကော့တလန်နိုင်ငံ အယ်ဘာဒင်း

တက္ကသိုလ် သခ္ခါပါမောက္ခအဖြစ် အရွေး ချယ်ခံရသော ဂေါ်လင်ဟက်လူရစ် ဖြစ်သည်။ သူ့ကို ဆာအိုက်ဇက်နယူတန်၏ ရည်ညွှန်းချက် အရ တာဝန်ပေးအပ်ခြင်းခံရသူ ဖြစ်သည်။

ယခုခေတ်တွင် ဒေါက်တာ ဟာဒဝေးဖရက်ဟင်း အသက်(၁၉)နှစ်က ၁၉၆၇-ခုနှစ်က ကာလီဖိုးနီးယား တက္ကသိုလ် သခ္ခါ တွဲဖက် ပါမောက္ခအဖြစ် ရွေးချယ်ခံရသည်။

သက်တမ်းအရှည်ဆုံး ပါမောက္ခက အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် ဘာကလေ တက္ကသိုလ်မှ ဒေါက်တာဟီဒီဘရင်း ဖြစ်သည်။ သူ့ကို ၁၉၁၃-ခုနှစ်တွင် လက်ထောက် ပါမောက္ခအဖြစ် ရွေးချယ်ခံခဲ့ရရာက နောက်(၆၈)နှစ်အကြာ ၁၉၈၁-ခုနှစ်တွင် သူ၏(၂၇၅)ခုမြောက် သုတေသန စာတမ်းကို တင်သွင်းခဲ့သည်။

အသက်အငယ်ဆုံးတက္ကသိုလ်ကျောင်းသား က ကလပ်စကို တက္ကသိုလ်မှ ဝီလီယန် သွန် ဟဆင် ဖြစ်သည်။ သူသည် အသက်(၁၀)နှစ် နှင့်လေးလ ပြည့်သောနေ့(၁၈၃၄-ခုနှစ်)တွင် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ရာက တက္ကသိုလ်ကျောင်းသား ဖြစ်လာခဲ့သည်။

ဂျပန်နိုင်ငံ ကားဝိုက်အမည်ရှိ ပုဂ္ဂိုလ်က ဂျာမနီနိုင်ငံ တက္ကသိုလ်မှ ၁၈၁၄-ခုနှစ်က အသက် ၁၂-နှစ်တွင် ပါရဂူ.(Ph.D.)ဘွဲ့ ချီးမြှင့်ခြင်းခံရသည်။

ကမ္ဘာတွင် အကြီးဆုံး စာသင်ကျောင်းမှာ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် ရှိသည်။ ၁၉၇၄-ခုနှစ် စာရင်းအရ ကျောင်းသား ပေါင်း ၁၁၂,၃၅၀ ကို လက်ခံသင်ကြားပေး လျက် ရှိသည်။

ဤကဲ့သို့ကမ္ဘာတဝန်းလုံးမှ အုံသြလောက် အောင် ထူးခြားသော မှတ်တမ်းများတွင် မြန်မာ နိုင်ငံမှ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဦးဝိစိတ္တသာရာ ဘိဝံသ ဆရာတော်လည်း ထူးခြားသော ပုဂ္ဂိုလ် အဖြစ် မှတ်တမ်းတင်ခံရသည်။ ဆရာတော်မှာ သာမန် လူသားတို့ မသိသည့်နည်းနှင့်မျှ စွမ်း ဆောင်ဖို့ မလွယ်သော ပိဋကသုံးပုံကျမ်းအပြည့် အစုံကို အာဂုံဆောင်နိုင်သော ဟူ၏။ ပိဋက သုံးပုံမူရင်းကျမ်းတို့မှာ မြန်မာစာပေဖြင့် မဟုတ်ဘဲ မူရင်း ဘုရားဟော ပါဠိဘာသာဖြင့် ရေးသားထားကာ စာအုပ်များက ဆိုက်ကြီးအရွယ် များဖြစ်ပြီး စာအုပ်အားလုံးကို စုပုံလိုက်ပါက လူတစ်ရပ်မကမြင့်သည့် စာအုပ်ရေ(၆၀) စာ မျက်နှာပေါင်း(၈၀၂၀)မျက်နှာ ရှိ၏။

ဤသို့ ထူးခြားသော ဆရာတော်ဘုရားကို ၁၉၉၀-ပြည့်နှစ်ထုတ် ဂင်းနစ် ကမ္ဘာ့မှတ်တမ်း စာအုပ်၌ ရုပ်ပုံဖြင့် ဖော်ပြထားရုံမက အထက် ဖော်ပြပါ ပြခန်းတစ်ခုတွင်လည်း ဆရာတော် ကြီး ဖယောင်းရုပ်တုကို ပြသထားသည်ဟု သိရ သည်။ စာရေးသူ လန်ဒန်မြို့ရောက်စဉ် အဆိုပါ ပြခန်းသို့ ဝင်ကြေး(၃)ပေါင်ပေးပြီး ဝင်ကြည့် ခဲ့ရာ ဆရာတော်၏ ဖယောင်းရုပ်တုနှင့်စာအုပ် ပုံကို မမြင်တွေ့ခဲ့ရပါ။ အခြားပြခန်း များသို့ အလှည့်ကျ ပြောင်းလဲပြသနေသည်ဟု စုံစမ်း သိရှိခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ ဆရာတော်ကြီးကိုတော့ မြန်မာပြည်တွင်းမှာသာမက ကမ္ဘာမှာပင် ထူး ခြားသော ပုဂ္ဂိုလ်တစ်ပါးအဖြစ် အသိအမှတ် ပြုခံရပြီးဖြစ်ရာ စာရေးသူသည် စိတ်ထဲမှာ တစိမ့်စိမ့်ပီတိဖြစ်နေမိရာကအဝေးကကန့်တော့ လိုက်မိပါတော့သည်။

ဆရာဝန် တင်ရွှေ



သက်ဟာရွယ် ကြီးလေလေ ကြီးသည့် သက်တော်ရှည်ပါစေ... ဟူ၍

ဝိသုဒ္ဓါရုံအာရုဏ်အင်္ဂိယ၊ မန္တလေး၊

ဤခရီးစာစောင်တွင် ရေးချင်သော ဆန္ဒရှိလှသဖြင့် ဖော်ပြပါ ခေါင်းစီးဖြင့် မင်းကွန်းဆရာတော်ကြီးအား ဂုဏ်ပြု ပူဇော်သောအားဖြင့် ရေးသားပါမည်။

ဤသို့ ရေးသားဂုဏ်ပြုမှသာ မိမိ အတွက် ကျေနပ်မှု ပြေငြိမ်းမှု ရမည်ဟု ယူဆပါသည်။

မင်းကွန်း ဆရာတော်ကြီး၏ သက်တော်သည် သာသနာတော် တည်တံ့ရေး၊ ပြန့်ပွားရေးအတွက် အရှိန်မြင့်မြင့် ဆောင်ရွက် လုပ်ကိုင်စီမံရင်း ၅၅စ်ဆယ်နှစ် ပြည့်နေပေပြီ။ အလုပ်အကိုင် ကိုယ်ပင်ပန်းမှုကို ရှုကြည့်ပါက သက်တော်ရှစ်ဆယ်(၈၀)ဆိုသော ဂဏန်းကိုမမျှော်မှန်းကြပေ။ သာသနာ့ဂုဏ်တန်ခိုး ပုဂ္ဂိုလ်၏ သီလတန်ခိုး စသည်တို့ကြောင့် ဤ(၈၀)ဂဏန်းနှင့် ဤ အတွဲဘော "သေဋ္ဌံ ပဝရ ပုဂ္ဂလ ရူပကာ"ကို ဖူးမြင်နေရသည်။

အသက်အရွယ် ကြီးလာသူတိုင်း အသက်ကား မရှည်၊ အသက်၏ တိုရေရှားရေ ရှိသည်ကိုသာ ဘွေ့ရ၏ဟု ထေရဂါထာ ဒေသနာဟောကြားချက်ရှိသည်။

အသက်အရွယ်ဂဏန်းသည် ဆယ်နှစ်ပြည့်ပြီ၊ ယင်းဆယ်နှစ်မှ နှစ်ဆယ်၊ နှစ်ဆယ်မှ သုံးဆယ် စသည် လေးဆယ် ငါးဘယ် စသည် ကြီးကြီးလာသော ဂဏန်းကြောင့် နောင်နေရမည့်ဂဏန်းကား သေးငယ် တိုတောင်းလာနေသည် မဟုတ်ပါလော၊ အမှန်ပင် လူတို့၏ အသက်သည် တိုး၍တိုး၍သာ ရှိနေချေမည်။

အသက် ဂဏန်း ကြီးထွားလာ ခြင်းသည် အသက်တိုခြင်းပေပဲဟု ဆိုရသည်။ (ဥပမာ) လူ့ပြည်၌ နှစ်ပရိစ္ဆေဒအားဖြင့် အသက်ခြောက်ဆယ်နေဖို့၊ ယင်းလူသား၏ ကံ စိတ် ဥတု အာဟာရတို့ဖန်တီးပြီးသူတစ်ယောက် လူတစ်ကိုယ် ဖြစ်ငြား ပေါက်ဖွားရောက်လာသည်ဆိုပါတော့ ယင်းပုဂ္ဂိုလ်၏ သက်တမ်းက ခြောက်ဆယ် ဖြစ်နေသည့် အတွက် ယင်း တစ်နှစ်သား ကလေးသည် လူ့ပြည် နေရမည့် အသက် တွက်ချက်ကြည့်လျှင် ငါးဆယ့်ကိုးနှစ်သာ ကျန်ရှိ ပေသည်။ ခြောက်ဆယ်မဟုတ်တော့ပေ။

ဆက်၍ထပ်မံရှင်းလိုသည်မှာ–လူ့အသက် ခြောက်ဆယ် ဖန်တီးပြီးသူသည် တစ်ဆယ်နှစ်ပြည့်က ငါးဆယ်နှစ်သာ နေရမည်။ နောက်ပိုင်း ငါးဆယ့်ကိုးနှစ် ပြည့်နေချိန်ကို တွက်ဆကြည့်သော် ယင်းမနုဿလူသားသည် လူ့ပြည်၌ ဆယ့်နှစ်လ(တစ်နှစ်မျှသာ နေရမည်မှာ သေချာနေပေပြီ။

ထို့ကြောင့် လူ့အသက်သည် တိုရေရှားရေဟု ဆိုရချေသည်။

ဗုဒ္ဓဘုရားရှင် လက်ထက်တော်က ဗုဒ္ဓရှင်တော်မြတ်၏ လမ်းညွှန်မှုဖြင့် တရားဓမ္မ အားထုတ်ခဲ့သော "အမ်မဗုတ္တ" မထေရ်မြတ်သည် အခါနှစ်အခါ သင့်မြတ်သည့်နေ့၌ အာသဝေါကုန်ခမ်း ရဟန္တာအဖြစ်သို့ ရောက်ခဲ့ပေသည်။

"ငါသည်ရဟန်းတရားပွဲများကြိုးစားခြင်းဟု ဆိုအပ်သော သံမဝပွဓာန်လုံ့လရှေ့ကြောင့် အာသဝေါကုန်စင် ရဟန္တာအရှင်တစ်ပါး ဖြစ်ရချေ၏"ဟု ဥဒါန်းကျူးရင့်တော်မူလျက် ပုထုဇဉ် ရဟန်းများအပေါ် ကရုဏာတော် သက်ရောက်တော်မူကာ ဩဝါဒ ဓမ္မကထာ မြွက်ကြားတော်မူခဲ့သည်မှာ–

ကာယဒုဋ္ဌုလ္လ ဂရုနော၊
ဟိယျ့ မာနမို့ ဇီဝိတေ။
သရီရ သုခဂိဒ္ဓဿ။
ကုတော သမဏ သာဓုတာ။

ဇီဝိတေ=လူ့ အခွင့်အရေးဟု ဆိုအပ်သော လူ့အသက်သည်။ ဟိယျမာနမို့=တစ်နေ့ တစ်တစ်ခြား နည်းပါး ယုတ်လျော့ခြင်း ဟူသော တိုရေရှား၏ ဖြစ်နေပါလျက်။ ကာယဒုဋ္ဌုလ္လ ဂရုနော= အအိပ်အစား များပြား ခြင်းဖြင့် ကိုယ်အင်္ဂါအသား တိုးပွား ဝဖြိုးခြင်း ကိုသာ အလေးပြုထသော။ သရီရ သုခဂိဒ္ဓဿ=တစ်သက်လျာ ကိုယ်ချမ်းသာ ကိုသာ မက်မောထသော။ တဿ= ထို(ဟန်းဖျင်း, လူဖျင်း, သူဖျင်းအား၊ သမဏ သ.ဓုတာ = ရဟန်းကောင်း လူကောင်း သူကောင်း အဖြစ်သည်။ (ဝါ)ရဟန်းကောင်းအဖြစ်, လူကောင်းအဖြစ်, သူကောင်းအဖြစ်ဟု ဆိုအပ်သော အပါယ်လေးပါးမှ လွတ်မြောက်ရာ ဂုဏ်သည်။ ကုတော အတ္ထိ=အဘယ်မှာ ရရှိနိုင်ပါအံ့နည်း။ နအတ္ထိ= မရရှိနိုင်လေတော့သတည်း။

ဤဆေရဂါထာ ပါဠိဒေသနာ ရှိနေသည့် အတွက် သဘာဝ လက္ခဏာ အချင်းကလည်း မျက်မြင်ဒိဋ္ဌ ဓမ္မတာက ရှိနေပေရာ ဂါထာ၏ ဒုတိယပါဒ "ဟိယျမာနမို့ ဇီဝိတေ=အသက် ဟာ လျော့ပြီးတိုတိုနေတယ်" ဆိုတာကို "ဌိတ မာနမို့ ဇီဝိတေ=အသက်ဟာ တန့်နေဖို့ကောင်းတယ်၊ ဆရာတော်ကြီး အသက်တန့်တည် ရပ်နေသင့်ပါတယ်ဆိုလို့ မရနိုင်သည်ကို ရိပ်မိသိရှိရတော့သည်ကြောင့် သက်ရှယ်တော် ဂဏန်းကြီးထွားသော်လည်း သက်တော် တိုရှေ့ရှား ရေ မဖြစ်ပါစေနှင့်၊ ရှည်တော် မူနိုင်ပါစေ။ နောက်ရှစ်ဆယ်(၈၀)တစ်ဆတိုး၍ ကျမ်းကိုး အရအရှင်ဗာကုလသို့ (၁၆၀) ရှည်တော်မူပါစေလို့ ဆုမွန်ကောင်း တောင်းလိုပါသည်။

ထို့ကြောင့် ဆရာတော်ကြီးသည် "သက်တော်ရှယ် ကြီးလေသမျှ ကြီးသည့်သက်တော် ရှည်ပါစေ"ဟူ၍ စိတ်အား့တင်းကာဆုတောင်း ပတ္ထနာ ပြုအပ်ပါသည်။

ဝိသုဒ္ဓါရုံဥုးအဋ္ဌဳယ



ဇနီးစိတ်စမ်းအောင်
လုံ့လရှင်၊

ဗန္ဓုရဝင်း





ဇွဲစိတ်စွမ်းအင် လုံလျှင်

ဇွဲလုံ့လဝီရိယတို့သည် စိတ်၏ပြင်းပြသော ဆန္ဒကို ကူညီဆောင်ရွက်ပေးနိုင်ကြသည်။ စိတ်ကို ဦးဆောင် ကြံတိုင်းအောင်သည်မှာလည်း လုံ့လဝီရိယဇွဲပါမှဖြစ်သည်။ လုံ့လဝီရိယ ရှိသူများသည် စိတ်ပျက်အားလျော့ခြင်းတို့ကို လုံးဝလက်မခံ သံမဏိမာန် အမြဲရှိနေကြသည်။ ထို့ကြောင့် "လုံ့လဝီရိယဇွဲကို မြဲအောင်ပဲအတည် အသည်းထဲမှာ စွဲကာ ပိုင်ပိုင်နိုင်နိုင် မြို့ငြိမ်ငြိမ် ဆိုင်ဆိုင် အထက်တန်းကျကျနနသတ္တိဗျတ္တိရှိကြစေခြင်းသည်"ဟုဆိုရပါမည်။

ဂုဏ်ယူစရာ ပုံနမူနာပြရမှာဖြင့် လုံ့လဝီရိယဇွဲကြီးမားလွန်းလှသော ဆရာတော်ကြီးတစ်ပါး၏ အကြောင်းပင်ဖြစ်သည်။ ဆရာတော်ကြီး၏ ဂုဏ်ကို ချီးကျူး၍မကုန် ရှိရပါသည်။

အရှင်ဝိစိတ္တသာရာဘိဝံသ သက်တော် (၇၈)နှစ်မြောက် တတိယသုံးနှစ်ခရီး အထိမ်းအမှတ်ဖြင့် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို ရောက်ခဲ့ရသည့် အတွေ့အကြုံမှာ မေ့မကုန်အောင် ရှိရပါသည်။ ၁၉၇၉-ခုနှစ် နိုဝင်ဘာလ ၉-ရက်၊ နေ့လယ်ပိုင်းတွင် ဂုဏ်ပြုပူဇော် ရှိခိုးကန်တော့ကြသည်။ ဆရာတော်ကြီးအား ရှိခိုးပူဇော်ကန်တော့ရင်း ဆရာတော်ကြီး၏ ပညာဂုဏ်ကို တသိမ့်သိမ့် စဉ်းစားမိပါသည်။

ဆရာတော်ကြီးသည်စာတတ်ပေတတ် ကျမ်းဂန်တတ်ရုံတင်မက စိတ်ထားလည်း မြင့်မြတ်သည်ကို လေ့လာမှတ်သား အသိအကြားရခဲ့ပါသည်။ ဆရာတော်ဘုရားကြီးသည် တိပိဋကသံဃာတော်များ၏ အကျိုးစီးပွားကို လိုလားသည်နှင့်အမျှ ပရိယတ္တိသာသနာတော်ကြီးကို စည်ပင်ပြန့်ပွားစေလိုသည်။ သံဃာတော်များအပေါ် ကိုယ်နှင့်ထပ်တူထပ်မျှ ကျမ်းဂန်တတ် အာဇာနည်ပုဂ္ဂိုလ်ကျော်များ ဖြစ်စေချင်သည့် မေတ္တာစေတနာတော်လည်း ကြီးမားတော်မူသည်။ သံဃာတော်မြတ်များ၏ တိုးတက်မှု အောင်မြင်မှု ချမ်းသာမှုတို့ကို လိုလားတော်မူသည်။ ကိုယ်ချင်းစာတတ်သော စိတ်ထားဖြင့် အရာရာမှာ လိုလေသေးမရှိအောင် ကြပ်မတ်ဆောင်ရွက်ပေးသည်ဟုလည်း သိရှိရလေသည်။ အချိန်မှန်မှန် စာကျက်နိုင်အောင် ဆုံးမကွပ်ကဲအတွက် လိုလေသေးမရှိအောင် ကျန်းမာရေးအတွက် ဆေးပစ္စည်း စတုမဓူ အဖျော်ယမကာ စသည်တို့ပါမကျန် ထောက်ပံ့ဖို့အရေး လက်မနှေးအောင် ညွှန်ကြားချက် သတိကလေး အသိပေးဂရုတစိုက် ရှိနေသည်ဟုလည်း သိရှိရလေသည်။

ဆရာတော်ကြီးသည် သံဃာတော်များ၏ အကျိုး တကယ်ပင် မျှော်ကိုးလျက် ကိုယ်တိုင် ဦးဆောင်ကြပ်မတ်ကာ နေ့မအား ညမအား ကြိုးစားသည်များမှာ ရှုဒ်လန်းချမ်းမြေ့စရာပင် ဖြစ်ပါသည်။ ရန်ကုန်မြို့၊ ကမ္ဘာအေးရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ ပရိယတ္တိသာသနာ့တက္ကသိုလ်ကျောင်းတော်ကြီးများမှာ သင်တန်းအဖြာဖြာ အရောင်အရှိန်မည်း နောင်အချိန် ဟိုးဟိုးကျော်မည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကျော်များ၏ ဘူမိနက်သန် အောင်မြေမှန်ဟု ဆိုရပါမည်။

ဆရာတော်ဘုရားကြီးသည်သံဃာတော်များကိစ္စတွင်သာမက လူမှုရေးမှာလည်း ထောက်ပံ့

လျှဒါနိုး လက်ဆင့်ကမ်းသော အလှူကုသိုလ် မျိုးတို့နှင့်လည်း အကူအညီပေးတတ်လေသည်။ အထက်အောက်အမြို့မြို့အရွာရွာမှာ ဆရာတော်ကြီးအား ကြည်ညိုသဒ္ဓါပုဂ်းများကာဖြင့် လှူဒါနိုးသော အလှူငွေများကို ကိုယ်ကျိုးအတွက် မလိုလားဘဲ အများအကျိုးအတွက် ဖြစ်စေမည့် အလှူဒါနဘက်သို့ လွှဲပြောင်းပေးလေသည်။ အလှူရှင်များက မင်းကွန်းဓမ္မာနာဒ တိုက်တွင် ဆောက်လုပ်ရန် ဓမ္မာရုံ ကျောင်းတိုက် မုခ်ဦး ခြံသော့်ရုပ်စသည်တို့ကို လက်မခံဘဲ ကျေးရွာဆေးဒေပးခန်း၊ ဆေးရုံဆောက်လုပ်ရန်၊ ကျေးရွာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း ဆောက်လုပ်ရန်နှင့် ဆေးရုံတွင်သိုအပ်နေသော ဆေးပစ္စည်းများကို လွှဲပြောင်း လှူဒါနိုး စေသည်။ ဆရာတော်ကြီးအား နဝကမ္မလှူဒါနိုးသော အလှူငွေကိုလည်း သံဃာတော်များ နေရေးထိုင်ရေး ဆွမ်းအရေးအတွက် ထောက်ပံ့လှူဒါနိုးလေသည်။

နိုင်ငံတော်အစိုးရကလှူဒါနိုးသောတိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ သာသနာ့အောင်လံတော် တပည့်နှစ်ဦးနှင့်တကွ ကုန်းရေလအခမဲစီနင်းလိုက်ပါနိုင်ခွင့်နှင့် လစဉ်ဆွမ်းဆန်တော် ထောက်ပံ့သည့် လစဉ်အလှူငွေ ကျပ်သုံးရာတစ်ဆယ့်တစ်ကျပ်တိတိကို မင်းကွန်းချောင်ဆရာတော်များ သီလရှင်ချောင်ဆရာကြီးများ မျက်မှောက်၌ ဝမ်းမြောက်ကြည်ညို "နိကာယ်ငါးရပ်ပိဋကတ်သာသနာတော်အား" အာလယပြုတ် လှူဒါနိုးတော်မူလေသည်။ မင်းကွန်းတောင်ရိုး၌ ရေမီး တပ်ဆင်ခြင်း၊ မင်းကွန်းဘိုးဘွားရိပ်သာ၏ စားဝတ်နေရေးတို့ကို တာဝန်ခံ ဖြည့်ဆည်းပေးခြင်းတို့ကို ဦးစီးအမှူးပြု၍ ဆောင်ရွက်ပေးတော်မူသည်။ မိုးမိတ်ကုန်းမြေရှိ စေတီပုထိုး တိပိဋကကျောင်းတော် ဆောက်လုပ်ရာတွင် ဦးဆောင်တည်ထား ဆောက်လုပ်တော်မူစေသည်။

မည်သို့ပင်ဖြစ်စေ ဆရာတော်ကြီးထံမှောက်သို့ ရောက်ခဲ့ရသော စာရေးသူအဖို့ ဆရာတော်ကြီး၏ ဆောင်ရွက်ချက်လုပ်ငန်းတွေကို ကြည့်ရှုနားလည်သဘောပေါက်လာပါသည်။ ဆရာတော်ကြီးကို အားကျနည်းယူကာ ကိုယ်အစွမ်းရှိသမျှ သာသနာ့အကျိုးကို သယ်ပိုးထမ်းရွက်ပါမည်ဟူသော အသိစိတ်ကလေးမှာ ဖြူစင်ခြမ်းမြေ့ပီတိတွေ့ခဲ့ရပါတော့သတည်း။

ဗန္ဓုရဝင်း

မူလပကတိသဘောထား

အကျွန်ုပ်၏ တရားဓမ္မ ကျန်းဂန်စာပေအယူအဆ အဝဝသော အရေးတို့၌ မူလပကတိသဘောထား အလေ့အကျက်မှာ မည်သူနှင့်မျှ ငြင်းခုံခြင်းမပြုဘဲ အေးဆေးစွာဖြင့် ပြီးစီးအောင်မြင်စေခြင်း ဖြစ်ပါသည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးရေး
ထေရဂုဏ်ရည်
ရှစ်ဆယ်ပေါ်တေးထပ်


ဝဠံသကာတိပိဋက
အဘိဓေ တဖုံဆင်
အတိပဝရ ဂုဏ်အရှင်ရယ်
ဝသုန်မြေခွင် လွန်ကျော်ကြား၊
ခြောက်ဂုဏ်နာယက အကျင့်စုံညီတယ်
အရှင့်ဂုဏ်ရည် ရှိခိုးပါ၏ ဘုရား။
သာသနာသွေးက နွေးထွေးပါသည်
အေးဆေးကြည်သာ အကြောင်းမျှော်ပွား။
ရွေးရွေးအတီတာ အလောင်းတော်များကဲ့သို့
ပေါင်းဖော်အမျှား အကျိုးတော်ဆောင်၊
စာဖဲ့မကုန်ပေါင် ဂုဏ်ရောင်ထုတွေက
ပုံဆောင်ပြု လ နေအရောင်။
အာယုကပ်သက် ကမ်းတက်ကျော်အောင်
မှန်းလျှက်ဖော်ဆောင် ဆုချွေတောင်းမယ်ဘုရ့
အမြုတေအပေါင်း ခညောင်း ညီစံရာ
အပေါင်း ပြည်မြန်မာ။
ရောဂါဝေးလို့ ဘေးပကွာသည်
အေးမြအမတာ ရွှယ်မှန်းခါပလေး။
သာသနာပြုတဲ့ တောင်းမူမဟာကို
ပေါင်းစုကာ လှူဒါန်းတယ်ဘုရ့လေး။
မှော်ဝန်းသုံးခွ ဟံသာမြေမှာ
ကံမဟာတွေ ပွင့်လန်းပြီ ဘုရ့လေး။

ရေးသားပူဇော်သူ
ဆရာညို (စမ္မာစရိယ)
(၂) ရပ်ကွက်၊ မြန်နွာလမ်း
သုံးခွမြို့

ဝိတစိသံ

နတ်ဖေါက်အရှင်သုဓမ္မသာရ

<ဗဟုလီကုန်း>



ပဲ့တင်သံ

စာရေးသူတို့ရွာသည် "နဘူးတောင်ရွာ" ဖြစ်သည်။ နဘူးတောင်ကြီးသည် တောင်လျှင် တောင်ဝှန်း တောင်စွယ် တောင်တန်း တို့ ဖြင့် မြင့်မားမတ်စောက်စွာ တည်ရှိနေပါသည်။

တောင်ပေါ်ရှိ များပြားလှသော ဘုရား စေတီများအား ဖူးမြော်သွားကြလျှင် ဘုရားဖူး တို့သည် "အို-မြတ်စွာဘုရား" ဟု အော်လျက် တမ်းတကြ၏။ထိုအခါ တောင်ဝှန်းချိုင့်အတွင်း မှ ထိုသူ၏အသံနှင့်အတူ "အို-မြတ်စွာဘုရား" ဟု ပဲ့တင်သံ ထွက်ပေါ်လာပါသည်။ အချို့ အမေတမ်းတသူတို့ကလည်း "အမေရေ" ဟု အော်ခေါ်ကြည့်ကြပါသည်။ ထိုအခါ တောင် ကြီးထံမှလည်း "အမေရေ"ဟုပင် တုံ့ပြန်ရိုက် ခတ်လာပါသည်။ ဤကား ပဲ့တင်သံ သဘော တည်း။

ပဲ့တင်သံသည် အရှိအတိုင်းသာ ထွက်၏။ ပြောင်းလဲဖောက်ပြန်၍ မထွက်။ ကောင်းသော အသံဖြင့် ထွက်ဆိုလျှင် ထိုအတိုင်းသာ တုံ့ပြန် ထွက်၏။ မကောင်းသောအသံဖြင့် ထွက်ဆိုလျှင် လည်း ထိုအတိုင်းသာ ထွက်ရှိစမြဲတည်း။

ပဲ့တင်သံနှစ်မျိုး

ဤတွင် ပဲ့တင်သံသည် သူတော်ကောင်း တို့၏ပဲ့တင်သံ၊ သူယုတ်မာတို့၏ ပဲ့တင်သံဟူ၍ နှစ်မျိုးခွဲခြားယူနိုင်ပါသည်။ ဗုဒ္ဓခေတ်မှ ယနေ့ ကာလတိုင်အောင် သူတော်ကောင်းတို့ ပြော ဆိုခဲ့၊ ပြုလုပ်ခဲ့ကြသော အပြုအမူတို့သည် ထိုစဉ် က ပြုမူပြောဆိုခဲ့ကြသည့် အတိုင်းပင် တည်ရှိ နေကြ၏။ အဓိပ္ပာယ် ထွက်ရှိနေကြဆဲ ဖြစ်ပါ ၏။ သာသနာ ၂၅၃၃ခုသို့တိုင်အောင် ကဗိ ပညာရှင် အသီးသီးတို့က ဘာသာ စကား အမျိုးမျိုးတို့ဖြင့် ပုဒ်ဆို ခဲ့ဖွဲ့ကြသော်လည်း ထိုပုဒ်ဆိုရှင်းပြချက်တို့သည် အဓိပ္ပာယ် မခြားနား အနက် မပြားကြပေ။

စင်စစ်အားဖြင့် ဤနောက်ရေး ပညာရှင် တို့သည် မူလဘုတ ပြောဆို ပြုလုပ်ခဲ့သူတို့၏ ပဲ့တင်သံကိုသာ အရှိသဘာဝအတိုင်း ပုဒ်ဆို ကြရခြင်း ဖြစ်ပါတော့သည်။အဘယ်မှာ အနက် အဓိပ္ပာယ် ခြားနားတုံအံ့နည်း။

ယင်းကြောင့် ကောင်းသော အပြုအမူတို့ သည် ကောင်းသောပဲ့တင်သံအဖြစ် နှစ်ပရိစ္ဆေဒ ကြာမြင့်သည့် တိုင်အောင် တည်ရှိနေပေလိမ့် မည်။သို့ဖြစ်ရာ ကျန်ုပ်တို့သည် အပြုအမူကောင်း ကိုသာ လိုလားအပ်ပါပေသည်။ ဖြောင့်မတ် ဖြူစင်ခြင်းကိုသာ ကျင့်သုံးအပ်ပါသည်။

တိပိဋကပဲ့တင်သံ

မျက်မှောက်ခေတ်ကာလ၌သူတော်ကောင်း ပညာရှိပုဂ္ဂိုလ်တို့၏ ပဲ့တင်သံများသည် မြန်မာ ပြည်တစ်ဝှန်း ပြန့်မှံမ်း လှမ်းခြုံ ရစ်သိုင်းအုံ လျက် ရှိနေပါသည်။

(၁) အာဒိကမ္မိက တိပိဋကရေ မင်းကွန်း ဆရာတော်ကြီးသည် ကိုယ်တော်တိုင် တိပိဋက ဓရ ဘွဲ့ပန်းကို ဆင်မြန်းဘော်မူ၍ ညီတော် အများတို့အားလည်း မေတ္တာတရား ရှေ့ထား လျက် ကိုယ်နှင့်ထပ်တူ ဉာဏ်ရည်တူ တိပိဋကဓရ များ ဖြစ်ပေါ်လာအောင် စွမ်းစွမ်းတမံ ရွက် ဆောင် အားပေးတော် မူလေသည်။ သူမတူ အောင် ဓမ္မမစ္ဆရိယ ကဗိုးတော်မူပါသောဆရာ တော်ကြီးအား ဦးခိုက်မိပါသတည်း။

(၂) နိုင်ငံတော် ဝန်ကြီးချုပ်၏ လျှောက် ထားချက်အရ နိုင်ငံတော်သားများ အမိမြန်မာ စာဖြင့် ဖတ်ရှုနိုင်ကြရန် **"နိုင်ငံတော် ဗုဒ္ဓဝင်**

ကျမ်းကြီး ၆–တွဲ ၈–အုပ်'' ပြုစုတော်မူသည်မှာ အံ့ချီးဖွယ် ဇွဲလုံ့လ ပညာရှင်ကြီး ဖြစ်တော်မူပါပေသည်ဘကား။

(၃) ပြန်ပြောင်း၍ တွေးတောကြည့်လျှင် တစိမ့်စိမ့်တသိမ့်သိမ့် အားရရှင်လန်းဖွယ်ရာကြီး ဖြစ်သော ''ဆင္ဒ သင်္ဂါယနာတင် ပဲ့ကြီး'' တွင် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့ဆောင်အရှင် **အာနန္ဒာမထေရ်မြတ်ကြီးအသင်ထင်ထင် ပေါ်ပေါ် ကမ္ဘာကျော်အောင် ဆောင်ရွက်ဖြေရှင်း တော်မူချက်တို့မှာလည်း လိုက်မမီ, တုမရ, ယှဉ်ဖွယ်မရှိ ပကတိမြတ်သော ပညာရှင် အစစ်ကြီး ဖြစ်ကြောင်း ကောင်းစွာ သာဓုနုမော် ခေါ်ဆို ရပါတော့သတည်း။**

(၄) နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး အံ့ချီးဖွယ် ပေါ်ပေါက်လာရာဝယ် ကြီးမား များပြား ရှုတ်ထွေးပွေလီမ်လှသော သုတ်သင်ရှင်းလင်းဖွယ် အခက်အခဲများကို ဘုန်းကံပါရမီ ဉာဏ်ဝီစိန်သွားတို့ဖြင့် ဖြိုခွဲ ဖြေရှင်းနိုင်ရန်အလို့ငှာ အကျိုးတော်ဆောင်အရာ ပေးအပ်တော်မူခြင်းခံရပေရာ ထိုအရာနှင့်လျော်ညီစွာ ဆောင်ရွက်ဖြေရှင်းချက်တို့မှာလည်း အားရဘနန်း ကြက်သီးဖြန်းမျှဖြင့် ရှိကြရပါတော့သည်။

လူသာမန်တို့အနေအားဖြင့်....

(၅) ကြံရုံမျှမကြံရဲ၊ ပြောဆိုဖို့ကား ဝေးလှစွ၊ ပြုလုပ်ဖို့မှာ အိပ်မက်မျှ မမက်ဝံ့သော တိပိဋက = နိကာယ ကျောင်းတိုက်ကြီး နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး နှစ်ခုတို့ကို လုပ်ဆောင်ပြုပုံတို့မှာ မိမိ ဝှက်ထားသောပစ္စည်းကို မိမိပင်ထုတ်ယူပြသကဲ့သို့ ဟောတစ်ခု၊ ဟောတစ်ခုဖြင့် အလွယ်တကူပင် ပြီးစီးခဲ့ပေတော့သည်။

အစ္ဆရိယံ ဘန္တေ = အံ့သြဖွယ်ရှိပေစွ အရှင်ဘုရား။


အဗ္ဘုတံ ဘန္တေ=မကြုံစဖူး ထူးထူးကဲကဲ ကြုံရပေစွ အရှင်ဘုရား။

(၆) ဂိုဏ်းတူ, မတူ၊ ဂုဏ်ရည်မျှ မမျှ၊ ပြောကြားလာသမျှ စကားများကို အကျိုးရှိစွာ ပြန်ကြားခြင်း၊ သည်းခံဖွယ်အရေးဌာ သူမတူ နှုတ်ဆိတ်၍ သည်းခံတော်မူနိုင်ခြင်း မှာလည်း ဤခေတ်တွင် မြင်ရပါ့မလားလို ရှာကြံ သူများအတွက် အားတက်ဖွယ် သူတော်ကောင်းစံပြ, အနောတတ် ရေအိုင်ကြီးပမာ ဖြစ်ရှိပါတော့သည်။

ပဲ့တင်သံ – ဤပဲ့တင်သံဟူသည်မှာ မူလသဘာဝ ဖြစ်ပေါ်ရာ အသံအမူအရာ**အတိုင်း** မဆိုင်းမတွ ပြန်ခတ်လာသော တုံ့ပြန်သံကို ခေါ်ဆိုခြင်း ဖြစ်ပေရာ ယခု ဖော်ပြရာပါ ''**တိပိဋကပဲ့တင်သံ**'' တို့မှာ ဆရာတော်ကြီး၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ကြုံစည်ပြောဆို ပြုလုပ်ရာမှထွက်ပေါ်လာသော ပဲ့တင်သံတို့ပင် ဖြစ်ပါတော့သည်။

ဤပဲ့တင်သံ တို့သည် စကြဝဠာ တစ်တိုင်းအရပ်သို့တိုင်အောင် သွားရောက် ရိုက်ခတ်နေကြဆဲ ဖြစ်ပါ၏။ ထိုစကြဝဠာ တစ်တိုင်းသို့ ရောက်ပြန်ကလည်း တစ်ဖန် တုံ့ရိုက်၍ ဤမှာဘက်သို့ ပြန်ရောက်လာပေလိမ့်ဦးမည်။ထိုအခါ ဤတိပိဋကဓရ မင်းကွန်း ဆရာတော်ကြီး၏ ''**ဓမ္မပဲ့တင်သံ**''**တို့သည်** ကမ္ဘာမသုဉ်းသမျှ လူလူမဆိတ်နိုင်၊ လူမဆိတ်သမျှ အသံမဆိတ်သုဉ်းမှဘဲ တအုန်းအုန်း တဖြုန်းဖြုန်းမည်ဟီး ရိုက်ခတ်လျက် လွှည့်ပတ်နေလိမ့်ဦးမည်သာဖြစ်ကြောင်း ရေးသားအပ်ပါသတည်း။

နတ်ဓမာက်အရှင်သုဓိဇ္ဇသာရ



မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ထူးထူးခြားခြား အမိန့်စကားတော်များ (၃)

ညောင်ကန်အေးဆရာတော် တင်ပြပူဇော်သည့် ထူးခြားသော မဟာစည်အစည်းအဝေးပွဲကြီးများ

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း၊ အမှတ်၊ ၁၆၊ ဗုဒ္ဓသာသနာ နဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာကြီး၌၊ ၁၃၅၁-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉-ရက်၊ ၁၀-ရက်၊ ၁၉၈၉-ခု၊ အောက်တိုဘာလ ၂၃-ရက်၊ ၂၄-ရက် များနှင့် နတ်တော်လဆန်း ၁၅-ရက်၊ လပြည့်ကျော် ၁-ရက်၊ ၂-ရက်၊ ဒီဇင်ဘာလ (၁၂-၁၃-၁၄-၁၅) ရက်များ၌ မဟာစည်ရိပ်သာများ နာယကအဖွဲ့ကြီး၏ အထူးအစည်းအဝေးပွဲကြီးနှင့် နှစ်ပတ်လည် စည်းဝေးပွဲကြီးများကို ထူးခြား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ဥသျှောင်ဆရာတော်ကြီး ငါးပါး

ထိုအစည်းအဝေးပွဲကြီးများကို ကျင်းပရာ၌ မဟာစည်ရိပ်သာများ နာယကအဖွဲ့ကြီး၏ လမ်းညွှန်ဥသျှောင် နာယကဆရာတော်ကြီးများ ဖြစ်တော်မူကြသော -

၁။ ဝက်လက် မစိုးရိမ်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ တိသမဟာထေရ်၊

၂။ ပုသိမ် သဒ္ဓမ္မသီတဂူဆရာတော်ဘုရားကြီး ဘဒ္ဒန္တ အာစိဏ္ဏမဟာထေရ်၊

၃။ ဖျာပုံ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝဏ္ဏီတ မဟာထေရ်

၄။ မြောက်ဥက္ကလာပမြို့၊ ရွှေဥမင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ကောသလ္လမဟာထေရ်၊

၅။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မဟာထေရ် –ဟူသော ဆရာတော်ဘုရားကြီးငါးပါးတို့က ဦးစီးကွပ်ကဲကြ၍ ထိန်းသိမ်းစောင့်ရှောက်လျက် အောင်မြင်အောင် ချီးမြှောက်ဆောင်ရွက်တော်မူကြပါပေသည်။

ထူးထူးခြားခြား အမိန့်စကား

ထို မဟာစည်ရိပ်သာများ နာယကအဖွဲ့ကြီး၏ လမ်းညွှန်ဥဿောင် သြဝါဒါစရိယ ဆရာတော်ကြီးငါးပါးတို့တွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ယခုနှစ်ကျင်းပခဲ့သော မဟာစည် ရိပ်သာများ နာယကအဖွဲ့ကြီး၏ အစည်းအဝေးပွဲကြီးများ၌ မေတ္တာ၊ ကရဏာ ကြီးမားစွာဖြင့် ထူးထူးခြားခြား အကြံပေး ဆွေးနွေးစကားတို့ကိုလည်း စိတ်ပါလက်ပါ မိန့်ကြားတော်မူခဲ့ပါသည်။ ထိုသမိုင်းဝင်မိန့်ခွန်းများကို ဗုဒ္ဓသာသနာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါပွား၍ လေးစားလိုက်နာ သာသနာပြုနိုင်ကြရန် ဤ၌ ဖော်ပြပါမည်။

၁၃၅၁-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက် (၂၃-၁၀-၈၉)၌ မဟာစည်ရိပ်သာများ နာယကအဖွဲ့ အထူးအစည်းအဝေးကြီးတွင် –

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး
မိန့်ကြားတော်မူသော
သဘာပတိ အဖွင့်မိန့်ခွန်း

ယနေ့ ကောဇာသက္ကရာဇ် ၁၃၅၁-ခု၊ သာသနာတော် ၂၅၃၃-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၉)ရက် (၂၃-၁၀-၈၉) နေ့ နေ့မွန်းလွဲ (၁)နာရီအချိန်- "မဟာစည် သာသနာ့ရိပ်သာများ နာယက ဆရာတော်များ၏ အထူးအစည်းအဝေး" ၌ အစီအစဉ် အမှတ်(၄)အရ၊ တပည့်တော်က အဖွင့်မိန့်ခွန်းနဲ့ ဩဝါဒကထာစကား မိန့်ကြားဘို့ အစီအစဉ်က ချမှတ်ထားပါတယ်။

တပည့်တော်များ အဖွင့်မိန့်ခွန်းအနေနဲ့-

သုခေါ ဗုဒ္ဓါန + မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။

သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။ ။ဆိုတဲ့

ဝိနည်း စူဠဝဂ္ဂ သေနာသနက္ခန္ဓက-လာ သုခ-၄-ပါ: တရားကို လျှောက်ထားညွှန်ကြားလိုပါတယ်။

(၁) ဗုဒ္ဓါနံ= သဗ္ဗညုဗုဒ္ဓ အမည်ရတဲ့ လောကထွတ်ထား မြတ်စွာဘုရားတို့၏ ။ ဥပ္ပါဒေါ= ဖြစ်ထွန်း ပွင့်တော်မူလာခြင်းသည် ။ သုခေါ = ရှေးဦးအစပထမ သုခ မင်္ဂလာ ချမ်းသာသိုက်ကြီးပါပေ။

(၂)ဗုဒ္ဓါနံ= သဗ္ဗညုဗုဒ္ဓ အမည်ရတဲ့ လောကထွတ်ထား မြတ်စွာဘုရားတို့၏ ။ သဒ္ဓမ္မဒေသနာ= သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးပါး ဟောကြားတော်မူခြင်းသည်။ သုခါ = နှစ်ခုမြောက် ဒုတိယ သုခ မင်္ဂလာ ချမ်းသာသိုက်ကြီးပါပေ။

(၃)သံဃဿ= မြတ်စွာဘုရား၏ တပည့်သာဝက ရှင်အပေါင်း လူအပေါင်း ရှင်လူအပေါင်း၏ ။ သာမဂ္ဂီ= ကိုယ်+ စိတ်နှစ်ရပ် ညီညွတ်ခြင်းသည်။ သုခါ= သုံးခုမြောက် တတိယ သုခမင်္ဂလာ ချမ်းသာသိုက်ကြီးပါပေ။

(၄)သမဂ္ဂါနံ= ကိုယ်စိတ်နှစ်ရပ်ညီညွတ်ကြတဲ့ ဆရာ+ဒကာ တို့၏။ တပေါ= ကိလေသာတို့ကို ပူပန်ခြောက်သွေ့ စေတတ်တဲ့ အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည် သုခေါ= လေးခု

မြောက် စတုတ္ထ သုခမင်္ဂလာ ချမ်းသာသိုက်ကြီး ပါပေ။ ဤ သုခ လေးပါးတရားကို လျှောက်ထားညွှန်ကြားလိုပါတယ်။

(၁) ဗုဒ္ဓပွါဒသုခ ဆိုတာ ဘုရားအလောင်းကြီးများရဲ့ အလုပ်ဖြစ်ပါတယ်။ မြတ်စွာဘုရားဟာ ကိုယ်တော်ရဲ့ အလုပ်ကို အလောင်းတော်ဘဝ ဗျာဒိတ်ရပြီးတဲ့နောက် လေးအသင်္ချေ ကမ္ဘာတစ်သိန်း ကာလကြာအောင် ပါရမီ ဥပပါရမီ ပရမတ္ထပါရမီ တို့ကို ဘာဝနာလေးပါးဖြင့် အပြည့်အစုံ ဖြည့်ကျင့်တော်မူခဲ့လို့ ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း= ပွင့်ထွန်းတော်မူလာခြင်းဟာ-သတ္တဝါအများ ချမ်းသာကြောင်းဖြစ်လို့ ရှေးဦးပဌမ ဗုဒ္ဓပွါဒသုခဖြစ်တယ်။

(၂)သဒ္ဓမ္မဒေသနာသုခ=အကယ်၍ မြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီးတဲ့နောက်မှာ ဝေနေယျတို့အား တရားမဟောပဲ နိဗ္ဗာန်ရဲ့သန္တိချမ်းသာကို သာ အရဟတ္တဖိုလ်သမာပတ်ဖြင့် တစ်သက်လုံး ခံစားသွားမည်ဆိုလျှင် မြတ်စွာဘုရားအဖို့ အတုမရှိတဲ့ သုခကို ရခြင်းဖြစ်ပါတယ်၊ သို့သော် မြတ်စွာဘုရားသည် သတ္တဝါများ ချမ်းသာရရေးအတွက် ၄၅-ဝါကာလကြာအောင် ပရိယတ်+ပဋိပတ်+ပဋိဝေဓ- ဆိုတဲ့ သဒ္ဓမ္မသုံးဖြာ သာသနာတော်သုံးပါးကို ဟောကြားတော်မူ၍ (ထိုသို့ ဟောကြားတော်မူရင်းက အချိန်ကလေးရသမျှသာ) နိဗ္ဗာန်ရဲ့ သန္တိသုခကို ခံစားတော်မူခဲ့ပါတယ်၊ ထိုသို့ ၄၅-ဝါကာလကြာအောင် ဟောကြားတော်မူခဲ့တဲ့ တရားဒေသနာတော်တွေသည် ဝေနေယျတို့လူ+နတ်+ နိဗ္ဗာန်သုံးတန် ချမ်းသာရရာရကြောင်း ကောင်းမြတ်တဲ့ ဥပနိဿရည်း ပစ္စည်းဖြစ်တဲ့အတွက် သဒ္ဓမ္မဒေသနာသုခ- လို့ ခေါ်ရပါတယ်ဘုရား။

ယခုပြောခဲ့တဲ့ (၁) ဗုဒ္ဓပွါဒသုခ+ (၂) သဒ္ဓမ္မဒေသနာသုခ- ဆိုတဲ့ သုခနှစ်ပါးကို တပည့်တော်တို့တွေကြုံရခြင်းဟာ-"ဒီသုခ-၂ပါးကို တပည့်တော်တို့ရခြင်းပဲ"လို့ ဆိုရပါမယ်၊ သို့သော် "အဲဒီသုခ ၂ပါးကို ရွက်ဆောင်တဲ့ ပုဂ္ဂိုလ်ကိုပြပါ" ဆိုလျှင်တော့ မြတ်စွာဘုရားကိုပင် ပြရပါမယ်။

(၃) တစ်ခါ တပည့်တော်တို့ သာဝကတွေဘက်က အလုပ်နဲ့ပတ်သက်တဲ့ သုခကိုတော့ သုခါသံဃသ သာမဂ္ဂီ(တဲ့)။ သံဃသ-ရှင်အပေါင်း+ လူအပေါင်း= ရှင်လူအပေါင်းတည်းဟူသော သံဃာ၏၊ သာမဂ္ဂီ= ကိုယ်စိတ်နှစ်ရပ်ညီညွတ်ခြင်းသည်။ သုခါ= သုံးခုမြောက် တတိယသုခမင်္ဂလာ ချမ်းသာသိုက်ကြီးပါပေ--(တဲ့)။ ဒါကျတော့ မြတ်စွာဘုရားနဲ့ မဆိုင်တော့ဘူး၊ တပည့်တော် သာဝကတွေနဲ့ ဆိုင်တဲ့ သုခဖြစ်တာ လွန်စွာထင်ရှားပါတယ်၊ သာဝကဆိုတဲ့ စကားမှာလည်းပဲ လူသာဝက+ ရဟန်းသာဝက အားလုံးနဲ့ဆိုင်ပါတယ်၊ လူနဲ့ရဟန်း= ဒကာနဲ့ဆရာ ညီညွတ်ခြင်းဟာ တတိယသာမဂ္ဂီသုခမင်္ဂလာ ချမ်းသာသိုက်ကြီး ဖြစ်ပါတယ်။

(၄) ဒါဖြင့် ကောင်းပြီ၊ ဆရာနဲ့ဒကာ ညီညွတ်ရုံညီညွတ်ပြီးတော့ ပေါ့ပေါ့တန်တန် နေရမှာလည်း မဟုတ်ပါ၊ လေးခုမြောက် စတုတ္ထသုခအနေနဲ့ သမဂ္ဂါနံ တပေါသုခေါ(တဲ့)။ သမဂ္ဂါနံ= ကိုယ်စိတ်နှစ်ရပ် ညီညွတ်ကြတဲ့ ဆရာ=ဒကာတို့၏။ တပေါ= ကိလေသာတို့ကို ပူပန်ခြောက်သွေ့စေတတ်တဲ့ အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းသည်။ သုခေါ- လေးခုမြောက် စတုတ္ထသုခမင်္ဂလာ ချမ်းသာသိုက်ကြီးပါပေ(တဲ့)။ သာဝကဖြစ်ကြတဲ့ ဆရာ+ ဒကာဟာ ဆန့်ကျင်စကားမပြောကြားပဲ ညီညွတ်ရုံညီညွတ်နေလို့ မပြီးသေးပါဘူး၊ ကိုယ်

ရောနှုတ်ပါ ကိလေသာတို့ကို ပူပန်ခေါင်းပါးစေ တတ်တဲ့ အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ် မှသာ တပေါသုခကို ရမှည်ဖြစ်ပါတယ်။

အဲဒီ သာဝကတို့ဆိုင်ရာ တတိယ-နှင့်-စတုတ္ထသုခနှစ်ပါးကို ရရှိဘို့ရန် ယောနိသော မနသိကာရ သည် အရေးကြီးပါတယ်။ ဒီနေရာမှာ တပည့်တော်များ မိမိရဲ့ နှလုံးသွင်းပုံကို ပွင့်ပွင့်လင်း လင်းပဲလျှောက်ထားပါရစေ-

တပည့်တော်တို့ရဲ့ လူ့ဘဝသက်တမ်းဟာ ဒသကနဲ့ ပိုင်းယင် ၁၀-ပိုင်းရှိပါတယ်၊

ပဌမ နှုံ့နေးသေးတဲ့ = မန္ဒဒသက-၁၀နှစ်၊ ဒီ-၁၀နှစ်မှာ ဘာမှ တပေါဆိုတဲ့အလုပ်ကို မလုပ်နိုင်သေးပါဘူး။

ဒုတိယ ခိဋ္ဌာဒသကဆိုတဲ့ ၁၁-နှစ်မှ အနှစ် ၂၀-တိုင်အောင် ဒီ ၁၀-နှစ်မှာလည်းပဲ ကလေးတို့ ဘာဝ မြူးတူးပျော်ပါး ကစားနေတာနဲ့ပဲ တပေါသုခကို တပည့်တော်တို့ ရအောင်မယူနိုင်ခဲ့ပါဘူး။

တတိယ ၁၀-နှစ်ဖြစ်တဲ့ ဝဏ္ဏဒသကမှာလည်းပဲ မိမိတို့ရဲ့ အဆင်းမာန်ယစ်ပြီး တပေါသုခကို လှလှကြီး ရအောင် မယူနိုင်ကြပါဘူး။

စတုတ္ထ ၁၀-နှစ်ဖြစ်တဲ့ ဗလဒသကမှာလည်းပဲ ဗလမာန်ယစ်နေတဲ့အတွက် တပေါသုခကို လှလှကြီး ရအောင်မယူနိုင်ခဲ့ကြပါဘူး။

ပဉ္စမ ၁၀-နှစ်ဖြစ်တဲ့ ပညာဒသက+

ဆဋ္ဌမ ၁၀-နှစ်ဖြစ်တဲ့ ဟာနီဒသက+

သတ္တမ ၁၀-နှစ်ဖြစ်တဲ့ ဝကံဒသက (ဆိုကြပါစို့) နှစ်၄၀-မှ၅၀၊ နှစ်၅၀-မှ၆၀၊ နှစ်၆၀-မှ၇၀ တိုင်အောင် ဒီနှစ်ပေါင်း (၃၀)ဟာ တပည့်တော်တို့ တပေါသုခကို တုံ့ဝကြီးရအောင်ယူနိုင်တဲ့ အရွယ်ဖြစ်ကြပါတယ်။

နှစ်(၇၀)မှ နောက်နှစ်(၈၀)ရောက်အောင် ပဗ္ဘာရဒသကရောက်ပြီး ခါးကိုင်းသွားပြီ၊ အလုပ်ကို စိတ်ရှိသလောက် မလုပ်နိုင်တော့ပါဘူး။

နှစ်(၈၀)မှ နှစ်(၉၀)ရောက်အောင် မောမှုဟာဒသက= တွေဝေမှေတဲ့ ၁၀-နှစ်သို့ ရောက်ပြီး တော့ ဘာမှ ရဟန်းတရား ပွားများကြိုးကုတ် အောင်အောင်မြင်မြင် အားမထုတ်နိုင်တော့ပါဘူး၊ စိတ်ရှိတယ်ဆိုပေမယ့် စိတ်ပဲရှိတယ်၊ အားမထုတ်နိုင်တော့ဘူး။

(၉၁)နှစ်ကစပြီး နောက်(၁၀)နှစ်ကျတော့ သေယျဒသက= အိပ်ယာထဲလဲလျောင်းနေတဲ့(၁၀)နှစ်၊ ဘာမှ မလုပ်နိုင်တော့ဘူး။

ဒီတော့ တပည့်တော်တို့ ယနေ့ လူ့ဘဝသက်တမ်းမှာ အလုပ်လုပ်နိုင်တဲ့ နှစ်ပိုင်းကိုတွက်လျှင် (၄၀)နှစ်ကစပြီး (၇၀)နှစ်အထိ- ဒီနှစ်ပေါင်း (၃၀)ပဲတပည့်တော်တို့ လုပ်သက်ရှိကြပါတယ်၊ ဒီလုပ်သက်ခေါ်ရမည့် နှစ်ပေါင်း (၃၀) လည်းပဲ တာဝတိံသာနတ်သက်နဲ့ ရေတွက်လျှင် (၁)နာရီလောက်ပဲရှိမယ်။

ဒီအချိန်တိုကလေးအတွင်းမှာ တစ်ဦးနှင့် တစ်ဦး ဆန့်ကျင်ဖက် မညီမညွတ်ဖြစ်နေကြလျှင် တပေါသုခကို ရလို့မဖြစ်ဘူး၊ ဒီတော့ ဘာပဲပြောပြော ဒီအချိန်တိုကလေးအတွင်းမှာ တပေါသုခကို ရအောင်ယူမယ်။ ယူတဲ့နေရာမှာ မိမိထက်ကြီးတဲ့ ပုဂ္ဂိုလ်ကပဲဖြစ်ဖြစ်/ မိမိအောက်ငယ်တဲ့ ပုဂ္ဂိုလ်ကပဲဖြစ်ဖြစ် မိမိအား ဆန့်ကျင်စကားပြောကြားလာလျှင် အဲဒီကြိုးတဲ့ပုဂ္ဂိုလ်ကို တိုက်ရိုက်ခဲ့ဒို့ လက်အုပ်ချီမို့ ရှိခိုးပြီး "သည်းခံတော်မူပါဘုရား"လို့ ဆိုပြီး တောင်းပန်စကား လျှောက်ထားလိုက်မယ်၊ တောင်းပန်ယင် အတောင်းပန်ခံရတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ

တစ်ခါတည်း ကျေနပ်သွားလိမ့်မယ်။

အကယ်၍ မိမိရဲ့ ဆန့်ကျင်ဖက်ပုဂ္ဂိုလ်သည် မိမိအောက် အသက်ငယ်သူဖြစ်လျှင် တပည့်တော်တို့ ဒေသနာကြားတဲ့အခါ ထေရ်ကြီးက ထေရ်ငယ်အား တိုက်ရိုက်လက်အုပ်မချီပဲ လွဲပြီး လက်အုပ်ချီ၍ ဒေသနာကြားသလို လက်အုပ်ကို လွဲချီပြီး "အရှင် ဘုရား.... တပည့်တော်မှားတာရှိယင် သည်းခံတော်မူပါ" အဲဒီလို လက်အုပ်ချီမိုး တောင်းပန်လိုက်မယ်-လို့ ဆောက်လည်းဆောက်တည်ထား တယ် ဘုရား၊ အကယ်၍ ဆန့်ကျင်ဖက်တွေလျှင်လည်းပဲ ထိုအတိုင်း ကျင့်ပါတယ်။

အဲဒီလို ဆောက်တည်ကျင့်သုံးတဲ့အတွက် တပည့်တော်အဖို့ ပဌမဦးစွာ စိတ်နှလုံးချမ်းသာမှုဟာ လက်တွေ့ဖြစ်လို့ တပည့်တော်ရဲ့ သြဝါဒအနေနဲ့ တပည့်တော်တို့ဆိုင်ရာ သာမဂ္ဂိသုခနှင့် တပေါသုခကို မရအရ ယူနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းသောအားဖြင့် ဘုရားဟောသုခ လေးပါးဂါထာမှာ အာသီသကြီယာပါဌ် အနည်းငယ်ဖြည့်စွက်ပြီးလျှင်-

ဗုဒ္ဓပ္ပါဒံ လဘိတွာန၊
သဒ္ဓမ္မ ဒေသနာသုခံ။
သာမဂ္ဂိံ အဓိဂစ္ဆတ္ဝေါ၊
တပေါသုခဉ္စ သာဓတ္ဝေါ။

သာဓတ္ဝေါ- နှလုံးပျော့ပြောင်း အို-သူတော်ကောင်းတို့....။ တုမှေ- အသင်သူတော်ကောင်းဗောဓိလောင်းတို့သည်။

(၁) ဗုဒ္ဓပ္ပါဒံ= သဗ္ဗညု မြတ်စွာ ပွင့်ထွန်းကားရာ ကာလတည်းဟူသော ဗုဒ္ဓပ္ပါဒ ရှေးဦးပထမသုခမဂ််လာ ချမ်းသာသိုက်ကြီး ကို။ လဘိတွာန-အလဘိတ္ထာ= ရှေးကံထောက်မ ၍ ရရှိခဲ့ကြပါကုန်ပြီ။

(၂) လဘိတွာန= ဗုဒ္ဓပ္ပါဒ ပဌမသုခကို ရရှိကြပြီးတဲ့နောက်။ သဒ္ဓမ္မဒေသနာသုခ- သဗ္ဗညုမြတ်စွာဘုရား (၄၅)ဝါ တရားဒေသနာဟောကြားမှု-တည်းဟူသော သုခမဂ််လာချမ်းသာသိုက်ကြီးကို။ လဘိတွာန-အလဘိတ္ထာ= ရှေးကံထောက်မ၍ ရရှိခဲ့ကြပါကုန်ပြီ။

(၃) လဘိတွာန= ဒေသနာသဒ္ဓမ္မ ဒုတိယသုခကို ရရှိကြပြီးတဲ့နောက် သာဓဝေါ-နှလုံးပျော့ပြောင်း အရှင်ကောင်း ဒကာကောင်း= သူတော်ကောင်းတို့...၊ တုမှေ- အသင်သူတော်ကောင်းဗောဓိလောင်းတို့သည်၊ သာမဂ္ဂိံ= ဆရာ+ဒကာညီညွတ်ခြင်း-ဆိုတဲ့ သာမဂ္ဂိခေါ်ရ တတိယသုခမဂ််လာကိုလည်းကောင်း။

(၄) တပေါသုခဉ္စ= လောဘ+ဒေါသ မောဟ ကင်းငြိမ်းရန် ခြိုးခြိုးခြံခြံ ကျင့်ကြံခြင်း (ဝါ) ကျင့်ကြံ၍ သုခဒေသနာ ချမ်းသာသိုက်ကြီးကိုလည်းကောင်း။ အဓိဂစ္ဆတ္ဝေါ= အသီးသီး ကိုယ်စီကိုယ်ငရယူနိုင်ကြပါစေသတည်း...လို့

တပည့်တော်များ ဆုမွန်ကောင်းတောင်းလျက် သြဝါဒကထာ ဒေသနာနိဂုံး ဤမှာပင် ကမ္မတ်ဖုံးအပ်ပါသည် မဟာစည်သာသနာ့ရိပ်သာများ နာယကအဖွဲ့ဝင် အရှင်မထေရ်မြတ်တို့ဘုရား....

သာဓု သာဓု သာဓု
• • • • • • • • • •

၁၃၅၁-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၁၀)ရက် (၂၄-၁၀-၈၉) အဂါနေ့၌ မဟာစည်ရိပ်သာမှူး နာယကအဖွဲ့ ဩဝါဒါစရိယ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ (ဒုတိယနေ့) အစည်းအဝေးအဖွင့် သဘာပတိမိန့်ခွန်း

* * * * *

တပည့်တော်များ ဩဝါဒစကားပြောကြား ရရင် ကောသမ္ဗကက္ခန္ဓက ကလာတဲ့ - -

ဝိဝါဒံ ဘယတော ဒိသွာ၊
အဝိဝါဒဉ္စ ခေမတော၊
သမဂ္ဂါ သခိလာ ဟောထ၊
ဧသာ ဗုဒ္ဓါန သာသနီ။ -ဆိုတဲ့ ဒေသနာ တော်ဟာ အင်မတန် အဓိပ္ပါယ်ရှင်းပါတယ်ဘုရား။

ဒီအတိုင်း တပည့်တော်တို့ လိုက်နာကျင့် သုံးဘို့-

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့၊ ဝိဝါဒံ-သူမတရား ငါမတရားနှင့် သူကားလွဲစင် ငါမှန်ထင်၍ ဆန့်ကျင်စကား အငြင်းပွါးခြင်းကို၊ ဘယတော၊ ကြောက်ဖွယ်မအေး ဘေးအနေအား ဖြင့်၊ ဒိသွာ-ဒဿထ- ယထာဘူတ သဘာဝဉာဏ် အမှန်အတိုင်း သိမြင်ကြကုန်ပါကုန်လော၊ ဒိသွာ-ယထာဘူတ သဘာဝဉာဏ်ကို အမှန်အတိုင်း သိမြင်ကြပြီးလျှင်၊ အဝိဝါဒဉ္စ၊ သူမတရား ငါမတရားနှင့် သူကလွဲစင် ငါမှန်ထင်ပြီး ဆန့်ကျင်စကား အငြင်းပွါးခြင်းကို၊ ခေမတော- နိဗ္ဗာန်ရောက်အောင် ပြုစုဆောင်တဲ့ ဘေးမဲ့တရား အနေအားဖြင့်၊ ဒိသွာ-ဒဿထ၊ ယထာဘူတ သဘာဝဉာဏ်ကို အမှန်အတိုင်း သိမြင်ကြပြီးလျှင်၊ သမဂ္ဂါ- ကိုယ်စိတ် နှစ်ရပ် ညီညွတ်ကြကုန်သည်၊ သခိလာ- နှုးညံ့ပြေပြစ်ချစ်ဖွယ်စကား ပြောကြားကုန်သည်၊ ဟောထ- ကေန်စင်စစ် သင်ချစ်သားတို့ ဖြစ်ကြပါ၊ ဧသာ- ဤသည်ကား၊ ဗုဒ္ဓါနုသာသနီ- ဂင်္ဂါဝါဠ္ဠသဲစုမက ပွင့်တော်မူကြတဲ့ အဆူဆူသော ဘုရားရှင်တို့၏ အဆုံးအမ ဩဝါဒ ဖြစ်ပေသည်။

ကောသမ္ဗီ ရဟန်းတို့ရဲ့ ဝိဝါဒ ကိစ္စမှာ မြတ်စွာဘုရားဩဝါဒ ပေးပါတယ်၊ အဲဒီပေးတဲ့ ဩဝါဒကို အရှင်ဘုရားတို့လဲသိပြီး လိုက်နာကျင့်သုံးဘို့ တပည့်တော်တို့ လိုအပ်ပါတယ်၊ လိုက်နာကျင့်သုံးလို့ရှိရင် တပည့်တော်တို့ ဘေးကင်းရန်ကင်း၊ ချမ်းချမ်းသာသာဖြစ်မှာ သေချာပါတယ်၊ အဲဒါကြောင့် ကောသမ္ဗကက္ခန္ဓက လာ မြတ်စွာဘုရား၏ အဆုံးအမဩဝါဒအတိုင်း ဝိဝါဒကို ဘေးအနေနဲ့ မြင်တော်မူပါဘုရား၊ အဝိဝါဒကို အေးတဲ့ ဘေးမဲ့တရား အနေနဲ့ မြင်တော်မူကြပါ၊ ဝိဝါဒကို ဘေးအနေနဲ့၊ အဝိဝါဒကို အေးတဲ့ဘေးမဲ့တရားနေနဲ့ အမှန်အတိုင်းမြင်ပြီး တစ်ပါး-နဲ့တစ်ပါး ကာစိတ္တာသာမဂ္ဂိရသနဲ့ ပြည့်စုံတော်မူကြပါ၊ တစ်ပါး-နဲ့တစ်ပါး ပြေပြစ်နှုးညံ့သောစကား ပြောကြားတော်မူကြပါလို့ ကောသမ္ဗကက္ခန္ဓက လာတဲ့ ဘုရားရှင်တို့၏ အဆုံးအမကို တစ်ဆင့်စကား တပည့်တော်များ ဩဝါဒကထာ အနေနဲ့ လျှောက်ထားပြောကြားအပ်ပါသည် မဟာစည်နာယကအဖွဲ့ဝင် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

သာဓု ၊ သာဓု ၊ သာဓု

အ ရှင် ဣ န္ဒ က
ညောင် ကန် အေး ဆ ရာ တော်



ယနေ့. (၂၀-၆-၈၁)၊ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် ဥပဒေအသင်းက ပြုလုပ်တဲ့ ဟောပြောပွဲ ဆိုတော့ (ဥပဒေ)ရဲ့ အကြောင်း မြန်မာလို ဗုဒ္ဓပိဋကတ်နှင့် ဆွေးနွေးရလျှင် ကောင်းလိမ့်မယ် ထင်ပါတယ်။

(ဥပဒေ)ဆိုတဲ့ စကားလုံးဟာ ပါဠိမှ ဆင်းသက်လာတဲ့ မြန်မာစကားပါ။ ပါဠိလို-ဥပဒေသ။ မြန်မာလို ပြန်တော့ ညွှန်ပြခြင်း၊ ညွှန်ကြားခြင်း၊ ပို့ချခြင်း၊ နည်းညွှန်း၊ နည်းဥပဒေ-လို့ အဘိဓာန်မှာ တွေ့ရပါတယ်။

ပါဠိစကားကို အဆက်ဆက် ကာလက သုံးလာခဲ့ကြတော့ မြန်မာစကားလို့ ထင်မှတ် လာခဲ့ကြတာ အများအပြား ရှိပါတယ်၊ ဥပမာ-ဗုဒ္ဓသာသနအဖွဲ့၊ စေတီယင်္ဂဏ အသင်း၊ ကလျာဏယုဝ အသင်း၊ နောက်ဆုံး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် အထိ မြန်မာစကားလို ဖြစ်နေပြီ၊ သိလဲသိနေကြပြီ။ ပါဠိစကားများက ကိုတယ်၊ ကျစ်လစ်ဘယ်၊ အဓိပ္ပါယ်များများ အကျုံးဝင်တယ်၊ ဒါကြောင့် အတော်များများ အကြောင်းအရာတို့မှာ တိုတိုနှင့် လွယ်လွယ် သုံးနေကြတယ်။

ကိုယ်ဖြစ်ချင်တာ မဖြစ်၊ ကိုယ်မဖြစ်ချင်တာများ ဖြစ်နေတာနှင့် ကြုံရလျှင် ဒုက္ခပါပဲလို့ ညည်းလိုက်ရတာက လွယ်တယ်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်လိုက်ရတာ ဆိုတဲ့ မြန်မာစကားက ရှည်ဝေးနေတယ်။ ဒီလိုပဲ ကိုယ်နှစ်သက်တာကလေး တွေ့ရရင် ကောင်းလေစွ၊ ကောင်းလေစွလို့ ပြောမယ့်အစား သာဓု၊ သာဓု၊ သာဓုတဲ့။

အဲ-ဥပဒေဆိုတာ ညွှန်ပြခြင်းတဲ့၊ ဘာတွေကို ညွှန်ပြသလဲ၊ အဲသလို မေးလျှင် "ဘာတွေ-ဘာတွေကို မလုပ်ရဘူး၊ ဘာတွေ-ဘာတွေတော့ လုပ်ပိုင်ခွင့် ရှိတယ်"လို့ ညွှန်ပြတာ ညွှန်ကြားတာ ဖြစ်တယ်လို့ ဖြေရမှာပဲ။

ထို(ဥပဒေ) ဆိုတာကို မြန်မာစကားနဲ့ အကျုံးဝင်နေတဲ့ အသုံးအနှုန်းမျိုးလဲ ရှိတာကို တွေ့ရပါသေး

ဘဝပေါင်း များစွာက အတုံ့အလှည့် ရန်သူဖြစ်ကြတဲ့ ကလေးကို မွေးသည့်နေ့မှ (၇)ရက်အတွင်း ဘီလူးက စားခွင့်ရှိတယ်၊ (၇)ရက်ကျော်လျှင် မစားနိုင်တော့ဘူး။

အဲသည်မှာ မြတ်စွာဘုရားနှင့် ရဟန္တာ (၈)ပါးက (၇)ရက်လုံးလုံး ပရိတ်မေတ္တာများ ရွတ်ဖတ်စောင့်ရှောက် ထားကြလို့ အဲသည့် ဘီလူးက မစားနိုင်တော့ပဲ အသက် (၁၀၀) ရှည်သွားတယ်၊ ဘုရားကိုးဆူဆိုတာ ဒီက စ,တာပေါ့၊ 'ဘီလူးစည်း လူ့စည်း'ဆိုတဲ့ စကားကလဲ အဲသည့် ဇာတ်တော်တွေက စ,တာနဲ့ပဲ တူပါတယ်။

အဲသည့် ဥပဒေတွေဟာ ဘယ်သူက ပြုတဲ့ ဥပဒေတွေလဲ၊ ဝေဿဝဏ် နတ်မင်းကြီးက ပြဋ္ဌာန်းတဲ့ ဥပဒေလို့ ဆိုပါတယ်။

နောက်ပြီး အာဠာနာဋိယ သုတ် ဆိုတာလဲ ရှိသေးတယ်။ အဲသည်မှာလဲ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးနှင့် သိကြားမင်းတို့ စည်းဝေးပြီး ဥပဒေ လုပ်ကြတာပါ၊ ဘယ်လိုလဲ ဆိုရင် သီလတရားနှင့် ပြည့်စုံ၍ လောကတွင်ရာ တရားကို ကျင့်ဆောင်နေတဲ့ သာဝက ရဟန်းတွေကို နာအောင်၊ ဖျားအောင်၊ ထိတ်လန့်အောင် နှောင့်ယှက်တဲ့ နတ်မိစ္ဆာ ဘီလူး ပြိတ္တာတွေကို ဒဏ်ခတ်မယ်ဆိုတဲ့ ဥပဒေပါပဲ၊ ဒါတွေက နတ်သိကြားတို့ ပြဋ္ဌာန်းတဲ့ ဥပဒေလို့ ဆိုရမယ်။

ဥပဒေကို ကျူးလွန်တဲ့လူ၊ စည်းကမ်းကို ဖောက်ဖျက်တဲ့ လူဆိုလျှင် ဒဏ်ခတ်မယ်၊ ရွတ်ချမယ် ဆုံးရှုံးရမယ်။

'မြန်မာတွေ စည်းကမ်းဖောက်လို့၊ ထီးနန်း ပျောက်ဖြစ်ပြီ" ဆိုတဲ့ ဆရာဖေရဲ့ တေးယပ်ကို ကြည့်ပါ၊ နန်းတော်ထဲက အမတ်ကွေ စည်းကမ်းတယ်၊ အဲသည့် စကားများက စည်းကမ်းတဲ့၊ စည်းမျဉ်းတဲ့၊ စည်းကမ်း ဆိုတာက လုပ်ပိုင်ခွင့်ကို ဆိုလိုဟန် တူပါတယ်၊ စည်းမျဉ်း ဆိုတာကျတော့ မျဉ်းသားထားသလို နယ်နမိတ် အကန့်အသတ်လို့ ယူဆလျှင် ရကောင်းစရာ ရှိမယ်လို့ ထင်ပါတယ်။

မျဉ်း-လို့ ခေါ်တဲ့ သဘောက မတိမ်းမစောင်း အောင် ပြုတဲ့ အမှတ်အသား၊ 'စာရေးကောင်းတို့ မည်သည် မျဉ်းကြောင်းကို လက်မလွှတ်'လို့ ပြောကြတာလဲ ရှိပါတယ်။ စည်းဆိုတာလဲ ထို့အတူပါပဲ၊ မြန်မာကလေးများ ကစား ခုန်စား ထုပ်ဆီးတိုးတဲ့ နေရာမှာ ဟာသည့်စည်းကို ကျော်လျှင် ထမင်းရည်ပူ လောင်တယ်၊ ဟာသည့်စည်းကို ကျော်နိုင်လျှင် အောင်ထူတယ်' ဆိုတဲ့ အဆုံးအဖြတ်မျိုး။ ထိုအလားတူပဲ၊ ကြက်ပွဲတို့၊ လက်ဝှေ့ပွဲစသည်တို့မှာလဲ စည်းကမ်းနှင့် စည်းမျဉ်း ရှိကြရတာပဲ။

ဘုရားဟော ပိဋကတ် ကာကဝလိယ အကြောင်းမှာလဲ စည်းကမ်းနှင့် စည်းမျဉ်း ရှိပုံကို ယခုလို တွေ့ရပါတယ်။

ရာဇဂြိုဟ်ပြည် သုဿာန်မှာ ထန်းတောကြီး ရှိတယ်၊ ညအခါမှာ ထိုထန်းတောထဲ ဖြတ်သန်းလာသူကို ဘီလူးက စားပိုင်ခွင့် ရှိတယ်၊ နေ့အခါမှာတော့ မစားရဘူး၊ နောက်ပြီး အဲသည့် ဘီလူးက လူနေရပ်ကွက် မြို့ထဲပြထဲ မပြောနဲ့ မြို့အစပ်ကိုတောင် မလာရဘူး၊ သူ့ပိုင်နက်က သုသာန်က ထန်းတောပဲ ဖြစ်တယ်၊ အဲသည့် နေရာကို ညအခါ လူဆင်းရဲကာက ဆိုတဲ့ အမျိုးသမီးက ရာဇဝတ်သားထံ ဘုရင်ရဲ့ ထမင်းထုပ် လာပို့ရတဲ့ အကြောင်းပေါ့။

ဒီလိုပဲ အာယုဒီဃ ဇာတ်မှာလဲ ရှိတယ်။

ပျက်ကြ၊ သူ့ဂိုဏ်း ကိုယ့်ဂိုဏ်း ဖွဲ့ကြ၊ ဘုရင့်သစ္စာ ဖောက်ကြတဲ့ အတွက် တိုင်းပြည်ကြီး တစ်ခုလုံး ဆုံးရပြီလို့ ပြောချင်တာ ဖြစ်ပါတယ်။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ မင်းစိုးရာဇာဖြစ်စေ၊ အသီးသီး လိုက်နာရမယ့် ဥပဒေတွေ ရှိပါတယ်။

လူ့ဥပဒေကို ဂိဟိဝိနယလို့ ခေါ်ပါတယ်၊ ဂိဟိ–ဆိုတာ အိမ်ရာ တည်ထောင် နေကြတဲ့ လူတွေ၊ လင်နှင့်မယား၊ သားနှင့်သမီး၊ မိဘဆွေမျိုး၊ ဆရာ နှင့်တပည့်၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အဲဒါတွေ–အဲဒါတွေ၊ အဲသည့် လူတွေရဲ့ ဥပဒေ ကတော့ မိဘဝတ္တရား၊ သားသမီး ဝတ္တရား၊ တပည့်ဝတ္တရား၊ ဆရာ့ဝတ္တရား၊ ပျင်းရိခြင်း အပြစ်၊ လောင်းကစား ခြင်းရဲ့အပြစ်၊ သောက်စား မူးယစ်ခြင်း၏ အပြစ် ဒါတွေကို မလိုက်နာလျှင် လူ့လောက ယဉ်ကျေးမှုကြီး ပပျောက်သွားမယ်။

အဲသည့် အကြောင်းတရား အခြေခံ ပဓာန ဥပဒေကြီး ငါးရပ်က ငါးပါးသီလပါ။

၁။ သူများ အသက်ကို မသတ်ရ။

၂။ မပေးမလှူသော သူများ ဥစ္စာကို မခိုးရ။

၃။ ကာမ ဖောက်ပြန်မှု မပြုရ–အဲသည့် နေရာမှာ ပြောစရာ ရှိပါတယ်။

ပါဠိလိုက ကာမေသုမိစ္ဆာစာရ = ကာမေသု = ကာမ အရာတို့၌။ မိစ္ဆာစာရ = ယုတ်မာ ဖောက်ပြန်ပြုခြင်း။ ဒီလို အဓိပ္ပာယ် ရှိပါတယ်၊ ဒါကို ကျွန်တော်တို့က လွယ်လွယ် သိနေကြတယ်၊ ကာမေသုမိစ္ဆာစာရ ဆိုတာ သူတပါး၏ မယား‌ကို ပြစ်မှား ကျူးလွန်ခြင်းလို့ မှတ်နေကြ ပါတယ်၊ မဟုတ်ပါဘူး၊ သူတပါး မယား‌ကို ပြစ်မှားတာက ပရဒါရကံ၊ ပရ = သူတပါး၏ ။ ဒါရ = မယား ဖြစ်ပါတယ်၊ ကာမေသုမိစ္ဆာစာရ ဆိုတာက ထိုက် ထက် ကျယ်ဝန်း များပြားပါတယ်၊ အမိစောင့်သော မိန်းမ၊ အဖစောင့်သော မိန်းမ စသည်အား‌ဖြင့် မိန်းမပေါင်း (၂၀)တောင် ရှိပါတယ်၊ ဒါကို ရည်ညွှန်းပြီး 'မိန်းမနှစ်ကျိပ်၊ ပျော်ကြောင်းသိပ်လည်း၊ မအိပ်အပ်စွ'လို့ ဆုံးမတာတွေ ရေးသားတော်မူခဲ့ကြခြင်း ဖြစ်ပါတယ်၊ ဒါတွေအပြင် ကိုယ့်ဇနီး ကိုယ့်မယား ကိုသော်မှ အခြေအနေ၊ ကာလ၊ ဒေ၊ ပယောဂ၊ မသင့်လျော်လျှင် ကာမေသုမိစ္ဆာစာရက် ထိုက်တာမျိုးလဲ ရှိပါတယ်။

နောက်တစ်ခုက ကာမေသုမိစ္ဆာစာရ = သူတပါး၏ မယား‌ကို ပြစ်မှားခြင်း ဆိုလို့ မိန်းမတွေ လွတ်နေသလို ထင်တတ် ပါတယ်၊ မိန်းမတွေလဲ မလွတ်တဲ့ ဥပဒေတွေ ရှိပါသေးတယ်၊ ဒါတွေကို ရှင်းနေရင်တော့ ကျယ်ဝန်းနေပါလိမ့်မယ်၊ ဒီတော့ ကာမေသုမိစ္ဆာစာရ ဆိုတာ ကာမ ဖောက်ပြန်မှုလို့ပဲ မှတ်ကြပါစို့.။

အဲ–စတုတ္ထက မုသာဝါဒ = မဟုတ်မမှန် လိမ်လည် လှည့်ဖြား ပြောကြားခြင်း။ ဒါတော့ သိကြပါတယ်၊ ကျွန်တော်တို့ နေ့တိုင်း လိမ်နေကြတာပဲ။

နောက်ဆုံးက သုရာမေရယ မဒ္ဇပမာဒဋ္ဌာန = စိတ်ကောင်းများ မေ့လျော့ သွားနိုင်တဲ့ အရက်သောက်ခြင်း၊ ဘီယာသောက်ခြင်း၊ ဆေးခြောက်ရှူခြင်း၊ နံပါတ်ဖိုး၊ ဟီးရိုးအင်း–ပက်သဒင်း အထိပေါ့လေ၊ မူးယစ်တွေဝေတဲ့ အရာများကို သောက်စား ရှူရှိုက် ထိုးသွင်းခြင်း၊ အဲ–ခုခေတ်တော့ (ထိုးသွင်းခြင်း) ဆိုတာပါ ထည့်ပေးရမယ်။

အဲသည့် အချက်ကြီး 'ငါးချက် ကတော့ လူ့ဝိနည်း၊ လူ့ဥပဒေ ပဓာန အချုပ်ပါ၊ ဒီဥပဒေများကို ဖောက်ဖျက်လျှင် လောကအပြစ်၊ သံသရာ အပြစ်

ကြီးများ ခံရမယ်၊ စောင့်ရှောက် လိုက်နာသူဆိုလျှင် အသက်ရှည်မယ်၊ အနာကင်းမယ်၊ ချမ်းသာကြီးမယ်၊ မျက်နှာပန်း လှမယ် ကိုယ်အင်အား ဉာဏ်အင်အား ကြီးမယ်။

အဲသည့် အကျိုးကို မြတ်စွာဘုရားက ဓမ္မပါလ ဇာတ်မှာ ဟောထားတယ်။

ရှေးတုန်းက တက္ကသိုလ်ပြည် ဒီသာပါမောက္ခ ဆရာကြီးထံမှာ အရပ်ရပ်က လူငယ်တွေ ပညာလာသင်ကြတယ်၊ တနေ့တော့ ကျောင်းသား လူငယ် တစ်ယောက် ဖျားပြီး သေသွားတယ်၊ ဒီအခါ ဓမ္မပါလ ရွာကြီးက ပညာလာသင်တဲ့ ကျောင်းသားမှာ တအံ့တသြဖြစ်ပြီး "ဟယ်-ငယ်ငယ်လေးနဲ့. သေတယ်နော် အဆန်းပဲ"လို့ ပြောတယ်။

အခြား ကျောင်းသားများက "ငယ်ငယ်နဲ့ သေတာ အဆန်းလား"ဆိုတော့ ဓမ္မပါလ ရွာသားကလေးက "တို့.ရွာမှာဖြင့် ငယ်ငယ်ရွယ်ရွယ်နဲ့. ဘယ်သူမှ မသေပေါင်ဗျာ၊ အသက်တရာပြည့်မှ မနာမဖျားပဲ သက်သက်သာသာ သေသွားကြတာပဲ" လို့. ပြန်ပြောတယ်။ အဲသလို အငြင်းအခုံ စကားများကြတာကို ဒီသာပါမောက္ခ ဆရာကြီးက ကြားတော့ ဓမ္မပါလ ရွာသားကို သေသေချာချာ ခေါ်မေးတယ်၊ "ကျွန်တော် ပြောတာ မယုံရင် ဆရာကြီး ကိုယ်တိုင်သွားပြီး စုံစမ်းကြည့်ပါ"လို့. ပြောတာနဲ့. ဆရာကြီးက ဆိတ်အရိုးတွေ ယူသွားပြီး ဓမ္မပါလ ရွာကို (ကွင်းဆင်း) လေ့လာတာပေါ့။

ဓမ္မပါလရွာ ရောက်တော့ ကျောင်းသားရဲ့ မိဘအိမ်သွားပြီး "သူတို့. သားကလေး သေဆုံးသွားလို့. လာ၍ အကြောင်း ကြားတာပါ"လို့. ပြောတယ်။ အဖေလုပ်တဲ့ လူကြီးက "သူ.သား ဒီအရွယ်နဲ့. သေတယ်ဆိုတာ မဖြစ်နိုင်ပါဘူး"လို့. ပြောတယ်။ အရိုးတွေ ထုတ်ပြတော့ "ဒါ-ဆိတ်ရိုးတွေသာ ဖြစ်မှာပေါ့၊ ကျုပ်သား အရိုးတော့ ဘယ်နည်း::နဲ့.မှ မဖြစ်နိုင်ပါဘူး" လို့. ပြောတယ်။

"ဘာဖြစ်လို့. မယုံတာလဲ"လို့. ဆရာကြီးက မေးတယ်။

"ကျွန်တော်တို့. တရွာလုံးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့. သေတဲ့ ထုံးစံ မရှိလို့.ပေါ့၊ အသက်တစ်ရာပြည့်မှ သက်သက်သာသာ အမှည့်ကြွေ ကြွေသလို သေကြရတယ်၊ မယုံရင် ရွာထဲကို လျှောက်ကြည့်၊ လူငယ် မသာရယ်လို့. ဆရာကြီး တွေ့.ရမှာ မဟုတ်ဘူး"လို့. ဆိုပြန်တယ်၊ ဆရာကြီးက ရွာထဲလျှောက်ပြီး စနည်းနာတယ်။ အိမ်တိုင်းက ဆရာကြီး ပြောသလို ငယ်ငယ်ရွယ်ရွယ်နဲ့. ဘယ်သူမှ မသေကြတဲ့ အကြောင်း သက်တမ်းစေ့ နေကြရတဲ့ အကြောင်းပြောကြတယ်။

ဒီတော့ ဆရာကြီးက "ဘယ်ဆေး ဘယ်ဝါးများစားနေကြသလဲ"လို့. မေးတယ်။ ကျောင်းသားရဲ့. ဖခင်က "ဘယ်ဆေးဝါးမှ မစားပါဘူး၊ ငါးပါးသီလကို မျိုးလိုက် ရိုးလိုက် စောင့်ထိန်း လာကြတာပါပဲ" လို့. ဖြေတယ်။ ဒီမှာတင် ဒီသာပါမောက္ခ ဆရာကြီးက "သူ.သား စကားကို မယုံလို့. လာစုံစမ်းတာပါ၊ ကျွန်တော်တို့.လဲ ငါးပါးသီလ မြဲအောင် ကြိုးစား စောင့်ထိန်းပါတော့မယ်"လို့. သာဓုခေါ်ပြီး ပြန်ရသတဲ့။ ဒါက ဓမ္မပါလ ဇာတ်ပါ။

ဒါဟာ လူ.ဥပဒေ အခြေခံ တရားကြီးပါ။ ဒါ့အပြင် နည်းဥပဒေ (၃၈)ပါး ရှိပါသေးတယ်။ အဲဒါတွေကတော့ မင်္ဂလာတရား (၃၈)ပါးပါ။ သူမိုက်ကို မပေါင်းနှင့် ဆိုတာက စ,ပါတယ်။ ကျွန်တော်တို့.တတွေ မလိုက်နာလျှင်သာ ရှိတယ်၊ အားလုံးသိပြီးသား။ ကြားပြီးသားတွေပါပဲ။

ကဲ-ရဟန်းဥပဒေကို ကြည့်ကြစို့။ ရဟန်းတို့၏ ဝိနည်းပေါ့။ မြတ်စွာဘုရား ကိုယ်တိုင် သတ်မှတ်တော် မူခဲ့တာမို့ အမရပူရ မဟာဂန္ဓာရုံဆရာတော်က 'ဘုရား ဥပဒေတော်ကြီး'လို့ ဘာသာပြန်ထား ပါတယ်။

အဲသည့် ရဟန်း ဥပဒေကျတော့ လူ့ဥပဒေထက် များပါတယ်။ အကျဉ်းအားဖြင့် (၂၂၇)ပါး။ အကျယ်အားဖြင့်တော့ ကုဋေကိုးထောင်ကျော်တောင် ရှိပါသတဲ့။

အဲသလောက် များပြားတဲ့ ဘုရား အဆုံးအမတွေကို လိုက်နာကျင့်ဆောင် နေကြတာမို့ ရဟန်းသံဃာတော် ဆိုလျှင် နတ်သိကြား ဗြဟ္မာများကပါ ရိုသေလေးစား ဂါရဝ ထားကြ ပါတယ်။ ရဟန်းဝိနည်းတော်များကို သိနားလည်ကြတဲ့ လူပုဂ္ဂိုလ်တွေဆိုလျှင် ရဟန်း သံဃာတော်တို့ကို အလွန်ကြည်ညို လေးစားတတ် ပါတယ်၊ ဝိနည်းကို မသင်ဖူး မသိဖူးတဲ့ လူတွေထက် စေတနာ ပိုကြပါတယ်။

သုတ်သုံးကျမ်း၊ ဝိနည်း ငါးကျမ်း၊ အဘိဓမ္မာ ခုနှစ်ကျမ်း ဆိုတာ ဗုဒ္ဓပိဋကတ် သုံးပုံပေါ့။ ရဟန်းတို့၏ ဥပဒေမှာ အရေးကြီးဆုံး ပုဒ်မ လေးခု ရှိပါတယ်။

၁။ မေထုပဋိသေဝန = မေထုံမှီဝဲခြင်း။

၂။ အဒိန္နာဒါန = မပေးမလူသော ပစ္စည်းကို ခိုးယူခြင်း။

၃။ မနုဿ ဝိဂ္ဂဟ = လူကိုသတ်ခြင်း။

၄။ ဥတ္တရိမနုဿဓမ္မ = တရားထူး ရတယ်၊ စွာန်ရတယ်လို့ [illegible]ခြင်း၊ သို့မဟုတ် ဒီလို ထင်ကြအောင် ဝါဒဖြန့်ခြင်း။

အဲသည့်လေးပါးကို ပါရာဇိက လေးပါးလို့ ခေါ်ပါတယ်။ ပါရာဇိကဆိုတာ သာသနာမှ ဆုံးရှုံးခြင်း၊ မြန်မာစကားနှင့် ပြောရလျှင် ရဟန်း မဟုတ်တော့ဘူး၊ ပါရာဇိက လေးပါးထဲက တပါးပါး ကျူးလွန်မိလျှင် ဒီဘဝမှာ ဘယ်တော့မှ 'ရဟန်း' မဖြစ်တော့ဘူး။

ရဟန်းကောင်း ရဟန်းမြတ်များဟာ အဲသည့် ပါရာဇိကလေးပါး ပဓာနတရားကို မဆိုထားနှင့် အသေးအမွှား ကလေးများတောင် အသက်စွန့်ပြီး လိုက်နာကြပါတယ်။

ရှေးတုန်းက တိဿရဟန္တာ မထေရ်ဟာ ဘုရင်၏ ပန်းထိမ်တော် အိမ်မှာ နံနက်တိုင်း ဆွမ်းခံလေ့ရှိတယ်၊ ပန်းထိမ်ဆရာကြီးကလဲ ရဟန်းတော်ကို ကြည်ညိုလို့ နေ့တိုင်း ဆွမ်းဝတ်မပျက်စေရဘူး၊ အဲသည့် အိမ်မှာ ကြိုးကြာငှက်တကောင်လဲ ဆရာကြီးက မွေးထားသတဲ့၊ ကြိုးကြာကလဲ ယဉ်နေလို့ အိမ်ထဲမှာ အထဲဝင်အပြင်ထွက် လွတ်လပ်စွာ နေနေတယ်၊ ဆရာကြီးကလဲ သိပ်ချစ်တယ်၊ တနေ့တော့ ရဟန်းတော် ဆွမ်းခံလာတဲ့အချိန်၊ ပန်းထိမ်ဆရာကြီးကလဲ ရှင်ဘုရင်အတွက် လက်ဝတ်တော်ကို လုပ်နေဆဲ ဖြစ်နေသတဲ့။

ရဟန်းက ဆွမ်းခံ ဝင်လာတော့ ပန်းထိမ်ဆရာကြီးက လုပ်လက်စ ပတ္တမြားကို ချထားခဲ့ပြီး ဆွမ်းခူးဖို့ မီးဖိုထဲဝင်သွားတယ်၊ အဲသည့် အချိန်မှာပဲ ကြိုးကြာငှက်က နီရဲနေတဲ့ ပတ္တမြားကို အစာမှတ်လို့ ကောက်မျိုလိုက်တယ်၊ ရဟန်းတော်က မြင်လိုက်ပေမယ့် ခြောက်ဖို့ ဟန့်ဖို့ အချိန်မရလိုက်တော့ဘူး။

ပန်းထိမ်ဆရာကြီး ပြန်ထွက်လာတော့ ပတ္တမြားကြီး မရှိတော့ဘူး။ ဒီမှာတင် ရဟန်းတော်ကို စွပ်စွဲတယ်၊ ရဟန်းက သူမယူပါဘူးလို့ ငြင်းတယ်၊ ပန်းထိမ်ဆရာကြီးက ဦးပဉ္စင်းမယူလျှင် ဘယ်သူ

ယူမလဲ၊ အိမ်မှာ ဦးပဉ္စင်းကလွဲလို့ ဘယ်သူမှ မရှိဘူးလို့ ပြောတယ်၊ ရဟန်းတော်က ငြင်းမြငြင်းနေတယ်။

အဲဒီမှာ သူများပစ္စည်းကို ခိုးတာ ရဟန်း မဟုတ်တော့ဘူး၊ အလဒ္ဓိ လူယုတ်မာ သူခိုးဆိုပြီး ရိုက်,စစ်တော့တာပဲ၊ သူ့အနေနဲ့ကလဲ ဘုရင့် ပတ္တမြားရတနာကြီးဆိုတော့ ရာဇဝတ် သင့်တော့မှာကိုး။

ရိုက်ပြီးမေးတိုင်း ရဟန်းတော်က သူမယူပါဘူးလို့ပဲ ငြင်းနေရှာတယ်၊ ရဟန်းတော်မှာ ခေါင်းကွဲပြဲ ဆွေးတွေကျ၊ ပါးစပ်က ဆွေးတွေထွက်၊ တခါတခါ မေ့မြောသွားတဲ့အထိ ခံနေရှာတယ်၊ 'ကြိုးကြာငှက်က ကောက်မှိုလိုက်ပါတယ်'လို့ မပြောဘူး၊ ပြောလျှင် ကြိုးကြာဝမ်းကို ခွဲပြီး ကြည့်မှာကိုး၊ ကြိုးကြာကို သတ်လိုက်အောင် တိုက်တွန်းသလို ဖြစ်နေမှာပေါ့။

ပန်းထိမ်ဆရာကြီးက မေးလိုက်၊ ရဟန်းက ငြင်းလိုက်၊ ပန်းထိမ်ဆရာကြီးက ရိုက်လိုက်၊ ရဟန်း မှာမေ့သွားလိုက်၊ ကြာတော့ အိမ်နီးပါးနီးက လူတွေ လာကြည့်ကြ၊ လာမေးကြပေါ့၊ ဆရာကြီးက အကြောင်းအကျိုးပြောပြတယ်၊ အချို့လူတွေက မရှုမလှ ခံနေရတဲ့ ရဟန်း အဖြစ်ကို ကြည့်ပြီး ကရုဏာနဲ့ ချော့မော့မေးမြန်းကြတယ်၊ ရဟန်းကတော့ ငြင်းမြဲပဲ၊ ဆရာကြီးက ထပ်ရိုက်တော့ အိမ်နီးချင်းတွေက ဆွဲကြလွဲကြ ရုတ်ရုတ်သဲသဲ ဖြစ်နေတာပေါ့၊ အဲသည်မှာ လူတွေကိုလန့်ပြီး ကြိုးကြာငှက်က သူ့သခင် ပန်းထိမ်ဆရာကြီး ရင်ခွင်ထဲ တိုးဝင်နေတယ်။

ဒေါသဖြစ်နေတဲ့ ဆရာကြီးက 'အရေးထဲ ဒီကြိုးကြာက လာရှုပ်နေရသေးတယ်လို့ ရဟန်းကို ရိုက်တဲ့တုတ်နဲ့ တဆုံးတချက် ရိုက်လိုက်တာ ကြိုးကြာကလေး သေရာပါလေရော။

ဒီမှာတင် နှင့်ကြောင့် ငါ့ကြိုးကြာငှက်တောင် အဆစ်ပါပြီး သေရတယ်လို့ ထပ်ရိုက်ပြန်ရောပေါ့။ အဲသည်တော့မှ ရဟန်းက သေချာအောင် ထပ်မေးလိုက်တယ်။

"ဒကာကြီးရဲ့ ကြိုးကြာ သေသွားပြီလား" တဲ့။

"သေပြီ--သေပြီ၊ နှင့်ကြောင့် သေသွားပြီ" ဆိုတော့မှ . .

"ဒကာကြီးရဲ့ ကြိုးကြာဝမ်းကို ခွဲပြီး ပတ္တမြားကို ထုတ်ယူပါတော့" လို့ အသံသဲ့သဲ့နှင့် မိန့်တော်မူပါသတဲ့။

ခုခေတ်မှာလဲ အဲသလို ဝိနည်း ဥပဒေတော်ကို ရိုသေ လိုက်နာတော်မူကြတဲ့ ရဟန်းကျော် သာမဏေကျော် အများအပြား ရှိကြပါတယ်၊ ဘုန်းတော်ကြီး ဦးသီလဆိုလျှင် သားကောင်ကို ထောင်ထားတဲ့ ညှာတ်ကွင်းမိနေလို့ ညွှဲပေါက်ကိုမဖြုတ်ပဲ ရပ်နေတော်မူတယ်၊ သူများက လာဖြုတ်ပေးလဲ လက်မခံဘူး၊ ထောင်တဲ့ မုဆိုး ကိုယ်တိုင် ကျေကျေနပ်နပ်နဲ့ ဖြုတ်ပေးမှ လက်ခံတယ်၊ မီးရထားလမ်းကို ဖြတ်အကြွ ၊ ရထားလမ်းပေါ်က ဆူးခက် သင်္ကန်းကို ငဲ့တာနဲ့ မဖြုတ်ဘဲရပ်နေတယ်၊ မီးရထားက လာနေပြီ၊ ဥဩမှုတ်တယ်၊ လူတွေက ဝိုင်းအော်ကြတယ်၊ ဒါလဲ နေကာမဆွေ့ဘူး၊ ရထားကရပ်ပေးပြီး ဂါတ်ဗိုလ်က လာဖြုတ်ပေ့မှ ကြွသွားတယ်။

ညောင်လေးပင် တောရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီးဆိုလျှင် အသည်းအသန် မကျန်းမမာမှု ဆေးရုံကို ပို့ရတယ်၊ အသက်ကြီးလို့ အလွန်တရာပဲ အားနည်းနေပါပြီ။ တထပ်တည်းသော ဆွမ်းကို အားဟာရ ဖြစ်လောက် အောင်မှ [illegible]

'ညဘက်မှာ နွားနို့.ကလေး ဟောလစ်ကလေး ဘုဉ်းပေးတော်မူပါဘုရား'လို. လျှောက်တယ်၊ ဒီတော့ ဆရာတော်ကြီးက . .

"မင်းတို.လဲ မင်းတို. ဥပဒေကို လိုက်နာပြီးလူနာကို ကုကြတာပဲ၊ ငါလဲ အဖဘုရား၏ ဥပဒေကို လိုက်နာရမှာပဲ၊ ဝိကာလဘောဇနာ သိက္ခာပုဒ်တော့ အပျက်မခံနိုင်ဘူး၊ သေမယ့် ဝေဒနာဆိုလဲ သေပါစေတော့"လို. ပြန်ပြောတယ်၊ မသောက်ဘူး။ အဲ . . မကြာခင်မှာပဲ ပုံလွန်တော် မူသွားတယ်။

ကျွန်တော်တို.က မနီးစပ် မသိကျွမ်းလို.သာ မသိတာ၊ ဒီအဖြစ်မျိုး အများကြီးရှိပါတယ်။

ဒါကြောင့် ကျွန်တော် ပြောချင်တာက ရဟန်းဥပဒေကို ရဟန်းများ လိုက်နာကြပါတယ်၊ ဘုရားကိုယ်တော်မြတ်က ရဟန်းတွေကို သတိပေးခဲ့ပါကယ်။

'ဝိနယောနာမသာနသာသနာယု'တဲ့ မြန်မာလိုက ရဟန်းတို.၏ ဝိနည်းဟာ သာသနာတော်ရဲ. အသက်ပဲ ဖြစ်ပါသတဲ့။

ထင်ရှားတဲ့ ဆရာတော်သမားတော်ကြီးများကို ကျွန်တော်က ချီးကျူးရတာ အလွန်ဝန်လေး ပါတယ်၊ ကိုယ့်ဉာဏ် ကိုယ့်အမြင်ကလေးနှင့် ချီးကျူးလိုက်တာဟာ ဆရာတော်ကြီးများရဲ. သီလ သိက္ခာဂုဏ်ကြီးများနှင့် မအပ်စပ်လျှင် ချီးကျူးရာ မရောက်၊ အမနာပ ပြောရာရောက်တတ်သတဲ့၊ ဆရာတော်ကြီးများက လက်ခံတော် မမူဘူး၊ တားမြစ်တတ်တယ်။

ဒါပေမယ့် စကား စပ်မိမှတော့ ပြောလိုက်ရဦးမယ်။

ယခု တိပိဋကဓရဆရာတော်ကြီး အကြောင်းပါ၊ ဘွဲ့တော်ကို ရိသေသောအားဖြင့် မဖော်ပြဝံ့သော်လည်း ပရိသတ်များ သိကြပါလိမ့်မယ်။

အဲ-၁၉၆၄ ခုနှစ်တုန်းက တနေ.မှာ ဟောသည့် တက္ကသိုလ်ဓမ္မာရုံကြီးမှာ တရားပွဲ ကခု ကြေငြာထားပါတယ်။ ဆရာတော်ကြီး ဟောတော်မူမယ်ပေါ့။

ကျွန်တော်နှင့် အဖော်များ လာကြတော့ တရားပွဲမရှိဘူး။ ဆရာတော်ဘုရားကြီး အရေးပေါ်ကိစ္စနဲ. မင်းကွန်းကို ပြန်ကြွသွားသတဲ့။

ဒါဟာ ဖြစ်ခေါင့်ဖြစ်ခဲပါ။ ဆရာတော်ဟာ တရားပွဲစဉ်ကို ဖျက်တယ်ရယ်လို. မရှိတတ်ပါဘူး၊ ကျန်းမာရေး မကောင်းတောင် အိပ်ရာပေါ် လဲ မနေသမျှ ဘယ်သူမှ မသိစေရဘူး။ ဟောဖြစ်အောင် ဟောတာပဲ။ မြစ်ကူး ချောင်းဖျား ဘောက်တူကလေးနဲ. လာပင့်လဲလိုက်တာပဲ၊ လှည်းကြမ်းနဲ. လာပင့်လဲလိုက်တာပဲ။

တရားပွဲစဉ် များလွန်းလို. မန္တလေးက ဆရာဝန်ကြီး ဦးတင်အောင်ဆွေတို.၊ ဆရာဝန်မကြီး ဒေါ်မြင့်မြင့်ခင်တို. ၊ လူထုဦးလှတို.က ကျွန်တော့်အား ဆရာတော်ကို တရားပွဲ လျှောက်ရအောင် တောင်းပန် လျှောက်ထားခိုင်းတယ်။ တကယ်ကတော့ 'လူမိုက်ကိုနှင်းတော အတိုးခိုင်းဟာ' သူတို.မလျှောက်ဝံ့လို'နဲ. တူပါတယ်။ ကျွန်တော်ကတော့ အမှန်းကမ်းလမ်းသိတဲ့လူမှ မဟုတ်ပါကလား။

"ဆရာတော်ဘုရားရဲ့ ကျန်းမာရေးကို ငဲ့ညှာပြီးတရားဟော လျှော့သင့်တယ် ထင်ပါဘုရား"လို. လျှောက်မိတယ်။ ဆရာတော်က ဘာပြန်ပြောသလဲသိလား။

"ဒကာကြီးနှယ် . . ဘုန်းကြီးမို. ဘုန်းကြီးအလုပ်ကို လုပ်နေတာဘာလာပြီး ကန်.ကွက် နေရတာလဲ၊

ဂန္ဆုရ ၊ ဝိပဿနာဓုတ်၊ ဘုန်းကြီး လုပ်ရာမှာ ဒိန္နစ်ခုတည်း ရှိတယ်၊ ဒကာကြီးတို့. လူတွေ လူ. ကိစ္စလုပ်ရင်း ဖျား နာ သေကြရတာမဟုတ်လား၊ ဘုန်းကြီး အလုပ်လုပ်ယင်း ဖျားနာ သေချင်လဲ သေပေါ့၊ အလုပ်လက်မဲ့ ဘုန်းကြီးတော့ အဖြစ်မခံနိုင်ပါဘူး။ သုခဆိုပြီး ကိုယ့်ကိုယ်ကို ချမ်းသာအောင် လုပ်စမ်းပါဦး"တဲ့၊ ကဲ– လျှာရှည်တဲ့ကောင် မှတ်ကရော။

အဲ– အခုနစကားကို ဆက်ရဦးမယ်။တက္ကသိုလ်ဓမ္မာရုံက တရားပွဲကိုဖျက်ပြီး အရေးတကြီး ပြန်သွားတယ် ကြားတော့ စိတ်ပူမိတာပေါ့။ နောက် ဆယ်ရက်လောက် ကြာတော့မှ ပြန်ကြွလာပြီး တက္ကသိုလ် ဓမ္မာရုံမှာ ဟောတယ်။ ကျွန်တော် တို့လည်း သွားနာကြတယ်။ တရားပွဲပြီးတော့ လူတွေ ရှင်းသွားတဲ့အခိုက် ကျွန်တော်က ဝင်ဖူးပြီး

"တလောက တရားပွဲဖျက်ပြီး မင်းကွန်း ပြန်ကြွသွားတယ် ဆိုတော့ တပည့်တော်တို့. ဘာမှန်းမသိ ညာမှန်းမသိ စိုးရိမ်လိုက်မိ ပါသေးတယ် ဘုရား"လို့ လျှောက်တော့ ဆရာတော်က တိုးတိုးပြန်ပြောတယ်။

"အရေးတကြီးဆို မပြန်မဖြစ်လို. ပြန်ရတာ ဒကာကြီးရဲ့–။ ဒါတောင် ဒီက ဒကာမကြီးက (သာသနာ ဒါယိကာမကြီး) ဘာမသိ ညာမသိ အတင်း တားနေသေးလို.၊ 'ဘုန်းကြီးကို ဘုန်းကြီး အစစ်အဖြစ်နဲ. ကြည်ညိုနေချင်ရင် ဘုန်းကြီးကို မတား နဲ.'လို. တိုတိုပြတ်ပြတ် ပြောလိုက်ရတယ်။ သူ.ကို လိပ်ပတ်လည်အောင် ဆိုယင် အရှည်ကြီး ပြောရမယ်။

အကြောင်းက ဒီလို'– ဒကာသုခရေ.၊ အဲဒီနေ. က နိုင်ငံတော်အစိုးရက (ငွေတစ်ရာ့တန်နှင့် ငါး ဆယ်တန်) ငွေစက္ကူတွေ တရား မဝင်တော့ဘူး၊ သတ်မှတ်သော နှုန်းထား နဲ. အမြန်ဆုံး လဲလှယ် နိုင်ခွင့် ပြဦးမယ်လို. ကြေညာလိုက်တယ် မဟုတ်လား၊ အဲဒါ ဘုန်းကြီးရဲ့ ကျောင်းမှာ ဒကာ ဒကာမများက သူတို့.ငွေကို ရဟန်းတွေရဲ့. ငွေအလုပ်ခိုင်း၊ ရဟန်းငယ်တွေက သူတို့.ငွေကလေးများ (ရှိနေကြလျှင်) ဒကာ ဒကာမ၏ငွေ အလုပ်ခိုင်း ဖြစ်ကုန်ကြရင် ပါရာဇိက် ကျကုန်မှာ၊ ဗုဒ္ဓရဲ့. ဒုတိယ သိက္ခာပုဒ်တော်ကြီးကို ကြည့်၊ ဒါကြောင့် အုပ်မိဆိုင်းမိအောင် မြန်မြန် ပြန်စစ်ရတာ၊ တော်ပါသေးရဲ့၊ အပြစ်အဆာ အမှားအယွင်း မရှိကြလို့."

ပရိသတ်များ ဆရာတော့် စကားကို သဘောပေါက်ကြလိမ့်မယ် ထင်ပါတယ်။ လူတွေက အသေးအမွှားကလေးလို. ထင်ကြပေမယ့် ရဟန်းတော်များအဖို. အလွန်ကြီးမားတဲ့ ဥပဒေတော်ကြီးတွေ ဖြစ်နေတတ် တာလည်း ရှိပါတယ်။ အဲ– လူတွေက အင်မတန် ကြီးမားတဲ့ အပြစ်ကြီးလို. ထင်တာကျတော့ အကြည်ညိုပျက်စရာ၊ စွပ်စွဲစရာ မဟုတ်တာကိုလည်း တွေ့နိုင်ပါတယ်။ ဒါကြောင့် လူတွေ ဒကာ ဒကာမများအနေနဲ့လည်း ဝိနည်းတော်ကို လေ့လာသင်ကြားဖို. ကောင်းလှပါတယ်။

ဘုရားမြတ်စွာက ဝိနည်း ဥပဒေတော်ကြီးကို ပညတ်တော်မူခဲ့တာ နှစ်ပေါင်း ၂၅၀၀ ကျော်ခဲ့ပါပြီ၊ သံဃာဆိုတဲ့ အဖွဲ့အစည်းကြီး ကတော့ ကမ္ဘာနဲ့အတူမ်ိး ယနေ့တိုင် တည်မြဲနေတယ်။ တိုးတက်နေတယ်၊ တစ်ဦးနဲ့ တစ်ဦး၊ လူမျိုးချင်း မတူ၊ ဇာတ်ချင်း မတူ၊ အဆင့်အတန်းချင်း မတူ၊ ပညာချင်း မတူ၊ စရိုက်ဝါသနာချင်း မတူ၊ အသက်အရွယ်ချင်း မတူသူတွေ ထောင်နဲ့သောင်းနဲ့ သိန်းနဲ့သန်းနဲ့ ဆက်ဆံ ပေါင်းသင်း စုဝေးနေကြပေမယ့် တလုံး

စတည်းတည်း ညီညွတ်နေကြတယ်၊ ဒါဟာ ဥပဒေ ဝါဒကလည်း ကောင်းလို့၊ ရိသေလိုက်နာသူများ ကလည်း ရိသေလိုက်နာကြလို့ ဖြစ်ပါတယ်။

ကဲအခု ရာဇဥပဒေဆိုတာကို ဆွေးနွေး ကြရ အောင်။

ရာဇဥပဒေကို နှစ်မျိုးနှစ်စား ခွဲနိုင်မယ် ထင်ပါတယ်။

၁။ မင်းတို့ကိုယ်တိုင် လိုက်နာကျင့်သုံးရမယ့် ဥပဒေ။

၂။ မင်းတို့ တိုင်းသူပြည်သား အပေါ် စီရင်အုပ်ချုပ်ရမယ့် ဥပဒေ

မင်းတို့ကျင့်ရမယ့် ဥပဒေတွေက အကျဉ်းအား ဖြင့် ဆိုရင် မင်းကျင့်တရား (၁၀)ပါး၊ သင်္ဂဟတရား (၄)ပါး၊ နာယကဂုဏ် (၆)ပါး၊ အပရိဟာနိယတရား (၇)ပါး၊ ရာဇဂုဏ် (၈)ပါး၊ ဒါတွေ – ဒါတွေပေါ့။

ဒုဋ္ဌဂါမဏိ မင်းကြီးဆိုရင် သူ့သားတော်က ရထားကို အရမ်းမောင်းလို့ နွားမကြီး သားအမိ ဝပ်နေရာ နွားကလေးကို လှည်းနင်းမိပြီး သေသွားတယ်။ အဲဒီ တိုင်းပြည်မှာ တိုင်းသူပြည်သားများက ရှင်ဘုရင်ကို တိုက်ရိုက် လျှောက်ထားချင်ရင် တီးခတ်ဖို့ ခေါင်းလောင်းကြီး ထားပေးတယ်။ ဒါကို နွားမကြီးက သွားဝှေ့တာပေါ့။ ဒါကို ရှင်ဘုရင်က ကြားတော့ စစ်ဆေးတယ်။ နွားကလေး သေရတဲ့ အကြောင်းကို သိရတယ်။ ဒီမှာတင် သူ့သားတော်ကို လှည်းလမ်းကြောင်း ပေါ်မှာ အိပ်စေပြီး သူ ကိုယ်တိုင် လှည်းမောင်းဖြတ်နင်းပြီး စီရင်လိုက်သတဲ့။

ဒါဟာ မဟာဝင်မှာ အထင်အရှား ရှိတယ်။ အဲသည် ဒုဋ္ဌဂါမဏိမင်းကြီးဟာ သီဟိုဠ် သာသနာဝင်မှာ နေလို့ လလို့ သာသနာတော်ကို ပြုခဲ့တဲ့ သာသနာ့ ဒါယကာ ဘုရင်ကြီး။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အနော်ရထာ။ သာသနာ့ အရေခြုံ အရည်းကြီးတွေကို အာဏာစက်ဖြင့် လူဝတ်လဲစေပြီး အလုပ်သမား ရဲဘက်တွေအဖြစ်နဲ့ တိုင်းပြည်အတွက် လုပ်အား ပေးစေတယ်။ ဒါလည်း မင်းတို့ကျင့်အပ်တဲ့ ဥပဒေပဲ။

အဲဒါမျိုးတွေက မင်းတို့ကိုယ်တိုင် ကျင့်ရမယ့် ဥပဒေ အချို့အဝက် ဆိုပါတော့။ သည့်အပြင် ရာဇပဝေဏီ ရွှေဘုံနိဒါန်း မင်းခမ်းမင်းနား၊ ဆိုင်တဲ့ ဥပဒေတွေလည်း ရှိသေးတယ်။

ထို့နောက် ထိုမင်းက တိုင်းသူပြည်သားအပေါ် စီရင်အုပ်ချုပ်ရမယ့် ဥပဒေ၊ ရာဇ (မင်း)က သတ်မှတ်ထားလို့ ရာဇသတ်လို့ ဆိုကြပါတယ်။ ကျောသားရင်သား မခွဲခြားဘဲ တိုင်းသူပြည်သားကို ရင်ဝယ်သားကဲ့သို့ အုပ်ချုပ်ရမယ်ဆိုတဲ့ စကားကိုလည်း သတိထားကြရ ပါမယ်။

ဘုရား လက်ထက်တော်က ကောသလမင်း ဆိုတာ ရှိတယ်။ ကြားဘူးကြမှာပါ။

အဲသည် ဘုရင်က ပြတ်ပြတ်သားသား မရှိဘူး၊ ခပ်ပျော့ပျော့ ဖြစ်ပါလိမ့်မယ်။ ကြည့်လေ ဒု–သ –န–သောဆိုတဲ့ ငရဲအိုးထဲက အသံကြီးတွေ ကြားရပါတယ် ဆိုတာလဲ သူပဲ။

အိပ်မက်ကြီး (၁၆)ခုကို တညတည်း ဆက်မက်နေတယ် ဆိုတာလဲ သူပဲ၊ အိပ်မက်အရှည်ကြီး (လောင်းပလေး)။

နောက်ပြီးတော့ ဗုဒ္ဓကိုလဲ သူ ကိုးကွယ်တာပဲ၊ တိတ္ထိ ဆရာကြီးတွေကိုလဲ ကိုးကွယ်လျက်ပဲ၊ ဒါကြောင့် မပြတ်သားဘူးလို့ ပြောကြတာ။

လူပုဂ္ဂိုလ် ပုံပန်းသဏ္ဌာန်က တုတ်တုတ်ခိုင်ခိုင်

အခုပြောမယ့် ကိစ္စက ရှင်ဘုရင် ကိုယ်တိုင် လာဘ်စား‌ပြီး မတရား‌စီရင်တဲ့ အကြောင်.ပါ · မြတ် စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်း‌တော်မှာ သီတင်း သုံး‌နေတုန်း ဘုန်း‌တန်ခိုး အလွန်အတန်း တွေ အလွန်တိုး‌တက် ပေါများ‌နေတယ်၊ တိတ္ထိ တွေမှာတော့ ကြည်ညိုသူ လူလိုသူ နည်း‌ပါး‌နေ တယ်၊ ဒါကို တိတ္ထိဆရာကြီး‌များ‌က တိုင်ပင် စည်း‌ဝေး ကြတယ်။

"ဂေါတမ ဗုဒ္ဓဟာ ဇေတဝန်ကျောင်း‌မြေ နေ ရာက ဘူမိနက်သန် မြေခဲမှန်လို. ဘုန်း‌တန်ခိုး ကြီး နေတာ၊ ဒီတော့ တို.လဲ အဲသည်ကျောင်း‌မြေ တနေရာမှာ ကျောင်း‌ဆောက်‌ပြီး နေကြရအောင်၊ ဘုရင်ကောသလ မင်း‌ကြီး‌ကို လာဘ်ထိုး‌ပြီး မြေ နေရာတောင်း‌မယ်"

အဲသလို တိုင်ပင်‌ပြီး သူတို.ကို ကြည်ညိုတဲ့ သဒ္ဓေး‌တွေထဲ ငွေများ‌များ‌စုပြီး လာဘ်သွား‌ထိုး ကြတယ်၊ ရှင်ဘုရင်‌ကလဲ လာဘ်ကိုယူ‌ပြီး ဆောက် စေ . . လို. ဆိုလိုက်တာပဲ။

ဆောက်ခွင့်ရတယ် ဆိုယင်ပဲ တိတ္ထိတွေဟာ အလုပ်သမား လက်သမား‌တွေနဲ. ညှိ‌ပြီ၊ တိုင်ထူ ပြီ‌နဲ. ပြောဆို အော်‌ဟစ် လုပ်‌ကိုင်‌နေကြတာ ပွက်‌လောရိုက်‌နေတာပဲတဲ့။

ဒါကို ဘုရား‌က ကြား‌တော်မူတော့ အရှင် သာရိပုတ္တရာနဲ. အရှင်မောဂ္ဂလာန်တို.ကို ခေါ်‌မေး တယ်။

"ငါ:စိမ်:သည်တွေ ရန်ဖြစ်သလို အော်‌ဟစ် ဆူညံ‌နေတာ ဘယ်သူတွေလဲ"ပေါ့။

"တိတ္ထိတွေ‌လား‌ပြီး ကျောင်း‌ဆောက် နေကြ တာပါဘုရား"

"ဘယ်သူက အခွင့်‌ပေး‌လို.လဲ"

"ကောသလမင်း‌ကြီး‌က ခွင့်‌ပေး‌တယ်လို. ကြား‌

ဝဝဖီး‌ဖီး ဗိုက်ခေါက်ထူထူကြီး‌နဲ. ဇိမ်ခံဘုရင်ကြီး ဖြစ်‌ပါ‌လိမ့်‌မယ်၊ ဘာဖြစ်လို.လဲဆိုတော့ သူ.ကွယ် ရာမှာ 'ပဿေနဒီ ကောသလမင်း' လို. ခေါ်‌ကြ သတဲ့ ၊ ပဿ=ဆိုတာက နံဘေး။ နဒီ=ဆိုတာ ကမြစ်။ ချိုး‌ကော်ရေ သုံး‌တဲ့အခါ ဗိုက်ခေါက်နံဘေး မှာ ရေတင်‌နေလို. (ကျောက်ပျဉ်မှာ ရေပတ်‌လည် ဝိုင်း‌နေသလို) ဖြစ်‌နေလို. မောင်း‌မငယ်များ‌က ပြက်‌ရယ်‌ပြု ခေါ်‌ကြတယ် ဆိုပဲ။

သတ္တိကျတော့‌လည်း ကြည့်‌ဦး၊ အဂုံလိမာလကို ဖမ်း‌ရအောင် စစ်တပ်ကြီး‌နဲ. ထွက်‌လာတယ်၊ ဖမ်း ရမယ့်‌လူက တယောက်တည်း၊ အဲဒါလဲ အဂုံလိ မာလရဲ. အမေက သား‌ကို သတိပေး‌ရာအောင် တော ထဲ လိုက်‌လာတယ်၊ အဂုံလိမာလက လက်ညှိုး တချောင်း လိုတော့‌တဲ့အတွက် မိခင်ဖြစ်‌နေလဲ သတ် ရတော့‌မှာပဲ ဆိုပြီး လိုက်တယ်၊ ရဟန္တာ ဖြစ်‌မယ့် အဂုံလိမာလ ပဉ္စာနန္တရိယကံ မထိုက်‌ရအောင် မြတ် စွာဘုရား‌က ကြား‌ကာင်‌ပြီး တရား‌ဟော သိမ်း‌သွင်း ပြီး ခေါ်‌လာလို. ရဟန်း‌တောင် ဖြစ်‌ပြီ။ အဲသည် တော့‌မှ ကောသလမင်း‌ကြီး‌က အဂုံလိမာလကို အဖမ်း‌မထွက်ခင် ဘုရား‌ကျောင်း‌တော်‌ကို ဝင်‌လာ တာ။

မြတ်စွာဘုရား‌က စစ်တပ်ကြီး‌နဲ. ဘာကြောင့် ထွက်‌လာတာလဲ . . လို. မေး‌တော်မူတယ်။

"အဂုံလိမာလကို ဖမ်း‌ဆီး‌ရအောင် ထွက်‌လာ တာပါဘုရား" လို.လျှောက်တယ်။

"အဂုံလိမာလကို အသင်မင်း‌ကြီး ဖမ်း‌ဖို. မလိုတော့‌ပါဘူး၊ ကျောင်း‌ပေါ်‌မှာ ရောက်‌နေပါ‌ပြီ" လို.လဲ ဗုဒ္ဓကိုယ်တော်‌က ပြောလိုက်‌ရော . . ကော သလမင်း‌ကြီး‌က ထပြေး‌မယ်လုပ်လို. မြတ်စွာဘုရား က တား‌ယူရတယ်၊ အဲသလောက် သတ္တိ။

ပါတယ်ဘုရား"

"ဒါဖြင့် . . ကောသလမင်းထဲ သွားကြစမ်း၊ ငါ့သာသနာမှာ အညစ်အကြေးတွေ ကူးစက်ကုန်လိမ့်မယ်၊ တရား အားထုတ်နေကြတဲ့ ရဟန်းများ အတွက်လဲ အနှောင့်အယှက်ဖြစ်တယ်၊ ကောသလမင်းက တားမြစ်ပေးပါလို့ ပြော"လို့ ဆိုပြီး အရှင်မောဂ္ဂလာန်ကို ဘုရင့်ထံ လွှတ်လိုက်တယ်၊ ဘုရင်က အတွေ့မခံဘူး၊ ဘာအတွေ့ခံမှာလဲ လာဘ်ယူထားတာကိုး။ အဲဒေတွေ့မခံတော့လဲ ပြန်ခဲ့ရတာပေါ့။ ရှင်ဘုရင် ဆိုတာများက မတွေ့ချင်ရင် အလွယ်ကလေးပဲဟာ။

တိတ္ထိတွေက 'ဘုရင်က အတွေ့မခံလိုက်ဘူး' ဆိုတာ ကြားတော့ ပိုပြီး ရောင့်တက်လာကြ တာပေါ့။ ပိုပြီကော့တောင် ပမာမခန့် ဆူဆူညံညံ လုပ်လိုက်ကြသေး။

နောက်တခါ ဗုဒ္ဓ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကို လွှတ်တယ်၊ ဒါလောက် လေးစားရမယ့် ရဟန္တာကြီးကိုလဲ အတွေ့မခံ လိုက်ဘူး။ နောက်ဆုံး ဗုဒ္ဓကိုယ်တော်ကိုင် ကြွရတယ်။

ဗုဒ္ဓ ဆိုကော့ ရှင်ဘုရင်ကြီး အတွေ့မခံလို့ မဖြစ်တော့ဘူး။ အဲဒီမှာ ဗုဒ္ဓက ဘုရင်ကြီး ရိပ်မိအောင် တရားသုတ္တန်ကခုကို ဟောတော်မူတယ်၊ ရွေးတုန်းက ဘုရင်တပါး လာဘ်စားပြီး ရသေ့ဂိဏ်းကို ခွစ်ဂိဏ်းကို ရန်တိုက်သလို လုပ်လို့ အကျိုးဆုတ်ယုတ် ရပုံ အကြောင်း။

အဲသည်တော့မှ သူလာဘ်စားတာကို ဘုရားရှင် သိတော်မူပြီးဆိုပြီး တိတ္ထိတို့ကို (တား၁ရမ်) ထုတ်ပေးတော့တယ်၊

ကျွန်တော့် စကားက အတော်ရှည်သွား ပါပြီ၊ နိဂုံးချုပ်မှ ဖတ်တော့မယ်။ ဒါကြောင့် လောကမှာ ဥပဒေဆိုတာ ရှိကိုရှိရမယ့် ညွှန်ကြားချက်များ ဖြစ်ပါတယ်။ ဥပဒေမရှိတဲ့ နေရာရယ်လို့ ဘယ်မှာမှ မရှိပါဘူး။ ယုတ်စွအဆုံး တိရစ္ဆာန် လောကမှာပင် သူ့နယ်ကိုယ့်နယ်၊ သူ့စည်းကိုယ့်စည်း ရှိကြပါတယ်။ ဒါကြောင့် ယဉ်ကျေးတဲ့ လူသားတိုင်း လူသားတိုင်း ဥပဒေကို ရိုသေလေးစား လိုက်စားလေ့လာ လိုက်နာကြရပါမယ်။

လူ့ဥပဒေကို လူတွေက မလိုက်နာလျှင် လူ့ယဉ်ကျေးမှု ပျောက်ကွယ်ကုန်မယ်၊ ရိုသေလိုက်နာလျှင် လူ့ယဉ်ကျေးမှုကြီး တိုးတက်လာမယ်။

ထို့နည်း လည်းကောင်းပဲ၊ ရဟန်း ဥပဒေကို ရဟန်းများက မလိုက်နာလျှင် သာသနာကြီး ပျောက်ကွယ်လိမ့်မယ်၊ ရိုသေလိုက်နာလျှင် သာသနာတော်ကြီး နေလိုလို တနေ့တခြား လင်းမယ်။

ထို့အတူ မင်းဥပဒေကို မင်းစိုးရာဇာများနှင့် ဟက္ခ တိုင်းသူ ပြည်သားများက မလိုက်နာလျှင် တိုင်းပြည်ကြီး ပျက်စီးမယ်၊ လိုက်နာလျှင် သာယာဝပြော ဆန်ရစေပါ့ ပေါမယ်။

ဒါကြောင့် . . ဒါကြောင့် ယခု ဥပဒေပညာကို သင်ယူနေကြတဲ့ ဥပဒေပညာရှင်၊ ဥပဒေပါရဂူ လောင်းများ၊ ဥပဒေ အရပ်ရပ်ကို တတ်မြောက်ကျွမ်းကျင် လာတဲ့အခါ လုပ်သား ပြည်သူများကို ဥပဒေဖြင့် ညွှန်ကြား အကျိုးဆောင် ပေးကြရုံမက မိမိတို့ကိုယ်ပိုင် ဥပဒေကို ရိုရိုသေသေ လေးလေးစားစား လိုက်နာကြပါလို့ ဆန္ဒပြုပြင်း . .

သုခီအတ္တာနံ ပရိဟရန္တု၊
သုခ

ဗိုဒိုင်ကာရဲ့ဆရာတော်ကြီးဘုရားကို
တစ်ဝတ်သာသနာ

မြင့်ဇော်(မဟာဝိဇ္ဇာ၊လန်ဒန်)

တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တဘဝသာသနာ

မြင့်ဆွေ (မဟာဝိဇ္ဇာ- လန်ဒန်)

၁၂၇၃ ခုနှစ်မြင်းခြံမြို့နယ်တွင် ဖွားမြင်ခဲ့သော မင်းကွန်း (ပထမ) တိပိဋကဆရာတော်၊ အဘိမဇမဟာရဋ္ဌဂုရု၊ အရှင်ဝိစိတ္တာသာရဘိဝံသသည် အ သက်ရှစ်နှစ်မှစ၍ ပရိယတ္တိပါဠိ စာပေကို စတင် သင်ကြားလာခဲ့ရာ၊ အသက် (၁၅) နှစ်မှ (၂၃) နှစ်အတွင်းမှာ ပထမငယ်မှစ၍ ပထမကျော်ဘွဲ့. နှင့် ပထမဆုံး 'သကျသီဟဓမ္မာစရိယ (ဝဠုံသကာ)' ဘွဲ့.များကို ရရှိခဲ့ပေသည်။ အသက် (၂၉) နှစ်၌ ပထမဆုံးအကြိမ် ကျင်းပသည့် အစိုးရဓမ္မာစရိယ စာချတန်း စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်၍ "သာသနာဓဇသီ ရိပဝရ ဓမ္မာစရိယ" ဘွဲ့.ကို ရရှိခဲ့ ပေသည်။

ဘစ်ဖန် အသက် (၃၉) နှစ်၌ အခက်ခဲဆုံးသော "တိပိဋကဓရ" စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုရာ လေးနှစ်အတွက် လေးပိုင်းပိုင်း၍ ပြဋ္ဌာန်းထားသော ပိဋကသုံးပုံ (အာဂုံ + ရေးဖြေ) ကို နှစ်စဉ်ဆက်တိုက်ဂုဏ်ထူးများဖြင့် အောင်မြင်၍ ၁၃၁၅ ခုနှစ်၊ အသက် (၄၂) နှစ်၌ "တိပိဋကဓရ ဓမ္မာဘဏ္ဍာဂါရိက" ဘွဲ့.တော်ကြီးကို ပထမဦးဆုံးနှင့် အထူးခြားဆုံးဖြင့် ရရှိသော ပုဂ္ဂိုလ်ထူးဖြစ်လာပေသည်။ ဤတွင်ပါရမီထူးသည့် ပရိယတ္တိ စာသင်သားဟို့ ပြဘွယ်ကိစ္စအဝဝကို အောင်မြင်ပြီးမြောက်ခဲ့ပေသည်။

ထိုမှနောက်၌ကား ဗုဒ္ဓသာသနာတော် ပြန့်ပွားတိုးတက်ရေးအတွက် ပြဘွယ်ကိစ္စဟူသမျှကို ဆက်လက်၍ မနေမနား ဆောင်ရွက်တော်မူလေသည်။

၁၃၁၆ ခုမှ ၁၃၁၈ ခုအထိ ၂ နှစ်တိုင်ဆင်ယင်ကျင်းပခဲ့သည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးတွင် မဟာစည်ဆရာတော်ဘုရားက ပုစ္ဆက (မေးသူ) အဖြစ် ဆောင်ရွက်၍၊ တိပိဋက ဆရာတော်က ဝိသဇ္ဇက (ဖြေသူ) အဖြစ် ဆောင်ရွက်ခဲ့သဖြင့် စံချိန်မီ သင်္ဂါယနာတင်ပွဲကြီး ထမြောက်အောင်မြင်သွားပေသည်။

ထိုအချိန်မှစ၍ ဆရာတော်ဘုရားသည် ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် နိုင်ငံတစ်ခွင် အနယ်နယ်အရပ်ရပ်သို့ လှည့်လည်၍ (ယခုအထိ) တရားဓမ္မများကို ဟောကြားပြီး၊ တစ်ဖက်တွင်လည်း ဆဋ္ဌသင်္ဂါယနာ၏ ကြီးမားသည့် ရည်ရွယ်ချက်ဖြစ်သော ပိဋကတ်ဆိုင်ရာ "ပါဠိတော်၊ အဋ္ဌကထာ" ကျမ်းကြီးများကို တည်းဖြတ်သုတ်သင် ပုံနှိပ်ရေးလုပ်ငန်း၌ အဓိကအခန်းမှ ပါဝင်၍ မနေမနား ဆောင်ရွက်လေသည်။

ထို့အပြင် ဗုဒ္ဓသာသနာတော်အတွက် အထူးလိုအပ်နေသည့် အပြည့်စုံဆုံးသော "မဟာဗုဒ္ဓဝင်ကျမ်းကြီး" ကိုရေးသားပြုစုနေလေရာ ၁၃၃၀ ခုနှစ်တွင် အတွဲအား ဖြင့် ခြောက်တွဲ၊ အုပ်ရေအား ဖြင့် ရှစ်အုပ်၊ စာမျက်နှာအား ဖြင့် ၎၊၅၀၀ ပါရှိသည့် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားပြီးစီးခဲ့ပေသည်။ (ယခု ဤကျမ်းကြီးကို ဆရာကြီး ဦးကိုလေးနှင့် ဦးတင်လွင်ဝင်း တို့ ပူးတွဲ၍ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုနေကြောင်း သိရှိရပါသည်။)

တစ်ဖန် ၁၃၁၈ ခုနှစ်တွင် စစ်ကိုင်းငလျင်ကြီးကြောင့် ပြိုကျပျက်စီးသွားသည့် မိမိသီတင်း

သုံးရာ မင်းကွန်းဓမ္မနာဒကျောင်းတိုက်အနီးရှိ မိုးမိတ်ကုန်းမြေပေါ်မှ စေတီတော်များကို ခုတ်ထွင်ရှင်းလင်း ပြုပြင်လေရာ ၁၃၂၃ ခုနှစ်တွင် "**မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီး**" ကို စနစ်တကျ ဖွဲ့စည်းလုပ်ဆောင်သည်တွင် နှစ်များမကြာမီအတွင်းမှာပင် မိုးမိတ်ကုန်းမြေသည် စေတီတော်များ ကျောင်းဆောင်များဖြင့်ကြည်ညိုစဖွယ်တင့်တယ်သာယာ လှပလာပေသည်။

ထိုမှတဆင့်တက်၍၊ ဆရာတော်ဘုရားကြီးသည် ယင်းမိုးမိတ်ကုန်းမြေရှိ ကျောင်းကန်များကို သာသနာတော်အတွက် အထူးအကျိုးရှိအောင် အသုံးချလိုသဖြင့် ၁၃၄၀ ခုနှစ် တိပိဋကဓရဘွဲ့ ၂၅ နှစ်မြောက် ရွှေရတုသဘင် အခါသမယတွင် မိမိအားနိုင်ငံတော်အစိုးရက ထောက်ပံ့သောနှစ်စဉ် အလှူငွေများကို ပရိယတ္တိသာသနာတော်အတွက်မ,တည်ငွေအဖြစ် စွန့်လွှတ်လှူဒါန်းကာ၊ "**တိပိဋကာ=နိကာယသာသနာပြုအဖွဲ့ကြီး**" ကိုစနစ်တကျ တည်ထောင်ဖွဲ့စည်းပြီး 'တိပိဋကဓရ' လောင်းလှာ စာသင်သားရဟန်းတော်များကို ပြုစုပျိုးထောင်ရန်အလို့ငှါ မိုးမိတ်ကုန်းမြေတွင် ထိုနှစ် ဝါဆိုလ၌ "**တိပိဋက=နိကာယကျောင်းတိုက်ကြီး**" အဖြစ် ပြောင်းလဲတည်ထောင်ပြီးလျှင်၊ ကြွရောက်သိတင်းသုံးကြသည့် တိပိဋကဓရ လောင်းလှာစာသင်သား ၄၇-ပါး အား ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိ ပြုစုစောင့်ရှောက်ပေးလေသည်။

ထိုကျောင်းတိုက်ကြီး ဖွင့်လှစ်ပြီးနောက် သုံးနှစ်ကြာသောအခါ ထိုတိုက်ကြီး၏ ပရိယတ္တိတိုးတက်လာပုံ အခြေအနေနှင့်တကွ တိပိဋကာနိကာယသာသနာပြုအဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာအဝဝအပြင် နောင်အနာဂတ် ရည်မှန်းချက်များ ဖေါ်ပြပါရှိသည့် "**ပထမသုံးနှစ်ခရီး**" စာအုပ်ကို ထုတ် ဝေခဲ့ပါသည်။

၁၃၄၄ ခုနှစ်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် လက်ရှိပရိယတ္တိပညာရေးစနစ်ကို ခေတ်စနစ်နှင့်အညီ ဖြစ်စေရန် အခြေခံမူစဉ် ပြုပြင်ပြောင်းလဲ ရေးဆွဲရာတွင် ပရိယတ္တိပညာရေးကို ကမ္ဘာ့ဆောင်အတန်းမှီနိုင်စေရေးအတွက် "**နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး**" (ရန်ကုန်နှင့် မန္တလေး) နှစ်ခုဟည်ထောင်ဖွင့်လှစ်ရေးကို အတည်ပြုဆုံးဖြတ်သောအခါ တက္ကသိုလ်ကြီးနှစ်ခု ဆောက်လုပ်ရေးတာဝန်သည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင် ချုပ်လည်းဖြစ်သော တိပိဋကဆရာတော်ဘုရား၏ ဦးခေါင်းပေါ်သို့ ကျရောက်လာပေသည်။ ဆရာတော်ဘုရားသည် ထိုတာဝန်ကြီးပြီးမြောက်စေရန် အတွက် မိမိ၏ ရှေးဘုန်းကံ ပညာပါရမီနှင့်တကွ အလောင်းတော်တို့၏ ဇွဲလုံ့လမျိုးကို လက်ကိုင်ပြုလျက် မနေမနား ကြိုးပမ်း ပေးရရှာပြန်သည်။

ဆရာတော်ဘုရားအမှူးပြုသည့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီး၏ မနေမနားကြိုးပမ်းမှုကြောင့် ၁၃၄၇ ခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးမြို့၌ "နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး" နှစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ပေသည်။ (ထိုတက္ကသိုလ်ကြီးနှစ်ခုသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင် ထားရှိပါသည်။)

ယခုစမ်းသပ်ဖွင့်လှစ်လိုက်သော တက္ကသိုလ်ကြီးနှစ်ခုလုံးမှာ (မကဂဓိဇာဘွဲ့နှင့် အဆင့်ကသော) "မဟာဓမ္မာစရိယ"ခေါ်ဘွဲ့လွန် သင်တန်း

ကိုသာ ဖွင့်လှစ်နိုင်ပါသေးသည်။ ပြဋ္ဌာန်းစာမှာ လည်း "သုတ်၊ ဝိနည်း၊ အဘိဓမ္မာ" ဟူသော ပိဋကသုံးပုံကိုသာ အဓိကထား၍ သင်ကြားပေးနိုင်ပါသေးသည်။ ဤမဟာဓမ္မစရိယတန်း၌ ရေးဖြေ(နှစ်)နှစ်၊ ကျမ်းပြု(သုံး)နှစ် (ပေါင်း၎ နှစ်) ဟု သတ်မှတ်ထားပါသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် ယင်းတက္ကသိုလ်ကြီးနှစ်ခုကို ကမ္ဘာ့တက္ကသိုလ်များအဆင့်ရှိ ခေတ်မီတက္ကသိုလ်ကြီးအဖြစ် သို့ ရောက်ရှိစေရေးအတွက် တက္ကသိုလ် လူပညာရှင်တို့၏ အကြံဉာဏ်နှင့်အကူအညီကို ရယူလျက် "၁၃၅၀" ခုနှစ်၌ ရဟန်းပညာရှိ၊ လူပညာရှိများ ပါဝင်သော **"နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဗဟိုအဖွဲ့ကြီး"** ကို ဖွဲ့စည်းပြီး တက္ကသိုလ်ပညာရေးစနစ်ကို ပြန်လည် သုံးသပ် ဆန်းစစ်စေခဲ့ရာ ထိုအဖွဲ့ကြီး၏ ကင်ပြ ချက်အရ "သုတ်၊ ဝိနည်း၊ အဘိဓမ္မာ" ဟူသော အဓိက ဘာသာ သုံးခုအပြင် (သာသနာပြုရေး၌ အထူးလိုအပ်သော) "အင်္ဂလိပ်ဘာသာနှင့် သက္ကတ ဘာသာရပ်" နှစ်ခုကိုပါ တိုးချဲ့သင်ကြားခွင့်ပြုခဲ့ပါသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် ယင်းတက္ကသိုလ်ကြီးနှစ်ခုနှင့် ပတ်သက်၍ အုပ်ချုပ်ရေး (မူဝါဒရေး) နှင့် ပညာရေးဆိုင်ရာ ကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် နိုင်နိုင်နင်းနင်း လုပ်ဆောင်စေနိုင်ရန်အတွက် ဖေါ်ပြပါ တက္ကသိုလ်ဗဟိုအဖွဲ့ကြီးကို (၁) **"နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် အုပ်ချုပ်ရေးဗဟိုအဖွဲ့ကြီး"**နှင့် (၂) **နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ် ပညာရေးဗဟိုအဖွဲ့ကြီး"** ဟူ၍ ဗဟိုအဖွဲ့ကြီးနှစ်ခုကို "၁၃၅၁" ခုနှစ်တွင် တိုးချဲ့ဖွဲ့စည်းကာ တက္ကသိုလ်အုပ်ချုပ်ရေး (မူဝါဒရေး)နှင့် ပညာရေးတို့၌ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်စေခဲ့ပါသည်။ ထိုအဖွဲ့ကြီးနှစ်ရပ်ပါ ရဟန်းပညာရှိလူပညာရှိတို့၏ စုပေါင်းဆွေးနွေးစီမံလုပ်ဆောင်မှုကြောင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး နှစ်ခုမှာ ကမ္ဘာ့တက္ကသိုလ်ကြီးများနှင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တူလာသည့် အခြေသို့ ရောက်ရှိလာပါသည်။

ယခု ၁၃၅၁ ခုနှစ်မှစ၍ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီး နှစ်ခုလုံးမှာ- (၁) 'ဝိဇ္ဇာ' ဘွဲ့နှင့် အဆင့်တူသည့် ဘွဲ့ကြိုသင်တန်းခေါ် "သာသနာ့တက္ကသိလဓမ္မာစရိယ" လေးနှစ်သင်တန်းကိုလည်းကောင်း၊ (၂) 'မဟာဝိဇ္ဇာ' နှင့်အဆင့်တူသော ဘွဲ့လွန်သင်တန်းခေါ် "သာသနာ့တက္ကသိလမဟာဓမ္မာစရိယ" ဒေါက်တာသင်တန်းကိုလည်းကောင်း၊ ကမ္ဘာ့တက္ကသိုလ် အင်္ဂါရပ်နှင့်အညီ ဗဟုသုတဖွင့်လှစ်သင်ကြားပါတော့မည်။

တက္ကသိုလ်သင်ကြားရေးဌာနများဖွဲ့စည်းရာတွင်လည်း "ဝိနယပိဋကမဟာဌာန၊ သုတ္တန္တပိဋကမဟာဌာန၊ အဘိဓမ္မပိဋကမဟာဌာန" ဟူသော အဓိကမဟာ ဌာနကြီးသုံးခုအပြင်၊ "ပိဋကဆိုင်ရာ ပါဠိစာပေဌာန၊ ပိဋကဆိုင်ရာ မြန်မာစာပေဌာန၊ ပိဋကဆိုင်ရာ အင်္ဂလိပ်စာပေဌာန၊ ဗုဒ္ဓဒေသနာ ပြန့်ပွါးရေးပညာဌာန" ဟူ၍ အခြားအရံအထောက်အကူပြု ဌာနကြီးလေးခု (ပေါင်း ခုနစ်ခု) တိုးချဲ့ဖွဲ့စည်းပြီး ဘာသာရပ် ခုနစ်ခုကို သင်ကြားစေပါလိမ့်မည်။ သင်ကြားရေး၌ အထူးအောင်မြင်စေရန်အတွက်လည်း လူပညာရှိများကိုပါ တွဲဖက်ပါမောက္ခ ဌာနမှူးများအဖြစ် ခန့်ထား

သာသနာ့ရေးကိစ္စအဝဝတို့၌ အားကိုးရာ တစ်ဆူ ဖြစ်တော်မူသော ကျေးဇူးတော်ရှင် တိပိဋကဓရ ဆရာတော်ဘုရား၏ ကျွှိသိုစသည် ထိုထိုကျွှိကျွှိ အမျိုးကာသာသနာအတွက် ယခု သက်တော် (၇၉) နှစ်အထိ မခဲနေမနား ဆောင်ရွက် ခဲ့သမျှသော ကုသိုလ်ကောင်းမှု အစုစုသည် ဆရာတော်ဘုရား သက်တော်ရာကျော်ရှည်၍ ကျန်းမာချမ်းသာစွာဖြင့် ဆက်လက် သာသနာ ပြုနိုင်စေကြောင်း ဤဘဝ၌ (သို့မဟုတ်) နောက်ဘဝ၌ အရိယာ သူတော်စင်မြတ်ကြီးဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်စေကြောင်း ကြီးမားသော အထောက်အပံ့ဖြစ်ပါစေသောဝ်။

မြင့်ဆွေ
မဟာဝိဇ္ဇာ (လန်ဒန်)
၁၅-၁၁-၈၃



ပြီး၊ သင်ကြားရေးအင်အား ကို စနစ်တကျ ဖြည့်တင်းထားပါသည်။

ထိုတက္ကသိုလ်ကြီး နှစ်ခုစလုံး၌ ပစ္စည်းလေးပါးနှင့်တကွ ပညာရေးဆိုင်ရာ ကူညီကောက်ပံ့မှု အဝဝပြည့်စုံစေရန်အတွက် တက္ကသိုလ် ဥပဒ္ဒာက **အဖဲ့ကြီး** နှင့် **တက္ကသိုလ် ဥပထမ္ဘက အဖဲ့ကြီး** ဟူ၍ လူပုဂ္ဂိုလ်များ ပါဝင်သည့် အဖဲ့ကြီးနှစ်ခုကို ဖွဲ့စည်းကာ သူတာဝန်နှင့်သူ လုပ်ဆောင်စေခဲ့ပါသည်။

ထို့ပြင် နိုင်ငံတော်သံဃမဟာနာယက အဖဲ့ကြီးသည် ပြည်တွင်း၌ ဇောက်ချပြီး သာသနာပြုနိုင်စေရေးအတွက် ပြည်နယ်နှင့်တိုင်းအတွင်းရှိ မြို့ကြီးများ၌ (ဆရာအတတ်သင်ကောလိပ်နှင့် အသင်တူသော) **"ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်း"** များကိုလည်း စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်လျက်ရှိပါသည်။ ထို ကျောင်းတော်ကြီးများအား အဆောက်အအုံများမှအစ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ရေး ကိစ္စအဝဝကို တိပိဋကဓရဆရာတော်ဘုရားက ပင် တာဝန်ယူဆောင်ရွက်နေပါသည်။

ကျွှိသိုလျှင် နိုင်ငံတော် သံဃမဟာနာယက အဖဲ့ကြီးသည် နိုင်ငံအနှံ့ ကမ္ဘာတစ်လွှားတွင် ဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် သာသနာပြုရဟန်းတော်များ ပြုစုပျိုးထောင်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် တိပိဋကဓရဆရာတော်ဘုရား အမှူးပြုသည့် တိပိဋကာနိကာယသာသနာပြု အဖဲ့ကြီးက နိုင်ငံအနှံ့ လှည့်လည်၍ ပြည်သူ အပေါင်း၏ အကူအညီကို ရရှိရန် မနေမနား ကြိုးပမ်းလျက်ရှိပါသည်။



၁၉၇၉-ခုနှစ်၊ နိုဝင်ဘာလ (၉)ရက်နေ့က မန္တလေးမြို့နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဝင်းအတွင်း မင်္ဂလာ မဏ္ဍပ်ကြီး၌ အခမ်းအနားကြီးတစ်ရပ် ကျင်းပခဲ့သည်။ ထို အခမ်းအနားကား မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ကြီးမူးဖွဲ့စည်းခဲ့သည့်တိပိဋက= နိကာယ သာသနာပြု အဖွဲ့ကြီး၏ တတိယ သုံးနှစ်ခရီး စာစောင်ပေးအပ်ပွဲ ဖြစ်လေသည်။

စာရေးသူသည် တတိယသုံးနှစ်ခရီး စာအုပ်ကြီး၌ တစ်ခန်း တစ်ကဏ္ဍမှ ပါဝင်ရေးသားခဲ့သဖြင့် တတိယအကြိမ် စာအုပ် ပေးအပ်ပွဲသို့ တက်ရောက်ခွင့် ရရှိခဲ့ပါသည်။

စာအုပ်ပေးအပ် ချီးမြှင့်ပွဲတွင် တက်ရောက်လာသော အစုအဖွဲ့ များမှ ကိုယ်စားလှယ် တစ်ဦးစီက ကျေးဇူးတင် ဝမ်းမြောက်စကား လျှောက်ကြား ပြောဆိုကြပါသည်။

တတိယသုံးနှစ်ခရီးစာအုပ်ကြီးကို မင်းကွန်း ဆရာတော်ကြီးနှင့်တိ=နိအဖွဲ့ ဥက္ကဋ္ဌကြီးဒေါက်တာ ဦးသာလှ တို့က သက်ဆိုင်သူ များအား အသီးသီး ပေးအပ်ချီးမြှင့်ကြပါသည်။

စာရေးသူအပါအဝင် အနုပညာရှင်အုပ်စု များသည် တတိယသုံးနှစ်ခရီး စာအုပ်ကြီးကို လက်ခံရရှိပြီးသော အခါ မင်းကွန်း တောင်ရိုး ဓမ္မနာဒ ကျောင်းတိုက်သို့ ခရီးဆက်ကြရပါသည်။ ထို့နောက်တွင်မူ မော်တော်ဖြင့် မန္တလေး ဘက်သို့ ပြန်ကူးကာ အချို့က ထိုနေ့ညမှာပဲ အချို့က နောက်နေ့၌ ရန်ကုန်သို့ ပြန်ကြပါသည်။

စာရေးသူကား ရန်ကုန်သို့ ချက်ချင်းမပြန်ချင်။ (၂၇)နှစ်တာမျှ ကြာမြင့်သော ဝန်ထမ်း

ဘဝတွင် မန္တလေးသို့ အရောက်အပေါက် နည်းလှသည် ဖြစ်၍ ရောက်တုန်း ရောက်ခိုက် တွင် စစ်ကိုင်း တောင်ရိုး သို့လည်း သွား'လို သည်။ အထူးသဖြင့် စစ်ကိုင်းသို့ မရောက်ဘူးသေးသည့် ဇနီးသည်ဖြစ်သူလည်း ပါလာလေရာ စစ်ကိုင်းသို့အရောက်သွားမှဖြစ်တော့မည်၊ အခန့်သင့်စွာပင် ကျော်နန္ဒအောင်မှာလည်း အဖော်တစ်ယောက်နှင့်အတူ စစ်ကိုင်းသို့သွားရန် အစီအစဉ်ရှိသဖြင့် လေးယောက်အတူ သွားဖြစ်ကြသည်။

စစ်ကိုင်းမှ အပြန်တွင် ဒုမရပ္ပရ မဟာဂန္ဓာရုံကျောင်းတိုက်သို့ဝင်၍ နာယက ဆရာတော်များကို ဖူးမြင်ပါသည်။ ပထမ နာယက ဆရာတော် ဦးစန္ဒောဘာသမှာ မြိတ်မြို့သို့ ကွာရောက်နေသဖြင့် ဒုတိယ နာယက ဆရာတော် ဦးကုဏ္ဍလာဘိဝံသကိုသာ တွေ့ရပါသည်၊ မိမိသည် လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ်ကျော်က မဟာဂန္ဓာရုံ၌ တစ်နှစ်မျှနေ၍ ဆရာတော်ကြီးထံတွင် သက္ကတစာပေကို လေ့လာ ဆည်းပူးခဲ့သည်။

မဟာဂန္ဓာရုံ ဆရာတော်သည် သက်တော် သုံးဆယ်ဆရွယ်လောက်မှ စ၍ စာပေပို့ချခြင်း၊ အကျိုးပြုကျမ်းစာများ ရေးသားပြုစုခြင်း၊ နည်းစနစ်ကျလှသော စာသင်စိုက်စာစဉ်ကို တည်ထောင်ခြင်း စသော သာသနာပြုလုပ်ငန်းများကို မရပ်မနား ဆောင်ရွက်သွားတော် မူခဲ့၏။ သက်တော် (၇၇)နှစ်အရွယ် ပျံလွန်သွားတော်မူသည့်နောက်တွင် ဆရာတော် ရေးသားသော ကျမ်းစာပေ ငါး (၆၀)ကျော် ကျန်ခဲ့၏။ ယင်းတို့တွင် ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့် အဘိဓမ္မာ သောကျမ်းတို့သည် လူပုဂ္ဂိုလ်တို့အား အထူး အကျိုးများစေခဲ့၏။ အခြေပြုသင်္ဂြိဟ်၊ သင်္ဂြိဟ် ဘာသာဋီကာ စသည့် ကျမ်းစာ အများစုတို့ကား စာသင်စာချ ပုဂ္ဂိုလ်တိုင်း အားကိုးအားထားပြုရသော လက်စွဲကျမ်းများ ဖြစ်နေပေသည်။ တပည့်(၄-၅)ပါးဖြင့် အစပျိုးခဲ့သော မဟာဂန္ဓာရုံ ကျောင်းဘိုက်သည်လည်း (၇၀၀)မှ (၁၀၀၀)အထိသော စာသင်သား သံဃာတို့ ပညာဆည်းပူးရာ ရောမ စာသင်တိုက်ကြီး အဖြစ်သို့ ရောက်လာခဲ့ပေသည်။

မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသကား သက်တော်လေးဆယ်ကျော် အရွယ် တိပိဋကဓရ စာမေးပွဲကြီးကိုပထမဦးစွာအောင်မြင်ပြီး ဒုဋ္ဌသံဂါယနာတင် ပွဲကြီးတွင် ခက်ခဲလှသော ဓမ္မဝိဿဇ္ဇက တာဝန်ကို ပြောင်မြောက်စွာ ဆောင်ရွက်တော် မူခဲ့သည်။ ဗုဒ္ဓမြတ်စွာနှင့် ၂၈တ်သက်၍ အပြည့်စုံဆုံး ဖြစ်သော မဟာဗုဒ္ဓဝင် ကျမ်းကြီး (၆)တွဲကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။ စင်စစ်ဤလုပ်ငန်းများမှာ ဆရာတော် သက်တော် ငါးဆယ် မပြည့်မီ အခါနိုက် ဆောင်ရွက်ခဲ့သည့် ပဲဥဒိုးထွက် လုပ်ငန်းများသာ ဖြစ်၏။ သက်တော် ခြောက်ဆယ်မှ နောက်ပိုင်းတွင်မူ ဆရာတော်သည် အလွန်ကြီးမားလှသည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ အကျိုးတော်ဆောင်ချုပ် တာဝန်နှင့် အတူ-

(၁) ပိဋကသုံးပုံဆောင် သာသနာ့ အာဇာနည်များ အဆက် မပြတ် ပေါ်ထွန်း ရေး အတွက် တိပိဋက=နိကာယ ကျောင်းဘိုက်နှင့် တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကြီးကို ဖွဲ့စည်း တည်ထောင်ပေးခြင်း၊

(၂) ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ အဆက်မပြတ် ပေါ်ထွက်လာရေး အတွက် ရန်ကုန်နှင့် မန္တလေးမြို့ ဘိုင်ဂ မှာ အဆင့်အမြင့်
မီ ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး (နှစ်ပိုင်း)
ဖြစ်ပေါ်လာစေရန် အစွမ်းကုန် ကြိုးပမ်း အား

ထုတ်ခြင်း–ဟူသော သာသနာပြု လုပ်ငန်းကြီး နှစ်ရပ်ကို အရွယ်နှင့် မမျှဖောင် တစ်စိုက် မတ်မတ်ဆောင်ရွက်တော်မူခဲ့လေသည်။

ယခုအခါ ဖော်ပြပါ လုပ်ငန်းကြီး ငါး ရပ်ကို အစပျိုးခဲ့သည်မှာ စတုတ္ထ သုံးနှစ် ခရီး သို့ပင် ရောက်ရှိလာပြီ ဖြစ်၍ ခိုင်မာသော အဆောက်အအုံကြီးများကို အထင်အရှား မြင် တွေ့နေကြရပြီ ဖြစ်ပါသည်။ ဆရာတော်သည် ပင်မလုပ်ငန်းကြီး နှစ်ရပ် ခိုင်မာ လာသည်နှင့် အမျှ ယင်းတို့နှင့် ဆက်နွယ်သော အခြား လုပ် ငန်းများကိုလည်း တိုးခဲ့ ဆောင်ရွက်ခဲ့ပါသည်။ အထူးအားဖြင့် ဤ စတုတ္ထ သုံးနှစ်ခရီးတွင်–

၁။ မန္တလေးမြို့၊ ဇီဝဟဒါနသာသနာ့ အထူး ကုဆေးရုံကြီး ဆောက်လုပ် ဖွင့်လှစ် ခြင်း၊

၂။ ပရိယတ္တိတက္ကသိုလ် ကျောင်းတိုက်ကြီး နှစ်တိုက်မှ စာသင်စာ့ချပုဂ္ဂိုလ်များအား ပစ္စည်းလေးပါးဖြင့် အစဉ်လုပ်ကျွေးပြုစု နိုင်ရန် ဥပဒ္ဒာက အဖွဲ့များ ဖွဲ့စည်းပေး ခြင်း၊

၃။ မန္တလေးကိုင်းနှင့် စစ်ကိုင်းတိုင်း တို့၌ ကျောင်း ထိုင် ဘုန်းကြီး သင် တန်း ကျောင်းများ အသီးသီး ဆောက်လုပ် ဖွင့်လှစ်ပေးခြင်း စသော လုပ်ငန်းများ တိုးတက်လာသည်ကို မြင်တွေ့ရပါသည်။

သို့ဖြစ်ပေရာ မိမိတို့လက်လှမ်းမီသောခေတ် အဘွင်း သာသနာတော်သန့်ရှင်း တည်တံ့ ပြန့် ပွားရေး လုပ်ငန်းများကို တစ်နည်း တစ်ဖုံစီ ဆောင် ရွက် ဘော် မူကြသော အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ နှင့် မင်းကွန်း တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသတို့၏ ကျေးဇူးတရားများမှာ အလွန်ပင်ကြီးမားလှပါကြောင်း တင်ပြလိုက်ရ ပါသည်။

ဓမ္မာစရိယ-ဦးမောင်မောင်လေး

သံဝေဂလင်္ကာ

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊
ကွယ်ချပ်ဝင်သည်၊ ဤသန်္ဓါရ၊ သဘာဝကား၊
ဌာနနယ်ချုံး၊ တနိုဂုံးနှင့်၊ ခေါ်တုံးဝေါဟာ၊
တမြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တံအိမ်တွင်း၌၊
သင်းသီးသန့်ခြား၊ ကကန့်သား၍၊ ဖြစ်ပွားလေ့လာ၊
မဟုတ်ပါဘူး၊ ဇြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊
ဥပါဒ်စလျှင်၊ ဌီသို့ဝင်၍၊ ဘင်္ဂကွာ၊
မရဏဖြင့်၊ ရွရွလှုပ်လှုပ်၊ တစ်ချုပ်ချုပ်လျှင်၊
နာမ်–ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည့်....၊
အရိုးအနှီစုပါတကား၊ အရိုးဒုက္ခပါဝကား၊ အရိုးအနတ္တပါတ့ကား။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး

တိပိဋကတ=နိကာယ သာသနာပြုအဖွဲ့၏
စတုဆ သုံးနှစ်ခရီး
မော်ကွန်း

၁။ ၁၃၄၉-ခု၊ ဦးတန်ခူး လပြည့်ကျော် (ဂ)ရက်၊ အင်္ဂါနေ့(၂၁-၄-ဂ၇)။

မိုးကုတ်မြို့၌ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် မိုးကုတ် ဆွမ်းစားဆောင် အတွက် အလှူတော်ငွေ ၁၅-သိန်း အကြို ရေစက်ချပွဲသို့ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ကြွရောက်ချီးမြှင့်တော်မူသည်။

၂။ ၁၃၄၉-ခု၊ ကဆုန်လဆန်း (ဂ)ရက်၊ အင်္ဂါနေ့(၅-၅-ဂ၇)။

မအူပင်မြို့တွင် ဧရာဝတီတိုင်း ဝိဇ္ဇာလယ ကျောင်းဆောင် မြေညီထပ် အတွက် အလှူ တော်ငွေ ရေစက်ချပွဲသို့ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ကြွရောက်ချီးမြှင့်တော် မူသည်။

၃။ ၁၃၄၉-ခု၊ ကဆုန်လဆန်း ၁၃-ရက်၊ တနင်္္ဂနွေနေ့ (၁၀-၅-ဂ၇)။

ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ တိ=နိ အကျိုးတော်ဆောင်အဖွဲ့ စုံညီ အစည်းအဝေး ကျင်းပသည်။

၄။ ၁၃၄၉ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ (၁၂-၅-ဂ၇)။

ရန်ကုန်မြို့၊ တိပိဋကဓရ ဆရာတော်ကြီး ကျောင်းတိုက်၌ ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်း အတွင်း၌ ပြည်နယ်နှင့်တိုင်း ဝိဇ္ဇာလယသုံးထပ် ကျောင်းဆောင်များနှင့် စာကြည့်တိုက် အုတ် မြစ်ချပွဲနှင့် ကုယ်လုနိသူအငြိမ်းစား မြန်မာစာ ပါမောက္ခ ဦးမောင်၏ အလှူ တော်များ ရေစက်ချပွဲ ကျင်းပသည်။

၅။ ၁၃၄၉ခု၊ နယုန်လပြည့်ကျော် (၁၀) ရက်၊ တနင်္္ဂနွေနေ့ (၂၁-၆-ဂ၇)။

နံနက် ဂ-နာရီတွင် ရန်ကုန်မြို့၊ မြို့တော် ခန်းမဦးရန်ကုန်တိုင်း ဝိဇ္ဇာလယကျောင်းဆောင် အတွက် အလှူတော်ငွေ စုဒေါင်းရေစက်ချပွဲနှင့် ဒုတိယအကြိမ် ဩဝါဒချီးမြှင့်ပွဲ ကျင်းပသည်။

၆။ ၁၃၄၉-ခု၊ နယုန်လကွယ်မှ ဝါဆို လဆန်း(၂)ရက်နေ့ထိ (၂၅-၆-ဂ၇)မှ (၂၇-၆-ဂ၇)ထိ။

သရက်၊ မင်းဘူး၊ မကွေးမြို့တို့တွင် မကွေး တိုင်း ဝိဇ္ဇာလယကျောင်းဆောင်အတွက် အလှူ တော်ငွေ ရေစက်ချပွဲ ကျင်းပသည်။

၇။ ၁၃၄၉-ခု၊ ဝါဆိုလဆန်း(၅)ရက်မှ(၇) ရက်ထိ(၂၉-၆-ဂ၇)မှ(၁-၇-ဂ၇)ထိ။

မိုးမိတ် စေတီခေတ်မျှ ဘုရားပွဲ ကျင်းပ သည်။

၈။ ၁၃၄၉-ခု၊ ဝါဆိုလဆန်း (၈)ရက်၊ သောကြာနေ့(၃-၇-၈၇)။

မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ စာကျက်သိုလ် သာသနိက အဆောက်အအုံများ အစုတ် အုတ်မြစ်ချသည်။

၉။ ၁၃၄၉-ခု၊ ဝါဆိုလပြည့်ကျော် (၁၂)ရက်၊ (၂၁-၇-၈၇)နှင့် (၂၂-၇-၈၇)။

နေ့ ၁၂-နာရီအချိန် ဗိုလ်တထောင်မြို့နယ် နှင့်ပုဇွန်တောင်မြို့နယ်တို့တွင် ရန်ကုန်တိုင်း ဝိဇ္ဇာလယ ကျောင်းဆောင် အတွက် အလှူတော်ငွေ စုပေါင်းရေစက်ချ လှူဒါန်းပွဲပြုလုပ်သည်။

၁၀။ ၁၃၄၉-ခု၊ ဝါခေါင် လပြည့်ကျော် (၁၃)ရက်၊ စနေနေ့ (၂၂-၈-၈၇)မှ (၂၅-၈-၈၇)ထိ။

ကြည့်မြင်တိုင်၊ တိုက်ကြီး၊ တောင်ဥက္ကလာပ နှင့် သဃ်ိန်းကျွန်းမြို့နယ်များတွင် ရန်ကုန်တိုင်း ဝိဇ္ဇာလယကျောင်းဆောင်အတွက် အလှူတော်ငွေ စုပေါင်းရေစက်ချ လှူဒါန်းပွဲ ကျင်းပသည်။

၁၁။ ၁၃၄၉-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်၊ ကြာသပတေးနေ့ (၈-၁၀-၈၇)။

နေ့ ၁၂-နာရီတွင် ရန်ကုန် တိုင်ုကကျောင်းတော်တွင် ပဲခူးတိုင်းဝိဇ္ဇာလယကျောင်းဆောင်အတွက် သာယာဝတီ မြို့နယ်က အလှူတော်ငွေ ရေစက်ချ လှူဒါန်းသည်။

၁၂။ ၁၃၄၉-ခု၊ တန်ဆောင်မုန်း လဆန်း (၄)ရက်၊ တနင်္လာနေ့ (၄-၁၀-၈၇)။

မိတ္ထီလာမြို့၊ ရေလယ်ကျောင်းတွင် မန္တလေးအိုင်း စိဇ္ဇာလယ ကျောင်းဆောင် အတွက် မိတ္ထီလာဇုန်နယ်က အလှူတော်ငွေစုပေါင်း ရေစက်ချပွဲ ကျင်းပသည်။

၁၄။ ၁၃၄၉-ခု၊ နတ်တော်လဆန်း(၉)ရက်မှ (၁၁)ရက်ထိ (၂၉-၁၁-၈၇မှ၊ ၁-၁၂-၈၇ထိ)။

ကသာ၊ ရွှေဂူ၊ ဗန်းမော်မြို့တို့တွင် စစ်ကိုင်းတိုင်း ဝိဇ္ဇာလယကျောင်းဆောင်အတွက် အလှူတော်ငွေ ရေစက်ချပွဲသို့ ကြွရောက်ချီးမြှင့်တော်မူသည်။

၁၅။ ၁၃၄၉-ခု၊ နတ်တော်လဆန်း (၁၄)ရက်၊ သောကြာနေ့(၄-၁၂-၈၇)။

နေ့ ၁၂-နာရီတွင် မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကကျောင်းတော်၌ ဒုတိယ သုံးနှစ်ခရီးစာစောင်တွင်း၊ ပါဝင်ကူညီကြသော စာပေအနုပညာရှင်များအား ဂုဏ်ပြုပွဲ ကျင်းပသည်။

၁၆။ ၁၃၄၉-ခု၊ ပြာသိုလဆန်း(၁)ရက်နှင့် (၂)ရက်၊ (၂၀-၁၂-၈၇နှင့်၂၁-၁၂-၈၇)။

ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်မြို့တို့တွင် တနင်္သာရီတိုင်း ဝိဇ္ဇာလယ ကျောင်းဆောင်အဘွက် အလှူတော်ငွေရေစက်ချပွဲသို့ကြွရောက် ချီးမြှင့်တော်မူသည်။

၁၇၊ ၁၃၄၉-ခု၊ ပြာသို လဆန်း (၆)ရက်၊ သောကြာနေ့ (၂၅-၁-၆၇)။

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာ သိမ်တော်ကြီး၌ ဒုတိယ သုံးနှစ်ခရီး စာစောင်တွင် ပါဝင်ပူဇော်ကြသော စာပေအနုပညာရှင်များနှင့် ပန်းချီပန်းပု ပညာရှင်များအား ဂုဏ်ပြုပွဲ ကျင်းပသည်။ ထိုပွဲတွင် တိပိဋကဓရ ကာဗျ မာလာနှင့် စိန်ရတုဝိဇာတ စာစောင် ဖြန့်ဝေသည်။ မဟာဗုဒ္ဓဝင်(၆)တွဲ (ဂ)အုပ်တစ်စုံကို မဲချ၍ လျှဒါန်းသည်။

၁၈။ ၁၃၄၉-ခု၊ ပြာသိုလဆန်း (ဂ)ရက်၊ တနင်္ဂနွေနေ့(၂၇-၁၂-၆၇)။

သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံ၌ တိပိဋကဓရ စာပြန်ပွဲဝင် အရှင်မြတ်တို့အား သြဝါဒပေးတော်မူသည်။

နေ့ ၃-နာရီတွင် ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် နာယကချုပ် ကျောင်းဆောင်အတွက် ကြည့်မြင်တိုင်ညစျေးက အလှူတော်ငွေ ရေစက်ချ လှူဒါန်းပွဲကိုလည်း ကြွရောက်ချီးမြှင့်တော်မူသည်။

၁၉။ ၁၃၄၉-ခု၊ ပြာသိုလဆန်း (၉)ရက်၊ တနလ်ာနေ့ (၂၀-၁၂-၆၇)။

ညအချိန် ကျိုက်ထိုမြို့၌ ကရင်ပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင် အတွက် အလှူတော်ငွေ စုပေါင်း ရေစက်ချလှူဒါန်းပွဲ ကျင်းပသည်။

၂၀၊ ၁၃၄၉-ခု၊ ပြာသိုလ ၁၁ရက်၊ ဗုဒ္ဓဟူးနေ့(၃၀-၁၂-၆၇)၊

သထုံမြို့၌ ကရင်ပြည်နယ်ဝိဇ္ဇာလယကျောင်းဆောင်အတွက် အလှူတော်ငွေ ရေစက်ချ လှူဒါန်းပွဲ ကျင်းပသည်။

၂၁၊ ၁၃၄၉-ခု၊ ပြာသိုလပြည့်ကျော် (၄)ရက်၊ ကြာသပတေးနေ့(၇-၁-၆၈)

နေ့ဂင်းမြို့နယ်နှင့် ပန်းဘဲတန်း မြို့နယ်တို့တွင် ရန်ကုန်ဘိုင်း ဝိဇ္ဇာလယကျောင်းဆောင်၊ ဒဂုံသီရိမဟာဘေးမဲ့ကန်ဘော်ကြီးနှင့် မုဆလိန်ဇုဋ္ဌဆင်းတုတော် အတွက် အလှူ ရေတော်ငင် စုပေါင်းရေစက်ချလှူဒါန်းပွဲ ကျင်းပသည်။

၂၂။ ၁၃၄၉-ခု၊ တပို့တွဲလဆန်း (၁၀)ရက်၊ ကြာသပတေးနေ့(၂၈-၁-၆၈)။

မြင်းခြံမြို့တွင်တိပိဋကဓရဓနုဟူ၍ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးအား ပူဇော်ပွဲ ကျင်းပသည်။ (ထိုနေ့၌ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး တိပိဋကဓရ ဖြစ်တော်မူပါသည်။)

၂၃။ ၁၃၄၉-ခု၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့ (၂-၂-၆၈)။

ရန်ကုန်မြို့၊ ကမ္ဘာအေး မဟာသိမ်တော်ကြီး ပေါ်၌ ငပုတောမြို့နယ်မှ ဘွမ်းနှင့်ထမနဲအလှူ နှင့် ဒေသထွက်ကုန်အလှူ ကျင်းသည်။

၂၄။ ၁၃၄၉ ခု၊ တပေါင်းလဆန်း (၄)ရက် စနေနေ့ (၂၀-၂-၆၈)။

ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ စာချ စာသင် အရှင်မြတ်များအတွက် မအူပင်မြို့က ထာဝရဆွမ်းပဒေသာပင် အလှူတော်ငွေ လှူဒါန်းရာ ရေစက်ချပွဲကျင်းပသည်။

၂၅။ ၁၃၄၉-ခု၊ တပေါင်းလဆန်း (၇)ရက် (ဂ)ရက်(၂၃-၂-၆၈)နှင့်(၂၄-၂-၆၈)၊

ကျောက်တန်းမြို့နှင့် ခရမ်းမြို့တို့တွင် ရန်ကုန်တိုင်း ဝိဇ္ဇာလယကျောင်းဆောင်အတွက် အလှူတော်ငွေ ရေစက်ချတရားပွဲ ကျင်းပသည်။

၂၆၊ ၁၃၄၉-ခု၊ နွံတပေါင်း လ ပြည့်ကျော် (၁၄)ရက် (၁၆-၃-၈၈)။

ညောင်ရွှေအင်းလေး၌ ရှမ်းပြည်နယ် ဝိဇ္ဇာလယ ကျောင်းဆောင်အတွက် အလှူတော်ငွေ စုပေါင်း ရေစက်ချပွဲ ကျင်းပသည်။

၂၇။ ၁၃၄၉-ခု၊ တန်ခူး လ ဆန်း (၁) ရက်၊ သောကြာနေ့ (၁၈-၃-၈၈)။

လှိုင်ကော်မြို့၌ ကယားပြည်နယ်ဝိဇ္ဇာလယ ကျောင်းဆောင်အတွက် အလှူတော်ငွေ ရေစက်ချလှူဒါန်းပွဲ ကျင်းပသည်။

၂၈။ ၁၃၄၉-ခု၊ တန်ခူး လဆန်း (၁၂)ရက်၊ (၂၉-၃-၈၈)။

မြိတ်မြို့တွင် မြိတ်ဆွမ်းစားဆောင် အတွက် အလှူတော်ငွေ ရေစက်ချပွဲ ကျင်းပသည်။

၂၉။ ၁၃၄၉-ခု၊ တန်ခူးလပြည့် သောကြာနေ့ (၁-၄-၈၈)။

ကော့သောင်းမြို့၌ တနင်္သာရီတိုင်းဝိဇ္ဇာလယ ကျောင်းဆောင်အတွက် အလှူတော်ငွေ ရေစက်ချလှူဒါန်းပွဲ ကျင်းပသည်။

၃၀။ ၁၃၄၉-ခု၊ တန်ခူးလပြည့်ကျော် ၆-ရက်မှ ၉-ရက်(၇.၄-၈၈မှ ၁၀-၄-၈၈)ထိ။

လပွတ္တာ၊ ဝါးခယ်မ၊ အိမ်မဲ၊ မြောင်းမြို့မြို့တို့တွင် ရောဝတီတိုင်း ဝိဇ္ဇာလယ ကျောင်းဆောင်အတွက် အလှူတော်ငွေ ရေစက်ချပွဲ ကျင်းပသည်။

၃၁။ ၁၃၅၀-ပြည့် ကဆုန်လဆန်း ၂-ရက် တနင်္ဂနွေနေ့ (၁၇-၄-၈၈)။

မင်းကွန်း တိုက်နယ်ဆေးရုံသို့ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ဆေးလှူဒါန်းပွဲ ကျင်းပသည်။

၃၂။ ၁၃၅၀-ပြည့်၊ ကဆုန်လပြည့်၊ စနေနေ့ (၃၀-၄-၈၈)။

ရန်ကုန် တိပိဋကကျောင်းတော်၌ သိမ်ကျောင်း ဓမ္မာရုံအုတ်မြစ်ချပွဲကို နံနက်၇-နာရီတွင် ကျင်းပရာ အဘိဓဇ ကျောင်းတော်ကို စတင် အုတ်မြစ်ချတော်မူသည်။

၃၃။ ၁၃၅၀-ပြည့်၊ ကဆုန် လပြည့်ကျော် ၁-ရက်၊ တနင်္ဂနွေနေ့ (၁-၅-၈၈)။

တိပိဋက ကျောင်းတော်၌ တိ=နိအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည်ကျီလာခံ ကျင်းပသည်။ ဆရာတော်ကြီးထံမှ သြဝါဒခံယူသည်။

၃၄။ ၁၃၅၀-ပြည့်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်မှ ၁၃-ရက်ထိ။ (၁၀-၅-၈၈ မှ ၁၃-၅-၈၈ ထိ)။

မန္တလေး၊ လေးမြို့နယ်က အလှူတော်ငွေ စုပေါင်း ရေစက်ချ လှူဒါန်းပွဲ ကျင်းပသည်။

၃၅။ ၁၃၅၀ ခု၊ ကဆုန်လပြည့်ကျော် ၁၅-ရက်၊ စနေနေ့ (၁၄-၅-၈၈)။

မေမြို့၊ ပုညကာရီကျောင်း၌ နေ့ ၁၂-နာရီတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ကြီးမျှားအတွက် အလှူတော်ငွေ စုပေါင်း ရေစက်ချပွဲ ကျင်းပသည်။

၃၆။ ၁၃၅၀-ပြည့်၊ နယုန်လပြည့်ကျော် ၁၂-ရက် ၁၃-ရက် (၁၁-၆-၈၈ နှင့် ၁၂-၆-၈၈)။

ကျောက်ဆည်မြို့နှင့် ရမည်းသင်းမြို့ တို့တွင် မန္တလေးတိုင်း ဝိဇ္ဇာလယ ကျောင်းဆောင်အတွက် အလှူတော်ငွေရေစက်ချပွဲ လှူဒါန်းပွဲ ကျင်းပသည်။

၄၂၊ ၁၃၅၀-ပြည့်၊ တန်ခူးကျော်မုန်း လဆန်း ၁၂-ရက်၊တနင်္ဂနွေနေ့(၂၀-၁၁-၈၈)။

မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် သာသနိက အဆောက်အအုံများ အုတ်မြစ်ချပွဲ ကျင်းပသည်။

၄၃။ ၁၃၅၀-ပြည့်၊ တန်ခူဆောင်မုန်း လဆန်း ၁၃-ရက်၊ ဟနလ်ဝါနေ့(၂၁-၁၁-၈၈)။

ရွှေမန်း၊ ရွှေဟင်္သာ တိုင်ဋ္ဌကခေါင်းတော် ကျောင်းလှတ်ပူဇော်ပွဲနှင့် ရှင်ပြုအလှူရေစက်ချ တရားပွဲ ကျင်းပသည်။

၄၄။ ၁၃၅၀-ပြည့်၊ နတ်တော်လဆန်း ၆-ရက်၊ ၇-ရက်၊(၁၄-၁၂-၈၈နှင့်၁၅-၁၂-၈၈)။

ရခိုင်ပြည်နယ်၊ကျောက်တော်နှင့် စစ်တွေမြို့ တွင် ရခိုင်ပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင် အတွက် အလှူတော်ငွေ ရေစက်ချပွဲ ကျင်းပသည်။

၄၅၊ ၁၃၅၀-ပြည့်၊ နတ်တော်လပြည့်ကျော် ၈-ရက်၊ စနေနေ့(၃၁-၁၂-၈၈)။

နေ ၁-နာရီအချိန် ရန်ကုန်မြို့၊ကမ္ဘာအေး မဟာသိမ်တော်ကြီးတွင် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပြည်နယ် တိုင်း ဝိဇ္ဇာလယကျောင်းဆောင် ၁၄-ခုတွင် တည် ထားပူဇော်မည့် ရုပ်ပွားဆင်းတုတော် များကို အလှူရှင်များက စုပေါင်းရေစက်ချလှူဒါန်းပွဲ ကျင်းပသည်။

၄၆။ ၁၃၅၀-ပြည့်၊ တပို့တဲ့လပြည့်ကျော် (၅)ရက်၊ စနေနေ့(၂၅-၂-၈၉)။

မင်းကွန်းတိပိဋကခရ ဆရာတော်ကြီး ထံမှ မန္တလေးတိုင်း ဥပဒ္ဒာကအဖွဲ့ ဩဝါဒခံယူပွဲကို မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့

၄၇၊ ၁၃၅၉-ပြည့်၊ဒုတိယဝါဆိုလဆန်း ၄-ရက် မှ ၈-ရက်ထိ၊ (၁၇-၇-၈၈)မှ (၃၁-၇-၈၈ထိ)။

နွားထိုးကြီး၊ မြင်းခြံ၊ တောင်သာ၊ ချောက်၊ ရေနံချောင်း တောင်တွင်းကြီး၊ ပြည်မြို့ တို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ ကက္ကသိုလ်ကြီး များ ဆောက်လုပ်လှူဒါန်းရေးအတွက် အလှူ တော်ငွေ စုပေါင်း ရေစက်ချပွဲများ ကျင်းပ သည်။

၄၈၊ ၁၃၅၀-ပြည့်၊ တန်ဆောင်မုန်း လဆန်း ၅-ရက်မှ ၈-ရက်နေ့ထိ (၁၅-၉-၈၈ မှ ၁၈-၉-၈၈ထိ)။

မင်းကွန်း မိုးမိတ်စေတီတော်များ ဘုရားပွဲ ကျင်းပသည်။

၄၉၊ ၁၃၅၀-ပြည့်၊တော်သလင်းလဆန်း ၃-ရက်၊ တနင်္လာနေ့(၁၉-၉-၈၈)။

မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဆောက်လုပ်ပြီး အဆောင်များ လွှဲအပ်ပွဲနှင့် ကျန်အဆောင်များ အုတ်မြစ်ချပွဲ ကျင်းပသည်။

၅၀၊ ၁၃၅၀-ပြည့်၊ တော်သလင်း လဆန်း ၁၃-ရက်၊သောကြာနေ့(၂၃-၉-၈၈)။

တောင်ငူမြို့တွင် ပဲခူးတိုင်း ဝိဇ္ဇာလယ ကျောင်းဆောင်အတွက် အလှူကောင်ငွေရေစက် ချပွဲ ကျင်းပသည်။

၅၁၊ ၁၃၅၀-ပြည့် တော်သလင်း လပြည့် တနင်္ဂနွေနေ့ (၂၅-၉-၈၈)၊

သာယာဝတီမြို့တွင် ပဲခူးတိုင်း ဝိဇ္ဇာလယ ကျောင်းဆောင်တွင် အလှူတော်ငွေ ရေစက် ချပွဲ ကျင်းပသည်။

၅၂။ ၁၃၅၀-ပြည့်၊ တန်ခူဆောင်မုန်း လဆန်း ၁၃-ရက်၊ ဟနလ်ဝါနေ့(၂၁-၁၁-၈၈)။

ရွှေမန်း၊ ရွှေဟင်္သာ တိုင်ဋ္ဌကခေါင်းတော် ကျောင်းလှတ်ပူဇော်ပွဲနှင့် ရှင်ပြုအလှူရေစက်ချ တရားပွဲ ကျင်းပသည်။

၅၃။ ၁၃၅၀-ပြည့်၊ နတ်တော်လဆန်း ၆-ရက်၊ ၇-ရက်၊(၁၄-၁၂-၈၈နှင့်၁၅-၁၂-၈၈)။

ရခိုင်ပြည်နယ်၊ကျောက်တော်နှင့် စစ်တွေမြို့ တွင် ရခိုင်ပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင် အတွက် အလှူတော်ငွေ ရေစက်ချပွဲ ကျင်းပ သည်။

၅၄၊ ၁၃၅၀-ပြည့်၊ နတ်တော်လပြည့်ကျော် ၈-ရက်၊ စနေနေ့(၂၁-၁၂-၈၈)။

နေ ၁-နာရီအချိန် ရန်ကုန်မြို့၊ကမ္ဘာအေး မဟာသိမ်တော်ကြီးတွင် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပြည်နယ် တိုင်း ဝိဇ္ဇာလယကျောင်းဆောင် ၁၄-ခုတွင် တည် ထားပူဇော်မည့် ရုပ်ပွားဆင်းတုတော် များကို အလှူရှင်များက စုပေါင်းရေစက်ချလှူဒါန်းပွဲ ကျင်းပသည်။

၅၆။ ၁၃၅၀-ပြည့်၊ တပို့တဲ့လပြည့်ကျော် (၅)ရက်၊ စနေနေ့(၂၅-၂-၈၉)။

မင်းကွန်းတိပိဋကခရ ဆရာတော်ကြီး ထံမှ မန္တလေးတိုင်း ဥပဒ္ဒာကအဖွဲ့ ဩဝါဒခံယူပွဲကို မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့

တက္ကသိုလ်အနီးရှိ သုဒတ္တဆောင်၌ ကျင်းပသည်။

ရန်ကုန်၊ မန္တလေး သာသနာ့ တက္ကသိုလ်ကြီးအတွက် စစ်ကိုင်းတိုင်း၏ ဒေလှူတော် အဖြစ် အလှူငွေပေးအပ်လှူဒါန်းပွဲစစ်ကိုင်းမြို့၌ကျင်းပသည်။

၄၇။ ၁၃၅၀-ပြည့်၊ တပို့တဲ့ လပြည့်ကျော် (၁၀)ရက်၊ ကြာသပတေးနေ့ (၂-၃-၁၉)။

ပန်းတနော်မြို့နယ်၊ အင်းမကျေးရွာ အုပ်စုက ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွက်ဆွမ်းပဒေသာပင်၁၅၀၇၅ ကျပ်ငွေတို့နှင့်တကွ ဒေသထွက်ကုန်အဖြစ်ဆွမ်းဆန်တော်၊ ငါးခြောက်၊ သင်္ဖျာစသည် တို့ကို ရေစက်ချ လှူဒါန်းပွဲ ကျင်းပသည်။

၄၈။ ၁၃၅၀-ပြည့်၊ တပေါင်းလဆန်း (၅) ရက်၊ စနေနေ့(၁၁-၃-၁၉)။

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာ သိမ်တော်ကြီးပေါ်၌ ရန်ကုန်တိုင်း၏ အလှူတော်ငွေ ရေစက်ချ လှူဒါန်းပွဲနှင့် ဩဝါဒ ခံယူပွဲ ကျင်းပသည်။

၄၉။ ၁၃၅၀-ပြည့်၊ တပေါင်းလဆန်း (၆) ရက်၊ တနင်္ဂနွေနေ့။

ပဲခူးမြို့၊ ပဲခူးမြို့မ စာသင်တိုက်၌ ပဲခူးတိုင်း၏ အလှူတော်ငွေ ရေစက်ချပွဲနှင့် ဩဝါဒခံယူပွဲ ကျင်းပသည်။

၅၀။ ၁၃၅၀-ပြည့်၊ တပေါင်းလပြည့်၊ အင်္ဂါနေ့ (၂၁-၃-၁၉)။

ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်မုခ်ဦးကြီး၊ မဟာနာယက ခမ်းမကြီးနှင့် မော်ကွန်းတိုင်များဖွင့်ပွဲ ကျင်းပသည်။

ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ သက်တော် (၇၇)နှစ်ပြည့် သက်ကျော် ပူဇော်ပွဲ ကျင်းပသည်။

၅၁။ ၁၃၅၀-ပြည့်၊ တပေါင်းလပြည့်ကျော် (၉)ရက်၊ ကြာသပတေးနေ့ (၂၀-၃-၁၉)။

ဒေးဒရဲမြို့၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများအတွက် အလှူငွေ ရေစက်ချပွဲကျင်းပသည်။

၅၂။ ၁၃၅၀ပြည့်၊ နှောင်းတန်ခူးလဆန်း(၄) ရက်၊ တနင်္ဂနွေနေ့ (၉-၄-၁၉)။

မအူပင်မြို့၊ တိုးရွေဝါခန်းမ၌ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများ အတွက် ရွာဝတီတိုင်း၏ အလှူတော်ငွေ(၆၉)သိန်းနှင့် ရာသက်ပန် ဆွမ်းပဒေသာပင် အလှူတော်များ ရေစက်ချပွဲ ကျင်းပသည်။

၅၃။ ၁၃၅၁-ခု၊ ဦးတန်ခူးလပြည့်ကျော်(၃) ရက် တနင်္ဂနွေနေ့၊ (၂၃-၄-၁၉)။

တောင်ကြီးမြို့၌ ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် အတွက်အလှူတော်ငွေနှင့် ရာသက်ပန် ဆွမ်းပဒေသာပင် ရေစက်ချပွဲ ကျင်းပသည်။

၅၄။ ၁၃၅၁-ခု၊ ဦးတန်ခူးလပြည့်ကျော်(၀) ရက်၊ သောကြာနေ့(၂၈-၄-၁၉)။

မော်လမြိုင်မြို့၊ ရာမညခန်းမ၌ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၏ အလှူတော်ငွေ ရေစက်ချပွဲကျင်းပသည်။

၅၅။ ၁၃၅၁-ခု၊ ဝါဆိုလဆန်း (၇)ရက်၊ တနင်္ဂနွေနေ့ (၉-၇-၁၉)၊

ရန်ကုန်မြို့၊တိပိဋကကျောင်းဆောင်အတွင်း၌ တိပိဋကဓမ္မဝိလာသနီသိမ်တော် အုတ်မြစ်ချ အခမ်းအနား ကျင်းပသည်။

၅၆။ ၁၃၅၁-ခု၊ ဝါခေါင် လ ပြည့် ကျော် ၉-ရက်၊ သောကြာနေ့ (၂၅-၈-၁၉)။

ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာသိမ်တော်ကြီး၌ အင်းစိန်မြို့နယ်ဒုနှင့် ရန်ကုန်မြို့နယ်စုတို့၏ အလှူတော်ငွေ ရေစက်ချပွဲ ကျင်းပသည်။

၅၇။ ၁၃၅၁-ခု၊ ဝါခေါင် လ ပြည့် ကျော် ၁၁-ရက်၊ စနေနေ့ (၂၆-၈-၁၉)။

သန်လျင်မြို့၌ ဟံသာဝတီမြို့နယ်စု၏ ဒကလှူတော်ငွေ ရေစက်ချပွဲကျင်းပသည်။

ကမ္ဘာအေး သိမ်တော်ကြီး၌ ရန်ကုန်တိုင်း၏ အလှူတော်အဖြစ် ရေစက်ချပွဲကို ကျင်းပသည်။

၅၈။ ၁၃၅၁-ခု၊ ဝါခေါင် လ ပြည့် ကျော် ၁၂-ရက်၊ တနင်္လာနေ့ (၂၈-၈-၁၉)။

ရန်ကုန်မြို့၊ မင်္ဂလာဈေးမိသားစုက ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆွမ်းစား ဆောင် ဆွမ်းပြင်ဆောင် အတွက် အလှူငွေငါးသိန်း ရေစက်ချပွဲနှင့် မင်းကွန်းတိုပင်ကခရဆရာတော်ကြီးအား ပူဇော်ပွဲကို မင်္ဂလာဈေးမဏ္ဍပ်၌ကျင်းပသည်။

၅၉။ ၁၃၅၁-ခု၊ သီတင်းကျွတ် လ ဆန်း ၅-ရက်၊ ဗုဒ္ဓဟူးနေ့ (၄-၁၀-၁၉)။

ပဲခူးမြို့မ စာသင်တိုက်၌ ပဲခူးတိုင်း ဝိဇ္ဇာလယ သုံးထပ် တိုက်ကျောင်း၊ ဥဿာသီရိဥယျာဉ်ဘော် တည်ဆောက်ရေးနှင့် ရာသက်ပန် ဆွမ်းပဒေသာပင် အလှူတော်ငွေ ရေစက်ချပွဲ ကျင်းပသည်။

၆၀။ ၁၃၅၁-ခု၊သီတင်းကျွတ်လပြည့်ကျော် ၁-ရက်၊တနင်္ဂနွေနေ့ (၁၃-၁၀-၁၉)။

ရခိုင်ပြည်နယ် စစ်ခေါင်မြို့ ဂုင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးမှ အာဇာ ရခိုင်ပြည်နယ်၏ အလှူတော်ငွေစုပေါင်းရေစက်ချပွဲ ကျင်းပသည်ကို ကြွရောက် ချီးမြှင့်တော်မူသည်။

၆၁။ ၁၃၅၁-ခု၊ တန်ဆောင်မုန်းလဆန်း ၁၂-ရက်၊ ကြာသပတေးနေ့ (၉-၁၁-၁၉)။

မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဝင်းအတွင်း၌ နံနက်ပိုင်းတွင် အသ ဒိသသာသနာ့ပွဲတော်၊ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံးဖွင့်လှစ်ပွဲ၊သာသနိကအဆောက်အအုံများ အုတ်မြစ်ချပွဲ၊ အနုပညာလက်ရာစုံပြခန်းဖွင့်လှစ်ပွဲ ပြုလုပ်၍ နေ့ခင်းပိုင်းတွင် တတိယသုံးနှစ်ခရီးစာစောင်တွဲ ပါဝင်ပူဇော်ကြသော စာပေအနုပညာရှင်များနှင့် ဆရာတော်ကြီး၏ ပုံတူကြေးသားရုပ်တု ပင့်ဆောင်ပူဇော်ရာတွင် ပါဝင်ကြသည့် ဂီဘန့် ရုပ်ရှင်ပညာသည်များအား ဂုဏ်ပြုပွဲကျင်းပသည်။ တတိယသုံးနှစ်ခရီးစာစောင်နှင့် တိပိဋကဓနိယပြကၡဒိန်များကို ဓမ္မဒါနပြုသည်။

၆၂။ ၁၃၅၁-ခု၊ တန်ဆောင်မုန်းလပြည့် ကျော် ၉-ရက်၊ အင်္ဂါနေ့ (၂၁-၁၁-၁၉)။

စစ်ကိုင်းမြို့၌၊ ရန်ကုန်မန္တလေး သာသနာ့တက္ကသိုလ်ကြီးများအတွက် အလှူတော်ငွေ ဆွမ်းပဒေသာပင် အလှူတော်ငွေ ရေစက်ချပွဲ ကျင်းပသည်။

၆၃။ ၁၃၅၁-ခု၊ နတ်တော်လ ပြည့်ကျော် ၄-ရက်၊ စနေနေ့ (၁၆-၁၂-၁၉)။

ရန်ကုန်မြို့၊ ကမ္ဘာအေး ကုန်း မြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ အဂ္ဂမဟာပဏ္ဍိတ ပူဇော်ပွဲကျင်းပရာတွင် မင်းကွန်း တိပိ

ဌကဓရဆရာတော်ကြီးက အဇရိဟာနိယတရား (၇)ပါးကိုဟောကြား၍ အနုမောဒနာပြုတော်မူသည်။

၆၄။ ၁၃၅၁-ခု၊ ပြာသို လ ပြည့် ကျော် ၁၂-ရက်၊ တနလ်္ဂာနေ့ (၂၂-၁-၉၀)။

ကျိုက်ထိုမြို့၌ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်အတွက် ရာသက်ပန် ဆုမ်းပဒေသာပင်နှင့် အလှူတော်ငွေ ရေစက်ချပဲ့ကျင်းပသည်။

၆၅။ ၁၃၅၁-ခု၊ ပြာသို လ ပြည့် ကျော် ၁၃-ရက်၊ (၂၃-၁-၉၀)။

သထုံမြို့၌ ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်အတွက် ရာသက်ပန်ဆုမ်းပဒေသာပင်၊ ဘာသာငါးရပ်ပိဋကတ် ပဒေသာပင်အတွက် အလှူငွေ ရေစက်ချပဲ့ကျင်းပသည်။

၆၆။ ၁၃၅၁-ခု၊ ပြာသို လ ပြည့် ကျော် ၁၄-ရက်(၂၄-၁-၉၀)။

ဘားအုံမြို့နယ်၌ ကရင်ပြည်နယ် ဝိဇ္ဇာလယကျောင်းဆောင်အတွက် အလှူငွေ ရေစက်ချပဲ့ကျင်းပသည်။

၆၇။ ၁၃၅၁-ခု၊ တပို့တွဲ လ ပြည့် ကျော် ၁-ရက်၊ စနေနေ့ (၁၀-၂-၉၀)။

ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ဓာတ္တသိုလ် စာသင်ဆောင်၌ ပြည်နယ်နှင့်တိုင်းဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်များ စုံညီစည်းဝေးပွဲ ကျင်းပသည်။ မင်းကွန်းဓာတိပဋိဌကဓရ ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

၆၈။ ၁၃၅၁-ခု၊ တပို့တွဲ လ ပြည့် ကျော် ၂-ရက်၊ တနလ်္ဂာနေ့ (၁၂-၂-၉၀)။

ရန်ကုန် ဓာတိပဋိဌကကျောင်းတော်၌ တိ=နိ အကျိုးတော်ဆောင်များအဖွဲ့ နှစ် ပတ် လည် အစည်းအဝေး ကျင်းပသည်။ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။

၆၉။ ၁၃၅၁-ခု၊ တပို့တွဲ လ ပြည့် ကျော် ၄-ရက် (၁၃-၂-၉၀)။

ဟံသာဝတီမြို့နယ်စုက တွံတေး၌ ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးနှင့် ရာသက်ပန် ဆုမ်းပဒေသာပင် အလှူတော်ငွေရေစက်ချပဲ့ ကျင်းပရာသို့ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ကြွရောက် ချီးမြှင့်တော်မူသည်။

၇၀။ ၁၃၅၁-ခု၊ တပို့တွဲ လ ပြည့် ကျော် ၅-ရက်၊ ဗုဒ္ဓဟူးနေ့ (၁၄-၂-၉၀)။

ရန်ကုန်မြို့၊ ကမ္ဘာအေး သိမ်တော်ကြီးတွင် အင်းစိန်မြို့နယ်စုက ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆုမ်းပဒေသာပင်နှင့် ဘာသာငါးရပ် ပိဋကတ်ပဒေသာပင် အလှူငွေ ရေစက်ချပဲ့ကျင်းပသည်။

၇၁။ ၁၃၅၁-ခု၊ တပေါင်းလဆန်း ၄-ရက်၊ အင်္ဂါနေ့ (၂၇-၂-၉၀)။

ကျောက်မဲမြို့၊ နိုင်ငံဘော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ အတွက် ရေစက်ချပဲ့ကျင်းပသည်။

၇၂။ ၁၃၅၁-ခု၊ တပေါင်းလ ပြည့် ကျော် ၁-ရက်၊ တနင်္ဂနွေနေ့ (၁၁-၃-၉၀)။

ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် အဃဒီသ မဟာဒါနကျောင်း အလှူတော် ရေစက်ချပဲ့ အခမ်းအနား ကျင်းပသည်။

ဓမ္မဒိန်းနိကာယဥပဒ္ဒာကအဖွဲ့
TIPIṬAKA NIKĀYA MINISTRATIVE ORGANIZATION

ဖြတ်သန်းခဲ့၊ဖြတ်သန်းဆဲ၊ဖြတ်သန်းမည့် 'သုံးနှစ်ခရီး' အဆင့်ဆင့်ဝယ် အဖွဲ့၏၊ အကျိုး၊ သာသနာတော်၏၊အကျိုး ဆောင်ရွက်ချက်မှန်သမျှကုသိုလ်တရား၊အဝဝတို့သည် ဆင်းရဲအပေါင်းတို့မှလွတ်မြောက်ရာ 'နိဗ္ဗာန်ခရီး' အတွက် အထောက်အပံ့များဖြစ်ကြပါစေသတည်း။ ။



တိပိဋကေ=နိကာယ ဥပဒ္ဒါကသာသနာပြုအဖွဲ့

ဝိသုဒ္ဓိမဂ်ဒီပနီ



294.3092,2-28
A1MMGB020411

ဝမ္မဒီန



ဖြတ်သန်းခဲ့၊ ဖြတ်သန်းဆဲ၊ ဖြတ်သန်းမည့် 'သုံးနှစ်ခရီး'
အဆင့်ဆင့်ဝယ် အဖွဲ့ဖွဲ့၊ အကျိုး၊ သာသနာတော်၏၊ အကျိုး
ဆောင်ရွက်ချက်မှန်သမျှ ကုသိုလ်တရား၊ အဝဝတို့သည်
ဆင်းရဲအပေါင်းတို့မှ လွတ်မြောက်ရာ 'နိဗ္ဗာန်ခရီး' အတွက်
အထောက်အပံ့များ ဖြစ်ကြပါစေသတည်း။ ။

